၉၆၉

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဗုဒ္ဓဘာသာ

လူငယ် လူလတ် လူကြီး အရွယ်သုံးပါးအတွက်

# ဗုဒ္ဓဘာသာ လူထက်လူ

(The Best Buddhist)

(ခေါ်)

# ဗုဒ္ဓဘာသာအနှစ်သာရပေါင်းချုပ်

(The Essence of Buddhism)


နှစ်ပက်လှ ဦးကျော်လွင်

သဒ္ဓမ္မကာဆိက-ကမ္မဋ္ဌာနာစရိယ

သ-စ-အ ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ (M.A)

အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်

သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန

သာသနာရေးဝန်ကြီးဌာန



သာသနာ-၂၅၄၄ ကောဇာ-၁၃၆၂ ခရစ်-၂၀၀၀

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။

ဗုဒ္ဓ ဓမ္မ သံဃ

# ဗုဒ္ဓဘာသာ ဂုဏ်ထူးဆောင်

# THE BEST BUDDHIST

ဖြစ်လိုသူများအတွက်

# ဗုဒ္ဓဘာသာ အနှစ်သာရပေါင်းချုပ်

# THE ESSENCE OF BUDDHISM

ကျမ်းပြုသူ

နှစ်ဖက်လှ ဦးကျော်လွင်

| သာသနာ | ကောဇာ | ခရစ် |
|---|---|---|
| ၂၅၄၄ | ၁၃၆၂ | ၂၀၀၀ |

ကျမ်းစာမှတ်တမ်း

# ဗုဒ္ဓဘာသာ ဂျူဗလီ
# ဗုဒ္ဓဘာသာ အနှစ်သာရပေါင်းချုပ်

ရေးသားပြုစုသူ- နှစ်ဖက်လှ ဦးကျော်လွင်

စာမူခွင့်ပြုချက်အမှတ်- ၇၀၈/ ၉၉ (၁၂)

အဖုံးခွင့်ပြုချက်အမှတ်- ၁၄၈/၂၀၀၀ (၃)

ထုတ်ဝေသည့်အကြိမ်- ပထမအကြိမ်၊
၂၀၀၀-ပြည့်နှစ်၊ ဩဂုတ်လ

အုပ်ရေ- ၁၀၀၀

ပုံနှိပ်သူ- ဦးသန်းဝင်း (၀၅၂၅၆)
သော်တာဝင်းပုံနှိပ်တိုက်၊ အမှတ်(၇)၊ ကြေးပန်းထိမ်လမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်။

ထုတ်ဝေသူ- ဒေါ်အေးအေးမော်၊ (၀၁၄၇၈)၊
သကျယင်စိုးစာပေ
အမှတ်-၃၉၀၊ အရှေ့ဝါယာလက်(၃)လမ်း၊
ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၆၆၅၆၇၂

မူပိုင်- နှစ်ဖက်လှ ဦးကျော်လွင်

ဖြန့်ချိရေး- ပါရမီစာပေ

တန်ဖိုး- ၉၀၀-ကျပ်

နှစ်ဖက်လှ ဦးကျော်လွင်

# ဗုဒ္ဓဘာသာ လူထက်လူ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ဗုဒ္ဓဘာသာ [illegible]

# ဗုဒ္ဓဘာသာ အနှစ်သာရပေါင်းချုပ်

ကျမ်းပြုသူ

## နှစ်ဖက်လှ ဦးကျော်လွင်

(အရှင်ကေတုမာလာဘိဝံသ)

- ❐ ပရိယတ္တိ သာသနဟိတဓမ္မာစရိယ (သကျသီဟ၊ မန္တလေး)
- ❐ စေတိယင်္ဂဏ ပရိယတ္တိဓမ္မာစရိယ ဂဏဝါစက (စေတိယင်္ဂဏ၊ ရန်ကုန်)
- ❐ သာသနဓဇ သိရီပဝရဓမ္မာစရိယ (အစိုးရဂုဏ်ထူးဆောင်)
- ❐ မဟာဝိဇ္ဇာ (M. A) (ရန်ကုန်တက္ကသိုလ်)
- ❐ အထက်တန်းရှေ့နေ (H. G. P) (လိုင်စင်ရ)
- ❐ စာရေးဆရာ နှစ်ဖက်လှ
- ❐ ညွှန်ကြားရေးမှူးချုပ်(ခေတ္တ)၊ သာသနာရေးဦးစီးဌာန (၁၃၈၉)
- ❐ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ သာသနာရေးဝန်ကြီးဌာန (၁၉၉၁–၉၂–၉၃)
- ❐ အတွင်းရေးမှူး၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၊ (ရန်ကုန်၊ မန္တလေး) အုပ်ချုပ်ရေး ဗဟိုအဖွဲ့(၁၉၈၆–၁၉၉၃)
- ❐ တွဲဖက်ပါမောက္ခ၊ သုတ္တန္တမဟာဌာန၊ နပသ၊ ရန်ကုန် (ငြိမ်း)
- ❐ ဥက္ကဋ္ဌ၊ ဥပထမ္ဘကအဖွဲ့၊ ရန်ကုန်တိုင်းကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ (၁၉၈၅–၁၉၉၃)
- ❐ ဝိသိဋ္ဌကောဝိဒကမ္မဋ္ဌာနာစရိယ၊ သဒ္ဓမ္မကထိက၊ ဗုဒ္ဓနည်းကျ နှစ်ဖက်လှ ဝိပဿနာ (လက်ရှိ)
- ❐ မွေးသက္ကရာဇ်–၁၂၉၂–ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁–ရက်၊ တနင်္လာနေ့၊ နံနက် ၅–နာရီ၊ (7-2-1931)
- ❐ ဤစာမူပြီးသောနေ့ = ၉–၈–၁၉၉၉ (တနင်္လာနေ့)၊ ၁၃၆၁–ခု၊ ဒုတိယဝါဆိုလပြည့်ကျော်(၁၃)ရက်။

ကိုယ်တည်းတစ်ယောက်၊ ချမ်းသာရောက်ဖို့၊
ခုလောက်မနား၊ မကြိုးစားဘူး၊
အမျိုးဘာသာ၊ သာသနာရှေ့ရေး၊
စိတ်မအေး၍၊ မျှော်တွေးဆင်ခြင်၊
ပြုကာပြင်သည့်၊ လူ ရှင် သဘောပေါက်ပါစေသတည်း။

# ဗုဒ္ဓဘာသာ [illegible]
# ဗုဒ္ဓဘာသာ အနှစ်သာရပေါင်းချုပ်

## နိဒါန်း(စာဂဟေ)

၁။ ဤကျမ်းပြုစုသူ (နှစ်ဖက်လှဦးကျော်လွင်) မိမိသည် ၁၉၉၃–ခုနှစ် ဖေဖော်ဝါရီလ (၇)ရက်နေ့မှ စတင်၍ ညွှန်ကြားရေးမှူးချုပ် ရာထူးမှ အငြိမ်းစား ရရှိခဲ့ပါသည်။ အငြိမ်းစားယူသောအခါ မိမိ၏အသက်(၆၂)နှစ် ရှိပါပြီ။ ဝန်ထမ်း စည်းမျဉ်းအရ အသက် (၆၀)ပြည့်မှာ အနားယူရန် ဖြစ်သော်လည်း နိုင်ငံတော် အကြီးအကဲများ၏ တိုးမြှင့်တာဝန်ပေးချက်အရ (၂)နှစ် ပိုပြီး တာဝန်ထမ်းဆောင်ခွင့် ရခဲ့ခြင်းဖြစ်ပါသည်။

၂။ မိမိသည် ရဟန်းဘဝမှ လူဝတ်လဲပြီး ၁၉၆၆–ခုနှစ် ဧပြီလတွင် ရန်ကုန် မြို့ ကန်တော်ကြီးဗိုလ်ချုပ်ပန်းခြံအနီး၌ တည်ရှိသော နတ်မောက် စက်မှုလက်မှု အထက်တန်းကျောင်း၌ (၄)နှစ်တာမျှ ကျောင်းဆရာလုပ်ခဲ့ပြီး၊ ၁၉၇၀–ပြည့်နှစ်မှ စတင်ကာ သာသနာရေးဌာန၌ ဆက်တိုက် အစိုးရဝန်ထမ်းဘဝဖြင့် ကျင်လည်ခဲ့ရာမှ ယခုလို ၁၉၉၃–ခုနှစ်၌ သက်ပြည့် သက်ကျော် အငြိမ်းစားရလိုက်သောအခါ လွတ်လပ်သော ဘဝသစ်တစ်ခုကို ရရှိလာခဲ့ပါသည်။ စိတ်လွတ် ကိုယ်လွတ် ကိုယ်စိုး ကိုယ်ပိုင်ဘဝ ပြန်လည်စတင်ရခြင်း ဖြစ်သဖြင့် ဘဝအရသာတစ်မျိုး ခံစားရပါသည်။

၃။ အငြိမ်းစားယူပြီး ပထမစိတ်ကူးက ဘာသာရေးမဂ္ဂဇင်းတစ်စောင် တည် ထောင်ထုတ်ဝေဖို့ ဖြစ်ပါသည်။ သာသနာပြုဖို့ အဓိက ရည်ရွယ်ပါ၏။ သို့သော် အခြေအနေကို အဘက်ဘက်က ပြန်လည်သုံးသပ် ဆင်ခြင်ကြည့်ရာ ပင်ပန်း သလောက် အကျိုးရှိဖွယ် မမြင်သောကြောင့် ထိုစိတ်ကူးကို ရေမျှောပစ်လိုက်ပါသည်။

၄။ နောက်စိတ်ကူးတစ်ခုကား နိုင်ငံခြားတိုင်းပြည်တစ်ပြည်သို့ ထွက်ပြီး တက္ကသိုလ်၊ သိပ္ပံ၊ ပညာရေး ဌာနတစ်ခုခုမှာ ပါဠိ၊ ဗုဒ္ဓဘာသာ (Buddhism) မြန်မာစာ ဘာသာရပ်တစ်မျိုးမျိုးကို ပြသရပါက ဖြစ်နိုင်သည့်အနေအထားကို တွေ့ရပါသည်။ ဤကိစ္စကို စိတ်အတော်ပါလာသဖြင့် ဆက်မိဆက်ရာ ဆက်သွယ် ရာတွင် ဆရာတော် ဦးကောဝိဒမှတစ်ဆင့် ထိုင်းနိုင်ငံ သိပ္ပံကျောင်း တစ်ကျောင်းမှာ

အလုပ်ရနိုင်ကြောင်း သိရပါသည်။ မိမိ၏သ ႏ အ ဓမ္မာစရိယအောင်လက်မှတ် (၃)စောင်နှင့် မဟာဝိဇ္ဇာ(M.A)အောင်လက်မှတ်တို့ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆို ပြီး ပို့ပေးရန်နှင့် ထိုအလုပ်ကို ရရှိပါက တစ်လလျှင် ထိုင်းဘတ်ငွေ (၁၂၀၀၀) (တစ်သောင်းနှစ်ထောင်) စတင်ရရှိမည့်အကြောင်း၊ နေစရာပေးမည်။ အစားအစာ ကို ကိုယ့်ဟာကို ကိုယ့်စရိတ်ဖြင့် ကျခံ စားရမည်အကြောင်း သိရပါသည်။

၅။ ဤတွင် အကြိတ်အနယ် စဉ်းစားခန်း ဝင်ရတော့သည်။ အတူနေဇနီး ဒေါ်အေးအေးမော်နှင့်လည်း တိုင်ပင်ရတော့သည်။ နိုင်ငံခြားသွား အလုပ် လုပ်လျှင် အနည်းဆုံး (၃)နှစ်တော့ လုပ်ရလိမ့်မည်။ ဒါမှ လိပ်ပတ်လည်မည်။ သူတို့ကတော့ (၅)နှစ် အနည်းဆုံးလုပ်စေချင်လိမ့်မည်။ ဒီတော့ အခု မိမိအသက်က (ထိုစဉ်က) (၆၄)နှစ်ထဲမှာ၊ (၅)နှစ် သွားလုပ်၊ ပြန်လာလျှင် မိမိအသက် (၆၉)နှစ်ရှိတော့ မည်။ နိုင်ငံခြားငွေတွေကိုတော့ ပိုက်ပြီး ပြန်လာနိုင်မည် ဖြစ်ပါ၏။ သို့သော် အသက်ကကြီး၊ သေဘက်က နီးလာပြီ။

၆။ မိမိသည် ဓမ္မာစရိယကြီး(၃)ဘွဲ့ ရထားသဖြင့် ပရိယတ္တိစာပေကို မြတ်နိုး သည်။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတွေ ကြည့်စရာအများကြီး ကျန်သေးသည်။ ဒါတွေကို မသေခင် ကြည့်သွားချင်သေးသည်။ ပါဠိတော်ကို ဖတ်လိုက်သည်နှင့် သက်တော်ထင်ရှား မြတ်စွာဘုရားနှင့် တွေ့ရသည်။ သို့ဖြစ်၍ ဘုရားရှင်နှင့်လည်း တွေ့ချင်လှသည်။

၇။ နိုင်ငံခြားအလုပ် ထွက်လုပ်၍ နိုင်ငံခြားငွေတွေ အများအပြားရလာပြီထား၊ ဒီပစ္စည်းတွေကို ဘာလုပ်မည်နည်း။ ဤတွင် မိမိ၏ဇနီးကို မေးရသည်။ မင်း သဘောက ဘယ်လိုလဲ။ ပြောစမ်း။

၈။ အေးတို့မှာ သား၊ သမီး များတာလဲ မဟုတ်ဘူး။ စားအိုးလဲ မကြီးပါဘူး။ အခု ကိုယ့်ရှိတာလေး ချွေတာသုံးစွဲရင်လဲ ဖြစ်တာပဲ။ မသွားချင်လဲ မသွားပါနဲ့။

၉။ ဟုတ်လိုက်လေ။ အခုအခြေအနေမှာ မချမ်းသာသော်လည်း လူတန်းစေ့ နေနိုင်ပါ၏။ ရန်ကုန်မြို့ ကမ္ဘာအေး (၃)လမ်းရှိ ပေ၄၀ x ပေ ၆၀ မြေပေါ်မှာ နှစ်ထပ်တိုက်နှင့် ကိုယ်ပိုင်ဆလွန်းကားနှင့် အခြားအသုံးအဆောင်များလည်း ပြည့်ပြည့်စုံစုံနှင့် ဣန္ဒြေရရ နေနိုင်ပါ၏။ ဘဏ်တိုးကလေးကို ချွေတာ သုံးစားသွား လျှင် မိမိအသက်(၈၀)လောက်အထိ ပူပင်စရာမရှိဖြစ်ပေ၏။ ဤကဲ့သို့ အဘက်ဘက် က တွက်ပြီး နိုင်ငံခြားထွက်ပြီး အလုပ်လုပ်ဖို့ စိတ်ကူးကိုလည်း ရေမျှောပစ်လိုက်ပြန် ပါသည်။

၁၀။ ဤအချိန်မှစပြီး စိတ်မများတော့ဘဲ ဘုရားဟောပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကြီးတွေကို ကြည့်လိုက်၊ မှတ်လိုက်၊ ကျက်လိုက်၊ တရားထိုင်လိုက် (တရားအားထုတ်လိုက်)ဖြင့် အချိန်ကို အကောင်းဆုံး အသုံးချနေထိုင်လာခဲ့၏ ။ ဤကြားထဲတွင် စစ်ပြန်မဂ္ဂဇင်းတာဝန်ခံ ဗိုလ်မှူးကြည်ညွန့်(အငြိမ်းစား)၏တိုက်တွန်းချက်အရ စစ်ပြန် မဂ္ဂဇင်း၌ လစဉ်ဆောင်းပါးကလေးတွေ ရေးပေးရ၏ ။ ဓမ္မဂီရိမဂ္ဂဇင်း၌လည်း ဦးကျော်ခင်မြင့် (မြောင်းမြ–မောင်ရင့်ကျူး)၏တိုက်တွန်းမှုဖြင့် မဟာသတိပဋ္ဌာနသုတ် မြန်မာပြန်ကို လစဉ်ရေးပေးရသည်။

၁၁။ မိမိသည် 'နှစ်ဖက်လှ'ဟူသော ကလောင်အမည် ရထားပြီး စာအုပ်ပေါင်း (၃၀)ကျော် ပြုစုထုတ်ဝေခဲ့ပြီးဖြစ်၏။ သကျယင်စိုး စာပေဟူသော အမည်ဖြင့် စာအုပ်ထုတ်ဝေဖြန့်ချိသောအလုပ်ကိုလည်း (အထူးသဖြင့် ဒေါ်အေးအေးမော်က) လုပ်ခဲ့ဖူး၏ ။ သို့သော် မိမိ၏အသက်အရွယ်နှင့် ခေတ်အခြေအနေအရ လုပ်လိုစိတ်မရှိသဖြင့် စာလည်းမရေး၊ စာပေထုတ်ဝေ ဖြန့်ချိရေးလည်း မလုပ်ဘဲ နေလေသည်။

၁၂။ ဤသို့နေစဉ်အတွင်း ရန်ကုန်မြို့ ဆူးလေ အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီး၏ အတွင်းရေးမှူး၊ တရားရုံးချုပ်ရှေ့နေကြီး ဦးသန်းတင် မိမိအိမ်သို့ လာရောက်ပြီး အဘိဓမ္မာပြန့်ပွားရေး အသင်းတိုက်မှာ တနင်္ဂနွေနေ့တိုင်း အဘိဓမ္မာသဘော အဓိပ္ပါယ် ဘာသာရပ်နှင့် ဝိသုဒ္ဓိမဂ် ဘာသာရပ်တို့ကို ပြသပေးပါရန် ဖိတ်ကြားလာလေသည်။ အဘိဓမ္မာသဘောအဓိပ္ပါယ် ဘာသာရပ်ကို ယခင်က ဆရာကြီးဦးလှမောင် (M.A; M.S.B.L)က (၁၅)နှစ်ခန့် ပို့ချခဲ့သည်။ ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို ဝိသုဒ္ဓိမဂ်ရှေ့တံဆိပ်ရ ဆရာကြီး ဦးထူးရွှေက နှစ်ပေါင်း များစွာ ပို့ချလာခဲ့သည်။ ယခုအခါ ထိုဆရာကြီးနှစ်ဦးလုံး ကွယ်လွန်သွားကြပြီ ဖြစ်၍ သင်တန်း ပြတ်နေသည်။ ထို့ကြောင့် ထိုဆရာကြီးနှစ်ဦးကိုင်သွားသော သင်တန်းနှစ်ခုလုံးကို မိမိတစ်ဦးတည်းပင် တာဝန်ယူ၍ ပြသပေးရန် ဖိတ်ကြားခြင်းဖြစ်၏ ။

၁၃။ မိမိသည် ဦးသန်းတင်၏ ဖိတ်ကြားချက်ကို လက်ခံပြီး အသင်းတိုက်သင်တန်းခန်းမ၌ တနင်္ဂနွေနေ့တိုင်း ထိုဘာသာနှစ်ရပ်ကို တစ်ချိန်စီ (တစ်နေ့နှစ်ချိန်) ပြသလာခဲ့သည်။ အမျိုးသား၊ အမျိုးသမီးများစွာ လာရောက် သင်တန်းတက်ကြ၏ ။

၁၄။ သင်တန်းပြ၍ တစ်နှစ်ခွဲခန့် ရှိလာသောအခါ သင်တန်းသား၊ သင်တန်းသူများထဲမှ ဟံသာဝတီ ဦးဇော်ဝင်း၊ အဘိဓမ္မာဆရာ ဦးကြည်၊ ဦးမောင်မောင်၊ ဗိုလ်မှူးကတော် ဒေါ်မြင့်မြင့်ဦး စသူတို့က ဦးဆောင်ပြီး သူတို့အား ကမ္မဋ္ဌာန်းတရားကိုပါ ပြသပေးရန် မိမိအား တောင်းပန်ကြသည်။ မှန်၏ ။ ဝိသုဒ္ဓိမဂ်ကျမ်းသည်

ကမ္မဋ္ဌာန်းကျမ်းဖြစ်သောကြောင့် ပရိယတ်စာပေ သာမက ပဋိပတ်ကမ္မဋ္ဌာန်းကျင့်စဉ်ကိုပါ မိမိထံမှ ရယူလိုသည်မှာ ဆက်စပ်လျက် ရှိနေပေ၏။

၁၅။ မိမိသည် သူတို့၏ မြတ်သောဆန္ဒကို လက်ခံပြီး ယခင် မိမိငယ်ဆရာ ကျောင်းဖြစ်ခဲ့ဖူးသော ကျောက်တန်းမြို့အနီးရှိ သိမ်ကုန်းကျောင်းတိုက်မှာ စနေနေ့တိုင်း ရန်ကုန်မှ သွားရောက်ကြပြီး ကမ္မဋ္ဌာန်းပြရန် စီစဉ်ရလေသည်။ ကမ္မဋ္ဌာန်းနည်းကိုလည်း 'ဗုဒ္ဓနည်းကျ နှစ်ဖက်လှ ဝိပဿနာ'ဟု အမည်တပ်ကာ စူဠသောတာပန်အဆင့် (၇)ရက်၊ မဟာသောတာပန်အဆင့် (၇)ရက် ဤသို့ နှစ်ဆင့်ခွဲ၍ တရားပြရန် စီစဉ်ခဲ့၏။

၁၆။ ၁၉-၁၁-၉၄ ခုနှစ် စနေနေ့မှ စတင်ကာ ရန်ကုန်မှ ထိုကျောင်းသို့ ကားတန်းဖြင့် သွားကြပြီး စနေခုနစ်ရက်(Seven Saturday) ခုနစ်ရက် အဓိဋ္ဌာန်ပွဲ ပြသ၍ ပြီးဆုံးအောင်မြင်ခဲ့လေသည်။ မိမိအနေဖြင့် ရေရှည်ပြရန် စိတ်မကူး။ သူတို့ဆန္ဒပြည့်လျှင် တော်လောက်ပြီဟု သဘောထား၏။ သို့သော် မပြီးပါချေ။ ဒုတိယအကြိမ် ဆက်လက်ပြသပေးရန် ပန်ကြားကြပြန်သည်။ ဤအကြိမ်တွင် ကျောက်တန်းမြို့ပေါ်မှ လူရည်တတ်များပါ တရားဝင်လာကြသည်။ ဤဒုတိယအကြိမ် အဓိဋ္ဌာန်ပွဲကြီးပြီးသောအခါ ရန်ကုန်မြို့မှ ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌကြီး ဦးကိုကိုကြီးက သူတို့၏ ရွှေဘုန်းပွင့်ဘုရား ဘက်စုံ ဓမ္မာရုံကြီး၌ လာရောက်တရားပြသပါရန် ဖိတ်ကြားလေတော့သည်။

၁၇။ ဤသို့ဖြင့် နှစ်ဖက်လှ ဝိပဿနာသည် အရှိန်အဟုန်ရရှိလာကာ ရန်ကုန်မြို့ရှိ မြို့နယ်များစွာနှင့် စစ်ကိုင်း၊ မန္တလေး၊ ကျောက်ဆည်၊ မြစ်သား၊ (ရွာမုံးကြီးရွာ)၊ ပုသိမ်မြို့၊ ငပုတောမြို့ (ဂျမ်းဂပ်ရွာ)၊ ဖားအံ၊ တောင်ကြီး၊ အင်းလေးဒေသ၊ ပဲခူး၊ သန်လျင်၊ ခရမ်း၊ ထားဝယ် စသည်တို့၌ စူဠသောတာပန်အဆင့် ခုနစ်ရက်တရား မိဋ္ဌာန်ပွဲများ ဆက်လက်ကျင်းပပေးရတော့သည်။

၁၈။ ၁၉၉၆-ခုနှစ်တွင်မူ သိမ်ကုန်း ဆရာတော်ဘုရားက ရှစ်ဧကကျော်ရှိသော ၎င်း ကျောင်းတိုက်ကြီး၏ မြောက်ဘက်ခြမ်း နှစ်ဧကခန့်ကို နှစ်ဖက်လှ ကမ္မဋ္ဌာန်းတိုက် တည်ထောင်ဖွင့်လှစ်ဖို့ မိမိအား စာချုပ်စာတမ်းဖြင့် ခွင့်ပြုတော်မူလေသည်။ ထို့ကြောင့် ၁၉၉၆-ခုနှစ် ဒီဇင်ဘာလလောက်ကစပြီး တောရှင်း၍ 'နှစ်ဖက်လှ ကမ္မဋ္ဌာန်းတိုက်' စတင်တည်ထောင်လေသည်။

၁၉။ နှစ်ဖက်လှ ဝိပဿနာနှင့်ပတ်သက်၍ တရားပြသော အစီအစဉ်မှာ စူဠသောတာပန်အဆင့်၌ ပထမက စနေနေ့ခုနစ်ရက်၊ နောက် ညနေတိုင်း တစ်ညနေ (၂)နာရီ (တစ်နာရီတရားနာ၊ တစ်နာရီ တရားထိုင်) စုစုပေါင်း (၁၈)ညနေ၊ နောက်တစ်မျိုးက ခုနစ်ရက် နံနက် (၈)နာရီမှ ညနေ (၄)နာရီအထိ နေ့စဉ်အဓိဋ္ဌာန်ဝင်ပြီး အားထုတ်စေခြင်းအားဖြင့် သုံးမျိုးပြသခဲ့၏။ ယခုအခါ အခြေအနေအရ (၁၈)ညနေ စူဠပွဲ၊ ခုနစ်ရက် စူဠပွဲတို့ကို ပြသလျက် ရှိနေ၏။

၂၀။ မဟာသောတာပန်အဆင့်ကိုမူ ခုနစ်ရက် ပြသသည်။ သို့သော် ညပါအိပ်ရပြီး စုစုပေါင်းနာရီ (၁၅၀) တရားဝင်ကြရသည်။ မဟာပွဲကို တစ်နှစ်တစ်ကြိမ် သကြိန်တွင်း၌ ဖွင့်လှစ်၏။ စူဠသောတာပန် အဆင့် တရားဝင်ပြီးသော နှစ်ဖက်လှယောဂီများကိုသာ လက်ခံလေသည်။ မဟာပွဲကို မိမိ၏ နှစ်ဖက်လှ ကမ္မဋ္ဌာန်းတိုက်၌ ဖွင့်၏။ နေရာထိုင်ခင်းနှင့် ဆွမ်းဘောဇဉ် လိုလေသေးမရှိတာဝန်ယူသောကြောင့် အင်းလေးဒေသ၊ သာလေးရွာမြောက်ကျောင်းကြီး၌ နှစ်နှစ်မဟာ ဖွင့်ပေးခဲ့ရပြီ။ ဤစာရေးသည့်နေ့အထိ စူဠသောတာပန် အဓိဋ္ဌာန်ပွဲပေါင်း (၄၈)ပွဲနှင့် မဟာသောတာပန်ပွဲပေါင်း (၇)ပွဲ စုစုပေါင်း (၅၅)ပွဲ ဖွင့်လှစ်လာနိုင်ခဲ့ပြီဖြစ်၏။ (ပျမ်းမျှတစ်လ တစ်ပွဲခန့် ဖြစ်၏။)

၂၁။ မြတ်စွာဘုရား၏ ပစ္ဆိမသာဝက ဖြစ်တော်မူသော သုဘဒ်ပရိဗိုဇ်အား–

> 'ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊
> အသုညော လောကော အရဟန္တေဟိ အဿ'
>
> (သုတ်မဟာဝါပါဠိ၊ မဟာပရိနိဗ္ဗာနသုတ်မှ)

'သုဘဒ်–ဤရဟန်းတို့သည် ကောင်းစွာနေကြကုန်ငြားအံ့။ လောကသည် ရဟန္တာတို့နှင့် မဆိတ်သုဉ်းသည် ဖြစ်ရာ၏'

ဤကဲ့သို့ ဘုရားရှင် ဟောတော်မူရာ၌ 'သမ္မာ ဝိဟရေယျုံ'ဟူသော စကားတော်မြတ်ကို ဖွင့်ဆိုရှင်းပြတော်မူသော အဋ္ဌကထာဆရာမြတ်က–

> "သောတာပတ္တိမဂ္ဂတ္ထာယ အာရဒ္ဓဝိပဿကော အတ္တနော ပဂုဏံ ကမ္မဋ္ဌာနံ ကထေတွာ အညမ္ပိ သောတာပတ္တိမဂ္ဂတ္ထာယ အာရဒ္ဓဝိပဿကံ ကရောန္တော သမ္မာ ဝိဟရတိနာမ'
>
> (၎င်းအဋ္ဌကထာ)

"သောတာပတ္တိမဂ်ဉာဏ် ရရှိရန် ကြိုးစားအားထုတ်နေသော (ဝိပဿနာရှုနေသော)သူသည် မိမိလေ့ကျက်နေသော ကမ္မဋ္ဌာန်းကို သူတစ်ပါးတို့အားလည်း

ဟောကြားပြီး သောတာပန်ဖြစ်စိမ့်သောငှါ ကြိုးစားအားထုတ်သမှု ပြုစေသောသူသည် 'သမ္မာဝိဟာရတိ' ကောင်းစွာ နေရာရောက်ပေ၏။' ဤသို့ ဖွင့်ဆိုတော်မူထား၏။

၂၂။ မိမိသည် အထက်ဖော်ပြပါ အဋ္ဌကထာ ဆရာတော်၏ ဖွင့်ပြချက်နှင့်ညီစွာ မိမိကိုယ်တိုင်လည်း ယခုဘဝတွင်ပင် အရိယာသောတာပန် ဖြစ်ရှိရေးသို့ ကိုင်းညွတ်၍ ဗုဒ္ဓနည်းကျ နှစ်ဖက်လှဝိပဿနာကျင့်စဉ်တရားကို အားထုတ်လျက် ရှိ၏။ မိမိထံမှ တရားနည်းကို ရယူအားထုတ်လိုသူများအားလည်း စူဠသောတာပန် အဆင့်တရားအစိဋ္ဌာန်ပွဲများ၊ မဟာသောတာပန်အဆင့် တရားအစိဋ္ဌာန်ပွဲများကို ဖွင့်လှစ်ပြီး တရားဟောကြား၊ တရားပြလျက် ရှိလေသည်။

၂၃။ မိမိ၏ ဆောင်ပုဒ်ကား-

တရားပေးမည် အစားကျွေးမည်။
အနေတတ်၍ အသေမြတ်ရမည်။

ဖြစ်၏။ ဤသို့ဖြင့် ရန်ကုန်ကမ္ဘာအေးအိမ်၌ နေလိုက်၊ ကျောက်တန်း (သိမ်ကုန်း)ရှိ နှစ်ဖက်လှ ကမ္မဋ္ဌာန်းတိုက်သို့ သွားလိုက်ဖြင့် ဘဝကို ချမ်းမြေ့စွာ အတ္တ၊ ပရ၊ သာသနာ အကျိုးသုံးပါးကို ဆောင်ရင်း နေထိုင်လျက် ရှိနေပေသည်။

၂၄။ ဤသို့နေလာစဉ်အတွင်းမှာ မိမိ၏စာတပည့် သင်တန်းတပည့် တရားတပည့်တစ်ဦး ဖြစ်သူ ဒေါ်ရွှေဝါစိုး( Pan Sun Group Ltd.)က ၁၂-၈-၉၈ ဗုဒ္ဓဟူးနေ့တွင် မိမိအိမ်သို့ လာပြီး ကျွန်မတို့ 'မိခင်ဇရာဝတီစာအုပ်တိုက်' တည်ထောင်ပါသည်။ စာအုပ်ရိုက်ဖို့ ဆရာ့ထံမှ စာမူများလိုချင်ပါသည်။ ကျွန်မတို့ ထုတ်ပါမည်။ အထူးသဖြင့် ဆရာ ညွှန်ကြားရေးမှူးချုပ်ဘဝတုန်းက ရေးသားထုတ်ဝေခဲ့တဲ့ 'ဗုဒ္ဓဘာသာကောင်း တစ်ယောက်' စာအုပ်ကို ထုတ်ချင်ပါသည်။ အခု ဒီစာအုပ်က ဝယ်ရတာ မလွယ်ပါ- ဟု ပြောလာပါသည်။

၂၅။ ဆရာရေးသား ထုတ်ဝေထားတဲ့ စာအုပ်(၃၀)မျိုးလောက်ထဲက ပြန်ရိုက်သင့်တဲ့ စာအုပ်တွေ ပြန်ရိုက်ပါ။ ဗုဒ္ဓဘာသာကောင်းတစ်ယောက်စာအုပ် ကိုတော့ ဌာနမှာ ထားခဲ့ပါပြီ။

၂၆။ ဒါဖြင့် ဆရာ-အဲဒီစာအုပ်မျိုးအသစ် ရေးသားပေးပါလား။ သမီးတို့ ရိုက်ပါမည်တဲ့။

- ဒေါ်ရွှေဝါစိုး ပြောလိုက်သောစကားသည် အိပ်ပျော်နေသော မိမိအား လှုပ်နှိုးလိုက်သလို ဖြစ်သွားပါ၏။

- ဗုဒ္ဓဘာသာကောင်းတစ်ယောက်စာအုပ်ထဲမှာ ဆရာ အရင်က ရေးသားထုတ်ဝေထားတဲ့ စာအုပ်တွေထဲက ကူးထည့် ထားတာတွေ အများကြီး ပါတာပဲ။ အဲဒီ ကူးတဲ့ မူရင်း စာအုပ်တွေမှာ ခဲမှတ်တွေ၊ အလံတွေလဲ ခုထိ ရှိနေတယ်။ အသစ်ရေးလဲ ခဏပါပဲ။
- ဒါဖြင့် ရေးပါဆရာ၊

၂၇။ ကဲဟာ– သမီးတို့ ထုတ်မယ်ဆိုရင် စာအုပ်သစ် ရေးပေးမယ်။ ဒါပေမဲ့ အရင်စာအုပ်တုန်းက အချိန်မရလို့ ထည့်သင့်တာတွေ မထည့်ဖြစ်ဘဲ ကျန်ခဲ့တာ ရှိတယ်။ ဒါတွေကို ဒီစာအုပ်သစ်မှာ ထည့်မယ်။ ဒီတော့ စာမျက်နှာတွေ များလိမ့်မယ်။ စာအုပ်ကြီးမယ်။ စုံလဲ သိပ်စုံမယ်။

၂၈။ ဤသို့ ပြောဆိုညှိနိုင်းကြပြီး အဲဒီနေ့(၁၂–၈–၉၈)ညနေကပဲစပြီး စာအုပ်သစ်ရေးဖို့စီစဉ်ပါသည်။ သို့ရာတွင် မိမိသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ယခုအခါ၌ ဗုဒ္ဓနည်းကျနစ်ဖက်လှ ဝိပဿနာ(မဟာသတိပဋ္ဌာန်နှင့် ဝိသုဒ္ဓိကျင့်စဉ်) ကမ္မဋ္ဌာန်းတရားကို တစ်ပြည်လုံး လိုက်လံပြသနေသည်ဖြစ်ရာ စူဠသောတာပန်(၇) ရက် အချိန်ပိုင်း တရားပြချိန်များ၊ ဗုဒ္ဓဘာသာမိခင်ကောင်းများ သင်တန်းနှင့် ဗုဒ္ဓနည်းကျဘဝလမ်းညွှန်တရားပွဲများ၊ ဟောကြားချိန်များမှ တစ်ပါး၊ အချိန်ယူ၍ ကြိုးကြား၊ ကြိုးကြား၊ စာမူကို ပြုစု၊ ပြုစုပြီးသမျှကို ပုလဲကွန်ပျူတာဌာနသို့ ပို့ကာ စာမူချောဖြစ်အောင် ဆောင်ရွက်လာခဲ့ပါသည်။

၂၉။ ယခု ၁၉၉၉–ခုနှစ်၊ ဩဂုတ်လ(၉)ရက် တနင်္လာနေ့တွင်ကား ဤကျမ်းစာ၏ အတွင်းသားစာမူများနှင့်တကွ ယခု နိဒါန်းကိုပါ ရေးသားပြီးစီးသွားပြီ ဖြစ်ပါသည်။ စာမူကို စာပေစိစစ်ရေးသို့ တင်ပြခွင့်ပြုချက်ရယူပြီး ရိုက်နှိပ်ထုတ်ဝေဖြန့်ချိသွားရန် ဖြစ်ပါသည်။

၃၀။ ဤဓမ္မစေတီ ဂန္ထဝင် ကျမ်းစာမြတ်ဖြင့် မိမိအပေါ် ကျေးဇူးရှိကြသော အမိအဖ ဆရာသမားတို့အားလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဆရာကြီးဦးလှမောင်တို့အား လည်းကောင်း ကျေးဇူးအထူးတုန့်ဆပ်အပ်ပါသည်။

"ကတညူ ကတဝေဒီ ပုဂ္ဂလော
ဒုလ္လဘော လောကသ္မိံ" (အင်္ဂုတ္တိုရ်၊ ပဉ္စက၊ သာရန္ဒဒ သုတ်)

"ချစ်သားတို့၊ လူ့လောက၌ သူပြုဖူးသောကျေးဇူးကို သိတတ်သောပုဂ္ဂိုလ်၊ သိသည်အတိုင်း ကျေးဇူးတုန့်ပြန်ဆပ်တတ်သော ပုဂ္ဂိုလ်မျိုးသည် အလွန်ရှားပါးလှသော ဒုလ္လဘ ရတနာထိုက်သည့် ပုဂ္ဂိုလ်မျိုးဖြစ်ပေသည်။"

ဟုမြတ်စွာဘုရားဟောကြားတော်မူခဲ့ရာ သူပြုဖူးသောကျေးဇူးကို သိတတ်၍ တုန့်ဆပ်တတ်မှုသည်ကား ဘုရားကြိုက်သော မင်္ဂလာအလုပ်ပင် ဖြစ်ပါသည်။

၃၁။ ဤ'**ဗုဒ္ဓဘာသာ အနှစ်သာရပေါင်းချုပ်**'ကျမ်းစာကို ဖြစ်ပေါ်လာအောင် စတင်တိုက်တွန်းပန်ကြားသော ဒေါ်ရွှေဝါစိုးနှင့် ဒေါ်ချယ်ရီသိန်း စသော Pan Sun Group Ltd. မိသားစုတို့သည်လည်းကောင်း၊ ဤစာအုပ်ကို ဗုဒ္ဓဘာသာ ရဟန်းရှင်လူ ပြည်တွင်းပြည်ပ လူငယ်လူလတ် လူကြီးတို့လက်တွင်းသို့ အရောက်ပေးပို့နိုင်အောင် အဘက်ဘက်မှ ကူညီ ပံ့ပိုးပေးကြသော ပုဂ္ဂိုလ်တို့သည် လည်းကောင်း၊ နေ့စဉ်နှင့်အမျှ မင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေ၊ မင်္ဂလာရှိကြပြီး လောကီ လောကုတ္တရာ နှစ်ဖြာနှစ်မျိုး အချိုးကျကျ အကျိုးရကြပြီး "နှစ်ဖက်လှ"များ ဖြစ်ကြပါစေ၊ မိမိတို့၏လုပ်မှုများကို အမျိုး ဘာသာ သာသနာတော်အတွက် ထိရောက်စွာ အသုံးချသွားနိုင်ကြပါစေဟု ပတ္ထနာပြုအပ်ပါသတည်း။

ကျမ်းပြုသူ-
**ဦးကျော်လွင်**
**(နှစ်ဖက်လှဦးကျော်လွင်)**
သ-စ-အ မွှောစရိယသုံးဘွဲ့ရ၊ မဟာဝိဇ္ဇာ(M.A)
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊
သာသနာရေးဝန်ကြီးဌာန
ဗုဒ္ဓနည်းကျနှစ်ဖက်လှ ဝိပဿနာ(မဟာသတိပဋ္ဌာန်နှင့် ဝိသုဒ္ဓိကျင့်စဉ်)
သဒ္ဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ၊
အမှတ် ၃၉၀၊ အရှေ့ဝါယာလက်(၃)လမ်း
ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၆၆၅၆၇၂

၁၉၉၉-ခုနှစ်၊ ဩဂုတ်လ(၉)ရက်
၁၃၆၁-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၃)ရက်၊ တနင်္လာနေ့

# ဗုဒ္ဓဘာသာ ဂျူယာကဲကျူ
# ဗုဒ္ဓဘာသာ အနှစ်သာရပေါင်းချုပ်

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| * စာဂယော(နိဒါန်း) | ဂ |


## အပိုင်း(၁)

## လူငယ်ပိုင်း

### အခန်း(၁)

### ဘုရားခန်း


| | |
|---|---|
| ဘုရားပွင့်တော်မူခြင်း | ၁ |


### အခန်း(၂)

### မိခင်ခန်း


| | |
|---|---|
| လူနှင့် သူ၏မိခင် | ၆ |
| မိရိုးဖလာ ဗုဒ္ဓဘာသာ | ၇ |
| ဗုဒ္ဓသာသာဟူသည် | ၈ |
| ဗုဒ္ဓဘာသာဖြစ်ခြင်း | ၉ |
| သွေးဗုဒ္ဓဘာသာ | ၁၀ |
| အခြေခံအကျဆုံးခွန်အား | ၁၁ |
| ဗုဒ္ဓဘာသာပျက်ခြင်း | ၁၆ |


### အခန်း(၃)

### လူနှင့် ဘာသာရေး


| | |
|---|---|
| ကိုးကွယ်မှု–ဟူသည် | ၁၈ |
| မကိုးကွယ်ရာနှင့် ကိုးကွယ်ရာ | ၁၉ |
| ကိုးကွယ်မှားအပြစ်၊ ကိုးကွယ်မှန်အကျိုး | ၂၀ |

**အကြောင်းအရာ** **စာမျက်နှာ**

## အခန်း(၄)

## သုံးပါးရတနာနှင့် အနန္တငါးဖြာ


ရတနာအဓိပ္ပါယ် ၂၂
ဗုဒ္ဓ၊ ဓမ္မ၊ သံဃရတနာ ၂၂
အနန္တောအနန္တငါးပါး ၂၃


## အခန်း(၅)

## ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်လာခြင်း


စိတ်ထားမှန်ကန်ခြင်း ၂၆
သရဏဂုံသုံးပါး ပါဠိ အနက် ၂၆
သရဏဂုံ ခံယူဆောက်တည်ပုံ ၂၈
သရဏဂုံတည်ခြင်းအကျိုး ၂၉
တိသရဏဂမနိယထေရ် ၂၉
ဘီလူးဘေးမှ လွတ်သောသူငယ် ၃၀


## အခန်း(၆)

## သရဏဂုံပျက်–မပျက် စိစစ်ချက်


သရဏဂုံ ပျက်စီးခြင်း ၃၃
အယူဝါဒပျက်စီးခြင်း ၃၅


## အခန်း(၇)

## ဗုဒ္ဓဘာသာအိမ်တိုင်း၌ ရုပ်ပွားဆင်းတုတော်ထားရှိ ကိုးကွယ်ခြင်းအကျိုး


မျက်နှာတော် အေးငြိမ်းခြင်း ၃၇
ရုပ်ပွားဆင်းတုတော်အနေကဇာတင်ခြင်း ၃၇
သက်ရှိဘုရား သဘောထား ၃၉
ဘုရားစင်ထားရှိသည့် အကျိုးကိုးပါး ၃၉


## အခန်း(၈)

## ဗုဒ္ဓဘာသာတစ်ယောက် ယုံကြည်လက်ခံရမည့်အချက်များ


ရတနာသုံးပါးကို ယုံကြည်ခြင်း ၄၁
ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော် ၄၆
အခြားယုံကြည်ရမည့် အချက်များ ၄၃
သမ္မာဒိဋ္ဌိ (အမြင်မှန်ဆယ်ချက်) ၄၄

**အကြောင်းအရာ** **စာမျက်နှာ**

## အခန်း(၉)

### ရတနာသုံးပါး ကိုးကွယ်ခြင်း၏အကျိုးကျေးဇူးများ


ဘုရားကျေးဇူး ၄၆
တရားကျေးဇူး ၄၉
သံဃာ့ကျေးဇူး ၅၁
စဏ္ဍာလီ စသော (၉)ဝတ္ထု ၅၃


## အခန်း(၁၀)

### ဗုဒ္ဓဘာသာ ဥပါသကဂုဏ်ဆယ်ပါး


ဥပါသကာတို့ ရှောင်ရန် အချက်များ ၅၈
ဥပါသကာအရည်အချင်းနှင့် ပြည့်စုံခြင်း ၅၉
ဥပါသကာ ပျက်စီးခြင်း ၆၀
ဥပါသကာ၏ ဂုဏ်ရည်ဆယ်ပါး ၆၀


## အခန်း(၁၁)

### ဗုဒ္ဓဘာသာဝင်တစ်ဦး ရှောင်ကြဉ်ရမည့်အချက်များ


ဒုစရိုက်ဆယ်ပါး ၆၂
ဒုစရိုက်အပြစ်ပြဝတ္ထုများ ၆၄
ဥပါသကာ မရှောင်းကောင်းသော ကုန်စည်မျိုး ငါးပါး ၆၇


## အခန်း(၁၂)

### ဗုဒ္ဓဘာသာဝင်တစ်ဦး၏တစ်နေ့တာ ဘာသာရေးကျင့်ဝတ်များ


မေတ္တာဖြင့် နိုးထခြင်း ၆၉
ရေကို ဆေးဖြစ်အောင် သောက်ပါ ၆၉
ဘုရားရှိခိုးခြင်း ၇၀
ငါးပါးသီလ ခံယူဆောက်တည်ပုံ (ဩကာသ၊ သရဏဂုံ၊ သီလတောင်း) ၇၁
ရှစ်ပါး၊ ကိုးပါး သီလဆောက်တည်ပုံ ၇၃
အာဇီဝဋ္ဌမကသီလ တောင်းခံပုံ ပါဠိ ၇၅
ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး ကပ်လှူခြင်း ၇၅
မေတ္တာပို့ခြင်း (ဒိသာဖရဏမေတ္တာပို့) ၇၇
မေတ္တာဘာဝနာ (၁၁)မျိုး ၈၀
ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း စသည့် အကျိုးတရားများ ၈၁

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မေတ္တာအကျိုး၊ ဆွမ်းအကျိုး၊ ရေအကျိုး, ပန်းဆီမီး ကပ်လှူရအကျိုး | ၈၁ |
| ဗုဒ္ဓဘာသာဝင်တစ်ဦး၏ တစ်နေ့တာကာလ | ၈၅ |

## အခန်း(၁၃)

## နှုတ်ငုံဆောင်ရန် ဂုဏ်တော်နှင့် သီလ ပါဠိ အနက်များ

| | |
|---|---|
| ဘုရားဂုဏ်ကိုးပါး ပါဠိ အနက် | ၈၇ |
| တရားဂုဏ်တော်ခြောက်ပါး ပါဠိ အနက် | ၈၉ |
| သံဃာ့ဂုဏ်တော်ကိုးပါး ပါဠိနှင့် အနက် | ၉၁ |
| ငါးပါး၊ ရှစ်ပါး၊ ကိုးပါးသီလ ပါဠိနှင့် အနက် | ၉၂ |
| အာဇီဝဋ္ဌမက သီလ ပါဠိနှင့် အနက် | ၉၅ |

## အခန်း(၁၄)

## ဂိဟိဝိနယခေါ် ဗုဒ္ဓဘာသာ လူ့ဝိနည်း၊ လူ့ကျင့်ဝတ်များ

| | |
|---|---|
| သိင်္ဂါလသုတ် ဖြစ်ပေါ်လာပုံ | ၉၇ |
| သိင်္ဂါလသုတ် မြန်မာပြန် | ၉၈ |
| ညစ်ညူးသော ကံလေးပါး | ၉၉ |
| စည်းစိမ်ပျက်ကြောင်းခြောက်ပါး | ၁၀၀ |
| သေရည်သေရက်သောက်ခြင်း အပြစ်ခြောက်ပါး | ၁၀၁ |
| အခါမဲ့ (ညအခါ၌) သွားလာခြင်း အပြစ်ခြောက်ပါး | ၁၀၁ |
| ပွဲလမ်းသဘင် ကြည့်ရှုခြင်းအပြစ်ခြောက်ပါး | ၁၀၂ |
| လောင်းကစားခြင်း အပြစ်ခြောက်ပါး | ၁၀၃ |
| ခင်ပွန်းယုတ်အပြစ်ခြောက်ပါး | ၁၀၃ |
| ပျင်းရိခြင်းအပြစ်ခြောက်ပါး | ၁၀၄ |
| မိတ်တု, မိတ်စစ် | ၁၀၄ |
| လူ့ဘဝဖျက် အကျင့်စရိုက်များ | ၁၀၅ |
| မိတ်ဆွေတုလေးမျိုး | ၁၀၆ |
| မိတ်ဆွေစစ်လေးမျိုး | ၁၀၉ |
| ပျားကောင်ပမာ စီးပွားရှာ | ၁၁၂ |
| အရပ်ခြောက်ပါး လုံခြုံစေခြင်း | ၁၁၂ |
| သားသမီးနှင့် မိဘ၊ လင် မယား၊ ဆရာ တပည့်၊ | ❯ |
| အလုပ်ရှင်နှင့် အလုပ်သမား၊ ဒကာနှင့် ရဟန်း ဆက်ဆံရေး | ၁၁၃ |
| သင်္ဂဟတရားလေးပါး | ၁၂၁ |

**အကြောင်းအရာ** **စာမျက်နှာ**

## အခန်း(၁၅)

### ဘေးအန္တရာယ်ကင်းရန် ရွတ်ဖတ်ရမည့် ပါဠိများနှင့် အနက်များ

ဘုရားဂုဏ်တော် (၉)ပါး၊ တရားဂုဏ်တော် (၆)၊ သံဃာဂုဏ်တော် (၉) ၁၂၄
အဋ္ဌာနမေတံ ဗုဒ္ဓမန္တန်တော် ၁၂၅
နာညတြဂါထာ ၁၂၆
နမောတေဂါထာ ၁၂၇
သမ္ဗုဒ္ဓေဂါထာ ၁၂၈
ဓာရဏာပရိတ်ပါဠိတော်၊ အနက် ၁၂၉
ပရိမိတ္တဇာလသုတ်ပါဠိတော်၊ အနက် ၁၃၆

## အခန်း(၁၆)

### ကျက်သရေမင်္ဂလာ တိုးပွားစေရန် ရွတ်ရမည့် ပါဠိဂါထာများ

သဗ္ဗမင်္ဂလာဂါထာတော် ၁၄၁
ရှင်သီဝလိဂါထာတော် ၁၄၂
စိန္တာမဏိဂါထာတော် ၁၄၇
မဟာကပ္ပိနသစ္စာ သုံးဂါထာ(ခရီးသွားသစ္စာ သုံးဂါထာ) ၁၄၉
ရွှေကျင်သာသနာပိုင်၊ သပြေကန်ဆရာတော်
ဦးဝါသေဋ္ဌ၏ အလုပ်အောင်ဂါထာ (၃)ဂါထာ (အမှုကိစ္စ ဆောင်ရွက်ရန်) ၁၅၃

## အခန်း(၁၇)

### ရဟန်းသံဃာများနှင့် ဆက်ဆံတတ်ရန်

စကားပြောနည်း ၁၅၄
ရှိခိုးဦးချနည်း ၁၅၅
စားသောက်ဖွယ်များ ကပ်လှူနည်း ၁၅၆
အကပ်မြောက် အင်္ဂါငါးမျိုး ၁၅၇
ဘုဉ်းပေးသုံးဆောင်နိုင်အောင် ပြုလုပ်ပေးနည်း ၁၅၈
အပ်စပ်အောင် ပြုလုပ်နည်း ၁၆၀

အကြောင်းအရာ　　　　　　　　　　　　　　　　　　　　　　　　　　　　စာမျက်နှာ

# အပိုင်း(၂)

# လူလတ်ပိုင်း

## အခန်း(၁)

## ဘာကို ရှိခိုးရသလဲ


| | |
|---|---|
| စေတီလေးမျိုး | ၁၆၂ |
| တရား | ၁၆၈ |
| သံဃာ | ၁၇၁ |
| သံဃာရှိမခိုးကောင်းသော ပုဂ္ဂိုလ်(၂၂)မျိုး | ၁၇၆ |
| လူက သံဃာအား ရှိခိုးရာဝယ် | ၁၇၉ |
| အလဇ္ဇီ–ဒုဿီလရဟန်း | ၁၇၉ |
| ရှင်သာမဏေကို ရှိခိုးခြင်း | ၁၈၀ |
| သီလရှင်၊ ဦးသူတော်၊ ရသေ့ | ၁၈၃ |
| အထက်ဆရာကြီး၊ ဝိဇ္ဇာရှစ်သောင်း ဆရာပေါင်း | ၁၈၄ |
| သရဏာဂုံပျက်၊ မပျက် | ၁၈၈ |
| မဟာယာနဘုန်းကြီး | ၁၉၂ |


## အခန်း(၂)

## ဘာ့ကြောင့် ရှိခိုးရသလဲ


| | |
|---|---|
| ကုသိုလ်ဆိုတာ ဘာလဲ (ဘယ်လိုရသလဲ၊ ဘယ်မှာထားသလဲ) | ၁၉၅ |
| ခန္ဓာအစဉ်၌ ကံ၏သတ္တိ ကျန်ရှိရစ်ပုံ၊ လိုက်ပါပုံ၊ အကျိုးရပုံ | ၂၀၁ |
| လူ့ကျင့်ဝတ်ဆိုတာ ဘာလဲ | ၂၀၆ |
| အမျှော်နှင့် အကြောက်ကြောင့် | ၂၀၈ |
| အားကိုးမှန်ဖို့ အရေးကြီး | ၂၁၀ |


## အခန်း(၃)

## ဘာလို့ ရှိခိုးရသလဲ


| | |
|---|---|
| ဉာဏ်တော်ရောက်အောင် ရှိခိုးခြင်း | ၂၁၃ |
| ဂုဏ်တော်ပေါက်အောင် ရှိခိုးခြင်း (စိတ်နဲ့၊ နှုတ်နဲ့၊ ကိုယ်နဲ့ ရှိခိုးခြင်း) | ၂၁၅ |

အကြောင်းအရာ စာမျက်နှာ

## အခန်း(၄)

### ရှိခိုးပြီး ဘာလုပ်ရသလဲ

ဆုတောင်းမြဲဖို့ လိုသည် ၂၂၄
အမျှဝေခြင်း ၂၂၆

## အခန်း(၅)

### ဘုရားအာရုံပြုနည်း

ဘုရားဂုဏ်တော်တစ်ပါးစီ အာရုံပြုနည်း ၂၂၉
အထူးသတိပေးချက် ၂၃၃
အားတော်ဆယ်ပါး၊ ဉာဏ်တော်ဆယ်ပါးဖြင့် အာရုံပြုနည်း ၂၃၄
သဗ္ဗညုတဉာဏ်၏စွမ်းရည်ပြ ပဋ္ဌာန်းတရားတော်ဖြင့် အာရုံပြုနည်း ၂၃၈
ပဋ္ဌာန်းပါဠိတော် အကျဉ်းအကျယ် ၂၃၉

## အခန်း(၆)

### ပုတီးစိပ်နည်း

ပုတီး၊ ပုတီးစိပ်ခြင်း ၂၅၆
ဂုဏ်တော်တစ်ထောင် ပုတီးစိပ်နည်း ၂၅၉
ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်းများ ၂၆၀
ရှင်အရဟံ ပုတီးစိပ်နည်း ၂၆၄
ပုတီးမစိပ်မီ ကျင့်ဝတ်(၁၁)ပါး (စိပ်ပြီး ကျင့်ဝတ်အကျိုး) ၂၆၅

## အခန်း(၇)

### ကံအကြောင်း

ကံကို ယုံသလား (ကံနှင့် လက်တွေ့ဘဝ) ၂၇၀
ကံဆိုသည်မှာ အဘယ်နည်း ၂၇၃
ကံသည် အကျိုးတရားကို ချက်ချင်းဖော်ထုတ်သလော ၂၇၆
အလှည့်ကျ တာဝန်ယူသောကံလေးမျိုး ၂၈၁
ကံချင်းမတူ၍ လူချင်းမတူ ၂၈၂

## အခန်း(၈)

### ဒုစရိုက်နှင့် သုစရိုက်

ဒုစရိုက်(၁၀)ပါး အပြား(၄၀) ၂၈၆
သုစရိုက်(၁၀)ပါး အပြား(၄၀) ၂၈၈

**အကြောင်းအရာ** | **စာမျက်နှာ**


ဒုစရိုက်အပြစ်နှင့် သုစရိုက်အကျိုး သက်သေပြဝတ္ထုများ ၂၉၀
ဝဋ်အမြဲ ငရဲအပ ၃၀၅
ဝဋ်အဘယ်သို့ မြဲသနည်း ၃၀၆
ငရဲကို ဘယ်လို ပ–သနည်း ၃၀၈

## အခန်း(၉)

## ဒါန၊ သီလ၊ ဘာဝနာ

ဒါနအမျိုးမျိုး (၄+၇၂မျိုး) ၃၁၂
သီလအမျိုးမျိုး (၅၇–မျိုး) ၃၂၀
ဘာဝနာ၏သဘောအဓိပ္ပာယ် ၃၃၁

## အခန်း(၁၀)

## သံသရာနှင့် သုံးဆယ့်တစ်ဘုံ

သံသရာဟူသည် အဘယ်နည်း ၃၃၄
သုံးဆယ့်တစ်ဘုံ၏ သရုပ်၊ လက္ခဏာများ ၃၃၈
အမှန်အရှိနှင့် ဉာဏ်အသိ ၃၄၄

## အခန်း(၁၁)

## ရွတ်ဖတ်ရန် သုတ်တော်များ

ရတနာရွှေချိုင့် ၃၄၆
ပရိတ်ကြီး(နှစ်ဖက်လှ၏အလင်းပြပရိတ်ကြီးစာအုပ်မှ) ၃၅၀
**အဘိဏှသုတ် မြန်မာပြန်** ၄၀၂
**မဟာသမယသုတ် ပါဠိတော်၊ မြန်မာပြန်** ၄၀၃

## အခန်း(၁၂)

## ပါဠိတော်မြန်မာပြန်ကောက်နုတ်ချက်များ

**သက္ကပဉ္စသုတ် မြန်မာပြန်** ၄၂၂
**နိဓိကဏ္ဍသုတ် မြန်မာပြန်** ၄၃၅
**ပရာဘဝသုတ်(ပျက်စီးကြောင်း၂၄–မျိုး)** ၄၃၇
**ကလဟဝိဝါဒသုတ် မြန်မာပြန်** ၄၄၁

အကြောင်းအရာ စာမျက်နှာ

# အပိုင်း(၃)

## လူကြီးပိုင်း

### အခန်း(၁)

### သုံးဆယ်နှစ်ကောဋ္ဌာသ


| | |
|---|---|
| ၃၂–ကောဋ္ဌာသ ပါဠိ အနက် မြန်မာပြန်၊ အဓိပ္ပာယ် | ၄၄၅ |
| ၃၂–ကောဋ္ဌာသ ကမ္မဋ္ဌာန်း စီးဖြန်းပုံ | ၄၆၀ |
| ၃၂–ကောဋ္ဌာသ ကမ္မဋ္ဌာန်း စီးဖြန်းရခြင်းအကျိုး | ၄၆၅ |


### အခန်း(၂)

### သာသနာ၏အနှစ်သုံးပါး


| | |
|---|---|
| သီလ(အဓိပ္ပါယ်စသည်) | ၄၆၆ |
| သမာဓိ(အဓိပ္ပါယ်စသည်) | ၄၆၈ |
| ပညာ(အဓိပ္ပါယ်စသည်) | ၄၇၁ |
| မိစ္ဆာဉာဏ် | ၄၇၃ |
| သာသနာ၏အနှစ်တရားသုံးပါး | ၄၇၇ |


### အခန်း(၃)

### ပဋိစ္စသမုပ္ပါဒ်အကြောင်း


| | |
|---|---|
| ပဋိစ္စသမုပ္ပါဒ် | ၄၇၉ |
| ကာလသုံးပါး | ၄၈၆ |
| ပဋိလောမ ပဋိစ္စသမုပ္ပါဒ်အဓိပ္ပါယ် | ၄၉၁ |


### အခန်း(၄)

### ဗောဓိပက္ခိယတရား(၃၇)ပါး


| | |
|---|---|
| ဗောဓိပက္ခိယ | ၄၉၅ |
| သတိပဋ္ဌာန်စသည် | ၄၉၅ |
| မဂ္ဂင်ရှစ်ပါးကို သိက္ခာသုံးပါးဖြင့် ပိုင်းခြားပုံ | ၅၀၃ |


### အခန်း(၅)

### သစ္စာ(၄)ပါးတရား


| | |
|---|---|
| ဒုက္ခသစ္စာ(စသည်) | ၅၀၄ |

အကြောင်းအရာ　　　　　　　　　　　　　　　　　　　　　　　　စာမျက်နှာ

## အခန်း(၆)

### သမထနှင့် ဝိပဿနာ


| | |
|---|---|
| သမထဟူသည် အဘယ်နည်း | ၅၁၃ |
| ဝိပဿနာဟူသည် အဘယ်နည်း | ၅၁၅ |
| အနာထပိဏ်သေဌေးကြီး ဝိရဂ္ဂြာခြင်း | ၅၁၉ |
| သမထအမျိုးမျိုး(ကမ္မဋ္ဌာန်း ၄၀) | ၅၂၀ |
| သမထနှင့် ဝိပဿနာ၂-ပါးသာလျှင် အားကိုးဖွယ် | ၅၂၄ |


## အခန်း(၇)

### ကမ္မဋ္ဌာန်းအားမထုတ်ခင် လိုအပ်ချက်များ


| | |
|---|---|
| ပလိဗောဓကြီး ၁၀-ပါး | ၅၂၆ |
| ပလိဗောဓငယ် ၅-ပါး | ၅၃၇ |
| မိမိစရိုက်ကို ဆန်းစစ်ရန် လိုအပ်ခြင်း | ၅၃၈ |
| စရိုက်၆-ပါးနှင့် သင့်လျော်သော ကမ္မဋ္ဌာန်း | ၅၄၀ |


## အခန်း(၈)

### သမထကမ္မဋ္ဌာန်းအားထုတ်နည်း


| | |
|---|---|
| အဘိညာဉ်ရအောင် လက်တွေ့အားထုတ်နည်း | ၅၄၂ |
| ဈာန်ရခြင်း | ၅၅၁ |
| လွယ်ကူသော ဩဒါတ ကသိုဏ်း | ၅၅၅ |
| အသက်မရှူသူ ရှစ်ဦး | ၅၅၆ |
| သမာပတ်ကိုးပါး (ရှစ်ပါး ) | ၅၆၀ |


## အခန်း(၉)

### မဟာသတိပဋ္ဌာနသုတ်တော်မြန်မာပြန်


| | |
|---|---|
| ကာယာနုပဿနာသတိပဋ္ဌာန် | ၅၆၇ |
| ဝေဒနာနုပဿနာသတိပဋ္ဌာန် | ၅၇၃ |
| စိတ္တာနုပဿနာသတိပဋ္ဌာန် | ၅၇၄ |
| ဓမ္မာနုပဿနာသတိပဋ္ဌာန် | ၅၇၅ |

အကြောင်းအရာ စာမျက်နှာ

## အခန်း(၁၀)

### အကျဉ်းဆုံးမှတ်ရန် ဝိပဿနာဂါထာတော်များ

အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာ ပါဠိတော်များ ၅၉၇
ဘဒ္ဒေကရတ္တသုတ်တော် ၅၉၉

## အခန်း(၁၁)

### တရားအားထုတ်ရန် နည်းလမ်းများ

တရားအားထုတ်မည့်သူ၌ ရှိရမည့်အင်္ဂါ ငါးပါး ၆၀၁
ရျာန်၊ မဂ်၊ ဖိုလ်ကို အန္တရာယ်ပြုသော ကံကြီးငါးပါး ၆၀၂
ကလျာဏမိတ်ဆွေစစ်များ ၆၀၄
သမထကမ္မဋ္ဌာန်းစီးဖြန်းပုံ အခြေခံ ၆၀၇
ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ၆၀၉
အာနာပါနကမ္မဋ္ဌာန်း ၆၁၁

## အခန်း(၁၂)

### ဣရိယာပုထ်၄-ပါးဖြင့် တရားအားထုတ်ပုံ

သတိပဋ္ဌာန်တရား ၄-ပါးဖြစ်ပေါ်ပုံ ၆၁၆
ဝိပဿနာဟူသည် ၆၂၀

## အခန်း(၁၃)

### ဘုရားရှင်အဆူဆူ အားထုတ်သော အာနာပါနကမ္မဋ္ဌာန်း

အာနာပါနကမ္မဋ္ဌာန်းဖြင့် ဘုရားဖြစ်တော်မူခြင်း ၆၂၈
အာနာပါနဿတိသုတ် ၆၃၂
အာနာပါန ကမ္မဋ္ဌာန်း ပွားများရခြင်းအကျိုး ၆၃၃
အာနာပါန သမာဓိကို အခြေခံ၍ ဝိပဿနာရှုခြင်း ၆၃၆
ဝိသုဒ္ဓိစခန်းများ ၆၃၇
ရှုဋ္ဌသောတာပန် ၆၃၉
ဝိပဿနာညစ်ညူးကြောင်းတရား ၁၀-ပါး ၆၄၀
ဆဋ္ဌအဆင့် ဘင်္ဂ စသောဉာဏ်နှင့် ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိစခန်း ၆၄၁
သတ္တမအဆင့် ဉာဏဒဿနဝိသုဒ္ဓိစခန်း ၆၄၄

## အခန်း(၁၄)

## ဝိပဿနာဉာဏ်(၁၀)ပါး


ဝိပဿနာဉာဏ်စဉ် (၁၀)ပါး ၆၄၇
ဝိပဿနာဉာဏ်ကိစ္စ ၆၄၉
ဝိပဿနာဉာဏ်ဘေးရန် ၆၅၁


## အခန်း(၁၅)

## ယနေ့ခေတ် ကမ္ဘာ့ရှုနည်းအမျိုးမျိုး


လယ်တီမှ နှစ်ဖက်လှ ဝိပဿနာအထိ ၆၅၄
ဗုဒ္ဓနည်းကျ နှစ်ဖက်လှဝိပဿနာ ၆၉၂


## အခန်း(၁၆)

## တော်ဝင်အရိယာအရှင်များ


လူ့ဝတ်ကြောင် ယောကျ်ားအရိယာများ (၁၄–ဦး) ၆၉၇
လူ့ဝတ်ကြောင် မိန်းမ အရိယာများ (၉–ဦး) ၇၁၃
တေဒဂ်ဘွဲ့ထူးရ အရိယာအရှင်များ ၇၂၁
တေဒဂ်ဘွဲ့ထူးရ အမျိုးသမီးထေရီများ (၇–ဦး) ၇၄၈
ဝေါဟာရ ရှင်းလင်းချက် ၇၇၄

# ဗုဒ္ဓဘာသာ ဂျူယာကျူ

# ဗုဒ္ဓဘာသာ အနှစ်သာရပေါင်းချုပ်

## အပိုင်း (၁)

## လူငယ်ပိုင်း

နှစ်ဖက်လှ ဦးကျော်လွင်

ပြုစုသည်။

## သင့်အတွက် ဘုရားပါ

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏီနံ

ဂေါတမဗုဒ္ဓဘုရားသည် သတ္တဝါအားလုံး၏ကောင်းကျိုးစီးပွားအလို့ငှာ ဤလောက၌ ပွင့်ထွန်းပေါ်ပေါက်တော်မူလာခြင်း ဖြစ်သည်။

(ဒီ၊ ၂၊ ၁၃၉၊ ၁၈၁)

# အခန်း(၁)

# ဘုရားခန်း

## ဘုရားပွင့်တော်မူခြင်း

၁။ ကျွန်ုပ်တို့၏ ဂေါတမဗုဒ္ဓ မြတ်စွာဘုရားအလောင်းတော်သည် ယခု ဘဒ္ဒကမ္ဘာမှ နောက်ပြန်ရေတွက်သည်ရှိသော် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလ၌ ရမ္မဝတီမြို့တွင် သုမေဓာသူဌေးသား ဖြစ်ခဲ့သည်။ သုမေဓာသည် ရှိပစ္စည်းအားလုံးကို စွန့်လွှတ် လှူဒါန်း ပေးကမ်းပြီး တောထွက် ရသေ့ဝတ်ရာ သုမေဓာရှင်ရသေ့ ဟူ၍ ထင်ရှားခဲ့သည်။

၂။ ရသေ့မြတ် သုမေဓာသည် ဒီပင်္ကရာ မြတ်စွာဘုရားအထံတော်၌ မိမိတစ်ကိုယ်တည်း နိဗ္ဗာန်ဆုကို ယူသော် ရနိုင်သော ဓမ္မ အရည်အချင်း ရှိသူဖြစ်သည်။ သို့ရာတွင် မိမိ၏ သတ္တိဗလ စွမ်းထာမကို လုလုကြီး မြင်သော ယောကျ်ားမြတ်ဖြစ်ပါလျက် ကိုယ်လွတ်ရုန်း၍ မသင့်နိုးချေ။ ဩဃလေးဖြာ သံသရာ သမုဒ္ဒရာတွင်း၌ နစ်မွန်းမျောပါနေကြရရှာသော ဝေနေယျသတ္တဝါတို့ကား စင်စစ် သနား ကြင်နာထိုက်လှသည်။ ထိုသတ္တဝါတို့ကို သံသရာ ရေလျဉ်မှ ထုတ်၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ငါ ထုတ်ဆောင်ကယ်တင်ပေးမည်ဟု အကြံတော် ဖြစ်၏။ ထို့ကြောင့် လက်တွင်းသို့ အရယူသော် ရနိုင်သော နိဗ္ဗာန်ချမ်းသာကို စွန့်တော်မူလိုက်သည်။

၃။ သုမေဓာ ရှင်ရသေ့သည် ဒီပင်္ကရာ မြတ်စွာဘုရားထံမှ ဘုရားဗျာဒိတ်ခပ်နိပ် ခံယူရရှိတော်မူပြီးနောက် ယင်း သုမေဓာ ဘဝမှအစပျိုးကာ ဝေဿန္တရာမင်းဘဝတိုင်အောင် မရေမတွက်နိုင်သော ဘဝတို့၌–

(က) ရွှေ၊ ငွေ၊ ဆင်၊ မြင်း အစရှိသော ကိုယ်ပဝတ္တုပစ္စည်းတို့ကို စွန့်လွှတ်လှူဒါန်းခြင်း–ဒါနပါရမီ

(ခ) မိမိ၏ ခြေ၊ လက်၊ နား၊ နှာခေါင်း စသည်တို့ကို ဖြတ်၍ ခန္ဓာကိုယ်အစိတ်အပိုင်းကို လှူဒါန်းခြင်း –ဒါနဥပပါရမီ

(ဂ) မိမိ၏အသက်ကို စွန့်လွှတ်လှူဒါန်းခြင်း–ဒါနပရမတ္ထပါရမီ၊

ဤသို့ အစရှိသည်ဖြင့် ဘုရားဖြစ်ရန် မြတ်သော ပါရမီဆယ်ပါး၊ အပြား သုံးဆယ်တို့ကို ဖြည့်ကျင့် ဆည်းပူးတော်မူခဲ့လေသည်။

၄။ ထို့အပြင် အလွန်စွန့်နိုင်ခဲလှစွာသော-

(က) ပဒေသရာဇ်၊ ဧကရာဇ်၊ စကြာမင်း စည်းစိမ်ဥစ္စာ ရတနာတို့ကို စွန့်ခြင်း= ဓနပရိစာဂ၊

(ခ) မိမိ၏ရင်သွေး၊ သား၊ သမီးတို့ကို စွန့်ခြင်း=ပုတ္တပရိစာဂ၊

(ဂ) ချစ်လှစွာသော မိမိ၏ ဇနီးမယားကို စွန့်ခြင်း=ဘရိယပရိစာဂ၊

(ဃ) မိမိ၏ ခြေ၊ လက်၊ နား၊ နှာခေါင်း အစရှိသော ကိုယ်အင်္ဂါ အစိတ် အပိုင်းတို့ကို စွန့်ခြင်း =အင်္ဂပရိစာဂ၊

(င) ကိုယ့်အသက်ကိုပင် စွန့်ခြင်း =ဇီဝိတပရိစာဂ၊

ဤသို့သော 'စွန့်ခြင်းကြီးငါးပါး'တို့ကိုလည်း ဘုရား ဖြစ်ရန် စွန့်လွှတ် ဖြည့်ကျင့်တော်မူခဲ့လေသည်။

၅။ ဤသို့လျှင် ဘုရားအလောင်းတော်သည် ဘဝများစွာ သံသရာကာလ ပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူပြီးနောက် တုသိတာနတ်ဘုံ၌ 'သေတကေတု'အမည်တော်ဖြင့် နတ်သား ဖြစ်လာသည်။ ဘုရားအလောင်းနတ်သား သည် အခြားနတ်တို့ထက် အဆင်းလှသည်။ အသက် ရှည်သည်။ ချမ်းသာသည်။ အခြံအရံများသည်။ ဉာဏ်ပဋိဘာန် လျှင်သည်။ ဤသို့အားဖြင့် နတ်စည်းစိမ်ကို နတ်နှစ် လေးထောင်၊ လူနှစ် ငါးဆယ့်ခုနစ်ကုဋေ အနှစ်ခြောက်သန်း ခံစားတော် မူသည်။ နတ်သက်ပြည့်သောအချိန်တွင် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာတို့ စုပေါင်း ရောက်လာကြပြီး 'အလောင်းတော်နတ်သား၊ ဘုရားဖြစ်ချိန်တန်ပါပြီ။ လူနတ် ဗြဟ္မာ သတ္တဝါတို့အကျိုးငှာ လူ့ပြည်သို့ဆင်း၍ ဘုရား ဖြစ်တော်မူပါလော့'ဟု တိုက်တွန်း တောင်းပန်ကြကုန်၏။

၆။ ဘုရားအလောင်းတော် သေတကေတုနတ်သားသည် နတ် ဗြဟ္မာတို့၏ တောင်းပန်မှုတို့ လက်ခံတော်မူပြီး-

(က) ယခုအခါ လူ့ပြည်၌ ဘုရားပွင့်ထိုက်သော ခေတ်ကာလမျိုး ဟုတ်၊ မဟုတ်။

(ခ) ဟုတ်လျှင် မည်သည့်ကျွန်း၌ ရှေးဘုရားရှင်တို့ ပွင့်ရိုးဖြစ်သနည်း။

(ဂ) မည်သည့် အရပ်ဒေသ၌ ပွင့်ကြသနည်း။

(ဃ) မည်သည့်လူမျိုး၌ ဝင်စား၍ ဘုရားဖြစ်တော်မူရမည်နည်း။

(င) မိမိဝင်စားရမည့် မယ်တော်၏ အသက်အပိုင်းအခြား အဘယ်မျှ ရှိသနည်း။

ဤသို့သော 'ကြည့်ခြင်းကြီးငါးပါး'တို့ကို ကြည့်တော်မူသည်။

၇။ ဤသို့ ကြည့်ရှုတော်မူပြီး မဟာသက္ကရာဇ် ၆၇–ခုနှစ်ကာလ၌ ရှေးဘုရားရှင်တို့ ပွင့်မြဲဖြစ်သော ဇမ္ဗူဒိပ်ပါ လက်ယာတောင်ကျွန်း၊ ကပိလဝတ်တိုင်းပြည်၊ မင်းမျိုး စစ်စစ်ဖြစ်သော ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ တောင်ညာစံဒေဝီ မဟာသိမိဖုရားခေါင်ကြီးဖြစ်သော သက်တော်(၅၅)နှစ်အရွယ်ရှိ မဟာမာယာဝမ်း၌ ဝါဆိုလပြည့် ကြာသပတေးနေ့တွင် ပဋိသန္ဓေ ယူတော်မူသည်။

၈။ ဘုရားအလောင်းတော်သည် မဟာသက္ကရာဇ်၊ ၆၈–ခု၊ ကဆုန်လပြည့် သောကြာနေ့၌ ဒေဝဒဟနှင့် ကပိလဝတ်ပြည် နှစ်ပြည်အကြား လမ်းခွတ်လပ်၌ ရှိသော ရှုသာတင့်မော လုမ္ဗိနိဥယျာဉ်တော၌ ဖွားမြင်တော်မူသည်။

၉။ သိဒ္ဓတ္ထမင်းသား အမည်တော်ဖြင့် ကြီးပြင်း၍ သက်တော် ၁၆–နှစ်ရှိသောအခါ သက်တူရွယ်တူ ယသောဓရာမင်းသမီးနှင့် လက်ဆက်ထိမ်းမြားပြီး ရမ္မ၊ သုဘ၊ သုရမ္မ ရွှေနန်းသုံးဆောင်၌ ဆောင်း၊ နွေ၊ မိုး၊ အလှည့်ကျ ခြေရံမောင်းမပေါင်း လေးသောင်း အခြံအရံဖြင့် မင်းစည်းစိမ်ကို ခံစားတော်မူသည်။

၁၀။ မင်းစည်းစိမ်ကို ခံစားရင်း သက်တော် ၂၉–နှစ် ရောက်ရှိလာသောအခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်းတည်းဟူသော နိမိတ်ကြီးလေးပါးကို မြင်ပြီး သံဝေဂ ရတော်မူသဖြင့် ထီးနန်းစည်းစိမ်နှင့် ဖွားသစ်စ သားတော် ရာဟုလာကိုပါ မျက်နှာလွှဲ၍ တောထွက်တော်မူသွားလေသည်။

၁၁။ ဘုရားအလောင်းတော်သည် ရဟန်းအသွင်ကို ယူပြီး ဘုရားဖြစ်ရန် စိတ်ရည်သန်လျက် ပြုနိုင်ခဲ၊ ကျင့်နိုင် ခဲလှစွာသော ဒုက္ကရစရိယာ အကျင့်ကို ၆–နှစ်ပတ်လုံး ကျင့်တော်မူသည်။

၁၂။ သို့သော် လမ်းမှန်မကျ၍ ထိုဒုက္ကရစရိယာ အကျင့်ကို စွန့်ပြီး မဇ္ဈိမပဋိပဒါ လမ်းစဉ်သို့ လိုက်လျက် အဇပါလညောင်ပင်ရင်း၌ ရှိနေစဉ် သုဇာတာ

သူဌေးသမီး လှူဒါန်းသော ဃနာနို့ဆွမ်းကို အလှူခံယူ၍ ၄၉–လုတ်ဘုဉ်းပေးတော်မူပြီး ညနေချမ်းတွင် မဟာဗောဓိပင်သို့ ကြွတော်မူသည်။

၁၃။ လမ်းတွင် မြက်ထမ်းသမား သုဒ္ဓိယ(စောင်ကြယ်)နှင့်တွေ့ရာ သူ လှူလိုက်သော မြက်ရှစ်ဆုပ်ကို ယူသွားပြီး မဟာဗောဓိပင်သို့ အရှေ့ဘက်မှ ဝင်ကာ ထိုမြက်ရှစ်ဆုပ်ကို ကြဲဖြန့်တော်မူရာ ဗောဓိပင်ရင်း၌ အပရာဇိတပလ္လင် ဖြစ်လာသည်။ (မြက်အသွင်ပျောက်၊ ပလ္လင်အသွင် ရောက်–ဟူလို။)

၁၄။ ဘုရားအလောင်းတော်သည် ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူကာ 'ဘုရားမဖြစ်သမျှ ငါမထ'ဟု အဓိဋ္ဌာန်၍ အာနာပါန ကမ္မဋ္ဌာန်းက စတင် အားထုတ်တော်မူသည်။ ထိုနေ့ (မဟာသက္ကရာဇ် ၁၀၃–ခု၊ ကဆုန်လပြည့်နေ့)

(က) နေမဝင်မီ ဒေဝပုတ္တမာရ်(မာရ်စစ်သည်)ကို အောင်တော်မူသည်။

(ခ) ညဉ့်ဦးယံ၌ ရှေးဘဝ အတိတ်ခန္ဓာအစဉ်ကို ပြန်မြင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်ကို ရသည်။

(ဂ) မဇ္ဈိမ သန်းခေါင်ယံ၌ စုတေခါနီး သတ္တဝါတို့ ဘဝကူးပုံကိုပင် မြင်နိုင်သော နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဉာဏ်တော်ကို ရသည်။

(ဃ) မိုးသောက်ယံ၌ (လပြည့်နေ့ည မိုးသော... ...ပြည့်ကျော် ၁–ရက်ဘက်အရောက်) အာသဝေါတရား လေးပါးကို ကုန်ခမ်းစေသော အာသဝက္ခယဉာဏ်တော်ကို ရသည်။

၁၅။ အာသဝက္ခယဉာဏ်ကို ရတော်မူသည်နှင့် ဆက်၍ သဗ္ဗညုတဉာဏ်တော်ကြီးကိုပါ ရရှိပြီး လောကသုံးပါး၌ အတုမဲ့ အနှိုင်းမဲ့ ဘုရားစင်စစ် ဧကန်ဖြစ်တော်မူသည်။ ထိုအခါ သက်တော် ၃၅–နှစ်ရှိပြီ။

၁၆။ ဘုရားဖြစ်သောအခါ အရဟံ စသောဂုဏ်တော် ကိုးပါးနှင့် ပြည့်စုံတော်မူသည်။ လူ့လောကသာမက နတ် ဗြဟ္မာလောကအထိ မျက်မှောက်ပြုတော်မူပြီး ဓမ္မစကြာတရားတော်မှစ၍ ၄၅–နှစ်တိုင်တိုင် လူ နတ် ဗြဟ္မာ သတ္တဝါတို့အား တရားဟောကြား ချွေချွတ်လျက် မူလရည်ရွယ်ချက်အတိုင်း သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူသည်။

၁၇။ ၄၅–နှစ် (၄၅–ဝါ)ကာလပတ်လုံး မနေမနား တရားဟောကြားလျက် သတ္တဝါတို့အား သံသရာမှ ကယ်တင်တော်မူရာတွင် သိန်းသန်းကုဋေများစွာ သတ္တဝါ အသင်္ချေ အနန္တ အကျွတ်တရား ရကြကုန်သည်။

၁၈။ ဤသို့လျှင် ၃၅–နှစ် ဘုရားဖြစ်သည်မှ ၄၅–နှစ်တိုင်တိုင် လောကသုံးပါး၌ ပွင့်ထွန်းပေါ်ပေါက်တော်မူပြီး သက်တော် (၈၀)ပြည့်၊ မဟာသက္ကရာဇ် ၁၄၈–ခု၊ ကဆုန်လပြည့် အင်္ဂါနေ့၌ ကုသိနာရုံ၊ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန် စံယူတော်မူသည်။

၁၉။ ထိုဘုရားရှင်၏ တရားတော်မြတ်များသည် ဘုရားသားတော် သံဃာတော်များက သံဂါယနာအဆက်ဆက်တင်၍ ဆောင်ကြဉ်းလာသောကြောင့် ယနေ့အထိ အထင်အရှား တည်ရှိနေပေသတည်း။

**မှတ်ချက်။ ။**

အထက်ပါ ဗုဒ္ဓဝင်အချက်အလက်များကို စာရေးဆရာ နှစ်ဖက်လှဦးကျော်လွင်၏ '**ဗုဒ္ဓဝင်အမြုတေ**' စာအုပ် (ဒုတိယအကြိမ် ရိုက်)နှင့် အသျှင်ဝရတောဇောနှင့် အသျှင်ဇမ္ဗူဒီပတို့၏ '**မာတိကာစတုကထာ အရကောက် ကျမ်း**'တို့မှ ယူပါသည်။

**နှစ်ဖက်လှ**

# အခန်း(၂)

# မိခင်ခန်း

## လူ နှင့် သူ၏မိခင်

**မနုဿတ္တဘာဝေါ ဒုလ္လဘော** ဗုဒ္ဓဘာသာလောက၌ 'မနုဿတ္တဘာဝေါ ဒုလ္လဘော' (လူ့အဖြစ် ရခဲ့သည်။) 'မနုဿတ္တ ပဋိလာဘော ဒုလ္လဘော' (လူ တစ်ဖန် ပြန်ဖြစ်ဖို့ ခဲယဉ်းသည်)ဟူ၍ ကြားဖူးနားဝ ရှိကြပါမည်။ သို့သော် 'မနုဿတ္တ'ဆိုသောလူကား မည်သို့သောလူမျိုးနည်းဟု တိကျသေချာစွာ သိရှိသူ နည်းပါးပေရာ၏။

'မနုဿတ္တ'ဆိုသောလူကား ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်သူတိုင်းကို မဆိုလို။ (ဝါ) ကမ္ဘာ့လူသားအားလုံးကို မဆိုလို။ ဘုရားတရားကို သက်ဝင်ယုံကြည်သော လူကိုမှ 'မနုဿတ္တ'ဆိုသော 'လူ'ဟု ဆိုရသည်။

ဤအကြောင်းနှင့် ပတ်သက်၍ ဘုရားရှင်အား ရဟန်းတော်တစ်ပါးက မေးလျှောက်သဖြင့် မြတ်စွာဘုရားက ဖြေကြားခဲ့သည်။ အဖြေကား ဤသို့တည်း။

> အရှင်ဘုရား၊ နတ်ပြည်မှ နတ်တစ်ပါး စုတေ၍ သုဂတိဘဝသို့ ရောက်သည်ဆိုလျှင် အဘယ်ဘဝသို့ ရောက်ရပါမည်နည်း။
>
> ချစ်သား၊ နတ်တစ်ဦး စုတေပြီး မြတ်စွာဘုရား ထိုးထွင်းသိမြင်သော သုတ် ဝိနည်း အဘိဓမ္မာတရား၌ သက်ဝင်ယုံကြည်သောသူ (ဝါ) ဗုဒ္ဓဘာသာ လူသားဖြစ်လျှင် နတ်သည် သုဂတိရောက်သည် မည်ပေ၏။ နတ်သေပြီး ဗုဒ္ဓဘာသာလူလာဖြစ်လျှင် ထိုနတ်သည် သုဂတိဘဝသို့ ရောက်သည်မည်၏။ ဤသို့ ဖြေဆိုတော်မူ၏။ သို့သော် ဗုဒ္ဓဘာသာလူသား ဖြစ်လာဖို့ကား ခဲယဉ်းလှသည်ဟု ဆိုလိုသည်။
>
> (ဣတိဝုတ်ပါဠိ၊ ပဉ္စနိမိတ္တသုတ်)

**မိခင်၏အခန်းကဏ္ဍ** ဗုဒ္ဓဘာသာတစ်ယောက် ဖြစ်လာဖို့ ခဲယဉ်း၏။ သာသနာပ ကာလ၊ သာသနာပ လူတွေကို ကြည့်လျှင် အလွန်မှန်ကန်၏။ သာသနာပ ကာလ၌ မည်သူမျှ ဗုဒ္ဓဘာသာလူသား မဖြစ်နိုင်။ သာသနာပ လူတွေ (ဘာသာခြားတွေ)သည် ဗုဒ္ဓဘာသာလူသား ဖြစ်လာဖို့ ခဲယဉ်း၏။

သို့သော်

ယခု မိမိတို့သည်ကား ဗုဒ္ဓသာသနာတော်နှင့် တွေ့ကြုံပြီး ဗုဒ္ဓဘာသာဖြစ်နေကြ၏။ အကြောင်းကား အမေ၊ အဖေက ဗုဒ္ဓဘာသာဖြစ်နှင့်နေကြလို့၊ သူတို့ဝမ်းထဲ ဝင်စားခွင့်ရကြလို့ မိမိတို့ မနုဿတ္တ ဒုလ္လဘ ရနေကြခြင်း ဖြစ်ပေသည်။

ဤအချက်ကို စဉ်းစားလျှင် ဗုဒ္ဓဘာသာမိခင်တစ်ဦး (ဝါ) ဗုဒ္ဓဘာသာ မိန်းမတစ်ဦးသည် အဘယ်မျှအရေးကြီးကြောင်း တွေ့နိုင်၏။ ဗုဒ္ဓဘာသာအမျိုးသမီး အနေဖြင့် မိခင်ဖြစ်လာလျှင် သူက မွေးဖွားသူသည် ခဲယဉ်းသော လူ့ဘဝ (ဝါ) ဗုဒ္ဓဘာသာဘဝကို ရရှိမည် ဖြစ်သည်။ စင်စစ် ဗုဒ္ဓဘာသာမိခင်တိုင်းသည် ဗုဒ္ဓဘာသာတွေ (ဝါ)လူဒုလ္လဘတွေ မွေးထုတ်ပေးနေသော အဓိကပုဂ္ဂိုလ်များ ဖြစ်ကြောင်း ထင်ရှားပေသည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာမိခင်များ လူဒုလ္လဘတွေ များများ မွေးပေးနိုင်ကြပါစေ သတည်း။

**နစ်ဖက်လှ**

## မိရိုးဖလာ ဗုဒ္ဓဘာသာ

**မိရိုးဖလာအဓိပ္ပာယ်** **'မိရိုးဖလာ'** ဟူသော စကားရပ်၌ **'မိရိုး'** တစ်ပုဒ်၊ **'ဖလာ'**တစ်ပုဒ် ခွဲကြည့်ပါ။ **'မိ'** က အမိ၊ အမေ ပေါ့။ **'ရိုး'** ဆိုတာက မျိုးရိုး၊ လူမှာ အမျိုး၊ ကြက်မှာ အရိုး ဆိုတာလို မျိုးရိုးကို ဆိုလိုသည်။ ရိုး ကို ရိုးရာဟုလည်း ဆိုရ၏။ ရိုးရာ ကိုင်သည်၊ ရိုးရာ လိုက်သည် စသည်ဖြင့် ပြောကြရာ၌ ရိုးရာဆိုသည်မှာ ဘိုးဘွားမိဘအဆက်ဆက်က ဆင်းသက်လာသော မျိုးရိုးအရ ဖြစ်ရသော ကိစ္စမျိုး ဖြစ်၏။

သို့ဖြစ်၍ **'မိရိုးဖလာ'** ဆိုသောစကားတွင် **'မိရိုး'**၏အဓိပ္ပာယ်မှာ အမိ၏ မျိုးရိုး၊ အမိ၏ရိုးရာ ဟူ၍ ဖြစ်၏။

**ဖလာ** ဆိုရာ၌ ဖက အဖ၊ အဖေပေါ့။ လာ ဆိုတာက အစဉ်အလာ ဖြစ်ခြင်း၊ ဆင်းသက်လာခြင်း ဟု အဓိပ္ပာယ် ရ၏။

ထို့ကြောင့် **ဖလာ** ၏အဓိပ္ပာယ်မှာ အဖမှ ဆင်းသက်လာသော၊ အဖမှ အစဉ်အလာဖြစ်သော–ဟု အဓိပ္ပာယ်ရ၏။

မိရိုးနှင့် ဖလာကို ပေါင်းစပ်ပြီး **မိရိုးဖလာ** ဟူသော စကားပေါင်း၏ အနက် အဓိပ္ပာယ်မှန်မှာ **အမေ့မျိုးရိုး၊ အဖေ့မျိုးရိုး၊ အမေ့ရိုးရာ၊ အဖေ့ရိုးရာ၊ အမေ့အစဉ်အလာ၊ အဖေ့အစဉ်အလာမှ ဆင်းသက်လာသောအရာ** ဖြစ်၏။

ဤ မိရိုးဖလာ ဟူသော စကားဝေါဟာရ၌ ဘာမျှ နားမလည်သော၊ နလပိန်းတုံး ဖြစ်သော စသည့် အသုံးမကျသော အဓိပ္ပာယ် တစ်ခုမျှ မပါရှိပေ။

မိမိတို့ဘဝလောက၌ မိရိုးဖလာကိစ္စကွေ များစွာရှိ၏။ မိဘမှ သားသမီးသို့ ဆင်းသက်သော ဓလေ့တွေ အများကြီးရှိ၏။ အကယ်၍ ထိုမိရိုးဖလာကိစ္စရပ် တစ်ခု မကောင်းဘူးဆိုလျှင် မိဘမကောင်းရာ ရောက်၏။ မိကောင်း ဖကောင်းမှ ရိုးရာကောင်း ဆင်းသက်မည်ဖြစ်၏။ မိ,ယုတ် ဖ,ယုတ်မှ ယုတ်ညံ့သော ကိစ္စ ဆင်းသက်မည်ဖြစ်၏။

ထို့ကြောင့် မိရိုးဖလာကိစ္စတစ်ခုကို ဝေဖန်မည်ကြံလျှင် မိဖကို သတိရရန် လို၏။ မိရိုးဖလာကိစ္စနှင့် မိဖသည် ဆက်စပ်နေ၏။ သို့သော် မိရိုးဖလာကိစ္စတွေထဲ၌ အကောင်းချည်းဟူ၍ကား မဆိုသာ။ မကောင်းတာလည်း ပါချင်ပါနိုင်၏။ မိမိက ကောင်းမှန်း မကောင်းမှန်း ယထာဘူတကျအောင် ဆုံးဖြတ်နိုင်မှုကား မကောင်းသောမိရိုးဖလာကို ပယ်၊ ကောင်းသောမိရိုးဖလာကို တွယ်ရမည် ဖြစ်ပေသည်။

**ဗုဒ္ဓဘာသာဟူသည်** **'ဗုဒ္ဓဘာသာ'** ဟူသောစကား၌ **'ဗုဒ္ဓ'**တစ်ပုဒ်၊ **'ဘာသာ'** တစ်ပုဒ် ခွဲကြည့်ပါ။ ဤနေရာတွင် **'ဗုဒ္ဓ'**ဆိုသည်မှာ ဂေါတမဗုဒ္ဓ (ဝါ) သဗ္ဗညုဗုဒ္ဓကို ဆို၏။

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလကြီးတစ်လျှောက်လုံး ပါရမီ ဆယ်ပါး၊ အပြားသုံးဆယ်၊ စွန့်ခြင်းကြီး ငါးပါး၊ စရိယသုံးပါးတို့ကို သူ မတန်အောင် ဖြည့်ကျင့်တော်မူပြီးမှ ဖြစ်လာသော ဘုရား၊ အရဟံ စသော ကိုးပါးသောဂုဏ်နှင့် ပြည့်စုံသော ဘုရားကို ဤ**'ဗုဒ္ဓဘာသာ'** ဟူသော စကားရပ်၌ ပါသော **'ဗုဒ္ဓ'**၏ အရကောက်ယူရသည်။

ထိုဗုဒ္ဓသည် ပိဋကသုံးပုံ (နိကာယ်ငါးရပ်)တည်းဟူသော ပရိယတ္တိသာသနာကို ဟောကြား၍ သတ္တဝါအပေါင်းအား ကောင်းအောင် ဆုံးမတော်မူခဲ့သည်။ မျက်မှောက် ကမ္ဘာလောကတွင် ဗုဒ္ဓ၏ ကျေးဇူးမကင်းသူတွေ၊ တိတိလင်းလင်းပြောရလျှင် ဗုဒ္ဓ၏သာသနာကို မှီပြီးနေသူတွေ၊ ဗုဒ္ဓ၏သာသနာကို မှီပြီး ကြီးပွားနေသူတွေ၊ ဗုဒ္ဓ၏သာသနာကြောင့် လူလိမ္မာ လူယဉ်ကျေးတွေ ဖြစ်နေသူတွေ အခြားသော တိုင်းပြည်မှာထက် မြန်မာပြည်မှာ ပို၍ပေါများ၏။ ကြည့်တတ်သူ မြင်ပေ၏။

**'ဘာသာ'** ဆိုတဲ့ ပါဠိဝေါဟာရ၏အဓိပ္ပာယ်က **'စကား'** ဖြစ်၏။ ပါဠိအဘိဓာန်ကြီး၌ **'ဘာသိတံ လပိတံ ဘာသာ'**-ဟူ၍ ပရိယာယ်သုံးချက်ပြ၏။ ပြောဆိုအပ်သောစကားကို **'ဘာသာ'**ဟူ၍ ဤ၌ ဆိုအပ်၏။ ထို့ကြောင့် ဒေါသအမျက်၊ ဒုက္ခဆင်းရဲ စသည်တို့ကို သုံးသကဲ့သို့ ဘာသာစကား ဟူ၍ ပါဠိနှင့် မြန်မာ တွဲ၍ သုံးရိုးရှိ၏။

**ဗုဒ္ဓဘာသာဖြစ်ခြင်း** **'ဗုဒ္ဓ'** နှင့် **'ဘာသာ'**စကားနှစ်လုံးကို ပေါင်းစပ်လိုက်က **'ဗုဒ္ဓဘာသာ'**ဟူ၍ ဖြစ်လာ၏။ **'ဗုဒ္ဓဘာသာ'**ဟူသော စကား၏ရင်းမြစ်အနက်မှာ **'ဗုဒ္ဓ၏စကား'** ဖြစ်၏။ **'ဗုဒ္ဓ၏စကား'**ကို **'ဗုဒ္ဓဘာသာ'**ဟုခေါ်၏။

ဗုဒ္ဓ၏စကားဟူသည် အဘယ်နည်းဟုရှာသော် **'ပိဋကသုံးပုံ'**ကို တွေ့ရ၏။ ပိဋကသုံးပုံသည် ဗုဒ္ဓ၏စကား ဖြစ်၏။ ပိဋကသုံးပုံသည် ဗုဒ္ဓဘာသာ ဖြစ်၏။ ပိဋကသုံးပုံသည် သံဂါယနာခြောက်တန်တင်ပြီး အတည်ပြုထားသော ဘုရားစကား ဖြစ်၏။ ဘုရား၏ အဆုံးအမ ဖြစ်၏။

ဆိုခဲ့ပါ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓစကားတော်ကို သက်ဝင်ယုံကြည်သူ၊ လက်ခံသူ၊ ကျင့်သုံးသူကို ဗုဒ္ဓဘာသာဝင်ဟု ခေါ်၏။ အတိုကောက်အားဖြင့် သရဏဂုံ ဆောက်တည်ပြီး ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူကို ဗုဒ္ဓဘာသာ ဟူ၍ပင် ခေါ်ကြ၏။

ထို**'ဗုဒ္ဓဘာသာ'**ဟူသောစကား၏ရှေ့က **'မိရိုးဖလာ'**ဟူသောစကားကို ထည့်ပြီး တွဲလိုက်သောအခါ **'မိရိုးဖလာ ဗုဒ္ဓဘာသာ'** ဟူသောစကား ဖြစ်လာ၏။ အဓိပ္ပာယ်ကား မိဖရိုးရာ အစဉ်အလာ ဗုဒ္ဓဘာသာဟူလို။ (နလပိန်းတုံး ဗုဒ္ဓဘာသာဟု အဓိပ္ပာယ် မရှိချေ။)

**သွေးဗုဒ္ဓဘာသာ** မြန်မာနိုင်ငံ၏ သာသနာ့သမိုင်းကို ကြည့်လျှင် ပုဂံနိုင်ငံ မပေါ်ပေါက်မီ ရှေးမဆွကပင် မြတ်စွာဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသ(ယခု အိန္ဒိယ အဝင်အပါ) မှ မြန်မာနိုင်ငံသို့ ဗုဒ္ဓပိဋကတ်တော်များ ရောက်နှင့်၏။ ထိုပိဋကတ်တော်များကို သက်ဝင်ယုံကြည်သူ ဗုဒ္ဓဘာသာဝင်တို့လည်း များစွာရှိခဲ့၏။ ထို့ကြောင့်ပင် ပုဂံနိုင်ငံကို စတင်တည်ထောင်သူ အနော်ရထာမင်းကလေးသည် ဗုဒ္ဓဘာသာ ထွန်းကားနေသော သထုံပြည်မှ ပိဋကတ်တော်များကို ပုဂံသို့ ပင့်ယူရာ၌ ဗုဒ္ဓဘာသာ ရဟန်းတော်များစွာကိုပါ တစ်ပါတည်း ပင့်လာနိုင်ခြင်းဖြစ်၏။

• ပုဂံခေတ်ဦး အေဒီ ၁၀၄၄ (မြန်မာသက္ကရာဇ် ၄၀၆)ခန့်မှ ယနေ့ ၁၉၉၂–ခု (မြန်မာ ၁၃၅၄–ခု)အထိ နှစ်ပေါင်း ၉၅၀–ခန့်ကာလကို လူ့တစ်သက်တမ်း ပျမ်းမျှ ၇၅–နှစ်နှင့်စားလျှင် (၉၅၀÷၇၅=၁၂.၇)လူ့သက်တမ်း ၁၃–ဆက်လောက် ကြာခဲ့ပြီ ဖြစ်၏။ လူ့အသက် ၁၃–ဆက်တွင် အမိ ၁၃–ဆက်၊ အဖ ၁၃–ဆက် ဖြစ်၏။ နံပါတ် ၁ ဗုဒ္ဓဘာသာအမိအဖမှ နံပါတ် ၂ ဗုဒ္ဓဘာသာအမိအဖသို့ ဗုဒ္ဓဘာသာ ဆင်းသက်၏။ ထိုနည်းတူ နံပါတ် ၁၂ ဗုဒ္ဓဘာသာအမိအဖမှ နံပါတ်၁၃ ဗုဒ္ဓဘာသာအမိအဖ (ယခု ကျွန်ုပ်တို့၏အမိအဖ)သို့ ဗုဒ္ဓဘာသာ ဆင်းသက်၏။ ဤကဲ့သို့ ဗုဒ္ဓဘာသာ အမိအဖ အဆက်ဆက် အယူဝါဒမပျက် အယူဝါဒမပြောင်းဘဲ ဗုဒ္ဓဘာသာချည်း ဖြစ်လာ၏။

တစ်နည်းဆိုရသော် ပုဂံခေတ် မိဖမှ ပင်းယခေတ် မိဖသို့ ဗုဒ္ဓဘာသာ ဆင်းသက်၏။ ပင်းယခေတ် မိဖမှ အင်းဝခေတ် မိဖသို့၊ အင်းဝခေတ် မိဖမှ တောင်ငူခေတ်မိဖသို့၊ တောင်ငူခေတ် မိဖမှ ကုန်းဘောင်ခေတ် မိဖသို့၊ ကုန်းဘောင်ခေတ် မိဖမှ အင်္ဂလိပ်ခေတ် မိဖသို့၊ အင်္ဂလိပ်ခေတ် မိဖမှ ယခု လွတ်လပ်ရေးခေတ် မိဖသို့ ဗုဒ္ဓဘာသာ စဉ်ဆက်မပြတ် ဆင်းသက်လာ၏။

တစ်ဦးတစ်ယောက်အဖို့ ကြည့်လျှင် (ဥပမာ ယခုစာရေးသူ ဆိုပါစို့) မိမိ ယခုလို ဗုဒ္ဓဘာသာ မိဖဝမ်းထဲသို့ ဝင်စားနိုင်ပြီး မိရိုးဖလာ ဗုဒ္ဓဘာသာ တစ်ယောက် ဖြစ်နိုင်ရေးအတွက် မိမိ၏အမိအဖ အဘိုးအဘွား စသည် အဆက် (၁၃)ဆက် မိဖတို့ ဗုဒ္ဓဘာသာ ဖြစ်လာခဲ့ကြ၍သာ ဤအခွင့်အရေးကို ရရှိခြင်း ဖြစ်၏။

အကယ်၍ မိမိ၏ အမိအဖတို့သည် ဗုဒ္ဓဘာသာဝင်များ မဟုတ်မူကြဘဲ တခြားဘာသာဝင်များ ဖြစ်ကြအံ့။ မိမိသည်လည်း ကြီးမှ သိတတ်မှ ဗုဒ္ဓဘာသာသို့

ကူးပြောင်းသက်ဝင်လာသူ ဖြစ်ကြောင်းအံ့။ ဤသို့ဖြစ်လျှင် မိမိ၏မိဖရိုးရာသည် ဗုဒ္ဓဘာသာ မဟုတ်သောကြောင့် မိမိသည် မိရိုးဖလာ ဗုဒ္ဓဘာသာ မဟုတ်ပေ။ မိမိသည် မိရိုးဖလာ မဟုတ်သော ဗုဒ္ဓဘာသာ သာ ဖြစ်ရာသည်။ ဗုဒ္ဓဘာသာသစ် တစ်ဦးသာ ဖြစ်ရာ၏။

မိရိုးဖလာဗုဒ္ဓဘာသာ နှင့် ဗုဒ္ဓဘာသာသစ် ဘာကွာသလဲဆိုသော် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တစ်ဦးသည် သူ ပဋိသန္ဓေနေလာခဲ့ရသော အမိအဖတို့ ကိုယ်တိုင်က ဗုဒ္ဓဘာသာများ ဖြစ်ကြသောကြောင့် သူတို့၏ သက်သွေးဖြင့် လူဖြစ်လာရသော မိမိတို့အနေဖြင့် 'သွေးဗုဒ္ဓဘာသာ' ဟူ၍ပင် ခေါ်နိုင်၏။ ဗုဒ္ဓဘာသာသွေး ပါဝင်လာ၏ဟူလို။ ဗုဒ္ဓဘာသာသစ်တစ်ဦးမှာမူ သူ့မိဘထံမှ ဗုဒ္ဓဘာသာသွေး မပါချေ။ ဤသို့ ထူးဘိသည်။

**အခြေခံအကျဆုံး ခွန်အား** မိရိုးဖလာ ဗုဒ္ဓဘာသာတို့သည် ဗုဒ္ဓသာသနာတော်အတွက် အခြေခံအကျဆုံးခွန်အား ဖြစ်၏။ ဘာသာရေးသည် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး အစရှိသော လူ့အရေးအရာအားလုံး၏ အဓိက ပဓာန အချက်အချာ ဖြစ်သောကြောင့် မိရိုးဖလာ ဗုဒ္ဓဘာသာ (ဝါ) သွေးဗုဒ္ဓဘာသာတို့သည် ဗုဒ္ဓဘာသာမြန်မာနိုင်ငံ၏ အခြေခံအကျဆုံး ခွန်အား ဖြစ်၏။

ဤတွင် အရေးကြီးသောအချက်တစ်ရပ်ကို ဖော်ပြပေအံ့။

နာမည်ကျော် အာဠဝကဘီလူးကြီးသည် ဖြေနိုင်လျှင် ဖြေ၊ မဖြေနိုင်လျှင် သတ်မည် ဆိုပြီး မြတ်စွာဘုရားအား မေးသော မေးခွန်းပေါင်းများစွာအနက် ပထမဆုံး မေးခွန်းသည်ကား-

ဤလောကမှာ ယောကျ်ား၏ အမြတ်ဆုံး ဥစ္စာကား ဘာလဲ-ဟူသော မေးခွန်း ဖြစ်၏။ အကယ်၍ ယခုစာဖတ်သူသည် အာဠဝကသုတ္တန်ကို မကြားနာဖူးသူ ဖြစ်အံ့။ စာအုပ်ကို ခဏပိတ်ပြီး ကိုယ့်ဟာကိုယ် ဖြေကြည့်ပါ။ ပိတ်လိုက်ပါ၊ စဉ်းစားပါ။ ဖြေကြည့်ပါ၊ ယောကျ်ား၏ အမြတ်ဆုံး ဥစ္စာဟာ ဘာလဲ'

သဗ္ဗညုတဉာဏ်တော်ဖြင့် ဖြေသော ဘုရားရှင်၏ အဖြေမှန်ကား- "သဒ္ဓါ" ပေတည်း။

လောကမှာ ယောကျ်ားရဲ့အမြတ်ဆုံးဥစ္စာကား "သဒ္ဓါ" ဖြစ်သည်။ ဤသို့ ဘုရားရှင်က ဖြေသောအခါ ဘီလူးကြီးသည် အဖြေမှန်ရ၍ ကျေနပ်သွား၏။ ဘီလူးကြီးသည် အဖြေမှန်ကို ကြိုသိ မထား။ သို့သော် သူသည် သောတာပန်

အရိယာပုဂ္ဂိုလ် အလောင်းအလျာကြီး ဖြစ်၍ ဉာဏ်ကြီး၏။ ဉာဏ်ကြီး၍ ဘုရားရှင်၏ ဖြေဆိုတော်မူချက်ကို တစ်ခါတည်း သဘောကျသွားခြင်း ဖြစ်၏။

အကယ်၍ တစ်စုံတစ်ယောက်က ယောက်ျားရဲ့ အမြတ်ဆုံးဥစ္စာသည် ကား စပါး ဖြစ်သည်၊ စိန် ရွှေ ရတနာ ဖြစ်သည်၊ နွား ဖြစ်သည်၊ ကား ဖြစ်သည်၊ မယား ဖြစ်သည် စသည်ဖြင့် ဖြေဆိုငြားအံ့။ ထိုအဖြေကို ပညာရှိ ဘီလူးကြီးက လက်ခံမည် မဟုတ်ချေ။ ထိုအဖြေရှင်မျိုးကို မုန့်မှုန့်ညက်ညက် ချေပစ်ပေလိမ့်မည်။ ယခုသော်ကား ဘုရားရှင်၏အဖြေသည် တကယ့်သဘာဝကျသော အဖြေမှန် ဖြစ်သောကြောင့် ဘီလူးကြီး ကျေနပ် လက်ခံလိုက်၏။

ဘီလူးကြီး လက်ခံတိုင်း မိမိတို့ လက်ခံရမည်လား။ စဉ်းစားဦးမည်၊ စဉ်းစားချင်သေးသည်ဆိုလျှင် စဉ်းစားပါ။ သာမန် စဉ်းစားလျှင် ယုံကြည်ချက်သည် အဘယ်မျှ အရေးကြီးသနည်း။ ဘာသာရေးအမျိုးမျိုး၌ ကိုးကွယ်မှုမှန်သမျှ မိမိတို့ ဘုရားကို ယုံကြည်၍သာ ကိုးကွယ်နေကြ၏။ မယုံကြည်လျှင် အဘယ်သူကိုးကွယ် ပါမည်နည်း။ အဘယ်သူသည် မယုံကြည်သော ဘာသာရေးကို လက်ခံပါမည် နည်း။ ဤကား တစ်ချက်။

ထို့ပြင် အခြားသော ပညာရေး၊ စီးပွားရေး၊ လူမှုရေးစသော ကိစ္စများ ၌လည်း ယုံကြည်ချက်သည် အရေးကြီး၏။ ဒါလုပ်လျှင် ဒါရမည်ဟု မယုံကြည်ဘဲ မထင်မှတ်ဘဲ အလကား ဘယ်သူ လုပ်လိမ့်မည်နည်း။

ထို့ထက် အရေးအကြီးဆုံးသည်ကား မိမိကိုယ်မိမိ ယုံကြည်မှုတည်း၊ ငါတော်သည် တတ်သည်၊ ဒါလောက်တော့ အပျော့ပေါ့၊ ငါလုပ်နိုင်သည် စသည် ဖြင့် ကိုယ့်ကိုယ်ကို ယုံကြည်မှု လိုအပ်၏။ ကိုယ့်ကိုယ်ကိုမှ မယုံကြည်သူသည် စိတ်ဓာတ်ခွန်အား လုံးဝကင်းမဲ့ပြီး အားကုန်နေသော ဘက်ထရီအိုးတစ်လုံးကဲ့သို့ လုပ်ငန်းတွင် အသုံးမဝင်နိုင်တော့ပေ။ ဤသို့ စဉ်းစားလျှင်လည်း ယုံကြည်ချက် (သဒ္ဓါ)သည် အခရာကျကြောင်း သိနိုင်၏။

ဘုရားရှင် ဟောကြားသော သဒ္ဓါကား အထက်တွင် ဖော်ပြခဲ့သည့် ယုံကြည်ချက်ထက် ကျယ်ပြန့်လေးနက်၏။

(၁) ဘုရား(ဗုဒ္ဓဘုရား)
(၂) တရား(ဗုဒ္ဓတရား)
(၃) သံဃာ(အရိယာသံဃာ)

(၄) ကံ (မိမိပြုလုပ်သော အမှု)
(၅) ကံ၏အကျိုး (မိမိပြုလုပ်မှုကြောင့် ပေါ်ပေါက်လာသော ဖြစ်ရပ်များ)
(၆) အတိတ်ဘဝ (အရင်က ဖြစ်ခဲ့သော ဘဝတွေ)
(၇) အနာဂတ်ဘဝ (နောက်ဖြစ်လာမည့် ဘဝတွေ)
(၈) ပဋိစ္စသမုပ္ပါဒ် (ကြောင်းကျိုးဆက်သွယ် ဖြစ်ပေါ်မှု)

ဖော်ပြပါ အချက်ရှစ်ချက်အပေါ် သက်ဝင်ယုံကြည်မှုရှိမှ "သဒ္ဓါ"ဖြစ်၏ဟု ဟောကြားတော်မူ၏။ (ဤအကြောင်းရှစ်ချက်ကို ဤ၌ အကျယ် မပြတော့ပါ။)

မိရိုးဖလာ ဗုဒ္ဓဘာသာတစ်ယောက်ကို စိစစ်ကြည့်ပါစို့။

သူသည် ဘုရားဂုဏ်တွေ ကျေးဇူးတွေ လေးလေးနက်နက် ကျယ်ကျယ်ပြန့်ပြန့် သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဘုရားကိုတော့ယုံ၏။ အကြမ်းဖျင်းအားဖြင့် ငါတို့ဘုရားဟု ခံယူ၏။ ဘုရားကို ထိလျှင် မခံ။ ယုံကြည်မှုသဒ္ဓါ ရှိ၏။

တရားကိုလည်း ထို့အတူ ယုံ၏။ မိမိကျင့်နိုင်သည် မကျင့်နိုင်သည် အပထား၊ ငါတို့ဗုဒ္ဓဘာသာတရားက မှန်တယ်ဟု ယုံ၏။ ကုသိုလ်သည် ကောင်း၏၊ အကုသိုလ်သည် မကောင်း၊ စောင့်နိုင်သည် မစောင့်နိုင်သည် ဖယ်ထား၊ ဥပုသ်စောင့်တာ ကောင်းသည်ဟုတော့ သူလက်ခံ၏၊ ယုံကြည်၏၊ သဒ္ဓါ၏။

သံဃာ–ဘုန်းကြီး၊ ရဟန်းသည် မြတ်၏၊ ပူဇော်ထိုက်၏၊ ရှိခိုးထိုက်၏ဟု သိ၏။ ရှိခိုး၏၊ လှူ၏၊ သဒ္ဓါ၏။

ကံ– မိရိုးဖလာဗုဒ္ဓဘာသာသည် အကုသိုလ်ကံ၊ ကုသိုလ်ကံကို အကြမ်းဖျင်း သိ၏။ ငါးဖမ်းနေသူ ဗုဒ္ဓဘာသာတစ်ဦးကို မေးကြည့်၊ ခင်ဗျားလုပ်နေတာ ကုသိုလ် အလုပ်လား၊ အကုသိုလ် အလုပ်လား၊ အကုသိုလ်အလုပ်ဟု သူ သိ၏။ ဤသို့သိခြင်းသည် တန်ဖိုးအလွန်ရှိ၏။ မိရိုးဖလာ ဗုဒ္ဓဘာသာသော်မှ မဟုတ်ဘိမူ အကုသိုလ်မှန်းပင် သိမည် မဟုတ်ပေ။ မရှောင်နိုင်၍ လုပ်တာက တခြား။ သိတာက တခြား။ သိခြင်းသည် ပတ္တမြား၊ အကုသိုလ်မှန်း သိရှိယုံကြည်နေသူသည် သဒ္ဓါပတ္တမြားကို ပိုင်နေသူ ဖြစ်၏။ တစ်နေ့ သူ ထပြီး ချမ်းသာနိုင်သလို တစ်နေ့တွင် သူသည် အကုသိုလ်မှုကို စွန့်ပယ်ပြီး ကုသိုလ်ဘက်သို့ ကူးပြောင်းနိုင်ပေလိမ့်မည်။ ထို့ကြောင့် သူသည် အကုသိုလ်မှုကို စွန့်ပယ်ပြီး ကုသိုလ်အလုပ်ကို အားထုတ်လာပေလိမ့်မည်။ အကြောင်းကား သူသည် ကံကို သဒ္ဓါ၏၊ ယုံ၏။ ထို့ကြောင့်တည်း။

ကံ၏ အကျိုး– ငရဲကြီးသည် ဆိုသောစကားသည် မိရိုးဖလာ ဗုဒ္ဓဘာသာတို့၏ လက်သုံးစကားတည်း၊ မြတ်စွာဘုရား ဖော်ထုတ်ဟောကြားပြသော ငရဲကြီးရှစ်ထပ်၌ မဟာဒုက္ခ တွင်းဆုံးကျ ခံကြရခြင်းသည် အကုသိုလ်ကံ၏ အပြစ်တွေကြောင့် ဟု သိ၏။ နတ်ပြည်သို့ ရောက်ရခြင်းသည် ကုသိုလ်၏ အကျိုးဟု ယုံကြည်၏။

မိရိုးဖလာ ဗုဒ္ဓဘာသာ တစ်ဦးသည် သူ့အနေဖြင့် ယခင်ယခင်က အတိတ်ဘဝတွေ ဖြစ်ခဲ့ရ၏ဟု ယုံကြည်၏။ သံသရာကျင်လည်ခဲ့ရပုံကို ယုံကြည်၏။ အတိတ်ဘဝ မရှိဘဲ အခုမှ လူထဖြစ်လာသည်ဟု မည်သည့် မိရိုးဖလာ ဗုဒ္ဓဘာသာကမှ မယုံကြ။

ထိုနည်းတူ အနာဂတ်ဘဝ ရှိသည်။ နောက်ဘဝ ကူးရဦးမည်ဟု သိပ်ယုံကြည်၏။ ထို့ကြောင့် ဘဝကူးကောင်းအောင် လုပ်ကြ၏။ အားထုတ်ကြ၏။

ပဋိစ္စသမုပ္ပါဒ်– "ပဋိစ္စသမုပ္ပါဒ်" ဆိုသည်မှာ အကြောင်းကြောင့် အကျိုးဖြစ်၏။ အကြောင်းမရှိဘဲ ဘာမျှမဖြစ်ဟု ဖော်ပြသော ပညာရပ် ဖြစ်၏။ သူ့ဟာသူ ချမ်းသာချင်လို့ ချမ်းသာတာ၊ သူ့ဟာသူ ဆင်းရဲချင်လို့ ဆင်းရဲတာ၊ ချမ်းသာဖို့လဲ အကြောင်းမရှိ၊ ဆင်းရဲဖို့လဲ အကြောင်းမရှိ ဟူ၍ မည်သည့် မိရိုးဖလာ ဗုဒ္ဓဘာသာကမျှ မထင်မှတ်၊ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်သည်။ အဝိဇ္ဇာ ဆိုတာ ဘာ၊ သင်္ခါရ ဆိုတာ ဘာတွေဟု ဂဃနဏ သိချင်မှသိမည်။ သို့သော် အကြောင်းအကျိုး သဘော အကြမ်းဖျဉ်းကိုတော့ ယုံပြီးသား၊ သဒ္ဓါရှိပြီးသား ဖြစ်၏။

ဤသို့ စိစစ်ကြည့်လျှင် မိရိုးဖလာ ဗုဒ္ဓဘာသာတွေမှာ သဒ္ဓါပတ္တမြားသွေးထဲသားထဲ စွဲပြီး ရှိနေကြောင်း သိသာ၏။ သဒ္ဓါသည် အမြတ်ဆုံး ဥစ္စာ၊ သဒ္ဓါသည် အခြေခံ အကျဆုံး လူ့အရည်အချင်း၊ ထို သဒ္ဓါပတ္တမြားသည်ပင်လျှင် မိရိုးဖလာ ဗုဒ္ဓဘာသာတွေ မကောမကန်းအောင် သမိုင်းစဉ်ဆက် ထိန်းကျောင်းလာခဲ့ပေ၏။

သဒ္ဓါနှင့် ပြည့်စုံကြသော မိရိုးဖလာ ဗုဒ္ဓဘာသာတို့သည် ဘုန်းကြီးဆွမ်းလောင်းကြ၏။ နိစ္စဘတ် ဝတ်ပြုကြ၏။ မိမိတို့၏ ရင်သွေး သားမြေးတို့ကို သာသနာ့ဘောင်သို့ သွတ်သွင်းကြ၏။ ဝင်ခွင့်ပြုကြ၏။ ဗုဒ္ဓသာသနာတော်ကို မပြတ် ပြုစုစောင့်ရှောက် တာဝန်ယူကြ၏။ သာသနာ၏ အရင်းခံဒါနဖြစ်သော ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးကို မိရိုးဖလာ ဗုဒ္ဓဘာသာတွေက တာဝန်ယူ လှူဒါန်းနေကြ၏။

မိရိုးဖလာ ဗုဒ္ဓဘာသာကို ခုန်ပျံကျော်လွှားသွားကြသူတို့ကား ဝါ၊ မိရိုးဖလာ လွန်သွားကြသူတို့ကား ဘုန်းကြီးကို ဆွမ်းမလောင်းကြ၊ ပညာလွန်ပြီး ဘယ်ဘုန်းကြီး က ဘယ်လို၊ ဘယ်ကိုရင်က ဘာနှယ်၊ အပြစ်တွေ ရှုလျက် ဝေဖန်ကြကာ မိမိ တို့၏ အိမ်ခြံဝင်းတံခါးကို ပိတ်ထားကြသည်။ ထိုသူမျိုးဦးရေ များမည်ဆိုပါက ဘုန်းကြီး ရဟန်းများ ဆွမ်းငတ်ကြပေလိမ့်မည်။ ယနေ့ လက်တွေ့အားဖြင့် မိရိုး ဖလာ ဗုဒ္ဓဘာသာတွေ ထူထပ်သော ဆင်းရဲသား ရပ်ကွက်၌ ဆွမ်းခံ၍ ရကြ၏။ ဉာဏ်လွန်ပြီး ကောက်ကျစ်သွားသော ဗုဒ္ဓဘာသာလွန်တို့၏ရပ်ကွက်၌ ဆွမ်း မရကြ။ ထိုရပ်ကွက်မျိုးတွေသာ များပါလျှင် ဗုဒ္ဓ သာသနာ အမြန်ကွယ်ပေလိမ့်မည်။

အချို့က ပြောတတ်ကြ၏။ ကျွန်တော်ကတော့ မိရိုးဖလာ ဗုဒ္ဓဘာသာပဲ၊ ဘာသာရေးနှင့် ပတ်သက်၍ သိပ်နားမလည်ဘူးတဲ့။ သူ နားမလည်ခြင်းသည် မိရိုးဖလာ ဗုဒ္ဓဘာသာကြောင့် လိုလို။ တကယ်တော့ မိမိဖျင်း၍၊ မိမိ မလေ့လာ၍ ဘာမျှ နားမလည်ခြင်း ဖြစ်၏။ မိမိနားမလည်ခြင်းသည် မိရိုးဖလာ ဗုဒ္ဓဘာသာနှင့် မည်သို့မျှ မဆိုင်ပါချေ။

ထိုသူတို့ ပြောသောစကား၏စကားကျကို ကောက်လျှင် မိရိုးဖလာ ဗုဒ္ဓဘာသာမို့ နားမလည်တာ၊ တကယ်လို့ မိရိုးဖလာ ဗုဒ္ဓဘာသာ မဟုတ်လျှင် နားလည်တော့မှာလို့ အဓိပ္ပာယ်ရောက်၏။ ဘာသာရေးကို နားလည်ခြင်း၊ နားမလည် ခြင်းသည် မိရိုးဖလာနှင့် မည်သို့မျှ မသက်ဆိုင်၊ မည်သူမဆို လေ့လာလျှင် သင်ယူလျှင် နားလည်၏။ မလေ့လာလျှင် မသင်ယူလျှင် နားမလည်၊ ဤသည်သာ ယထာဘူတ သဘာဝပေတည်း။

ပရိယတ်ဘက်ကပြောလျှင် ယခု တိပိဋကဆရာတော်သည် မိရိုးဖလာ ဗုဒ္ဓဘာသာထဲက ဖြစ်၏။ လေ့လာသင်ယူ၍သာ တိပိဋကဓရ ဖြစ်လာ၏။ ပဋိပတ် ဘက်က ပြောလျှင် စွန်းလွန်းဆရာတော်၊ ဝေဘူဆရာတော် စသည်တို့သည် မိရိုး ဖလာ ဗုဒ္ဓဘာသာထဲက ဖြစ်၏။ ကျင့်ကြံအားထုတ်လို့သာ အရိယာပုဂ္ဂိုလ်မြတ် ကြီးများ ဖြစ်သွားကြ၏။

တစ်ခုရှိသည်ကား အကယ်၍ တိပိဋကဆရာတော်၊ စွန်းလွန်းဆရာတော် တို့သည် မိရိုးဖလာ ဗုဒ္ဓဘာသာ မဖြစ်ခဲ့လျှင်(ဝါ) ဗုဒ္ဓဘာသာ မဖြစ်ခဲ့လျှင် (ဝါ) ဘာသာခြားဖြစ်ခဲ့လျှင် ယခုလို တိပိဋကဓရ ဖြစ်ကောင်းမှ ဖြစ်မည်။ အရိယာ ဖြစ်ကောင်းမှ ဖြစ်မည်။ ဒိဋ္ဌိဗျာသန ဘေးသင့်နေကြ၍ ဖြစ်၏။ ယခုမူ မြေခံရေခံ ကောင်းလှသော မိရိုးဖလာ ဗုဒ္ဓဘာသာဖြစ်ကြသောကြောင့်သာ ယခုလို ဆရာတော်မျိုး ဖြစ်ကြရခြင်း ဖြစ်ပေသည်။

မိရိုးဖလာ ဗုဒ္ဓဘာသာထဲမှ တိပိဋကဓရတွေ ပေါ်၊ အရိယာ ပုဂ္ဂိုလ်ကျော်တွေ ဖြစ်နေကြပါလျက် မိမိသည် မိရိုးဖလာဗုဒ္ဓဘာသာဖြစ်၍ ဘာသာရေး ဘာမျှ နားမလည်ဟု ပြောမည်ဆိုပါက ထိုဆရာတော်များကို အားနာဖို့ ကောင်း၏။

တစ်ခုတော့ ရှိ၏။ ကျွန်တော် ကျွန်မတို့သည် မိဘက ဗုဒ္ဓဘာသာတွေ ဖြစ်လို့သာ ဗုဒ္ဓဘာသာဖြစ်ရုံ ဖြစ်နေကြတာပါ။ ဗုဒ္ဓဘာသာလို့ အမည်ခံနေကြတာပါ။ ဘာမှ ဗုဒ္ဓဘာသာကို မလေ့လာပါဘူး၊ မသင်ယူပါဘူး။ ထို့ကြောင့် ဘာသာရေးကို နားမလည်ပါဘူး ဟုဆိုသော် မှန်ရာ ကန်ရာ ဆိုရာရောက်၏။ မိရိုးဖလာကို အပြစ်တင် မပြောဘဲ မိမိကိုယ်ကို အပြစ်တင်ပြောလျှင် ကိုယ့်ပမာဏ ကိုယ်သိသူ ဖြစ်ပေ၍ လူကောင်းတစ်ယောက် ဖြစ်ပေသည်။

အချုပ်ကား မိရိုးဖလာ ဗုဒ္ဓဘာသာသည် အမျိုး ဘာသာ သာသနာ၏ ခွန်အား ဖြစ်၏။ ထို ခွန်အားကို မထိပါးသင့်။ မနှိမ်သင့်၊ မပုတ်ခတ်သင့်။ မိရိုးဖလာ ဗုဒ္ဓဘာသာဖြစ်တာနှင့် ဘာသာရေးနားမလည်တာနှင့် တခြားစီဟု သရုပ်ကွဲသင့်၏။

စင်စစ် မိရိုးဖလာ ဗုဒ္ဓဘာသာတွေ တိုးပွားများပြားအောင် တည်တံ့ခိုင်မြဲအောင်သာ လုပ်ကြရမည်။ ဗုဒ္ဓဘာသာသစ်တွေလဲ ဖြစ်လာစေရမည်။ ဤသည်ကား အမျိုး ဘာသာ သာသနာ မကွယ် မပျောက်ရေးအတွက် ကျင့်စဉ်မှန် ဖြစ်ပေသတည်း။

**ဗုဒ္ဓဘာသာပျက်ခြင်း** ဗုဒ္ဓဘာသာတစ်ယောက်သည် ဘယ်အခါ ဗုဒ္ဓဘာသာ ပျက်သလဲ–

(၁) ဘာသာပြောင်းသွားလျှင် ပျက်၏။
ခရစ်ယာန် ဖြစ်သွားမည်၊ အစ္စလာမ် ဖြစ်သွားမည်၊ အတ္တဝါဒီ ဟိန္ဒူ ဖြစ်သွားမည်ဆိုလျှင် ဗုဒ္ဓဘာသာ ပျက်၏။

(၂) ဘာသာမဲ့ ဖြစ်သွားလျှင် ပျက်၏။
ဘာသာရေးကို ဘိန်းနှင့်တူသည်ဟု ယူပြီး ကွန်မြူနစ် ဖြစ်သွားလျှင် ဗုဒ္ဓဘာသာ ပျက်၏။

(၃) နတ်ကို ဘုရားထက် မြတ်သည်ဟု ကိုးကွယ်လျှင် ပျက်၏။
ဘုရား၊ တရား၊ သံဃာထက် နတ်ကို ပိုပြီး ယုံ၊ ပိုပြီး အားကိုးလျှင် ဗုဒ္ဓဘာသာ ပျက်၏။

(၄) သေလျှင် ပျက်၏။

လူသေလျှင် ဗုဒ္ဓဘာသာ ပျက်၏။ အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓဘာသာ ဖြစ်ခြင်းသည် သရဏဂုံတည်မှ ဖြစ်၏။ သေလျှင် သရဏဂုံ ပျက်၏။ ရုပ်အလောင်း၌ သိစိတ် သိဉာဏ် မရှိတော့၍ သရဏဂုံလည်း မရှိတော့ပေ။ ဘုန်းကြီးပျံလွန်လျှင်လည်း အတူပင်။ ဘုန်းကြီးရဟန်း မဟုတ်တော့။ ဘာသိက္ခာ ဘာသီလမှ မရှိတော့ပေ။

သို့ဖြစ်၍ အသက်ရှိစဉ် ဗုဒ္ဓဘာသာမပျက်အောင် ထိန်းသိမ်းကြဖို့ အရေးကြီး၏။ ဗုဒ္ဓဘာသာပျက်ခြင်းသည် အမျိုး ဘာသာ သာသနာ၏ ခွန်အား ပျက်ခြင်းပင် ဖြစ်၏။ မိမိတို့လက်ထက်တွင် ဗုဒ္ဓဘာသာအပျက်မခံဘူးဟု ဘာသာ သွေး မွေးသင့်ကြပါသတည်း။

**မှတ်ချက်။ ။**

အထက်ပါ ကောက်နုတ်ချက်သည် စာရေးဆရာ နှစ်ဖက်လှ ဦးကျော်လွင်၏ **မြတ်သော ဝန္ဒနာ** စာအုပ်မှ ကောက်နုတ်ချက် ဖြစ်ပါသည်။

## အခန်း(၃)

# လူနှင့် ဘာသာရေး

**(၁) ကိုးကွယ်မှု–ဟူသည်** လူ့သမိုင်းဆရာတို့၏ အဆိုအရ လူသည် ခြေသလုံး အိမ်တိုင်ဘဝမှ တဖြည်းဖြည်းချင်း ယဉ်ကျေးလာပြီး အစုအသင်းနှင့် နေတတ်လာသူများ ဖြစ်သည်ဟု သိရ၏။ မည်သို့ပင်ဖြစ်စေ လူသည် ကြောက်တတ်မှု[၁]နှင့် ရလိုမှု[၂] သဘောတရားများဖြင့် ဖွဲ့စည်းထားသော သတ္တာန်တစ်ခုသာ ဖြစ်ကြောင်း ထင်ရှား၏။

လူ့လောကကြီးတွင်လည်း ကြောက်စရာ အမြောက်အမြား ရှိသည့်နည်းတူ ရယူချင်စရာများနှင့်လည်း ပြည့်နှက်လျက် ရှိနေပါသည်။ ဒီရေတက်ခြင်း၊ မီးကြီး လောင်ခြင်း၊ လေမုန်တိုင်းကျခြင်း စသော ဩကာသလောက၏ ဘေး အန္တရာယ်များ၊ ရေဘေး၊ သစ်၊ ကျား၊ ဆင်ရိုင်းဘေး၊ မချစ်မနှစ်သက်သူဘေး စသော သတ္တဝါ လောက၏ ရန်ပြုမှုများနှင့် နာဖျား မကျန်းမမာ၊ အို နာ သေရ ဘေးဒုက္ခများ၏ နှိပ်စက်ကလူပြုမှုကို လူသားသည် အလူးအလဲ ခံနေရသည်သာ ဖြစ်၏။ ဤသို့ သော ဘဝဒုက္ခ အန္တရာယ်များ၏ လှုံ့ဆော်ဖန်တီးမှုကြောင့် လူသားသည် ကြောက် တတ်လာ၏။ ထိုဘေးဆိုး ဒုက္ခဆိုးတို့မှာ ကင်းငြိမ်းမှုကို လိုလားလာကြသည်။ ကိုးကွယ်ရာကို ရှာဖွေလာကြသည်။

ဤအချက်နှင့် ပတ်သက်၍–

ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိ စ။
အာရာမရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။[၃]

---

၁။ Fear ၂။ Reward ၃။ ဓမ္မပဒ ဂါထာ ၁၈၈

" ဘေးရန် အန္တရာယ်အမျိုးမျိုးကို စိုးရွံ့ထိတ်လန့်နေကြကုန်သော လူတို့သည် တောင်တို့ကိုလည်းကောင်း၊ တောတို့ကိုလည်းကောင်း၊ အာရာမ်တို့ကိုလည်းကောင်း၊ အဓိကရသစ်ပင် စသော ကိုးကွယ်ရာတို့ကို လည်းကောင်း ကိုးကွယ်ကြကုန်၏ " ဟု–

မြတ်ဗုဒ္ဓ ဟောကြားခဲ့၏။

ပင်လယ်သမုဒ္ဒရာတို့၌ အသက်မွေးမှု ပြုကြသူတို့သည် သမုဒ္ဒရာစောင့်နတ်များကို ကိုးစားကြသည့်နည်းတူ တောရပ်ဒေသ၌ လုပ်ကိုင်စားသောက်ကြသူတို့လည်း တောတောင်ဥယျာဉ် စသည်တို့ကို ပူဇော်ကြသည်။ ထို့ပြင် ကောက်ပင်စိုက်ပျိုးအောင်မြင်လိုမှုအတွက် မိုးနတ် စသည်တို့ကို ပ–သကြ၏။ သားဆုပန်ရန် တောစိုးသစ်ပင်ကြီးများ၌ ရှိမည်ထင်သော နတ်တို့ကို တင်မြှောက်ကြသည်။

ဤသည်တို့မှာ ထိုစဉ်က ကမ္ဘာ့လူသား အားလုံးလိုလိုနှင့် သက်ဆိုင်သော ကိုးကွယ်မှုများ ဖြစ်သည်။ ကိုးကွယ်မှုအစ၊ ကိုးကွယ်မှု၏ အဓိပ္ပာယ်ဟု ဖော်ပြအပ်ပါသည်။

**(၂) မကိုးကွယ်ရာနှင့် ကိုးကွယ်ရာ** ဗုဒ္ဓမြတ်စွာဘုရား ပွင့်ထွန်းတော်မူလာပြီးနောက် မကိုးကွယ်ရာနှင့် ကိုးကွယ်ရာကို ခွဲခြား၍ ဟောကြား ညွှန်ပြခဲ့ပါသည်။ မြတ်ဗုဒ္ဓ ဟောကြားမိန့်မှာခဲ့သည်မှာ–

နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏ မုတ္တမံ။
နေတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ[၁]။

" ဤ တော တောင် အာရာမ် အဓိကရသစ်ပင် စသော ကိုးကွယ်ရာ ဟူသမျှကို ကိုးကွယ်ခြင်းသည် ဘေးကင်းသော ကိုးကွယ်ခြင်း မဟုတ်၊ မြတ်သော ကိုးကွယ်ခြင်း မဟုတ်၊ ဤကိုးကွယ်ရာဟူသမျှကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှ မလွတ်မြောက်နိုင် "–

ဟူ၍ ဖြစ်ပါသည်။

ဤကဲ့သို့ ရှင်းလင်းထင်ရှားစွာ ဟောကြားခဲ့သည့် တရားတော်အရ မကိုးကွယ်ရာကို သိရှိနားကြားရပါသည်။

---

၁။ ဓမ္မပဒ ဂါထာ ၁၈၉။

ကိုးကွယ်ရာနှင့် ပတ်သက်၍လည်း မြတ်စွာဘုရားသည်–

ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။

ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ၊
အရိယံ စဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ[၁]။

အကြင်သူသည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ သံဃာတော်ကိုလည်းကောင်း ကိုးကွယ်ဆည်းကပ်၏။ ထိုသူသည် ဆင်းရဲအမှန် "ဒုက္ခသစ္စာ"၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန် "သမုဒယသစ္စာ"၊ ဆင်းရဲလွတ်မြောက်ရာအမှန် "နိရောဓသစ္စာ"၊ ဆင်းရဲငြိမ်းရာ " နိဗ္ဗာန် " သို့ ရောက်ကြောင်းအမှန် " အင်္ဂါရှစ်ပါး ရှိသော မြတ်သော မဂ္ဂသစ္စာ" ဤအရိယသစ္စာလေးပါးတို့ကို မင်္ဂပညာဖြင့် ကောင်းစွာ မြင်နိုင်၏–

ဟူ၍ အကျယ်တဝင့် ဟောကြားညွှန်ပြတော်မူခဲ့သည်။

(၃) **ကိုးကွယ်မှားအပြစ်၊ ကိုးကွယ်မှန်အကျိုး** မြတ်စွာဘုရားသည် မြတ်သောကိုးကွယ်ခြင်း မဟုတ်လျှင် မည်သို့မည်ပုံ အပြစ်ကျရောက်နိုင်ကြောင်း ဖော်ပြလတ္တံ့ပါ ဂါထာဖြင့် ဟောကြားမိန့်မှာခဲ့ပါသည်–

နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏမုတ္တမံ။
နေတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ[၂]။

" ဤတော တောင် အာရာမ် အစိကရသစ်ပင်စသော ကိုးကွယ်ရာဟူသမျှ ကို ကိုးကွယ်ခြင်းသည် ဘေးကင်းသော ကိုးကွယ်ခြင်းမဟုတ်၊ မြတ်သော ကိုးကွယ်ခြင်းမဟုတ်၊ ဤကိုးကွယ်ရာဟူသမျှကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှ မလွတ်မြောက်နိုင် "–

ဟူ၍ ဖြစ်ပါသည်။

---

၁။ ဓမ္မပဒ ဂါထာ ၁၉၀၊ ၁၉၁။ ၂။ ဓမ္မပဒ ဂါထာ ၁၈၉။

ထို့ကြောင့် လူတို့သည် ကိုးကွယ်မှုမှားလျှင် ဒုက္ခဝဋ်သိမ်း မကင်းငြိမ်းနိုင်ဘဲ သံသရာဝဲသြဃအတွင်း တဝဲလည်လည် ကျင်လည်ကျက်စား နေရမည်သာ ဖြစ်ပေသည်။

ကိုးကွယ်မှုမှန်လျှင် အကျိုးကျေးဇူးများစွာ ရရှိနိုင်ကြောင်းကိုလည်း ဗုဒ္ဓမြတ်စွာသည်–

ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏ မုတ္တမံ။
ဧတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ*။

ဤရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ဘေးမရှိသော ကိုးကွယ် ဆည်းကပ်ခြင်း မည်၏။ မြတ်သော ကိုးကွယ်ဆည်းကပ်ခြင်း မည်၏။ ဤရတနာသုံးပါးကို ကိုးကွယ်ခြင်းကြောင့် ဒုက္ခဝဋ်သိမ်းမှ လွတ်မြောက်၏–

ဟူ၍ ဟောကြား ညွှန်ပြတော်မူခဲ့ပါသည်။

ထို့ကြောင့် လူတို့သည် ကိုးကွယ်မှုမှန်လျှင် ဒုက္ခဝဋ်သိမ်း ကင်းငြိမ်းပြီး လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာများကို ရရှိနိုင်ရုံမျှမက မဂ်ဖိုလ်နိဗ္ဗာန်သို့တိုင် မျက်မှောက်ပြုနိုင်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

**မှတ်ချက်။ ။**

ဤအခန်းတွင် အမှတ်(၁)ကို နစ်ဖက်လုဦးကျော်လွင်၏ **သိပ္ပံခေတ်နှင့် ဗုဒ္ဓ၏အစိန်္တေယျတရား** (ဒုတိယအကြိမ်ရိုက်) စာအုပ် စာမျက်နှာ ၃၈–၃၉ကို တိုက်ရိုက် ကူးယူ ထည့်သွင်းထားပါသည်။ အမှတ်(၂)နှင့် (၃)ကို သုတ်သီလက္ခန် အဋ္ဌကထာ၊ သရဏဂမနကထာ နှင့် ဓမ္မပဒ ပါဠိတော်တို့မှ ရယူဖော်ပြပါသည်။

ထုတဘာထနစာကြည့်တိုက်
[illegible]ထေရှာဆော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ထဏ္ဍာဝအော၊ ရန်ကုန်
၂၅၁၅၀

# အခန်း(၄)

# သုံးပါးရတနာ နှင့် အနန္တငါးဖြာ

'ရတနာ' ၏အဓိပ္ပာယ်မှာ–

၁။ ဆန်းကြယ်ခြင်း
၂။ အတုမရှိခြင်း
၃။ အဖိုးတန်ခြင်း
၄။ တွေ့ကြုံရရှိဖို့ ခဲယဉ်းခြင်း(ဝါ)ရှားပါးခြင်း
၅။ မြတ်သောသူတို့၏ အသုံးအဆောင်ဖြစ်ခြင်း

ဟူ၍ဖြစ်၏။ ဘုရား၊ တရား၊ သံဃာတို့သည် ထိုဂုဏ်ရည်ငါးမျိုးနှင့် ပြည့်စုံသောကြောင့် 'ရတနာ' ဖြစ်ပေသည်။

**(က) ဗုဒ္ဓရတနာ** ဗုဒ္ဓဘာသာဝင်တစ်ဦးသည် ဗုဒ္ဓရတနာ၊ ဓမ္မရတနာနှင့် သံဃာရတနာ တည်းဟူသော ရတနာသုံးပါးကို ကိုးကွယ်ရမည် ဖြစ်ပါသည်။ သတ္တဝါတို့၏ ဘေးဒုက္ခကို ပယ်ဖျောက်ဖျက်ဆီးတတ်သောကြောင့် ဗုဒ္ဓ၊ ဓမ္မနှင့် သံဃာ တည်းဟူသော ရတနာသုံးပါးကို သရဏ ဟူ၍လည်း ခေါ်ဝေါ်ပါသည်။

မြတ်ဗုဒ္ဓကို ကိုးကွယ်ပူဇော်ရခြင်းမှာ ဗုဒ္ဓရှင်တော်ဘုရားသည် သတ္တဝါတို့ကို ကြီးပွားချမ်းသာကြောင်းနည်းလမ်း၌ ဖြစ်စေခြင်း၊ မကြီးပွား မချမ်းသာကြောင်း မကောင်းသောနည်းလမ်းမှ ဆုတ်နစ်စေခြင်းနှင့် အပြစ်ဒေါသ အလုံးစုံ ကင်းစင်၍ ဂုဏ်ကျေးဇူးအလုံးစုံနှင့် ပြည့်စုံစေခြင်းတို့ကြောင့်ပင် ဖြစ်သည်။

**(ခ) ဓမ္မရတနာ** ဓမ္မရတနာတည်းဟူသော ဘုရား၏ တရားတော်ကို ကိုးကွယ်ရခြင်းမှာ တရားတော်ကို ကျင့်ကြံလိုက်နာသူတို့ကို ဘဝသံသရာ ခရီးခဲမှ ထုတ်ဆွဲကယ်တင်ခြင်း၊ တရားကျင့်တုန်းအခိုက်နှင့် ကျင့်ပြီး နောက်ကာလတို့၌လည်း သက်သာမှုကို ပေးစေခြင်းဖြင့် သတ္တဝါတို့၏ ဘေးဒုက္ခကို ပယ်ဖျောက်ဖျက်ဆီးစေနိုင်ခြင်းကြောင့် ဖြစ်ပါသည်။

**(ဂ) သံဃာရတနာ** သံဃာတော်ကို ကိုးကွယ်ရခြင်းမှာ အနည်းငယ်မျှသော ကောင်းမှုကုသိုလ်တို့ကို ကြီးကျယ်ဖွံ့ဖြိုး အကျိုးများစေရန် ပြုခြင်းဖြင့် သံဃာတော်များသည် သတ္တဝါတို့၏ ဘေးဒုက္ခကို ပယ်ဖျောက်ဖျက်ဆီးနိုင်ခြင်းကြောင့် ဖြစ်ပါသည်။

ထိုရတနာသုံးပါးအား ကြည်ညိုလေးစား ကိုးကွယ်ဆည်းကပ်သောသူကို သရဏဂုံတည်သူ ဟု ခေါ်ပါသည်။ ထိုသူသည် ကောင်းမြတ်သော ဘဝသို့ ရောက်ရမည်ဖြစ်သည့်ပြင် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ အခြွေအရံ ပေါများခြင်း စသော အကျိုးများကို ရရှိမည် ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်တစ်ဦးသည် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ၊ ဆရာ၊ မိဘ တည်းဟူသော အနန္တောအနန္တ ငါးပါးကို တစ်ဂိုဏ်းတည်းထား၍ ပူဇော်ကိုးကွယ်ကြရသည်။

**(ဃ) အနန္တောအနန္တ ၅-ပါး**

(၁) ဗုဒ္ဓဂုဏော အနန္တော၊
(၂) ဓမ္မဂုဏော အနန္တော၊
(၃) သံဃဂုဏော အနန္တော၊
(၄) မာတာပိတုဂုဏော အနန္တော၊
(၅) အာစရိယဂုဏော အနန္တော။

- ဗုဒ္ဓဂုဏော - မြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးတော်သည်၊
  အနန္တော - အဆုံးမရှိ ကျယ်ဝန်းလှ၏။
- ဓမ္မဂုဏော - တရားတော်၏ ဂုဏ်တော်ကျေးဇူးတော်သည်၊
  အနန္တော - အဆုံးမရှိ ကျယ်ဝန်းလှ၏။
- သံဃဂုဏော - သံဃာတော်မြတ်၏ ဂုဏ်တော်ကျေးဇူးတော်သည်၊
  အနန္တော - အဆုံးမရှိ ကျယ်ဝန်းလှ၏။
- မာတာပိတုဂုဏော - အမိအဖတို့၏ ဂုဏ်တော်ကျေးဇူးတော်သည်၊
  အနန္တော - အဆုံးမရှိ ကျယ်ဝန်းလှ၏။
- အာစရိယဂုဏော - ဆရာသမားတို့၏ ဂုဏ်တော် ကျေးဇူးတော်သည်၊
  အနန္တော - အဆုံးမရှိ ကျယ်ဝန်းလှ၏။

ဘုရား၊ တရား၊ သံဃာ ရတနာ(၃)ပါးနှင့် မိဘ ဆရာသမားတို့၏ ဂုဏ်တော် ကျေးဇူးတော်တို့သည် အဆုံးမရှိ ကျယ်ဝန်းကြီးမား များပြားလှပေသည်။

**ဗုဒ္ဓဂုဏော အနန္တော** ဗုဒ္ဓမြတ်စွာသည် သံသရာဝဋ်ဆင်းရဲအတွင်း၌ ဒုက္ခမျိုးစုံနှင့် တွေ့ကြုံ ခံစားနေရသော၊ လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းကို ထိုသံသရာ ဝဋ်ဆင်းရဲအတွင်းမှ ထုတ်ဆောင်ကယ်တင်၍ ရာဂ ဒေါသ စသော တစ်ဆယ့်တစ်သီးသောမီးတို့၏ ငြိမ်းအေးရာဖြစ်သော၊ (သို့မဟုတ်) သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ရာ ဖြစ်သော နိဗ္ဗာန်သို့ ပို့ဆောင်ကယ်တင်တော်မူပေသည်။ ဤသို့ဗုဒ္ဓမြတ်စွာသည် သံသရာတွင် ကျင်လည်နေကြရသော သတ္တဝါအပေါင်းကို ဝဋ်ဆင်းရဲမှ ကယ်တင်၍ ချမ်းသာရာနိဗ္ဗာန်သို့ ပို့ဆောင် တတ်သောကြောင့် သတ္တဝါအားလုံးတို့၏ အတိုင်းမသိသော ကျေးဇူးရှင် ဖြစ်ပါသည်။

**ဓမ္မဂုဏော အနန္တော** သံသရာ၏ အရင်းအမြစ် ဖြစ်သော အဝိဇ္ဇာ (မောဟ) အမိုက်မှောင်နှင့် တဏှာ သံယောဇဉ်တို့သည် သတ္တဝါတို့ကို သံသရာ၌ နစ်မွန်းအောင်ပြုလုပ်လျက် ဖွဲ့နှောင်ထားကြသည်။ တရားတော်သည် မိမိတရားတော်ကို ကျင့်ကြံအားထုတ်သော သတ္တဝါတို့ကို ထိုသို့ အမိုက်မှောင်အတွင်း၌ နစ်မွန်းအောင် ပြုလုပ်တတ်သော အဝိဇ္ဇာနှင့် တဏှာတို့ကို ရှင်းလင်းသုတ်သင်လျက် လွတ်မြောက်အောင် ကယ်တင်ပေသည်။ ထို့ကြောင့် တရားတော်သည် သတ္တဝါ အားလုံးတို့အဖို့ ဆပ်၍ မကုန်နိုင်လောက်အောင် ကျေးဇူးများပါသည်။

**သံဃဂုဏော အနန္တော** အရိယာသံဃာတော်မြတ်သည် လောဘ၊ ဒေါသ စသော ကိလေသာတရားတို့ ကင်းရှင်း၍ မဂ်ဖိုလ် နိဗ္ဗာန်တည်း ဟူသောတရားတော်မြတ်တို့နှင့်သာ ပျော်မွေ့နေကြသဖြင့် သတ္တဝါများ၏ ကုသိုလ်မျိုးစေ့ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်ပေသည်။ ထိုသို့ အရိယာသံဃာတော်များကို ကိုးကွယ်ဆည်းကပ်လုပ်ကျွေးခြင်းဖြင့် ကုသိုလ်ကောင်းမှု များစွာဖြစ်ထွန်း၍ ကောင်းကျိုးချမ်းသာ ခံစားကြရသည်။ သို့ဖြစ်၍ အရိယာသံဃာတော်များသည် သတ္တဝါတို့၏ အတိုင်းမသိသော ကျေးဇူးရှင်များ ဖြစ်ပါသည်။ အရိယာနွယ်ဝင် ပုထုဇဉ်သံဃာတော်များသည်လည်း ဗုဒ္ဓရှင်တော်မြတ် ဟောကြား ထားရစ်ခဲ့သော တရားတော်များကို သတ္တဝါတို့အား လူ နတ် နိဗ္ဗာန် သုံးတန်ချမ်းသာကို လမ်းညွှန်သည့်အနေဖြင့် ဟောပြော ပြသကြသောကြောင့် သတ္တဝါများစွာတို့၏ အတိုင်းမသိသော ကျေးဇူးရှင်များပင် ဖြစ်ပါသည်။

**မာတာပိတုဂုဏော အနန္တော** မိခင်သည် ကလလရေကြည် တည်သည့် အချိန်မှ စ၍ သားသမီးအပေါ် ချစ်ခြင်းမေတ္တာဖြင့် သန္ဓေသားကို ယုယစွာ ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။ အချို အချဉ် အစပ် အခါး အစရှိသည့် မသင့်မြတ်သော အစားအစာများကို ရှောင်ကြဉ်ခဲ့ရသည်။ အချိန်စေ့၍ ဖွားမြင်လာသောအခါတွင်လည်း ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် အရွယ်မှ စ၍ လူလားမြောက်သည့်အရွယ်အထိ ပိုးမွေးသလို မွေးမြူခဲ့ရသည်။ ထို့အတူ ဖခင်အနေဖြင့်လည်း သားသမီး၏ ကျန်းမာပျော်ရွှင်ရေး၊ စားဝတ်နေရေး၊ ပညာရေး အစရှိသည့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ပေသည်။

မိဘနှစ်ဦးတို့သည် သားသမီးများ အရွယ်ရောက်လာသည့်အခါတွင်လည်း "မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ" ဟူသည်နှင့်အညီ မိဘတို့၏ ဝတ္တရားများကို ပြည့်စုံအောင် ဆောင်ရွက်ပေးကြရသည်။ ထို့ပြင် "လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဘ" ဆိုသည့်အတိုင်း သားသမီးတို့၏ လက်ဦးဆရာများလည်း ဖြစ်ကြပါသည်။ တစ်ဖန် မိဘတို့၏သားသမီးတို့အပေါ် ကျေးဇူးကြီးမားပုံမှာ စာဖွဲ့၍ မကုန်နိုင်လောက်အောင် များပြားလှသဖြင့် "မိဘကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးသိလျက် အဆပ်ခက်" ဟုပင် ဆိုရိုးပြုခဲ့ရသည်။ ကျွန်ုပ်တို့ မြတ်ဗုဒ္ဓကိုယ်တော်တိုင်ပင် အမိ၏ ကျေးဇူးကို ဆပ်ရာတွင် နို့တစ်လုံးဖိုးမျှသာ ကျေသည်ဟု ကျမ်းဂန်စကား မှာထားချက်များ ရှိပေသည်။ ဤသို့ဖြင့် မိဘတို့သည် သားသမီးတို့အပေါ် များစွာကျေးဇူးကြီးမားလှပေသည်။

**အာစရိယဂုဏော အနန္တော** တပည့်တို့၏ အကျိုးကျေးဇူးတို့ကို ကျင့်ဆောင်တတ်သောကြောင့် ဆရာဟု ခေါ်ဆိုရကြောင်း အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ ဆရာသည် တပည့်သားတို့အပေါ် မေတ္တာ စေတနာ အရင်းခံထား၍ မလိမ္မာ မယဉ်ကျေးသည်ကို လိမ္မာ ယဉ်ကျေးလာစေရန်လည်းကောင်း၊ မကောင်းသောအမှုကို ရှောင်ကြဉ်စေ၍ ကောင်းသောအမှုကို ပြုလုပ်စေရန်လည်းကောင်း ချီးသာစွာ ဆုံးမသွန်သင် ပြသကြသည်။ ထို့ပြင် "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ" ဟူသည်နှင့်အညီ ဆရာ့ကျင့်ဝတ်များကို ပြည့်စုံစွာ ဆောင်ရွက်ပေးကြပါသည်။ ဤသို့အားဖြင့် ဆရာတို့သည် တပည့်များ၏ အနန္တ ကျေးဇူးရှင်များ စာရင်းတွင် ပါဝင်ပါသည်။ ။

## အခန်း (၅)

# ဗုဒ္ဓဘာသာဝင် တစ်ယောက် ဖြစ်လာခြင်း

**စိတ်ထားမှန်ကန်ခြင်း** လူ့လောကတွင် စိတ်ထားဖြူစင် ဖြောင့်မတ် မှန်ကန်ရန် အရေးကြီးလှ၏။ စိတ်ထားဖြူစင် ဖြောင့်မတ်မှန်ကန်မှသာ ယုံကြည်မှု အားကောင်းသည်။

ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်းသည် တစ်စုံတစ်ယောက်သောသူကို ကြောက်ရွံ့သောကြောင့် ဆည်းကပ်ကိုးကွယ်ခြင်းမျိုး မဖြစ်စေရပါ။ တစ်စုံတစ်ယောက်သောသူက ခိုင်းစေသောကြောင့်လည်း မဖြစ်စေရပါ။ ပစ္စည်းလာဘ်လာဘ, အာဏာ, ပါဝါ စသည်တို့ကို ရယူလိုသောကြောင့် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းမျိုးလည်း မဖြစ်စေရပါ။

မိမိကိုယ်တိုင်က "ဘုရားအစစ် ဘုရားအမှန်, တရားအစစ် တရားအမှန်, သံဃာအစစ် သံဃာအမှန် တကယ်ဖြစ်သည်" ဟု ယုံကြည်သက်ဝင်သောကြောင့် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းမျိုးသာ ဖြစ်စေရပါမည်။

ဤသို့ စစ်မှန်သော ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပြီး တရားအစစ် အမှန်အကျင့်များကို လိုက်နာကျင့်သုံး ကြိုးစားအားထုတ်ပါက လက်ငင်းအားဖြင့် စိတ်ချမ်းသာမှု ကိုယ်ချမ်းသာမှု ရရှိပြီး၊ ဝဋ်ဆင်းရဲ အပေါင်းမှ ကေန်မုချ ကင်းလွတ်နိုင်သည်ဟု မိမိကိုယ်တိုင် မမိုတ်မသုန် ယုံကြည်သက်ဝင်သောကြောင့် ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ခြင်းမျိုး ဖြစ်စေရပါမည်။

**သရဏဂုံ သုံးပါး ပါဠိ**

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

၂။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

၃။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

**မှတ်ချက်။ ။** ဒုတိယမ္ပိပုဒ်ကို အသံထွက်အောင် နှုတ်မြွက်ရွတ်ဆိုရာ၌ ဒုတိယမ်ပိ–ဟု အသံထွက်အောင် ရွတ်ဆိုပါ။ ဒုတိယံမိ–ဟု အသံထွက်လျှင် မှားယွင်းသည်။ ထို့အတူ တတိယမ်ပိ–ဟု အသံထွက်အောင် ရွတ်ဆိုပါ။ တတိယမိ–ဟု အသံတွက်လျှင် မှားယွင်းသည်။

"အက္ခရာနစ်လုံး၊ ထပ်ဆင့်သုံး၊ ပေါ်လုံးရှေ့တွက် အသတ်တည်း။"

## သရဏဂုံ သုံးပါး အနက်

၁။ ဗုဒ္ဓံ = မြတ်စွာဘုရားကို။ သရဏံ = သရဏံဣတိ= ဆင်းရဲကို ပယ်ဖျောက်၍ ချမ်းသာသို့ရောက်အောင် ပို့ဆောင်ကယ်တင်တော်မူတတ်သောဘုရားမြတ်ဟူ၍။ ဂစ္ဆာမိ = ယုံကြည်သိမှတ် ဆည်းကပ်ပါ၏။

–ဓမ္မံ = မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် အမြတ်တရားဉီဆယ်ပါးကို။ သရဏံ = သရဏံဣတိ = ဆင်းရဲကို ပယ်ဖျောက်၍ ချမ်းသာသို့ရောက်အောင် ပို့ဆောင် ကယ်တင်တော်မူတတ်သော တရားမြတ်ဟူ၍။ ဂစ္ဆာမိ = ယုံကြည်သိမှတ် ဆည်းကပ်ပါ၏။

–သံဃံ = အရိယာရှစ်ဖြာ ပရမတ္ထသံဃာကို။ သရဏံ = သရဏံဣတိ = ဆင်းရဲကိုပယ်ဖျောက်၍ ချမ်းသာသို့ရောက်အောင် ပို့ဆောင် ကယ်တင်တော်မူတတ်သော သံဃာတော်မြတ်ဟူ၍။ ဂစ္ဆာမိ= ယုံကြည်သိမှတ် ဆည်းကပ်ပါ၏။

၂။ ဒုတိယမ္ပိ = နှစ်ကြိမ်မြောက်လည်း။ ဗုဒ္ဓံ =...... ကို။ သရဏံ = ......ဟူ၍။ ဂစ္ဆာမိ =......၏ စသည်ဖြင့် ကုန်ဆုံးအောင် အနက်ဆိုပါ။

၃။ တတိယမ္ပိ = သုံးကြိမ်မြောက်လည်း။ ဗုဒ္ဓံ =...... ကို။ သရဏံ = ......ဟူ၍။ ဂစ္ဆာမိ =......၏ စသည်ဖြင့် ကုန်ဆုံးအောင် အနက်ဆိုပါ။

**သရဏဂုံသုံးပါး ခံယူဆောက်တည်ပုံ** "သရဏဂမန" ဟူသော ပါဠိပုဒ်မှ ဂမနကို ဂုံသို့ ပြောင်း၍ သရဏဂုံဟု မြန်မာမှု ပြုထားခြင်း ဖြစ်၏။ ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာဟူ၍ မှိဝဲဆည်းကပ် သိမှတ်ခြင်းသည် သရဏဂုံ ဆောက်တည်ခြင်းဖြစ်၏။

"ဘုရား, တရား, သံဃာ ရတနာသုံးပါးသာလျှင် ကိုးကွယ်ရာ အစစ်အမှန် ဖြစ်၏"ဟု ယုံကြည်သိမှတ်လျက် ရိုသေလေးမြတ် ဆည်းကပ်လိုသော ကုသိုလ်စေတနာ (မဟာကုသိုလ်စိတ် စေတသိက် နာမ် ခန္ဓာအပေါင်း)ကို "သရဏဂုံ" ဟု ခေါ်၏။

ကိုးကွယ်မှုအားဖြင့်–

(၁) ဘုရားကိုးကွယ်မှု၊
(၂) တရားကိုးကွယ်မှု၊
(၃) သံဃာကိုးကွယ်မှု–

ဟူ၍ သုံးပါးရှိပါသည်။ ဤသုံးပါးကိုပင် "သရဏဂုံ သုံးပါး" ဟု ခေါ်ခြင်းဖြစ်၏။

မိမိသန္တာန်၌ ရတနာသုံးပါးကို ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်လိုသော စိတ် စေတနာ (မဟာကုသိုလ်စိတ် စေတသိက် နာမ် ခန္ဓာအပေါင်း) ဖြစ်နေကြောင်းကို ထင်ရှားပြဖို့ရာ ဝန်ခံကတိပေးသောအားဖြင့် (ခ) မှာ ဖော်ပြထားသည့်အတိုင်း "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသော ပါဠိစကားကို သုံးကြိမ်ပြည့်အောင် ရွတ်ဆိုခြင်းသည် သရဏဂုံဆောက်တည်ခြင်း ဖြစ်၏။ နှုတ်ဖြင့် ရွတ်ဆိုရမည်။ စိတ်ကူးရုံမျှဖြင့် ဆောက်တည်ရာ မရောက်။

လူဝတ်ကြောင်များအနေဖြင့် ပါဠိဘာသာ မဟုတ်သော်လည်း မိမိတို့ ကျွမ်းကျင်သော ဘာသာစကားဖြင့် "ဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။ တရားကို ကိုးကွယ်ဆည်းကပ်ပါ၏။ သံဃာတော်ကို ကိုးကွယ်ဆည်းကပ်ပါ၏" ဟူသော အဓိပ္ပာယ်သက်ဝင်အောင် လေးနက်ယုံကြည်စွာ သရဏဂုံဆောက်တည်နိုင်ပါသည်။

ဗုဒ္ဓဘာသာဝင်ဖြစ်သူသည် ရဟန်းတော် တစ်ပါးပါး၏ ရှေ့မျက်မှောက်တွင် ရိုသေစွာ ထိုင်ရှိခိုး၍ ဩကာသဖြင့် ကန်တော့ပြီးမှ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည်ဖြင့် ပီသစွာ ရွတ်ဆိုလျက် သရဏဂုံကို ဆောက်တည်ရမည်။ သုံးကြိမ်ပြည့်အောင် ပီသစွာ ရွတ်ဆို ဆောက်တည်ရမည်။

ရဟန်းသံဃာမရှိသော နေရာရောက်နေပါက ရုပ်ပွား, ဆင်းတု, စေတီတော်တို့၏ရှေ့တွင် ရှိသေစွာ ထိုင်ရှိခိုးလျက် ဩကာသဖြင့် ကန်တော့ပြီးမှ သရဏဂုံ ဆောက်တည်ရမည်။

"အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ "စသည်ဖြင့်လည်း ဆောက်တည်နိုင်သည်။ "အဇ္ဇတဂ္ဂေ ပါဏုပေတံ = ယနေ့မှစ၍ အသက်ဆုံးသည် တိုင်အောင်" ဟု အနက်ပေးပါ။

**သရဏဂုံတည်ခြင်း၏အကျိုး** သရဏဂုံ မဆောက်တည်ဘဲ သီလယူနိုင်သော်လည်း သရဏဂုံတည်ပြီးမှ ဆောက်တည် ကျင့်သုံးအပ်သော သီလသည်သာလျှင် ပိုမိုပြီး ကောင်းကျိုးကြီးမား မြင့်မြတ်သောကြောင့် ရှေးဦးစွာ သရဏဂုံ ဆောက်တည်ပြီးမှသာ ငါးပါးသီလ, ရှစ်ပါးသီလ စသည်ကို ဆောက်တည်ကြပါသည်။

**ဉာဏ်ယှဉ်, မယှဉ်** စေတီ, ပုထိုး, ရုပ်ပွား, ဆင်းတုတော်များကို တွေ့မြင်သောအခါနှင့် ရဟန်း သံဃာတော်များကို တွေ့မြင်သော အခါ မိဘတို့က "ရှိခိုးကြ၊ ဦးချကြ" ဟု ခိုင်းသောကြောင့် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သော ကလေးသူငယ်တို့၏မိရိုးဖလာသရဏဂုံသည် ဉာဏ်မယှဉ် (ဉာဏဝိပ္ပယုတ်ဖြစ်)သော သရဏဂုံ ဖြစ်သည်။ ဤသရဏဂုံသည်လည်း ကောင်းကျိုး ရနိုင်၏။

ဘုရား, တရား, သံဃာ ရတနာသုံးပါး၏ ဂုဏ်တော်များကို မဖောက်မပြန် မှန်ကန်စွာ ပါဠိအနက်အဓိပ္ပာယ် ထင်မြင်၍ သုဂတိဘဝအဆင့်ဆင့်နှင့် နိဗ္ဗာန် တိုင်အောင် ကောင်းကျိုးရနိုင်သည်ဟု ယုံကြည်သက်ဝင်လျက် ရတနာသုံးပါးတို့ကို ကိုးကွယ်ဆည်းကပ်သူတို့၏ သရဏဂုံသည် ဉာဏ်နှင့်ယှဉ် (ဉာဏသမ္ပယုတ်ဖြစ်) သော သရဏဂုံ ဖြစ်၏။

သရဏဂုံ၏ ကောင်းကျိုးအာနိသင်ကား လူ့ဘဝ, နတ်ဘဝ၏ ပြည့်စုံခြင်း လူစည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာ့စည်းစိမ် ချမ်းသာများနှင့် ပြည့်စုံသည့်အပြင် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တိုင်အောင် ကောင်းကျိုးပေးနိုင်သည်။

**တိသရဏဂမနိယထေရ်** တိသရဏဂမနိယထေရ် အလောင်းသည် ဝိပဿီဘုရား လက်ထက် ဗန္ဓုမတီမြို့၌ မျက်မမြင်မိဘနှစ်ပါးကို လုပ်ကျွေးမွေးမြူနေ၏။ ထိုခေတ်က လူ့သက်တမ်းသည် အနှစ်တစ်သိန်းရှည်၏။

ဝိပဿီမြတ်စွာဘုရား၏ လက်ယာရံအဂ္ဂသာဝက "နိသဘ" မထေရ်၏ထံတွင် တိဿရဏာဂမနိယထေရ်အလောင်း လုလင်သည် သရဏဂုံဆောက်တည်၍ အနှစ်တစ်သိန်းကာလပတ်လုံး မညှိုးနွမ်း မပျက်စီးအောင် စောင့်ထိန်း၏။ သေသောအခါ ထိုသရဏဂုံကောင်းမှုဖြင့်ပင် တာဝတိံသာနတ်ပြည်မှာ နတ်သားဖြစ်၏။

ထိုသရဏဂုံကောင်းမှုကြောင့်ပင် တိဿရဏာဂမနိယ ထေရ်အလောင်း နတ်သား သည် အပူဇော်ခံရခြင်း၊ ခပ်သိမ်းသောနတ်တို့ မိမိအလိုသို့ လိုက်ရခြင်း၊ မနှိုင်းယှဉ် နိုင်သော စည်းစိမ်ကိုရခြင်း၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိခြင်း၊ အဆွေခင်ပွန်းတို့ (အနှောင့်အယှက်ပေးရန်) မလှုပ်ရှားနိုင်ခြင်း၊ ကျေးဇူးသတင်း ကျော်စောခြင်း၊ အကြိမ် (၈၀) သိကြားမင်းဖြစ်ရခြင်း၊ (၇၅)ကြိမ် စကြဝတေးမင်း ဖြစ်ရခြင်း၊ မရေမတွက်နိုင်အောင် ပဒေသရာဇ်မင်းဖြစ်ရခြင်း ကောင်းကျိုး အာနိသင်တို့ကို ရရှိပြီးနောက် ယခုဂေါတမဘုရားရှင် ပွင့်ထွန်းတော်မူသောအါ သာဝတ္ထိပြည်၌ အလွန်ချမ်းသာကြွယ်ဝသောအမျိုး၌ လူလာဖြစ်၏။

(၇)နှစ်အရွယ်မျှ ရှိသေးသော တိဿရဏာဂမနိယထေရ်အလောင်း သူငယ် ကလေးသည် ကစားဖော်များနှင့်အတူ သံဃာ့အာရာမ်သို့ သွား၏။ ရဟန္တာတစ်ပါး က သူငယ်အား တရားဟော၍ သရဏဂုံ ဆောက်တည်စေ၏။ သူငယ်ကလေး သည် ရှေးရှေးဘဝက မိမိစောင့်ထိန်းခဲ့ဖူးသော သရဏဂုံကို အောက်မေ့ ဆင်ခြင်၍ ဝိပဿနာကို တွင်တွင်ကြီး ပွားများပြီး အားထုတ်လိုက်သောအခါ တစ်နေရာ တစ်ထိုင်တည်းမှာပင် အရဟတ္တဖိုလ်သို့ ရောက်သွား၏။

၇–နှစ်သားအရွယ်မှာပင် ဘုရားရှင်က ရဟန်းပြုပေး၍ "ရဟန္တာသခင် တိဿရဏာဂမနိယထေရ်အရှင်" ဟု သာသနာတော်တွင် ထင်ရှားကျော်စောတော်မူခဲ့ သည်။ (ထေရာပဒါန်၊ သုတ္တပိဋက)။

**ဘီလူးဘေးမှလွတ်သော သူငယ်** ရာဇဂြိုဟ်မြို့ကြီး၌ သမ္မာဒိဋ္ဌိအယူရှိသူ၏ သားနှင့် မိစ္ဆာဒိဋ္ဌိအယူရှိသူ၏သား သူငယ်ချင်း နှစ်ယောက်တို့သည် ခုံညင်းကစားကြရာ သမ္မာဒိဋ္ဌိသူငယ်က "နမော ဗုဒ္ဓဿ" ဟု ဆို၍ ခုံညင်းပစ်၏။ အမြဲတမ်း နိုင်၏။ ထိုအခါ မိစ္ဆာဒိဋ္ဌိသူငယ်က ဤသူ သည် "နမော ဗုဒ္ဓဿ"ဟု ဆို၍ ကစားလျှင် အမြဲနိုင်သည်ဟု မှတ်သား၍ သူလည်း "နမော ဗုဒ္ဓဿ" ရအောင် လေ့ကျက်သင်ကြားထား၏။

တစ်နေ့တွင် မိစ္ဆာဒိဋ္ဌိသူငယ်၏ဖခင် တောသို့ထင်းခုတ်သွားရာ သားငယ် ကိုပါ ခေါ်သွား၏။ ထင်းခုတ်ပြီးပြန်အလာ မြို့ပြင်သုသာန်အနီးတွင် ရေမိုးကောင်း၍

လှည်းဖြုတ် ထမင်းစား အပန်းဖြေ၏။ ဖြေလွှတ်ထားသော နွားတို့သည် ညနေတွင် မြို့တွင်းဝင်သည့် နွားများနှင့်အတူ ရောဝင်လိုက်ပါသွားကြ၏။

ဖခင်သည် နွားပျောက်ရာရင်း သူ့နွားများ မြို့တွင်းသို့ ရောပါသွားသည်ဟု သတင်းရ၍ မြို့တွင်းသို့ သွားရောက်ရှာဖွေ တွေ့ရှိသော နွားတို့ကို ဆွဲယူပြီး ပြန်လာရာ မြို့တံခါးပိတ်ထားပြီဖြစ်သောကြောင့် မြို့ပြင်သို့ ထွက်ခွင့်မရတော့ပေ။

သားငယ်သည် တစ်ယောက်ထီးတည်း သုသာန်၏အနီးဝယ် ညဥ့်အမှောင်ရောက်လျှင် လှည်းအောက်သို့ ဝင်ရောက်အိပ်ပျော်သွား၏။

ညဥ့်နက်လျှင် အစာရှာ ဘီလူးနှစ်ဦးတို့သည် အိပ်ပျော်နေသော သူငယ်ကို တွေ့၏။

သမ္မာဒိဋ္ဌိဘီလူးက တားမြစ်ပါသော်လည်း မရဘဲ မိစ္ဆာဒိဋ္ဌိဘီလူးက စားဖို့ရန် သူငယ်၏ခြေကို ကိုင်၍ဆွဲယူ၏။ ထိုအခါ သူငယ်သည် သင်ကြားထားပြီးသော လေ့ကျက်မှုအရ "နမော ဗုဒ္ဓဿ" ဟု ယောင်ယမ်းရွတ်ဆိုလိုက်၏။

ထိုအခါ မိစ္ဆာဒိဋ္ဌိဘီလူးကို သမ္မာဒိဋ္ဌိဘီလူးက "ငါရှိပါလျက် သင်သည် မပြုထိုက်သော အလုပ်ကို ပြုလုပ်၏။ သင်သည် သူငယ်အတွက် ဒဏ်ဆောင်ရမည်" ဟု ဆို၏။ ဘီလူးနှစ်ဦး တစ်ညလုံး သူငယ်ကို စောင့်ရှောက်လျက် နေကြရ၏။ သူငယ် ထမင်းမစားရသေးသည်ကို သိ၍ မိစ္ဆာဒိဋ္ဌိဘီလူးသည် မြို့သို့ဝင်၍ ရှင်ဘုရင် စားသော ရွှေခွက်ကို ထမင်းအပြည့် ထည့်ယူလာ၏။ ဘီလူးနှစ်ဦးသည် မိဘနှစ်ပါးယောင်ဆောင်၍ သူငယ်ကို ကျွေးရ၏။

နံနက်လင်းသောအခါ မင်းကြီး၏ရွှေခွက်ပျောက်၍ မြို့တံခါးပိတ်ပြီး ရှာ၏။ မတွေ့။

မြို့ပြင်သို့ ထွက်ရှာရာ ထင်းလှည်းပေါ်မှာ ရွှေခွက်ကို တွေ့၏။ သူငယ်ကို ဖမ်းဆီး၍ မင်းကြီးထံ အပ်၏။

စစ်မေးသောအခါ မိဘတို့လာကျွေး၍ စားရသည်ဟု သူငယ်က ဖြေဆို၏။ မိဘတို့ကို စစ်မေးသောအခါ မြို့ထဲမှာပင် ညက သူတို့ရှိနေကြောင်းကို သက်သေပြနိုင်ကြ၏။

မင်းကြီးသည် သားအမိသားအဖ သုံးယောက်လုံးကို ခေါ်၍ ဘုရားထံ သွား၏။

“ဗုဒ္ဓါနုဿတိ(ဘုရားကိုသတိရခြင်း)သည် အကာအကွယ် ဖြစ်နိုင်ပါ သလား ဘုရား” ဟု ဗိမ္ဗိသာရမင်းကြီးက ဘုရားရှင်အား မေးမြန်းလျှောက်ထား သောအခါ ဘုရားရှင်က–

> “ဗုဒ္ဓါနုဿတိသာလျှင် အစောင့်အရှောက် ဖြစ်နိုင်သည်မဟုတ်၊ လူ့ခန္ဓာကိုယ်တွင် ခြောက်ဌာနလုံခြုံအောင် စိတ်ကို ကောင်းစွာ ပွားများအပ်သောသူတို့အား အခြားသော အကာအကွယ် မန္တန်ဆေးဝါး ဆောင်စရာ မလိုတော့ပြီ” ဟု–

ဟောကြားတော်မူပါသည်။

(ဓမ္မပဒ။ ပကိဏ္ဏကဝဂ်၊ ထင်းခုတ်သမားသားအဖဝတ္ထု)။

**မှတ်ချက်။** ။

> ဤ၌ “ နမော ဗုဒ္ဓဿ ” ဟု ရွတ်ဆိုခြင်းသည် “ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ” ဟု တိုက်ရိုက်မဆိုသော်လည်း ဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ အလိုအလျောက် သက်ရောက် အကျုံးဝင်သွားသည်ဟု သဘောပေါက်နားလည်ရမည်။

# အခန်း(၆)

## သရဏဂုံ ပျက်၊ မပျက် စိစစ်ချက်

ဗုဒ္ဓဘာသာဘဝ ဆုံးရှုံးပျက်စီးခြင်းသည် ကိုးကွယ်မှုပျက်စီးခြင်းနှင့် ယုံကြည်မှု ပျက်စီးခြင်းဟု နှစ်မျိုးရှိ၏။ သရဏဂုံပျက်လျှင် ကိုးကွယ်မှုပျက်သည်။ ယုံကြည်မှု ပျက်လျှင် သမ္မာဒိဋ္ဌိအမြင်မှန်ပျက်သည်။ မိစ္ဆာဒိဋ္ဌိဖြစ်၏။

**သရဏဂုံ ပျက်စီးခြင်း** ဘုရား တရား သံဃာ ရတနာသုံးပါးသည် ကိုးကွယ်အားထားရာဖြစ်သောကြောင့် "သရဏ" ဖြစ်၍ ထို 'သရဏ' အပေါ်တွင် ယုံမှားတွေဝေမှုမရှိဘဲ ကြည်ညိုလေးမြတ် ဆည်းကပ်ကိုးကွယ်သော သဒ္ဓါ၊ ပညာ စသည့် ကုသိုလ်စိတ်များသည် "သရဏဂုံ" ဖြစ်ကြောင်း ရှေ့တွင် ဖော်ပြပြီး ဖြစ်ပါသည်။

ယင်း "သရဏဂုံ" သည် "လောကီသရဏဂုံ"၊ "လောကုတ္တရာသရဏဂုံ" ဟူ၍ အခြေခံအမျိုးအစားအားဖြင့် (၂)မျိုး ရှိသည်။ လောကုတ္တရာသရဏဂုံဆိုသည်မှာ အရိယာပုဂ္ဂိုလ်တို့အဖို့ သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်ခိုက်ခဏမှာပင် ရတနာသုံးပါးအပေါ်၌ တွေဝေယုံမှားမှု၊ မယုံကြည်မှုများ ကင်းပြတ်ပြီးဖြစ်သဖြင့် အထူးဆောက်တည်ရန် မလိုတော့ချေ။ အလိုလို သရဏဂုံတည်ပြီး ဖြစ်၏။

လောကီသရဏဂုံမှုကား ဖော်ပြလတ္တံ့ပါအတိုင်း (၄)မျိုးရှိ၏ –

(၁) မိမိကိုယ်ကို ရတနာသုံးပါးအား အပ်နှင်းခြင်း (အတ္တသန္နိယျာတန သရဏဂုံ)၊

(၂) မိမိကိုယ်ကို ရတနာသုံးပါးသာလျှင် ကိုးကွယ်လဲလျောင်းရာ ရှိသည်၏ အဖြစ်ကို ပြုခြင်း (ဝါ) ရတနာသုံးပါးအပေါ် လုံးဝ အားကိုးထားခြင်း (တပ္ပရာယဏတာသရဏဂုံ)၊

(၃) မိမိကိုယ်ကို ရတနာသုံးပါး၏ တပည့်အဖြစ် ခံယူခြင်း (သိဿ ဘာဝူပဂမနသရဏဂုံ)၊

(၄) ရတနာသုံးပါးအား ဝပ်တွားခယ **မိမိကိုယ်ကို နှိမ့်ချ၍** အလွန်ရိုသေသော အခြင်းအရာကို ပြသခြင်း **(ပါဏိပါတသရဏဂုံ)**။

အမှတ်စဉ်(၄) ဖြစ်သော "ပါဏိပါတ သရဏဂုံ" တွင်-

(၁) သာကီဝင်မင်းမျိုးတို့က ဘုရားရှင်အား **ဆွေမျိုးအဖြစ်** မှတ်ယူ၍ ရှိခိုးခြင်း၊ ခရီးဦးကြိုခြင်း၊ လက်အုပ်ချီခြင်း၊ **အရိုအသေပြုခြင်းမျိုး** သည် သရဏဂုံ ဆောက်တည်ရာ မရောက်။

(၂) **အကြောက်တရားကိုအခြေခံ၍** ရှိခိုးခြင်း၊ ခရီးဦးကြိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်းသည် သရဏဂုံ တည်ရာမရောက်။

(၃) ဘုရားရှင်အား လောကီလမ်းညွှန် အဆုံးအမစကားကို နာယူရသောကြောင့် **ဆရာအဖြစ်မှတ်ယူ၍** ခရီးဦးကြိုခြင်း စသည်ကို ပြုလုပ်ခြင်းသည် သရဏဂုံ တည်ရာမရောက်။

(၄) **သီလ၊ သမာဓိ၊ ပညာဂုဏ်** စသည်တို့ကို ရည်မှတ်၍ ခရီးဦးကြိုပြုခြင်း၊ ရှိခိုးခြင်း၊ လက်အုပ်ချီခြင်း စသည်တို့ကို ပြုလျှင် "ဒက္ခိဏေယျ ပါဏိ ပါတ" ဖြစ်၍ သရဏဂုံတည်သည်။

ထို့ကြောင့် ဆွေမျိုးဉာတိအမှတ်ဖြင့်သော်လည်းကောင်း၊ ကြောက်၍သော်လည်းကောင်း၊ အတတ်ပညာသင်ပေးသူ **ဆရာအဖြစ်** မှတ်ယူ၍သော်လည်းကောင်း မည်သူ့ကိုမဆို ရှိခိုးမှု၊ ခရီးဦးကြိုမှု စသည်ကိုပြုလျှင် ဆောက်တည်ထားသော သရဏဂုံ ပျက်ယွင်းခြင်း မရှိချေ။

**မှတ်ချက်။** ။ ဘုရား, တရား, သံဃာကို မပစ်ပယ်ဘဲ လာဘ်လာဘရွှင်စေလို၍ နတ်ကို ပူဇော်ပသခြင်း၊ နတ်ဖမ်းစားမည်ကို စိုးရိမ်၍ ရိုးရာ တင်မြှောက်ခြင်းတို့သည် သရဏဂုံမပျက်ပေ၊

သို့ရာတွင် ရတနာသုံးပါးမှ တစ်ပါးသော ပုဂ္ဂိုလ်တို့၌ သီလ၊ သမာဓိ၊ ပညာဂုဏ်ကြီးမြတ်မှုကို ရည်မှတ်လျက် အထက်တွင် ဖော်ပြခဲ့သည့် လောကီသရဏဂုံ ဆောက်တည်ပုံ (၄)မျိုးကို ပြုလုပ်လျှင်သော်လည်းကောင်း၊ သရဏဂုံဆောက်တည်ထားသူ သေဆုံးလျှင်သော်လည်းကောင်း သရဏဂုံ လုံးဝပျက်စီးသည်။

**မှတ်ချက်။** ။ ဘုရားကိုပစ်ပယ်ပြီး နတ်ကိုဖြစ်စေ၊ တခြားသောဘုရားအလောင်း (တရုတ်အန်းကုန်း)စသည်ကိုဖြစ်စေ ကိုးကွယ်ရာဟူ၍ ဆည်းကပ်မှုကား သရဏဂုံ ပျက်သည်။

ရတနာသုံးပါး ဂုဏ်တော်များ၌ မသိနားမလည်ခြင်း၊ ရတနာသုံးပါးအပေါ် တွေဝေခြင်း၊ မှားယွင်းစွာ ယူဆခြင်း၊ မရှိမသေ မလေးမစားပြုခြင်းတို့ကြောင့် ဆောက်တည်ထားသောသရဏဂုံ ညစ်နွမ်းသည်။ သို့ဖြစ်၍ သရဏဂုံညစ်နွမ်းခြင်း၊ ပျက်စီးခြင်းမရှိအောင် သတိဆောင်ကြရာသည်။

## အယူဝါဒပျက်စီးခြင်း

ဗုဒ္ဓဘာသာဝင်သည်-

(၁) ဘုရား၊
(၂) တရား၊
(၃) သံဃာ၊
(၄) ကံ၊ ကံ၏အကျိုး၊
(၅) အကြောင်းနှင့် အကျိုး ဆက်သွယ်ဖြစ်မှု (ပဋိစ္စသမုပ္ပါဒ်)၊
(၆) အတိတ်ဘဝ, အနာဂတ်ဘဝ-

တို့ကို ယုံကြည်ရသည်။

ဤ၌ ကံဟူသည် ကုသိုလ်ကံ (ကောင်းသောအလုပ်)နှင့် အကုသိုလ်ကံ (မကောင်းသောအလုပ်)ပင် ဖြစ်သည်။ လောက၌ မည်သူမဆို ကောင်းတာလုပ်လျှင် ကောင်းကျိုးကို ခံစားရ၏။ မကောင်းတာလုပ်လျှင် မကောင်းကျိုးကို ခံစားရ၏။ မိမိပြုလုပ်သော ကံသည် မိမိ၏ ကိုယ်ပိုင်ဥစ္စာ (ကမ္မဿကာ) မည်ပါသည်။ မိမိပြုလုပ်သော ကံအရ ဆိုးမွေ, ကောင်းမွေ (ကမ္မဒါယာဒ)ကို ခံယူရမည် ဖြစ်၏။ ဤသို့စသည်ဖြင့် ယုံကြည်လက်ခံခြင်းကို "ကမ္မဿကတာသမ္မာဒိဋ္ဌိ" ဟု ခေါ်ပါသည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးသည် ထိုသို့ လက်ခံယုံကြည်နေက အမှန်ကို လက်ခံယုံကြည်ခြင်း ဖြစ်၍ အယူဝါဒ မပျက်မစီး တည်နေသည် မည်သည်။

ဤကဲ့သို့ ဘုရား, တရား စသည်တို့ကို မယုံကြည်တော့ဘဲ အောက်ပါတို့ကို လက်ခံ ယုံကြည်ပါက ဗုဒ္ဓဘာသာဝင်အဖြစ် ပျက်စီးရုံမျှမက အယူမှန်ဝါဒမှန်လည်း ပျက်စီးသည်၊ မိစ္ဆာဒိဋ္ဌိဖြစ်သည် ဟူလို။

အယူဝါဒအမှန်ကို ပျက်စီးစေနိုင်သော အယူမှား(မိစ္ဆာဒိဋ္ဌိ)တို့မှာ အောက်ပါအတိုင်း ဖြစ်၏-

(၁) လောက၌ ဖန်ဆင်းရှင် ရှိ၏။ မြေကြီး၊ ဟိမဝန္တာတောင်၊ စကြဝဠာ၊ မဟာသမုဒ္ဒရာတို့နှင့် သတ္တဝါအားလုံးကို ထိုဖန်ဆင်းရှင်က ဖန်ဆင်း

၏ဟု မှားယွင်းစွာ ယူဆတတ်ကြသည်။ ယင်းသို့ ယူဆသောဝါဒ ကို "ဖန်ဆင်းရှင် (ဣဿရနိမ္မာန) ဝါဒ" ဟု ခေါ်ပါသည်။

(၂) လောက၌ ကုသိုလ်ကံ, အကုသိုလ်ကံ ဟူ၍ မရှိ။ ကောင်းမှုကို ပြုသော်လည်း ကောင်းမှုကုသိုလ် မမည်။ မကောင်းမှုကို ပြု သော်လည်း မကောင်းမှု အကုသိုလ် မမည်ဟု ယူဆတတ်ကြသည်။ ယင်းသို့ ယူဆခြင်းသည် အကြောင်းကံကို ပယ်ခြင်းဖြစ်၍ "အကိရိယဒိဋ္ဌိ" ဟု ခေါ်ပါသည်။

(၃) တစ်ဖန် ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အကျိုးတရားဟူ၍ မရှိ။ ကုသိုလ်ကံ, အကုသိုလ်ကံတို့ကို ပြုလုပ်သော်လည်း မည်သည့် ကောင်းကျိုး, မကောင်းကျိုးကိုမျှ မခံစားရဟု ယူဆတတ်ကြသည်။ ယင်းသို့ ယူဆခြင်းသည် အကျိုး(ဝိပါက)ကို ပယ်ခြင်းဖြစ်၍ "နတ္ထိကဒိဋ္ဌိ" ဟု ခေါ်ပါသည်။

(၄) ထို့ပြင် ကုသိုလ်ကံ, အကုသိုလ်ကံ ဟူ၍လည်း မရှိ။ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အကျိုးဟူ၍လည်း မရှိဟု ယူဆတတ်ကြ ပြန်သည်။ ယင်းသို့ ယူဆခြင်းသည် အကြောင်း, အကျိုး နှစ်မျိုးလုံး ကို ပယ်ခြင်း ဖြစ်၍ "အဟေတုကဒိဋ္ဌိ"ဟု ခေါ်ပါသည်။

ဤသို့ စသည်ဖြင့် အယူမှား (မိစ္ဆာဒိဋ္ဌိ) တစ်မျိုးမျိုးကို လက်ခံယုံကြည် လိုက်လျှင် ထိုသူ၏ မူလက ရှိနေသော အယူမှန်ဝါဒ(သမ္မာဒိဋ္ဌိ)သည် ပျက်စီးလေ တော့သည်။

**မှတ်ချက်။ ။**

အထက်ပါအချက်အလက်များကို နှစ်ဖက်လှ **တဏှာသိုလ်တရား** များ စာမျက်နှာ ၂၂၈ မှ၂၃၁ အထိ ပြုပြင်ထည့်သွင်းထားပါသည်။

## အခန်း(၇)

## ဗုဒ္ဓဘာသာအိမ်တိုင်း၌ ရုပ်ပွားဆင်းတု ထားရှိကိုးကွယ်ခြင်းအကျိုး

**(က) မျက်နှာတော် ငြိမ်းအေးခြင်း** မြတ်ဗုဒ္ဓ၏ ရုပ်တု၊ ရုပ်ပွားတော်၊ ဆင်းတုတော်များတွင် ထူးခြားသည့် ဝိသေသလက္ခဏာနှင့် အရည်အချင်းများ ရှိ၏။ မည်သည့် ရုပ်ပုံ, ရုပ်တုနှင့်မျှ မတူသော ထူးခြားချက်များ ဖြစ်သည်။ ၎င်းထူးခြားချက်မှာ မြတ်စွာဘုရား၏ပုံတော်၌ ငြိမ်းအေးမှု ပေါ်နေခြင်းပင် ဖြစ်ပါသည်။ မြတ်စွာဘုရားသည် ကိလေသာဆယ်ပါးလုံးဝကင်းပြီး အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ နိဗ္ဗာန်ကို အာရုံပြုနေသူ ဖြစ်သဖြင့် အတွင်းရေး ငြိမ်းအေးနေ၏။ အတွင်းစိတ် ငြိမ်းအေး၍ ကိုယ်တော်မြတ်၏ မျက်နှာတော်သည် မည်သည့်ရုပ်တု, ဆင်းတုနှင့်မျှ မတူအောင် ထူးခြားနေရခြင်း ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာ၊ ရှစ်ဆယ်သော လက္ခဏာစသည့် ပြင်ပ ရုပ်ပိုင်းဆိုင်ရာ ညီညွတ်မှုများအပြင် နှလုံးတော်မြတ်ရှိ မြတ်စွာဘုရား၏ တရားဓမ္မအအေးဓာတ်ကြီး၊ ဓမ္မဓာတ်ကြီးကို မျက်နှာတော်ပေါ်တွင် ထင်ရှားစွာ ဖူးတွေ့ရပါသည်။

မန္တလေး မဟာမြတ်မုနိဘုရားကြီးကို ဂရုတစိုက် လေ့လာကြည့်လျှင် ကိုယ်တော်မြတ်၏ ထူးခြားသည့် မျက်နှာတော် ငြိမ်းအေးမှုများ တွေ့ရှိရပါမည်။ ကိုယ်တော်မြတ်၏ မျက်နှာတော်မှာ ဓမ္မဓာတ်၊ နိဗ္ဗာနဓာတ်၊ ငြိမ်းအေးမှုဓာတ် ပြည့်ဝစွာ လွှမ်းမိုးနေပြီး သမာပတ်ဝင်စား၍ အလွန်တရာ ငြိမ်းအေးနေပုံကို ဖူးတွေ့ရပါမည်။

**(ခ) ရုပ်ပွားဆင်းတု အနေကဇာတင်ခြင်း** ဗုဒ္ဓဘာသာအိမ်တိုင်းတွင် ဗုဒ္ဓ၏ရုပ်ပွားဆင်းတုများကို ကိုးကွယ် ပူဇော်ကြပါသည်။ မြတ်စွာဘုရားစင်ကို အိမ်ဦးခန်းမှာသာ အမြင့်အမြတ်ထားရပါသည်။ လှေကားအောက် စသည်မှာ မထားရ၊ အနိမ့်မှာ မထားရ၊ မြေညီမှာ မထားရ။ အမြင့်အမြတ်နေရာမပေးနိုင်လျှင် မထားသည်က ကောင်းပါသည်။

ယုတ်နိမ့်သော နေရာ၌ ဘုရားထားလျှင် နေ့စဉ် ငရဲကြီးနေ၏။ ဘေးဥပဒ်ကျရောက်ပါ လိမ့်မည်။ မြတ်ဗုဒ္ဓ၏ရုပ်ပွား ဆင်းတုများကို ထားရှိပြီး ပူဇော်နည်း၊ ရှိခိုးနည်းများ စနစ်တကျ ရှိရပါမည်။ အိမ်တစ်အိမ်တွင် မြတ်ဗုဒ္ဓ၏ ရုပ်တုကို ပင့်ယူပူဇော်ပြီ ဆိုသည်နှင့် တစ်ပြိုင်နက် ရှေးဦးစွာ ရုပ်တုတော်ကို အနေကဇာတင်ရမည် ဖြစ်ပါ သည်။ အနေကဇာတင်ခြင်းဆိုသည့် ဝေါဟာရမှာ ဘုန်းကြီးများ ရွတ်သည့်စကားမှ ရသည့် ဝေါဟာရဖြစ်သည်။

–အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

–ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

ဤကား မြတ်စွာဘုရား ဘုရားဖြစ်ဖြစ်ချင်း စိတ်တော်ဖြင့် ကျူးရင့်တော် မူသည့် ဥဒါန်းစကားတော်ပင် ဖြစ်ပါသည်။ ဆိုလိုရင်းမှာ–

"ငါ၏ ဘဝခန္ဓာအမျိုးမျိုးကို တည်ဆောက်လာသော ဟယ်–တဏှာ လက်သမား–ငါသည် သင့်ကို အမှန်တကယ်မသိခဲ့သောကြောင့် သင့်ကို ရှာဖွေရင်း ဘဝများစွာ သံသရာပတ်လုံး တပြောင်းပြန်ပြန် ကျင်လည်ပြေးသွားခဲ့ရတယ်။ ယခုမှ ငါသည် သင့်ကို တွေ့ပြီ။ ဤအချိန်က စပြီး သင်သည် ငါ့အတွက် ဘဝ ခန္ဓာအသစ် ထပ်မံဖြစ်အောင် လုပ်ခွင့်ရတော့မည် မဟုတ်။ ငါသည် သင့်ခန္ဓာအိမ်ရဲ့ အခြင်ရနယ်တွေ ကိုလဲ ဖျက်ချလိုက်ပြီ။ အမိုးအစွန်းအထွတ်ကိုလဲ လှဲလိုက်ပြီ။ ယခု ငါ့စိတ်သည် သင်၏နယ်ပယ်မှ လုံးဝကင်းလွတ်သော နိဗ္ဗာန်ကို မြင်နေပြီ။ ငါရဲ့စိတ်သည် သင်တဏှာရဲ့နယ်မှ လွတ်ပြီ ကျွတ်ပြီ"–

ဟူ၍ အဓိပ္ပာယ်ရပါသည်။ ဤကဲ့သို့ အနေကဇာတင်ပြီးသည်နှင့် အသက်ရှိသော မြတ်စွာဘုရားကဲ့သို့ သဘောထားရပါမည်။

မြတ်ဗုဒ္ဓ၏ ရုပ်တုကို အနေကဇာတင်ပြီးနောက် ပူဇော်ကိုးကွယ်လျှင် ဂုဏ်တော်ကိုးပါးကို လေးစားသည့်စိတ်နှင့် ဆွမ်းတော်ပွဲကို စနစ်တကျ ကပ်လှူ ပူဇော်ရပါမည်။ ထို့အတူ ပန်း၊ ရေချမ်း၊ ဆီမီးကိုလည်း ဤကဲ့သို့ပင် ကပ်လှူ ပူဇော်ရပါမည်။ ထိုသို့ ကပ်လှူပူဇော်ရာတွင် မြတ်စွာဘုရားအား မိမိတို့၏ စားဦး

စားဖျားများ ကပ်လှူပူဇော်ခြင်းကို မြတ်စွာဘုရားထံ စိတ်ရောက်ပြီး လှူဒါန်းနေခြင်းဟု မှတ်ယူထားရပါမည်။ မြတ်စွာဘုရားအား ဆွမ်းတော်ပွဲကပ်ပြီး၍ ပြန်စွန့်လာသည့်အခါ စေတနာပြတ်သားစွာဖြင့် သတ်သတ်မှတ်မှတ် လှူဒါန်းထားခြင်း ဖြစ်သောကြောင့် လူများစားရန် မသင့်ဟု မှတ်ယူရပါမည်[၁]။

**(ဂ) သက်ရှိဘုရား သဘောထား** မြတ်စွာဘုရား၏ ရုပ်ပွားဆင်းတုတော်ကို ပူဇော်ရှိခိုးကြသည့် သူများမှာ "သက်တော်ထင်ရှား မြတ်စွာဘုရားပါတကား" ဟု ဂုဏ်တော်ကိုးပါးကို စိတ်ရောက်ပြီးကြသူများ ဖြစ်ကြပါသည်။ ဤကဲ့သို့ ပူဇော်ကိုးကွယ်ကြမည်ဆိုလျှင် "သမေ စိတ္တေ သမံ ဖလံ" ဆိုသည့် ဘုရားဟောပါဠိတော်အရ အကျိုးထူးများ ရရှိနိုင်ပါသည်။

"စိတ္တေ = မိမိ၏စိတ်သည်။ သမေ = သက်တော်ထင်ရှား မြတ်စွာဘုရားနဲ့ ရုပ်တုဆင်းတုတော်နဲ့ အညီအမျှ ထားနိုင်သည်ရှိသော်။ သမံ ဖလံ = ဘုရားအစစ်ကို ပူဇော်ရသကဲ့သို့ အကျိုးတရား အတူတူပင် ရရှိနိုင်ပါသည်"။

ထို့ကြောင့် ရုပ်ပွားဆင်းတု ကိုးကွယ်ကြသူများ၏ စိတ်သည် အချုပ်ဖြစ်သည်။ မိမိစိတ်သည် ထက်လျှင် မိမိအား အကျိုးပေးထက်မည်သာ ဖြစ်ပေသည်။

မိမိတို့၏ နေအိမ်များအသီးသီးတွင် ရုပ်ပွားဆင်းတု ကိုးကွယ်ထားပြီးသည်နှင့် လိုက်နာရမည့် စည်းကမ်းများ ရှိပါသည်။ ဘုရားစင်ကို သီးခြားစင်မြင့်နှင့်ကိုးကွယ်ထားရမည်။ စင်ကို ပိတ်လိုက်ကာ၊ သို့မဟုတ် ဇာလိုက်ကာဖြင့် ကန့်လန့်ကာရမည်။ မိမိအာရုံပြု ပူဇော်လိုသည့်အချိန်တွင် ဘုရားစင်လိုက်ကာ ဆွဲဖွင့်၍ ပူဇော်ကိုးကွယ်ရပါသည်။

ဘုရားစင်ရှေ့ ဒူးထောင် ပေါင်ကား မနေရပေ။ မြတ်ဗုဒ္ဓကို အဂါရဝဖြစ်အောင် ပြုလုပ်နေထိုင်ကြလျှင် အပြစ် ဖြစ်ပါသည်။ အပြောအဆို ယဉ်ကျေးသိမ်မွေ့ရပါမည်။ ဘုရားစင် ရှေ့ထားပြီး ဆဲဆိုခြင်း၊ ရန်ဖြစ်ခြင်းများ မပြုလုပ်ရပါ။ အမင်္ဂလာစကားများ မပြောဆိုမိခြင်းသည် အဓိကဖြစ်သည်။

**ဘုရားစင်ထားရှိသည့် အကျိုးကိုးပါး** မိမိတို့အိမ်တွင် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များကို ဘုရားစင်နှင့် ကိုးကွယ်ထားခြင်းအားဖြင့် ဖော်ပြလတ္တံ့ပါအကျိုးကျေးဇူး(၉)မျိုးကို ရရှိပါသည်-

၁။ နှစ်ဖက်လှ - တက္ကသိုလ်တရားများ - နှာ - ၁၉၃

(၁) ဘုရားစင်ရှိသည့်အတွက် ဘုရားကို မြင်နေရခြင်း၊ ဘုရား ဝေယျာဝစ္စ ပြုနေရခြင်း၊ ဘုရားကို ကိုင်းညွတ်သည့်စိတ်ဖြင့် မမေ့ခြင်းနှင့် ဘုရား တရားနှင့် ကင်းကွာမနေခြင်းပင် ဖြစ်သည်။

(၂) မြတ်စွာဘုရားကို ဖူးတွေ့ရခြင်းဖြင့် ဗုဒ္ဓဘာသာအပေါ် ပို၍ ယုံကြည်မှု လေးနက်လာသည်။

(၃) အိမ်တွင် ဘုရားစင်ရှိလျှင် စနစ်တကျ ဆည်းကပ် ကိုးကွယ်မှု ပြုခြင်းဖြင့် သတိမြဲခြင်းနှင့် ပညာဉာဏ် ထက်မြက်ခြင်းများ ရှိလာသည်။

(၄) ကုသိုလ်တရားများ တိုးပွားလာသည်။

(၅) စိတ်ညစ်ညူးမှု ရှိလာလျှင် ဘုရားစင် ဘုရားရှင်ရှေ့တော်သို့ သွားပြီး ဘုရားပန်းလဲခြင်း၊ မြတ်စွာဘုရားကို အသေအချာကြည့် အာရုံပြုလိုက် ခြင်းဖြင့် စိတ်ညစ်ညူးမှုများ ပပျောက်လာသည်။ အမှားအယွင်းများ မပြုလုပ်မိတော့ဘဲ ရပ်တန်းမှ ရပ်ပြီး စိတ်ကြည်နူးမှု ချက်ချင်းရရှိလာပါသည်။

(၆) အိမ်တွင် ဘုရားစင်ရှိသဖြင့် နာနာဘာဝ ဝိနာဘာဝများ၏ အနှောင့်အယှက်များမှ ကင်းပြီး မကြောက်မရွံ့ နေနိုင်ပါသည်။

(၇) ဆင်းရဲဒုက္ခကို သည်းခံလာနိုင်သည်။

(၈) ဘုရားစင်ကို ပိုးမျှင် ဖုန်များ ကင်းစင်အောင် လှည်းကျင်း သုတ်သင်ပြီး ကျကျနန ထားလျှင် အိမ်ကျက်သရေ၊ လူ့ကျက်သရေ တက်ပြီး ဂုဏ်သိက္ခာများ တက်ပါမည်။

(၉) ဘုရားစင်ရှိသဖြင့် မြတ်စွာဘုရားနှင့် အတူပေါင်းသင်း နေရသကဲ့သို့ ဖြစ်ပြီး သူတစ်ပါး၏ ချီးမြှောက်ပူဇော်မှုကို ခံယူရရှိနိုင်ပါသည်။

**မှတ်ချက်။ ။**

ဤအခန်းတွင် ပါရှိသော အကြောင်းအားလုံးသည် စာရေးဆရာ နှစ်ဖက်လှ ဦးကျော်လွင်၏ **'နှစ်ဖက်လှ တက္ကသိုလ်တရားများ'** စာအုပ် စာမျက်နှာ ၁၈၈မှ ၂၀၈ အထိတို့မှ စကားသုံးပြင်ပြီး ကူးထည့်ထားခြင်း ဖြစ်ပါသည်။

# အခန်း(၈)

# ဗုဒ္ဓဘာသာတစ်ယောက် ယုံကြည်လက်ခံရမည့်အချက်များ

**ရတနာသုံးပါးကို ယုံကြည်ခြင်း** လူတစ်ဦးတစ်ယောက်သည် ဗုဒ္ဓဘာသာနှင့် စပ်လျဉ်း၍ ယုံကြည်ရမည့် အချက်များကို ယုံကြည်ပါမှ ဗုဒ္ဓဘာသာ တစ်ယောက် ဖြစ်နိုင်၏။ ထို့ကြောင့် ဗုဒ္ဓဘာဝင် ဖြစ်လိုသူများ အတွက် ယုံကြည်ရမည့် အချက်များမှ လိုရင်းအချက်မျှကို ရွေးနုတ် ဖော်ပြပါမည်။

ဗုဒ္ဓဘာသာဝင်တစ်ယောက်သည် ရတနာသုံးပါး၊ ကံနှင့် ကံ၏ အကျိုးတရား၊ မျက်မှောက်လောကနှင့် တမလွန်လောက စသည်တို့ကို ယုံကြည်ရပေမည်။

ဗုဒ္ဓဘာသာဝင်တစ်ယောက်သည် ရတနာသုံးပါးကို ယုံကြည်ရန် အရေးကြီးလှ ၏။ "ဘုရားအစစ် ဟုတ်သတဲ့လား၊ တရားကကော မှန်သတဲ့လား" စသည် ဖြင့် သံသယမပွားသင့်ပေ၊ ရတနာသုံးပါးတွင် ဂုဏ်တော်များ အသီးသီးရှိ၏။ ယင်းဂုဏ်တော်တို့ကို ဆင်ခြင် သိမြင်၍ ရတနာသုံးပါးကို သံသယကင်းစွာ ယုံကြည်ရမည် ဖြစ်သည်။ ရတနာသုံးပါး ဂုဏ်တော်များကို အကျဉ်းမျှ ဖော်ပြ လိုက်ပါသည်။

**ဘုရားဂုဏ်တော်** မြတ်စွာဘုရား၌ ဂုဏ်တော်ကိုးပါးရှိ၏။ ယင်းဂုဏ်တော်တို့မှာ အောက်ပါတို့ပင် ဖြစ်သည်-

(၁) ကိလေသာမှ ဝေးကွာခြင်း၊ ကိလေသာရန်သူကို သတ်တတ်ခြင်း၊ သံသရာလည်ပတ်ခြင်းကို ဖျက်ဆီးတတ်ခြင်း၊ အပူဇော်ခံထိုက်ခြင်း၊ ဆိတ်ကွယ်ရာ၌ မကောင်းမှုကို မပြုခြင်း (အရဟံ) ဂုဏ်တော်၊

(၂) တရားအားလုံးကို ဆရာမရှိဘဲ ပါရမီစွမ်းအားကြောင့် မိမိ အလိုလို မှန်ကန်စွာ သိတော်မူခြင်း (သမ္မာသမ္ဗုဒ္ဓ) ဂုဏ်တော်၊

(၃) အသိဉာဏ် (ဝိဇ္ဇာ)၊ အကျင့်တရား (စရဏ) တို့နှင့် ပြည့်စုံခြင်း (ဝိဇ္ဇာစရဏသမ္ပန္န) ဂုဏ်တော်၊

(၄) နိဗ္ဗာန်သို့ ကောင်းစွာ သွားတတ်ခြင်း၊ ကောင်းစွာ ဟောပြောတတ်ခြင်း (သုဂတ) ဂုဏ်တော်၊

(၅) သတ္တဝါ(သတ္တလောက), သတ္တဝါတို့၏ တည်နေရာ (ဩကာသလောက) အရာအားလုံးတို့၏ ဖြစ်ပျက်မှု (သင်္ခါရလောက)၊ ဤလောကအကြောင်းကို သိခြင်း (လောကဝိဒူ) ဂုဏ်တော်၊

(၆) မယဉ်ကျေးသူ၊ ဆုံးမထိုက်သူတို့ကို ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမတတ်ခြင်း (အနုတ္တရော ပုရိသဒမ္မသာရထိ) ဂုဏ်တော်၊

(၇) နတ်လူအားလုံးတို့၏ ဆရာဖြစ်ခြင်း (သတ္ထာ ဒေဝမနုဿာနံ) ဂုဏ်တော်

(၈) အမှန်(သစ္စာ) တရားလေးပါးကို သိခြင်း (ဗုဒ္ဓ) ဂုဏ်တော်၊

(၉) ဘုန်းအမျိုးမျိုးရှိခြင်း (ဘဂဝါ) ဂုဏ်တော်။

မြတ်စွာဘုရားသည် ဤဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူပေသည်။ ထို့ပြင် အခြားဂုဏ်တော်များလည်း မြတ်စွာဘုရားတွင် ရှိနေပေသေးသည်။ ဝီရိယ ကောင်းခြင်း၊ ရိုးဖြောင့်ခြင်းစသော သာမန်ဂုဏ်များသည် မြတ်စွာဘုရားအတွက် အသေးအဖွဲ ပမာဏ မပြုလောက် မပြောပလောက်သည့် ဂုဏ်မျှသာ ဖြစ်သည်။

**တရားဂုဏ်တော်** ထို့ပြင် တရားတော်၏ဂုဏ်များ ရှိသေး၏။ အောက်ပါတို့ ဖြစ်သည်-

(၁) မြတ်စွာဘုရားက ကောင်းစွာ ဟောကြားထားခြင်း(သွာက္ခာတ) ဂုဏ်တော်၊

(၂) ကျင့်ကြံသူအတွက် မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ရှုမြင်နိုင်သည့် စွမ်းအားရှိခြင်း (သန္ဒိဋ္ဌိက) ဂုဏ်တော်၊

(၃) ရှုပွားနေသော ယောဂီအတွက် မဂ်ပြီးလျှင် ဖိုလ်တရားသည် အချိန်မဆိုင်း ဘဲ ဖြစ်ပေါ်နိုင်ခြင်း (အကာလိက) ဂုဏ်တော်၊

(၄) "လာလော့၊ လက်တွေ့ ကျင့်ကြည့်လော့" ဟု တရားတော်နှင့် ပတ်သက်၍ ရဲရဲဝံ့ဝံ့ ဖိတ်ခေါ်ခံနိုင်ခြင်း (ဧဟိပဿိက) ဂုဏ်တော်၊

(၅) မိမိသန္တာန်၌ အစဉ်အမြဲကပ်၍ ဆောင်ထားသင့်ခြင်း (ဩပနေယျိက) ဂုဏ်တော်၊

(၆) မဂ်, ဖိုလ်, နိဗ္ဗာန်တရားအရသာကို အရိယာသူတော်ကောင်းတို့သည် အသီးသီး လက်တွေ့ခံစားနိုင်ခြင်း (ပစ္စတ္တံဝေဒိတဗ္ဗ) ဂုဏ်တော်။

**သံဃာဂုဏ်တော်** ထို့ပြင် သံဃာတော်၏ဂုဏ်တော်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(၁) ကောင်းသောအကျင့် ရှိခြင်း (သုပ္ပဋိပန္န) ဂုဏ်တော်၊

(၂) ဖြောင့်မတ်စွာ ကျင့်ကြံခြင်း (ဥဇုပ္ပဋိပန္န) ဂုဏ်တော်၊

(၃) နိဗ္ဗာန်ရောက်ရေးအတွက် ကျင့်ခြင်း (ဉာယပ္ပဋိပန္န) ဂုဏ်တော်၊

(၄) လောကုတ္တရာ တရားနှင့်အညီ ကျင့်ခြင်း (သာမီစိပ္ပဋိပန္န) ဂုဏ်တော်၊

(၅) အဝေးက ဆောင်ယူလာသည့်ပစ္စည်းကိုပင် ခံယူထိုက်ခြင်း (အာဟုနေယျ) ဂုဏ်တော်၊

(၆) ဧည့်သည်အတွက် ဒေထူးစီမံထားသော ပစ္စည်းကိုပင် အလှူခံထိုက်ခြင်း (ပါဟုနေယျ) ဂုဏ်တော်၊

(၇) ကောင်းမွန်မြင့်မြတ်သော အလှူကို ခံယူထိုက်ခြင်း (ဒက္ခိဏေယျ) ဂုဏ်တော်၊

(၈) လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံထိုက်ခြင်း (အဉ္ဇလိကရဏီယ) ဂုဏ်တော်၊

(၉) လူအပေါင်းတို့၏ ဒါနမျိုးစေ့ကို စိုက်ပျိုးရာ လယ်မြေကောင်းပမာ ဖြစ်ခြင်း (အနုတ္တရံ ပုညက္ခေတ္တံ လောကဿ) ဂုဏ်တော်။

ဗုဒ္ဓဘာသာဝင်တစ်ဦးသည် ဤသို့သော ရတနာသုံးပါး ဂုဏ်တော်များကို သိမြင်ပြီး ရတနာသုံးပါးကို မြတ်နိုးအားကိုးဖွယ်အဖြစ် ယုံကြည်ရမည်ဖြစ်သည်။

**အခြားယုံကြည်ရမည့် အချက်များ** ထို့ပြင် ဗုဒ္ဓဘာသာဝင်တစ်ယောက် သည် ကုသိုလ်ကံ, အကုသိုလ်ကံနှင့် ယင်းကံတို့၏ ကောင်းကျိုး, ဆိုးကျိုးကိုလည်းကောင်း၊ ပစ္စုပ္ပန်လောကနှင့် တမလွန်လောကကိုလည်းကောင်း ယုံကြည်ရဦးမည်ဖြစ်သည်။ ယင်းတို့ကို မယုံကြည်ဘဲ "ဤဘဝ

နှင့် ဤဘဝ ပြုပြုသမျှ ကုသိုလ် အကုသိုလ်များသည် သေလျှင်ပြတ်၏။ နောက်ဘဝအတွက် အကျိုးဆက်မရှိ” ဟု လက်ခံယုံကြည်မှုကို “ကင်းပြတ်ဝါဒ” (ဥစ္ဆေဒဒိဋ္ဌိ) ဟုခေါ်ပါသည်။ အယူမှား(မိစ္ဆာဒိဋ္ဌိ)တစ်မျိုးပင် ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် ကုသိုလ်ကံ, အကုသိုလ်ကံနှင့် ယင်းကံတို့၏ အကျိုး၊ ဤလောကနှင့် တမလွန်လောကကို ယုံကြည်ရမည်ဟု ဆိုခြင်းဖြစ်သည်။

**သမ္မာဒိဋ္ဌိ (အမြင်မှန်) ဆယ်ချက်** ထို့ပြင် ဗုဒ္ဓဘာသာဝင်တစ်ယောက်သည် အမြင်မှန်ဆယ်ချက် (ဒသဝတ္ထုက သမ္မာဒိဋ္ဌိ) ကိုလည်း လက်ခံ ယုံကြည်ရပေဦးမည်။ အမြင်မှန် ဆယ်ချက်သည် အောက်ပါအတိုင်းဖြစ်၏ –

(၁) အလှူဒါနပြုလျှင် ကောင်းကျိုးကို ခံစားရ၏ဟု ယုံကြည်ခြင်း၊

(၂) ပူဇော်မှု၏ အကျိုးရှိကြောင်း ယုံကြည်ခြင်း၊

(၃) လက်ဆောင်ပေးကမ်းပူဇော်မှု (ပဟေဏကသက္ကာရ)၏ အကျိုးရှိကြောင်း ယုံကြည်ခြင်း၊

(၄) ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ ကောင်းကျိုး, ဆိုးကျိုး, အကျိုးရင်း, အကျိုးဆက်ရှိကြောင်း ယုံကြည်ခြင်း၊

(၅) မိခင်အပေါ် ပြုစုလုပ်ကျွေးခြင်း၏ ကောင်းကျိုးနှင့် ပြစ်မှားခြင်း၏ ဆိုးကျိုးရှိကြောင်း ယုံကြည်ခြင်း၊

(၆) ဖခင်အပေါ် ပြုစုလုပ်ကျွေးခြင်း၏ ကောင်းကျိုးနှင့် ပြစ်မှားခြင်း၏ ဆိုးကျိုးရှိကြောင်း ယုံကြည်ခြင်း၊

(၇) လူတို့မမြင်နိုင်သည့် ငရဲ, ပြိတ္တာ, နတ် သိကြား, ဗြဟ္မာဟူသော (ဩပပါတိက) သတ္တဝါတို့ရှိကြောင်း ယုံကြည်ခြင်း၊

(၈) ဤမျက်မှောက်လောကရှိကြောင်း ယုံကြည်ခြင်း၊

(၉) သေပြီး နောက်ဘဝ တမလွန်လောကရှိကြောင်း ယုံကြည်ခြင်း၊

(၁၀) ဤလောက၌ ငြိမ်သက်ကောင်းမွန်စွာ ကျင့်ကြသော သမဏ, ဗြာဟ္မဏတို့ရှိကြကြောင်း၊ ယင်းတို့က ဤလောကက, တမလွန်လောကကို ကိုယ်တိုင်သိမြင်၍ လူများကို ပြန်လည်ဟောပြကြကြောင်း ယုံကြည်ခြင်း၊

ဤအချက် ဆယ်ချက်တို့ကို ယုံကြည်ခြင်းသည် မှန်ကန်သော ယုံကြည်ချက်ပင် ဖြစ်သည်။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်တစ်ယောက်သည် ဖော်ပြပါ ရတနာသုံးတန်, ကံ, ကံ၏အကျိုး စသောအချက်တို့ကို သံသယကင်းစွာ ယုံကြည်ကြရမည် ဖြစ်ပါသည်။

**မှတ်ချက်။ ။**

ဤအခန်းတွင် ဖော်ပြထားသောဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ် အချက်အလက်တို့ကို နှစ်ဖက်လှဦးကျော်လွင်၏ **'အလင်းပြပရိတ်ကြီး'** စာမျက်နှာ (၃၀၀)ဂုဏ်တော်ဖွင့် အခန်းမှ အကျဉ်းချုပ်ထုတ်နုတ်ဖော်ပြထားပါသည်။ သမ္မာ ဒိဋ္ဌိဆယ်ချက်ကိုမူ အရှင်ဇနကာဘိဝံသ၏ သင်္ဂြိုဟ်ဘာသာဋီကာ(ဝီထိမုတ်အပိုင်း) စာမျက်နှာ ၃၉၀ မှ ကောက်နုတ်ဖော်ပြထားပါသည်။

# အခန်း (၉)

## ရတနာသုံးပါး ကိုးကွယ်ခြင်း၏ အကျိုးကျေးဇူးများ

**ရတနာ သုံးပါး** "ရတနာ"ဟူသည်ကား နီလာ၊ စိန်၊ ကြောင်မျက်ရွဲ၊ ပတ္တမြား၊ မြ၊ ဂေါ်မုတ်၊ ဥဿဖရား၊ သန္တာ၊ ပုလဲ စသည့် နဝရတ် ကိုးသွယ်၊ ရတနာကိုးပါး ဖြစ်ပေသည်။ အဆိုပါ ကျောက်မျက်များသည် တန်ဖိုး ကြီးမား ရှားပါးသဖြင့် လူသားတို့ကို နှစ်သက်လိုလားစေတတ်သောကြောင့် ရတနာ ဟူသောအမည်ကို ရရှိထားခြင်း ဖြစ်ပါသည်။ ဤသည်ကား လောကီရတနာ ဖြစ်ပါသည်။

ဘုရား တရားနှင့် သံဃာတို့သည်လည်း ကြည်ညို ကိုးကွယ်သူတို့၏ နှစ်သက်မှုကို ဖြစ်စေတတ်သောကြောင့် "ရတနာ"မည်ပါသည်။ ဤသည်ကား လောကုတ္တရာရတနာ ဖြစ်ပါသည်။

**ဘုရားကျေးဇူး** ဘုရားဂုဏ်တော်ဟူသည်မှာ အခြားမဟုတ်၊ ထိုမြတ်စွာ ဘုရား၌ တည်ရှိသော လောကီ၊ လောကုတ္တရာတရား ဓမ္မ အနှစ်သာရ များနှင့် ၎င်းတရားတော်၏ သတ္တိစွမ်းပကားများပင် ဖြစ်ပါသည်။

ဂုဏ်တော်ကိုးပါးတို့တွင် အရဟံဂုဏ်တော်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်၊ ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်တော်၊ လောကဝိဒူဂုဏ်တော် ဟူသော ဂုဏ်တော်လေးပါး တို့သည် မြတ်စွာဘုရား၌ပြည့်စုံသောကျေးဇူးတော်ကို ပြသပါသည်။ ဝါသနာနှင့် တကွ တစ်ထောင့်ငါးရာ ကိလေသာတို့မှ သန့်ရှင်းပြီး ဖြစ်ခြင်း၊ သိရမည့် တရားအားလုံးကို ကိုယ်တိုင် အမှန်အတိုင်း သိပြီးဖြစ်ခြင်း၊ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတရား တစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူခြင်း၊ ဤအချက်တို့သည် မြတ်စွာဘုရားကို သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားဖြစ်ကြောင်း သိသာစေသည့် အချက်များ ဖြစ်ပါသည်။

ထို့ပြင် သုဂတဂုဏ်တော်၊ ဗုဒ္ဓဂုဏ်တော်၊ ဘဂဝါဂုဏ်တော်တို့မှ အချို့သော အချက်များဖြင့် မြတ်စွာဘုရား၏ ဘုရားဂုဏ်နှင့် ပြည့်စုံပုံကို ဖော်ပြပါသေးသည်။ နိဗ္ဗာန်သို့သာ ကြွသွားတော်မူခြင်း၊ အရေးကြီးလှသော သစ္စာလေးပါးကို မှချဆတ်ဆတ်သိခြင်း၊ ဓမ္မဘုန်းတော်၊ သိရီဘုန်းတော်၊ ပယတ္တဘုန်းတော် စသည်နှင့် ပြည့်စုံခြင်းမှာလည်း မြတ်စွာဘုရား၌ ရှိသော ဂုဏ်အရည်အချင်းများပင် ဖြစ်ပါသည်။

အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်၊ သတ္ထာ ဒေဝမနုဿာနံဂုဏ်တော် နှစ်ပါးသည် မြတ်စွာဘုရားအနေဖြင့် ပရဟိတဆောင်ရွက်တော်မူခဲ့ပုံကို သိရပါသည်။ ကမ္ဘာလောကကြီးအတွင်းရှိ လူကြမ်း၊ နတ်ကြမ်း၊ ဗြဟ္မာကြမ်းတို့ကို အနုနည်းဖြင့် ဆုံးမပြီး နိဗ္ဗာန်ချမ်းသာကို ရစေခြင်း၊ လူ့ကမ္ဘာ နတ်ကမ္ဘာရှိ လူအပေါင်း နတ်အပေါင်းတို့အား အတုမရှိ အကျိုးပြုသော ဆရာတစ်ဆူအနေဖြင့် အရာရာ၌ ကြီးပွားတိုးတက်အောင် အဆုံးအမပေးတော်မူခြင်းများသည် စင်စစ် ပရဟိတ ဆောင်ရွက်မှုများပင် ဖြစ်လေသည်။

ထိုမှတစ်ပါးသုဂတ၊ ဗုဒ္ဓနှင့်ဘဂဝါဂုဏ်တော်မှ အချို့သောအချက်များအရလည်း မြတ်စွာဘုရားအနေဖြင့် ပရဟိတ ဆောင်ရွက်တော်မူပုံကို သိရပါသည်။ စကား ခြောက်ခွန်းအနက် သတ္တဝါတို့အား အကျိုးဖြစ်ထွန်းစေမည့် စကားနှစ်ခွန်းကို မြွက်ကြားတော်မူခြင်း၊ သစ္စာလေးပါးကို မိမိသိသကဲ့သို့ ဝေနေယျသတ္တဝါများ သိရှိစေရန် ဟောကြားဆုံးမနည်းပြတော်မူခြင်း၊ ယသဘုန်းတော် ကာမဘုန်းတော် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့မှာ ပရဟိတအတွက် ဖြစ်လေသည်။

တစ်နည်းအားဖြင့် ဆိုသော် မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်း ကာလပတ်လုံး ဆင်းရဲမှုအနန္တကို ခံယူတော်မူပြီး ပါရမီဆယ်ပါး[၁], စွန့်ခြင်းကြီးငါးပါး[၂], စရိယသုံးပါး[၃] တို့ကို ဖြည့်ဆည်းတော်မူ၍ သဗ္ဗညုဘုရား စင်စစ်ဖြစ်တော်မူလာသောအခါ မိမိကိုယ်တိုင် ကိလေသာအာသဝေါတို့မှ ကင်းဝေးစေရန် တရား ဟောကြားတော်မူလေသည်။ မိမိကိုယ်တော်တိုင် မဖောက်မပြန် အမှန်အတိုင်း သိသင့်သိအပ်သော တရားအားလုံးကို ထိုးထွင်းသိမြင်တော်မူသည့် နည်းတူ လူ နတ် ဗြဟ္မာတို့အားလည်း သိစေတော်မူသည်။

---

၁။ (၁) ဒါနပါရမီ၊ (၂) သီလပါရမီ၊ (၃) နေက္ခမ္မပါရမီ၊ (၄) ပညာပါရမီ၊ (၅) ဝီရိယပါရမီ၊ (၆) ခန္တီပါရမီ၊ (၇) သစ္စာပါရမီ၊ (၈) အဓိဋ္ဌာန်ပါရမီ၊ (၉) မေတ္တာပါရမီ၊ (၁၀) ဥပေက္ခာပါရမီ

၂။ ဓန၊ ပုတ္တ၊ ဘရိယ၊ ဇီဝိတ၊ အင်္ဂ။

၃။ (၁) လောကတ္ထစရိယ၊ (၂) ဉာတတ္ထစရိယ၊ (၃) ဗုဒ္ဓတ္ထစရိယ။

မိမိကိုယ်တော်တိုင် အို နာ သေဘေးကင်းရာ နိဗ္ဗာန်သို့ ဖြောင့်မတ်စွာ ကြွသွားတော်မူသည့်နည်းတူ သတ္တဝါတို့အားလည်း နောက်တော်က ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်ပါကြစေရန် တိုက်တွန်းနှိုးဆော်တော်မူလေသည်။

မိမိကိုယ်တော်တိုင် လောကရေးရာဟူသမျှကို နက်ရှိုင်းစွာ တတ်သိနားလည် တော်မူသည့်နည်းတူ လောကအကြောင်းကို လေ့လာလိုက်စားကြသည့် ပညာရှင် အဆက်ဆက်တို့အတွက် လောက၏အကြောင်းအရာများကို လည်းကောင်း၊ ထိုလောကမှ ထွက်ရပ်လမ်းကိုလည်းကောင်း ပြသခဲ့လေသည်။

မြတ်စွာဘုရားသည် ဆုံးမထိုက်သူမှန်သမျှကို ခြွင်းချန်မထားဘဲ လိမ္မာ ယဉ်ကျေးအောင် ဆုံးမတော်မူခဲ့လေသည်။ မဆုံးမထိုက်သူ ဖြစ်ဘိမူ မိမိအား ရန်ပြုသော ရန်သူပင် ဖြစ်လင့်ကစား မဟာကရုဏာတော်သက်၍ သည်းခံတော်မူ လေသည်။ လူနတ်ဗြဟ္မာသတ္တဝါအပေါင်းအား လက်ရှိဘဝချမ်းသာစေရန် အတွက် လည်း ဆုံးမသည်။ နောင်ဘဝ အဆက်ဆက် သုခတိုးပွားစေရန် အတွက်လည်း ဆုံးမသည်။ ထို့ထက် ဘဝသံသရာမှလွတ်မြောက်၍ နိဗ္ဗာန်သို့ ရောက်စေရန်အတွက် လည်း မဇ္ဈိမပဋိပဒါအကျင့်မြတ်ကို ပေးတော်မူလေသည်။ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း ဆင်းရဲဒုက္ခကြားမှ သတ္တဝါအများ လုံးဝကင်းလွတ်စေ ရန်အတွက် ဟောကြားတော်မူလေသည်။ ကိုယ်တော်မြတ်၏ ကျက်သရေရှိလှသော ပုံတော်ကို အဖူးမြော်ခံခြင်းအားဖြင့် ကမ္ဘာလောကသားတို့အား ကုသိုလ်ရရှိကြစေရန် အကျိုးပြုတော်မူလေသည်။ ဤသို့ဖြင့် ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် လူးသုံးပါးတို့၏ ကိုးကွယ်ရာစင်စစ် ဖြစ်တော်မူပါပေသည်။ မြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးတော်များမှာ အစိန္တေယျ၊ အပ္ပမေယျ မကြံစည် အပ်၊ မနှိုင်းယှဉ်အပ်လောက်အောင် မြင့်မြတ်လှပါသည်။

ဘုရားဂုဏ်တော်ကို စွဲမြဲစွာ ဆင်ခြင်ပွားများသည်ရှိသော် အောက်ပါအကျိုး ကျေးဇူးများကို မုချမသွေ ရရှိနိုင်ပါသည်–

(၁) မြတ်စွာဘုရားအပေါ် ကိုင်းညွတ်သောစိတ် အမြဲ ရှိလာခြင်း၊
(၂) ယုံကြည်မှု လေးနက်လာခြင်း၊
(၃) သတိပို၍ ကောင်းလာခြင်း၊
(၄) ပညာဉာဏ် ထက်မြက်လာခြင်း၊
(၅) ကောင်းမှု တိုးပွားလာခြင်း၊
(၆) စိတ်ညစ်မှုကင်းပြီး နှစ်သက်ကြည်နူးစွာ နေရခြင်း၊

(၇) ကြောက်ရွံ့ ထိတ်လန့်ဖွယ် ကြုံရလျှင် မကြောက်မလန့် စိတ်တည်တံ့ခြင်း၊
(၈) မတော်တဆ ဆင်းရဲဒုက္ခ တွေ့ရလျှင် သည်းခံနိုင်ရည်ရှိခြင်း၊
(၉) မြတ်စွာဘုရားနှင့်အတူ နေရဘိသကဲ့သို့ စိတ်တွင် ထင်မှတ်လျက်ရှိခြင်း၊
(၁၀) ဗုဒ္ဓါနုဿတိ ဘာဝနာအစွမ်းကြောင့် မိမိကိုယ်သည် စေတီထိုက်၍ သူတစ်ပါးတို့၏ ပူဇော်မှု ချီးမြှောက်မှုကို ကောင်းစွာခံယူနိုင်ခြင်း၊
(၁၁) မိမိစိတ်သည် သဗ္ဗညုတဉာဏ်[၁]၌ ကိုင်းညွတ်လာခြင်း၊
(၁၂) မကောင်းမှုကို ကျူးလွန်ရန် ပက်ပင်းကြုံရသောအခါမျိုးတွင် မိမိကိုယ်ကို ကောင်းစွာ စောင့်စည်း ထိန်းသိမ်းနိုင်ခြင်း၊
(၁၃) သေလျှင် အပါယ်လေးပါးမှ ကင်း၍ လူ့ပြည် နတ်ရပ် ကောင်းမြတ်သော သုဂတိဘုံ သုဂတိဘဝကို ရရှိခြင်း စသည်တို့ ဖြစ်လေသည်[၂]။

အမှန်စင်စစ် မြတ်စွာဘုရားသည် အစိန္တေယျ ဖြစ်သည့်နည်းတူ အစိန္တေယျ မြတ်စွာဘုရား၌ ကိုးစားကြည်ညိုသူများ ရရှိနိုင်သည့် ကောင်းကျိုးသည်လည်း အစိန္တေယျ[၃]ပင် ဖြစ်ပေသတည်း။

**တရားကျေးဇူး** မြတ်စွာဘုရားသည် (၄၅)ဝါ ကာလပတ်လုံး ဟောကြားတော်မူခဲ့သည့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့ကိုလည်းကောင်း၊ မြတ်စွာဘုရား အကျိုးပြုသဖြင့် လူနတ်ဗြဟ္မာတို့ ရရှိခံစားရသည့် မဂ် ဖိုလ် နိဗ္ဗာန် တရားကိုလည်းကောင်း စိစစ်ကြည့်လျှင် ဂုဏ်ထူးဝိသေသ ခြောက်မျိုးနှင့် ပြည့်စုံကြောင်း တွေ့ကြရလေသည်။ ဤခြောက်မျိုးကို တရားဂုဏ်တော် ခြောက်ပါးဟု ခေါ်၏။ ယင်းဂုဏ်တော် ခြောက်ပါး၏ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်၏ –

သွာက္ခာတော = ကောင်းစွာ ဟောကြားထားသည့် အတွက် သွာက္ခာတဂုဏ်ရှိ၏။ မြတ်စွာဘုရား ဟောကြားထားသည့်တရားကို လေ့လာကြည့်လျှင်–

(၁) အစနိဒါန်းပိုင်း၌ ကောင်းမြတ်သော ကလျာဏဂုဏ် ရှိ၏၊
(၂) အလယ်ပိုင်း၌ ကောင်းမြတ်သော ကလျာဏဂုဏ် ရှိ၏၊

---

၁။ သဗ္ဗညုတဉာဏ် = မဖောက်မပြန် ကိုယ်တိုင် ထိုးထွင်းသိရှိသော ဉာဏ်တော် (ဝါ) ဘုရားဉာဏ်တော်။
၂။ ဝိသုဒ္ဓိ၊ ၁။ နှာ–၂၀၆။
၃။ အစိန္တေယျ = လူသာမန်တို့၏စိတ်ဖြင့် ကြံစည်တွေးဆ၍ မရနိုင်မှု။

(၃) . အဆုံးနိဂုံးပိုင်း၌လည်း ကောင်းမြတ်သော ကလျာဏဂုဏ် ရှိ၏၊

(၄) အဓိပ္ပာယ် အနှစ်သာရလည်း ပြည့်ဝ၏၊

(၅) သဒ္ဒါနည်း၊ ဆန်းနည်း၊ အလင်္ကာနည်းတို့ဖြင့်လည်း ပြည့်စုံ၍ စာပေ အဆင့်အတန်း မြင့်၏၊

(၆) ရှုထောင့်စုံမှ ကြည့်လျှင် အဘက်ဘက်မှ ပြည့်စုံလျက် ရှိ၏၊

(၇) အရေးကြီးဆုံးမှာ ဗြဟ္မစရိယဟု ခေါ်သည့် သန့်ရှင်းသော မြတ်သော အကျင့်ကို ဖော်ပြခြင်း ဖြစ်၏။

ဤကဲ့သို့ ဂုဏ်ရည်ခုနစ်ရပ်နှင့် ဟောကြားခဲ့သည့် တရားတော်များသည် စိတ်က ယုံကြည်နိုင်ရုံအဆင့်မျှမက ၎င်းတရားကို လူကိုယ်တိုင် ရှုမြင်နိုင်၏။ လက်တွေ့ရယူနိုင်၏။ ကိုယ်တိုင် ရှုမြင်လိုသူတိုင်း ကြိုးစား အားထုတ်ပါလျှင် မဂ်တရား၊ ဖိုလ်တရားကို ကိုယ်တိုင်ရပေ၏။ သူတစ်ပါးက ဟောပြ၊ ပြောပြသည်ကို နားထောင်ပြီး ဘေးက သွားရည်ကျ ပြန်ရရုံအဖြစ်မျိုး မဟုတ်။ အမှန်တရားသည် တစ်နေရာရာမှာ ရှိလေ၏ဟု ရော်ရမ်း မှန်းဆ စိတ်ချယုံကြည်နေရမှုမျိုးလည်း မဟုတ်၊ မိမိကိုယ်တိုင် လက်တွေ့သိရ မြင်ရ သိနိုင်မြင်နိုင်သည့် တရားဖြစ်၍ တရားတော်သည် သန္ဒိဋ္ဌိကဟူသော ဂုဏ်ထူးဝိသေသ ရှိလေသည်။

အခါမလင့် ချက်ချင်းအကျိုးပေးသော တရားလည်း ဖြစ်၏၊ ဤတရားကား အခြားမဟုတ်၊ မဂ်တရားသာ ဖြစ်၏၊ မဂ်တရားသည်သာ ဖိုလ်ဟူသော အကျိုးကို ချက်ချင်း ဖြစ်ပေါ်စေ၏။ စက္ကန့်၊ မိနစ်၊ နာရီ မခြားပေ။

မြတ်ဗုဒ္ဓဟောကြားခဲ့သည့်တရားတော်များကို တိတ်တဆိတ် သိဂှက်ပြီး ဖတ်ရန် မလို။ အခြားဘာသာဝင်များအား မဖတ်ရဟု တားမြစ်ရန် မလို။ မည်သူ့ကို မဆို တရားတော်ကို လေ့လာကျင့်ကြံကြည့်ရန် ခေါ်ပြရမည် ဖြစ်ပါသည်။ ကျင့်ကြံ လေ့လာနိုင်သော တရားတော်လည်း ဖြစ်ပါပေသည်။ ထို့ကြောင့် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ဟူသော ဗုဒ္ဓ၏ တရားတော်သည် နိုင်ငံတကာကို ဖိတ်ခေါ်ပြနိုင်သည့် ဧဟိပဿိကဂုဏ်နှင့်လည်း ပြည့်စုံပါသည်။

မြတ်ဗုဒ္ဓ၏တရားကို မိမိစိတ်မှာ လက်ခံထားလိုက်လျှင် စိတ်ချမ်းသာမှုရ၏။ စိတ်ရိုင်း စိတ်ယုတ်များ ကင်း၏။ စိတ်ထားမှန်လာသည့်အတွက် ပြုမူပြောဆိုရာ၌လည်း အမှားမှား အယွင်းယွင်း မဖြစ်တော့ပေ။ တရားတော်ကို မည်သူမဆို

ကျင့်ပိုင်ခွင့်၊ သိပိုင်ခွင့်၊ ခံစားပိုင်ခွင့်ရှိ၏။ ထို့ကြောင့် တရားတော်သည် ပုဂ္ဂလိက အသွင်ဆောင်သော ဘုံပိုင်ပစ္စည်း ဖြစ်၏။ တစ်ဖန် တရား၏ အကျိုးကျေးဇူးကို တစ်ဦးစီ ခံစားရယူနိုင်ပါသည်။

အထူးသတိပြုရန်မှာ မြတ်စွာဘုရားသည် လူနားမလည်နိုင်သော တရား၊ လူမကျင့်နိုင်သော တရားမျိုးကို လုံးဝ ဟောကြားခဲ့ခြင်း မရှိကြောင်း ဖြစ်လေသည်။ မြတ်ဗုဒ္ဓ၏ တရားတော်များသည် လောကီအမြိုက်ဆေးတစ်ပါးလည်း ဖြစ်ပါသည်။ ထိုအမြိုက်ဆေးကို စနစ်တကျ မှီဝဲသုံးဆောင်တတ်လျှင် ကိလေသာအပူမီးငြိမ်း၍ သေသည့်အခါ အပါယ်လေးပါးမှ ကင်းမည်၊ လူ့ပြည်နတ်ရပ် ကောင်းမြတ်သော သုဂတိဘုံ သုဂတိဘဝကို ရရှိနိုင်မည် ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**သံဃာ့ကျေးဇူး** အရိယာသံဃာတော်အပေါင်းသည် တစ်လောကလုံးရှိ လူနတ် ဗြဟ္မာသတ္တဝါတို့၏ ကြည်လင်ရွှင်ပြမြတ်နိုးလှဖွယ်ကိုင်းညွတ် ရှိသေ ရှိခိုးမှုများကို ခံထိုက်ပေ၏။ သံဃာတော်များသည် သာသနာတော် မဟုတ်၊ သာသနာ့ဝန်ဆောင်များသာ ဖြစ်ပေသည်။ သံဃာတော်များ၏ တာဝန်ကား ပရိယတ္တိ သာသနာ[၁]၊ ပဋိပတ္တိသာသနာ[၂]၊ ပဋိဝေဓသာသနာ[၃] သုံးမျိုးကို ကိုယ်တိုင် အားထုတ်၍ သူတစ်ပါး နားလည်အောင် ပို့ချဟောပြောခြင်းများပင် ဖြစ်ပါသည်။

ဤသာသနာသုံးရပ်ကို မကွယ်မပအောင် ဘုရားလက်ထက်တော်မှ စ၍ ကျမ်းဂန်တတ်သိသည့် ပညာရှိအပေါင်းတို့သည် အဆက်ဆက် ဆောင်ရွက်လာခဲ့ကြသည်။ ရှေးက သံဃာတော်များသည် ကိုယ်ကျိုးအတွက် တရားကိုသာ အားထုတ်နေခဲ့ကြလျှင် လည်းကောင်း၊ ရဟန်းသံဃာများကို စာပေမပို့ချဘဲ နေခဲ့ကြလျှင် လည်းကောင်း ဤသာသနာ (၃) ရပ်သည် မကြာသောကာလအတွင်း ကွယ်ပျောက်သွားနိုင်ဖွယ်ရာ ရှိပါသည်။ စာချဆရာတော်များ လုံ့လဖြင့် အပင်ပန်းခံလျက် ကျမ်းဂန်ပြုစုခြင်း၊ အဆက်ဆက် ပို့ချခဲ့ခြင်းကြောင့်သာ ယခုတိုင် ဤသာသနာတော်ကြီးကို တွေ့ကြုံနေရခြင်း ဖြစ်သည်။ သာသနာတော် တည်တံ့နေခြင်းကို မြင်တွေ့ရသည့်အခါ ရှေးအဆက်ဆက် ကျမ်းပြုဆရာ၊ စာချဆရာတော်ကြီးများကို အထူးကြည်ညို လေးစားဖွယ်ရာ ကောင်းပါသည်ဟု ဆိုရပါမည်။ ထို့ကြောင့်

---

၁။ ပရိယတ္တိသာသနာ = ဘုရားပါဠိတော်နှင့် အဋ္ဌကထာကျမ်းစာများ။
၂။ ပဋိပတ္တိသာသနာ = တရားတော်လာအတိုင်း ကျင့်ကြံအားထုတ်မှု။
၃။ ပဋိဝေဓသာသနာ = မဂ်ဖိုလ်နိဗ္ဗာန် တရားကို သိကြ ရကြမှု။

ကျမ်းဂန်တတ်သိ ပညာရှိများကို "ဘုရားရှင်အရာ၌ ထား၍ ဘုရားရှင် ကိုယ်တော်စား သာသနာပြုပုဂ္ဂိုလ်များ" ဟု မြှောက်စားထားခဲ့ကြပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် (၇)ရက်ခန့်အကြာမှာ အရှင်မဟာကဿပ ရှေ့တွင် ရဟန်းတစ်ပါးက မဖွယ်မရာ စကားဖြင့် ဘုရားရှင်ကို ထိပါးပုတ်ခတ်ပြောဆိုသည်။ ထို့ကြောင့် လေးလမြောက်မှာ အရှင်မဟာကဿပ ကိုယ်တိုင် ကြီးကြပ်၍ ပိဋကတ်တော်များကို စိစဉ်ကာ သင်္ဂါယနာ[၁] တင်ခဲ့ရလေသည်။

ထို့နောက် အနှစ် ၁၀၀–လောက်ကြာပြန်လျှင် ရဟန်းအချို့ မအပ်မရာ ငွေအလှူခံမှုကြောင့် အရှင်မဟာယသ တိုက်တွန်းချက်အရ ဒုတိယသင်္ဂါယနာ တင်ခဲ့လေသည်။ ဘုရားရှင်ပရိနိဗ္ဗာန်စံ၍ အနှစ် ၂၃၅ နှစ်မြောက် ဓမ္မာသောက မင်းလက်ထက် သာသနာတော်ကို တိတ္ထိတို့ နှောင့်ယှက်မှုကြောင့် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် အမှူးပြုပြီး တတိယသင်္ဂါယနာ တင်ခဲ့ရပြန်ပါသည်။ ထိုသင်္ဂါယနာတင်ပြီးနောက် သာသနာတော် စည်ပင် ထွန်းကားနေစဉ် သီဟိုဠ်ကျွန်းတွင် သူပုန်ဘေးကြီးဖြစ်ပေါ်သဖြင့် ကျမ်းတတ်အကျော် ဆရာတော်များ၊ လူများ ကစဉ့်ကလျားဖြစ်ကာ ဆွမ်းဘောဇဉ်ကို မျှတအောင် မရကြတော့ပေ။ သို့သော် ရဟန်းတော်များသည် နှုတ်တက်ဆောင်ထားသော ကျမ်းဂန်များ မေ့လျော့သွားမည်စိုးသောကြောင့် ရေစိုသော သဲပြင်ပေါ် လျောင်းနေပြီး ရင်မပူအောင် ရင်ဘတ်ပေါ် သဲစိုတင်၍ ရွတ်အံသရဇ္ဈာယ်လျက် ထိန်းသိမ်း ဆောင်ရွက်တော်မူခဲ့ကြပါသည်။

သူပုန်ဘေးကြီး ငြိမ်းအေးသွားသည့်အခါ နောင် ယခုကဲ့သို့ ဘေးဖြစ်လာခဲ့လျှင် နောင်လာနောက်သားတို့ ပိဋကတ်တော်ကို နှုတ်တက် ဆောင်ရွက်နိုင်ရန်ခဲယဉ်းမည်ကို သိလာကြသည်။ ထို့ကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အနှစ် (၄၅၀)ခန့် ဝဋ္ဋဂါမဏိမင်းလက်ထက်တွင် ပိဋကတ်တော်များကို ပေရွက်ပေါ် ရေး၍ စတုတ္ထသင်္ဂါယနာ တင်ခဲ့ပါသည်။

စတုတ္ထသင်္ဂါယနာ တင်ပြီးနောက် မြန်မာနိုင်ငံတွင် သထုံမှ ပုဂံသို့ သာသနာတော် ပြန့်ပွားလာခဲ့ရာ ထိုကဲ့သို့ ကြိုးကြိုးစားစား မြန်မာရဟန်းတော်များ ဆောင်ရွက်လာခဲ့၍ မြန်မာသမိုင်းတစ်လျှောက် ဗုဒ္ဓသာသနာ ရှင်သန်တည်တံ့လာခဲ့၏။ မင်းတုန်းမင်းတရား လက်ထက်တွင် ပဉ္စမသင်္ဂါယနာတင်ပြီး စာတတ်ဆရာတော်ကြီးများက ပိဋကတ်ကျမ်းစာများကို ကျောက်ထက်အက္ခရာ တင်ခဲ့ကြသည်။

---

၁။ သင်္ဂါယနာ = စုပေါင်း၍ ရွတ်ဆိုအတည်ပြုခြင်း

ပဉ္စမသင်္ဂါယနာနောက်ပိုင်း မြန်မာနိုင်ငံ သူ့ကျွန်ဘဝ ကျရောက်ချိန်၌လည်း သံဃာတော်များသည် ပရိယတ်၊ ပဋိပတ် မပြတ်ကျင့်ဆောင်လာခဲ့သည်။ ဗုဒ္ဓ သာသနာတော်သည် တည်တံ့ခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးသောအခါတွင်မူ ပုဒ်ပါဠ်အက္ခရာတို့ကို သုတ်သင်၍ ဆဋ္ဌသင်္ဂါယနာတင်တော်မူခဲ့ကြသည်။

ဤသို့လျှင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူသည်မှစ၍ နှစ်ပေါင်း ၂၅၀၀–ကျော် သမိုင်းကာလကြီးတစ်လျှောက်လုံး သာသနာတော်ကြီး မကွယ်ပျောက် ရအောင် ဆောင်ရွက်တော်မူလာကြသော အရိယာ သံဃာတော်နှင့် ပုထုဇဉ်ပညာရှိ အပေါင်းသူတော်ကောင်း သံဃာတို့သည် နောင်လာနောက်သား ဗုဒ္ဓဘာသာဝင် များအတွက် လွန်စွာပင် ကျေးဇူးတော် ကြီးမားလှပါကြောင်း ရေးသား ဖော်ပြအပ် ပေသည်။

**သက်ကြီးအိုမ စဏ္ဍာလီ** မြတ်စွာဘုရား ကျေးဇူးကား အလွန်ကြီးမားပါသည်။ ရေးသားဖော်ပြ၍ပင် မကုန်နိုင်ပါ။ အနည်းငယ်မျှ ပုံဝတ္ထုသာဓကဖြင့် ဖော်ပြပါဦးမည်။

**စဏ္ဍာလီအမည်ရှိသော** အဘွားအိုကြီးတစ်ယောက်သည် အလွန်ဆင်းရဲ၍ သားသမီးမြေးမြစ်တွေ မရှိပါ။ ဒုက္ခိတ ဆင်းရဲသူမ အဘွားကြီး ဖြစ်ပါသည်။

တစ်နေ့သောအခါတွင် အဘွားကြီးသည် တောင်ဝှေးတစ်ချောင်းဖြင့် တုန်တုန်ချည့်ချည့် လမ်းလျှောက်လာသည်။ မြတ်စွာဘုရား ဆွမ်းခံကြွတော်မူလာ သောအခါ ထိုအဘွားအိုကြီးရှေ့၌ စုံရပ်တော်မူသည်။ အဘွားအိုကြီးသည် ရှိခိုးရမှန်း မသိဘဲ ကြောင်ကြည့်နေ၏။ ထိုအခါ မြတ်စွာဘုရား နောက်တော်ပါးမှ ပါလာသော ရှင်အာနန္ဒာက "အဘွားအိုကြီး–မြတ်စွာဘုရားကို ရှိခိုးလိုက် ရှိခိုးလိုက်"ဟု တိုက်တွန်းတော်မူသည်။ အဘွားကြီးသည် ရှင်အာနန္ဒာက တိုက်တွန်းသောကြောင့် တောင်ဝှေးကို အသာချပြီး လက်အုပ်ချီလျက် မြတ်စွာဘုရားကို ရှိခိုးလိုက်သည်။

မြတ်စွာဘုရားသည် ရှိခိုးခံပြီးနောက် ဆက်လက်ကြွသွားတော်မူ၏။ အဘွားကြီးလည်း သူ သွားမည့်လမ်းသို့ ဆက်၍ လျှောက်၏။ ထိုခဏတွင် သားကလေး မွေးခါစဖြစ်သော နွားမကြီးတစ်ကောင်သည် အဘွားကြီးဆီ ပြေးလာပြီး ဝှေ့လိုက်ရာ အဘွားကြီးခမျာ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားလေသည်။

သို့သော် မြတ်စွာဘုရားကို ရှိခိုးလိုက်ရသော ကုသိုလ်ကြောင့် နတ်ပြည်၌ နတ်သမီးသွားဖြစ်လေသည်။ စဏ္ဍာလီ အဘွားအိုကြီး နတ်သမီးဖြစ်ရသည်မှာ မြတ်စွာဘုရား၏ ကျေးဇူးတော်ကြောင့် ဖြစ်သည်။

**လူဆိုးကြီး အင်္ဂုလိမာလ** အင်္ဂုလိမာလသည် သူ့မိခင်ကို သတ်ရန် ဓားပိုက်၍ တအားလိုက်နေတုန်း မြတ်စွာဘုရားက အချိန်မီ သွားရောက်ကယ်တင်တော်မူခဲ့သည်။ မိခင်ကြီးသည် သေဘေးမှ ကင်းလွတ်ရ၏။ အင်္ဂုလိမာလလည်း အကျွတ်တရားရပြီး ရဟန္တာ ဖြစ်ခဲ့ရသည်။ ဤသားအမိ ယခုလို ချမ်းသာရခြင်းသည် မြတ်စွာဘုရား၏ ကျေးဇူးတော်ကြောင့် ဖြစ်သည်။

**ပဋာစာရီ အရူး** ပဋာစာရီ အမည်ရှိသော အမျိုးသမီးသည် လင် မြွေကိုက်၍ သေ၏။ သားငယ်ကို စွန်ချီသွားပြီး သားကြီး ရေနစ်၍ သေ၏။ ဤကဲ့သို့ သားသေ လင်ဆုံးသဖြင့် အရူးလုံးလုံး ဖြစ်ရရှာသည်။

ထိုအရူးမ ပဋာစာရီကို မည်သူမှ မကယ်နိုင်ကြ။ မည်သည့် ဆေးဆရာမျှ မကုနိုင်ကြ။ သောကဒဏ် ပြင်းထန်လှသောကြောင့် ဆောက်တည်ရာ မရ၊ ပူဆွေး ငိုကြွေး၍ ပြေးလွှားနေရှာသည်။

ထိုအရူးမ ပဋာစာရီကို မြတ်စွာဘုရားထံမှောက် ရောက်အောင် ပညာရှိ တစ်ဦးက လှည့်ပတ်ဖြားယောင်း၍ ခေါ်ဆောင်သွား၏။ မြတ်စွာဘုရားသည် ဒုက္ခိတအရူးမအပေါ် မဟာကရုဏာ မေတ္တာတော်တန်ခိုးလွှတ်၍ ပဋာစာရီ၏ ပူလောင်ပြင်းပြလျက် ရှိသော စိတ်ကို ငြိမ်းအေးစေသည်။ "ချစ်သမီး ပဋာစာရီ" ဟု ကြင်နာယုယ ရင်းနှီးစွာ ခေါ်တော်မူလိုက်သည်။ ထိုအခါ ပဋာစာရီသည် မြတ်စွာဘုရားသခင်ကို သေချာစွာ ကြည့်၍ မြတ်စွာဘုရား၏ မေတ္တာဓာတ်ကို ရရှိသောကြောင့် စိတ်သောကအပူငြိမ်း၍ သတိတရား ပြန်ရလာသည်။ အသိ စိတ်ဓာတ် ပြန်ဝင်လာသည်။ မြတ်စွာဘုရား၏ မေတ္တာတော်ကြောင့် အရူးရောဂါ ပျောက်သွားသည်။

ပဋာစာရီအနေဖြင့် အရူးပျောက်၍ စိတ်ထားမှန် ပြန်လည်ဖြစ်သွားသည်ကို မြတ်စွာဘုရား သိရှိတော်မူသောကြောင့် သစ္စာတရားလေးပါးကို ဟောလိုက်ရာ ပါရမီရင့်သန်သော မိန်းမဖြစ်၍ တရားထူးတရားမြတ် ရရှိကာ ရဟန္တာထေရ်ရီ မကြီးတစ်ပါး ဖြစ်သွားလေသည်။ ဤသည်မှာ အံ့သြ၍ မကုန်နိုင်သော မြတ်စွာဘုရား ၏ ကျေးဇူး ဖြစ်ပါသည်။

**ကိသာဂေါတမီ** ကိသာဂေါတမီ အမည်ရှိသော အမျိုးသမီးတစ်ဦးသည် သူ အလွန်ချစ်သော တစ်ဦးတည်းသော သားကလေး သေဆုံး သွားသည့်အတွက် သားသေကို ပိုက်ပြီး တစ်မြို့လုံးလိုက်၍ ဆေးကုခိုင်းလေသည်။ သူ့သားကလေးပြန်ရှင်အောင် လုပ်ပေးကြပါဟု ငိုယိုမြည်တမ်းလျက် အရူးမကြီး တစ်ပိုင်းဖြစ်ကာ တစ်မြို့လုံး လှည့်လည်သွားလာနေရှာသည်။

ထိုအခါ ပညာရှိတစ်ယောက်က “သင့်သားကို အသက် ပြန်ရှင်အောင် ကုနိုင်သောဆရာ ဇေတဝန်ကျောင်းတော်မှာ ရှိ၏”ဟူ၍ ပရိယာယ်ဖြင့် ပြောကာ မြတ်စွာဘုရားထံသို့ လွှတ်လိုက်လေသည်။

ကိသာဂေါတမီသည် သားသေလေးကို ပိုက်လျက် ဇေတဝန်ကျောင်းတော်သို့ သွားပြီး မြတ်စွာဘုရားကို တွေ့သောအခါ “သူ့သားလေးကို အသက် ပြန်ရှင်အောင် ကုပေးပါ” ဟု တောင်းပန်ရှာ၏။ မြတစွာဘုရားက “ကုပေးမည် ချစ်သမီး၊ မြို့ထဲသွားချေ၊ ဆေးဖော်ဖို့အတွက် လူမသေဖူးသော အိမ်မှ မုန်ညင်းစေ့ လက်တစ်ဖွန်း တောင်းချေ” ဟု လွှတ်လိုက်၏။ ကိသာဂေါတမီသည် သားသေကလေးကို ပိုက်လျက် လူမသေဖူးသော အိမ်ကို မေးသည်။ “ ထိုအိမ်ကလည်း လူသေဖူးသည်၊ ဤအိမ်ကလည်း သေဖူးသည်” ဟူသော အဖြေကိုသာ ရ၏။ ယခု သာဝတ္ထိ တစ်မြို့လုံး အိမ်ပေါင်းစုံ ရောက်ခဲ့ပြီ။ လူမသေဖူးသော အိမ်ဟူ၍ မတွေ့ချေ။ ကိသာဂေါတမီခမျာ ဖတ်ဖတ်မောနေသည်။

သို့သော် လူမသေဖူးသောအိမ်ကို လိုက်၍မေးရင်း သူ၏စိတ်ထဲ၌ တဖြည်းဖြည်းချင်း အသိဉာဏ် ဝင်လာသည်။ ငါ့သားသာ သေသည် မဟုတ်၊ အခြားသူများလည်း သေကြသည်တကား။ သေခြင်းတရားကား လူတိုင်း မလွန်ဆန်နိုင်သော သဘာဝတရားပေတကား။ ဤကဲ့သို့ အသိစိတ်ဓာတ်ဝင်လာပြီး မိမိရင်ခွင်ဖြင့် ပိုက်ထွေးထားသော သားလေး၏ အလောင်းကို သင့်ရာမှာ စွန့်ပစ်လိုက်ပြီး မြတ်စွာဘုရားထံသို့ ပြန်သွားလေသည်။

မြတ်စွာဘုရားသည် မဟာကရုဏာမေတ္တာတော်မြတ် စေလွှတ်၍ ကိသာဂေါတမီ၏အပူမီးကို ငြိမ်းစေလျက် အေးမြကြည်လင်သော တရားဓမ္မကို ဟောကြားတော်မူလိုက်သောအခါ ပါရမီဓာတ်ခံ ရင့်သန်သူကလေးဖြစ်၍ တရားထူး တရားမြတ် ရရှိပြီး ရဟန္တာထေရီမတစ်ပါး ဖြစ်သွားလေသည်။

**လင်းနို့သားငါးရာ** တရားတော်၏ကျေးဇူးကို အနည်းငယ်ဖော်ပြရသော် ကဿပ ဘုရားရှင် လက်ထက်၌ လိုဏ်ဂူတစ်ခုအတွင်းတွင် ရဟန်း တစ်ပါးက ပဋ္ဌာန်းတရားကို ရွတ်ဖတ်တော်မူရာ ထိုလိုဏ်ဂူအတွင်း၌ နေသော လင်းနို့ငါးရာတို့သည် အဓိပ္ပာယ်ကို မသိသော်လည်း တရားသံကို ကြည်ညိုသော စိတ်ဖြင့် သေလွန်ကြရာ ကောင်းရာ သုဂတိသို့ ရောက်ကြလေသည်။ ဘဝများစွာ သံသရာ၌ ကောင်းစွာကျင်လည်ရပြီး နောက်ဆုံးဘဝ၌ ရှင်သာရိပုတ္တရာ၏တပည့် သားရဟန်းငါးရာ ဖြစ်လာကြသည်။ ပဋ္ဌာန်းတရားတော် အကျိုးဆက်ကြောင့် ဤနောက်ဆုံးဘဝတွင် ကျွတ်တမ်းဝင်တော်မူကြလေသည်။

**ဖားနတ်သား** ထို့ပြင် တရားသံကို ကြည်ညိုသော ဖားသူငယ်သည် နတ်သား ဖြစ်ခဲ့ရ၏။ မြတ်စွာဘုရား တရားဟောတော်မူနေစဉ် ပရိသတ် အစွန်၌ ဖားငယ်လေးတစ်ကောင်က တရားသံ၌ နစ်မြောနေသည်။ ထိုအခါ နွားကျောင်းသားတစ်ယောက် ရောက်လာပြီး အမှတ်တမဲ့ တုတ်ကို ထောက်လိုက်ရာ ဖားငယ်ကလေးအပေါ် ထောက်မိသည့်အတွက် သေရှာသည်။ တရားနာရင်း သေသည့်အတွက်ကြောင့် နတ်ပြည်၌ နတ်သား ဖြစ်လေသည်။

ထို့ပြင် တရားတော်ကို ကျင့်သုံးသည့်အတွက် ကောင်းရာသုဂတိ ရောက်သူ များ, အရိယာရဟန္တာဖြစ်သူများ မရေမတွက်နိုင်လောက်အောင် များပြားလေသည်။

**လောသကတိဿ** သံဃာတော်များ၏ ကျေးဇူးသည်လည်း ရေးသား ဖော်ပြ၍ မကုန်နိုင်။ ရှင်သာရိပုတ္တရာသည် ခွက်လက်ဆွဲ၍ တောင်းစား နေသော ခုနစ်နှစ်သားအရွယ် ကလေးတစ်ယောက်ကို ခေါ်ယူ၍ ရှင်ပြုပေးပြီး ဆွမ်းခံကျွေးတော်မူလေသည်။ ထိုကလေးမှာ အကုသိုလ်ဝဋ်ကြွေး ကြီးလှသော လောသကတိဿ ဖြစ်လေရာ ရှင်သာရိပုတ္တရာက လက်ဖြင့် ကိုင်၍ မကျွေးလျှင် အစားအစာဝအောင် မစားရရှာ။ သို့ဖြစ်၍ လောသကတိဿရဟန္တာ ဖြစ်ပြီး ပရိနိဗ္ဗာန်စံသည်အထိ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက ပြုစုစောင့်ရှောက် တော်မူသည်။

**သူဌေးကြီး ဦးကပ်စေး** ရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးသည် "ပြိတ္တာတို့ ဘောင် ဥစ္စာဆောင်သည်" ဆိုသည့်အတိုင်း သေလျှင် ပြိတ္တာဖြစ်လောက်သည့် ကပ်စေးနဲသူဌေးလင်မယားကို တန်ခိုးတော်ဖြင့် ချေချွတ် ကယ်မတော်မူသည်။

ထို့ပြင် ရှင်မောဂ္ဂလာန်နှင့် ရှင်မဟာကဿပ စသော မထေရ်တို့သည် ဆင်းရဲသား ဒုက္ခိတတို့အား နည်းအမျိုးမျိုးဖြင့် ကယ်တင်ကြသည်။ အရှင်အင်္ဂုလိမာလမထေရ်သည်လည်း မီးမဖွားနိုင်သော ကိုယ်ဝန်သည် မိန်းမများကို ပရိတ်ရွတ်သစ္စာဆို၍ ချမ်းသာစွာ မီးဖွားအောင် ကူညီတော်မူခဲ့သည်။

**လာဇာဒေဝီ (ပေါက်ပေါက်ပန်းနတ်သမီး)** ရာဇဂြိုဟ်ပြည်အနီး လယ်သမားရွာကြီး၌ သူဆင်းရဲလယ်သူမလေး တစ်ယောက် ရှိသည်။ သလေးစပါးတို့ကို ပေါက်ပေါက်ဖောက်ပြီး ဆင်းရဲစွာ စားသောက်နေရှာသည်။ နိရောဓသမာပတ်မှ ထလာတော်မူသည့် အရှင်မဟာကဿပ မထေရ်မြတ်ကြီးသည် သူဆင်းရဲ လယ်သူမလေးကို စောင့်ရှောက် ချီးမြှောက်ရန် ဆွမ်းခံဝင်လာရာ လယ်သူမလေးက သဒ္ဓါတရားထက်သန်လှစွာဖြင့် မိမိ၌ရှိသည့် ပေါက်ပေါက်များကိုပင် လောင်းလှူလိုက်လေသည်။ မပြောပလောက်သည့် ဤမျှလောက်သော ကုသိုလ်ကောင်းမှုကြောင့်ပင် သေလွန်သောအခါ နတ်ပြည်မှာ ဖြစ်ရ၍ လာဇာဒေဝီ(ပေါက်ပေါက်ပန်းနတ်သမီး) အမည်တွင်လေသည်။

(ဓမ္မပဒ)

ယခု ဖော်ပြခဲ့သည်တို့မှာ အပေါ်ယံမျှဖြစ်သော ရတနာသုံးပါး၏ ကျေးဇူးတရားသာ ဖြစ်သည်။ ထို့ထက် လေးနက် နက်ရှိုင်းသော ကျေးဇူးဂုဏ်တို့ကား အနန္တ ရှိပေသေးသတည်း။

**မှတ်ချက်။ ။**

ဘုရားကျေးဇူး၊ တရားကျေးဇူး၊ သံဃာကျေးဇူး ခေါင်းစဉ်ပါ အချက်အလက်တို့ကို နှစ်ဖက်လှ ဦးကျော်လွင်၏ **'အလင်းပြ ပရိတ်ကြီး'** စာမျက်နှာ ၃၁၄ **–ကိုးပါးကျင့်ဝတ်**–ခေါင်းစဉ်မှစ၍ ပြုပြင် ကူးထည့်ထားခြင်း ဖြစ်ပါသည်။ စဏ္ဍာလီ၊ အင်္ဂုလိမာလ စသည့်အကြောင်းအရာတို့မှာ သက်ဆိုင်ရာ ဝတ္ထုဇာတ်လမ်းတို့ကို နှစ်ဖက်လှ ရေးဟန်ဖြင့် ရေးထည့်ထားခြင်း ဖြစ်ပါသည်။

## အခန်း(၁၀)

# ဗုဒ္ဓဘာသာ ဥပါသကာဝတ် ၁၀–ပါး

**ဥပါသကာ** ဘုရား တရား သံဃာ ရတနာသုံးပါးကို မြတ်နိုးစွာ ဆည်းကပ်ကိုးကွယ်သော လူပုဂ္ဂိုလ်ကို "ဥပါသကာ" ဟု ခေါ်ဆို၏။ အမျိုးသမီး ဖြစ်လျှင် "ဥပါသိကာ" ဟု ခေါ်ဆိုရ၏။

လူပုဂ္ဂိုလ်တို့သည် မိမိ၏ ခန္ဓာကိုယ်နှင့် အသက်ကို မငဲ့ကွက်ဘဲ ရတနာမြတ်သုံးပါးအား ပေးလှူခြင်း၊ ရတနာမြတ်သုံးပါးအပေါ် ယုံကြည်ကိုးစား အားထားခြင်း၊ ရတနာမြတ်သုံးပါး၏ တပည့်သားအဖြစ် စွဲမှတ် ခံယူခြင်း၊ ရတနာမြတ်သုံးပါးကိုသာလျှင် ရှိခိုးမှု ရိုသေကိုင်းရှိုင်းမှု ပြုခြင်း စသော နည်းလမ်းတို့ဖြင့် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်တတ်သော ပုဂ္ဂိုလ် (ဥပါသကာ, ဥပါသိကာမ) အဖြစ်သို့ ရောက်ရှိကြသည်။ ထိုသို့ ဥပါသကာဖြစ်ပြီး သူများကို "ဗုဒ္ဓဘာသာဝင် သူတော်စင်" ဟု သတ်မှတ်ရသည်။

**မှတ်ချက်။** ယခုခေတ်တွင် 'ရတနာသုံးပါး ဆည်းကပ်သူ' ဟု အဓိပ္ပာယ်ရှိသော 'ဥပါသကာ၊ ဥပါသကီ' ပျောက်ပြီး 'ပေးတတ်လှူတတ်သူ' ဟု အဓိပ္ပာယ် ရှိသော 'ဒါယကာ၊ ဒါယိကာမ' ခေတ် ရောက်နေလေပြီ။

**ဥပါသကာတို့ ရှောင်ရန်အချက်များ** ဥပါသကာအဖြစ် ခံယူပြီးသော ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက်သည် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲ၍ စွမ်းနိုင်ပါမူ ရှစ်ပါး ၊ ဆယ်ပါးသီလများကို စောင့်ထိန်း၍ ဖော်ပြလတ္တံ့ပါအချက်များကို ရှောင်ကြဉ်ရမည်–

(၁) လက်နက်ရောင်းဝယ် ဖောက်ကားခြင်း၊

(၂) လူအရောင်းအဝယ် ပြုလုပ်ခြင်း (ကျွန်ရောင်း ကျွန်ဝယ်ခြင်း၊ ပြည့်တန်ဆာ ရောင်းဝယ်ခြင်း စသည်)၊

(၃) ဝက်သား၊ အမဲသားစသည့် 'အသား' ရောင်းဝယ်ခြင်း၊

(၄) မူးယစ်ဆေးဝါး အမျိုးမျိုးနှင့် သေရည်သေရက် ရောင်းဝယ်ခြင်း၊

(၅) လူကို သေစေတတ်သည့် အဆိပ် ရောင်းဝယ်ခြင်း-

တို့ဖြစ်ပါသည်။

ထို့ပြင် ကာယဒုစရိုက်မှု၊ ဝစီဒုစရိုက်မှုတို့ကို ကျူးလွန်၍ ရရှိလာသော ဥစ္စာပစ္စည်းတို့ဖြင့်လည်း အသက်မွေးဝမ်းကျောင်း မပြုရပေ။ ယင်းတို့အားလုံးသည် မိစ္ဆာဇီဝခေါ် ယုတ်မာအောက်တန်းကျသော အသက်မွေးဝမ်းကျောင်းများ ဖြစ်ကြသည်။

## ဥပါသကာအရည်အချင်းနှင့် ပြည့်စုံခြင်း

ဥပါသကာအဖြစ်သို့ ရောက်ပြီးသော ဗုဒ္ဓဘာသာဝင်တစ်ယောက်သည်-

(၁) သဒ္ဓါတရားနှင့် ပြည့်စုံရ၏၊

(၂) အနည်းဆုံး ငါးပါးသီလ လုံခြုံရ၏၊

(၃) ကောတုဟလမင်္ဂလာခေါ် အထူးအဆန်းမင်္ဂလာကို ယုံကြည်လက်ခံခြင်း မပြုရ၊

(၄) ကံ, ကံ၏ အကျိုးကို ယုံကြည်ရ၏၊

(၅) အယူပျက်သည့် သာသနာပ အလှူခံပုဂ္ဂိုလ်တို့ကို အရိုအသေ မပြုရ, မလှူဒါန်းရပေ။

အဆိုပါ အင်္ဂါရပ်တို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို-

(၁) ဥပါသကရတန = နှစ်သက် ကြည်ညိုဖွယ် ဥပါသကာ ဟူ၍လည်းကောင်း၊

(၂) ဥပါသကပဒုမ = ပဒုမ္မာကြာနှင့် တူသော ဥပါသကာ ဟူ၍လည်းကောင်း၊

(၃) ဥပါသကပုဏ္ဍရိက = ကြာဖြူနှင့် တူသော ဥပါသကာဟူ၍လည်းကောင်း-

ခေါ်ဆိုထိုက်ပါသည်။

## ဥပါသကာ ဖျက်စီးခြင်း

ဥပါသကာ ဖြစ်ပြီးသူသည်-

(၁) သဒ္ဓါ မရှိခြင်း၊

(၂) သီလ မရှိခြင်း၊

(၃) အထူးအဆန်း မင်္ဂလာကို သက်ဝင်ယုံကြည်ခြင်း၊

(၄) . ကံ, ကံ၏ အကျိုးကို မယုံကြည်ခြင်း၊

(၅) အယူပျက်သော သာသနာပ တိတ္ထိတို့ကို (ဘာသာခြားပုဂ္ဂိုလ်ကြီးတို့ကို) ရှိခိုးခြင်း၊ အရိုအသေပြုခြင်း၊ လှူဒါန်းခြင်း-

စသည့်အချက်တို့ကို ပြုလုပ်ပါက ရတနာသုံးပါးအပေါ် ကိုးကွယ်ဆည်းကပ်သော ဥပါသကာအဖြစ် ပျက်ပြယ်သွားပါသည်။ ထို့ကြောင့် ဖော်ပြခဲ့သော သွေဖည်ချက် ၅-ချက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို-

(၁) ဥပါသကစဏ္ဍာလ = ဒွန်းစဏ္ဍား ဥပါသကာဟူ၍လည်းကောင်း၊

(၂) ဥပါသကမလ = မသန့်ရှင်းသော ဥပါသကာဟူ၍လည်းကောင်း၊

(၃) ဥပါသကပဋိကိဋ္ဌ = စက်ဆုပ်ရွံရှာဖွယ် ဥပါသကာဟူ၍လည်းကောင်း-

ခေါ်ဆိုရတော့၏။

**ဥပါသကာ၏ ဂုဏ်ရည် ၁၀-ပါး** ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သော ပုဂ္ဂိုလ်တစ်ယောက်သည် ဖော်ပြလတ္တံ့ပါ ဂုဏ်အင်္ဂါများနှင့် ပြည့်စုံပါက အဆင့်မြင့် ဥပါသကာ၊ ဂုဏ်သရေရှိ ဥပါသကာစစ်စစ် ဖြစ်ပါသည်-

(၁) ဘုရားရှင်၏ တပည့်သား သံဃာများနှင့် အေးအတူ ပူအမျှ ဆင်းရဲချမ်းသာကို ဝေမျှ ခံစားခြင်း၊

(၂) ဗုဒ္ဓ၏ တရားတော်ကိုသာ အလေးဂရုပြုခြင်း (အခြားသာသနာပ အယူဝါဒများကို လုံးဝ ဂရုမပြုခြင်း)၊

(၃) မိမိရှိသမျှ ပစ္စည်းဥစ္စာကို မျှတစွာ ခွဲခြမ်းသုံးစွဲ လှူဒါန်းတတ်ခြင်း၊

(၄) ဘုရားသာသနာ ပျက်စီးမည့်အရေး တွေ့မြင်ပါက သာသနာတော် ကြီးပွားရာ ကြီးပွားကြောင်းကိုသာ မနေမနား ကြိုးစား အားထုတ်ခြင်း၊

(၅) အယူဖြောင့်မှန်ပြီး လူပြိန်းတို့လက်ခံသည့် အထူးဆန်းမင်္ဂလာကို ယုံကြည်မှု မရှိသည့်အပြင် မိမိအသက်ကို ပဓာနမထားဘဲ မိမိ ကိုးကွယ်ရာ ဆရာ (ဘုရား)မှ အခြားအယူပျက်သော တိတ္ထိဆရာ များကို မိမိ၏ဆရာအဖြစ် မည်သည့်အခါမျှ မရည်ညွှန်းခြင်း၊

(၆) ကာယကံ၊ ဝစီကံကို စောင့်ထိန်းခြင်း၊

(၇) အတူနေ ပုဂ္ဂိုလ်များနှင့် သင့်တင့်ညီညွတ်စွာ နေထိုင်တတ်၍ အချင်းချင်း အပေါ် ငြူစူမှုကင်းပြီး သာသနာတော်ကို ခုတုံးလုပ်၍ ဟန်ဆောင်ပလွှား ဝါကြွားမှု မပြုခြင်း၊

(၈) ဘုရားရတနာကို ကိုးကွယ်ဆည်းကပ်ခြင်း၊

(၉) တရားရတနာကို ကိုးကွယ်ဆည်းကပ်ခြင်း၊

(၁၀) သံဃာရတနာကို ကိုးကွယ်ဆည်းကပ်ခြင်း–တို့ ဖြစ်ပါသည်။

(မိလိန္ဒပဉှာ။ ၁၀၂။)

အကယ်၍ ဖော်ပြပါ ဥပါသကာဂုဏ် ၁၀–ပါးကို ပြောင်းပြန် ကျင့်သုံးသူ ဖြစ်ပါက ဂုဏ်သိက္ခာမဲ့ရှိသော ဥပါသကာ၊ သို့မဟုတ် ဥပါသကာ မဟုတ်သူအဖြစ် ရောက်ရှိပါသည်။

**မှတ်ချက်။ ။**

ဤအခန်းပါ အကြောင်းအရာတို့ကို **သုတ်သီလက္ခန် အဋ္ဌကထာ (ဥပါသကဝိဓိကထာ)**မှယူ၍ နှစ်ဖက်လှရေးဟန်ဖြင့် ရေးသား ထည့်သွင်းထားခြင်း ဖြစ်ပါသည်။

# အခန်း(၁၁)

## ဗုဒ္ဓဘာသာဝင်တစ်ဦး ရှောင်ကြဉ်ရမည့်အချက်များ

**ဒုစရိုက် ၁၀–ပါး** မြန်မာအမျိုးသား လူငယ် လူရွယ် ယောကျာ်း မိန်းမများမှာ ကျောင်းစနေချိန်မှစ၍ ဘွဲ့ဒီဂရီရသည်အထိနှင့် လုပ်ငန်းခွင်စသော နေရာဌာနတိုင်းတွင် လူမျိုးနှင့် ကိုးကွယ်သည့် ဘာသာဆိုသော ကွက်လပ်၌ "ဗမာ၊ ဗုဒ္ဓဘာသာ" ဟူ၍ အမြဲ ဖြည့်ကြရပါသည်။ သဗ္ဗညုဘုရားရှင်ကို "ဗုဒ္ဓ" ဟု ခေါ်၏။ ထို ဗုဒ္ဓရှင်တော်မြတ်၏ တရားတော်ကို "ဗုဒ္ဓဘာသာ" ဟု ခေါ်၏။ ထိုဗုဒ္ဓရှင်တော်မြတ်၏ တရားတော်အတိုင်း လိုက်နာနေထိုင်သူကို "ဗုဒ္ဓ ဘာသာဝင်" ဟု ခေါ်၏။ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေဖြင့် ဗုဒ္ဓဘုရားရှင်နှင့် သူတော်စင်တို့ မနှစ်သက်အပ်၊ ပယ်အပ်သော ဒုစရိုက်(၁၀)ပါး တရားများကို သိသင့်လှပါသည်။

"ပါဏာတိပါတ" အစ "မိစ္ဆာဒိဋ္ဌိ" အဆုံးရှိသော ဒုစရိုက် ၁၀–ပါးတို့၏ အပါယ်လေးဘုံ၌ ဖြစ်ရခြင်း စသော ကြီးသော အပြစ်နှင့် ငယ်သော အပြစ် ဟူ၍ နှစ်မျိုးရှိ၏။ စင်စစ်မူ အပြစ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အကုသိုလ်ကို ရှောင်နိုင်လျှင် ကောင်း၏။

မကောင်းသောအမှုကို ပြုလုပ်ကျူးလွန်သော အလေ့အကျင့်တို့ကို ပါဠိလို ဒုစ္စရိတ၊ မြန်မာလို ဒုစရိုက်ဟု ခေါ်ပါသည်။

[ဒု = မကောင်းသော + စရိတ = စရိုက်(အကျင့်)]

ဒုစရိုက်တရားများမှာ ၁၀–ပါး ရှိပါသည်။ ယင်းတို့မှာ–

- ကာယဒုစရိုက် = မကောင်းသောကာယကံ (၃)ပါး၊
- ဝစီဒုစရိုက် = မကောင်းသောဝစီကံ (၄)ပါး၊
- မနောဒုစရိုက် = မကောင်းသောမနောကံ (၃)ပါးတို့

ဖြစ်ပါသည်။

**ကာယဒုစရိုက် = မကောင်းသော ကာယကံ(၃)ပါး**

(၁) ပါဏာတိပါတ = သူတစ်ပါးအသက်ကို သတ်ခြင်း၊

(၂) အဒိန္နာဒါန = ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတစ်ပါးဥစ္စာကို ခိုးယူခြင်း၊

(၃) ကာမေသုမိစ္ဆာစာရ = ကာမဂုဏ်တို့၌ မှားယွင်းစွာ ဖောက်ပြန်ကျူးလွန်ခြင်း။

**ဝစီဒုစရိုက် = မကောင်းသော ဝစီကံ (၄)ပါး**

(၁) မုသာဝါဒ = မဟုတ်မမှန်သော အရာကို ဟုတ်မှန်သည့်အနေဖြင့် လိမ်ညာ ပြောဆိုခြင်း၊

(၂) ပိသုဏာဝါစာ = ချောပစ်ကုန်းတိုက်ခြင်း၊ ချစ်သူနှစ်ဦး ကွဲသွားအောင်၊ သို့မဟုတ် မိမိအား ချစ်ခင်လာအောင် ချစ်သူနှစ်ဦးကို ရန်တိုက်ပေးခြင်း၊ သင့်တင့် ညီညွတ်နေသော မိတ်ဆွေနှစ်ဦးတို့ကို မသင့်မတင့်ဖြစ်အောင်၊ စိတ်ဝမ်းကွဲအောင် ပြောဆိုခြင်း၊

(၃) ဖရုသဝါစာ = ကြမ်းကြမ်းတမ်းတမ်း ဆဲရေတိုင်းထွာ ပြောဆိုခြင်း၊

(၄) သမ္ဖပ္ပလာပဝါစာ = မိမိသူတစ်ပါး နှစ်ဦးသား လုံးဝအကျိုးမရှိသော စကားပြောဆိုခြင်း။

**မနောဒုစရိုက် = မကောင်းသော မနောကံ(၃)ပါး**

(၁) အဘိဇ္ဈာ = သူများ စည်စိမ်ဥစ္စာ ချမ်းသာ ကြွယ်ဝနေသည်ကို မြင်သောအခါ "ထိုစည်းစိမ်ချမ်းသာများ ငါ၏ ဥစ္စာဖြစ်လာပါမူ ကောင်းလေစွ" ဟု သူတစ်ပါး၏ စည်းစိမ်ချမ်းသာအပေါ် မကောင်းကြံစည်ခြင်း၊

(၂) ဗျာပါဒ = သူတစ်ပါး ပျက်စီးစေလိုသည့်စိတ် ဖြစ်ပေါ်ခြင်း။

(၃) မိစ္ဆာဒိဋ္ဌိ = လှူခြင်းသည် အကျိုးမရှိ၊ မလှူခြင်းသည် အပြစ်မရှိ စသည်ဖြင့် ဖောက်ပြန်မှားယွင်းစွာ ယူခြင်း၊

ဤ ဒုစရိုက် (၁၀)ပါးကို အကုသလကမ္မပထတရား (၁၀)ပါး ဟုလည်း ခေါ်သေး၏။ [အကုသလ = အကုသိုလ်+ ကမ္မ = ကံ + ပထ = အပါယ်ရောက် ကြောင်းလမ်း]

**လင်္ကာ။ ။** ¹သက်သတ်, ခိုးမှု၊ ကာမေသု၊ သုံးခုကာယကံ။

²လှည့်စား, ရန်တိုက်၊ မိုက်မိုက်ကန်းကန်း၊ နှုတ်ကြမ်းလေ့ခြင်း၊ ပြိန်ဖျင်းစကား၊ ပြောဆိုငြား၊ လေးပါးဝစီကံ။

³သူ့ဉစ္စာမှန်၊ မတရားကြံ၍၊ ဖောက်ပြန်သေကျေ၊ ပျက်စေလိုငြား၊ အယူမှား၊ သုံးပါးမနောကံ။

၁။ သူ၏အသက်ကို သတ်ခြင်း ပါဏာတိပါတကံကို ကျူးလွန်ခြင်း အပြစ်နှင့်ပတ်သက်၍ ဓမ္မဒိန္နာအလောင်း ဆိတ်သတ်သမားသည် ဆိတ်ကို လည်ဖြတ် သတ်မိသော အကုသိုလ်ကံကြောင့် ဆိတ်မွေးအရေအတွက်နှင့်အမျှ ဘဝတိုင်း ဘဝတိုင်း၌ လည်ဖြတ်အသတ်ခံခဲ့ရပါသည်။

(ဓမ္မပဒဋ္ဌကထာ၊ ဗာလဝဂ်၊ အညတရပုရိသဝတ္ထု။)

၂။ ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတစ်ပါးဉစ္စာကို ခိုးယူခြင်း အဒိန္နာဒါနကံနှင့် ပတ်သက်၍ ဘုရားသခင်နှင့် သံဃာတော်များ လုပ်ကျွေးရန်ဖြစ်သော ပစ္စည်းများကို ခိုးယူစားသုံးမိသဖြင့် ထမင်း အစာရေစာ ငတ်မွတ်သော ခုပ္ပိပါသပြိတ္တာဖြစ်ရပုံ, ဘုရားလေးဆူတို့၏ အကြား၌ ကြီးစွာသော ဆင်းရဲခံစားပုံကို တိရောကုဋ္ဋပေတဝတ္ထု၌ လာပါသည်။

ပါရမီတော်ခန်းပျို့တွင်–

"အံ့အဲစွာမြို့၊ ပြိတ္တာတို့ကား၊ မည်သို့ခြင်းရာ၊ မဟူသာခဲ့၊ ပမာနည်းထုံး၊ ဆိုဖွယ်ဆုံးမျှ၊ နစ်သုံးလေးငါး၊ ဘုရားရှင်တော်၊ ပွင့်ငြားသော်လည်း၊ ကျွတ်ဖော်ဝေးလံ၊ နံသည်ကိုထား၊ လျှာဖျားဆွတ်လောက်၊ ရေမိုးပေါက်မျှ၊ မသောက်ရတန်၊ ပူဆာထန်၏"–

ဟူ၍ ရှင်မဟာသီလဝံသဆရာ မိန့်ဆိုတော်မူပါသည်။

၃။ မေထုန်အကျင့်တို့၌ မှားသောအားဖြင့် ကျင့်ခြင်း၊ ကာမေသုမိစ္ဆာစာရ ကံကို ကျူးလွန်မိခြင်းကြောင့် ရွှေပန်းထိမ်သည်သည် တိရစ္ဆာန်ဘဝ၌ ဇေ့းသင်း ခံရခြင်း၊ လူ့ဘဝရသော်လည်း ယောကျ်ား မဟုတ် မိန်းမ မဟုတ် နပုန်း ပဏ္ဍုက် ဖြစ်ခြင်း၊ နောက်ဆုံးဘဝတွင် မိန်းမဖြစ်ခြင်းဖြင့်သာ အရဟတ္တမဂ်ဖိုလ်သို့ ဆိုက် ရောက်ရပါသည်။

သူဌေးသား လေးယောက်သည် သူတစ်ပါး သားမယားကို ကျူးလွန်ဖျက်ဆီး ခြင်းကြောင့် လောဟကုမ္ဘီငရဲတွင် "ဒု-သ-န-သော"ဟု တစ်လုံးစီ ရွတ်ဆိုကာ နစ်လိုက် ပေါ်လိုက် ခံစားရပါသည်။

၄။ မဟုတ်မမှန် လိမ်ညာစွပ်စွဲခဲ့သော စိဉ္စမာဏဝိကာသည် ပုဆိုးကြမ်းကို ဝမ်းတွင် ရစ်ပတ်ပြီး ပျဉ်ချပ်ဖုံးအုပ်၍ ကိုယ်ဝန်ပြုလုပ်ကာ ဘုရားရှင်ကို ပရိသတ် လေးပါးအလယ်တွင် စွပ်စွဲခဲ့ပါသည်။ ထိုလိမ်လည် စွပ်စွဲသော အကုသိုလ်ကံကြောင့် မြေလွှာသည် နှစ်ဖြာကွဲ၍ မျိုခြင်းခံရပါသည်။ အဝီစိငရဲတွင် အမျိုးတို့ပေးအပ်သော ကမ္ဗလာနီခြုံဘိသကဲ့သို့ လောင်မြိုက်ခြင်း ခံရရှာပါသည်။

၅။ ချောပစ်ကုန်းတိုက်ခြင်း၌ ညီညွတ်မှုကို ကွဲပြားအောင် ကုန်းတိုက်သော ရဟန်းသည် ဘုရားတစ်ဆူတစ်ဆူအကြား၌ ငရဲသို့ ကျရောက်ခြင်း ခံရပါသည်။ ကျွန်ုပ်တို့ ဘုရားလက်ထက်ဝယ် ရာဇဂြိုဟ်ပြည်အနီး၌ ပူတိမုခပြိတ္တာမျိုး၌ ဖြစ်ရ ပါသည်။

၆။ အယုတ်တမာ ကြမ်းတမ်းစွာ ဆဲဆိုသော နန္ဒိယ၏မယား ရေဝတီသည် လူ့ပြည်၌ စဉ်းလဲခြင်း၊ ဝန်တိုခြင်းရှိသဖြင့် ရဟန်းပုဏ္ဏား ဖုန်းတောင်းယာစကာ တို့အား ဆဲရေး ရေရွတ်ခြင်း၊ ယုတ်မာသော ဖရုသဝါစာကံကြောင့် ငရဲ၌ အနှစ် နှစ်ထောင် ကျရောက်ခံရပါသည်။ ငရဲမှ လွတ်သော်လည်း လက် ခြေ နား နှာခေါင်း ဖြတ်ခြင်း ခံရပါသည်။ တစ်ဖန် ဦးခေါင်း ဖောက်ထိုးမိုးမျှော် ငရဲ၌ ပစ်ချခြင်းခံရပါသည်။

ဖရုသဝါစာ စေတနာသည် မိမိ ရည်ညွှန်းအပ်သော သူတစ်ပါးထံသို့ကား မရောက်။ မိမိအားသာလျှင် မိမိနှုတ်က ထုတ်ဖော်ဆဲရေးသော စကားအတိုင်း ဘေးအန္တရာယ် ကျရောက်တတ်သည်ကို သတိပြုသင့်လှပါသည်။

၇။ ကချေသည်တို့၏ အကြီးအမှူး ဂါမဏိသည် အကျိုးမရှိ ပြိန်ဖျင်းသော စကားကို ဆိုခြင်းဖြင့် ရာဂ ဒေါသ မောဟဖြင့် နှောင်ဖွဲ့ခြင်း၊ သတ္တဝါတို့အား

လွန်စွာတပ်နှစ်သက်ခြင်း၊ အမျက်ထွက်ခြင်းတို့ကို ဖြစ်စေ၍ တွေဝေမှုအာရုံတို့ကို အနီးသို့ဆောင်တတ်, လွန်စွာ မေ့လျော့တတ်သောကြောင့် "ပဟာသ" အမည်ရှိသော ငရဲ၌ ဖြစ်၏။

၈။ အာဂန္တုကသူဌေးသည် အဘိဇ္ဈာကံ၏ အပြစ်ကြောင့် ပစ္စည်းဥစ္စာ ပေါများသော်လည်း အမွေခံသားသမီး မရှိ၊ မိမိ ကိုယ်တိုင်လည်း ကောင်းစွာ မသုံးဆောင်နိုင်၊ မင်းဘဏ္ဍာအဖြစ် အသိမ်းခံရ၏။ သူဌေးကြီးဖြစ်သော်လည်း ပရစေတနာ ပျက်သောကြောင့် ဒါနအကျိုးကို မခံစားရ၊ မဟာရောရုဝငရဲ၌ ဖြစ်ရ၏။

၉။ ခုပ္ပိပါသ ပြိတ္တာသည် အသယှသူဌေးကြီး၏ အလှူပွဲကြီးကြပ်ရသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ခဲ့၏။ သဒ္ဓါတရား မရှိ၊ ဣဿာ၊ မစ္ဆရိယ၊ ဗျာပါဒ အားကြီး၏။ အလှူခံ ပုဂ္ဂိုလ်တို့ကို မပေးလှူရအောင် မရှိတော့ဘူးဟု ပြောဆို၏။ မလွှဲသာ၍ ပေးရလျှင်လည်း မကြည်သာသော မျက်စိ မျက်နှာဖြင့် ကြည့်ရှုခြင်းတို့ကို ပြု၏။ ဒေါသစိတ်ဖြင့် သူတစ်ပါးတို့၏ အကျိုးကို ဖျက်ဆီးသော ကံကြောင့် ခုပ္ပိပါသပြိတ္တာ ဖြစ်ရရှာ၏။ မျက်နှာ ခြေလက်တို့သည် မလှမပဖြစ်၍ ကြီးစွာသော ဆင်းရဲခြင်းတို့ကို ခံရပါသည်။

၁၀။ အယူမှားမှု, ကံ,ကံ၏ အကျိုးကို မယုံကြည်မှု, တရားသဘောကို ဖောက်ပြန်သောအားဖြင့် မြင်မှုတို့ဖြင့် မှားယွင်းသောအယူကို ကျူးလွန်သဖြင့် အပြစ်ခံရသော ကောရခတ္တိယသည် မှားသောမိစ္ဆာအယူကို ယူမိသောကြောင့် ကာလကဉ္စိက အသူရကာယ်ဘုံ၌ ဖြစ်ရရှာသည်။

(ဒီဃနိကာယ်၊ ပါထေယျဝဂ်၊ ပါထိကသုတ် ၅)။

ထို့ကြောင့် ဒုစရိုက်(၁၀)ပါးတရားကို သိရှိနားလည်ကြကုန်သော မြန်မာ လူမျိုးတို့သည် ရှေးကပြုခဲ့မိသော မကောင်းမှု အကုသိုလ်ကံတို့ကို ပပျောက်စေရန် ဒါန သီလ ဘာဝနာ စသော ကုသိုလ်တရားတို့ကို ပြုလုပ်ပွားများသင့်၏။ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်လာစေရန်၊ ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့ကို ထပ်မံပွားများ ဖြစ်ပေါ်စေရန် ကြိုးစားအားထုတ်မှု (သမ္မပ္ပဓာန်) တရားတို့ကို ပြုလုပ်သင့်ကြပါသည်။ ဤသို့ဖြင့် အပါယ်သို့ မကျရောက်အောင် နေထိုင် ကျင့်ကြံပြီး ဘာသာသွေး ဘာသာအသိတို့ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ကြပါလျှင် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးသည် အရှည်တည်တံ့ ထွန်းကား ပြန့်ပွားနိုင်မည် ဖြစ်ပါသည်။

**မရောင်းကောင်းသော ကုန်စည်မျိုး (၅)ပါး**

ဗုဒ္ဓမြတ်စွာသည် အင်္ဂုတ္တရနိကာယ ပဉ္စက နိပါတ် ဥပါသကဝဂ်၊ ဝဏိဇ္ဇ သုတ်တော်တွင် ဗုဒ္ဓဘာသာ ဥပါသကာ တစ်ယောက်အနေဖြင့် မရောင်းကောင်းသော ကုန်စည်မျိုး (၅)ပါးကို ဟောကြားတော်မူခဲ့ပါသည်။ ထို (၅) ပါးတို့မှာ–

(၁) သတ္ထဝဏိဇ္ဇာ = အများသေစေကြောင်း လေး မြား သေနတ် စသော လက်နက်ပေါင်းအမျိုးမျိုးကို ရောင်းခြင်း၊

(၂) သတ္တဝဏိဇ္ဇာ = ဆင် မြင်း လူ စသော အစေခံ သတ္တဝါ အပေါင်းကို ရောင်းခြင်း၊

(၃) မံသဝဏိဇ္ဇာ = ဝက် သမင် နွား စသော အသားစားကြောင်း သတ္တဝါအပေါင်းကို ရောင်းခြင်း၊

(၄) မဇ္ဇဝဏိဇ္ဇာ = သေရည် အရက်အမျိုးမျိုးကို ရောင်းခြင်း၊

(၅) ဝိသဝဏိဇ္ဇာ = အများကို သေစေတတ်သော အဆိပ်အမျိုးမျိုး ကို ရောင်းခြင်းတို့ ဖြစ်ပါသည်။

ဗုဒ္ဓမြတ်ဘုရားသည် ဓား လှံ လေး မြား စသော (လူသတ်) လက်နက် တို့ကို မိမိကိုယ်တိုင် ပြုလုပ်၍ လည်းကောင်း၊ တခြားတစ်ပါးသောသူကို ပြုလုပ် ခိုင်း၍လည်းကောင်း၊ သူတစ်ပါး ပြုလုပ်ပြီးသည်ကို တစ်ဆင့်ဝယ်ယူ၍လည်းကောင်း ရောင်းဝယ်ခြင်း မပြုလုပ်ရ–ဟု တားမြစ်တော်မူပါသည်။ အဘယ်ကြောင့် တားမြစ် ရသနည်းဟူမူ ဓား လှံ စသော လက်နက်တို့သည် တစ်ပါးသော သတ္တဝါတို့ကို သတ်ဖြတ်နှိပ်စက်ကြောင်း ဖြစ်သောကြောင့် ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာသည် မိစ္ဆာစာရဖြင့် အသက်မွေးသော မိန်းမပေါ့(ပြည့်တန်ဆာ) ရောင်းဝယ်ခြင်း၊ လူများကို ကျွန်ဖြစ်စေရန် ရောင်းဝယ်ခြင်း စသော လူကုန်ကူးသန်း ရောင်းဝယ်ခြင်းကို မပြုလုပ်ရဟု တားမြစ်တော်မူပါသည်။ အကြောင်းမှာ သူ့ကျွန် ၏အဖြစ်ကို ပြုတတ်သောကြောင့် ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာသည် သားသမင် နွား ကြက် ဝက် စသော ဟင်းလျာသတ္တဝါ တို့ကို မွေးမြူ၍ သားငါးမျိုး ကုန်ရောင်းခြင်းကို တားမြစ်တော်မူပါသည်။ အကြောင်းမှာ သတ္တဝါတို့ကို သတ်ဖြတ်ရခြင်း ဟူသော အကြောင်းကြောင့် ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာသည် သေရည် သေရက် ဘိန်းစသော ယစ်မျိုးကုန်ရောင်းခြင်းကို တားမြစ်တော်မူပါသည်။ အဘယ်ကြောင့်ဆိုသော် သေရည် သေရက်တို့သည် ရတနာသုံးပါး ကုသိုလ်တရားတို့၌ မေ့လျော့ကြောင်း၊ အကျိုးစီးပွားပျက်ကြောင်း ဖြစ်သောကြောင့် ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာသည် လတ်တလောသေစေတတ်သော အဆိပ်အမျိုးမျိုး၊ ယုတ်စွ အဆုံး ကိုယ်ဝန်ကျစေတတ်သောဆေးမျိုး ရောင်းစားခြင်းကို မပြုမလုပ်အပ်ဟု တားမြစ်တော်မူပါသည်။ အဘယ့်ကြောင့်ဆိုသော် အဆိပ်အမျိုးမျိုးတို့သည် တစ်ပါးသော သတ္တဝါတို့ကို သေစေတတ်သောကြောင့် ဖြစ်ပါသည်။

**လင်္ကာ။ ။** လူနှင့်လက်နက်၊ ကြက်ဝက်, ယစ်မျိုး၊ အဆိပ်ဆိုးဟု၊ ကောင်းကျိုးမရ၊ အပါယ်ကျသော၊ ဝဏိဇ္ဇငါး၊ မရောင်းစားဘဲ၊ ခုနစ်ပါးဒုစရိုက်၊ ကြဉ်ဖယ်လိုက်၍၊ အမြိုက်ဘူမိ၊ ရောက်ကြောင်းရှိသော၊ သုစရိုကျင့်၊ စိတ်ကောင်းမြင့်လျက်၊ သင့်တင့်ညီစွာ၊ ကုန်သွယ်ပါလျှင်၊ မိစ္ဆာဇီဝါ၊ ကင်းလွတ်ပါလျက်၊ သမ္မာဇီဝါ၊ ပြည့်စုံပါသည်၊ ဥပါသကာ ဇီဝတည်း။ (ဥပါသကဂုဏပကာသနီ)

ယင်းငါးမျိုးသော ကုန်စည်တို့ကို ဗုဒ္ဓဘာသာဝင်တစ်ဦးသည် ကူးသန်းရောင်းဝယ်ခြင်းမပြုဘဲ ရှောင်ကြဉ်သင့်ပါသည်။ ထိုသို့ ရှောင်ကြဉ်မှသာလျှင် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော သုစရိုက်တရားတို့ကို ကျင့်ကြံနိုင်ပါမည်။ သို့မှသာ ကောင်းမြတ်သောစိတ်ထား ပြည့်ဝပြီး သင့်တင့် ညီညွတ် မျှတသော ကုန်သွယ်မှု ဖြစ်နိုင်ပါမည်။ ကောင်းသော အသက်မွေးမှုပြုခြင်း ဖြစ်နိုင်ပေမည်။

**မှတ်ချက်။ ။**

ဤအခန်းပါ အချက်အလက်တို့ကို **'သဂြိုဟ်ဘာသာဋီကာ'** ကံခန်းကို မှတည်၍ သက်ဆိုင်ရာဝတ္ထုအကြောင်းအရာတို့ဖြင့် မွမ်းမံဖော်ပြပါသည်။ မရောင်းအပ်သောကုန်(၅)မျိုးကိုမူ **အင်္ဂုတ္တိုရ် ပါဠိတော် ဒုတိယအုပ်** စာမျက်နှာ ၁၈၃ မှ ယူ၍ ထည့်သွင်းထားပါသည်။

# အခန်း(၁၂)

## ဗုဒ္ဓဘာသာဝင်တစ်ဦး၏ တစ်နေ့တာဘာသာရေးကျင့်ဝတ်များ

**မေတ္တာဖြင့် နိုးထခြင်း** အရုဏ်ဦး အချိန်ကာလကား နေ့တစ်နေ့၏အစ ဖြစ်၏။ ထိုအချိန်ကာလတွင် ဗုဒ္ဓဘာသာဝင် တစ်ဦးသည် မေတ္တာဖြင့် နိုးထ၍ နေ့တစ်နေ့ကို စတင်သင့်၏။ "သတ္တဝါမှန်သမျှ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ"ဟု မေတ္တာပို့ခြင်းသည် အလွန်မွန်မြတ်သော အလုပ် ဖြစ်၏။ လောကကို မေတ္တာဖြင့် ရှုမြင်ခြင်း၊ အကောင်းမြင် အမြင်ဖြင့် စတင်နိုးထခြင်း ဖြစ်၏။ ဘာသာတရားကို ထိန်းသိမ်း၍ သူတော်ကောင်းဘဝဖြင့် တစ်နေ့တာ ဆက်လက် ရပ်တည်ခြင်းလည်း မည်၏။ "ကုသိုလ်ကောင်းမှုတို့၌ မမေ့ မလျော့ရ ခြင်း" စသော မင်္ဂလာတရားနှင့်လည်း ညီ၏၊ ဝါ–မင်္ဂလာရှိပေ၏။

ရှေးဗုဒ္ဓဘာသာဝင်တို့သည် အရုဏ်ဦး နိုးထစ ကာလမှာ ဘုရားဝတ်ပြုခြင်း၊ မေတ္တာပို့သခြင်း၊ ကုသိုလ်အမျှကို ပေးဝေခြင်းဖြင့် ကြေးစည်သံ တဝေဝေ လွင့်ပျံ့ အောင် ရိုက်ခတ်လေ့ရှိကြသည်။ ကြေးစည်သံသည် ဘာသာတရား ကိုင်းရှိုင်းမှု၏ သင်္ကေတ၊ သူတော်ကောင်း၏ သဘာဝ၊ မြန်မာ့ယဉ်ကျေးမှု၏ အလှအပ တစ်ခု ဖြစ်၏။ ထိုအစဉ်အလာကောင်းကို ထိန်းသိမ်းသည့်အနေဖြင့် ယခုကာလ ဗုဒ္ဓ ဘာသာဝင်တစ်ဦး သည် အရုဏ်ဦးကာလမှာ မေတ္တာဖြင့် နိုးထရုံမျှဖြင့် မပြည့်စုံသေး။ ရှေးဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ အစဉ်အလာအတိုင်း ဘုရားဝတ်တက်ခြင်း၊ မေတ္တာပို့ခြင်းစသည်ကို ပြုလုပ်ရန် မျက်နှာသစ်ခြင်း၊ အခင်းကြီး အခင်းငယ် သွားလာခြင်းကိစ္စပြီးလျှင် ဘုရားစင်ရှိရာသို့ ချဉ်းကပ်သင့်ပေသည်။

**ရေကို ဆေးဖြစ်အောင် သောက်ပါ** အိပ်ရာမှ နိုးထပြီးလျှင် မျက်နှာ သစ်ပြီး ရေသောက်ပါ။ ကျန်းမာရေးအတွက် ဆေး ဖြစ်ပါသည်။ ထိုသို့ရေသောက်ရာတွင် အောက်ပါအတိုင်း ရေကို ဆေးဖြစ်အောင် သောက်ပါလေ။

၁။ 'နမော ဗုဒ္ဓဿ' (စိတ်ကဆို၊ ရေတစ်ကျိုက်သောက်ချ။)
၂။ 'နမော ဓမ္မဿ' (စိတ်ကဆို၊ ရေတစ်ကျိုက်သောက်ချ။)
၃။ 'နမော သံဃဿ' (စိတ်ကဆို၊ ရေတစ်ကျိုက်သောက်ချ။)

၄။ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' (စိတ်ကဆို၊ ရေတစ်ကျိုက်သောက်ချ။)
၅။ 'ဓမ္မံ သရဏံ ဂစ္ဆာမိ' (စိတ်ကဆို၊ ရေတစ်ကျိုက်သောက်ချ။)
၆။ 'သံဃံ သရဏံ ဂစ္ဆာမိ' (စိတ်ကဆို၊ ရေတစ်ကျိုက်သောက်ချ။)

၇။ 'ဗုဒ္ဓဂုဏော အနန္တော' (စိတ်ကဆို၊ ရေတစ်ကျိုက်သောက်ချ။)
၈။ 'ဓမ္မဂုဏော အနန္တော' (စိတ်ကဆို၊ ရေတစ်ကျိုက်သောက်ချ။)
၉။ 'သံဃဂုဏော အနန္တော' (စိတ်ကဆို၊ ရေတစ်ကျိုက်သောက်ချ။)
၁၀။ 'မာတာပိတုဂုဏော အနန္တော' (စိတ်ကဆို၊ ရေတစ်ကျိုက်သောက်ချ။)
၁၁။ 'အာစရိယဂုဏော အနန္တော' (စိတ်ကဆို၊ ရေတစ်ကျိုက်သောက်ချ။)

၁၂။ 'ဗုဒ္ဓေါမေသရဏံ အညံ နတ္ထိ' (စိတ်ကဆို၊ ရေတစ်ကျိုက်သောက်ချ။)
၁၃။ 'ဓမ္မောမေသရဏံ အညံ နတ္ထိ' (စိတ်ကဆို၊ ရေတစ်ကျိုက်သောက်ချ။)
၁၄။ 'သံဃောမေသရဏံ အညံ နတ္ထိ' (စိတ်ကဆို၊ ရေတစ်ကျိုက်သောက်ချ။)

၁၅။ 'မမ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ' (စိတ်ကဆို၊ ရေတစ်ကျိုက်သောက်ချ။) (မိမိကိုယ်ကို မြတ်စွာဘုရားအား အပ်နှင်းပါ၏။)
၁၆။ 'မမ အတ္တာနံ ဓမ္မဿ နိယျာတေမိ' (စိတ်ကဆို၊ ရေတစ်ကျိုက်သောက်ချ။) (မိမိကိုယ်ကို တရားတော်အား အပ်နှင်းပါ၏။)
၁၇။ 'မမ အတ္တာနံ သံဃဿ နိယျာတေမိ' (စိတ်ကဆို၊ ရေတစ်ကျိုက်သောက်ချ။) (မိမိကိုယ်ကို သံဃာတော်အား အပ်နှင်းပါ၏။)

၁၈။ 'အရောဂေါ ဟောမိ' (ဤရေသည် ဆေးဖြစ်၍ ကျန်းမာပါစေသတည်း။) (ရေတစ်ကျိုက် သောက်ချ။)

**ဘုရားရှိခိုးခြင်း** ရတနာသုံးပါးကို ရှိခိုးသည့်အခါ ထိခြင်းငါးပါးဖြင့် ရှိခိုးရ၏။ "ခြေ, လက် နဖူး၊ တံတောင်, ဒူး၊ ငါးဦး ကြမ်းမှာ တည်" ဟူသည်နှင့်အညီ–

(၁) ခြေနှင့် ကြမ်းပြင် ထိခြင်း၊
(၂) လက်နှင့် ကြမ်းပြင် ထိခြင်း၊

(၃) နဖူးနှင့် ကြမ်းပြင် ထိခြင်း၊
(၄) တံတောင်နှစ်ဖက်နှင့် ကြမ်းပြင် ထိခြင်း၊
(၅) ဒူးနှစ်ဖက်နှင့် ကြမ်းပြင် ထိခြင်း။

ဤငါးမျိုးဖြင့် ထိခြင်းကို ထိခြင်း(တည်ခြင်း) ငါးပါးဟု ခေါ်ပါသည်။ ထိုသို့ ရှိခိုးရာတွင် ရတနာသုံးပါး၏ဂုဏ်တော်ကို ရည်မှန်း၍–

–ဗုဒ္ဓံ ပူဇေမိ (မြတ်စွာဘုရားကို + ပူဇော်ပါ၏)၊
–ဓမ္မံ ပူဇေမိ (တရားတော်မြတ်ကို + ပူဇော်ပါ၏)၊
–သံဃံ ပူဇေမိ (သံဃာတော်မြတ်ကို + ပူဇော်ပါ၏)–

ဟူ၍ စိတ်ဖြင့်ဖြစ်စေ၊ နှုတ်က အသံထွက် ရွတ်ဆို၍ဖြစ်စေ ရှိခိုးဦးချရပါမည်။

ယင်းနောက် "ဩကာသ ကန်တော့ချိုး" ဖြင့် အပြစ်ခပ်သိမ်း ပပျောက်စေရန် ကန်တော့ရမည်။ မိမိအိမ်၌ရှိသော ဘုရားဆင်းတုတော်ရှေ့၌ ဆိုရန်ဖြစ်၏။

**ငါးပါးသီလခံယူဆောက်တည်ပုံ** ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာ ရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ် ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

(ကန်တော့သူက ဆိုရန်)

အကယ်၍ ဘုန်းကြီးထံမှာ ဆိုပါက ဘုန်းကြီးက ဆုပေးလျှင် "ပေးသော ဆုနှင့် ပြည့်စုံရပါလို၏"ဟု ဆိုရမည်။

## သရဏဂုံနှင့် ငါးပါးသီလတောင်းပုံ ပါဠိ

- အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။
- ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။
- တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

("အာမဘန္တေ"ဟု ကန်တော့သူက ဆိုရန်)

ဘုန်းကြီးထံမှာ ဖြစ်ပါက "ယမဟံ ဝဒါမိ၊ တံ ဝဒေထ (ငါဆိုသောစကားကို လိုက်ဆိုကြ)". ဟုဆိုသောအခါ "အာမ ဘန္တေ (မှန်ပါဘုရား)"ဟု ဆိုရမည်။

## ဘုရားရှိခိုးပုံ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(သုံးကြိမ်ဆို)

## သရဏဂုံဆောက်တည်ပုံပါဠိ

-ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
-ဓမ္မံ သရဏံ ဂစ္ဆာမိ။
-သံဃံ သရဏံ ဂစ္ဆာမိ။

-ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

-တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

("အာမ ဘန္တေ"ဟု ကန်တော့သူက ဆိုရန်)

ဘုန်းကြီးထံမှာဖြစ်က "တိသရဏဂမနံ ပရိပုဏ္ဏံ(သရဏဂုံ ဆောက်တည်ခြင်းကိစ္စပြည့်စုံပြီ)" ဟု ဘုန်းကြီးက ဆိုသောအခါ "အာမ ဘန္တေ (မှန်ပါဘုရား)" ဟု ဆိုရမည်။

## ငါးပါးသီလ ခံယူဆောက်တည်ပုံ ပါဠိ

-ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

-အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

-ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

-မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

-သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

("အာမ ဘန္တေ" ဟု=ကန်တော့သူက ဆိုရန်)

ဘုန်းကြီးထံမှာဖြစ်က "တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ (သရဏဂုံနှင့် ငါးပါးသီလကို ကောင်းကောင်းမွန်မွန် မမေ့မလျော့ စောင့်ရှောက်လေ" ဟု ဆိုသောအခါ "အာမ ဘန္တေ (မှန်ပါဘုရား)" ဟု ဆိုရမည်။

ငါးပါးသီလ ဆောက်တည်ပုံ ပြီး၏။

## ရှစ်ပါးသီလ တောင်းခံပုံ ပါဠိ

(ဩကာသ-ဆိုရန်)

- အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။
- ဒုတိယမ္ပိ..........................
- တတိယမ္ပိ..........................

(နမော တဿ နှင့် သရဏဂုံ ဆိုရန်)

## ရှစ်ပါးသီလ ဆောက်တည်ပုံ ပါဠိ

- ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
- အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
- အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
- မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

- သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
- ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
- နိစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
- ဥစ္စာသယနမဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

("အာမ ဘန္တေ")ဟုဆိုရန်

ရှစ်ပါးသီလ ဆောက်တည်ပုံ ပြီး၏။

## ကိုးပါးသီလ တောင်းပုံ ပါဠိ

(သြကာသဆိုရန်)

- အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။
- ဒုတိယမ္ပိ...........................
- တတိယမ္ပိ...........................

(နမော တဿ နှင့် သရဏဂုံဆိုရန်)

## ကိုးပါးသီလ ဆောက်တည်ပုံ ပါဠိ

(၁)
(၂)
(၃)
(၄) –ရှစ်ပါးသီလဆောက်တည်စဉ်က ဆိုသည့်အတိုင်းဆိုရန်
(၅)
(၆)
(၇)
(၈)

(၉) မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရာမိ။

ကိုးပါးသီလ ဆောက်တည်ပုံ ပြီး၏။

## အာဇီဝဋ္ဌမကသီလ တောင်းခံပုံ ပါဠိ

(ဩကာသဆိုရန်)

– အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ အာဇီဝဋ္ဌမက သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ ။

(နမော တသ္သ နှင့် သရဏဂုံဆိုရန်)

– ဒုတိယမ္ပိ................................

– တတိယမ္ပိ...............................

## အာဇီဝဋ္ဌမကသီလ ဆောက်တည်ပုံ ပါဠိ

| | | | |
|---|---|---|---|
| – | ပါဏာတိပါတာ | ဝေရမဏိသိက္ခာပဒံ | သမာဒိယာမိ။ |
| – | အဒိန္နာဒါနာ | ဝေရမဏိသိက္ခာပဒံ | သမာဒိယာမိ။ |
| – | ကာမေသုမိစ္ဆာစာရာ | ဝေရမဏိသိက္ခာပဒံ | သမာဒိယာမိ။ |
| – | မုသာဝါဒါ | ဝေရမဏိသိက္ခာပဒံ | သမာဒိယာမိ။ |
| – | ပိသုဏာဝါစာ | ဝေရမဏိသိက္ခာပဒံ | သမာဒိယာမိ။ |
| – | ဖရုသဝါစာ | ဝေရမဏိသိက္ခာပဒံ | သမာဒိယာမိ။ |
| – | သမ္ဖပ္ပလာပါ | ဝေရမဏိသိက္ခာပဒံ | သမာဒိယာမိ။ |
| – | မိစ္ဆာဇီဝါ | ဝေရမဏိသိက္ခာပဒံ | သမာဒိယာမိ။ |

အာဇီဝဋ္ဌမကသီလ ဆောက်တည်ပုံ ပြီး၏။

## ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး ကပ်လှူခြင်း

### ဆွမ်းတော်ကပ်နှင့် ဆုတောင်း

အရဟတာဒိနဝဂုဏေဟိ = အရဟံ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမန္နာဂတံ = ပြည့်စုံတော်မူသော။ နာထံ = လူနတ်တို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော။ ဗုဒ္ဓံ = သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို။ ဥဒ္ဒိဿ = ရည်မှတ်၍။ စေတိယဿ = ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂ စေတီတော်မြတ်အား။ ဝဏ္ဏ ဂန္ဓ ရသ သမ္ပန္နံ = အဆင်း အနံ့ အရသာနှင့် ပြည့်စုံသော။ ဣမံ ပိဏ္ဍပါတ ခါဒနိယ ဘောဇနိယံ = ဤ ဆွမ်း ခဲဖွယ် ဘောဇဉ် ချိုချဉ်အရသာ အဖြာဖြာကို။ သက္ကစ္စံ=ရိုရိုသေသေ။ ဒေမိ=နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏ဘုရား။ ပူဇေမိ=နိဗ္ဗာန်ရည်မျှော် ပူဇော်ပါ၏ အရှင်ဘုရား။

**ဆုတောင်းပါဠိ။ ။** ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု။

**အနက်။ ။** မေ=တပည့်တော်၏။ ဣဒံ ပုညံ = ဤကောင်းမှုသည်။ အာသဝက္ခယာ ဝဟံ= အာသဝေါတရား လေးပါးတို့၏ ကုန်ရာ ကုန်ကြောင်း ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို ကေန် ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဟောတု= ဖြစ်ပါစေသတည်း။

**ရေချမ်းကပ်နှင့် ဆုတောင်း**

| | | |
|---|---|---|
| **အရဟာတာဒိနဝဂုဏောပေတိ** | = | (ဆွမ်းကပ်နည်းတူဆို) |
| **သမန္တာဂတံ** | = | ( ။ ) |
| **နာထံ** | = | ( ။ ) |
| **ဗုဒ္ဓံ** | = | ( ။ ) |
| **ဥဒ္ဒိဿ** | = | ( ။ ) |
| **စေတိယဿ** | = | ( ။ ) |

သုဒ္ဓသီတလပသန္နံ= သန့်ရှင်းအေးမြ ကြည်လင်လှသော။ ဣမံ ပါနီယ ပရိဘောဇနီယံ= ဤသောက်တော်ရေ သုံးတော်ရေကို။

| | | |
|---|---|---|
| သက္ကစ္စံ | = | (ဆွမ်းကပ်နည်းတူဆို) |
| ဒေမိ | = | ( ။ ) |
| ပူဇေမိ | = | ( ။ ) |

ဆုတောင်းပါဠိ ]
အနက် (ဆွမ်းကပ်နည်းတူဆို)

**ပန်းတော်ကပ်နှင့် ဆုတောင်း**

| | | |
|---|---|---|
| အရဟာတာဒိနဝဂုဏောပေတိ | = | (ဆွမ်းကပ်နည်းတူဆို) |
| သမန္တာဂတံ | = | ( ။ ) |
| နာထံ | = | ( ။ ) |
| ဗုဒ္ဓံ | = | ( ။ ) |
| ဥဒ္ဒိဿ | = | ( ။ ) |
| စေတိယဿ | = | ( ။ ) |

ဝဏ္ဏ ဂန္ဓသမ္ပန္နံ= အဆင်းအနံ့နှင့် ပြည့်စုံသော။ ဣမံ ပုပ္ဖံ= ဤပန်းကို။

| | | |
|---|---|---|
| သက္ကစ္စံ | = | (ဆွမ်းကပ်နည်းတူဆို) |
| ဒေမိ | = | ( ॥ ) |
| ပူဇေမိ | = | ( ॥ ) |

**ဆုတောင်းပါဠိ** ] (ဆွမ်းကပ်နည်းတူဆို)
**အနက်**

## ဆီမီးတော်ကပ်နှင့် ဆုတောင်း

အရဟတာဒိနဝဂုဏေဟိ=အရဟံ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်။ **သမန္နာဂတံ**=ပြည့်စုံတော်မူသော။ သဗ္ဗညုတာနာဝရဏဉာဏေဟိ=သဗ္ဗညုတဉာဏ်, **အနာဝရဏဉာဏ်**တော်တို့ဖြင့်။ တိလောကေ=သုံးပါးသော လောက၌။ အဝိဇ္ဇာ အန္ဓကာရံ=အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို။ ဝိဓမိတွာ=ပယ်ဖျောက်၍။ ဇလံ–ဇလန္တော=ထွန်းလင်းတောက်ပတော် မူစေနိုင်သော။ ဗုဒ္ဓံ=သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို။ ဥဒ္ဒိဿ=ရည်မှတ်၍။ စေတိယဿ=ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီတော်မြတ်အား။ ပဘာဝဏ္ဏေဟိ=အရောင်အဆင်း တို့ဖြင့်။ အန္ဓကာရံ=အမိုက်မှောင်ကို။ ဝိနာသကံ=ပယ်ဖျောက်တတ်သော။ ဣမံ ဒီပဇာလံ= ဤဆီမီးလျှံကို။ သက္ကစ္စံ=ရိုရိုသေသေ။ ဒေမိ=နိဗ္ဗာန်ရည်မှန်း လှူဒါန်း ပါ၏ အရှင်ဘုရား။ **ပူဇေမိ= နိဗ္ဗာန်ရည်မျှော်** ပူဇော်ပါ၏ အရှင်ဘုရား။

**ဆုတောင်းပါဠိ** ] (ဆွမ်းကပ်နည်းတူဆို)
**အနက်**

## မေတ္တာပို့ခြင်း

ဘုရားရှိခိုးပြီးနောက် ပရိတ်ကြီး (၁၁)သုတ်မှ လိုရာသုတ်ကို ဖြစ်စေ၊ ဤကျမ်းစာအုပ်ပါ အန္တရာယ်ကင်း ပရိတ်ဂါထာကိုဖြစ်စေ၊ အခြား မိမိတို့ ကြိုက်နှစ်သက်ရာ ပရိတ်ဂါထာများကိုဖြစ်စေ ရွတ်ပွား၍ ဘဝအတွက် အရံအတား ပြုလုပ်ရပါမည်။

ပရိတ်တော် အရံအတားပြုပြီးနောက် သတ္တဝါတို့အား မေတ္တာ ပို့သရမည်။ ဤကျမ်းစာအုပ်၌ ဖော်ပြထားသည့် မေတ္တာပို့ကား အရပ်မျက်နှာအသီးသီးကို ဖြန့်ကြက်၍ ပို့သသော (ဒိသာဖရဏ) မေတ္တာပို့ဖြစ်၏။ တိပိဋကဓရ ဓမ္မဘဏ္ဍာ

ဂါရိက အဘိဓမ္မမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသဆရာတော်က ပဋိသမ္ဘိဒါမဂ်ပါဠိတော်နှင့်အညီ ရေးသားတော်မူသည့် မေတ္တာပို့ဖြစ်သည်။

(၁) အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့-

–ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊
–ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊
–ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊
–နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

(၂) အနောက်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့-

–ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊
–ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊
–ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊
–နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

(၃) မြောက်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့-

–ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊
–ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊
–ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊
–နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

(၄) တောင်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့-

–ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊
–ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊
–ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊
–နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

(၅) အရှေ့တောင်ထောင့်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့-

–ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊
–ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊
–ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊
–နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

(၆) အနောက်မြောက်ထောင့်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့-

–ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊
–ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊
–ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊
–နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

(၇) အရှေ့မြောက်ထောင့်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့-

–ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊
–ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊
–ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊
–နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

(၈) အနောက်တောင်ထောင့်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့-

–ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊
–ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊
–ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊
–နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

(၉) အောက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တစကြဝဠာ အပါယ်ဘုံသား အနန္တသတ္တဝါတို့-

–ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊
–ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊
–ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊
–နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

(၁၀) အထက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တစကြဝဠာ အနန္တနတ်ဗြဟ္မာတို့-

–ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊
–ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊
–ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊
–နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

**မေတ္တာဘာဝနာ(၁၁)မျိုး** ဤမေတ္တာဘာဝနာ (၁၁)မျိုးကား **မေတ္တာသုတ်** ပရိတ်တော်လာ **မေတ္တာပို့နည်း ဖြစ်သည်။ တိပိဋကဓရ** ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု **ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော်က** ရွတ်ဆိုလွယ်စေရန် သံပေါက်ကဗျာဖြင့် **ရေးဖွဲ့ထားပါသည်။**

(၁) လုံးစုံများစွာ၊ သတ္တဝါ၊ **ချမ်းသာကိုယ်စိတ်မြဲပါစေ။**
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၂) ကြောက်တတ်, မကြောက်တတ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ **ချမ်းသာကိုယ်စိတ် မြဲပါစေ။**
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၃) မြင်အပ်, မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၄) ဝေးနေ, နီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၅) ဘဝဇာတ်ဆုံး၊ မဆုံးများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၆) ရှည်, တို, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၇) ကြီး, ငယ်, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၈) ဆူ, ကြုံ, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၉) လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။

(၁၀) အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

(၁၁) ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

မေတ္တာပို့ပြီး၏။

**ဆုတောင်းအမျှဝေ**

မေတ္တာပို့ပြီးသောအခါ အာနာပါန (ထွက်သက်ဝင်သက်ရှုမှတ်မှု) စသော သမထကျင့်စဉ် တစ်မျိုးမျိုးကိုဖြစ်စေ၊ ဝိပဿနာကျင့်စဉ်ကိုဖြစ်စေ ရှုမှတ်ရမည်။

လုပ်ငန်းအားလုံး ပြီးဆုံးပြီးနောက် ပြုလုပ်ပြီးသမျှ ကုသိုလ်ကောင်းမှုနှင့် ပတ်သက်၍ ဖော်ပြလတ္တံ့ပါအတိုင်း ဆုတောင်းပြီး အမျှဝေရမည် ဖြစ်သည်–

- ဤသို့ပြုရ၊ မြတ်ပုညကြောင့်၊ ချမ်းမြအေးကြည်၊ ဘေးမဲ့မည်သည့်၊ ရွှေပြည်ထုတ်ချောက်၊ လမ်းမကောက်ဘဲ၊ ရောက်ရပါလို၊ (တောင်းဆုဆို၏)၊ ထိုထိုဘဝ၊ ကျင်လည်ရလည်း၊ ဒုက္ခဘေးဒဏ်၊ ရန်မာန်အပေါင်း၊ မကောင်းဟူသမျှ၊ မတွေ့ရဘဲ၊ သဗ္ဗညုတ္တာ၊ မဂ်လာကို၊ ရှယ်ကာ တ–တိုင်း ရစေသော်။
- ယနေ့ယခု၊ ပြုပြုသမျှ၊ မြတ်ဘာဂကို၊ မိဘဆရာ၊ မျိုးသဟာနှင့်၊ ကိုယ်မှာစောင့်ကြပ်၊ ကိုယ်စောင့်နတ်က၊ အရင်း စ၍၊ ရှိသမျှလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျတို့၊ ရကြပါစေ၊ ပေးငှဝေသည်၊ များထွေသာဓု ခေါ်စေသော်။

ဆုတောင်း အမျှဝေ ပြီး၏။

**သီလခံယူခြင်း၊ ဘုရားရှိခိုးခြင်း စသည်တို့၏ အကျိုးများ**

ဗုဒ္ဓဘာသာဝင်တစ်ဦးသည် နေ့စဉ်နှင့် အမျှ သီလခံယူခြင်း၊ ဘုရားရှိခိုးခြင်း စသော ကုသိုလ်မှုကို ပြု၏။ ယင်းသို့ပြုရခြင်း၏ အကျိုးကျေးဇူးကို သိထားပါမှ မိမိ၏ ကုသိုလ်မှုကို ပိုမို၍ အားတက်ကြည်ညိုနိုင်မည် ဖြစ်သည်။ သို့ဖြစ်၍ ဤ၌ သိမှတ်လွယ်ရုံ အကျဉ်းမျှ ဖော်ပြပါမည်။

**(၁) သီလဆောက်တည်ခြင်း၏အကျိုး** ဝိမာနဝတ္ထုတော်တွင် ဥတ္တရာနတ်သမီး၊ သောဏဒိန္နာနတ်သမီး၊ ဥပေါသထာ နတ်သမီးတို့သည် ဥပုသ်သီလဆောက်တည်ကျင့်သုံးသဖြင့် ကြီးကျယ်ခမ်းနားသောနတ်စည်းစိမ်ကို ရရှိကြောင်း ဖော်ပြထား၏။ ဥပုသ်သီလ ဆောက်တည်သဖြင့် ကောင်းကျိုးရသော အခြားသာဓကဝတ္ထုများလည်း များစွာရှိပေသေး၏။ သို့ဖြစ်၍ ဥပုသ်သီလကို မပြတ်စောင့်ထိန်းသင့်ကြပါသည်။

**(၂) ဘုရားရှိခိုးခြင်း၏ အကျိုး** မြတ်ဗုဒ္ဓ ရှေလက်ထက်တော်အခါက မဏ္ဍကုဏ္ဍလီ အမည်ရှိလူတစ်ဦးသည် သေလုဆဲဆဲ အိပ်ရာထဲ လဲနေ၏။ ထိုသူသေလျှင် ငရဲသို့ ကျရောက်မည် ဖြစ်ကြောင်း မြတ်ဗုဒ္ဓက မြင်တော်မူ၏။ မြတ်ဗုဒ္ဓသည် ထိုသူ့အား ကယ်တင်လိုသဖြင့် ထိုသူနေထိုင်ရာအိမ်ရှေ့သို့ ကြွရောက်ရပ်တန့်ပြီး ရောင်ခြည်တော်တို့ကို လွှတ်တော်မူသည်။ ထိုသူသည် ဘုရားရှင်အား ဖူးမြင်ခွင့်ရသဖြင့် ကြည်ညိုစိတ်ပေါ်လာပြီး အိပ်လျက်ပင် ရှိခိုး၏။ မကြာခင် ထိုသူ သေလွန်လျှင် နတ်ပြည်၌ တစ်ဆယ့်နှစ်ယူဇနာရှိသော ရွှေဗိမာန်ရှင် နတ်သားဖြစ်လေသည်[၁]။

ထိုမျှရှိခိုး၍ အကျိုးရသည်ကို ထားဘိဦး၊ သုမေဓာဘုရားလက်ထက်တော်က ဥပါသကာတစ်ဦးသည် သူတစ်ပါးတို့အား စေတီတော်ကို ရှိခိုးရန် တိုက်တွန်းသဖြင့် သေလွန်သောအခါ တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်ရလေသည်[၂]။

**(၃) မေတ္တာပို့သခြင်းအကျိုး** ဗုဒ္ဓရှင်တော်ဘုရားလက်ထက်တော်အခါက တောကျောင်းနေ ရဟန်းငါးရာတို့ကို နတ်ဘီလူးတို့က ခြောက်လှန့်ကြ၏။ ထို့ကြောင့် ရဟန်းတို့သည် တရားအားထုတ်သော်လည်း တရားထူးကို မရနိုင်ကြ။ မြတ်ဗုဒ္ဓက ထိုရဟန်းတို့အား နတ်ဘီလူးတို့ ခြောက်လှန့်မှု မပြုရန် မေတ္တာသုတ်ပရိတ်တော်ကို ဟောကြား သင်ပြတော်မူသည်။ ထိုရဟန်းတို့သည် မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ဆို၍ မေတ္တာပို့သဖြင့် နတ်ဘီလူးတို့ ခြောက်လှန့်မှု ကင်းဝေးခဲ့၏။

---

၁။ ဝိမာန၊ ဋ္ဌ၊ မဋ္ဌကုဏ္ဍလိဝိမာနဝတ္ထု။

၂။ ဝိမာန၊ ဋ္ဌ၊ အနေကဝဏ္ဏနတ်သားသတ္ထု။

ထိုမျှသာမက မေတ္တာ၏အကျိုး (၁၁)မျိုးကို ရရှိနိုင်ကြပေသေးသည်။ ယင်းတို့ကား–

(၁) ချမ်းသာစွာ အိပ်ရခြင်း၊
(၂) ချမ်းသာစွာ နိုးထရခြင်း၊
(၃) အိပ်မက်ဆိုးကို မမြင်မက်ခြင်း၊
(၄) နတ်တို့က စောင့်ရှောက်ခြင်း၊
(၅) လူအများ ချစ်ခင်ခြင်း၊
(၆) မီးဘေး မသင့်နိုင်ခြင်း၊
(၇) အဆိပ်, လက်နက် မသင့်ရောက်နိုင်ခြင်း၊
(၈) စိတ်တည်ကြည်ခြင်း၊
(၉) မျက်နှာကြည်လင်ခြင်း၊
(၁၀) တွေဝေစွာ မသေရခြင်း၊
(၁၁) သေလွန်လျှင် ဗြဟ္မာ့ပြည် ရောက်နိုင်ခြင်း–

ဟူ၍ တစ်ဆယ့်တစ်ပါးရှိကြောင်း ပြဆိုထားပါသည်။

**(၄) ဆွမ်း ကပ်လှူရခြင်း အကျိုး** ရာဇဂြိုဟ်ပြည်၌ အာစာမဒါယိကာ အမျိုးသမီးသည် သူဌေးအိမ်မှ စားကြွင်းစားကျန် ထမင်းချိုးကို ရသဖြင့် အရှင်မဟာကဿပအား လှူဒါန်း၏။ ထိုကုသိုလ်ကြောင့် သေလွန်လျှင် နိမ္မာနရတိနတ်ပြည်၌ နတ်သမီးဖြစ်ရလေသည်[၁]။ ဆွမ်းလှူသူများ ရရှိသော အကျိုးကို ဖော်ပြသော အခြားသာဓကဝတ္ထု များစွာ ရှိသေး၏။

ဆွမ်းလှူသဖြင့် ရရှိနိုင်သော အကျိုးတရား (၅) မျိုးကိုလည်း အင်္ဂုတ္တိုရ် ပါဠိတော် ဘောဇနသုတ်တွင် ပြဆိုထားပါသည်။ ယင်းတို့မှာ–

(၁) အသက်ရှည်ခြင်း၊
(၂) အဆင်းလှခြင်း၊
(၃) ကိုယ်စိတ် ချမ်းသာခြင်း၊
(၄) ခွန်အား ဗလ ကြီးမားခြင်း၊
(၅) ဉာဏ်ပညာ ကြီးမားခြင်းတို့ ဖြစ်သည်။

---

၁။ ဝိမာန၊ ၄၊ အာစာမဒါယိကာဝတ္ထု

**(၅) ရေချမ်း ကပ်လှူရခြင်း အကျိုး** မြတ်ဗုဒ္ဓရှေ့လက်ထက်တော်က သာဝတ္ထိ မြို့နယ်ရှိ ကျေးရွာတစ်ရွာမှ အမျိုးသမီး တစ်ဦးသည် ဘုရားဖူးခရီးသည် ရဟန်းတော်များအား ရေလှူသဖြင့် သေလွန်လျှင် တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်ပြီး ခမ်းနားကြီးကျယ်သော နတ်စည်းစိမ်ကို ခံစားရလေသည်[၁]။

ထို့ပြင် ရေအကျိုး ဆယ်ပါးရှိကြောင်း လူအများ သိကြ၏။ ယင်းတို့ကား-

(၁) လျင်မြန်ခြင်း၊
(၂) သန့်ရှင်းစင်ကြယ်ခြင်း၊
(၃) ကျော်ကြား လူသိများခြင်း၊
(၄) ဆာလောင် မွတ်သိပ်မှု ကင်းခြင်း၊
(၅) အခြွေအရံ များခြင်း၊
(၆) အသက်ရှည်ခြင်း၊
(၇) အဆင်းလှခြင်း၊
(၈) ချမ်းသာကြီးခြင်း၊
(၉) ခွန်အားဗလ ကြီးမားခြင်း။
(၁၀) ဉာဏ်ပညာ ကြီးမားခြင်း တို့ ဖြစ်ပါသည်။

**ဆောင်ပုဒ်။** ။ ကိတ္တိ, သုခ္ခေါ၊ ခြွေရံပေါ၊ လျင်ဆော၊ မွတ်သိပ်ကွာ။
သန့်ရှင်း, ဆင်းလှ, ချမ်းသာရ၊ ဗလ, ဉာဏ်ပညာ။
ရေကိုလှူကြ၊ ကျိုးဆယ်ဝ၊ မုချရမည်သာ။

**(၆) ပန်း လှူရသော အကျိုး** ကဿပမြတ်စွာဘုရား လက်ထက်တော် က အမျိုးသမီး လေးယောက်သည် ရဟန်းတစ်ပါး အား ပန်းတို့ကို လှူဒါန်းကြ၏။ သေလွန်လျှင် ထိုကုသိုလ်ကြောင့် တာဝတိံသာ နတ်ပြည်၌ နတ်သမီးဖြစ်ပြီး နတ်စည်းစိမ်ကို ခံစားကြရလေသည်။ ဤသို့ဖြင့် ထိုနတ်ပြည်မှာ ဆက်ကာဆက်ကာ ဖြစ်ရပြီး ဤဘုရားလက်ထက်တွင် နတ်သမီး ဘဝဖြင့် တရားနာကြရကာ သောတာပန် ဖြစ်ကြလေသည်[၂]။

---

၁။ ဝိမာန၊ ဋ္ဌ၊ လေ့ယာဉ်စီး နတ်သမီးဝတ္ထု။
၂။ ဝိမာန၊ ဋ္ဌ၊ ပန်းလှူသော နတ်သမီးလေးယောက်ဝတ္ထု။

ပန်းလှူသဖြင့် ရနိုင်သော အခြားအကျိုးများလည်း ရှိသေး၏။ ယင်းတို့ကား-

(၁) ရုပ်ရည် လှပခြင်း၊
(၂) ကိုယ်ခန္ဓာ သန့်ရှင်းခြင်း၊
(၃) ခံတွင်း မွှေးကြိုင်ခြင်းတို့ ဖြစ်သည်။

## (၇) ဆီမီး လှူရသော အကျိုး

ဂေါတမဗုဒ္ဓလက်ထက်တော်အခါက သာဝတ္ထိ ပြည်သူတစ်ဦးသည် တရားပွဲ၌ **ဆီမီးညှိထွန်း** လှူဒါန်းသဖြင့် သေလွန်သောအခါ တာဝတိံသာနတ်ပြည်၌ **ဖြစ်ရလေသည်**[၁]။

**ဆီမီးလှူဒါန်းသဖြင့်** ရရှိနိုင်သော အခြားအကျိုးများလည်း ရှိပေသေး၏။ ယင်းတို့ကား-

(၁) ပကတိ မျက်စိကြည်လင်ခြင်း၊
(၂) ဉာဏ်(မျက်စိ) ကြည်လင်ခြင်းတို့ဖြစ်သည်။

## ဗုဒ္ဓဘာသာဝင်တစ်ဦး၏ တစ်နေ့တာကာလ

ဖော်ပြခဲ့သည့်အတိုင်း ဗုဒ္ဓဘာသာဝင်တစ်ဦးသည် အရုဏ်ဦးအခါ မေတ္တာဖြင့်နိုးထ၍ သီလခံယူခြင်း၊ ဘုရားရှိခိုးခြင်း စသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ရမည်။ ယင်းနောက် စီးပွားရေး၊ လူမှုရေး၊ အမျိုး ဘာသာ သာသနာရေးတို့ကို ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ ဤသို့ဖြင့် တစ်နေ့တာကုန်ဆုံး၍ ညအိပ်ရာဝင်သောအခါ အရုဏ်ဦးကာလကကဲ့သို့ သီလခံယူခြင်း၊ ဘုရားရှိခိုးခြင်း စသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ရမည်။

ဤသို့ ပြုလုပ်ခြင်းဖြင့်-

"ဥစ္စာပေါမှု၊ ကုသိုလ်ပေါရာ၊
ပညာပေါကြွား၊ ပေါသုံးပါးကို၊
မနားမနေ၊ ကြိုးစားလေ"-

ဟူသော အဆုံးအမကို လိုက်နာကျင့်ကြံရာရောက်ပေသည်။

---

၁။ ဝိမာန၊ ၄၊ ဇောတိသရ နတ်သမီးဝတ္ထု။

ထိုသူမျိုးသည် သောက်စားရမ်းကားခြင်း စသော မကောင်းမှုမျိုးကို ပြုလုပ်ရန် နေရာရှိမည်မဟုတ်။ ဗုဒ္ဓဘာသာဝင်တိုင်းသည် ထိုသို့ကျင့်ကြံ နေထိုင်ရမည် ဖြစ်ပါသည်။ ဤသို့ဖြစ်လျှင် ထိုသူမျိုးတို့ နေထိုင်ရာ မြို့ရွာနိုင်ငံသည် အဘယ်မှာ မငြိမ်းချမ်း မသာယာဘဲ နေပါတော့မည်နည်း။ သို့ဖြစ်၍ လူသားလောက ငြိမ်းချမ်း သာယာမှု ရစေရန်အတွက် ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓဘာသာဝင်တို့ နေထိုင် ကျင့်ကြံနည်းဖြင့် တစ်နေ့တာကာလကို ကုန်လွန်စေရမည် ဖြစ်ပါသည်။

**မှတ်ချက်။ ။**

ဤအခန်းပါ အချက်အလက်တို့သည် အိမ်သုံးဗုဒ္ဓဘာသာ စာအုပ် အမျိုးမျိုး၌ ပါရှိသော အချက်အလက်တို့ကို စုစည်းဖော်ပြထားသော အချက်အလက်များ ဖြစ်ပါသည်။

## အခန်း (၁၃)

# နှုတ်ငုံဆောင်ရန် ဂုဏ်တော်နှင့် သီလ ပါဠိ အနက်များ

## (က) ဘုရားဂုဏ်တော်ကိုးပါး ပါဠိနှင့် အနက်

**ဘုရားဂုဏ်တော်ကိုးပါးပါဠိ**

ဣတိပိ သော ဘဂဝါ-

(၁) အရဟံ
(၂) သမ္မာသမ္ဗုဒ္ဓေါ
(၃) ဝိဇ္ဇာစရဏသမ္ပန္နော
(၄) သုဂတော
(၅) လောကဝိဒူ
(၆) အနုတ္တရော ပုရိသဒမ္မသာရထိ
(၇) သတ္ထာ ဒေဝမနုဿာနံ
(၈) ဗုဒ္ဓေါ
(၉) ဘဂဝါ။

**ဘုရားဂုဏ်တော် ကိုးပါးအနက်**

**(၁) အရဟံဂုဏ်တော်။** ။ သော ဘဂဝါ= သစ္စာလေးဆင့် ခိုင်လုံးရင့်ကာ ပွင့်လာခေါင်ဖျား ထိုအောင်တော်မူ မြတ်စွာဘုရားသည်။ ဣတိပိ = ဤသို့ ကိလေသာတို့မှ ကင်းဝေးတော်မူခြင်း၊ ကိလေသာရန်သူတို့ကို ပယ်သတ်တော်မူခြင်း၊ သံသရာစက်၏ အကန့်အထောက်တို့ကို ဖျက်ဆီးတော်မူခြင်း၊ ပူဇော်အထူးနှင့်တကွ ပစ္စည်းလေးပါးတို့ကို ခံယူတော်မူထိုက်ခြင်း၊ မကောင်းမှုကို ပြုလုပ်ဖွယ် ဆိတ်ကွယ်ရာ မရှိခြင်းဟူသော အကြောင်းကြောင့်လည်း။ အရဟံ = "အရဟာ"ဟူသော ဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပါပေ၏။

**(၂) သမ္မာသမ္ဗုဒ္ဓဂုဏ်တော်။** ။ သော ဘဂဝါ= ထိုမြတ်စွာဘုရားသည်။ ဣတိပိ= ဤသို့ သယမ္ဘူဉာဏ်တော်မြတ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် ကြွင်းမဲ့ဥဿုံ အလုံးစုံသော ဉေယျခံ တရားဟူသမျှတို့ကို ကောင်းစွာ မဖောက်မပြန် အမှန်ထိုးထွင်း အလင်းထင်ပေါ် သိမြင်တော်မူသော အကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ = "သမ္မာသမ္ဗုဒ္ဓ"ဟူသော ဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပါပေ၏။

**(၃) ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်။** ။ သော ဘဂဝါ= ထိုမြတ်စွာဘုရားသည်။ ဣတိပိ= ဤသို့ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတရား တစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော = "ဝိဇ္ဇာစရဏသမ္ပန္န"ဟူသော ဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပါပေ၏။

**(၄) သုဂတဂုဏ်တော်။** ။ သော ဘဂဝါ= ထိုမြတ်စွာဘုရားသည်။ ဣတိပိ= ဤသို့ ငြိကပ်မှုကင်း သန့်ရှင်းလှစွာ ကြွသွားတော်မူခြင်း၊ ကောင်းသော နိဗ္ဗာန်သို့ ဦးတည်၍ ကြွချီတော်မူခြင်း၊ သင့်တင့်လျောက်ပတ် ကောင်းမြတ်သော စကားတော်ကိုသာ မြွက်ဆိုတော်မူခြင်းဟူသော အကြောင်းကြောင့်လည်း။ သုဂတော = "သုဂတ"ဟူသောဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပါပေ၏။

**(၅) လောကဝိဒူဂုဏ်တော်။** ။ သော ဘဂဝါ= ထိုမြတ်စွာဘုရားသည်။ ဣတိပိ= ဤသို့ သတ္တလောက သင်္ခါရလောက ဩကာသလောက တည်းဟူသော လောကသုံးပါးတို့ကို လည်းကောင်း, လောက၏သဘာဝ လောက၏ဖြစ်ကြောင်းတရား လောက၏ချုပ်ငြိမ်းမှုနှင့် လောက၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်းကိုလည်းကောင်း အကြွင်းမရှိ သိမြင်တော်မူသော အကြောင်း ကြောင့်လည်း။ လောကဝိဒူ = "လောကဝိဒူ"ဟူသော ဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပါပေ၏။

**(၆) အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်။** ။သော ဘဂဝါ= ထိုမြတ်စွာဘုရားသည်။ ဣတိပိ= ဤသို့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်တို့ဖြင့် မိမိတက် သာလွန်သူ တစ်စုံတစ်ယောက်မျှ မရှိခြင်း၊ မယဉ်ကျေးသေးသော လူနတ် ဗြဟ္မာ သတ္တဝါတို့ကို ယဉ်ကျေးလိမ္မာအောင် ဆုံးမတော်မူနိုင်ခြင်း၊ ယင်းသို့ ဆုံးမရာ၌ အတုမရှိ အောင်မြင်တော်မူခြင်း–ဟူသော အကြောင်းကြောင့်လည်း။ အနုတ္တရော

ပုရိသဒမ္မသာရထိ= "အနုတ္တရော ပုရိသဒမ္မသာရထိ"ဟူသော ဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပါပေ၏။

**(၇) သတ္ထာ ဒေဝမနုဿာနဂုဏ်တော်။** ။ သော ဘဂဝါ= ထိုမြတ်စွာဘုရားသည် ဣတိပိ= ဤသို့ ဗြဟ္မာနတ်လူ သုံးဘုံသူတို့အား ပစ္စုပ္ပန်သံသရာ နှစ်ဖြာအကျိုး ဖွံ့ဖြိုးစေခြင်းငှာ သင့်တင့်လျောက်ပတ်ကောင်းမြတ်သော အဆုံးအမကို ပေးတော်မူတတ်ခြင်း၊ ဘဝကန္တာရခရီးခဲမှ သတ္တဝါတို့ကို ထုတ်ဆောင် ကယ်တင်တော်မူတတ်ခြင်းဟူသော အကြောင်းကြောင့်လည်း။ သတ္ထာ ဒေဝမနုဿာနံ= "သတ္ထာ ဒေဝမနုဿာနံ"ဟူသော ဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပါပေ၏။

**(၈) ဗုဒ္ဓဂုဏ်တော်။** ။ သော ဘဂဝါ= ထိုမြတ်စွာဘုရားသည်။ ဣတိပိ= ဤသို့ သစ္စာလေးပါး မြတ်တရားကို ထင်ရှားပိုင်ပိုင် ကိုယ်တော်တိုင်လည်း သိတော်မူခြင်း၊ သူတစ်ပါးတို့ကိုလည်း မိမိနည်းတူ သိမြင်စေခြင်းငှာ ဟောကြားပြသ ဆုံးမတော်မူခြင်း ဟူသော အကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ= "ဗုဒ္ဓ"ဟူသော ဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပါပေ၏။

**(၉) ဘဂဝါဂုဏ်တော်။** ။ သော ဘဂဝါ= ထိုမြတ်စွာဘုရားသည်။ ဣတိပိ= ဤသို့ အလေးပြုအပ်ခြင်း မာရ်ငါးပါးကို ဖျက်ဆီးအောင်မြင်ပြီးဖြစ်ခြင်း၊ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တတည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူခြင်းစသော အကြောင်းကြောင့်လည်း။ ဘဂဝါ= "ဘဂဝါ"ဟူသော ဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပါပေ၏။

## (ခ) တရားဂုဏ်တော်ခြောက်ပါး ပါဠိနှင့်အနက်

**တရားဂုဏ်တော် ခြောက်ပါး ပါဠိ**

(၁) သွာက္ခာတော ဘဂဝတာ ဓမ္မော
(၂) သန္ဒိဋ္ဌိကော
(၃) အကာလိကော
(၄) ဧဟိပဿိကော
(၅) ဩပနေယျိကော
(၆) ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

**တရားဂုဏ်တော်ခြောက်ပါး အနက်**

**(၁) သွာက္ခာတော ဘဂဝတာ ဓမ္မောဂုဏ်တော်။** ။ ဘဂဝတာ= ကိုးဂုဏ် လူ့ဆွေ အစိန္တေသည်။ ဓမ္မော= မဂ်လေး တန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို။ သွာက္ခာတော= အင်္ဂါခုနစ်ဖြာ စုံညီညာဖြင့် ကောင်းစွာ ဟောကြားတော်မူသောကြောင့် (တရားတော်သည်) "သွာက္ခာတဂုဏ်"နှင့် ပြည့်စုံပါပေ၏။

**(၂) သန္ဒိဋ္ဌိကဂုဏ်တော်။** ။ ဘဂဝတော = သယမ္ဘူထွတ်ထား မြတ်စွာဘုရား၏။ ဓမ္မော = မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သော တရားတော်သည်။ သန္ဒိဋ္ဌိကော = ကျင့်ကြံကြသူ နတ်လူဗြဟ္မာ သတ္တဝါတို့ ကောင်းစွာ ကိုယ်တိုင် သိမြင်နိုင်သောကြောင့် "သန္ဒိဋ္ဌိက ဂုဏ်"နှင့်လည်း ပြည့်စုံပါပေ၏။

**(၃) အကာလိကဂုဏ်တော်။** ။ ဘဂဝတော= ဘုရားပရမေ သုံးလူ့ဆွေ၏။ ဓမ္မော= အမြတ်တရား မဂ်လေးပါးသည်။ အကာလိကော= အခါမလပ် ကြား မပြတ်ဘဲ ဆက်စပ်ချက်ချင်း ဖိုလ်ကျိုးနှင်း၍ လက်ငင်း အကျိုးရသောကြောင့် "အကာလိကဂုဏ်"နှင့်လည်း ပြည့်စုံပါပေ၏။

**(၄) ဧဟိပဿိကဂုဏ်တော်။** ။ ဘဂဝတော = သနင်းမြတ်စွာ တို့ဆရာ၏။ ဓမ္မော= နိဗ္ဗာန် ဖိုလ် မဂ် ကိုးချက်ထွေပြား လောကုတ္တရာတရားသည်။ ဧဟိ ပဿိကော = လာပါ, ရှုပါ, ကျင့်ကြံပါဟု မပါ–ပါအောင် ခေါ်ဆောင်ပြသွန်း တိုက်တွန်းခြင်းငှာထိုက်သောကြောင့် "ဧဟိ ပဿိကဂုဏ်"နှင့်လည်း ပြည့်စုံပါပေ၏။

**(၅) ဩပနေယျိကဂုဏ်တော်။** ။ ဘဂဝတော= ကျွတ်ဆုဝေငှ မြတ်ဗုဒ္ဓ၏။ ဓမ္မော = ဗောဓိခွင်၌ သိမြင့်ဖော်ကျူး လောကုတ္တရာ တရားထူးသည်။ ဩပနေယျိကော= အာရုံထင်၍ ဆင်ခြင်ပွားများ စွဲမှတ်ဆောင် ထားထိုက်သောကြောင့် "ဩပနေယျိကဂုဏ်"နှင့်လည်း ပြည့်စုံပါပေ၏။

**(၆) ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိဂုဏ်တော်။** ။ ဘဂဝတော= နေတန့်နှန်းသို့ ရွှေဘုန်းကြီးမား မြတ်စွာ ဘုရား၏။ ဓမ္မော= ကိလေသမာရ် ကိုယ်တွင်းရန်ကို ပယ်လှန်ပိုင်းဖြတ် မဂ် ဖိုလ် နိဗ္ဗာန် တရားမြတ်သည်။ ဝိညူဟိ= ပညာရှိသူ ရှင်လူအပေါင်း သူတော်ကောင်း တို့သည်။ ပစ္စတ္တံ= ကိုယ်စီကိုယ်ငှ။ ဝေဒိတဗ္ဗော= သိအပ် ရှုအပ် ခံစားအပ်သည်ဖြစ်၍ "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိဂုဏ်"နှင့်လည်း ပြည့်စုံပါပေ၏။

## (ဂ) သံဃာ့ဂုဏ်တော်ကိုးပါး ပါဠိနှင့် အနက်

### သံဃာ့ဂုဏ်တော်ကိုးပါး ပါဠိ

(၁) သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
(၂) ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
(၃) ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
(၄) သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော–

(၅) အာဟုနေယျော
(၆) ပါဟုနေယျော
(၇) ဒက္ခိဏေယျော
(၈) အဉ္ဇလိကရဏီယော
(၉) အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

### သံဃာ့ဂုဏ်တော်ကိုးပါး အနက်

ဘဂဝတော = မြတ်စွာဘုရား၏။ သာဝကသံဃော = တပည့်သားသံဃာတော်မြတ်သည်–

(၁) သုပ္ပဋိပန္နော= နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော အကျင့်ကို ကောင်းစွာ ကျင့်တော်မူတတ်ပါပေ၏။

(၂) ဥဇုပ္ပဋိပန္နော = မဇ္ဈိမပဋိပဒံ အကျင့်မှန်ကို ဖြောင့်မှန်စွာ ကျင့်တော်မူပါပေ၏။

(၃) ဉာယပ္ပဋိပန္နော= နိဗ္ဗာန်ထုတ်ချောက် မျက်မှောက်ပြုရေး အလေးပေးကာ ကျင့်တော်မူပါပေ၏။

(၄) သာမိစိပ္ပဋိပန္နော= ပေါ်နိုင်ခဲခက် နည်းကျင့်နက်ကို လေးနက်ရိုသေ ကျင့်တော်မူပါပေ၏။

ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ= မဂ်ဖိုလ်ရဆဲ အကြင်လေးစုံတွဲတို့သည်။ အဋ္ဌ ပုရိသပုဂ္ဂလာ= သန့်ျာချင့်ထောက် ရှစ်ယောက်တို့သည်။ ဟောန္တိ= ဖြစ်ကြ

ပေကုန်၏။ ဘဂဝတော = ဘုန်းပန်းမဥ္ဇူ သောင်းလုံးကြူသည့် နတ်လူများထွတ် ဘုရားမြတ်၏။ သေ ဧသော သာဝကသံဃော= ဤတပည့်သား သံဃာတော်သည်–

(၅) အာဟုနေယျော = တကူးတက ဝေးမှဆောင်ယူ ပူဇော်ခြင်းကို ခံယူတော်မူထိုက်ပေ၏။

(၆) ပါဟုနေယျော= ဧည့်ထူးစောင်ထူး ရည်စူးစီမံ လှူရန်ဟူသမျှ ခံထိုက်လှပါပေ၏။

(၇) ဒက္ခိဏေယျော= ထွတ်ထွတ်မြတ်မြတ် သတ်မှတ်ရည်စူး အလှူထူးကို ခံယူတော်မူထိုက်ပေ၏။

(၈) အဉ္ဇလိကရဏီယော= လက်အုပ်ချီမိုး ရှိခိုးခြင်းကိုလည်း ခံထိုက်ပေ၏။

(၉) လောကဿ= ပြဟ္မာနတ်လူ ကမ္ဘာသူကမ္ဘာသား သတ္တဝါများ၏။ အနုတ္တရံ = အတုမရှိ အတူမရှိ အကောင်းဆုံးဖြစ်သော။ ပုညက္ခေတ္တံ = ကောင်းမှုတည်းဟူသော မျိုးစေ့ကို စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ်လည်း ဖြစ်တော်မူပါပေ၏။

## (ဃ) ငါးပါး၊ ရှစ်ပါး၊ ကိုးပါးနှင့် အာဇီဝဋ္ဌမကသီလ ပါဠိနှင့် အနက်

### ငါးပါးသီလ ပါဠိနှင့် အနက်

(၁) ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက်ဆောက်တည်ပါ၏။

(၂) အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

ပိုင်ရှင်မပေးသော သူ့ပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၃) ကာမေသု မိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

ကာမဂုဏ်တို့၌ လော်လီဖောက်ပြန် မမှန်သော အကျင့်မှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၄) မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

မဟုတ်မမှန် ပြောဆိုပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၅) သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော မူးယစ်စေတတ်သော သေရည်အရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

## ရှစ်ပါးသီလ ပါဠိနှင့် အနက်

(၁) ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက်ဆောက်တည်ပါ၏။

(၂) အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

ပိုင်ရှင်မပေးသော သူ့ပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၃) အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

မမြတ်သော မေထုန် အကျင့်မှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၄) မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

မဟုတ်မမှန် ပြောဆိုပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၅) သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော မူးယစ် စေတတ်သော သေရည်အရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ် ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၆) ဝိကာလဘောဇနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

နေ့လွဲအခါ စားသောက်ခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

အကုသိုလ်များကြောင်း မကောင်းမှုဖြစ်သော ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ဘုရားအဆုံးအမတော်၏ ဆန့်ကျင်ဘက်စို့ပမာ ဖီလာ ဖြစ်သော ကြက်ပွဲ၊ နွားပွဲ စသည်တို့ကို ကြည့်ရှုခြင်း၊ ပန်းပန်ခြင်း၊ နံ့သာ လိမ်းကျံခြင်း၊ နံ့သာပျောင်းတို့ဖြင့် မိမိကိုယ်ကို အပြေအပြစ်ပြု ခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ် ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၈) ဥစ္စာသယနမဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

မြင့်သောနေရာ, မြတ်သောနေရာ၌ လျောင်းစက် နေထိုင်ခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာစောင့်ရှောက် ဆောက်တည်ပါ၏။

## ကိုးပါးသီလ ပါဠိနှင့် အနက်

(၁) ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

(၂) အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

(၃) အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

(၄) မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

(၅) သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

(၆) ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ၊

(၈) ဥစ္စာသယနမဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

(၉) မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရာမိ။

မေတ္တာနှင့် တကွဖြစ်သော စိတ်ဖြင့် လုံးစုံများစွာ သတ္တဝါတို့၌ ပျံ့နှံ့စေ၍ နေပါမည်။

**အမှာ။** ။ ကိုးပါးသီလ အနက်ပေးရာ၌ (၁)မှ (၈)အထိ သိက္ခာပုဒ်များကို ရှစ်ပါးသီလ အနက်ပေးနည်းအတိုင်း မှတ်ရမည်။

## အာဇီဝဋ္ဌမကသီလ ပါဠိနှင့် အနက်

(၁) ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

(၂) အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

(၃) ကာမေသု မိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

(၄) မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

(၅) ပိသုဏဝါစာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

အချစ်ပျက်စေမှု ကုန်းတိုက်မှုကို ပြောဆိုပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၆) ဖရုသဝါစာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

လှံ့သွားပမာ ကြမ်းတမ်းခက်ထန်စွာ ပြောဆိုပြုလုပ်ခြင်းမှ ရှောင်ကြဉ် ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၇) သမ္ဖပ္ပလာပါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

အနှစ်မစ ပြိန်ဖျင်းမှုကို ပြောဆို ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

(၈) မိစ္ဆာဇီဝါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

ယုတ်မာသော အသက်မွေးမှုမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

**အမှာ။ ။** နံပါတ်(၁)မှ (၄)အထိ သိက္ခာပုဒ်များကို ရှေး၌ အနက်ပေးပြီး ဖြစ်သည်။

**မှတ်ချက်။ ။**

ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်၊ ငါးပါး၊ ရှစ်ပါး၊ ကိုးပါး အာဇီဝဋ္ဌမကသီလ-ပါဠိ၊ အနက်တို့မှာ ဗုဒ္ဓဘာသာအခြေခံစာအုပ် များစွာ၌ ပါရှိ၏။ ဤ၌ အနက်ပေးအချို့သာ ကွာခြား၏။

## အခန်း(၁၄)

# ဂိဟိဝိနယ–ခေါ် ဗုဒ္ဓဘာသာ လူ့ဝိနည်း လူ့ကျင့်ဝတ်များ

**သိင်္ဂါလသုတ် ဖြစ်ပေါ်လာပုံ** အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် သိင်္ဂါလ သတို့သားသည် နံနက်စောစောထပြီး ရာဇဂြိုဟ်ပြည်မှ ထွက်၍ မြို့ပြင်သို့ ရောက်သောအခါ လက်အုပ်ချီလျက် အရပ်ခြောက်ပါးတို့ကို နေ့စဉ် ရှိခိုး၏

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်စဉ် အရပ်ခြောက်မျက်နှာကို လှည့်လည်ရှိခိုးနေသည့် သိင်္ဂါလသတို့သားကို မြင်တော်မူလေရာ ဤသို့ မေးတော်မူ၏–

"သူကြွယ်သား၊ သင်သည် နံနက်စောစောထပြီး ရာဇဂြိုဟ်ပြည်မှ ထွက်၍ လက်အုပ်ချီလျက် ဘယ်အတွက်ကြောင့် အရှေ့, တောင်, အနောက်, မြောက်, အောက်, အထက် ဟူသော အရပ်ခြောက်ပါးတို့ကို ရှိခိုးနေဘိသနည်း"

"မြတ်စွာဘုရား၊ အကျွန်ုပ် ဖခင်သည် သေခါနီးတွင် 'ချစ်သား၊ အရပ်မျက်နှာတို့ကို ရှိခိုးရမည်'ဟု မှာခဲ့၍ ဖခင်စကားကို လေးစားလိုက်နာသောအားဖြင့် အရပ်ခြောက်ပါးတို့ကို ရှိခိုးနေပါသည်"–

ဟု ဖြေ၏။

"သူကြွယ်သား၊ အရိယာတို့၏ သာသနာတော်၌ အရပ်ခြောက်ပါးတို့ကို ဤကဲ့သို့ ရှိမခိုးရဘူး"

"မြတ်စွာဘုရား၊ သည်လို ရှိမခိုးရလျှင် အရိယာတို့၏ သာသနာတော်၌ အရပ်ခြောက်ပါးတို့ကို အဘယ်သို့ ရှိခိုးရမည်နည်း။ အကျွန်ုပ် တောင်းပန်ပါ၏။ အရိယာတို့ သာသနာတော်၌ ရှိခိုးအပ်သော အရပ် ခြောက်ပါးတို့ကို ဟောတော်မူပါ"

**"သူကြွယ်သား၊ ယင်းသို့ နာကြားလိုသည်ဖြစ်ဘိမူ ကောင်းစွာ နာကြားမှတ်သားလော့၊ ငါဘုရား ဟောကြားတော်မူအံ့"**

**"ကောင်းပါပြီ မြတ်စွာဘုရား၊ လေးလေးစားစား နာခံ မှတ်သား ထားပါမည်"**

ဤကဲ့သို့ သိင်္ဂါလသတို့သား တောင်းပန် လျှောက်ထားသောကြောင့် သိင်္ဂါလလုလင်ကို အကြောင်းပြု၍ ဤ "သိင်္ဂါလသုတ်" ကို အိမ်ရာတည်ထောင် လူ့ဘောင်နေသူ လူတို့၏ လောကီအကျိုးစီးပွား အလို့ငှာ **ဟောတော်မူခဲ့ပါသည်။**

# သိင်္ဂါလသုတ် မြန်မာပြန်

**အရပ်ခြောက်ပါး** သူကြွယ်သား၊ အရိယာသာဝကသည် ညစ်ညူးသော ကံလေးပါး တို့ကို ပယ်အပ်ကုန်၏။ လေးပါးသော **အကြောင်းတို့ဖြင့် မကောင်းမှုကို မပြု၊ စည်းစိမ်** ပျက်စီးကြောင်းခြောက်ပါးတို့ကို မမှီဝဲ၊ **ထိုအရိယာ သာဝကသည် ဤသို့ တစ်ဆယ့်**လေးပါးသော မကောင်းမှုမှ ကင်းသည် ဖြစ်၍ အရပ်ခြောက်**ပါးတို့ကို လုံခြုံ**စေလျက် ပစ္စုပ္ပန်, တမလွန် နှစ်တန်သော လောကကို အောင်မြင်နိုင်ခြင်းငှာ ကျင့်၏။ ထိုအရိယာသာဝကသည် ဤပစ္စုပ္ပန် လောကကိုလည်း ကောင်း၊ တမလွန် လောကကိုလည်းကောင်း နှစ်သက်အပ်၏။ ထိုအရိယာသာဝက သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်လောကသို့ ရောက်၏။

[ကံကိလေသာ လေးပါးတို့ကို ပယ်ပြီး လေးပါးသောအကြောင်း တို့ဖြင့် မကောင်းမှုကို မပြုဘဲ စည်းစိမ်ပျက်စီးကြောင်း ခြောက်ပါးတို့ကို မမှီဝဲ၊ ရှောင်ကြဉ်နေသည့် အရိယာသာဝက တစ်ယောက်၏ ဤပစ္စုပ္ပန်ဘဝ, တမလွန် ဘဝသည် ရန်မျိုးငါးအင် ကင်းစင်သောကြောင့် နှစ်သက်မြတ်နိုး အပ်သော ဘဝ မည်ပါသည်။]

**ဆောင်ပုဒ်။ ။** သူ့သက်သတ်က၊ စသည့်လိမ်းကျံ၊ကံကိလေသာ၊ လေးဖြာပယ်ဘိ၊ အဂတိဟု၊ မပြုလေးဖြာ၊ ဥစ္စာကုန်ပျောက်၊ သေသောက်ခြင်းက၊ စသည့် ခြောက်လီ၊ မမှီဝဲမူ၊ ဆယ့်လေးခုမှ၊ ပြုကြကင်းလတ်၊ ခြောက်ရပ်မျက်မှာ၊ ဖုံးလွှမ်းကာလျှင်၊ သေခါနတ်ပြည်–ရောက် လိမ့်မည်။

(ဆရာတော်ဦးဖုဓ်)

**ညစ်ညူးသော ကံလေးပါး** ထိုအရိယာသာဝကသည် အဘယ်ညစ်ညူးသော ကံလေးပါးတို့ကို ပယ်အပ်သနည်းဟူမူကား-

(၁) သူ့အသက်သတ်ခြင်းသည် ညစ်ညူးသော ကံမည်၏။
(၂) မပေးသည်ကို ခိုးယူခြင်းသည် ညစ်ညူးသော ကံမည်၏။
(၃) ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းသည် **ညစ်ညူးသော** ကံမည်၏။
(၄) မဟုတ်မမှန် ပြောခြင်းသည် ညစ်ညူးသော ကံမည်၏။

ထိုအရိယာသာဝကသည် ဤညစ်ညူးသော ကံလေးပါးတို့ကို ပယ်အပ်ကုန်၏။ (မပြုလုပ်ဘဲ ရှောင်ကြဉ်အပ်ကုန်၏)။

[သူ့အသက်သတ်ခြင်း စသည့် လေးပါးသည် သတ္တဝါတို့၏ ညစ်နွမ်းကြောင်း ဖြစ်သောကြောင့် "ညစ်ညူးသောကံ"(ကံကိလေသာ)မည်ပါသည်။]

**အကြောင်းလေးပါး** အဘယ်လေးပါးသော အကြောင်းတို့ကြောင့် မကောင်းမှုကို မပြုသနည်း ဟူမူကား-

(၁) ဆန္ဒာဂတိ (ချစ်သဖြင့် မလိုက်အပ်သည်)သို့ လိုက်၍ မကောင်းမှုကို ပြု၏။
(၂) ဒေါသာဂတိ (မုန်းသဖြင့် မလိုက်အပ်သည်)သို့ လိုက်၍ မကောင်းမှုကို ပြု၏။
(၃) ဘယာဂတိ (ကြောက်သဖြင့် မလိုက်အပ်သည်)သို့ လိုက်၍ မကောင်းမှုကို ပြု၏။
(၄) မောဟာဂတိ (မသိသဖြင့် မလိုက်အပ်သည်)သို့ လိုက်၍ မကောင်းမှုကို ပြု၏။

သူကြွယ်သား၊ စင်စစ်သော်ကား အရိယာသာဝကသည် ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂတိသို့ မလိုက်မှားသောကြောင့် ဤလေးပါးသောအကြောင်းတို့ဖြင့် မကောင်းမှုကို မပြုဟု ငါဘုရား မိန့်တော်မူ၏။

သူကြွယ်သား၊ ချစ်ခြင်းကြောင့် လည်းကောင်း၊ မုန်းခြင်းကြောင့် လည်းကောင်း၊ ကြောက်ခြင်းကြောင့် လည်းကောင်း၊ မသိခြင်းကြောင့် လည်းကောင်း တရားကို လွန်ကျူး၍ ကျင့်သောသူ၏ အခြံအရံ အကျော်အစောသည် လဆုတ်ပက္ခ လကဲ့သို့ တစ်နေ့တခြား ဆုတ်ယုတ်၏။

သူကြွယ်သား၊ ချစ်ခြင်းကြောင့် လည်းကောင်း၊ မုန်းခြင်းကြောင့် လည်းကောင်း၊ ကြောက်ခြင်းကြောင့် လည်းကောင်း၊ မသိခြင်းကြောင့် လည်းကောင်း တရားကို လွန်ကျူး၍ မကျင့်သောသူ၏ အခြံအရံ အကျော်အစောသည် လဆန်း ပက္ခ လကဲ့သို့ တစ်နေ့တခြား ပြည့်စုံ၏။

**ဆောင်ပုဒ်။** ။ ချစ်, မုန်း, ကြောက်ထွေ၊ တွေဝေသော့အား၊ လွန်ကျူးမှားသော်၊ မပွားလရောင်၊ ဆုတ်ယောင်သောဝ်။

– ချစ်, မုန်း, ကြောက်ထွေ၊ တွေဝေသော့အား၊ မလွန်ငြားသော်၊ တိုးပွားလရောင်– ပြည့်ယောင်သောဝ်။ (ဆရာတော်ဦးဖုဓ်)

## စည်းစိမ်ပျက်ကြောင်း ခြောက်ပါး

အရိယာသာဝကသည် အဘယ် ခြောက်ပါးသော စည်းစိမ်ပျက်ကြောင်း တို့ကို မမှီဝဲသနည်း ဟူမူကား–

(၁) မူးယစ် မေ့လျော့ကြောင်းဖြစ်သော သေရည် သေရက် သောက်လေ့ ရှိခြင်းသည် စည်းစိမ် ပျက်ကြောင်းတည်း။

(၂) အချိန်အခါမဲ့(ညအခါ)၌ ခရီးသွားလာလေ့ရှိခြင်းသည် စည်းစိမ် ပျက်ကြောင်းတည်း။

(၃) ပွဲလမ်းသဘင် ကြည့်ရှုလေ့ရှိခြင်းသည် စည်းစိမ် ပျက်ကြောင်းတည်း။

(၄) မေ့လျော့ကြောင်းဖြစ်သော လောင်းကစားလေ့ ရှိခြင်းသည် စည်းစိမ် ပျက်ကြောင်းတည်း။

(၅) မကောင်းသော အဆွေခင်ပွန်းတို့နှင့် ပေါင်းသင်းလေ့ ရှိခြင်းသည် စည်းစိမ် ပျက်ကြောင်းတည်း။

(၆) ပျင်းရိလေ့ရှိခြင်းသည် စည်းစိမ် ပျက်ကြောင်းတည်း။

**ဆောင်ပုဒ်။** ။ သေစာသောက်စား၊ လမ်းသွားခါမဲ့၊ ရှုငဲ့သဘင်၊ ပျော်ရွှင်အန်လောင်း၊ မကောင်းမိတ်ဖျင်း၊ပျင်းရိခြင်းကား၊ ယိုယွင်းဥစ္စာ–ပျက်ကြောင်းတည်း။ (ဆရာတော် ဦးဖုဓ်)

## သေရည်သေရက်သောက်ခြင်း အပြစ်ခြောက်ပါး

သူကြွယ်သား၊ မူးယစ် မေ့လျော့ကြောင်း ဖြစ်သော သေရည်သေရက် သောက်လေ့ရှိခြင်း၌ အပြစ်တို့သည် ဤခြောက်ပါးတို့တည်း-

(၁) ဥစ္စာဆုတ်ယုတ်ခြင်းသည် ကိုယ်တွေ့မျက်မြင် အပြစ် ဖြစ်၏။
(၂) ခိုက်ရန် ဖြစ်ပွားတတ်၏။
(၃) အနာရောဂါဖြစ်ကြောင်း ဖြစ်၏။
(၄) အရှိန်အဝါ မဲ့တတ်၏။
(၅) လျှို့ဝှက်အပ်သည်ကို ဖော်ပြတတ်၏။
(၆) ဉာဏ်ပညာ အားနည်းအောင် ပြုတတ်၏။

**ဆောင်ပုဒ်။** ။ ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှား၊ ဤခြောက်ပါးကား၊ သောက်စားသေစာ- အပြစ်တည်း။ (ဆရာတော် ဦးဗုဓ်)

## အခါမဲ့ (ညအခါ၌) သွားလာခြင်း အပြစ်ခြောက်ပါး

သူကြွယ်သား၊ အခါမဲ့ ခရီးသွားလာလေ့ရှိခြင်း၌ အပြစ်တို့သည် ဤ ခြောက်ပါးတို့တည်း-

(၁) အခါမဲ့ ခရီးသွားသူ ထိုလူ၏ ကိုယ်သည်လည်း အကာအကွယ် အစောင့်အရှောက် ကင်း၏။

(၂) ထိုသူ၏ သားမယားတို့သည်လည်း အကာအကွယ် အစောင့် အရှောက် ကင်း၏။

(၃) ထိုသူ၏ ဥစ္စာနှစ်သည်လည်း အကာအကွယ် အစောင့်အရှောက် ကင်း၏။

(၄) သူတစ်ပါး ပြုသည့် မကောင်းမှုဒုစရိုက်တို့၌ (မိမိအပေါ်) ယုံမှား အပ်၏။

(၅) မဟုတ်မမှန်ဘဲ အစွပ်အစွဲ ခံရတတ်၏။

(၆) များစွာသော ဆင်းရဲတရားတို့၏ ရှေ့သွားဖြစ်၏။

**ဆောင်ပုဒ်။ ။** ကိုယ်, သားမယား၊ တခြားဥစ္စာ၊ လုံရာမဲ့ရှောင်း၊ မကောင်းအရာ၊ ရွံ့ရှာလေအပ်၊ ယိုးစွပ်ရောက်မူ၊ ဆင်းရဲစုဟု၊ ခြောက်ခုဓါမဲ့-သွားပြစ်တည်း။ (ဆရာတော်ဦးဗုဓ်)

## ပွဲလမ်းသဘင် ကြည့်ရှုခြင်း အပြစ်ခြောက်ပါး

သူကြွယ်သား၊ ပွဲလမ်းသဘင် ကြည့်ရှုလေ့ရှိခြင်း၌ အပြစ်တို့သည် ဤခြောက်ပါးတို့တည်း-

(၁) အဘယ်မှာ ကပွဲရှိသနည်းဟု မေး၍ သွားနေရ၏။

(၂) အဘယ်မှာ သီဆိုပွဲရှိသနည်းဟု မေး၍ သွားနေရ၏။

(၃) အဘယ်မှာ တီးမှုတ်ပွဲရှိသနည်းဟု မေး၍ သွားနေရ၏။

(၄) အဘယ်မှာ စာဟောပွဲရှိသနည်းဟု မေး၍ သွားနေရ၏။

(၅) အဘယ်မှာ လက်ခုပ်တီးပွဲရှိသနည်းဟု မေး၍ သွားနေရ၏။

(၆) အဘယ်မှာ စည်တီးပွဲရှိသနည်းဟု မေး၍ သွားနေရ၏။

[ပွဲလမ်းသဘင် ပျော်ရွှင်ရန်အတွက် ကြိုတင်ပြင်ဆင်နေရသဖြင့် အလုပ်အကိုင်ပျက်ခြင်း၊ ပွဲသဘင်ပြီးသော်လည်း လုပ်ငန်းခွင် မဝင်နိုင်သေးသဖြင့် စီးပွားရေးလုပ်ငန်း ပျက်ခြင်းတို့ကြောင့် မရရှိသေးသည့် စည်းစိမ်ဥစ္စာတို့ မဖြစ်နိုင်ကုန်၊ ရရှိပြီးသည့် စည်းစိမ် ဥစ္စာတို့သည်လည်း အစောင့်အရှောက် ကင်းမဲ့နေ၍ အခိုး အဝှက်ခံရပြီး ပျက်စီးနိုင်ကုန်၏။ ထို့ကြောင့် ပွဲလမ်းသဘင် ကြည့်ရှုလေ့ရှိခြင်းသည် စည်းစိမ်ပျက်ကြောင်း ဖြစ်သည်။]

**ဆောင်ပုဒ်။ ။** ကခြင်း တလီ၊ သီခြင်း တသီး၊ မှုတ်တီး တသင်း၊ ပြိန်ဖျင်းတအုပ်၊ လက်ခုပ် တတည်၊ အိုးစည် တဖြာ၊ ရှိရာရှာဟု၊ ဥစ္စာ ပျက်မူ၊ ဤခြောက်ခုကား၊ ကြည့်ရှုသဘင်-အပြစ်တည်း။

(ဆရာတော် ဦးဗုဓ်)

**လောင်းကစားခြင်း အပြစ်ခြောက်ပါး** သူကြွယ်သား၊ မေ့လျော့ကြောင်း ဖြစ်သော လောင်းကစားလေ့ရှိခြင်း၌ အပြစ်တို့သည် ဤခြောက်ပါးတို့တည်း-

(၁) နိုင်သော် ရန်ပွား၏။
(၂) ရှုံးသော် ဥစ္စာအတွက် ပူပန်ရ၏၊
(၃) ကိုယ်တွေ့မျက်မြင် ဥစ္စာ ဆုတ်ယုတ်၏။
(၄) တရားရုံး၌ ထိုသူ၏စကားသည် သက်သေအဖြစ် မတည်။
(၅) အဆွေခင်ပွန်းတို့သည် မထီမဲ့မြင် ပြုအဖ်၏။
(၆) "ဤသူသည် ကစားသမားတည်း၊ မယားကို ကျွေးမွေးရန် မစွမ်းနိုင်" ဟု သမီးပေး သားယူ ပြုလိုကုန်သော သူတို့သည် အလိုမရှိအပ်။

**ဆောင်ပုဒ်။** ။ အောင်မူ ရန်ပွား၊ ရှုံးသား စိုးရိမ်၊ စည်းစိမ် လျော့ပါး၊ တရားသဘင်၊ မဝင်သက်သေ၊ မိတ်ဆွေနိုပ်ဆို၊ မလိုထိမ်းမြား၊ ဤခြောက်ပါးကား၊ ပျော်ပါး ကြွေအန်-အပြစ်တည်း။

(ဆရာတော် ဦးဖုစ်)

**ခင်ပွန်းယုတ် အပြစ်ခြောက်ပါး** သူကြွယ်သား၊ မကောင်းသော သူတို့ကို အဆွေခင်ပွန်း ပြုလေ့ရှိခြင်း၌ အပြစ်တို့သည် ဤခြောက်ပါးတို့တည်း-

(၁) အကြင်သူတို့သည် လောင်းကစားကြူးကုန်၏။
(၂) အကြင်သူတို့သည် ကာမဂုဏ်ကြူးကုန်၏။
(၃) အကြင်သူတို့သည် သေသောက်ကြူးကုန်၏။
(၄) အကြင်သူတို့သည် အတုးပြု၍ လှည့်ပတ်တတ်ကုန်၏။
(၅) အကြင်သူတို့သည် မာယာဖြင့် လှည့်ပတ်တတ်ကုန်၏။
(၆) အကြင်သူတို့သည် အနိုင်အထက် ပြုတတ်ကုန်၏။

ထိုသူတို့သည်သာလျှင် ထိုသူ၏ အဆွေခင်ပွန်း အပေါင်းအဖော် ဖြစ်ကုန်၏။ ထို့ကြောင့် ပစ္စုပ္ပန်၌ လည်းကောင်း၊ တမလွန်၌ လည်းကောင်း ပျက်စီးခြင်းသို့ ရောက်၏။

**ဆောင်ပုဒ်။ ။** ကြွေအန်ကြူးထ၊ မိန်းမကြူးတွေ၊ သေစာကြူးမူ၊ အတုပြုပြား၊ လှည့်စားတထောက်၊ မျက်မှောက်လှည့်ချက်၊ နိုင်ထက်လုယူ၊ ဤသူခြောက်ပါး၊ မိတ်ဖြစ်သားကြောင့်၊ ပျက်ပြားမိတ်ဆွေ-အပြစ်တည်း။ (ဆရာတော် ဦးဗုဓ်)

**ပျင်းရိခြင်း အပြစ်ခြောက်ပါး**

သူကြွယ်သား၊ ပျင်းရိလေ့ ရှိခြင်း၌ အပြစ်တို့သည် ဤခြောက်ပါးတို့တည်း-

(၁) အေးလွန်းသည်ဟု အမှုကိစ္စကို မပြု၊
(၂) ပူလွန်းသည်ဟု အမှုကိစ္စကို မပြု၊
(၃) မိုးချုပ်လွန်းသည်ဟု အမှုကိစ္စကို မပြု၊
(၄) စောလွန်းသည်ဟု အမှုကိစ္စကို မပြု၊
(၅) ဆာလွန်းသည်ဟု အမှုကိစ္စကို မပြု၊
(၆) ဝလွန်းသည်ဟု အမှုကိစ္စကို မပြု၊

ဤသို့ မခိုင်လုံသောကိစ္စများကို ယိုးမယ်ဖွဲ့၍နေသော ထိုသူအား မဖြစ်သေးသော စည်းစိမ်တို့သည်လည်း မဖြစ်ကုန်။ ဖြစ်ပြီးသောစည်းစိမ်တို့သည်လည်း တစ်နေ့တခြား လျော့ပါးပျက်စီးကုန်၏။ သူကြွယ်သား၊ ပျင်းရိလေ့ ရှိခြင်း၌ အပြစ်တို့သည် ဤခြောက်ပါးတို့တည်း။

**ဆောင်ပုဒ်။ ။** အချမ်းပြည့်ဝှန်၊ အလွန်ပူနိုး၊ မိုးချုပ်လှမော၊ စောလွန်းလှယောင်၊ ဆာလောင်ပြင်းလှ၊ ဝမ်းဝလွန်ထွေ၊ နေကဥစ္စာ၊ မဖြစ်ရာသည်၊ ခြောက်ဖြာပျင်းသူ-အပြစ်တည်း။ (ဆရာတော် ဦးဗုဓ်)

မြတ်စွာဘုရားသည် စုဏ္ဏိယဗန္ဓအားဖြင့် ဟောပြီးသည်ကိုပင် ဂါထာဗန္ဓအားဖြင့် ထပ်မံဟောကြားတော်မူသည်-

**မိတ်ဆွေတု မိတ်ဆွေစစ်**

- သေရည်ဆိုင်၌သာ အဖော်ဖြစ်သောသူသည် သောက်ဖော်သောက်ဖက် မိတ်ဆွေမည်၏။ အဆွေအဆွေဟုခေါ်၍ မျက်မှောက်၌သာ အဖော်သဟဲဖြစ်လျက် မျက်ကွယ်၌ ရန်သူသဖွယ် ဖြစ်သောသူသည် ဟန်ဆောင်မိတ်ဆွေမည်၏။ အကြင်သူသည် အကြောင်းကိစ္စ ဖြစ်ပေါ်လတ်သော် အဖော်သဟဲဖြစ်၏။ ထိုသူသည် မိတ်ဆွေစစ် မည်၏။

## လူ့ဘဝဖျက် အကျင့်စရိုက်များ

- နေမြင့်အောင် အိပ်ခြင်းလည်းကောင်း၊ သူတစ်ပါးမယားကို မှိုဲခြင်း လည်းကောင်း၊ ရန်သူများခြင်း လည်းကောင်း၊ အကျိုးမဲ့ပြုခြင်း လည်းကောင်း၊ မကောင်းသော အဆွေခင်ပွန်းရှိခြင်း လည်းကောင်း၊ အလွန်စေးနှဲခြင်း လည်းကောင်း ဤအကြောင်း ခြောက်ပါးတို့သည် လူကို ဖျက်ဆီးတတ်ကုန်၏။

- မကောင်းသော မိတ်ဆွေခင်ပွန်းရှိသူသည် လည်းကောင်း၊ မကောင်း သော အပေါင်းအဖော်ရှိသူသည် လည်းကောင်း၊ မကောင်းသော အလေ့အကျင့်, မကောင်းသော ကျက်စားရာ ရှိသူသည်လည်း ကောင်း ဤလောက, တမလွန်လောက နှစ်ပါးစုံသော ဘဝမှ ပျက်စီးခြင်းသို့ လျှောကျတတ်၏။

- လောင်းကစားလေ့ရှိခြင်းလည်းကောင်း၊ မိန်းမလိုက်စားခြင်း လည်း ကောင်း၊ သေရည်သေရက် သောက်လေ့ရှိခြင်း လည်းကောင်း၊ ကခြင်း၊ သီခြင်းကို ကြည့်ရှု နားထောင်လေ့ရှိခြင်း လည်းကောင်း၊ နေ့အခါ၌ အိပ်လေ့ရှိခြင်း လည်းကောင်း၊ အခါမဲ့၌ ခရီးသွားလေ့ ရှိခြင်း လည်းကောင်း၊ မကောင်းသူတို့ကို အဆွေခင်ပွန်း ဖွဲ့လေ့ရှိခြင်း လည်းကောင်း၊ အလွန်နှမြောစေးနှဲခြင်းလည်းကောင်း ဤခြောက်ပါး သော အကြောင်းတို့သည် လူကို ဖျက်ဆီးတတ်ကုန်၏။

- အကြင်သူတို့သည် ကြွေအန်တို့ဖြင့် လောင်းကစား ကုန်၏။ သေရည် သေရက် သောက်ကုန်၏။ သူတစ်ပါးတို့၏ အသက်နှင့် တူကုန်သော သူယုတ်မာတို့သာ မှိုဲလေ့ရှိ၍ ပညာရှိတို့ မမှိုဲအပ် ကုန်သော သူတစ်ပါးမယားတို့ကို သွားလာ(မှိုဲ) ကုန်၏။ ထိုသူ တို့၏ စည်းစိမ်အခြံအရံသည် လဆုတ်ပက္ခ၌ လကဲ့သို့ ဆုတ်ယုတ် ၏။

- မရှိဆင်းရဲသော မွတ်သိပ်သော အကြင်အရက်သမားသည် သောက် လိုသည် ဖြစ်၍ အရက်ဆိုင်သို့ သွား၏။ ထိုအရက်သမားသည် ရေ၌ ကျောက်ခဲနစ်မြုပ်သကဲ့သို့ ကြွေး၌ နစ်မြုပ်လတ္တံ့။ မိမိ၏ ဆွေမရှိ မျိုးမရှိ အထီးကျန်သူအဖြစ်ကို လျင်စွာ ပြုလတ္တံ့။

**လူပျင်းဘဝ**

- နေ့၌ အိပ်လေ့ရှိသော၊ ညဥ့်၌ ထလေ့မရှိသော၊ အမြဲမူးယစ်သော၊ ကာမဂုဏ် လိုက်စားသော သူသည် အိမ်ကို အုပ်စိုး၍ နေခြင်းငှာ မတတ်နိုင်ပေ။
- အေးလွန်းသည်၊ ပူလွန်းသည်၊ မိုးချုပ်လွန်းသည်ဟု ဆင်ခြေပေး၍ အမှုကိစ္စတို့ကို မပြုလုပ်ဘဲ စွန့်လွှတ်ကုန်သော သူတို့ကို အကျိုးစီးပွားတို့သည် ကျော်လွန်၍ သွားကုန်၏။

**ဝီရိယ စွမ်းပကား**

- ဤလောက၌ အကြင်သူသည် အအေးကိုလည်းကောင်း၊ အပူကိုလည်းကောင်း မြက်မျှလောက်ပင် မအောက်မေ့။ ထိုသူသည် လူ့ကိစ္စတို့ကို ပြုသည်ဖြစ်၍ စီးပွားချမ်းသာကို မစွန့်၊ စီးပွားချမ်းသာနှင့် ပြည့်စုံသည်သာ ဖြစ်၏။

**မိတ်ဆွေတုလေးမျိုး**

သူကြွယ်သား၊ မိတ်ဆွေစစ် မဟုတ်သည့် ဤမိတ်ဆွေတု လေးယောက်တို့ကို သိအပ်ကုန်၏–

(၁) ယူသာ ယူတတ်သော၊ မိတ်ဆွေစစ် မဟုတ်သည့် မိတ်ဆွေတုကို သိအပ်၏ (အညဒတ္ထုဟရ မိတ်ဆွေတု)။

(၂) နှုတ်မျှဖြင့်သာလျှင် (လောကွတ်) ပေးတတ်သော၊ မိတ်ဆွေစစ် မဟုတ်သည့် မိတ်ဆွေတုကို သိအပ်၏ (ဝစီပရမ မိတ်ဆွေတု)။

(၃) အကြိုက်ကိုလိုက်၍ ပြောဆိုတတ်သော၊ မိတ်ဆွေစစ်မဟုတ်သည့် မိတ်ဆွေတုကို သိအပ်၏ (အနုပ္ပိယဘာဏီ မိတ်ဆွေတု)။

(၄) ပျက်စီးကြောင်း၌ အပေါင်းအဖော် ဖြစ်သောမိတ်ဆွေစစ် မဟုတ်သည့် မိတ်ဆွေတုကို သိအပ်၏ (အပါယသဟာယ မိတ်ဆွေတု)။

**အညဒတ္ထုဟရ မိတ်ဆွေတု**

သူကြွယ်သား၊ စင်စစ် ယူသာယူတတ်သော မိတ်ဆွေစစ် မဟုတ်သည့် မိတ်ဆွေတုကို လေးပါးသောအကြောင်းတို့ဖြင့် သိအပ်၏–

(၁) ယူသာယူတတ်၏၊

(၂) နည်းသော ဥစ္စာကို ပေးခြင်းဖြင့် **များစွာသော ဥစ္စာကို အလိုရှိ၏၊**

**(၃) မိမိဘေးဖြစ်မှ ထိုသူ့ကိစ္စကို** ပြုလုပ်ပေးတတ်၏။

(၄) အကျိုးစီးပွား ရလိုသောကြောင့် ဆည်းကပ်၏။

ဤလေးပါးသောအကြောင်းတို့ဖြင့် စင်စစ် ယူသာယူတတ်သော မိတ်ဆွေစစ် မဟုတ်သည့် မိတ်ဆွေတုကို သိအပ်၏။

**ဆောင်ပုဒ်။** ။ လက်ချည်းလာ၍၊ ဥစ္စာဆောင်သယ်၊ နည်းငယ်ဖြင့်သာ၊ များစွာလိုရှိ၊ ဘေးထိရောက်ခါ၊ ပြုလာတုံဘိ၊ မိမိကျိုးငှာ၊ မှီလှာပေါင်းယှဉ်၊ လေးယောက်စဉ်ကား၊ အညဒတ္ထုဟုရတည်း။

(ဆရာတော် ဦးဇုမ်)

## ဝစီပရမ မိတ်ဆွေတု

သူကြွယ်သား၊ နှုတ်မျှဖြင့်သာလျှင် ပေးတတ်သော မိတ်ဆွေစစ် မဟုတ်သည့် မိတ်ဆွေတုကို လေးပါးသောအကြောင်းတို့ဖြင့် သိအပ်၏–

(၁) လွန်ပြီးသော အကြောင်းအရာဖြင့် ချီးမြှောက်၏။

(၂) မဖြစ်သေးသော အကြောင်းအရာဖြင့် ချီးမြှောက်၏။

(၃) အချည်းနှီး လောကွတ်မျှဖြင့် ချီးမြှောက်၏။

(၄) ဖြစ်ဆဲကိစ္စတို့၌ ပျက်စီးခြင်းကို ပြသ၏။

ဤလေးပါးသော အကြောင်းတို့ဖြင့် နှုတ်မျှဖြင့်သာလျှင် ပေးတတ်သော မိတ်ဆွေစစ်မဟုတ်သည့် မိတ်ဆွေတုကို သိအပ်၏–

[မနေ့စ်က ခင်ဗျားမလာဘူးဗျာ၊ ကျုပ်တို့မှာ အလုပ်အကိုင် သိပ်ပြေလည်တယ် စသည်ဖြင့် လွန်ပြီးသည့် အကြောင်းအရာဖြင့် ချီးမြှောက်၏။ ရှေ့လလောက်မှာ ကောက်စပါး ပေါ်ပါလိမ့်မယ်။ ခင်ဗျား လာခဲ့ပါ စသည်ဖြင့် မဖြစ်သေးသည့် အကြောင်းအရာဖြင့် ချီးမြှောက်၏။ ကားလေးတစ်ခါက်လောက် ကူညီပါ–ဟု တောင်းခံလာသောအခါ "ကားပျက်နေတယ်"ဟု ဖြစ်ဆဲပစ္စုပ္ပန်ကိစ္စတို့၌ ပျက်စီးခြင်း ကို ပြသ၏။]

**ဆောင်ပုဒ်။** ။ ရှေ့ဖြင့် စေ့စပ်၊ တထပ်နောက်မှီး၊ ချည်းနှီးသဂြိုဟ်၊ ပေးလိုစဟန်၊ ပစ္စုပ္ပန်မူ၊ ပြည့်ပြန်ပျက်ပြား၊ ဤလေးပါးကား၊ မှတ်သား ဝစီပရမ တည်း။ (ဆရာတော်ဦးဖုမ်)

## အနုပ္ပိယဘာဏီ မိတ်ဆွေတု

သူကြွယ်သား၊ အကြိုက်ကိုလိုက်၍ ပြောဆိုတတ်သော မိတ်ဆွေစစ်မဟုတ်သည့် မိတ်ဆွေတုကို လေးပါးသောအကြောင်းတို့ဖြင့် သိအပ်၏ –

(၁) ထိုသူအား မကောင်းမှုကိုလည်း ခွင့်ပြု၏။
(၂) ထိုသူအား ကောင်းမှုကိုလည်း ခွင့်ပြု၏။
(၃) ထိုသူ၏ မျက်မှောက်၌ ချီးမွမ်းစကားကို ဆို၏။
(၄) ထိုသူ၏ မျက်ကွယ်၌ ကဲ့ရဲ့စကားကို ဆို၏။

ဤလေးပါးသော အကြောင်းကို့ဖြင့် အကြိုက်ကိုလိုက်၍ ပြောတတ်သော မိတ်ဆွေစစ် မဟုတ်သည့် မိတ်ဆွေတုကို သိအပ်၏။

**ဆောင်ပုဒ်။** ။ မကောင်းခွင့်ပြု၊ ကောင်းမှုကိုလျှင်၊ ဆင်ခြင်မရှု၊ ခွင့်ပြုသည်ပင်၊ ရှေ့တွင်ချီးမွမ်း၊ ဖုံးလွှမ်းကွယ်လျှင်၊ ကဲ့ရဲ့မြင်သည်၊ လေးအင်ပိယ ဘာဏီတည်း။ (ဆရာတော် ဦးဖုမ်)

## အပါယသဟာယ မိတ်ဆွေတု

သူကြွယ်သား၊ ပျက်စီးကြောင်း၌ အပေါင်းအဖော်ဖြစ်သော မိတ်ဆွေစစ်မဟုတ်သည့် မိတ်ဆွေတုကို လေးပါးသောအကြောင်းတို့ဖြင့် သိအပ်၏ –

(၁) သေရည်သေရက်သောက်ခြင်း၌ အပေါင်းအဖော်ဖြစ်၏။
(၂) အခါမဲ့ခရီးသွားခြင်း၌ အပေါင်းအဖော်ဖြစ်၏။
(၃) ပွဲလမ်းသဘင် ကြည့်ရှုနားထောင်ခြင်း၌ အပေါင်းအဖော်ဖြစ်၏။
(၄) လောင်းကစားခြင်း၌ အပေါင်းအဖော်ဖြစ်၏။

ဤလေးပါးသော အကြောင်းတို့ဖြင့် ပျက်စီးကြောင်း၌ အပေါင်းအဖော်ဖြစ်သော မိတ်ဆွေစစ် မဟုတ်သည့် မိတ်ဆွေတုကို သိအပ်၏။

**ဆောင်ပုဒ်။** ။ သောက်ထုတ်သေရက်၊ ညဉ့်နက်လမ်းသွား၊ ရှုစားသဘင်၊ ပျော်ရွှင်အန်စာ၊ လေးရပ်မှာပင်၊ တကွထင်သည်၊ လေးအင်အပါယ်သဟဲ တည်း။ (ဆရာတော်ဦးဖုမ်)

**မိတ်ဆွေတုကိုရှောင်** အကြင်မိတ်ဆွေသည် စင်စစ် ယူသာယူတတ်၏။ အကြင်မိတ်ဆွေသည် နှုတ်မျှဖြင့်သာလျှင် ပေးတတ်၏။ အကြင်မိတ်ဆွေသည် အကြိုက်ကိုသာလိုက်၍ ပြောဆိုတတ်၏။ အကြင်မိတ်ဆွေသည် ပျက်စီးကြောင်း၌ အပေါင်းအဖော် ဖြစ်၏။ မိတ်ဆွေစစ်မဟုတ်သော ဤလေးယောက်တို့ကို ပညာရှိသည် ဤသို့ ဆိုခဲ့တိုင်း သိ၍ ဘေးရန်ရှိသော ခရီးကို ဝေးစွာ ရှောင်ကြဉ်သကဲ့သို့ ဝေးစွာ ရှောင်ကြဉ်ရမည်။

**မိတ်ဆွေစစ်လေးမျိုး**

သူကြွယ်သား၊ ကောင်းသော စိတ်နှလုံးရှိသော ဤမိတ်ဆွေလေးယောက်တို့ကို သိအပ်ကုန်၏ –

(၁) ကျေးဇူးပြုတတ်သော ကောင်းသော စိတ်နှလုံးရှိသည့် မိတ်ဆွေစစ်ကို သိအပ်၏။ (ဥပကာရမိတ်ဆွေ)။

(၂) ချမ်းသာအတူ ဆင်းရဲလည်း အတူဖြစ်သော ကောင်းသော စိတ်နှလုံး ရှိသည့် မိတ်ဆွေစစ်ကို သိအပ်၏ (သမာနသုခဒုက္ခမိတ်ဆွေ)။

(၃) အကျိုးစီးပွားကို ပြောကြားတတ်သော၊ ကောင်းသောစိတ်နှလုံး ရှိသည့် မိတ်ဆွေစစ်ကို သိအပ်၏ (အတ္ထက္ခာယီမိတ်ဆွေ)။

(၄) အစဉ်သနားတတ်သော၊ ကောင်းသောစိတ်နှလုံးရှိသည့် မိတ်ဆွေစစ်ကို သိအပ်၏ (အနုကမ္ပကမိတ်ဆွေ)။

**ဥပကာရ မိတ်ဆွေ**

သူကြွယ်သား၊ ကျေးဇူးပြုတတ်သော၊ ကောင်းသော စိတ်နှလုံးရှိသည့် မိတ်ဆွေစစ်ကို လေးပါးသောအကြောင်းတို့ဖြင့် သိအပ်၏ –

(၁) မူးယစ်နေသော မိတ်ဆွေကို စောင့်ရှောက်တတ်၏။

(၂) မူးယစ်မေ့လျော့နေသော မိတ်ဆွေ၏ ပစ္စည်းဥစ္စာကို စောင့်ရှောက်တတ်၏။

(၃) ကြောက်ရွံ့နေသော မိတ်ဆွေ၏ အားကိုးရာဖြစ်၏။

(၄) ပြုဖွယ်ကိစ္စဖြစ်ပေါ်လာက အကူအညီတောင်းခံသည်ထက် နှစ်ဆတက်သော စည်းစိမ်အထောက်အပံ့ကို ပေးတတ်၏။

ဤလေးပါးသော အကြောင်းတို့ဖြင့် ကျေးဇူးပြုတတ်သော၊ ကောင်းသော စိတ်နှလုံးရှိသည့် မိတ်ဆွေစစ်ကို သိအပ်၏–

**ဆောင်ပုဒ်။** ။ မေ့လျော့စောင့်လှာ၊ ဥစ္စာစောင့်ရှောက်၊ ဘေးရောက်ကိုးကွယ်၊ ပြုဖွယ်ရှိက၊ နှစ်ဆဥစ္စာ၊ ချေးပေးလှာသည်၊ လေးဖြာဥပကာရ တည်း။ (ဆရာတော်ဦးဖုမ်)

## သမာနသုခဒုက္ခ မိတ်ဆွေ

သူကြွယ်သား၊ ချမ်းသာအတူ, ဆင်းရဲအတူဖြစ်သော ကောင်းသောစိတ်နှလုံး ရှိသည့် မိတ်ဆွေစစ်ကို လေးပါးသောအကြောင်းတို့ဖြင့် သိအပ်၏–

(၁) ထိုမိတ်ဆွေအား လျှို့ဝှက်အပ်သည့် အမှုကိစ္စကို ပြောကြား၏။
(၂) ထိုမိတ်ဆွေ၏ လျှို့ဝှက်အပ်သည့် အမှုကိစ္စကို လျှို့ဝှက်ထား၏။
(၃) ဘေးရန်ဖြစ်ပေါ်လာလျှင် မစွန့်ပစ်။
(၄) ထိုမိတ်ဆွေအတွက် အသက်ကိုပင်သော်လည်း စွန့်လွှတ်၏။

ဤလေးပါးသော အကြောင်းတို့ဖြင့် ချမ်းသာအတူ, ဆင်းရဲအတူဖြစ်သော၊ ကောင်းသောစိတ်နှလုံး ရှိသည့် မိတ်ဆွေစစ်ကို သိအပ်၏။

**ဆောင်ပုဒ်။** ။ လျှို့ဝှက်စကား၊ ကြားစတုံလျက်၊ တူလျှို့ဝှက်၍၊ ဘေးတွေ့မစွန့်၊ မတွန့်တိုပါ၊ သူ့သို့ညှာလျက်၊ ကိုယ့်သက်စွန့်မြောက်၊ ဤလေး ယောက်ကား၊ မျှလောက်ချမ်းသာ ဆင်းရဲတည်း။

(ဆရာတော်ဦးဖုမ်)

## အတ္ထက္ခာယီ မိတ်ဆွေ

သူကြွယ်သား၊ အကျိုးစီးပွားကို ပြောကြားတတ်သော၊ ကောင်းသော စိတ်နှလုံးရှိသည့် မိတ်ဆွေစစ်ကို လေးပါးသော အကြောင်းတို့ဖြင့် သိအပ်၏–

(၁) မကောင်းမှုမှ တားမြစ်တတ်၏။
(၂) ကောင်းမှု၌ သက်ဝင်စေ၏၊ တိုက်တွန်းတတ်၏။
(၃) မကြားဖူးသော တရားစကားကို ပြောကြားတတ်၏။
(၄) နတ်ပြည်ရောက်ကြောင်း ခရီးလမ်းကို ပြောကြားတတ်၏။

ဤလေးပါးသော အကြောင်းတို့ဖြင့် အကျိုးစီးပွားကို ပြောကြားတတ်သော၊ ကောင်းသော စိတ်နှလုံးရှိသည့် မိတ်ဆွေစစ်ကို သိအပ်၏။

**ဆောင်ပုဒ်။** ။ မကောင်းမြစ်ထာ၊ ကောင်းရာသွင်းထား၊ မကြားစတောင်း၊ အကြောင်းကြားလှာ၊ နတ်ရွာလမ်းပြ၊ ဤလေးစကား၊ မည်ရ အတ္ထက္ခာယီ တည်း။ (ဆရာတော် ဦးဖုဓ်)

## အနုကမ္ပက မိတ်ဆွေ

သူကြွယ်သား၊ အစဉ်သနားတတ်သော ကောင်းသော စိတ်နှလုံးရှိသည့် မိတ်ဆွေစစ်ကို လေးပါးသော အကြောင်းတို့ဖြင့် သိအပ်၏–

(၁) ထိုမိတ်ဆွေ၏ ဆုတ်ယုတ်ပျက်စီးခြင်းကို မနှစ်သက်။

(၂) ထိုမိတ်ဆွေ၏ ဖြစ်ထွန်းတိုးတက်ခြင်းကို နှစ်သက်၏။

(၃) ထိုမိတ်ဆွေအား ကဲ့ရဲ့စကား ပြောကြားသူကို ကန့်ကွက်တားမြစ်တတ်၏။

(၄) ထိုမိတ်ဆွေအား ချီးမွမ်းစကား ပြောကြားသူကို ထောက်ခံချီးမွမ်းတတ်၏။

ဤလေးပါးသော အကြောင်းတို့ဖြင့် အစဉ်သနားတတ်သော ကောင်းသော စိတ်နှလုံးရှိသည့် မိတ်ဆွေစစ်ကို သိအပ်၏။

**ဆောင်ပုဒ်။** ။ ဥစ္စာခမ်းနား၊ မပွားသမြို့၊ မနှစ်လို့ငြား၊ ပွားကရှင်မြူး၊ ကျေးဇူးမဲ့ကို၊ ဆိုသော်တားမြစ်၊ ကျေးဇူးဖြစ်ကို၊ ဆိုသော်ချီးမွမ်း၊ သူတို့တမ်းကား၊ မိတ်ကျွမ်းအနုကမ္ပကတည်း။ (ဆရာတော် ဦးဖုဓ်)

မြတ်စွာဘုရားသည် စုဏ္ဏိယဗန္ဓအားဖြင့် ဟောကြားပြီး၍ ဂါထာဗန္ဓအားဖြင့် ထပ်မံဟောကြားတော်မူလေသည်။

## မိတ်ဆွေစစ်ကို ချဉ်းကပ်

– အကြင်မိတ်ဆွေသည် ကျေးဇူးပြုတတ်၏။ အကြင်မိတ်ဆွေသည် ချမ်းသာအတူ ဆင်းရဲအတူ ဖြစ်၏။ အကြင်မိတ်ဆွေသည် အကျိုးစီးပွားကို ပြောကြားတတ်၏။ အကြင်မိတ်ဆွေသည် အစဉ်သနားတတ်၏။ ပညာရှိသောသူသည် ဤမိတ်ဆွေစစ် လေးယောက်တို့ကို ဤသို့ဆိုခဲ့တိုင်းသိ၍ အမိသည် ရင်၌ဖြစ်သောသားသို့ ချဉ်းကပ်သကဲ့သို့ ရိုသေစွာ ချဉ်းကပ်ရမည်။ သီလနှင့်ပြည့်စုံသော ပညာရှိ မိတ်ဆွေသည် တောင်ထိပ်၌ တောက်လောင်သောမီးကဲ့သို့ ထွန်းလင်းတင့်တယ်၏။

## ပျားကောင်ပမာ စီးပွားရှာ

- ပျားသည် ပန်းပွင့်ကို မထိခိုက်စေမူ၍ ဝတ်ရည်ကိုသာ စုပ်ယူလျက် ပျားလပို့ကို အားထုတ်ဆောက်လုပ်သကဲ့သို့ မိမိ သူတစ်ပါး နှစ်ဦးသားကို မညှဥ်းဆဲ မထိခိုက်စေမူ၍ တရားသဖြင့် ဥစ္စာပစ္စည်းကို စုဆောင်းရှာမှီးသောသူ၏ဥစ္စာစည်းစိမ်တို့သည် ခြတောင်ပို့ ကြီးပွားသကဲ့သို့ ကြီးပွားခြင်းသို့ ရောက်ကုန်၏။

## ခွဲဝေသုံးစွဲ မိတ်ဆွေမြဲ

- အိမ်ထောင်သည်ဘဝကို တည်ဆောက်နိုင်သော အမျိုးသားသည် ဤသို့ ဥစ္စာစည်းစိမ်တို့ ကောင်းစွာ စုဆောင်းပြီးလျှင် စည်းစိမ်တို့ကို လေးဖို့လေးပုံ ခွဲဝေရမည်။ ဤသို့ ခွဲဝေသုံးစွဲသောထိုသူသည် မိတ်ဆွေခင်ပွန်းတို့ကို မကွဲအောင် ဖွဲ့နှောင်စည်းရုံးနိုင်၏။
- တစ်ဖို့သော ဥစ္စာဖြင့် စည်းစိမ်ကို ခံစားရမည်။ နှစ်ဖို့တို့ဖြင့် ကုန်သွယ်မှု စသည် ပြုလုပ်ရမည်။ လေးခုမြောက်အဖို့ကိုကား ဘေးရန်ဖြစ်လျှင် အသုံးပြုရန် သိုမှီးသိမ်းဆည်းထားရမည်။

[ စည်းစိမ်ဥစ္စာကြွယ်ဝသူသည်သာ မိတ်ဆွေ အပေါင်းအသင်း မပြိုကွဲ မပျက်စီးအောင် ထိန်းသိမ်းထားနိုင်သည်။]

## အရပ်ခြောက်ပါးကို လုံခြုံစေခြင်း

သူကြွယ်သား၊ အရိယာသာဝကသည် အရပ်ခြောက်ပါးတို့ကို အသို့လျှင် လုံခြုံစေသနည်းဟူမူကား-

သူကြွယ်သား၊ အရပ်ခြောက်ပါးတို့ကို သိအပ်ကုန်၏။

(၁) အမိအဘတို့ကို **အရှေ့အရပ်**ဟု သိအပ်ကုန်၏။

(၂) ဆရာသမားတို့ကို **တောင်အရပ်**ဟု သိအပ်ကုန်၏။

(၃) သားမယားတို့ကို **အနောက်အရပ်**ဟု သိအပ်ကုန်၏။

(၄) ချစ်သော အဆွေခင်ပွန်းတို့ကို **မြောက်အရပ်**ဟု သိအပ်ကုန်၏။

(၅) အစေအပါး, အလုပ်သမားတို့ကို **အောက်အရပ်**ဟု သိအပ်ကုန်၏။

(၆) သမဏဗြာဟ္မဏ (ရဟန်း, ပုဏ္ဏား)တို့ကို **အထက်အရပ်**ဟု သိအပ်ကုန်၏။

**ဆောင်ပုဒ်။** ။ အရှေ့မိဘ၊ တောင်မှ ဆရာ၊ နောက်မှာ မယား၊ မြောက်ကား မိတ်ဆွေ၊ အောက်ခြေ ကျွန်များ၊ အထက်ဖျားကား ပုဏ္ဏားရဟန်း- ခြောက်ရပ်တည်း။ (ဆရာတော်ဦးဖုစ်)

[အရပ်ခြောက်ပါးတို့မှ ဘေးအန္တရာယ်များ မလာရောက်နိုင်အောင် ထိန်းသိမ်းစောင့်ရှောက်နေခြင်းသည် "အရပ်ခြောက်ပါးတို့ကို လုံခြုံစေသည်" မည်၏။]

မိဘတို့သည် သားသမီးတို့အပေါ် ရှေးဦးစွာ ကျေးဇူးပြုသောကြောင့် ပုရိတ္ထိမာဒိသာ (အရှေ့အရပ်) မည်၏။

ဆရာသမားတို့သည် မြတ်သော ပူဇော်မှုကို ခံယူထိုက်သောကြောင့် ဒက္ခိဏာဒိသာ (တောင်အရပ်) မည်၏။

သားမယားတို့သည် မိမိနောက်မှ အစဉ် လိုက်ပါရသောကြောင့် ပစ္ဆိမာဒိသာ (အနောက်အရပ်) မည်၏။

အဆွေခင်ပွန်းတို့သည် အဆွေခင်ပွန်းတို့ကို အမှီသဟဲပြု၍ ထိုထို ဆင်းရဲဒုက္ခတို့ကို လွန်မြောက်နိုင်သောကြောင့် ဥတ္တရာဒိသာ (မြောက်အရပ်) မည်၏။

အစေအပါး, အမှုလုပ် အလုပ်သမားတို့သည် မိမိခြေရင်း၌ တည်သောကြောင့် ဟေမာဒိသာ (အောက်အရပ်) မည်၏။

ရဟန်းသံဃာသည် ဂုဏ်တို့ဖြင့်အထက်၌ တည်သောကြောင့် ဥပရိမာဒိသာ (အထက်အရပ်) မည်၏။]

## သားသမီးနှင့် မိဘဆက်ဆံရေး

သူကြွယ်သား- ငါးပါးသော အကြောင်းတို့ဖြင့် သားသမီးသည် အရှေ့အရပ် မည်သော မိဘတို့ကို ပြုစုအပ်ကုန်၏-

(၁) မိဘတို့က မွေးမြူအပ်သော ငါသည် ထိုမိဘတို့ကို ပြန်လည်၍ မွေးမြူအံ့၊

(၂) ထိုမိဘတို့၏ အမှုကိစ္စကို ပြုလုပ်ပေးအံ့၊

(၃) မိဘတို့၏ ဥစ္စာကို မပျက်အောင် စောင့်ထိန်းခြင်း၊ အစဉ်အဆက်မှ လာသော ကုသိုလ်ဝတ်ကို ပြုလုပ်ခြင်းတို့ဖြင့် အမျိုးအနွယ်ကို တည်စေအံ့၊

(၄)၊ အမွေခံထိုက်အောင် မိဘတို့၏ အဆုံးအမကို ကျင့်ကြံလိုက်နာအံ့၊

(၅) ကွဲကွာ သေလွန်သည့် မိဘအတွက် အလှူပေးအံ့ဟု ပြုစုအပ်ကုန်၏။

သူကြွယ်သား၊ သားသမီးသည် ဤငါးပါးသောအကြောင်းတို့ဖြင့် လုပ်ကျွေးအပ်ကုန်သော အရှေ့အရပ်မည်သော မိဘတို့သည် အကြောင်းငါးပါးတို့ဖြင့် သားသမီးတို့ကို စောင့်ရှောက်ကုန်၏။

(၁) မကောင်းမှုမှ တားမြစ်ကုန်၏။

(၂) ကောင်းမှု၌ သက်ဝင် တည်စေကုန်၏။

(၃) အတတ်ပညာကို သင်စေကုန်၏။

(၄) လျောက်ပတ်သော မယားနှင့် ထိမ်းမြားပေးကုန်၏။

(၅) လျောက်ပတ်သော အချိန်၌ အမွေဥစ္စာကို အပ်နှင်းကုန်၏။

သူကြွယ်သား၊ သားသမီးသည် ငါးပါးသောအကြောင်းတို့ဖြင့် ဝတ်ပြုအပ်သော အရှေ့အရပ်မည်သော မိဘတို့သည် ဤငါးပါးသောအကြောင်းတို့ဖြင့် သားသမီးတို့ကို စောင့်ရှောက်ကုန်၏။ ထိုသားသမီးသည် ဤသို့ လုပ်ကျွေးသည်ရှိသော် ထိုအရှေ့အရပ်သည် လုံခြုံ၏၊ ငြိမ်းချမ်း၏၊ ဘေးကင်း၏။

[မိဘတည်းဟူသော အရှေ့အရပ်ကို ကျင့်ဝတ်ငါးမျိုးတို့ဖြင့် လုံခြုံအောင် စောင့်ရှောက်လိုက်၍ မိဘကို အကြောင်းပြုပြီး ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ် အကုသိုလ်အပြစ်များ ကင်းစင်သွားသောကြောင့် မိဘတည်းဟူသော အရှေ့အရပ်သည် လုံခြုံသည် မည်၏။ ငြိမ်းချမ်းသည် မည်၏၊ ဘေးကင်းသည် မည်၏။]

### သားလိမ္မာကျင့်ဝတ် သမီးလိမ္မာကျင့်ဝတ်

**ဆောင်ပုဒ်။** ။ ကျွေးမွေးမပျက်၊ ဆောင်ရွက်စိမ်၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ။

### အမိကောင်းကျင့်ဝတ်၊ အဖကောင်းကျင့်ဝတ်

– မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

(သင်္ဂဇာဆရာတော်)

## တပည့်နှင့်ဆရာ ဆက်ဆံရေး

သူကြွယ်သား–ငါးပါးသောအကြောင်းတို့ကြောင့် တပည့်သည် တောင်အရပ်မည်သော ဆရာတို့ကို ပြုစုအပ်ကုန်၏–

(၁) နေရာမှထ၍ ခရီးဦးကြိုခြင်းဖြင့် လည်းကောင်း၊

(၂) ခစားဆည်းကပ်ခြင်းဖြင့်လည်းကောင်း၊

(၃) စကားကို နာယူခြင်းဖြင့်လည်းကောင်း၊

(၄) အရိုအသေ လုပ်ကျွေးခြင်းဖြင့်လည်းကောင်း၊

(၅) အတတ်ပညာကို ရိုသေစွာ သင်ကြားလေ့ကျက်ခြင်းဖြင့် လည်းကောင်း ပြုစုအပ်ကုန်၏။

သူကြွယ်သား၊ ဤငါးပါးသော အကြောင်းတို့ဖြင့် တပည့်သည် ဝတ်ပြုအပ်ကုန်သော တောင်အရပ်မည်သော ဆရာတို့သည် ငါးပါးသော အကြောင်းတို့ဖြင့် တပည့်ကို အစဉ် စောင့်ရှောက်ကုန်၏။

(၁) ကောင်းစွာ ဆုံးမသင့်သော အရာကို ဆုံးမကုန်၏။

(၂) ကောင်းစွာ သင်သင့်သောအရာကို သင်စေကုန်၏။

(၃) အလုံးစုံသော အတတ်ကို ပြောကြားသင်ကြားကုန်၏။

(၄) ကောင်းသော အဆွေခင်ပွန်းတို့ထံ၌ အပ်နှင်းကုန်၏။

(၅) ခပ်သိမ်းသော အရပ်တို့၌ အစောင့်အရှောက်ကို ပြုကုန်၏။

သူကြွယ်သား၊ တပည့်သည် ဤငါးပါးသော အကြောင်းတို့ဖြင့် လုပ်ကျွေးအပ်ကုန်သော တောင်အရပ်မည်သောဆရာတို့သည် ဤငါးပါးသော အကြောင်းတို့ဖြင့် တပည့်ကို စောင့်ရှောက်ကုန်၏။ ထိုတပည့်သည် ဤသို့ လုပ်ကျွေးသည်ရှိသော် ထိုတောင်အရပ်သည် လုံခြုံ၏၊ ငြိမ်းချမ်း၏၊ ဘေးကင်း၏။

## တပည့်လိမ္မာကျင့်ဝတ်

**ဆောင်ပုဒ်။** ။ ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်, တွေး, အံရွတ်၊ တပည့်ပတ်၊ မချွတ်ငါ ခုသာ။

**ဆရာကောင်းကျင့်ဝတ်**

– အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ။

(သင်္ဂဇာဆရာတော်)

**လင်နှင့်မယား ဆက်ဆံရေး**

သူကြွယ်သား၊ ငါးပါးသော အကြောင်းတို့ဖြင့် လင်သည် အနောက်အရပ် မည်သောမယားကို ပြုစုအပ်၏–

(၁) အမြတ်တနိုး ခေါ်ဆိုခြင်းဖြင့်လည်းကောင်း၊

(၂) နှိမ့်ချ၍မခေါ်ဆိုခြင်းဖြင့်လည်းကောင်း၊

(၃) မိမိမယားကို လွန်၍ အခြားမိန်းမတို့၌ မပျော်ပါးခြင်းဖြင့် လည်းကောင်း၊

(၄) စားဖိုဆောင် အုပ်စိုးမှုကို လွှဲအပ်ခြင်းဖြင့်လည်းကောင်း၊

(၅) အဝတ်တန်ဆာကို ပေးခြင်းဖြင့်လည်းကောင်း ပြုစုအပ်၏။

သူကြွယ်သား၊ လင်သည် ဤငါးပါးသော အကြောင်းတို့ဖြင့် ပြုစုအပ်သော အနောက် အရပ်မည်သောမယားသည် ငါးပါးသော အကြောင်းတို့ဖြင့် လင်ဖြစ်သူကို စောင့်ရှောက်၏။

(၁) အမှုကြီးငယ်ကိုလည်း ကောင်းစွာ စီရင်၏။

(၂) နှစ်ဘက်သော ဆွေမျိုးကိုလည်း ချီးမြှောက်၏။

(၃) မိမိလင်မှတစ်ပါး အခြားယောကျ်ားဌ လွန်ကျူးသော အကျင့်မှ ကင်း၏။

(၄) ရှာဖွေစုဆောင်းခဲ့သည့် ဥစ္စာကို ထိန်းသိမ်း စောင့်ရှောက်၏။

(၅) အလုံးစုံသော ကိစ္စတို့၌ လိမ္မာ၍ ပျင်းရိခြင်း ကင်း၏။

သူကြွယ်သား၊ ဤငါးပါးသောအကြောင်းတို့ဖြင့် လင်သည် ပြုစုအပ်သော အနောက်အရပ်မည်သောမယားသည် ဤငါးပါးသောအကြောင်းတို့ဖြင့် လင်ကို စောင့်ရှောက်၏။ ဤသို့ ပြုစုသည်ရှိသော် ဤအနောက်အရပ်သည် လုံခြုံ၏၊ ငြိမ်းချမ်း၏၊ ဘေးကင်း၏။

**လင်ကောင်းကျင့်ဝတ်**

**ဆောင်ပုဒ်။ ။** မထိမဲ့ကင်း၊ အပ်နှင်းဉစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာ။

**မယားကောင်းကျင့်ဝတ်**

– အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။

(သင်္ဂဇာဆရာတော်)

**ပေါင်းသင်းဆက်ဆံရေး**

သူကြွယ်သား၊ ငါးပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားသည် မြောက်အရပ်မည်သော အဆွေခင်ပွန်းတို့ကို ပြုစုအပ်ကုန်၏–

(၁) ပေးကမ်းစွန့်ကြဲခြင်းဖြင့် လည်းကောင်း၊

(၂) ချစ်ဖွယ်သောစကားကို ဆိုခြင်းဖြင့် လည်းကောင်း၊

(၃) အကျိုးစီးပွားကို ကျင့်ဆောင်ခြင်းဖြင့်လည်းကောင်း၊

(၄) မိမိနှင့် ထပ်တူညီမျှ ဆက်ဆံခြင်းဖြင့် လည်းကောင်း၊

(၅) မချွတ်မယွင်းပြောဆို ပေးကမ်းခြင်းဖြင့်လည်းကောင်း ပြုစုအပ်ကုန်၏။

သူကြွယ်သား၊ ဤငါးပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားသည် ပြုစုအပ်ကုန်သော မြောက်အရပ် မည်သောအဆွေခင်ပွန်းတို့သည် ငါးပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားကို စောင့်ရှောက်ကုန်၏–

(၁) မူးယစ်သော မိတ်ဆွေကို စောင့်ရှောက်ကုန်၏။

(၂) မူးယစ်သော မိတ်ဆွေ၏ ပစ္စည်းဥစ္စာကို စောင့်ရှောက်ကုန်၏။

(၃) ကြောက်ရွံ့နေသော မိတ်ဆွေ၏ အားကိုးရာ ဖြစ်ကုန်၏။

(၄) ဘေးရန်ဖြစ်လတ်သော် မစွန့်ပစ်။

(၅) ထိုမိတ်ဆွေ၏ သားမြေးအဆက်ဆက်တို့ကိုလည်း တုံ့ပြန် ချီးမြှောက်ကုန်၏။

သူကြွယ်သား– ဤငါးပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားသည် ပြုစုအပ်ကုန်သော မြောက်အရပ်မည်သော အဆွေခင်ပွန်းတို့သည် ဤငါးပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားကို စောင့်ရှောက်ကုန်၏။ ဤသို့ ပြုစုသည် ရှိသော် ထိုမြောက်အရပ်သည် လုံခြုံ၏၊ ငြိမ်းချမ်း၏၊ ဘေးကင်း၏။

**မိတ်ဆွေဝတ္တရား ငါးပါး**

**ဆောင်ပုဒ်။** ။ ပေးကမ်းချိုးမြင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွား ဆောင်ရွက်၊ နှုတ်မြွက် ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ။

(သင်္ဂဇာ ဆရာတော်)

– ပေးကမ်းလိုမယ်၊ ချစ်ဖွယ်ဆိုကြား၊ စီးပွားကျင့်မှု၊ ကိုယ်တူပြုခြင်း၊ ချွတ်ယွင်းမဲ့စေ၊ ဤငါးထွေကား၊ ကြင်ဆွေတို့အား ကျင့်ဝတ်တည်း၊

– မေ့လျော့ စောင့်လှာ၊ ဥစ္စာစောင့်ရှောက်၊ ကြောက်လန့်ပယ်လေ့၊ ဘေးတွေ့မစွန့်၊ ဆက်ညွန့်သားမြေး၊ မြတ်လေးပူဇော်၊ ဤငါးဖော်ကား၊ ညီလျော်တို့လမ်း–ကျင့်ဝတ်တည်း။

(ဆရာတော် ဦးပုဓ်)

**သခင်နှင့်ကျွန်၊ အလုပ်ရှင်နှင့် အလုပ်သမား ဆက်ဆံရေး**

သူကြွယ်သား၊ ငါးပါးသော အကြောင်းတို့ဖြင့် အရှင်သခင်သည် အောက်အရပ် မည်သော အစေအပါး အလုပ်သမားတို့ကို ပြုစုအပ်ကုန်၏–

(၁) ခွန်အားအလျောက်သာ အလုပ်ကိစ္စကို ခိုင်းစေခြင်းဖြင့် လည်းကောင်း၊

(၂) ထမင်းရိက္ခာ ပေးခြင်းဖြင့်လည်းကောင်း၊

(၃) မကျန်းမာသောအခါ ပြုစုခြင်းဖြင့်လည်းကောင်း၊

(၄) ထူးဆန်းသော စားဖွယ်အရသာများကို ခွဲဝေပေးခြင်းဖြင့် လည်းကောင်း၊

(၅) အခါအားလျော်စွာ အားလပ်ခွင့်ပေးခြင်း အဝတ်တန်ဆာစသည် ပေးခြင်းဖြင့်လည်းကောင်း ပြုစုအပ်ကုန်၏။

သူကြွယ်သား၊ ဤငါးပါးသောအကြောင်းတို့ဖြင့် အရှင်သခင်သည် ပြုစုအပ်ကုန်သော အောက်အရပ်မည်သော အစေအပါးအလုပ်သမားတို့သည် ငါးပါးသော အကြောင်းတို့ဖြင့် အရှင်သခင်ကို စောင့်ရှောက်ကုန်၏–

(၁) အရှင်၏ရှေးဦးစွာ အိပ်ရာမှ ထလေ့ ရှိကုန်၏။

(၂) အရှင်အိပ်သည်မှ နောက်၌ အိပ်လေ့ ရှိကုန်၏။

(၃) ပေးသည်ကိုသာ ယူလေ့ရှိကုန်၏ (ခိုးဝှက်မယူကုန်)။

(၄) အမှုကိစ္စကို ကောင်းစွာ ပြုလုပ်ကုန်၏။

(၅) အရှင်၏ ဂုဏ်သတင်းကို ဆောင်ကုန်၏။

သူကြွယ်သား၊ ဤငါးပါးသောအကြောင်းတို့ဖြင့် အရှင်သခင်သည် ပြုစုအပ်ကုန်သော အောက်အရပ်မည်သော အစေအပါးအလုပ်သမားတို့သည် ဤငါးပါးသော အကြောင်းတို့ဖြင့် အရှင်သခင်ကို စောင့်ရှောက်ကုန်၏။ ဤသို့ ကောင်းစွာ ပြုစုသည်ရှိသော် ထိုအောက်အရပ်သည် လုံခြုံ၏၊ ငြိမ်းချမ်း၏၊ သေးကင်း၏။

## အလုပ်ရှင်ကျင့်ဝတ်

**ဆောင်ပုဒ်။** ။ ဝစွာကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုစေ၊ ငွေဝေရသာ၊ အခါကိုလွှတ်၊ အရှင့်ဝတ်၊ ဟောရွတ် ပဥ္စမာ။

## အလုပ်သမားကျင့်ဝတ်

– အိပ်သော် နောက်ကျ၊ ထ–သော်ကားရှေး၊ ပေးမှ ယူအပ်၊ စေ့စပ် ဆောင်ရွက်၊ ကျေးဇူးမြွက် ငါးချက်ကျွန်ကျင့်ရာ။

(သင်္ဂဇာ ဆရာတော်)

## ဒကာနှင့်ဆရာ ဆက်ဆံရေး

သူကြွယ်သား၊ ငါးပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားသည် အထက်အရပ်မည်သော သမဏ ဗြာဟ္မဏတို့ကို ပြုစုအပ်ကုန်၏–

(၁) မေတ္တာနှင့်ယှဉ်သော ကာယကံမှုဖြင့် လည်းကောင်း၊

(၂) မေတ္တာနှင့်ယှဉ်သော ဝစီကံမှုဖြင့် လည်းကောင်း၊

(၃) မေတ္တာနှင့်ယှဉ်သော မနောကံမှုဖြင့် လည်းကောင်း၊

(၄) အမြဲမပြတ်လှူဒါန်းလိုသော အလောဘတည်းဟူသော တံခါးကို ဖွင့်၍ ထားခြင်းဖြင့် လည်းကောင်း၊

(၅) ဆွမ်း စသော အာမိသတို့ကို ပေးလှူခြင်းဖြင့် လည်းကောင်း ပြုစုအပ်ကုန်၏။

သူကြွယ်သား၊ ဤငါးပါးသောအကြောင်းတို့ဖြင့် အမျိုးကောင်းသားသည် ပြုစုအပ်ကုန်သော အထက်အရပ်မည်သော သမဏဗြာဟ္မဏတို့သည် ခြောက်ပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားကို စောင့်ရှောက်ကုန်၏–

(၁) မကောင်းမှုမှ တားမြစ်ကုန်၏။

(၂) ကောင်းမှု၌ သက်ဝင်တည်စေကုန်၏။

(၃) ကောင်းသောစိတ်ဖြင့် စောင့်ရှောက်ကုန်၏။

(၄) မကြားဖူးသော တရားစကားကို ဟောကြားကုန်၏။

(၅) ကြားဖူးသော တရားစကားကို ဖြူစင်စေကုန်၏။

(၆) နတ်ပြည်ရောက်ကြောင်း ခရီးလမ်းကို ပြောကြားကုန်၏။

သူကြွယ်သား၊ ဤငါးပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားသည် ပြုစုအပ်ကုန်သော အထက်အရပ်မည်သော သမဏဗြာဟ္မဏတို့သည် ဤခြောက်ပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားကို စောင့်ရှောက်ကုန်၏။ ဤသို့ ပြုစုသည်ရှိသော် ဤအထက်အရပ်သည် လုံခြုံ၏၊ ငြိမ်းချမ်း၏၊ ဘေးကင်း၏။

## ဒါယကာ၊ ဒါယိကာမကျင့်ဝတ်

**ဆောင်ပုဒ်။ ။** မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်၊ ခင်မင်နှုတ်ချို၊ လိုလျှင် ဖိတ်ထား၊ တတ်အားလှူစေ၊ ငါးခုနေ၊ ပြုလေ ဒါယကာ။

## ဆရာရဟန်းကျင့်ဝတ်

မကောင်းမြစ်ထာ၊ ကောင်းရာကိုလှစ်၊ အသစ်ဟောကျူး၊ နာဖူး ထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခုလွန် သေချာ။ (သင်္ဂဇာဆရာတော်)

ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤ စုဏ္ဏိယစကားကို မိန့်တော်မူပြီး၍ ဤဂါထာဗန္ဓစကားတို့ကိုလည်း မိန့်တော်မူ၏–

## အရပ် ခြောက်ပါး

- အမိအဘတို့သည် အရှေ့အရပ် မည်ကုန်၏။ ဆရာတို့သည် တောင်အရပ် မည်ကုန်၏။ သားမယားတို့သည် အနောက်အရပ် မည်ကုန်၏။ အဆွေခင်ပွန်းတို့သည် မြောက်အရပ် မည်ကုန်၏။ အစေအပါးအလုပ်သမားတို့သည် အောက်အရပ် မည်ကုန်၏။ သမဏဗြာဟ္မဏတို့သည် အထက်အရပ် မည်ကုန်၏။ အိမ်ကို အုပ်စိုး၍နေထိုင်သော အမျိုးကောင်းသားသည် ဤအရပ် ခြောက်ပါး တို့ကို ရှိခိုးရာ၏။

## ကျော်စောသတင်း ပျံ့သင်းကြောင်းတရား

- အကြင်သူသည် အရပ်မျက်နှာတို့ကို ရှိခိုးခြင်း၌ အလိမ္မာရှိ၏၊ သီလနှင့်ပြည့်စုံ၏၊ သိမ်မွေ့နက်နဲသော ဉာဏ်ပညာရှိ၏။ နှိမ့်ချခြင်း ရှိ၏။ ခက်ထန်ခြင်း မရှိ။ ထိုဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသောသူသည် အကျော်အစောကို ရ၏။
- အကြင်သူသည် ထကြွလုံ့လရှိ၏၊ ပျင်းရိခြင်း မရှိ၊ ဘေးရန်ဖြစ်လျှင် မတုန်လှုပ်၊ မပြတ်အားထုတ်အပ်သော အသက်မွေးမှု ရှိ၏၊ အရာအားလျော်စွာ သိတတ်သောပညာ ရှိ၏။ ထိုသို့သောသူသည် အကျော် အစောကို ရ၏။
- အကြင်သူသည် ချီးမြှောက်တတ်၏။ အဆွေခင်ပွန်းကောင်းကို ရှာတတ်၏။ ကျေးဇူးတရားကို သိတတ်၏။ ဝန်တိုမှု မရှိ။ အကျိုးဆောင်တတ်၏။ အကြောင်းပြ၍ ဆုံးမတတ်၏။ ခေါင်းဆောင် တတ်၏၊ ထိုသို့သောသဘောရှိသူသည် အကျော်အစောကို ရ၏။

## သင်္ဂဟတရား လေးပါး

- ကျင့်ဝတ်တရားတို့၌ "ပေးကမ်းစွန့်ကြဲခြင်း၊ ချစ်ဖွယ်သော စကားကို ဆိုခြင်း၊ အကျိုးစီးပွားကို ကျင့်ဆောင်ခြင်း၊ ကိစ္စအားလျော်စွာ မိမိနှင့်ထပ်တူညီမျှ ဆက်ဆံခြင်း" ဟူသော ကျင့်ဝတ်တရားတို့သည် ရှိကုန်၏။ ထိုထိုပုဂ္ဂိုလ်၌ ထိုက်သည့်အားလျော်စွာ ထိုသင်္ဂဟ တရားတို့သည် ဤလောက၌ သွားနေရသော ရထား၏ နားစောင့် ကဲ့သို့ ဖြစ်ကုန်၏။

## သင်္ဂဟ တရားမဲ့က အကျိုးမရ

- လောက၌ ထိုသင်္ဂဟတရားတို့သည် အကယ်၍ မရှိကုန်အံ့၊ အမိသည် သားပြုအပ်သော မြတ်နိုးခြင်းကိုသော်လည်းကောင်း၊ ပူဇော်ခြင်းကိုသော်လည်းကောင်း မရရာ။ အဘသည် သားပြုအပ်သော မြတ်နိုးခြင်းကိုသော် လည်းကောင်း၊ ပူဇော်ခြင်းကိုသော် လည်းကောင်း မရနိုင်ရာ။
- ထိုသင်္ဂဟတရားတို့ကို "ပြုအပ်၏"ဟု ပညာရှိတို့ မှတ်ယူကုန်သောကြောင့် ကြီးမြတ်သည့် အဖြစ်သို့ ရောက်ကုန်၏။ ချီးမွမ်းလည်း ချီးမွမ်းထိုက်ကုန်၏။

**သိင်္ဂါလလုလင် သရဏဂုံတည်၍ ဥပါသကာဖြစ်ခြင်း**

ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူပြီး သောအခါ သူကြွယ်သား သိင်္ဂါလသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏။

"အရှင်ဘုရား၊ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ အရှင်ဘုရား၊ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ အရှင်ဘုရား– ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ လည်းကောင်း၊ ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ လည်းကောင်း၊ မျက်စိလည်သူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ လည်းကောင်း၊ 'မျက်စိအမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်'ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ လည်းကောင်း ဤအတူသာလျှင် မြတ်စွာဘုရားသည် များစွာသော အကြောင်းတို့ဖြင့် တရားတော်ကို ပြတော်မူပါပေ၏။

အရှင်ဘုရား၊ အကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို "ယနေ့မှစ၍ အသက်ထက်ဆုံး ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ဆည်းကပ်သော 'ဥပါသကာ'ဟု မှတ်တော်မူပါ"ဟူ၍ လျှောက်ထားလေသတည်း။

ကျမ်းသိင်္ဂါလ၊ သုတ်ဝယ်ပြ၊ လောကလုံးဆရာ။ ကျင့်ဝတ်မပြေ၊ ပါယ်လေးထွေ၊ လားလေရှည်မြင့်ကြာ၊ ဤသည်ဝတ်ကုန်၊ ဆွေမျိုးစုံ၊ ခြောက်ဘုံထက်နတ်ရွာ။

လှည်းဘီးပြင်က၊ နားစောက်ချသို့၊ မိဘနှင့်သား၊ မယားနှင့်လင်၊ အရှင်နဲ့ကျွန်၊ ထေရ်မွန်တကာ၊ မိတ်သဟာနှင့်၊ ဆရာတပည့်၊ တည့်တည့်မချွတ်၊ ကျင့်ဝတ်စုံလင်၊ ဖြူသန့်စင်မူ၊ ရှင်လည်းမကွေ၊ သေလည်းမကွာ၊ နတ်ရွာလူ့ပြည်၊ လှည့်လည်အတူ၊ ခံစားမူ၍၊ နိဗ္ဗူရွှေပြည်၊ ဝင်အံ့သည်တည့်။ မတည့်ကျင့်ဝတ်၊ ချွတ်သူတို့မှာ၊ မလွယ်သာသည်၊ လေးရွာသို့လုံးလုံး၊ လူဖြစ်ရှုံး–

(သင်္ဘောဆရာတော်)

**မှတ်ချက်။ ။**

ဤအခန်းတွင် သုတ်ပါထေယျပါဠိတော်လာ သိင်္ဂါလသုတ်တော်ကို အခြေတည်ပြီး ဆရာတော်ဦးဗုဓ်၏အနက်၊ ဆောင်ပုဒ်နှင့် သင်္ဘောဆရာတော်၏ ဆောင်ပုဒ်တို့ကို လိုအပ်သလို စီစဉ်ထည့်သွင်းထားပါသည်။ နှစ်ဖက်လှ **'တက္ကသိုလ်တရား'** စာမျက်နှာ ၂၅၂မှ ၂၅၇ အထိ အခြေခံပါသည်။ ။

## အခန်း(၁၅)

## ဘေးအန္တရာယ်ကင်းရန် ရွတ်ဖတ်ရမည့် ပါဠိ နှင့် အနက်များ

သိပ္ပံနည်းကျသော ဗုဒ္ဓတရားတော်အရ လူကို မည်သူကမျှ ဖန်ဆင်းထားခြင်း မဟုတ်ဘဲ မိမိကိုယ်ကို မိမိကသာ ဖန်ဆင်းထားခြင်း ဖြစ်ပါသည်။ မိမိက ဖန်ဆင်းသည့် ကိရိယာမှာမူ ကုသိုလ်နှင့် အကုသိုလ်ပင် ဖြစ်ပါသည်။ ငွေကုန်ကြေးကျ အသက်သာဆုံးနှင့် အထိရောက်ဆုံးနည်းဖြင့် ကုသိုလ်များများ အမြဲရနေလိုပါလျှင် ဤအခန်းတွင် ဖော်ပြထားသော ဗုဒ္ဓဂုဏ်တော်၊ ဗုဒ္ဓမန္တ ဝန်ဂါထာတို့ကို ရွတ်ဖတ်ပွားများစေလိုပါသည်။ ထိုသို့ ရွတ်ဖတ်ပွားများခြင်းဖြင့် ကုသိုလ်ခွန်အားများ ရှိနေပါလျှင် အကုသိုလ်မဝင်နိုင်ဘဲ အန္တရာယ်များမှ ကင်းလွတ်ပါလိမ့်မည်။

### (က) ဘုရားဂုဏ်တော် ကိုးပါး (၉)

ဣတိပိ သော ဘဂဝါ-

(၁) အရဟံ၊

(၂) သမ္မာသမ္ဗုဒ္ဓေါ၊

(၃) ဝိဇ္ဇာစရဏသမ္ပန္နော၊

(၄) သုဂတော၊

(၅) လောကဝိဒူ၊

(၆) အနုတ္တရော ပုရိသဒမ္မသာရထိ၊

(၇) သတ္ထာဒေဝမနုဿာနံ၊

(၈) ဗုဒ္ဓေါ၊

(၉) ဘဂဝါ။

### တရားဂုဏ်တော် ခြောက်ပါး(၆)

(၁) သွာက္ခာတော ဘဂဝတာ ဓမ္မော၊

(၂) သန္ဒိဋ္ဌိကော၊

(၃) အကာလိကော၊
(၄) ဧဟိပဿိကော၊
(၅) ဩပနေယျိကော၊
(၆) ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

**သံဃာ့ဂုဏ်တော် ကိုးပါး(၉)**

(၁) သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

(၂) ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

(၃) ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

(၄) သာမိစိပ္ပဋိပန္နောဘဂဝတော သာဝကသံဃော၊

ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော–

(၅) အာဟုနေယျော၊

(၆) ပါဟုနေယျော၊

(၇) ဒက္ခိဏေယျော၊

(၈) အဉ္ဇလိကရဏီယော၊

(၉) အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

**မှတ်ချက်။ ။** ဤရတနာသုံးပါး ဂုဏ်တော်ကို နေ့စဉ်ရွတ်ပါ။ ဘုရားကို ပူဇော်လျှင် တန်ခိုးရှိ၏။ တရားကို ပူဇော်လျှင် ပညာကြီး၏။ သံဃာကို ပူဇော်လျှင် ဥစ္စာပေါများ၏။

## (ခ) အဋ္ဌာနမေတံ ဗုဒ္ဓမန္တန်တော်

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ။

**အနက်။ ။** ဘိက္ခဝေ=ရဟန်းတို့။ ပရူပက္ကမေန=သူတစ်ပါး၏ လုံ့လပယောဂဖြင့်။ တထာဂတံ=မြတ်စွာဘုရားကို။ ဇီဝိတာ=အသက်မှ။ ယံ ဝေါရောပေယျ =အကြင်ကြောင့် ချနိုင်ရာ၏။ ဧတံ ဌာနံ=ဤသို့ သူတစ်ပါးလုံ့လ ပယောဂဖြင့်

မြတ်စွာဘုရားကို အသက်မှ ချနိုင်ရာသောအကြောင်းသည်။ အဋ္ဌာနံ = အကြောင်း မဟုတ်။ ဧသော = ဤသို့ မြတ်စွာဘုရားအား သူတစ်ပါး လုံ့လပယောဂဖြင့် အသက်မှ ချနိုင်ရာသော အခွင့်သည်။ အနဝကာသော = အခွင့်မဟုတ်၊ အရာ မဟုတ်ပေ။

**အမှာ။** ။ အနက်အဓိပ္ပာယ် အကြောင်းအရာကို နားလည်မှတ်မိပြီးလျှင် ပါဠိသက်သက်ကိုသာ ရွတ်ဆိုပွားများနိုင်ပါပြီ။ ထိုပါဠိတော်နောက်တွင် အောက်ပါစကားကိုလည်း ဆက်၍ ရွတ်ဆိုနိုင်ပါသည်-

ဧတေန သစ္စဝဇ္ဇေန အန္တရာယော ဝိနဿတု။

"ဤသစ္စာစကားကြောင့် အန္တရာယ်ဟူသမျှ ကင်းပါစေသတည်း"ဟူလို။

အဋ္ဌာနမေတံ ပါဠိတော်သည် အက္ခရာ (၃၁) လုံး ပါရှိပါသည်။ ရွတ်ဖတ်သောအခါ အက္ခရာတစ်လုံးချင်း ပေါ်အောင် အောင်မြင်ပြတ်သားစွာ ရွတ်ဖတ်ရပါမည်။

အဋ္ဌာနမေတံ ဗုဒ္ဓမန္တန်သည် အသက်အန္တရာယ်နှင့် ပတ်သက်သော ကိစ္စမျိုးတွင် အထူးအားကိုးရပါသည်။ အသက်အန္တရာယ်နှင့် နီးသူများသည် နံနက်အိပ်ရာထ အာခံတွင်း သန့်ရှင်းပြီးလျှင်ပြီးချင်း အဋ္ဌာနမေတံ စသည် (၉)ခေါက်၊ အလုပ်ခွင်(သို့မဟုတ်) အိမ်မှ စထွက်လျှင် (၉)ခေါက်၊ အလုပ်မှအပြန် (၉)ခေါက် မပျက်မကွက် ရွတ်သင့်ပေသည်။

## (၈) နာညတြဂါထာ (အသက်ရှည်ဆေးဂါထာ)

နာညတြ ဗောဇ္ဈာတပသာ၊ နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။

(နင်ညတရဗ္ဗဓိစျ...၊ နင်ညတရိန်ဒရိယ...စသည်ဖြင့် ဖတ်ပါ။ "ရ"ကို လျှာလိပ်သံဖြင့် ဖတ်ပါ)

**အနက်။** ။ ဗောဇ္ဈာတပသာ = ဗောဇ္ဈင်ခုနစ်ပါး မြတ်တရားကို။ အညတြ = ကြဉ်ထား၍။ ပါဏိနံ = သတ္တဝါတို့၏။ သောတ္ထိံ = ချမ်းသာရာ ချမ်းသာခွင့်ကို။ အဟံ = သင်တို့ဆရာ ငါဘုရားသည်။ န ပဿာမိ= မြင်တော်မမူ။

ဣန္ဒြိယသံဝရာ=စက္ခုစသား ခြောက်ပါးဣန္ဒြေ စောင့်ထိန်းနေခြင်းကို။ အညတြ=ကြဉ်ထား၍။ ပါဏိနံ=သတ္တဝါတို့၏။ သောတ္ထိံ=ချမ်းသာရာ ချမ်းသာခွင့်ကို။ အဟံ = သင်တို့ဆရာ ငါဘုရားသည်။ န ပဿာမိ = မြင်တော်မမူ။

သဗ္ဗနိဿဂ္ဂါ=အလုံးစုံသော တပ်နှစ်သက်ခြင်းတို့၏ ကင်းရာအမှန် မြတ်နိဗ္ဗာန်ကို။ အညတြ=ကြဉ်ထား၍။ ပါဏိနံ=သတ္တဝါတို့၏။ သောတ္ထိံ= ချမ်း သာရာ ခမ်းသာခွင့်ကို။ အဟံ=သင်တို့ဆရာ ငါဘုရားသည်။ န ပဿာမိ= မြင်တော်မမူ။

**အမှာ။** ။ နာညတြဂါထာမှာ စာလုံးရေ ၃၂–လုံး ပါရှိပါသည်။ အဓိဋ္ဌာန်နှင့် မှန်မှန် ရွတ်ရမည်၊ အိပ်ရာဝင် အိပ်ရာထ ရွတ်ဖတ်ပါ။ အိပ်ရာဝင် ရွတ်သည့်အတွက် တစ်ညလုံးဘေးကင်းပြီး ချမ်းသာစွာ အိပ်ရပေ မည်။ အိပ်ရာထ ရွတ်သည့်အတွက် တစ်နေ့လုံး အန္တရာယ်ကင်းပြီး စီးပွားချမ်းသာမင်္ဂလာ တိုးတက်ပေမည်။

အထူးသဖြင့် မိမိ၏ လက်ဖဝါးအတွင်းရှိ လက္ခဏာများအနက် အာယုလမ်းကြောင်း မကောင်းသူများ အသက်မတိုရအောင် ဤနာညတြဂါထာကို ယုံယုံကြည်ကြည်ဖြင့် မပြတ်ရွတ်ဖတ်ပါက အသက်ရှည်ပါလိမ့်မည်။

## (ဃ) နမော တေ ဂါထာတော်

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပ္ပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ။

**အနက်။** ။ ဝီရ = သီလနှင့်မွေ့လျော် လုံ့လတော်အတန်တန် ရှိရှိးမှန်ငြား မြတ်စွာဘုရား။ တေ = သုံးဘုံကျော်ကြား ရှင်တော်ဘုရားအား။ မေ = ဘုရား တပည့်တော် ၏။ နမော = ကာယဝစီ မနောချီလျက် နှစ်သက် မြတ်နိုးရှိခိုးခြင်းသည်။ အတ္ထု= မုချယုံကြည်ဖြစ်ပါစေသတည်း။ ဗုဒ္ဓ = ကြွင်းမဲ့ဉဿုံ အလုံးစုံကို အကုန်သိငြား မြတ်စွာဘုရား။ တွံ = ဘေးရန် ကင်းငြား ရှင်တော်ဘုရားသည်။ သဗ္ဗဓိ = ခေတ်ကာလအလျောက် ပေါ်ပေါက်များစွာ ရောဂါရန်စွယ် အန္တရာယ်အဝဝ တောင့်တခြင်း ဟူသမျှမှ။ ဝိပ္ပမုတ္တော = ပါရမီတန်ခိုးနှင့် ပယ်နိမ်ချိုးသဖြင့် လွယ်လင့်

ကြည်ဖြူ ကင်းလွတ်တော်မူသည်။ အသိ = အလွန်သင့်လျော် ဖြစ်တော်မူပါပေ၏ ဘုရား။ အဟံ = မြတ်စွာဘုရားကို နေ့စဉ် အားထားပူဇော်ဘုရားတပည့်တော်မှာမူကား။ သမ္မာဝပ္ပဋိပန္နော=ကျဉ်းမြောင်းခဲခက် ဒုက္ခနယ်စက်အတွင်းသို့ သက်ဆင်းကျရောက်၍ နေရပါသည်။ အသို့ = ဝဋ်မကင်းသဖြင့် ညွတ်ကွင်းပမာ မှန်စွာဖြစ်နေရပါ၏ ဘုရား။ တွံ = ကရုဏာကြီးမား ရှင်တော်မြတ်ဘုရားသည်။ တဿ မေ=မြတ်စွာဘုရားကို နေ့စဉ်အားထားပူဇော် ထိုတပည့်တော်၏။ သရဏံ= ဘေးရန်ကင်းပ ချမ်းသာရကြောင်း မြတ်သောပုန်းအောင်း မှီခိုရာသည်။ ဘဝ=ကရုဏာမိုးသွန်းကာ ဖြိုးလျက် နှစ်သက်ကြည်ဖြူ ဖြစ်တော်မူပါဘုရား။

**အမှာ။** ။ မည်သူမဆို မိမိမှာ ကြုံတွေ့ရသော ဒုက္ခအခက်အခဲမှ လွတ်ကင်းချမ်းမြေ့စေရန်“နမော တေ” ဂါထာကို ရွတ်ဆိုတိုင်တည်ရပါသည်။ ညစဉ် ဘုရားရှိခိုးတိုင်းလည်း ရွတ်ပါ။ သွားလာ နေထိုင်ရာတွင် သတိရတိုင်း ရွတ်ဆိုပါ။ အခက်အခဲ အနှောင့်အယှက်အမျိုးမျိုးမှ ကင်းလွတ်၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေနိုင်ပါသည်။

## (င) သမ္ဗုဒ္ဓေဂါထာ ဘုရားရှိခိုး

**ပါဠိ–အနက်**

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။

အပ္ပကာ ငါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

အဋ္ဌဝီသံ = သုံးပါးဘဝ သုံးလောကတွင် ဉာဏရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္ဗုဒ္ဓေ စ= တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း။ ဒွါဒသဉ္စ သဟဿကေ= နိဗ္ဗာန်ကိန်းအောင်း စက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော။ သမ္ဗုဒ္ဓေစ = လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း။ ပဉ္စသတသဟဿာနိ=သောင်းတိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း

ငါးသိန်းကုန်သော။ သမ္ဗုဒ္ဓေ စ=နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း။ အဟံ=အကျွန်ုပ်သည်။ သိရသာ= ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ=ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးပါ၏။

ဂင်္ဂါ–ဂင်္ဂါယ=ဂင်္ဂါမြစ်အတွင်း၌။ ဝါဠုကာ=ရှိကြကုန်သော သဲတို့သည်။ အပ္ပကာ=နည်းကြကုန်သေး၏။ နိဗ္ဗုတာ=ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော။ ဇိနာ=နောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား။ အနန္တာ= သင်္ချာဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်။ တေ ဇိနေ စ=ထိုဘုရားရှင်တို့ကို လည်းကောင်း။ တေသံ=ထိုငါးသိန်း, တစ်သောင်း, နှစ်ထောင်, နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်, မရေတွက်နိုင်ကုန်သော ဘုရားရှင် တို့၏။ ဓမ္မဉ္စ=တရားတော်မြတ်ကိုလည်းကောင်း။ သံဃဉ္စ=တပည့်သား သံဃာ တော်မြတ်ကို လည်းကောင်း။ အဟံ=အကျွန်ုပ်သည်။ အာဒရေန–အာဒရံ=ရှိသေစွာ။ နမာမိ=ရှိခိုးပါ၏။

နမက္ကာရာနုဘာဝေန=ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ်စေတနာကြောင့်။ သဗ္ဗေ=ခပ်သိမ်းကုန်သော။ ဥပဒ္ဒဝေ=ဘေးရန် တို့ကို။ ဟိတွာ=ပယ်ဖျောက်၍။ အနေကာ အန္တရာယာပိ=တစ်ပါးမက များလှ သွယ်သွယ် အန္တရာယ်တို့သည်လည်း။ အသေသတော=အကြွင်းအကျန်မရှိသော အားဖြင့်။ ဝိနဿန္တု=ပျောက်ပျက်ပါစေကုန်သတည်း။

## (စ) ဓာရဏပရိတ် ပါဠိတော်

### ဓာရဏပရိတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

* ဗုဒ္ဓနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊
* ဗုဒ္ဓါနံ သဗ္ဗညုတညာဏဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။
* ဗုဒ္ဓါနံ အဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊
* ဗုဒ္ဓါနံ အသီတိယာနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယ ဝါ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

ဣမေသံ စတုန္နံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ၊ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊ နတ္ထိ ဝီရိယဿ ဟာနိ၊ နတ္ထိ ဝိပဿနာယ ဟာနိ၊ နတ္ထိ သမာဓိဿ ဟာနိ၊ နတ္ထိ ဝိမုတ္တိယာ ဟာနိ။

ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဒဝါ၊ နတ္ထိ ရဝါ၊ နတ္ထိ အပ္ဖုဋံ၊ နတ္ထိ ဝေဂါယိတတ္တံ၊ နတ္ထိ အဗျာဝဋမနော၊ နတ္ထိ အပ္ပဋိသင်္ခါရုပေက္ခာ။ ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

နတ္ထိ တထာဂတဿ ကာယဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ ဝစီဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ မနောဒုစ္စရိတံ၊ နတ္ထိ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ သဗ္ဗံ ကာယကမ္မံ ဉာဏ ပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ ဣမံ ဓာရဏံ အမိတံ၊ အသမံ၊ သဗ္ဗ သတ္တာနံ၊ တာဏံ၊ လေဏံ၊ သံသာရ ဘယ ဘီတာနံ အဂ္ဂံ မဟာတေဇံ။

ဣမံ အာနန္ဒ ဓာရဏပရိတ္တံ ဓာရေဟိ၊ ဝါရေဟိ၊ ပရိပုစ္ဆာဟိ၊ တဿ ကာယေ ဝိသံ န ကမေယျ၊ ဥဒကေ န လဂ္ဂေယျ၊ အဂ္ဂိန ဍဟေယျ၊ နာနာဘယဝိကော၊ န ဧကောဟာရကော၊ န ဒွိဟာရကော၊ န တိဟာရကော၊ န စတုဟာရကော၊ န ဥမ္မတ္တကံ၊ န မူဠ္ဟကံ၊ မနုဿေဟိ အမနုဿေဟိ န ဟိံသကာ။

တံ ဓာရဏပရိတ္တံ ယထာ ကတမေ၊ ဓာလော မဟာဓာလော၊ ဓာလိတ္တေ၊ မဟာဓာလိတ္တေ၊ ပုဂ္ဂေ၊ မဟာပုဂ္ဂေ၊ သမ္ပတ္တေ မဟာသမ္ပတ္တေ ဘူတင်္ဂမို တမင်္ဂလံ။ ဣမံ ခေါ ပနာနန္ဒ ဓာရဏပရိတ္တံ၊ သတ္တ သတ္တေဟိ သမ္မာသမ္ဗုဒ္ဓ ကောဋိဟိ ဘာသိတံ၊ ဝတ္တေ အဝတ္တေ၊ ဂန္ဓဝေ အဂန္ဓဝေ၊ နောမေ အနောမေ၊ သေဝေ အသေဝေ၊ ကာယေ အကာယေ၊ ဓာရဏေ အဓာရဏေ၊ ဣလ္လိ မိလ္လိ၊ တိလ္လိ မိလ္လိ၊ ယောရက္ခေ မဟာယောရက္ခေ၊ ဘူတင်္ဂမို တမင်္ဂလံ။

ဣမံ ခေါ ပနာနန္ဒ ဓာရဏပရိတ္တံ နဝနဝုတိယာ သမ္မာသမ္ဗုဒ္ဓကောဋိဟိ ဘာသိတံ။ ဒိဋ္ဌိလာ ဒဏ္ဍိလာ မန္တိလာ ရောဂိလာ ခရလာ ဒုဗ္ဘိလာ။ ဧတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

## ဓာရဏပရိတ် နိဿယ

ဗုဒ္ဓါနံ= မြတ်စွာဘုရားတို့၏။ ဇီဝိတဿ= အသက်၏။ အန္တရာယော= ဘေးအန္တရာယ်ကို။ ကေနစိ= တစ်စုံတစ်ယောက်သော သူသည်။ ကာတုံ= ပြုခြင်းငှာ။ န သက္ကာ= မတတ်နိုင်။

ဗုဒ္ဓါနံ= မြတ်စွာဘုရားတို့၏။ သဗ္ဗညုတညာဏဿ= သဗ္ဗညုတဉာဏ်တော်၏။ အန္တရာယော= ဘေးအန္တရာယ်ကို။ ကေနစိ– တစ်စုံတစ်ယောက်သော သူသည်။ ကာတုံ= ပြုခြင်းငှာ။ န သက္ကာ= မတတ်နိုင်။

ဗုဒ္ဓါနံ= မြတ်စွာဘုရားတို့၏။ အဘိဟဋ္ဌာနံ= ရှေ့ရှုဆောင်အပ်ကုန်သော။ စတုန္နံ ပစ္စယာနံ= ပစ္စည်းလေးပါးတို့၏ အန္တရာယော= ဘေးအန္တရာယ်ကို။ ကေနစိ= တစ်စုံတစ်ယောက်သော သူသည်။ ကာတုံ= ပြုခြင်းငှာ။ န သက္ကာ= မတတ်နိုင်။

ဗုဒ္ဓါနံ= မြတ်စွာဘုရားတို့၏။ အသီတိယာနုဗျဉ္ဇနာနံ ဝါ= ရှစ်ဆယ်သော လက္ခဏာတော်တို့၏လည်းကောင်း။ ဗျာမပ္ပဘာယ ဝါ= တစ်လံမျှသော ရောင်ခြည်တော်၏လည်းကောင်း။ အန္တရာယော = ဘေးအန္တရာယ်ကို။ ကေနစိ= တစ်စုံတစ်ယောက်သောသူသည်။ ကာတုံ= ပြုခြင်းငှာ။ န သက္ကာ= မတတ်နိုင်။

ဣမေသံ စတုန္နံ= ဤလေးပါးတို့၏။ အန္တရာယော= ဘေးအန္တရာယ်ကို။ ကေနစိ= တစ်စုံတစ်ယောက်သော သူသည်။ ကာတုံ= ပြုခြင်းငှာ။ န သက္ကာ= မတတ်နိုင်။ တထာ= ထို့အတူ။ မေ= အကျွန်ုပ်အား။ ဟောတု= ဖြစ်ပါစေသတည်း။

ဘဂဝတော= ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ= မြတ်စွာဘုရားအား။ အတီတံသေ= လွန်လေပြီးသောအဖို့၌။ အပ္ပဋိဟတံ ဉာဏံ= အဆီးအတား အပိတ်အပင်မရှိသော ဉာဏ်တော်သည်။ ဟောတိ= ဖြစ်၏။ ဘဂဝတော= ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ= မြတ်စွာဘုရားအား။ အနာဂတံသေ= နောင်လာလတ္တံ့သော အနာဂတ်အဖို့၌။ အပ္ပဋိဟတံဉာဏံ= အဆီးအတား အပိတ်အပင် မရှိသော ဉာဏ်တော်သည်။ ဟောတိ= ဖြစ်၏။ ဘဂဝတော= ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ= မြတ်စွာဘုရားအား။ ပစ္စုပ္ပန္နံသေ= ပစ္စုပ္ပန်မျက်မှောက်ဖြစ်သော အဖို့၌။ အပ္ပဋိဟတံဉာဏံ= အဆီးအတား အပိတ်အပင်မရှိသော ဉာဏ်တော်သည်။ ဟောတိ= ဖြစ်၏။

တီဟိ= သုံးပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ= ဤကျေးဇူးတရားတော်တို့နှင့်။ သမန္နာဂတဿ= ပြည့်စုံတော်မူသော။ ဘဂဝတော= ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော်။ ဗုဒ္ဓဿ= မြတ်စွာဘုရားအား။ သဗ္ဗံ= အလုံးစုံသော။ ကာယကမ္မံ= ကိုယ်ဖြင့်ပြုအပ်သော အမှုသည်။ ဉာဏပုဗ္ဗင်္ဂမံ= ဉာဏ်တော်ပြဋ္ဌာန်းခြင်းရှိသည်။ ဉာဏာနုပရိဝတ္တံ= ဉာဏ်တော်၏နောက်သို့ အစဉ်လိုက်သည်။ ဟောတိ= ဖြစ်၏။ သဗ္ဗံ= အလုံးစုံသော။ ဝစီကမ္မံ= နှုတ်ဖြင့်ပြုအပ်သောအမှုသည်။ ဉာဏပုဗ္ဗင်္ဂမံ= ဉာဏ်တော်ပြဋ္ဌာန်းခြင်းရှိသည်။ ဉာဏာနုပရိဝတ္တံ= ဉာဏ်တော်၏နောက်သို့ အစဉ်လိုက်သည်။ ဟောတိ= ဖြစ်၏။ သဗ္ဗံ= အလုံးစုံသော။ မနော ကမ္မံ= နှလုံးဖြင့်ပြီးသောအမှုသည်။ ဉာဏပုဗ္ဗင်္ဂမံ= ဉာဏ်တော်ပြဋ္ဌာန်းခြင်းရှိသည်။ ဉာဏာနုပရိဝတ္တံ= ဉာဏ်တော်၏နောက်သို့ အစဉ်လိုက်သည်။ ဟောတိ= ဖြစ်၏။

ဆဟိ= ခြောက်ပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ= ဤကျေးဇူးတရားတော်တို့နှင့်။ သမန္နာဂတဿ= ပြည့်စုံတော်မူသော။ ဘဂဝတော= ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော်။ ဗုဒ္ဓဿ= မြတ်စွာဘုရားအား။ ဆန္ဒဿ= သတ္တဝါတို့၏ အကျိုးစီးပွားကို ပြုလိုသော ဆန္ဒတော်၏။ ဟာနိ= ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ= မရှိ။ ဓမ္မဒေသနာယ= တရားတော်ကို ဟောပြောခြင်း၏။ ဟာနိ= ဆုတ်ယုတ်ခြင်သည်။ နတ္ထိ= မရှိ။ ဝီရိယဿ= သူတစ်ပါးတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်း၌ လုံ့လဝီရိယတော်၏။ ဟာနိ= ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ= မရှိ။ ဝိပဿနာယ= သင်္ခါရတရားတို့ကို အနိစ္စ အစရှိသော လက္ခဏာသုံးပါးဖြင့် ရှုမှု "ဝိပဿနာ" ဉာဏ်တော်၏။ ဟာနိ= ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ= မရှိ။ သမာဓိဿ= စိတ်တည်ကြည်မှု "သမာဓိ" တော်၏။ ဟာနိ= ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ= မရှိ။ ဝိမုတ္တိယာ= အရဟတ္တဖိုလ်ကို ဝင်စားတော်မူခြင်း၏။ ဟာနိ= ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ= မရှိ။

ဒွါဒသဟိ= တစ်ဆယ့်နှစ်ပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ= ဤကျေးဇူး တရားတော် တို့နှင့်။ သမန္နာဂတဿ= ပြည့်စုံတော်မူသော။ ဘဂဝတော= ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော်။ ဗုဒ္ဓဿ= မြတ်စွာဘုရားအား။ ဒဝါ= ရယ်မြူးလို၍ ပြုမူပြောဆိုခြင်းသည်။ နတ္ထိ= မရှိ။ ရဝါ= သတိလွတ်၍ ချွတ်ယွင်းပြုမူ ပြောဆိုခြင်းသည်။ နတ္ထိ= မရှိ။ အဖုဋ္ဌံ= ဉာဏ်တော်ဖြင့် မတွေ့ မထိ မသိအပ်သော တရားသည်။ နတ္ထိ= မရှိ။ ဝေဂါယိတတ္တံ= ဉာဏ်ဖြင့် မဆင်မခြင် အဆောတလျင်ပြုသောအမှုသည်။ နတ္ထိ= မရှိ။ အဗျာဝဋမနော= သူတစ်ပါး တို့အတွက် ကြောင့်ကြမဲ့ဖြစ်သော စိတ်နှလုံးတော်သည်။ နတ္ထိ= မရှိ။ အပ္ပဋိသင်္ခါနုပေက္ခာ= ဉာဏ်ဖြင့် မဆင်မခြင် လျစ်လျူရှုသောအမှုသည်။ နတ္ထိ= မရှိ။

အဋ္ဌာရသဟိ= တစ်ဆယ့်ရှစ်ပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ= ဤကျေးဇူး တရားတော်တို့နှင့်။ သမန္နာဂတဿ= ပြည့်စုံတော်မူသော။ ဘဂဝတော= ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော်။ ဗုဒ္ဓဿ= မြတ်စွာဘုရားအား။ နမော= ရှိခိုးပါ၏။ သတ္တန္နံ= ခုနစ်ဆူကုန်သော။ သမ္မာသမ္ဗုဒ္ဓါနံ= ဝိပဿီ, သိခီ, ဝေဿဘူ, ကကုသန္ဓ, ကောဏာဂမန, ကဿပ, ဂေါတမ= တည်းဟူသော မြတ်စွာဘုရားရှင်တို့အား။ နမော= ရှိခိုးပါ၏။

တထာဂတဿ= ဝိပဿီအစရှိသော ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်း တော်မူသောမြတ်စွာဘုရားအား။ ကာယဒုစ္စရိတံ= ကိုယ်ဖြင့် ပြုအပ်သော မကောင်းမှု "ကာယဒုစရိုက်"သည်။ နတ္ထိ= မရှိ။ တထာဂတဿ= မြတ်စွာဘုရားအား။ ဝစီဒုစ္စရိတံ= နှုတ်ဖြင့်ပြုအပ်သော မကောင်းမှု "ဝစီဒုစရိုက်"သည်။ နတ္ထိ=မရှိ။ တထာဂတဿ= မြတ်စွာဘုရားအား။ မနောဒုစ္စရိတံ= စိတ်ဖြင့် ပြုအပ်သော မကောင်းမှု "မနောဒုစရိုက်"သည်။ နတ္ထိ=မရှိ။ အတီတံသေ= လွန်လေပြီးသော အဖို့ကာလ၌။ ဗုဒ္ဓဿ= မြတ်စွာဘုရားအား။ ပဋိဟတံ ဉာဏံ= ဆီးတားပိတ်ပင်ခြင်း ရှိသော ဉာဏ်တော်သည်။ နတ္ထိ= မရှိ။ အနာဂတံသေ= နောင်လာလတ္တံ့သော အဖို့ကာလ၌။ ဗုဒ္ဓဿ= မြတ်စွာဘုရားအား။ ပဋိဟတံ ဉာဏံ= ဆီးတားပိတ်ပင် ခြင်းရှိသော ဉာဏ်တော်သည်။ နတ္ထိ= မရှိ။ ဗုဒ္ဓဿ= မြတ်စွာဘုရားအား။ သဗ္ဗံ= အလုံးစုံသော။ ကာယကမ္မံ= ကိုယ်ဖြင့်ပြုအပ်သော အမှုသည်။ ဉာဏာပုဗ္ဗင်္ဂမံ= ဉာဏ်တော်လျှင် ရှေ့သွားမရှိခြင်းသည်။ နတ္ထိ= မရှိ။ ဉာဏံ= ဉာဏ်တော်သို့။ နာနုပရိဝတ္တံ= အစဉ်မလိုက်ခြင်းသည်။ နတ္ထိ= မရှိ။ ဗုဒ္ဓဿ= မြတ်စွာဘုရားအား။ သဗ္ဗံ= အလုံးစုံသော။ ဝစီကမ္မံ= နှုတ်ဖြင့် ပြုအပ်သော အမှုသည်။ ဉာဏာပုဗ္ဗင်္ဂမံ= ဉာဏ်တော်လျှင် ရှေ့သွားမရှိခြင်းသည်။ နတ္ထိ= မရှိ။ ဉာဏံ= ဉာဏ်တော်သို့။ နာနုပရိဝတ္တံ= အစဉ်မလိုက်ခြင်းသည်။ နတ္ထိ=မရှိ။ ဗုဒ္ဓဿ= မြတ်စွာဘုရားအား။

သဗ္ဗံ= အလုံးစုံသော။ မနောကမ္မံ= စိတ်ဖြင့် ပြုအပ်သော အမှုသည်။ ဉာဏာပုဗ္ဗင်္ဂမံ= ဉာဏ်တော်လျှင် ရှေ့သွားမရှိခြင်းသည်။ နတ္ထိ= မရှိ။ ဉာဏံ= ဉာဏ်တော်သို့။ နာနုပရိဝတ္တံ= အစဉ်မလိုက်ခြင်းသည်။ နတ္ထိ= မရှိ။

ဣမံ ဓာရဏံ= ဤအဆောင်သည်။ ဝါ= ဤဆောင်ထားအပ်သော ဓာရဏ ပရိတ်တော်သည်။ အမိတံ= မနိုင်းယှဉ်အပ်။ အသမံ= တူမျှခြင်းလည်းမရှိ။ သဗ္ဗသတ္တာနံ= ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏။ တာဏံ= ခိုမှီကိုးကွယ်ရာ လည်း ဖြစ်၏။ လေဏံ= ပုန်းအောင်းလဲလျောင်းရာလည်းဖြစ်၏။ သံသာရ ဘယဘီတာနံ= သံသရာဘေးကို ကြောက်ရွံ့သောသူတို့၏။ အင်္ဂ= အလွန်မြတ်သော။ ပရိတ္တံ= အရံအတားဖြစ်၏။ မဟာတေဇံ= ကြီးသော တန်ခိုးရှိန်စော်အာနုဘော် ရှိသော။ ပရိတ္တံ= အရံအတား ဖြစ်၏။

အာနန္ဒ= ချစ်သားအာနန္ဒာ။ ဣမံ= ဓာရဏပရိတ္တံ= ဤသို့ တန်ခိုးတေဇော် အာနုဘော်ကြီးမြတ်သော ဓာရဏပရိတ်တော်ကို။ ဓာရေဟိ= ရွတ်ဆောင်လော့။ ဝါရေဟိ= မှတ်သားလော့။ ပရိပုစ္ဆာဟိ= မေးမြန်းစူးစမ်းဆင်ခြင်လော့။ တဿ= ထိုသို့ရွတ်ဆောင်, မှတ်သား, မေးမြန်းစူးစမ်း ဆင်ခြင်သောသူ၏။ ကာယေ= ကိုယ်၌။ ဝိသံ= မြွေနဂါးစသည်တို့၏ အဆိပ်သည်။ န ကမေယျ= မကျရောက်ရာ။ ဥဒကေ= ရေ၌။ န လဂ္ဂေယျ= မငြိတွယ် မနစ်မွန်းရာ။ အဂ္ဂိ= မီးသည်။ န ဍယေယျ= မလောင်ကျွမ်းရာ။ နာနာဘယဝိကော= အထူးထူး-ပြားပြား များစွာသော ဘေးရန်တို့သည် မထိမရောက်နိုင်ရာ။ န ဧကာ ဟာရကော= တစ်စုံတစ်ယောက် သောသူမျှ တစ်ရက် မကောင်းကြံသော သူသည်လည်း မကြံနိုင်ရာ။ န ဒွိဟာ ရကော= နှစ်ရက် မကောင်းကြံသောသူသည်လည်း မကြံနိုင်ရာ။ န တိဟာ ရကော= သုံးရက် မကောင်းကြံသောသူသည်လည်း မကြံနိုင်ရာ။န စတုဟာရကော= လေးရက် မကောင်းကြံသော သူသည်လည်း မကြံနိုင်ရာ။ န ဥမ္မတ္တကံ= ရူးသွပ် ပျံ့လွင့်သော အနာလည်း မဖြစ်နိုင်ရာ။ န မူဠကံ= တွေဝေမိုက်မဲသော အနာ လည်း မဖြစ်နိုင်ရာ။ မနုဿေဟိ= လူတို့သည် လည်းကောင်း။ အမနုဿေဟိ= ဘီလူးတို့သည် လည်းကော့င်း။ န ဟိံသကာ=မညှဉ်းဆဲ မပျက်ဆီး မနှိပ်စက်နိုင်ရာ။

တံ ဓာရဏပရိတ္တံ= ထိုဓာရဏပရိတ်တော်သည်။ ယထာ ကတမေ= အဘယ်သည်တို့နည်း ဟူမူကား။ ဓာလော= စကြဝဠာ ကမ္ဘာတစ်သောင်းကို လောင်ကျွမ်းစေသော နေခုနစ်စင်း၏ အရှိန်အစော်ကဲ့သို့ ဘေးရန်အန္တရာယ် အပေါင်းတို့ကို လောင်ကျွမ်းပယ်ဖျောက်နိုင်သည့် တန်ခိုးရှိန်စော် အာနုဘော်ရှိ၏။

မဟာဇာလော= နတ်, သိကြား, နဂါး, ဂဠုန်, ကုမ္ဘဏ်, ဘီလူး,ရက္ခိုသ် အစ ရှိသည်တို့ကို တားမြစ်နိုင်သော သံကွန်ရက်နှင့်တူသော ဘုန်းတန်ခိုးရှိန်စော် အာနုဘော်ရှိ၏။ ဇာလိတ္တေ= ရေ မီး, မင်း, သူခိုး, မချစ်မနှစ်လိုသောသူ ဟု ဆိုအပ်သော ရန်သူအန္တ ရာယ်အပေါင်းကိုလည်း ဖယ်ရှား တားမြစ်နိုင်၏။ မဟာ ဇာလိတ္တေ= ရောဂန္တ ရကပ်, သတ္ထန္တ ရကပ်, ဒုဗ္ဘိက္ခန္တ ရကပ်ဟု ဆိုအပ်သော ကပ်သုံးပါးတို့မှ ကင်းလွတ်စေနိုင်၏။ ပုဂ္ဂေ= အမိဝမ်းတွင်း၌ ပဋိသန္ဓေနေသော်လည်း အ–ခြင်း, ဆွံ့ခြင်း, နားပင်းခြင်း, ရူးသွပ်ပုံ့လွင့်ခြင်း အနာမျိုးတို့မှ လွတ်စေနိုင်၏။ မဟာပုဂ္ဂေ= သစ်ပင်, တောင်, ကမ်း, ချောက်တို့မှ ကျပြားသော်လည်း မသေ နိုင်ရာ။ သမ္ဗတ္တေ= မရသေးသော စည်းစိမ်ချမ်းသာရတနာဥစ္စာအပေါင်းကိုလည်း ရစေနိုင်၏။ မဟာသမ္ဗတ္တေ= ရပြီးသော စည်းစိမ်ချမ်းသာ ရတနာ ဥစ္စာအပေါင်း ကိုလည်း ကြီးကျယ်ပြန့်ပွား များစေ၏။ ဘူတဂ်မ်ိ= ဟုတ်မှန်သောအားဖြင့်။ တမင်္ဂလံ= အမိုက်ပျောက်၍ အလင်းရောက်နိုင်၏။

အာနန္ဒ= ချစ်သားအာနန္ဒာ။ ခေါ ပန= စင်စစ်မူကား။ ဣမံ ဓာရဏပရိတ္တံ= ဤဓာရဏပရိတ်တော်ကို။ သတ္တသတ္တတိသမ္မာသမ္ဗုဒ္ဓကောဋိပဟိ= ခုနစ်ဆယ် ခုနစ်ကုဋေကုန်သော ဘုရားရှင်တို့သည်။ ဘာသိတံ= ကောင်းစွာဟောတော်မူအပ်ပြီ။ ဝတ္တေ= ကောင်းသော အကျိုးနှင့်ယှဉ်၏။ အဝတ္တေ= မကောင်းသော အကျိုးနှင့် မယှဉ်။ ဂန္ဓဝေ= ကောင်းသောတရားအရသာ အနံ့မျိုးကို ဆောင်၏။ အဂန္ဓဝေ= မကောင်းသော တရားအရသာအနံ့မျိုးကို မဆောင်။ နောမေ= ကောင်းသော စိတ်နှလုံးကိုဆောင်၏။ အနောမေ= မကောင်းသော စိတ်နှလုံးကို မဆောင်။ သေဝေ= သူတော်ကောင်းတို့နှင့် ပေါင်းဖော်ယှဉ်တွဲမှီဝဲရသည်ဖြစ်၏။ အသေဝေ= သူတော်မဟုတ်သူယုတ်တို့နှင့် မပေါင်းဖော် မယှဉ်တွဲ မမှီဝဲရသည် ဖြစ်၏။ ကာယေ= ကောင်းသောကိုယ်ကို ဖြစ်စေ၏။ အကာယေ= မကောင်းသောကိုယ်ကို မဖြစ်စေရာ။ ဓာရဏေ= ကောင်းသော ကုသိုလ်အမှုကို ပြုဆောင်ရ၏။ အဓာရဏေ =မကောင်းသော အကုသိုလ်အမှုကို မပြုမဆောင်ရ။ ဣလ္လိ= ကောင်းသောအိပ်မက်ကို မြင်မက်ရ၏။ မိလ္လိ= မကောင်းသော အိပ်မက်ကို မမြင်မက်ရ။ တိလ္လိ= ကောင်း သော အတိတ်နိမိတ်ကို မြင်ရ၏။ မိလ္လိ= မကောင်းသော အတိတ်နိမိတ်ကို မမြင်ရ။ ယောရက္ခေ= သေပြီးသောသစ်ပင်တို့ကို ရှင်စေနိုင်၏။ မဟာယောရက္ခေ= ရှင်ပြီးသောသစ်ပင်တို့ကိုလည်း အကိုင်းအခက် အရွက်အလက်နှင့် ပြည့်စုံစေနိုင်၏။ ဘူတဂ်မ်ိ= ဟုတ်မှန်သောအားဖြင့်။ တမင်္ဂလံ= အမိုက်ပျောက်၍ အလင်းရောက် နိုင်၏။

အာနန္ဒ= ချစ်သားအာနန္ဒာ။ ခေါပန= စင်စစ်။ ဣမံ ဓာရဏပရိတ္တံ= ဤဓာရဏပရိတ်တော်ကို။ နဝနဝုတိယာ သမ္မာသမ္ဗုဒ္ဓကောဋိဟိ= ကိုးဆယ့်ကိုးကုဋေကုန်သော ဘုရားရှင်တို့သည်။ ဘာသိတံ= ဟောတော်မူအပ်ပြီ။ ဒိဋ္ဌိလာ= မကောင်းသဖြင့် ကြဲသောသူတို့၏ အကြဲအစည်ကိုလည်း သိမြင်နိုင်၏။ ဒဏ္ဍိလာ= ဓား, လှံ, လက်နက်, လေး, မြား, မီးပေါက်, အမြောက်အစရှိသော ဘေးတို့သည်လည်း မထိရောက်စေနိုင်။ မန္တိလာ= မန္တာန်, မန္တရား, ဂါထာ, အင်းအိုင်တို့သည်လည်း ထက်မြက်နိုင်၏။ ရောဂိလာ= ရောဂါအန္တရာယ်မျိုးတို့ကိုလည်း ပယ်ဖျောက်နိုင်၏။ ခရလာ= ကြမ်းတမ်းခက်မာသော အနာရောဂါမျိုးတို့လည်း မထိမရောက်နိုင်။ ဒုဗ္ဗိလာ= ကြိုး, ထိတ်, သံခြေကျင်း, ကပ်ဘိ, တွင်းလှောင်, ပင်းသကား, လည်ထောက်ကိုလည်း လွတ်စေနိုင်၏။ ဧတေန သစ္စဝဇ္ဇေန= ဤသို့ မှန်သောသစ္စာစကားကြောင့်။ သဗ္ဗဒါ = အခါခပ်သိမ်း။ မေ = ငါ့အား။ (တေ = သင့်အား၊ အမှာကံ = ငါတို့အား၊ တုမှာကံ = သင်တို့အား။)၊ သောတ္ထိ= ချမ်းသာခြင်းသည်။ ဟောတု= ဖြစ်ပါစေသတည်း။

ဓာရဏပရိတ် နိဿယ ပြီး၏။

## (ဆ) ပရိမိတ္တဇာလသုတ်

### ပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဂိဇ္ဈကူဋေ ပဗ္ဗတေ။

တေန ခေါ ပန သမယေန ကုမ္ဘဏ္ဍေန ယက္ခေန၊ ဒေဝေန ယက္ခေန၊ ဣန္ဒေန ယက္ခေန၊ ဗြဟ္မေန ယက္ခေန၊ သုပဏ္ဏေန ယက္ခေန၊ နာဂေန ယက္ခေန၊ ဂန္ဓဗ္ဗေန ယက္ခေန၊ ပုဗ္ဗဒိသေန ယက္ခေန၊ အဂ္ဂိဒိသေန ယက္ခေန၊ ဒက္ခိဏဒိသေန ယက္ခေန၊ နေရတိမဒိသေန ယက္ခေန၊ ပစ္ဆိမဒိသေန ယက္ခေန၊ ပါရပ္ပဒိသေန ယက္ခေန၊ ဥတ္တရဒိသေန ယက္ခေန၊ ဧသန္နဒိသေန ယက္ခေန၊ သမုဒ္ဒဒိသေန ယက္ခေန၊ အာကာသဒိသေန ယက္ခေန၊ ဘူမဒိသေန ယက္ခေန။

၂။ အပ္ပမေယျော ဗုဒ္ဓေါ၊ အပ္ပမေယျော ဓမ္မော၊ အပ္ပမေယျော သံဃော၊ ဘယဿန္တံ မဟာမောဂ္ဂလာနံ။

၃။ ယတ္ထ ယတ္ထ အပါဒကာ၊ ယတ္ထ ယတ္ထ ဒွေ ပါဒါ၊ ယတ္ထ ယတ္ထ စတုပ္ပါဒါ၊ ယတ္ထ ယတ္ထ ဗဟုပ္ပါဒါ၊ ပါဒ အန္တ ဉီရ အန္တ စက္ခု အန္တ မုခ အန္တ ဇိဝှာ အန္တ။

၄။ နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမောသံဃဿ၊ သကလ လောကဓာတု မာတာပိတု ဗုဒ္ဓရက္ခန် ကတံ။ သကလ လောကဓာတု မာတာ ပိတု ဓမ္မ ရက္ခန် ကတံ။ သကလ လောကဓာတု မာတာ ပိတု သံဃ ရက္ခန် ကတံ။ ရတ္တိံ ဝါ ဒိဝါ ဝါ သဒါ မံ ရက္ခန္တု။

၅။ သဗ္ဗဒေဝတာယ ဣမဿ ပရိမိတ္တဇာလဿ တေဇေန ဣမသ္မိံ အပါကဋ သရီရေ ယေကေစိ ဉပဒ္ဒဝါ အာနုဘာဝေန တေဇေန ဣမသ္မိံ လောကေ ဣမသ္မိံ ဇမ္ဗုဒီပေ ဣမသ္မိံ ပဗ္ဗတေ ဣမသ္မိံ နဂရေ ဣမသ္မိံ ဂေဟေ သဗ္ဗသတ္တရူ ဝိနဿန္တု၊ သဗ္ဗေ ဉပဒ္ဒဝါ ဝိနဿန္တုတိ။

ပရိမိတ္တ ဇာလသုတ္တံ နိဋ္ဌိတံ။

## ပရိမိတ္တဇာလသုတ်

### နိဿယ(အနက်)

နမော ရတနတ္တယဿ

၁။ ဘန္တေ= အရှင်မဟာကဿပ။ မေ= တပည့်တော် အာနန္ဒာသည်။ ဧဝံ= ဤသို့။ သုတံ= ကြားလိုက်ရ၏။

ဧကံ= တစ်ပါးသော။ သမယံ= အခါ၌။ ဘဂဝါ= မြတ်စွာဘုရားသည်။ ရာဇဂဟေ= ရာဇဂြိုဟ်ပြည်၌။ ဂိဇ္ဈကူဋေ= ဂိဇ္ဈကုဋ်တောင်၌။ ဝိဟရတိ= နေတော်မူ၏။

တေန ခေါ ပန သမယေန= ထိုအခါ၌။ ကုမ္ဘဏ္ဍေန ယက္ခေန= ကုမ္ဘဏ် နတ်သည်လည်းကောင်း။ ဒေဝေန ယက္ခေန= ဒေဝနတ်သည် လည်းကောင်း။ ဣန္ဒေန ယက္ခေန= သိကြားနတ်မင်းသည်လည်းကောင်း။ ဗြဟ္မေန ယက္ခေန= ဗြဟ္မာမင်းသည်လည်းကောင်း။ သုပဏ္ဏေန ယက္ခေန= ဂဠုန်မင်းသည် လည်းကောင်း။ နာဂေန ယက္ခေန= နဂါးမင်းသည် လည်းကောင်း။ ဂန္ဓဗ္ဗေန ယက္ခေန= ဂန္ဓဗ္ဗ နတ်မင်းသည်လည်းကောင်း။ ပုဗ္ဗဒိသေန ယက္ခေန= အရှေ့အရပ်ကို စောင့်သော ပုဗ္ဗဒိသ နတ်မင်းသည်လည်းကောင်း။ အဂ္ဂိဒိသေန ယက္ခေန= အရှေ့တောင်အရပ်

ကိုစောင့်သော အဂ္ဂိဒိသ နတ်မင်းသည်လည်းကောင်း။ ဒက္ခိဏဒိသေန ယက္ခေန= တောင်အရပ်ကိုစောင့်သော ဒက္ခိဏဒိသ နတ်မင်းသည်လည်းကောင်း။ နရတိမ ဒိသေန ယက္ခေန= အနောက်တောင်အရပ်ကို စောင့်သော နရတိမ ဒိသနတ်မင်း သည်လည်းကောင်း။ ပစ္ဆိမဒိသေန ယက္ခေန= အနောက်အရပ်ကို စောင့်သော ပစ္ဆိမဒိသနတ်မင်းသည်လည်းကောင်း။ ပါရပ္ပဒိသေန ယက္ခေန= အနောက်မြောက် အရပ်ကိုစောင့်သော ပါရပ္ပဒိသ နတ်မင်းသည်လည်းကောင်း။ ဥတ္တရဒိသေန ယက္ခေန= မြောက်အရပ်ကို စောင့်သော ဥတ္တရဒိသ နတ်မင်းသည် လည်းကောင်း။ ဧသန္နဒိသေန ယက္ခေန= အရှေ့မြောက်အရပ်ကို စောင့်သော ဧသန္နဒိသ နတ်မင်း သည်လည်းကောင်း။ သမုဒ္ဒဒိသေန ယက္ခေန= သမုဒ္ဒရာစောင့် နတ်မင်းသည် လည်းကောင်း။ အာကာသဒိသေန ယက္ခေန= ကောင်းကင်စောင့် နတ်မင်းသည် လည်းကောင်း။ ဘူမဒိသေန ယက္ခေန= မြေကို စောင့်သော ဘုမ္မစိုး နတ်မင်းသည် လည်းကောင်း။

(ဧတေဟိ= ဤ နဂါး, ဂဠုန်, ကုမ္ဘဏ်, ယက္ခ, ဂန္ဓဗ္ဗနှင့် သိကြား, ဗြဟ္မာ, နတ်ဒေဝါအပေါင်းတို့သည်။ ရက္ခန်= အစောင့်အရှောက်ကို။ ဧဝံ= ဤသို့။ ကတံ= ပြုအပ်၏)။

၂။ ဗုဒ္ဓေါ= မြတ်စွာဘုရားသည်။ အပ္ပမေယျော= မရေမတွက်နိုင်သော ဂုဏ်ကျေးဇူး ရှိတော်မူ၏။ ဓမ္မော= တရားတော်သည်။ အပ္ပမေယျော= မရေ မတွက်နိုင်သော ဂုဏ်ကျေးဇူး ရှိတော်မူ၏။ သံဃော= သံဃာတော်သည်။ အပ္ပ မေယျော= မရေမတွက်နိုင်သော ဂုဏ်ကျေးဇူး ရှိတော်မူ၏။ မဟာမောဂ္ဂလ္လာနံ= အရှင်မဟာမောဂ္ဂလ္လာန်သည်။ ဘယသန္တံ=ဘေးအန္တရာယ်အပေါင်း ငြိမ်းအေးခြင်းကို ပြုတော်မူတတ်၏။

၃။ ယတ္ထ ယတ္ထ= အကြင်အကြင် အရပ်၌။ အပါဒကာ= အန္တရာယ်ကို ပြုတတ်သော ခြေမရှိသော သတ္တဝါတို့သည်လည်းကောင်း။

ယတ္ထ ယတ္ထ= အကြင်အကြင် အရပ်၌။ ဒွေပါဒါ= အန္တရာယ်ကို ပြုတတ်သော ခြေနှစ်ချောင်းရှိသော သတ္တဝါတို့သည်လည်းကောင်း။

ယတ္ထ ယတ္ထ= အကြင်အကြင် အရပ်၌။ စတုပ္ပါဒါ= အန္တရာယ်ကို ပြုတတ်သော ခြေလေးချောင်းရှိသော သတ္တဝါတို့သည်လည်းကောင်း။

ယတ္ထ ယတ္ထ= အကြင်အကြင် အရပ်၌။ ဗဟုပ္ပါဒါ= အန္တရာယ်ကို ပြုတတ်သော ခြေများစွာရှိသော သတ္တဝါတို့သည်လည်းကောင်း။

(သန္တိ= ရှိကုန်၏။ တေ= ထို အန္တရာယ်ပြုတတ်သော သတ္တဝါတို့ကို)။

ပါဒအန္ဓံ= အန္တရာယ်ပြုရန် ခြေမကြွနိုင်အောင်။ ဦရအန္ဓံ= အန္တရာယ် ပြုရန် ပေါင်မလှုပ်နိုင်အောင်။ စက္ခုအန္ဓံ= အန္တရာယ်ပြုရန် မျက်စိမမြင်နိုင်အောင်။ မုခအန္ဓံ= အန္တရာယ်ပြုရန် ခံတွင်းမဟနိုင်အောင်။ ဇိဝှါအန္ဓံ= အန္တရာယ်ပြုရန် လျှာမလှုပ်နိုင်အောင်။

(ဧတေဟိ= ဤနဂါး, ဂဠုန်, ကုမ္ဘဏ်, ယက္ခ, ဂန္ဓဗ္ဗနှင့် သိကြား, ဗြဟ္မာ နတ်ဒေဝါတို့သည်။ ရက္ခန့်= အစောင့်အရှောက်ကို။ ကတံ= ပြုအပ်ပါပေ၏။

၄။ ဗုဒ္ဓဿ= မြတ်စွာဘုရားအား။ နမော= ရှိခိုးပါ၏။ ဓမ္မဿ= တရား တော်အား။ နမော= ရှိခိုးပါ၏။ သံဃဿ= သံဃာတော်အား။ နမော= ရှိခိုး ပါ၏။ (မယာ= တပည့်တော်သည်။) သကလလောကဓာတု မာတာပိတု ဗုဒ္ဓ ရက္ခန့်= တစ်လောကလုံး၏ အမိအဘသဖွယ်ဖြစ်သော ဘုရားတည်းဟူသော အစောင့်အရှောက်ကို။ ကတံ= ပြုအပ်ပါ၏။

သကလလောကဓာတု မာတာပိတု ဓမ္မရက္ခန့်= တစ်လောကလုံး၏ အမိအဘ သဖွယ်ဖြစ်သောတရားတည်းဟူသောအစောင့်အရှောက်ကို။ ကတံ= ပြုအပ်ပါ၏။

သကလလောကဓာတု မာတာပိတု သံဃရက္ခန့်= တစ်လောကလုံး၏ အမိ အဘသဖွယ်ဖြစ်သော သံဃာတော်တည်းဟူသောအစောင့်အရှောက်ကို။ ကတံ= ပြုအပ်ပါ၏။

ရက္ခန့် ကတံ= အစောင့်အရှောက်ကို ပြုအပ်သော။ မံ= အကျွန်ုပ်ကို။ ရတ္တိံ ဝါ= ညဉ့်အခါ၌လည်းကောင်း။ ဒိဝံ ဝါ= နေ့အခါ၌လည်းကောင်း။ သဒါ= အခါခပ်သိမ်း။ (ဧတေ= ဤနဂါး, ဂဠုန်, ကုမ္ဘဏ်, ယက္ခ, ဂန္ဓဗ္ဗနှင့် သိကြား, ဗြဟ္မာ,နတ်ဒေဝါအပေါင်းတို့သည်။) ရက္ခန္တု= စောင့်ရှောက်တော်မူကြပါ စေကုန် သတည်း။

၅။ သဗ္ဗဒေဝတာယ= နတ်ဗြဟ္မာအပေါင်း၏ လည်းကောင်း။ ဣမဿ ပရိမိတ္တဇာလဿ= ဤပရိမိတ္တဇာလသုတ်၏ လည်းကောင်း။ တေဇေန= တန်ခိုး ရှိန်စော် အာနုဘော်ကြောင့်။ ဣမသ္မိံ သရီရေ= ဤငါ၏ကိုယ်၌။ အပ္ပါကဋံ= မထင်ရှားသော ဘေးအန္တရာယ်သည် လည်းကောင်း။ ယေ ကေစိ ဥပဒ္ဒဝါ= ထင်ရှား, မထင်ရှား များပြားသော ဘေးရန်တို့သည် လည်းကောင်း။ ဝိနဿန္တု= ပျောက်ပျက်ကြပါစေကုန်သတည်း။

သဗ္ဗဒေဝတာယ= နတ်ဗြဟ္မာအပေါင်း၏ လည်းကောင်း။ ဣမဿ ပရိမိတ္တဇာလဿ= ဤပရိမိတ္တဇာလသုတ်၏လည်းကောင်း။ . အာနုဘာဝေန တေဇေန= တန်ခိုး ရှိန်စော် အာနုဘော်ကြောင့်။ ဣမသ္မိံ လောကေ= ဤလောက၌။ ဣမသ္မိံ စက္ကဝါဠေ= ဤစကြဝဠာ၌။ ဣမသ္မိံ ဇမ္ဗူဒီပေ= ဤဇမ္ဗူဒီပါကျွန်း၌။ ဣမသ္မိံ ပဗ္ဗတေ= ဤတောင်၌။ ဣမသ္မိံ နဂရေ= ဤမြို့၌။ ဣမသ္မိံ ဂေဟေ= ဤအိမ်၌။ သဗ္ဗသတ္တူ= ရန်အားလုံးတို့သည်။ ဝိနဿန္တု=ပျောက်ပျက်ကြပါစေကုန်သတည်း။ သဗ္ဗေ ဉပဒ္ဒဝါ= ဘေးဥပဒ်အန္တရာယ် အားလုံးတို့သည်။ ဝိနဿန္တု= ပျောက်ပျက်ကြပါစေကုန်သတည်း။

ပရိမိတ္တဇာလသုတ် နိဿယ ပြီး၏။

**မှတ်ချက်။ ။**

ဤအခန်းတွင် နှစ်ဖက်လှ၏ **'ဓယမင်္ဂလာရန်ကင်းဂါထာများ'** စာအုပ် စာမျက်နှာ ၇၁–မှ ၉၆ အထိ ကောက်နုတ်ချက်များ ပါရှိသည်။ ဓာရဏ ပရိတ်နိဿယမှာ နဂါးဒေါ်ဦးအတွက် ရေးပေးခဲ့သော အရှင်ကေတုမာလာဘိဝံသ (နှစ်ဖက်လှ)၏ အနက်များ ဖြစ်သည်။

## အခန်း(၁၆)

## ကျက်သရေမင်္ဂလာတိုးပွားစေရန် ရွတ်ရမည့် ပါဠိဂါထာများ

**"သဗ္ဗမင်္ဂလာ" ဂါထာတော်** လူ့လောကအပါအဝင် ၃၁–ဘုံ၌ ကျင်လည်နေကြကုန်သော သတ္တဝါတို့သည် ဒုက္ခအမျိုးမျိုး၊ အန္တရာယ်အသွယ်သွယ်တို့ဖြင့် တွေ့ကြုံ ရင်ဆိုင်ခံစားကြရလေသည်။ ထိုဘေးဥပဒ် အန္တရာယ် ရန်အသွယ်သွယ်တို့မှ ကင်းဝေးရန်လည်း နည်းမျိုးစုံဖြင့် ရှာဖွေကြိုးစားကြ၏။ အောင်မြင်သည်များရှိသကဲ့သို့ မအောင်မြင်သည်များလည်း ရှိသည်။ အောင်မြင်သည်များထဲတွင် အကောင်းဆုံးနည်းလမ်းကား ဗုဒ္ဓ၏တရား ဒေသနာ ဂါထာ မန္တန်တော်များပင် ဖြစ်ပါသည်။ ထိုအထဲတွင် "ဒိဝါ တပတိ" အစရှိသော ဂါထာသည် ရှေးဘုရားရှင်သက်တော်ထင်ရှားရှိစဉ် ကုဏ္ဍုဋ္ဌဝတီပြည် တွင် မဟာကပ္ပိနမင်းနှင့် အနောဇာဒေဝီတို့ စိုးစံချိန်က စတင်ပြီး ယနေ့တိုင် သာမန် ရပ်ရွာအခမ်းအနားမှသည် မင်းခမ်းမင်းနားအထိ သာမန်အောက်တန်းစား ဆင်းရဲသားမှသည် သူဌေးသူကြွယ်ဘုရင်မင်းမြတ်အထိ လက်ကိုင်ပြု၍ ရွတ်ဆို ပူဇော်ခဲ့ကြရာ အောင်မြင်မှုသရဖူကို ရယူခဲ့ကြသည်သာ ဖြစ်ပေသည်။

ဘေးဥပဒ် အန္တရာယ်ကင်း၍ ကြီးပွားတိုးတက်မှု အသွယ်သွယ်ကို ရရှိခံစား စံစားလိုသူတိုင်းသည် ဤ "ဒိဝါ တပတိ" အစရှိသော "သဗ္ဗမင်္ဂလာ" ဂါထာတော်ကို အလေးအနက် ယုံကြည်ချက်ထား၍ နေ့စဉ် အိပ်ရာဝင် အိပ်ရာထချိန်၌ ခံတွင်းသန့်သန့်ဖြင့် အနည်းဆုံး (၉)ခေါက် ရွတ်ဆိုပူဇော်ရန် ဖြစ်ပါသည်။

ချက်ထားပြီးသော ထမင်းဟင်းတို့သည် ဆာလောင်၍ လိုအပ်သောအခါ အလွယ်တကူစားသုံးနိုင်သကဲ့သို့ မိမိပရိစယ (လေ့လာဆည်းပူး ရွတ်ဖတ်ပူဇော်) မှုပြုထားသော ဤဂါထာကို ဈေးရောင်းသောအခါ၊ စာမေးပွဲဖြေသောအခါ စသော လိုအပ်သောအခါတိုင်း၌ ရွတ်ဖတ်ပူဇော်လိုက်လျှင် အကျိုးထူးတရားကို အလွယ်တကူ ရယူခံစားနိုင်မည် ဖြစ်ပေသည်။ လိုအင်ရမွှက် လောဘမထွက်ဘဲ

စိတ်လက်ကြည်လင်စွာဖြင့် ရွတ်ဆိုပူဇော်ရန် အထူးအရေးကြီးပါသည်။ (အနက် အဓိပ္ပာယ်သိပြီးက ပါဠိသက်သက်ကိုသာ ရွတ်ဆိုနိုင်ပါသည်။)

## သဗ္ဗမင်္ဂလာ ဂါထာတော်

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။

အာဒိစ္စော=ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ထွန်းပြောင်ပဝင်းရှင်နေမင်းသည်။ ဒိဝါ= နေ့အခါ၌။ တပတိ= လောကအလယ် ဂုဏ်မြင့်ကြွယ်၍ တင့်တယ်ပါပေ၏။

စန္ဒိမာ=စန်းငွေယုန်ခ သော်တာလသည်။ ရတ္တိံ= ညဥ့်အခါ၌။ အာဘာတိ= နှစ်သက်စဖွယ် တင့်တယ်ပါပေ၏။

သန္နဒ္ဓေါ= ချပ်ဝတ်တန်ဆာ ကိုယ်မှာစုံလင် ဆင်ယင်ထားသော။ ခတ္တိယော= လူတို့သနင်း ပြည့်ရှင်မင်းသည်။ တပတိ= ကြီးမြင့်ခံ့ထည် တင့်တယ်ပေ၏။

ဈာယီ= ဘက်စုံကောင်းမြတ် သမာပတ်ကို မပြတ်ထင်ရှား ဝင်စားလျက်ရှိသော။ ဗြာဟ္မဏော=ကိလေသာကို အပပြုပြီးသော အာသဝေါကင်းကွာ ရဟန္တာပုဂ္ဂိုလ်သည်။ တပတိ= ဈာန်မဂ်နှစ်သွယ် စွယ်စုံခြယ်၍ တင့်တယ်ပါပေ၏။

အထ= ထိုမှကြူး၍ ထူးသည်မှာကား။ ဗုဒ္ဓေါ= သစ္စာလေးဆင့် ခိုင်လုံးရင့်ကာ ပွင့်လာခေါင်ဖျား အောင်တော်မူ မြတ်စွာဘုရားသည်။ သဗ္ဗံ= အလုံးစုံသော။ အဟောရတ္တိံ= နေ့ညဥ့်ကာလပတ်လုံး။ တေဇသာ= ကြီးကဲစိုးရ တန်ခိုးတော်အနန္တဖြင့်။ တပတိ= အံ့ချီးလောက်ဖွယ် လောကလယ်၌ တင့်တယ်တော်မူပါပေသတည်း။

## ရှင်သီဝလိ ဂါထာတော်

လူ့ဘဝ လူဖြစ်လာကြချင်းတူသော်လည်း အခြေအနေချင်း မတူနိုင်ကြပေ။ လူသားများသာမဟုတ်။ (၃၁)ဘုံသား အားလုံးပင် တစ်ဦးနှင့်တစ်ဦး တစ်ယောက်နှင့်တစ်ယောက်၊ တစ်ကောင်နှင့်တစ်ကောင် အခြေအနေ မတူပေ။ ဤကား အတိတ်က မတူခဲ့ကြ၍ ဖြစ်ပေသည်။

လူဖြစ်လာပြီး လူ့ဘဝ စသည် တည်ဆဲခဏ (လူ့ဘဝသက်တမ်းစသည် တစ်လျှောက်) တွင်မူလည်း တစ်ဦးနှင့်တစ်ဦး, တစ်ယောက်နှင့် တစ်ယောက်, တစ်ကောင်နှင့် တစ်ကောင် မတူညီကြပေ။ ဤကား ပစ္စုပ္ပန်ကံ (လက်တွေ့ပြုလုပ်မှု) မတူညီကြ၍ ဖြစ်ပေသည်။ ဤသို့ ဆိုကြ၊ နိမ့်မြင့်ဖြစ်နေရမှုကို ပြုပြင်ဖန်တီးယူက ရနိုင်ပေသည်။ အချို့မှာမူ ချမ်းသာ၍ အချို့မှာမူ ဆင်းရဲကြ၏။ ချမ်းသာအောင် နည်းလမ်းကောင်းရှာ၍ အလုပ်ကြိုးစား လုပ်ကိုင်ကြရမည်။ ထိုသို့ လုပ်ကိုင် ဆောင်ရွက်ကြရာတွင် အခြားသော ကူညီပံ့ပိုးမှုများ လိုအပ်ပေသည်။ ဘဝ တိုးတက်ရာ တိုးတက်ကြောင်း၊ ထွန်းကားရာထွန်းကားကြောင်း အတွက် အခြား ကူညီပံ့ပိုး မှုများအနက် ဗုဒ္ဓ၏ တရားဒေသနာ ဂါထာတော်များသည် အဓိကအခန်းမှ ပါဝင်နေကြောင်း လက်ခံကြရပေမည်။

ဥပမာအားဖြင့် လာဘ်ပေါများလိုသူသည် ရှင်သီဝလိဂါထာကို ရွတ်ဖတ် ပူဇော်ရမည်။ ရှင်သီဝလိသည် ကောလိယသာကီဝင်မင်းမျိုး သုပ္ပဝါသာ၏ သားတော် ဘုရားရှင်၏ တပည့်သာဝက လာဘ်ပေါများသူ ဧတဒဂ်ရ ရဟန္တာ မထေရ် ဖြစ်သည်။ ထိုရဟန္တာမထေရ်၏ ဗုဒ္ဓလက်ထက်တွင် ထင်ထင်ရှားရှား လာဘ်ပေါများသူ ဖြစ်ခဲ့ကြောင်း မထေရ်၏ ဇာတ်တော်အကြောင်း အရာများအရ မည်သို့မျှ အငြင်းထွက်ဖွယ် မရှိ။

သို့သော် ရှင်သီဝလိရဟန္တာ သက်တော်ထင်ရှား မရှိတော့သော ယခုလို အချိန်အခါမျိုးတွင် ရှင်သီဝလိရုပ်တုကိုးကွယ်သူ၊ ရှင်သီဝလိဇာတ်တော်ပူဇော်သူ၊ ရှင်သီဝလိဂါထာများ ရွတ်ဖတ်ပူဇော်သူတို့သည် အောက်ပါအချက်များကို စိစစ် သုံးသပ်ကြည့်ပါက လာဘ်ပေါများနိုင်မည်ဖြစ်သည်ကို အငြင်းထွက်ဖွယ် မရှိပေ။

(၁) ရှင်သီဝလိ၏ ကိလေသာအာသဝေါတရား လုံးဝကင်းစင်ပြီးသော ရဟန္တာပုဂ္ဂိုလ်မြတ် ဖြစ်ခြင်း၊

(၂) လာဘ်လာဘ ဧတဒဂ် ပိုင်ရှင် ဖြစ်ခြင်း၊

(၃) ရတနာ(၃)ပါးတို့မှာ ထူးခြားသော အစွမ်းသတ္တိများ ရှိခြင်း၊

(၄) ရတနာ (၃)ပါးအပေါ် သက်ဝင်ယုံကြည်သော စိတ်၏ အကျိုးပေး ဆန်းကြယ်ခြင်း

(၅) လူတို့သည် ဆန္ဒပြင်းပြလျှင် အောင်မြင်မှု ရတတ်ခြင်း၊

(၆) ဘုရားရှင်၏ ဂုဏ်တော်ကို အာရုံပြု၍ ကြောက်ခြင်း၊ လန့်ခြင်း၊ ကြက်သီးမွေးညင်းထခြင်း စသည်တို့ ပျောက်ခြင်းကို ဓဇဂ္ဂသုတ်တွင် ဟောကြား တော်မူရာ လာဘ်လာဘ ဓကေဒဂ်ရ ရှင်သီဝလိကို ပူဇော်လျှင် လာဘ်ပေါများမည်မှာ သေချာပါသည်။

ထို့ကြောင့် အချိန်များစွာ သဒ္ဓါ(ယုံကြည်)မှု ထက်သန်စွာထား၍ ကြိုးစား ရွတ်ဖတ်ပူဇော်ပါက မုချမသွေ မိမိ၏လိုအင်ဆန္ဒ ပြည့်ဝမည် ဖြစ်ပေသည်။ ခုရေ သောက်ချင်မှ ခု ရေတွင်းတူးခြင်းမျိုးကဲ့သို့ တစ်ခါတစ်ရံ စိတ်ကူးပေါက်မှ ရွတ်ဖတ်ခြင်းမျိုး မဟုတ်ဘဲ အမြဲတစေ လုပ်ငန်းတစ်ရပ်အနေဖြင့် ဇွဲရှိရှိ စိတ်အားထက်သန်စွာ ရွတ်ဖတ်ပူဇော်ရန် အထူးလိုအပ်ပေသည်။ အကျိုးပေးနည်းမှု၊ များမှုသည် မိမိသဒ္ဓါတရားနှင့် ကြိုးစားအားထုတ်မှုအပေါ်တွင် တည်မှီနေမည်သာ ဖြစ်ပေသည်။

## ရှင်သီဝလိ(၁၀)ဂါထာ

၁။ သီဝလိ စ မဟာနာမံ၊ သဗ္ဗလာဘံ ဘဝိဿတိ၊
ထေရဿ အာနုဘာဝေန၊ သဗ္ဗေ ဟောန္တု ပိယံ မမ။

မဟာနာမံ–ကြီးမြတ်သောအမည်ရှိသော။ သီဝလိ စ= ရှင်သီဝလိမထေရ်သည် လည်း။ သဗ္ဗလာဘံ= အလုံးစုံသောလာဘ် ပူဇော်သက္ကာရ ဟူသမျှကိုး ဘဝိဿတိ= ဖြစ်စေလတ္တံ့။ ထေရဿ= ရှင်သီဝလိမထေရ်မြတ်၏။ အာနုဘာဝေန= တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်။ သဗ္ဗေ= ခပ်သိမ်းသောလူတို့သည်။ မမ=အကျွန်ုပ်အား။ ပိယံ(ပိယာ)=မေတ္တာသက်ဝင် ချစ်ခင်ကြကုန်သည်။ ဟောန္တု = ဖြစ်ကြစေကုန်သတည်း။

၂။ သီဝလိ စ မဟာဝီရော၊ ယေ ယေ ပဿန္တု မံ ပိယံ။
တေ တေ ပဿန္တု ပရမံ၊ ဇနပဒံ ပူဇယန္တု။

သီဝလိ= ရှင်သီဝလိမထေရ်မြတ်သည်။ မဟာဝီရော စ= ကြီးမြတ်သော ရဲရင့်ခြင်းလည်း ရှိတော်မူ၏။ တဿ= ထိုရှင်သီဝလိမထေရ်၏။ တေဇေန= တန်ခိုးတော်အားဖြင့်။ ယေ ယေ= အကြင်အကြင်သူတို့သည်။ မံ= အကျွန်ုပ်ကို။ ပိယံ= ချစ်ချစ်ခင်ခင်။ ပဿန္တု= ရှုမြင်ကြစေကုန်သတည်း။ တေ တေ= ထိုထို သူတို့သည်။ ပရမံ= ထူးမြတ်လှစွာ။ ပဿန္တု= ရှုကြည့်ကြစေကုန်သတည်း။ ဇနပဒံ= ဇနပုဒ်သည်(ဝါ) ဇနပုဒ်နေသူ များဗိုလ်လူသည်။ ပူဇယန္တု= ပူဇော်လာကြ စေကုန်သတည်း။

၃။ သီဝလိ စ မဟာထေရော၊ မမ သီသေ ဌပေတွာန။
ဇမ္ဗုဒီပမဏ္ဍလေန၊ ဇယော မင်္ဂလ သုခါဝဟော။

မဟာထေရော= ကြီးမြတ်သောမထေရ်တစ်ပါး ဖြစ်တော်မူသော။ သီဝလိ စ = ရှင်သီဝလိမထေရ်မြတ်သည်လည်း။ မမ = အကျွန်ုပ်၏။ သီသေ = ဦးခေါင်းရတနာ မြတ်အထွဋ်၌။ ဌာတု = တည်ပါစေသတည်း။ ဌပေတွာန= ဤသို့ တည်နေသောကြောင့်။ ဇမ္ဗုဒီပမဏ္ဍလေန= ဇမ္ဗူဒိပ်ကျွန်း အဝန်းနှင့်အမျှ။ ဇယော= အောင်မြင်ခြင်းသည်။ ဟောတု= ဖြစ်ပါစေသတည်း။ မင်္ဂလ= အောင်မြင်ကြောင်း မှန် ဂါထာ မင်္ဂလန်တို့သည်။ သုခါဝဟော= ချမ်းသာကို ဆောင်ကြသည်။ ယောန္တု= ဖြစ်ကြပါစေကုန်သတည်း

၄။ သီဝလိ စ မဟာနာမံ၊ ဣန္ဒာ ဒေဝါ သဗြဟ္မကာ။
မနုဿပုရိသော ဣတ္ထိ၊ မဟာလာဘံ ဘဝိဿတိ။

မဟာနာမံ= ကြီးမြတ်သောနာမ ရှိတော်မူသော။ သီဝလိ စ= သီဝလိထေရ် သည်လည်း။ အတ္ထိ= ရှိတော်မူ၏။ တဿာနုဘာဝေန= ထိုရှင်ထေရ်၏ အစွမ်း အာနုဘော်တော်ကြောင့်။ သဗြဟ္မကာ= ဗြဟ္မာနှင့် တကွ ဖြစ်ကုန်သော။ ဣန္ဒာ ဒေဝါ= သိကြား, နတ်တို့သည်လည်းကောင်း။ မနုဿပုရိသော ဣတ္ထိ စ= လူ ယောကျ်ား, လူမိန်းမတို့သည် လည်းကောင်း။ မဟာလာဘံ = ကြီးစွာသော လာဘ်သပ်ပကာကို။ ဘဝိဿတိ= ရသည်ဖြစ်လတ္တံ့သတည်း။

၅။ သီဝလိ စ မဟာလာဘံ၊ နာနာ ဒေတိ ဝရံ ဝရံ။
ဣဒ္ဓမ္ပိ ပူဇိတံ ဒေတိ၊ မဟာသုခံ ဘဝိဿတိ။

သီဝလိ = ရှင်သီဝလိမထေရ်မြတ်သည်။ ဝရံ= တောင့်တအပ်မြတ်သော။ မဟာလာဘံ= လာဘ်လာဘအများအပြားကို။ နာနာ= အမျိုးမျိုး။ ဒေတိ= ပေး တတ်၏။ ဝရံ= မြတ်သော။ ဣဒ္ဓမ္ပိ ပူဇိတံ= ပူဇော်အပ်သောပစ္စည်း ဝတ္ထု များကိုလည်း။ ဒေတိ= ပေးတတ်ပေ၏။ တေန= ထိုရှင်သီဝလိထေရ်၏ဘုန်းတော် ကြောင့်။ မဟာသုခံ= ကြီးမြတ်သောချမ်းသာသည်။ ဘဝိဿတိ= ဖြစ်ပေလတ္တံ့။

၆။ ဝဏ္ဏံ ဒန္တံ နရာတိတ္ထိ၊ အာဏာ မယှံ ဘဝေ ဘဝေ။
တာဝ ရက္ခေ ရာဇဓိတာ၊ သဗ္ဗေ ကောခံ ဝိနဿန္တု။

ဘန္တေ = ထေရ်ရှင်သီဝလိအရှင်ဘုရား။ တေ= အရှင်ဘုရား၏။ ဝဏ္ဏံ= အဆင်းတော်သည်လည်းကောင်း။ ဒန္တံ = ယဉ်ကျေးသိမ်မွေ့တော်မူပုံသည်လည်း

ကောင်း။ နရာတိတ္တိ= လူတို့အား မရောင့်ရဲစေနိုင်ပါ။ တဝ= အရှင်ဘုရား၏။ ရက္ခေ= ရက္ခမှုကျောင်း၌။ ရာဇခိတာ= ရက္ခစိုးနတ်သမီးသည်။ ရက္ခတု= စောင့်ရှောက်မှု မြဲပါစေသတည်း။ သဗ္ဗေ = ခပ်သိမ်းသောသတ္တဝါတို့သည်။ ကောခံ= အမျက်ဒေါသကို။ ဝိနသန္တု= ပယ်ဖျောက်နိုင်ကြပါစေသတည်း။ မယှံ= အကျွန်ုပ်၏။ အာဏာ= အာဏာစက်သည်လည်း။ ဘဝေ= ဖြစ်စေလိုရာ၌။ ဘဝေ= ဖြစ်ပါစေသတည်း။

၇။ သီဝလိ စ မဟာလာဘံ၊ သဗ္ဗလာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊ သဒါ ဟောတု ပိယံ မမ။

သီဝလိ စ= ရှင်သီဝလိထေရ်မြတ်သည်လည်း။ မဟာလာဘံ= ကြီးမြတ်သော လာဘ်လာဘ ရှိတော်မူ၏။ မမ= အကျွန်ုပ်အား။ သဗ္ဗလာဘံ= ခပ်သိမ်းသော လာဘ်လာဘသည်။ ဘဝိဿတိ= ဖြစ်ပေလတ္တံ့။ ထေရဿ= ရှင်သီဝလိထေရ်၏။ အာနုဘာဝေန= တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်။ သဒါ= အခါခပ်သိမ်း။ မမ= အကျွန်ုပ်အား။ ပိယံ= လူအပေါင်းတို့က ချစ်မြတ်နိုးအပ်သည်။ ဟောတု= ဖြစ်ပါစေသတည်း။

၈။ သီဝလိ စ မဟာထေရော၊ ယေ ယေ ပဿန္တု မံ ပိယံ။
တေ တေ ပဿန္တု မံ ပိယံ၊ ဇနပဒံ ပူဇိဿန္တိ။

သီဝလိ စ= ရှင်သီဝလိမထေရ်မြတ်သည်လည်း။ မဟာထေရော= ကြီးမြတ်သော ထေရ်တစ်ပါး ဖြစ်တော်မူ၏။ တဿ= ထိုရှင်သီဝလိ မထေရ်မြတ်၏။ အာနုဘာဝေန= တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်။ ယေ ယေ= အကြင်အကြင်သူတို့သည်။ မံ= အကျွန်ုပ်ကို။ ပိယံ= ချစ်မြတ်နိုးစွာ။ ပဿန္တု= ရှုကြည့်ကြပါစေသတည်း။ တေ တေ= ထိုထိုသူတို့သည်။ မံ= အကျွန်ုပ်ကို။ ပိယံ= ချစ်မြတ်နိုးစွာ။ ပဿန္တု= ရှုကြည့်ကြပါစေသတည်း။ တေတေ= ထိုထိုသူတို့သည်။ မံ= အကျွန်ုပ်ကို။ ပိယံ= နှစ်နှစ်သက်သက်။ ပဿန္တု= ကြည့်မြင်ကြပါစေကုန်သတည်း။ ဇနပဒံ= ဇနပုဒ်နေ ပြည်သူအပေါင်းသည်။ ပူဇိဿန္တိ= ပူဇော်ကြပေကုန်လတ္တံ့။

၉။ သီဝလိ စ မဟာထေရော၊ မမ သီသေ ဌပေတွာန။
မန္တတေဇ ဇယောမန္တံ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

မဟာထေရော= မဟာထေရ်မြတ် ဖြစ်တော်မူသော။ သီဝလိ စ= ရှင်သီဝလိ ရဟန္တာသည်လည်း။ မမ= အကျွန်ုပ်၏။ သီသေ= ဦးခေါင်းရတနာ၌။

ဌာတု= တည်ပါစေသတည်း။ ဌပေတွာန= တည်နေပြီး၍။ မန္တ တေဇ ဇယောမန္တံ= ထက်မြက်သော မန္တန်, အောင်အပ်ယော်မန္တန်ကို ပေးတတ်သော။ တံ= ထိုထေရ် ရှင်သီဝလိကို။ အဟံ= အကျွန်ုပ်သည်။ သဗ္ဗဒါ= အမြဲမပြတ်။ ဝန္ဒာမိ= ရှိခိုးပါ၏ ဘုရား။

၁၀။ သီဝလိ စ မဟာထေရော၊ ဒေဝမနုဿပူဇိတော။
သော ရဟော ပစ္စယာဒီနံ၊ မဟာလာဘံ ကရောတု မေ။

ဒေဝမနုဿပူဇိတော= နတ်လူတို့သည် ပူဇော်အပ်သော။ ပစ္စယာဒီနံ= ပစ္စည်းလေးပါးအစရှိသော ပူဇော်အထူးတို့ကို။ ရဟော= ခံယူတော်မူထိုက်သော။ သော သီဝလိ မဟာထေရော= ထိုအရှင်သီဝလိ မဟာထေရ်မြတ်သည်။ မေ= အကျွန်ုပ်အား။ မဟာလာဘံ= လာဘ်လာဘပေါများခြင်းကို။ ကရောတု= ပြုတော်မူပါစေသတည်း။

**မှတ်ချက်။ ။** အနက်အဓိပ္ပာယ်သိပြီးလျှင် ပါဠိဂါထာသက်သက်ကိုသာ ရွတ်ဆို ပူဇော်နိုင်သည်။ အားလုံး မရနိုင်သေးမီ အစနှင့် အဆုံး နှစ်ဂါထာကို နေ့စဉ် ရွတ်ဖတ်ပူဇော်ပါလေ။ ယုံကြည်မှုနှင့် ရွတ်ဖတ်ပူဇော်မှု များလာလေလေ အကျိုးထူးများ တိုးတက်ရရှိနိုင်လေလေ ဖြစ်လာပါ လိမ့်မည်။ ကြိုးစားရွတ်ဖတ်ကြပါလေ။

**(ဂ) စိန္တာမဏိ ဂါထာတော်** ဗုဒ္ဓစာပေကျမ်းဂန်များဖြစ်သော ဓမ္မပဒ အဋ္ဌကထာ နှင့် ဇာတ်အဋ္ဌကထာများ၌ မန္တန်များ အကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ လေ့လာသိရှိရသမျှ မန္တန်ပေါင်း (၁၉)မျိုးအနက် စိန္တာမဏိမန္တန် (စိန္တာမဏိဂါထာ)သည် လွန်စွာ နာမည်ကြီးသော ဂါထာဖြစ်ပါသည်။ ယင်းမန္တာန်၏ အခြေအမြစ်ကို လေ့လာသောအခါ ၅၅၀- နိပါတ် ပဒကုသလဇာတ်တွင် ဘုရားအလောင်းတော် ပဒကုသလ လုလင်အား မယ်တော်ဘီလူးမက ပေးခဲ့သော ဂါထာဖြစ်ကြောင်း သိရှိရပေသည်။

ထိုဇာတ်တော်တွင် "စိန္တာမဏိဂါထာကို ရသည့်အချိန်မှစ၍ ပဒကုသလ လုလင်သည် ခြေရာကောက်အတတ်ပညာကို ကောင်းစွာတတ်မြောက်ကြောင်း၊ ဘုရင်၏ ဘဏ္ဍာထုပ်များကို ပြန်လည်ရှာဖွေ ဖော်ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ဘုရင် မင်းမြတ်၏ နဝရတ်လက်စွပ်တော်ကို ကြွက်တွင်းမှ ပြန်လည်ထုတ်ယူပေးနိုင် ခဲ့ကြောင်း၊ သန်လျက်ပျောက်ဆုံးမှုတို့ကို ပြန်လည်ဖော်ထုတ်ပေးနိုင်ခဲ့သဖြင့်

ဘုရင့်စည်းစိမ် ခံစားခဲ့ရကြောင်း” စသည်ဖြင့် စိန္တာမဏိဂါထာတော်၏ တန်ခိုးအစွမ်းသတ္တိများကို ဖွင့်ဆိုဖော်ပြထားလေသည်။

## စိန္တမဏိ ဂါထာတော်

၁။ စိန္တာမဏိ ရတနာနိ၊ ဗုဒ္ဓံ ဗုဒ္ဓရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

၂။ စိန္တာမဏိ ရတနာနိ၊ ဓမ္မံ ဓမ္မရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

၃။ စိန္တာမဏိ ရတနာနိ၊ သံဃံ သံဃရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

၁။ စိန္တာမဏိရတနာနိ= ကြံဖန်လိုက်တိုင်း ရပ်ဆိုင်းမရှိ အလိုကိုပြည့်စေနိုင်သော ရတနာတို့သည်။ ဗုဒ္ဓံ= ဘုရားတည်းဟူသော ရတနာမြတ်ပေတည်း။ ဗုဒ္ဓရတနာနံ= ဘုရားတည်းဟူသော ရတနာတို့ကို။ သရဏံ= ကိုးကွယ်ဆည်းကပ်လေးမြတ်ခြင်းကို။ ကရံ= ကရောန္တော= ပြုထိုက်သည်ဖြစ်၍။ ကရတိ= ပြုသောသူ၌။ ဣစ္ဆာ= ကြံစည်တောင့်တ လိုအင်ဆန္ဒသည်။ ခိပ္ပမေဝ= ဆောလျင်စွာလျှင်။ သမိဇ္ဈတု= ပြည့်စုံပါစေသတည်း။

၂။ စိန္တာမဏိရတနာနိ= ကြံဖန်လိုက်တိုင်း ရပ်ဆိုင်းမရှိ အလိုကိုပြည့်စေနိုင်သော ရတနာတို့သည်။ ဓမ္မံ= တရားတည်းဟူသော ရတနာမြတ်ပေတည်း။ ဓမ္မရတနာနံ= တရားတည်းဟူသော ရတနာတို့ကို။ သရဏံ= ကိုးကွယ်ဆည်းကပ်လေးမြတ်ခြင်းကို။ ကရံ= ကရောန္တော= ပြုထိုက်သည်ဖြစ်၍။ ကရတိ= ပြုသောသူ၌။ ဣစ္ဆာ= ကြံစည်တောင့်တ လိုအင်ဆန္ဒသည်။ ခိပ္ပမေဝ= ဆောလျင်စွာလျှင်။ သမိဇ္ဈတု= ပြည့်စုံပါစေသတည်း။

၃။ စိန္တာမဏိရတနာနိ= ကြံဖန်လိုက်တိုင်း ရပ်ဆိုင်းမရှိ အလိုကိုပြည့်စေနိုင်သော ရတနာတို့သည်။ သံဃံ= သံဃာတည်းဟူသော ရတနာမြတ်ပေတည်း။ သံဃရတနာနံ=သံဃာတည်းဟူသော ရတနာတို့ကို။ သရဏံ= ကိုးကွယ်ဆည်းကပ်လေးမြတ်ခြင်းကို။ ကရံ= ကရောန္တော= ပြုထိုက်သည်ဖြစ်၍။ ကရတိ= ပြုသောသူ၌။ ဣစ္ဆာ= ကြံစည်တောင့်တ လိုအင်ဆန္ဒသည်။ ခိပ္ပမေဝ= ဆောလျင်စွာလျှင်။ သမိဇ္ဈတု= ပြည့်စုံပါစေသတည်း။

ဤစိန္တာမဏိဂါထာသည် လွန်စွာနာမည်ကြီးသောကြောင့် ဂါထာ၏အကျိုးကို အနည်းငယ် ဆက်လက်ဖော်ပြလိုပါသည်။

အထူးအားဖြင့် "စိန္တာ" ဟူသည် အကြံအစည်ပညာ၊ "မဏိ"ဟူသည် "မြကျောက်" ပတ္တမြားဟူ၍ အဓိပ္ပာယ်ရှိ၏။ သို့ဖြစ်၍ ပတ္တမြားကဲ့သို့ အဖိုးတန်သော အကြံအစည် ပညာဉာဏ်ကို "စိန္တာမဏိ"ဟု ဆိုနိုင်သည်။ ထို့ကြောင့် ဤဂါထာကို ရွတ်ဖတ်ပူဇော်လေ့ရှိသောသူသည် အကြံကောင်း ဉာဏ်ကောင်းများ ထွက်နိုင်ပေသည်။ "အကြံကောင်းလျှင် တစ်ချက်" ဟူသော စကားပုံအရ အကြံကောင်းလျှင် စီးပွားဥစ္စာ ဖြစ်ထွန်းမည်အမှန် ဖြစ်ပေသည်။

ဤစိန္တာမဏိဂါထာကို ရွတ်ဖတ်ပူဇော်လေ့ရှိသူသည် သူတစ်ပါးတို့၏ အကြံအစည်ကို ကြိုတင်သိရှိနိုင်သည်။ ထို့ကြောင့် ဘေးအန္တရာယ်ကို ကြိုတင်ရှောင်ကွင်းနိုင်မည် ဖြစ်ပေသည်။ ဟုတ်, မဟုတ်၊ မှန်, မမှန် မိမိကိုယ်တိုင် ကြိုးစား ရွတ်ဖတ် ပူဇော်ခြင်းဖြင့် လက်တွေ့စမ်းသပ် ရွတ်ဖတ်ကြပါလေ။

## (ဃ) မဟာကပ္ပိနသစ္စာ သုံးဂါထာ (ခရီးသွားသစ္စာ သုံးဂါထာ)

ကုက္ကုဋဝတီပြည်ရှင် မဟာကပ္ပိနမင်းကြီးသည် မြင်းသည်ကျော် လေးဦးတို့ကို စေလွှတ်၍ နေပြည်တော်ပတ်ဝန်းကျင်၌ ရတနာသုံးပါးသတင်းကို နေ့စဉ်စုံစမ်းစေခဲ့၏။ သို့သော် သတင်းကောင်းကို မရရှိဘဲ ဖြစ်နေခဲ့သည်။ တစ်နေ့သ၌ မင်းကြီးသည် အမတ်တစ်ထောင်ခြံရံလျက် မြင်းကိုယ်စီဖြင့် ဥယျာဉ်တော်သို့ ထွက်ခွာလာခဲ့သည်။ ထိုအခါ မင်းကြီးသည် နေပြည်တော်မှ ယူဇနာ (၁၂၀)ဝေးကွာသော သာဝတ္ထိပြည်မှ လာကြသည့် ကုန်သည်ငါးရာကို တွေ့၍ သတင်းစကားကို မေးမြန်းရာ သာဝတ္ထိပြည်တွင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ပွင့်ထွန်းနေကြောင်း သတင်းကောင်းကို ကြားလိုက်ရသည်။ ထိုသတင်းကောင်း အတွက် မင်းကြီးသည် ရတနာတစ်ပါး အသပြာတစ်သိန်းဖြင့် ဆုတော်ငွေ အသပြာ သုံးသိန်းကို ကုန်သည်ငါးရာအား ပေးသနားပူဇော်လိုက်သည်။

မင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် အချင်းချင်း တိုင်ပင်ကြပြီး ရောက်ရာနေရာမှပင် မြတ်စွာဘုရားယံ ဆက်လက်သွားရောက်၍ ရဟန်းပြုကြရန် ဆုံးဖြတ်ကြသည်။ သိန္ဓောမြင်းကိုယ်စီ စီး၍ သာဝတ္ထိပြည်သို့ ထွက်လာခဲ့ကြရာ လမ်းတွင် တစ်ဂါဝုတ်နက်၍ နှစ်ဂါဝုတ်ကျယ်သော အပရစ္ဆာမြစ်ကြီး ရေ့က ဆီးနေသည်ကို တွေ့ကြရသည်။

ထိုအခါ မင်းကြီးသည် တစ်ဘက်ကမ်းသို့ ကူးသွားနိုင်ရန် လှေမရှိ ဖောင်မရှိ ဖြစ်ပြီး အခက်တွေ့နေသဖြင့် "ငါသည် ရတနာသုံးပါးကို ရည်စူး၍ တောထွက်လာသူစင်စစ် ဖြစ်ပေ၏။ ငါ့အဖို့ ရတနာသုံးပါးတို့၏ အာနုဘော်ကြောင့် ဤရေသည် ရေကဲ့သို့ မဖြစ်ပါစေသတည်း"ဟု ဘုရားဂုဏ်ကို အာရုံပြု၍ ဖော်ပြလတ္တံ့ပါ ဂါထာကို နှုတ်မှ ရွတ်ဆိုကာ အခြံအရံ အမတ်တစ်ထောင်, သိန္ဓောမြင်းတစ်ထောင်နှင့်တကွ အပရစ္ဆာမြစ်ကို ဖြတ်ကူးရာ သိန္ဓောမြင်းတို့သည် မြေပြင်ပေါ်၌ကဲ့သို့ ပြေးသွားကြရသည်။ ခွာဖျားတို့ကိုပင် ရေကြည်တစ်ပေါက်မျှ မစွတ်စိုပေ။

**ပထမအပရစ္ဆာမြစ်ကြီးကို ဖြတ်ကူးစဉ်**
**မဟာကပ္ပိနမင်းကြီး ရွတ်ဆိုသောဂါထာ**

ဘဝသောတံ ဟဝေ ဗုဒ္ဓေါ၊ တိဏ္ဏော လောကန္တဂူ ဝိဒူ။
ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။

**အနက်။ ။** ဗုဒ္ဓေါ= ဗုဒ္ဓမည်ရ လောကထွတ်ထား မြတ်စွာဘုရားသည်။ ဟဝေ= စင်စစ်။ ဘဝသောတံ= ဘဝသုံးသွယ် ရေပြင်ကျယ်ကို။ တိဏ္ဏော= နိဗ္ဗူ ထုတ်ခြောက် ကူးမြောက်တော်မူပြီးလေပြီ။ လောကန္တဂူ= လောက၏ အဆုံးသို့ ရောက်တော်မူလေပြီ။ ဝိဒူ= ခပ်သိမ်းသောတရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူလေပြီ။ ဧတေန သစ္စဝဇ္ဇေန= ဝစီမင်္ဂလာ ဤသစ္စာစကားကြောင့်။ မေ= အကျွန်ုပ်၏။ ဂမနံ= မြတ်စွာဘုရားထံမှောက် သွားရောက်ခြင်းသည်။ သမိဇ္ဈတု= ထမြောက်ကုံလုံ ပြည့်စုံပါစေသတည်း။

**ရွတ်ဖတ်နည်း။ ။**

| | | |
|---|---|---|
| ဗုဒ္ဓေါ | = | ဗုဒ် ဓော |
| တိဏ္ဏော | = | တိဏ်ဏော |
| လောကန္တဂူ | = | လောကန်တဂူ |
| သစ္စ | = | သစ်စ |
| ဝဇ္ဇေန | = | ဝင်ဇေန |
| သမိဇ္ဈတု | = | သမိဇ်ဈတု |

မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် ထိုအပရစ္ဆာမြစ်ကိုကူး၍ ရှေ့သို့ ခရီးဆက်ခဲ့ရာ ယူဇနာတစ်ဝက်နက်ပြီး ယူဇနာတစ်ဝက်ခန့် ကျယ်သော နီလဝါဟိနီမြစ်ကြီး ဆီးနေသည်ကို တွေ့ကြရပြန်သည်။ မင်းကြီးသည် မြစ်ကို ကူးရန် လှေမရှိ ဖောင်မရှိ ဖြစ်နေသဖြင့် တရားဂုဏ်တော်ကို အာရုံပြု၍ ဖော်ပြ

လတ္တံ့ပါ ဂါထာကို နှုတ်မှ ရွတ်ဆိုလျက် အခြံအရံအမတ်တစ်ထောင်, သိန္ဓောမြင်း တစ်ထောင်နှင့်အတူ နီလဝါဟိနီမြစ်ကို ဖြတ်ကူးရာ သိန္ဓောမြင်းတို့သည် မြေပြင်ပေါ် မှာကဲ့သို့ ပြေးသွားကြရသည်။ ခွာဖျားတို့ကိုပင် ရေကြည်တစ်ပေါက်မျှ မစွတ်စိုပေ။

**ဒုတိယ နီလဝါဟိနီမြစ်ကြီးကို ဖြတ်ကူးစဉ်**
**မဟာကပ္ပိနမင်းကြီး ရွတ်ဆိုသောဂါထာ**

ယဒိ သန္တိဂမော မဂ္ဂေါ၊ မောက္ခော စစ္စန္တိကံ သုခံ။
ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။

**အနက်။ ။** မဂ္ဂေါ= အရိယမဂ်လေးပါးသည်။ ယဒိ= စင်စစ်။ သန္တိဂမော= နိဗ္ဗာန်ထုတ်ချောက် ရောက်စေနိုင်၏။ မောက္ခော စ= အရိယမဂ်ဖြင့် ရောက်အပ်သော နိဗ္ဗာန်တရားမြတ်သည်လည်း။ အစ္စန္တိကံသုခံ= ချမ်းသာ စင်စစ် ဧကန်ဖြစ်၏။ ဧတေန သစ္စဝဇ္ဇေန= ဝစီမဂ်လာ ဤသစ္စာ စကား ကြောင့်။ မေ= အကျွန်ုပ်၏။ ဂမနံ= မြတ်ဘုရားထံမှောက် သွားရောက်ခြင်း သည်။ သမိဇ္ဈတု= ထမြောက်လုံလုံ ပြည့်စုံပါစေသတည်း။

**ရွတ်ဖတ်နည်း။ ။** သန္တိ = သန်တိ
မဂ္ဂေါ = မဂ်ဂေါ
မောက္ခော = မောက်ခေါ
စစ္စန္တိကံ = စင်စန်တိကံ

မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် နီလဝါဟိနီမြစ်ကို ဖြတ်ကူး၍ ရှေ့သို့ ခရီးဆက်ခဲ့ရာ တစ်ယူဇနာနက်ပြီး တစ်ယူဇနာကျယ်သော စန္ဒဘာဂါမြစ်ကြီး ဆီးနေသည်ကို တွေ့ကြရပြန်သည်။ မင်းကြီးသည် မြစ်ကို ကူးရန် လှေမရှိ ဖောင်မရှိ ဖြစ်နေသဖြင့် သံဃာ့ဂုဏ်ကို အောက်မေ့ကာ ဖော်ပြ လတ္တံ့ပါ ဂါထာကို နှုတ်မှ ရွတ်ဆိုလျက် အခြံအရံအမတ်တစ်ထောင်, သိန္ဓောမြင်း တစ်ထောင်တို့နှင့်အတူ စန္ဒဘာဂါမြစ်ကိုဖြတ်ကူးရာ သိန္ဓောမြင်းတို့သည် ပြေပေါ် ၌ကဲ့သို့ ပြေးသွားကြရသည်။ ခွာဖျားကိုပင် ရေကြည်တစ်ပေါက်မျှ မစွတ်စိုချေ။

**တတိယ စန္ဒဘာဂါမြစ်ကြီးကို ဖြတ်ကူးစဉ်**
**မဟာကပ္ပိနမင်းကြီး ရွတ်ဆိုသောဂါထာ**

သံဃော စ ဝေ တိဏ္ဏကန္တာရော၊ ပုညခေတ္တော အနုတ္တရော။
ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။

**အနက်။ ။** သံဃော = အရိယာသံဃာတော်မြတ်သည်။ ဝေ = စင်စစ်။ တိဏ္ဏ ကန္တာရော= သံသရာခရီးခဲကို ကူးမြောက်ပြီး ဖြစ်တော်မူပေ၏။ အနုတ္တရော = အတုမရှိ လွန်မြတ်ဘိသော။ ပုညခေတ္တော=ကောင်းမှုမျိုးကို စိုက်ပျိုး ကြဲချရာ လယ်ယာမြေစစ် ပုညခေတ်လည်း ဖြစ်ပါပေ၏။ ဧတေန သစ္စဝဇ္ဇေန=ဝစီမင်္ဂလာ ဤသစ္စာစကားကြောင့်။ မေ = အကျွန်ုပ်၏။ ဂမနံ = မြတ်ဘုရားထံမှောက် သွားရောက်ခြင်းသည်။ သမိဇ္ဈတု= ထမြောက်ကုန်လုံ ပြည့်စုံပါစေသတည်း။

**ရွတ်ဖတ်နည်း။ ။**

| | | |
|---|---|---|
| ကန္တာရော | = | ကန်တာရော |
| ပုည | = | ပုန်ည |
| ခေတ္တော | = | ခေတ်တော |
| အနုတ္တရော | = | အနုတ်တရော |

မဟာကပ္ပိန မင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် စန္ဒဘာဂါမြစ်ကို ဖြတ်ကူးကြပြီးနောက် မြတ်စွာဘုရားထံမှောက် ရောက်ရှိကြ၍ တရားနာကြရသဖြင့် အားလုံး သောတာပတ္တိဖိုလ်၌ တည်ကြပြီး ဧဟိဘိက္ခုရဟန်း ဖြစ်လာကြသည်။ ထို့နောက် ယင်းရဟန်းတော် အားလုံးသည် ပဋိသမ္ဘိဒါပတ္တရဟန္တာချည်း ဖြစ်တော်မူကြလေသည်။

မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့ မြတ်စွာဘုရားထံ သွားရောက်ကြကြောင်း ကုန်သည်ငါးရာ၏ ပြောကြားချက်အရ သိရှိရသော အနောဇာဒေဝီနှင့် အမတ်ကတော်တစ်ထောင်တို့သည်လည်း မဟာကပ္ပိနမင်းနှင့် အမတ်တစ်ထောင် နည်းတူ မြတ်စွာဘုရားထံ လိုက်သွားကြရာ မြစ်သုံးမြစ်ကို ဖော်ပြခဲ့ပြီးသော ဂါထာ သုံးဂါထာရွတ်၍ ကူးနိုင်ကြသည်။ မြတ်စွာဘုရားထံ ရောက်သောအခါ တရားတော်ကို နာကြားရပြီး အားလုံး သောတာပန် ဖြစ်ကြကာ ဥပ္ပလဝဏ်ထေရီမ၏ ဆောင်ရွက်ပေးမှုကြောင့် အားလုံး ဘိက္ခုနီမ ဖြစ်လာကြသည်။

မိမိတို့ ခရီးသွားရာတွင် (ဝါ) စစ်ထွက်ရာတွင် ဖော်ပြပါ မြစ်ကူးဂါထာ သုံးဂါထာကို ရွတ်ဆိုသွားလျှင် လမ်းခရီး အဆီးအတား အန္တရာယ် မုချကင်းမည် ဖြစ်သည်။ ရတနာသုံးပါးဂုဏ်ကို အာရုံပြု၍ ယုံကြည်စွာ ရွတ်ဆိုရန် ဖြစ်ပေသည်။ အထူးသဖြင့် ကား၊ ရထား၊ လေယာဉ်မောင်းနှင်သူများ(ယာဉ်မောင်းများ) ယာဉ် မထွက်မီ၊ ယာဉ်စထွက်သောအခါ ရွတ်လျှင် အန္တရာယ် ကင်းသည်။ ရွတ်လေ။

## ရွှေကျင်သာသနာပိုင် သင်္ဃပြကန်ဆရာတော် ဦးဝါသေဋ္ဌ ၏ အလုပ်အောင် ဂါထာ (၃) ဂါထာ

ဘဝသောတံ ဟဃေ ဗုဒ္ဓေါ၊ တိဏ္ဏော လောကန္တဂူ ဝိဒူ၊
ဧတေန သစ္စဝဇ္ဇေန၊ ကရဏံ မေ သမိဇ္ဈတု။
ယဒိ သင်္ကဂမော မဂ္ဂေါ၊ မောက္ခော စဗ္ဗန္တိကံ သုခံ၊
ဧတေန သစ္စဝဇ္ဇေန၊ ကရဏံ မေ သမိဇ္ဈတု။

**မှတ်ချက်။ ။** 'ယဒိ' အစား 'ဇာတု' ဟုလည်း ရှိ၏။ အနက်တူပင်။

သံဃော ဝေ တိဏ္ဏကန္တာရော၊ ပုညခေတ္တော အနုတ္တရော။
ဧတေန သစ္စဝဇ္ဇေန၊ ကရဏံ မေ သမိဇ္ဈတု။

မေ=ငါ၏။ ကရဏံ= ပြုလုပ်ဆောင်ရွက်သမျှသည်။ သမိဇ္ဈတု= ပြည့်စုံအောင်မြင်ပါစေသတည်း-ဟုဆို၊

(ကျန်သောအနက် အထက်ပါအတိုင်း ဖြစ်သည်။)

လုပ်ငန်းကိစ္စတစ်ခုမလုပ်မီ ဤဂါထာ (၃)ဂါထာကို ရွတ်ပါ။ အလုပ်အကိုင် အကြံအစည် အရောင်းအဝယ်ထူးခြားအောင်မြင်ပါမည်။ ယုံကြည်လျှင် ယုံကြည်သလောက် အကျိုးဖြစ်ထွန်းမည် ဖြစ်သတည်း။

**မှတ်ချက်။ ။**

ဤအခန်းပါ ရေးသားချက်များမှာ နစ်ဖက်လှ ဦးကျော်လွင်၏ **'ယေမင်္ဂလာရန်ကင်းဂါထာများ'** စာအုပ်စာမျက်နှာ ၉၇ မှ ၁၁၄၊ ၁၆၂မှ ၁၈၀၊ ၂၇၄မှ ၂၈၉အထိမှ ကောက်နုတ်ချက်များ ဖြစ်ပါသည်။ (စာအုပ်ရှိသူများ တိုက်ကြည့်ကြပါ။)

## အခန်း(၁၇)

# ရဟန်းသံဃာများနှင့် ဆက်ဆံတတ်ရန်

**စကားပြောနည်း**  ရဟန်းသံဃာတော်များနှင့် ပြောဆိုဆက်ဆံရာ၌ မင်း၊ ငါ၊ ကျုပ်၊ ခင်ဗျား၊ ကျွန်တော်၊ ကျွန်မ စသည်ဖြင့် ပြောဆို ခြင်း မပြုရ။

မိမိကိုယ်ကိုပြောလျှင် "တပည့်တော်၊ ဘုရားတပည့်တော်"ဟု သုံးနှုန်း ပြောဆို ရမည်။

"မင်း၊ သင်၊ ခင်ဗျား" အစား "အရှင်ဘုရား"ဟု သုံးနှုန်းပြောဆိုရမည်။ ခေါ်သောအခါမှာလည်း "ကိုရင်ဘုရား၊ ဦးပဉ္စင်းဘုရား၊ ဆရာတော်ဘုရား၊ ဘုန်းဘုန်းဘုရား"ဟု ခေါ်ဝေါ်သုံးနှုန်းရမည်။

ကိုရင်၊ ဦးပဉ္စင်း၊ ရဟန်းသံဃာတော်များကလည်း "ကျုပ်၊ ခင်ဗျား၊ အစ်မ၊ အစ်ကို၊ ညီမ၊ နမ၊ အမေ၊ အဖေ" စသည်ဖြင့် ခေါ်ဝေါ်ခြင်း မပြုရပေ။ ဒကာမကြီး၊ ဒါယိကာမကြီး၊ ဒကာကြီး၊ ဒကာလေး၊ ဒါယကာလေး စသည်ဖြင့် သာသနာတော်သုံးစကားလုံးများဖြင့် ပြောဆိုကြရပေသည်။

ရဟန်းသံဃာတော်များကို လူပုဂ္ဂိုလ်များက ပြောဆိုလျှောက်ထားရာ၌ "ထမင်းစားပါ ဘုရား၊ ဟင်းစားပါဘုရား" စသည်ဖြင့် မပြောရ၊ ဤသို့ပြောလျှင် ရဟန်းသံဃတော်များမှာဝိနည်းသိက္ခာပုဒ်အရ ဘုဉ်းပေးသုံးဆောင်ခွင့် မရှိတော့ပေ။

ထမင်းအစား "ဆွမ်း"ဟု သုံးနှုန်းရမည်၊ "ဆွမ်းဘုဉ်းပေးပါဦး ဘုရား၊ ဆွမ်းဟင်းများပြည့်စုံပါသလားဘုရား "စသည်ဖြင့် ပြောဆိုလျှောက်ထားရသည်။

ရဟန်းသံဃာတော်များ ခရီးသွားနေစဉ် မိမိက ခဏခေတ္တရပ်တန့်စေပြီး စကားပြောလိုလျှင် "ရပ်တော်မူပါဦးဘုရား"စသည်ဖြင့် ပြောဆိုလျှောက်ထားရသည်။

ဆွမ်းခံကြွလာလျှင် လောင်းလှူလိုပါက "ရပ်တော်မူပါဦးဘုရား"ဟု လျှောက်ထားပြီး ရိုသေစွာ ဆွမ်းနှင့် ဆွမ်းဟင်းများကို လောင်းလှူရသည်။

မလောင်းလှူနိုင်ပါကလည်း "ကန်တော့ပါသေးရဲ့ဘုရား၊ ကန်တော့ဆွမ်းပါဘုရား" စသည်ဖြင့် ပြောဆို လျှောက်ထားရသည်။

လမ်းမှာ ခဏ ခေတ္တရပ်၍ ရဟန်းသံဃာတော်များနှင့် စကားပြောပါက ရှေးဦးစွာ လက်အုပ်ကလေးချီ၍ ဦးညွှတ်လိုက်ပြီးမှ ဆက်လက်ပြီး စကားပြောရသည်။

ရဟန်းသံဃာတော်များထံသို့ သွားသောအခါ မိမိတွေ့ရှိသည့် ရဟန်းသံဃာတော်အား ရှေးဦးစွာ ရှိခိုးဦးချရသည်။ ရုပ်ပွားဆင်းတုတော်များ ရှိသောနေရာဖြစ်ပါက ရှေးဦးစွာ ရုပ်ပွားဆင်းတုတော်များကို ရှိခိုးဦးချပြီးမှ ရဟန်းသံဃာတော်များကို ရှိခိုးဦးချရသည်။

## ရှိခိုးဦးချနည်း

စေတီတော်၊ ရုပ်ပွားဆင်းတုတော်များနှင့် ရဟန်းသံဃာတော်များကို ရှိခိုး ဦးချသောအခါ စနစ်ကျရန် လိုပါသည်။

(က) အမျိုးသားဖြစ်ပါက ရှေးဦးစွာ ဆောင့်ကြောင့်ထိုင်ပါ။ (အမျိုးသမီးဖြစ်က ကြို့ကြို့ထိုင်ရန်)

(ခ) တံတောင်နှစ်ခုကို ဒူးနှစ်ဖက်ပေါ်သို့တင်၍ လက်နှစ်ဖက်ကို (လက်ငါးချောင်း အချင်းချင်း ညီညီညာညာ ဖြစ်စေလျက်) ယှက်မိုးပြီး နဖူးအလယ်တည့်တည့်သို့ ရောက်အောင်ထားပါ။ ထိုအခါ လက်နှစ်ဖက်ယှက်မိုးထားခြင်းသည် ကြာငုံဖူးကလေးကဲ့သို့ တင့်တင့်တယ်တယ် ရှုစဖွယ်လေး ဖြစ်နေပါလိမ့်မည်။

(ဂ) သုံးကြိမ် ရှိခိုး ဦးချပါ။

(၁) ပထမအကြိမ် ဗုဒ္ဓံ ပူဇေမိ။
(၂) ဒုတိယအကြိမ် ဓမ္မံ ပူဇေမိ။
(၃) တတိယအကြိမ် သံဃံ ပူဇေမိ။

ဤ "ဗုဒ္ဓံ ပူဇေမိ" စသည်တို့ကို နှုတ်ဖြင့် အသံထွက်အောင် ရွတ်ဆိုရန် မလိုပါ။ စိတ်ထဲက အဓိပ္ပာယ်ပေါက်အောင် နှလုံးသွင်း၍ ရှိခိုးဦးချရန် ဖြစ်သည်။ ရှေးဦးစွာ ပါဠိကို အသံထွက်ပီသအောင် လေ့လာ ကျက်မှတ်ထားပါ။ အနက် အဓိပ္ပာယ်ကိုလည်း ရအောင်သိအောင် ကြိုးစားထားပါ။

**အနက်**

(၁) ဗုဒ္ဓံ= မြတ်စွာဘုရားကို။ ပူဇေမိ= ပူဇော်ပါ၏ အရှင်ဘုရား။

(၂) ဓမ္မံ= တရားတော်မြတ်စွာကို။ ပူဇေမိ= ပူဇော်ပါ၏ အရှင်ဘုရား။

(၃) သံဃံ= သံဃာတော်မြတ်ကို။ ပူဇေမိ= ပူဇော်ပါ၏ အရှင်ဘုရား။

(ဃ) ထိခြင်း ငါးမျိုး

ရှိခိုး ဦးချရာ၌ ထိခြင်း ငါးမျိုးနှင့် ညီညွတ်အောင် ရှိခိုး ဦးချရသည်။ မြေပေါ်မှာရှိခိုးက မြေနှင့်ထိအောင်၊ ကြမ်းပေါ်မှာ ရှိခိုးက ကြမ်းနှင့်ထိအောင်၊ ဖျာပေါ်မှာ ရှိခိုးက ဖျာနှင့်ထိအောင်၊ ကော်ဇောပေါ်မှာ ရှိခိုးက ကော်ဇောနှင့်ထိအောင် ရှိခိုးဦးချရသည်။

ယင်းထိခြင်းငါးမျိုးဆိုသည်မှာ– ဒူးနှစ်ဖက်၊ တံတောင်နှစ်ဖက်နှင့် နဖူးဟူသော ငါးမျိုးတို့ကို ကြမ်းပြင်သို့ ထိအောင် ရှိခိုးဦးချခြင်း ဖြစ်သည်။

အလွန်ရှိသေလေးစားထိုက်သော ဆရာတော်ကြီးများထံမှ ရှိခိုး ဦးချပြီး ထပြန်သောအခါ ချက်ချင်းမျက်နှာလှည့်ပြီး ထ– မပြန်ရပါ။ ရှိခိုးဦးချပြီး၍ မတ်တတ်ရပ်လိုက်ပြီးလျှင် ဆရာတော်ကြီး ဘက်သို့ပင် မျက်နှာမူ ဦးညွတ်လျက် နောက်သို့ နှစ်လှမ်းသုံးလှမ်း ဆုတ်ပြီးမှ လှည့်ပြန်ရပါသည်။

**စားသောက်ဖွယ်များ ကပ်လှူနည်း** ရဟန်းသံဃာတော်များသည် စားသောက်ဖွယ်များကို မိမိဘာသာ မိမိ ကိုယ်တိုင်ယူ၍ ဘုဉ်းပေးသုံးဆောင်ခွင့် မရှိပါ။ မစားရပါ။ ဘုဉ်းပေးသုံးဆောင်လျှင် (စားလျှင်) ဝိနည်းသိက္ခာပုဒ်အရ အပြစ်သင့်ပါသည်။ (အာပတ်သင့်သည်ဟု သုံးနှုန်း၏။)

လှူပုဂ္ဂိုလ်များက ဝိနည်းသိက္ခာပုဒ်နှင့် ညီညွတ်အောင် ကိုယ်ထိလက်ရောက် ကပ်လှူမှ ရဟန်းသံဃာတော်များက ဘုဉ်းပေးသုံးဆောင်ခွင့် (စားခွင့်) ရှိပါသည်။

လှူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်က ဆွမ်းစသော စားသောက်ဖွယ်ပစ္စည်းကို ရဟန်းသံဃာတော်၏ လက်သို့ထိအောင် ရောက်အောင် ပေးခြင်းကို ကပ်လှူသည်ဟု ခေါ်၏။ ယင်းသို့ ကိုယ်ထိလက်ရောက် ပေးလှူခြင်းကို ကပ်သည်ဟုလည်း အတိုကောက် သုံးနှုန်း၏။

ယင်းသို့ကပ်လှူရာ၌ အင်္ဂါ ၅–မျိုးနှင့် ပြည့်စုံမှ ကပ်လှူမှု ထမြောက် အောင်မြင်ပါသည်။ အင်္ဂါ ၅–မျိုးနှင့် ပြည့်စုံအောင် ပေးလှူခြင်းကို အကပ်မြောက်သည်ဟု အတိုကောက်သုံးနှုန်း၏။

**အကပ်မြောက် အင်္ဂါ ငါးမျိုး**

၁။ ကပ်လှူမည့်သူက ကပ်လှူခြင်း ခံယူမည့် ရဟန်း၏ လက်သို့ ရောက်အောင် ထိအောင် စားဖွယ် ပစ္စည်းကို ရှေ့ရှုဆောင်ပေးခြင်း၊

**မှတ်ချက်။** ။ လက်ဖြင့် ရှေ့ထိုးပေးမှ ရှေ့ရှုဆောင်ရာ ရောက်သည်မဟုတ်သေး။ ဦးခေါင်းပေါ်၌ ရွက်ထားသော စားဖွယ်ခွက်ကို ပေးလှူလို၍ အနည်းငယ် စောင်းပေးလိုက်လျှင် ရှေ့ရှုဆောင်ပေးရာ ရောက်သောကြောင့် ရဟန်းက ထိုခွက်ကို လက်ဖြင့်ထိကာ အလိုရှိရာ ယူစားနိုင်၏။

၂။ ကပ်လှူမည့်သူသည် ကပ်လှူခြင်း ခံယူမည့် ရဟန်း၏ နှစ်ထောင့်ထွာအတွင်း ရောက်ရှိနေရခြင်း (နှစ်ထောင့်ထွာ ဟတ္ထပါသ်ဟု သုံးနှုန်းခေါ်ဆို၏။)

၃။ အားအလတ်စားရှိသူ တစ်ယောက်တည်း မြှောက်ချီ မယူနိုင်သော ပစ္စည်းဝတ္ထု ဖြစ်စေရခြင်း၊

**မှတ်ချက်။** ။ ဆွမ်းနှင့် ဆွမ်းဟင်း ပန်းကန်များ တင်ထားသော စားပွဲခုံသည် ခွန်အားအလတ်စားရှိသူ တစ်ယောက်တည်း မြှောက်ချီမ–ယူနိုင်ပါက နှစ်ယောက် သုံးယောက် ဝိုင်းဝန်း မြှောက်ချီ မယူ၍ ကပ်လှူသော်လည်း အကပ်မြောက်၏။ တစ်ယောက်တည်း မြှောက် ချီ မ–ယူ ကပ်လှူပါကလည်း အကပ်မြောက်၏။ ခွန်အားအလတ်စားရှိသူ တစ်ယောက်တည်း မြှောက်ချီ မယူနိုင်ခြင်း မရှိသော စားပွဲခုံကြီးတစ်လုံးကို နှစ်ယောက် သုံးယောက် ဝိုင်းဝန်းမြှောက်ချီ မယူ၍ ကပ်လှူပါက အကပ် မမြောက်ပါ။ ရဟန်းမှာလည်း ယင်းသို့ ကပ်လှူခြင်းမျိုးကို ဘုဉ်းပေးသုံးဆောင်ခွင့် (စားခွင့်) မရှိပါ။

၄။ ကိုယ်ဖြင့်ဖြစ်စေ၊ ကိုယ်နှင့်စပ်သော (ကိုင်ထားသော) ခွက်စသည်ဖြင့် ဖြစ်စေ၊ အနီးကပ် ပစ်၍ ဖြစ်စေ၊ ဤသုံးမျိုးတွင် တစ်မျိုးမျိုးဖြင့် ကပ်လှူသူက ပေးခြင်း။

**မှတ်ချက်။။** ပစ်၍ ပေးခြင်းမျိုးကိုကား ရိုင်းစိုင်းရာရောက်သောကြောင့် အကပ် မြောက်သော်လည်း ကပ်လှူလေ့မရှိပါ။

၅။ ကိုယ်၏ အစိတ်အပိုင်း လက်စသည်ဖြင့် ဖြစ်စေ၊ ကိုယ်နှင့်စပ်သော (ကိုင်ထားသော) ခွက်၊ ဘုတ် စသည်ဖြင့် ခံ၍ ထိ၍ ဖြစ်စေ ဤနှစ်မျိုးတွင် တစ်မျိုးမျိုးဖြင့် အကပ်ခံရသော ရဟန်းက ခံယူခြင်း။

ဤငါးမျိုးနှင့်ပြည့်စုံညီညွတ်အောင် ကပ်လှူမှသာ အကပ်မြောက်ပါသည်။

**အကျဉ်းချုပ်** – ရှေ့ရှုဆောင်ခြင်း၊

– နှစ်ထောင့်ထွာအတွင်း ဖြစ်ခြင်း၊

– တစ်ယောက် မ–နိုင်ခြင်း၊

– လက်ဖြင့် သို့မဟုတ် ပန်းကန်စသည်ဖြင့်ထည့်၍ ကပ်ခြင်း၊

– ရဟန်းက အကပ်ခံခြင်း၊

ဤသို့ စားသောက်ဖွယ်များကို ရဟန်း သံဃာတော်များအား ကပ်လှူရာ၌ အမျိုးသမီး ဖြစ်ပါက ကျုံ့ကျုံ့ကလေးထိုင်၍၊ အမျိုးသား ဖြစ်ပါက ဒူးတုတ်ထိုင်ပြီး ဖော်ပြခဲ့ပြီးသော အင်္ဂါငါးမျိုးနှင့် ပြည့်စုံညီညွတ်အောင် ရိုသေလေးစားစွာ ကပ် လှူရပါသည်။ သက္ကစ္စဂါရဝမြောက်ပါသည်။ သို့မှသာ လှူနတ် နိဗ္ဗာန် သုံးတန် ရောက်ကြောင်း အကျင့်ကောင်းဖြစ်၍ မွန်မြတ်သော ကောင်းကျိုးကို ရရှိနိုင်မည် ဖြစ်ပါသည်။

## စားသုံးဖွယ် အသီးအနှံ အညွန့်များကို ရဟန်း သံဃာတော်များ ဘုဉ်းပေး သုံးဆောင်နိုင်အောင် ပြုလုပ်ပေးနည်း

ရဟန်း သံဃာတော်များသည် သစ်ပင်ကိုခုတ်လှဲခြင်း၊ မီးရှို့ခြင်း စသည်ဖြင့် မဖျက်ဆီးရပါ။ မျိုးစေ့ကိုလည်း မဖျက်ဆီးရပါ။ ဖျက်ဆီးလျှင် အာပတ်သင့်ခြင်း အပြစ်ရပါသည်။

ရဟန်းသံဃာတော်များသည် သစ်ပင်များကို ကိုယ်တိုင် ဖျက်ဆီးတာကို မဆိုထားနှင့်။သူတစ်ပါးကို ခိုင်းသောအခါမှာပင် အပ်စပ်အောင် ခိုင်းရပါသည်။ မခိုင်းတတ်လျှင် အာပတ်သင့်ခြင်း အပြစ်ရပါသည်။

ဤသစ်ပင်ကို ဖြတ်စမ်း၊ ခုတ်စမ်း၊ လှဲစမ်း၊ ချိုင်စမ်း၊ ဤအသီးကို ဆွတ်စမ်း၊ ခူးစမ်း၊ ငရုတ်သီးကို ထောင်းစမ်း၊ ကြက်သွန်ကို ထောင်စမ်း၊ ကြဲကို ဖြတ်စမ်း စသည်ဖြင့် မခိုင်းရပါ။

"ဤသစ်ကိုင်းကြီး ပိုထွက်နေတယ်၊ ကပ္ပိစမ်း။ ငရုတ်သီးနှင့် ကြက်သွန် အပ်စပ်အောင် ကပ္ပိစမ်း" စသည်ဖြင့် ခိုင်းရပါသည်။ ကပ္ပိဟု ပြောရသည် "ကပ္ပိ" ဆိုသည်မှာ "အပ်စပ်အောင်လုပ်"ဟု ပြောခြင်းဖြစ်၏။

သစ်ပင်များသည် အမြစ်ဖြင့် အသက်ရှင်ခြင်း၊ အဆစ်မှ အမြစ်ထွက်၍ အသက်ရှင်ခြင်း (ကြံပင်စသည်)၊ ပင်စည်မှ အမြစ်ထွက်၍ အသက်ရှင်ခြင်း (ဗိတောက်ပင်စသည်)၊ အညွန့်ဖြင့် အသက်ရှင်ခြင်း (ကန်စွန်းရွက် စသည်)၊ အစေ့မှ အပင်ပေါက်၍ အသက်ရှင်းခြင်းတို့ဖြင့် ရပ်တည်နေကြပါသည်။

မျိုးစေ့ကိုဖြစ်စေ၊ သစ်ပင်ကိုဖြစ်စေ၊ ရဟန်းသံဃာတော်များ ဖျက်ဆီးခွင့် မရှိသောကြောင့် ငရုတ်သီး၊ ကြက်သွန်၊ မာလကာသီး၊ ကြဲ စသည်တို့ကို ရဟန်းသံဃာတော်များအား ကပ်လှူလိုပါက အပ်အပ်စပ်စပ် ဘုဉ်းပေးသုံးဆောင် ခွင့်ရအောင် အလှူရှင်လူပုဂ္ဂိုလ်များက ပြုလုပ် ဆောင်ရွက်ပေးရပါသည်။

ငရုတ်သီးစိမ်းစသည်တို့ကို–

(၁) မီးဖြင့်တိုက်ခြင်း၊ ကင်ခြင်း၊

(၂) ဓားဖြင့်ခုတ်ခြင်း၊ လှီးခြင်း၊

(၃) လက်သည်းဖြင့် ဆိတ်ဖြတ် ထိုးဖောက်ခြင်း၊

(၄) အပင်မပေါက်နိုင်သော အစေ့အနဖြစ်က အလိုအလျောက် အပ်စပ်ခြင်း၊

(၅) သရက်သီးမှည့် စသည်တွင် အပင်ပေါက်နိုင်သော အစေ့ကို ထုတ်ပစ်ခြင်း၊

ဤငါးမျိုးတွင် တမျိုးမျိုးဖြင့် အပ်စပ်အောင် ပြုလုပ် ဆက်ကပ်ရပါသည်။ ငရုတ်သီး၊ ကြက်သွန်တို့ကို ထောင်းခြင်း၊ မီးကင်ခြင်း ပြုလုပ်ပြီးမှ ကပ်လှူပါက အထူးပြုလုပ်စရာ မလိုတော့ပေ။

မထောင်း၊ မကင်၊ မပြုတ်ဘဲ ငရုတ်သီး၊ ကြက်သွန်၊ ကန်စွန်းရွက်စသည်တို့ကို ရဟန်း၊ သံဃာများအား ကပ်လှူလိုပါက အပ်စပ်အောင် ပြုလုပ်ပေးရပါသည်။ ရှင်သန်ပေါက်ရောက်နိုင်အောင် အရွက်၊ အညွန့်၊ အသီးဖြစ်ပါက အပ်စပ်အောင် ပြုလုပ်ပေးရပါသည်။ အဆစ်ပါသော ကြံချောင်း ဖြစ်ပါက ပေါက်ရောက်နိုင်သေးသောကြောင့် အပ်စပ်အောင် ပြုလုပ်ပေးရပါသည်။ အဆစ်တွေကို ပယ်ပစ်ပါက အထူးပြုလုပ်စရာ မလိုတော့ပေ။

## အပ်စပ်အောင် ပြုလုပ်နည်း

ရှင်သန်ပေါက်ရောက်နိုင်သော အရွက်၊ အညွန့်၊ သီးနှံတို့ကို ရဟန်းသံဃာတော်အား ကပ်လှူပါက ကပ်လှူခြင်းခံယူသော ရဟန်းက ယင်းပစ္စည်း (ဥပမာ–ငရုတ်သီး)ကိုကိုင်၍ "ကပ္ပိယံ ကရောဟိ"ဟု အသံထွက်အောင် ပြောဆိုလိုက်သောအခါ ကပ်လှူသောသူက "ကပ္ပိယံ ဘန္တေ" ဟုဆိုလျက် လက်သည်းဖြင့် ငရုတ်သီးကို ဆိတ်ပစ်၊ သို့မဟုတ် ချိုးပစ်ရပါသည်။

## အဓိပ္ပာယ်

(က) ကပ္ပိယံ = အပ်စပ်အောင်။ ကရောဟိ = ပြုလုပ်ပေးပါလော့။ (ကပ္ပိယံ ကရောဟိ=ရဟန်း သံဃာတော်များနှင့် အပ်စပ်အောင် ဘုဉ်းပေး သုံးဆောင်ခွင့် ရအောင် ပြုလုပ်ပေးပါဟု ဆိုလိုပါသည်။)

(ခ) ဘန္တေ = အရှင်ဘုရား။ ကပ္ပိယံ = အပ်စပ်အောင် ပြုလုပ်ပြီးပါပြီ ဘုရား။

(ကပ္ပိယံ ဘန္တေ = ရဟန်းသံဃာတော်များနှင့် အပ်စပ်အောင် ပြုလုပ်ပြီးပါပြီး ဘုရားဟု ဆိုလိုသည်။)

ဤသည်ကား ရဟန်းသံဃာများနှင့်ဆက်ဆံရာ၌ ဗုဒ္ဓဘာသာတို့ သိသင့်သော အချက်များ ဖြစ်ပေသည်။

**မှတ်ချက်။ ။**

ဤအခန်းကို ယခင်ဗိုလ်ချုပ်တစ်ဦး၏ အကြံပေးချက်အရ ရေးသားထည့်သွင်းခဲ့ပါသည်။

# ဗုဒ္ဓဘာသာ လူထက်လူ

# ဗုဒ္ဓဘာသာ အနှစ်သာရပေါင်းချုပ်

အပိုင်း (၂)

## လူ့လတ်ပိုင်း

နှစ်ဖက်လှ ဦးကျော်လွင်
ပြုစုသည်။

## လူတို့၏အသည်းနှလုံး၌ စေတီတည်ပေးကြပါ

ချစ်သား၊ ချစ်သမီးတို့–လူတို့၏ကောင်းကျိုးစီးပွားအလို့ငှာ၊ ချမ်းသာခြင်းငှာ၊ လောကကို စောင့်ရှောက်ခြင်းငှာ၊ နတ် လူတို့၏စီးပွား ချမ်းသာခြင်းငှာ ဆောင်ရွက်ကြကုန်လော့။ ကောင်းခြင်းအဖုံဖုံတို့နှင့် ပြည့်စုံသော တရားကို သင်ပြကြ၊ ဟောကြားကြ၊ မြတ်သောအကျင့်လမ်းကို ညွှန်ပြကြကုန်လော့။

ကိလေသာမြူ နည်းပါးသော၊ ပညာမျက်စိ ရှိသောလူတို့ ရှိကြ၏။ သူတို့သည် တရားတော်ကို မသင်ရ၊ မကြားနာရသော် တရားမှ ဆုတ်ယုတ်ကြပါလိမ့်မည်။ သင်ကြားနာယူရပါလျှင် သိလွယ်ကြပါလိမ့်မည်။

(ဗုဒ္ဓဘာသာ ရဟန်း ရှင် လူတွေ ကြောင့်ကြမဲ့ မနေကြကုန်လင့်။ တက်ကြွလှုပ်ရှား ဆောင်ရွက်ကြပါ။)

(မဟာဝါ ပါဠိတော်မှ)

## အခန်း (၁)

# ဘာကို ရှိခိုးရသလဲ

ဗုဒ္ဓဘာသာတို့ ရှိခိုးကြသည့် အရာများကား–

(က) ဘုရား

(ခ) တရား

(ဂ) သံဃာ

(ဃ) အမိအဖ

(င). ဆရာသမား

(စ) ကြီးသူများ

(ဆ) သီလရှင်၊ ဦးသူတော်၊ ရသေ့

(ဇ) ဝိဇ္ဇာရှစ်သောင်း ဆရာပေါင်း

(ဈ) နတ်

ဟူ၍ အဓိကအားဖြင့် ကိုးမျိုးရှိ၏။ ထိုကိုးမျိုးကို ရှိခိုးကြ၏။

**ဘုရား** ဗုဒ္ဓဘာသာတို့ ရှိခိုးသော ဘုရားကား သဗ္ဗညုတဉာဏ်တော်သခင် ဂေါတမဘုရား ဖြစ်၏။ ဂေါတမဘုရားကို ရှိခိုးကြ၏။ (ဂေါတမဘုရားနှင့် ထပ်တူဖြစ်သော ကကုသန်ဘုရား စသည်ကိုလည်း ရှိခိုး၏။)

ဂေါတမဘုရားသည် အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တ ဖိုလ်ဉာဏ်၊ သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူ၏။ အရဟံ အစရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူ၏။ ထိုဂေါတမဘုရားသည် ယခုအခါ မရှိတော့ပြီ၊ ပရိနိဗ္ဗာန် စံလွန်သွားလေပြီ။

ဘုရားရှင် သက်တော် ထင်ရှားရှိစဉ်တုန်းက သက်ရှိ ဘုရားကို ရှိခိုးသော အခါ မြတ်စွာဘုရား၏ ရူပနိကာယ်နှင့်တကွ ဉာဏ်တော်များ၊ ဂုဏ်တော်များကို ဦးတိုက်နိုင်ကြ၏။ ယခု ဘုရားမရှိတော့သောအခါ မြတ်စွာဘုရား၏ ရူပနိကာယ် အစစ်ကို ရှိခိုး၍ မရကြတော့။ ဉာဏ်တော်နှင့် ဂုဏ်တော်ကို ရှိခိုးကြရ၏။

ဉာဏ်တော်နှင့် ဂုဏ်တော်ကို ရှိခိုးရာတွင် ဉာဏ်နှင့် ဂုဏ်ကို မိမိမျက်စိဖြင့် မမြင်နိုင်။ မိမိ၏ မနော၊ မိမိ၏အသိစိတ်(ဝါ) ဉာဏ်ဖြင့်သာ မှန်းဆ၍ ရှိခိုးရသည်။

**စေတီလေးမျိုး** ဘုရားရှင် မရှိတော့သော ယခုလိုအခါမျိုး၌ ဘုရားနှင့် ပတ်သက်၍ ရှိခိုးနိုင်သည့် အရာလေးမျိုး ရှိ၏။ ယင်းတို့ကား စေတီလေးမျိုး ပေတည်း။

စေတီဆိုသည့်အဓိပ္ပာယ်ကား ရှိခိုးရသည့်အရာ၊ ပူဇော်ရသည့်အရာ ဟူ၍ ဖြစ်၏။ ယင်းစေတီလေးမျိုးတို့ကား–

(၁) ဓမ္မစေတီ
(၂) ဓာတုစေတီ
(၃) ပရိဘောဂစေတီ
(၄) ဥဒ္ဒိဿစေတီ

တို့ပင် ဖြစ်၏။

**ဓမ္မစေတီ** “ဓမ္မစေတီ”ဟူသည်ကား မိမိတို့ ရှိခိုးရမည့် ဘုရား တရားတော် ပေတည်း။ မြတ်စွာဘုရား ဟောကြားခဲ့သော ပိဋကသုံးပုံ ပရိယတ္တိ စာပေတို့သည် ဓမ္မစေတီ ထိုက်၏။ ထို့ကြောင့် ပိဋကသုံးပုံ ပါဠိတော်စာအုပ်များကို ကလာပ်နှင့် တင်ထားပြီး ဓမ္မစေတီအဖြစ် ရှိခိုးကောင်း၏။

ဓမ္မစေတီကို ရှိခိုးသောအခါ သတ္တဝါတို့ကို သံသရာ ဝဋ်ဆင်းရဲမှ လွတ်ကင်းအောင် ဟောကြားခဲ့သော ဘုရားရှင်၏ တရားတော်များပေတကားဟု စိတ်အာရုံ ထားပြီး ရှိခိုးရ၏။

**ဓာတုစေတီ** “ဓာတုစေတီ” ဟူသည်ကား မိမိတို့ ရှိခိုးရမည့် ဘုရားကိုယ်ခန္ဓာ တော်မှ ကြွင်းကျန်ရစ်သော ဓာတ်တော်များတည်း။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူသောအခါ နောင်လာ လူအများ ကိုးကွယ်ကြစေရန် ကိုယ်တော်မြတ်မှ အရိုးတော်၊ အသားတော်၊ အသွေးတော်၊ ဆံတော်တို့ကို ဓာတ်တော်ဖြစ်ရစ်စေ၏။ ဤစကားကို ရှင်းအံ့။

လူရိုးရိုးသေ၍ အလောင်းကောင်ကို မီးရှို့လျှင် တစ်ကိုယ်လုံး မီးလောင် သွား၏။ ပြာ ဖြစ်သွား၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံ၍ အလောင်းတော်ကို တေဇောဓာတ် လောင်သောအခါ (ဝါ) မီးသင်္ဂြိုဟ်သောအခါ တစ်ကိုယ်လုံး ပြာ

ဖြစ်မသွားပေ။ အချို့မှာ ပုံမပျက်ဘဲ ကျန်၏။ အချို့မှာ အလုံးကလေးတွေ ဖြစ်ကုန်၏။ အစေ့ကလေးတွေ ဖြစ်ကုန်၏။ ဤသို့ ပြာမဖြစ်ဘဲ အလုံးကလေးတွေ အစေ့ကလေးတွေ ဖြစ်သွားသည်ကို ဓာတ်တော်ဖြစ်သည်ဟု ခေါ်ခြင်း ဖြစ်၏။ အလောင်းတော်ကို မီးသင်္ဂြိုဟ်ရာ၌ ပူဇော်သော နံ့သာထင်းများမှာမူ ပြာနှင့် မီးသွေးများ ဖြစ်လေသည်။

မြတ်စွာဘုရား၏ အလောင်းတော်ကို တေဇောဓာတ် လောင်သောအခါ လုံးဝမပျက်စီးဘဲ ကျန်ရစ်သည့် ဓာတ်တော်တို့မှာ သုံးမျိုးဖြစ်၏။ ယင်းတို့ကား-

(၁) စွယ်တော် ၄-ဆူ
(၂) ညှပ်ရိုးတော် ၂-ဆူ
(၃) ဥဏှာလုံမွေးရှင်တော် ၁-ဆူ

ပေါင်း (၇)ဆူ။ ဤခုနစ်ဆူသည် မီးမလောင်ဘဲ မပျက်မစီး သူ့အတိုင်း ကျန်ရစ်၍ ပါဠိလို အသမ္ဘိန္နဓာတ်တော် (မပျက်စီးသော ဓာတ်တော်)ဝါ(ပုံမပြောင်းသော ဓာတ်တော်)ဟု ခေါ်၏။

မြတ်စွာဘုရား ကိုယ်ခန္ဓာတော်မှ ကျန်သော အရိုးတော်များ၊ အသားတော်များ၊ သွေးတော်များနှင့် ပရိနိဗ္ဗာန်စံရာတွင် ပါရှိသော ဆံတော်များမှာမူကား ပုံပြောင်းပြီး အလုံးကလေးတွေ၊ အစေ့ကလေးတွေ ဖြစ်ကုန်၏။ ပုံပြောင်းဓာတ်တော်များကို သမ္ဘိန္နဓာတ်တော်ဟု ခေါ်၏။[၁]

ထိုဓာတ်တော်အလုံးကလေးများကို သရုပ်ခွဲသောအခါ သုံးမျိုးသုံးစား ဖြစ်၏။

| | |
|---|---|
| တစ်မျိုးကား | အရွယ်ပမာဏ ပဲနောက်စေ့လောက် ရှိ၏။ ကြီး၏။ အရောင်ကား ရွှေရောင်။ |
| တစ်မျိုးကား | ဆန်ကျိုးစေ့လောက်ရှိ၏။ အလတ် ဖြစ်၏။ အရောင်ကား မြတ်လေးပန်းအငုံအရောင်။ |
| တစ်မျိုးကား | အရွယ်ပမာဏအားဖြင့် မုန်ညင်းစေ့လောက် ရှိ၏။ ငယ်၏။ အရောင်ကား ပုလဲရောင်။ |

၁။ သွားတော်နှင့် ဆံတော်များ နတ်ဗြဟ္မာတို့က အခြား စကြာဝဠာသို့ ဆောင်ယူသွားကြသည်ဟုလည်း အဆိုရှိ၏။

မှတ်ချက်။ ။ ဆံတော်နှင့်ပတ်သက်၍ သက်တော်ထင်ရှားရှိတော်မူစဉ်က ကိုးကွယ်ရန် ချီးမြှင့်ပေးသနားခဲ့သော ဆံတော်များမှာမူ တေဇောဓာတ်လောင်ရာ၌ မပါဝင်၍ သူ့နဂိုဆံတော်အတိုင်း ရရှိထားသူတို့ထံ၌ ကြွင်းရစ်တော်မူသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ယူတော်မူ၍ ကိုယ်တော်မြတ်ကို တေဇောဓာတ်လောင်ပြီး ကြွင်းရစ်သော ဓာတ်တော်ပေါင်းမှာ ၁၆–ပြည်သားခန့် ရှိ၏။ ထိုဓာတ်တော် ၁၆–ပြည်သားကို ပါဝါပြည် မလ္လမင်း၊အဇာတသတ်မင်း၊ လိစ္ဆဝီမင်း၊ သာကီဝင်မင်း၊ ဗုလိမင်း၊ ကောဠိယမင်း၊ ကုသိနာရုံ မလ္လာမင်းနှင့် ဝေဋ္ဌဒီပတိုင်းသားပုဏ္ဏားများအား နှစ်ပြည်သားစီ ခွဲဝေပေး၏။ အဇာတသတ်မင်းသည် မိမိရရှိသော ဓာတ်တော်များကို မြေအောက်တွင် အခိုင်အမာမြှုပ်နှံ၍ စေတီတည်ခဲ့၏။ ထိုစေတီမှ ဓာတ်တော်များကို အသောကမင်းကြီးက တန်ခိုးရှင် မထေရ်တို့ အကူအညီဖြင့် ယူစေပြီး စေတီပေါင်း ၈၄၀၀၀ တည်ကာ ဌာပနာထည့်ခဲ့၏။ မိဘက သားသမီးတို့အား ပစ္စည်း အမွေပေးခဲ့သည်ကို စံပြု၍ မြတ်စွာဘုရားက မိမိတို့ ကိုးကွယ်ရန်ထားခဲ့သော ဓာတ်တော် စသည်များကိုလည်း အမွေပေး၏။ မွေတော်ဟု ခေါ်၏။ ထို့ကြောင့် ဓာတ်တော် မွေတော် စသည်ဖြင့် သုံးနှုန်းကြလေသည်။

ဤဖြစ်ရပ်ကို ကြည့်လျှင် ဗုဒ္ဓဘာသာတို့၏ နေရာဒေသ အနှံ့အပြား၌ မြတ်စွာဘုရား၏ဓာတ်တော်များ ကိန်းဝပ်နေကြောင်း ထင်ရှား၏။ ယခု မိမိတို့မှာ ပုလင်းများ၊ ကြုတ်များဖြင့် ပူဇော်ထားသော ဓာတ်တော်များအထိ ပျံ့နှံ့ တည်ရှိနေ၏။

ဆိုခဲ့ပြီးသော ဘုရားရှင် ဓာတ်တော်များကို ရှိခိုးကြရ၏။ ဓာတ်တော်ကို ရှိခိုးလျှင် ဘုရားရှင်ကိုယ်တော်မြတ်ကို ရှိခိုးရသည်နှင့် တူ၏။ ထိုဓာတ်တော်များသည်ပင် ရှိခိုးပူဇော်ရာ စေတီထိုက်၍ 'ဓာတုစေတီ''ဟု ခေါ်ခြင်း ဖြစ်ပေသည်။

ဓာတ်တော်ကို ရှိခိုးပါ၊ ဆောင်ရုံ ဆောင်မထားပါလေနှင့်။

ဘုရားရှင် ဓာတ်တော်အပြင် ရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်များလည်း ကြွင်းကျန်ရစ်တော်မူ၏။ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်မှစ၍ အရိယာ ရဟန္တာကြီးများ၏ ကိုယ်သားတော်၊ သွေးတော် စသည်မှ ဖြစ်သော ရဟန္တာ ဓာတ်တော်များလည်း အနန္တ ကြွင်းရစ်သည်။ ထို ရဟန္တာဓာတ်တော်များလည်း ဓာတုစေတီထဲ အဝင်အပါ ဖြစ်၍ ရှိခိုးကြရ၊ ပူဇော်ကြရပေသည်။

ဘုရားဓာတ်တော်များကို ရှိခိုးလျှင် ဘုရားဂုဏ်ကို အာရုံပြု၍ ရှိခိုးပါ။ ရဟန္တာဓာတ်တော်များကို ရှိခိုးလျှင် ထိုအရှင်တို့၏ အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ် ဉာဏ်နှင့် ပုဂ္ဂိုလ်အလိုက် ထူးသော ပညာဂုဏ်၊ တန်ခိုးဂုဏ် စသည်ကို အာရုံပြုရန် ဖြစ်၏။

မြတ်စွာဘုရား ရဟန္တာတို့၏ ဓာတ်တော်အစစ်များမှာ အစား ပြန်မရနိုင်သော ရှားပါးပစ္စည်းများဖြစ်၍ ပြည်တန်ပတ္တမြား စသည်ထက်ပင် အဖိုးတန်၏။ ထို့ကြောင့် အဇာတသတ်မင်းမှ စ၍ ရှေးရှေးသော ဗုဒ္ဓဘာသာကြီးတို့သည် ဓာတ်တော်များကို မြေသားတွင် ထည့်မြှုပ်၍ ယင်းအပေါ်က အဆောက်အအုံတင်ပြီး အခိုင်အမာ တည်ထားကြသည်။ တစ်နည်းအားဖြင့် ကြုတ်ပုံ၊ လေးထောင့်ပုံ၊ လုံးချွန်ပုံကြီးများကို တည်ထား၍ ထိုအထဲ၌ ဓာတ်တော်များကို ထည့်သွင်း၌ာပနာကာ ဘုရားတည်ကြ၏။ ဓာတ်တော်များကို လုံလုံခြုံခြုံ သိမ်းဆည်းထားခြင်း ဖြစ်၏။ ထိုသို့ထားခြင်းဖြင့် အများ ပြည်သူတို့လည်း ရှိခိုးပူဇော်၍ ရကြလေ၏။ သို့သော် ဓာတ်တော်များကိုမူ မျက်စိဖြင့် မမြင်ကြရပေ။

ထို့ကြောင့် ဘုရားစေတီများကို ရှိခိုးကြရာ၌ ဓာတ်တော် များကိုလည်း စိတ်မှန်းဖြင့် ကြည့်ရသည်။ ဘုရားဂုဏ်ကိုလည်း စိတ်ဖြင့် ရည်မှန်း၍ ပူဇော်ရသည်။ သို့ဖြစ်၍ ဘုရားရှိခိုးခြင်းသည် အားလုံး စိတ်အလုပ် ပဓာန ဖြစ်၏။ ကာယပဏာမ၊ ဝစီပဏာမတို့ကား စိတ်ကို အားဖြည့်ပေးခြင်းများ ဖြစ်ပေသည်။

သမိုင်းအရ ဆိုရသော် ရွှေတိဂုံစေတီတော်ကြီးထဲ၌ ဘုရားရှင်၏ ပရိဘောဂများဖြစ်သော သင်္ကန်းတော်၊ သပိတ်တော်၊ ရေသနုပ်တော်ရှိ၏။ ဆံတော်မြတ်လည်း ရှိ၏။ ဓာတ်တော်အစစ်များလည်း များစွာရှိမည် ဖြစ်၏။ ထိုနည်းတူ အခြားသော စေတီတော်တို့၌လည်း ဆံတော်၊ ဓာတ်တော်များ ကိန်းဝပ် တည်ရှိပေသည်။

ထိုဘုရားရဟန္တာတို့၏ ဓာတ်တော်များသည် အကိုးကွယ်ခံရန်၊ အပူဇော်ခံရန် ဖြစ်၍ ကိုးကွယ်မှုရှိသော နေရာဒေသ၊ ပူဇော်မှု ရှိသော ကျေးရွာမြို့ပြနိုင်ငံ၌သာ ကိန်းဝပ်တော်မူသည်။

ဘုရားကို ရှိခိုးပါ။ စေတီကို ရှိခိုးပါ။ ရှိခိုးတိုင်း ဂုဏ်တော်သို့ စိတ်ရောက်ပါစေ။

**ပရိဘောဂစေတီ** "ပရိဘောဂ"ဟူသော ပါဠိစကား၏ ရင်းမြစ် အဓိပ္ပာယ်မှာ "အသုံးအဆောင်" ဖြစ်၏။ ယခုအခါတွင် ပရိဘောဂကို မြန်မာစကားအဖြစ် အသုံးပြုနေကြပြီ။ ဘုရားရှင်၏ အသုံးအဆောင်ဟူသမျှသည် ရှိခိုးခြင်းငှာ စေတီထိုက်၏။ ဗောဓိပင်၊ မြတ်စွာဘုရား၏ သင်္ကန်းတော်၊ သပိတ်တော်၊ ရေသနုပ်တော်၊ ကျောင်းတော်၊ သလွန်တော် စသည်တို့မှာ ပရိဘောဂစေတီ ဖြစ်၍ ရှိခိုးကြရ၏။

အထူးမှာ မြတ်စွာဘုရားအဖြစ် ပွင့်ရန် နေရာယူသော သစ်ပင်သည်လည်း ဘုရားအသုံးအဆောင်ထဲ ပါဝင်၏။ ဂေါတမမြတ်စွာဘုရားသည် ညောင်ဗုဒ္ဓဟေ ပင်ရင်း၌ ထိုင်၍ ဘုရားအဖြစ်သို့ ရောက်တော်မူသဖြင့် မဇ္ဈိမဒေသရှိ ညောင်ဗုဒ္ဓဟေ ပင်ကြီးသည် ဘုရားရှင် အသုံးပြုသော ပရိဘောဂ စေတီတော်ကြီး ဖြစ်ပေသည်။

ထိုညောင်ဗုဒ္ဓဟေပင်ကြီးမှ ပွားလာသော သို့မဟုတ် အမျိုးတူသော ညောင်ပင်များကိုလည်း ဗောဓိညောင် (ဘုရားပွင့်သောညောင်)ဟု ခေါ်ဝေါ်သတ်မှတ်ကာ ပရိဘောဂစေတီတော်အဖြစ် ရှိခိုးကြရသည်။ ဇေတဝန်ကျောင်းတော်ရာ စသည့်ကျောင်းတော်ရာများသည် ပရိဘောဂစေတီ ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဂါယာ ဘုရားဖူးများသည် ထိုရှေးဟောင်းကျောင်းတော်ရာများကို သွားရောက် ဂါရဝပြု ဖြစ်ပြန်၏။

မကွေးမြို့၊ မြသလွန်ဘုရား၌ ဌာပနာထားသော သလွန်တော်မှာ မြတ်စွာဘုရား အသုံးပြုဖူး၍ ပရိဘောဂစေတီ ထိုက်၏။

ပရိဘောဂစေတီ(ဗောဓိပင်)ကို ရှိခိုးရာ၌လည်း ဗုဒ္ဓရှင်တော်ဘုရား၏ ဉာဏ်တော်နှင့် ဂုဏ်တော်တို့ကိုသာ စိတ်ရောက်အောင် အာရုံပြု၍ ရှိခိုးရမည် ဖြစ်ပေသည်။

**ဥဒ္ဒိဿစေတီ** "ဥဒ္ဒိဿ"ဟူသော စကားသည် "ရည်စူးခြင်း၊ ရည်ရွယ်ခြင်း"ဟူ၍ အဓိပ္ပာယ် ရှိ၏။ ထို့ကြောင့် ဥဒ္ဒိဿ စေတီဟူသည် ရည်စူးသော စေတီ၊ ရည်ရွယ်သော စေတီ ဟူလို။ ဘုရားပဲဟု ရည်စူးသော ဘုရားပုံတော်၊ ဘုရားဆင်းတုကို ဥဒ္ဒိဿစေတီဟု ခေါ်၏။

ရည်စူးရာ၌ ရမ်းသန်းလုပ်ခြင်းမဟုတ်။ ဗုဒ္ဓရှင်တော်ဘုရားသည် သမိုင်းဝင် ထင်ရှားသော တကယ့်လူသားမျိုးဇာတ် ဘုရားဖြစ်၍ ရုပ်ပုံလွှာ အထင်အရှား ဖြစ်ခဲ့၏။ ထိုဘုရားရှင်၏ ကိုယ်ခန္ဓာတော်၊ ရုပ်ပုံတော်ကို ပိဋကတ်တော်တွင်

စာဖြင့် ရေးမှတ်ထားခဲ့၏။ စာဖြင့် ဘုရားရုပ်ပုံ ဖော်ခဲ့၏။ လက္ခဏာ အမှတ်အသား များကိုလည်း အသေးစိတ် မှတ်တမ်းတင်ပေးခဲ့၏။ အကြီးစား အမှတ်အသားများ(ဝါ) လက္ခဏာတော်ကြီးက ၃၂-မျိုး၊ အသေးစိတ် လက္ခဏာတော်ငယ် အမှတ်အသား ပေါင်း ၈၀-မျိုးနှင့် ယင်းလက္ခဏာအရ ရုပ်ပုံဖော်ယူသောအခါ မူလ ဘုရားရုပ်ပုံ တော်နှင့် အလွန်တူသောပုံတော် ပေါ်လာ၏။

ဥပမာ- ဘုရားရှင်သည် ရင်အုပ် ကျယ်၏။ လည်တိုင် လုံးဝန်း၏။ လက်ချောင်း ခြေချောင်းများသည် ယခု လူများကဲ့သို့ အတိုအရှည် မညီမညာ မဟုတ်။ လက်ညှိုးမှ လက်သန်းအထိ အရှည်ညီ၏။ ခြေမမှ ခြေသန်းအထိ ညီ၏။ ခြေသလုံးမှာ ရွှေမရိုးစည်ကဲ့သို့ လုံးဝန်းညီညာ၏။ ဖနောင့် ရှည်၏။ ဆံတော်လက်လေးသစ် ချပ်၍ ကပ်နေ၏။ မျက်လွှာချ၍ သမာပတ် ဝင်စားနေ တတ်၏။ တင်ပျဉ်ခွေ ထိုင်တော်မူမြဲ ဖြစ်၏။

ဤသို့ စသော စာပေမှတ်တမ်းများကို လက်တွေ့ ရုပ်ပုံတော် ဖြစ်လာအောင် ပြုလုပ်လိုက်သောအခါ ဘုရားပုံ ဖြစ်လာလေသည်။ ထိုဘုရားပုံတော် ဆင်းတုတော်ကို မူလဘုရားရှင်ကို ရည်စူး၍ အနေကဇာတင်ပြီး ဘုရားပဲဟု သတ်မှတ်ကာ ရှိခိုး ပူဇော်ကြရ၏။ ရှိခိုးသောအခါ၌မူ မိဘဓာတ်ပုံကို ရှိခိုးသူသည် စက္ကူချပ်ကို ရှိခိုး ခြင်း မဟုတ်၊ မိဘကို စိတ်ရောက်ပြီး ရှိခိုးသကဲ့သို့ ဘုရားပုံတော်ကို ရှိခိုးသူသည်လည်း စက္ကူချပ်၊ သစ်သား၊ ကျောက်၊ အုတ် စသည်တို့ကို ရှိခိုးခြင်း မဟုတ်၊ ဘုရား ဂုဏ်ကို အာရုံပြု၍သာ ဘုရားပုံ၊ ဘုရားဆင်းတုကို ရှိခိုးကြသည်။

ဘုရားရှင်နှင့် ပတ်သက်၍ စေတီလေးမျိုးကို ဗုဒ္ဓဘာသာဝင်တို့ ရှိခိုး ကြ၏။ မသိနားမလည်သူတို့က ရုပ်ပုံ ရုပ်တုကို ရှိခိုးနေသည်ဟု ထင်ရာ၏။ ရှိခိုးနေသော ဗုဒ္ဓဘာသာတို့သည်ကား ပုံတော်မှတစ်ဆင့် ဂုဏ်တော်ကို ရှိခိုးနေ ကြခြင်းသာ ဖြစ်ပေသည်။

ဘာသာကြီးလေးမျိုးတွင် ဟိန္ဒူဘာသာရေး၌ ရုပ်တု အလွန်များ၏။ ခရစ်ယာန်၌ မယ်တော်မာယာပုံတော် စသည် ထုလုပ်ထားသည်ကို တွေ့ရ၏။ အစ္စလာမ်ဘာသာ၌ ဗလီအပြင်တွင် ရုပ်တု မရှိ။ ဗလီအတွင်း၌ ဘာရုပ်တုရှိသည်ဟု အခြားဘာသာဝင်များ မမြင်နိုင်။ ဗုဒ္ဓဘာသာတွင် ရုပ်တု ရှိ၏။ သို့သော် နည်း၏။ အမျိုးအစားကို ကြည့်လျှင် ဘုရားဆင်းတု၊ ရဟန္တာဆင်းတု နှစ်မျိုးသာ အဓိကအားဖြင့် ရှိ၏။ သိကြားပုံ၊ ဗြဟ္မာပုံ စသည်မှာ ဘာသာရေးနှင့် တိုက်ရိုက် မသက်ဆိုင်ပေ။

ဗုဒ္ဓဘာသာသည် ရုပ်တုကို မကိုးကွယ်။ ဘုရားရုပ်တုကို ရှိခိုး၏။ ရှိခိုးရာ၌ သစ်သား၊ အုတ်၊ ကျောက်၊ စက္ကူတို့ကို ရှိခိုးခြင်း မဟုတ်၊ ထိုရုပ်တုမှ တစ်ဆင့် အာရုံယူ၍ ဘုရားဂုဏ်တော်များကို ရှိခိုးခြင်း ဖြစ်၏။

**တရား**

ဗုဒ္ဓဘုရား ထုတ်ဖော်ဟောကြားခဲ့သောတရားတော်မှာ

(၁) မဂ်တရား လေးပါး

(၂) ဖိုလ်တရား လေးပါး

(၃) နိဗ္ဗာန်

(၄) ပရိယတ်

စုစုပေါင်း(၁၀)မျိုးရှိ၏။

သောတာပတ္တိမဂ်ဉာဏ်၊ သကဒါဂါမိမဂ်ဉာဏ်၊ အနာဂါမိမဂ်ဉာဏ်၊ အရဟတ္တမဂ်ဉာဏ်အားဖြင့် မဂ်တရားလေးပါး၊ သောတာပတ္တိဖိုလ်ဉာဏ်၊ သကဒါဂါမိဖိုလ်ဉာဏ်၊ အနာဂါမိဖိုလ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်အားဖြင့် ဖိုလ်တရားလေးပါး၊ နိဗ္ဗာန်ကား တစ်မျိုးတည်းသာ။ ပရိယတ္တိတရားတော်မှာမူ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် ဖြစ်၏။

မဂ်ဖိုလ်နိဗ္ဗာန် ဤကိုးတန်သော လောကုတ္တရာ တရား (လောကထက်မြတ်သောတရား)ကို မိမိတို့ မျက်စိဖြင့် မမြင်နိုင်။ ဉာဏ်ပညာဖြင့်သာ မှန်းဆ၍ အာရုံပြုနိုင်၏။ "မှန်းဆ၍"ဟူသော စကားအရ မိမိတို့အနေဖြင့် မိမိတို့ ရမှသာ ဒိဋ္ဌ မြင်နိုင်မည်။ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မရသေးသမျှ ဒိဋ္ဌမမြင်နိုင်။ သို့သော် မှန်းဆတတ်လျှင်ပင် အလွန် ကြီးကျယ်လှပေပြီ။ အလွန် အကျိုးရှိလှပေပြီ။

ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် တည်းဟူသော ပရိယတ္တိတရားတော်သည်ကား မြတ်စွာဘုရားက ပါဠိဘာသာစကားဖြင့် အသံထုတ်၍ ဟောခဲ့သော တရားတော်များဖြစ်၍ ဘုရားရှင်၏ အသံတော် တရားတော်ကို တပည့်ကြီးတို့က အရလိုက်ပြီး မှတ်သားကြ၏။ ဘုရားတရားတော်ကို နှုတ်ငုံဆောင်ထားကြ၏။

ထို ဘာသာစကားတည်းဟူသော ဘုရားအသံတော်၊ ဥပမာ (ဧဝံ မေ ဘိက္ခဝေ အနတ္တာ ပဋ္ဌဗိတေန နသေဝိတဗ္ဗာ)စသော ဓမ္မစကြာတရားအသံတော်ကို နောက်ပိုင်းတွင် ပါဠိဘာသာ ဗြဟ္မီအက္ခရာသို့ တင်၍ ပေထက်၌ ရေးမှတ်ကြ၏။

ခေတ်ပြောင်းလာသောအခါ ပေအပြင် ပုရပိုက်ထက်လည်း တင်ကြ၏။ ကြေးပြား စသည်၌လည်း ရေးမှတ်ကြ၏။ ကျောက်ထက်သို့ပင် တရားတော်များကို တင်ကြ၏။ မင်းတုန်းမင်းသည် ကျောက်ထက် သံဂါယနာတင် ဒါယကာမင်းကြီးတစ်ဦး ဖြစ်ပေသည်။

ဗုဒ္ဓဘာသာတို့အနေဖြင့် မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန် ဟူသော လောကုတ္တရာတရားကိုးပါးကို မှန်းဆပြီး(ဝါ)အာရုံပြုပြီး ရှိခိုးကြရသည်။ ဤသို့ ရှိခိုးရာ၌ ဓာတ်တော် မွေတော်စေတီတော်မှတစ်ဆင့် (ပဋ္ဌာန်းပစ္စည်းပြု၍ (ဝါ) ပဋ္ဌာန်းဆက်၍) ရှိခိုးကြရသည်။ ဆိုလိုသည်မှာ စေတီကို ရှိခိုးရာ၌ စိတ်က မြတ်စွာဘုရား၏ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တည်းဟူသော တရားတော်ကို စိတ်ညွတ်၍ ရှိခိုးရသည်ဟူလို။

တစ်မျိုးကား မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရသော အရိယာပုဂ္ဂိုလ်အား ရှိခိုးရာ၌ ထိုအရှင်မြတ်၏သန္တာန်၌ရှိသော မဂ်ဖိုလ်နိဗ္ဗာန်ကို အာရုံပြု၍ ရှိခိုးလျှင် လောကုတ္တရာတရားကို ရှိခိုးရာ ရောက်ပေသည်။

ပရိယတ်တရားကို ရှိခိုးရာ၌ကား–

(၁) ပါဠိတော်ပေစာများကို ရှိခိုးခြင်း၊
(၂) ပါဠိတော်ပုရပိုက်များကို ရှိခိုးခြင်း၊
(၃) ပါဠိတော်ကြေးပြားများကို ရှိခိုးခြင်း၊
(၄) ပါဠိတော်ကျောက်စာများကို ရှိခိုးခြင်း၊
(၅) ပါဠိတော်ကျမ်းစာအုပ်များကို ရှိခိုးခြင်း၊
(၆) ပါဠိတော်များကို အာဂုံအရကျက်၍ ဆောင်ထားသူကို ရှိခိုးခြင်း–

ဤသို့ အမျိုးမျိုး ရှိခိုးနိုင်ကြသည်။

ယင်းပါဠိတော်များသည် စေတီဘက်က ကြည့်လျှင် ဓမ္မစေတီဖြစ်၏။ ရတနာဘက်က ကြည့်လျှင် တရားရတနာ ဖြစ်၏။ ထို့ကြောင့် ပါဠိတော်များကို ရှိခိုးခြင်းသည် ဓမ္မစေတီကို ရှိခိုးရာလည်း ရောက်၏။ တရားရတနာကို ပူဇော်ရာလည်း ရောက်ပေသည်။

ယခုခေတ် ထင်ရှားသော စေတီတစ်ဆူကို လေ့လာလျှင် စေတီလေးမျိုးလုံး ပါဝင်နေသည်ကို တွေ့နိုင်၏။ စေတီတည်သူတို့က စေတီလေးမျိုး စုံအောင် ဌာပနာ ထည့်သွင်းကြ၏။

(၁) ဓမ္မစေတီထိုက်သော "ယေဓမ္မာ ဟေတုပဘဝါ" စသော တရားကို ကြေးပြား စသည်မှာ ရေးပြီး ဌာပနာထည့်၏။

(၂) မြတ်စွာဘုရား ဓာတ်တော်များကို ဌာပနာကြ၏။ ဓာတုစေတီ ဖြစ်၏။

(၃) ဗောဓိညောင်ရွက်၊ ဗုဒ္ဓဂါယာမှ မြေ၊ ဇေတဝန် ကျောင်းတော်ရာ မြေ စသည်ကို ဌာပနာ ထည့်၏။ ပရိဘောဂစေတီ ဖြစ်၏။

(၄) ဘုရားဆင်းတုတော်များကို ဌာပနာထည့်၏။ အထူးသဖြင့် သတ္တဋ္ဌာန ပုံတော်များ ဌာပနာ၏။ ဥဒ္ဒိဿစေတီ ဖြစ်၏။

ထို့ပြင် ဓမ္မစကြာတရား၊ ပဋ္ဌာန်းတရား စသည်ကို ရွတ်ဖတ်သည့်အသံကို အာရုံပြု၍ တရားတော်ကို ရှိခိုးနိုင်၏။ လူမဆိုထားဘိ။ တိရစ္ဆာန်ပင် တရားသံကို အာရုံယူနိုင်၏။ ကဿပဘုရားရှင် လက်ထက်က တောင်ခေါင်းထဲ၌ နေသော လင်းနို့ငါးရာတို့သည် ထိုဂူထဲ၌ ရဟန်းတော်များ ပဋ္ဌာန်း တရားတော်ရွတ်ဖတ်သံကို ကြားသိကြည်ညိုနိုင်ကြ၏။ ထိုကုသိုလ်အထုံပါ၍ ဂေါတမဘုရားရှင် လက်ထက်တွင် ထိုလင်းနို့ငါးရာတို့ လူလာဖြစ်ကြပြီး ရဟန်းဝတ်သောအခါ ရှင်သာရိ ပုတ္တရာ၏ တပည့်များဖြစ်ကြောင်း၊ ရှင်သာရိပုတ္တရာ က သူတို့အား ပဋ္ဌာန်းတရားတော်ကို မကျဉ်းမကျယ် ဟောတော်မူကြောင်း ပိဋကတ် ကျမ်းလာ၏။

မြတ်စွာဘုရား တရားဟောတော်မူသော တစ်နေရာတွင်လည်း ဖားကလေး တစ်ကောင်သည် ဘုရားရှင်၏တရားသံကို အာရုံယူနိုင်ခဲ့၏။ အဓိပ္ပာယ်ကို မသိရှာသော်လည်း သာယာသောတရားသံ၏ရသကို ခံစားနိုင်၏။ ထိုသို့ တရားသံကို နာခံနေတုန်း နွားကျောင်းသားတစ်ယောက်က ထိုဖားကလေးအပေါ် တုတ်ဖြင့် ထောက်မိ၍ ဖားကလေး သေရှာသည်။ သို့သော် တရားသံ၌ နစ်မျောနေစဉ် စုတေစိတ် ကျသောကြောင့် နတ်သား သွား၍ ဖြစ်လေသည်။

ဤဖြစ်ရပ်များကို ထောက်ထား၍ တရားကို ရှိခိုးလိုပါက တရားသံကို နာယူရှိခိုးနိုင်၏။

အထူးသဖြင့် ရောဂါဝေဒနာ ပြင်းစွာဖိစီး၍ သေပေါက်သေဝသို့ ရောက်ရ သောအခါတွင် မိတ်ကောင်းဆွေကောင်းတို့က ဘုရား တရားများကို ရွတ်ဖတ် ပေးပါက ထိုတရားသံကို အာရုံယူပြီး ကောင်းရာ သုဂတိဘုံသို့ လားရောက်နိုင်၏။ ယောအတွင်းဝန်ဦးဘိုးလှိုင်သည် သေခါနီးတွင် ငယ်သူငယ်ချင်း တစ်ယောက်ကို

ခေါ်ထားပြီး သူငယ်ချင်းရဲ့ပဌာန်းပါဠိတော် ရွတ်ပါဦးကွယ်။ ဓမ္မစကြာ ငါ နာချင်ပါတယ် စသည်ဖြင့် တရားသံဖြင့် ဘဝကူးသွားသည်ဟု လေ့လာသိရှိရပေသည်။

ဗုဒ္ဓဘာသာတို့အနေဖြင့် သေခါနီး အလွန် အရေးကြီး၏။ အင်မတန်ကံကောင်းမှ ဘဝကူးကောင်း၏။ ထို့ကြောင့် သေခါနီး ကျကျနန ပြင်ဆင်ပြီး သေသင့်၏။ ကျန်ရစ်သူများကလည်း ကယ်လို့ မရတော့ဘူးဟု သိချိန်မှစပြီး ငိုယိုခြင်း၊ ပစ္စည်းကိစ္စ ပြောခြင်း စသည်တို့ကို လုံးဝမပြုအပ်။ လူနာဝန်းကျင် တိတ်ဆိတ်ငြိမ်သက်အောင် စီစဉ်သင့်၏။ ဗုဒ္ဓ တရားတော်များကို မပြတ်ရွတ်ဖတ်ပေးသင့်၏။

ဤအချက်ကို စဉ်းစားလျှင် မလိမ္မာသူတို့လက်ထဲမှာ သေရသူတို့ ဘဝကူး ကောင်းဖို့ ခက်ဘိသည်။ ထို့ကြောင့် ကျန်ရစ်သူတို့က အလိမ္မာရှိရှိဖြင့် လူနာ ဘဝကူးကောင်းအောင် စီစဉ်ပေးသင့်ကြပါသည်။

**သံဃာ**

"သံဃာ"ကိုလည်း ရှိခိုးရသည်။ သံဃာသည် နှစ်မျိုး ရှိသည်။

(၁) ပရမတ္ထသံဃာ
(၂) သမုတိသံဃာ

"ပရမတ္ထသံဃာ"ဆိုသည်မှာ မဂ်၌တည်သော ပုဂ္ဂိုလ်လေးယောက်၊ ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးယောက်၊ ပေါင်းရှစ်ယောက်သည် "ပရမတ္ထသံဃာ"ဖြစ်၏။ "မြတ်သော သံဃာ" ဟူလို။

မဂ်ဉာဏ်လေးပါး ရှိ၏။

၁။ သောတာပတ္တိမဂ်ဉာဏ်
၂။ သကဒါဂါမိမဂ်ဉာဏ်
၃။ အနာဂါမိမဂ်ဉာဏ်
၄။ အရဟတ္တမဂ်ဉာဏ်

ထိုမဂ်ဉာဏ်ကို ရသော ပုဂ္ဂိုလ်သည် မဂ်၌တည်သော ပရမတ္ထသံဃာတည်း။

ဖိုလ်ဉာဏ်လေးပါးရှိ၏။

၁။ သောတာပတ္တိဖိုလ်ဉာဏ်
၂။ သကဒါဂါမိဖိုလ်ဉာဏ်

၃။ အနာဂါမိဖိုလ်ဉာဏ်

၄။ အရဟတ္တဖိုလ်ဉာဏ်

ထိုဖိုလ်ဉာဏ်ကို ရသော ပုဂ္ဂိုလ်သည် ဖိုလ်၌တည်သော ပရမတ္ထသံဃာ တည်း။

မဂ်ဉာဏ် ဖိုလ်ဉာဏ်သည် စိတ်နှင့် ဖြစ်တူ ပျက်တူ စေတသိက် တရားဖြစ်၍ ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်၊ တည်၊ ပျက်) အလွန်လျင်မြန်၏။ တစ်စက္ကန့်၏ ကုဋေကိုးထောင်ပုံ တစ်ပုံစာခန့်သာ အသက်ရှိ၏။

ထို့ပြင် မဂ်စိတ်သည် တစ်ကြိမ်တည်းသာ ဖြစ်ရိုးရှိ၏။ သောတာပတ္တိ မဂ်လည်း တစ်ကြိမ်သာ၊ ကျန်သော မဂ်သုံးပါးလည်း တစ်ကြိမ်စီသာ။ ထို့ကြောင့် မဂ်၌တည်ခိုက်(ဝါ) မဂ်ဉာဏ်ရခိုက် မဂ်အရိယာကို ရှိခိုးရဖို့ မဖြစ်နိုင်သလောက်ပင်။

ဖိုလ်စိတ်မှာမူ မဂ်စိတ်လို တစ်ကြိမ်တည်း ဖြစ်ရိုးမရှိ။ အနည်းဆုံး နှစ်ကြိမ်မှ အကြိမ်ကြိမ် ဖြစ်နိုင်၏။ ဖိုလ်စိတ်တွေချည်း ဆက်ကာမပြတ် ဖြစ်စေနိုင်၏။

ဖိုလ်ဝင်စားနေနိုင်၏။ အိပ်ပျော်နေသောအခါတွင် ဘဝင်စိတ်တွေချည်း ဆက်ကာဆက်ကာ ဖြစ်နေသကဲ့သို့ ဖိုလ်ဝင်စားနေသောအခါ ဖိုလ်စိတ်တွေချည်း မပြတ် ဖြစ်နေ၏။

သို့ဖြစ်၍ ဖိုလ်အရိယာကို ရှိခိုး၍ ရနိုင်၏။ သောတာပန် အရိယာ၊ သကဒါဂါမ်အရိယာ၊ အနာဂါမ် အရိယာ၊ ရဟန္တာ အရိယာတို့သည် ဖိုလ်ပုဂ္ဂိုလ်များဖြစ်ကြ၏။ ထို့ကြောင့် ရှိခိုး၍ ရ၏။

အထူးမှတ်ရန်မှာ ပရမတ္ထသံဃာ (ဝါ) အရိယာဆိုသည်မှာ ဘုန်းကြီးမှ မဟုတ်။ လူဝတ်ကြောင်လည်း အရိယာဖြစ်နိုင်၏။ လူဝတ်ကြောင်လည်း ပရမတ္ထ သံဃာ ဖြစ်နိုင်၏။ လူလည်း သံဃာဖြစ်နိုင်သည်၊ ယောကျ်ားသာမက မိန်းမလည်း ပရမတ္ထသံဃာ ဖြစ်နိုင်သည်။

ဗုဒ္ဓဘုရား လက်ထက်တော်က သောတာပန် အနာထပိဏ်သူဌေးကြီး၊ အနာဂါမ် စိတ္တသူကြွယ်၊ သောတာပန် ဖြစ်သော သုဇာတာ၊ ခုနစ်နှစ်အရွယ်ကပင် သောတာပန်ဖြစ်သော ဝိသာခါဒါယိကာမကြီး စသော လူဝတ်ကြောင် ယောကျ်ား၊ ဝတ်ကြောင် အမျိုးသမီးတို့သည် အရိယာဖြစ်၍ ပရမတ္ထ သံဃာ ဖြစ်၏။ ယခု ခေတ် အနာဂါမ်ဆရာသက်ကြီးစသော လူဝတ်ကြောင်တို့သည်လည်း အရိယာဖြစ်၍

ပရမတ္ထသံဃာ ဖြစ်၏။ ပရမတ္ထသံဃာဖြစ်၍ ထိုလူဝတ်ကြောင် ယောကျ်ား၊ မိန်းမ တို့ကို ရှိခိုးကောင်း၏၊ ရှိခိုးထိုက်၏။ သူတို့သည်လည်း သုပ္ပဋိပန္နောစသော သံဃာဂုဏ်တော်နှင့် ပြည့်စုံ၍ ရှိခိုးခြင်းကို ခံထိုက်ပေ၏။

**သမုတိသံဃာ** နောက်သံဃာတစ်မျိုးက သမုတိသံဃာ၊ သမုတိသံဃာဆိုသည်မှာ ယခုခေတ် ဘုန်းကြီးများတည်း၊ သံဃာဟူ၍ သမုတ်ထား၍ ဖြစ်လာသော သံဃာတည်း။

ဘုန်းကြီး၏ မူရင်းဝေါဟာရမှာ "ပဉ္စင်း"တည်း၊ ပဉ္စ+အင်္ဂ=ပဉ္စင်္ဂကို ဝါစဿရ ဗေဒနည်းဖြင့် မြန်မာမှုပြုကာ "ပဉ္စင်း"ဟူသော ဝေါဟာရ ရ၏။ ဝတ်–ဉာဏ်–သိမ်–ကံ–ပရိသံ ဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံစွာ ဖြစ်ပေါ်လာသောသူကို "ပဉ္စင်း"ဟုခေါ်၏။

ဝတ်–ဆိုသည်မှာ အသက်နှစ်ဆယ်ပြည့်သော ပဉ္စင်းလောင်း

ဉာဏ် –ဆိုသည်မှာ မြတ်စွာဘုရား စီစဉ်ပေးခဲ့သော လုပ်ထုံးလုပ်နည်းသိစရာ စကားချီး

သိမ်–ဆိုသည်မှာ ဝိနည်းစည်းကမ်းအရ သမုတ်ထားသော မြေကွက် အပိုင်းအခြားတည်း (ရေထဲ၌လည်း သိမ်အဖြစ် ပိုင်းခြား၍ရ၏)။

ကံ–ကံဆိုသည်မှာ မြတ်စွာဘုရား စီစဉ်ဟောကြားခဲ့သော ကမ္မဝါစာတည်း၊ "ကမ္မ"ဆိုသည်ကား အလုပ်၊ "ဝါစာ"ဆိုသည်ကား စကားတည်း။ ထို့ကြောင့် ကမ္မ+ ဝါစာ=ကမ္မဝါစာဆိုသည်ကား ပဉ္စင်းခံရာ၌ ပြောဆိုရွတ်ဖတ်သော "အလုပ် စကား"တည်း။ ဘုရားရှင် ပြောသည့်အတိုင်း လိုက်၍ လုပ်သော အလုပ်ဟုလည်း ဆိုရာ၏။ "ကမ္မဝါစာ"ကို ကမ္မဝါဟု အကျဉ်းခေါ်၏။

ပရိသံ–ဟူသည်ကား ပဉ္စင်းလောင်းကို သိမ်ထဲမှာ ကမ္မဝါ ဖတ်ပေးမည့် အနည်းဆုံးငါးပါးနှင့် ငါးပါးအထက် ရဟန်း ပရိသတ်တည်း။

ထိုကဲ့သို့ ဝတ်–ဉာဏ်–သိမ်–ကံ–ပရိသံ ဟူသော အင်္ဂါငါးပါးနှင့်အညီ ဖြစ်ပေါ်လာသူဖြစ်၍ ပဉ္စင်းဟု ခေါ်၏။ မြန်မာ့ယဉ်ကျေးမှုအရ ရှေ့က ဦးထည့်ပြီး "ဦးပဉ္စင်း"ဟု ခေါ်သည်။

ထို ဦးပဉ္စင်းသည် ဝိနည်းကျင့်ဝတ်နှင့်အညီ ကျင့်ပါက ရဟန္တာဂိုဏ်းဝင်၏။ အရိ+ဟတ=ကိလေသာရန်သူကို သတ်သူ၊ အရဟ+န္တ =ပူဇော်ခံထိုက်သူ၊ ရဟန္တာ

အရှင်မြတ်များ ဝတ်ဆင်ထိုက်သည့် သင်္ကန်းကို ဆင်မြန်းခွင့်ရသူ၊ ဤသို့သော အဓိပ္ပာယ်ဖြင့် ဦးပဥ္စင်း(ဦးပဥ္စင်္ဂ)ကို အရဟန္တ(ရဟန်း)ဟု မြန်မာမှုပြုပြီး ခေါ်၏။

ထို ရဟန်းကို ပုဂံခေတ်၌ "သိခင်"ဟုခေါ်၏။ သိခင်မဟာကဿပ စသည်ဖြင့် ကျောက်စာများ၌ ရေးထိုး၏။

အရိယာဂိုဏ်းဝင်များဖြစ်ပေ၍ "အရိယာ"ကို "အရည်း"ဟု သဒ္ဒါနည်းအရ မြန်မာမှုပြု၍ အရည်းဟုလည်း ခေါ်၏။ ယခုခေတ် ဘုန်းကြီးဟု ခေါ်သော ဦးပဥ္စင်္ဂများကို ပုဂံခေတ်တုန်းက "သိခင်"ဟူ၍လည်းကောင်း၊ "အရည်း" ဟူ၍ လည်းကောင်း ခေါ်ဝေါ်သုံးနှုန်းခဲ့သည် ဟူလို။

ထို့ပြင် အရဟန္တပုဒ်၌ အရ+ဟ=အရှ+န္တ=အရှန်=အရှင် ဟူသော ပြောင်းထုံးအရ ထိုဦးပဥ္စင်းများကို "အရှင်"ဟုလည်း ခေါ်၏။ ထို့ကြောင့် အရှန်၊ အရှင်မဟာမောဂ္ဂလိပုတ် စသည်ဖြင့် ကျောက်စာများတွင် တွေ့နိုင်၏။

"ဘုန်းကြီး"ဆိုသည်မှာ ဘုန်းကြီးသောသူ(ပုည+ကြီး) (ပုန်းကြီး)ဟူ၏၊ မြန်မာရာဇဝင်များတွင် ဘုရင်များကိုသာ "ဘုန်းတော်ကြီးဘုရား""ဘုန်းဘုန်း" စသည်ဖြင့် ခေါ်၏။ ကုသိုလ်ပုညကြီးသူသာ မင်းဖြစ်သည် ဟူလို။ မင်းတုန်းမင်းကြီးခေတ်အထိ ဘုန်းတော်ကြီးဘုရား၊ ဘုန်းဘုန်းဘုရားဟု ဘုရင်ကို ခေါ်ကြဆဲ ဖြစ်သည်။

သင်္ဂဇာဆရာတော်ခေတ်၊ နောက်ပိုင်းအင်္ဂလိပ်ခေတ်တွင် ထိုဦးပဥ္စင်း(ဝါ) ရဟန်းကို ဘုန်းကြီးဟု ခေါ်လာကြသည်။ ထို့ပြင် "ဆရာတော်" ဟုလည်း ခေါ်လာကြသည်။ "ဆရာ တော်"ဆိုသည်မှာ "တော်သောဆရာ"ဟု ဆိုလိုသည်။ ရဟန်း၊ ပဥ္စင်း အဓိပ္ပာယ်နှင့် မည်သို့မျှ မပတ်သက်ပေ။ မတော်သော ဆရာကို ဆရာတော်ဟု ခေါ်လျှင် ဟန်မကျ။ ထို့ကြောင့် ဒကာတစ်ဦးသည် မကျေနပ်၍ သင်္ဂဇာဆရာတော်အား လျှောက်ထားရာ ဆရာတော်က "တော်တော် မတော်တော် ခေါ်လဲ ဘာဖြစ်သလဲ၊ 'ငှက်တော်'ဆိုပြီး ငှက်တိရစ္ဆာန်သော်မှ 'တော်'ထည့်ခေါ်၍ ရသည်"ဟု ဖြေသတတ်။

သမုတိရဟန်းဆိုသည်မှာအခြေခံအားဖြင့် သူလိုကိုယ်လို လူတစ်ဦးပင် ဖြစ်သော်လည်း သူ့မှာ–

(၁) ကမ္ဘဝါအာဏာစက်ဖြင့် ပေးထားသော သိက္ခာ ရှိသည်။ ဥပမာ– ဥပုသ်စောင့်ထားသူကဲ့သို့ ဖြစ်၏။

(၂) ရဟန္တာ၏ တံခွန်အောင်လံဖြစ်သော သင်္ကန်းကို ဝတ်ထားသည်။

ဤသို့ ဘုရားရှင်အာဏာအရ အပ်နှင်းထားသော သိက္ခာရှိခြင်း၊ သင်္ကန်းကို ဝတ်ဆင်ထားခြင်း ဟူသော အင်္ဂါနှစ်ရပ်အရ ကောင်းစွာကျင့်၏။ သုပ္ပဋိပန္နဂုဏ်စသော သံဃာဂုဏ်အစစ် မရောက်သေးစေကာမူ ထိုအရိယာသံဃာဂိုဏ်းဝင် ဖြစ်သောကြောင့် လူတို့က ရှိခိုးကြရ၏။ "အဥ္စလိ ကရဏီယော"ဟူသော ရှစ်ခုမြောက် သံဃာ့ဂုဏ်ကို နှယ်၍ လူတို့၏ ရှိခိုးမှုကို ခံယူထိုက်ကြ၏။

"သမုတိ"ပိုင်းတွင် ပုဂ္ဂိုလ်၊ ဂိုဏ်း၊ သံဃဟု သုံးမျိုးရှိ၏။ ရဟန်းတစ်ပါးတည်းကို ပုဂ္ဂိုလ် ခေါ်၏။ နှစ်ပါးသို့မဟုတ် သုံးပါးပေါင်းကို ဂိုဏ်းဟု ခေါ်၏။ လေးပါး လေးပါးအထက် ရဟန်းအပေါင်းကို သံဃာဟု ခေါ်၏။ လေးပါးနှင့်လေးပါးအထက်ကိုမှ သမုတိသံဃာဟု မှန်ရာကန်ရာ ခေါ်၍ရ၏။ တစ်ပါးတလေကို သံဃာဟု ခေါ်ခြင်းကား ဥပစာစကားသာ ဖြစ်ပေသည်။ မုချ သံဃာ မဟုတ်ချေ။

ထို့ကြောင့် ဘုန်းကြီးတစ်ပါးကို ရှိခိုးလျှင် ပုဂ္ဂိုလ်ကို ရှိခိုးခြင်း ဖြစ်၏။ ဘုန်းကြီးနှစ်ပါးသုံးပါးတစ်ပေါင်းတည်း ရှိခိုးလျှင် ဂိုဏ်းကို ရှိခိုးခြင်းဖြစ်၏။ ဘုန်းကြီးလေးပါး၊ လေးပါးအထက် ရှိခိုးလျှင် သမုတိ သံဃာကို ရှိခိုးခြင်းဖြစ်၏။

ဘုန်းကြီးလေးပါးဆိုရာ၌ ရဟန်းတကယ်ဖြစ်သော သို့မဟုတ် ရဟန်းသိက္ခာ ပျက်စီးမနေသော ဘုန်းကြီး လေးပါးဖြစ်မှ (ဝါ) ဘုန်းကြီး လေးပါးလုံး ရဟန်းစစ်မှ သမုတိသံဃာ ဖြစ်၏။

သမုတိသံဃာနယ်တွင်–

(၁) ရဟန်းအချင်းချင်း ရှိခိုးခြင်း၊

(၂) လူဝတ်ကြောင်က ရဟန်းကို ရှိခိုးခြင်း ဟု နှစ်မျိုးရှိ၏။

ရဟန်းလောကသည် သီးခြားလောက ဖြစ်၏။ ထိုရဟန်းလောက၌ မွေးဇာတာ အသက်သည် ပဓာနမဟုတ်၊ သိမ်ထဲ၌ ရဟန်းဖြစ်သော ရဟန်းသက်သာ အဓိက ဖြစ်၏။ ထို့ကြောင့် ရဟန်းသက်ငယ်သူက ရဟန်းသက်ကြီးသူကို (ဝါ) မိမိထက်အရင် ပဥ္စင်းဖြစ်သူကို ရှိခိုးရမည်ဟု မြတ်စွာဘုရား ညွှန်ကြားတော်မူခဲ့၏။ အရပ်စကား ပြောရလျှင် ဝါငယ်သူက ဝါကြီးသူကို ရှိခိုးရသည် ဟူလို။

အသက်ခြောက်ဆယ်လောက်ရှိသော တောထွက် ဦးပဥ္စင်းကြီးက မိမိထက် ဝါကြီးသော အသက်နှစ်ဆယ်ကျော် ဦးပဥ္စင်းကလေးကို ရှိခိုးရာ၌ မသိသူတစ်ဦးက ဦးပဥ္စင်းကြီးက အသက်ကြီးတာပဲ၊ ကိုယ့်သားလောက်အရွယ် ဦးပဥ္စင်းကလေးကို ကန်တော့ရသလားဟု ပြောရာ တောထွက်ကြီးက လူ့ဘဝတုန်းက ရာထူးမာန်

ခနမာန် ဣဿရိယမာန်ကလည်း မကုန်သေး၍ မသိသူတစ်ဦးက နောက်လိုက်သည့်အတွက် တောထွက်ကြီးက ခပ်မဲ့မဲ့ ပြောပါသတဲ့။ "ဂေါတမ သာသနာ ဝါတဲ့ ဗျာ၊ ဝါတဲ့"

ဤတွင် ရဟန်းတို့ လောကအတွက် လုပ်ထုံးလုပ်နည်း ခပ်များများကို ညွှန်ပြထားသော ပရိဝါပါဠိတော်၌ ရဟန်းတစ်ပါးအနေဖြင့် ရှိမခိုးရ၊ ရှိမခိုးကောင်းသောပုဂ္ဂိုလ် (အဝန္ဒနိယပုဂ္ဂိုလ်)ကို ညွှန်ပြထား၏။

မိမိထက် သိက္ခာဝါကြီးသော်လည်း အောက်ပါ ရဟန်းများကို ရှိမခိုးရဟုမြတ်စွာဘုရား တားမြစ်တော်မူ၏။

(၁) မြို့တွင်းရွာတွင်း ဝင်သွားနေသော ရဟန်း၊ မိမိထက် ဝါကြီးသောရဟန်းကို မြို့ထဲရွာထဲ၌ တွေ့လျှင် ရှိမခိုးရ။

(၂) ခရီးသွားနေသော ရဟန်း၊ မိမိထက် ဝါကြီးပေမယ့် ခရီးသွားနေသောရဟန်းကို ရှိမခိုးရ။

(၃) မှောင်ကြီးမည်းမည်းထဲ၌ နေသောရဟန်း၊ မိမိထက် ဝါကြီးသော်လည်း အလင်းရောင် ကင်းမဲ့၍ မှောင်မည်းနေသော နေရာမှာနေသော ရဟန်းကို ရှိမခိုးရ။

(၄) အလုပ်တစ်ခုခုကို စိတ်ဝင်တစား စူးစိုက်လုပ်နေခိုက် ဖြစ်သောရဟန်းကို ရှိမခိုးရ။

(၅) အိပ်ပျော်နေသော ရဟန်းကို ရှိမခိုးရ၊ မိမိထက် ဝါကြီးသောဆရာတော်ကြီး ဖြစ်နေစေကာမူ ကျိန်းပျော်နေတုန်း ရှိမခိုးကောင်း။

(၆) ယာဂု သောက်နေခိုက် ဖြစ်သော ရဟန်းကို ရှိမခိုးရ။ (ဆွမ်းစားနေခိုက်လည်း ရှိမခိုးရ)

(၇) ဆွမ်းစားကျောင်း၌ ဆွမ်းပြင်ဆင်နေခိုက် ဆွမ်းစား ကျောင်းဘုန်းကြီးကို ရှိမခိုးရ။

(၈) သာသနာ၏ ဆန့်ကျင်ဘက် ရန်သူဘက် ပါနေသော ရဟန်းကိုမိမိထက် ဝါကြီးပေမယ့် ရှိမခိုးရ။

(၉) တစ်ခုခု ကြံစည်၍ စိတ်ကူးလွန်နေခိုက် ဖြစ်သော ရဟန်းကိုရှိမခိုးရ။

(၁၀) သက်န်းကင်းကွာ ကိုယ်လုံးတီး ဖြစ်နေသော ရဟန်းကို ရှိမခိုးရ။

(၁၁) လက်ဖက်ရည်ပွဲအချိုတည်းနေခိုက် ဘုန်းကြီးများကို မိမိထက် ဝါကြီးသော်လည်း ရှိမခိုးကောင်း။

(၁၂) ဆွမ်းစားနေဆဲ ဆွမ်းစားနေခိုက် ဘုန်းကြီးများကို ရှိမခိုးထိုက်။

(၁၃) ကျင်ကြီးစွန့်နေသော (ဝါ) ကုဋီတက်နေသော ရဟန်းကို ရှိမခိုးရ။

(၁၄) ကျင်ငယ်စွန့်နေသော (ဝါ) ကျင်ငယ်စွန့်နေခိုက် ဘုန်းကြီးကို ရှိမခိုးရ။

(၁၅) သံဃာမှကြဉ်ထားခြင်း ခံရသော ရဟန်းကို ဝါကြီးသော်လည်း ရှိမခိုးကောင်း။

(၁၆) အဓမ္မဝါဒအယူရှိနေသော ရဟန်းကို ငါကြီးသော်လည်း ရှိမခိုးရ။

(၁၇) ပဏ္ဍုက်ဖြစ်နေသော ရဟန်းကို ရှိမခိုးကောင်း။ (ကျားမဟုတ်၊ မ, မဟုတ်သူကို ပဏ္ဍုက် ခေါ်၏။ နပုန်းဟုလည်း ခေါ်၏။ ပဉ္စင်းခံစဉ်က ယောကျ်ားဖြစ်ပြီးမှ အကုသိုလ်ကံကြောင့် ပဏ္ဍုက် ပြောင်းဟန် ရှိ၏။ မူလကတည်းက ကျားမဟုတ်လျှင် ပဉ္စင်းခံသော် လည်း ဝတ္ထုသမ္ပတ္တိပျက်၍ ရဟန်းဖြစ်ခဲ့မည် မဟုတ်ပေ)။

(၁၈) ဝိနည်းပညတ်ချက်တွင် ဒုတိယအပြစ်အကြီးဆုံး ဖြစ်သော သံဃာဒိသိသ် အာပတ်သင့်၍ အာပတ်ဖြေရန် ပရိဝတ်ဆောက်တည်နေသော ရဟန်းကို ရှိမခိုးရ။ မိမိထက် ဝါမည်မျှကြီးကြီး ဆရာတော်ကြီး ဖြစ်နေ ဖြစ်နေ ရှိမခိုးရ။

(၁၉) သံဃာဒိသိသ် အာပတ်ဖြေနေဆဲမှာပင် သံဃာဒိ သိသ်အာပတ် ထပ်သင့်ပြန်၍ မူရင်းမှ ပြန်ပြီးအာပတ်ဖြေရသော ရဟန်းကိုလည်း ဝါမည်မျှကြီးကြီး ဝါငယ်သူက ရှိမခိုးရ။

(၂၀) သံဃာဒိသိသ် အာပတ်ဖြေပြီးနောက် သံဃာက မြတ်နိုးမှုရှိအောင် မာနတ်ကျင့်ထိုက်သော ရဟန်းကိုလည်း ဝါမည်မျှကြီးကြီး ဝါငယ်သူ က ရှိမခိုးရ။

(၂၁) ထိုနည်းတူ မာနတ်ကျင့်နေဆဲရဟန်းကြီးအား (ဝါ)ဆရာတော်ကြီး အား ရှိမခိုးရ။

(၂၂) သံဃာက လက်ခံ၍ သံဃာ့ဘောင်သို့ ပြန်သွင်းထိုက်သောရဟန်းကိုလည်း ရှိမခိုးရ။

(သံဃာဒိသိသ် အာပတ်ဖြေသော ဝါကြီးဆရာတော်ကြီး သည် မိမိအောက်ဝါငယ် ပဥ္စင်းငယ် ရဟန်းတော်ငယ်(ဝါ) မိမိတပည့်ငယ်များကိုပင် လက်အုပ်ချီရသည်)ငယ်သူက ရှိခိုးရန် မလို။

ဖော်ပြပါ (၂၂)မျိုးတို့မှာ ဝါငယ်သော ရဟန်းက ဝါကြီးသော ရဟန်းကို ရှိခိုးရမည်ဆိုသော စည်းကမ်းချက်၏ ချွင်းချက်များ ဖြစ်ကြသည်။ အဆိုပါ(၂၂)မျိုးတွင် အကျုံးဝင်သော ဝါကြီးဘုန်းကြီး ဝါကြီးဆရာတော်ကို ဝါငယ်သော ပဥ္စင်းရဟန်းတို့က ရှိမခိုးကောင်းပေ၊ လက်အုပ်ချီပြီး အရိုအသေပင် မပြုကောင်း၊ ကောင်းစွာ သိရှိပြီး လက်တွေ့ကျင့်သုံးသင့်ကြပါ၏။

ဝိနည်းကို လေးစားသော ဝိနယဂရုက ဆရာတော်ကြီးများသည် အထက်ပါကာလမျိုး၌ မသိ၍ ငယ်သူက မိမိအား ရှိခိုးလာလျှင် "ဟဲ့ဟဲ့ နေကြပါဦး၊ ရှိမခိုးကြနဲ့"ဟု တားမြစ်တော်မူသည်။ ဝိနည်းကို မလေးစားသော ဝါကြီး ရဟန်းကြီးတို့သည်သာ မိမိအား မည်သည့်အခါ ရှိခိုးရှိခိုး မိန့်မိန့်ကြီး ခံယူကြလေသည်။

ထို့ပြင် ရဟန်းအနေဖြင့်–

(၁) မိမိအောက် ဝါငယ်သော ရဟန်းကို ရှိမခိုးရ၊ (အရိယာဖြစ်စေကာမူ ဝါကြီးသော သမုတိရဟန်းကြီးက ဝါငယ်သော အရိယာရဟန်းကို ရှိမခိုးရ)။

(၂) ရဟန်းမဟုတ်သူ မည်သူ့ကိုမျှ ရှိမခိုးရ၊ (မင်းကိုဖြစ်စေ၊ အထက်ဆရာကြီးကို ဖြစ်စေ၊ မိမိဆရာကို ဖြစ်စေ၊ မိမိ မိဘကို ဖြစ်စေ၊ ရဟန်းမဟုတ်သူ မှန်သမျှအား ရှိမခိုးကောင်း)။

(၃) မိန်းမ မှန်သမျှ ရှိမခိုးရ။ (အရိယာမိန်းမဖြစ်စေ၊ မိမိအမေဖြစ်စေ၊ မယ်တော်ကြီးဖြစ်စေ၊ မိန်းမဆိုလျှင် ရဟန်းက ရှိမခိုးကောင်း)

ရဟန်းတစ်ပါးသည် အထက်ပါအတိုင်း ရှိမခိုးကောင်း ဟု သတ်မှတ်ပေးထားသော အဝန္ဒနိယပုဂ္ဂိုလ် (၂၅)မျိုးကို ရှိခိုးမိသော် ဒုက္ကဋ်အာပတ်သင့်၏။

**လူက သံဃာအား ရှိခိုးရာဝယ်** ယခု ဆက်လက်၍ လူက သံဃာ၊ လူက ရဟန်းကို ရှိခိုးသည့်ကိစ္စ ဖော်ပြရန် ဖြစ်၏။

လူသည် ပရမတ္ထသံဃာကို ရှိခိုးကောင်း၏၊ ရှိခိုးရမည်၊ ရှိခိုးပါလေ၊ လူသည် သမုတိသံဃာကို ရှိခိုးကောင်း၏၊ ရှိခိုးပါလေ။ လူသည် ဂိုဏ်းကို ရှိခိုးကောင်း၏၊ ရှိခိုးပါလေ။ လူသည် ရဟန်းတစ်ပါးကို ရှိခိုးကောင်း၏။

ဤသို့ ရှိခိုးရာတွင် လူက ထိုရဟန်း ဘယ်လိုနေခိုက် ဘယ်လိုထိုင်ခိုက်မှာ ရှိခိုးရ၏၊ ဘယ်လိုနေတုန်း ရှိမခိုးရဟု အသေးစိတ် တိတိကျကျ သတ်မှတ်ချက် ပါဠိမှုရင်း မတွေ့ဖူးချေ။

သို့ရာတွင် သာသနာပြု ၊သာသနာဦးဆောင် ဆရာတော်ကြီးများသည် ဒါယကာ ဒါယိကာမများအား သာသနာနှင့် လျော်အောင် မှန်စွာ ပြောတော်မူကြသည်။ ဒကာ ဒကာမ၏ ရှိခိုးခံတော်မည်ဆိုလျှင် သင်္ကန်းကို သေသေချာချာ သပ္ပါယ်ပြီး မိမိအကျင့်သီလကို ဆင်ခြင်လျက် ရှိခိုးခံကြသည်။ သဘာဝ ကျပေ၏။

ဩကာသ ကန်တော့ချိုးတွင် ဩကာသ၏ အဓိပ္ပာယ်မှာ "ရှိခိုးကန်တော့ခွင့် တောင်းခြင်း" ဖြစ်၏။ တပည့်တော် ရှိခိုးတော့မည်၊ ခွင့်ပြုပါဟု ဆိုလို၏။ ကန်တော့ခံယူဖို့ သတိရှိစေရန် သတိပေး အသိပေးပြီးမှ ကန်တော့ခြင်း ဖြစ်၏။ ဤအချက်ကို ထောက်လျှင် ရှိခိုးကန်တော့ရာ၌ ကန်တော့ခံသူဘက်က အဆင်သင့် ဖြစ်မှုသည် အရေးပါသော အချက်ဟု ကောက်ယူနိုင်၏။

**အလဇ္ဇီ၊ ဒုဿီလ ရဟန်း** အကယ်၍ ဘုန်းကြီးတစ်ပါးကို အလဇ္ဇီ ဒုဿီလမှန်း မိမိက သေသေချာချာ သိနေသော်လည်း သူက လောကီအရှိန်အဝါ ကြီးနေ၏။ အခြားသူများက သူ့ကို ဘုန်းကြီးကောင်း ထင်နေ၏။ ထို့ကြောင့် ရှိခိုးနေကြ၏။ ဘုန်းကြီးကောင်းထင်၍ ရှိခိုးသည့်အတွက် ရှိခိုးသူမှာ အပြစ်မရှိ၊ ရှိခိုးခံသူအနေဖြင့် ရှိခိုးသူထဲမှာ သီလရှိသူ ပါနေလျှင် သူ မသက်သာ။

အလဇ္ဇီကြီးမှန်း၊ ဒုဿီလမှန်း သိနေသူအနေဖြင့် ရှိခိုးရခက်စရာ ရှိ၏။ ရှိမခိုးပြန်လျှင်လည်း ဘေးအမြင်မတော်။ ဤသို့ အကြပ်အတည်းကြုံလျှင် ထိုသူ ဝတ်ထားသော သင်္ကန်းကိုသာ အာရုံပြုပြီး ရှိခိုးပါ။ ဘုရားအရေတော်ကို ငါ ရှိခိုးသည်ဟု စိတ်ထားပြီး ရှိခိုးပါလေ။

**ရှင်သာမဏေကို ရှိခိုးခြင်း** ရှင်သာမဏေသည် မြတ်စွာဘုရား၏ မြေးတော်လေး ဖြစ်၏။ ၁၀၉–ပါးသော သိက္ခာပုဒ်ကို ထိန်းရ၏။

၁၀၉–ပါး တို့မှာ အောက်ပါတို့ ဖြစ်၏။

- လိင် ၁၀ ပါး
- ဒဏ် ၁၀–ပါး
- သေခိယ ၇၅ ပါး
- ခန္ဓကဝတ် ၁၄ ပါး

ပေါင်း ၁၀၉ ပါး

စကြာမင်းသည် အနည်းဆုံး မင်းကျင့်တရားဆယ်ပါး၊ သင်္ဂဟတရား လေးပါးနှင့် ဆယ်ပါးသီလ ထိန်းရသည်။ ထိုစကြာမင်းသည်ပင် ရှင်သာမဏေ (ကိုရင်)ကို ရှိခိုးထိုက်သည်။ ရှိခိုးရသည်။ ဤအချက်ကို သတိမရှိသူအချို့က ဥပုသ်သည်က သို့မဟုတ် ဆယ်ပါးသီလထိန်းထားသူက ကိုရင်ကို ရှိမခိုး ကောင်းဘူးဟု ထင်မှတ်ပြောမိကြသည် မဟုတ်ပေ။ ဥပုသ်သည် (ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါးစောင့်သူ)သည် ရှင်သာမဏေကို ရှိခိုးထိုက်၏။ မြတ်စွာဘုရား၏ မြေးတော်ကို ရှိခိုးခြင်းသည် မြတ်စွာဘုရားအား လေးစားရာလည်း ရောက်၏။

ရှင်သာမဏေ၏ အမိအဖ အဘိုးအဘွားတို့ကလည်း မိမိတို့၏ သား၊ မြေး၊ မြစ် ကိုရင်ကလေးကို ရှိခိုးထိုက်၏။ ရှိခိုးကောင်း၏။

အကယ်၍ ရှိခိုးခံထိုက်သူ မဟုတ်ဘဲ စကြာမင်း သို့မဟုတ် မိဖတို့က ရှိခိုးလိုက်လျှင် ရှိခိုးခံရသူမှာ အကြီးအကျယ် ထိခိုက်သည်။ တချို့တုန်တုန်ခိုက်ခိုက် ဖြစ်၏။ တချို့ ဝမ်းလားပြီး သေတတ်၏ဟု ရှေးလူကြီးသူမတို့ အယူရှိချေသည်။

**အမိအဖ** ဗုဒ္ဓဘုရား၏ အဆုံးအမကို လက်ခံကျင့်သုံးကြသော ဗုဒ္ဓဘာသာတို့ သည် အမိအဖကို ရှိခိုးကြ၏။ ရှိခိုးရ၏၊ ရှိခိုးကောင်း၏၊ ရှိခိုးထိုက်၏၊ အဘယ့်ကြောင့်နည်း။ မိဖသည် သားသမီးအပေါ် အလွန် ကျေးဇူးများသောကြောင့် ဖြစ်၏။

ဗုဒ္ဓဘာသာတို့သည် ကတညုတ ကတဝေဒီ (သူပြုဖူးသော ကျေးဇူးကို အထူးသိတတ်သူ) ဟူသော မင်္ဂလာတရားကို လက်ခံကျင့်သုံးကြသူများ ဖြစ်ကြ၏။ လူ့ဘဝတွင် မိမိအပေါ် ကျေးဇူးအရှိဆုံးမှာ မိဖသာ ဖြစ်၏။ ဗုဒ္ဓဘာသာတို့သည် မိဖ၏ကျေးဇူးကို ဝမ်းထဲကစပြီး တင်ကြ၏။ မွေးလာပြီး ဖဝါးလက်နှစ်လုံး ပခုံး လက်နှစ်သစ် သားတစ်သာသာ နီနီတွေးတွေး ကလေးအရွယ်ကတည်းက ချီပိုး

ယုယပြုစုလာခဲ့သော မိဘကျေးဇူးကို ရေတွက်၍မရ၊ မိဘကျေးဇူး ဘယ်လောက် များသလဲဆိုသည်ကို မြင့်မိုရ်တောင်နှင့် ပမာပြု၏။

ပဋိသန္ဓေ ဆယ်လနေ၍
မြတေ မျက်နှာ မြင်သောခါက
နံ့သာပန်းမျိုး မဥ္ဇူပိုျးသို့
မြတ်နိုးလှမော ချစ်သဘောဖြင့်
ကျော်စောထင်အောင် စီးပွားဆောင်သည်
ဘုန်းခေါင်မိခင် ကျေးဇူးရှင်

ဟူ၍ ရှေးဆရာများက မိဘကျေးဇူးကို ဖော်ကျူးခဲ့ကြသည်။ မိဖသည် သားသမီးတို့အား မကောင်းသောဘေးမှ တားမြစ်ပြီး ကောင်းရာမွန်ရာ ဖြစ်အောင် ဆုံးမ၏။ ပညာသင်ပေး၏။ အရင်းအနှီးပေး၏။ အရွယ်ရောက်လျှင် ထိမ်းမြားပေး ၏။ ထို့ကြောင့် အနန္တေ၁အနန္တ ငါးပါးတွင် မိဘကို ဘုရားနှင့် တစ်ဂိုဏ်းတည်း ထားကြ၏။

သို့ဖြစ်၍ မိဖကို ရှိခိုးကြရ၏။ ပူဇော်ကြရ၏။

မိဖ၏ အမိအဖဖြစ်သော အဘိုးအဘွားတို့ကိုလည်း မိဖနည်းတူပင် ကျေးဇူး ဆက်၍ ကျေးဇူးကြီးသူများဖြစ်သောကြောင့် ရှိခိုးရ၏။ မိမိ၏ မိဖအပေါ် ကျေးဇူး ရှိသူကို မိမိအပေါ် ကျေးဇူးရှိသကဲ့သို့ မှတ်ယူကြရပေသည်။

**မှတ်ချက်။ ။** မိဘသည် သားသမီးကို သံသရာ ဝဋ်ဆင်းရဲမှ မကယ်တင်နိုင်၊ မြတ်စွာဘုရားကသာ ကယ်တင်နိုင်သည်၊ ထို့ကြောင့် မိဘထက် မြတ်စွာဘုရားက ပို၍ မြတ်ကြောင်း သတိရှိပါ။

**ဆရာသမား** ဆရာသည် လောကီဆရာ၊ လောကုတ္တရာ ဆရာဟု နှစ်မျိုး ကွဲပြား၏။ စူးဆောက်အတတ်၊ စာပေအတတ် စသည် သင်ပေးသော ဆရာသည် လောကီဆရာ၊ ယခု ဘဝကောင်းကျိုး၊ နောင်ဘဝကောင်းကျိုးနှစ်မျိုးလုံး ပြသပြီး ဘုရားတရားတော်များကို သင်ပြသော ဆရာသည် လောကုတ္တရာ ဆရာ ဖြစ်၏။

ကျေးဇူးဂုဏ် အနန္တေ၁အနန္တ ငါးပါးတွင် ထည့်သွင်းပြီး ဘုရားနှင့်တစ်ဂိုဏ်း တည်း ထားရသော ဆရာသည် လောကုတ္တရာဆရာမျိုး ဖြစ်၏။

ရှေ့ရှုမေတ္တာ ကရုဏာနှင့်
နာနာကျင်ကျင် အပြစ်မြင်တိုင်း
ဝမ်းတွင်မသို ဟုတ်တိုင်းဆို၍
ကျိုးလိုစိတ်က ဆုံးမတတ်သူ
ဆရာဟူလော့

ဆိုသည့်အတိုင်း မေတ္တာ စေတနာ အပြည့်ဖြင့် အကျိုးရှိအောင် ဆုံးမတတ်သော ဆရာမျိုးကို လိုအပ်၏။

သို့သော် ရှိခိုးသော ကိစ္စတွင်မူ မိမိအား တစ်စုံတစ်ရာ သင်ကြားပြသ ဆုံးမဖူးသောဆရာဟူသမျှကို ရှိခိုးရ၏။ ဆရာသည် ယောကျ်ားဖြစ်မှသာ မဟုတ်။ မိန်းမဆရာ(ဝါ) ဆရာမ ဖြစ်စေကာမူ လိင်ကို ပမာဏမပြုဘဲ ဆရာ့ဂုဏ်ကို အာရုံပြု၍ ယောကျ်ားလေးတပည့်များက ရှိခိုးကောင်း၏။

သတိပြုရန်မှာ ဆင်းရဲနွမ်းပါးသော ဆရာမျိုး၊ ကျန်းမာရေးချို့ငဲ့နေသော ဆရာမျိုးဖြစ်စေကာမူ မိမိအပေါ် သင်ကြားပြသဆုံးမဖူးပါက ကန်တော့ကောင်း၏။ သို့သော် အကျင့်စာရိတ္တ ပျက်နေသော ဒုသီလ ဆရာ၊ ဒွန်းစဏ္ဍားမျိုး ဆရာနှင့် ဗုဒ္ဓဘာသာမဟုတ်သော ဘာသာခြားဆရာ ဖြစ်ပါက ကျေးဇူးကို အသိအမှတ်ပြု သင့်၏။ ထိုင်ကန်တော့ခြင်းမျိုးကိုမူ ပြုသင့်မည် မထင်။

သင်ဆရာအပြင် မြင်ဆရာ ကြားဆရာမျိုး ဥပမာ သူလုပ်သည်ကို အတု ခိုးပြီး၊ သူပြောနေသည်ကို မှတ်ပြီး မိမိက တစ်စုံတစ်ခုကို တတ်မြောက်အကျိုးရှိလျှင် ထိုမြင်ဆရာ ကြားဆရာ၏ ကျေးဇူးကို မပြစ်မှားသင့်။ ဗျိုင်းတစ်ကောင် ငါးမြှောက် ကစားသည်ကို အတုယူပြီး လုံ့ကို မြှောက်၍ နှုတ်ဖြင့် ဖမ်းကစားတတ်သော ကိစ္စမျိုး၌ မြင်ဆရာက တိရစ္ဆာန် ဖြစ်နေ၏။ ထို့ကြောင့် ကျေးဇူးမကန်းဘဲ ကျေးဇူးကို အသိအမှတ်ပြုထားရန် လို၏။ ရှိခိုးဖို့ လိုမည် မဟုတ်ပေ။

ဤတွင် ဆရာနှင့် ရိုးရိုးကျေးဇူးရှင် သရုပ်ကွဲအောင် မှတ်သင့်၏။ ဆရာ အဆင့် ရောက်မှသာ အဆင့်မြင့်ကျေးဇူးရှင် ဖြစ်၏။ မိမိ၏အသက်ကို ကယ်ဖူးခြင်း စသည့် ကျေးဇူးရှင်မှုကား အဆင့်မြင့် အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မဖြစ်ပေ။ သို့သော် ကျေးဇူးတင်တတ်ခြင်းကား မဂ်လာပေတည်း။

**ကြီးသူများ** ကြီးသူများနှင့် ပတ်သက်၍ အပစာယနပြုရန် ဘုရားရှင် ခွင့်ပြု၏။ "အဘိဝါဒန သီလိဿ နိစ္စံ ဝုမှာပစာယိနော" ဆိုရာ၌ ဝုမှ+ အပစာယန-ကြီးသူကို အရိုအသေပြုခြင်းကို ဖော်ပြထား၏။

"ယေ ဝုမှမပစာယန္တိ၊ နရာဓမ္မသကောဝိဒါ" ဟူရာ၌ ဝုမှအပစာယန ကိစ္စ(ဝါ) ကြီးသူအား အရိုအသေပြုသောကိစ္စကို နရာဓမ္မ(ဝါ) လူ့တရားဟု ဘုရားရှင် သတ်မှတ်ထား၏။ ခါ မျောက် ဆင် ဝတ္ထုတွင် အသက်ကြီးသူအား အကြီးထား၍ နေဖူး၏။

မိမိထက် ကြီးရာ၌ (၁) အသက်ကြီးခြင်း
(၂) ဂုဏ်ကြီးခြင်း

နှစ်မျိုးဖြစ်၏။ ဂုဏ်ကြီးသည် ဆိုရာ၌ ဘာဂုဏ်ကြီးရမည်လဲ။ ဘုရားကြိုက်သော ဂုဏ်ကား သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကြီးခြင်းကို လိုအပ်၏။ အသက် ကြီးကာမျှဖြင့် မရှိခိုးရ၊ ဂါရဝမပြုရ၊ အသက်လည်း ကြီး၊ သီလ၊ သမာဓိ ပညာ လည်း ရှိမှ ရှိခိုးရ၏၊ ထို့ကြောင့် ဘာသာခြား လူမျိုးခြားကို အသက်ကြီးသော်လည်း ရှိမခိုးရ၊ အရိုအသေ မပြုရပေ။

ထို့ကြောင့် မိမိထက် အသက်လည်း ကြီး၊ ဂုဏ်လည်း ကြီးသူကို ရှိခိုး သင့်၏။ ဤသို့ ရှိခိုးခြင်းသည် နရာဓမ္မ လူ့တရားကို လိုက်နာသူဖြစ်သည်ဟု ဆိုရသည်။

ထိုသို့ ကြီးသူများအား ရှိခိုးပူဇော်ရာ၌ အခါကြီး ရက်ကြီးများ၌ ပြုလုပ် လေ့ ရှိကြ၏။ သို့သော် မည်သည့် အချိန်အခါမဆို ရှိခိုးကန်တော့ကောင်းပေသည်။

**သီလရှင်၊ ဦးသူတော်၊ ရသေ့** ဗုဒ္ဓဘာသာလောကတွင် သီလရှင်ရှိ၏၊ ဘိက္ခုနီ သာသနာကွယ်ပြီးနောက် ဝတ်ကြောင်ကို လွတ် အောင် ရုန်းလိုသော အမျိုးသမီးများသည် ကေသီပယ်ပြီး ထေရီမယ်ကလေးများ သဖွယ် ဝတ်စားဆင်ယင်ကြ၏။ အောက်ထစ် ရှစ်ပါးသီလ၊ တချို့ ဆယ်ပါးသီလ နေ့စဉ် ထိန်းကြ၏။ ရွာတွင်း အိမ်တွင်း မနေ၊ သီးခြား ဇရပ်၌ နေ၏။

ထိုသီလရှင်များကို အမျိုးသမီးများက ရှိခိုးကြ၏။ ယောကျ်ား အချို့ကမူ အဝန္ဒနီယ ပုဂ္ဂိုလ်(၂၅)မျိုးတွင် မိန်းမကို ရှိမခိုးရဟု ပါသောကြောင့် ထိုသဘောကို လိုက်ပြီး သီလရှင်ကို ရှိမခိုးကြပေ။ သို့သော် သီလကို အလေးထားပါက ရှိခိုး သော်လည်း အပြစ်မရှိ။ မိန်းမတည်းဟူသောလိင်ကို အဓိကထားလျှင်မူ ယောကျ်ား များက ရှိမခိုးဘဲ နေနိုင်ပေသည်။ သို့သော် အခြားနည်းဖြင့် ဂါရဝပြုနိုင်သည်။

ဦးသူတော် သို့မဟုတ် ရသေ့ဟူ၍လည်း ရှိရာ ထိုသူတို့လည်း ရှစ်ပါးသီလကို စောင့်ထိန်းကြလျှင် နေ့တိုင်း ဥပုသ်သည် ဖြစ်လေသည်။ မစောင့်ထိန်းလျှင် မဖြစ်ပေ။ တချို့ ကျောင်းတိုက်ကြီးများ၌ သာမဏေမဝတ်ခင် ပိတ်ဖြူသူတော်ကလေးများ ပြုလုပ်ပေးထားရာ၌ ငါးပါးသီလကို ထိန်းစေသည်။ ဤသို့သော ဦးသူတော်ရသေ့တို့ကိုမူ ရှိခိုးဖွယ်မရှိ။ အခြားနည်းဖြင့် ဂါရဝပြုနိုင်ပေသည်။

မိမိ၏ ကိုယ်ကျင့်တရားကို မှန်မှန်ကန်ကန် တည်ဆောက်ထားသူများ အနေဖြင့် သီလရှင်၊ ဦးသူတော်၊ ရသေ့တို့ကို ရှိခိုးခြင်းမှ တစ်ပါး အခြားနည်းဖြင့် ဂါရဝပြုပါက လုံလောက်ပေပြီ။

**အထက်ဆရာကြီး ဝိဇ္ဇာရှစ်သောင်း ဆရာပေါင်း**

ယခုခေတ် အထက်ဆရာကြီးဟု သမုတ်ခံရသူများမှာ ဝိဇ္ဇာဂိုဏ်းဝင် ပုဂ္ဂိုလ်ကျော်များ ဖြစ်၏။ ဥပမာ– ဘားမဲ့ဆရာတော်၊ ဘားတမော့ ဆရာတော်၊ ယက္ကန်းစင်တောင် ဆရာတော်၊ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင် စသည်တို့ ဖြစ်၏။

ဝိဇ္ဇာသည် သူတော်ကောင်းဝိဇ္ဇာ၊ သူယုတ်မာဝိဇ္ဇာဟု နှစ်မျိုး ရှိ၏။ သုတ်သီလက္ခန်ပါဠိတော်၊ အဋ္ဌကထာနှင့် လယ်တီဆရာတော်၏ ဝိဇ္ဇာမဂ္ဂဒီပနီ စသည်တို့၌ စူဠဂန္ဓာရီ၊ မဟာဂန္ဓာရီ ဝိဇ္ဇာများ အကြောင်းပါရှိ၏။ နိပါတ်တော်များ၌လည်း ဝိဇ္ဇာများအကြောင်း ဖော်ပြ၏။ ထို့ကြောင့် ဝိဇ္ဇာဆိုသည်မှာ တကယ်ရှိသည်ဟု ယုံကြည်အပ်၏။ ဝိဇ္ဇာ ရှစ်သောင်း ဆရာပေါင်းဟု ဆိုသည့်အတိုင်း ဝိဇ္ဇာတွေလည်း များ၏။ ဆေး၊ အင်း၊ မန္တာန်၊ ပြဒါး၊ သံ၊ ကျောက်မျက်ရတနာ စသည်တို့၏ တန်ခိုးဖြင့် မြေလျှိုးမိုးပျံနေသော ဝိဇ္ဇာများ များစွာ ရှိပေသည်။

၅၅၀–နိပါတ်တော်ဇာတ်များ၌ ပါရှိသော ဘုရင်၏ မိဖုရား စသည်ကို ကြာခိုသော ဝိဇ္ဇာမျိုး၊ တာနေဘယက္ခဇာတ်လာ ဝိဇ္ဇာမျိုး၊ သူယောင်တောမှာ တဏှာရေယဉ်ကြော လိုက်နေသော ဝိဇ္ဇာမျိုးကား အညံ့စား ဝိဇ္ဇာများတည်း။

ယခုခေတ် အိမ်များတွင် လက်ခံထားသော ဝိဇ္ဇာများကား ဆိုခဲ့ပါ မြန်မာပြည်ဖြစ် ဝိဇ္ဇာများဖြစ်၏။ ယက္ကန်းစင်တောင်ဆရာတော်၊ ဘမင်းခေါင် စသည်တို့မှာ သူတော်ကောင်း ဝိဇ္ဇာများ ဖြစ်၏။ ဝိဇ္ဇာတို့၏ အမအစကို ခံယူလို၍ အိမ်မှာထားပြီး ကိုးကွယ်ခြင်း (ဝါ)အားကိုးခြင်း ကာကွယ်ခြင်း ဖြစ်၏။ ထိုဝိဇ္ဇာများကို ရှိခိုးကြ၏။ ပူဇော်ကြ၏။

အချို့အိမ်တွင် တရုတ်အန်းကုံးပုံ (ဗိုက်ပူတရုတ် ဘုရားအလောင်းပုံ) ကို ထားကြ၏။ လာဘ်လာဘ ရှင်လန်းလိုကြ၍ ဖြစ်၏။ ဓိးကွက်ရုပ်ကို ထားသကဲ့သို့တည်း။ သို့သော် ရှိခိုးကြဟန်မတူ။

**နတ်** ဗုဒ္ဓဘာသာအိမ်အချို့၌ နတ်ရုပ်များကို ထားကြ၏။ ပူဇော်ပသကြ၏။ ဗုဒ္ဓဘာသာတို့ လောက၌ အတွင်း (၃၇)မင်း၊ အပြင် (၃၇)မင်းဟူ၍ နတ် နှစ်မျိုးနှစ်စား ထင်ရှား၏။

အတွင်း(၃၇)မင်းဆိုသည်မှာ ဘာအတွင်းလဲဟု စဉ်းစား။ အပြင်ဆိုရာမှာ ဘာအပြင်လဲဟု ဆင်ခြင်။ သုတ်ပါထေယျ ပါဠိတော်အာဋာနာဋိယသုတ်တော်၌ နတ်(၃၇)ပါးကို ဖော်ပြ၏။ ယင်းကို အတွင်း၊ အတွင်း(၃၇)မင်းဟု ခေါ်ကြ၏။ သာသနာတွင်းဟု ယူရန် ရှိသည်။ ယင်းတို့ကား–

၁။ ကုဝေရနတ်
၂။ သောမနတ်
၃။ ဝရုဏနတ်
၄။ ဘာရဒွါဇနတ်
၅။ ပဇာပတိနတ်
၆။ စန္ဒနနတ်
၇။ ကာမသေဋ္ဌနတ်
၈။ တိန္နုဃဏ္ဍုနတ်
၉။ နိဃဏ္ဍုနတ်
၁၀။ ပနာဒယက္ခသေနာပတိနတ်
၁၁။ ဩပမညယက္ခသေနာပတိနတ်
၁၂။ ဒေဝသုတယက္ခသေနာပတိနတ်
၁၃။ စိတ္တသေနယက္ခသေနာပတိနတ်
၁၄။ နဠောရာဇယက္ခသေနာပတိနတ်
၁၅။ ဇနေသဘယက္ခသေနာပတိနတ်
၁၆။ သာတာဂိရိယက္ခသေနာပတိနတ်
၁၇။ ဟေမဝတယက္ခသေနာပတိနတ်
၁၈။ ပုဏ္ဏကယက္ခသေနာပတိနတ်
၁၉။ ကရတိယယက္ခသေနာပတိနတ်

၂၀။ သီဝတယက္ခသေနာပတိနတ်
၂၁။ မုစလိန္ဒယက္ခသေနာပတိနတ်
၂၂။ ဝေဿာမိတ္တယက္ခသေနာပတိနတ်
၂၃။ ယုဂန္ဓရယက္ခသေနာပတိနတ်
၂၄။ ဂေါပါလယက္ခသေနာပတိနတ်
၂၅။ သုပ္ပရောဓယက္ခသေနာပတိနတ်
၂၆။ ဟိရိယက္ခသေနာပတိနတ်
၂၇။ နေတ္တိယက္ခသေနာပတိနတ်
၂၈။ မန္ဒိယယက္ခသေနာပတိနတ်
၂၉။ ပဉ္စာလစန္ဒယက္ခသေနာပတိနတ်
၃၀။ အာဠာဝကယက္ခသေနာပတိနတ်
၃၁။ ပဇ္ဇုန္နယက္ခသေနာပတိနတ်
၃၂။ သုမနယက္ခသေနာပတိနတ်
၃၃။ သုမုခယက္ခသေနာပတိနတ်
၃၄။ ဒဓိမုခယက္ခသေနာပတိနတ်
၃၅။ မဏိယက္ခသေနာပတိနတ်
၃၆။ မဏိရေယက္ခသေနာပတိနတ်
၃၇။ သေရိသကယက္ခသေနာပတိနတ်

အထက်ပါအတွင်း (သာသနာတွင်း) ၃၇–မင်းနတ်တို့တွင် ဣန္ဒနတ် (သိကြားနတ်)၊ သာတာဂိရိနှင့် ဟေမဝတနတ်မင်းကြီးတို့သည် အရိယာများ ဖြစ်ကြ၏။ အာဠာဝကလည်း သောတာပန် ဖြစ်၏။ ဗုဒ္ဓဘာသာတို့သည် ထို နတ်ကြီးများနှင့် ရင်းနှီးကြသည်။

အပြင်(၃၇)မင်းကား–

၁။ သိကြားနတ်
၂။ မဟာဂိရိနတ်
၃။ နှမတော် မောင်ကြီးရှင်နတ်
၄။ ရွှေနပေနတ်
၅။ သုံးပန်လှနတ်
၆။ တောင်ငူရှင်မင်းခေါင်နတ်

၇။ မင်းတရားနတ်
၈။ သံတော်ခံနတ်
၉။ ရွှေနော်ရထာနတ်
၁၀။ အောင်စွာမကြီးနတ်
၁၁။ ငါးစီးရှင်နတ်
၁၂။ အောင်ပင်လယ်ဆင်ဖြူရှင်နတ်
၁၃။ တောင်မကြီးနတ်
၁၄။ မြောက်မင်းရှင်ဖြူနတ်
၁၅။ ရှင်တော်နတ်
၁၆။ ညောင်ချင်းနတ်
၁၇။ တပင်ရွှေထီးနတ်
၁၈။ မင်းရဲအောင်ထင်နတ်
၁၉။ ရွှေစစ်သင်နတ်
၂၀။ မယ်တော်ရွှေစကားနတ်
၂၁။ မောင်ဘိုးတူနတ်
၂၂။ ယွန်းဘုရင်နတ်
၂၃။ မောင်မင်းဖြူနတ်
၂၄။ မန္တလေးဘိုးတော်
၂၅။ ရွှေဖျဉ်းကြီးနတ်
၂၆။ ရွှေဖျဉ်းငယ်နတ်
၂၇။ ဒါန်းမောင်ရှင်နတ်
၂၈။ ထီးဖြူဆောင်းနတ်
၂၉။ ထီးဖြူဆောင်းမယ်တော်နတ်
၃၀။ မရိမ္မရှင်မင်းခေါင်နတ်
၃၁။ မင်းစည်သူနတ်
၃၂။ မင်းကျော်စွာနတ်
၃၃။ မြောက်ဖက်ရှင်မနတ်
၃၄။ အနောက်မိဖုရားနတ်
၃၅။ ရှင်ကုန်းနတ်
၃၆။ ရှင်ကွနတ်
၃၇။ ရှင်နဲမိနတ်

အထက်ပါနတ်စာရင်းကို ကြည့်ပါက သိကြားနတ်ကို ဖယ်လိုက်လျှင် အားလုံး မြန်မာပြည်ဖြစ်နတ်တွေချည်း ဖြစ်သည်ကို တွေ့နိုင်၏။ သိကြားကို ထိပ်စီးက အားယူရန် အသုံးချထားဟန် တူ၏။ ထို ကျမ်းဂန်ပြင်ပ နတ်တို့သည် မြန်မာနိုင်ငံမှတစ်ပါး အခြားသော ဗုဒ္ဓဘာသာနိုင်ငံများ၌ စာရင်းပေါက်လိမ့်မည် မဟုတ်ပေ။ သူတို့ အခြားနိုင်ငံသို့ သွားကြလျှင် နိုင်ငံခြားသားနတ်များသာ ဖြစ်ရာ၏။

ထို့အပြင် (၃၇)မင်းတွင် မဟာဂိရိနတ်၊ ငါးစီးရှင်နတ်၊ ရွှေဖျဉ်းကြီးနတ်၊ ရွှေဖျဉ်းငယ်နတ်၊ မင်းကျော်စွာနတ် စသည်တို့သည် မြန်မာတို့နှင့် ပို၍ နီးစပ်၏။ ရွှေဖျဉ်းညီနောင်သည် ဥပစ္ဆေဒကကံဖြင့် သေကြရပြီး နတ်စိမ်းများ ဖြစ်သွားကြသူများတည်း။ ဘုံဖြင့် တိုင်းလျှင် ပြိတ္တာဘုံ၌ ပါဝင်ရာ၏။ မျိုးရိုးဇာတိကို စစ်လျှင် လူမျိုးခြား ဘာသာခြား ကုလားတိမ်နတ်များ ဖြစ်ကြ၏။ တောင်ပြုံးနယ်ကို အခြေခံ၍ မြန်မာတစ်နိုင်ငံလုံး၌ အတော်လူ့ပ်ရှားလျက် ရှိချေသည်။

**သရဏဂုံပျက် မပျက်** အထက်ဆရာကြီးများ၊ နတ်များကို ရှိခိုးခြင်းသည် သရဏဂုံ ပျက်၊ မပျက်။ ဤအချက် အရေးကြီး၏။

သရဏဂုံပျက်လျှင် ဗုဒ္ဓဘာသာ ပျက်၏။ ဗုဒ္ဓဘာသာဝင် မဟုတ်တော့။ ရဟန်းသည် ပါရာဇိကကျူးလွန်၍ ရဟန်းသိက္ခာပျက်ပါက ရဟန်းမဟုတ်တော့သကဲ့သို့ သရဏဂုံ ပျက်လျှင် ဗုဒ္ဓဘာသာ မဟုတ်တော့ချေ။

သရဏဂုံ ပျက်မပျက် စိစစ်ရာ၌ သရဏဂုံတည်ပုံကို ပြန်လှန်လေ့လာရန် လိုအပ်၏။ မိမိတို့ကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင်ကာ ချမ်းသာသို့ ရောက်အောင် ပို့ဆောင်တတ်ပါပေ၏ဟု သက်ဝင်ယုံကြည်ပြီး ဘုရား တရား သံဃာ သုံးပါးသော ရတနာကို ဆည်းကပ်မှ သရဏဂုံ တည်၏။ ဘုရားသာ အမြတ်ဆုံး၊ တရားတော်သာ အမြတ်ဆုံး၊ သံဃာတော်သာ အမြတ်ဆုံး။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊
ဘုရားမှတစ်ပါး ကိုးကွယ်ရာ မရှိပါ။
ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
တရားတော်မှတစ်ပါး ကိုးကွယ်ရာ မရှိပါ။
သံဃော မေ သရဏံ အညံ နတ္ထိ၊
သံဃာတော်မှတစ်ပါး ကိုးကွယ်ရာ မရှိပါ။

ဤကဲ့သို့ ရတနာသုံးပါးကို အထွတ်အမြတ်ထားပြီး ဆည်းကပ်သည့် အတွက် သရဏဂုံတည်၏။ ထို ရတနာသုံးပါးမှတစ်ပါး အခြားတစ်စုံတစ်ရာကို အထွတ်အမြတ်ဆုံးဟု ယုံမှတ်ကိုးကွယ်လျှင် သရဏဂုံပျက်၏။ ဤကား အဓိက အချက်တည်း။

ဘိုးတော်ပုံများ အိမ်မှာထားပြီး ဘုရားထက် မြတ်သည်ဟု ယူဆ၍ ရှိခိုး လျှင်၊ ကိုးကွယ်လျှင် ထိုသို့ ကိုးကွယ်သူသည် ဗုဒ္ဓဘာသာဖြစ်ပါက ဗုဒ္ဓဘာသာ ပျက်၏။ ဗုဒ္ဓဘာသာဝင် မဟုတ်တော့။ သို့မဟုတ် လာဘ်လာဘရှင်အောင်၊ အန္တရာယ်ကင်းအောင် အမအစ ခံယူလို၍ ဘိုးတော်ပုံ အိမ်မှာထား၏။ ဘုရားထက် မြတ်သည်ဟုကား မယူဆ။ ဘုရားသာ အမြတ်ဆုံးဆိုပြီး ဘုရားကိုလည်း ဆည်းကပ် ကိုးကွယ်လျက် ရှိသည်ဆိုလျှင် သရဏဂုံမပျက်၊ ဗုဒ္ဓဘာသာမပျက်ပေ။

နတ်ကို ပူဇော်ပသရာ၌လည်း ထိုနည်းတူပင်။ ဘုရားထက်မြတ်သည်ဟု ယုံမှတ်ကိုးကွယ်မှ သရဏဂုံပျက်၏။ ရိုးရာကြောင့် နတ်၏ အမအစ ခံယူလို သောကြောင့် ဗလိနတ်စာများ ကျွေးပြီး နတ်ကို ရှိခိုးပူဇော်ခြင်းသည် သရဏဂုံ မပျက်ပေ။

ဤတွင် (က) သေဋ္ဌဝသေန တိဋ္ဌတိ၊
(ခ) သေဋ္ဌဝသေန ဘိဇ္ဇတိ၊

ဟူ၍ အဋ္ဌကထာဆရာကြီး၏ အဆုံးအဖြတ်ကို မှတ်သားထားရန် လို၏။

သေဋ္ဌဝသေန တိဋ္ဌတိ = ဘုရား တရား သံဃာ ရတနာ သုံးပါးသည်သာ လျှင် အမြတ်ဆုံးဟု ခံယူပြီး ဆောက်တည်မှ သရဏဂုံ တည်၏။

သေဋ္ဌဝသေန ဘိဇ္ဇတိ = ရတနာသုံးပါးမှတစ်ပါး အခြားတစ်ခုခုကို အထွတ်အမြတ်ဆုံးဟု ခံယူပြီး ကိုးကွယ်ဆည်းကပ်လျှင် သရဏဂုံပျက်၏ဟူလို။

ဤတွင် (က) သရဏဂမန (ဆင်းရဲကို ပယ်ဖျောက်၍ ချမ်းသာသို့ ရောက်အောင် ပို့ဆောင်ကယ်တင်တတ်ပေ၏ဟု စိတ်ရောက်ခြင်း)

(ခ) သေဝန (မှီဝဲခြင်း၊ ဆည်းကပ်ခြင်း)

နှစ်မျိုးကို ခွဲခြားမှတ်သားရ၏။

ရတနာသုံးပါးကို သရဏဂုံ ခံယူသည်။ အထက် ဆရာကြီး စသည်ကို မှီဝဲ ဆည်းကပ်သည်။ ဥပမာ–ပဏ္ဍိတာနဉ္စ သေဝနာ–ဟူသော မင်္ဂလာတွင်

ပညာရှိကို ကိုးကွယ်ခြင်း မဟုတ်။ ပညာရှိကို မှီဝဲဆည်းကပ်ခြင်း ဖြစ်သကဲ့သို့ အထက်ဆရာကြီးတို့ နတ်တို့ကို မှီဝဲဆည်းကပ်ခြင်း ဖြစ်မှု သရဏဂုံ မပျက်။

ကိုးကွယ်ခြင်း (သရဏဂုံ)နှင့် မှီဝဲဆည်းကပ်ခြင်း (သေဝနာ)ကို ကွဲပြားစွာ သိမှတ်အပ်ပေသည်။

မိမိ အကျိုးရှိအောင် ရာထူးကြီးသူ၊ ပစ္စည်းရှိသူတို့နှင့် အပေါင်းအသင်း လုပ်သကဲ့သို့ လောကီအကျိုး မျှော်ကိုးပြီး ဘိုးတော်များ နတ်များနှင့် ပေါင်းသည်ဆိုက သရဏဂုံ မပျက်ပေ။

သမ္မာဒေဝနတ်များနှင့် ပတ်သက်၍ ရတနသုတ်တော်နှင့် မဟာပရိနိဗ္ဗာန သုတ်တော်တို့၌ ဗုဒ္ဓရှင်တော်၏ သဘောထားကို တွေ့ရ၏။ လူတို့က ဗလိနတ်စာ များ ပေး၍ အမှုအတန်းပေးဝေ၍ နတ်တို့အား ပူဇော်ကြ၏။ ထို့ကြောင့် နတ်တို့က လူတို့အား ပြန်လည်စောင့်ရှောက်၏။ နတ်တို့၏ အစောင့်အရှောက်ရရှိ သူသည် ကောင်းကျိုးချမ်းသာကို ရသည်-ဟု ဟောကြားတော်မူ၏။

ပါဠိမှာ-

"ဒေဝတာ နုကမ္ပိတော ပေါသော၊
သဒါ ဘဒြာနိ ပဿတိ" ဖြစ်၏။

အနက်-

ဒေဝတာနုကမ္ပိတော= နတ်တို့၏ အစဉ်သနားစောင့်ရှောက်ခြင်း ခံရသော။ ပေါသော = လူသည်။ သဒါ = အခါခပ်သိမ်း။ ဘဒြာနိ = ကောင်းသော ဣဋ္ဌ မင်္ဂလာများကို။ ပဿတိ = တွေ့မြင်ရ၏။

ဗုဒ္ဓရှင်တော်ဘုရား၏ အထက်ပါ မှတ်ချက်သည် ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် နတ်တို့ကို မပစ်ပယ်ကြဘဲ ရင်းနှီးမှုရှိနေခြင်း၏အကြောင်းရင်း ဖြစ်၏။ လိုရင်းမှာ ကလျာဏ မိတ္တသမ္ပဒါ ဟူသော သမ္ပဒါတရားအရ ကလျာဏမိတ်ကောင်း ဆိုရာ တွင် လူကလျာဏမိတ်သာမက နတ်ကလျာဏကိုလည်း မိတ်ဖွဲ့ထားရမည့်သဘော ဖြစ်၏။ ဤသို့ ပေါင်းသင်းခြင်းသည် "သေဝနာ"ဟူသော အချက်အရ မှီဝဲ ဆည်းကပ်ခြင်း အဆင့်သာ ဖြစ်သည်၊ ကိုးကွယ်ခြင်းအဆင့် မဟုတ်ပါပေ။

ကိုးကွယ်ခြင်းအဆင့်နှင့် ပတ်သက်၍ကား 'ဗုဒ္ဓေါ မေ သရ ဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊ သံဃော မေ သရဏံ အညံ နတ္ထိ'

ဆိုသည့်အတိုင်း ရတနာသုံးပါးမှ တစ်ပါး ဘာကိုမျှ မကိုးကွယ်ဘဲ ကျွတ်ကျွတ် လွတ်လွတ် နေနိုင်လျှင် ကောင်း၏။

အားကိုးရာ၌မူ အထက်ဆရာကြီးကို အားကိုးမည့်အစား၊ နတ်ကို အားကိုး မည့်အစား မိမိကိုယ်ကို အားကိုးခြင်းက ပို၍ နည်းမှန်၏။ ဘုရားကြိုက်၏။

ဥဋ္ဌာနသမ္ပဒါ (လုံ့လ ဝီရိယ ရှိခြင်း)၊
အာရက္ခသမ္ပဒါ (ကိုယ်နှင့် ပစ္စည်းကို စောင့်ရှောက်ခြင်း)
သမဇီဝိတာသမ္ပဒါ (မျှတစွာ အသက်မွေးခြင်း)
ကလျာဏမိတ္တသမ္ပဒါ (မိတ်ကောင်းရှိခြင်း)

ဟူသော သမ္ပဒါလေးပါးနှင့် ပြည့်စုံလျှင် ကြီးပွားပါသည်။ လူမျိုးခြား အများ သမ္ပဒါကြောင့် ကြီးပွား နေကြပါသည်။ သမ္ပဒါလေးပါးနှင့် ပြည့်စုံအောင် မနေဘဲ အားကိုးမှားနေသော ဗုဒ္ဓဘာသာများ မွဲနေကြပါသည်။

မိမိတို့ လူသားများသည်-

(၁) ကုသိုလ်ကောင်းမှု ပြုနေကြမည်(ဝါ) ကောင်းသော အကြံ၊ မှန်သောစကား၊ အကျိုးရှိသော အလုပ်ကိုသာ လုပ်နေကြမည်၊
(၂) ကိုယ်ကျင့်သီလ ပြည့်စုံကြမည်၊
(၃) ရတနာသုံးပါးကို ဆည်းကပ်ပြီး ဥပါသကာဂုဏ်နှင့် ပြည့်စုံနေ ကြမည်၊
(၄) သားမယားကို တရားသဖြင့်သာ မွေးမြူကြမည်၊

ဆိုခဲ့ပါ အချက်လေးရပ်နှင့် ပြည့်စုံပါက သိကြားမင်းက မိမိတို့အား ဦးညွှတ်သည်(ဝါ) ရှိခိုးသည်ဟု ကျမ်းဂန်များ၌ ပြဆိုထား၏။

ယေ ဂဟဋ္ဌာ ပုညကရာ၊ သီလဝန္တော ဥပါသကာ၊
ဓမ္မေန ဒါရံ ပေါသေန္တိ၊ တေ နမဿာမိ မာတလိ။

(သဂါထာဝဂ္ဂသံယုတ္တပါဠိ)

အချင်း မာတလိ-

အကြင်လူသားတို့သည် ကုသိုလ်ကောင်းမှုကို ပြုကြကုန်၏။ အကျင့် သီလ ရှိကြကုန်၏။ ဥပါသက ဂုဏ်(၁၀)ပါးတို့နှင့် ပြည့်စုံကြကုန်၏။ တရားသဖြင့် စီးပွားရှာ၍ သားမယားကို မွေးမြူကြကုန်၏။ ထိုကဲ့သို့သော လူသားတို့ကို ငါ သိကြားမင်းသည် ဦးညွှတ်၍ ဂါရဝပြုပါ၏။

(မြန်မာပြန်)

**မဟာယာနဘုန်းကြီး** ကမ္ဘာ့နိုင်ငံများစွာမှာ မဟာယာနဘုန်းကြီးများ ရှိ၏။ အကြမ်းဖျဉ်း အမြင်အားဖြင့်–

(၁) အိမ်ထောင်သားမွေး စီးပွားရေး လုပ်နေသော မဟာယာနဘုန်းကြီး၊

(၂) အိမ်ထောင်မပြုဘဲ သူတို့ကျောင်းမှာသာ နေသော မဟာယာန ဘုန်းကြီး

ဤသို့ နှစ်မျိုးတွေ့ရ၏။

ဝတ်ပုံမှာ အဝါရောင်ကို အခြေခံသော အဝတ်ကို အပိုင်းလိုက် ဝတ်သူ၊ ဘွဲ့ယူတဲ့အခါ ဝတ်ရတဲ့ဂေါင်(ဝတ်လုံ)လို ချုပ်ထားပြီး ဝတ်ဆင်သူ ဟူ၍ နှစ်မျိုး တွေ့နိုင်၏။ သို့သော် သူတို့ကျောင်း၊ သူတို့အိမ်မှာ နေသောအခါ၌မူ ဘောင်းဘီနှင့် အမျိုးသားဝတ်စုံကိုသာ ဝတ်ကြသည်။ ဘာသာရေးအခမ်းအနားရှိမှ ဆိုခဲ့ပါ ဘာသာရေးအဝတ်ကို ဝတ်ခြင်း ဖြစ်၏။ စားပုံမှာ နေ့လွဲညစာ စားကြသည်။ တချို့ သက်သတ်လွတ် စားကြသည်။

အကျင့်သိက္ခာ–အကျင့်သိက္ခာတွင် မဟာယာန နည်း အရ ကျင့်ဝတ်များစွာ ကျင့်ကြပါလိမ့်မည်။ ဥပမာ–တချို့အရက်မသောက်၊ ဆေးလိပ်မသောက်၊ တချို့ သောက်ကြ၏။ ဘုရားဝတ်ပြုခြင်း၊ ပုတီးစိတ်ခြင်း စသည် ပြုလုပ်သည်ကို တွေ့ရ ပါ၏။(ဤတွင် မဟာယာန ဝိနည်းတွေ ဖော်ပြရန် မဟုတ်။ ရှိခိုးမှု စိစစ်ရန်သာ ရည်ရွယ်ပါ၏။)

အကျင့်သိက္ခာနှင့် စပ်လျဉ်း၍ သေချာသည်မှာ မဟာယာနဘုန်းကြီးသည် ထေရဝါဒ မိမိတို့ရဟန်းများကဲ့သို့ သိမ်ထဲမှာ ပဥ္စင်းမခံကြ။ ဤအချက် သေချာ၍ ပင် ထေရဝါဒ ရဟန်းမဟုတ်ကြခြင်း ဖြစ်၏။ ညစာ စားကြသောကြောင့် အဋ္ဌင်္ဂ ဥပုသ်သည်များ မဟုတ်ကြ။ ဤအချက်လည်း သေချာ၏။

မိမိတို့ လူဝတ်ကြောင်များနှင့် မဟာယာနဘုန်းကြီး ဘယ်လိုဆက်ဆံရ မည်လဲ။ ဤတွင် မိမိကိုယ်ကို စိစစ်ကြည့်။ ဗုဒ္ဓဘာသာဖြစ်၍ သရဏဂုံ တည်ရ ၏။ ငါးပါးသီလ ရှိသူ ဖြစ်ရ၏။ ကိုယ့်ဟာကိုယ်တည်တာ မတည်တာ၊ ရှိတာ မရှိတာ မဆိုင်။ မူအားဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာဆိုလျှင် သရဏဂုံ သီလအခြေခံရှိသူ ဖြစ်ရ၏။ မဟာယာန ဘုန်းကြီးအကြောင်းကို အထက်တွင် စိစစ်ပြခဲ့ပြီး ဖြစ်၏။

ထို့ကြောင့် ဘာသာရေးအားဖြင့် မိမိတို့က မဟာယာနဘုန်းကြီးကို မိမိတို့ ဆရာတော် သံဃာတော်များအား ရှိခိုးသကဲ့သို့ ထိခြင်းငါးပါးဖြင့် ဝန္ဒာမိ

ပြုရန် မရှိ။ ဦးညွတ်၍ နမာမိပြုရန် မရှိ။ ဤတွင် "ဘာသာရေးအားဖြင့်" ဟူသော စကား၊ "မိမိတို့ ဆရာတော် သံဃာတော်များလို" ဟူသော စကားကို သတိချပ်အပ်ကြ၏။ ဤတွင် ဟိန္ဒူများလို လက်အုပ်ချီခြင်း၊ အနောက်နိုင်ငံသား များလို လက်ဆွဲ နှုတ်ဆက်ခြင်း စသည်ဖြင့် လူမှုရေးဆန်သော နှုတ်ဆက်မှုများ ပြုနိုင်ရာ၏။

မဟာယာနဘုန်းကြီးများလည်း သူတို့နည်းနဲ့သူတို့ အကျင့်သိက္ခာရှိတာပါပဲ၊ ရှိခိုးလဲ ဘာဖြစ်လဲ၊ ငရဲမကြီးပါဘူး ထင်လျှင် တခြားဘာသာဝင် ဘုန်းကြီးများ၊ ကုလားဘုန်းကြီးများ၊ ခရစ်ယာန်ဓမ္မဆရာများလည်း သူတို့နည်းနဲ့ သူတို့ အကျင့် သိက္ခာရှိကြသည်ပင် ဖြစ်၍ ရှိခိုးကြရမလို အဓိပ္ပာယ်ရောက်၏။ ဤသို့ ဖြစ်ပါလျှင် ဗုဒ္ဓဘာသာ ပျက်စီးခြင်း အကြောင်းကို ပြန်လည်သတိရကြရန် ဖြစ်ပေသတည်း။

## အခန်း (၂)

# ဘာကြောင့် ရှိခိုးရသလဲ

အခန်း:(၁)တွင် ဘာကိုရှိခိုးရသလဲ ဟူသော အချက်နှင့် ပတ်သက်၍ ဘုရားမှစ၍ နတ်အထိ ရှိခိုးကြပုံကို ဖော်ပြခဲ့ပြီး ဖြစ်၏။ ယခု ဆက်လက်၍ ရှိခိုးခြင်း အကြောင်းခံကို ရှာဖွေတင်ပြရန် လိုပေသည်။

ရှိခိုးခြင်း၏ အကြောင်းရင်းသည် သုံးမျိုးရှိ၏။ ယင်းတို့ကား–

(၁) ကုသိုလ်ရလိုခြင်း

(၂) လူ့ကျင့်ဝတ် မချွတ်ယွင်းစေလိုခြင်း

(၃) မျှော်လင့်ခြင်းနှင့် ကြောက်ခြင်း

ဤအချက်သုံးရပ်သည် ရှိခိုးမှုကို ဖြစ်စေသော အရင်းခံ အကြောင်းတရားများ ဖြစ်ပေသည်။

ဘုရား တရား သံဃာ ရတနာတော်မြတ်သုံးပါးကို ရှိခိုးခြင်းသည် အဓိက အားဖြင့် ကုသိုလ်ရလို၍ ဖြစ်၏။ အမိအဖ ဆရာသမား စသည်ကို ရှိခိုးခြင်းသည် အဓိကအားဖြင့် လူ့ကျင့်ဝတ် မချွတ်ယွင်းစေလို၍ ဖြစ်၏။ အထက်ဆရာကြီးများနှင့် နတ်များကို ရှိခိုးခြင်းသည် အမျှော်နှင့် အကြောက်ကြောင့် ဖြစ်၏။

ဗုဒ္ဓဘာသာတို့သည် ရတနာသုံးပါးကို ရှိခိုးရာ၌ ကုသိုလ်ရေး အခြေခံပြီး ကုသိုလ်၏ ကောင်းကျိုးကို မျှော်လင့်ထားသည်ဟု ဆိုသော် ရ၏။ သို့သော် မည်သည့်ဗုဒ္ဓဘာသာမျှ ကြောက်၍ ရတနာသုံးပါးကို ရှိခိုးခြင်း မဟုတ်ပေ။ ဗုဒ္ဓဘာသာ ဘုရားရှင်သည် ကြောက်စရာ မဟုတ်။ မည်သူ့ကိုမျှ ခြိမ်းခြောက် ဒဏ်ခတ်ထားတော်မူခြင်း မရှိ။ မေတ္တာစာတ်ဖြင့် အလွန်အေးမြသော အကျင့်သီလဖြင့် အလွန့်အလွန် သူတော်ကောင်းမြတ်ဖြစ်သော မဟာကရုဏာတော်ရှင်အစစ် ဖြစ်၍ မည်သူ့ကိုမျှ ဒုက္ခမပေးသော ဘုရားဖြစ်၏။ ထို့ကြောင့် ဂေါတမ ရှင်တော်ဘုရားကို မကြောက်ရ။ ကြောက်၍ ရှိခိုးသူ မရှိ။

အမိအဖ ဆရာသမား စသည်ကို ရှိခိုးရာတွင် ဝုမှာပစာယန(ကြီးသူအား ရှိခိုးခြင်း) ဟူသော နရာဓမ္မ (လူ့ကျင့်ဝတ်တရား)အရ ရှိခိုးသည်လည်း ရှိ၏။ ဤသို့ ရှိခိုးသော်လည်း အပြစ်ကင်းခြင်း၊ ကောင်းသောအကျိုးပေးခြင်း ဟူသော လက္ခဏာရှိ၍ ထိုရှိခိုးမှုသည် ကုသိုလ် ဖြစ်ပေသည်။ ကုသိုလ်ဖြစ်၍ ဆုမတောင်းဘဲ ကောင်းကျိုးပေးပေသည်။

ဝိဇ္ဇာရှစ်သောင်း ဆရာပေါင်းနှင့် နတ်များကို ရှိခိုး ရာ၌ကား အဓိကအားဖြင့် လာဘ်လာဘ အမအစကို မျှော်လင့်၍ ရှိခိုးကြ၏။

နတ်ဆိုးများကို ရှိခိုးပူဇော်ရာ၌ ကြောက်၍ ရှိခိုးကြ၏။ ဥပမာ–ရိုးရာ နတ်အချို့သည် သူတို့ကို ရှိခိုးပူဇော်မှု မပြုလျှင် ကိုင်တတ်သည် ဟူ၏။ ထိုသို့ နတ်ကိုင်မည်ကို စိုးရွံ့၍ ရှိခိုးပူဇော်သူများ ရှိပေသည်။

**ကုသိုလ်ဆိုတာ ဘာလဲ** တစ်ဖန် ကုသိုလ်ရလို၍ ရှိခိုးသည်ဟူသော အချက်ကို ထပ်မံစိစစ်ပါက ပထမဦးစွာ "ကုသိုလ်ဆိုတာ ဘာလဲ" ဆိုသည်ကို ကျကျနနသိထားဖို့ လိုပေ၏။ သူများက ကုသိုလ်ဆို၍သာ ရောယောင် ကုသိုလ် လိုက်ရသည်။ သေသေချာချာတော့ မသိဆိုလျှင် ဟန်မကျပေ။ မြန်မာ နိုင်ငံ၌ ယခုလောက် သာသနာထွန်းကားနေပါလျက်၊ မိမိလည်း ဗုဒ္ဓဘာသာဝင် တစ်ဦး ဖြစ်နေပါလျက် ဗုဒ္ဓဘာသာ၏ အခြေခံအကြောင်းအရာများကို လိပ်ပတ်လည် အောင် မသိနားမလည် ဖြစ်နေရသည်ဆိုပါက မသိသူသာမက သိအောင် လုပ် မပေးသူများပါ တာဝန် ရှိပေသည်။

ကုသိုလ်ဆိုတာ ဘာလဲဟု အရင်က တစ်တစ်ခွခွ မသိခဲ့သေးလျှင် ထား လိုက်ပါတော့။ ဤစာဖတ်ပြီးသည့် အချိန်မှစ၍ ရှေ့ကို သိပါလေတော့။

ကုသိုလ်ဆိုတာ (၁) အပြစ်ကင်းခြင်း လက္ခဏာ
(၂) ချမ်းသာကောင်းကျိုး ဖြစ်ထွန်းစေသည့် လက္ခဏာ

ဤလက္ခဏာ နှစ်ရပ်နှင့် ပြည့်စုံ၏။ သို့မဟုတ် အပြစ်ကင်းခြင်း၊ ကောင်းကျိုးပေးခြင်း လက္ခဏာနှစ်ရပ်နှင့် ပြည့်စုံသော ပြုလုပ်ပြောဆို ကြံစည်မှုမှန်သမျှ ကုသိုလ်ဖြစ်သည် ဟု မှတ်အပ်၏။

မြတ်စွာဘုရား စကားတော်ကား–

ကုသလာ အနဝဇ္ဇ သုခဝိပါက လက္ခဏာ
(ဓမ္မသင်္ဂဏီ ပါဠိတော်)

ဟူ၍ ဖြစ်၏။

ကုသလာ= ကုသိုလ်ဟူသည်ကား။ **အနဝဇ္ဇ သုခဝိပါက** လက္ခဏာ= အပြစ်ကင်းခြင်း ချမ်းသာသုခ ကောင်းကျိုး ရစေခြင်း လက္ခဏာ ရှိ၏။

(နိဿယ အနက်)

**မိမိတို့ နေ့စဉ်** ပြုလုပ်ပြောဆို ကြံစည်မှု မှန်သမျှကို အပြစ်ကင်းသလား၊ ကောင်း**ကျိုးပေးသလား** ဟု စိစစ်ကြည့်ရန် ဖြစ်၏။ အပြစ်ကင်းလျှင် ကောင်းကျိုး ပေးလျှင် **ကုသိုလ်ဟု ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်၍** ရပေသည်။

**ဥပမာ**–ဘုရားရှိခိုးခြင်း၊ ဘုရားရှိခိုး**မှု** **မှန်စွာပြုလျှင်** အပြစ်ကင်း၏၊ ဘုရားအာ**ရုံပြု၍** ရှိခိုးလျှင် စိတ်ချမ်းသာ၏၊ ချက်ခြင်းကောင်းကျိုးပေး၏။

ဗျတိရေကနည်း (အပြန်အလှန် စဉ်းစားနည်း)ဖြင့် စဉ်းစားကြည့်ပါ၊ နွားကြီးတစ်ကောင်ကို သတ်ဖြတ်ရာ၌ အပြစ်ကင်းသလော၊ ဒေါသစိတ်ဖြစ်၍ အပြစ်မကင်း။ **နွား**ကို သတ်နေခိုက် ကိုယ်ကြမ်းစိတ်ကြမ်းဖြစ်ရ၍ ကောင်း**ကျိုး**မဖြစ်။ နွား**ကြီး**ခမျာ အသတ်မခံရမီကလေး မျက်ရည်တွေ ကျနေပုံ၊ ရုန်းကန်နေပုံ၊ မိမိက သတ်လိုက်သောအခါ မရှုမဆန့် အသက်ထွက်ရရှာပုံတို့ကို မြင်ရသော နွားသတ်သမားသည် ဘုရားရှိခိုးနေသူ၏ စိတ်မျိုး မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်။

ဤသို့ စဉ်းစားလျှင် ဘုရားရှိခိုးသော အလုပ်သည် (၁) အပြစ်ကင်းခြင်း၊ (၂) ချက်ချင်း ကောင်းကျိုး ဖြစ်ပေါ်ခြင်း ဟူသော **အင်္ဂါလက္ခဏာနှစ်ရပ်နှင့်** ပြည့်စုံသောကြောင့် "ကုသိုလ်"ဟု သတ်မှတ်ရပေသည်။

ဤအင်္ဂါနှစ်ရပ်တွင် အပြစ်ကင်းရုံနှင့် ကုသိုလ်မဖြစ်ပေ။ ဥပမာ– အိပ်ပျော်နေသောအခါ၊ ထမင်းစားပြီး အေးချမ်းစွာ ထိုင်နေသောအခါ ဤအခါမျိုး၌ မည်သည့်ဒေါသ လောဘအပြစ်မှ မဖြစ်ပေ။ သို့သော် ကောင်းကျိုး ထူး၍ မဖြစ်ပေ။ ထို့ကြောင့် အပြစ်ကင်းရုံ တစ်ချက်တည်းနှင့် ကုသိုလ်ဖြစ်သည်ဟု မသတ်မှတ်ရပေ။

သို့သော် အပြစ်မကင်းမှုကား ကုသိုလ် မဖြစ်ပေ။ ကောင်းကျိုး မပေးပေ။

**ကုသိုလ်ကို ဘယ်လိုရသလဲ** အပြစ်ကင်းခြင်း၊ ကောင်းကျိုးပေးခြင်း လက္ခဏာ နှစ်ရပ်နှင့် ပြည့်စုံသော အမှုကို ပြုလုပ်လျှင် ကုသိုလ်ရ၏။

အခန်း(၁)တွင် ဖော်ပြခဲ့သော ရတနာသုံးပါး ဆရာ မိဘ စသည်တို့ကို စိတ်ပါလက်ပါ ရှိခိုးသမှု ပြုခြင်းသည် အပြစ်ကင်းခြင်း စိတ်ချမ်းသာခြင်း စသော ကောင်းကျိုးပေး၏။ ထို့ကြောင့် ထိုသို့ ရှိခိုးပူဇော်သူကား ကုသိုလ်ရ၏။

ကုသိုလ်ရသည် ဟူသောစကားသည် ကုသိုလ်ဖြစ်သည် ဆိုသော စကားနှင့် အတူတူပင် ဖြစ်၏။ ရှိခိုးခြင်းသည် ကောင်းမှုဆယ်မျိုးတွင် အပစာယနကုသိုလ်မျိုး ဖြစ်၏။ ထို့ပြင် ပေးလှူခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာပွားခြင်း၊ ရတနာ သုံးပါး ဆရာ မိဘတို့၏ဝေယျာဝစ္စ ပြုလုပ်ခြင်း၊ မိမိပြုသောကုသိုလ်ကို သူတစ်ပါး အား အမျှပေးဝေခြင်း၊ သူတစ်ပါးကုသိုလ်ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်း၊ တရားနာခြင်း၊ တရားဟောခြင်း၊ သမ္မာဒိဋ္ဌိ အယူမှန်ခြင်းတို့ကို ပြုလုပ်ခြင်းသည်လည်း အပြစ်ကင်းခြင်း၊ ကောင်းကျိုးပေးခြင်း လက္ခဏာနှစ်ရပ်နှင့် ကိုက်ညီ၍ ပြုလုပ်တိုင်း ကုသိုလ်ဖြစ်သည် ကုသိုလ်ရသည်ဟု သိအပ်၏။

အချုပ်အားဖြင့် စိတ်ကောင်းထားပြီး ကောင်းသော အမှုကိစ္စကိုပြုလုပ်တိုင်း ငါကုသိုလ်ရသည်ဟု သတိချပ်အပ်ပေသည်။

**ကုသိုလ်တွေကို ဘယ်မှာထားသလဲ**

ရတနာသုံးပါး စသည် ရှိခိုးလျှင် ကုသိုလ် ရသည့်အကြောင်း ဖော်ပြခဲ့ပါပြီ၊ ထိုရသည့် ကုသိုလ်တွေ ဘယ်မှာ ထားသလဲ၊ ဗုဒ္ဓဘာသာတို့ နေစဉ်နှင့်အမျှ ကုသိုလ်လုပ်နေကြသည်။ ဆွမ်းကျွေး၊ ကျောင်းဆောက်၊ ဘုရားတည် စသည်ဖြင့်လည်း ကုသိုလ်တွေ ပြုနေကြသည်။ ကုသိုလ်တွေ ရနေကြသည်။ ထိုကုသိုလ်တွေ ဘယ်မှာလဲ။

ငွေရလျှင် သေတ္တာထဲမှာ ငွေကို သိမ်းထားရ၏။ ဘဏ်မှာ ဖြစ်စေ အပ်ထားနိုင်၏။ ထို့နည်းတူ စိန်ရွှေ ရတနာပစ္စည်းရလျှင်လည်း သင့်တော်သလို လုံခြုံအောင် သိမ်းထားရ၏။ လိုရင်းကား ရသည့်ပစ္စည်း မည်သည့်နေရာမှာ ရှိသည်ကို သိရပေသည်။

ယခု ကုသိုလ်ရသည့် ကိစ္စ လှူပြီးတန်းပြီး ကုသိုလ်ပြုပြီး ပြီးကြရောလား၊ ရှိခိုးပူဇော်သမှုပြုပြီး ပြီးရောလား၊ ထိုကိစ္စတွေအတွက် ကုသိုလ်ရသည်ဟု ဆိုသည်၊ ထိုကုသိုလ်တွေ ဘယ်မှာလဲ၊ ဘုရားဆီမှာလား၊ မိမိတို့ဆီမှာလား၊ စဉ်းစားတတ်သူတို့ စဉ်းစားရမည့် အချက်ဖြစ်၏။

ကုသိုလ်ဆိုသည်မှာ တခြားမဟုတ်၊ မိမိမှာဖြစ်သော စိတ်၊ ထိုစိတ်နှင့် ယှဉ်သော သဒ္ဓါ၊ စေတနာ၊ ပညာစသော ကောင်းသော စေတသိက်များ၊ ထိုစေတသိက်များကိုပင် ကုသိုလ်ဟုခေါ်၏။ စိတ်စေတသိက် နာမ်တရားသည် မိမိမှာ ဖြစ်ပြီး ချုပ်သွား၏။ ကုသိုလ်တို့သည် ဖြစ်ပြီးချုပ်သွားကြ၏။ ကုသိုလ်တွေ ချုပ်သွားသည်ဆိုလျှင် ပြီးလဲပြီးရောလား။

ဤကိစ္စသည် အလွန်နက်နဲ၏။ အလွန်သိမ်မွေ့၏။ သို့သော် ယခုလို ဗုဒ္ဓဘာသာ ဖြစ်နေရသောဘဝတွင် နားမလည်နိုင်သော ကိစ္စမဟုတ်။ အကယ်၍ မိရိုးဖလာ ဗုဒ္ဓဘာသာ မဟုတ်လျှင်တော့ အခြေခံမရှိ၍ နားမလည်နိုင်၊ အာမမခံနိုင်။ မိမိတို့ ဗုဒ္ဓဘာသာတို့သည်ကား နားလည်နိုင်ပေ၏။

မျက်စိမှိတ်လိုက်ပါ။ မိမိကိုယ်ထဲမှာ သိ၍ သိ၍ နေသော သဘာဝကလေး ရှိနေသည်ကို သတိပြုလိုက်ပါ။ ထို သိ၍သိ၍ နေသော သဘာဝကလေးကို ပါဠိလို မနော သို့မဟုတ် ဝိညာဏ သို့မဟုတ် ဆန်းကြယ်လှ၍ စိတ္တ(စိတ်)ဟု နာမည် ပေး၏။ ထိုစိတ်ကလေးဖြင့် ဦးခေါင်းမှ ခြေဖျားအထိ မျက်စိမှိတ်လျက်နှင့် ကြည့်ပါ။ မိမိကိုယ်ကို စိတ်ဖြင့် မြင်လိမ့်မည်။ သေချာပြီလား။

ထိုစိတ်သည် တစ်ခုပြီးတစ်ခု ဖြစ်ချုပ်နေ၏။ ရှေ့စိတ်က ဖြစ်ချုပ်သည်နှင့် နောက်စိတ်က ပေါ်လာ၏။ သူ့ဟာသူ သဘာဝအတိုင်း ပေါ်လာ၏။ ဘယ်သူကမျှ ပေါ်ခိုင်း၍ ပေါ်သည်မဟုတ်ပေ။ ပဋ္ဌာန်းစကားပြောလျှင် အနန္တရ သတ္တိဖြင့် ချုပ်သွားသော ရှေ့စိတ်က နောက်စိတ်ပေါ်လာအောင် ကျေးဇူးပြုသွားသည်ဟု ပြောရပေမည်။ ထိုစိတ်၏ ဖြစ်ချုပ်မှုသည် လျင်မြန်လွန်းလှ၏။ တစ်စက္ကန့်အတွင်း စိတ်ပေါင်း ကုဋေတစ်သိန်းခန့် ဖြစ်ချုပ်သွားနိုင်၏။ သို့ကလောက် လျင်မြန်၏။ ဤသို့ တစ်ခုပြီးတစ်ခု ယခုလို အလွန် လျင်မြန်စွာ ဖြစ်ချုပ်နေကြ၍ စိတ်သဘာဝ ပြတ်စဲသွားသည်ဟူ၍ မရှိဘဲ သန္တာန်(ဖြစ်စဉ်)တစ်ခု ပေါ်နေသည်။

သန္တာန်ဆိုသည်မှာ စိတ်တို့၏ ဖြစ်စဉ်တည်း။ "သန္တတိ"ဆိုသည်မှာလည်း တစ်ဆက်တည်းလို ဖြစ်နေသည့် သဘောတည်း။ "စိတ်သန္တာန်"ဟုဆိုလျှင် စိတ်တွေ တစ်ခုပြီးတစ်ခု အဆက်မပြတ် ဖြစ်နေသည့် ဖြစ်စဉ်ဟု နားလည်အပ်၏။

လျှပ်စစ်မီးကြောင်းကို ပမာတင်၍ စဉ်းစားနိုင်၏။ လျှပ်စစ် ဓာတ်ထုတ်သော စက်သည် လျှပ်စစ်ဓာတ်ကို တစ်ခုချင်း ထုတ်၏။ သို့သော် စက်ပတ်မြန်လွန်း လာသောအခါ ဒလစပ် လျှပ်စစ်ဓာတ် ဆက်နေတော့၏။ ကြေးချောင်းနှင့် ဆက်သွယ်လိုက်ရာ ထိုကြိုးပေါ် လျှပ်စစ်ဓာတ် ဆက်စီးသွား၏။ ကြိုးရှိသလောက် လျှပ်စစ်ဓာတ်တွေ အဆက်မပြတ် စီးဆင်းနေတော့၏။

လူ၏ စိတ်သည် လူကိုယ်၌ ရုပ်ကိုလည်း ဖြစ်စေ၏။ လူ့ဘဝကို စတင်တည်ဆောက်စဉ်က အခြေခံခဲ့သော ကံကလည်း လူ့ကိုယ်မှာ ရုပ်ကို ဖြစ်စေ၏။ ထို့ပြင် အစားအစာနှင့် ရာသီဥတုကြောင့်လည်း လူ့ကိုယ်၌ ရုပ်ဖြစ်၏။ သို့သော်

ကံနှင့် စိတ်သည် နာမ်ပိုင်း၊ အစားအစာနှင့် ရာသီဥတုသည် ရုပ်ပိုင်း၊ ဤသို့ ခွဲခြားသတ်မှတ်ရာ၏။

လျှပ်စီးကြောင်းတွင် လျှပ်စစ်ဓာတ်အား ပါနေ၏။ ထိုဓာတ်အားသည် ရုပ်ဓာတ်၏ စွမ်းအားကြီးတစ်မျိုး ဖြစ်၏။ အသုံးပြုရသော ပစ္စည်း ဖြစ်၏။ မီးလုံး စသည်နှင့် တွေ့လျှင် မီးကို ဖြစ်စေတော့၏။

လူတို့ ပြုလုပ်သော ကုသိုလ်သည်(ဝါ)ကုသိုလ်စိတ် စေတသိက်တို့သည် ဖြစ်၍ ချုပ်ကြပြီးနောက် ယင်းတို့၏ ကမ္မသတ္တိကျန်ခဲ့၏။ ဘယ်မှာ ကျန်ခဲ့သနည်း ဆိုသော် ထိုကုသိုလ်ပြုသူ၏ စိတ်သန္တာန်၊ ရုပ်သန္တာန်၌ ကျန်ခဲ့၏။ ရုပ်သန္တာန် ဆိုရာတွင် ကမ္မဇရုပ်နှင့် စိတ္တဇရုပ်သန္တာန်၌ သဟဇာတကမ္မပစ္စည်းဖြင့် ကုသိုလ်သတ္တိစီးနိုင်၏။ အာဟာရ ဇရုပ်နှင့် ဥတုဇရုပ်တို့၌ ကုသိုလ်သတ္တိ မချဉ်းကပ်နိုင်ပေ။

အချုပ်ဆိုရသော် ပြုလုပ်သော ကုသိုလ်သည် ဖြစ်ချုပ်သွားပြီးနောက် ထိုကုသိုလ်ရှင်၏ စိတ်သန္တာန်၊ ရုပ်သန္တာန်၌ သတ္တိစွဲထင်ကျန်ရစ်၏။ လျှပ်စစ် စီးကြောင်း၌ ဓာတ်အားဝင်နေသည့် သဘောမျိုးနှင့် စဉ်းစားနိုင်၏။

လူသေသည် ဆိုသည်ကား ထိုစိတ်သည် လက်ရှိ ခန္ဓာကိုယ်မှ လုံးဝ ချုပ်သွားခြင်း ဖြစ်၏။ လူကိုယ်ခန္ဓာ၌ အဆုတ် အသည်းနှလုံး စသည့် အသက် မှီရာ ရုပ်ကောဋ္ဌာသများ ပျက်စီးလျှင် စိတ်က ထိုရုပ်များကို မှီပြီး ဆက်ဖြစ်၍ မရတော့။ ထိုအခါ ထိုကံသတ္တိသည် တဏှာ အဝိဇ္ဇာ စသောအင်အားစုဖြင့် နောက်ဘဝသစ်တစ်ခု ဖြစ်ပေါ်အောင် ပြုလုပ်လိုက်၏။ စိတ်ကတော့ ဘဝသစ်သို့ လိုက်မသွားပေ။ ဤဘဝ ဤခန္ဓာ၌ နောက်ဆုံး (စုတိ)ဖြစ်၍ အပြီးသတ် ချုပ်၏။ ဤဘဝက စိတ်သန္တာန်၌ မှီသော ကံစွမ်းရည်ကြောင့် ဘဝသစ်၌ စိတ်သစ် တစ်ဖန် ဖြစ်စေကာ တစ်ဘဝလုံး စိတ်တွေ ဆက်၍ ဖြစ်ပြန်လေ၏။ ထိုစိတ် သန္တာန်သစ်၌ ဘဝအဆက်ဆက်က ပြုထားသော ကုသိုလ်သတ္တိတွေ ဆက်တိုက်ပါ သွားလေ၏။

ရသည့်ကုသိုလ်တွေကို ဘယ်မှာထားသလဲ ဟူသော အမေးကို တိုက်ရိုက် ဖြေလျှင် ရသောကုသိုလ်ရှင်၏ စိတ် သန္တာန်၊ ကမ္မဇရုပ်၊ စိတ္တဇရုပ် သန္တာန်၌ ထားသည်ဟု ဖြေရာ၏။ ထိုစိတ်ဖြစ်စဉ်ကြီးသည် နိဗ္ဗာန်ရသည့် ဘဝ တိုင်အောင် တစ်ဘဝလုံး တစ်သံသရာလုံး အနန္တ ရသတ္တိ ဆက်ကာဖြစ်ပျက်နေလေတော့၏။ လျှပ်စစ်ဓာတ်ထုတ်လုပ်သောစက် မရပ်သမျှ လျှပ်စီးကြောင်း ပေါ်နေသကဲ့သို့ အဝိဇ္ဇာ၊ တဏှာဟူသော စိတ်၏ ဘက်သားကြီးတွေ လုံးဝ မပျက်သုဉ်းသမျှ စိတ် ဖြစ်စဉ်ကြီး ဘဝဆက်ကာ ဖြစ်နေမည်ဟု နားလည်အပ်၏။

**စိတ်သန္တာန်၊ စိတ္တဇရုပ်၊ ကမ္မဇရုပ်သန္တာန်၌ ကုသိုလ်သတ္တိတွေ** နာနက္ခဏိက ကမ္မသတ္တိအနေဖြင့် ကိန်းအောင်းပါနေသည့်အတွက်ကြောင့်သာ ဘုရားအလောင်းတော်ကြီးများ တစ်ဘဝထက် တစ်ဘဝ ကုသိုလ်ပါရမီတွေ များလာပြီး နောက်ဆုံး လိုအပ်သောအဆင့် ရောက်ကာ ပါရမီပြည့်သွားခြင်း ဖြစ်၏။ အကယ်၍ ကုသိုလ်ဖြစ်ပြီး ဘာမျှမကျန်ဘူးဆိုလျှင် ပါရမီဖြည့်၍ ဘယ်ပြည့်ပါတော့မလဲ။ ဥစ္ဆေဒ ဖြစ်ရာ၏။

ကုသိုလ်သတ္တိသည် စိတ်သန္တာန် ရုပ်သန္တာန်၌ တည်သည်ဆိုသည်ကို စဉ်းစားလျှင် စိတ်စေတသိက်တို့သည် ဖြစ်လိုက် ချုပ်လိုက် သဘာဝအတိုင်း သွားနေ၍ သဿတ အမြဲ မဟုတ်ချေ။ သတ္တိသည်လည်း သတ္တိခံဖြစ်သော စိတ်စေတသိက်ဖြစ်စဉ်ကို မှီ၍ လိုက်စီးပြီး တစ်ဘဝထက် တစ်ဘဝ ကုသိုလ်သတ္တိတွေ များလာသောအခါ ထိုပါရမီရှင်၏စိတ်သည် စွမ်းအင် ပို၍ကြီးလာ၏။ ထို့ကြောင့် ဘုရားအလောင်းတော် အရှင်အမာကြီးတို့သည် စိတ်ဓာတ်အရည်အချင်း ထူးခြားထက်မြက်ခြင်း ဖြစ်၏။

သဘာဝက လေးနက်သိမ်မွေ့လွန်းအားကြီး၍ စာဖတ်သူအနေဖြင့် ရှုပ်သွားပြီလား မသိ။ အချုပ်မှတ်ရန်ကား မိမိတို့ရသောကုသိုလ်သည် ဖြစ်ပြီး အလကားဖြစ်မသွား။ မိမိတို့၏စိတ်သန္တာန်၊ ရုပ်သန္တာန်၌ သတ္တိသဘောအားဖြင့် တည်ကိန်းလျက် ဘဝဆက်ကာ ပါသွားသည်။ အကြောင်းညီညွတ်တိုင်း တည်ကိန်းလျက် ဘဝဆက်ကာ ပါသွားသည်။ အကြောင်းညီညွတ်တိုင်း ထိုကုသိုလ်သတ္တိက ကောင်းကျိုးကို ထ၍ ပေးသွားမည်ဟု မှတ်လျှင် လုံလောက်ပေပြီ။

(သဏ္ဍာန် က ပုံအသွင်၊ သန္တာန်က ဖြစ်စဉ်၊ ဤဝေါဟာရနှစ်ရပ်ကို ခွဲခြားမှတ်ပါ။ ရုပ်သန္တာန်= ရုပ်တို့၏ဖြစ်စဉ်)

အကုသိုလ်ဘက်၌လည်း အထက်ပါအတိုင်း ပြုလုပ်သော အကုသိုလ်သတ္တိတို့သည် အကုသိုလ်သမား၏ စိတ်သန္တာန်၊ ရုပ်သန္တာန်မှာ ပါသွားပြီး အကြောင်းညီညွတ်တိုင်း မကောင်းကျိုးထ၍ ထ၍ ပေးသွားမည် ဖြစ်သတည်း။

ဖော်ပြခဲ့သော သတ္တိနှင့် ပတ်သက်၍ အရှင်ဇနကာဘိဝံသ၏ ကိုယ့်ကျင့်အဘိဓမ္မာ စာအုပ်မှ အောက်ပါကောက်နုတ်ချက်ကို ဖတ်ပါ။ (နှာ ၂၂၂)

**ခန္ဓာအစဉ်၌ ကံ၏ သတ္တိကျန်ရှိရစ်ပုံ** "ထိုကဲ့သို့ အထင်အရှားဖြစ်နေကြသော ကုသိုလ် အကုသိုလ် ဓောစေတနာကို "ကံ"ဟုခေါ်၏။ ထိုကံတရားတို့သည် ထုံးစံအတိုင်း ချုပ်ပျောက်ကြသော်လည်း ပြီးပြီးပျောက်ပျောက် ချုပ်သွားကြသည် မဟုတ်၊ မိမိတို့၏ ကံစွမ်းသတ္တိကို ခန္ဓာအစဉ်မှာ မြှုပ်ထားလျက် ချုပ်သွားကြလေသည်။ ဆိုလိုရင်ကား–ခန္ဓာကိုယ်၌ စိတ်တစ်ခုပြီး တစ်ခု ဖြစ်ရာဝယ် သတ္တိနည်းသော စိတ်တို့သည် ချုပ်ပြီးနောက်၌ သူတို့၏ အစွမ်းသတ္တိ တစ်စုံတစ်ရာ မကျန်ရစ်တော့။ သတ္တိ ထက်မြက်သော ဓောစေတနာတို့၏ သတ္တိကား ခန္ဓာအစဉ်မှာ ကျန်ရစ်ကြလေသည်။ ဥပမာ–မထက်မြက် မထင်ရှားသော မိဖတို့ ကွယ်လွန်သောအခါ သူတို့၏ အရှိန်အဝါသည် သားသမီးအပေါ် သိသိသာသာ မကျန်ရစ်တော့ဘဲ ထက်မြက် ထင်ရှားသော မိဘတို့ ကွယ်လွန်သောအခါ၌သာ သူတို့၏ အရှိန်အဝါသည် သားသမီးတို့မှာ သိသိသာသာ ကျန်ရစ်သကဲ့သို့တည်း။"

**ခန္ဓာအစဉ်၌ ကံသတ္တိများ လိုက်ပါပုံ** အသီးသီးသော သစ်ပင်မျိုး၌ အသီးသီးစေတတ်သော ဓာတ်သတ္တိ အမြဲပါရှိသည်။ သစ်ပင် ပေါက်ခါစ၌လည်း ပါရှိ၏။ အညွန့်အခက် အရွက်ထွက်သောအခါ ပင်လုံးနှင့်တကွ ထိုအသီးနှင့် အသီး၏ အစေ့မှာလည်း ပါရှိ၏။ ထိုအစေ့ရင့်၍ မြေ၌ချပြီး စိုက်ပျိုးသောအခါ၌လည်း အသီးသီးစေတတ်သော ဓာတ်သတ္တိပါရှိ၏။ ထို ဓာတ်သတ္တိသည် "ဘယ်လိုအရာ" ဟု ခွဲခြားမရသော်လည်း ထိုသစ်ပင်မျိုးတို့၏ အစဉ်အဆက်မှာ သီးစေတတ်သော ဓာတ်သတ္တိတစ်မျိုးကား ကေန်ပါရှိသကဲ့သို့ ထို့အတူ ရုပ်တစ်ခုပြီးတစ်ခု၊ နာမ်တစ်ခုပြီးတစ်ခု ဆက်၍ ဆက်၍ ဖြစ်ပျက်နေကြရာ၌ အသစ်ဖြစ်သော ရုပ်နာမ်ခန္ဓာ အစဉ်ဝယ် ချုပ်လေပြီးသော ထိုစေတနာကံတရား၏ သတ္တိလည်း အမြဲလိုက်ပါလျက် ရှိသည်။ စုတိစိတ် အခိုက်မှာလည်း ကံ၏သတ္တိတွေ အများအပြား ပါရှိနေသည်။ စုတေပြီးနောက် ဘဝအသစ် ပဋိသန္ဓေ ခဏာ၌လည်း ကံ၏ သတ္တိတွေ ပါရှိ၏။ ထို့နောက် တစ်ဘဝလုံးနှင့် ထိုဘဝ၏ စုတိ၊ ထို့နောက် တစ်ဖန် ပဋိသန္ဓေခဏာ၌လည်း ရုပ်နာမ် ခန္ဓာအစဉ်မှာ (ဘယ်လိုအရာမျိုးဟု အထင်အရှား အထည် ဝတ္ထုကို ခွဲခြားမရသော်လည်း) အကျိုးမပေးရသေးသော ကံ၏သတ္တိတွေ လိုက်ပါတည်ရှိလေသည်။ (ကံ၏သတ္တိဟူသည် အထည်ကိုယ် အထင်အရှားမဟုတ်။ သတ္တိမျှသာ ဖြစ်ကြောင်းကို သတိပြုပါ။)

**ကံပြုသူ၌ ကံအကျိုးတိုက်ရိုက်ရပုံ** ပြခဲ့သော စကားအစဉ်ရ သတ္တဝါတို့ တစ်ဘဝ မှ တစ်ဘဝ ပြောင်းကြရသော်

လည်း ရှေးဘဝက မိမိ၏ အဝိဇ္ဇာ တဏှာ ကံစွမ်းအတွက် နောက်ဘဝအသစ်၌ ဖြစ်ရသောကြောင့် နောက်ဘဝဖြစ်သူသည် သူများမဟုတ်။ မိမိပင်တည်း။ ပြုခဲ့သမျှသော စေတနာကံတရားတို့သည် ချုပ်ပျောက်သွားသော်လည်း ထိုကံ၏ အရှိန်သတ္တိတွေ အကျိုးမပေးရသမျှ မပျောက်မပျက် လိုက်ပါလျက် ရှိသောကြောင့် မိမိပြုသော ကုသိုလ်ကံ၏ သတ္တိသည် မိမိသန္တာန်မှာ (လူသွားရာသို့ လူရိပ်လိုက်ပါသလို) မိမိကို စောင့်ရှောက်ဖို့ရန် အမြဲလိုက်ပါနေ၏။ မိမိပြုအပ်သော အကုသိုလ်ကံ၏ သတ္တိများလည်း (လှည်း၌ တပ်အပ်သော နွား၏နောက်သို့ လှည်းဘီး ပါသကဲ့သို့) မိမိကို နှိပ်စက်ဖို့ရန် အမြဲလိုက်ပါနေ၏။ မိမိပြုအပ်သော အကုသိုလ်ကံ၏အကျိုးကို မိမိသာ တိုက်ရိုက်ရသောကြောင့် "ဒီဘဝ ဒီကိုယ်စံ၊ နောက်ဘဝ နောက်ကိုယ်ခံလိမ့်မည်"ဟု တချို့က ပြောကြသော်လည်း နောက်ဘဝ နောက်ကိုယ်မှာ သူများမဟုတ်၊ မိမိပင်ဖြစ်ကြောင်း ကောင်းကောင်းကြီး နားလည်ကြပါကုန်။

ဤတွင် စောဒက တက်နိုင်၏။ ယခုမျက်မြင်တွင် နည်းမျိုးစုံဖြင့် ခိုးခြင်း၊ လိမ်ခြင်း၊ မတရားသဖြင့် စီးပွားရှာခြင်း ပြုသူတို့မှာ တိုက်နှင့် ကားနှင့် စိန်နှင့် ရွှေနှင့် ကြီးပွားနေ၏။ ထိုခိုးခြင်း လိမ်ခြင်း တရားမဲ့ ပြုလုပ်ခြင်းတို့သည် အပြစ်မကင်း။ လောဘပြစ်၊ ဒေါသပြစ်၊ မောဟပြစ်တို့ အခြေခံ၏။ သို့ပါလျက် ချမ်းသာခြင်းကောင်းကျိုး ပေးနေပါကလားဟု စောဒကတက်ဖွယ်ဖြစ်၏။ တချို့က ထိုသူမျိုးတွေကို ကြည့်ပြီး အကုသိုလ် အကျိုးပေးတယ်ဆိုတာ ဟုတ်မှဟုတ်ပါ့ မလားဟု သံသယဝင်ချင်ကြ၏။

သို့သော် ထိုပုဂ္ဂိုလ်မျိုးသည် လူ့ဘဝကို တစ်ခါတလေ တက်လာသူမျိုး ဖြစ်တတ်၏။ အတိတ်ဘဝများစွာက သူပြုခဲ့သော ကုသိုလ်အကျိုးပေးကို တက်စံစားသူမျိုး ဖြစ်တတ်၏။ ယခုဘဝ သူပြုသောမကောင်းမှုကို လိုက်ပြီး သူနေရပ်ဟောင်းသို့ သူပြန်လိမ့်မည် ဖြစ်သည်။

ထို့ပြင် ထိုကဲ့သို့ မကောင်းတာကို ကြံစည်၊ မတရား စကားပြော၊ မလုပ်ကောင်းတာ ကြပ်ကြပ်လုပ်သူမျိုးသည် သူ့အပြစ်ကို သူကြောက်ပြီး တစ်ဖက်က ကုသိုလ်မှုကို ပြုလုပ်တတ်သည်။ ပဋ္ဌာန်းဥပနိဿယပစ္စည်းအရ သူလုပ်သော မကောင်းမှု အကုသိုလ်က သူ့အား ကုသိုလ်ဖြစ်အောင် အကြောင်းပြုသည်။ ထို့ကြောင့် တစ်ဖက်က သူ ကုသိုလ် လုပ်၏။ ထိုကုသိုလ်၏ အကျိုးကိုလည်း ရရှိနေတတ်၏။

အဘိဓမ္မာအရ နိမိတ်ပုံပြရသော် အကုသိုလ်သည် သံပရာသီးနှင့် တူ၏။ ကုသိုလ်သည် သရက်သီးနှင့် တူ၏။ သံပရာပင်ကြီး ပွတ်နေအောင် သီးလာ ကင်းလာ၏။ သို့သော် သီးကင်းကလေးတွေမှာ မချဉ်သေး၊ အချိန်အခါရောက်မှ ကြီးလေချဉ်လေဖြစ်လာ၏။ ထိုနည်းတူ အကုသိုလ်လည်း လုပ်လုပ်ချင်း မကောင်း ကျိုး မပေးသေး၊ အချိန်အခါကျလာလျှင် မကောင်းကျိုးတစ်မျိုးမက အဖော်တွေနှင့် ဝိုင်းပြီး မကောင်းကျိုးပေးလိမ့်မည် မုချ။ သူ့ဘဝကို စောင့်ကြည့်ပါလေ။ မသေခင် ဟန်ကျပန်ကျ ဖြစ်နေဦးတော့၊ သေခါနီး မရဏာ သန္နဇောကျတော့ အကုသိုလ်၏ အရသာ သိသွားပါလိမ့်မည်။

ထိုနည်းတူ သရက်ပင်ကြီး ပွင့်လာ ကင်းလာ သီးလာရာတွင် သီးကင်းစဋ္ဌ ဖန်နေ၏၊ မချိုသေး၊ အချိန်ကျလာမှ အချိုဓာတ်ဝင်လာ၏။ ဘယ်သူကမှ ထည့် မပေးရဘဲ သဘာဝအတိုင်း ချိုလာ၏။ ကုသိုလ်သည်လည်း ပြုပြုခြင်း ထပြီး ကောင်းကျိုးမပေးတတ်သေး။ အချိန်ကျ၍ ကုသိုလ်အဖော်တွေ ရလာသောအခါ ကောင်းကျိုးဖြစ်ထွန်းလာပါသည်။ မန်လည်ဆရာတော်ဘုရားကြီးက–

"မည်သူမဆို၊ ရှေးကုသိုလ်လျှင်
ပေးလိုအခွင့်၊ ပန်းနှယ်ပွင့်၏"

ဟု စပ်ဆိုထား၏။ ရှေးကုသိုလ်ဆိုသည်မှာ ရှေးဘဝ ကုသိုလ်သာမက ယခုဘဝ အရင်ကာလက ပြုခဲ့သော ကုသိုလ်လည်း ပါဝင်ပေသည်။ လက်ရှိ ပစ္စက္ခဘဝ၌ ကုသိုလ်အကျိုး အထင်အရှား မပြပါလျှင်လည်း ကုသိုလ်ရှင် သေခါနီး မရဏာ သန္နဇောတွင် ကုသိုလ်၏ ကောင်းကျိုး စံစားသွားရပါလိမ့်မည်။

အကုသိုလ်နှင့် ကုသိုလ်အကျိုးပေးပုံနှင့် စပ်လျဉ်း၍ ဘုရားရှင်၏ စကား တော်မူရင်းကို ဖတ်ပါ–

ပါပေါပိ ပဿတိ ဘဒြံ၊
ယာဝ ပါပံ နပစ္စတိ၊
ယဒါစ ပစ္စတိ ပါပံ၊
အထ ပါပေါ ပါပါနိ ပဿတိ၊

(ဓမ္မပဒ)

**မြန်မာပြန်။** ။ အကုသိုလ်အမှုကို ပြုသူသည် သူပြုသော အကုသိုလ်ကံ မရင့်ကျက် သေးမီ ကာလအတွင်း အကောင်းကို တွေ့မြင်ရ၏။ သူ ပြုသော အကုသိုလ်ကံ ရင့်ကျက်လာသောအခါ၌ကား မကောင်းကျိုးတို့ကို တွေ့ရပေတော့၏။

ဘဒြောပိ ပဿတိ ပါပံ၊
ယာဝ ဘဒြံ နပစ္စတိ၊
ယဒါစ ပစ္စတိ ဘဒြံ၊
အထဘဒြော ဘဒြာနိ ပဿတိ၊

(ဓမ္မပဒ)

**မြန်မာပြန်**

ကုသိုလ်ကောင်းမှု ပြုသူသည် သူပြုသော ကုသိုလ်ကံ မရင့်ကျက်သေးမီ ကာလအတွင်း မကောင်းကို တွေ့ရတတ်၏။ သူပြုသော ကုသိုလ်ကံ ရင့်ကျက်လာသောအခါ၌ကား ကောင်းကျိုးတို့ကို တွေ့မြင်ရပေတော့၏။

အထက်တွင် တင်ပြခဲ့သော သံပရာသီး ဥပမာနှင့် သရက်သီး ဥပမာ အတိုင်းပင်၊ မကောင်းမှု အကုသိုလ်ကံ အကျိုးပေးချိန်မကျသေးသော ကာလ၌ အကုသိုလ်၏ အပြစ်များ မပေါ်သေးပေ၊ ဟုတ်သလိုလို ရှိနေ၏။ သူပြုသော အကုသိုလ်ကံက ရင့်ကျက်လာ၍ အကျိုးပေးချိန် ရောက်လာသောအခါ မကောင်းကျိုး ကို လှလှကြီး ခံရပေတော့သည်။

ထိုနည်းတူ ကုသိုလ်ကံအကျိုးပေးချိန် မရောက်သေးမီ ကာလအတွင်း ကုသိုလ်ရှင်က ကောင်းကျိုးကို မခံစားရသေး။ သူပြုသောကုသိုလ်ကံ ရင့်ကျက်၍ အကျိုးပေးချိန် ရောက်သောအခါ ကုသိုလ်၏ကောင်းကျိုးကို ကောင်းစွာ ခံစားရ ပေတော့သည်။

လောကီနယ်က ကုသိုလ် အကုသိုလ်ကံတို့သည် ဤသို့ သဘောရှိကြောင်း သိရှိပြီး အကုသိုလ်နှင့် ကြီးပွားနေသူများကို မြင်ပြီး အားမကျမိပါစေနှင့်။ ကုသိုလ်ရှင် အကျိုးမပေးသေးသည့်အခိုက်ကို ကြည့်ပြီး ကောင်းတာလုပ်လဲ အလကားပါပဲဟု အယူမမှားပါလေနှင့်။ သတိရှိရမည့် အချက်ပါတည်း။

**ကုသိုလ်ရတော့ ဘာဖြစ်သလဲ** ကုသိုလ်ရထားလျှင် ကုသိုလ်ရှိသော သူသည် ပစ္စည်းဥစ္စာရှိသောသူထက် သာသည်ဟု ဆိုနိုင် ၏။ ပစ္စည်းသည် ကုသိုလ်ရှိမှ အကြိတ်အခဲအမြဲတည်၏။ ကုသိုလ်ကံ အားနည်း သွားလျှင် ပစ္စည်းပျက်တတ်ပေ၏။

ကုသိုလ်ရှိလျှင် ကုသိုလ်သည် ထိုကုသိုလ်ရှင်အား ကောင်းကျိုးပေး၏။ ထို့ပြင် အကုသိုလ်၏ မကောင်းကျိုးကို ပယ်ဖြတ် တားဆီးနိုင်၏။ ကုသိုလ်ဆင်ဖြူ သည် အကုသိုလ်ဆင်မည်းကို နိုင်၏။ ထို့ကြောင့် ကုသိုလ်ရှိဖို့ အလွန်လိုအပ်၏။

ကုသိုလ်သည် ကုသိုလ်ရှင်အား ကျန်းမာရေးနှင့် ပြည့်စုံစေနိုင်၏။ ရောဂါ ဘေးဒဏ်တို့ကို တားမြစ်၍ ရောဂါကင်းလျှင် ကျန်းမာ၏။ ကျန်းမာသူသည် အသက်ရှည်၏။ ထို့ကြောင့် ကုသိုလ်ကံသည် လူကို အသက်ရှည်အောင် အကျိုးပြု၏။

ကုသိုလ်ရှိသူသည် စိတ်ချမ်းသာ၍ ရုပ်ရည်ကြည်လင် လှပ၏။ လူသည် ကုသိုလ်ကံကြောင့် စိတ် ချမ်းသာနိုင်၏။ ကိုယ် ချမ်းသာနိုင်၏။ ပစ္စည်းဥစ္စာ ချမ်းသာနိုင်၏။

ကုသိုလ်သည် လူ၏ စိတ်ဓာတ်ခွန်အား တိုးပွားစေ၏။ ကုသိုလ်ရှင်သည် စိတ်ဓာတ်အားမာန် ထက်သန်၏။ ကိုယ်ခန္ဓာ၏ အားခွန်ဗလ ကြီးမားစေမှုကို ကုသိုလ်ကပင် ထောက်ပံ့၏။

လူတွင် အရေးအကြီးဆုံးဖြစ်သော အတွေးအခေါ် ပညာ ပဋိဘာန် ထက်သန်ရန် လို၏။ ပဋိဘာန် လျင်လျားသူသည် ထက်မြက်၍ တိုးတက်၏။ အမှားနည်းပြီး အမှန်များ၏။ ထို့ကြောင့် လုပ်ငန်းကိုင်ငန်း ဖြစ်ထွန်းလာပေသည်။ ကုသိုလ်သည် ထိုအကျိုးကိုလည်း ဖြစ်ထွန်းစေ၏။

သဗ္ဗေ သတ္တာ ကမ္မသကာ=သတ္တဝါတိုင်း ကံသည်သာ ကိုယ်ပိုင်ဥစ္စာဖြစ်၏ ဟူသော ဒေသနာစကားကို ကြားဖူးပေရာ၏။ အကုသိုလ်ကံကို ပိုင်လျှင် တစ်နေ့ မဟုတ် တစ်နေ့ ဒုက္ခလှလှကြီး ရောက်ရာ၏။ ကုသိုလ်ကံပိုင်ရှင်မှာမူ "မရွယ်ဘဲ စော်ကဲမင်းဖြစ်"ဆိုသကဲ့သို့ သူ့ကုသိုလ်နှင့် သူ ကံပေါ်မြဲပေတည်း။

လူ့ဘဝတွင် ကံဉာဏ်ဝီရိယ သုံးမျိုး လိုအပ်ပေရာ ကံသည် အတိတ်ဘဝမှ ကံသာ မဟုတ်။ ယခုဘဝ ပြုလုပ်သော ကံလည်း ပါဝင်၏။ ကံကောင်းသူနှင့် တုု၍ မရနိုင်။ လူအသုံးမကျသော်မှ ကံအသုံးကျလျှင် ဟန်ကျပန်ကျ ဖြစ်ရပေသည်။

ဤအချက်များကို ထောက်ထား၍ ရတနာသုံးပါး ဆရာ မိဘ စသည်ကို ရှိခိုးပူဇော်သူများရသည့် ကုသိုလ်သည် ထိုကုသိုလ်ရှင်ကိုကောင်းကျိုးပေးမည်သာ ဖြစ်ကြောင်း သိမှတ် ယုံကြည်အပ်ပေသည်။

**လူ့ကျင့်ဝတ်ဆိုတာ ဘာလဲ** လူ့ကျင့်ဝတ် မချွတ်ယွင်းစေလိုသောကြောင့် ရှိခိုးကြရာ၌ အရေးကြီးသော "လူ့ကျင့်ဝတ်"ဆိုသည်ကို သိသင့်၏။

လူ့ကျင့်ဝတ်ကို ပါဠိလို "နရာဓမ္မ"ဟုခေါ်၏။ "လူတရား"ဟု တိုက်ရိုက် ဘာသာပြန်နိုင်၏။

"ယေ ဝုမ္မပစာယန္တိ
နရာဓမ္မဿ ကောဝိဒါ"

ဟု ဘုရားဟော၏။ နရာဓမ္မကို ကျွမ်းကျင်လိမ္မာကြသူတို့သည် ကြီးသောသူတို့ကို ကြ်နိုးပူဇော်ကြကုန်၏ဟု ဆိုလို၏။ သီလရှိသော ကြီးသူတို့အား ပူဇော်မြတ်နိုး ရှိခိုးခြင်းသည် လူ့ကျင့်ဝတ်(နရာဓမ္မ) ဖြစ်ကြောင်း ဤဂါထာအရ သိရပေသည်။

ဗုဒ္ဓဘာသာဝင် လူလူချင်းကား လူ့ကျင့်ဝတ်ကို ကျင့်သောအားဖြင့် ကြီးသူတို့အား ရှိခိုးခြင်း၊ ပူဇော်ခြင်း ပြုလျှင်–

(၁) ယခု ပစ္စုပ္ပန်ဘဝမှာပင် ချီးကျူးခံရ၏။
(၂) နောင်ဘဝအတွက်လည်း ကောင်းရာသုဂတိကို ရရှိနိုင်၏။

ဒိဋ္ဌေဝဓမ္မေ စ ပါသံသာ
သမ္ပရာယေစ သုဂ္ဂတိ

ဟု ဆက်၍ ဟောထား၏။

အထက်ပါဘုရားရှင်၏သြဝါဒသည် ဗုဒ္ဓဘာသာ မြန်မာတို့ပေါ် သက်ရောက်၏။ မြန်မာ့သမိုင်းကို ကြည့်လျှင် မြန်မာမင်းတို့အား ဝါဝင်၊ ဝါထွက်၊ နှစ်သစ်ကူး တစ်နှစ်သုံးကြိမ် ကန်တော့ကြ၏။ မှူးကြီးမတ်ရာ သေနာပတိ ကိုယ်နှင့် ဆိုင်ရာတို့ကိုလည်း ပူဇော်ဂါရဝ ပြုကြ၏။ အရပ်ထဲတွင်လည်း မိမိတို့ဆွေထဲမျိုးထဲ၌ အသက်အရွယ်ကြီးသူတို့အား ကန်တော့ကြမြဲ ဖြစ်၏။ ကြီးသူတို့ကလည်း မိမိတို့အား ပူဇော်ဂါရဝ ပြုလာသူတို့အား မေတ္တာစိတ်ထားဖြင့် နှုတ်မှ ဆုပေးကြ၏။ ဤသို့ ကန်တော့ခြင်း၊ ကန်တော့ခံခြင်း ပြုကြသဖြင့် အကြောင်းအမျိုးမျိုးကြောင့် စိတ်ခုစိတ်ခံကလေးတွေ မကျေညက်တာကလေးတွေ ရှိနေလျှင်သော်မှ ကျေညက်စိတ်ပြေသွားတတ်ကြသည်။ ဤသည်မှာ ဗုဒ္ဓဘာသာ မြန်မာတို့၏ ရိုးရာဓလေ့ကောင်းပေတည်း။

ယခုခေတ်တွင်လည်း ကိုယ့်ကိုယ်ကို တန်ဖိုးရှိအောင် နေသောသူ၊ ငါ သည်ကား ဗုဒ္ဓဘာသာ မိကောင်းဖခင် သားသမီးဟု လေးနက်စွာ ခံယူချက် ရှိသူတို့သည် ဆိုခဲ့ပါ လူ့ကျင့်ဝတ်ကို ကျင့်သုံးကြ၏။ မိမိတို့၏ ဆွေလည်မျိုးလယ်၌ ကန်တော့ထိုက်သူတို့ကို ကန်တော့ကြ၏။ ပူဇော်ထိုက်သူကို ပူဇော်၍ မင်္ဂလာဖြစ်၏။

ထိုမှဆက်၍ ဆွေမျိုးမတော်သော်လည်း ကန်တော့ထိုက်သူ ဗုဒ္ဓဘာသာ လူကြီးများအား တိုးချဲ့ကန်တော့ကြ၏။ ကန်တော့ခံရသူတို့ကလည်း ကျေနပ်ဂုဏ်ယူ ကြ၏။ ထို့ကြောင့် ဆက်ဆံရေးကောင်းပြီး အခြားသောအရေးကိစ္စများပါ ပြေပြစ် ချောမောသွားပေသည်။

ဤလူမှုရေးစနစ်သည် လူ့လောကငြိမ်းချမ်းရေးကို အခြေခံကျကျ ဖြစ်ထွန်း စေသော ဗုဒ္ဓဘာသာတို့၏စနစ် ဖြစ်ပေသည်။ ငြိမ်းချမ်းရေးကို လိုလားသော ကမ္ဘာ့လူသားတို့သည် ဗုဒ္ဓဘာသာများ၏ကောင်းသောဓလေ့တို့ကို ယူပြီး ကျင့်သုံး ကြမည်ဆိုလျှင် ငြိမ်းချမ်းရေးကို မုချရပေလိမ့်မည်။

**မကျင့်တော့ ဘာဖြစ်သလဲ** လူ့ကျင့်ဝတ်ကို မကျင့်တော့ ဘာဖြစ်သလဲဟု ဆက်လက်စဉ်းစားလျှင် ကြောက်ဖွယ် အလားအလာ ကို မြင်နိုင်၏။ လူသည် ဉာဏ်ရှိသော သတ္တဝါမျိုး ဖြစ်၍ ကျင့်ဝတ် စည်းကမ်း တကျ နေထိုင်မှသာ ဘဝငြိမ်းချမ်းမှု ရနိုင်၏။ လူ့ကျင့်ဝတ်ကို မကျင့်တော့ လူသည် လူကောင်းတစ်ယောက် မဖြစ်နိုင်ပေ။ လူသည် မကောင်းဘူး ဆိုလျှင် အတော်ပင် ကြောက်ဖွယ် ဖြစ်၏။ သူ ဉာဏ်ရှိသလောက် လောကကို ဖျက်ဆီး ပေလိမ့်မည်။

ထို့ပြင် ပတ်ဝန်းကျင်ရှိ လူတို့အားလည်း အန္တရာယ် ပြုပေလိမ့်မည်။ ပတ်ဝန်းကျင်ရှိလူတို့သည် ကျင့်ဝတ်သိက္ခာမဲ့သူကြောင့် အနှောင့်အယှက် ဖြစ်ကြရ လိမ့်မည်။ ထို့တွင်မျှမက အကျင့်တန်သူကို လူကောင်းထင်ပြီး ပေါင်းဖော်မိခဲ့သူ တို့အနေဖြင့် အသေဝနာစဗာလာနံ မင်္ဂလာပျက်ပြီး ထိုသူနှင့် ပေါင်းနေရသမျှ အမင်္ဂလာ ဖြစ်နေမည်။

ထိုသို့ မဖြစ်ရအောင် "နရာဓမ္မ"ဟု ဆိုရသော လူ့ကျင့်ဝတ်ကို မချွတ်ရ လေအောင် ရတနာသုံးပါး ဆရာသမားတို့ကို ဦးထိပ်ထားပြီး ကြီးသူတို့အား လေးစားသည့် ကျင့်ဝတ်ကို ကျင့်သင့်ကြ၏။ စင်စစ် ဗုဒ္ဓဘာသာမြန်မာတို့လောက ၌ အစ်ကိုကြီးစကားကို ညီများ နားထောင်ခြင်း၊ အစ်မကြီးစကားကို ညီမများက လိုက်နာရခြင်း၊ မိမိထက် တစ်ရက်တစ်မနက်ကြီးသူကိုပင် မခန့်လေးစား မပြုရခြင်း

စသော ကောင်းမြတ်သည့် အစဉ်အလာများ ရှိ၏။ ထို **အစဉ်အလာသည်** “နရာ ဓမ္မ”ဟု ခေါ်သော လူကောင်းတစ်ယောက် လက်တွေ့ကျင့်သုံးရသည့် ကျင့်ဝတ် ကောင်းများ ဖြစ်ပေသည်။ မိသားစု ငြိမ်းချမ်းရေး၊ ဝန်းကျင်သာယာရေးကို အခြေခံကျကျ တည်ဆောက်သော ဗုဒ္ဓလမ်းစဉ် ဖြစ်ပေသတည်း။

**အမျှော်နှင့်အကြောက်ကြောင့်** ရှိခိုးခြင်း၊ အလေးပြုခြင်း စသည်ကို လူတို့သည် အမျှော်နှင့် အကြောက်ကြောင့်လည်း ပြုလုပ်ကြ၏။ ထို့ကြောင့် “အမျှော်”နှင့် “အကြောက်”ကို သရုပ်ခွဲသင့်၏။

**ဘာကိုမျှော်သလဲ** “အမျှော်”၏ သရုပ်ကား အတ္တကို အခြေခံသော ကိုယ့်ကျိုး ကိုယ့်စီးပွားဖြစ်၏။ ရလိုမှုကို အခြေခံ၏။ မိမိအကျိုးရှိဖို့ မျှော်၏။ **အကျိုးကို** ရည်မျှော်ပြီး ရှိခိုးခြင်း အလေးပြုခြင်း စသည်ကို လုပ်၏။ **အကျိုးဆိုရာတွင်** ပစ္စည်းလာဘ်လာဘနှင့် ရာထူးဂုဏ်သိန် ရရှိရေးသည် ပဓာနကျ၏။

**လောကတွင်** လူတို့ လုပ်ကိုင်စားသောက်ကြသော အသက်မွေးဝမ်းကြောင်း အလုပ်**တို့မှာ** **လယ်**ယာလုပ်ခြင်း၊ ဈေးရောင်းခြင်း၊ ကုန်သွယ်ခြင်း၊ လက်မှုပညာဖြင့် စီးပွားရှာ**ခြင်း၊ မင်း**ခစား(အစိုးရဝန်ထမ်း)လုပ်ခြင်း၊ ခွန်အားဖြင့် ရင်းနှီး၍ ပစ္စည်း ရှာခြင်း၊ **ငွေ**အားဖြင့် ရင်းနှီး၍ စီးပွားရှာခြင်း စသည်တို့ ဖြစ်၏။ ထို့ကြောင့် လယ်ယာသမားတို့က လယ်ယာမှသီးနှံများစွာထွက်လိုမှုကို မျှော်လင့်၏။ ဈေးသည် က ဈေးရောင်း**ကောင်း**ချင်သလို ကုန်သည်က ကုန်ရောင်းကုန်ဝယ် ဖြစ်ထွန်းချင်၏။ လက်မှုပညာရှင် **နှ**တ်မှုပညာရှင်တို့ကလည်း မိမိတို့ပညာဖြင့် စီးပွားဖြစ်လို၏။ အစိုးရဝန်ထမ်းတို့ကမူ ရာထူးအဆင့်ဆင့်တက်ပြီး လစာရိက္ခာ အခွင့်အရေးများစွာ ရလို၏။ ရေသည်ပခုံးထမ်းလုပ်သားတို့က များစွာ ထမ်းပိုး၍ ဝင်ငွေ တိုးချင်၏။ ထို့ပြင် အတိုးပေးခြင်း၊ ငွေရင်းစိုက်၍ လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အတွက် အကျိုးအမြတ် များစွာ မျှော်လင့်၏။

ဤသို့သော မျှော်လင့်ချက်(ဝါ) အမျှော်ကလေးတွေ ကိုယ်စီ ရှိသူတို့သည် အားကိုးရာ ရှာလာကြ၏။ လာဘ်ရွှင်စေဖို့ မယ်တော်ကြီးဂမုန်းကို ရွှေရည်ငွေရည် လောင်းပြီး ပူဇော်၏။ စိုင်းဘာဘာနောက် လိုက်၏။ တရုတ်အန်းကုန်း (ဗိုက်ပူ တရုတ်ဘုရားအလောင်း)ပုံကို အိမ်ဦးခန်းမှာ ထားကြ၏။ ဘိုးဘိုးအောင်၊ ဘမင်း ခေါင် စသည့်အထက်ဆရာကြီးများကို ရည်စူး၍ ပွဲထိုးပူဇော်ပသကြ၏။ ဤသို့ စသည်ဖြင့် အမျှော်၏သရုပ်ဆောင်မှုတို့သည် များစွာ ရှိ၏။

ထိုသို့ မျှော်လင့်ချက်ဖြင့် ပူဇော်ရှိခိုး မြတ်နိုးတနာပြုခြင်းသည် စိတ်ဓာတ်ခွန်အား နည်းသူတို့အား စိတ်ဓာတ် ခွန်အားတိုးစေ၏။ ထို့ကြောင့် တစ်ဖက်က ကောင်း၏။ သို့သော် ထိုသို့ပြုမှုသူတို့သည် မိမိကိုယ်ကို မိမိအားကိုးမှု လျော့ရဲစေ၏။ ထို့ကြောင့် တစ်ဖက်က ဆိုး၏။

ဤတွင် ကြားချ၍ မှတ်သင့်သည်ကား ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီး၏ ဩဝါဒတော် ဖြစ်၏။ ဆရာတော်ကြီးက–

လူလည်း လုံ့လ နတ်လည်းမ,၏၊
လုံ့လမမူ နတ်မကူဘူး၊

ဟု မိန့်၏။ စဉ်းစားလျှင် လူနှင့် နတ် နှစ်ရပ်တွင် လူသည် ပဓာနကျ၏။ လူက ကြိုးစားလျှင် သမ္မာဒေဝနတ်များက မ,စမည် ဖြစ်၏။ လူကောင်းကို နတ်ကောင်းက ကူညီမည် ဖြစ်၏။ လူက မကြိုးစားလျှင်(ဝါ) လူက မကြိုးစားဘဲ နတ်က အလကား လာမ,မည်မဟုတ်ကြောင်း သတိချပ်သင့်၏။ ထို့ကြောင့် အဓိကသည်ကား မိမိသာ ဖြစ်၏။ ထို့ကြောင့် ဟိုမျှော်ဒီမျှော် မျှော်နေပြီး ပူဇော်ပသ ကန်တော့ရှိခိုးကိုးကွယ်သမှု လွန်အောင် မပြုသင့်ကြောင်း ကောက်ချက်ချ၍ ရပေသည်။

**ဘာကို ကြောက်သလဲ** "အကြောက်"၏ တရားကိုယ်ကို ကောက်လျှင် "ဘေးအန္တရာယ်"ကို ကြောက်ခြင်း ဖြစ်ကြောင်း တွေ့ရ၏။

မြွေကို ကြောက်သည်၊ ကျားကို ကြောက်သည်၊ ဆင်ကို ကြောက်သည် စသည်ကို စဉ်းစားလျှင် မြွေကို ကြောက်ခြင်း မဟုတ်။ မြွေကိုက်၍ သေရမည့် သေဘေးကို ကြောက်ခြင်း ဖြစ်၏။ ထိုနည်းတူ ကျား ဆင် စသော တိရစ္ဆာန်တို့ကိုလည်း အကောင်အထည်ကြီးတွေကို ကြောက်ခြင်း မဟုတ်။ သူတို့က ပြုမည့်ဘေးကို ကြောက်ခြင်းသာ ဖြစ်၏။

ထို့နည်းတူ လူလူချင်း ကြောက်ရာ၌လည်း အလျား တစ်လံ အနံတစ်ထွာရှိသော လူ၏ကိုယ်ခန္ဓာကို ကြောက်ခြင်းမဟုတ်။ ထိုလူက ပြုလုပ်မည့် အန္တရာယ်ကို ကြောက်ခြင်းသာ ဖြစ်၏။ လူမိုက်ဖြစ်၍ ရိုက်မည်၊ သတ်မည်လော။

နတ်ဆိုး နတ်ဝါးများကို ကြောက်ကြရာ၌လည်း ထိုနတ်တို့က ပြုလုပ်မည့် အန္တရာယ်ကိုသာ ကြောက်ခြင်းဖြစ်၏။ ရိုးရာနတ်များကို ကြောက်ရာ၌ ထိုနည်းတူ ရိုးရာကိုင်၍ မကျန်းမမာခြင်း စသည့် ဆင်းရဲဒုက္ခကိုသာ ကြောက်ခြင်း ဖြစ်သည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်တို့ကို ကြောက်ကြရပြန်၏။ မီးဘေး၊ လေဘေး၊ရေလျှင်ဘေး စသည်တို့သည် လူ့လောကကို များစွာ ဒုက္ခပေးတတ်၏။ ထို့ကြောင့် ထိုသဘာဝဘေးတို့နှင့် ဆက်စပ်သောအရာတို့ကို ကြောက်ကြပြန်၏။ ဥပမာ–ပင်လယ်တွင်း ရေလုပ်သားတို့သည် လေမုန်တိုင်းဘေး၊ ရေသားရဲတို့ ဘေးကို ကြောက်၍ ထိုဘေးတို့မှ ကင်းဝေးရန် ရေနံပိုင်ဦးရှင်ကြီး စသည်ကို ပူဇော်ကြကုန်၏။

**အားကိုးမှန်ဖို့ အရေးကြီး** ပုထုဇဉ်လူသားတို့ လောကတွင် လောဘနှင့် ဒေါသ မကင်းနိုင်ကြ(ဝါ) ရှိနေကြ၍ မမျှော်ရဘူး၊ မကြောက်ရဘူးဟု ပြော၍ မရချေ။ အမျှော်သည် လောဘကို အခြေခံ၏။ အကြောက်သည် ဆုတ်နစ်သောဒေါသကို အကြောင်းခံ၏။ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာ အမြင်အရ စည်းလွတ်ဝါးလွတ် အတင်းတားမြစ်၍ မရစကောင်းပေ။ သို့သော် လောဘနှင့် ဒေါသသည် မသန့်ရှင်းသော အကုသိုလ် သဘာဝများ ဖြစ်ကြောင်း နားလည်ထား သင့်၏။

လူ၌ သတိ၊ ဝီရိယ၊ ပညာ ဟူသော ကောင်းသော သဘာဝများ ရှိ၏။ ထိုသဘာဝကောင်းများကို တိုးမြှင့် ကျင့်သုံးရပေမည်။ သတိရှိသူ၊ လုံ့လဝီရိယရှိသူ၊ ဉာဏ်ပညာကောင်းသူတို့ကား ဘေးကင်း၏။ သတိ၊ ဝီရိယဉာဏ်ပညာဖြင့် အလုပ် လုပ်သူတို့သည် အောင်မြင်၏။ "အတိတ်ကံ"ဟူသော အခြေခံဓာတ်ကြီး၏ဘောင် အတွင်း၌ အတိတ်ကံ လျှမ်းလျှမ်းတက် ကံပေါ်မှုနှင့် အတိတ်ကံ၏ ဖိစီးနှိပ်စက်မှုတို့ သိသိသာသာ ထွက်မလာသမျှ သတိ၊ ဝီရိယ၊ ပညာသမား အောင်မြင်ပြီး အန္တရာယ် ကင်းပေသည်။ ကံအားကြီးလွန်းလျှင်မူ ကံစီမံရာ စံရ ခံရပေသည်။

ဤအချက်ကို သဘောပေါက်လျှင် ရလိုမှုနှင့် မရလိုမှု ဤနှစ်ခု ပြည့်စုံ အောင် မိမိကိုယ်သာ မိမိ အဓိက အားကိုးရမည် ဖြစ်ကြောင်း ပေါ်လွင်ပေသည်။ ရချင်လျှင် မိမိ၏ လုံ့လဝီရိယ သတိ ပညာ ခွန်အားကို မြှင့်၍၊ မရချင်လျှင် ရှောင်ချင်လျှင်လည်း မိမိ၏ ခွန်အားကို မြှင့်ရ၏။ ဤသည်သာလျှင် နည်းမှန်ဖြစ်၏။

ဤအချက်ကို မြတ်စွာဘုရားက ဤသို့ မိန့်ကြားတော်မူ၏။

အတ္တာ ဟိ အတ္တနော နာထော၊
ကောဟိ နာထော ပရော သိယာ၊

(ဓမ္မပဒ)

မိမိသည်သာလျှင် မိမိ၏အားထားရာ ဖြစ်သည်။
မိမိမှတစ်ပါး အဘယ်သူသည် မိမိ၏ အားထားရာ ဖြစ်လိမ့်မည်နည်း။

"သုတ္တစ်ပါး"ဆိုသော စကားတွင် အထက်ဆရာကြီးများ၊ နတ်များ စသည်ဖြင့် မိမိမှတစ်ပါး အားလုံး ပါဝင်ကြောင်း သတိပြုခဲ့ပါ။

သို့ဖြစ်၍ ဗုဒ္ဓဘာသာ သာသနာအယူမှန်ရှိသူတို့ အားလုံး–

(၁) သတိရှိကြပါ၊
(၂) ကြိုးစားကြပါ၊
(၃) ဉာဏ်ပညာစေစား၍ လုပ်ကြပါ။

တစ်နည်းအားဖြင့်–

(၁) အပျင်းမထူကြပါနှင့်၊
(၂) နမော်နမဲ့ မနေကြပါနှင့်၊
(၃) တုံးတိုက် မလုပ်ကြပါနှင့်။

တစ်နည်းအားဖြင့်–

(၁) ပွဲတွေထိုးပြီး ဓာတ်လုံး အားကိုး မနေကြပါနှင့်၊
(၂) မျက်စိကိုဖွင့် နားကို စွင့်ထားကြပါ၊
(၃) ပြောတိုင်း မယုံကြပါနှင့်။

ဤသို့ နေထိုင်ကြပြီး ဘုရား တရားနှင့် ပရမတ္ထ အရိယာသံဃာတို့ကိုသာ မြတ်သော ဝန္ဒနာ ပြုကြပါဟု ဆိုသင့်ဆိုတန်လှပေသတည်း။

မြန်မာနိုင်ငံ၏ အိမ်နီးချင်း ဗုဒ္ဓဘာသာနိုင်ငံအချို့တွင် အဆောင်တွေ ခေတ်စားနေ၏။ လူတွေက အဆောင်တွေ တောင်းကြ၏။ အဆောင်ကို အားကိုးကြ၏။ သာသနာပြု တာဝန်ရှိသူတို့က ဤသို့ အားကိုးမှားလာသည်ကို ပြုပြင်မပေးကြဘဲ လူ့အကြိုက်လိုက်ကာ သူတို့က အဆောင်တွေ ပေးကြ၏။ ဘုရားပုံတော်များ၊ ဆရာတော်ကြီးပုံတော်များ စသည်နှင့် ဂါထာမန္တာန်ဆန်ဆန် စာများ၊ အင်းကွက်များ၊ ၎င်းတို့ကို ခေတ်မီမီ ဆွဲစရာ ချိတ်စရာ ထည့်စရာတို့ဖြင့် လှလှပပ လုပ်ပြီး အဆောင်ပေးကြ၏။ မြန်မာနိုင်ငံတွင်း၌ ဓာတ်လုံးပေးကြသည့်သဘော၊ ဓာတ်လုံးကို ဆောင်ကြသည့်သဘော ဖြစ်၏။

ဆူးသည် ချွန်ထက်၏။ ပျဉ်းကတိုးသစ်သည် မာ၏။ စိန်သည် မာကျော၏၊ အရောင်ထွက်၏။ ဆေးပင် ဆေးမြစ်သည် ရောဂါပျောက်စေ၏။ စပါးကြီးသည်းခြေသည် ထူးသောစွမ်းရည် ရှိ၏။ ဤကဲ့သို့ အချို့သော ရုပ်ဝတ္ထု ပစ္စည်း

များသည် စွမ်းရည်ရှိပါ၏။ ချိုးအမြုတေဥ၊ ဆင်မန်စွယ်၊ ဂျိုတပင်တိုင်ချို (ဦးချို)၊ ပုလဲ မှူးပျံ စသည်တို့သည် စွမ်းရည်ရှိ၏။ ဝိဇ္ဇာလမ်းအရ အောင်မြင်သော အင်းအိုင် လက်ဖွဲ့ဓာတ်လုံး စသည်တို့သည် အထိုက်အလျောက် တန်ခိုးရှိ၏။

သို့သော် ဤကဲ့သို့သော ရုပ်ဝတ္ထုပစ္စည်းများအပေါ် ပုံပြီး အားကိုးရန် မသင့်၊ မိမိမှာ ထိုရုပ်ပစ္စည်းများထက် အစွမ်းထက်သော မိမိပိုင် စွမ်းရည်ကြီးလေးမျိုး ရှိနေ၏။ ထိုကိုယ်ပိုင် စွမ်းရည်ကြီးများကိုသာ အားကိုးအားထား ပြုရန် ဖြစ်၏။

ကိုယ်ပိုင်စွမ်းရည်ကြီး လေးရပ်တို့မှာ–

(၁) ပြင်းပြသော ဆန္ဒ

(၂) သည်းထန်သော လုံ့လဝီရိယ

(၃) ထက်သန်ကြံ့ခိုင်သောစိတ်

(၄) ထက်မြက်သောဉာဏ်ပညာတို့ ဖြစ်၏။

ဤအဆောင်ကြီးလေးမျိုးကိုသာ အားကိုးရမှာ ဖြစ်၏။

ထို့ပြင် ဥဋ္ဌာနသမ္ပဒါ – ထထကြွကြွ လုံ့လ ဝီရိယရှိခြင်း

အာရက္ခသမ္ပဒါ – သတိရှိရှိ မပြတ်ကြည့်၍ စောင့်ရှောက်ခြင်း

သမဇီဝိတသမ္ပဒါ – မျှမျှတတ အသက်မွေးခြင်း

ကလျာဏမိတ္တသမ္ပဒါ – မိတ်ကောင်းဆွေကောင်းရှိခြင်း

ဟူသော ပြည့်စုံရမည့် အချက်လေးရပ် (သမ္ပဒါတရားလေးပါး) မိမိမှာ ပြည့်စုံနေအောင် လုပ်ထားပါလျှင် အဆောင်မလိုပါ။ အောင်စေရာ ဖြစ်ပါသည်။ သို့မှသာ ဗုဒ္ဓဘာသာ ပီသသောသူ၊ ခံယူချက် မှန်ကန်သူဖြစ်ပါသတည်း။

## အခန်း (၃)

# ဘယ်လို ရှိခိုးရမဲလဲ

"ဝန္ဒနာ"နှင့် ပတ်သက်၍ ဘာကို ရှိခိုးရသလဲ။ ဘာကြောင့် ရှိခိုးရသလဲ ဆိုသည်ကို ဖော်ပြပြီးခဲ့ပါပြီ၊ ဘယ်လို ရှိခိုးရသလဲ ဟူသောအချက်နှင့် ပတ်သက်၍ ဆက်လက်ဖော်ပြပါမည်။

ဝန္ဒနာ(ရှိခိုးခြင်း)နှင့် စပ်လျဉ်း၍ မိမိတို့သည်–

(၁) စိတ်သက်သက်နှင့်လည်း ရှိခိုးနိုင်သည်၊
(၂) နှုတ်ကဆို၍ ပြော၍လည်း ရှိခိုးနိုင်သည်၊
(၃) ကိုယ်အမူအရာ ဦးခေါင်း လက် စသော ကိုယ် လက် အင်္ဂါတို့ဖြင့် လည်း ရှိခိုးနိုင်သည်၊
(၄) စိတ်ကညွတ်၍ နှုတ်ကဆို၍လည်း ရှိခိုးနိုင်သည်၊
(၅) စိတ်ကရည်၍ ကိုယ်ဖြင့်လည်း ရှိခိုးနိုင်သည်၊
(၆) စိတ်၊ နှုတ်၊ ကိုယ် သုံးမျိုးလုံးဖြင့်လည်း ရှိခိုးနိုင်သည်။

**ဉာဏ်တော်ရောက်အောင် ရှိခိုးခြင်း** ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး ကို ရှိခိုးရာ၌ ရုပ်တု ဆင်းတု၊ ပုံသဏ္ဌာန်၊ ရွှေရောင် စသည်ကို ဖောက်ထွင်းကျော်လွန်ပြီး၊ ဉာဏ်တော်ရောက်အောင် ရှိခိုးဖို့ လိုပါသည်။ ဘုရားရှင်သည် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ရ၍ ဖြစ်လာသော ဘုရားမျိုး ဖြစ်၍ မိမိတို့ ဘုရားကို ရှိခိုးသောအခါ ထိုဉာဏ်တော်တို့ကို အာရုံတန်း၍ စိတ်ကမှန်းပြီး ရှိခိုးကြရပါမည်။ မိမိတို့သည် စိတ်ဖြင့် အဓိကအာရုံ ရအောင် ယူရန် ဖြစ်ပါသည်။

အရဟတ္တမဂ်ဉာဏ်သည် ကိလေသာအားလုံးကို ပယ်သတ်ပါသည်။ သဗ္ဗညုတဉာဏ်သည် တရားအားလုံးကို သိမြင်ပါသည်။ သို့ဖြစ်၍ ကိလေသာ ကင်းခြင်း၊ တရား အားလုံးကို သိခြင်းဆိုသော အချက်ကို အခြေခံ၍ ဘုရားရှင်၏ ဆိုခဲ့ပါ ဉာဏ်တော်နှစ်မျိုးကို အာရုံ ယူရပါသည်။

တရားသည် မဂ်ဉာဏ်လေးပါး၊ ဖိုလ်ဉာဏ်လေးပါး၊ နိဗ္ဗာန်ဟူ၍ ကိုးမျိုး ရှိပါသည်။ ပိဋကသုံးပုံ ပရိယတ္တိလည်း တရားထဲ ပါနိုင်ပါသည်။

မဂ်ဉာဏ်တို့သည် ကိလေသာကို ပယ်သတ်ပါသည်။ ဖိုလ်ဉာဏ်တို့သည် ကိလေသာကို ငြိမ်းအေးစေပါသည်။ နိဗ္ဗာန်သည် ထိုကိလေသာ ကင်းသွား၍ ပေါ်လာသော ဓမ္မဓာတ် ဖြစ်ပါသည်။ ယင်းတရားတော်ကို စိတ်ဖြင့် အာရုံယူပြီး ရှိခိုးရပါသည်။ တရားကို ရှိခိုးရာ၌ ပိဋကတ်ပါဠိတော် ကျမ်းစာအုပ်များကို ဦးတိုက်ပြီး ရှိခိုးသင့်ပါသည်။ ထို ပိဋကတ်ကျမ်းတော်မြတ်တို့တွင် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရရန် တရားနည်းလမ်းများ ပါရှိပါသည်။ သို့ဖြစ်၍ ပိဋကတ်ကို ဦးတိုက်ပြီး တရားအာရုံ ယူနိုင်ပါသည်။

သံဃာဆိုရာ၌ ပရမတ္ထသံဃာတော်သည် အဓိက ဖြစ်ပါသည်။ မဂ်ပုဂ္ဂိုလ် လေးယောက်၊ ဖိုလ် ပုဂ္ဂိုလ် လေးယောက် ဖြစ်ပါသည်။

- သောတာပတ္တိ မဂ်ဉာဏ် ရသောသူသည် သောတာပန် မဂ်သံဃာ၊
- သောတာပတ္တိ ဖိုလ်ဉာဏ် ရသောသူသည် သောတာပန် ဖိုလ်သံဃာ၊
- သကဒါဂါမိမဂ်ဉာဏ်ကို ရသောသူသည် သကဒါ ဂါမိမဂ်သံဃာ၊
- သကဒါဂါမိဖိုလ်ဉာဏ်ကို ရသောသူသည် သကဒါ ဂါမိဖိုလ်သံဃာ၊
- အနာဂါမိမဂ်ဉာဏ်ကို ရသောသူသည် အနာဂါမိ မဂ်သံဃာ၊
- အနာဂါမိဖိုလ်ဉာဏ်ကို ရသောသူသည် အနာဂါမိ ဖိုလ်သံဃာ၊
- အရဟတ္တမဂ်ဉာဏ်ကို ရသောသူသည် အရဟတ္တ မဂ်သံဃာ၊
- အရဟတ္တဖိုလ်ဉာဏ်ကို ရသောသူသည် အရဟတ္တ ဖိုလ်သံဃာ။

ဤကဲ့သို့ ပရမတ္ထသံဃာ အရိယာ ရှစ်ယောက် ရှိပါသည်။

သို့ဖြစ်၍ သံဃာကို ရှိခိုးရာ၌ ပုဂ္ဂိုလ်ကို လွတ်၍ ထိုပုဂ္ဂိုလ်တို့ရသော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို မိမိစိတ်ဖြင့် ရည်မှန်း၍ ရှိခိုးကြရပါသည်။

ဤသို့ ဉာဏ်တော်ရောက်အောင် အာရုံသွင်း၍၊ ရည်မှန်း၍ ရှိခိုးလျှင် အလွန်ပင် အကျိုးကြီးပါဘိသည်။ ဉာဏ်တော်ကို စိတ်ရောက်အောင် ရှိခိုးရာ၌ ထိုင်လျက်သာမက လမ်းလျှောက်ရင်း ဖြစ်စေ၊ မတ်တတ်ရပ်ရင်းဖြစ်စေ၊ တုံးလုံး လဲလျောင်းလျက် ဖြစ်စေ စိတ်ဖြင့် ရှိခိုးနိုင်ပါသည်။ အထူးသဖြင့် မကျန်းမာသောအခါ ဤ ရှိခိုးနည်းသည် အလွန် အသုံးဝင်ပါသည်။ သေပေါက်သေဝ ရောက်လာပြီဆိုလေ ဤရှိခိုးနည်း အသုံးဝင်လေ ဖြစ်ပါသည်။

**ဂုဏ်တော်ပေါက်အောင် ရှိခိုးခြင်း** အခြားတစ်မျိုးမှာ ဂုဏ်ကျေးဇူးကို ရည်စူး၍ တမ်းတ၍ မှန်းဆ၍ ရှိခိုးခြင်း ဖြစ်သည်။ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်၊ မိဘဂုဏ်၊ ဆရာသမားဂုဏ်၊ ကြီးသူတို့၏ ဂုဏ်ကို အာရုံသွင်း၍ ရှိခိုးကြရပါသည်။

ဗုဒ္ဓရှင်တော်ဘုရားမှာ အရဟံ အစရှိသော ဂုဏ်တော်မြတ် ကိုးပါးရှိပါသည်။ ဘုရားကို ရှိခိုးရာ၌ ထိုဂုဏ်တော်များကို မိမိစိတ်မှာ စွဲဝင်စေလျက် ရှိခိုးရပါသည်။ ပုံတော်မှ ဂုဏ်တော်သို့ ရောက်အောင် ပေါက်အောင် စိတ်အားသွင်း၍ ရှိခိုးရပေသည်။

ဗုဒ္ဓတရားတော်မှာ သွာက္ခာတော(ကောင်းစွာ ဟောကြားတော်မူသောဂုဏ်) စသော ဂုဏ်တော် ခြောက်ပါး ရှိပါသည်။ တရားတော်ကို ရှိခိုးရာ၌ ထိုတရားဂုဏ်တော်တို့ကို စိတ်ရောက်အောင် ဆင်ခြင်၍ ရှိခိုးရသည်။ ပိဋကတ်တော် ကျမ်းစာအုပ်များ သို့မဟုတ် ပိဋကတ်ဆောင် သံဃာများကို ဦးတိုက်ရင်း စိတ်ထဲက တရားတော်၏ဂုဏ်ကို ရောက်အောင် အာရုံပြုရပါမည်။ ကျမ်းစာအုပ်၊ လူပုဂ္ဂိုလ် စသည်တို့ကို ကျော်လွန်ထွင်းဖောက်ပြီး တရားဓမ္မ အနှစ်သာရအထိ အာရုံပြုတတ်ရန် လိုပါသည်။ သို့မှသာ အကျိုး ကြီးမြတ်ပါသည်။

တရားတော်ကို ရှိခိုးရာ၌လည်း သွားလျက်ဖြစ်စေ၊ ရပ်လျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ၊ လဲလျောင်းလျက် ဖြစ်စေ စိတ်ဖြင့် အာရုံပြုပြီး ရှိခိုးနိုင်ပါသည်။

သံဃာတော်မှာ သုပ္ပဋိပ္ပန္နော (နိဗ္ဗာန်အကျိုးငှာ ကောင်းစွာကျင့်ခြင်း) စသော ဂုဏ်တော်ကိုးပါး ရှိပါသည်။ ထို့ကြောင့် သံဃာတော်ကို ရှိခိုးရာ၌ ထိုသံဃာတော် ဂုဏ်တော်အထိ စိတ်ရောက်အောင် အာရုံဖမ်း၍ ရည်မှန်း၍ ရှိခိုးရသည်။ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်၊ ရှင်ဥပဂုတ် စသော ရဟန္တာရုပ်တုတော်များကို ရှေ့မှာထား၍ ရှိခိုးရာ၌ ဆိုခဲ့ပါ အရိယာသံဃာဂုဏ်ကို အခြေခံ၍ ရှိခိုးရသည်။ နောက်မှ ရှင်သာရိပုတ္တရာ၏ ပညာဂုဏ်၊ ရှင်မောဂ္ဂလာန်၏ တန်ခိုးဂုဏ်၊ ရှင်ဥပဂုတ်၏ တန်ခိုးဂုဏ် စသည်တို့ကို ဖြည့်စွက်ဆင်ခြင် ဦးတင်ကြရပါသည်။ သို့မှ ရှိခိုးနည်း မှန်ပါသည်။

ယခုခေတ် သမုတိသံဃာခေါ် ဘုန်းကြီးရဟန်းကိုမူ ဆိုခဲ့ပါ အရိယာသံဃာ၏အနွယ်များ ဖြစ်ပေသည်။ ပါတိမောက္ခသံဝရ သီလဂုဏ်(ဝိနည်းကျင့်ဝတ်) ရှိပေသည်ဟု ဆင်ခြင်၍ ပုဂ္ဂိုလ်ကို ကျော်ပြီး ဂုဏ်ရောက်အောင် စိတ်ဆင်ခြင်၍ ရှိခိုးရသည်။ သို့မဟုတ် ဝတ်ဆင်ထားသော အဝတ်သည်ကား ရဟန္တာ၏ တံခွန်အောင်လံပေတကားဟု သင်္ကန်းဂုဏ်ကို အာရုံယူပြီး ဦးတင်နိုင်ကြ၏။

မိဘကို ရှိခိုးရာ၌ကား ကျေးဇူးသည် အဓိက ဖြစ်၏။ မိဘသည် သီလ သမာဓိ ပညာရှိသော မိဘ၊ မရှိသော မိဘဟု နှစ်မျိုး ရှိနိုင်၏။ သို့သော် မိဘ တိုင်း သားသမီးအပေါ်၌ ကျေးဇူးရှိ၏။

ထိုတွင် ဗုဒ္ဓဘာသာမိဘတို့သည် ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းအရ သား သမီးတို့ကို မွေးမြူကြသောကြောင့် ပို၍ကျေးဇူးကြီး၏။ ပဋိသန္ဓေရကတည်းက သားကောင်း သမီးကောင်း ဖြစ်ထွန်းအောင် ဗုဒ္ဓဘာသာမိဘတို့သည် ဥပုသ်စောင့်ခြင်း၊ သူတစ်ပါး အသက်သတ်ခြင်း စသည့် အကုသိုလ်ရှောင်ခြင်း စသည်ဖြင့် ဝမ်းထဲမှ သားသမီးအပေါ် မေတ္တာသက်လျက် ရှိကြသည်။

မွေးလာပြီးနောက်လည်း စကားသင်ခါစ၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ သြကာသ စသည်ဖြင့် လောကုတ္တရာ အကျိုးပြုကို သင်ကြ၏။ အနိစ္စကို ကလေး က အနိတ်ချ စသည်ဖြင့် မပီကလာကလေးလိုက်ဆိုသည်ကို မိဘတို့ ကြည်နူးကြ ကုန်၏။

သို့ဖြစ်၍ မိဘကို ရှိခိုးရာ၌ (၁) မိဘ၏ဂုဏ်
(၂) မိဘ၏ကျေးဇူး

ဤနှစ်မျိုးကို အာရုံသွင်း၍ စိတ်က တမ်းတ ရည်မှန်း၍ ရှိခိုးကြရသည်။

ဆရာကို ရှိခိုးရာ၌ ဆရာ့ဂုဏ်နှင့် ကျေးဇူးကို အာရုံယူရသည်။ ဆရာဆိုရာ တွင် လောကုတ္တရာတရားအကျိုးငှာ သင်ကြားပြသသော ဆရာသည်သာ ပမာန ဆရာ ဖြစ်သည်။ ပစ္စုပ္ပန်ကောင်းကျိုး၊ တမလွန်ကောင်းကျိုး၊ ကောင်းကျိုးနှစ်မျိုး ရအောင် ဆုံးမသင်ပြတတ်သော ဆရာသည် အလတ်စားဖြစ်၏။ ပရိယေသန ဝမ်းရေးသက်သက်အတွက် သင်ပြသော ဆရာမှာမူ သာမန် ဖြစ်သည်။

ဆရာကို ရှိခိုးရာတွင် ဆရာ့မှာ ရှိတန်ရာသော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့် မိမိအပေါ် ပြုပေးဖူးသော ကျေးဇူးဂုဏ်ကို အာရုံယူ၍ ကန်တော့ရ ပေသည်။ ဆရာသည် သီလသမာဓိ မရှိသူဖြစ်ပါက မိမိအပေါ်ပြုသည့် တင်ရှိသည့် ကျေးဇူးကို အဓိကထား၍ ကန်တော့ကြရန် ဖြစ်၏။

ဆွေထဲမျိုးထဲ အကြီးအကဲများ၊ အစ်ကိုကြီး အစ်မကြီး စသည်နှင့် အခြား ကန်တော့ထိုက်သူများကို အခါကြီး ရက်ကြီးများတွင် သွားရောက် ကန်တော့ကြရာ၌ ကန်တော့ခံသူတို့မှာ ရှိတန်ရာသော သီလ သမာဓိ ပညာတို့နှင့် ကိန်းသေရှိသော အသက်ကြီးခြင်းဂုဏ်ကို စိတ်ညွတ်၍ ကန်တော့ကြရ၏။

ဝိဇ္ဇာဂိုဏ်းဝင် အထက်ဆရာကြီးများ၊ နတ်များနှင့် စပ်လျဉ်း၍ "ရှိခိုးသည်" ဆိုခြင်းထက် ဂါရဝပြုသည်ဟု ပြောလျှင် ပိုကောင်း၏။ စိတ်ထဲက နေပြီး "သြော်– ဤဝိဇ္ဇာသူမြတ်သည် တန်ခိုးကြီးပေသည်၊ လူတို့ကို ကောင်းကျိုးပြုပေသည်၊ ဤနတ်သည် တန်ခိုးရှိပေသည်။ (သမ္မာဒေဝဖြစ်လျှင်) ဤနတ်သည် ကုသိုလ်ကောင်းမှုကြောင့် နတ်ဖြစ်ရပေသည်။ ကောင်းမှုရှင် ဖြစ်ပေသည်" ဟူ၍ စိတ်က အာရုံပြုပြီး သူတို့၏ တန်ခိုးဂုဏ်၊ ကောင်းမှုဂုဏ်တို့ကို ရည်၍ ဂါရဝပြုသင့်ကြ၏။ ရှိခိုးသည်၊ ကန်တော့သည်၊ ပူဇော်သည်ဟု သုံးနှုန်းသော်လည်း "ကိုးကွယ်ခြင်း"ကား လုံးဝမဟုတ်စေရပေ။ အထက်ဆရာကြီးများ၊ နတ်များကို ဗုဒ္ဓဘာသာတို့က မကိုးကွယ်ကောင်းပေ။ သတိရှိကြရန် ဖြစ်ပါ၏။

**စိတ်နဲ့ စဉ်းစားပြီး ရှိခိုးခြင်း** ဘုရားရှင်ကို ရှိခိုးရာတွင် ဘုရားရှင်၏အကြောင်းကို လေးလေးနက်နက် စဉ်းစားပြီး ကြည်ညိုစိတ်တွေ ပေါ်လာခါမှ ရှိခိုးလျှင် ပိုပြီး အကျိုးကြီး၏။ ထို့ကြောင့် ဘုရားရှင်၏အကြောင်း စဉ်းစားနည်းများကို ဖော်ပြပါမည်။

ဘုရားရှင်အကြောင်းကို စဉ်းစားရာ၌–

(၁) သူ့အရှိအတိုင်း စဉ်းစားခြင်း

(၂) နှိုင်းယှဉ်စဉ်းစားခြင်း ဟူ၍ နှစ်မျိုး ရှိ၏။

**သူ့အရှိအတိုင်း စဉ်းစားခြင်း** အချိန်ရသောအခါ အေးအေးဆေးဆေး ဘုရားဆင်းတုတော်ရှေ့မှာ ထိုင်ပြီး စဉ်းစားပါ။ ဘာကို စဉ်းစားရမည်လဲ၊ စဉ်းစားနိုင်စရာတွေ များပါ၏။ ဥပမာ–

မြတ်စွာဘုရားဟာ လောဘ၊ ဒေါသ စတဲ့ ကိလေသာတွေ ကင်းတယ်။ လိုချင်တပ်မက်မှုလည်း မရှိဘူး၊ စိတ်ဆိုးတယ် ဒေါသထွက်တယ်လို့လည်း ဘယ်တော့မှ မရှိဘူး။ ဆိတ်ကွယ်ရာ ရလို့ (သို့) အခွင့်သာလို့လည်း မကောင်းတာ မလုပ်ဘူး။ ဒီလိုဆိုတော့ သူ့ကို မင်းက ပူဇော် ပူဇော်၊ သူဌေးက ပူဇော် ပူဇော်၊ ပူဇော်သမျှကို ခံယူထိုက်တာပဲ။

ဤလို စဉ်းစားသောအခါ ကြည်ညိုစိတ်တွေ ဖြစ်လာပါမည်။ ဤအခါတွင် ကောင်းစွာ ရှိခိုးနိုင်ပါပြီ။

ထို့ပြင် ဘုရားအလောင်းတော် ပါရမီ ဖြည့်ကျင့်စဉ် ဝေဿန္တရာဘဝက လှူခဲ့ပုံ၊ ဘူရိဒတ်ဘဝက သီလကျင့်ခဲ့ပုံ စသည်ကိုလည်း စဉ်းစားကြည်ညိုနိုင်ပေသည်။

**တူတာချင်း နှိုင်းယှဉ်စဉ်းစားခြင်း**“သဗ္ဗေ ဗုဒ္ဓါ သမသမာ” သဗ္ဗညု ဘုရားရှင် ဟူသမျှ ထပ်တူထပ်မျှတူညီကြသည်ဟု အာရှာ

နာဋီယသုတ်တော်၌ ဟောကြားထား၏။ ဒီပင်္ကရာ စသော ရှေးရှေးသောဘုရားရှင်တို့နှင့် ဂေါတမဘုရားရှင် တူ၏။ တစ်နည်းအားဖြင့် ဂေါတမဘုရားသည် ငါးသိန်း တစ်သောင်း နှစ်ထောင် နှစ်ကျိပ် ရှစ်ဆူသော ဘုရားရှင်များ သို့မဟုတ် ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူပြီးသော ဘုရားရှင်များနှင့် အတူတူပင် ဖြစ်၏။ ဘာတွေ တူသလဲ။ ဂုဏ်တော်တွေ တူ၏။ ဘုရားရှင်ဟူသမျှ ဂုဏ်တော်ကိုးပါးပင်။ အပိုအလို မရှိ ဖြစ်သည်။

ဤသို့ ဘုရားဂုဏ်တော်ချင်းတူပုံကို နှလုံးသွင်း ဆင်ခြင်၍လည်း ကြည်ညိုမြတ်နိုး ရှိခိုးနိုင်လေသည်။

**မတူပုံကို နှိုင်းယှဉ်စဉ်းစားခြင်း** မတူပုံကို နှိုင်းယှဉ်စဉ်းစားပါက ကျယ်ပြန့်လှ၏။

(၁) ဂေါတမဗုဒ္ဓရှင်တော်ဘုရားနှင့် အခြားဘာသာဘုရား(ဝါ) ဘာသာရေး ခေါင်းဆောင်များနှင့် မတူပုံ။

(၂) ဘုရားရှင်နှင့် လူသာမန်တို့ မတူပုံ(ဝါ)ဘုရားရှင်က အတုမရှိ သာလွန်ပုံ။

(၃) ဘုရားရှင်နှင့် မိမိ အကွာကြီးကွာပုံ။

ဤသို့ စသည်ဖြင့် မတူပုံမျိုးစုံကို စဉ်းစား ကြည်ညိုနိုင်၏။ စဉ်းစားရာတွင် ဘုရားရှင်၏ဗုဒ္ဓဝင်လာ အချက်အလက်များ၊ ဘုရားရှင်၏ဂုဏ်တော်များကို အခြေခံပြီး စဉ်းစားရပေသည်။

ဥပမာ–ဂေါတမ ဗုဒ္ဓရှင်တော်ဘုရားသည် သဗ္ဗညုတ ဉာဏ်ရှင် ဖြစ်၏။ အခြားဘုရားဆိုသည်တို့ကား သဗ္ဗညုတဉာဏ်ကိုမရကြ။ ဗုဒ္ဓဘုရားသည် ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံ၏။ အခြားဘုရားဆိုသည်တို့ကား ဂုဏ်တော်ကိုးပါး မရှိ၊ ဤသို့ စသည်ဖြင့် စဉ်းစားနိုင်၏။

ဘုရားရှင်နှင့် လူသာမန် ကွာခြားပုံ၊ မိမိနှင့်လည်း အကွာကြီး ကွာပုံကိုလည်း စဉ်းစားရမည်။

ဥပမာ–ဘုရားအလောင်းသည် သူ၏အသက်ကိုပင် လှူ၏။ ငါသည် ငါ့အသက်ကို မဆိုထားဘိ။ ပိုက်ဆံကိုပင် လှူရမှာ နှမြောသည်။ ဘုရားအလောင်းသည်

အသက် အသေခံပြီး ဥပုသ်စောင့်၏၊ ငါကား ဥပုသ်နေ့တောင် မေ့နေ၏။ ဤသို့ စသည်ဖြင့် ပါရမီဆယ်ပါး အခြေခံပြီး ခြားနားချက် ရှာ၍ ကြည်ညိုနိုင်၏။

ဘုရားရှင်နှင့် မိမိကွာခြားပုံကို–
(က) ဓာတ်တော်ကြီးဆယ်ဘွဲ့ကို အခြေခံ၍ ဖြစ်စေ၊
(ခ) ဂုဏ်တော်ကိုးပါးကို အခြေခံ၍ ဖြစ်စေ၊
(ဂ) အောင်ခြင်းရှစ်ပါးကို အခြေခံ၍ ဖြစ်စေ၊

စဉ်းစားကြည်ညိုနိုင်၏။ ဤသို့ စဉ်းစားခြင်းသည် ကောင်းသော ကြံစည်မှု ဖြစ်၍ စဉ်းစားနေစဉ် မဟာကုသိုလ်စိတ်တွေ ဖြစ်နေ၏။ (ဝါ) ကုသိုလ်တွေ များစွာ ရ၏။

**နှုတ်နဲ့ဆိုပြီး ဘုရားရှိခိုးခြင်း** ဘုရားရှိခိုးတယ်ဆိုတာလဲ ဘုရားရှေ့မှာ ထိုင်ပြီး လက်အုပ်ချီမိုးလျက် ဘုရားရှင်၏ ဂုဏ်တော်များကို ရွတ်ဆိုခြင်းပင် ဖြစ်၏။ နှုတ်ဖြင့် ရွတ်ဆိုခြင်းသည် စိတ်ဖြင့် အာရုံပြုရန်အတွက် အကြောင်း အထောက်အပံ့ ဖြစ်သည်ဟု ဝိသုဒ္ဓိမဂ်၌ ဆို၏။

ဗုဒ္ဓဘုရားရှင်မှာ အရဟံ အစရှိသော ဂုဏ်တော်ကိုးပါးရှိကြောင်း ပါဠိတော်လာ သုတ်တော်များမှာ ပါရှိပါသည်။ ဓဇဂ်သုတ်ပရိတ်တော်မှာလည်း ဘုရားရှင်ကိုယ်တော်တိုင်က သူ၏ ဂုဏ်တော်များကို သတိရအောက်မေ့ဖို့ ဟောကြားတော်မူထားပါသည်။ ဤသို့ ဟောကြားခြင်းသည် ငါ၌ ဂုဏ်ကိုးပါး ရှိသည်၊ ငါသည် ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံသည်ဟု အတည်ပြုရာ ရောက်ပါသည်။

ယခု မိမိတို့သည် ထိုဘုရားရှင်၏ဂုဏ်တော် ပါဠိတော်များ အနက်များကို အရကျက်မှတ်ပြီး ဘုရားရှေ့မှာ ဂုဏ်တော်များကို နှုတ်ဖြင့် ရွတ်ဆိုခြင်းသည် ဘုရားရှိခိုးခြင်းပင် ဖြစ်ပါသည်။ တရားဂုဏ်တော် ခြောက်ပါး၊ သံဃာဂုဏ်တော် ကိုးပါးကိုပါ တစ်ပါတည်း ရွတ်ဆိုကြပါသည်။ တရားကို ရှိခိုးခြင်း၊ အရိယာသံဃာကို ရှိခိုးခြင်းပင် ဖြစ်ပါသည်။ ရတနာသုံးပါးအား ရှိခိုးခြင်းပင် ဖြစ်ပါသည်။ သို့သော် တရားရှိခိုး၊ သံဃာရှိခိုးဟု သီးခြားမပြောကြဘဲ ဘုရားရှိခိုး ဟူ၍သာ ပဓာနနည်းအားဖြင့် ပြောကြပါသည်။

ထို့ပြင် ဘုရားရှင်ဟောကြားတော်မူသော ဓမ္မစကြာတရားတော်၊ ပဋ္ဌာန်းတရားတော် စသည်တို့ကိုလည်း ရွတ်ဆိုကြပါသည်။ ဤသို့ ရွတ်ဆိုခြင်းမှာ တရားပူဇာ ဖြစ်ပါသည်။ တရားဖြင့် ဘုရားရှင်အား ပူဇော်ခြင်း ဖြစ်ပါသည်။

ဘုရားဂုဏ်တော်ဖွင့်အမျိုးမျိုး၊ ဘုရားရှိခိုး အမျိုးမျိုး ရှိပါသည်။ မည်သို့ပင် ဖြစ်ဖြစ် ရေးခေတ်ဆရာတော်ဘုရားကြီးတစ်ပါးက "ဘုရားရှိခိုး အမျိုးမျိုးဆိုလို့ ကြည့်လိုက်ပ၊ ဣတိပိသောထဲကပဲ"ဟု မိန့်ကြားဖူးသည်။ မည်သို့ဖွဲ့၍ သီကျူးပူဇော် သည်ဖြစ်စေ ဣတိပိသော အစပြုသည့် ဂုဏ်တော်ထဲက မလွတ်ပေ။ လွတ်လျှင်လည်း မဟုတ်တော့ပေ၊

အချုပ်သတိပြုရန်မှာ ငါဘုရားရှိခိုးတယ်ဆိုတာဟာ–

(၁) ဘုရားရှင်၏ ဂုဏ်တော်တွေကို ရွတ်ဆိုပြီး ဘုရားရှင်အား ချီးကျူး ခြင်း ဖြစ်သည်။

(၂) ဘုရားရှင် ဟောကြားသော မေတ္တစကြာနှင့် ပဋ္ဌာန်း စသော တရား တွေကို ရွတ်ပြီး တရားနဲ့ ဘုရားရှင်ကို ပူဇော်ခြင်း ဖြစ်သည်။

ဤသို့ နားလည်ရန် ဖြစ်ပေသည်။

ဤသို့ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတွေကို နှုတ်က ရွတ်ဆိုရှိခိုးသူ၏ စိတ် သည် မဟာကုသိုလ်စိတ် ဖြစ်၏။ ဘုရားရှိခိုးနေစဉ် အခိုက်အတန့်တွင် လောဘ ဒေါသ မောဟ မာန ဣဿာ မစ္ဆရိယ စတဲ့ အကုသိုလ်တွေ ကင်းနေ၏။ ဘုရား ရှိခိုးနေခိုက်၌ သဒ္ဓါစိတ်၊ သတိစိတ်၊ သမာဓိစိတ်၊ ပညာစိတ်၊ ကြည်နူး ချမ်းသာ သည့် ပီတိ ပဿဒ္ဓိစိတ် စတဲ့ ကောင်းသော သဘာဝတွေ ဖြစ်နေ၏။

ထို့ကြောင့် ဘုရားရှိခိုးနေခိုက် မိမိ၏ ကိုယ်၌ စိတ်ကောင်း၍ ရုပ်ကောင်းတွေ ဖြစ်နေ၏။ မျက်နှာ ကြည်လင်၏။ ရင်တွင်း နှလုံးတွင်း လင်း၏။ ကြည်၏။ စိတ်ချမ်းသာ၏။ ဘုရားရှိခိုး၍ ထိုအကျိုးထူးများကို ရခြင်း ဖြစ်၏။

**ကိုယ်ဖြင့် ဦးညွှတ် ရှိခိုးခြင်း** ဘာသာရေးနယ်မှာ ဘာသာအလိုက် ရှိခိုးပုံ ရှိခိုး နည်း အမျိုးမျိုးရှိသည်ကို တွေ့ဖူး မြင်ဖူးကြမည်။

ဗုဒ္ဓဘာသာမှာက ရှိခိုးနည်း နှစ်မျိုးပဲ ရှိပါသည်။ တစ်မျိုးက နမာမိ၊ တစ်မျိုးက ဝန္ဒာမိ ဖြစ်၏။

နမာမိ၊ နမော ပါဠိစကား၏ အနက်မှာ ညွှတ်ခြင်း၊ ကိုင်းခြင်း ဖြစ်၏။ မိမိကိုယ်မှာ ဦးခေါင်းသည် အမြတ်ဆုံး ကိုယ်အင်္ဂါ ဖြစ်၏။ ဦးညွှတ်ပြီး ဂါရဝ ပြုလျှင် နမာမိ ရှိခိုးနည်းတည်း။ ဦးညွှတ်ရာတွင် လက်အုပ်ချီ၍ ဦးညွှတ်ခြင်း သည်သာ ဘာသာရေးဆန်၏။ နမော နမာမိ ပုံကျ၏။

နမာမိ ဦးညွတ်ရှိခိုးနည်းကို နတ်သိကြား ဗြဟ္မာတို့ အစိက သုံးကြ၏။ သူတို့သည် ဘုရားရဟန္တာများကို ဖူးမြင်ရာတွင် မထိုင်ကြ။ မတ်တတ်ရပ်လျက်က ဖူးကြသည်။ ရှိခိုးကြသည်။ နမာမိ ဦးညွတ်ရှိခိုးခြင်းသည် မတ်တတ်ရပ်လျက် ပို၍ အဆင်ပြေသည်။

လူတို့သည်လည်း ဆိုင်ပြီး ရှိခိုး၍ အဆင်မပြေသော နေရာမျိုးတွင် မတ်တတ်ရပ်လျက် လက်အုပ်ချီပြီး နမာမိ ဦးညွတ်ရှိခိုးရပေသည်။ လူ၏ဣရိယာပုတ် လေးပါး(သွား၊ ရပ်၊ ထိုင်၊ လျောင်း)တို့တွင် မတ်တတ်ရပ်ခြင်းသည် အနိမ့်ဆုံး ဣရိယာပုထ် ဖြစ်၏။ ထို့ကြောင့် မတ်တတ်ရှိခိုးတာကို မရှိသေရာ ရောက်သည်။ ပေါ့သည် မထင်ပါနှင့်။ အလွန်လေးနက်ပါသည်။ နားလည်တဲ့ ရှိခိုးခံသူက မကဲ့ရဲ့ပေဘူး။

ထို့ကြောင့် နမာမိနှင့် ရှိခိုးတော့မည် ဆိုလျှင်-

(၁) ခြေစုံရပ်
(၂) လက်အုပ်ချီ
(၃) ဦးညွတ်

ဤအင်္ဂါသုံးရပ်နှင့် ပြည့်စုံစွာ ရှိခိုးကြရန် ဖြစ်ပေသည်။

**ကိုယ်ဖြင့် ဝပ်တွား ရှိခိုးခြင်း** ကိုယ်ဖြင့် ဝပ်တွားရှိခိုးခြင်းသည် ဝန္ဒာမိ၊ ဝန္ဒနာ ရှိခိုးနည်း ဖြစ်၏။ ထိုင်ပြီး ထိခြင်း ငါးပါးတို့ဖြင့် ရှိခိုးခြင်း ဖြစ်၏။ "ထိခြင်း"ဆိုရာတွင် မိမိ ထိုင်ချထားသော အောက်အခင်း သို့မဟုတ် ကြမ်းပြင် စသည်နှင့် ထိရမှာကို ဆိုလိုသည်။ ဘာတွေနဲ့ ထိရမှာလဲ။

(၁) မိမိ ဒူးနှစ်ဖက်နဲ့ ကြမ်းနဲ့ ထိရမယ်၊
(၂) ခြေဖျား ခြေဖမိုးနဲ့ ကြမ်းနဲ့ ထိရမယ်၊
(၃) တံတောင်ဆစ်နှစ်ဖက်နဲ့ ကြမ်းနဲ့ ထိရမယ်၊
(၄) လက်ဖဝါးပြင်နှစ်ဖက်နဲ့ ကြမ်းနဲ့ ထိရမယ်၊
(၅) နဖူးနဲ့ ကြမ်းနဲ့ ထိရမယ်၊
(နဖူးနဲ့ အခင်း သို့မဟုတ် ကြမ်းပြင်နဲ့ ထိရမယ်)

ဤထိခြင်းငါးပါးနဲ့ လက်တွေ့ရှိခိုးပုံမှာ ဤသို့ဖြစ်၏။

(၁) ပထမဦးစွာ ဆောင့်ကြောင့်ထိုင်ရန်၊
(ဆောင့်ကြောင့်ထိုင်သောအခါ ဒူးနှစ်ဖက်လုံးပေါ်မှာ တတောင်ဆစ်ကို တင်ထားပြီး လက်အုပ်ကို နဖူးပေါ်တင်ထားရန် ဖြစ်သည်။)

(၂) ကိုယ်ကို ရှေ့သို့ ညွတ်၍ လက်နှစ်ဖက်ကို ကြမ်းပြင်ပေါ်ချရန် (လက်ထိ ၂-ထိ)

(၃) လက်ချပြီး ဒူးနှစ်ဖက်ကို ကြမ်းပေါ်ချရန် (ခြေထိ ၂-ထိ) (နောက်ခြေနှစ်ဖက်ကို မကြွစေရ)

(၄) နောက်ဆုံး နဖူးချရန် (၁-ထိ) (ဒူးချပြီးနောက် ချထားသော လက်ကို ရှေ့သို့ အနည်းငယ်တိုး တံတောင်ဆစ်ပါ ချ၊ လက်ဝါးနှစ်ဖက်ကို နည်းနည်း ခွဲထားပြီး ထိုလက်နှစ်ဖက်ကြား၌ နဖူးနှင့် ကြမ်းပြင် ထိရန် ဖြစ်သည်) (လက်ဖမိုးပေါ်မှာ နဖူးမထိရ၊ သတိပြုရန်)

ဆောင်ရန်။ ။ ဆောင့်ကြောင့်ထိုင်၊ လက်ချ၊ ဒူးချ၊ နဖူးချ။

မြန်မာအမျိုးသမီးများမှာ ပုဆစ်တုတ် ထိုင်သောအခါ ဒူးနှင့်ခြေဖျားမှာ ထိပြီးသား ဖြစ်သည်။ ထို့ကြောင့် လက်ချ နဖူးချလိုက်လျှင် ထိခြင်း ငါးပါးဖြစ်သည်။ ထိခြင်း ငါးဖြာ ဝန္ဒနာ ပြည့်စုံပေသည်။

ထိခြင်းငါးပါး အနေအထားမှာ-

ခြေပိုင်း - ဒူးနှစ်ဖက်နှင့်ခြေဖျားနှစ်ဖက် တစ်သားတည်း ကြမ်းပေါ်ထိသည်၊

လက်ပိုင်း - တတောင်ဆစ်နှစ်ဖက်နှင့် လက်ဖဝါးနှစ်ဖက် ကြမ်းပေါ်ထိသည်။

ခေါင်းပိုင်း - နဖူးပြင် ကြမ်းပေါ်ထိသည်။

ဤ ဗုဒ္ဓဘာသာ ရှိခိုးနည်းသည် ရှင်းသည်။ မရှုပ်မ ပဋိပဒါကျသည်။ ပေါ့ပေါ့တန်တန်လည်း မဖြစ်၊ ရှုပ်ရှုပ်ထွေးထွေးလည်း မဖြစ်၊ အညံ့ခံ အရှုံးပေးတဲ့ သဘောမျိုးလည်း မရောက်။ ဂါရဝ-ရိုသေမှု၊ နိဝါတ-နှိမ့်ချမှု သရုပ်ဖော်ချက်သာ ဖြစ်သတည်း။ ။

## အခန်း (၄)

# ရှိခိုးပြီး ဘာလုပ်ရသလဲ

ဤတွင် ရှိခိုးပြီးနောက် (၁) ဆုတောင်းခြင်း
(၂) အမျှဝေခြင်း
(၃) နောက်ပိုင်း ဝမ်းမြောက်ခြင်း

ဟူသော ကိစ္စတို့ကို ဆက်လုပ်ရန် လိုပေသေးသည်။

ဆုတောင်းတယ်ဆိုသည်မှာ ကုသိုလ်ပြုသူ ကုသိုလ်ရှင်၏ တောင့်တချက်ပင် ဖြစ်၏။ ဤကုသိုလ်ကြောင့် သူ ဘာဖြစ်ချင်တယ်လို့ တောင့်တခြင်းကို "ဆုတောင်း တယ်"ဟု ခေါ်ပေသည်။ ကုန်တိုက်ကြီးတစ်တိုက်ထဲမှာ ပိုက်ဆံပေးပြီး မိမိလိုချင်သည့်ပစ္စည်းကို ရယူသည့်သဘောပင် ဖြစ်၏။ ဤသဘောကို ဆောင်သောကြောင့် ရှိခိုးပြီး (ဝါ)ကုသိုလ်ပြုပြီး ဆုတောင်းတာ တောင်းကောင်းပါသည်။

ကုသိုလ်ပြုလျှင် ကုသိုလ်၏ အကျိုးကို ရ၏။ ထိုရမည်ဖြစ်သောအကျိုးထဲက ဘာအကျိုးကို လိုချင်သည်ဟု ပြောတာဟာ ဆုတောင်းတာပါ။ ကုသိုလ်ပြုပြီး ဆုတောင်းတာ အရင်းမပါဘဲ သူတောင်းစား ပိုက်ဆံတောင်းတာမျိုး မဟုတ်ပေ။ ကိုယ့်ကုသိုလ်ရဲ့အကျိုး ကိုယ်တောင်းတာဖြစ်၍ တောင်းသင့်ပေ၏။

အထူးမှာ လောကီကုသိုလ်အကျိုးကို ဆုတောင်းလည်း ရ၏။ ဆုမတောင်းလည်း ရ၏။ မိမိလိုချင်တာကို ဆုတောင်းလျှင် ပို၍ ပြည့်စုံပေ၏။

သို့သော် မဂ် ဖိုလ် နိဗ္ဗာန် (ဗောဓိဉာဏ်)ကိုမူ ဆုမတောင်းဘဲ မရ။ ဆုတောင်းမှ (ဆုပန်မှ)ရသည်။ ဤအချက်ကို အလေးအနက် မှတ်သားအပ်၏။

ထိုကြောင့်ပင် ဗုဒ္ဓဘာသာတို့သည် ကုသိုလ်တစ်ခုခု ပြုလုပ်ပြီးနောက် နိဗ္ဗာန်ကို ဆုတောင်းကြခြင်း ဖြစ်ပေသည်။

**ဆုတောင်းမြဲဖို့ လိုသည်** အရှင် ကောဏ္ဍည အလောင်းတော် အကြောင်းကို လေ့လာရာတွင်–

(၁) ဦးဦးဖျားဖျား ဖြစ်ခြင်း
(၂) နိဗ္ဗာန်ဝင်စံခြင်း

ဟု နှစ်မျိုးတွေ့ရ၏။ သူဖြစ်ချင်သည်မှာ နိဗ္ဗာန်ရလို၏။ သို့သော် ဦးဦးဖျားဖျား ရချင်၏။ ဦးဦးဖျားဖျား ဖြစ်ချင်သည့် တောင့်တချက်(ဝါ) ဆန္ဒသည် ခိုင်မြဲ၏။ တစ်ဘဝမျှမက ဘဝတိုင်းလိုလို ဤတောင့်တချက်သည် ပါနေ၏။ တောင့်တချက် ခိုင်မြဲ၍လည်း သူ၏တောင့်တချက် ပြည့်စုံခြင်း ဖြစ်သည်ဟု ဆိုနိုင်၏။

ပြန်ချုပ်ကြည့်လျှင် ဆုတောင်းပါ၊ ဆုတောင်းမြဲပါ၊ ဖြစ်နိုင်သမျှ ကိုယ့်ဟာကိုယ် တိုတို ဆုတောင်းပါ။ ခမ်းကြီးနားကြီး လုပ်ရမည့် နေရာမျိုးကျတော့လည်း အစဉ်အလာအရ လုပ်ရန်ဖြစ်ပါ၏။

**ဆုတောင်း မမှားစေနှင့်** ဆုတောင်းလျှင် ပြည့်သည်ဟု ယုံကြည်ပြီးနောက် သတိပြုရဦးမည့် အချက်မှာ ဆုတောင်းမမှားရေးပင် ဖြစ်၏။ ဆုတောင်းမှားလျှင် ဒုက္ခများ၏။ စူဠသုဘဒ္ဒါ ဆုတောင်းမှား၍ ဆဒ္ဒန် ဆင်မင်း၏အစွယ်ကို ဖြတ်နိုင်သော်လည်း သူလည်း ရင်ကွဲနာကျ သေရရှာ၏။ ဥမ္မာဒန္တီအလောင်း ဆင်းရဲသူမလေး အလှဆုတောင်းလွန်သွား၍ သိဝိမင်းကြီး ဒုက္ခရောက်ရ၏။

သာဝတ္ထိမြို့မှ လင်တူမယားနှစ်ယောက်အနက် အမြုံမယားကြီးက နောက်မယား၏ကိုယ်ဝန်ကို ဖျက်ချသည့်အတွက် ကိုယ်ဝန်ပျက်ပြီး သေခါနီး “ငါသည် ဘီလူးမဖြစ်၍ နင့်ရဲ့သားသမီးကို စားနိုင်ပါစေ”ဟု ဆုတောင်းလိုက်၏။ ဤနောက် မယားငယ်က ကြောင်မ ဖြစ်။ အမြုံမယားကြီးက သေ၍ ကြက်မ ဖြစ်။ ကြောင်က ကြက်မ၏သားသမီးကို စား။ ကြက်မက ပြန်ဆုတောင်း။ ကျားသစ်မ ဖြစ်။ ကြောင်က သမင်မ ဖြစ်။ အစားခံရ။ (သမင်မွေးရင်း ကျားစားရင်း) သမင်မ အစားခံရ၍ သေခါနီး ဆုတောင်း။ ဘီလူးမ ဖြစ်။ ကျားသစ်မ သေပြီး လူမ ဖြစ်။ လူမက မွေးသည့်ကလေးကို ဘီလူးမက စား။ အာဃာတဆုတောင်းတွေ ပြည့်ပြီး ဒုက္ခပင်လယ်ဝေ ပတ်လည်ကြုံကြရသည်။

မြန်မာ့သမိုင်းတွင်လည်း ဘုရင် ရာဇာဓိရာဇ်၏ သား ဗောလောကျန်းဒေါ၊ အဘအပေါ် စိတ်နာ၍ သေခါနီးတွင် ရွှေမော်ဓောဘုရားမှာ လက်ကောက်၊

လက်စွပ်တန်ဆာများ လှူပြီး ငါသည် ဤဘ၀မှစ၍တေလျှင် တစ်ပြည်ထောင်သော မင်း၏သားဖြစ်၍ ငါ့အဘကို စစ်ပြုရလို၏ဟု ဆုတောင်းမှား၏။ သူ့ ဆုတောင်း ပြည့်၍ အင်း၀ဘုရင်သား မင်းရဲကျော်စွာ ဖြစ်လာပြီး ရာဇာဓိရာဇ်ကို စစ်ပြုနိုင် သည်ဟု ဆိုကြ၏။

ဤကိစ္စများကို ထောက်ထားပြီး ဆုတောင်းမမှားကြဖို့ အရေးကြီးပါ၏။ ဆုတောင်းမှန် ဆုတောင်းမြဲလျှင် ကောင်းကျိုးချမ်းသာ ဖြစ်ထွန်းကြမည်သာ ဖြစ်ကြောင်း ယုံကြည်အပ်ပေသတည်း။

**ဆုပေးခြင်း** အရှင်ကောဏ္ဍညအလောင်းသည် ပဒုမုတ္တရ ဘုရားရှင်ထံ ဆုတောင်း သောအခါ မြတ်စွာဘုရားက ဘာမိန့်တော်မူသလဲ၊ ဂေါတမဘုရား လက်ထက်တော်မှာ သင့် ဆုတောင်းပြည့်လိမ့်မည်ဟု မိန့်တော်မူ၏။ ရှင်ပစ္စေက ဗုဒ္ဓါထံ ဆုတောင်းလျှင် ပစ္စေကဗုဒ္ဓါက (ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေ၀ သမိဇ္ဈတု) သင်အလိုရှိတာ၊ တောင့်တတာ အမြန်ပြည့်စုံပါစေ ဟု မိန့်ကြားတော်မူ၏။

ယခုခေတ် သီလရှင်များ ဆုပေးသည်မှာ "မိမိကောင်းမှု အကြောင်းပြု တောင်းဆုပြည့်ပါစေ"ဟူ၍ ဖြစ်၏။ မိမိပြုသော ကောင်းမှုကြောင့် မိမိ တောင်းသော ဆု ပြည့်ပါစေ ဟု ဆိုလို၏။ အမှန်ဆုံး ဖြစ်ပါ၏။

ထို့ကြောင့် ဆုပေးသည်ဆိုရာ၌ သူတစ်ပါးက ပေး၍မရ၊ ကိုယ်ပြုသည့် ကုသိုလ်ကြောင့် ကိုယ်တောင်းသည့်ဆု ရသည်ဟု မှတ်ရန် ဖြစ်၏။

သို့သော် သိကြားမင်းက ဖုဿတီမိဖုရားအား ဆု(၁၀)ဆု ပေးကြောင်း ဝေဿန္တရာဇာတ်တော်၌ လာ၏။ ဤအချက်ထောက်ပါကလည်း ပေးနိုင်သော သူကပေးလျှင်လဲ ရနိုင်ကြောင်း ဖြည့်စွက်မှတ်သားရပေဦးမည်။

ဤတွင် အနှစ်သာရကို ရှာသော် ဆုပေးသူ၏ မေတ္တာ စေတနာအရေးကြီး ကြောင်း တွေ့ရပေသည်။ ဆုပေးသော လူကြီး မိဘ ဆရာသမားတို့သည် အများ အားဖြင့် ကိုယ်ကျင့်သီလ ရှိ၏။ ထိုသူတို့က မိမိအပေါ် ကြီးမားသော မေတ္တာ စိတ်ဖြင့် အသက်ရှည်ပါစေ၊ ဘေးအန္တရာယ်ကင်းပါစေ စသည်ဖြင့် မေတ္တာပြုခြင်း၊ မေတ္တာစကားပြောခြင်း(ဝါ) ဆုပေးခြင်းသည် စင်စစ် နှစ်သက်ဖွယ်ပင် ဖြစ်ပါ၏။

ထို့ပြင် မိမိအား ကန်တော့သူက ကန်တော့နေပါလျက် ကန်တော့ခံသူက ဘာမျှ မပြောဘဲ နှုတ်ပိတ်နေပါက မသင့်တော်ပေ၊ မေတ္တာစကား ပြောကြားခြင်း(ဝါ) ဆုပေးခြင်းသည် လွန်စွာသဘာ၀ကျပေ၏။ သီဟိုဠ်(သီရိလင်္ကာ)၊ လာ၊ ကမ္ဘော

ဒီ:ယား၊ ထိုင်း၊ ဗုဒ္ဓဘာသာ ရဟန်းတော်များသည် သူတို့အား ရှိခိုးကန်တော့သူများအား "သုခီ ဟောတု"ဟု ပြောမြဲဖြစ်၏။

အာဋာနာဋိယ ပရိတ်တော်၌-
သဗ္ဗီတိယော ဝိဝဇ္ဇန္တု၊ သောကော ရောဂေါ ဝိနဿတု၊
မာ တေ ဘဝတွ န္တရာယာ၊ သုခီ ဒီဃာယုကော ဘဝ၊

- အလုံးစုံသော ဘေးဥပါဒ်တွေ ရှောင်ကွင်းပါစေ၊ စိုးရိမ်ခြင်း၊ ရောဂါဝေဒနာဖြစ်ခြင်း ပျောက်ကင်းပါစေ၊ သင့်အား မည်သည့် ဘေးအန္တရာယ်မှ မဖြစ်ပါစေနှင့်။ ချမ်းသာပါစေ၊ အသက်ရှည်ပါစေ ဟု ဆုတောင်းပေးသည်ကို တွေ့ကြရမည် ဖြစ်၏။

ဤသို့ စပေါင်းဆင်ခြင်ပြီး-
(က) မိမိက ဆုပေးဖို့ ကြုံလျှင်လဲ မေတ္တာစိတ်ဖြင့် ဆုပေးသင့်ကြောင်း၊
(က) မိမိအား ဆုပေးလျှင်လည်း ယုံကြည်စွာ ခံယူသင့်ကြောင်း၊
မှတ်သားအပ်ပေသည်။

**အမျှဝေခြင်း** မိမိ ကုသိုလ်ပြု၍ ကုသိုလ်ရ၏။ ကုသိုလ်ရခြင်းသည် အဖိုးတန်ပစ္စည်းရဘိသကဲ့သို့ ဖြစ်၏။ ထို့ကြောင့် မိမိပစ္စည်းကို သူတစ်ပါးအား အလကား မပေးနိုင်သလို မိမိ ပြုလုပ်ရရှိသောကုသိုလ်ကိုလည်း သူတစ်ပါးအား မပေးချင်သူ၊ မပေးနိုင်သူများ ရှိခဲ့ဖူး၏။

ရှင်အနုရုဒ္ဓါ နစဉ်ဘဝ အန္နဘာရ ဆင်းရဲသားသည် မိမိအတွက် ဝေပုံကျထမင်းကို မစားဘဲ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား လောင်းလှူလိုက်၏။ ထို ကုသိုလ်ကို သူ၏သူဌေးကြီးက သူ့အား အမျှပေးရန် တောင်း၏။ မပေးချေ။ နောက်ပစ္စေကဗုဒ္ဓါက ဆီမီးကူးညှိသော ဥပမာဖြင့် အမျှပေး၍ မိမိမှာ ကုသိုလ်မလျော့ကြောင်း ဟောကြားမှ အမျှပေးဝေလေသည်။

မြတ်စွာဘုရားလက်ထက်က သူအိုမကြီးတစ်ဦးသည်လည်း ရှင်သာရိပုတ္တရာအား ဆွမ်းလှူ၍ ရသော ကုသိုလ်ကို မည်သူ့အားမျှ အမျှမပေးနိုင်ဘဲ တင်းခံနေ၍ မြတ်စွာဘုရားနှင့် ရှင်သာရိပုတ္တရာက သဘောပေါက်အောင် ဟောပြမှ အမျှဝေလေသည်။

ယခု မိမိတို့ဗုဒ္ဓဘာသာများမှာကား ဆရာသမားများ၏ သွန်သင် ဟောကြားချက်အရ ပတ္တိဒါန (မိမိအား ရောက်သော ရသော ကုသိုလ်ကို ပေးဝေခြင်း)အမှု

အမျှဝေခြင်း ပြုကြပါသည်။ သို့သော် အမျှဝေရာ၌ စိတ်ပါလက်ပါရှိဖို့ လိုပါ၏။ ဝတ်ကျေတန်းကျေ အပေါ်ယံ မဖြစ်စေဘဲ မိမိကဲ့သို့ပင် ရပါစေဟု မေတ္တာစိတ် ညွတ်ရ၏။ ထို့ကြောင့် အမျှဝေသောအခါ မျက်စိကို စုံမှိတ်ပြီး အာရုံဝင်စားကာ အမျှပေးသင့်ပါသည်။

အမျှဝေရာ၌ (၁) သေဆုံးပြီးသူများအား အမျှဝေခြင်း
(၂) သက်ရှိ ပုဂ္ဂိုလ်များအား အမျှဝေခြင်း

ဟု နှစ်မျိုးရှိ၏။

မိဘ ဘိုးဘွား ဆွေမျိုး ဉာတကာမှစ၍ သက်ရှိထင်ရှား မဟုတ်သူများ (မိဟောင်း၊ ဖဟောင်း၊ ဆွေဟောင်း၊ မျိုးဟောင်း၊ မိတ်ဟောင်း၊ ဆွေဟောင်းများ)အား ရည်စူး၍ အမျှပေးဝေခြင်းလည်း ပြုရာ၏။ ဤတွင် တိရောကုဋ္ဋသုတ် စသည် သက်သေ ရှိ၏။ သေပြီးသူများထဲမှ နတ်ဖြစ်နေသူ၊ ပြိတ္တာ ဖြစ်နေသူများသည် မိမိတို့ ပေးဝေသော အမျှကို လက်ခံ ရယူနိုင်ကြသည်။ သက်ရှိ အတူနေသူများမှကား မုချ အမျှယူနိုင်ကြသည်။

သူတစ်ပါးပေးသော ကုသိုလ်အမျှကို ဘယ်လိုရအောင် ယူရမည်လဲ။ ယူပုံမှာ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်း ဖြစ်၏။ ပတ္တာနုမောဒနာ=ရောက်လာသော ကုသိုလ်(မိမိအား အမျှပေးဝေသောကုသိုလ်)ကို ဝမ်းသာစွာ အနုမောဒနာပြုခြင်း ဖြစ်၏။ ဤသို့ တကယ်ဝမ်းသာပမ်းသာ သာဓုခေါ်လျှင် မူလကုသိုလ်ရှင်လိုပဲ မိမိလည်း ကုသိုလ်ရပေသည်။

သတိပြုရန်မှာ တကယ်စိတ်ထဲက ဝမ်းမသာဘဲ ဝတ်ကျေဝတ်ကုန် သာဓုခေါ်လျှင် သူပြုသောကုသိုလ် မိမိ ရမည် မဟုတ်။ အနုမောဒနာ(ဝမ်းသာ) မှသာ ကုသိုလ်ကူးစက်မည် ဖြစ်သည်။ စိတ်ထားအရေးကြီး၏။ စိတ်ထားအဆင့် မီမှသာ အကျိုးရှိမည် ဖြစ်ပေသည်။

**ဆက်လက် ဝမ်းသာခြင်း** မြတ်သောဝန္ဒနာပြုပြီးနောက် ပြန်လည် သတိရတိုင်း ဝမ်းသာလျှင် ထပ်ပြီး ကန်တော့သည်နှင့် တူ၏။ ကုသိုလ် ထပ်ရ၏။ ဤတွင် ခက်ခက်ခဲခဲသွားရသော ဘုရားများ၊ ထူးခြားကျော်ကြား သော ဆရာတော်ကြီးများအား ဖူးရလျှင် မိမိဖူးလိုက်ရတာကို ပီတိဖြစ်ကြပေ၏။

ဗုဒ္ဓဂါယာ သွားပြီး အပရာဇိတပလ္လင်တော်နှင့် ဗောဓိပင်ကို ဖူးရခြင်း စသည်ဖြင့် အထိကရ စေတီပုထိုးများကို ရှိခိုးပူဇော်ကန်တော့ရပြီးနောက် တစ်သက်

မမေ့အောင် ဖွဲ့နေတတ်၏။ သတိရတိုင်း ပြန်ဖူးရသလို ကုသိုလ်ရကြောင်း သိအပ်ပေ၏။ ဝေဘူဆရာတော်လို ဆရာတော်မျိုး ဖူးခွင့်ကြုံ၍ ဖူးရသူများလည်း မိမိဝေဘူဆရာတော်ကြီးကို ဖူးလိုက်ရသည်ဟု ဂုဏ်ယူဝမ်းမြောက်ပေ၏။

ဤကဲ့သို့ ပြန်လည် သတိရ ဝမ်းမြောက်ခြင်းသည် "ဥပ္ပန္နာနံ ကုသလာနံ ဘိယျော ဘာဝါယ ဝါယာမော"(ဖြစ်ပြီးသောကုသိုလ်တို့ကို တိုးပွားအောင် လုံ့လပြုခြင်း) ဆိုသည့် သမ္မပဓာန် ကုသိုလ်ဖြစ်သည်ဟု အလေးအနက် သိရှိနားလည်ပြီး အချိန်ရတိုင်း မြတ်သောဝန္ဒနာကို ပြန်လည် သတိတရ ရှိကြပါစေ။ ဝမ်းသာပီတိ ချမ်းသာပကတိ ရှိကြပါစေဟု မေတ္တာပြုအပ်ပါသတည်း။

# အခန်း (၅)

# ဘုရားအာရုံပြုနည်း

**(က) ဘုရားဂုဏ်တော် ၉–ပါး တစ်ပါးစီဖြင့် အာရုံပြုနည်း** ဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြုလျက် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပွားများရာ၌ ရှေးဦးပထမ သမာဓိမရသေးခင် ဂုဏ်တော်တစ်ပါးတည်းကိုသာ စွဲ၍ အထပ်ထပ်အာရုံပြုနေလျှင် ပျော်မွေ့ဖွယ် ကောင်းသော်လည်း ကျဉ်းမြောင်းသော ဥယျာဉ်တွင် ကြာရှည်စွာ မကြည့်ချင်သကဲ့သို့ ထိုဂုဏ်တော်တစ်ပါးတည်း၌ စိတ်အစဉ် မပျော်မွေ့ဘဲ ပျံ့လွင့်နေတတ်ပါသည်။

ဂုဏ်တော်ကိုးပါးကို တစ်ပါးနှင့် တစ်ပါး ဆက်သွယ်လျက် လွှဲကာဖယ်ကာ အာရုံပြုနေရသောအခါ သိသာကျယ်ဝန်း၍ ပန်းမျိုးစုံသော ဥယျာဉ်ကြီးတွင် ပျော်ပြီးရင်း ပျော်ရင်း ဖြစ်သကဲ့သို့ ထိုဘုရားဂုဏ်တော်ကို အာရုံပြုသူတို့၏ စိတ်ဓာတ်လည်း မပြတ်ကြည်နူးချမ်းမြေ့ရုံသာမက အတော်ကြာလျှင် ဂုဏ်တော်တစ်ပါးပါး၌ သမာဓိ စူးစိုက်လာလိမ့်မည်။

ထို့ကြောင့် ဤနည်းအတိုင်းပင် ဘုရားရှင် ဂုဏ်တော်များကို ဆက်သွယ်၍ အာရုံပြုလိုကြသော အမျိုးသား၊ အမျိုးသမီးတို့သည် ရှေးဦးစွာ မိမိ၏ သီလကို ငါးပါးဖြစ်စေ၊ ရှစ်ပါးဖြစ်စေ၊ ဆယ်ပါးဖြစ်စေ အထူးလုံခြုံစွာ ရှိစေရမည်။ ထို့နောက် ဆိတ်ငြိမ်သောအရပ်ကို ရစေရမည်။ မိမိ၏အိမ်မှာ ဖြစ်လျှင်လည်း အားလုံး တိတ်ဆိတ်သောအခါ ဖြစ်စေရမည်။ ရပ်ပွားတော်၊ စေတီတော် အနီးအပါးဖြစ်လျှင်လည်း ပွဲလမ်းအခါ မဟုတ်ဘဲ ဆိတ်ငြိမ်သောအခါ ဖြစ်စေရမည်။ သို့သော် အမျိုးသမီးဖြစ်လျှင် မည်သည့်နည်းနှင့်မျှ ယုံကြည် စိတ်ချလောက်သော အဖော်မပါဘဲ စေတီရပ်ပွားအနီး သို့မဟုတ် တောတောင် ပိတ်ပေါင်း ကမ္မဋ္ဌာန်းကျောင်းတို့၌ နေထိုင်၍ အာရုံမပြုသင့်ပါ။ အရပ်ရပ် အပြစ်ကင်းသော နေရာကောင်း

ကို ရွေးချယ်ပြီးနောက် တကယ့်ယောဂီစိတ်ကို ရောက်စေလျက် မိမိ၏ ရှေ့မှောက်၌ ဘုရားရှင် ရောက်တော်မူနေသကဲ့သို့ ထင်မြင်စေကာ ဖော်ပြလတ္တံ့ပါအတိုင်း အာရုံပြုရပါမည်–

**(၁) အရဟံဂုဏ်တော်။** ။ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်တော်၊ ဒိဗ္ဗစက္ခု ဉာဏ်တော်၊ "အာသဝက္ခယ"ခေါ် အရဟတ္တ မဂ်ဉာဏ်တော်များကြောင့် ဘုရား၏ စိတ်တော်အစဉ်သည် ကိလေသာ အနောက်အကျူမှ ကင်းစင်သဖြင့် အမြဲကြည်လင်တော်မူပါသည်။

**(၂) သမ္မာသမ္ဗုဒ္ဓဂုဏ်တော်။** ။ ထိုကဲ့သို့ ကြည်လင်သော စိတ်တော်အစဉ်ဝယ် တွဲယှဉ်၍ မကြာမကြာ ဖြစ်ပေါ်လာသော ဉာဏ်တော်ကား သိဖွယ်ဟူသမျှကို တစ်စွန်းတစ်စ မကျန်အောင် လုံးဝကုန်စင် သိမြင်တော်မူနိုင်ပါသည်။

**(၃) ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်တော်။** ။ ပါရမီပြည့်၍ ဘုရားဖြစ်တော့မည့်ဘဝ၌ သီလစောင့်ခြင်း၊ ဣန္ဒြေစောင့်ခြင်း စသော ကိုယ်ကျင့်တရား စရဏ တစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူရကား ဘုရားမဖြစ်မီ ကဆုန်လပြည့် ညဉ့်ဦးယံဝယ် ရှေးဖြစ်ဟောင်းကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်တော်၊ သန်းခေါင်ယံဝယ် နတ်ပြဟ္မာ လောကရှိသတ္တဝါများနှင့် ငရဲ၊ ပြိတ္တာ သတ္တဝါ ဟူသမျှကို မြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်တော် မိုးသောက်ယံဝယ် ကိုယ်တော်၏ သန္တာန်၌ ကိလေသာ ဓာတ်ခိုးဓာတ်ငွေ့များ လုံးဝခြောက်ခန်းစေနိုင်သော "အာသဝက္ခယ" ခေါ် အရဟတ္တမဂ် ဉာဏ်တော်ဟူသော ဉာဏ်တော်ကြီးများ အဆင့်ဆင့် ပေါ်ပေါက်လာပါသည်။

**(၄) သုဂတဂုဏ်တော်။** ။ အသက်ပေါင်းများစွာနှင့် စည်းစိမ်ပေါင်းများစွာတို့ကို စွန့်တော်မူလျက် သတိကြီးစွာ ထားပြီးလျှင် အမှားမရှိအောင် ဉာဏ်ဖြင့် ရှောင်၍ ပါရမီတော်များကို ဖြည့်ကာ ဖြည့်ကာဖြင့် နိဗ္ဗာန်သို့သာ ကောင်းစွာ ကြွတော်မူခဲ့ပါသည်။

**(၅) လောကဝိဒူဂုဏ်တော်။** ။ ကြီးကျယ်သော ဉာဏ်တော်ကြီးက စိတ်တော်အစဉ်ဝယ် တွဲယှဉ်၍ ပါဝင်သောကြောင့် ရှင်တော်မြတ်ဘုရားသည် ကမ္ဘာလောကဓာတ် အရပ်ရပ်ကို လည်းကောင်း၊ သတ္တဝါအနန္တကိုလည်းကောင်း၊ ရုပ်နာမ်မဓမ္မ သင်္ခါရလောကကိုလည်းကောင်း သိမြင်တော်မူပါသည်။

**(၆) အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်။** ။ သတ္တလောက (သတ္တဝါ ဟူသမျှ)၏ လိုအင်ဆန္ဒနှင့် သဒ္ဒါ၊ ပညာစသော ဣန္ဒြေတို့၏ အနုအရင့်တို့ကို နှိုင်းချင့်ခွဲခြမ်း သိစွမ်းတော်မူရကား ထိုသတ္တဝါအများ၏ အလိုကျအောင် သင့်လျော်သော တရားတော်ကို ဟောပြောပြသ ဆုံးမတော်မူနိုင်ပါသည်။

**(၇) သတ္ထာ ဒေဝ မနုဿာနံဂုဏ်တော်။** ။ ထိုကဲ့သို့ မိမိတို့အလိုလိုက်၍ အကြိုက် ကျအောင် ဟောပြောဆုံးမတော်မူ သော ဘုရားရှင်ကို ဆရာမတင်လျှင် ဘယ်လို ပုဂ္ဂိုလ်မျိုးကို ဆရာတင်တော့မည်နည်း။ ဘုရားရှင်သည်သာ မိမိတို့၏ ဆရာစင်စစ် ဖြစ်တော်မူပါပေသည်။

**(၈) ဗုဒ္ဓဂုဏ်တော်။** ။ ဘုရားရှင်သည် အလောင်းတော်သုမေဓာဘဝက ဒီပင်္ကရာ ဘုရားရှင်ကို ဖူးတွေ့ခါစဉ် သတ္တဝါတို့ကို ကယ်တင်လိုသော ဆန္ဒတော် ပြင်းပြလှသဖြင့် "ဗုဒ္ဓေါ=ကိုယ်တိုင် သစ္စာလေးပါးကို သိရသောအခါဝယ်၊ ဗောဓေယျံ= သတ္တဝါတို့ကိုလည်း သိစေတော်မူမည်"ဟု ဓိဋ္ဌာန်တော်မူခဲ့သည်။

**(၉) ဘဂဝါဂုဏ်တော်။** ။ ထိုကဲ့သို့ လူရော နတ်ပါ ဗြဟ္မာမလပ် အရပ်ရပ်ဆုံးမ၍ ယဉ်ကျေးကြသော သတ္တဝါတို့၏ တစ်ပါးတည်းသာ ဖြစ် သော ဆရာသခင် ဘုရားရှင်၏ ဘုန်းတော်၊ ဉာဏ်တော်၊ ကျက်သရေတော်၊ တန်ခိုးကြီးမားပုံကို အာရုံပြု၍ ကုန်နိုင်ဖွယ် မရှိတော့ပြီတကား။

ထိုမျှလောက် ထူးခြားသော ဘုရားရှင်ကို ကိုးကွယ် ဆည်းကပ်မိကြသည်မှာ မိမိတို့ ရေးကံကောင်းလှပေပြီ။ ထိုဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြုနေရ၊ အောက်မေ့နေရသည်မှာ စိတ်ရောကိုယ်ပါ ချမ်းသာလှပါပေ၏။ ဘုရားရှင်ကို ရည်မှန်းလျက် လှူဒါန်းပူဇော်နေရသည်မှာ အကျိုးကြီးမားလှပေ၏။ ထိုဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြုလိုက်ရလျှင် မိမိသန္တာန်မှာ ကိလေသာ အနှောက်အယှက်ကို ကင်းဝေးစေလျက် ကုသိုလ်စိတ်တွေ များလှသောကြောင့် အထပ်ထပ် အာရုံပြုနေပါမူ ကိလေသာတွေ နည်းပါးသည်ထက် နည်းပါးပေလိမ့်မည်။ လုံးဝလွတ်လပ်ခွင့်မရ သေးသော အိမ်ရှင်တို့ကား အလုပ်ကိစ္စအားလပ်တိုင်းမှာပင် သန့်ရှင်းသောအဝတ် ကို ဝတ်ပြီးလျှင် ဘုရားရှင်ရှေ့ထံတော်မှာ ဖြစ်စေ၊ သို့မဟုတ် ဆိတ်ငြိမ်သော အိမ်ခန်းမှာဖြစ်စေ ငြိမ်သက်စွာနေလျက် ဘုရားဂုဏ်တော်များကို အထပ်ထပ်အာရုံပြု ကြပါလေ။ အာရုံမပြုတတ်သေးပါလျှင် ဂုဏ်တော်ကိုးပါး အာရုံပြုနည်းကို ကြည့်ရှု ဖတ်နေကြပါကုန်။ လူမှုရေး ကိစ္စများလှ၍ အချိန်မရလျှင်လည်း ဂုဏ်တော်တစ်ပါးကို

စိတ်ထဲမှာစွဲ၍ အလုပ်လုပ်ရင်း အာရုံပြုနေပါလျှင် လောကသံသရာ နှစ်ဖြာသော အကျိုးစီးပွားများကို ရနိုင်ပါသည်။

**ဂုဏ်တော်ကို အာရုံပြု၍ အကျိုးရသော မိဖုရားစောလုံဝတ္ထု** ပုဂံပြည် နရသီဟပတေ့မင်း၏ "စောလုံ" မည်သော မိဖုရားသည် အပြစ်ကင်း၍ ကောင်းခြင်းအင်္ဂါ လက္ခဏာအသွင်အပြင်နှင့် ပြည့်စုံသောကြောင့် မိဖုရားအများတွင် ဘုရင် အမြတ်နိုးဆုံး မိဖုရားတစ်ဦးပေတည်း။ ထိုမင်းသည် နွေလအခါဝယ် ဧရာဝတီမြစ်ကမ်းတွင် စံနန်းတော်တည်၍ မောင်းမမိဿံ အခြွေအရံများနှင့် အတူ ရေကစားတော်မူမြဲဖြစ်၏။ အခါတစ်ပါးဝယ် မိဖုရား စောလုံကို ကျီစယ်လိုသဖြင့် မျက်နှာ၊ ဆံပင်ပါမကျန် တစ်ကိုယ်လုံး ရွှဲရွှဲစိုအောင် ရေဖြင့် ပက်စေတော်မူသည်။

စောလုံမိဖုရားသည် ကျီစယ်သည်ကို အပြစ်ဟု ထင်မှား၍ ရန်ငြိုးထားပြီးလျှင် မိန်းမတို့ဓမ္မတာ သာမန်အပြစ်မျိုးဖြင့် အငြိုးကြီးတတ်သည်အားလျော်စွာ အနာကြီးနာသောကြောင့် စားတော်ပွဲတွင် အဆိပ်ခတ်၍ ဆက်သစေလေသည်။ ဘုရင်မင်းလည်း ပွဲတော် မတည်သေးဘဲ ခွေးကို ကျွေးစေရာတွင် တစ်ခဏချင်း ခွေးသေသည်ကို မြင်၍ ပွဲတော်ဆက်သူကို စစ်ဆေးသောအခါ မိဖုရား စောလုံအပေါ် ကျရောက်၏။ မိဖုရားကို စစ်ဆေးပြန်ရာ" မိမိကို တစ်ကိုယ်လုံး စိုအောင် ရေပက်စေလျက် အရှက်ခွဲသောကြောင့် မကျေနပ်သည့်အတွက် အသက်ကို လုပ်ကြံကြောင်း"ဟု ပြတ်တောင်းတောင်း ခပ်မာမာနှင့် သံတော်ဦးတင်သဖြင့် မင်းတို့မျက်စောင်း အကြောင်းမရွေးတတ်သည်အတိုင်း ဆိုင်းငံ့စဉ်းစားခြင်းမရှိ၊ အမြတ်နိုးဆုံးမိဖုရားကိုပင် ထောက်ထားတော်မမူဘဲ ပန်းပဲသမားကို ခေါ် သံကျပ်စင်(ကျပ်ခိုးစင်)ကို လုပ်စေပြီးလျှင် "မီးရဲရဲညီးသော ကျပ်စင်ပေါ်တင်၍ သတ်စေ"ဟု အမိန့်ချမှတ်သည်။

စောလုံမိဖုရားလည်း ပန်းပဲသမားကို ရွှေငွေများစွာပေး၍ ခုနစ်ရက်ကြာအောင် ကျပ်စင်ကို ပြုလုပ်စေပြီးလျှင် တရားနာ၍ နေ့ရောညဉ့်ပါ သီလကို ဆောက်တည်ပြီး ၇–ရက်ပတ်လုံး ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များကို ရွတ်ဖတ်အာရုံပြု၍ နေလျက် ၇–ရက်စေ့သောအခါ မီးရဲရဲညီးသော သံကျပ်စင်ထက်သို့ မကြောက်မရွံ့တက်လေရာ အလွန် အေးမြမွှေးကြိုင်လှသော ဂေါသီတာစန္ဒကူးကို ထည့်ခတ်လိုက်သလို တစ်ခါတည်း မီးငြိမ်း၍ သွားလေသည်။

ဤနည်းအတိုင်း ရတနာသုံးပါး၏ ဂုဏ်တော်များကို အာရုံပြုနေမှုကြောင့် သုံးကြိမ်တိုင်အောင် ထပ်ခါထပ်ခါ မိးငြိမ်းပြီးနောက် "ချမ်းသာခွင့်ရမည် မဟုတ်လျှင် တစ်ခဏချင်း လောင်ကျွမ်းစေတော့"ဟု စိတ်ကိုလျှော့ချ အဓိဋ္ဌာန်သည့် အခါကျမှ တစ်ခဏချင်း ကွယ်ပျောက်ရရှာလေသည်။ မိဖုရားမရှိသည့်နောက် ဘုရင်လည်း စက်တော်ခေါ်ရာ၌ ကယောင်ကတမ်း ဖြစ်ပြီးလျှင် မိဖုရားကို တမ်းတ၍ နေရစ်ရှာလေသတည်း။

(ဤဝတ္ထု၌ ရာဇဝင်ဆရာတို့ယူပုံနှင့် အနည်းငယ်ကွဲလွဲ၏။
တွေ့ဖူးသော စာအတိုင်း ရေးသားလိုက်သည်။)

**အထူးသတိပေးချက်** ဤပြဆိုခဲ့ပြီးသော စကားအစဉ်ဖြင့် ဘုရားရှင်နှင့်စပ်၍ တတ်သိ နားလည်ထိုက်သော အချက်များကို အထိုက်အလျောက် နားလည်သဘောပေါက်လောက်ပေပြီ။ ဗုဒ္ဓဘာသာဝင်တို့သည်သက်တော်ထင်ရှား ဘုရားရှင်ကို ရည်မှန်းလျက် (ဝါ) အာရုံပြုလျက် ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ နံ့သာတိုင် စသည်တို့ကို ပူဇော်လေ့ ရှိကြ၏။ ထိုသို့ ပူဇော်ရာ၌ ဝတ်ကျေတမ်းကျေ အိမ်နီးချင်း ရှိသေရုံ သဘောမထားဘဲ ရုပ်ပုံတော်၊ စေတီတော်ကို ပူဇော်သောအခါ ဘုရားကျောင်းတော်ကို သွား၍ သက်တော်ထင်ရှား ရှင်တော်ဘုရားအား လှူဒါန်းပူဇော်သကဲ့သို့ စိတ်ထဲ၌ ထင်ယောင်မြင်ယောင် ဖြစ်လာအောင် ပူဇော်ရာ၏။ ထိုသို့ပူဇော်ရာဝယ် ဆွမ်းကို နေလွဲသောအခါ ပူဇော်လျှင် အပြစ်တင်လေ့ရှိသကဲ့သို့ ထို့အတူ မှောင်သောအခါ မှောင်သောနေရာ မဟုတ်ဘဲ "နေ့လယ်ကြောင်တောင်အခါ ဆီမီးပူဇော်မှုကို ပြုသင့်သည်"ဟု မထင်ပေ။

ထို့ပြင် ရုပ်ပွားတော်တည်ရာ ဂူ, လိုဏ်, အာရုံခံတန်ဆောင်း, စေတီရင်ပြင်တော် စသည်၌ ဖယောင်းစက်တွေ ဗလပွေကျအောင် ပူဇော်မှု၊ ပန်းတွေကို ဖရိုဖရဲ ပစ်ထားခဲ့မှု၊ ရေတွေ ပုပ်နံအောင် ရက်ရှည်လများ ထားမှုကို ယခုအခါ တန်ခိုးကြီးသော ဘုရားတိုင်းမှာပင် တွေ့မြင်ရ၏။ ထိုအမှုများကို မိမိတို့အိမ်မှာ ပြုလျှင် ကျေနပ်နိုင်ကြမည်မဟုတ်ဘဲ ဘယ့်အတွက် ဘုရားနှင့်စပ်သော အဆောက်အအုံမှ ပြုဝံ့ကြ၊ ပြုရက်ကြပါလိမ့်မည်နည်း။ ထို့ကြောင့် ပန်း၊ ဆီးမီး စသည်ကို ပူဇော်ရာ၌ မညစ်မပေစေဘဲ ဖူးမြင်သူ လူအများတို့ သဒ္ဓါတိုးပွားအောင် သားနားသပ်ရပ်စွာ ပူဇော်ကြမှသာ နောင်သံသရာ၌ အကျိုးပေး စင်ကြယ်နိုင်ပါသည်။

ထို့ပြင် ဘုရားနှင့်စပ်သော အဆောက်အအုံများ၌လည်း ခမ်းနား သပ်ရပ်သော ဝတ္ထုမှတစ်ပါး တိုလီမုတ်စ၊ မလှပသော ပစ္စည်းဝတ္ထု မရှိမှသာ ပို၍ ကျက်သရေ ရှိရာ ရောက်သောကြောင့် တစ်ယောက်တည်း မတတ်နိုင်လျှင် လူ

အများ စုပေါင်း၍ ကြီးကျယ်ခမ်းနားသော ဘုရား၊ ကျောင်း၊ စေတီတော် စသည်များကိုသာ တည်ထားကိုးကွယ်ခြင်း၊ ကြည်ညိုဖွယ်မဖြစ်လောက်အောင် ပျက်စီးယိုယွင်းနေသော ဘုရား၊ ကျောင်း စသည်များကို စုပေါင်းပြုပြင်ခြင်း၊ ရှိပြီးနေရာများ၌ နောက်ထပ် တည်ထားမည့်အစား မရှိသေးသော နေရာဝယ် တည်ထားကိုးကွယ်ခြင်း စသည်တို့ဖြင့် အရှည်ကို မြင်မြော်၍ ပူဇော်ကိုးကွယ်သင့်ကြသည်။

**အမှာ** ယခုအခါ တချို့ကိုးကွယ်ပုံမှာ မိမိအတွက် ကုသိုလ်ရမှု တစ်ခုတည်းကိုသာ ရည်ရွယ်ဟန်တူ၏။ ဘာသာ၊ သာသနာ အသရေရှိမှုကို ရည်ရွယ်ဟန်မတူ။

ထို့ကြောင့် ထိုသူ၏ အလှူဝတ္ထု ပူဇော်ကိုးကွယ်မှုအတွက် အမျိုး၊ ဘာသာ၊ သာသနာမှာ ဂုဏ်မတက်ဘဲ ဂုဏ်ပျက်ရလေသည်။ ယခုခေတ်သည် သူတစ်ပါးအလုပ်ကို ဝေဖန်ကြသော ခေတ် ဖြစ်၏။

ထို့ကြောင့် အမျိုး၊ ဘာသာ သာသနာကို မညှိုးနွမ်းရအောင် ဝေဖန်ခံနိုင်အောင် စောင့်စည်းထိန်းသိမ်းသင့်ပါကြောင်း တိုက်တွန်းအပ်ပေသည်။

**(ခ) အားတော်ဆယ်ပါးနှင့် ဉာဏ်တော် ဆယ်ပါးဖြင့် အာရုံပြုနည်း** မြတ်ဗုဒ္ဓသည် လူသား စင်စစ်ဖြစ်သော်လည်း သာမန်လူသား မဟုတ်။ တုနှိုင်း၍ မရသော မဟာလူသားပေတည်း။ အဘယ့်ကြောင့် တိုသို့ ဆိုရသနည်း။ မြတ်ဗုဒ္ဓ၏ အားတော်၊ ဉာဏ်တော်တို့သည် သာမန်လူသားတို့၏ အား, ဉာဏ်နှင့် မတူသောကြောင့်ပေတည်း၊ မြတ်ဗုဒ္ဓကို အာရုံပြု ကြည်ညိုလျှင် ထိုအားတော်၊ ဉာဏ်တော်တို့ကို အာရုံပြုကြည်ညိုမှ ပိုမိုအနှစ်သာရ ပြည့်စုံမည် ဖြစ်ပေသည်။

မြတ်ဗုဒ္ဓတွင် ကာယဗလဘက်၌ အားတော် ဆယ်ပါးရှိ၏။ ယင်းအားတော်တို့ကို ဆင်ဆယ်မျိုးဖြင့် နှိုင်းယှဉ်ဖော်ပြမှ ပေါ်လွင်ထင်ရှား သိသာပေမည်။

(၁) ပကတိလူ ၁၀–ယောက်၏ အားသည် ကာဠာဝကမည်သော ဆင်မည်းတစ်ကောင်၏ အားနှင့် ညီမျှ၏။

(၂) ထိုကာဠာဝကဆင် ၁၀–ကောင်၏ အားသည် ဂင်္ဂေယျဆင် တစ်ကောင်၏ အားနှင့် ညီမျှ၏။

(၃) ထိုဂင်္ဂေယျဆင် ၁၀–ကောင်၏ အားသည် ဖျော့တော့သော အဆင်းရှိသည့် ပဏ္ဍရဆင်တစ်ကောင်၏ အားနှင့် ညီမျှ၏။

(၄) ထိုပဏ္ဍရဆင် ၁၀–ကောင်၏အားသည် ကြေးနီရောင် အဆင်းရှိသည့် တမ္ဗဆင်တစ်ကောင်၏ အားနှင့် ညီမျှ၏။

(၅) ထိုတမ္ဗဆင် ၁၀–ကောင်၏ အားသည် ကြောင်သော အဆင်းရှိသည့် ပိင်္ဂလဆင်တစ်ကောင်၏ အားနှင့် ညီမျှ၏။

(၆) ထိုပိင်္ဂလဆင် ၁၀–ကောင်၏ အားသည် အနံ့မွှေးသော ဂန္ဓဆင်တစ်ကောင်၏ အားနှင့် ညီမျှ၏။

(၇) ထိုဂန္ဓဆင် ၁၀–ကောင်၏ အားသည် တင့်တယ်စွာ သွားတတ်သော မင်္ဂလဆင်တစ်ကောင်၏ အားနှင့် ညီမျှ၏။

(၈) ထိုမင်္ဂလဆင် ၁၀–ကောင်၏အားသည် ရွှေရောင်အဆင်းရှိသော ဟေမဆင် တစ်ကောင်၏အားနှင့် ညီမျှ၏။

(၉) ထိုဟေမဆင် ၁၀–ကောင်၏ အားသည် ကောင်းကင်ပျံဆင်ဖြူမျိုးဖြစ်သော ဥပေါသထဆင်တစ်ကောင်၏ အားနှင့် ညီမျှ၏။

(၁၀) ထိုဥပေါသထဆင် ၁၀–ကောင်၏ အားသည် အစွယ်မှ အရောင်ခြောက်မျိုး ထွက်သော ဆဒ္ဒန်ဆင်ဖြူတော်တစ်ကောင်၏ အားနှင့် ညီမျှ၏။

မြတ်ဗုဒ္ဓ၏အားတော်ကား ဆဒ္ဒန်ဆင် ၁၀–စီးအား ရှိတော်မူ၏။

ကာဠာဝကဆင်၏အားနှင့် နှိုင်းယှဉ်ဖော်ပြရလျှင် မြတ်ဗုဒ္ဓ၏ အားတော်သည် ကာဠာဝကဆင်ကုဋေတစ်ထောင်၏ အားနှင့် ညီမျှလေသည်။ ပကတိလူ၏ အားနှင့် နှိုင်းယှဉ်ဖော်ပြရလျှင်မူ ပကတိလူပေါင်း ကုဋေတစ်သောင်း၏ အားနှင့် ညီမျှကြောင်း သိရှိမှတ်သားနိုင်ပေသည်။

**မြတ်ဗုဒ္ဓ၏အားတော်ကို ဆင် ၁၀–မျိုးဖြင့် အဆင့်ဆင့် တွက်ချက်ပုံ**

| | |
|---|---|
| ဆဒ္ဒန်ဆင် | ၁ |
| ပေါသထဆင် | ၁၀ |
| ဟေမဆင် | ၁၀၀ |
| မင်္ဂလဆင် | ၁၀၀၀ |
| ဂန္ဓဆင် | ၁၀၀၀၀ |
| ပိင်္ဂလဆင် | ၁၀၀၀၀၀ |

| | |
|---|---|
| တမ္ဗဆင် | ၁၀၀၀၀၀၀ |
| ပဏ္ဍရဆင် | ၁၀၀၀၀၀၀၀ |
| ဂင်္ဂေယျဆင် | ၁၀၀၀၀၀၀၀၀ |
| ကာဠာဝကဆင် | ၁၀၀၀၀၀၀၀၀၀ |
| ပကတိလူ | ၁၀၀၀၀၀၀၀၀၀၀ |
| ဆဒ္ဒန်ဆင် ၁၀–ကောင်မှာ | ကာဠာဝကဆင် ၁၀၀၀,၀၀၀၀၀၀၀ |
| ဆဒ္ဒန်ဆင် ၁၀–ကောင်မှာ | ပကတိလူ ၁၀၀၀၀,၀၀၀၀၀၀၀ |
| မြတ်ဗုဒ္ဓ၏ အားတော်မှာ = | ကာဠာဝကဆင် ကုဋေတစ်ထောင်။ |
| မြတ်ဗုဒ္ဓ၏ အားတော်မှာ = | ပကတိလူ ကုဋေတစ်သောင်း။ |

ထို့ကြောင့် မြတ်ဗုဒ္ဓ၏အားတော်သည် သာမန်အား မဟုတ်ပေ။ သုံးလောကတွင် တုနှိုင်းမဲ့ ခွန်အားဗလရှင် ဖြစ်တော်မူပေသည်။ မည်သူမျှ မတုနိုင်၊ မတုပနိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ပေသည်။ ထို့ကြောင့်ပင် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်ခြင်း ဖြစ်ပေသည်။

မြတ်ဗုဒ္ဓသည် ကာယဗလ (ကိုယ်အား)တော် ရှုထောင့်မှသာ တုနှိုင်းမဲ့ ပုဂ္ဂိုလ် ဖြစ်တော်မူသည် မဟုတ်။ ဉာဏ်တော် ရှုထောင့်မှ ကြည့်လျှင်လည်း သုံးလောကတွင် တုမမြင် နှိုင်းမရအောင် အထူးမြတ်ဆုံး ပုဂ္ဂိုလ် ဖြစ်တော်မူပေသည်။ မည်သူတွေ ဉာဏ်ဘယ်လောက်ကောင်းကောင်း၊ ဉာဏ်ဘယ်လောက်ထက်ထက် မြတ်ဗုဒ္ဓ၏ဉာဏ်တော်ကိုကား လိုက်၍ မမီနိုင်ပါပေ။

မြတ်ဗုဒ္ဓ ဉာဏ်တော် ၁၀–ပါးရှိ၏။ ယင်းတို့ကား–

(၁) အကြောင်းဟုတ်၊ မဟုတ်ကို သိသောဉာဏ်တော် (ဌာနာဌာန ကောသလ္လဉာဏ်)၊

(၂) ကောင်းကျိုး၊ မကောင်းကျိုးကို သိသောဉာဏ်တော် (ဝိပါကဉာဏ်)၊

(၃) သတ္တဝါတို့လားရာ ရောက်ရာကို သိသောဉာဏ်တော် (သဗ္ဗတ္ထ ဂါမိနီ ပဋိပဒါဉာဏ်)၊

(၄) အထူးထူးသော ဓာတ်သဘောတို့ကို သိသောဉာဏ်တော် (အနေက ဓာတု နာနာဓာတုဉာဏ်)၊

(၅) သတ္တဝါတို့၏အလိုဆန္ဒအားလုံးကို သိသော ဉာဏ်တော် (နာနာ ဓိမုတ္တိကဉာဏ်)၊

(၆) လူတို့၏ ဣန္ဒြေအနုအရင့်ကို သိသောဉာဏ်တော် (ဣန္ဒြိယပရော ပရိယတ္တဉာဏ်)

(၇) ဈာန်၊ ဝိမောက္ခ၊ သမာဓိ၊ သမာပတ် စသည်တို့၏ ညစ်ညူးကြောင်း ကို သိသောဉာဏ်တော် (ဈာနဝိမောက္ခသမာဓိ သမာပတ္တိဉာဏ်)၊

(၈) ရှေးဖြစ်ဟောင်း ဘဝခန္ဓာစဉ်ကို သိသောဉာဏ်တော် (ပုဗ္ဗေနိဝါ သာနုဿတိဉာဏ်)

(၉) သတ္တဝါတို့၏စုတေခြင်း၊ ပဋိသန္ဓေနေခြင်းတို့ကို သိသော ဉာဏ် တော် (စုတူပပါတဉာဏ်၊ သို့မဟုတ် ဒိဗ္ဗစက္ခုဉာဏ်)

(၁၀) အာသဝေါတရားတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော ဉာဏ်တော် (အာသဝက္ခယဉာဏ်)–

ဟူ၍ဖြစ်ပါသည်။

**ဉာဏ်တော်များကို အသုံးပြုတော်မူပုံ** မြတ်ဗုဒ္ဓသည် ဝေနေယျသတ္တဝါတို့ အတွက် ဉာဏ်တော် ၁၀–ပါးကို အသုံး ပြုတော်မူ၏။ အသုံးပြုတော်မူပုံမှာ–

သတ္တဝါတစ်ဦး တစ်ယောက်သည် အာသဝေါတရား ကုန်နိုင်၊ မကုန်နိုင်။ သို့မဟုတ် ရဟန္တာဖြစ်နိုင်, မဖြစ်နိုင်ကို ဌာနာဌာန ကောသလ္လ ဉာဏ်တော်ဖြင့် ကြည့်ရှုဆင်ခြင်တော်မူသည်။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တွင် ဈာန် မဂ် ဖိုလ်ရမှုအတွက် အန္တရာယ် (အဟိတ်၊ ဒွိဟိတ်ပဋိသန္ဓေနေမှု)ရှိ၊ မရှိကို ဝိပါကဉာဏ်တော်ဖြင့် ကြည့်ရှုဆင်ခြင် တော်မူပါသည်။

ဈာန်မဂ်ဖိုလ်ရမှုအတွက် အမိသတ်ခြင်းစသော ကံကြီး (ပဉ္စာနန္တရိယကံ) ထိုက်မှုရှိ၊ မရှိကို သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏ်တော်ဖြင့် ကြည့်ရှုဆင်ခြင်တော် မူပါသည်။

အထက်ပါ ဉာဏ်တော် ၃–မျိုးဖြင့် ကြည့်ရှုပြီး ဖော်ပြခဲ့သော အန္တရာယ်တို့ ကင်းရှင်းပါမှ ကယ်သင့်ကယ်ထိုက်၊ ချွတ်သင့်ချွတ်ထိုက်သော သတ္တဝါတို့၏

အကျင့်စရိုက် (စိတ်အလို)နှင့် ကိုက်ညီမည့် တရားကို ဟောကြားဖို့ရန် သတ္တဝါတို့၏ စရိုက်ကို အနေကဓာတု နာနာဓာတု ဉာဏ်တော်ဖြင့် ကြည့်ရှုဆင်ခြင်တော်မူပါသည်။

သတ္တဝါတို့၏ နှလုံးသွင်း သဘောထားကိုသိပြီး သင့်လျော်သော တရားကို ဟောဖို့ရန် နာနာဓိမုတ္တိကဉာဏ်တော်ဖြင့် ကြည့်ရှုဆင်ခြင်တော်မူပါသည်။

သင့်လျော်သောတရားကို ဟောဖို့ရန် သတ္တဝါတို့၏ သဒ္ဓါတရား ကောင်း၊ မကောင်း စသော အချက်တို့ကို ဣန္ဒြိယပရောပရိယတ္တ ဉာဏ်တော်ဖြင့် ကြည့်ရှုဆင်ခြင်တော်မူပါသည်။

ဈာန်တရား၊ ဝိမောက္ခတရား၊ သမာဓိ စသော တရားတို့၏ ညစ်ညူးဖြူစင်ကြောင်းတို့ကို ဈာန ဝိမောက္ခသမာဓိ သမာပတ္တိဉာဏ်တော်ဖြင့် ကြည့်ရှုဆင်ခြင်တော်မူပါသည်။ ထိုသို့ဆင်ခြင်ပြီး ကယ်သင့် ကယ်ထိုက် ချွတ်သင့် ချွတ်ထိုက်သော ဝေနေယျ သတ္တဝါတို့ရှိရာသို့ တန်ခိုးအထူးဖြင့် အမြန် ကြွမြန်းတော်မူပါသည်။

ထိုသို့ ကြွမြန်းပြီးနောက် သတ္တဝါတို့၏ ရှေးဘဝဖြစ်ပုံနှင့် လောလောဆယ်စိတ်ဖြစ်ပုံကို ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်တော်ဖြင့် လည်းကောင်း၊ စုတူပပါတဉာဏ်၊ သို့မဟုတ် ဒိဗ္ဗစက္ခုဉာဏ်တော်ဖြင့်လည်းကောင်း ကြည့်ရှုဆင်ခြင်တော်မူပါသည်။

ဝေနေယျသတ္တဝါတို့အား အရဟတ္တမဂ်ရရန် တရားဟောခြင်း အလို့ငှာ အာသဝက္ခယဉာဏ်တော်ဖြင့် ကြည့်ရှုဆင်ခြင်တော်မူပါသည်။

ဤဉာဏ်တော်တို့ကို အသုံးပြုတော်မူပုံကို ကြည့်ခြင်းအားဖြင့် မြတ်ဗုဒ္ဓသည် မိမိပိုင်ဆိုင်သမျှသော ဉာဏ်အားလုံးကို ဝေနေယျသတ္တဝါတို့ အတွက် အစွမ်းကုန် အသုံးပြုတော်မူသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်ကြောင်း အာရုံပြု နှလုံးသွင်း၍ ကြည်ညိုပူဇော်နိုင်ပါ၏။

## (ဂ) သဗ္ဗညုတဉာဏ်၏စွမ်းရည်ပြ ပဋ္ဌာန်းတရားတော်ဖြင့် အာရုံပြုနည်း

အထက်တွင် မြတ်စွာဘုရား၏ အားတော်ဆယ်တန်၊ ဉာဏ်တော်ဆယ်ပါး တို့ကို ဖော်ပြခဲ့ပြီးဖြစ်၏။ မြတ်စွာဘုရား၏ဉာဏ်တော် အဘယ်မျှ ကြီးမားတော်မူကြောင်းကို ပဋ္ဌာန်းကျမ်းမဟာ က သက်သေထူလျက် ရှိနေသည်။

ဗုဒ္ဓဘာသာတို့သည် ဘုရားဉာဏ်တော်ကို ပူဇော်သည့်အနေဖြင့် ပဋ္ဌာန်းရွတ်ကြသည်။ အနည်းဆုံး ၂၄–ပစ္စည်းအကျဉ်းဥဒ္ဒေသကို ရွတ်ပွား ပူဇော်ကြ၏။

ဤသို့ ဘုရားဉာဏ်တော်ကြီးကို ချီးကျူးလိုသောစိတ်ကောင်းစိတ်မြတ်ဖြင့် ရွတ်ဆိုမှသာ သဘာဝကျပေ၏။

သို့သော် ဘုရားဉာဏ်ရည်ပြ ပဋ္ဌာန်းတရားကို ရွတ်ဖတ်ပူဇော်ဖန်များလာသောအခါ ဓမ္မစာတတ် ကူးစက်ပြီး ရွတ်ဆိုသူသည် ဉာဏ်ပညာစွမ်းရည် ထက်မြက်လာသည်။ တန်ခိုးအရှိန်အဝါ ကြီးလာသည်။ ဤသည်မှာ တရားကျင့်သူကို တရားက ပြန်စောင့်ရှောက်သည့်သဘောပင်။

ထို့ကြောင့် အဆင့်အတန်းမြင့်လှသော ပဋ္ဌာန်းကျမ်းတော်မြတ်မှ ဥဒ္ဒေသ (၂၄-ပစ္စည်း)အကျဉ်းပါဠိနှင့် ပစ္စယနိဒ္ဒေသ (၂၄-ပစ္စည်း အကျယ်) ပါဠိတို့ကို ဤစာအုပ်၌ ထည့်သွင်းဖော်ပြလိုက်ပါသည်။

သတိပြုရန်မှာ ပဋ္ဌာန်းကျမ်းတော်ကြီးကား အတိုင်းအဆ အလွန်ကြီးမားများပြားလှကြောင်း၊ ယခုဖော်ပြသော ပါဠိတော်တို့မှာ အဦးအစအဖွင့်မျှသာ ဖြစ်ကြောင်း သတိချပ်သွားကြရန် ဖြစ်ပါသည်။

## ပဋ္ဌာန်းပါဠိတော်

ပစ္စယုဒ္ဒေသပါဠိတော် (၂၄ ပစ္စည်းပါဠိ)

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊
အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊
သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊
အညမညပစ္စယော၊ နိဿယပစ္စယော၊
ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊
ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊
ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊
အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊
ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊
သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊
အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊
ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

ပစ္စယုဒ္ဒေသော နိဋ္ဌိတော။

**မှတ်ချက်။ ။** ဤပဋ္ဌာန်း ၂၄-ပစ္စည်းသည် တစ်ကမ္ဘာလုံး၌ အကြောင်းအကျိုးဆက်သွယ် ဖြစ်ပျက်နေပုံကို အနှစ်ချုပ်ဖော်ပြခြင်း ဖြစ်၏။

## ပစ္စယနိဒ္ဒေသ ပါဠိတော်

၁။ ဟေတုပစ္စယော တိ – ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

၂။ အာရမ္မဏပစ္စယော တိ – ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

– သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

– ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

– ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

– ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

– ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

– သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

– ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တ စေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

၃။ အဓိပတိပစ္စယော တိ – ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

– ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

– စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

– ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

– ယံ ယံ ဓမ္မံ ဂရုံ ကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော။

၄။ အနန္တရပစ္စယော တိ – စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

– မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

– သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

– မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

- ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။
- မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။
- ဇိဝှာဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။
- မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။
- ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။
- မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။
- ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။
- ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။
- ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

- ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

- ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

- ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

- ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

- ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တ စေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။

၅။ သမနန္တရပစ္စယော တိ – စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

- မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

- သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

- မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

- ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။
- မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနော ဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။
- ဇိဝှာဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။
- မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနော ဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။
- ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။
- မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနော ဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။
- ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။
- ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။
- ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

- ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။
- ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။
- ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။
- ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။
- ယေသံ ယေသံ ဓမ္မာနံ သမနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။

၆။ သဟဇာတပစ္စယော တိ – စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော။

- စတ္တာရော မဟာဘူတာ အညမညံ သဟဇာတ ပစ္စယေန ပစ္စယော။
- ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတ ပစ္စယေန ပစ္စယော။
- စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။
- မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

- ရူပိန္ဒြေ ဓမ္မာ အရူပိနံ့ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော။

၇။ အညမညပစ္စယော တိ - စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော။

- စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော။

- ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော။

၈။ နိဿယပစ္စယော တိ - စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယ ပစ္စယေန ပစ္စယော။

- စတ္တာရော မဟာဘူတာ အညမညံ နိဿယ ပစ္စယေန ပစ္စယော။

- ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယ ပစ္စယေန ပစ္စယော။

- စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။

- မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။

- စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

- သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

- ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

- ဇိဝှာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။
- ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။
- ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

၉။ ဥပနိဿယပစ္စယော တိ– ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

- ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။
- ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။
- ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။
- ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

- ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။
- ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။
- ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။
- ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။
- ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။
- ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။
- သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

၁၀။ ပုရေဇာတပစ္စယော တိ –

- စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။
- သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။
- ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။
- ဇိဝှာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

- ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။
- ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။
- သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။
- ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။
- ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။
- ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။
- **ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနော ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။**
- **ယံ ရူပံ နိဿာယ မနောဓာတု စ မနော ဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနော ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေ ဇာတ ပစ္စယေန ပစ္စယော။**
- မနော ဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတ ပစ္စယေန

ပစ္စယော။ ကိဠိကာလေ န ပုရေဇာတ ပစ္စယေန ပစ္စယော။

၁၁။ ပစ္ဆာဇာတပစ္စယော တိ – ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတ ပစ္စယေန ပစ္စယော။

၁၂။ အာသေဝနပစ္စယော တိ – ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော။

– ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

– ပုရိမာ ပုရိမာ ကြိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော။

၁၃။ ကမ္မပစ္စယော တိ – ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

– စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

၁၄။ ဝိပါကပစ္စယော တိ – ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော။

၁၅။ အာဟာရပစ္စယော တိ – ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။

– အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

၁၆။ ဣန္ဒြိယပစ္စယော တိ – စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

- သောတိန္ဒြိယံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။
- ဃာနိန္ဒြိယံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။
- ဇိဝှိန္ဒြိယံ ဇိဝှာဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။
- ကာယိန္ဒြိယံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။
- ရူပဇီဝိတိန္ဒြိယံ ကဋတ္တာ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။
- အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

၁၇။ ဈာနပစ္စယော တိ – ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

၁၈။ မဂ္ဂပစ္စယော တိ – မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

၁၉။ သမ္ပယုတ္တပစ္စယော တိ – စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

၂၀။ ဝိပ္ပယုတ္တပစ္စယော တိ – ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

– အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

၂၁။ အတ္ထိပစ္စယော တိ

- စတ္တာရော ခန္ဓာ အရူပိနော အညမည် အတ္ထိ ပစ္စယေန ပစ္စယော။
- စတ္တာရော မဟာဘူတာ အညမည် အတ္ထိ ပစ္စယေန ပစ္စယော။
- ဩက္ကန္တိက္ခဏေ နာမရူပံ အညမည် အတ္ထိ ပစ္စယေန ပစ္စယော။
- စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။
- မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။
- စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။
- သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။
- ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။
- ဇိဝှာယတနံ ဇိဝှာဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။
- ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။
- ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

- သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။
- ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။
- ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။
- ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။
- ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။
- ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

၂၂။ နတ္ထိပစ္စယော တိ – သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော။

၂၃။ ဝိဂတပစ္စယော တိ – သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော။

၂၄။ အဝိဂတပစ္စယော တိ - စတ္တာရော ခန္ဓာ အရူပိနော အညမညံ အဝိဂတပစ္စယေန ပစ္စယော။

- စတ္တာရော မဟာဘူတာ အညမညံ အဝိဂတပစ္စယေန ပစ္စယော။

- ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အဝိဂတပစ္စယေန ပစ္စယော။

- စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဝိဂတပစ္စယေန ပစ္စယော။

- မဟာဘူတာ ဥပါဒါရူပါနံ အဝိဂတ ပစ္စယေန ပစ္စယော။

- စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတ ပစ္စယေန ပစ္စယော။

- သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

- ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

- ဇိဝှာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

- ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

- ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတ ပစ္စယေန ပစ္စယော။

- သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။
- ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။
- ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။
- ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။
- ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။
- ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ပစ္စယနိဒ္ဒေသော နိဋ္ဌိတော။

**မှတ်ချက်။ ။** ဤပဋ္ဌာန်း ၂၄-ပစ္စည်းအကျယ်ကို ကျက်မှတ်ရွတ်ဖတ်နိုင်လျှင် ပို၍ ကောင်း၏။ ဤအကျယ်ကို မကျက်မှတ်နိုင်လျှင် ၂၄-ပစ္စည်းအကျဉ်းကိုပင် ကျက်မှတ်ရွတ်ဖတ်ပါလေ။ ပဋ္ဌာန်းရွတ်လျှင် တန်ခိုးကြီး၏။

# အခန်း (၆)

# ပုတီးစိပ်နည်း

**ပုတီး**

ပုတီးနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာ၌ ၃၂–ကောဋ္ဌာသကိုရည်၍ ၃၂–လုံး၊ ဗုဒ္ဓဂုဏ်နှင့် သံဃာ့ဂုဏ်ကို ရည်စူး၍ ၉–လုံး၊ ဓမ္မဂုဏ်ကို ရည်စူး၍ ၆–လုံး၊ ဗုဒ္ဓမြတ်စွာ၏ စက်လက္ခဏာကို ရည်စူး၍ ၁၀၈–လုံး စသည်ဖြင့် အသီးသီး ပြုလုပ်ကြလေသည်။ သို့သော် ပုတီးလုံးရေ မည်ရွေ့မည်မျှ ပြုလုပ်ရမည်ဟူ၍ကား ပညတ်ချက်၊ ကန့်သတ်ချက် မရှိပေ။

ပုတီးပြုလုပ်ရာတွင် ကြိုးထုံးမှ စခဲ့သည်။ နောက်ပိုင်းတွင် သန္တာ၊ ပယင်း၊ ပုလဲ၊ လူရိုး (မိဘ၊ ဆရာသမားတို့၏ အရိုး)၊ သစ်သားမျိုးစုံ (နေ့နံအလိုက်)၊ ငွေ၊ ယွန်း၊ အုန်း၊ ထန်း စသည်တို့ဖြင့် ပြုလုပ်ကြသည်။ သို့သော် ပုတီးပြုလုပ်ရန်အတွက် မည်သည့်ပစ္စည်းမျိုးဖြင့်သာ ပြုလုပ်ရမည်ဟူ၍ ပညတ်ကန့်သတ် သတ်မှတ်ထားချက် မရှိပေ။

**ပုတီးစိပ်ခြင်း** ပုတီးအကြောင်းကို အနည်းငယ် သိရှိပြီးသောအခါ ပုတီးကို မည်ကဲ့သို့ စိပ်ကြမည်နည်း။ အဘယ်ကို အာရုံပြု၍ အဘယ်ကို ရွတ်ဆို၍ ပုတီးစိပ်ကြမည်နည်း ဟူသော အမေး၏ အဖြေကို သိထားသင့်ပေသည်။ သို့မှသာ ပုတီးစိပ်ခြင်း၏အကျိုးကို ခံစားရမည် ဖြစ်ပေသည်။

ပုတီးစိပ်ခြင်းဆိုသည်မှာ–

(၁) နှလုံးသွင်း ဆင်ခြင်ပွားများမှု၊

(၂) ပုတီးစေ့ချမှတ်မှု–

ဟူ၍ လုပ်ငန်းနှစ်ရပ်ကို တစ်ပြိုင်နက် ပူးတွဲ ဆောင်ရွက်ရသည် ဖြစ်သောကြောင့် အာရုံမရဘဲ ပုတီးလုံးလေးများ ရေတွက်ရုံသက်သက်ဖြင့် ပုတီးစိပ်သည်ဟု ဆိုလျှင် မပြည့်စုံကြောင်း၊ အကျိုးထူးရနိုင်မည်မဟုတ်ကြောင်း သိအပ်ပေသည်။ အာရုံမိသော

ပုတီးစိပ်ခြင်းသည်သာ အရည်အချင်းကို အကျိုးပြုသော အရေအတွက် တစ်ရပ် ဖြစ်သည်။ တစ်နည်းအားဖြင့် အဓိဋ္ဌာန်ပါရမီကို ဖြည့်ဆည်းရာ၌ အကူအညီကောင်း တစ်ရပ် ဖြစ်လေသည်။

ပုတီးစိပ်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကုသိုလ်ရရှိရန်ပင် ဖြစ်ပါသည်။ သို့သော် ပုတီးစိပ်ခြင်းအလုပ်သည် အပြစ်ကင်း၍ ပုတီးစိပ်စဉ် အာရုံစူးစိုက်နေခိုက် စိတ်ချမ်းသာနေလိမ့်မည်။ ဘေးအန္တရာယ်ကင်းခြင်း၊ သိဒ္ဓိအမျိုးမျိုးကို ရရှိခြင်း အကျိုးကျေးဇူးများကိုလည်း ရရှိနိုင်ပေသည်။

ပုတီးစိပ်ခြင်းတွင် "နှလုံးသွင်းဆင်ခြင်ပွားများမှု"ဟူသော အရာ၌ မိမိတို့ နှစ်သက် အားသန်ရာကို အာရုံပြု နှလုံးသွင်းနိုင်ကြပါသည်။ အချို့လည်း ဗုဒ္ဓါ နုဿတိဂုဏ်တော်၊ အချို့လည်း ဓမ္မာနုဿတိဂုဏ်တော်၊ အချို့လည်း သံဃာ နုဿတိဂုဏ်တော်၊ အချို့လည်း ၃၂–ကောဋ္ဌာသ၊ လက္ခဏာရေးသုံးပါး၊ ဗောဓိ ပက္ခိယတရား ၃၇–ပါး၊ သစ္စာလေးပါး စသည်ဖြင့် အမျိုးမျိုး အာရုံပြုနှလုံးသွင်း ကြပါသည်။ ဗုဒ္ဓဘာသာဝင် အများအပြားတို့ကမူ များသောအားဖြင့် ဂုဏ်တော်များ ကိုသာ အာရုံပြု နှလုံးသွင်း ရွတ်ဆိုကြသည်သာ များပါသည်။

## အာရုံပြုရွတ်ဆိုရန် ဘုရားဂုဏ်တော်ကိုးပါး အနှစ်ချုပ်

**၁။ အရဟံဂုဏ်တော်=** မြတ်စွာဘုရားသည် ကိလေသာတို့မှ ကင်းဝေးလေပြီ၊ ကိလေသာတို့ကို ပယ်ရှားပြီးဖြစ်လေပြီ။ သံသရာစက်၏ အကန့်အထောက်တို့ကို ဖျက်ဆီးပြီး ဖြစ်လေပြီ။ လူသူ လေးပါး မသိမမြင်နိုင်သည့် ဆိတ်ကွယ်ရာကို ရစေကာမူ မည်သည့်နည်းနှင့်မျှ မကောင်းမှုအလုပ်ကို မလုပ် တော့ပြီ။ အထွတ်အမြတ် ပေးလှူပူဇော်မှု ဟူသမျှကိုလည်း ကောင်းစွာ ခံယူတော် မူထိုက်လေပြီ။ (သော ဘဂဝါ ဣတိပိ အရဟံ)

**၂။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်=** သိရမည့်တရားဟူသမျှကို မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း၍ မှန်မှန်ကန်ကန် သိရှိတော်မူလေပြီ။ (သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ)

**၃။ ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်တော်=** ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏအကျင့်တရား တစ်ဆယ့်ငါးပါးတို့နှင့် ကောင်းစွာ ပြည့်စုံတော် မူပါပေသည်။ (သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော)

**၄။ သုဂတဂုဏ်တော်=** နိဗ္ဗာန်သို့ ဦးတည်၍ နှစ်ဖက်စွန်းလွတ်သော လမ်းမှန်ဖြင့် သန့်ရှင်းစွာ ကြွသွားတော်မူပါပေသည်။ စကားဆိုရန် ခွင့်ခြောက်တန်တို့တွင် ဟုတ်မှန်ကျိုးကြောင်း စကားကောင်းကိုသာ မိန့်ဆိုတော်မူပါပေသည်။ (သော ဘဂဝါ ဣတိပိ သုဂတော)

**၅။ လောကဝိဒူဂုဏ်တော်=** သတ္တဝါ၊ သင်္ခါရ၊ ဩကာသ ဟူသော လောကကြီး သုံးပါးကို ပိုင်းခြား ဝေဖန်၍ သိမြင်တော်မူဘိသည်။ လောကနှင့်ပတ်သက်၍ ဖြစ်ပေါ်မှု၊ ချုပ်ငြိမ်းမှု၊ ထွက်မြောက်မှုဆိုင်ရာ ကျင့်လမ်းကြဲလမ်းကိုလည်း ပြည့်စုံစွာ သိမြင်တော်မူဘိသည်။ သိမြင်တော်မူသည့်အတိုင်းလည်း ဟောကြားတော်မူခဲ့ပေသည်။ (သော ဘဂဝါ ဣတိပိ လောကဝိဒူ)

**၆။ အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်=** မြတ်စွာဘုရားထက် သီလ သမာဓိ ပညာ သာလွန်သူ မရှိပေ။ မယဉ်ကျေး မလိမ္မာသူတို့ကိုလည်း ယဉ်ကျေးလိမ္မာအောင် ဆုံးမတော်မူနိုင်ပေသည်။ (သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ)

**၇။ သတ္ထာ ဒေဝမနုဿာနံ ဂုဏ်တော်=** လူ နတ် ဗြဟ္မာ သတ္တဝါတို့အား ပစ္စုပ္ပန် ချမ်းသာရအောင် ကောင်းမြတ်သော အဆုံးအမကို ပေးတော်မူသည့်အပြင် ဘဝ သံသရာမှ လွတ်မြောက်ရေးအတွက်ကိုပါ နည်းပေးလမ်းပြပြု၍ ကယ်မတော်မူသော ဆရာတစ်ဆူ ဖြစ်တော်မူပါပေသည်။ (သောဘဂဝါ ဣတိပိ သတ္ထာ ဒေဝမနုဿာနံ)

**၈။ ဗုဒ္ဓဂုဏ်တော်=** သစ္စာလေးပါး အမှန်တရားကို ကိုယ်တော်တိုင် သိရှိတော်မူရုံမျှမက ပါရမီရှိသော သတ္တဝါတို့အား မိမိသိသလို သိစေခြင်းငှာ မနေမနား တရားပြတော်မူခဲ့လေပြီ။ (သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ)

**၉။ ဘဂဝါဂုဏ်တော်=** မာရ်ငါးပါးကို အောင်မြင်တော်မူပြီးဖြစ်လေပြီ။ ဘုန်းတော် ခြောက်ပါးတို့နှင့်လည်း ကောင်းစွာ ပြည့်စုံတော်မူပါပေသည်။ (သော ဘဂဝါ ဣတိပိ ဘဂဝါ)

ဤကဲ့သို့ ဖော်ပြပြီးသော ဂုဏ်တော်များကို အာရုံပြု၍ ပုတီးစိပ်ရမည်။ ဂုဏ်တော်တစ်ပါးလျှင် ပုတီးတစ်လုံး၊ သို့မဟုတ် ဂုဏ်တော် ကိုးပါးလုံး ရွတ်ဆိုပြီးမှ ပုတီးတစ်လုံး စသည်ဖြင့် မိမိနှစ်သက်သလို မိမိအဆင်ပြေသလို စိပ်နိုင်ပါသည်။ အနက်အဓိပ္ပာယ်ကို သိရှိအောင် ကျက်မှတ်ပြီး ပါဠိကို ရွတ်ဆို၍ စိပ်ရမည်ဖြစ်ပါသည်။

ဤ၌ ဘုရားဂုဏ်တော်ဆိုသည်မှာ မြတ်စွာဘုရား၌ တည်ရှိသော လောကီ, လောကုတ္တရာ တရားဓမ္မ အနှစ်သာရများနှင့် ၎င်းတရားတော်၏ စွမ်းပကားများပင် ဖြစ်သည်။

**ပုတီးစိပ်နည်းများ** ဤဂုဏ်တော်ကို ပုတီးစိပ်ရာတွင် ဖော်ပြလတ္တံ့ပါအတိုင်း ပုံစံအမျိုးမျိုးဖြင့် သမာဓိ ပိုမိုရရာရကြောင်းဖြင့် ပြုပြင်စီမံ၍ ပုတီးစိပ်ကြလေသည်-

(၁) ဂုဏ်တော် တစ်ထောင် ပုတီးစိပ်နည်း၊

(၂) ဂုဏ်တော် ကွန်ချာ ပုတီးစိပ်နည်း၊

(က) အနုလုံ ပဋိလုံ (အစမှ အဆုံး၊ အဆုံးမှ အစ အပြန်အလှန်) ပုတီးစိပ်နည်း၊

(ခ) သီဟဂတိက (ခြသေ့်အလား) ပုတီးစိပ်နည်း၊

(ဂ) မူလ မူလီ (တစ်ခုက မူ၊ ကျန်ဂုဏ်တော်များက မူလီ) ပုတီးစိပ်နည်း၊

(ဃ) ဝဓိရပါကာရ (ဂုဏ်တော်အပြင် ချဲ့ထွင်မှုများဖြင့်) ပုတီးစိပ်နည်း၊

(၃) ရှင်အရဟံ ပုတီးစိပ်နည်း-

စသည်ဖြင့် ပုတီးစိပ်နည်းပေါင်း များစွာ ရှိပေသည်။

**(၁) ဂုဏ်တော်တစ်ထောင် ပုတီးစိပ်နည်း**

ဂုဏ်တော် တစ်ထောင်ဆိုရာတွင် ဂုဏ်တော် တစ်ပါးတည်းကို တစ်ထောင် စိပ်ခြင်း၊ ဂုဏ်တော်ကိုးပါးလုံးကို တစ်ထောင်စိပ်ခြင်း နှစ်မျိုးလုံးပင် ဖြစ်နိုင်ပါသည်။ ဂုဏ်တော်တစ်ထောင် ပုတီးစေ့ချမှတ်ပုံမှာ-

(က) သော ဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံး၊
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ပုတီးတစ်လုံး၊

ဤသို့စသည်ဖြင့် "သော ဘဂဝါ ဣတိပိ ဘဂဝါ"အထိ စိပ်သွားပြီး တစ်ဖန် "သော ဘဂဝါ ဣတိပိ အရဟံ"မှ ပြန်စ၍ စိပ်ပါ။ ဤသို့ စိပ်သဖြင့် တစ်ရာ့ရှစ်လုံး ပုတီးကုံး ၉-ပတ် ပြည့်သော အခါ ဂုဏ်တော်တစ်ထောင် ရပါသည်။ (၉၇၂ ကို ၁၀၀၀ ဟုပင် ခေါ်သည်။)

သို့မဟုတ်–

(ခ) "သော ဘဂဝါ ဣတိပိ အရဟံ"တစ်ပါးတည်း ပုတီး တစ်ပတ် ပြည့်အောင်စိပ်။ နောက် "သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ" စသည်ဖြင့် ဂုဏ်တော်တစ်ပါးလျှင် ပုတီးတစ်ပတ်ကျစီ စိပ်သွားပါကလည်း ဂုဏ်တော်ကိုးပါးပြည့်လျှင် ကိုးပတ်ပြည့်သဖြင့် ဂုဏ်တော်တစ်ထောင် ရပါသည်။

သို့မဟုတ်–

(ဂ) "သော ဘဂဝါ ဣတိပိ အရဟံ"မှ "သော ဘဂဝါ ဣတိပိ ဘဂဝါ"အထိ ဂုဏ်တော်ကိုးပါးဆုံးအောင် ပွားပြီးမှ ပုတီးတစ်လုံးချပါ။ ဤသို့ ဂုဏ်တော် ကိုးပါးဆုံးမှ ပုတီးတစ်လုံး တစ်လုံး ချ၍ စိပ်ခြင်းအားဖြင့်လည်း တစ်ရာ့ရှစ်လုံး ပုတီးတစ်ပတ်ရလျှင် ဂုဏ်တော်တစ်ထောင် ဖြစ်ပါသည်။

## (၂) ဂုဏ်တော် ကွန်ချာ ပုတီးစိပ်နည်း၊

ဂုဏ်တော် ကွန်ချာ ပုတီးစိပ်နည်းပေါင်း များစွာ ရှိသည့်အနက် အသုံးများသော ကွန်ချာနည်းများကို အောက်တွင် ဖော်ပြပါမည်–

### (က) အနုလုံ ပဋိလုံပုတီးစိပ်နည်း

အနုလုံ ပဋိလုံနည်းဆိုသည်မှာ အစမှ အဆုံး, အဆုံးမှ အစ အပြန်ပြန် အလှန်လှန် စိပ်ခြင်းကို ခေါ်ပါသည်။ အနုလုံ၌–

သော ဘဂဝါ ဣတိပိ အရဟံ
။ ။ သမ္မာသမ္ဗုဒ္ဓေါ
။ ။ ဝိဇ္ဇာစရဏသမ္ပန္နော
။ ။ သုဂတော
။ ။ လောကဝိဒူ
။ ။ အနုတ္တရော ပုရိသဒမ္မသာရထိ
။ ။ သတ္ထာ ဒေဝမနုဿာနံ
။ ။ ဗုဒ္ဓေါ
။ ။ ဘဂဝါ–

ဟူ၍ ဖြစ်ပါသည်။

ပဋိလုံ၌-

သော ဘဂဝါ ဣတိပိ ဘဂဝါ
〃 〃 ဗုဒ္ဓေါ
〃 〃 သတ္ထာ ဒေဝမနုဿာနံ
〃 〃 အနုတ္တရော ပုရိသဒမ္မသာရထိ
〃 〃 လောကဝိဒူ
〃 〃 သုဂတော
〃 〃 ဝိဇ္ဇာစရဏသမ္ပန္နော
〃 〃 သမ္မာသမ္ဗုဒ္ဓေါ
〃 〃 အရဟံ-

ဟူ၍ ဖြစ်ပါသည်။

## (၈) သီဟဂတိက ပုတီးစိပ်နည်း

သီဟဂတိကနည်းဆိုသည်မှာ ဂုဏ်တော် တစ်ပါးစီ ရှေ့သို့တိုး၍ တိုး၍ သွားပြီး တစ်ဂုဏ်တော် တိုးတိုင်း တိုးတိုင်း အစသို့ တစ်ခေါက် တစ်ခေါက် ပြန်ဆင်း၍ စိပ်နည်း ဖြစ်ပါသည်။

ပုံစံ

(၁) သော ဘဂဝါ ဣတိပိ အရဟံ၊

(၂) သောဘဂဝါ ဣတိပိ အရဟံ၊ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊ သောဘဂဝါ ဣတိပိ အရဟံ၊

(၃) အ၊ သံ၊ ဝိ၊
ဝိ၊ သံ၊ အ၊

(၄) အ၊ သံ၊ ဝိ၊ သု၊
သု၊ ဝိ၊ သံ၊ အ၊

(၅) အ၊ သံ၊ ဝိ၊ သု၊ လော၊
လော၊ သု၊ ဝိ၊ သံ၊ အ၊

(၆) အ၊ သံ၊ ဝိ၊ သု၊ လော၊ အ၊
အ၊ လော၊ သု၊ ဝိ၊ သံ၊ အ၊

(၇) အ၊ သံ၊ ဝိ၊ သု၊ လော၊ အ၊ သ၊
သ၊ အ၊ လော၊ သု၊ ဝိ၊ သံ၊ အ၊

(၈) အ၊ သံ၊ ဝိ၊ သု၊ လော၊ အ၊ သ၊ ဗု၊
ဗု၊ သ၊ အ၊ လော၊ သု၊ ဝိ၊ သံ၊ အ၊

(၉) အ၊ သံ၊ ဝိ၊ သု၊ လော၊ အ၊ သ၊ ဗု၊ ဘ၊
ဘ၊ ဗု၊ သ၊ အ၊ လော၊ သု၊ ဝိ၊ သံ၊ အ၊

**(ဂ) မူလမူလီ ပုတီးစိပ်နည်း**

မူလမူလီ ပုတီးစိပ်နည်း ဆိုသည်မှာ ဂုဏ်တော်တစ်ပါးကို မူထား၍ ကျန် ၈-ပါးက မူလီသတ်မှတ်ပြီး စိပ်ခြင်း ဖြစ်ပါသည်။ မူလီသွတ်သောအခါ မူလထားသော ဂုဏ်တော်ကို ကျော်ပြီး ချန်ခဲ့ရပါသည်။

**ပုံစံ**

(၁) အရဟံ မူ- သောဘဂဝါ ဣတိပိ အရဟံ-သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိ၊ သု၊ လော၊ အ၊ သ၊ ဗု၊ ဘ။

(၂) သမ္မာသမ္ဗုဒ္ဓေါ မူ- သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ- အ၊ ဝိ၊ သု၊ လော၊ အ၊ သ၊ ဗု၊ ဘ။

(၃) ဝိဇ္ဇာစရဏသမ္ပန္နော မူ- သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊ အ၊ သ၊ -၊ သု၊ လော၊ အ၊ သ၊ ဗု၊ ဘ။

(၄) သုဂတော မူ- သောဘဂဝါ ဣတိပိ သုဂတော၊ အ၊ သံ၊ ဝိ၊ -၊ လော၊ အ၊ သ၊ ဗု၊ ဘ။

(၅) လောကဝိဒူ မူ- သောဘဂဝါ ဣတိပိ လောကဝိဒူ၊ အ၊ သံ၊ ဝိ၊ သု၊ -၊ အ၊ သ၊ ဗု၊ ဘ။

(၆) အနုတ္တရော ပုရိသဒမ္မသာရထိ မူ- သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အ၊ သံ၊ ဝိ၊ သု၊ လော၊ -၊ သ၊ ဗု၊ ဘ။

(၇) သတ္တာ ဒေဝမနုဿာနံ မှု- သောဘဂဝါ ဣတိပိ သတ္တာ ဒေဝ မနုဿာနံ၊ အ၊ သံ၊ ဝိ၊ သု၊ လော၊ အ၊ -၊ ဗု၊ ဘ။

(၈) ဗုဒ္ဓေါ မှု- သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊ အ၊ သံ၊ ဝိ၊ သု၊ လော၊ အ၊ သ၊ -၊ ဘ။

(၉) ဘဂဝါ မှု- သောဘဂဝါ ဣတိပိ ဘဂဝါ၊ အ၊ သံ၊ ဝိ၊ သု၊ လော၊ အ၊ သ၊ ဗု၊ -။

### (ဃ) ဝဓိရပါကာရ ပုတီးစိပ်နည်း

ဝဓိရပါကာရ ပုတီးစိပ်နည်းဆိုသည်မှာ ဂုဏ်တော် သက်သက် မဟုတ်တော့ဘဲ ချဲ့ထွင်မှုများဖြင့် ဖြည့်စွက်၍ ဝေဝေဆာဆာ စိပ်ခြင်းပင် ဖြစ်ပါသည်။

**ပုံစံ**

သော ဘဂဝါ ဣတိပိ အရဟံ၊
အရဟံ ဝတ သော ဘဂဝါ၊
အရဟန္တံ သရဏံ ဂစ္ဆာမိ၊
အရဟန္တံ သိရသာ နမာမိ၊
ပဌမော ဝဓိရပါကာရော၊
သော ဘဂဝါ ဣတိပိ အရဟံ။

(ဤတစ်ပိုဒ်ကို အရကျက်၍ "အရဟံ"နေရာတွင် အခြား ဂုဏ်တော်များကို အစားထိုးပြီး "ပဌမော"နေရာတွင် "ဒုတိယော, တတိယယော, စတုတ္ထော, ပဉ္စမော, ဆဋ္ဌမော, သတ္တမော, အဋ္ဌမော, နဝမော"တစ်ခုစီ အစားထိုး ရွတ်ဆိုရန်ပင် ဖြစ်ပါသည်။)

**နိဿယအနက်**

သောဘဂဝါ=ထိုမြတ်စွာဘုရားသည်။ ဣတိပိ=ဤသို့ ပူဇော်အထူးကို ခံယူတော်မူထိုက်သော အကြောင်းကြောင့်လည်း။ အရဟံ= အရဟာ မည်တော်မူပါပေ၏။

သောဘဂဝါ= ထိုမြတ်စွာဘုရားသည်။ အရဟံ ဝတ= ပူဇော်အထူးကို ခံယူတော်မူလိုက်ပေစွတကား။

အရဟန္တံ = အရဟံဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ= အကျွန်ုပ်သည်။ သရဏံ= ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ= ဆည်းကပ်ပါ၏။

အရဟန္တံ = အရဟံဂုဏ်တော်ရှင် မြတ်စွာဘုရားကို။ အဟံ= အကျွန်ုပ်သည်။ သိရသာ= ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ= ဦးညွတ်ဝပ်လျှိုး ရှိခိုးပါ၏။

ပထမော= ရှေးဦးစွာသော။ ဝဓိရပါကာရော= စိန်တံတိုင်းကြီးသဖွယ် ဖြစ်သော။ သောဘဂဝါ= ထိုမြတ်စွာဘုရားသည်။ ဣတိပိ= ဤသို့ ပူဇော်ဖွယ် အထူးကို ခံယူတော်မူထိုက်သော အကြောင်းကြောင့်လည်း။ အရဟံ= အရဟ မည်တော်မူပါပေ၏။

## (၃) ရှင်အရဟံ ပုတီးစိပ်နည်း

**ရှင်အရဟံ ပုတီးစိပ်နည်းဆိုသည်မှာ** ရဟန္တာသခင် ရှင်အရဟံ စိပ်သော နည်းဖြစ်၍ **ရှင်အရဟံ ပုတီးစိပ်နည်း**ဟု ခေါ်ကြောင်း အဆိုအမိန့် ရှိကြပါသည်။

**ပုံစံ**

- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
- ဓမ္မံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
- သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
- အနန္တံ ဗလဝံ ဗုဒ္ဓံ၊ အနန္တံ ဂေါစရံ ဓမ္မံ၊
  အနန္တံ အရိယံ သံဃံ၊ အနန္တံ ဗောဓိ မုတ္တမံ။

**မြန်မာပြန်။**

မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။ နာမ်ရုပ်သည် မမြဲ၊ နာမ် ရုပ်သည် ဆင်းရဲ၊ နာမ် ရုပ်သည် အနှစ်သာရ မဟုတ်ပါတကား။

တရားတော်ကို ကိုးကွယ်ဆည်းကပ်ပါ၏။ နာမ်ရုပ်သည် မမြဲ၊ နာမ်ရုပ်သည် ဆင်းရဲ၊ နာမ် ရုပ်သည် အနှစ်သာရ မဟုတ်ပါတကား။

သံဃာတော်ကို ကိုးကွယ်ဆည်းကပ်ပါ၏။ နာမ်ရုပ်သည် မမြဲ၊ နာမ်ရုပ်သည် ဆင်းရဲ၊ နာမ် ရုပ်သည် အနှစ်သာရ မဟုတ်ပါတကား။

ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်ပါ၏။ တရားတော်ကို ကိုးကွယ်ဆည်းကပ်ပါ၏။ သံဃာတော်ကို ကိုးကွယ်ဆည်းကပ်ပါ၏။ နာမ်ရုပ်သည် မမြဲ၊ နာမ်ရုပ်သည် ဆင်းရဲ၊ နာမ် ရုပ်သည် အနှစ်သာရ မဟုတ်ပါတကား။

အားတော်နှင့်ပြည့်စုံသော မြတ်စွာဘုရားသည် အနန္တ တန်ခိုးတော်တည်း။ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်တရားသည် အနန္တ တန်ခိုးတော်တည်း။ အရိယာသံဃာတော်မြတ်သည် အနန္တ တန်ခိုးတော်တည်း။ ဗောဓိ ပက္ခိယ တရားတော်သည် အနန္တ တန်ခိုးတော်တည်း။

ဤနည်းဖြင့် စိပ်သောအခါ အစမှအဆုံးတိုင် ရွတ်ဆိုပြီးမှ ပုတီးတစ်လုံး ချသင့်ပေသည်။ ဤပုတီးစိပ်နည်းကို ဒွန္ဒယုဂနည်း (ဝါ)စွယ်စုံ ပုတီးစိပ်နည်း ဟုလည်း ခေါ်ဆိုပါသည်။

## ပုတီးစိပ်ပုံ ၂–မျိုး

ပုတီးစိပ်ခြင်းသည် ဖော်ပြလတ္တံ့အတိုင်း ၂–မျိုးရှိသည်–

(၁) သာမန်ပုတီးစိပ်ခြင်း၊

(၂) အဓိဋ္ဌာန်ပုတီးစိပ်ခြင်း။

**(၁) သာမန်ပုတီးစိပ်ခြင်း**ဆိုသည်မှာ ကုသိုလ်ရနိုင်သည့် အခွင့်အရေး ကောင်းကို လက်လွတ်မခံဘဲ နေရာမရွေး၊ အချိန်မရွေး ပုတီးစိပ်ခြင်းမျိုးကို ဆိုပါသည်။

(၂) **အလုပ်ခွင်ချ၍ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း**ဆိုသည်မှာ– ပုတီးစိပ်ခြင်းကို သီးခြားလုပ်ငန်းတစ်ခုအဖြစ် သပ်သပ် အချိန်ပေးပြီး အဓိဋ္ဌာန်၍ ကျကျနနစိပ်ခြင်း မျိုး ဖြစ်ပါသည်။ ဤသို့ စနစ်တကျ ပုတီးစိပ်ကြမည်ဆိုလျှင် ဖော်ပြလတ္တံ့ပါ အချက်(၁၁)ချက်ကို လက်တွေ့ဆောင်ရွက်ရန် လိုအပ်ပေသည်–

## ပုတီးမစိပ်မီ ကျင့်ဝတ် (၁၁)ပါး

(၁) ဆာလောင်မွတ်သိပ်မှု ကင်းအောင် တစ်ခုခု စားထားပါ၊

(၂) ကိုယ်ခန္ဓာနှင့် အဝတ်အစား သန့်ပြန့်ပါစေ၊ ပုတီးစိပ်သော နေရာ လည်း သန့်ရှင်းပါစေ၊

(၃) မိမိနှင့် သင့်လျော်သော အချိန်ကို ရွေးပါ။

(၄) နေရာစနစ်တကျယူပြီးမှ ပုတီးစိပ်အလုပ်ခွင် စပါ၊
(၅) သရဏဂုံသီလ ခံယူဆောက်တည်ပါ၊
(၆) အနန္တ ငါးပါး ကန်တော့ပါ၊
(၇) မေတ္တာပို့ပါ၊
(၈) မေတ္တာပို့ပြီးနောက် ဘုရားပင့်ပါ၊
(၉) ဘုရားကို မိမိခန္ဓာကိုယ်ကို လှူဒါန်းလိုက်ပါ၊
(၁၀) ပုတီးစိပ်ရန် ကမ္မဋ္ဌာန်း တောင်းပါ၊
(၁၁) မိမိတတ်နိုင်သလောက် အဓိဋ္ဌာန်ပြုပါ။

**ပုတီးစိပ်စဉ် ကျင့်ဝတ်ငါးပါး**

(၁) ကိုယ်ကိုမတ်၍ တင်ပျဉ်ခွေ၊ သို့မဟုတ် ပုဆစ်ဒူးတုပ်ထိုင်ပါ။
(၂) ပုတီးကို လက်နှစ်ဖက်ဖြင့် ကိုင်စိပ်ပါ။
(၃) ယုံယုံကြည်ကြည်စိပ်ပါ၊ မိမိအနှစ်သက်ဆုံး အရာတစ်ခုခုကို စိပ်ပါ၊ သမာဓိရရန် ကြိုးစားပါ။
(၄) ပုတီးစိပ်နေဆဲ ကာလမှာ အကျိုးတရားကို မျှော်လင့်သည့် လိုချင်စိတ် လုံးဝ မထားရပါ၊
(၅) မဆိုင်သည့် စိတ်ကူးတွေ ဝင်လာလျှင် အမြန်ဖယ်ရှားပစ်ပါ။

**ပုတီးစိပ်ပြီး ကျင့်ဝတ်နှစ်ပါး**

(၁) ပုတီးစိပ်ခဲ့သည့်လုပ်ငန်းကို ပြန်လည်ဆင်ခြင်သုံးသပ်ပါ၊
(၂) နိဗ္ဗာန်ကို ဆုတောင်းပါ။

**ပုတီးစိပ်ခြင်း၏ အကျိုး** ကိစ္စတိုင်းမှာ အကြောင်းနှင့်အကျိုး ရှိရစမြဲ ဖြစ်သည်။ ဤပုတီးစိပ်ခြင်းဟူသောအကြောင်းတွင်လည်း အကျိုးတရားများ ရှိရမည်အမှန်ပင်။ အကျိုးမရှိသော အကြောင်း မရှိနိုင်သကဲ့သို့ အကြောင်း မရှိဘဲလျက်လည်း အကျိုး မပေါ်ထွန်းနိုင်ပေ။ ထို့ကြောင့် ပုတီးစိပ်ခြင်း၏ အကျိုးကို ဖော်ပြရန် လိုအပ်ပေသည်။ ပုတီးစိပ်ခြင်း အကျိုးကား များပြားလှသည့်အတွက် အမြွက်မျှ အနည်းငယ်မျှသာ တင်ပြနိုင်မည် ဖြစ်ပါသည်။

ပုတီးစိပ်ခြင်း၏အကျိုးကို ဖော်ပြရမည်ဆိုလျှင် မည်သည်ကို အာရုံပြု၍ မည်သည်ကို ရွတ်ဆို၍ ပုတီးစိပ်သည်ကို အခြေခံရမည် ဖြစ်ပေသည်။ ဗုဒ္ဓ မြတ်စွာ ဂုဏ်တော်ကို အာရုံပြု၍ ရွတ်ဆိုပြီး ပုတီးစိပ်လျှင် ဂုဏ်တော်ကို ပွားများရကျိုး ရရှိနိုင်မည် ဖြစ်ပေသည်။ ထိုနည်းတူ တရားဂုဏ်တော်ကို အာရုံပြု ရွတ်ဆိုလျှင်လည်း တရားဂုဏ်တော် ပွားများရွတ်ဆိုရကျိုး၊ သံဃာ့ ဂုဏ်တော်ကို အာရုံပြုရွတ်ဆိုလျှင်လည်း သံဃာ့ဂုဏ်တော် ပွားများရွတ်ဆိုရကျိုး စသဖြင့် သက်ဆိုင်ရာ ဂုဏ်တော်များအလိုက် အကျိုးကျေးဇူးများ ရရှိခံစားရမည် ဖြစ်ပေသည်။ အလားတူပင် ၃၂-ကောဋ္ဌာသကို အာရုံပြု ရွတ်ဆို ပုတီးစိပ်နည်းကို အာရုံပြု ရွတ်ဆို ပုတီးစိပ်လျှင် ၃၂-ကောဋ္ဌာသ ကာယဂတာနုဿတိအကျိုး၊ သမထဝိပဿနာ ပုတီးစိပ်နည်းကို အာရုံပြုရွတ်ဆို ပုတီးစိပ်လျှင်လည်း သမထဝိပဿနာပွားများရကျိုး၊ အန္တရာယ်ကင်းဂါထာများ စသည်ကို အာရုံပြု ရွတ်ဆို ပုတီးစိပ်လျှင်လည်း အန္တရာယ် ကင်းခြင်း စသော အကျိုးများကို ရရှိခံစားရမည် ဖြစ်ပေသည်။ ထို့ကြောင့် ပုတီးစိပ်ခြင်း အကျိုးကို ဖော်ပြပါဟုဆိုလျှင် "မဆုံးနိုင်သော၊ မရေ မတွက်နိုင်သော အကျိုးကျေးဇူးများ ရရှိနိုင်ပေသည်"ဟု ဖော်ပြရမည် ဖြစ်ပါသည်။ ဝိပဿနာ ပုတီးစိပ်နည်းဖြင့် စိပ်လျှင်ကား ဈာန်မဂ်ဖိုလ်သို့ ဆိုက်ရောက်နိုင်မည် ဖြစ်ပေသည်။

ပုတီးစိပ်ခြင်း၏ အကျိုးများစွာအနက် ဘုရားဂုဏ်တော်ကိုးပါးကို အာရုံပြု ရွတ်ဆို ပုတီးစိပ်ခြင်း၏အကျိုးကို စံနမူနာသဘောမျှ ဖော်ပြပါမည်။

ဂုဏ်တော် ပုတီးစိပ်ခြင်းအကျိုးနှင့် စပ်လျဉ်း၍ စိတ်အခြေအနေ အဆင့်ဆင့် တိုးတက်လာခြင်းကိုလည်း လေ့လာမှတ်သား လက်တွေ့ခံစားသင့်ကြပေသည်။ ဂုဏ်တော်ကို ပွားများလျှင် မည်သူမဆို-

(က) ရတနာသုံးပါးအပေါ် သက်ဝင်ယုံကြည်မှု"သဒ္ဓါ"လည်း ရှိသည်။

(ခ) မိမိကိုယ်ကို မိမိ ခွင့်မလွှတ်နိုင်လောက်အောင် (ဝါ) သံသယ ကုက္ကုစ္စ နောင်တကြီးစွာ အမြဲဖြစ်နေလောက်အောင် ကိုယ်ကျင့် တရား ပျက်စီးခဲ့မှုလည်း မရှိ၊ အခြေခံသီလ အထိုက်အလျောက် လုံခြုံသည်။

(ဂ) ဂုဏ်တော်ပါဠိအနက်ကို အလွတ်ရပြီး အဓိပ္ပာယ်ကိုလည်း သိရှိ နားလည်သည်။

ဤဖော်ပြပါ အင်္ဂါသုံးရပ်နှင့် ပြည့်စုံလျှင် ထိုသူသည် ဂုဏ်တော်တစ်ပါးစီကို အာရုံစိုက်၍ စွဲစွဲမြဲမြဲ ပွားများအပ်ပေသည်။ ယင်းသို့ ပွားများသောအခါ ပွားများသည့် သူ၏ စိတ်အစဉ်သည် ဖော်ပြလတ္တံ့ပါအတိုင်း အဆင့်ဆင့် တိုးတက်လာပေလိမ့်မည်–

(၁) ရာဂစိတ် စသည် လုံးဝ သန့်စင်နေခြင်း၊

(၂) ထိုင်းမှိုင်းမှု၊ စိတ်မငြိမ်သက်မှု၊ ယုံမှားသံသယဖြစ်မှုများကင်းခြင်း၊

(၃) ဂုဏ်တော်နှင့် မိမိစိတ် အဆက်မပြတ်စေရန် ကြံစည်သုံးသပ်မပြတ်ပြုနေခြင်း၊

(၄) ဂုဏ်တော်၌ ကျေနပ်နှစ်သိမ့်မှု ပီတိ ဖြစ်ပေါ်လာခြင်း၊

(၅) စိတ်ရော ကိုယ်ပါ အေးငြိမ်းလာခြင်း၊

(၆) အေးငြိမ်းမှုထက် သာလွန်သော ချမ်းသာသုခ ဖြစ်ပေါ်လာခြင်း၊

(၇) နောက်ဆုံးတွင် သမာဓိ (စိတ်၏တည်ကြည်မှု)သည် အထွတ်အထိပ် (ခေါင်ဖျား)သို့ ရောက်ရှိလာခြင်း၊

ဤနောက်ဆုံးစိတ် အခြေအနေရှိသူကို "ဥပစာရ ဈာန်စိတ်ကို ရသူ"ဟု ဝိသုဒ္ဓိမဂ်(ဝိသုဒ္ဓိ၊ ၁။ ၂၀၅။)တွင် ဖွင့်ဆိုထားပေသည်။

ဘုရားဂုဏ်တော်ကို စွဲစွဲမြဲမြဲ မပြတ်ဆင်ခြင် ပွားများသည်ရှိသော် ဖော်ပြလတ္တံ့ပါ အကျိုးတရားများကို မုချမသွေ ရရှိနိုင်ပေသည်–

(၁) မြတ်စွာဘုရားအပေါ် ကိုင်းညွတ်သောစိတ် အမြဲရှိလာခြင်း၊

(၂) ယုံကြည်မှု လေးနက်လာခြင်း၊

(၃) သတိပို၍ ကောင်းလာခြင်း၊

(၄) ပညာဉာဏ် ထက်မြက်လာခြင်း၊

(၅) ကောင်းမှု တိုးပွားလာခြင်း၊

(၆) စိတ်ညစ်မှု ကင်းပြီး နှစ်သက်ကြည်နူးစွာ နေရခြင်း၊

(၇) ကြောက်ရွံ့ထိတ်လန့်ဖွယ် ကြုံရလျှင် မကြောက် မလန့် စိတ်တည်တံ့ခြင်း၊

(၈) မတော်တဆ ဆင်းရဲဒုက္ခတွေ့ရလျှင် သည်းခံနိုင်ရည်ရှိခြင်း၊

(၉) မြတ်စွာဘုရားနှင့်အတူ နေရဘိသကဲ့သို့ စိတ်တွင် ထင်မှတ်လျက် ရှိခြင်း၊

(၁၀) ဗုဒ္ဓါနုဿတိဘာဝနာအစွမ်းကြောင့် မိမိကိုယ်သည် စေတီထိုက်၍ သူတစ်ပါးတို့၏ ပူဇော်မှု, ရှိုးမြှောက်မှုကို ကောင်းစွာ ခံယူနိုင်ခြင်း၊

(၁၁) မိမိစိတ်သည် သမ္မာသမ္ဗောဓိဉာဏ်၌ ကိုင်းညွတ်လာခြင်း၊

(၁၂) မကောင်းမှုကို ကျူးလွန်ရန် ပက်ပင်းကြုံရသောအခါမျိုးတွင် မိမိကိုယ်ကို ကောင်းစွာ စောင့်စည်း ထိန်းသိမ်းနိုင်ခြင်း၊

(၁၃) သေလျှင် အပါယ်လေးပါးမှကင်း၍ လူ့ပြည်နတ်ရပ် ကောင်းမြတ်သော သုဂတိဘုံ သုဂတိဘဝကို ရရှိခြင်း။(ဝိသုဒ္ဓမဂ်၊ ပ။ ၂၀၆)

ဘုရားဂုဏ်တော်ကို ဆင်ခြင်ပွားများ၍ စိတ်ကို ဆောက်တည်သည့် အလေ့အကျင့် ရနေသူသည် ဝိပဿနာအလုပ်ကို ကူးပြောင်းလျှင် လွှစိမ်းတစ်ယောက်ထက် ပိုပြီး လွယ်ကူလေသည်။ ဤအနုဿတိကို ပွားများလျက်ပင် ရရှိသော ပီတိကို ပယ်ခွါ၍ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေးသုံးပါးသို့ ကူးပြောင်းလိုက်ပါက ဝိပဿနာ ဖြစ်သွားလေသည်။ ရှေးအခါက ဂမိယတိဿ အမည်ရှိသော မထေရ်တစ်ပါးသည် ပဠာန်းကျမ်းနှင့် စပ်လျဉ်း၍ ဘုရားဂုဏ်ကို အာရုံပြုပြီး ဖြစ်ပေါ်လာသော ပီတိကို ပယ်ခွါ၍ ဝိပဿနာရှုသဖြင့် ရဟန္တာ ဖြစ်ခဲ့ဖူးလေသည်။

အမှန်စင်စစ် မြတ်စွာဘုရားသည် အစိန္တေယျ (လူသာမန်တို့ စိတ်ဖြင့် ကြံစည်တွေးဆ၍ မရနိုင်သူ) ဖြစ်သည့်နည်းတူ အစိန္တေယျ မြတ်စွာဘုရား၌ ကိုးစားကြည်ညိုသူများ ရနိုင်သည့် ကောင်းကျိုးသည်လည်း အစိန္တေယျပင် ဖြစ်ပေ၏။ တရားတော်၏ဂုဏ်, သံဃာတော်၏ ဂုဏ်များကို ကိုးစားကြည်ညိုသူများ ရရှိနိုင်သည့် ကောင်းကျိုးသည်လည်း အနန္တပင် ဖြစ်ပေသတည်း။

**မှတ်ချက်။ ။** ဤအခန်းသည် နှစ်ဖက်လှဦးကျော်လွင်၏ '**ပုတီးသမိုင်းနှင့် ပုတီးစွမ်းရည်အမျိုးမျိုး**' စာအုပ်မှ တိုက်ရိုက်ကူးထည့်ထားခြင်း ဖြစ်ပါသည်။

# အခန်း (၇)

## ကံအကြောင်း

**ကံကို ယုံသလား** လူတိုင်း၌ "ကံ၊ ဉာဏ်၊ ဝီရိယ" သုံးမျိုးရှိသည်။ "ဉာဏ်၊ ဝီရိယ" နှင့် ပတ်သက်၍ ပြဿနာမပေါ်ချေ။ လူတိုင်းက လက်ခံကြသည်။ "ကံ"နှင့် စပ်လျဉ်းလာလျှင်မူကား "ကံ"မရှိဘူး ဆိုသူက ဆို၊ "ကံ"ကို မယုံဘူးဟု ပြောသူက ပြောကြသည်။

သို့သော် "ကံမရှိဘူး၊ ကံမယုံဘူး"ဟု ပြောသူများသည် မိမိ၏ အခြေအနေ, မိမိ၏အပြုအမူများကို မသုံးသပ် မဆင်ခြင်မိကြသဖြင့် မိမိကိုယ်ကို ပြန်လည်ဆန့်ကျင်မိကြသူများသာ ဖြစ်ကြသည်။

အဘယ်ကြောင့်ဆိုသော် ထိုကံမယုံသူများသည် မိမိတို့ မယုံဘူးဆိုသည့် ကံကိုပင် နေ့စဉ်နေ့တိုင်း ပြုလုပ်နေကြသောကြောင့် ဖြစ်ပေသည်။

ရှင်းပြဦးအံ့။ ပါဠိဘာသာ"ကမ္မ"မှ "ကံ"ဟူသော ပါဠိသက် မြန်မာဝေါဟာရ ဖြစ်လာသည်။ အဓိပ္ပာယ်မှာ အလုပ်ဟူ၍ ဖြစ်ပေသည်။ နေ့စဉ်လှုပ်ရှားနေကြသော လောကလူသားတို့ကို ကြည့်ပါ။ မည်သူမဆို အလုပ်နှင့် ကင်းနိုင်ကြသည် မဟုတ်ပေ။ စားဝတ်နေရေး ပြေလည်မှုအတွက် နေထွက်မှ နေဝင်အထိ ရုန်းကန်လှုပ်ရှားနေကြရသူချည်း ဖြစ်ကြသည်။

**ကံနှင့် လက်တွေ့ဘဝ (ကုသိုလ်၊ အကုသိုလ်)** အလုပ်လုပ်သဖြင့် လုပ်အားတန်ဖိုးကို ရရှိကြသည်။ အစိုးရ အမှုထမ်းများသည် တိုင်းပြည်အတွက် အလုပ်လုပ်ကြသောကြောင့် ထိုလုပ်အားအတွက် တိုင်းပြည်က ပြန်လည်ချီးမြှင့်သော လစာရိက္ခာများ ရရှိနေကြသည်။ ကုန်သည်သည် ကုန်ရောင်းကုန်ဝယ် လုပ်ငန်းမှ အမြတ်အစွန်း ရရှိခံစားရ၏။ စိုက်ပျိုးရေး လုပ်သားတို့သည် စိုက်ပျိုးမှုလုပ်ငန်းမှ သီးနှံများ ဖြစ်ထွန်းလာပြီး ထိုမှ အကျိုးအမြတ်ကို ပထမဦးဆုံး ခံစားကြရ၏။

နိုင်ငံတိုင်းတွင် လူမှုပညတ်ချက် ဥပဒေဟူသည် ရှိ၏။ ထိုဥပဒေကို လူတိုင်း လိုက်နာကျင့်သုံးနေကြရ၏။ ခိုးယူခြင်း၊ လုယက်ခြင်း၊ သတ်ဖြတ်ခြင်း၊ မုဒိမ်းကျင့်ခြင်း၊ သူ့သားမယားကို ကျူးလွန်ခြင်း၊ ပုန်ကန်ခြင်းစသော အပြစ်တို့ကို ကျူးလွန်မိသူသည် မိမိ၏ မကောင်းသော အလုပ်ကြောင့် ဥပဒေအရ ငွေဒဏ်၊ ကြိမ်ဒဏ်၊ ထောင်ဒဏ်၊ ကြိုးဒဏ်၊ သေဒဏ် ခံကြရသည်။

အစိုးရဥပဒေကို ရိုသေ လေးစား လိုက်နာပြီး ရာဇဝတ်ပြစ်မှုများကို ရှောင်ကြဉ်သူများမှုကား စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေကြရသည်။ အများ ကောင်းကျိုးကို ဆောင်ရွက်သူများ၊ တိုင်းပြည်အတွက် အလုပ်လုပ်သူများလည်း အစိုးရဥပဒအရ ဆုလာဘ်ပဏ္ဏာ ခံယူကြရသည်။

ကမ္ဘာ့နိုင်ငံအသီးသီး၌လည်း အစိုးရဥပဒေများ ရှိကြ၏။ ထိုလူမှု ပညတ်ချက် ဥပဒေများကိုလည်း ကျင့်သုံးလိုက်နာနေကြရသည်သာ ဖြစ်၏။ ၎င်းအပြင် အများအကျိုးအတွက် မိမိတို့ ပါဝင်နေသော ပါတီအဖွဲ့အစည်းတို့၏ စည်းမျဉ်းများကို ဦးလည်မသုန် လိုက်နာနေကြမှုများသည်လည်း ကံကို လုပ်နေကြခြင်းပင် ဖြစ်သည်။

တိုင်းပြည် တိုးတက်ရေး၊ ပြည်သူပြည်သားတို့ဘဝ သာယာရေးကို ဦးစီး ဦးကိုင် ပြုလုပ်ဆောင်ရွက်နေကြသူများလည်း မိမိတို့၏ ကောင်းသောလုပ်ငန်း ကြောင့် ကျော်စောခြင်း(ကိတ္တိ) ရရှိကြသည်။ တန်ခိုးအာဏာရှိကြသည်။ ချမ်းချမ်း သာသာ နေကြရသည်။ ဤကဲ့သို့ ကံကို ကိုယ်တိုင် လုပ်နေကြပြီး ကံအကျိုးကို နေ့စဉ်ခံစားနေကြပါလျက် “ကံ မရှိဘူး၊ ကံ မယုံဘူး”ဟု ပြောဆိုမိကြပါက ဘူးသမားများသာ ဖြစ်ကြရာသည်။

ထို့ပြင် သက်ဆိုင်ရာလူမှုပညတ်ချက်နှင့် ဝါဒသဘောတရားအရ ပရဟိတ လုပ်အားကို သရုပ်ဖော်ပြ၏။ စုပေါင်းလုပ်ကိုင်ကြ၏။ တစ်ဦးနှင့်တစ်ဦး ကူညီ ရိုင်းပင်းကြ၏။ ထောက်ပံ့ သင်္ဂြိုဟ်ကြ၏။ ဖေးမ ကူညီကြ၏။ ဤအလုပ်တို့သည် လည်း ကံမဟုတ်လျှင် အဘယ်နည်း။

ဘာသာရေး လမ်းညွှန်ချက်များကြောင့် ကိုယ်ကျင့်တရား ထိန်းသိမ်းကြ၏။ တစ်ဦးနှင့် တစ်ဦး ရိုသေကိုင်းညွတ်ကြ၏။ လှူဒါန်း ပေးကမ်း စွန့်ကြဲကြ၏။ ကူညီကြ၏။ ရိုင်းပင်းကြ၏။ သနားကြ၏။ မေတ္တာ ထားကြ၏။ ဤသည် တို့လည်း ကံအလုပ်များပင် မဟုတ်ပါလော။

ဤသို့လျှင် လောကီရေးရှုထောင့်မှ ကြည့်ကြည့်၊ လောကုတ္တရာရေး ရှုထောင့်မှမြင်မြင်၊ ကံကို နေ့စဉ်ပြုလုပ်နေကြပါလျက် “ကံမရှိဘူး၊ ကံမယုံဘူး”ဟု

ပြောနေပါလျှင် မြင်းစီးပြီး "မြင်းထီး, မြင်းမ" မသိသူနှင့် အဘယ်သို့လျှင် ခြားနားပါတော့အံ့နည်း။

**အလုပ်ကဲတွေ ဆန်းကြယ်ခြင်းမှာ** လူသားတို့သည် ကဲကိုလုပ်နေကြသည်မှာ နည်းနည်းပါးပါးပင် မဟုတ်။ အဆန်းတကြယ် အမြောက်အမြားပင် ဖြစ်၏။ လက်ရှိခေတ်တွင် လကမ္ဘာသို့ ရောက်ပြီး အင်္ဂါဂြိုဟ်၌ ခြေချနိုင်ရန်အထိ ကဲတွေကို အဆန်းတကြယ် ဖန်တီးနေကြပြီဖြစ်၏။

ဤကဲ့သို့ ကဲတွေ အလုပ်တွေ ဆန်းကြယ်လေသည်မှာ လူသားတို့၏ စိတ်ဆန်းကြယ်၍ ဖြစ်သည်။ ထိုစကားမှန်၏။ ကျွန်ုပ်တို့လူသားတို့၏ စိတ်ကားလောကတွင် ဆန်းကြယ်ပါသည်ဆိုသော အရာဟူသမျှထက် ဆန်းကြယ်လျက်ရှိ၏။ အကြောင်းကား ထိုဆန်းကြောင့်ဆန်းကြယ် အသွယ်သွယ်ကို လူ့စိတ်ကူးဖြင့် ဖန်တီးယူကြသောကြောင့်တည်း (အင်္ဂုတ္တိုရ်ပါဠိ၊ ပထမ။ အဋ္ဌသာလိနီ စသည်)။

စိတ်ဆန်းကြယ်သည်နှင့်အမျှ လူတို့၏ လုပ်ငန်းများလည်း ဆန်းကြယ်လာ၏။ အလုပ်မတူ၍ လူတို့၏အသွင်အပြင်များလည်း ကွဲပြားလာ၏။ ဝတ်စားဆင်ယင်မှု၊ သွားလာနေထိုင်မှုတို့လည်း လုပ်ငန်းအရ ကွဲပြားလာရတော့သည်။

ဤကဲ့သို့ အသွင်အပြင်တွေ၊ ပုံဟန်သဏ္ဌာန်တွေ တစ်ခုနှင့်တစ်ခု မတူကြသောကြောင့် အမှတ်အသား အခေါ်အဝေါ်များလည်း သူ့နေရာနှင့်သူ ခေါ်ဝေါ်သုံးစွဲလာရသည်။ ဆရာ, ဆရာမဟူ၍လည်းကောင်း၊ ရှေ့နေ, တရားသူကြီးဟူ၍လည်းကောင်း၊ ရဲသား, စခန်းမှူးဟူ၍လည်းကောင်း၊ တပ်သား, တပ်ဗိုလ်ဟူ၍လည်းကောင်း အခေါ်အဝေါ် ဝေါဟာရတွေ ကွဲပြားခြားနားလာရသည်။

အလုပ်ကို အခြေခံသော ဘဝအခြေအနေများ၊ အခေါ်အဝေါ်များ ကွဲပြားနေ၍ "ဘာဖြစ်ချင်တယ်၊ ဘာလုပ်ချင်တယ်" စသည့် ဆန္ဒများတဖွားဖွား ပေါ်လာရပေသည်။

မိမိစိတ်ဆန္ဒအလိုက် နှစ်ခြိုက်ရာလုပ်ငန်းများကို ပြုလုပ်ဆောင်ရွက်လာကြသည်။ အလုပ်၏ ဂုဏ်သိက္ခာနှင့် ကျင့်ဝတ်များကိုလည်း ထိန်းသိမ်းလာကြရသည်။ တစ်ဘဝလုံး လုပ်ခဲ့သမျှအလုပ်အတွက် လတ်လတ်ဆတ်ဆတ် လုပ်အားတန်ဖိုးကို ခံစားကြရသည့်အပြင် အလုပ်လုပ်သူ၏ စိတ်နေစိတ်ထားပေါ်မူတည်၍ စိတ်စေတနာ သတ္တိကလေးများလည်း လူ့သန္တာန်၌ စွဲမြဲကျန်ရစ်ခဲ့၏။ ထိုစေတနာသတ္တိကလေးများသည် အချည်းနှီးပျောက်ပျက်သွားသည် မဟုတ်ပေ။ သေသောအခါ

ထိုစိတ်စေတနာ၏ ဖွမ်းရည်ကြောင့် ဘဝသစ် ဆက်၍ ဖြစ်လာရသည်။ မိမိ၏ စိတ်စေတနာကောင်းမှု, ဆိုးမှု အပေါ် အခြေခံ၍ ဘဝကောင်း, ဘဝဆိုးကို ရလာကြကုန်၏။ ဤသည်မှာ စိတ်ကူးတွေးမြင်ချက် မဟုတ်။ မျိုးစေ့မှ အပင်ပေါက်သည်၊ မီးကြောင့် အခိုးထွက်သည် ဟူသကဲ့သို့ ကြောင်းကျိုးကွင်းဆက် ယထာဘူတ သဘောမှန် ဖြစ်သည်။

အလုပ်နှင့် လုပ်အားတန်ဖိုးကို မငြင်းနိုင်သူမှန်သမျှ ကံကို မငြင်းနိုင်ပေ။ မည်သူမဆို အလုပ်ကံကိုသာ နေ့စဉ် ကြိုးစားနေကြရသည် ဖြစ်သောကြောင့် ကမ္ဘာသူ ကမ္ဘာသားအားလုံးသည် "ကံကို မယုံဘူး"ဟု ပြောလျှင် မိမိအလုပ်ကို "မယုံဘူး" ဟု ပြောမိလျက်သား ဖြစ်ရာသည်။ ဇာတ်ပွဲထဲက နတ်ကလေးပမာ ထွက်ဆိုလို့သာ ထွက်လာရသည်၊ "ငါဘာကောင်ပါလိမ့်"ဟု ဆိုရာကျချေမည်။

ဤသို့သော အကြောင်းများကြောင့် လူတိုင်းသည် မိမိတို့နေ့စဉ် ကံကို လုပ်နေကြကြောင်း၊ ကံ၏အကျိုးကို ခံစားနေကြကြောင်း ဆင်ခြင်သုံးသပ်မိသင့်၏။ "ကံမရှိ၊ ကံမယုံ"ဟု မည်သည့်အခါမျှ မယူဆထိုက်ကြောင်း ယထာဘူတကျကျ တွေးဆသိမြင်အပ်ပေသည်။

**ကံဆိုသည်မှာ အဘယ်နည်း** ကံဟူသည် ရုပ်နာမ်ဓမ္မ သမူဟသာ ဖြစ်သော လူသား၏ ကာယ၊ ဝါစာ၊ ဉာဏ အမူအရာ လုပ်အား ဖြစ်ပေသည်။

ထိုစကားသင့်စွ၊ ကျွန်ုပ်တို့သည် သက်ရှိလူသား တစ်ဦးစီအား စူးစူးစိုက်စိုက် ဉာဏ်ဖြင့်နှိုက်၍ ကြည့်ရှုဆင်ခြင်ပါမူ သူသည် သူ၏ ကိုယ်ကာယဖြင့်လည်း အလုပ်လုပ်နေသည်။ နှုတ်ဝစီဖြင့်လည်း ပြောဆိုနေသည်။ ကိုယ်လက် အမူအရာနှင့် ခံတွင်းမှ ထုတ်ဟပြောဆိုခြင်း မရှိသော်လည်း အဘိဇ္ဈာဖြစ်မှုကဲ့သို့ အတွင်း အဇ္ဈတ္တတွင် ကျိတ်ကာမိုတ်ကာ စိတ်သက်သက်ဖြင့်လည်း ကြံစည်လုပ်ကိုင် နေတတ်သည်။ ဤသို့သော မူမှန်သဘာဝတို့ကို အမှန်အတိုင်း သိမြင်ကြရပေမည်။ ယင်းကာယ၊ ဝါစာ၊ မန အမူအရာများကို ဖယ်ရှားကြည့်လျှင် လူသားကို "အသုဘ"အနေဖြင့်သာ တွေ့ရပေမည်။

ဖော်ပြပြီး ကာယ၊ ဝါစာ၊ မန အမူအရာ အလုပ်တို့ကို ပါဠိဘာသာအားဖြင့် ဝေါဟာရတပ်ဆင်သောအခါ–

–ကာယကမ္မ=ကာယကံ=ကိုယ်အမူအရာဖြင့် ပြုလုပ်မှု၊

–ဝစီကမ္မ=ဝစီကံ=စကားဖြင့် ပြုလုပ်ဆောင်ရွက်မှု၊

–မနောကမ္မ=မနောကံ=အတွင်းစိတ်သက်သက်ဖြင့် အတွင်းကျိတ်ကြံစည် ပြုလုပ်မှု–

ဟူ၍ ဖြစ်လာသည်။

ဝစီကမ္မ၌ "ဝစီ" သို့မဟုတ်"ဝစ"သဒ္ဒါမှာ နှုတ်ခံတွင်းကို မဟောဆို။ "စကား"ဟူသော အဓိပ္ပာယ်ကိုသာ ပေး၏။ ထို့ကြောင့် ဝစီကံကို "နှုတ်ဖြင့် ပြုလုပ်ချက်"ဟု ဘာသာပြန်ဆိုသည်ထက် "စကားဖြင့် လုပ်ဆောင်ချက်"ဟု အနက်ဖော်ထုတ်သည်က ပို၍ရှင်းလင်းသည်။

ကံနှင့်လူသားသည် တခြားစီ မဟုတ်၊ ကံဟူသည် လူသား၏စွမ်းရည် တစ်မျိုးသာဖြစ်ကြောင်း သဘောပေါက်ရပေမည်။

ဗုဒ္ဓဘာသာအချို့သည် ကံကြမ္မာသည် သီးသီးသန့်သန့်ရှိနေသလို အထင် အမှတ် မှားနေ၏။ "အတ္တ" ရှိသည်ဟု ထင်သကဲ့သို့ ဖြစ်ချေ၏။ အဘိဓမ္မာအရ ကံသည် စေတနာဖြစ်၍ "ဥပါဒ်၊ ဌီ၊ ဘင်" စနစ်ဖြင့် ချုပ်ပျက်မြဲဖြစ်၏။ "ကမ္မသတ္တိ၏ စွမ်းရည်သည် မည်သည့်အဆင့်ရောက်မှ အကျိုးဖြစ်ထွန်းလာသည်၊ မိမိတွင် ဘယ်သို့သော ကမ္မသတ္တိရှိနေသည်"ကို အတပ်မသိရှိဘဲ "ရှေးအတိတ်ကံကို ယုံပြီး စောင်ခြုံအိပ်နေမည်၊ ပျော့စိစိ ဆုတ်ဆုတ်နစ်နစ် ဖြစ်နေမည်"ဆိုပါက ရှေးအကြောင်းကံရှိမှ ချမ်းသာမည်( ပုဗ္ဗေကတဟေတုဒိဋ္ဌိ)ဟု ကံတစ်ခုတည်း စွဲယူမှုမျိုးဖြစ်၍ "ဗုဒ္ဓလမ်းစဉ်မှ သွေဖည်နေပြီ"ဟု နားလည်ရန်သာ ရှိတော့၏။ ဖြစ်သမျှ ရှေးအတိတ်ကံလက်ချက်ဟု ပုံမချရ။ အတိတ်နှင့် ပစ္စုပ္ပန် ပေါင်းစပ် ယူရသည်။ အတိတ်ကံနှင့် ပစ္စုပ္ပန်ကံပေါင်းစပ်ပြီး လက်ရှိဘဝကောင်းကျိုးကို ရှာရမည်။ အနာဂတ်ကောင်းကျိုးကို ထူထောင်ရမည် ဖြစ်ပါသည်။

**ကံ၏အခြေအမြစ်**

မြတ်ဗုဒ္ဓသည် ရင်းမြစ်ကျကျ "စေတနာ"ကို "ကံ"ဟူ၍ ဤသို့ဟောပြ၏။

(က) စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ။
စေတနာကို ကံဟူ၍ ငါဘုရားဆို၏။

(ခ) စေတယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ။
စေ့ဆော်ပြီး၍ ကိုယ် နှုတ် စိတ် တစ်မျိုးမျိုးဖြင့် လုပ်အားကို သရုပ်ဖော်၏။

မမြင်သာသော စေတနာနှင့် မြင်သာသည့် လုပ်အား လှုပ်ရှားမှုတို့၏ ဆက်သွယ်ပေါင်းကူးမှုကို ပဋ္ဌာန်းဒေသနာတော်ကြီး၌ ဤသို့ဖော်ပြပေသည်-

သဟဇာတာ စေတနာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ
ကမ္မပစ္စယေန ပစ္စယော။

တိုက်ဆိုင်မိသော အာရုံအခိုက်နှင့် အုပ်စုလိုက် ဖြစ်ပေါ်လာသော စိတ်စေတသိက် နာမ်တရားစုတွင် တစ်ခု အပါအဝင် ဖြစ်သော စေတနာသည် စိတ်စွမ်းအားကြောင့် ဖြစ်ထွန်းပေါ်ထင်လာသော ရုပ်တရားများအား ကမ္မသတ္တိဖြင့် ကျေးဇူးပြုသည်။ (ဝါ) စေတနာက ကမ္မသတ္တိ(မျိုးစေ့သဘော) စွမ်းအားဖြင့် လုပ်အားတွေ လှုပ်ရှားလာအောင် ဖန်တီးသည်။

"စေတယိတ္វာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ" ဟူသော ဒေသနာတော်အရ ကာယလုပ်အား၊ ဝါစာလုပ်အား၊ မနလုပ်အား (ဉာဏလုပ်အား) တို့သည် စေတနာကြောင့် သရုပ်ပေါ်လာသော ကံတို့ပေတည်း ဟု သုတ္တန်ကျကျ နားလည်ရပေ၏။

ဤတွင် "စေတနာ ကောင်းရှာတယ်၊ တယ်စေတနာသန့်တဲ့ လူပဲ" စသော အရပ်ပြောစကားများတွင် ပါရှိသည့် ဂါမေအသိ စေတနာမျိုးကို ဆွဲ၍ မသွင်းယူသင့်။ စာပေအရှိ စေတနာသဘောကိုသာ သုံးသပ်ရမည် ဖြစ်သတည်း။

## ကံ၏ အကျိုးတရား (ကမ္မဖလ)

### ကံ၏ အကျိုးရှိကြောင်း မည်သို့ သိနိုင်ပါသလဲ

ကမ္မပထမြောက်၍ အပါယ်သို့ လားရာ လားကြောင်းဖြစ်သော နတ္ထိက ဒိဋ္ဌိအမြင်ရှိသူများက "အလုပ်ကံနှင့် ကံ၏အကျိုး (လုပ်အားတန်ဖိုး) မရှိ" ဟု မှတ်ထင်ကြသော်လည်း အမှန်စင်စစ် လုပ်အား (ကံ)၏ စွမ်းရည်သတ္တိကောင်းကျိုး၊ ဆိုးပြစ်သည် မီးနှင့် အခိုးအလျှံကဲ့သို့ ဒွန်တွဲလျက်သာ တည်ရှိနေပေသည်။ အလုပ် (ကံ)၏ ကောင်းကျိုး၊ ဆိုးပြစ်ရှိမှုကို-

(၁) ကိုယ်တွေ့အားဖြင့် လည်းကောင်း၊

(၂) ဆင်ခြင်ဝေဖန် ဉာဏ်အားဖြင့်လည်းကောင်း၊

(၃) ဘုရားသမ္မာဒ္ဓ၏ ဟောကြားချက်အရ လည်းကောင်း-

ယထာဘူတကျကျ သိရှိနိုင်ပေသည်။

## ကံသည် အကျိုးတရားကို ချက်ချင်း ဖော်ထုတ်သလော

ကံ၊ ကံ၏အကျိုး ဆက်သွယ်မှုတွင် ဗုဒ္ဓဘာသာတိုင်းလိုလိုပင် ဘုရားမြတ် အလိုတော်ကျအတိုင်း မှန်ကန်စွာ နားလည်ထားရင်း ရှိခဲ့၏။

ကောင်းသောအလုပ်(ကုသိုလ်ကံ)၊ ဆိုးညစ်သောအလုပ်(အကုသိုလ်ကံ) တို့၏ အကျိုးတရား ဖြစ်ထွန်းစေမှုနှင့် ပတ်သက်၍ ဓမ္မပဒဒေသနာတော်တွင် မြတ်ဗုဒ္ဓက ဤသို့ ဟောကြားထား၏ -

ပါပေါပိ ပဿတိ ဘဒြံ-ယာဝ ပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊ အထ ပါပေါ ပါပါနိ ပဿတိ။
(ဂါထာ-၁၁၉)

မကောင်းမှုကို ပြုလုပ်ထားသူပင် ဖြစ်လင့်ကစား ထိုအကုသိုလ်ကံ ရင့်ကျက်လာပြီး ဆိုးပြစ်ကို ဖော်ထုတ်၍ မပေးမီ အချိန်ပိုင်း၌ ချမ်းသာသုခကို တွေ့မြင် ခံစားနေတတ်၏။ သို့သော်လည်း ပြုလုပ်ခဲ့သော ဒုစရိုက်ကံ ရင့်ကျက်၍ သူ၏သတ္တိကို ပြသလာသောအခါ ဆိုးညစ်သောကံပိုင်ရှင်သည် ယုတ်မာဆိုးဝါးသော ဆင်းရဲဒုက္ခ အမျိုးမျိုးကို တွေ့မြင်ခံစားရတော့သည်။

ဘဒြောပိ ပဿတိ ပါပံ၊ ယာဝ ဘဒြံ န ပစ္စတိ။
ယာဒါ စ ပစ္စတိ ဘဒြံ၊ အထ ဘဒြော ဘဒြာနိ ပဿတိ။
(ဂါထာ-၁၂၀)

ကောင်းသောအမှုကို ပြုလုပ်ဆောင်ရွက်ထားသည် ဖြစ်လင့်ကစား ထို ကောင်းမှုကုသိုလ်ကံ မရင့်ကျက်သေးသဖြင့် ကောင်းကျိုးသုခကို ပေးအပ်ဆက်နှင်း နိုင်ခြင်း မရှိသေးမီအတွင်း ဆင်းရဲဒုက္ခကို တွေ့ကြုံရတတ်၏။ သို့တစေလည်း ပြုထားသော ကုသိုလ်ကံ ရင့်ကျက်လာ၍ သူ၏ အကျိုးတရားကို ဖော်ထုတ်လာ သောအခါ သုစရိုက်ကံသခင် လူသားသည် ချမ်းသာသုခ ဟူသမျှကို အားရပါးရ တွေ့မြင်ခံစားရပေသည်။

ကြားကာလတွင် စံစား ခံစားရသော အကျိုးတရားများမှာ ယခင့်ယခင်က ပြုလုပ်ခဲ့ပြီး ရင့်ကျက်သော ကံတစ်မျိုးမျိုးကြောင့်လည်းကောင်း၊ ဉာဏ်ဝီရိယ အကြောင်းဆက်ကြောင့် လည်းကောင်း ဖြစ်ပေ၏။

အထက်ပါ ဒေသနာတော်၌ "ယာဝ ပါပံ န ပစ္စတိ = မကောင်းမှုကံ ရင့်ကျက်မှု မဖြစ်မီ" "ယာဝ ဘဒြံ န ပစ္စတိ = ကောင်းမှုကံ မရင့်ကျက်မီ" ဟူသော စကားတို့မှာ ကံတစ်ခုသည် ရင့်ကျက်လာမှသာ အကျိုးကို ဖြစ်စေနိုင်သည် (ဝါ) ရေတ်သီးစပ်သလို လတ်တလော တစ်ထိုင်တည်း အကျိုးပေးနိုင်ခြင်းမရှိဟု ထင်ထင်ရှားရှား ဟောပြထားခြင်းဖြစ်၏။

ဤသို့ တိုက်ရိုက် ဟောပြထားသော ဘုရားမြတ်၏ တရားတော်အရ လည်းကောင်း၊ နေ့စဉ် တွေ့မြင်နေကြရသော လက်တွေ့ကျသည့် အချက်အလက်ပေါ် သုံးသပ်၍ လည်းကောင်း ကံတစ်ခုသည် ချက်ချင်းလက်ငင်း ဒရောသောပါး အကျိုးကို မပေးဆပ်နိုင်ကြောင်း ယထာဘူတကျကျ ဗုဒ္ဓဘာသာဝင်များက ခံယူထားကြပေသည်။

ထိုမှတစ်ပါး တာဝတိံသာနတ်ပြည်၌ မယ်တော် မိနတ်သားနှင့်တကွ နတ်ဗြဟ္မာ ပညာရှိများအားလည်းကောင်း၊ လူ့ပြည်တွင် လက်ယာတော်ရံ ရှင်သာရိပုတ္တရာအားလည်းကောင်း၊ ရှင်သာရိပုတ္တရာမှ တစ်ဆင့် ရဟန်းငါးရာတို့အား လည်းကောင်း စတင်ထုတ်ဖော်ဟောပြခဲ့သော သဘာဝဒေသနာတော်ဖြစ်သည့် အဘိဓမ္မာတရားတော်အရလည်း ကံအကျိုးတရား၏ သန့်စင်ဖွားမြောက်လာပုံ အခါကာလအမျိုးမျိုး သိရှိ မှတ်သားနိုင်ပေသေးသည်။

## ကံအမျိုးမျိုး (ကမ္မဘေဒ)

### ချိန်ကွဲကျိုးဖန် ကံသုံးတန်

ကောင်းမှုကံဖြစ်စေ၊ မကောင်းမှုကံဖြစ်စေ ကံတစ်ခုသည် သူ၏ အကျိုးတရားကို–

(၁) လက်ရှိဘဝအတွင်း တစ်ချိန်ချိန်မှာ ဖော်ထုတ်သည်လည်း ရှိ၏။ ၎င်းကို ဒိဋ္ဌဓမ္မဝေဒနီယကံဟု ပါဠိလိုခေါ်၏။ မျက်မှောက် ဘဝမှာပင် အကျိုးကို ခံစံနိုင်စေရန် စွမ်းရည်ရှိသောကံဟူ၍ ဆိုလို၏။

(၂) အချို့သောကံသည် ပစ္စက္ခဘဝ၌ အကျိုးတရားကို ထုတ်ဆောင် အပ်နှင်းနိုင်ခြင်း မရှိ၊ ဒုတိယ ဘဝကျမှသာ ၎င်းတန်ခိုးကို ပြသနိုင်၏။ ဤကံမျိုးကိုမူ နောက်ဘဝကျမှ ခံ စံရမည့်အကျိုးကို ဖြစ်ထွန်းစေသည့်အတွက် ဥပပဇ္ဇဝေဒနီယကံဟူ၍ သတ်မှတ်ပါသည်။

(၃) ကံတစ်မျိုးမှာမူ ယခုဘဝမှာရော၊ နောက်ဘဝမှာပါ သူ၏အကျိုးတရားကို ထုတ်ဖော်နိုင်ခြင်းမရှိ၊ ရင့်ကျက်ရန် အချိန် လိုနေသေးသောကြောင့် ဖြစ်၏။ ထိုကံမျိုးသည် တတိယဘဝမှစ၍ ကံပိုင်ရှင်လူသား နိဗ္ဗာန်မရ မရောက်သေးမီ ကြားကာလ တစ်ချိန်ချိန်၌ အကျိုးပေးရန် အားစုနေရပေသည်။ အားပြည့်၍ ရင့်ကျက်လာသည်နှင့် တစ်ပြိုင်နက် ကောင်းသောကံ ဖြစ်က ကောင်းကျိုးချမ်းသာသီးပွင့်ကို ဝေဆာစေပြီး ဆိုးညစ်သော အကုသိုလ်ဖြစ်က မကောင်းကျိုးကို အငြိုးနှင့် ဖော်ထုတ်ပေသည်။ "အပရာပရိယဝေဒနီယကံ"ဟူသည်မှာ ဤကံမျိုး ဖြစ်ပေသည်။

ဆိုခဲ့ပါ ကံတို့သည် မိမိတို့ သက်ဆိုင်ရာ အချိန်ပိုင်းအတွင်း၌ အကျိုးပေးရစမြဲဖြစ်၏။

အဘိဓမ္မာပါဠိတော် ကထာဝတ္ထု၌-

ဒိဋ္ဌဓမ္မဝေဒနီယံ ကမ္မံ ဒိဋ္ဌဓမ္မဝေဒနီယဋ္ဌေန နိယတန္တိ၊ အာမန္တာ-

စသည်ဖြင့် ဝေဖန်ဟောပြထား၏။

မျက်မှောက်ဘဝတွင် အကျိုးပေးနိုင်စွမ်းရှိသော ကံတစ်ခုသည် မျက်မှောက်ဘဝမှာပင် အကျိုးပေးခြင်းသဘောနှင့် မြဲရဲ့လား(ဝါ) မျက်မှောက်ဘဝမှာပင် အကျိုးပေးရဲ့လားဟု မေးသော်-

အစွမ်းရှိသောကံသည် သူ၏အကျိုးကို ထုတ်ဖော်ရန် ပျက်ကွက်ခြင်းမရှိပါ၊ မြဲပါသည်။ အကျိုးပေးပါသည်-ဟု ဖြေဆိုရပါမည်။

ဤတွင် သက်ဆိုင်ရာ အချိန်ပိုင်းနှင့် ကံ၏ ရင့်ကျက်မှုအရည်အချင်းကို သတိပြုရန် လို၏၊ သက်ဆိုင်ရာ အချိန်ပိုင်း၌ ရင့်ကျက်ရမည့်ကံသည် တကယ်ရင့်ကျက်လာပါက ယင်းသို့ ရင့်ကျက်သည်နှင့် တစ်ပြိုင်နက် အကျိုးတရားကို ဖြစ်ထွန်းစေသည်။ ရင့်ကျက်ပြီးနောက် အချိန်ဆွဲနေသည်(ဝါ) ရင့်ကျက်ပြီးမှ အကျိုးမပေးလိုက်ရဘဲ ပျက်စီးသွားသည်ဟူ၍ မရှိချေ။

**အဟောသိကံ** သို့သော် သက်ဆိုင်ရာအချိန်ပိုင်းအတွင်း၌ မရင့်ကျက်နိုင်သော ကံတို့လည်း ရှိပေသည်။ ရင့်ကျက်ဖို့ အလားအလာ ရှိသော်လည်း မိမိထက် အားကြီးလှသော ဆန့်ကျင်ဘက်ကံတစ်မျိုးမျိုးတို့က (အကုသိုလ်ကံနှင့်

ကုသိုလ်ကံ ဆန့်ကျင်ဘက်တည်း) အလဲထိုးလိုက်သဖြင့် ပျက်စီးသွားရသောကံတို့လည်း ရှိပေ၏။

ယင်းသို့ မရင့်ကျက်နိုင်သောကံ၊ အဖျက်အဆီးခံရသောကံတို့သည် မိမိတို့နှင့် သက်ဆိုင်ရာ ကောင်းကျိုးဆိုးပြစ်ကို ဖော်ထုတ်နိုင်သည့် အခွင့်အရေးကို စွန့်လွှတ်ကြရ၏။ ကံအနေဖြင့် ဖြစ်ခဲ့ရသော်လည်း အကျိုးတရားကို ဖော်ထုတ်နိုင်ခြင်း မရှိတော့သောကြောင့် အလကားကံ၊ အချည်းနှီးကံတို့ ဖြစ်ရသည်။ အပွင့်သာ ပွင့်နိုင်ပြီး အသီးအဖြစ်သို့ မရောက်လာနိုင်သကဲ့သို့တည်း။ ဥသာဖြစ်လာပြီး အကောင်မပေါက်နိုင်သည့် လေဥ–ပမာတည်း။ ဤသို့သော ကံမျိုးကို ပါဠိလို "အဟောသိကံ"ဟူ၍ ခေါ်ပေသည်။

ဤ၌ ရှင်အင်္ဂုလိမာလ၏ လူသတ်မှု အကုသိုလ်ကံတို့သည် ရှင်အင်္ဂုလိမာလ ရဟန္တာဖြစ်သွား၍ အကျိုးမပေးနိုင်သောကြောင့် အဟောသိကံဖြစ်သွားပုံကို သတိရနိုင်၏။

အဘိဓမ္မာနည်းအရ ဝီထိတစ်ခုတွင် ပါဝင်သော ဇောစိတ်ခုနစ်ကြိမ်အနက် ပထမဇောစိတ်နှင့်ယှဉ်သော စေတနာကံသည် ဒိဋ္ဌဓမ္မအကျိုးပေး၏။

သတ္တမဇောနှင့်ယှဉ်သော စေတနာကံသည် ဥပပဇ္ဇဝေဒနီယ (ဒုတိယဘဝ၌ အကျိုးပေးသောကံ) ဖြစ်၏။ အလယ်ဇော ၅–ချက်နှင့်ယှဉ်သော စေတနာကံတို့သည် အပရာပရိယဝေဒနီယ (နိဗ္ဗာန်မရမီ ဘဝတစ်ခုခု၌ အကျိုးပေးသောကံ) ဖြစ်သည်။ ထိုကံတို့သည်ပင် မရင့်ကျက်နိုင်လျှင် အဟောသိကံ ဖြစ်သွားကြသည်။

ဤ၌ အရေးကြီးသော သင်ခန်းစာမှာ အကုသိုလ်လုပ်မိလျှင် မတိုးပွားအောင် တိုတိုနှင့်ဖြတ်၊ ကံ မရင့်ကျက်နိုင်၍ (အားမကောင်း၍) အကျိုးမပေးနိုင်ဘဲ အဟောသိကံ ဖြစ်သွားလိမ့်မည်။ ကုသိုလ်ကောင်းမှုလုပ်ပြီးလျှင် အထပ်ထပ် ပွားအောင် အားဆင့်ပေး၊ သို့မှသာ အားစွမ်းရည် တိုးတက်ရင့်ကျက်လာပြီး ကောင်းကျိုး ပေးမည်။ ဤအချက်ကို အထူးမှတ်သား၍ လက်တွေ့ကျင့်သုံးသင့်ပေသည်။

**လေးပါးအင်္ဂါ**

ဒိဋ္ဌဓမ္မဝေဒနီယကံနှင့် ပတ်သက်၍–

(၁) စေတနာစင်ကြယ်ထက်သန်ခြင်း၊

(၂) တရားသဖြင့် ရရှိထားသော လှူဖွယ်ဝတ္ထုဖြစ်ခြင်း၊

(၃) အလှူခံပုဂ္ဂိုလ်မှာ အနာဂါမ်၊ သို့မဟုတ် ရဟန္တာဖြစ်ခြင်း၊
(၄) နိရောဓသမာပတ်မှ ထပြီးခါစဖြစ်ခြင်း-

ဤအင်္ဂါလေးရပ်နှင့် ပြည့်စုံသော ဒါနကုသိုလ်ကံသည် ခုနစ်ရက်အတွင်း အကျိုးပေးမြဲ ဖြစ်သည်။ သို့သော် အင်္ဂါ(၃)နှင့်(၄)သည် ယခုခေတ်၌ပြည့်စုံရန် မလွယ်ပေ။

အထက်တွင် သုံးသပ်ဖော်ပြခဲ့ပြီးသော ပါဠိတော်ကြီးများ၏ အဆိုအမိန့်အရ မည်သည့်ကံမျှ လောလောလတ်လတ် အကျိုးမပေးနိုင်ကြောင်း နားလည်နိုင်ပြီ။

လက်တွေ့ကျသော အဖြစ်အပျက် အထောက်အထားများ အရလည်း အလုပ်(ကံ)ကို လုပ်လျှင်လုပ်ချင်း စက္ကန့်မဆိုင်း, မိနစ်မဆိုင်း ဝုန်းဝုန်းဒိုင်းဒိုင်း ချက်ချင်းအကျိုးပေးခြင်း မရှိကြောင်း ပြတ်သားစွာ သိမြင်နိုင်ကြ၏။

ပါဏာတိပါတကံကို အခု ကျူးလွန်၊ ခုချက်ချင်း အသက်တို၊ ခုရောဂါ ထူပြောခြင်း မရှိမှု၊ ခု အလှူပေး၊ ခု ထပြီး ချမ်းသာခြင်းမရှိမှု၊ ခု ဝါပင်စိုက်၊ ခု ချက်ချင်း အဝတ်အထည်ဖြစ်လာခြင်း မရှိနိုင်မှု စသောအားဖြင့် အလုပ်(ကံ)နှင့် ဆိုင်ရာ စဉ်းစားပါလေ။

အကျဉ်းချုပ်အားဖြင့် ရိုးရိုးကမ္မဝါဒနှင့် ပတ်သက်၍ ကျမ်းဂန်များအရ လည်းကောင်း၊ လက်ရှိလောကဖြစ်ရပ်များ အရလည်းကောင်း အလုပ်(ကံ)တစ်ခုသည် ပူပူလောလော အကျိုးပေးနိုင်ခြင်း မရှိ၊ အကျိုးပေး မြန်ဆန်လှသော ကံသော်မှ ခုနစ်ရက်အတွင်း၌ အကျိုးပေးသည်။ ဘာအကျိုးကိုမှ ပေးအပ်ခြင်းမရှိသော ရင့်ကျက်ခွင့် မရသည့်ကံတွေလည်း ရှိသည်ဟု သိရပေသည်။

**ကံကိစ္စလေးမျိုး** အထက်တွင် တင်ပြခဲ့သည်မှာ လူသားတို့ နေ့စဉ်လုပ်ကိုင် ပြောဆိုမှု တွေးကြံမှု၌ စိတ်ဖြစ်တိုင်း ပါဝင်နေသော စေတနာ ကံ၏ အကျိုးပေးချိန်ကာလကို ခွဲပြခဲ့ခြင်း ဖြစ်၏။

ဤစေတနာကံသည် အကျိုးပေးချိန် ကာလအားဖြင့်သာ ကွဲပြားသည် မဟုတ်သေး။ ဆောင်ရွက်ချက် လုပ်ငန်းအနေဖြင့်လည်း ကွဲပြားလျက် ရှိသည်။ အကျိုးတစ်ရပ်ကို ကိုယ်တိုင် ဖြစ်ပေါ်စေသည့် ကံမျိုးလည်း ရှိ၏။ စိတ်တွေ ရုပ်တွေကို ထိုက်သင့်သလို ဖြစ်ပေါ်စေသည့် ဤကံမျိုးကို "ဇနကကံ"ဟု ခေါ်ပါသည်။ တချို့ကံမှာမူ မိမိကိုယ်တိုင် အကျိုးကို မဖြစ်စေဘဲ အခြားကံများ အကျိုးပေးခွင့် ရအောင် ကူညီပေးပါသည်။ ဤကံကို "ဥပတ္ထမ္ဘကကံ"ဟု ဆိုပါသည်။

ကုသိုလ်ကံက အခြားသော ကုသိုလ်ကံကို ထောက်ခံပေးပြီး အကုသိုလ်ကံက အခြားသော အကုသိုလ်ကံ ရင့်ကျက် အားသန်လာအောင် ကူညီပါသည်။

အချို့သော ကုသိုလ်ကံသည် အကုသိုလ်ကံ အကျိုးပေးခွင့် မရှိအောင်၊ ပေးထားသည့်အကျိုး မဖွံ့ဖြိုးအောင် ကပ်၍ နှိပ်စက်တတ်သည်။ အချို့သော အကုသိုလ်ကံလည်း ကုသိုလ်ကံအကျိုး မပေးရအောင်၊ အကျိုး မဖွံ့ဖြိုး မထွန်းကား အောင် ကပ်၍ ညှဉ်းဆဲတတ်ပြန်ပါသည်။ ထိုသို့ အခြားသောဆန့်ကျင်ဘက်ကံကို နှိပ်စက်ဟန့်တားသည့် ကံနှစ်မျိုးကို "ဥပပီဠကကံ"ဟု သတ်မှတ်ကြ၏။

အင်အားကြီးလှသည့် ကုသိုလ်ကံသည် အကုသိုလ်ကံစွမ်းကို တစ်ခါတည်း ဖြတ်ချတတ်၏။ အားကြီးသော အကုသိုလ်ကံကလည်း အားပျော့သော ကုသိုလ်ကံ သတ္တိစွမ်းရည်ကို ပယ်ဖျက်နိုင်သည်။ ကံတစ်ပါး၏စွမ်းရည်ကို ဟန့်တားဖျက်ဆီး သော ဤကံကို "ဥပစ္ဆေဒကကံ"ဟု သတ်မှတ်ကြသည်။

ခန္တီဝါဒီရှင်ရသေ့ကို စော်ကား၍ ကလာဗုမင်း မြေမျိုသေရခြင်းသည် ကုသိုလ်ကံအကျိုးဖြစ်သော လူ့ဘဝ မင်းအဖြစ်ကို အကုသိုလ်ကံက ဖြတ်ချ လိုက်ခြင်းဖြစ်သည်။ ရှင်အင်္ဂုလိမာလ အရဟတ္တမဂ်ဉာဏ်(ကုသိုလ်)ကို ရသောအခါ လူသတ်မှုအကုသိုလ်များ ပျက်ပြယ်ကုန်၏။ ကုသိုလ်က အကုသိုလ်ကို သတ်ခြင်းမျိုး တည်း။ ဤကား လုပ်ငန်းကိစ္စအားဖြင့် ကံလေးမျိုးခွဲခြင်းတည်း။

**အလှည့်ကျ တာဝန်ယူသော ကံလေးမျိုး** လာမည့်ဘဝသစ်၌ အလှည့်ကျ အကျိုးပေးမှုနှင့် စပ်လျဉ်း၍လည်း "ကံ" လေးမျိုး ခွဲကြသေး၏။ မိဘကို သတ်ခြင်းကဲ့သို့ အပြစ်ကြီးလေးသော "ပဉ္စာနန္တရိယကံ"၊ ဈာန်ရခြင်းကဲ့သို့ ထွတ်မြတ်သော "မဟဂ္ဂုတ်ကံ"တို့သည် အခြားမည်သည့်ကံကိုမျှ အခွင့်မပေးဘဲ မိမိတို့ကိုယ်တိုင် ပဋိသန္ဓေကျိုး ပေးကြသည်။ ဤကံမျိုးကို "ဂရုကံ" (အင်အားစွမ်းရည် ကြီးလှသောကံ)ဟု ခေါ်သည်။

ကြီးလေးသည့်ကံ မရှိသောသူများ၌ သေခါနီးတွင် ပြုလုပ်သော၊ သေခါနီး တွင် ပေါ်လာသော (ကုသိုလ်၊ သို့မဟုတ် အကုသိုလ်) ကံက ဘဝသစ်၌ အကျိုး ပေး၏။ ပဋိသန္ဓေဝိညာဉ်ကို ဖြစ်စေ၏။ ဤကံမျိုးကို "အာသန္နကံ"ဟုခေါ်၏။ ဘဝကူး ကောင်းရေးအတွက် အထူးသတိပြုရမည့်အချက်တည်း။

အကယ်၍ သေခါနီး၌ ထူးထူးခြားခြား အာသန္နကံမရှိလျှင် တစ်ဘဝတာလုံး မိမိလေ့ကျက်ခဲ့သည့် (ကုသိုလ်၊ သို့မဟုတ် အကုသိုလ်) ကံ တစ်မျိုးမျိုးက

ဝင်လာပြီးဘဝသစ်အတွက် အကျိုး(ပဋိသန္ဓေဝိညာဉ်)ကို ဖြစ်စေသည်။ ဤကံမျိုးကို "အာစိဏ္ဏကံ" (အလေ့အကျက်များခဲ့သောကံ)ဟု ဆိုသည်။

ထိုသုံးမျိုးမှ အလွတ်ဖြစ်သော ကံတစ်မျိုးကို "ကဋတ္တာကံ" (ပြုကာမတ္တ ဖြစ်ကာမတ္တကံ)ဟု ခေါ်လေသည်။ အထက်ပါ ကံသုံးမျိုး အကျိုးပေးခွင့်မကြုံလျှင် ဤကဋတ္တာကံများက အကျိုးပေးကြလေသည်။

[နေ့စဉ်ဘဝတွင် လက်တွေ့အသုံးကျရုံမျှ အကျဉ်းတင်ပြပါသည်။ အကျယ်ကိုမူ အဘိဓမ္မတ္ထသင်္ဂြိုဟ် စသည်၌ ရှုပါ။]

**ကံချင်းမတူ၍ လူချင်းမတူ** ဘုရားရှင်လက်ထက်ဝယ် သုဘလုလင်သည် လူချင်းတူပါလျက် တစ်ဦးနှင့် တစ်ဦး အကျိုးပေး ထူးခြားပုံကို မြင်ရသဖြင့် မရှင်းလင်းသည့်အတွက် တစ်ဆယ့်လေးချက်သော ပြဿနာတို့ကို လျှောက်ထားရာ၌ ဘုရားရှင်ဖြေတော်မူပုံကို ယခု ရဟန်းရှင်လူအများ နားလည်သဘောပေါက်စေရန် အကျဉ်းချုံး၍ ရေးသားဖော်ပြပါမည်–

## ၁။ အချို့မှာ အသက်တိုရခြင်း

ဤလောက၌ အချို့သော မိန်းမယောက်ျားတို့သည် သတ္တဝါတို့အပေါ်၌ သနားခြင်းကင်းမဲ့လျက် သူတစ်ပါး၏အသက်ကို ရက်ရက်စက်စက် သတ်ဖြတ်လေ့ရှိ၏။ ထိုသူမျိုးသည် သေလျှင် ငရဲသို့ ကျရောက်တတ်၏။ (ရှေးက ကုသိုလ်ကံတစ်ခုခု၏ ထောက်ပံ့မှုကြောင့်) ငရဲသို့ မကျဘဲ လူ့ပြည်သို့ ရောက်လျှင် ကြာရှည်စွာ နေခွင့်မရ။ အသက်တိုရလေသည်။

## ၂။ အချို့မှာ အသက်ရှည်ရခြင်း

ဤလောက၌ အချို့သော မိန်းမယောက်ျားတို့ကား သတ္တဝါတို့အပေါ်၌ သနားကြင်နာ ကရုဏာထားလျက် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ ထိုသူများသည် သေလျှင် အထက်နတ်ပြည်သို့ ရောက်ရတတ်၏။ နတ်ပြည် မရောက်ဘဲ လူ့ပြည်သို့ ရောက်ပြန်လျှင်လည်း အသက်ရှည်စွာ နေကြရလေသည်။

## ၃။ အချို့မှာ အနာရောဂါ များရခြင်း

ဤလောက၌ အချို့သော မိန်းမယောက်ျားတို့သည် တစ်စုံတစ်ယောက်သော သတ္တဝါကို လက်ဖြင့်သော်လည်းကောင်း၊ ခဲ, တုတ်, ဓား စသော လက်နက်ဖြင့် သော်လည်းကောင်း ညှဉ်းဆဲလေ့ရှိ၏။ ထိုသူမျိုး သေလျှင် ငရဲသို့ ကျရောက်တတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ ရောက်ရလျှင် ရောဂါထူပြော အနာပေါလေသည်။

## ၄။ အချို့မှာ အနာရောဂါ ကင်းရှင်းရခြင်း

ဤလောက၌ အချို့သော မိန်းမယောကျ်ားတို့သည် တစ်စုံတစ်ယောက်သော သတ္တဝါကို လက်ဖြင့်သော်လည်းကောင်း၊ ခဲ, တုတ်, ဓား စသော လက်နက်ဖြင့် သော်လည်းကောင်း ညှဉ်းဆဲနှိပ်စက်လေ့ မရှိ။ ထိုသူမျိုးသည် သေလျှင် အထက် နတ်ပြည်သို့ ရောက်ရတတ်၏။ နတ်ပြည်မရောက်ဘဲ လူ့ပြည်ရောက်ရလျှင်ကား အနာရောဂါ ကင်းရှင်းရပေသည်။

## ၅။ အချို့မှာ အရုပ်ဆိုးရခြင်း

ဤလောက၌ အချို့သော မိန်းမယောကျ်ားတို့သည် အလွန်ဒေါသကြီး၏။ အနည်းငယ် စကားပြောစရာရှိလျှင် သူတစ်ပါးကို ထိပါးပုတ်ခတ်၍ ပြောဆိုလေ့ရှိ၏။ ထိုသူမျိုး သေလျှင် ငရဲသို့ ကျရောက်တတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ ရောက် လျှင် မျက်နှာပုပ်သိုး အရုပ်ဆိုးတတ်လေသည်။

## ၆။ အချို့မှာ အဆင်းလှရခြင်း

ဤလောက၌ အချို့သော မိန်းမယောကျ်ားတို့သည် ဒေါသမထွက်၊ သူတစ်ပါး၏အပြစ်ကို ပြောဆိုလေ့ မရှိ။ စိတ်ကြည်လင်အေးမြသူဖြစ်၏။ ထိုသူ သေလျှင် နတ်ပြည်သို့ ရောက်ရတတ်၏။ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း ကြည်လင်လှပသောအဆင်း(ရုပ်ချောခြင်း)ကို ရရှိပေသည်။

## ၇။ အချို့မှာ ခြွေရံစိုးမိုး တန်ခိုးအာဏာ နည်းပါးရခြင်း

ဤလောက၌ အချို့သော မိန်းမယောကျ်ားတို့သည် ဣဿာ(ငြူစူခြင်း) တရား အားကြီး၏။ ထိုသူမျိုးသေလျှင် ငရဲသို့ ကျရောက်တတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ ရောက်ရလျှင် ခြွေရံစိုးမိုး တန်ခိုးအာဏာ နည်းပါးရလေသည်။

## ၈။ အချို့မှာ ခြွေရံစိုးမိုး တန်ခိုးအာဏာ ကြီးမားရခြင်း

ထိုကဲ့သို့ ဣဿာ(ငြူစူခြင်း) တရားမရှိသောသူသည် သေလျှင် နတ်ပြည် သို့ ရောက်ရတတ်၏။ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း နာမည်ကျော်ကြား ခြွေရံများ၍ တန်ခိုးအာဏာ ဩဇာကြီးမားရပေသည်။

မှတ်ချက်။ ။ သူတစ်ပါးတို့၏ ကံ, ဉာဏ်, ဝီရိယအားလျော်စွာ စည်းစိမ် ဥစ္စာ ပေါများခြင်း၊ ဂုဏ်သိန်ကြီးမားခြင်း၊ ထင်ရှားကျော်စောခြင်း၊

တတ်သိလိမ္မာခြင်း စသည်ကိုမနာလိုမှု၊ မကြည့်နိုင်မှု၊ စောင်းမြောင်းမှု၊ (မျက်စောင်းထိုးကြည့်မှု)ငြူစူမှု၊ (သည်လိုယုန်တော့ ချုံတိုင်းမှာရှိရဲ့၊ ဇီးကွက်လောက်တော့ ငှက်တိုင်းလှရဲ့) စသည်ဖြင့် နှုတ်ခမ်းစူ၍ ပြောဆိုမှုများသည် အတွင်းက ဣဿာတရား အစွမ်းပင်တည်း။

## ၉။ အရျို့မှာ ဥစ္စာမဲ့ ဆင်းရဲရခြင်း

ဤလောက၌ အချို့သော မိန်းမယောကျ်ားတို့သည် စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ မရှိ။ မစ္ဆေရ(ဝန်တိုခြင်း) တရား အလွန်အားကြီး၏။ ထိုသူမျိုးသေလျှင် ငရဲသို့ ကျရောက်တတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း ဥစ္စာမဲ့ မွဲ ဆင်းရဲရလေ၏။

## ၁၀။ အရျို့မှာ ဥစ္စာပြည့်စုံ ကုံလုံကြွယ်ဝရခြင်း

ထိုကဲ့သို့ မစ္ဆေရ (ဝန်တိုခြင်း) တရားမရှိဘဲ စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိသောသူသည် သေလျှင် နတ်ပြည်သို့ ရောက်ရ၏။ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း ဥစ္စာပြည့်စုံ ကုံလုံကြွယ်ဝရပေသည်။

မှတ်ချက်။ ။ မိမိ၌ ရှိသော ပစ္စည်း၊ မိမိနှင့်ဆိုင်သောပစ္စည်းများကို သူတစ်ပါးနှင့် မဆက်ဆံစေလိုမှု၊ မပေးကမ်း၊ မလှူဒါန်းရက်မှုကို လည်းကောင်း၊ မိမိ၏စည်းစိမ်ဂုဏ်သိန်မျိုး သူတစ်ပါး ရမှာ စိုးရိမ်ခြင်းကို လည်းကောင်း မစ္ဆေရ (ဝန်တိုခြင်း)ဟု ခေါ်သည်။

## ၁၁။ အရျို့မှာ အမျိုး ယုတ်ရခြင်း

ဤလောက၌ အချို့သော မိန်းမယောကျ်ားတို့သည် အလွန်မာန်မာနကြီး၏။ (သူတစ်ပါးကို အထင်အမြင်သေး၏။ ကိုယ့်ကိုယ်ကို အထင်ကြီး၏။) ရိုသေလေးစားထိုက်သူကိုမျှ ရိုသေလေးစားရမှန်း မသိတတ်။ ထိုသူမျိုးသေလျှင် ငရဲသို့ ကျရောက်တတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ရောက်ရလျှင်လည်း အောက်ကျ နောက်ကျ ယုတ်ညံ့သောအမျိုး၌ ဖြစ်ရ၏။

## ၁၂။ အရျို့မှာ အမျိုး မြတ်ရခြင်း

ထိုကဲ့သို့ မာန်မာနမကြီးဘဲ ရိုသေလေးစားထိုက်သူကို ရိုသေလေးစား လေ့ရှိသောသူသည် နတ်ပြည်သို့ ရောက်ရတတ်၏။ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း မြင့်မြတ်သောအမျိုး၌ ဖြစ်ရရိုးရှိ၏။

## ၁၃။ အရိုု့မှာ အသိအလိမ္မာ ဉာဏ်ပညာ နည်းပါးရခြင်း

ဤလောက၌ **အရိုု့သော မိန်းမယောကျာ်း**တို့သည် ပညာရှိပုဂ္ဂိုလ်တို့ထံသို့ ချဉ်းကပ်၍ ကုသိုလ်, အကုသိုလ်ကိုလည်းကောင်း၊ အပြစ်ရှိ, မရှိကိုလည်းကောင်း၊ မှီမှီ မှီဝဲထိုက်, မမှီဝဲထိုက်သော အရာကိုလည်းကောင်း၊ နောင်သံသရာဝယ် ကြာရှည် လေးမြင့် ဖွံ့ဖွံ့ဖြိုးဖြိုး အကျိုးပေးမည့် တရားအချက်တို့ကိုလည်းကောင်း မေးမြန်းလေ့မရှိ၊ ထင်မိထင်ရာပြု၍ ဒုစရိုက်များသဖြင့် ထိုသူမျိုးသေလျှင် ငရဲသို့ ကျရောက်တတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း အသိအလိမ္မာ ဉာဏ်ပညာကင်း လူဖျင်း, လူအ, လူမိုက် ဖြစ်ရလေသည်။

## ၁၄။ အရိုု့မှာ အသိအလိမ္မာ ဉာဏ်ပညာကြီးမားရခြင်း

ထိုကဲ့သို့သော တရားအချက်တို့ကို နှစ်သက်ကြည်ဖြူ နာယူမေးမြန်းလေ့ ရှိသောသူသည်ကား သေလျှင် နတ်ပြည်သို့ ရောက်ရတတ်၏။ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း အသိအလိမ္မာ ဉာဏ်ပညာကြီးမားလျက် ထက်မြက်သောအခြေအနေကို ရတတ်ပေသည်။

လိုရင်းအချုပ်မှာ "ဘယ်သူမပြု မိမိမှု" ဟူသည်နှင့်အညီ ရှေးရှေးက ပြုခဲ့သောအမှု(ကံ) အားလျော်စွာ ကောင်းကျိုးနှင့် မကောင်းကျိုးကို ရကြလေသည်။

[ဥပရိပဏ္ဏာသပါဠိတော်၊ ဝိဘင်္ဂဝဂ်၊ စူဠကမ္မဝိဘင်္ဂသုတ်]

**မှတ်ချက်။ ။** ဤ'ကံ'ခန်းသည် နှစ်ဖက်လှဦးကျော်လွင်ကိုယ်တိုင် ရေးသားပြုစု၍ ဖနီး ဒေါ်အေးအေးမော်၏သကျယင်စိုးစာပေက ၁၉၈၁–ခုနှစ်၊ ဖေဖော်ဝါရီလ၌ ဒုတိယအကြိမ် အုပ်ရေ ၂၀၀၀ ထုတ်ဝေသော '**သိပ္ပံခေတ်နှင့် ဗုဒ္ဓ၏အစိန္တေယျတရား**'စာအုပ်ပါ အခန်း(၅) 'ကမ္မဝိပါကော အစိန္တေယျော' (လူ့စိတ်နှင့် လူ့အလုပ်)အခန်းမှ ကူးယူထည့်သွင်းထားချက်များ ဖြစ်ပါသည်။ သုဘာသုတ်ကိုမူ ပြည့်စုံအောင် ထည့်ထားပါသည်။

# အခန်း (၈)

## ဒုစရိုက်နှင့် သုစရိုက်

**ဒုစရိုက်(၁၀)ပါး · အပြား(၄၀)** ဗုဒ္ဓမြတ်စွာဘုရားသည် ကျမ်းဂန်များစွာတို့တွင် မကောင်းသောအကျင့်ကို ကျင့်ကုန်သောသူတို့အား အပါယ်ငရဲ စသည်တို့၌ ခံစားရပုံကို ဝတ္ထုဇာတ်လမ်း သက်သေဖြင့် မှတ်တမ်းတင် ဟောကြားတော်မူခဲ့၏။ ကောင်းမှုကုသိုလ်ကို ပြုကုန်သော (ဝါ) ကောင်းသော အကျင့်ကို ကျင့်ကုန်သော (ဝါ) မကောင်းသော အကျင့်စရိုက်မှ ရှောင်ကြဉ်ကုန်သော သူတို့အား ကောင်းကျိုးသုခ ခံစားရပုံများကိုလည်း ဟောကြားတော်မူခဲ့၏။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်လူတော်လူကောင်းတစ်ယောက် ဖြစ်လိုသော သူတို့သည် မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သော မြတ်ဓမ္မတို့ကို လိုက်နာကျင့်သုံး လေ့လာသင့်ကြပေသည်။

**ကာယဒုစရိုက်–ကာယကံ(၃)ပါး**

(၁) ပါဏာတိပါတ = သူ့အသက် သတ်မှု၊

(၂) အဒိန္နာဒါန = အရှင်သည် ကိုယ် နှုတ်တို့ဖြင့် မပေးအပ်သော သူ့ဥစ္စာကို ခိုးမှု၊

(၃) ကာမေသုမိစ္ဆာစာရ = ကာမဂုဏ်တို့၌ ယုတ်ယုတ်မာမာ ကျင့်မှု။

**ဝစီဒုစရိုက်–ဝစီကံ(၄)ပါး**

(၄) မုသာဝါဒ = မုသားပြောဆိုမှု

(၅) ပိသုဏာဝါစာ = ချောပစ်ကုန်းတိုက်မှု (ချစ်သူနှစ်ဦး ကွဲသွားအောင်၊ သို့မဟုတ် မိမိအား ချစ်လာအောင် · ချစ်သူနှစ်ဦးကို ရန်တိုက်ပေးမှု)၊

(၆) ဖရုသဝါစာ = ကြမ်းကြမ်းတမ်းတမ်း အယုတ်တမာဆဲဆိုမှု

(၇) သမ္ဖပ္ပလာပ = ပြိန်ဖျင်းသော စကားကို ပြောဆိုမှု၊

**မနောဒုစရိုက်–မနောကံ(၃)ပါး**

(၈) အဘိဇ္ဈာ = သူတစ်ပါးစည်းစိမ်ကို "ငါ့ဟာ ဖြစ်လျှင် ကောင်းလေစွ" ဟု မတရားကြံစည်မှု၊

(၉) ဗျာပါဒ = သေကျေပျက်စီးသွားလျှင် ကောင်းလေစွ ဟု သူတစ်ပါးကို ပြစ်မှားမှု၊

(၁၀) မိစ္ဆာဒိဋ္ဌိ = အယူမှားမှု (ကံ,ကံ၏အကျိုးကို မယုံကြည်မှု)။

ဤဒုစရိုက်ဆယ်ပါးကို အပါယ်ရောက်ကြောင်း မကောင်းသော ခရီးလမ်း "အကုသလကမ္မပထတရား" ဟုလည်း ခေါ်ဆို၏။ ယင်းအကုသလကမ္မပထတရား ၁၀–ပါးကို–

(၁) ကိုယ်တိုင် ပြုလုပ်ခြင်း၊

(၂) သူတစ်ပါးကို ပြုလုပ်ခိုင်းခြင်း၊

(၃) ဒုစရိုက်ပြုလျှင် ရနိုင်မည့် လောကီကျိုးကို ပြောပြ၍ တိုက်တွန်းခြင်း၊

(၄) သူတစ်ပါးတို့ အလိုအလျောက် ပြုနေသည်ကို ဝမ်းမြောက် သဘောတူခြင်း–

ဤလေးမျိုးဖြင့် မြှောက်လိုက်လျှင် ဒုစရိုက်(၄၀)ဖြစ်လာ၏။

* သက် သတ်, ခိုးမှု၊ ကာမေသု၊ သုံးခု ကာယကံ။
* လှည့်စား, ရန်တိုက်၊ မိုက်မိုက်ကန်းကန်း၊ နှုတ်ကြမ်းလေ့ခြင်း၊ ပြိန်ဖျင်း စကား၊ ပြောဆိုငြား၊ လေးပါး ဝစီကံ။
* သူ့ဥစ္စာမှန်၊ မတရားကြံ၍၊ ဖောက်ပြန်သေကျေ၊ ပျက်စေလိုငြား၊ အယူမှား၊ သုံးပါး မနောကံ။

**(ဆရာတော် ဦးဇနကာဘိဝံသ)**

အင်္ဂုတ္တိုရ်တိကနိပါတ် ပထမ ပဏ္ဏာသက **ရထကာရဝဂ်** သတ္တမသုတ်၌ **ဗုဒ္ဓမြတ်စွာသည်** သံသရာဘေးကို မြော်တွေး**ရှုတတ်သော** ရဟန်းတို့အား- "**ရဟန်းတို့၊ ကာယဒုစရိုက်**၊ ဝစီဒုစရိုက်၊ မနောဒု**စရိုက် ဟူသော** တရားသုံးမျိုးတို့သည် မိမိကိုယ်ကို နှိပ်စက်ဖို့ရာလည်း ဖြစ်ကုန်၏။ **သူတစ်ပါး**ကို နှိပ်စက်ဖို့ရာလည်း ဖြစ်ကုန်၏။ မိမိ သူတစ်ပါး နှစ်ဦး**သားတို့ကို** နှိပ်စက်ဖို့ရာလည်း ဖြစ်ကုန်၏"ဟု ဟောတော်မူ၏။

"ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက် **ဟူသော** တရားသုံးမျိုးကား မိမိကိုယ်ကို နှိပ်စက်ဖို့ရာလည်း မဖြစ်ကုန်၊ သူတစ်ပါး**တို့ကို** နှိပ်စက်ဖို့ရာလည်း မဖြစ်ကုန်။ မိမိသူတစ်ပါး နှစ်ဦးသားတို့ကို နှိပ်စက်ဖို့ရာလည်း မဖြစ်ကုန်"ဟု ဟောတော်မူ၏။

## သုစရိုက်(၁၀)ပါး အပြား(၄၀)

**ကာယသုစရိုက်-ကာယကံ(၃)ပါး**

(၁) ပါဏာတိပါတဝိရတိ = သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှု၊

(၂) အဒိန္နာဒါနဝိရတိ = အရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်မှု၊

(၃) ကာမေသုမိစ္ဆာစာရဝိရတိ = ကာမဂုဏ်တို့၌ ယုတ်ယုတ်မာမာ ကျင့်ခြင်းမှ ရှောင်ကြဉ်မှု၊

**ဝစီသုစရိုက်-ဝစီကံ(၄)ပါး**

(၄) မုသာဝါဒဝိရတိ = မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊

(၅) ပိသုဏာဝါစာဝိရတိ = ချောပစ်ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်မှု၊

(၆) ဖရုသဝါစာဝိရတိ = ကြမ်းကြမ်းတမ်းတမ်း အယုတ်တမာ ဆဲဆိုခြင်းမှ ရှောင်ကြဉ်မှု၊

(၇) သမ္ဖပ္ပလာပဝိရတိ = ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။

**မနောသုစရိုက်–မနောကံ(၃)ပါး**

(၈) အနဘိဇ္ဈာ = သူတစ်ပါးစည်းစိမ်ကို "ငါ့ဟာ ဖြစ်လျှင် ကောင်းလေစွ" ဟု မတရားကြံစည်ခြင်းကို မပြုမှု၊

(၉) အဗျာပါဒ = သေကျေပျက်စီးသွားလျှင် ကောင်းလေစွဟု သူတစ်ပါးအား ပြစ်မှားခြင်းကို မပြုမှု၊

(၁၀) သမ္မာဒိဋ္ဌိ = အယူမှားခြင်း၊ ကံ, ကံ၏အကျိုးကို မယုံကြည်ခြင်းကို မဖြစ်စေမူ၍ ကောင်းသောအယူကို ယူမှု။

ဤသုစရိုက်ဆယ်ပါးကို "ကုသလကမ္မပထ" တရား ဆယ်ပါးဟုလည်း ခေါ်၏။ လူ့ပြည် နတ်ပြည် ရောက်ကြောင်း "ကုသလကမ္မပထ"တရား ၁၀–ပါးကို–

(၁) ကိုယ်တိုင် ပြုလုပ်ခြင်း၊

(၂) သူတစ်ပါးကို ပြုဖို့ရန် စေခိုင်းခြင်း၊

(၃) သုစရိုက်၏ အကျိုးကျေးဇူးကို ပြောပြ တိုက်တွန်းခြင်း၊

(၄) သူတစ်ပါးတို့ အလိုအလျောက် ပြုနေသည်ကို သဘောတူခြင်း–

ဤလေးပါးဖြင့် မြှောက်ပွားပါက သုစရိုက်(၄၀)ဖြစ်လာ၏။

သုစရိုက်ပြိုင်၊ ဤဆယ်နိုင်ကို၊ ကိုယ်တိုင်ပြုကြား၊<br>
သူတစ်ပါးနိုင်းတုံ၊ ဂုဏ်ကိုပြောပြ၊ ဝမ်းမြောက်ကြပြန်၊<br>
လေးဆယ်မှန်၊ မြှောက်ဟန် သဘောပိုက်။

(ဆရာတော် ဦးဇနကာဘိဝံသ)

## ဒုစရိုက်အပြစ်နှင့် သုစရိုက်အကျိုး သက်သေပြဝတ္ထုများ

### ပါဏာတိပါတ ဒုစရိုက်အပြစ်ပြ နွားသတ်သမားဝတ္ထု

လွန်လေပြီးသောအခါက သာဝတ္ထိပြည်၌ နွားသတ်သမား တစ်ယောက်ရှိ၏၊ သူသည် နွားတို့ကို ကိုယ်တိုင်လည်း သတ်၍ စား၏။ အရောင်းအဝယ်လည်း ပြု၏။ နွားသားမပါလျှင် ထမင်းမစားနိုင်သည်အထိ နွားသားကို ခုံမင်နှစ်သက်၏။ တစ်ခါသော် သူ စားရန်အတွက် ထားသော နွားသားကို ရင်းနှီးသော မိတ်ဆွေတစ်ဦးက ခင်မင်မှုဖြင့် ဖွတ်ယူသွားသောကြောင့် သူ၏ဇနီးသည်က ထိုနေ့တွင် အမဲသား မပါဘဲ အခြားဟင်းလျာများဖြင့် ထမင်းပွဲကို ပြင်ဆင်၍ ကျွေးမွေး၏။ နွားသတ်ယောက်ျားသည် ထမင်းပွဲတွင် အမဲသားမပါသည်ကို သည်းမခံနိုင်သောကြောင့် ခြံထဲမှ နွားတစ်ကောင်၏ လျှာကို ဓားဖြင့်လှီး၍ အိမ်ရှင်မအား အချက်ခိုင်း၏။

ထိုထမင်းပွဲတွင် စားရန် အမဲသားကို လျှာပေါ်သို့ တင်လိုက်သည်နှင့် တစ်ပြိုင်နက် ထိုနွားသတ်သမားယောက်ျား၏လျှာသည် အရင်းမှပြတ်၍ စားနေသော ထမင်းခွက်ထဲသို့ ကျလေ၏။ သူပြုသော အကုသိုလ်ကံနှင့်အညီ ဆင်းရဲသော ဝေဒနာကို ခံစားရ၏။ ခံတွင်းမှ သွေးများ ယိုစီး၍ နေအိမ်ကိုပတ်ပြီး နွားကဲ့သို့ အော်မြည်လျက် သေ၏။ သေပြီးနောက် အဝီစိငရဲတွင် ကာလကြာမြင့်စွာ ပါဏာတိပါတ အကုသိုလ်ဒုစရိုက်ကံ၏အပြစ်ကို ကြီးလေးစွာ ခံရရှာလေ၏။

(ဓမ္မပဒအဋ္ဌကထာ။ ဒုတိယအုပ်၊ မလဝဂ်၊ ဂေါဃာတကဝတ္ထု)

### ပါဏာတိပါတဝိရတိ သုစရိုက်အကျိုးပြ စက္ကုနညီနောင်ဝတ္ထု

သီဟိုဠ်ကျွန်းတွင် စူဠစက္ကုနနှင့် မဟာစက္ကုနဟူ၍ ညီအစ်ကိုနှစ်ယောက် ရှိ၏။ သူတို့၏ မိခင်၌ ရောဂါဝေဒနာ စွဲကပ်ရာ ဆေးဆရာဖြစ်သူက လတ်လတ်ဆတ်ဆတ် ယုန်သားကို စားရလျှင် ဝေဒနာပျောက်ကင်းမည်ဟု ဓာတ်စာပေးသောကြောင့် အစ်ကိုက ညီအား ယုန်ဖမ်း၍ ယူစေရန် စေခိုင်းလိုက်၏။

ညီငယ် စက္ကုနသည် တောသို့သွား၍ ထောင်ချောက်ဆင်ပြီး ဖမ်းယူရာ ယုန်တစ်ကောင်သည် စက္ကုန၏ ထောင်ချောက်တွင် မိလျက် ကြောက်လန့်တကြား "ကရိ ကရိ" ဟူသော အသံကို အော်မည်၏။ သေဘေးကြောက်၍ အော်မြည်နေသော ယုန်ကလေး၏ ဖြစ်အင်ကို မြင်သောအခါ စက္ကုန၏စိတ်တွင် ကိုယ်ချင်းစာတရား ဖြစ်ပွားလေ၏။

"ငါ၏မိခင် အသက်ရှင်ရေးအတွက် ဤယုန်သူငယ်ကလေး သေရရှာတော့မည်။ ငါ၏မိခင် ရောဂါ ပျောက်, မပျောက်ကိုကား တပ်အပ်သေချာ မသိရ။ ယုန်သည်ကား သူ၏ အဖော်များနှင့် ကွဲ၍ သေရရှာတော့မည်။ ကံတရားအတိုင်း ရှိပါစေ"ဟု သနားကြင်နာသော စိတ်ဖြင့် ယုန်ကလေးကို ထောင်ချောက်မှ လွှတ်လိုက်လေ၏။

အိမ်သို့ ပြန်လာသောအခါ အစ်ကိုဖြစ်သူက ဆီး၍ မေးသည်တွင် သနား၍ ကိုယ်ချင်းစာစိတ်ဖြင့် မိပြီးသားယုန်ကို ပြန်လွှတ်ခဲ့ကြောင်း အကျိုးအကြောင်း ပြန်ပြောရာ "မိခင်အရင်းထက် တိရစ္ဆာန်ကို သနားစရာ လိုသေးသလား" ဟု ကြိမ်းမောင်း ဆူပူခြင်းကို ခံရလေ၏။

ညီငယ်ဖြစ်သူ စက္ကနလုလင်သည် မိခင်၏အနီးသို့ သွား၍ ခြေဆုပ်လက်နယ် ပြုလျက်"ငါသည် သိတတ်သောအချိန်မှစ၍ သူတစ်ပါး၏ အသက်ကို မသတ်စဖူး၊ ဤမှန်သောသစ္စာစကားကြောင့် ငါ့မိခင်၏ရောဂါဝေဒနာသည် ပျောက်ကင်း ချမ်းမြေ့ပါစေ"ဟု သစ္စာပြုလေ၏။ ပါဏာတိပါတ ဝိရတီသီလကြောင့် စက္ကန၏မိခင်သည် ထိုဝေဒနာမှ လုံးဝ ပျောက်ကင်း၍ ချမ်းသာခြင်းကို ရောက်ခဲ့ရဖူးလေသည်။

(အင်္ဂုတ္တရ အဋ္ဌကထာ)

## အဒိန္နာဒါနနှင့် အဒိန္နာဒါနဝိရတိ အကျိုးပြဝတ္ထု

လွန်လေပြီးသောအခါက ဗာရာဏသီပြည် ဒိသာပါမောက္ခ ဆရာကြီးတွင် တပည့်ငါးရာတို့ ပညာသင်ကြားလျက် ရှိ၏။ ဆရာကြီးတွင် လှပချောမော၍ ရုပ်အဆင်းအင်္ဂါ ပြေပြစ်သော သမီးချောတစ်ယောက်ရှိရာ တပည့်များ စိတ်ဝင်စားကြကုန်၏။

ဆရာကြီးသည် တပည့်တို့၏ အကျင့်စာရိတ္တကို စုံစမ်းလို၍ "တပည့်တို့-မင်းတို့အထဲမှ ငါ့သမီးကို စုံမက်သူသည် မိဘဆွေမျိုးများ မသိအောင် အဝတ်တန်ဆာနှင့် ရွှေငွေဘဏ္ဍာ ဥစ္စာပစ္စည်းများကို ယူဆောင်ခဲ့ကြရမည်။ အကောင်းဆုံး ယူဆောင်နိုင်သူအား ငါ့သမီးနှင့် ထိမ်းမြားလက်ဆက်ပေးစားမည်"ဟု ပြောဆို၏။

တပည့်တို့သည် ဆရာကြီး၏စကားကို နားထောင်လိုခြင်း၊ ဆရာကြီး၏ သမီးကို ရလိုခြင်း ဟူသော အကြောင်းနှစ်မျိုးကြောင့် မိဘဆွေမျိုးများ မသိအောင် ပစ္စည်းဥစ္စာကို ခိုးဝှက်၍ ယူဆောင်ပြီးလျှင် သူ့ထက်ငါ အပြိုင် အားကျမခံ

ဆရာကြီးထံ အပ်နှံကြကုန်၏။ အကြီးဆုံးတပည့်တစ်ယောက်ကမူ မည်သူ့ ပစ္စည်းကိုမျှ မယူမူ၍ ကျောင်းသို့ ပြန်လာ၏။ ထိုအခါ ဆရာကြီးက ကျောင်းသားကြီးကို ခေါ်၍ "အခြားကျောင်းသားများက ငါ၏သမီးကို စုံမက်၍ ပစ္စည်းများကို အသီးသီး ယူဆောင်လာကြသည်။ မင်းကား ဘာကြောင့် ယူဆောင် မလာရသနည်း" ဟု မေးမြန်း၏။

ကျောင်းသားကြီးက "ဘေးလူတွေက မျက်စိဖြင့် မမြင်ကြသော်လည်း မိမိခိုးယူသည်ကို မိမိစိတ်က ရှေးဦးစွာ သိခြင်း၊ ကိုယ်စောင့်နတ်များက သိခြင်းကြောင့် မကောင်းမှုပြုသူအား ဆိတ်ကွယ်ရာ မရှိနိုင်ဟု ယုံကြည်သောကြောင့် လူကြီးမိဘများ မသိအောင် ယူဆောင်ခြင်း မပြုပါ"ဟူ၍ ရှင်းပြလေသည်။

ဆရာကြီးက တပည့်အားလုံးကို ခေါ်၍-

"တပည့်တို့-ဆရာ့အိမ်တွင် ပစ္စည်းဥစ္စာ အပြည့်အစုံ ရှိ၏။ တပည့်တို့၏ အကျင့်စာရိတ္တကို စုံစမ်းလို၍ ပရိယာယ်ဖြင့် ခိုင်းခြင်းသာ ဖြစ်သည်။ သူတစ်ပါး မသိအောင် ယူဆောင်ခြင်းသည် အဒိန္နာဒါနကံကို လွန်ကျူးရာရောက်သောကြောင့် အပြစ်ကြီးလေးလှသည်။ သတိထား၍ ရှောင်ကြဉ်ကြလေ"ဟု-

ဩဝါဒပေးပြီး ရိုးသားသော တပည့်ကြီးကို သမီးချောနှင့် လက်ဆက်ပေးလိုက်လေ၏။

(စတုက္ကနိပါတ်၊ ကာလိင်္ဂဝဂ်၊ သီလဝိမံသနဇာတ် အဋ္ဌကထာ)

**ကာမေသုမိစ္ဆာစာရ ဒုစရိုက်အပြစ်ပြ ဣသိဒါသီထေရီမဝတ္ထု**

ဣသိဒါသီထေရီမအလောင်းသည် တစ်ခုသော ဘဝ၌ ရွှေပန်းတိမ်သည် ဖြစ်ရာ သူတစ်ပါးမယားကို ပြစ်မှားခြင်း ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်၏။ ထိုဘဝမှ သေခဲ့သော် ငရဲ၌ နှစ်ပေါင်းများစွာ ကျခံရ၏။ ငရဲမှ လွတ်သောအခါ ကန်းလည်းကန်း, ခွင်လည်းခွင်သော ဆိတ်မတစ်ကောင်၏ဝမ်း၌ ပဋိသန္ဓေနေရလေ၏။ အရွယ်သို့ ရောက်လျှင် သူတစ်ပါးမယားကို ပြစ်မှားခဲ့ဖူးသော ကံကြောင့် အသိ(ဇွေးစေ့) ထုတ်ခြင်းကို ခံရ၏။ နွားထီးဘဝတွင်လည်း တစ်ဖန် အသိထုတ်ခြင်းကို ခံရပြန်သေး၏။ ထိုဘဝမှ သေလွန်ခဲ့သော် ကျွန်မတစ်ယောက်၏ ဝမ်းတွင် မိမိပြုခဲ့သော သူတစ်ပါးမယားကို ပြစ်မှားခြင်းကံကြောင့် မိန်းမမဟုတ်၊ ယောကျ်ားမဟုတ်၊ နပုံးပဏ္ဍုက် ဖြစ်၏။ တစ်ဖန် စုတေပြန်သော် ဥဇ္ဇေနီပြည်ဝယ် သေဋ္ဌေးသမီးဖြစ်၍ ဣသိဒါသီဟု အမည်တွင်၏။ အရွယ်ရောက်လျှင် သေဋ္ဌေးသား

တစ်ဦးနှင့် ပေးစားထိမ်းမြားး၏။ မယားဝတ္တရားနှင့်အညီ ပြည့်စုံအောင် နေထိုင်ပြုစု ပါသော်လည်း ပြုမှားမိသော ကာမေသုမိစ္ဆာစာရကံကြောင့် ခင်ပွန်းဖြစ်သူသည် အကောင်းမထင်ဘဲ အိမ်မှ နှင်ချခြင်း ခံရ၏။

ဣသိဒါသီသည် ဒုတိယအကြိမ် ကြွယ်ဝသော သတို့သားတစ်ဦးနှင့် ထိမ်းမြားပြန်၏။ ကျူးလွန်ခဲ့သော ကာမေသုမိစ္ဆာစာရကံကြောင့် ဒုတိယအကြိမ် အိမ်မှ နှင်ချခံရပြန်၏။

ဖခင်ဖြစ်သူသည် လင်ကံဆိုးသော ဣသိဒါသီအား တတိယမြောက် သူတောင်းစားတစ်ဦးကို ခေါ်၍ ပေးစားပြန်၏။ သမက်ဖြစ်သူ သူတောင်းစားအား အိမ်ပေါ်သို့ခေါ်ယူပြီး တင်ထား၏။ သူတောင်းစားသည် ဣသိဒါသီ၏ ကာမေသု မိစ္ဆာစာရအတိတ်ကံကြောင့် စုံမက်နှစ်သက်ခြင်း မရှိဘဲ ဣသိဒါသီကို စွန့်၍ သူတောင်းစားဘဝသို့ ပြန်သွားလေ၏။

ဤကဲ့သို့ ယူတိုင်းယူတိုင်းသော ယောကျ်ားတို့၏ အကြိမ်ကြိမ် စွန့်ပယ်ခြင်း ကို ခံရဖန်များသောအခါ သံဝေဂတရားရပြီး ရဟန်းပြုသဖြင့် ကာမတရားတို့ကို စက်ဆုပ်၍ တရားအားထုတ်သောကြောင့် ရဟန္တာမ ဖြစ်လေ၏။

ထေရီကျော် ဣသိဒါသီသည် ကာမေသုမိစ္ဆာစာရကံကြောင့် ဘဝ အဆက် ဆက် ဒုက္ခရောက်ရပုံအကြောင်းစုံကို သူကိုယ်တိုင် ဇာတ်ကြောင်းပြန်၍ ဟောကြား ထားလေသည်။

(ထေရီဂါထာ အဋ္ဌကထာ)

**ကာမေသုမိစ္ဆာစာရဝိရတိ သုစရိုက်အကျိုးပြ မဟာပဒုမမင်းသား ဝတ္ထု**

လွန်လေပြီးသောအခါက ဗာရာဏသီပြည်ကို ဗြဟ္မဒတ်မင်းကြီး စိုးအုပ်၏။ ဂေါတမဘုရားအလောင်းသည် ထိုမင်း၏ သားတော် ဖြစ်၏၊ ပဒုမမင်းသားဟု အမည်တွင်၏။ မင်းသား၏မိခင် ကွယ်လွန်သောအခါ ဖခင်ဘုရင်ကြီးသည် မိဖုရားတစ်ဦးကို အဂ္ဂမဟေသီမိဖုရားကြီးအဖြစ် တင်မြှောက်၏။ ထို့နောက် ဖခင်ဘုရင်ကြီးသည် ပစ္စန္တရစ်အရပ်သို့ သူပုန်ရန် နှိမ်နင်းရန် သွားလေ၏။ ထိုအချိန်တွင် မိထွေးဖြစ်သူ မိဖုရားကြီးသည် ပဒုမမင်းသား၏ ရုပ်ရည် အဆင်း ကို တပ်မက်နှစ်သက်၍ အဆောင်သို့ခေါ်ယူပြီးလျှင် ကိလေသာစိတ် ယိုဖိတ်ကာ ကာမတို့ဖြင့် အမျိုးမျိုးဖြားယောင်း၏။ ကာမနှင့်စပ်သော စကားကို ပြောဆို၏။ ပဒုမမင်းသားသည် အမှောင်ဆုံးသော အမှောင်ကို အသိဖြင့် ခွာရှောင်လျက် "အရှင်မ–မတော်လှပါ၊ အရှင်မသည် ဖခင်၏ မိဖုရားကြီးဖြစ်၍ မိခင်အရာ၌

တည်ပါသည်။ လင်ရှိမယားလည်း ဖြစ်ပါသည်။ အပြစ်ကြီးလေး၍ မလျော်ကန်လှပါ ဘုရား”ဟု ပြန်ပြောလေ၏။

သုံးကြိမ်သုံးခါ ဖြားယောင်းပါသော်လည်း မရ၍ မိဖုရားကြီးသည် ရှက်လည်း ရှက် ဒေါသလည်း ထွက်ကာ “ငါ့ဆန္ဒကို မလိုက်လျောတဲ့လူသား၊ သင့်ဖခင် ပြန်လာလျှင် ဦးခေါင်းကို ဖြတ်စေရမည်”ဟု ရေရွတ်ကြိမ်းမောင်း၏။ မိန်းမတို့ မာန်မာနကို ပြ၏။

ဖခင်ဘုရင်ကြီး ပြန်လာသောအခါ မိဖုရားကြီးသည် မင်းကြီးအား ပဒုမ မင်းသားက ကာမကို အနိုင်အထက်ပြု၍ ယူရန် ကြံစည်ခြင်း ခံရကြောင်း မိန်းမတို့မာယာဖြင့် ကုန်းတိုက်လေ၏။ ဘုရင်ကြီးသည် ကာမအဆိပ်မွှန်ပြီး အသိတရား ကင်းမဲ့ကာ ဒေါသအမျက်ထွက်လေ၏။ သားတော်မောင် ပဒုမအား လက်ပြန်ကြိုးတုတ်၍ အသူတစ်ရာနက်သော ချောက်ထဲသို့ ဦးစောက်ပြောင်းပြန် တွန်းချစေ ဟု အမိန့်တော်ချမှတ်၏။

ထိုသို့ တွန်းချခံရသော်လည်း မေတ္တာ၏စွမ်းအားကြောင့် အသက်မသေဘဲ တောင်စောင့်နတ်သည် ပွေ့ယူပြီး နဂါးမင်း၏အခွေ၌ တည်စေ၏။ နဂါးမင်းက စောင့်ရှောက်ထား၏။ ပဒုမမင်းသားသည် သံဝေဂရပြီး ရဟန်းဝတ်ကာ ဟိမဝန္တာတွင် တရားအားထုတ်နေ၏။

မုဆိုးတစ်ယောက်သည် ထိုအရပ်သို့ ရောက်ရှိပြီး ဗာရာဏသီမင်းကြီးအား ပဒုမမင်းသား၏ အကြောင်းစုံကို ပြန်၍ လျှောက်ထားလေ၏။ ဗာရာဏသီ မင်းကြီးသည် နောင်တကြီးစွာရရှိပြီး သားတော်ရှိရာ အရပ်သို့ လိုက်လာကာ မိမိအမှားကို တောင်းပန်သည်းခံစေ၏။ ထီးနန်းစည်းစိမ်ကို လက်ခံရန် ပန်ကြား၏။ ပဒုမမင်းသား ရဟန်းတော်သည် ကာမစည်းစိမ်၏အပြစ်ကို မြင်၍ လက်မခံ ငြင်းဆန်တော်မူ၏။ ဖခင်ဘုရင်ကြီးအား တရားနှင့်အညီ အုပ်စိုးရန် ဆုံးမစကား ပြောကြားလေ၏။

ဘုရင်ကြီးသည် တိုင်းပြည်သို့ ပြန်ရောက်သောအခါ သားတော် ပဒုမ မင်းသားအား ကာမဖြင့် ဖြားယောင်းသွေးဆောင်ပြီး မာယာပရိယာယ်ဖြင့် လီဆယ် တိုင်သော မိဖုရားကြီးအား အသူတစ်ရာနက်သော ခိုးသူပစ်ချရာ ချောက်ကမ်းပါးမှ ဦးစောက်ပြောင်းပြန် တွန်းချ၍ သတ်စေဟု အမိန့်တော်ချမှတ်၏။

(ဒွါဒသကနိပါတ် မဟာပဒုမဇာတ်အဋ္ဌကထာ၊
ဓမ္မပဒ အဋ္ဌကထာ ဒုတိယအုပ် စိဉ္စမာဏဝတ္ထု)

## မုသာဝါဒဒုစရိုက်အပြစ်ပြ ရင်သွေးကို ပြန်စားရသော ပြိတ္တာမဝတ္ထု

လွန်လေပြီးသောအခါက သာဝတ္ထိပြည်တွင် ဥပါသကာတစ်ဦး၏ ဇနီးသည် အဆင်းလှ၏။ အရွယ်ကောင်း၏။ အကျင့်နှင့် ပြည့်စုံသော သားယောကျာ်းနှစ်ဦး ထွန်းကား၏။ ထိုအမျိုးသမီးသည် ငါ၌ သားယောကျာ်းရှိသည် ဟူသောသံယောဇဉ် မာန်တက်၏။ ခင်ပွန်းဖြစ်သူအပေါ် အပြောအဆို အပြုအမူမှအစ အပေါ်စီးကချည်း ဆက်ဆံသောကြောင့် ခင်ပွန်းဖြစ်သူသည် စိတ်ညစ်၍ နောက်အိမ်ထောင်ပြုလေ၏။

ဒုတိယဇနီးတွင် ကိုယ်ဝန်သုံးလရှိလာသောအခါ မယားကြီးသည် အစာတွင် ဆေးခတ်၍ ပရိယာယ်ဖြင့် ကိုယ်ဝန်ကို ပျက်ကျစေ၏။ ထိုအကြောင်းကို ခင်ပွန်း ဖြစ်သူနှင့် ဆွေမျိုးများ သိရှိရာ ကျိန်စာဆိုရမည်ဟု အကျပ်ကိုင်သောကြောင့်–

"ကျွန်တော်မသည် လင်တူမယား၏ကိုယ်ဝန်ကို ပျက်ကျအောင် ဖျက်ချရိုး မှန်ပါလျှင် ညစဉ်ညတိုင်း သားသမီးခုနစ်ယောက်မွေး၍ ကိုယ့်ရင်သွေးကို ပြန်လည် စားသောက်ရပါစေသား၊ ယိင်တလောင်းလောင်းနှင့် အမြင်မကောင်းသည့် ပြိတ္တာ အငတ်မကြီး ဖြစ်ရပါစေသား"ဟု–ကျိန်ဆိုရလေ၏။

မမှန်မုသား ထိုကျိန်စာစကားကြောင့် သေလွန်သောအခါ ထိုရွာ၏အနီး တွင် ပြိတ္တာမကြီး ဖြစ်ရရှာလေ၏။ "ညစဉ်ညတိုင်း ကလေးခုနစ်ယောက်မွေး၍ ကိုယ့်ရင်သွေးကလေးများကို ပြန်လည် စားသောက်ရပါစေသား"ဟူသော မုသာဝါဒ ကျိန်စာဒဏ်ကို ခံရရှာလေ၏။

(ပေတဝတ္ထုအဋ္ဌကထာ။ သတ္တပုတ္တခါဒကပေတိဝတ္ထု)

## မုသာဝါဒဝိရတိ သုစရိုက်အကျိုးပြ ကဏှဒီပါယနဇာတ်ဝတ္ထု

လွန်လေပြီးသောအခါက ရသေ့တစ်ဦးသည် ဥယျာဉ်၌ သီတင်းသုံးနေ၏။ မိတ်ဆွေဒကာတစ်ဦးသည် ဇနီးနှင့် သားငယ်ကို ခေါ်၍ ရသေ့ထံ ရောက်လာ၏။ ရသေ့နှင့် ဇနီးမောင်နှံ စကားလက်ဆုံကျနေခိုက် သားငယ်သည် ဂျင်ပေါက်၍ ဆော့ကစားနေရာ ဂျင်သည် တောင်ပို့တွင်းသို့ ကျသွားလေ၏။ သားငယ်သည် ဂျင်ပြန်ရလိုဇောဖြင့် တောင်ပို့တွင်းသို့ လက်ဖြင့် နှိုက်ယူရာ မြွေကိုက်ခံရသောကြောင့် အဆိပ်မွှန်ပြီး မေ့မြောလေ၏။

မိဘနှစ်ပါးသည် ကလေးကိုပွေ့၍ ရသေ့ထံခေါ်သွားပြီး မြွေဆိပ်ပြယ်စေရန် ကုသပေးပါဟု တောင်းပန်သောကြောင့်–

"ငါသည် ရသေ့ဝတ်ခဲ့သည်မှာ အနှစ်(၅၀)ကျော်ခဲ့ပါပြီ၊ ရသေ့ဝတ်ခါစ ခုနစ်ရက်မျှသာ ပျော်ပိုက်၍ တရားအားထုတ်ခဲ့သည်။ ခုနစ်ရက်မှ ဤအချိန်အထိ မပျော်ပိုက်သော်လည်း အောင့်အည်းသည်းခံ၍ နေခဲ့၏။ မပျော်ပိုက်သည်ကို မပျော်ပိုက်ပါဟူ၍ မည်သူ့အားမျှ မပြောကြားခဲ့ပါ။ ဤမှန်သော သစ္စာစကားကြောင့် ကလေး၏ ရောဂါ ပျောက်ကင်းပါစေ"-

ဤသို့ ရသေ့ သစ္စာဆိုလိုက်သည်နှင့် တစ်ပြိုင်နက် ကလေးငယ်သည် မျက်လုံးကလေး ဖွင့်၍ "အမေ"ဟု နှုတ်မှ ခေါ်လေ၏။ ရင်ဘတ်မှ အထက်ပိုင်းရှိ အဆိပ်တို့သည် အောက်သို့ လျှောကျလာသောကြောင့် အနည်းငယ် သက်သာစ ပြုလေ၏။

တစ်ဖန် ဖခင်သည်လည်း ရင်သွေးငယ်၏ရောဂါ ပျောက်ရေးအတွက်-

"အကျွန်ုပ်သည် အလှူပေးခြင်းကို လုံးဝမနှစ်သက်ပါ။ အကျွန်ုပ်အိမ်သို့ အလှူခံပုဂ္ဂိုလ်များ လာသည်ကိုလည်း မကြိုက်ပါ။ ယင်းသို့ မကြိုက်သော်လည်း နှမြောဝန်တို၍ ကပ်စေးနည်းသူအဖြစ် အလှူခံပုဂ္ဂိုလ်များ မရိပ်မိအောင် အစဉ်အလာ မပျက် ပေးလှူခဲ့ပါ၏။ ဤမှန်ကန်သော သစ္စာစကားကြောင့် ကလေး၏ ရောဂါ ပျောက်ကင်းပါစေ"

ဤသို့ ဖခင်၏ သစ္စာစကားဆိုလိုက်သည်နှင့် တစ်ပြိုင်နက် ခါးအထက်ပိုင်းရှိ အဆိပ်တို့သည် အောက်သို့ လျှောကျလာသောကြောင့် ကလေးငယ်သည် အိပ်ရာမှ ထ၍ ထိုင်လေ၏။

ထို့ပြင် မိခင်ဖြစ်သူသည်လည်း ရင်သွေးငယ်၏ရောဂါ ပျောက်ကင်းရေး အတွက်-

"ချစ်စွာသောသားငယ်-အမေသည် သင်၏အဖေနှင့် ဤမြွေဆိုးကြီးကို လုံးဝ မချစ်ရိုး အမှန်ပါ။ ထပ်တူထပ်မျှ ရွံမုန်းလှပါ၏။ သင်၏ အဖေနှင့် ဤ မြွေဆိုးကြီးအပေါ် ထားရှိသော စိတ်ဓာတ်တို့မှာ အတူတူပင် ဖြစ်ပါ၏။ သင်၏ အဖေ အိမ်ဦးနတ်အပေါ် ဝမ်းတွင်းက မချစ်သော်လည်း ဆွေမျိုးမိဘ အရှက်မရစေ လို၍ အောင့်အည်းသည်းခံပြီး ပေါင်းသင်းခဲ့ပါ၏။ ဤမှန်သော သစ္စာစကားကြောင့် သားငယ်၏ ရောဂါပျောက်ကင်းပါစေ"-

ဤသို့ အမိ၏ သစ္စာစကားဆုံးသည်နှင့် တစ်ပြိုင်နက် ကလေးငယ်၏ ခန္ဓာကိုယ်တစ်ခုလုံး ရှိသော အဆိပ်တို့သည် လျှောကျပျောက်ကင်းပြီး ပကတိအတိုင်း ကျန်းမာလန်းဆန်း၍ ဆော့ကစားလေ၏။

ဤကား မုသားကင်းခြင်း (မုသာဝါဒ ဝိရတိ)သုစရိုက်အကျိုးတည်း။
(ဒသကနိပါတ်၊ ကဏှဒီပါယနဇာတ်၊ အဋ္ဌကထာ)

**ပိသုဏာဝါစာ ဒုစရိုက်အပြစ်နှင့် ပိသုဏာဝါစာဝိရတိသုစရိုက်အကျိုးပြနှစ်မျိုးရဝတ္ထု**

ကဿပဘုရားရှင်လက်ထက်တော်၌ အမျိုးသားနှစ်ယောက်တို့သည် ရဟန်းပြုပြီးလျှင် အကျင့်သီလနှင့် ပြည့်စုံ၍ ရွာငယ်တစ်ခု၌ အညီအညွတ် နေထိုင်ကြ၏။ ထိုနေရာသို့ ယုတ်မာသော အလိုဆိုးရှိသော အာဂန္တုရဟန်းတစ်ပါး ရောက်လာ၏။ ကျောင်းနေရဟန်းတို့သည် အာဂန္တုရဟန်းအား ခရီးဦးကြိုဆိုပြုလျက် နေရာပေးကြ၏။

နှစ်ရက်မြောက်သောနေ့တွင် အာဂန္တုရဟန်းကို ခေါ်၍ ဆွမ်းခံရွာသို့ ဝင်ကြ၏။ ရွာသူရွာသားတို့က မြောက်မြားစွာသော လှူဖွယ်ဝတ္ထုကို လောင်းလှူကြ၏။ အာဂန္တုရဟန်းသည် ရွာသူရွာသားများ၏ စေတနာ သဒ္ဓါတရားကောင်းခြင်း၊ ကျောင်းသခ်မ်း၏ အာဝါသနှင့် ပြည့်စုံခြင်းတို့ကို တပ်မက်၍ ကျောင်းနေရဟန်းနှစ်ပါးတို့ကို အချင်းချင်း မသင့်မြတ်အောင် ကုန်းတိုက်စကား ပြောကြားလေ၏။ ပြောစတွင် ကျောင်းနေရဟန်းတို့ မယုံကြသော်လည်း အကြိမ်ကြိမ် ပြောပါများလတ်သော် မထေရ်နှစ်ပါးတို့သည် အချင်းချင်းစကားမဆို၊ အရိအသေမပြုကြတော့ဘဲ ကာလရှည်မြင့်စွာ ဖြစ်သောအချစ်သည် ဖြန်းဖြန်းကွဲ၍ သပိတ်၊ သင်္ကန်းကို ယူပြီးလျှင် အသီးသီး ချမ်းသာရာအရပ်သို့ သွားကြကုန်၏။

ကုန်းတိုက်သောရဟန်းသည် သူတော်ကောင်းရဟန်းနှစ်ပါး၏ ချစ်ခြင်းကို ခွဲမိလေပြီဟု နောင်တကြီးစွာရပြီး ဝိပ္ပဋိသာရ–စိတ်နှလုံးပူပန်မှု နှိပ်စက်သောကြောင့် စိုးရိမ်ခြင်းအဟုန် ဖြစ်၏။ နာလျက် မကြာမီ သေ၍ ကုန်းတိုက်မိသော ပိသုဏာဝါစာကံကြောင့် အဝီစိငရဲ ကျလေ၏။

မထေရ်နှစ်ပါးလည်း နောက်ကာလတွင် အကြောင်းအကျိုးကို သိသဖြင့် အချင်းချင်း မိမိတို့ကျောင်းသို့ ပြန်လာကြပြီးလျှင် တစ်ပါးနှင့်တစ်ပါး သည်းခံခွင့်လွှတ်၍ မေတ္တာဖြဟ္မစိုရ်ဖြင့် နေထိုင်ကြလေ၏။ ပိသုဏာဝါစာကံ (ကုန်းတိုက်ခြင်း) ၏ ကြောက်ဖွယ်ကောင်းပုံကို သံဝေဂယူ၍ ရဟန်းတရား အားထုတ်ကြရာ အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။ (ပိသုဏာဝါစာ ဝိရတိ အကျိုးဟု မှတ်ရာ၏။)

ကုန်းတိုက်သော ရဟန်းမှာမူ ဘုရားတစ်ဆူနှင့် တစ်ဆူအကြား ကြာမြင့်စွာသော ကာလပတ်လုံး ငရဲ၌ ကျခံရပြီး ဂေါတမမြတ်စွာဘုရား လက်ထက်ဝယ် ရာဇဂြိုဟ်ပြည်၏အနီး၌ ပုတိမုခပြိတ္တာ ဖြစ်ရလေ၏။ ထိုပြိတ္တာ၏ ကိုယ်ကား ရွှေအဆင်းနှင့် တူ၏။ ခံတွင်းမှ ပိုးလောက်တို့သည် ထွက်ကုန်၏။ ထိုမှ ဤမှ ခံတွင်းကို ခဲကုန်၏။ အရပ်ထက်ဝန်းကျင် ပျံ့နှံ့၍ မကောင်းသောအနံ့လှိုင်ပြီးလျှင် မစင်ပုပ်ငရဲ၌ ကာလရှည်မြင့်စွာခံရလေ၏။ ပိသုဏာဝါစာ၏အပြစ်ကား ကြောက်မက်ဖွယ် ကောင်းလှ၏။

(ပတိမုခပေတဝတ္ထု အဋ္ဌကထာ၊
ဓမ္မပဒအဋ္ဌကထာဒုတိယအုပ်၊ သူကရပေတဝတ္ထု)

**ဖရုသဝါစာဒုစရိုက်အပြစ်နှင့် ဖရုသဝါစာဝိရတိသုစရိုက်အကျိုးပြနန္ဒိဝိသာလဝတ္ထု**

လွန်လေပြီးသောအခါက ဂေါတမဗုဒ္ဓလောင်းလျာသည် နွားမျိုး၌ ဖြစ်၏။ နန္ဒိဝိသာလဟု အမည်တွင်၏။ ပိုင်ရှင်ပုဏ္ဏားက သားရင်းပမာ ချစ်ခင်၍ ကောင်းမွန်စွာ ကျွေးမွေးပြုစု၏။ ခွန်အားနှင့် ပြည့်စုံ၏။

ပိုင်ရှင်ပုဏ္ဏားကြီးသည် မိမိနွားကြီး၏ ခွန်အားကို ယုံကြည်၍ ဝန်အပြည့်တင်ထားသော လှည်းအစီးတစ်ရာကို ရုန်းနိုင်, မရုန်းနိုင် ငွေတစ်ထောင်ကြေးပေးကြစတမ်း ကတိပြု၍ သေဌေးတစ်ဦးနှင့် အလောင်းအစား ပြုလေ၏။ ထို့နောက် နန္ဒိဝိသာလနွားကြီးအား ရုန်းစေ၏။

ပိုင်ရှင်ပုဏ္ဏားသည် လှည်းဦးက နေ၍ နန္ဒိဝိသာလနွားကြီးအား နှင်တံဖြင့် ရိုက်လည်း ရိုက်၏။ ဆဲလည်းဆဲ၏။ "ဟဲ့အမဲနွား၊ ရုန်းပါတော့လား၊ ကောက်ကျစ်စဉ်းလဲသောနွား၊ ရုန်းပါတော့လား"စသည်ဖြင့် ကြမ်းတမ်းသောစကားကို ပြောဆိုရုန်းစေ၏။ ယင်းကဲ့သို့ ဖရုသဝါစာ နားမချမ်းသာဖွယ်ရာ စကားကို ပြောဆို၍ မောင်းခြင်းကြောင့် နန္ဒိဝိသာလနွားကြီးသည် ဝန်ကို မရုန်းတော့ဘဲ ရပ်တန့်နေလေ၏။ ထို့ကြောင့် ပိုင်ရှင်ပုဏ္ဏားကြီးမှာ ငွေတစ်ထောင်ရှုံး၍ စိတ်ပျက်ကာ မှိုင်တွေနေတော့၏။

ထိုဖြစ်အင်ကို သိသော နန္ဒိဝိသာလ နွားကြီးက "သခင်၊ အဘယ့်ကြောင့် မှိုင်တွေနေရပါသနည်း"ဟု မေးလေရာ ငွေတစ်ထောင်ရှုံး၍ မှိုင်တွေနေကြောင်း ပုဏ္ဏားက ပြန်ပြောလေ၏။ ထိုအခါ နွားကြီးက–

"သခင်သည် အကျွန်ုပ် နားမချမ်းသာဖွယ်ရာ စကားများကိုသာ ကြမ်းတမ်းစွာ ပြောဆိုသောကြောင့် တမင်မရုန်းဘဲနေခြင်း ဖြစ်သည်။ နောင်တွင် ဤကဲ့သို့

ဖရုသဝါစာ= ကြမ်းတမ်းသော စကားကို မပြောပါနှင့်၊ အကျွန်ုပ်သည် သခင်၏ အကျိုးကို သယ်ပိုးပါမည်၊ ပြန်၍ လောင်းပါ။ နှစ်ထောင်ရစေရမည်"ဟု-ပြော လေ၏။ ထို့ကြောင့် ပုဏ္ဏားကြီးသည် ယခင်သေရွေးနှင့် နှစ်ထောင်ကြေး လောင်း ပြန်လေ၏။

ပိုင်ရှင်ပုဏ္ဏားကြီးသည် ဤအချိန်တွင် ပထမအခါကဲ့သို့ ကြမ်းကြမ်းတမ်းတမ်း မပြောဆိုတော့ဘဲ "ဖွေသားကြီး ရုန်းလိုက်ပါကွ၊ နွားသူတော်ကောင်းကြီး ရုန်း လိုက်ပါကွ"ဟု အားမာန်တက်ဖွယ် ချိုချိုသာသာ ပြောဆိုနိုင်းစေသောကြောင့် နန္ဒိဝိသာလနွားကြီးသည် ဝန်အပြည့်တင်ထားသော လှည်းအစီးတစ်ရာကို လွယ်လင့် တကူ ရုန်းပြလေ၏။ ထို့ကြောင့် ငွေနှစ်ထောင် ပြန်၍ နိုင်လေ၏။

(ဧကနိပါတ်၊ ကုရုဝဂ်၊ နန္ဒိဝိသာလဇာတ်အဋ္ဌကထာ)

## သမ္ဖပ္ပလာပဝါစာကံကို ကျူးလွန်သော ဂါမဏိဝတ္ထု

လွန်လေပြီးသောအခါက မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူ၏။ ကချေသည်တစ်ထောင်တို့၏ အကြီး အမှူးဂါမဏိသည် ပစ္စိမဘဝိကဖြစ်၍ ရင့်ကျက်သော ဉာဏ်ရှိသည် အဖြစ်ကြောင့် အခြံအရံနှင့်အတူ မြတ်ဗုဒ္ဓထံသို့ ချဉ်းကပ်ပြီးလျှင်-

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ကချေသည်တို့သည် ပွဲ သဘင်၏အလယ်၌ မှန်သောအမှု၊ ချွတ်ယွင်းသောအမှုဖြင့် ပွဲသဘင်ရှုသူ လူ အပေါင်းကို ရွှင်ပျဝမ်းမြောက်စေလျက် နှစ်သက် မွေ့လျော် ပျော်ပါးစေ၏။ ထိုကချေသည်သည် သေသည်မှနောက်၌ ပဟာသအမည်ရှိသော နတ်သမီးတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်၏ဟု ရှေးအဆက်ဆက်ဖြစ်ကုန်သော ကချေသည် ဆရာတို့ထံမှ ဤစကားကို ကြားဖူးခဲ့ပါသည်။ ဤအရာဝယ် မြတ်ဗုဒ္ဓသည် အဘယ်အယူတော် ရှိပါသနည်း"ဟု မေးလျှောက်၏။ ဗုဒ္ဓမြတ်စွာလည်း "ဂါမဏိ၊ သင်သည် ဤစကားကို ငါ့အား မမေးလင့်" ဟု သုံးကြိမ်တိုင်အောင် ပယ်တော်မူ၏။ ဂါမဏိသည် သုံးကြိမ်တိုင်အောင် ထပ်မံလျှောက်ထား၏။ ဗုဒ္ဓမြတ်စွာလည်း "သင့်ကို ငါ့အား မမေး၊ မလျှောက်နှင့် ဟု ပယ်တော်မူလျက် သုံးကြိမ်တိုင်အောင် ထပ်၍ပင် မေးသည်ဖြစ်သောကြောင့် သင့်အား ငါပြောကြားအံ့။ ဂါမဏိ၊ လွန်လေပြီးသောအခါက သတ္တဝါတို့သည် မကင်းသော ရာဂ, ဒေါသ, မောဟ ရှိကုန်၏။ ယင်းတို့ဖြင့် နှောင်ဖွဲ့ကုန်၏။ ကချေသည်သည် ထိုသတ္တဝါတို့ အလယ်သို့ ဝင်၍ ထိုသတ္တဝါတို့အား လွန်စွာ နှစ်သက်ခြင်း၊ အမျက်ထွက်ခြင်း၊

မိုက်မဲတွေဝေခြင်းဌာ တပ်နှစ်သက်စေတတ်သော အာရုံ၊ မိုက်မဲတွေဝေစေတတ်သော အာရုံတို့ကို အနီးသို့ ဆောင်၏။ ထိုကချေသည်သည် မိမိလည်း မေ့လျော့၊ လွန်စွာ မေ့လျော့လျက်၊ သူတစ်ပါးတို့ကိုလည်း မေ့လျော့, လွန်စွာ မေ့လျော့စေတတ်သောကြောင့် သေသည်မှနောက်၌ ပဟာသ အမည်ရှိသော ငရဲ၌ ဖြစ်၏”ဟု ဟောတော်မူ၏။

(သံယုတ်ပါဠိတော်)

ပဟာသငရဲဟူသည် အသီးအခြားမရှိပေ။ စင်စစ်သော်ကား အဝီစိငရဲ၏ သာလျှင် တစ်ခုသောအဖို့၌ ကကုန်, သီကုန်သကဲ့သို့ ကချေသည်အသွင်ကို ယူ၍ သာ ကျက်ရကုန်၏။ ထိုကျက်ရာအရပ်ကိုသာ ပဟာသငရဲဟု ဟောတော်မူ၏။

(သံယုတ် အဋ္ဌကထာ)

## သမ္ဖပ္ပလာပ ဝိရတိအကျိုး

ကုသိုလ်ရေး၊ ဥစ္စာရေး၊ ကျန်းမာရေး၊ ပညာရေး စသောအကြောင်းများနှင့် မပတ်သက်ဘဲ အကျိုးမပြီး အချည်းနှီးသော စကားမျိုးကို ပြောဆိုလျှင် သမ္ဖပ္ပလာပဟု မှတ်ရမည်။ ဥပမာအားဖြင့် အတွင်း၌ အဆံမပါသော စပါးဖျင်းများကဲ့သို့ လောကီလောကုတ္တရာ မည်သည့်အကျိုးကိုမျှ မပြီးသော အကြောင်းအရာများကို ပြောဆိုခြင်းသည် သမ္ဖပ္ပလာပ သဘောချည်း မည်၏။ ဗုဒ္ဓမြတ်စွာလောင်းလျာသည် လူဖြစ်စဉ်အခါက သမ္ဖပ္ပလာပမှ ကောင်းစွာ ကြဉ်ရှောင်တော်မူသောကြောင့် လူ့ဘဝမှ သေလွန်၍ နတ်ပြည်၌ ဖြစ်တော်မူ၏။ အခြားနတ်တို့ထက် ဆယ်ပါးသော ဂုဏ်ကျေးဇူးတို့ဖြင့် ထူးကဲလွန်မြတ်တော်မူ၏။ တစ်ဖန် လူ့ပြည်၌ ဖြစ်သော အခါ စကြာမင်းဖြစ်၍ ကျွန်းကြီးလေးကျွန်းတို့ကို စိုးပိုင်တော်မူ၏။ ခြင်္သေ့မင်း၏ မေးနှင့်တူသောမေးတော် ရှိတော်မူ၏။ သူတစ်ပါးတို့မဖျက်ဆီးနိုင်သော သုံးဆယ့်နှစ်ပါးသော စက်လက္ခဏာရှိတော်မူ၍ ယောကျ်ားမြတ် ဖြစ်တော်မူ၏။ နောက်ဆုံးဘဝ၌ ဘုရားအဖြစ်သို့ ရောက်တော်မူ၏။ သူခပ်သိမ်းတို့ မဖျက်ဆီးနိုင်သော အကျိုးထူးကို ရတော်မူသည်မှာ ဤသမ္ဖပ္ပလာပဝိရတိစာမှ ရှောင်ကြဉ်ခြင်းကြောင့် ဖြစ်ပေသည်။

## အဘိဇ္ဈာဒုစရိုက်အပြစ်နှင့် အနဘိဇ္ဈာသုစရိုက်အကျိုးပြ ရွှေကုန်သည် ဝတ္ထု

လွန်လေပြီးသောအခါက ရွှေကုန်သည်နှစ်ဦးတို့သည် နီလဝါဟအမည်ရှိသော မြစ်တစ်ဖက်ရှိ အရိဋ္ဌပုရမြို့သို့ ရွှေရောင်းသွားကြ၏။ သူတို့သည် မြို့တွင်းသို့

လှည့်လည်ရောင်းချရန် ခရီးလမ်းကို နှစ်ဦးသဘောတူ ခွဲဝေကြ၏။ ကိုယ့်ခရီးတွင် လှည့်လည်ရောင်းချပြီးမှ အခြားတစ်ဦး၏ခရီးတွင် လှည့်လည်ရောင်းချရန် ကတိပြုကြ၏။

ရွဲကုန်သည်နှစ်ဦးအနက် တစ်ဦးသည် ဖြောင့်မတ်ရိုးသား၍ အခြားတစ်ဦးသည် ကောက်ကျစ်စဉ်းလဲ၏။ ကောက်ကျစ်သော ရွဲကုန်သည်သည် မိမိခရီးစဉ်အတိုင်း လှည့်လည်ရောင်းချလေရာ ဥစ္စာပျက်၍ အလွန်ဆင်းရဲသော မြေးအဘွားနှစ်ယောက်တို့၏ အိမ်ရှေ့သို့ ရောက်လာ၏။ မြေးကလေးက အဘွားအိုအား ရွဲဝယ်ပေးရန် ပူဆာ၏။ အဘွားအိုလည်း ပေးစရာ အသပြာမရှိ၍ ခွက်ဟောင်းတစ်ခုကို ရွဲကုန်သည်အား ပြကာ ရွဲအနည်းငယ်နှင့် လဲရန် ပြောကြား၏။ ထိုခွက်သည်ကား အသုံးမပြုဘဲ ပစ်ထားသည်မှာ ကြာမြင့်လှပြီဖြစ်၍ အညစ်အကြေး အထပ်ထပ် တင်နေ၏။ ကောက်ကျစ်သော ရွဲကုန်သည်သည် ခွက်ကိုကိုင်မိလျှင်ပင် ရွှေခွက် ဖြစ်မည်ဟု သံချောင်းငယ်ဖြင့် ခြစ်၍ ကြည့်၏။ ထိုအခါ ရွှေခွက်ဖြစ်ကြောင်းကို သိလေ၏။ သို့ရာတွင် ရွှေခွက်ကို မတရားယူလိုသောဆန္ဒဖြင့် ပဲဝက်မျှ မတန်သော ခွက်ကို မယူလို ဟုဆိုကာ မြေပေါ်မှာ လိမ့်၍ ပစ်ချပြီးလျှင် ထွက်သွားလေ၏။

မကြာမီ ဖြောင့်မတ်သော ရွဲကုန်သည်သည် မြေးအဘွားတို့အိမ်သို့ ရောက်လာ၏။ မြေးကလေးက ပူဆာ၍ အဘွားအိုသည် ရွဲကုန်သည်အား ရွဲအနည်းငယ်ပေးရန် ရှေးနည်းအတိုင်း ပြောကြား၏။ ရွဲကုန်သည်သည် ခွက်ကို ကိုင်ကြည့်လိုက်လျှင်ပင် ရွှေခွက်ဖြစ်ကြောင်းကို သိသဖြင့် "အဘွား–ဤခွက်သည် အဖိုးတစ်သိန်းထိုက်သော ရွှေခွက်တည်း။ အကျွန်ုပ်တွင် ဤမျှထိုက်တန်သည့် ပစ္စည်းမရှိပါ"ဟု ပြော၏။

အဘွားအိုက "ပထမရွဲကုန်သည်သည် ဤခွက်ကို ပဲဝက်မျှ မတန်ဟု ဆိုခဲ့သည်။ ယခု သင်ကား အဖိုးတစ်သိန်းထိုက်သည်ဟုဆိုလျှင် သင့် ကုသိုလ်ကံပင် ဖြစ်သည်။ ခွက်ကို ယူ၍ ပေးလိုသမျှ ရွဲကိုသာ ပေးခဲ့ပါ"ဟု ပြောလေ၏။

ဖြောင့်မတ်သော ရွဲကုန်သည်လည်း ခရီးစရိတ် ရှစ်အသပြာ, ချိန်ခွင်နှင့် လွယ်အိတ်တို့ကိုသာ ယူပြီးလျှင် မရောင်းရသေးသော ရွဲငါးရာနှင့် ရောင်းချ၍ ရရှိခဲ့သော အသပြာငါးရာကိုပါ မြေးအဘွားနှစ်ယောက်အား ပေး၍ မြစ်ဆိပ်သို့ အမြန်သွားလေ၏။ မြစ်ဆိပ်သို့ ရောက်သောအခါ လှေသမားအား ရှစ်အသပြာပေး၍

အခြားမည်သည့်ခရီးသည်ကိုမျှ မစောင့်ဘဲ မိမိကိုသာလျှင် အမြန်ပို့ရန် ပြောကာ တစ်ဖက်ကမ်းသို့ ကူးလေ၏။

ကောက်ကျစ်သော ရွဲကုန်သည်သည် မြေးအဘွားတို့၏ အိမ်သို့ တစ်ဖန် ပြန်လာပြီးလျှင် မြေးမလေးအား "သူငယ်မ၊ ခွက်ကို ယူခဲ့လော့၊ သင့်အား ရွဲ အနည်းငယ်ပေးအံ့"ဟု ဆို၏။ မြေးမကလေးက "ငါတို့ခွက်သည် အဖိုးတစ်သိန်း ထိုက်တန်သည်ဖြစ်လျက် သင်သည် ပဲဝက်မျှမတန်ဟု မဟုတ်မမှန် ပြောဆိုခဲ့သည်။ ဖြောင့်မတ်သော အခြားရွဲကုန်သည်က ငါတို့အား အသပြာငါးရာနှင့် ပါသမျှ ရွဲအားလုံးကို ပေး၍ ခွက်ကို ယူသွားလေပြီ"ဟု ခက်ထန်စွာ ပြန်ပြောလေ၏။

သူငယ်မ၏ စကားကို ကြားလျှင် ကောက်ကျစ်သော ရွဲကုန်သည်သည် အသပြာ တစ်သိန်းထိုက်သော ရွှေခွက်ကို မိမိမရလိုက်သဖြင့် ပြင်းစွာ ပူပန်၏။ ဣန္ဒြေကိုပင် မဆောင်နိုင်ဘဲ ပါသမျှ အသပြာနှင့် ရွဲအားလုံးတို့ကို ကြဲဖြန့်ကာ ရွှေခွက်ကို လုယူအံ့ဟု မြစ်ဆိပ်သို့ အလျင်အမြန် လိုက်လေ၏။

မြစ်ဆိပ်သို့ ရောက်သောအခါ ကောက်ကျစ်သော ရွဲကုန်သည်သည် လှေသမားအား မိမိရှိရာ ဆိပ်ကမ်းအနီးသို့ လှေကို ပြန်၍ လှော်ခဲ့ရန် အတန်တန် ဟစ်အော်ခေါ်၏။ သို့ရာတွင် လှေသမားသည် သူ့ကို လုံးဝဂရုမစိုက်ဘဲ ဆက်၍သာ လှော်သွားလေရာ ကောက်ကျစ်သော ရွဲကုန်သည်သည် အဘိဇ္ဈာ ဒေါမနဿ တို့၏ အရှိန်ကြောင့် ပြင်းပြစွာ ပူပန်ခြင်းဖြင့် ရတ်တရက် လဲကျ သေဆုံးသွားလေ၏။

(ဧကနိပါတ် ဇာတ်အဋ္ဌကထာ သေရိဝဝါဏိဇ္ဇဇာတ်)

## ဗျာပါဒဒုစရိုက်အပြစ်နှင့် အဗျာပါဒသုစရိုက်အကျိုးပြ သည်းခံစိတ်ထားရှိသော ကျောင်းဒကာဝတ္ထု

ကဿပဘုရားရှင် လက်ထက်တော်အခါက သုမင်္ဂလ အမည်ရှိသော သေဋ္ဌေးတစ်ဦးသည် ကြီးကျယ်ခမ်းနားသော ရွှေကျောင်းကြီးတစ်ဆောင်ကို ဆောက်လုပ် လှူဒါန်းထား၏။ မကြာခဏ ဘုရားကျောင်းတော်သို့ သွားလေ့ရှိ၏။ တစ်နေ့သ၌ ကျောင်းမှအပြန် မြို့တံခါးအနီးရှိ ဇရပ်တစ်ဆောင်ပေါ်တွင် သင်္ကန်းကို ခေါင်းမြီးခြုံ၍ အိပ်နေသော သူခိုးတစ်ယောက်ကို တွေ့မြင်၏။

"ခြေထောက်တွင် ရွှံ့ညွန်အလိမ်းလိမ်းကပ်လျက် သင်္ကန်းကို ခေါင်းမြီးခြုံပြီး ဤဇရပ်ပေါ်၌ မတော်မလျော် အိပ်စက်နေသူမှာ ရဟန်းအယောင်ဆောင်ထားသော သူခိုးသာ ဖြစ်ရမည်။ ဘယ်နည်းနှင့်မျှ ရဟန်းကောင်း မဖြစ်နိုင်"ဟု မှတ်ချက်ချ၍ ပြောဆို၏။

အယောင်ဆောင်သူခိုးသည် သူ့အား ဤကဲ့သို့ပြောရမည်လားဟု အမျက်ဒေါသ ပြင်းစွာထွက်လျက် သေဋ္ဌေးကို ရန်ငြိုးဖွဲ့၏။ သေဋ္ဌေးပိုင်သော လယ်ယာများကို ခုနစ်ကြိမ်တိုင်တိုင် မီးတိုက်ဖျက်ဆီး၏။ သေဋ္ဌေးပိုင်သော နွားခြံသို့ ဝင်၍ ခုနစ်ကြိမ်တိုင်တိုင် နွားများ၏ ခြေထောက်ကို ဓားဖြင့် ခုတ်ဖြတ်၏။ သေဋ္ဌေး၏ နေအိမ်ကို ခုနစ်ကြိမ်တိုင်တိုင် မီးကွင်းပစ်၍ ရှို့၏။

ခိုးသူသည် ဤမျှလောက် ဖျက်ဆီးရသည်ကို မကျေနပ်သေးမူ၍ သေဋ္ဌေး၏ ကုသိုလ်ဖြစ်သော ဂန္ဓကုဋိ(နံ့သာရွှေကျောင်းတော်ကြီး)ကို မြတ်စွာဘုရား ဆွမ်းခံကြွနေသည့်အခိုက် မီးတိုက်ဖျက်ဆီးပြန်လေ၏။ သုမင်္ဂလသေဋ္ဌေးသည် မီးလောင်ရာသို့ ပြေးလာပြီးလျှင် စိတ်မချမ်းသာခြင်း၊ ဒေါသထွက်ခြင်း အလျှင်းမရှိမူ၍ တစ်ကြိမ်လောင်သော် နှစ်ကြိမ်လှူမည်ဟု လက်ရုံးဆန့်၍ ပြောကြား၏။ မကြာမီ နောက်ထပ်ကျောင်းသစ်ကြီးတစ်ဆောင် ဆောက်လုပ်ပြီးလျှင် သံဃာနှစ်သောင်း ခြံရံလျက် မြတ်စွာဘုရားအား လှူဒါန်းပြန်၏။

ဗျာပါဒအားကြီးသော ခိုးသူသည် "ဤသေဋ္ဌေးကို အရှင်ထား၍ အရက်တကွဲ အကျိုးနည်းအောင် လုပ်လေ့ခြင်းထက် အသေသတ်ပစ်မှ နားအေးမည်"ဟု ပြင်းထန်သော အစွဲဖြင့် ဓားမြှောင်ကို ခါးထိုး၍ အမြဲတစေ ချောင်းမြောင်းနေ၏။ သို့သော် အခွင့်မသာ၍ မသတ်နိုင်။

သေဋ္ဌေးကြီးသည် မြတ်စွာဘုရားနှင့် ရဟန်းသံဃာတို့ကို ပင့်၍ ကျောင်းရေစက်ချပွဲကို ပြုလုပ်သောအခါ "တပည့်တော်၏ အကျိုးတရား ပျက်ပြားအောင် ဖျက်ဆီးပြီး အသက်ကိုပင် ရန်ရှာနေသောသူသည် ဤပရိသတ်အတွင်း၌ ရှိနေပါသည်။ ထိုသူအား တပည့်တော် အမျက်ဒေါသ မထားသည့်အပြင် ယခုပြုသော ကုသိုလ်အဖို့ကို ထိုသူအား ရှေးဦးစွာ ပေးပါ၏"ဟု လျှောက်ထား၏။

ထိုစကားကို ကြားသောအခါ သတ်ဖြတ်ရန် ချောင်းမြောင်းနေသော ခိုးသူသည် မိမိ၏အမှားကို သိ၍ သေဋ္ဌေးကြီးအား သည်းခံရန် တောင်းပန်၏။ သေဋ္ဌေးကြီးက သည်းခံသော်လည်း သူ၏ ဗျာပါဒစေတနာကြောင့် သေသောအခါ အဝီစိငရဲ၌ နှစ်ပေါင်းများစွာ ခံရလေ၏။ ငရဲမှ လွတ်သောအခါ ရာဇဂြိုဟ်မြို့အနီး ဂိဇ္ဈကူဋတောင်ဝယ် တစ်ကိုယ်လုံး မီးလောင်၍ ဝေဒနာပြင်းပြစွာ ခံစားရသော စပါးကြီးမြွေ ပြိတ္တာကြီး ဖြစ်ရပြန်လေ၏။

(ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယအုပ်၊ ဒဏ္ဍဝဂ်၊ အဇဂရပေတဝတ္ထု)

## မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိ ဒုစရိုက်သုစရိုက်နှစ်မျိုးရ အနာထပိဏ်သေဌေးနှင့် တံခါးစောင့်နတ်ဝတ္ထု

ဗုဒ္ဓသာသနာသမိုင်းတွင် သာဝတ္ထိပြည်မှ အနာထပိဏ် သေဌေးကြီးသည် အလှူဒါနပြုလုပ်ရာတွင် စံတင်ထိုက်သော သေဌေးကြီးတစ်ဦး ဖြစ်၏။ ဇေတဝန်ကျောင်းတော်ကြီးကို ငါးဆယ့်လေးကုဋေ အကုန်ခံ၍ လှူဒါန်းရသည်ကိုပင် အားရတင်းတိမ်မှုမရှိဘဲ တစ်နေ့သုံးကြိမ် ဘုရားကျောင်းတော်သို့ သွားလေ့ရှိ၏။ နံနက်သွားလျှင် ယာဂု၊ နေ့လယ်သွားလျှင် အဖျော်ယမကာ၊ ညနေသွားလျှင် ပန်းနံ့သာ ယူဆောင်သွားလေ့ ရှိ၏။

တစ်ချိန်တွင် သေဌေးကြီးသည် စီးပွားရေးမပြေလည်၍ ဆင်းရဲနွမ်းပါးသွား၏။ သို့သော် အလှူအတန်းကိုကား မလျှော့ပေ။ ဤကဲ့သို့ အလှူအတန်းပြုလုပ်ခြင်းကို သေဌေးကြီး၏နေအိမ် စတုတ္ထတံခါးတွင် စောင့်နေသော မိစ္ဆာဒိဋ္ဌိနတ်သည် ကြားမှ ဝန်တိုမိစ္ဆာဖြစ်ပြီး မကြည်ညိုနိုင် ရှိ၏။ သေဌေးကြီးအိမ်သို့ ရဟန်းသံဃာများ ကြွလာသောအခါ သူက နေရာမှ မကြာခဏ ဖယ်ပေးနေရသောကြောင့် အလိုလို အမျက်ထွက်၍နေ၏။

တစ်နေ့တွင် မိစ္ဆာဒိဋ္ဌိနတ်သည် ကိုယ်ထင်ပြလျက် “အသင်သေဌေးကြီးသည် နောင်ရေးကို မကြည့်ဘဲ ဂေါတမသာသနာကိုချည်း အလကားလှူပစ်သောကြောင့် ပစ္စည်းပြုန်း၍ ဆင်းရဲခြင်းသို့ ရောက်ခဲ့ရသည်။ ပေးလှူခြင်းဖြင့် ဘာအကျိုးရှိသနည်း။ မိုက်လေစွ”ဟု အပြစ်တင်စကား ဆိုလေ၏။

ယင်းသို့ မိစ္ဆာအမြင်ဖြင့် အလှူဒါနကို မပြုလုပ်ရန် တားမြစ်သောအခါ သေဌေးကြီးသည် မိစ္ဆာနတ်အား မိမိနေအိမ် စတုတ္ထတံခါးမှ ထွက်သွားရန် နှင်ထုတ်လိုက်လေ၏။ မိစ္ဆာဒိဋ္ဌိနတ်သည် ခိုကိုးရာမဲ့ဖြစ်ကာ သိကြားမင်းထံသွား၍ သေဌေးကြီး ကျေနပ်သည်အထိ တောင်းပန်ပေးရန် ပန်ကြားလေ၏။

သိကြားမင်းက သေဌေးကြီးသည် အလှူဒါန၌ အလွန်ဝါသနာပါသူဖြစ်သည်။ တားမြစ်ပိတ်ပင်၍ မလျော့၊ ယခုအချိန်၌ သေဌေးကြီးတွင် ပစ္စည်းဥစ္စာများ နွမ်းပါးလျက်ရှိရာ သေဌေးကြီးထံမှ ချေးငှားထားသူများကို သေဌေးကြီးအား ပစ္စည်းဥစ္စာများ မှန်မှန်ကန်ကန် ပြန်၍ပေးကြရန် သင်က လိုက်လံနှိုးဆော်ပေးပါဟု အကြံပြုလေ၏။

သိကြားမင်းအကြံပြုသည့်အတိုင်း ကြွေးယူသူများကို လိုက်လံဆော်ဩပေးရာ ပစ္စည်းယူသူအားလုံးက ပြန်လည်ပေးပို့ကြသောကြောင့် သေဋ္ဌေးကြီးသည် ယခင်အတိုင်း ပြန်လည်ကြွယ်ဝချမ်းသာလေ၏။ မိမိမှားကြောင်းဝန်ချ၍ တောင်းပန်သော မိစ္ဆာဒိဋ္ဌိနတ်အား ခွင့်လွှတ်ပြီးလျှင် အယူမှားကိုစွန့်၍ အယူမှန်ကို ပြောင်းယူစေသဖြင့် ထိုနတ်သည် သမ္မာဒိဋ္ဌိဖြစ်လာပြီးလျှင် သောတာပတ္တိဖိုလ်၌ တည်၍ အကျွတ်တရားကို ရရှိသွားလေ၏။

(ဓမ္မပဒအဋ္ဌကထာ ပါပဝဂ် အနာထပိဏ်ဍိကဝတ္ထု၊ ဧကနိပါတ် ဇာတ်အဋ္ဌကထာ ကုလာဝကဝဂ် ခဒိရင်္ဂဇာတ်)။

**ဝဋ်အမြဲ ငရဲအပ** မြန်မာ့စကားပုံတို့တွင် "ဝဋ်အမြဲ ငရဲအပ" ဟူသော စကားပုံလည်းပါဝင်၏။ ထိုစကားပုံသည် ဗုဒ္ဓဘာသာနယ်ပယ်မှ စကားပုံဖြစ်သည်။ မြတ်ဗုဒ္ဓ၏တရားဓမ္မနှင့် ဆက်စပ်နေပြီး သဘောအဓိပ္ပာယ် လေးနက်သော စကားပုံ ဖြစ်သည်။

**ဝဋ်ဟူသည် အဘယ်နည်း** "ဝဋ်" ဟူသည် "ဝဋ္ဋ" ဟူသောပါဠိစကားမှ ဆင်းသက်လာ၏။ သံသရာလည်ပတ်ခြင်း၊ အကြောင်းပြီးအကျိုး, အကျိုးပြီးအကြောင်း ဆက်စပ်ဖြစ်ပျက်ခြင်း၊ မကောင်းမှုပြုသည့်အတွက် သံသရာဘဝခရီး၌ ဆိုးကျိုးတစ်စုံတစ်ရာကို ခံစားရခြင်း စသော သဘောအဓိပ္ပာယ်များ ရှိပါသည်။

အဘိဓမ္မတ္ထသင်္ဂဟ(သင်္ဂြိုဟ်)ကျမ်း၊ ပစ္စယသင်္ဂဟ အပိုင်းတွင် "ဝဋ်" ဟူသည်-

(၁) ကိလေသဝဋ် (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်သုံးပါး)၊
(၂) ကမ္မဝဋ် (ကုသိုလ်ကံ, အကုသိုလ်ကံ)၊
(၃) ဝိပါကဝဋ် (အကျိုးတရားများ)-

ဟူ၍ သုံးမျိုး ပြထား၏။ ထိုတွင် အထက်ပါစကားပုံအရ "ဝဋ်"သည် နောက်ဆုံးအချက် ဝိပါက(အကျိုးတရား)ဝဋ်နှင့် သက်ဆိုင်၏။ သို့ဖြစ်၍"ဝဋ်"နှင့် "ဝိပါက" (ဝိပါက်)သည် စကားလုံး ကွဲပြားသော်လည်း သဘောအဓိပ္ပာယ် မကွဲပြားပါချေ။ ထို့ကြောင့် တစ်စုံတစ်ယောက်သည် ဒုက္ခကြီးစွာ ခံစားနေရလျှင် "ဝဋ်ခံနေရတယ်၊ ဝိပါကဝဋ်ကြီးတယ်"ဟူ၍လည်းကောင်း၊ "သူတစ်ပါးကို မညှဉ်းဆဲနဲ့၊ ဝဋ်လိုက်တတ်တယ်၊ ဝဋ်အမြဲ ငရဲအပတဲ့"ဟူ၍လည်းကောင်း အစဉ်အလာ ပြောဆိုကြခြင်း ဖြစ်သည်။

**ငရဲ၏အဓိပ္ပာယ်** "ငရဲ"ကား"နိရယ"ဟူသော ပါဠိစကားမှ ဆင်းသက်လာ၏။ [နိ+(ရ)အယ။ အယ= ချမ်းသာ+နိ=မရှိ] ချမ်းသာသုခကို ရခွင့်မရှိသောကြောင့် ငရဲ(နိရဲ)ဟုခေါ်ခြင်း ဖြစ်သည်။ ယင်းငရဲသည် သိဥ္စိုး ငရဲ စသည်ဖြင့် ငရဲကြီး ရှစ်ထပ်ရှိကြောင်း ဤကျမ်းစာအုပ် ဒုတိယပိုင်း၊ အခန်း (၁၀) သံသရာနှင့် သုံးဆယ့်တစ်ဘုံအခန်းတွင် ဖော်ပြထားသည်။ ထိုငရဲတစ်ထပ် တစ်ထပ် တွင်လည်း ဘင်(မစင်)ပုပ်ငရဲ၊ ပြာပူငရဲ၊ လက်ပံတောငရဲ၊ သံလျက်ရွက် တောငရဲ၊ ကြိမ်ပိုက်ချောင်းငရဲဟု ငရဲငယ်(ဥဿဒ) ငါးထပ်စီ တံတိုင်းခတ်သလို ရံပတ်တည်ရှိ၏။ ထိုအားလုံးကို "ငရဲ"ဟု ခေါ်ခြင်းဖြစ်သည်။

**ဝဋ်အဘယ်သို့ မြဲသနည်း** တစ်စုံတစ်ယောက်သည် တစ်စုံတစ်ယောက်အား ပြစ်မှားမိပါက ထိုသူသည် ငရဲ၌ ဆင်းရဲဒုက္ခကို ခံစားရမည်ဖြစ်၏။ ငရဲမှလွတ်လျှင်လည်း ဆင်းရဲဒုက္ခ တစ်မျိုးမျိုးကို ပြုမိခဲ့သော အကုသိုလ်အားလျော်စွာ ခံစားရတတ်ပြန်သည်။ ယင်းသို့ ခံစားရခြင်းကိုပင် ဝဋ်(ဝိပါက်)ဟု ခေါ်ခြင်းဖြစ်သည်။ ထိုဝဋ်(ဝိပါက်)ခေါ် မကောင်းကျိုးကို မြတ်စွာဘုရားသည်ပင် ရှောင်လွှဲ၍ မရနိုင်ချေ။

မြတ်စွာဘုရားဝဋ်(ဝိပါက) ခံတော်မူရခြင်းနှင့် ပတ်သက်၍ ကြည့်ကန်ရှင်ကြီးမည်သော ပညာရှင်က "ခြေမတော်တဲ့၊ ကွဲပြန်ခဲ့၊ ဘဲ့ဝိပါက်တော်ပါနည်း"ဟု "အဲ့ကာရန္တ"သတ်ပုံ ပုစ္ဆာခန်းတွင် မေးမြန်းထားပါသည်။

ဤမေးခွန်းသည် "ဝဋ်"(ဝိပါက်) တော်သုံးပါးကို သိမ်းကျုံး၍ မေးမြန်းထားခြင်းဖြစ်ကြောင်း ကျီးသဲလေးထပ်ဆရာတော်က "စွယ်စုံကျော်ထင်" ကျမ်းတွင် သုံးသပ်ဖြေဆိုထား၏။ သုံးပါးအနက် ပထမဝဋ်(ဝိပါက်)တော်ကား ဤသို့တည်း-

လွန်လေပြီးသောအခါ ဂေါတမဘုရားအလောင်းတော်သည် သူကြွယ်မျိုး၌ ဖြစ်၏။ ဖခင်တူ ညီငယ်နှင့် စည်းစိမ်ဥစ္စာကို အကြောင်းပြုပြီး ခိုက်ရန်ဖြစ်ပွားကြ၏။ ညီငယ်ကို လိမ်လည်လှည့်ဖြားခေါ်ပြီး တောင်ချောက်ကြား၌ ကျောက်ဖြင့် ထုခတ် သတ်လေ၏။ ဤမကောင်းမှုအကုသိုလ်ကြောင့် ငရဲ၌ ခံခဲ့ရရုံမျှမက နောက်ဆုံး ဘုရားဖြစ်သော ဘဝ၌ပင် အရှင်ဒေဝဒတ်၏ ဝေဘာရတောင်စောင်း၌ ကျောက်မောင်းဆင်လုပ်ကြံခြင်းကို ခံခဲ့ရလေသည်။ တောင်ထိပ်မှ ကျောက်တုံးကြီး လိမ့်လာသောအခါ ဘုရားရှင်၏ ဘုန်းတော်ကြောင့် လမ်းခုလတ်မှ ကျောက်တုံး တစ်တုံးက ဆီးကြိုခံလင့်၏။ ထိုကျောက်တုံးချင်း ထိခတ်စဉ် ကျောက်လွှာတစ်ခုသည် ပဲ့စင်ထွက်၍ ဘုရားရှင်၏ခြေမတော်ကို ထိခိုက်ပြီး ဆင်းရဲဒုက္ခများစွာ ခံစားတော်မူရလေသည်။ ဤသည်ကား ပထမဝဋ်(ဝိပါက်)တည်း။

မြတ်စွာဘုရားတွင် ထိုကျောက်ထိမှုနှင့် ဆက်စပ်၍ နောက်ထပ် ရှေးဘဝ အကြောင်းကံတစ်ခု ရှိနေသေး၏။

လွန်လေပြီးသော ဘဝတစ်ခု၌ ဘုရားအလောင်းသည် ကလေးငယ် သဘာဝကစားနေစဉ် အရှင်ပစ္စေကဗုဒ္ဓါတစ်ပါး ဆွမ်းခံဝင်လာ၏။ ကလေးငယ်သည် ပျော်ရွှင်လိုသဖြင့် အရှင်ပစ္စေကဗုဒ္ဓါ၏ ခြေမတော်ကို ကျောက်ဖြင့် ပစ်ခတ်၏။ ခြေမတော်ကို ထိသဖြင့် အရှင်ပစ္စေကဗုဒ္ဓါသည် အလွန်နာကျင်သော ဝေဒနာကို ခံစားခဲ့ရလေသည်။ ထိုမကောင်းမှုကံ အစွမ်းကြောင့် အရှင်ဒေဝဒတ် ကျောက်မောင်းဆင် လုပ်ကြံစဉ် ခြေမတော်ကို ကျောက်ထိရုံမျှသာ မဟုတ်၊ ခြေမတော်၌ သွေးစိမ်းတည်သည်အထိ ဒဏ်ရာအနာတရ ဖြစ်ပြီး ဆင်းရဲဝေဒနာကို ကြာရှည်စွာ ခံစားရလေသည်။ ဤကား ဒုတိယဝဋ်(ဝိပါက်) ဖြစ်သည်။

ထိုသို့ကျောက်ထိခြင်းနှင့်ဆက်စပ်၍ နောက်ထပ် ရှေးဘဝ အကုသိုလ်ကံ တစ်မျိုးလည်း ရှိနေခဲ့ချေသေး၏။

လွန်လေပြီးသောအခါ ဂေါတမဘုရားအလောင်းတော်သည် ပဒေသရာဇ်မင်း ဖြစ်ခဲ့ဖူး၏။ ထိုဘဝတွင် လူယုတ်မာနှင့် ပေါင်းမိသဖြင့် သောက်စားမူးယစ်ပြီး အပြစ်မရှိသူအား ဓားဖြင့် ခွဲစိတ်ခဲ့ဖူးလေသည်။ ထိုအကုသိုလ်ကံကြောင့် ငရဲ၌ ခံရပြီးနောက် ဘုရားရှင် ဖြစ်တော်မူလာသော ဘဝမှာပင် ခြေမတော်ကို ကျောက်ထိရုံ, သွေးစိမ်းတည်ရုံနှင့် မပြီးသေး။ ဆေးဆရာဇီဝက၏ ဓားဖြင့် ခွဲ၍ ခြေမတော်၌ တည်နေသည့်သွေးခဲကို ထုတ်ယူကုသမှုအတွက် ပြင်းထန်သော ဝေဒနာကိုပါ ခံစားရရှာလေသည်။ ဤကား တတိယဝဋ်(ဝိပါက်) ဖြစ်သည်။

မြတ်စွာဘုရား ခံတော်မူရသောဝဋ်(ဝိပါက်)တော်တို့ကား ဖော်ပြပါ သုံးပါး အပါအဝင် တစ်ဆယ့်နှစ်ပါးရှိကြောင်း အပဒါန်ပါဠိတော်တွင်[၁] ဖော်ပြထားပါသည်။

အရှင်မောဂ္ဂလာန်၏ "ဝဋ်"(ဝိပါက်)တော်လည်း ရှိသေး၏။ အရှင်မောဂ္ဂလာန်အလောင်းတော်သည် တစ်ခုသောဘဝ၌ မယား၏အလိုဆန္ဒအရ မိဘနှစ်ပါးကို တောသို့ထုတ်ပြီး သူခိုးဓားပြယောင်ဆောင်ကာ ရိုက်ခဲ့ဖူး၏။ ထိုအကုသိုလ်ကံကြောင့် သေလျှင် ငရဲသို့ ကျခဲ့ရသည်။ နောက်ဆုံး အရှင်မောဂ္ဂလာန်ဘဝ၌ တန်ခိုးအရာမှာ ဧတဒဂ်ရပါလျက် ခိုးသူတို့၏ ရိုက်နှက်သတ်ဖြတ်မှုကို ခံရပြီး ပရိနိဗ္ဗာန် စံခဲ့ရလေသည်[၂]။

---

၁။ အပဒါန်ပါဠိတော်-၃၄၆။

၂။ ဓမ္မပဒ၊ ဒု၊ မဟာမောဂ္ဂလာနထေရဝတ္ထု။ ၄၁။

အထက်ပါ သာဓကတို့ကို ကြည့်လျှင် ပြုခဲ့မိသော အကုသိုလ်ကံကြောင့် ငရဲသို့ ကျရောက်ရုံမျှဖြင့် မပြီးသေး။ အခွင့်သင့်သော ဘဝမှာ ဝဋ်(ဝိပါက်)ခေါ် ဆင်းရဲဒုက္ခတစ်မျိုးမျိုးကို ဆက်လက်ခံစားရသေးသည်။ မခံစားရအောင် မည်သူမျှ မရှောင်လွှဲနိုင်ကြချေ။ သို့ဖြစ်၍ "ဝဋ်မှာအမြဲ"ဟု ဆိုထုံးပြုခဲ့ကြခြင်း ဖြစ်လေသည်။

**ငရဲကို ဘယ်လို ပ–သနည်း** ငရဲကား ဝဋ်(ဝိပါက်)ကဲ့သို့ မဟုတ်၊ မကောင်းမှု အကုသိုလ်ကို ပြုလုပ်လျှင် ငရဲသို့ ကျရောက်ရတတ်၏ဟု ဆိုသော်လည်း အကုသိုလ်ပြုမိတိုင်း ငရဲသို့ ရောက်ကြရသည်မဟုတ်၊ အကုသိုလ်ကို အမှန်တကယ် ပြုပါလျက် ငရဲနှင့် လွဲချင်လွဲတတ်သော သာဓကများ ရှိကြပါသည်။

မြတ်ဗုဒ္ဓ၏ လက်ထက်တော်က ရာဇဂြိုဟ်ပြည်တွင် တမ္ဗဒါဠိကမည်သော ခိုးသူသတ်သမားတစ်ဦး ရှိခဲ့၏။ သူသည် နှစ်ပေါင်း ငါးဆယ့်ငါးနှစ်တိုင်တိုင် ဘုရင့်အကျဉ်းထောင်မှ သေဒဏ်အပေးခံရသူများကို သတ်ခဲ့လေသည်။ ထိုအကုသိုလ် ကြောင့် သေလျှင် ငရဲသို့ ရောက်ရမည်ဖြစ်၏။ ဤအခြေအနေတွင် အရှင် သာရိပုတ္တရာသည် ကယ်မ–လိုသဖြင့် ဆွမ်းခံကြွ၍ တရားဓမ္မဟောပြတော်မူသည်။ တမ္ဗဒါဠိကသည် ဆွမ်းလှူခြင်း၊ တရားနာခြင်း၊ တရားကို ဆင်ခြင်ရှုမှတ်ခြင်း ကုသိုလ်ကို ပြု၏။ သေလွန်သောအခါ ထိုကုသိုလ်ကြောင့်ပင် တုသိတာနတ်ပြည်၌ ဖြစ်ရလေသည်။ လူအများကို သတ်သည့် အကုသိုလ်ကြောင့် သေသည့်အခါ ရောက်ရမည့်ငရဲကို ထိုကုသိုလ်ဖြင့် အပပြုလိုက်နိုင်ခြင်းပင် ဖြစ်သည်။

**မှတ်ချက်**။ ။ တမ္ဗဒါဠိကသည် ရဟန္တာ မဖြစ်သည့်အတွက် သူ ပြုခဲ့သော အကုသိုလ် အားလုံး ကုန်သွားပြီဟုကား မဆိုရ။ ကုသိုလ်က ဝင်၍ အကျိုးပေးသောကြောင့် အကျိုးပေးလှည့် မရသေးခြင်းသာ ဖြစ်၏။

ထို့ပြင် သာဝတ္ထိပြည်မှာ မဋ္ဌကုဏ္ဍလီမည်သော လုလင်တစ်ဦး ရှိခဲ့ဖူး သည်။ သူသည် မည်သည့်အလှူဒါနကိုမျှ မပြု၊ သူ့တွင် ကုသိုလ်ကောင်းမှု မရှိ၊ အကုသိုလ်ကံများသာ ရှိ၏။ သေလျှင် ငရဲသို့ ရောက်ရမည် ဖြစ်၏။ ထိုအဖြစ်ကို မြတ်ဗုဒ္ဓမြင်တော်မူသဖြင့် ကယ်မ–လိုသောကြောင့် ထိုသူ၏ အိမ်ရှေ့သို့ သွားရောက် ပြီး ရောင်ခြည်တော်တို့ကို လွှတ်၏။ သေလုဆဲဆဲ မဋ္ဌကုဏ္ဍလီသည် ရောင်ခြည်တော် တို့ကို မြင်သဖြင့် မြတ်ဗုဒ္ဓအား လျောင်းအိပ်လျက်ကပင် ရှိခိုး၏။ မကြာခင် သေလွန်လျှင် ထိုကုသိုလ်ကြောင့်ပင် တာဝတိံသာနတ်ပြည်တွင် နတ်သား ဖြစ်ရ

လေသည်။ ရှိခိုးသော ကုသိုလ်ကောင်းမှုဖြင့် ငရဲကို "အပ"ပြုလိုက်ခြင်းပင် ဖြစ်ပါ၏[၁]။

သောဏဂိရိ တောင်ပေါ်ကျောင်း၌ သီတင်းသုံးနေသော ရဟန္တာ အရှင်သောဏ၏ဖခင်သည် မုဆိုးအလုပ်ဖြင့် အသက်မွေးမြူ၏။ အသက်ကြီးခါမှ သားဘုန်းကြီးထံ ခိုဝင်၍ ရဟန်းပြုခဲ့၏။ မကျန်းမမာ၍ သေခါနီးသော (မရဏာသန္နဝီထိဇောကျလုနီးသော)အခါ သူပြုခဲ့သော အကုသိုလ်များ အကျိုးပေးချိန်ရောက်သည့် အလျောက် ခွေးကြီးများ ကိုက်တော့မည့်အဟန်ဖြင့် စိတ်အစဉ်မှာ ဂတိနိမိတ် ထင်မြင်လာ၏။ "သား–ခွေးကြီးတွေကို မောင်းပါ သားရဲ့"ဟု ကြောက်လန့်စွာ ယောင်ယမ်းပြောဆို၏။

ရဟန္တာအရှင်သောဏသည် ဖခင်ဦးပဥ္စင်းကြီး သေလွန်က ငရဲကျရောက်ရမည်ဖြစ်ကြောင်း သိတော်မူ၏။ "ငါသို့သော သားရှိပါလျက် ငရဲသို့ မကျစေသင့်" ဟု ဆင်ခြင်ပြီး သာမဏေများအား ပန်းများကို ခူးယူစေ၍ စေတီရင်ပြင်မှာ ထားစေသည်။ ဦးပဥ္စင်းကြီး လဲလျောင်းရာ ညောင်စောင်းကိုလည်း စေတီရင်ပြင်သို့ ရွှေ့စေပြီး" ဦးပဥ္စင်းကြီးအတွက် ပန်းလှူထားတယ်။ အာရုံပြုပါ" စသည်ဖြင့် ပြောဆိုသတိပေး၏။

ဦးပဥ္စင်းကြီး စိတ်အစဉ်မှာ ငရဲနိမိတ်များ ပျောက်၍ နတ်ဘုံရောက်မည့် အာရုံများ (ဂတိနိမိတ်များ) ပြောင်းလဲ ထင်ပေါ်လာသည်။ နတ်သမီးများ အကြိုလာနေသည်ကို ထင်မြင်ပြီး "သား–ဖယ်ပါ၊ ဖယ်ပါ၊ သားရဲ့ မိထွေးတွေ လာနေတယ်"ဟု ပြောဆိုလာသည်။

အရှင်သောဏ၏ဖခင် ဦးပဥ္စင်းကြီးကား လားရောက်ရမည့် ငရဲကို လတ်တလော ဖြစ်ပေါ်သော ကုသိုလ်စိတ်ဖြင့် "အပ" ပြုလိုက်နိုင်ခြင်း ဖြစ်သည်။

အရှင်အင်္ဂုလိမာလကိုကား လူသိများကြပါ၏။ လက်ညှိုးပေါင်း တစ်ထောင်ပြည့်အောင်ဖြတ်မည် ဟူသောအကြံဖြင့် ကမ်းကုန်အောင် မိုက်နေသည့် လူသတ်သမားကြီး ဖြစ်သည်။ လက်ညှိုးတစ်ထောင်ပြည့်ရန် တစ်ချောင်းသာ လိုတော့သည့်နေ့တွင် မြတ်စွာဘုရားက ကယ်ချွတ်တော်မူသဖြင့် အကျွတ်တရား ရလေသည်။ ရဟန္တာဖြစ်တော်မူသော အရှင်အင်္ဂုလိမာလသည် ပရိနိဗ္ဗာန် စံလွန်တော်မူသော

---

၁။ ဓမ္မပဒ–ပ။ ယမကဝဂ်၊ မဋ္ဌကုဏ္ဍလီဝတ္ထု

အခါ နိဗ္ဗာန်သို့သာ ဝင်စံတော်မူရ၏။ ပြုခဲ့မိသော အကုသိုလ်တို့ကြောင့် ငရဲသို့ မလားရောက်ရပေ။ ဤကား ရဟန္တာဖြစ်သည်အထိ တရားဓမ္မကို နာယူကျင့်ကြံသော ကုသိုလ်ကံဖြင့် ငရဲကို "အပ"ပြုလိုက်ခြင်းပင် ဖြစ်သည်။

**မှတ်ချက်။** ။ ရှင်အင်္ဂုလိမာလကား ရဟန္တာဖြစ်သွား၍ ငရဲတကယ် "ပ"သွားလေသည်။

ဤသို့စသောအကြောင်းအချက်တို့ကို ရည်ရွယ်၍ "ငရဲအပ"ဟု ဆိုထုံးပြုကြခြင်း ဖြစ်သည်။ သို့သော် ငရဲကို "အပ"ပြုပုံပြုနည်းကား မတူကြပေ။ အထက်ပါဝတ္ထုတို့တွင် တမ္ဗဒါဌိက, မဋ္ဌကုဏ္ဍလီ, အရှင်သောဏ ဖခင် ဦးပဥ္စင်းကြီးတို့၏ ငရဲကို "အပပြုနည်း"သည် စိတ်ချရသောနည်း မဟုတ်။ လတ်တလော ကုသိုလ်ကံကြောင့် နတ်ပြည်သို့ ရောက်နိုင်ကြသော်လည်း ကုသိုလ်ကံ အရှိန်ကုန်လျှင် (အပါယ်တံခါးပိတ်နိုင်သော မဂ်ကုသိုလ်တစ်မျိုးမျိုးကို မရသေးလျှင်) ငရဲသို့ ရောက်နိုင်ပေသေးသည်။ အရှင်အင်္ဂုလိမာလ၏ ငရဲကို "အပ" ပြုလိုက်ခြင်းကား ရဟန္တာဖြစ်သည်အထိ ပြုကျင့်အားထုတ်သော မဂ်ကုသိုလ်တို့ဖြင့် ငရဲကို "အပ" ပြုလိုက်ခြင်းဖြစ်၍ စိတ်ချရသော "အပ" ပြုနည်းဖြစ်သည်။

ယင်းနှင့်ပတ်သက်၍ ကံတရားတို့၏ အကျိုးပေးရာကာလကို သတိပြုသင့်ပါ၏။ (ဤကျမ်း အခန်း ၇–၌ ကံတရားတို့ကို ဖော်ပြထားပါသည်။) တမ္ဗဒါဌိက၊ မဋ္ဌကုဏ္ဍလီတို့ နတ်ပြည်ရောက်ရခြင်းသည် ဥပပဇ္ဇဝေဒနီယကံ (ဒုတိယဘဝ၌ အကျိုးပေးသောကံ)ဖြင့် နတ်ပြည်ရောက်ကြခြင်း ဖြစ်သည်။ သူတို့ ပြုကြသော ကုသိုလ်စေတနာကံသည် ဒုတိယဘဝဖြစ်သော နတ်ဘဝမှာ အကျိုးပေးခွင့်ရ၍ ငရဲကို ယာယီ "အပ" ပြုလိုက်နိုင်ခြင်း ဖြစ်၏ ဟု ဆိုလိုပါသည်။

အရှင်အင်္ဂုလိမာလကား ရဟန္တာဖြစ်သည့်အလျောက် အလွန်အားကောင်းသော အရဟတ္တမဂ် ကုသိုလ်အဆင့်မှာပင် ထိုမဂ်ကုသိုလ်ဖြင့် ထိုမျှလောက် အားမကောင်းသော လက်ညှိုးဖြတ်မိသည့် အကုသိုလ်ဟူသမျှကို ဘယ်တော့မှ အကျိုးပေးခွင့်မရအောင် ချေဖျက်ပစ်လိုက်နိုင်ခဲ့သည်။ ထို့ကြောင့် လူသတ်, လက်ညှိုးဖြတ်သမျှ အကုသိုလ်အားလုံးသည် အဟောသိကံ(အချည်းနှီးကံ၊ အလကားကံ)များ ဖြစ်သွားကြရသည်။ အကုသိုလ်မှန်သမျှ ပျက်စီးသွားပြီ ဖြစ်၍ အပါယ်ကျိုး, ငရဲကျိုးကို ဘယ်သော ကာလမှာမှ မပေးနိုင်တော့ချေ။ ဤနည်းဖြင့် ငရဲကို "အပ" ပြုလိုက်ခြင်း ဖြစ်၏။

အချုပ်အားဖြင့် ဆိုရလျှင် မည်သည့်နည်းဖြင့်ပင် ငရဲကို "အပ"ပြုပြု၊ "အပ"ပြုနိုင်လျှင် အကောင်းချည်းသာ ဖြစ်သည်။ သို့သော် အကုသိုလ်၏ အရှိန် အဟုန်ဟု ဆိုအပ်သော ဝိပါက်(ဝဋ်)မှုကား ပရိနိဗ္ဗာန်စံ၍ ဘဝဇာတ် မသိမ်းသေးမီ တစ်ချိန်ချိန်၌ အကျိုးပေး ဖြစ်ပေါ်တတ်၏။ (ဝါ) ဝဋ်လိုက်တတ်၏။

**မှတ်ချက်။ ။** ဗုဒ္ဓဘာသာလောကတွင် ဒုစရိုက်၊ သုစရိုက်သည် အရေးကြီးသော အချက်များဖြစ်၍ အများက ဝိုင်း၍ ရေးသားဖော်ပြကြသောအချက် များ ဖြစ်ပါသည်။ ဤစာအုပ်တွင်မူ နှစ်ဖက်လှုပ်ဟန်၊ နှစ်ဖက်လှ အစီအစဉ်ဖြင့် ရှင်းအောင် ရေးသားဖော်ပြထားပါသည်။

## အခန်း (၉)

# ဒါန သီလ ဘာဝနာ

(က) ဒါန အမျိုးမျိုး
(ခ) သီလ အမျိုးမျိုး
(ဂ) ဒါနဝတ္ထုများ
(ဃ) သီလဝတ္ထုများ
(င) ဘာဝနာ၏ သဘောအဓိပ္ပာယ်

## (က) ဒါနအမျိုးမျိုး

**ဒါနဟူသည်–**

(၁) အလှူပေးပုဂ္ဂိုလ်၊
(၂) လှူလိုသောစေတနာ၊
(၃) လှူဖွယ်ဝတ္ထု၊
(၄) ထင်ရှားရှိနေသော အလှူခံ ပုဂ္ဂိုလ်–

ဤအင်္ဂါ လေးပါးရှိမှ ပြည့်စုံ၏။ ပေးအပ်သော အရာဟူသမျှနှင့် ပေးခြင်းဟူသမျှသည် ဒါနချည်းပင် ဖြစ်၏။ ယင်းဒါနခေါ်သော တရားနှင့် စပ်လျဉ်း၍–

(၁) စေတနာစေတသိက်ကို ဒါနဟု ခေါ်၏။

(၂) စေတနာနှင့် အလားတူသောကြောင့် စေတနာနှင့် ယှဉ်သော အလောဘ စေတသိက်ကိုလည်း ဒါနဟု ခေါ်၏။

(၃) သမ္မာဝါစာ၊ သမ္မာကမ္မန္တ နှင့် သမ္မာအာဇီဝတို့ကိုလည်း ဒါနဟုပင် ခေါ်၏။

(၄) ဒေယျဓမ္မော ဒါနံ့ အာမန္တာ–အရ ဆွမ်းသင်္ကန်း စသော လှူဖွယ် ဝတ္ထုကိုလည်း ဒါနဟူ၍ပင် ခေါ်ပေသည်။

အဖန်ဖန် ပဋိသန္ဓေနေခြင်းဖြင့် သံသရာကို ရှည်စေတတ်သည့် တရားမှာ တဏှာ(လောဘ)ဖြစ်၏။ ဒါနဟူသော အလောဘသည် ယင်းတဏှာ(လောဘ)၏

ဆန့်ကျင်ဘက်ဖြစ်၍ တဏှာ(လောဘ)ကိုလည်း ပယ်သတ်နိုင်သည့် တရားဖြစ်သည်။ စစ်မှန်သော ဒါနသည် သံသရာကို တိုစေသည်မှာ အမှန်ပင် ဖြစ်ပါသည်။

ဒါနဟူသည့် တရားလေးမျိုး ဖော်ပြထားသော်လည်း အလောဘနှင့် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့မှာ စေတနာ၏ အသင်းအပင်းများ ဖြစ်၍ စေတနာဒါနအဖြစ် တစ်ခုတည်း မှတ်ယူရပါမည်။ ဆွမ်းသင်္ကန်း စသော လှူဖွယ်ဝတ္ထုဟူသော ဒေယျဓမ္မကို ဝတ္ထုဒါနအဖြစ် မှတ်ယူရပါမည်။ ထို့ကြောင့် ဒါနနှစ်မျိုးသာ ရှိပါသည်။

လှူဒါန်းရာမှာ စေတနာမရှိလျှင် မလှူဒါန်းနိုင်။ စေတနာရှိမှသာ လှူဒါန်းနိုင်၏။ စေတနာဆိုရာမှာလည်း လှူဒါန်းနေစဉ်အတွင်း ဖြစ်ပေါ်သော **"မုဉ္စစေတနာ"** ကို ခေါ်သည်။ မုဉ္စဟူသည် စွန့်လွှတ်ခြင်းပင် ဖြစ်၏။ စွန့်လွှတ်လှူဒါန်းနေစဉ် ဖြစ်သော မုဉ္စစေတနာသည်သာလျှင် ဒါန၏တရားကိုယ်အစစ် ဖြစ်ပါသည်။

မစွန့်လွှတ်မီ ရှေးက ကြိုတင်၍ ဖြစ်သော စေတနာကို "ပုဗ္ဗစေတနာ"ဟု ခေါ်၏။ စွန့်လွှတ်ပြီးနောက် ဖြစ်သော စေတနာကို "အပရစေတနာ"ဟုခေါ်၏။ ယင်းစေတနာသုံးတန်ကို "စေတနာဒါန"ဟု ခေါ်သည်။

ဒါနအမျိုးမျိုးကို ရေးသားတင်ပြပါမည်–

(၁) ကိုယ်တွင်းဆိုင်ရာ အသက်ခန္ဓာ အင်္ဂါကြီးငယ်တို့ကို လှူဒါန်းခြင်း ဒါန(အဇ္ဈတ္တိကဒါန ဟုခေါ်၏)၊

(၂) အပြင်အပဖြစ်သော ပစ္စည်းဝတ္ထုတို့ကို လှူဒါန်းခြင်း ဒါန (ဗာဟိရဒါန ဟု ခေါ်၏)၊

(၃) အသက်စည်းစိမ် ဘေးမဲ့ပေးခြင်းဒါန (အဘယဒါန ဟု ခေါ်၏)၊ ဤဒါနသည် အထူးသဖြင့် မင်းတို့နှင့်သာ သက်ဆိုင်၏။

(၄) ဆွမ်း စသည့်ပစ္စည်း ဝတ္ထုကို ပေးလှူခြင်းဒါန (အာမိသဒါန ဟု ခေါ်၏)၊

(၅) လောဘ ဒေါသ စသည်တို့ဖြင့် ညစ်နွမ်းသောစိတ် အလျှင်းမရှိဘဲ သူတစ်ပါးတို့အား မဖောက်မပြန် မှန်ကန်သော တရားဟောပေးခြင်းဖြင့် တရားကို ပေးလှူခြင်း ဒါန (ဓမ္မဒါန–ဟုခေါ်၏)၊

(၆) အလှူခံပုဂ္ဂိုလ် ဆိုက်ရောက်လာသောအခါ လှူဖွယ်ဝတ္ထုကို အကြွင်းထား၍ လှူဒါန်းခြင်းဒါန (သာဝသေသဒါန–ဟု ခေါ်၏)၊

(၇) အလှူခံပုဂ္ဂိုလ် ဆိုက်ရောက်လာသောအခါ လှူဖွယ်ဝတ္ထုကို အကြွင်းမထားဘဲ အကုန်လှူဒါန်းခြင်းဒါန (နိရဝသေသဒါန–ဟု ခေါ်၏)၊

(၈) ပုဂ္ဂိုလ်တစ်ဦး နှစ်ဦး စသည်အား ပိုင်းခြားသတ်မှတ်၍ လှူဒါန်းခြင်းဒါန (ပုဂ္ဂလိကဒါန–ဟု ခေါ်၏)၊

(၉) သံဃာတော်ကို ရည်မှန်း၍ လှူဒါန်းခြင်းဒါန (သံဃိကဒါန–ဟု ခေါ်၏)၊

ပုဂ္ဂလိကဒါနမှ ပြုရန် လွယ်ကူ၏။ သံဃိကဒါနမှ ပြုရန်အတွက် အလှူပြုလုပ်မည့်ပုဂ္ဂိုလ်တိုင်း သတိချပ်ရပေမည်။ အကြောင်းမှာ သံဃာတော်ဟုဆိုလျှင် အရိယာပုဂ္ဂိုလ်များအားလုံး ပါဝင်၏။ သို့ရာတွင် ပါဝင်သည့် ပုဂ္ဂိုလ်များကို အာရုံမထားဘဲ အများအစုအပေါင်းကိုသာ အာရုံထား၍ လှူဒါန်းမှသာ သံဃိကဒါနမြောက်ပါသည်။ သံဃိကဒါနချည်း သက်သက်ပင် ခုနစ်ပါး ထပ်မံ ခွဲခြားထားပါသည်။ မှတ်ရန်မှာ သံဃိကဒါန ခုနစ်ပါး ရှိသည်ဟုပင် ဖြစ်ပါသည်။

(၁၀) ဝဋ်ဆင်းရဲဖြစ်သော လောကီစည်းစိမ်ချမ်းသာကိုသာ တောင့်တ၍ လှူအပ်သောဒါန (ဝဋ္ဋနိဿိတဒါန–ဟုခေါ်၏)၊

(၁၁) ဝဋ်ဆင်းရဲကင်းရာ နိဗ္ဗာန်ချမ်းသာကို တောင့်တ၍ လှူဒါန်းသောဒါန (ဝိဝဋ္ဋနိဿိတဒါန–ဟုခေါ်၏)၊

(၁၂) အချိန်အခါနှင့် တိုက်ဆိုင်အောင် စီမံလှူဒါန်းသော ကထိန်သင်္ကန်း၊ ဝါဆိုသင်္ကန်း၊ ဖျားနာသောရဟန်းအတွက် ဂိလာနဆွမ်း၊ ဧည့်သည်အာဂန္တုရဟန်းတို့အတွက် ဆွမ်း၊ ခရီးထွက်မည့် ဂမိကရဟန်းတို့အတွက် ဆွမ်းလှူခြင်း စသည့်ဒါန (ကာလဒါန–ဟုခေါ်၏)၊

ကာလဒါန ငါးမျိုး ရှိပါသည်။ ၎င်းတို့မှာ–

(က) ဧည့်သည် အာဂန္တုအား ပေးလှူခြင်း၊
(ခ) ခရီးထွက်မည့် ခရီးသည်အား ပေးလှူခြင်း၊
(ဂ) မကျန်းမမာ ဖျားနာသောသူအား ပေးလှူခြင်း၊
(ဃ) ငတ်မွတ်ခေါင်းပါးသောအခါ၌ ပေးလှူခြင်း၊
(င) လုပ်ကိုင်ရရှိသော ကောက်ဦး သစ်ဦးတို့ကို သီလရှိသော ပုဂ္ဂိုလ်တို့အား ပေးလှူခြင်း–

ဟူ၍ ငါးမျိုး ရှိပါသည်။

(၁၃) ဤကဲ့သို့ အချိန်အခါကို မရွေးချယ်ရဘဲ လှူလိုသည့်အချိန် လှူလိုက်နိုင်သောဒါန(အကာလဒါန-ဟု ခေါ်၏)၊

(၁၄) တဏှာဒိဋ္ဌိတို့ဖြင့် သုံးသပ်အပ်သောဒါန (ပရာမဋ္ဌဒါန-ဟုခေါ်၏)၊ ကုသိုလ်ဆန္ဒပဋ္ဌနာဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မတောင့်တဘဲ "ဤဒါန ကုသိုလ်ကြောင့် ငါသည် သိကြားမင်းအစရှိသည့် ထင်ရှားသောနတ်၊ သို့မဟုတ် သာမညနတ် ဖြစ်ရပါလို၏။ ထိုနတ်ပြည်၌ မြဲမြံခိုင်ခံ့ သော နတ် စသည် ဖြစ်ရပါလို၏" စသည်ဖြင့် တဏှာဒိဋ္ဌိ ဦးစီးလျက် တောင့်တလျှင် ထိုဒါနသည် မဂ်ဖိုလ်နိဗ္ဗာန်၏ပစ္စည်း အထောက်အပံ့ မဖြစ်နိုင်သောကြောင့် ဆုံးရှုံးခြင်းသို့ ရောက်အောင် ပို့ဆောင်တတ်သောဒါနဟု ဆိုပါသည်။

(၁၅) တဏှာဒိဋ္ဌိတို့ဖြင့် မသုံးသပ်အပ်သော ဒါန (အပရာမဋ္ဌဒါန-ဟုခေါ်၏)၊ ဝဋ်ဆင်းရဲကင်းရာ နိဗ္ဗာန်ချမ်းသာကို တောင့်တ၍ လှူဒါန်းသောဒါနဟု ဆိုပါသည်။

(၁၆) နေရာ တည်မြဲနေမည့် ဘုရားတန်ဆောင်း၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် စသည်တို့ကို လှူဒါန်းသောဒါန(ထာဝရဒါန-ဟု ခေါ်၏)၊

(၁၇) ခေတ္တခဏမျှ သုံးစွဲရသော ဆွမ်းသင်္ကန်းစသည်တို့ကို လှူဒါန်းခြင်း ဒါန (အထာဝရဒါန-ဟုခေါ်၏)၊ ထိုဒါနနှစ်ခုတွင် ထာဝရဒါနသည် အကျိုးပေး ကြီးမြတ်ခိုင်မြဲ၏။

(၁၈) မိမိအသက် ထင်ရှားရှိစဉ် လှူဒါန်းသော ဒါန (သဇီဝဒါန-ဟု ခေါ်၏)၊

(၁၉) မိမိသေပြီးနောက် မိမိပိုင်ပစ္စည်းစုကို မည်သူ့အား ပေးခဲ့သည်၊ ထိုသူ ယူ၍ အလိုရှိတိုင်း အသုံးပြုလော့ ဟူ၍ သေသည့်နောက် ရည်မှန်း၍ ပေးကမ်းလှူဒါန်းခြင်းဒါန (အစ္စယဒါန-ဟုခေါ်၏)၊ ဗုဒ္ဓဘာသာတို့အနေဖြင့် သေတမ်းစာဖြင့် မိမိပစ္စည်းကို ပေးခွင့် ရှိပါသည်။ သားသမီးများအားလည်း သေတမ်းစာနှင့်တကွ ပေး နိုင်၏။ ဤကား အစ္စယဒါန၌ အကျုံးဝင်ပါသည်။

(၂၀) ဆွမ်းတစ်မျိုးတည်း လောင်းလှူခြင်းဒါန (အပရိဝါရဒါန–ဟုခေါ်၏)၊

(၂၁) ဆွမ်းဟင်းနှင့်တကွ လောင်းလှူခြင်း (သပရိဝါရဒါန–ဟုခေါ်၏)၊

(၂၂) အကြွင်းအကျန် အညံ့အဖျင်းဖြစ်သော ပစ္စည်းကို လှူဒါန်းခြင်းဒါန (ဉစ္ဆိဋ္ဌဒါန–ဟုခေါ်၏)၊

(၂၃) အကြွင်းအကျန် အညံ့အဖျင်း မဟုတ်သောပစ္စည်းကို လှူဒါန်းခြင်းဒါန(အနုစ္ဆိဋ္ဌဒါန–ဟုခေါ်၏)၊ ၎င်းဒါနကို "အဂ္ဂဒါန"ဟုလည်း ခေါ်၏။

(၂၄) တရားသဖြင့် ရှာဖွေရရှိသော ပစ္စည်းဝတ္ထုလှူဒါန်းခြင်း ဒါန (ဓမ္မိယဒါန–ဟု ခေါ်၏)၊

(၂၅) တိုက်ခိုက် ခိုးဝှက် သတ်ဖြတ်ခြင်း စသည်ဖြင့် ရှာဖွေရရှိသော ပစ္စည်းဝတ္ထုလှူဒါန်းခြင်းဒါန (အဓမ္မိယဒါန–ဟု ခေါ်၏)၊

(၂၆) အလှူဒါနပြုကြရာမှာ တန်းတူညီမျှ ရနိုင်လှူဒါန်းနိုင်သော အလှူဒါန(သဒိသဒါန–ဟု ခေါ်၏)၊

(၂၇) အချင်းချင်းအပြိုင်အဆိုင် လှူကြရာမှာ တစ်ဖက်သားများ မလိုက်နိုင်အောင်အနိုင် လှူအပ်သောဒါန (အသဒိသဒါန–ဟုခေါ်၏)၊

(၂၈) မျက်မြင်ကိုယ်တွေ့ဖြစ်သော ဒါန(ပစ္စက္ခဒါန–ဟု ခေါ်၏)၊

(၂၉) မျက်မြင်ကိုယ်တွေ့မဟုတ် ကိုယ့်မျက်ကွယ်၌ လှူအပ်သော ဒါန (အပစ္စက္ခဒါန–ဟု ခေါ်၏)၊

(၃၀) ကွယ်လွန်လေပြီးသော ဆွေမျိုးသားချင်းများ တမလွန်ဘဝ၌ ကြီးပွားချမ်းသာရေးအတွက် ရည်ရွယ်လှူဒါန်းအပ်သော အလှူဒါန (ပေတဒါန–ဟု ခေါ်၏)၊

(၃၁) မိမိနောင်တမလွန်ဘဝ ကြီးပွားချမ်းသာရေးအတွက် ရည်မှန်း၍ လှူဒါန်းအပ်သောအလှူဒါန (နိဓိဒါန–ဟု ခေါ်၏)၊

(၃၂) ကံ, ကံ၏အကျိုးကို သိရှိ၍ လှူဒါန်းအပ်သော အလှူဒါန(သမ္ဗဇာနကဒါန–ဟု ခေါ်၏)၊

(၃၃) ကံ, ကံ၏အကျိုးကို မသိဘဲ လှူဒါန်းအပ်သော အလှူဒါန (အသမ္ပဇာနက ဒါန-ဟု ခေါ်၏)၊

(၃၄) နေ့စဉ်မပြတ် ဆွမ်းလောင်းခြင်း စသည်ဖြင့် အမြဲမပြတ် ပြုလုပ်အပ်သော ဒါန (နိဗဒ္ဓဒါန-ဟု ခေါ်၏)၊

(၃၅) နေ့စဉ်မဟုတ်ဘဲ တတ်နိုင်သည့်အခါမှသာ ဆွမ်းလောင်းခြင်း စသည်ဖြင့် ပြုလုပ်အပ်သောဒါန(အနိဗဒ္ဓဒါန-ဟု ခေါ်၏)၊

(၃၆) သား ငါး စသော သတ္တဝါများကို သတ်ဖြတ်၍ ကျွေးမွေးလှူဒါန်းအပ် သောဒါန(သာဝဇ္ဇဒါန-ဟု ခေါ်၏)၊

(၃၇) သား ငါး စသော သတ္တဝါများကို သတ်ဖြတ်ခြင်း မပြုဘဲ ဈေးမှ ဖြစ်ပေါ်သော သားငါးဖြင့် ကျွေးမွေးလှူဒါန်းခြင်းဒါန(အနဝဇ္ဇဒါန- ဟု ခေါ်၏)၊

(၃၈) ကိုယ်တိုင်ကိုယ်ကြပ် မိမိလက်ဖြင့် ကိုင်တွယ်လှူဒါန်းအပ်သော အလှူဒါန (သာဟတ္ထိကဒါန-ဟု ခေါ်၏)၊

(၃၉) မိမိကိုယ်စား သူတစ်ပါးကို စေခိုင်း၍ လှူဒါန်းအပ်သော အလှူဒါန (အာဏတ္တိကဒါန-ဟု ခေါ်၏)၊

(၄၀) မိမိသဘောဖြင့် ပြုအပ်သော အလှူဒါန (သယံကာရဒါန-ဟု ခေါ်၏)

(၄၁) သူတစ်ပါးတို့ပြုသည်ကို မြင်၍ ပြုအပ်သောအလှူဒါန (ပရကာရ- ဒါန-ဟု ခေါ်၏)၊

(၄၂) စိတ်နေ ရွှင်လန်းချမ်းသာစွာ လှူဒါန်းအပ်သောဒါန (သောမနဿ ဒါန ဟု ခေါ်၏)၊

(၄၃) ဝမ်းလည်း မသာ၊ ဝမ်းလည်း မနည်း၊ အလယ်အလတ် ခံစားခြင်း ရှိ၍ လှူဒါန်းအပ်သော အလှူဒါန (ဥပေက္ခာဒါန-ဟု ခေါ်၏)၊

(၄၄) ကံ, ကံ၏အကျိုးကို သိမြင်နားလည်၍ လှူဒါန်းခြင်းသည် ဉာဏ် နှင့် ယှဉ်သည့်ဒါန(ဉာဏသမ္ပယုတ္တဒါန-ဟု ခေါ်၏)၊

(၄၅) ကံ၊ ကံ၏ အကျိုးကို မသိမမြင်ဘဲ သူတစ်ပါးတို့၏ အတုအပဖြင့် လှူဒါန်းခြင်းသည် ဉာဏ်နှင့်မယှဉ်သည့်ဒါန(ဉာဏဝိပ္ပယုတ္တဒါန- ဟု ခေါ်၏)၊

(၄၆) သူတစ်ပါးတို့ တိုက်တွန်းခြင်းရှိ၍ ပြုအပ်သောဒါန (သသင်္ခါရိက ဒါန ဟုခေါ်၏)၊

(၄၇) သူတစ်ပါးတို့ တိုက်တွန်းခြင်းမရှိဘဲ မိမိဆန္ဒအတိုင်း ပြုအပ်သောဒါန (အသင်္ခါရိကဒါန-ဟုခေါ်၏)၊

(၄၈) ကောင်းမှု၏ အရာဖြစ်သော ပေးလှူခြင်းဒါန(ပုညဝိသယဒါနဟု ခေါ်၏)၊

(၄၉) ကောင်းမှု၏ အရာ မဟုတ်ဘဲ လောက၌ ပြုကျင့်ကျမြဲ ဝတ္တရားအတိုင်း ပေးခြင်းမျိုးသည် "လောကဝိသယဒါန" ဖြစ်သည်။ ကြည်လင် စင်ကြယ်သော သဒ္ဓါတရားဖြင့် ပေးခြင်း မဟုတ်ဘဲ ချစ်ကြိုက်၍ပေးခြင်း၊ စိတ်ဆိုး၍ပေးခြင်း၊ မိုက်မဲ၍ ပေးခြင်း၊ ကြောက်ရွံ့၍ပေးခြင်းမှစ၍ ပေးခြင်းဟူသမျှကို "လောက ဝိသယ ဒါန"ဟု ခေါ်၏။ ဒါနပါရမီနှင့် လုံးဝမသက်ဆိုင်ကြောင်း မှတ်သားရပါမည်။

(၅၀) လှူဖွယ်ဝတ္ထုများကို ကောင်းမွန်စွာ ပြုပြင်၍ ရိုသေစွာ လှူဒါန်းခြင်းဒါန(သက္ကစ္စဒါန-ဟု ခေါ်၏)၊

(၅၁) လှူဖွယ်ဝတ္ထုများကို ကောင်းမွန်စွာ မပြုပြင်ဘဲ ဖြစ်သလို လှူဒါန်းခြင်းဒါန (အသက္ကစ္စဒါန-ဟုခေါ်၏))၊

(၅၂) မြတ်သောပုဂ္ဂိုလ်၊ ကြီးသောပုဂ္ဂိုလ်တို့အား ငယ်သူက ပူဇော်သောအားဖြင့် ပေးလှူခြင်းဒါန (ပူဇာဒါန-ဟု ခေါ်၏)၊

(၅၃) ကြီးမြတ်သူက ငယ်ရွယ်သူအား ချီးမြှောက်ပေးလှူခြင်းဒါန (အနုဂ္ဂဟဒါန-ဟုခေါ်၏)၊

(၅၄) တဏှာ၏ ကျွန်အဖြစ်ဖြင့် လောကီစည်းစိမ်ချမ်းသာကို တောင့်တ၍ လှူဒါန်းအပ်သော အလှူဒါန (ဒါသဒါန-ဟု ခေါ်၏)၊

(၅၅) တဏှာသခင် အရှင်ကို ပုန်ကန်၍ လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်မှန်းတောင့်တပြီး လှူသော အလှူဒါန (ဘုဇိဿဒါန-ဟုခေါ်၏)၊

(၅၆) မိဘတို့က သားသမီးတို့ကို နောင်အခါတွင် ငါတို့အား ဤကဲ့သို့ပင် ပြန်လည်ကျွေးမွေးလိမ့်မည်ဟု မျှော်မှန်း၍ သားသမီးတို့အား ကျွေးမွေးခြင်းဒါန (ဣဏပယောဇနဒါန-ဟု ခေါ်၏)၊

(၅၇) သားသမီးတို့က အိမင်းမစွမ်းရှိသည့် မိဘတို့ကို ကျေးဇူးဆပ်သော အားဖြင့် ပြန်လည်ကျွေးမွေးခြင်းဒါန (ဣဏမောက္ခဒါနဟု ခေါ်၏)၊

(၅၈) အလှူခံပုဂ္ဂိုလ်များအား လှူဒါန်းကျွေးမွေးခြင်းဒါန (နိမိဒါနဟု ခေါ်၏)၊

(၅၉) အလှူဒါန ပြုလုပ်ရာမှာ လိုလားမှု၊ အားထုတ်မှု၊ ပိုင်းခြားသိမြင်မှုနှင့် ထိုးထွင်းသိမြင်ခြင်းတရားလေးပါး အားနည်းလျှင် ထိုဒါနသည် ညံ့သောအလှူဒါန (ဟီနဒါနဟု ခေါ်၏)၊

(၆၀) တရားလေးပါးကို အတန်အသင့်နားလည်ပြီး လှူဒါန်းလျှင် အလတ်စား အလှူဒါန (မဇ္ဈိမဒါနဟု ခေါ်၏)၊

(၆၁) တရားလေးပါးကို အသေအချာ သဘောပေါက်နားလည်ပြီး လှူဒါန်းလျှင် မြင့်မြတ်သော အလှူဒါန (ပဏီတဒါနဟု ခေါ်၏)၊

(၆၂) အလွန်တရာ ပြုနိုင်ခဲသောဒါန (ဒုက္ကရဒါနဟုခေါ်၏)၊

(၆၃) ကြီးကျယ် ခမ်းနားအံ့ဖွယ် ကောင်းအောင် ပြုသောဒါန (မဟာဒါနဟု ခေါ်၏)၊

(၆၄) ပြုလုပ်ရန် ခဲယဉ်းသည်လည်းမဟုတ်၊ ကြီးကျယ်များပြားလှသည်ဟု ပြောဆိုဖွယ်ရာလည်း မရှိသောဒါန (သာမညဒါနဟု ခေါ်၏)၊

(၆၅) တရားသဖြင့် လှူဒါန်းအပ်သော၊ တရားနှင့်ညီညွတ်သော ဒါန (ဓမ္မိကဒါနဟု ခေါ်၏)၊ ယင်းဒါနသည်–

(က) သံဃာတော်အား လှူဒါန်းမည်ဟု နှုတ်မြွက်ထားပြီးသော ပစ္စည်းကို သံဃာတော်အားသာ လှူဒါန်းခြင်း၊

(ခ) စေတီတော်အား လှူဒါန်းမည်ဟု နှုတ်မြွက်ထားပြီးသော ပစ္စည်းကို စေတီတော်အားသာ လှူဒါန်းခြင်း၊

(ဂ) ပုဂ္ဂိုလ်တစ်ပါးပါးအား လှူဒါန်းမည်ဟု နှုတ်မြွက်ထားပြီးသော ပစ္စည်းကို ပုဂ္ဂိုလ်အားသာ လှူဒါန်းခြင်း–

ဟူ၍ ဓမ္မိကဒါန သုံးမျိုး ရှိပါသည်။

(၆၆) သူတစ်ပါးအသက်ကို ရှည်အောင် ပြုလုပ်လှူဒါန်းခြင်း ဒါန (ဇီဝိတဒါန-ဟု ခေါ်၏)၊

(၆၇) ရံဖန်ရံခါ စေတနာသဒ္ဓါတရား မရှိဘဲ လူကဲ့ရဲ့မည်စိုး၍ ပေးလှူသော ဒါန (လောကာဓိပတေယျဒါနဟု ခေါ်၏)၊

(၆၈) ရံဖန်ရံခါ စေတနာသဒ္ဓါတရား မရှိဘဲ မိမိဂုဏ်ပျက်မည်စိုး၍ ပေးလှူမှလျော်မည်ဟု မိမိဂုဏ်ကို ငဲ့ကွက် ပေးလှူသော ဒါန (အတ္တာဓိပတေယျဒါနဟု ခေါ်၏)၊

(၆၉) သူတော်ကောင်းတရားကို အလေးဂရုပြု၍ ပေးလှူသောဒါန (ဓမ္မာဓိပတေယျဒါနဟု ခေါ်၏)၊

(၇၀) အဆွေခင်ပွန်းအား ပြုစုသကဲ့သို့ အလှူခံပုဂ္ဂိုလ်တို့အား မိမိသုံးဆောင်စားသောက်သည့်အတိုင်း တစ်တန်းတစ်စားတည်း လှူဒါန်းခြင်းဒါန (ဒါနသဟာယဟုခေါ်၏)၊

(၇၁) အရှင်သခင်အား ပေးလှူသကဲ့သို့ အလှူခံပုဂ္ဂိုလ်တို့အား မိမိသုံးဆောင်စားသောက်သည်ထက် မြင့်မြတ်သောပစ္စည်းဝတ္ထုကို ပေးလှူခြင်း ဒါန(ဒါနသာမိဟု ခေါ်၏)၊

(၇၂) အလှူခံပုဂ္ဂိုလ်အား မိမိသုံးဆောင် စားသောက်သည်အောက် ညံ့သောပစ္စည်းဝတ္ထုကို လှူဒါန်းခြင်းဒါန၊ ကျွန်ကိုပေးလှူသည်နှင့် တူသောဒါန (ဒါနဒါသဟု ခေါ်၏)။

**(ခ) သီလအမျိုးမျိုး** သီလဟူသည် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု၏ စင်ကြယ်ခြင်းများပင် ဖြစ်ပါသည်။ ဟိရီဩတ္တပ္ပတရားနှစ်ပါးရှိမှ သီလကို ဆောက်တည်နိုင် စောင့်ထိန်းနိုင်သောကြောင့် ဟိရီဩတ္တပ္ပတရားနှစ်ပါးသည် သီလ၏အနီးဆုံးသောအကြောင်း ဖြစ်၏။

သီလအမျိုးမျိုးကို ရေးသားဖော်ပြပါမည်-

(၁) ဤအမှုကို ပြုကျင့်ရမည်ဟု ပညတ်တော်မူအပ်သော အာစရိယဝတ်အစရှိသည့် သိက္ခာပုဒ်များကို ဘုရားရှင် အလိုတော်ကျအတိုင်း လိုက်နာပြုကျင့်ခြင်းသည် "စာရိတ္တသီလ" ဖြစ်သည်။

(၂) ဤအမှုကို မပြုကျင့်ရဟု ပညတ်တော်မူအပ်သော ပါရာဇိက အစရှိသည့် သိက္ခာပုဒ်များကို ဘုရားရှင် အလိုတော်ကျအတိုင်း စောင့်စည်းထိန်းသိမ်းခြင်းသည် "ဝါရိတ္တသီလ" ဖြစ်သည်။

(၃) မဂ်သီလ၊ ဖိုလ်သီလနှင့် ပြည့်စုံစေရန် ဟောကြားပညတ်အပ်သော အာဇီဝဋ္ဌမကသီလမှ ကြွင်းသော သီလအစုသည် "အာဘိသမာစာရိကသီလ" ဖြစ်သည်။

(၄) မြတ်သော အရိယာမဂ် အကျင့်ကို ရရန် ရှေးဦးစွာ ဤတရားစုကို ကျင့်ကြံစေရမည်ဟု ဟောကြားအပ်သော အာဇီဝဋ္ဌမကသီလသည် "အာဒိဗြဟ္မစရိယသီလ" ဖြစ်သည်။ မြတ်သောအကျင့်၏ အစဖြစ်သော သီလဟူလို။

(၅) ကောင်းသော စကားပြောခြင်း၊ ကောင်းသော အမှုကိစ္စပြုလုပ်ခြင်း၊ ကောင်းသောအသက်မွေးမှု ပြုခြင်းတည်းဟူသော ဝိရတီစေတသိက်သုံးပါးသည် "ဝိရတိသီလ" ဖြစ်သည်။

(၆) စေတနာ၊ အလောဘ၊ အဒေါသ၊ အမောဟနှင့် သံဝရငါးပါး အဝိတိက္ကမတရားတို့သည် "အဝိရတိသီလ" ဖြစ်သည်။

(၇) တဏှာကို ဖြစ်စေ၊ ဒိဋ္ဌိကို ဖြစ်စေ အမှီပြု၍ စောင့်ထိန်းအပ်သော သီလသည် "နိဿိတသီလ" ဖြစ်သည်။

(၈) တဏှာဒိဋ္ဌိနှစ်ပါးကို အမှီမပြုဘဲ မြတ်သောအကျင့်ကို ငါကျင့်မည်ဟူ၍ နှလုံးသွင်းပြီး ကျင့်အပ်သော လောကီသီလသည် "အနိဿိတသီလ" ဖြစ်သည်။

(၉) မိစ္ဆာအယူရှိသော အလေ့အကျင့် သီလမျိုးသည် "ဒိဋ္ဌိနိဿိတသီလ" ဖြစ်သည်။ ဤသီလကို ဗုဒ္ဓဝါဒီအယူရှိသူများ စောင့်သုံးခြင်း မရှိပါ။

(၁၀) အလိုရှိသလောက် ကာလကို ပိုင်းခြား၍ စောင့်သုံးအပ်သော သီလသည် "ကာလပရိယန္တသီလ" ဖြစ်သည်။

(၁၁) ကာလကို မပိုင်းခြားဘဲ အသက်ထက်ဆုံး စောင့်သုံးအပ်သော သီလသည် "အာပါဏကောဋိကသီလ" ဖြစ်သည်။

(၁၂) ဥစ္စာ၊ အခြံအရံ၊ ဆွေမျိုး၊ အင်္ဂါကြီးငယ်၊ အသက် ဤငါးပါးတို့တွင် တစ်ပါးပါးကြောင့် ချိုးဖျက်လိုက်ရသော သီလသည် အဆုံးရှိသော "သပရိယန္တ သီလ" ဖြစ်သည်။

(၁၃) ဤငါးပါးတို့ဖြင့် ဖျက်၍မရဘဲ ကောင်းစွာ စောင့်သုံးအပ်သော သီလသည် အဆုံးမရှိသော "အပရိယန္တ သီလ" ဖြစ်သည်။

(၁၄) အာသဝေါတို့၏ အာရုံဖြစ်သော အာသဝေါတရားတို့ အာရုံအပြုခံရသော သီလသည် "လောကီယသီလ" ဖြစ်သည်။

(၁၅) အာသဝေါတရားတို့၏ အာရုံမဟုတ်သော၊ အာသဝေါတရားတို့က အာရုံအပြုမခံရသော သီလသည် "လောကုတ္တရသီလ" ဖြစ်သည်။

(၁၆) ကျော်စောဂုဏ်သတင်းကို လိုလား၍ ဆောက်တည် ကျင့်သုံးအပ်သော သီသည် "ဟီနသီလ" ဖြစ်သည်။

(၁၇) ကောင်းမှု၏ ဘဝချမ်းသာကို လိုလားတောင့်တ၍ ဆောက်တည် ကျင့်သုံးအပ်သော သီလသည် "မဇ္ဈိမသီလ" ဖြစ်သည်။

(၁၈) တရားတော်၏ မြင့်မြတ်မှုကို နှလုံးသွင်းကာ ဆောက်တည် ကျင့်သုံးအပ်သော သီလသည် အမြတ်စားဖြစ်သော "ပဏီတသီလ" ဖြစ်သည်။

(၁၉) မိမိ၏ မသင့်လျော်သော အကျင့်အကြံများကို စွန့်ပစ်လိုသဖြင့် မိမိ ကိုယ်ကို မိမိ အလေးဂရုပြု၍ ဆောက်တည်ကျင့်သုံးအပ်သော သီလသည် "အတ္တာဓိပတေယျသီလ" ဖြစ်သည်။

(၂၀) လူအများ ကဲ့ရဲ့ရှုတ်ချခြင်းကို ပယ်ရှားလိုသဖြင့် လူအများကို အလေးဂရုပြု၍ ဆောက်တည်ကျင့်သုံးအပ်သော သီလသည် "လောကာ ဓိပတေယျသီလ" ဖြစ်သည်။

(၂၁) တရားတော်၏ မြင့်မြတ်မှုဂုဏ်ကျေးဇူးကို ပူဇော်လိုသဖြင့် တရားတော်ကို အလေးဂရုပြု၍ ဆောက်တည်ကျင့်သုံးအပ်သော သီလသည် "ဓမ္မာဓိပတေယျသီလ" ဖြစ်သည်။

(၂၂) တဏှာဒိဋ္ဌိတို့ဖြင့် လွဲမှား သုံးသပ်အပ်သော သီလသည် "ပရာမဋ္ဌ သီလ" ဖြစ်သည်။

(၂၃) ကလျာဏ ပုထုဇဉ်တို့ ဆောက်တည် ကျင့်သုံးအပ်သည့် မဂ်၏ အဆောက်အဦးဖြစ်သော သီလသည် လည်းကောင်း၊ သေက္ခ အရိယာပုဂ္ဂိုလ်တို့၏ မဂ်ခဏ၌ ဖြစ်သော သီလသည် လည်းကောင်း "အပရာမဋ္ဌသီလ" ဖြစ်သည်။

(၂၄) ဖိုလ်စိတ် လေးပါး၌ ရှိသော သီလသည် "ပဋိပဿဒ္ဓိသီလ" ဖြစ်သည်။

(၂၅) စင်ကြယ်သော ပုဂ္ဂိုလ်၏ သီလသည် "ဝိသုဒ္ဓသီလ" ဖြစ်သည်။

(၂၆) မစင်ကြယ်သော ပုဂ္ဂိုလ်၏ သီလသည် "အဝိသုဒ္ဓသီလ" ဖြစ်သည်။

(၂၇) ယုံမှားသံသယ ရှိနေသော ပုဂ္ဂိုလ်၏ သီလသည် "ဝေမတိကသီလ" ဖြစ်သည်။

(၂၈) မဂ်တရား လေးပါး၊ အောက်ဖိုလ် သုံးပါးတို့နှင့် ယှဉ်သော သီလသည် "သေက္ခသီလ" ဖြစ်သည်။

(၂၉) အရဟတ္တဖိုလ်နှင့် ယှဉ်သော သီလသည် "အသေက္ခသီလ" ဖြစ်သည်။

(၃၀) ထိုမှကြွင်းသော သီလအစုသည် "နေဝသေက္ခနာသေက္ခသီလ" ဖြစ်သည်။ ပုထုဇဉ်တို့၏ သီလစုပင် ဖြစ်ပါသည်။

(၃၁) ယုတ်လျော့သွားမည်သာဖြစ်သော သီလသည် "ဟာနဘာဂိယ သီလ" ဖြစ်သည်။

(၃၂) တည်တံ့နေမည်သာ ဖြစ်သော သီလသည် "ဌိတိဘာဂိယသီလ" ဖြစ်သည်။

(၃၃) ထူးမြတ်မည်သာဖြစ်သောသီလသည် "ဝိသေသဘာဂိယ သီလ" ဖြစ်သည်။

(၃၄) ကိလေသာအမှောင်ထုကို ဖောက်ထွင်းဖြိုခွဲနိုင်သော သီလသည် "နိဗ္ဗေဓဘာဂိယသီလ" ဖြစ်သည်။

(၃၅) ရဟန်းယောကျ်ားများ စောင့်ရှောက် ထိန်းသိမ်းအပ်သော သီလသည် "ဘိက္ခုသီလ" ဖြစ်သည်။

(၃၆) ရဟန်းမိန်းမများ စောင့်ရှောက်ထိန်းသိမ်းအပ်သော သီလသည် “ဘိက္ခုနီသီလ” ဖြစ်သည်။

(၃၇) သာမဏေယောကျ်ား, သာမဏေမိန်းမများ စောင့်ထိန်းကျင့်သုံးအပ်သော ဆယ်ပါးသီလသည် “အနုပသမ္ပန္နသီလ” ဖြစ်သည်။

(၃၈) လူတို့စောင့်သုံးအပ်သော ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလတို့သည် “ဂဟဋ္ဌသီလ” ဖြစ်သည်။

(၃၉) လူများ ကျင့်သုံးအပ်သော သီလအဖြစ်ဖြင့် ငါးပါး, ရှစ်ပါး ဆယ်ပါး သီလတို့အပြင် ဗြဟ္မစရိယ ပဉ္စမသီလလည်း ရှိသေး၏။ ယင်းသီလမှာ ငါးပါးသီလပင် ဖြစ်၏။ ပကတိငါးပါးသီလမှ ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်အစား “အဗြဟ္မစရိယာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ”ဟူ၍ ဆောက်တည်လိုက်လျှင် “ဗြဟ္မစရိယ ပဉ္စမသီလ” ဖြစ်သည်။

(၄၀) “ဗြဟ္မစရိယပဉ္စမဧကဘတ္တိကသီလ”ဟူ၍လည်း ရှိသေး၏။ ဧကဘတ္တိက ဟူသည် နံနက်စာ ထမင်းတစ်ထပ်တည်းကိုသာ စားရခြင်း ဖြစ်၏။ သို့ဖြစ်၍ ယင်းသီလကို စောင့်သုံးလိုလျှင် ဗြဟ္မစရိယပဉ္စမသီလ စောင့်သုံး ခံယူသည့်အခါ အဆုံးတွင် “ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ”ဟု သိက္ခာပုဒ် တစ်ခုတိုး၍ ဆောက်တည်လိုက်လျှင် “ဗြဟ္မစရိယပဉ္စမဧကဘတ္တိကသီလ” ဖြစ်သွားသည်။

[ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလနှင့် ဆယ်ပါးသီလ အကြောင်း ရှေ့အခန်းတွင် အကျယ်တဝင့် ဖော်ပြခဲ့ပြီးဖြစ်ပါ၍ ဤအခန်းတွင် မဖော်ပြတော့ပေ။]

(၄၁) လူတို့သည် ပါဏာတိပါတ စသော သိက္ခာပုဒ် ငါးပါးတို့ကို မလွန်ကျူးခြင်းသည် ပင်ကိုသဘောအားဖြင့် ပြည့်စုံသော “ပကတိသီလ” ဖြစ်သည်။

(၄၂) အမျိုးအားဖြင့် ဖြစ်စေ၊ အရပ်ဒေသအားဖြင့်ဖြစ်စေ၊ ပါသဏ္ဍာခေါ် အယူဝါဒအားဖြင့် ဖြစ်စေ မိမိတို့၏ ရှေးလူကြီးများက ထားရှိခဲ့သော အပိုင်းအခြား စည်းကမ်းအတိုင်း ကျင့်ကြံခြင်းသည် “အာစာရသီလ” ဖြစ်သည်။

(၄၃) မိမိတို့ အမျိုးစဉ်ဆက် ရှောင်ကြဉ်လာသော မကောင်းမှုဖြစ်သည့်အတွက် ရှောင်ကြဉ်ခြင်းသည် "ကုလအာစာရသီလ" ဖြစ်သည်။

(၄၄) မိမိတို့၏အရပ်ဒေသမှာ အများရှောင်ကြဉ်ကြသော မကောင်းမှုဖြစ်သည့်အတွက် ရှောင်ကြဉ်ခြင်းသည် "ဒေသအာစာရသီလ" ဖြစ်သည်။

(၄၅) တဏှာဒိဋ္ဌိကျေးကွင်းတို့ကို ဖြစ်စေသော ပါသဏ္ဍာအယူဝါဒအရ ရှောင်ကြဉ်ခြင်းသည် "ပါသဏ္ဍာသီလ" ဖြစ်သည်။

(၄၆) ဘုရားအလောင်းတော် ပဋိသန္ဓေ တည်နေသည့်အခါမှစ၍ မယ်တော်၏စိတ်သန္တာန်တွင် ယောကျ်ားများ၌ ကာမဂုဏ်အတွက် နှစ်သက်မက်မောသည့်စိတ် မရှိခြင်းတည်းဟူသော သီလသည် "ဓမ္မတာသီလ" ဖြစ်သည်။

(၄၇) ရှေးရှေး ဘဝများစွာက ကျင့်သုံးခဲ့ဖူးသော ကံကြောင့် ယခုဘဝမှာ မည်သူကမျှ မဟောပြရဘဲ အလိုအလျောက် စောင့်သုံးဖြစ်ပေါ်လာသော သီလကြီး လေးပါးမှာ–

(က) ပါတိမောက္ခသံဝရသီလ၊
(ခ) ဣန္ဒြိယသံဝရသီလ၊
(ဂ) အာဇီဝပါရိသုဒ္ဓိသီလ၊
(ဃ) ပစ္စယသန္နိဿိတသီလ–

ဟူ၍ ဖြစ်ပါသည်။ လေးပါးတို့မှာ ရဟန်းတို့နှင့် အထူးသက်ဆိုင်သော သီလ ဖြစ်သည်။

(၄၈) လူသာမဏေတို့၏ သီလသည် အရေအတွက်အားဖြင့် အပိုင်းအခြားရှိ၍ စင်ကြယ်စေအပ်သော သီလ ဖြစ်သောကြောင့် "ပရိယန္တပါရိသုဒ္ဓိသီလ" ဖြစ်သည်။

(၄၉) ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော ရဟန်းတို့၏ ဝိနည်းကျင့်ဝတ်များကို သင်္ဂါယနာတင် အရှင်မြတ်များက အကျဉ်းချုပ်ပြဆိုတော်မူကြသော သိက္ခာပုဒ် သီလအပေါင်းသည် "အပရိယန္တပါရိသုဒ္ဓိသီလ" ဖြစ်သည်။

(၅၀) ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့၏ အပြည့်အစုံစင်ကြယ်စေအပ်သော သီလသည် "ပရိပုဏ္ဏပါရိသုဒ္ဓိသီလ" ဖြစ်သည်။

(၅၁) သေက္ခအရိယာပုဂ္ဂိုလ်တို့၏ ဒိဋ္ဌိဖြင့် မသုံးသပ်အပ်သောသီလနှင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ တဏှာရာဂဖြင့် မသုံးသပ်အပ်သော သီလများသည် "အပရာမဋ္ဌ ပါရိသုဒ္ဓိသီလ" ဖြစ်သည်။

(၅၂) ရဟန္တာပုဂ္ဂိုလ်စသည်တို့၏ သီလသည် အလုံးစုံသော ကိလေသာအပူအပင် ဟူသမျှငြိမ်းချမ်းခြင်းဖြင့် စင်ကြယ်သည်၏အဖြစ်ကြောင့် "ပဋိပဿဒ္ဓိသီလ" ဖြစ်သည်။

(၅၃) အဆင့်ဆင့်သော ကုသိုလ်တရားဖြင့် ပယ်ရှားသင့်သော အရာဟူသမျှကို ပယ်ရှားခြင်းသည် "ပဟာနသီလ" ဖြစ်သည်။

(၅၄) ပါဏာတိပါတ စသော ရှောင်ကြဉ်ဖွယ်တို့ကို ရှောင်ကြဉ်ခြင်း ဝိရတီ စေတသိက်ပြဋ္ဌာန်းသည့် ကုသိုလ်စေတသိက်စုသည် "ဝေရမဏီသီလ" ဖြစ်သည်။

(၅၅) ပါဏာတိပါတ စသည်တို့ကို ပယ်ရှားရှောင်ကြဉ်မှုနှင့် စိတ်ကို တွဲစပ် စွဲမြဲစေသော စေတနာတရားသည် "စေတနာသီလ" ဖြစ်သည်။

(၅၆) သတိစေတသိက် ပြဋ္ဌာန်းသည့် ကုသိုလ်စေတသိက်စုသည် "သံဝရသီလ" ဖြစ်သည်။

(၅၇) ပယ်ရှားရှောင်ကြဉ်အပ်သော ပါဏာတိပါတ စသော အမှုတို့ကို မလွန်မကျူးသောအားဖြင့်ဖြစ်သော ကုသိုလ်စိတ် စေတသိက်တရားစုသည် "အဝိတိက္ကမသီလ" ဖြစ်သည်။

## (ဂ)ဒါနဝတ္ထုများ

### ဥမ္မာဒန္တီဝတ္ထု

ကဿပဘုရားရှင်လက်ထက် ဗာရာဏသီပြည်တွင် အလွန်ဆင်းရဲလှသည့် အမျိုးသမီး တစ်ယောက်ရှိ၏။ ဗာရာဏသီပြည်ကြီးတွင် နက္ခတ်ပွဲသဘင်ကျင်းပရာ ဂုဏ်သရေရှိ သူဌေးသူကြွယ် စသည့် အမျိုးသမီးများ ဝတ်ပန်းပုဆိုးကို ဝတ်ဆင်၍ ပွဲတော် ဆင်နွှဲကြလေသည်။ ဆင်းရဲသည့် အမျိုးသမီးသည် ဝတ်ပန်းပုဆိုးကို

ဝတ်လိုလှသဖြင့် မိဘများထံ ပူဆာတောင်းဆိုလေသည်။ မိဘများက တန်ဖိုးကြီးမားလွန်းသည့် ဝတ်ပန်းပုဆိုးကို မဆင်နိုင်သဖြင့် မိမိတို့၏သမီးကို သူဌေးကြီးအိမ်သို့ သုံးနှစ်သွားရောက် ကျွန်ခံအလုပ်လုပ်မှ ဝတ်ပန်းပုဆိုးကို ဝတ်ဆင်နိုင်မည်ဖြစ်ကြောင်း ပြောပြလေသည်။ ဆင်းရဲသူမကလေးသည် စိတ်အားတက်ကြွစွာဖြင့် သူဌေးကြီးအိမ်တွင် မခိုမကပ် အလုပ်လုပ်သဖြင့် သုံးနှစ်မပြည့်မီပင် ဝတ်ပန်းပုဆိုးတစ်ထည်ကို ရရှိပါသည်။

ဆင်းရဲသူမကလေးသည် နှစ်သက်ကြည်နူးစွာဖြင့် အိမ်သို့ ပြန်လာရာလမ်းတွင် ရေကန်တစ်ခုတွေ့၍ ရေချိုးပြီးမှ ဝတ်ပန်းလုံချည်ကို ဝတ်ဆင်တော့မည်ဟုကြံကာ ရေကန်သို့ ဆင်း၍ ရေချိုးရန် ပြင်ဆင်နေလေသည်။ ထိုအခိုက် ရဟန္တာကိုယ်တော်မြတ်ကြီးတစ်ပါး ဆွမ်းခံလာရင်း သင်္ကန်းကို သူခိုးများ လုယူသွားသောကြောင့် သစ်ရွက်သင်္ကန်း ဝတ်ဆင် ဆွမ်းခံလာသည်ကို မိန္ဒကကလေး မြင်တွေ့သွား၏။ အမျိုးသမီးကောင်း မိန်းကလေးငယ် ဆင်ခြင်သည်မှာ "ငါသည် ရှေးဘဝက ကုသိုလ်ဒါန နည်းပါးမှုကြောင့် လူ့ဘဝကို ရလာသော်လည်း ဆင်းရဲနွမ်းပါး အောက်တန်းကျလှသည်။ ဝတ်ပန်းလုံချည်ဝတ်ဆင်လိုသည်နှင့် သူတစ်ပါးအိမ်မှာ သုံးနှစ်တာ ဆင်းရဲပင်ပန်းစွာ နေထိုင်ရာကြံခဲ့ရသည်။ ဝတ်ပန်းလုံချည်ကို ယခု ဘဝအတွက် မြော်ကိုးဝတ်ဆင်ခြင်း မပြုတော့။ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ရသည့်တိုင်အောင် နောင်အစဉ် ချမ်းသာပြည့်စုံစေသည့် မြတ်ဒါနကို အဆင်သင့်တုန်းလှူဒါန်းမည်"ဟု ကြံစည်စဉ်းစားပြီး ရဟန္တာကိုယ်တော်မြတ်ကြီးအား ဝတ်ပန်းလုံချည်ကို လှူဒါန်းဆက်ကပ်လိုက်လေသည်။

ထိုသို့ ဆက်ကပ်လှူဒါန်းသည့် ဝတ်ပန်းလုံချည်ကို ရဟန္တာကိုယ်တော်မြတ် ဝတ်ဆင်လိုက်သဖြင့် သင်္ကန်းဒါယိကာ သူဆင်းရဲမလေးမှာ ကြည်နူးမဆုံး ပီတိနှင့် တပြုံးပြုံး ဖြစ်နေရှာလေသည်။ ဝမ်းမြောက်လွန်း၍ ပတ္ထနာဆုထူးများကို ဆွတ်ခူးလိုက်သည်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်–

> "ဆင်းရဲအောက်ကျ တပည့်တော်မသည် သုံးနှစ်တိုင်တိုင် သူတစ်ပါး အိမ်မှာ အစေခံသူရင်းငှားအဖြစ် လုပ်ကိုင်သည့်အတွက် ရရှိလာသော ဝတ်ပန်းပုဆိုးခေါ်သော ဤလုံချည်ကို သင်္ကန်းလျာ အဖြစ်ဖြင့် နောင်ခါထင်ရှား ကောင်းစားချမ်းသာဖို့အရေးကို မျှော်တွေးမှန်းဆ လှူဒါန်းပူဇော်ရသော ဤကုသိုလ်ကောင်းမှုကြောင့် မဂ်ဖိုလ်နိဗ္ဗာန် ဝင်စံရသည့်တိုင်အောင် ဖြစ်လေရာရာ သံသရာဘဝ

တိုင်း၌ အပါယ် ငရဲစတဲ့ ဒုက္ခအမျိုးမျိုးတို့မှ ကင်းလွတ်ရသည်ဖြစ်၍ လူနတ်ဗြဟ္မာ ချမ်းသာအဖြာဖြာတို့ကို ခံစားရပြီးလျှင် အထူးအားဖြင့် ရုပ်ဆင်း လက္ခဏာတို့သည် ရွှေစင်ရုပ်သဖွယ် မိုးနတ်မယ်ကဲ့သို့ တင့်တယ် လှပ အချိုးကျသည်ဖြစ်၍ မြင်မြင်သမျှသော ယောကျ်ားအားလုံး တို့သည် မတည်ငြိမ်နိုင်ဘဲ ယွင်းသွေချက်ချင်း သတိကင်း၍ ရူးသွပ်ခြင်းသို့ ရောက်ကြစေသတည်း"–

ဟူ၍ ဆုတောင်းပတ္ထနာ ပြုလိုက်လေသည်။

ထိုအမျိုးသမီးကလေးသည် ထိုဘဝမှ သေလွန်ပြီး နတ်ပြည်၌ အကြိမ်ကြိမ်ဖြစ်ပြီးနောက် သိဝိတိုင်း အရိဋ္ဌပုရမြို့ကြီးတွင် ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာသော-ဇတိရိဋ္ဌိဝစ္ဆသူဌေးကြီး၏ သမီးရတနာ ဖြစ်လာလေသည်။ ငယ်ရွယ်စဉ်ကပင် မြင်မြင်သမျှ မိန်းမယောကျ်ားတို့ တိမ်းပါးမူးမေ့သွားရလောက်အောင် တင့်တယ်သော အဆင်းရှိ၍ ဥမ္မာဒန္တီဟု မှည့်ခေါ်ကြလေသည်။ နတ်သမီးတမျှ ချောမောလှပသည့် ရုပ်ဆင်းဒဏ်ကို မခံနိုင်ကြသည့် ယောကျ်ားအပေါင်းသည် ဖောက်ပြန်ရူးသွပ်ကုန်သည်။ ထို့ထက်မက လက္ခဏာဖတ်ရန် လာကြသည့် ပုဏ္ဏားကြီးများနှင့် သိဝိဘုရင်မင်းမြတ်ကိုယ်တိုင် ရူးသွပ်ဖောက်ပြန်ရလေ၏။

[ဤဝတ္ထုသည် ဒါနကုသိုလ်၏ အစွမ်းထက်ပုံကို သိစေ၏။ သို့သော် ကုသိုလ်ပြု ဆုတောင်းမှု တိမ်းပါး၍ လူအများ ဆင်းရဲဒုက္ခရောက်ကြရသည်ကို သတိပြုရမည် ဖြစ်ပါသည်။ ကုသိုလ်ပြုရာ၌ ဆုတောင်း မလွဲမမှားအောင် သတိပြု၍ ဒါနပြုကြရန် ဖြစ်ပါသည်။]

**ဓောတိရသနတ်သမီးဝတ္ထု**

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် များစွာသော ဥပါသကာ–ဥပါသိကာ ယောကျ်ားမိန်းမအပေါင်းသည် ဥပုသ်နေ့တွင် ဝတ်ဖြူစင်ကြယ် ဝတ်ဆင်၍ ပန်းနံ့သာများဖြင့် ကျောင်းတော်သို့ သွားကြကုန်၏။ တတ်အားသမျှ ဆွမ်းခဲဖွယ် ဘောဇဉ်များ လှူဒါန်းကျွေးမွေး၍ နေလွဲသည့်အခါ အကျွမ်းဝင်ရာ စိတ်ကြည်ညိုရာ ရဟန်းတို့ထံ ဝင်လျက် တရားစကားများ မှတ်သားနာထောင် လျှောက်ထားမေးမြန်းကြကုန်၏။ ညနေချမ်းသို့ ရောက်လျှင် တရားဟောပလ္လင် ဓမ္မာသန၌ အလှည့်ကျ တရားဟောကြကုန်သော တရားပွဲသို့ သွားရောက် တရားနာနေကြစဉ် နေဝင်သွားသဖြင့် မှောင်အတိကျ

သွား၏။ တစ်ယောက်သောမိန်းမသည် ယခုအခါ၌ ဆီမီးထွန်းခြင်းငှာ သင့်လျော်သောအခါ ဖြစ်သည်ဟု ကြံ၍ မိမိအိမ်မှ ဆီမီးတိုင် ယူပြီး ဆီမီးပူဇော်လေသည်။ ဓမ္မာသနတရားဟောပလ္လင်၏ရှေ့၌ ထား၍ တရားတော်ကို နာနေပြီးလျှင် မိမိ၏ ဆီမီးအလှူကို နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်၍ တရားဆုံးသောအခါ အိမ်သို့ ပြန်လေ၏။

ဆီမီးလှူသော မိန်းမသည် နောက်အခါ၌ တစ်စုံတစ်ခုသော အနာရောဂါဖြင့် စုတေ၍ တာဝတိံသာနတ်ပြည်၌ ဇောတိရသဗိမာန်ဝယ် ဇောတိရသနတ်သမီး ဖြစ်လေ၏။ ဆီမီးလှူသော ကုသိုလ်ကြောင့် တစ်ပါးသောနတ်တို့၏ အရောင်ကိုပင် လွှမ်းမိုး၍ နေပါသည်။

**တိလဒေဝီနတ်သမီးဝတ္ထု**

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ရာဇဂြိုဟ်ပြည်၌ ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက်သည် နှမ်းဆီသောက်လို၍ နှမ်းတို့ကို ရေဆေးနေလှန်းပြီး အခြောက်ခံထား၏။ ထိုမိန်းမသည် ထိုနေ့၌ပင် သေအံ့ဆဲဆဲ ငရဲသို့ ရောက်မည်ကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြတ်စွာဘုရား မြင်တော်မူ၏။ ယနေ့တွင်ပင် စုတေ၍ ငရဲပြည်၌ ဖြစ်ရန် အကြောင်းအခွင့်သာနေ၏။ မြတ်စွာဘုရားသည် ထိုမိန်းမအား နတ်ပြည်လမ်းကို ပြနိုင်ရန် ရည်ရွယ်လျက် နှမ်းဆွမ်းခံ လှည့်လည်လေသည်။ ထိုမိန်းမ၏ အိမ်တံခါးဝသို့ ရောက်လျှင် မိန်းမသည် မြတ်စွာဘုရားကို မြင်သည်နှင့် ကြည်ညိုရွှင်လန်းဝမ်းမြောက်နှစ်သက်သောစိတ် ဖြစ်ပေါ်လျက်ရှိ၏။ ထို့ကြောင့် အလျင်အမြန်ထပြီး လှူစရာရှာရာ မြတ်စွာဘုရားနှင့်သင့်သော လှူစရာ တစ်စုံတစ်ခုကိုမျှ မမြင်ပေ။ ထိုမိန်းမသည် လက်များကို ဆေးကြောပြီး လှန်းထားသော နှမ်းများကို လက်နှစ်ဖက်ဖြင့် လက်ခုပ်အပြည့် ခပ်ယူ၍ သပိတ်တော်အတွင်း လောင်းလှူပြီး ရှိခိုးလျက် နေလေ၏။ မြတ်စွာဘုရားသည် ထိုမိန်းမကို အစဉ်သနားခြင်း ရှိတော်မူလျက် ချမ်းသာခြင်းဖြစ်စေလော့ဟု ဆိုကာ ထွက်ကြွသွားတော်မူလေ၏။ ထိုမိန်းမလည်း ညဉ့်လွန်မြောက်သည်နှင့် စုတိကျ၍ တာဝတိံသာနတ်ပြည်ဝယ် တစ်ဆယ့်နှစ်ယူဇနာရှိသော ရွှေဗိမာန်၌ တိလဒေဝီနတ်သမီး ဖြစ်ရလေ၏။

**မှတ်ချက်**။ ။ ဒါနအကျိုးပြဝတ္ထုများ များစွာရှိပေ၏။

## (ဃ) သီလဝတ္ထုများ

**ဂင်္ဂမာလဇာတ်**

မြတ်စွာဘုရားသည် နေ့တစ်ဝက်မျှသော အချိန်အတွက် ဥပုသ် ဆောက်တည်သဖြင့် မင်းအဖြစ်ကို ရသည့် ကုသိုလ်ကံအကျိုးပေးကို အကြောင်းပြု၍ ဂင်္ဂမာလဇာတ်ကို ဟောတော်မူခဲ့လေသည်။ ဤဇာတ်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ ဟောတော်မူသည်။ ဂင်္ဂမာလဇာတ်မှာ အောက်ပါအတိုင်း ဖြစ်သည်–

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်။ ထိုအခါ သုစိပရိဝါရ အမည်ရှိသော သေဋ္ဌေးသည် ကုဋေရှစ်ဆယ် ကြွယ်ဝသည်။ သေဋ္ဌေးနှင့် သေဋ္ဌေးကတော်တို့သည် တစ်လတွင် ခြောက်ရက် ဥပုသ်သီတင်း ဆောက်တည်သည်။ အိမ်ရှိ အလုပ်သမားတို့သည် သူတို့နှင့်အတူပင် ဥပုသ်စောင့်ကြသည်။ ထိုအခါ ဘုရားလောင်းသည် သူဆင်းရဲမျိုး၌ ဖြစ်သည်။ သေဋ္ဌေးထံ၌ ခစား၍ အသက်မွေးရသည်။ ဥပုသ်နေ့ တစ်နေ့၌ အခြားသူများ ဥပုသ်စောင့်သည်ကို နေ့ဝက်ကုန်မှ ဘုရားလောင်းသိရသည်။ သို့ဖြစ်၍ သေဋ္ဌေးထံ ခွင့်ပန်၍ ကျန်သော နေ့ဝက်အတွက် ဥပုသ်ဆောက်တည်သည်။ နံနက်အချိန်က ဘာမျှ မစားရသေးမိ ဥပုသ်စောင့်သဖြင့် ညဥ့်အချိန် ဝမ်းတွင်း၌ လေထသည်။ ဥပုသ်ကို မဖျက်ဘဲ စောင့်ပြီးလျှင် မည်သည့်အာဟာရကိုမျှ မစားသုံးပေ။

အရုဏ်တက်ချိန်၌ ဝေဒနာဖိစီး၍ သတိလစ်လေသည်။ ထိုအချိန်၌ ဗာရာဏသီမင်းကြီးသည် မြို့ကိုလှည့်လည်၍ ကြည့်ခိုက်ဖြစ်၏။ ဘုရားလောင်းသည် မင်းစည်းစိမ်ကို တပ်မက်၍ သေသွားရာ နေ့ဝက်မျှသော ဥပုသ်၏ အကျိုးဆက်ကြောင့် ဗာရာဏသီမင်း၏ မိဖုရားဝမ်း၌ ပဋိသန္ဓေတည်လေသည်။ မွေးဖွားလာသည့်အခါ ဥဒယကုမာရအမည်ဖြင့် ဗာရာဏသီထီးနန်းကို စိုးစံမင်းပြုရသော ဘုရင်ကြီးတစ်ပါးအဖြစ် ထင်ရှား ကျော်ကြားလာပါသည်။

**ဥပေါသထာ နတ်သမီးဝတ္ထု**

သကေတပြည်၌ ဥပေါသထာ အမည်ရှိသော ဥပါသိကာ မိန်းမသည် သဒ္ဒါတရားနှင့် ပြည့်စုံပြီး ရဟန်းတို့အား ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေး၏။ အလွန်စင်ကြယ်သော သီလရှိသူ ဖြစ်၏။ လပြည့်၊ လကွယ်၊ လဆန်း၊ လဆုတ်၊ ဥပုသ်နေ့များတွင် ဥပုသ်သီလ စောင့်သုံးလေ့ရှိ၏။ ဥပေါသထာ ဥပါသိကာ

မိန်းမသည် သင့်တင့်သော တရားတော်ကို နာရသည်ဖြစ်၍ ရှေးက ပြုခဲ့ဖူးသော ပါရမီအကြောင်း ဥပနိဿယနှင့် ပြည့်စုံခြင်းကြောင့် ကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ပြီး မကြာမီ သောတာပန် တည်လေ၏။

သောတာပန် တည်ပြီးသော ဥပေါသထာ ဥပါသိကာ မိန်းမသည် "တာဝတိံသာနတ်ပြည်၌ နတ်သမီးနတ်သားအပေါင်းတို့ ပျော်စံရာ နန္ဒဝန် ခေါ် ဥယျာဉ်တော်သည် အလွန်မွေ့လျော်ဖွယ် ရှိကြောင်း"တရားဟောသော ရဟန်းတို့၏ တရားစကားကို အစဉ်အမြဲ နာကြားရသည်ဖြစ်၍ တာဝတိံသာ နတ်ပြည် နန္ဒဝန် ဥယျာဉ်၌ ပျော်ပါးလိုသော စိတ်ဆန္ဒ ဖြစ်လျက်သာ ရှိ၏။ ဤစိတ်ဆန္ဒကို တောင့်တခြင်း ပြုသောကြောင့် ဘဝပြောင်းသော် တာဝတိံသာနတ်ပြည်သို့ ရောက်၍ နန္ဒာဝန် ဥယျာဉ်တော်အတွင်း ဥပေါသထာ နတ်သမီးဟု ထင်ရှားစွာ ဖြစ်ပေါ်လေသည်။

**သောဏဒိန္နာနတ်သမီးဝတ္ထု**

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေစဉ် နာလန္ဒမြို့၌ သောဏဒိန္နာအမည်ရှိ ဥပါသိကာ မိန်းမသည် သဒ္ဓါတရားနှင့် ပြည့်စုံသည်ဖြစ်၍ ရဟန်းတို့အား ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေး၏။ အလွန် စင်ကြယ်သော သီလရှိသူဖြစ်၏။ ဥပုသ်နေ့တိုင်း မပျက်မကွက် ဥပုသ် သီလစောင့်သုံး လေ့ရှိ၏။ ထိုဥပါသိကာ မိန်းမသည် သင့်တင့်လျောက်ပတ်သော တရားတော်ကို နာကြားရသည်ဖြစ်၍ မိမိဝါသနာ အလေ့အထုံ ရှေးက ပါရမီ ကုသိုလ်အကြောင်းများ ပြည့်စုံခြင်းကြောင့် ကမ္မဋ္ဌာန်းတရားကို ပွားများသည်ရှိသော် သောတာပန်အဖြစ်သို့ ရောက်၏။ သောဏဒိန္နာ ဥပါသိကာမိန်းမ စုတေ၍ တာဝတိံတာ နတ်ပြည်၌ သောဏဒိန္နာ နတ်သမီးအဖြစ် ထင်ရှားလေသည်။

**မှတ်ချက်**။ ။ သီလအကျိုးပြဝတ္ထုလည်း များစွာ ရှိပေ၏။

**(င) ဘာဝနာ၏ သဘောအဓိပ္ပာယ်** "ဘာဝနာ"ကား မြန်မာတို့ အသုံးများသဖြင့် နားယဉ်နေသော စကားလုံး ဖြစ်၏။ သို့သော် မြန်မာစကားလုံးမဟုတ်။ ပါဠိစကားလုံးဖြစ်သည်။ "မိမိတို့ သန္တာန်မှာ ဖြစ်လာအောင် တစ်ကြိမ်ဖြစ်ခဲ့ပြီး နောက်၌လည်း အထပ်ထပ် ဖြစ်ပေါ် လာအောင် ရှုမှတ်ပွားများခြင်း"ဟု အဓိပ္ပာယ်ရှိပါသည်။

အဘယ်အရာတို့ကို အထပ်ထပ်ဖြစ်ပွားအောင် အားထုတ်သင့်သနည်း။ သမထနှင့် ဝိပဿနာလုပ်ငန်းတို့ပင် ဖြစ်သည်။ ယင်းလုပ်ငန်းတို့ကို မိမိတို့ သန္တာန်မှာ အထပ်ထပ် ဖြစ်ပေါ်လာအောင် ရှုမှတ်ပွားများခြင်းသည် ဘာဝနာပင် ဖြစ်ပါသည်။ "သမထ" "ဝိပဿနာ"ဟု လုပ်ငန်းနှစ်မျိုး ကွဲပြားသဖြင့် "သမထဘာဝနာ" "ဝိပဿနာဘာဝနာ"ဟု ဘာဝနာနှစ်မျိုး ကွဲပြားရပါသည်။

**သမထဘာဝနာ** ထိုတွင် "သမထ"ဟူသည် "လိုချင်မှု (လောဘ)စသော အပူစာတ် (ကိလေသာ)တို့ကို ငြိမ်သက်အေးမြစေတတ်၏"ဟု အဓိပ္ပာယ်ရှိပါသည်။ ထိုသမထကား ပထဝီကသိုဏ်းဝန်း (စီမံပြုလုပ်ထားသော မြေဝိုင်းကို ရှုမှတ်မှု) စသော ကသိုဏ်း ၁၀–ပါး၊ ဗုဒ္ဓါနုဿတိ(ဘုရားဂုဏ်တော်ကို အဖန်ဖန်ရှုမှတ်မှု) စသော အနုဿတိ ၁၀–ပါး စသည်ဖြင့် ကျင့်နည်းကျင့်စဉ် လေးဆယ် ရှိပါသည်။ ထိုလေးဆယ်ထဲမှ တစ်ပေခန့်လောက်ဖြစ်စေ၊ ကောက်စပါး ထည့်သည့် ဆန်ကောဝိုင်းလောက်ဖြစ်စေ ရွံ့စေးဖြင့် မြေဝိုင်းပုံသဏ္ဌာန်ပြုလုပ်၍ "ပထဝီ ပထဝီ" (မြေ မြေ)ဟူ၍ အဖန်ဖန်ရှုမှတ်ခြင်းကို ပထဝီကသိုဏ်း ရှုသည်ဟု ခေါ်ပါသည်။ မြတ်စွာဘုရား၏ ဂုဏ်တော်များကို "အရဟံ"စသည်ဖြင့် အဖန်ဖန် ရှုမှတ်ခြင်းကို ဗုဒ္ဓါနုဿတိ(ဘုရားဂုဏ်တော်ကို အဖန်ဖန် ရှုမှတ်ခြင်း) ဟုခေါ်ပါသည်။ ထိုသို့ ရှုမှတ်နေရာ၌ စိတ်သည် ဟိုသည် မပျံ့လွင့်ဘဲ တွေ့မြင် ရှုမှတ်နေသောအာရုံမှာ တည်ငြိမ်နေခြင်းကို သမာဓိရသည်ဟု ခေါ်ပါသည်။ ထိုအခါ လောဘ စသော ကိလေသာများ မရှိဘဲ စိတ်သည် ငြိမ်းအေးချမ်းသာနေပါသည်။ ထိုသို့ သမာဓိရမှသာ စိတ်အေးချမ်းသာနိုင်မည် ဖြစ်သဖြင့် သမထ (ငြိမ်းအေးစေမှု) ဟူသည် သမာဓိ၏ အမည် ဖြစ်ပါသည်။ ထို(သမထ)လုပ်ငန်းကို အဖန်ဖန် ပြုလုပ်ရှုမှတ်မှု (ဘာဝနာ)နှင့် တွဲဖက်၍ "သမထဘာဝနာ"ဟု ခေါ်ကြပါသည်။

**ဝိပဿနာ ဘာဝနာ** ထူးထူးခြားခြား ရှုမှတ်သိမြင်တတ်သော အသိဉာဏ်ကို "ဝိပဿနာ"ဟု ခေါ်ပါသည်။ တစ်စုံတစ်ခုသော အာရုံကို မြင်လျှင် "မြင်တယ် မြင်တယ်"ဟူ၍ လည်းကောင်း၊ တစ်နေရာရာက နာလျှင် "နာတယ် နာတယ်"ဟူ၍ လည်းကောင်း ရှုမှတ်နေရာတွင် ထိုမြင်ရာ, နာရာ အာရုံသည် ဖြစ်လိုက် ပျောက်လိုက် စသည်ဖြင့် မမြဲခြင်း အမှတ်အသား (အနိစ္စလက္ခဏာ)စသည်ကို ရှုမှတ်နေသောယောဂီသည် သိမြင်လာပါသည်။ ထို(ဝိပဿနာ) လုပ်ငန်းကို အဖန်ဖန် ပြုလုပ်ရှုမှတ်မှု (ဘာဝနာ) နှင့် တွဲဖက်၍ "ဝိပဿနာဘာဝနာ" ဟု ခေါ်ကြခြင်း ဖြစ်သည်။

**ကမ္မဋ္ဌာန်း** ထိုသမထဘာဝနာ, ဝိပဿနာဘာဝနာ နှစ်မျိုးလုံးကိုပင် "ကမ္မဋ္ဌာန်း" ဟုခေါ်ကြသေး၏။ သမထအလုပ်၊ ဝိပဿနာအလုပ်တို့၏ တည်ရာ မှီရာဖြစ်သောကြောင့် "ကမ္မဋ္ဌာန်း"ဟု ခေါ်ခြင်း ဖြစ်သည်။ မြေဝန်းကို ကြည့်၍ "ပထဝီ ပထဝီ" (မြေ၊ မြေ)ဟု အဖန်ဖန်ရှုမှတ်မှု အလုပ်သည် ထိုမြေဝိုင်းအာရုံမှာ တည်မှီ၍ ဖြစ်ရ၏။ ထို့ကြောင့် မြေဝိုင်းပုံသဏ္ဌာန်အာရုံသည် "ကမ္မဋ္ဌာန်း"မည် ပါသည်။ ထို့အတူပင် "မြင်တယ်၊ မြင်တယ်" "နာတယ်၊ နာတယ်" "ညောင်းတယ်၊ ညောင်းတယ်" စသည်ဖြင့် ဝိပဿနာရှုရာ၌ ထိုရှုမှတ်မှုအလုပ်သည် မြင်၊ နာ၊ ညောင်းသော အာရုံ၌ တည်မှီရပါသည်။ ထို့ကြောင့် ထိုမြင်၊ နာ၊ ညောင်းသော အာရုံသည် "ကမ္မဋ္ဌာန်း"ပင် ဖြစ်ပါသည်။

သို့ဖြစ်၍ "သမထဘာဝနာ" "ဝိပဿနာဘာဝနာ"ဟု ခေါ်သကဲ့သို့ပင် "သမထကမ္မဋ္ဌာန်း" "ဝိပဿနာ ကမ္မဋ္ဌာန်း"ဟူ၍လည်း ခေါ်ဆိုနိုင်သည်သာ ဖြစ်ပါ၏။

မည်သို့ပင်ဖြစ်စေ ထို"သမထ" "ဝိပဿနာ"တရားတို့သည် မိမိတို့ သန္တာန်မှာ တစ်ကြိမ်တစ်ခါသာ မဟုတ်။ အကြိမ်ကြိမ် အဖန်ဖန်ငြိမ်းအေးစေသင့်, ဖြစ်ပွားစေသင့်သောကြောင့် "ဘာဝနာ"များပင် ဖြစ်ကြပါသည်။

**မှတ်ချက်။** ။ 'သမထ' 'ဝိပဿနာ'နှင့်ပတ်သက်၍ အကျယ်သိလိုသူများသည် နှစ်ဖက်လှဦးကျော်လွင်ရေးသားပြုစုသော "**အထူးသန့်စင်သော အကျင့်လမ်း**' ကျမ်းစာ၌ ကြည့်ပါရန်။

ဤအခန်းကို လယ်တီဆရာတော်၏ဒါနာဒိဒီပနီကျမ်း၊ နရသာသနကျမ်း၊ ဒါနဝတ္ထု၊ သီလဝတ္ထု စာအုပ်များနှင့် သက်ဆိုင်ရာ ပါဠိ၊ အဋ္ဌကထာကျမ်းများကို အခြေခံ၍ ပြုစုခဲ့ပါသည်။

# အခန်း (၁၀)

# သံသရာနှင့် သုံးဆယ့်တစ်ဘုံ

**(က) သံသရာဟူသည် အဘယ်နည်း** မြတ်ဗုဒ္ဓသည် "သံသရာ"နှင့် စပ်ဆိုင်သော ဒေသနာတော်များကို ဟောကြားတော်မူခဲ့၏။[၁] မြတ်ဗုဒ္ဓသည် ဘုရားဖြစ်တော်မူပြီးနောက် ပထမဆုံး ကျူးရင့်တော်မူသော ဝမ်းမြောက်စကား (ပထမဗုဒ္ဓဝစန)ဥဒါန်းတော်သည်ပင် "သံသရာ"နှင့် စပ်ဆိုင်သည့် စကား ဖြစ်၏။

မြတ်ဗုဒ္ဓသည် ဤသို့ ကျူးရင့်ခဲ့၏။

"အို-တဏှာ(လက်သမား)၊ သင့်ကိုမြင်သည့် သဗ္ဗညုတဉာဏ်ကို မရနိုင်သဖြင့် ဘဝများစွာ "သံသရာ"မှာ ငါ ကျင်လည်နေခဲ့ရပေသည်။ အို, နာ, သေတရားတို့နှင့် ဆက်စပ်နေသဖြင့် အဖန်ဖန်ပဋိသန္ဓေနေရခြင်းကား ဆင်းရဲလှပါဘိ။ ယခု သင့်ကို ငါမြင်ပြီ။ သင်သည် ငါ၏ခန္ဓာအိမ်သစ်ကို ပြုခွင့်ရတော့မည် မဟုတ်။ သင်၏ အိမ်အခြင်ရနယ်အားလုံးကို ငါချိုးဖျက်ပြီးပြီ။ အိမ်အတွက် (အဝိဇ္ဇာ)ကို ငါဖျက်ဆီးပြီးပြီ။ ငါ၏စိတ်ကား နိဗ္ဗာန်သို့ ရောက်ပြီ။ အရဟတ္တဖိုလ်တရားကို ငါရပြီးပြီ[၂]။

---

၁။ သံယုတ်ပါဠိတော်၊ နိဒါနဝဂ်၊ အနမတဂ္ဂသံယုတ်၊ တိဏကဋ္ဌ စသောသုတ်များ၊ ပုဂ္ဂလပညတ်၊ အင်္ဂုတ္တိုရ်၊ သီလက္ခန် စသောပါဠိတော်များ။

၂။ ခုဒ္ဒကနိကာယ်၊ ၁-ဓမ္မပဒပါဠိ-၃၆၊ ဓမ္မပဒ၊ ၄-၃-၈၀။

ဤသို့ (အနေကဇာတိသံသာရံ စသည်ဖြင့်)ကျူးရင့်တော်မူသော စကားတွင် "ဘဝများစွာ သံသရာမှာ ငါကျင်လည်ခဲ့ရပေသည်"ဟူသော စကားရပ်၊ "အဖန်ဖန် ပဋိသန္ဓေနေရခြင်းကား ဆင်းရဲလှပါဘိ"ဟူသော စကားရပ်၊ "ခန္ဓာအိမ်သစ်ကို ပြုခွင့်ရတော့မည်မဟုတ်"ဟူသောစကားရပ်တို့သည် "သံသရာ" (ဘဝဆက်လက် ဖြစ်ပေါ်မှု)နှင့်စပ်ဆိုင်သော စကားရပ်များ ဖြစ်၏။ မြတ်ဗုဒ္ဓ၏ဝါဒသည် "သံသရာ" ကို လက်ခံယုံကြည်သော ဝါဒဖြစ်ကြောင်း ထင်ရှားသည့် သာဓကတစ်ရပ်ဖြစ်သည်။ မြတ်ဗုဒ္ဓဝါဒ၏ အဓိက ပန်းတိုင်ဖြစ်သော "နိဗ္ဗာန်"ကို ရောက်လိုခြင်းသည်ပင် "သံသရာ"ဝဋ်ဒုက္ခမှ လွတ်မြောက်လိုသောကြောင့် ဖြစ်ကြောင်းသိသာလှပါသည်။ ထို့ကြောင့် "သံသရာ"ကို လက်ခံယုံကြည်မှု ဝါဒသည် မြတ်ဗုဒ္ဓဝါဒ၏ ကျောရိုးကြီးနှင့် တူလှပါ၏။ မြတ်ဗုဒ္ဓသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလကြာအောင် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့၏ ဟုဆိုခြင်းကား ထို"သံသရာ"ခရီးလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းရင်း ဖြည့်ကျင့်တော်မူခဲ့ခြင်းဖြစ်သည်။ "သံသရာရှိ၏" ဟူသော ယုံကြည်ချက်သည် မြတ်ဗုဒ္ဓ၏ ဝါဒအတွက် အဘယ်မှာ အရေးမပါဘဲ နေပါမည်နည်း။ ထိုသို့ဆိုလျှင် မေးစရာ ရှိလာ၏။

**သံသရာဟူသည် အဘယ်နည်း**[၁] ဤမေးခွန်းမျိုးကို မိလိန္ဒမင်းကြီးက ရဟန္တာ အရှင်နာဂသေနအား မေးလျှောက်ခဲ့ဖူးပြီ။

အရှင်နာဂသေန က–

> "မင်းမြတ်၊ ဤအရပ် ဤဘုံ၌ဖြစ်၍ ဤအရပ် ဤဘုံ၌ပင် သေ၏။ ဤအရပ် ဤဘုံ၌ပင် သေ၍ တစ်ပါးသော အရပ်၊ တစ်ပါးသော ဘုံ၌ ဖြစ်ပြန်၏။ ထိုအရပ် ထိုဘုံ၌ ဖြစ်၍ ထိုအရပ် ထိုဘုံ၌ပင် သေပြန်၏။ ထိုအရပ် ထိုဘုံ၌ သေ၍ တစ်ပါးသော အရပ်၊ တစ်ပါးသောဘုံ၌ ဖြစ်ပြန်၏။ မင်းမြတ်၊ ဤကား သံသရာပင် ဖြစ်၏"[၁]

ဟု ဖြေဆိုတော်မူခဲ့သည်။

အဋ္ဌသာလိနီအဋ္ဌကထာ၌လည်း "ခန္ဓာ အာယတန ဓာတ်တရားတို့၏ အဆက်မပြတ်သော ဖြစ်စဉ်သည် သံသရာမည်၏"ဟု ဖော်ပြထားပါသည်[၂]။

---

၁။ မိလိန္ဒပဉှ–ပါဠိတော်၊ သံသာရပဉှာ။

၂။ အဋ္ဌသာလိနီ အဋ္ဌကထာ–၁၁။

ခြုံ၍ဆိုရလျှင် သံသရာဟူသည် တစ်ဘဝမှ တစ်ဘဝ တပြောင်းပြန်ပြန် အဖန်ဖန်အထပ်ထပ် အဆက်မပြတ် ဖြစ်ပျက်ခြင်းပင် ဖြစ်သည်။ လူတိုင်း ကိုယ့်ခန္ဓာနှင့် ကိုယ့်သံသရာနှင့်သာ။ ထိုသံသရာကား အစ မသိနိုင်လောက်အောင် ကြာမြင့်ခဲ့ပြီ။ ထို့ကြောင့် သတ္တဝါတစ်ဦး၏ ဘဝအစကား မထင်ရှားနိုင်တော့ပြီ။ သို့သော် ထင်ရှားသည်ကား ထိုသတ္တဝါ၏ အဝိဇ္ဇာနှင့် တဏှာဝင်္ဋမြစ်ကား ထင်ရှားပေ၏။

ဤတွင် သတိပြုစရာ ရှိလာ၏။ သတ္တဝါတို့သည် ဤသို့ သံသရာ လည်ပတ်ကြရာ၌ "ဤဘဝ ဤဘုံမှ ရုပ်နာမ်ကပင် ထိုဘဝ ထိုဘုံ၌ ပြောင်းရွှေ့ဖြစ်ပျက်၏"ဟု မစွဲယူသင့်ခြင်း ဖြစ်သည်။ ထိုသို့စွဲယူက သဿတဒိဋ္ဌိ (မြဲ၏ ဟူသော အယူမှား) ဖြစ်လိမ့်မည်။ တစ်ဖန် "ဤဘဝ ဤဘုံမှ ရုပ်နာမ်သည် ဤဘဝ ဤဘုံမှာပင် သေကျေကင်းပြတ်၏။ နောက်ဘဝ နောက်ဘုံနှင့် ဘာမျှ မသက်ဆိုင်"ဟု စွဲယူပြန်လျှင်လည်း ဉစ္ဆေဒဒိဋ္ဌိ (သေလျှင်ပြတ်၏ ဟူသော အယူမှား) ဖြစ်လိမ့်ဦးမည်။ မြတ်ဗုဒ္ဓကား ယင်းအယူနှစ်ခုတို့၏ အကြားမှာ အကြောင်းကြောင့် အကျိုးဖြစ်ပေါ်ခြင်းကိုသာ ညွှန်ပြတော်မူလေသည်။ ဤ၌ အမှန်ကို ယူဆတတ်ရန်မှာ သိမ်မွေ့နက်နဲလှ၏။

ဤအကြောင်းနှင့်ပတ်သက်၍ ဤဘဝ ဤဘုံမှ ရုပ်နာမ်တစ်စုံတစ်ရာက မပြောင်းရွှေ့ဘဲ ဟိုဘဝ ဟိုဘုံ၌ ပဋိသန္ဓေ နေနိုင်ပုံကို မိလိန္ဒပဉှာတွင် ဤသို့ ပြဆိုထား၏။

အရှင်နာဂသေန။ ။ မင်းမြတ်၊ ဥပမာကား တစ်စုံတစ်ယောက်သော ယောက်ျားသည် မီးတိုင်တစ်ခုမှ မီးတိုင်တစ်ခုကို ညှိထွန်း၏။ မင်းမြတ် အသို့နည်း။ ထိုမီးသည် ထိုမီးတိုင်မှ ပြောင်းရွှေ့သွားသလော။

မိလိန္ဒမင်း။ ။ အရှင်ဘုရား၊ မပြောင်းရွှေ့ပါ။

အရှင်နာဂသေန။ ။ မင်းမြတ်၊ ဤအတူပင် ဤဘဝမှ တစ်စုံတစ်ရာ မပြောင်းရွှေ့ဘဲ ပဋိသန္ဓေ ဖြစ်၏။

မိလိန္ဒမင်း။ ။ ထို့ထက်အလွန် ဥပမာပြုပါဦးလော့။

အရှင်နာဂသေန။ ။ မင်းမြတ်၊ သင်မင်းမြတ်သည် ငယ်စဉ်က ကဗျာဆရာထံမှာ တစ်စုံတစ်ခုသော ကဗျာကို သင်ဖူးကြောင်း မှတ်မိပါ၏လော။

မိလိန္ဒမင်း။ ။ အရှင်ဘုရား မှတ်မိပါ၏။

အရှင်နာဂသေန။ ။ မင်းမြတ်၊ အသို့နည်း။ ထိုကဗျာသည် ဆရာ့ထံမှ ပြောင်းရွှေ့လာသလော။

မိလိန္ဒမင်း။ ။ အရှင်ဘုရား၊ မပြောင်းရွှေ့ပါ။

အရှင်နာဂသေန။ ။ မင်းမြတ်၊ ဤအတူသာလျှင် ဤဘဝမှ တစ်စုံတစ်ရာ မပြောင်းရွှေ့ဘဲ ဟိုဘဝ၌ ပဋိသန္ဓေစွဲယူ၏[၁]။

သို့ဖြစ်၍ တစ်ဘဝမှ တစ်ဘဝသို့ ပြောင်းရွှေ့၍ သံသရာ လည်ပတ်ရာတွင် ဤဘဝ ဤဘုံမှ ရုပ်နာမ်နှင့် ဟိုဘဝ ဟိုဘုံမှ ရုပ်နာမ်သည် ထပ်တူထပ်မျှ လုံးဝ တူသည်လည်း မဟုတ်။ တကွဲတပြား လုံးဝခြားနားသည်လည်း မဟုတ်။ နွားနို့မှ နို့ဓမ်း စသည် ဖြစ်ရာတွင် နို့ဓမ်းသည် နွားနို့ မဟုတ်သော်လည်း နွားနို့နှင့် အကြောင်းမကင်းသကဲ့သို့ ထို့အတူပင် ဤဘဝ ဤဘုံမှ ရုပ်နာမ် အကြောင်းကြောင့် ဟိုဘဝ ဟိုဘုံမှာ ရုပ်နာမ်အကျိုးတရား ဖြစ်ပေါ်ရခြင်း ဖြစ်သည်။ အတိတ်ဘဝက ကံသတ္တိသည် အကြောင်း၊ ယခုဘဝ ပဋိသန္ဓေသည် အကျိုး၊ အတိတ်ဘဝကံကြောင့် ယခုဘဝ ဖြစ်လာသည်ဟု မှတ်။

ဤသို့ တစ်ဘဝမှ တစ်ဘဝ ပြောင်းရွှေ့ဖြစ်ပျက်ရာ၌ သံသရာခရီးကား ရှည်ဝေးကြာမြင့်လွန်းလှ၏။ သမုဒ္ဒရာသည် ဆုံးစမမြင် ကျယ်ပြန့်သလိုပင် သံသရာသည်လည်း ဆုံးစမမြင် အလွန်ပင် ရှည်လျားလှပါ၏။ သံသရာဟူသော သမုဒ္ဒရာ၏ အနားရေးကမ်းစကို ဘယ်မှာ စတင်ခဲ့ကြောင်း မသိနိုင်ပေ။ သံသရာ၏ ရှေ့ပျား အနားရေးအစကား နှစ်ပေါင်း ရာထောင် စသည် ကြာခဲ့ပြီ။ ကမ္ဘာပေါင်း ရာထောင် စသည် ရှည်ခဲ့ပြီ။ ဤမင်း ဤဘုရားလက်ထက်က စတင်ဖြစ်ခဲ့သည်။ ထိုကာလ၏ ရှေးက စတင် မဖြစ်ပေါ်ခဲ့သေး ဟု ခေတ်ကာလကို သတ်မှတ်၍ မရနိုင်။ ထို့ကြောင့် "သမုဒ္ဒရာအသွင် သံသရာခွင်" (သံသာရ သာဂရ) ဟု ဖွင့်ဆိုကြခြင်းဖြစ်ပါ၏။[၂]

---

၁။ မိလိန္ဒပဉှာ၊ အသက်မန ပဋိသန္ဓဟနပဉှာ
၂။ သီလက္ခန်အဋ္ဌကထာ–၁၁

**(ခ) သုံးဆယ့်တစ်ဘုံ၏ သရုပ်လက္ခဏာ** သံသရာဟူသည် တစ်ဘဝမှ တစ်ဘဝ အဖန်ဖန် ပြောင်းရွှေ့ဖြစ်ပျက်ခြင်း ဖြစ်ကြောင်း ဆိုခဲ့ပြီ။ ထိုသံသရာခရီးတစ်လျှောက် သတ္တဝါများ ရောက်ကြရသော ဘုံဌာနတို့ကား အဘယ်နည်း။ ယင်းဘုံဌာနများကို သြကာသလောကဟု ခေါ်သည်။ သြကာသလောက ဘုံဌာနသည် မြတ်ဗုဒ္ဓ၏ ဝါဒအရ ၃၁–ဘုံရှိကြောင်း အများသိကြပြီး ဖြစ်၏။ ယင်း ၃၁–ဘုံကား–

| | |
|---|---|
| (၁) အပါယ်ဘုံ | ၄ |
| (၂) လူ့ဘုံ | ၁ |
| (၃) နတ်ဘုံ | ၆ |
| (၄) ရုပ်နာမ်နှစ်ပါးရှိ (ရူပ) ဗြဟ္မာဘုံ | ၁၅ |
| (၅) ရုပ်သက်သက်သာရှိ (အသညသတ်) ဗြဟ္မာဘုံ | ၁ |
| (၆) နာမ်သက်သက်သာရှိ (အရူပ) ဗြဟ္မာဘုံ | ၄ |
| စုစုပေါင်း | ၃၁–ဘုံ |

မြတ်ဗုဒ္ဓသည် ၃၁–ဘုံရှိကြောင်း သုတ်၊ ဝိနည်း၊ အဘိဓမ္မာ သုံးမျိုးလုံးမှာပင် ဟောခဲ့၏။ အထူးသဖြင့် ယမိုက်ကျမ်းတွင် ၃၁–ဘုံ စုံလင်အောင် ဟောကြားခဲ့ပေသည်။ ထို ၃၁–ဘုံ၏ တည်နေပုံ ပထဝီဝင်ကား မည်သို့နည်း။[၁]

**၁။ ကမ္ဘာမြေတည်နေပုံ**

ဤလူ့ကမ္ဘာ၏ မြေနှင့်ကျောက် နှစ်မျိုးစလုံး၏ ထုထည်သည် ယူဇနာ[၂] ၂–သိန်း ၄–သောင်း ရှိ၏။ ဤမြေထုသည် ယူဇနာ ၄–သိန်း ၈–သောင်းရှိ ရေခဲထုကြီးပေါ်၌ တည်နေ၏။ ဤမြေထုနှင့် ရေထု (ယူဇနာ ခုနစ်သိန်းနှစ်သောင်း)ကို ယူဇနာ ကိုးသိန်းခြောက်သောင်းရှိ လေထုကြီးက ပင့်မ သယ်ဆောင်ထားသည်။ ဤလေထုကြီး၏ အောက်၌ အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်ကြီး တည်ရှိ၏။ ထိုကမ္ဘာ့ဝန်းကျင် ကောင်းကင်ကြီးအတွင်း၌ မိးကလာပ်တွေ အပြည့်ရှိသည်ဆို၏။

၁။ ဆရာနှစ်ဖက်လှ၏သိပ္ပံခေတ်နှင့် ဗုဒ္ဓအစိန္တေယျတရား၊ ၂၀၇/၂၀၈

၂။ တစ်ယူဇနာ ၁၂–မိုင်၊ ၅–ဖာလုံ၊ ၈–သံကြိုးနှင့် ၄–ယာဒ်ရှိ၏။ အခြားဝါဒကွဲများလည်း ရှိသေးသည်။ ဆရာနှစ်ဖက်လှ၏သိပ္ပံခေတ်နှင့် ဗုဒ္ဓအစိန္တေယျတရား၊ ၂၁၇

ဤကမ္ဘာသည် အထက်ကောင်းကင်၊ အောက်ကောင်းကင် နှစ်ခုအကြား၌ တည်ရှိနေကြောင်း၊ လေထုက သယ်ပိုးဆောင်ကြဉ်းထား၍ လေ၏ သဘာဝအလိုက် ရွေ့လျားမှု ရှိနေမည်ဖြစ်ကြောင်း လ,စသော အခြားဂြိုဟ်များကဲ့သို့ အာကာသ အကွင်းမှာ တွဲလွဲတည်ရှိနေကြောင်း သိရှိနိုင်ပါသည်။ ဤကား လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀–ကျော်လောက်ကပင် ဖော်ပြခဲ့သည့်အကြောင်းအရာများ ဖြစ်သည်။ သိပ္ပံပညာရှင်တို့ကမူ ကမ္ဘာကို ဝိုင်းပတ်ထားသော လေထုသည် တန်ချိန် ၅,၇၀၀,၀၀၀,၀၀၀,၀၀၀ ခန့် ရှိသည်ဆို၏။ ယူဆချက် နှစ်ရပ်ကို နှိုင်းယှဉ်ကြည့်က စိတ်ဝင်စားဖွယ်ကောင်းလွန်းပေစွ။

## ၂။ သုံးဆယ့်တစ်ဘုံတည်နေပုံ

ငရဲ (ချမ်းသာကင်းသော)ဘုံသည် ရှစ်ဘုံရှိ၏။ သိဉ္ဇိုင်း၊ ကာလသုတ်၊ သံဃာတ၊ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ အဝီစိငရဲတို့ ဖြစ်သည်။ ယင်းရှစ်ဘုံကို ပေါင်း၍ "ငရဲဘုံ"ဟု ဘုံတစ်ဘုံအဖြစ် သုံးနှုန်းခေါ်ဝေါ်ကြသည်။

အချို့ပါဠိတော်များ၌ "ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ"ဟု အပါယ်သုံးဘုံသာ ဟောပြ၏။ အသူရကာယ်ကို တာဝတိံသာ နတ်တို့တွင် ရောသွင်း၍ သို့မဟုတ် ပြိတ္တာအတွင်းမှာ ရောသွင်း၍ ထိုသို့ သုံးဘုံသာ ဟောပြဟန် တူသည်။ အများအားဖြင့် အပါယ်လေးဘုံဟု ခေါ်ဝေါ်ကြသည်။ ဤကမ္ဘာမြေပြင်မှ အောက်ယူဇနာ တစ်သောင်း ငါးထောင် ကွာဝေးသော အရပ်၌ သိဉ္ဇိုင်းငရဲ တည်ရှိ၏။ ယင်း၏အောက်အဆင့်ဆင့်၌ ယူဇနာတစ်သောင်းငါးထောင်စီ ခြားကွာ၍ ကာလသုတ် စသော ကြွင်းငရဲဘုံအဆင့်ဆင့် တည်ရှိကြသည်။ ငရဲဘုံတွင် မီးဟုန်းဟုန်းတောက်လောင်နေသော သံမြေများ ကျိုက်ကျိုက်ဆူပွက်နေသော ရေများ ရှိသည်ဟု ကျမ်းဂန်တို့၌ ပြဆိုသည်။ သိပ္ပံပညာရှင်တို့က ကမ္ဘာမြေ၏ ထုထည်သည် မိုင်သန်းပေါင်း နှစ်သိန်းခြောက်သောင်း ရှိသည်။ မြေပြင်မှ ၆၆–မိုင်ခန့် ထုသော ကျောက်လွှာကြီးနှစ်ထပ်အတွင်း၌ အရေပျော်နေသော သံ၊ နှစ်ကဲလ်နှင့် ကိုဘော့သတ္တုများကို ထိန်းချုပ်ထားသည်။ ကမ္ဘာ၏ဗဟိုချက်သည် အရည်လော အစိုင်အခဲလောဟူ၍ ယနေ့ထိ မည်သူမျှ မပြောနိုင်သေးချေ စသည်ဖြင့် ပြောဆိုကြသည်။ အဆိုနှစ်ရပ်လုံးသည် စိတ်ဝင်စားဖွယ် ဖြစ်ပါ၏။

အပါယ်ဘုံသားတို့၌ အသက်တမ်း သတ်မှတ်ချက် မရှိ။ ပြုလုပ်ခဲ့သော အကုသိုလ်ကံ အနည်းအများအလိုက် ခံနေကြရလေသည်။

တိရစ္ဆာန်ကား ဘုံသီးခြားမရှိ။ လူတို့ဘုံမှာပင် နေကြလေသည်။ တိရစ္ဆာန်တို့ နေထိုင်ရာအစုအဝေးကိုပင် တိရစ္ဆာန်ဘုံဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။ ပြိတ္တာတို့ကား တောင်ကြီးတောကြီးစသည်တို့၌ နေထိုင်ကြသည်။ ယင်းတို့ကို လူများမမြင်နိုင်ကြချေ။ ယင်းတို့က ကိုယ်ထင်ပြမှသာ မြင်ကြရသည်။ ယင်းတို့သည် လူတို့လောက် ဘုန်းကံမကြီး၍ ခြောက်လှန့်လည်း ကြောက်လန့်စရာ မလိုပေ။

ဤလူ့ဘုံ၏အထက် ယူဇနာ လေးသောင်းနှစ်ထောင် ကွာဝေးသောအရပ် (ယုဂန္ဓိုရ်တောင်ထိပ်)၌ စတုမဟာရာဇ်နတ်ဘုံရှိ၏။ နတ်ခြောက်ဘုံအနက် အောက်ဆုံးဘုံဖြစ်သည်။ စတုမဟာရာဇ်နတ်ဘုံအထက် ယူဇနာ လေးသောင်းနှစ်ထောင်ဝေးသောအရပ် (မြင့်မိုရ်တောင်ထိပ်)၌ တာဝတိံသာနတ်ဘုံ၊ ယင်းအထက် ယာမာ၊ ယင်းအထက် တုသိတာ၊ ယင်းအထက် နိမ္မာနရတိ၊ ယင်းအထက် ပရနိမ္မိတဝသဝတ္တီနတ်ဘုံတို့သည် ယူဇနာ လေးသောင်းနှစ်ထောင်စီ ခြားကွာလျက် အဆင့်ဆင့် တည်ရှိကြသည်။

ပရနိမ္မိတဝသဝတ္တီနတ်ဘုံ၏ အထက်ယူဇနာ ငါးသန်းငါးသိန်းရှစ်ထောင်ဝေးသောအရပ်၌ အောက်ဆုံး ဗြဟ္မာဘုံ သုံးဘုံသည် ဘေးတိုက် တန်းစီတည်ရှိ၏။ ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မာပုရောဟိတာ၊ မဟာဗြဟ္မာဘုံတို့ ဖြစ်သည်။ ယင်းတို့ကို ပထမဈာန်သုံးဘုံဟု ခေါ်သည်။

ပထမဈာန် သုံးဘုံအထက် ယူဇနာ ငါးသန်းငါးသိန်းရှစ်ထောင် ဝေးသောအရပ်၌ ပရိတ္တာဘာ၊ အပ္ပမာဏာဘာ၊ အာဘဿရာဟူသော ဒုတိယ ဈာန်သုံးဘုံတစ်ပြေးညီစွာ ဘေးတိုက်တည်ရှိကြသည်။

ယင်းအထက်ဖော်ပြပါအတိုင်း အကွာအဝေးတူညီသော အရပ်၌ ပရိတ္တသုဘာ၊ အပ္ပမာဏသုဘာ၊ သုဘကိဏှာမည်သော တတိယဈာန်ဘုံတို့ တစ်ပြေးညီတည်ရှိကြသည်။

ယင်းအထက် ဖော်ပြပါအတိုင်း အကွာအဝေး တူညီသောအရပ်၌ ဝေဟပ္ဖိုလ်ဘုံ၊ အသညသတ်ဘုံနှင့် သုဒ္ဓါဝါသငါးဘုံတို့ တစ်ပြေးညီ တည်ရှိကြသည်။ ယင်းခုနစ်ဘုံကို စတုတ္ထဈာန်ဘုံဟု ခေါ်၏။ ထိုတွင် အသညသတ်ဘုံရှိ ဗြဟ္မာများကရုပ်သာရှိ၍ သိစိတ် သိနာမ် မရှိပေ။

စတုတ္ထဈာန်ခုနစ်ဘုံ၏ အထက် ယူဇနာ ငါးသန်းငါးသိန်းရှစ်ထောင်ဝေးသောအရပ်မှစ၍ အာကာသာနဉ္စာယတနဘုံ၊ ဝိညာဏဉ္စာယတနဘုံ၊ အာကိဉ္စာ

ညာ ယတနဘုံနှင့် နေဝသညာနာသညာယတနဘုံတို့သည် ယူဇနာ ငါးသန်းငါးသိန်း ရှစ်ထောင်စီ ထက်အောက်ခြားကွာလျက် အဆင့်ဆင့် တည်ရှိကြသည်။ ယင်းလေးဘုံကို အရူပ (ရုပ်မရှိ၊ နာမ်သာရှိ) ဗြဟ္မာဘုံဟု ခေါ်ကြသည်။

ဖော်ပြပါ ရုပ်သက်သက် တစ်ဘုံ၊ နာမ်သက်သက် လေးဘုံမှ တစ်ပါး ကျန်ဗြဟ္မာဘုံ ၁၅–ဘုံသည် ရုပ်နာမ်အစုံရှိ ဗြဟ္မာဘုံများ ဖြစ်ကြသည်။ ဖော်ပြခဲ့သည့် အထက်ဆုံး ဗြဟ္မာဘုံနှင့် လူ့ဘုံသည် ယူဇနာပေါင်း ၂၂,၂၈၄,၀၀၀ (နှစ်ကုဋေ,နှစ်သန်း,နှစ်သိန်း,ရှစ်သောင်း,လေးထောင်)ကွာဝေး၏။

## ၃။ နတ်ပြည် ဗြဟ္မာပြည်မှ မြေအမျိုးအစား

နတ်ပြည် ဗြဟ္မာပြည်၌ မြေသည် လူ့ပြည်မှာကဲ့သို့ ဖုန်မှုန့်ပါသော မြေမျိုး မဟုတ်၊ ဖန်မြေ, မှန်မြေ ဖြစ်၏။ ဖုန်မှုန့် စသော အညစ်အကြေးကင်းစင်၍ နတ်ဗြဟ္မာတို့၏ကိုယ်ကာယအဆင်းသည် ကြည်လင်၏။ ရောင်ရှင်ဝင်းပ၏။

## ၄။ နတ်အစားအစာ

နတ်တို့သည် နတ်သုဓာခေါ် ဩဇာ အဆီအနှစ် အနည်းငယ်မျှကိုသာ စားသုံးကြသည်။ ထိုနတ်သုဓာသည် လူတို့၏ အစာအာဟာရမျိုးကဲ့သို့ ကာဘွန်ပါသော အစာမျိုးမဟုတ်။ ခန္ဓာကိုယ်၌ အားဖြစ်စေနိုင်သည့် အစွမ်းထက်သော အဆီအနှစ်တစ်မျိုးသာဖြစ်သည်။ ထို့ကြောင့် ခန္ဓာကိုယ်အတွက် အသုံးမဝင်သော ကာဘွန်များကို ပြန်လည်ထုတ်ပစ်ရန် မလိုတော့သဖြင့် နတ်များသည် လူများလို အပေါ့ အလေး စွန့်ရခြင်း မရှိပေ။

## ၅။ ဗြဟ္မာ အစားအစာ

ဗြဟ္မာတို့ကား ရုပ်ဝတ္ထု အာဟာရ တစ်စုံတစ်ရာကို စားသုံးခြင်းမရှိ။ ပီတိ ခေါ်စိတ်၏ နှစ်သက်ငြိမ်းချမ်းမှုဖြင့်သာ တည်နေကြလေသည်။ စားသုံးသော အာဟာရက နူးညံ့သောကြောင့် ဗြဟ္မာကိုယ်ကာယသည် လွန်စွာ နူးညံ့သိမ်မွေ့လှသည်။

ဗြဟ္မာတို့ အစာမစားဘဲ ပီတိဖြင့်သာ နေသည်ဆိုသဖြင့် "ယုံရခက်ခက်" ဟု ထင်တတ်ကြ၏။ တရားရှုမှတ်သော ယောဂီအချို့သည် တစ်ရက်တွင် ထမင်းလေးငါးလုတ်မျှသာ စားသော်လည်း ဆာလောင်မွတ်သိပ်မှု မရှိခြင်း၊ နှစ်ညသုံးည မအိပ်စက်ရသော်လည်း ကြည်ကြည်လင်လင် ရှိနေခြင်းတို့ကို ကြုံတွေ့ရတတ်သည်။ ယင်းတို့ကို ထောက်ဆပြီး ဗြဟ္မာတို့၏ အဖြစ်ကို ယုံကြည်နိုင်ကြ

ပေသည်။ အကယ်၍ ယုံကြည်ရန် အခက်အခဲရှိပါက မြတ်ဗုဒ္ဓ၏ ဝိပဿနာတရားကို သမာဓိထူး အာရုံနိမိတ်ထူး ဉာဏ်အထူးပေါ်သည်အထိ အားထုတ်ကြည့်သင့်ကြပေသည်။ သို့မှသာ မြတ်ဗုဒ္ဓဝါဒဆိုင်ရာ အချို့အချက်များကို လက်ခံယုံကြည်နိုင်ကြမည် ဖြစ်သည်။

နတ်ပြည်တွင် နတ်သား, နတ်သမီးဟု လိင်ကွဲပြားချက်ရှိ၏။ လူများကဲ့သို့ ချစ်ကြိုက်မှု ပြုကြ၏။ ဗြဟ္မာပြည်၌မူ ဗြဟ္မာထီး, ဗြဟ္မာမ ဟု မရှိချေ။ အားလုံး ယောကျ်ားသဏ္ဌာန်များသာ ဖြစ်ကြသည်။ ကာမဂုဏ် စိတ်ဓာတ်လည်း လုံးဝ မရှိကြပေ။

**၆။ နတ်သက်တမ်း**

နတ်ပြည် ဗြဟ္မာပြည်ဟူသည် ကုသိုလ်ကောင်းမှု အကျိုးပေးရာ ဘုံဌာနတို့ ဖြစ်ကြသည်။ ထို့ကြောင့် နတ်ဗြဟ္မာတို့သည် လွန်စွာ အသက်ရှည်ကြ၏။

ပထဝီအနေအထားအရ ကြည့်လျှင် အောက်ဆုံးနတ်ပြည်၏ တစ်နေ့တစ်ည အချိန်ကာလသည် လူ့အချိန်အားဖြင့် နှစ်ငါးဆယ်တိတိ ကြာမြင့်သည်။ အထက် နတ်ဘုံ အသီးသီးတို့၌ နေ့တာ, ညတာသည် နတ်အချိန်ကာလအားဖြင့် နှစ်ဆ တက်၍ ပိုရှည်သွား၏။ သက်တမ်းလည်း (လူ့အရေအတွက်အားဖြင့်)လေးဆ လေးဆ ပိုမိုရှည်ကြာသွားသည်။ အထက်မြင့်လေ, နေ့တာ, ညတာ ပိုရှည်သွားလေသည်။

အာကာသယာဉ်များဖြင့် ကမ္ဘာကို လှည့်ပတ်ခဲ့သော အာကာသ မောင်မယ်များ အဆိုအရ ကမ္ဘာပတ်လမ်းကြောင်းအပြင်၌ နေ့တာ, ညတာသည် ကမ္ဘာနေ့တာ ညာတာထက်ပို၍ ရှည်ကြာသည်ဟူသော အချက်ကို သတိပြုသင့်သည်။ အထူးသဖြင့် လပေါ်က တစ်နေ့သည် ကမ္ဘာက ၁၅–ရက်တိတိရှည်ကြာသည်။ လ၏ တစ်ညသည်လည်း မြေကမ္ဘာက ၁၅–ရက်နှင့် ညီမျှသည်။ ထို့ကြောင့် လပေါ်တွင် တစ်နေ့ တစ်ညသည် လူ့ကမ္ဘာ၌ တစ်လဖြစ်သည်ဟု သိပ္ပံပညာရှင်တို့က ဖော်ပြကြသည်။

အထက်ရောက်လေ အချိန်ကာလ ပိုမိုရှည်ကြာလေ ဟူသော သဘောကို မြတ်ဗုဒ္ဓအဘိဓမ္မာတွင် ကာလစောစွာကပင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ မြတ်ဗုဒ္ဓ၏ အဘိဓမ္မာကျမ်းအရ နတ်ဘုံအသီးသီးရှိ နတ်တို့၏ သက်တမ်းသည် ဖော်ပြလတ္တံ့ပါ အတိုင်း ဖြစ်ပါသည်။

| နတ်ဘုံ | နတ်တွက်ကိန်းအသက် | လူ့တွက်ကိန်းအသက် |
|---|---|---|
| စတုမဟာရာဇ် | (နှစ်) ၅၀၀ | (နှစ်) ၉၀၀၀၀၀၀ |
| တာဝတိံသာ | ၁၀၀၀ | ၃၆၀၀၀၀၀၀ |
| ယာမာ | ၂၀၀၀ | ၁၄၄၀၀၀၀၀၀ |
| တုသိတာ | ၄၀၀၀ | ၅၇၆၀၀၀၀၀၀ |
| နိမ္မာနရတိ | ၈၀၀၀ | ၂၃၀၄၀၀၀၀၀၀ |
| ပရနိမ္မိတဝသဝတ္တိ | ၁၆၀၀၀ | ၉၂၁၆၀၀၀၀၀၀ |

## ၇။ ဗြဟ္မာသက်တမ်း

ရိုးရိုးကုသိုလ်ကောင်းမှု ပြုရုံမျှဖြင့် ဗြဟ္မာ မဖြစ်နိုင်။ ဈာန်ရမှသာ ဗြဟ္မာဖြစ်နိုင်သည်။ ပထမဈာန်ကိုရလျှင် ပထမဈာန်ဘုံသို့ ရောက်နိုင်၏။ ဒုတိယဈာန်စသည်ကိုရလျှင်လည်း ဒုတိယဈာန်ဘုံ စသည်တို့၌ ဗြဟ္မာဖြစ်နိုင်ကြသည်။

ဗြဟ္မာတို့၏ သက်တမ်းမှာ ရှည်ကြာလှသောကြောင့် နှစ်ဖြင့် ရေတွက်၍ မရနိုင်။ ကမ္ဘာဖြင့်[၁] ရေတွက်ရလေသည်။

ပထမဈာန် သုံးဘုံအနက် ဗြဟ္မပါရိသဇ္ဇာဗြဟ္မာတို့၏ အသက်သည် အသင်္ချေယျကပ်[၂]၏ သုံးပုံတစ်ပုံ၊ ဗြဟ္မပုရောဟိတာ ဗြဟ္မာတို့၏ အသက်သည် အသင်္ချေယျကပ်ထက်ဝက် မဟာဗြဟ္မာတို့၏အသက်သည် အသင်္ချေယျ ကပ်တစ်ကပ် ကြာအောင် အသက်ရှည်ကြသည်။

ဒုတိယဈာန်သုံးဘုံအနက် ပရိတ္တာဘာ ဗြဟ္မာတို့၏ အသက်သည် မဟာကပ်[၃]နှစ်ကပ် အပ္ပမာဏာဘာဗြဟ္မာတို့၏အသက်သည် မဟာကပ်လေးကပ်၊ အာဘဿရာဗြဟ္မာတို့၏ အသက်သည် မဟာကပ်ရှစ်ကပ် အသက်ရှည်၏။

---

၁။ ကမ္ဘာ= ကပ္ပ (ကပ်) ဝေါဟာရအဓိပ္ပာယ်တူ၏။

၂။ လူတို့သက်တမ်းအရ ဆယ်နှစ်မှ အသင်္ချေယျတိုင်အောင် ထိုအသင်္ချေယျတမ်းမှ ဆယ်နှစ်သက်တမ်းတိုင်အောင် တက်, ဆုတ် ရှည်ကြာသော ကာလအပိုင်းအခြားသည် အန္တရကပ် မည်၏။ ထိုအန္တရကပ် ၆၄-ကပ်တို့ဖြင့် မှတ်အပ်သော ဖြစ်ပွားဆဲ အတိုင်း တည်နေသည့် (ဝိဝဋ္ဋဋ္ဌာယီ)ကပ်သည် အသင်္ချေယျ ကပ်မည်၏။ နှစ်အားဖြင့် ရေတွက်၍ မရနိုင်။

၃။ အသင်္ချေယျကပ် ၄-ခုအပေါင်းသည် မဟာကပ်ဖြစ်သည်။

တတိယဈာန်သုံးဘုံတွင် ပါဝင်သော ပရိတ္တသုဘာဗြဟ္မာတို့၏ အသက်သည် မဟာကပ် တစ်ဆယ့်ခြောက်ကပ်၊ အပ္ပမာဏသုဘာဗြဟ္မာတို့၏ အသက်သည် မဟာကပ် သုံးဆယ့်နှစ်ကပ်၊ သုဘကိဏှာဗြဟ္မာတို့၏အသက်သည် မဟာကပ် ခြောက်ဆယ့်လေးကပ် ရှည်ကြာ၏။ စတုတ္ထဈာန်ဘုံတွင် ပါဝင်သော ဝေဟပ္ဖိုလ် ဗြဟ္မာနှင့် အသညသတ် ဗြဟ္မာတို့၏ အသက်သည် မဟာကပ် ငါးရာရှည်ကြာ၏။ သုဒ္ဓါဝါသဗြဟ္မာဘုံငါးမျိုးအနက် အဝိဟာဗြဟ္မာတို့၏ အသက်သည် မဟာကပ် တစ်ထောင်၊ အတပ္ပါဗြဟ္မာတို့၏ အသက်သည် မဟာကပ် နှစ်ထောင်၊ သုဒဿာ ဗြဟ္မာတို့၏ အသက်သည် မဟာကပ်လေးထောင်၊ သုဒဿီ ဗြဟ္မာတို့၏အသက် သည် မဟာကပ်ရှစ်ထောင်၊ အကနိဋ္ဌာဗြဟ္မာတို့၏ အသက်သည် မဟာကပ် တစ်သောင်းခြောက်ထောင် အသီးသီး ရှည်ကြာ၏။

အရူပဗြဟ္မာများအနက် အာကာသာနဉ္စာယတနဗြဟ္မာတို့၏ အသက်သည် မဟာကပ်နှစ်သောင်း၊ ဝိညာဏဉ္စာယတနဗြဟ္မာတို့၏ အသက်သည် မဟာကပ် လေးသောင်း၊ အာကိဉ္စညာယတနဗြဟ္မာတို့၏ အသက်သည် မဟာကပ် ခြောက် သောင်း၊ နေဝသညာနာသညာယတနဗြဟ္မာတို့၏ အသက်သည် မဟာကပ် ရှစ် သောင်းလေးထောင် ရှည်ကြာကြပါသည်။

၈။ **အမှန်အရှိနှင့် ဉာဏ်အသိ** သတ္တဝါတို့သည် သံသရာခရီးတစ်လျှောက် လားရောက်ကြရသော ဘုံဌာနတို့ကား ဖော်ပြ ပါအတိုင်း သုံးဆယ့်တစ်ဘုံ ရှိပေသည်။ ယင်းတို့ကို ပကတိမျက်စိဖြင့် ဖြစ်စေ၊ လက်ရှိ မိုက်ကရိုစကုတ် စသည်တို့ဖြင့် ဖြစ်စေ ကြည့်၍ မမြင်ရသောကြောင့် "မရှိ"ဟု မယူဆသင့်ပေ။ မိုင်ပေါင်းမြောက်မြားစွာ ဝေးကွာသောအရပ်၌ တောင်ကြီး တစ်တောင် အမှန်တကယ်ရှိနေလည်း ပကတိမျက်စိသည် မြင်နိုင်စွမ်းမည်မဟုတ်ပေ။ ထို့အတူပင် သိပ္ပံကိရိယာဖြင့် မတွေ့မြင်သောကြောင့် မရှိဟု မဆိုနိုင်ပေ။ သိပ္ပံ ကိရိယာများဖြင့် မတွေ့မြင်နိုင်သေးသော အရာများ မြောက်မြားစွာ ရှိသေးကြောင်း သိပ္ပံဆရာများက ဝန်ခံလျက် ရှိကြပေသည်။ မည်သို့ပင်ဖြစ်စေ ကံ၏ အကျိုးပေး အရ အထူးတလည် ဖြစ်ပေါ်လာသော ထိုဘုံ ထိုသက်တမ်း၊ ထိုအဖြစ်ဆန်းတို့သည် အမှန်ပင် ရှိကြပါ၏။ ယင်းတို့ကို ဒိဗ္ဗစက္ခုအဘိညာဉ် (နတ်မျက်စိ အသိဉာဏ်) စသည်မျိုးဖြင့်သာ အမှန်အတိုင်း သိမြင်နိုင်မည် ဖြစ်ပါသည်။ ထိုအဘိညာဉ်မျိုးကို မရဘဲ သာမန်မျက်စိ၊ သာမန်ဉာဏ်၊ သာမန်သိပ္ပံကိရိယာမျှဖြင့် အဘယ်မှာ ကြည့်မြင်သိရှိနိုင်ပါမည်နည်း။ ကံ၏ အကျိုးပေးဖြစ်၍ မကြံစည်သင့်သည့်အရာ (ကမ္မဝိပါကော အစိန္တိယော)ပေတကား။

**မှတ်ချက်။**

ဤအခန်းကို ယခု ဤကျမ်းစာကို ပြုစုသူ စာရေးဆရာ နှစ်ဖက်လှကိုယ်တိုင် ရေးသားစီစဉ်ထုတ်ဝေထားသော **'သိပ္ပံခေတ်နှင့် ဗုဒ္ဓ၏အစိန္တေယျတရား'**အမည်ရှိ စာအုပ်မှ တိုက်ရိုက်နီးပါး ကူးထည့်ထားခြင်း ဖြစ်ပါသည်။

## အခန်း (၁၁)

# ရွတ်ဖတ်ရန် သုတ်တော်များ

(က) ရတနာရွှေချိုင့်ပါဠိနှင့် မြန်မာပြန်

(ခ) ပရိတ်ကြီးပါဠိတော်နှင့် မြန်မာပြန်

(ဂ) အဘိဏှသုတ်ပါဠိတော်နှင့် မြန်မာပြန်

(ဃ) မဟာသမယသုတ်ပါဠိတော်နှင့် မြန်မာပြန်

'ရွှေချိုင့်'ဆိုသည်မှာ လိမ္မာယဉ်ကျေး အိမ်မွေးငှက် စသည်ကို လုံခြုံစွာ ထားသောအိမ် ဖြစ်သည်။ ထိုအိမ်တွင်း၌နေလျှင် ဘေးရန်ကင်းသည်။ ထိုနည်းတူ ဘေးအန္တရာယ်များလှသော ဤလောကတွင် လူသားသည် (ဝါ) ဗုဒ္ဓဘာသာ တစ်ယောက်သည် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာရွှေချိုင့်အတွင်း၌ နေလျှင် ဘေးကင်းရန်ကွာ ချမ်းသာသည်။ ဤအဓိပ္ပာယ်ကို ရည်ရွယ်၍ ဤ'ရတနာ ရွှေချိုင့်' အရံအတားကို ပြုလုပ်ခြင်း ဖြစ်ကြောင်း သိအပ်၏။

## (က) ရတနာရွှေချိုင့် မြန်မာပြန်

၁။ အောင်ခြင်း၏ အနီး(အပရာဇိတပလ္လင်)သို့ ရောက်တော်မူကုန်သော၊ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့ထက်လည်း မြတ်တော်မူကုန်သော ဘုရားရှင်တို့သည် စစ်သည်နှင့်တကွ မာရ်နတ်သားကို အောင်မြင်တော်မူပြီး၍ သစ္စာလေးဖြာ မြိုက် ရသာကို (တပည့်သား သာဝကတို့အား) သောက်စေတော်မူကုန်ပြီ။

၂။ လူ၊နတ်၊ ဗြဟ္မာသတ္တဝါအပေါင်းတို့၏ ခရီးလမ်းညွှန်သဖွယ် ဖြစ်တော် မူကုန်သော၊ ရသေ့၊ ရဟန်းအပေါင်းတို့ကို အစိုးရတော်မူကုန်သော၊ တဏှာကဲရာ အစရှိသော နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့သည် အကျွန်ုပ်၏ ဦးခေါင်းထက်၌ တည်တော်မူကုန်ပြီ (တည်တော်မူကုန်ကြပါစေ)။

၃။ ဂုဏ်တော် ကျေးဇူးတော်အပေါင်းတို့၏ တည်ရာ ဖြစ်တော်မူသော အကျွန်ုပ်တို့၏ ကိုးကွယ်ရာ ဂေါတမမြတ်စွာဘုရားသည် အကျွန်ုပ်၏ ဦးခေါင်း၌ သီတင်းသုံးတည်နေတော်မူပြီ။ ( တည်နေတော်မူပါစေ)။ ကိုးပါးသော လောကုတ္တရာ တရားတော်သည် အကျွန်ုပ်၏ မျက်စိနှစ်ဖက်၌ တည်နေတော်မူပြီ။ (တည်နေပါစေ)။ ရှစ်ယောက်သော အရိယာ သံဃာတော်သည် အကျွန်ုပ်၏ ရင်၌ တည်နေတော်မူပြီ။ (တည်နေပါစေ)။

၄။ အရှင်အနုရုဒ္ဓါသည် အကျွန်ုပ်၏နှလုံးသား၌ တည်တော်မူပြီ (တည်တော်မူပါစေ)။ အရှင်သာရိပုတ္တရာသည် အကျွန်ုပ်၏ လက်ယာဘက်၌ တည်တော်မူပြီ။ (တည်တော်မူပါစေ)။ အရှင်ကောဏ္ဍညသည် အကျွန်ုပ်၏ နောက်အဖို့၌ တည်တော်မူပြီ။ (တည်တော်မူပါစေ)။ အရှင်မောဂ္ဂလာန်သည် အကျွန်ုပ်၏လက်ဝဲဘက်၌ တည်တော်မူပြီ။ (တည်တော်မူပါစေ)။

၅။ အရှင်အာနန္ဒာနှင့် အရှင်ရာဟုလာတို့သည် အကျွန်ုပ်၏ လက်ယာနား၌ တည်တော်မူကုန်ပြီ (တည်တော်မူကြပါစေ)။ မဟာကဿပနှင့် မဟာနာမ် အရှင် နှစ်ပါးတို့သည် အကျွန်ုပ်၏လက်ဝဲနား၌ တည်တော်မူကုန်ပြီ (တည်တော်မူကြပါစေ)။

၆။ နေမင်းကဲ့သို့ အရောင်ကို ပြုတတ်သော၊ ဘုန်း ကျက်သရေနှင့်ပြည့်စုံတော်မူသော၊ ရဟန်းမြတ် ဖြစ်တော်မူသော သောဘိတအရှင်သည် အကျွန်ုပ်၏ ဆံပင်အဆုံး ကျောက်ကုန်းအဖို့၌ တည်တော်မူပြီ။ (တည်တော်မူပါစေ)။

၇။ သီလက္ခန္ဓ စသည့်ကျေးဇူး ဂုဏ်အထူးကို ရွှင်မြူးဝမ်းသာ ရာတော်မူလေ့ရှိထသော၊ ဆန်းကြယ်သော တရားစကားကို ဆိုတော်မူတတ်သော၊ ကျေးဇူးတော်အပေါင်း၏ တည်ရာ ဖြစ်တော်မူသော ကုမာရကဿပမထေရ်သည် အကျွန်ုပ်၏ နှုတ်ခမ်း၌ တည်တော်မူပြီ (တည်တော်မူပါစေ)။

၈။ အရှင်ပုဏ္ဏ၊ အရှင်အင်္ဂုလိမာလ၊ အရှင်ဥပါလိ၊ အရှင်နန္ဒ၊ အရှင်သီဝလိ ဤမထေရ်ငါးပါးတို့သည် အကျွန်ုပ်၏ နဖူးပြင်၌ မှန်ကူကဲ့သို့ တည်တော်မူကုန်ပြီ (တည်တော်မူကြပါစေ)၊

၉။ ထိုဆိုအပ်ပြီးသော မထေရ် ၁၅-ပါးမှ ကြွင်းကုန်သောကိလေသာရန်ကို အောင်ကုန်ပြီး၍ သီလတန်ခိုးအားဖြင့် ထွန်းတောက်ပကုန်သော ဘုရားသားတော်မထေရ်ကျော်တို့သည် အကျွန်ုပ်၏ မြတ်သောအင်္ဂါတို့၌ တည်တော်မူကုန်ပြီ (တည်တော်မူကြပါစေ)။

၁၀။ ရတနသုတ် ပရိတ်တော်သည် အကျွန်ုပ်၏ ရှေ့မှ တည်တော်မူပြီ။ မေတ္တသုတ် ပရိတ်တော်သည် အကျွန်ုပ်၏လက်ယာ၌ တည်တော်မူပြီ။ ဓဇဂ္ဂသုတ် ပရိတ်တော်သည် အကျွန်ုပ်၏နောက်မှ တည်တော်မူပြီ။ အင်္ဂုလိမာလ သုတ်ပရိတ်တော်သည် အကျွန်ုပ်၏လက်ဝဲ၌ တည်တော်မူပြီ။

၁၁။ ခန္ဓသုတ်၊ မောရသုတ်၊ အာဋာနာဋိယသုတ် ပရိတ်သုံးစောင်သည် အကျွန်ုပ်၏ အထက်ကောင်းကင်၌ ထီးသဖွယ် တည်တော်မူပြီ။ ကြွင်းကုန်သော မင်္ဂလသုတ်၊ ဝဋ္ဋသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်လေးစောင်တို့သည် တံတိုင်းသဖွယ် တည်နေတော်မူပြီ။ (တည်နေတော်မူကြပါစေ)။

၁၂-၁၃။ ငါးပါးမာရ်အောင် မြတ်ဘုန်းခေါင်တို့၏ အားတော်ဆယ်ပါးနှင့် ယှဉ်သော တရားတည်းဟူသော မြို့တံတိုင်းဖြင့် တန်ဆာဆင် ကာရံထားသော မြတ်စွာဘုရားတည်းဟူသော ရွှေချိုင့်၌ မငြိုမငြင် နေရသော အကျွန်ုပ်အား လေ၊ သည်းခြေ စသည်တို့ကြောင့် ဖြစ်ကုန်သော အပြင်ရန်၊ အတွင်းရန်တို့သည် မြတ်စွာဘုရား၏ ဂုဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ ကြောင့် အကြွင်းအကျန်မရှိ ပျောက်ပျက်ခြင်းသို့ ရောက်ပါစေသတည်း။

၁၄။ မြတ်စွာဘုရားတည်းဟူသော ရွှေချိုင့်အလယ်၌ နေရသော အကျွန်ုပ်ကို မြေအပြင်၌ ကြီးမြတ်ကုန်သော ယောကျာ်းမြတ်အားလုံးတို့က အခါခပ်သိမ်း စောင့်ရှောက်ကြပါစေကုန်သတည်း။

၁၅။ ဆိုခဲ့ပြီးသောနည်းဖြင့် ငါသည် ကောင်းသော အစောင့်အရှောက်ကို ပြုအပ်ပြီ။ မြတ်စွာဘုရား၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် ဘေးရန်အပေါင်းကို ပယ်သတ်နိုင်ရပါလို၏။ သီလ၊ သမာဓိ စသော ဂုဏ်ကျေးဇူးအပေါင်းတို့၏ တည်ရာဖြစ်သော ပရမတ္ထသံဃာတော်၏တန်ခိုးကြောင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရပါလို၏။

## ရတနာရွှေချိုင့်ပါဠိ (ရှေးပညာရှိဆရာတော်များ ရေးသားခဲ့သည်)

၁။ ဇယာသနာ ဂတာ ဗုဒ္ဓါ၊ ဇိတွာ မာရံ သဝါဟနံ။
စတုသစ္စမတရသံ၊ ယေ ပိဝိံသု နရာသဘာ။

၂။ တဏှင်္ကရာဒယော ဗုဒ္ဓါ၊ အဋ္ဌဝီသတိ နာယကာ။
သဗ္ဗေ ပတိဋ္ဌိတာ မယှံ၊ မတ္ထကေ တေ မုနိဿရာ။

၃။ သီဟေ ပတိဋ္ဌိတော နေ့ာသိ၊ ဗုဒ္ဓေါ ဓမ္မော ဒွိလောစနေ။
သံဃော ပတိဋ္ဌိတော မယှံ၊ ဥရေ သဗ္ဗဂုဏာကရော။

၄။ ဟဒယေ မေ အနုရုဒ္ဓေါ၊ သာရိပုတ္တော စ ဒက္ခိဏေ။
ကောဏ္ဍညော ပစ္ဆာဘာဂသ္မိံ၊ မောဂ္ဂလ္လာနော စ ဝါမကေ။

၅။ ဒက္ခိဏေ သဝနေ မယှံ၊ အာသုံ အာနန္ဒရာဟုလာ။
ကဿပေါ စ မဟာနာမော၊ ဥဘောသုံ ဝါမသောတကေ။

၆။ ကေသန္တေ ပိဋ္ဌိဘာဂသ္မိံ၊ သူရိယောဝ ပဘင်္ကရော။
နိသိန္နော သိရိသမ္ပန္နော၊ သောဘိတော မုနိပုင်္ဂဝေါ။

၇။ ကုမာရကဿပေါ နာမ၊ မဟေသီ စိတြဝါစကော။
သော မယှံ ဝဒနေ နိစ္စံ၊ ပတိဋ္ဌာသိ ဂုဏာကရော။

၈။ ပုဏ္ဏော အင်္ဂုလိမာလော စ၊ ဥပါလိ နန္ဒ သီဝလိ။
ထေရာ ပဉ္စ မဟာထေရာ၊ နလာဋေ တိလကာ မမ။

၉။ သေသာ အသီတိ မဟာထေရာ၊ ဝိဇိတာ ဇိနသာဝကာ။
ဧတေသီတိ မဟာထေရာ၊ ဇိတဝန္တော ဇိနောရသာ။
ဇလန္တာ သီလတေဇေန၊ အင်္ဂမင်္ဂေသု သဏ္ဌိတာ။

၁၀။ ရတနံ ပုရတော အာသိ၊ ဒက္ခိဏေ မေတ္တသုတ္တကံ။
ဓဇဂ္ဂံ ပစ္ဆတော အာသိ၊ ဝါမေ အင်္ဂုလိမာလကံ။

၁၁။ ခန္ဓ မောရပရိတ္တဉ္စ၊ အာဋာနာဋိယသုတ္တကံ။
အာကာသေ ဆဒနံ အာသိ၊ သေသာ ပါကာရသဏ္ဌိတာ။

၁၂။ ဇိနာနံ ဗလသံယုတ္တေ၊ ဓမ္မပါကာရလင်္ကတေ။
ဝသတော မေ အကိစ္စေန၊ သမ္ဗုဒ္ဓပဉ္ဇရေ။

၁၃။ ဝါတပိတ္တာဒိသဉ္ဇာတာ၊ ဗာဟိရဇ္ဈတ္တုပဒ္ဒဝါ။
အသေသာ ဝိနာသံ ယန္တု၊ အနန္တဂုဏတေဇသာ။

၁၄။ ဇိနပဉ္ဇရမဇ္ဈမှိ၊ ဝိဟရန္တံ မဟီတလေ။
သဒါ ပါလေန္တု မံ သဗ္ဗေ၊ တေ မဟာပုရိသာ သဘာ။

၁၅။ ဣစ္စေဝ မေကန္တံ ကတော၊ သုရက္ခော ဇိနာနုဘာဝေ။
ဟတာရိသံဃော သံဃဿ၊ တေဇေန ဂုဏာကရဿ။

**မှတ်ချက်။ ။**

ကျက်မှတ်၍ မှန်မှန်ရွတ်ဖတ်ပွားများလျှင် အကျိုးထူးပါလိမ့်မည်။

## (ခ) ပရိတ်ကြီးပါဠိတော် မြန်မာပြန်

(ဆရာနစ်ဖက်လှ၏ အလင်းပြပရိတ်ကြီး ဒုတိယအကြိမ်ရိုက် စာအုပ်မှ ထုတ်နုတ် ဖော်ပြထားသည်။)

**ပရိတ်နိဒါန်း မြန်မာပြန်**

၁။ လူတို့နေထိုင်လျက်ရှိသော ဤစကြဝဠာနှင့်အတူ တွဲဖက်တည်ရှိသော ပတ်ဝန်းကျင် စကြဝဠာတစ်သောင်းမှ သောင်းလောကဓာတ် နတ်မြတ်အပေါင်းတို့၊ ရဟန်းတို့၏ မင်းဖြစ်တော်မူသော မြတ်စွာဘုရား၏ နတ်ရွာနိဗ္ဗာန် ချမ်းသာမှန်ကို ပေးစွမ်းနိုင်သော သူတော်ကောင်းတရား (ပရိတ်တရား)ကို နာကြားအံ့သောငှာ ဤနေရာ ဤဒေသသို့ လာရောက်ကြပါကုန်လော့၊ လာရောက်၍ ရှိသေစွာ နာယူကြပါကုန်လော့။

၂။ အို–သောင်းလောကဓာတ် နတ်မြတ်အပေါင်းတို့ ၊ ယခုအခါသည်ကား မြတ်စွာဘုရား၏ တရားတော်ကို နာကြားရမည့် မင်္ဂလာအခါတော်ဖြစ်ပေသည်။

၃။ ကျွန်ုပ်တို့သည် ပစ္စည်းလေးပါးအလှူကို ခံယူတော်မူထိုက်သော၊ လူသူလေးပါး မသိမမြင်နိုင်သည့် ဆိတ်ကွယ်ရာနေရာ၌ ဖြစ်စေကာမူ မကောင်းမှု ဒုစရိုက်ကို ပြုလုပ်ခြင်း အလျှင်းမရှိသော၊ ဘဝသံသရာဘီး၏ အကန့်အထောက် သဖွယ် ဖြစ်စေတတ်သော၊ အလုပ်ဟူသမျှကို ပြုလုပ်ခြင်းမရှိသော၊ ကိလေသာတို့ကို အပြီးသတ်ဖယ်ရှင်းပြီး မိမိအလိုလို ကိုယ်တော်တိုင် သစ္စာလေးရပ် တရားမြတ်ကို ထိုးထွင်း သိမြင်တော်မူပြီးသော ဘုန်းတော်အနန္တ၏အရှင် ဘုရားသခင်အား ဦးညွတ် ရှိခိုးကြပါကုန်၏။

၄။ ဤစကြဝဠာ၌လည်းကောင်း၊ ပြင်ပစကြဝဠာများ၌ လည်းကောင်း နေထိုင်လျက်ရှိကြကုန်သော၊ ကိုယ်ဣန္ဒြေလည်း ငြိမ်သက်၊ စိတ်ဓာတ်လည်း ငြိမ်သက်လျက် ရှိကြကုန်သော၊ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ပြီး လောကီ ကျေးဇူး၊ လောကုတ္တရာကျေးဇူးတို့ကို ရရှိနိုင်ရန် အမြဲတမ်းလုံ့လစိုက်လျက် ရှိကြသော ဘုမ္မစိုးနတ်(မြေမိုးနတ်)၊ အာကာသစိုးနတ်(ကောင်းကင်နေနတ်) အပေါင်း နှင့်တကွ မြတ်သော ရွှေစိုင်အတိပြီးသော မြင်းမိုရ်တောင်မင်း၌ မှီတင်းနေထိုင်ကြသော နတ်သူတော်ကောင်းအပေါင်းတို့သည် သောကကင်းဝေး နေထိုင်ရေးအတွက်

ရောင့်ရဲလွယ်ခြင်း၏ အကြောင်းဖြစ်သော ဘုရားစကားတော်မြတ်ကို နာယူပန်ဆင်ရန် အလို့ငှာ တညီတညွတ်တည်း စုဝေး ရောက်လာကြပါကုန်လော့။

၅-၆။ စကြဝဠာဟူသမျှ၌ ဘီလူးများ၊ နတ်များနှင့် ဗြဟ္မာများရှိကြကုန်သည်ပင် ဖြစ်၏။ ကျွန်ုပ်တို့သည် စည်းစိမ်ချမ်းသာဟူသမျှကို ဖြစ်ပေါ်လာစေနိုင်သည့် ကောင်းမှုကုသိုလ်ကို ပြုလုပ်ခဲ့ကြပြီး ဖြစ်ပါသည်။ အသင်ဘီလူး၊ နတ်၊ ဗြဟ္မာတို့သည် ကျွန်ုပ်တို့ပြုလုပ်သော ကုသိုလ်ကောင်းမှုကို ဝမ်းမြောက် ကြည်နူးကြပါ။ ကျွန်ုပ်တို့နှင့် တစ်စိတ်တစ်ဝမ်းတည်း ထားကာ မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်၌ မွေ့လျော်နှစ်ခြိုက်ကြပါ။ စောင့်ရှောက်ထိုက်သူများအား စောင့်ရှောက် ကြည့်ရှုရသည့် သင်တို့၏ လုပ်ငန်းတို့ကို မမေ့မလျော့ အထူးဆောင်ရွက်တော်မူကြပါ။

၇။ မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်မြတ်ကြီးသည် လည်းကောင်း၊ လူတို့၏ ကမ္ဘာလောကကြီးသည်လည်းကောင်း ထာဝရတိုးတက် ကြီးမြင့်ပါစေ။ သာသနာတော်နှင့် လူ့လောကကို နတ်အပေါင်းတို့က အမြဲမပြတ် ကြည့်ရှုစောင့်ရှောက်ကြပါစေ။

၈။ မည်သူမဆို သူ၏အသိုင်းအဝိုင်းနှင့် အတူတကွ ချမ်းသာပါစေ၊ ဝမ်းမြောက် ရွှင်ပြုံး နှလုံးချမ်းမြေ့ကြပါစေ။

၉။ မင်းဘေး၊ ခိုးသူဘေး၊ လူဘေး၊ ဘီလူးဘေး၊ မီးဘေး၊ ရေဘေး၊ မြေဘုတ်ဘီလူးဘေး၊ သစ်ငုတ်ဘေး၊ ဆူးငြောင့်ဘေး၊ မကောင်းသော နက္ခတ်ဘေး၊ ဇနပုဒ်ရောဂါဘေး၊ မမှန်ကန်သောတရားဘေး၊ မှားသောအယူဝါဒဘေး၊ လူယုတ်မာတို့၏ဘေး၊ ဤသို့သော ဘေးဆိုး, အန္တရာယ်ဆိုးတို့မှ လည်းကောင်း၊ ဆင်ဆိုး၊ မြင်းဆိုး၊ သားကောင်ဆိုး၊ နွားဆိုး၊ ခွေးဆိုး၊ မြွေဆိုး၊ ကင်းဆိုး၊ မြွေစိမ်းဆိုး၊ သစ်ဆိုး(ကျားသစ်ဆိုး)၊ ဝံဆိုး၊ အောင်းဆိုး၊ ဝက်ဆိုး၊ ကျွဲဆိုး၊ ဘီလူးဆိုး၊ ရေစောင့်ဘီလူးဆိုး စသည်တို့ကြောင့် ဖြစ်တတ်သည့် ဘေးအမျိုးမျိုး၊ ရောဂါအမျိုးမျိုး၊ ဥပဒ်အမျိုးမျိုးတို့မှ လည်းကောင်း (လူတို့ ကင်းဝေးအောင်၊ မမြင်ရအောင် နတ်အပေါင်းတို့က) အစောင့်အရှောက် တာဝန်ယူကြပါကုန်။

## ပရိတ်နိဒါန်းပါဠိတော်

၁။ သမန္တာ စက္ကဝါဠေသု၊ အတြာဂစ္ဆန္တု ဒေဝတာ။

သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။

၂။ ဓမ္မဿဝနကာလော အယံ ဘဒန္တာ။

၃။ နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

၄။ ယေ သန္တာ သန္တစိတ္တာ, တိသရဏသရဏာ,
ဧတ္ထ လောကန္တရေ ဝါ၊ ဘုမ္မာ ဘုမ္မာ စ ဒေဝါ,
ဂုဏာ ဂဏာ ဂဟဏာ, ဗျာဝဋာ သဗ္ဗကာလံ
ဧတေ အာယန္တု ဒေဝါ, ဝရ ကနကမယေ,
မေရုရာဇေ ဝသန္တော၊ သန္တော သန္တောသ ဟေတုံ,
မုနိဝရဝစနံ, သောတုမဂ္ဂံ သမဂ္ဂါ။

၅။ သဗ္ဗေသု စက္ကဝါဠေသု၊ ယက္ခာ ဒေဝါ စ ဗြဟ္မုနော။
ယံ အမှေဟိ ကတံ ပုညံ၊ သဗ္ဗသမ္ပတ္တိသာဓကံ။

၆။ သဗ္ဗေ တံ အနုမောဒိတွာ၊ သမဂ္ဂါ သာသနေ ရတာ။
ပမာဒရဟိတာ ဟောန္တု၊ အာရက္ခာသု ဝိသေသတော။

၇။ သာသနဿ စ လောကဿ၊ ဝုဍ္ဎီ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

၈။ သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ၊ ပရိဝါရေဟိ အတ္တနော။
အနီဃာ သုမနာ ဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

၉။ ရာဇတော ဝါ စောရတော ဝါ
မနုဿတော ဝါ အမနုဿတော ဝါ
အဂ္ဂိတော ဝါ ဥဒကတော ဝါ
ပသာစတော ဝါ ခါဏုကတော ဝါ
ကဏ္ဍကတော ဝါ နက္ခတ္တတော ဝါ
ဇနပဒရောဂတော ဝါ အသဒ္ဓမ္မတော ဝါ
အသန္ဒိဋ္ဌိတော ဝါ အသပ္ပုရိသတော ဝါ
စဏ္ဍ ဟတ္ထိ အဿ မိဂ ဂေါဏ ကုက္ကုရ အဟိ ဝိစ္ဆိက မဏိသပ္ပ ဒီပိ
အစ္ဆ တရစ္ဆ သူကရ မဟိံသ ယက္ခ ရက္ခသာဒီဟိ
နာနာဘယတော ဝါ နာနာရောဂတော ဝါ
နာနာဥပဒ္ဒဝတော ဝါ အာရက္ခံ ဂဏှန္တု။

## ၁–မင်္ဂလသုတ်

### မင်္ဂလသုတ် ရွတ်ဖတ်ခြင်းအကျိုး

မင်္ဂလသုတ်ကို မပြတ်ရွတ်ဖတ်သရဇ္ဈာယ်၍ လိုက်နာကျင့်ကြံလျှင် မည်သည့်နေရာမှာ နေသည်ဖြစ်စေ ဘေးအန္တရာယ်ကင်းသည်။ ရန်သူတို့က မိမိအား မအောင်မြင်နိုင်။ မိမိ၏ ဘဝအဆင့်အတန်းသည်လည်း တစ်နေ့ထက် တစ်နေ့ တိုးတက်ချမ်းသာလာမည် ဖြစ်ပေသည်။ အချုပ်အားဖြင့် ရန်ကင်းသည်။ သူတစ်ပါး မကောင်းမကြံနိုင်။ ဘဝအခြေအနေ ကြီးပွား တိုးတက်စေသည်။ မင်္ဂလာဉာဏ် ဖိုလ်ဉာဏ်သည်ပင် မင်္ဂလာရှိသော မိမိ၏ စိတ်သန္တာန်မှာ ပေါ်လာနိုင်ပေသည်။

### မင်္ဂလသုတ် မြန်မာပြန်

၁။ "မည်သည့်တရားသည် မင်္ဂလာတရားနည်း"ဟူ၍ လူနှင့် နတ်တို့သည် တစ်ဆယ့်နှစ်နှစ်တိုင်တိုင် တွေးခေါ်ကြသော်လည်း အဖြေမှန်မရခဲ့ကြပေ။ စီးပွားချမ်းသာခြင်း၏ အကြောင်းမှန်ဖြစ်သော မင်္ဂလာတရားပေါင်း ၃၈–ပါး ရှိလိမ့်မည်ဟူ၍လည်း မည်သူမျှ မသိမမြင်နိုင်ခဲ့ကြပေ။

၂။ လူတစ်ယောက်စီ တစ်ယောက်စီထက်လည်းကောင်း၊ သန်းပေါင်းများစွာသော လူသားအားလုံးတို့ထက် လည်းကောင်း၊ နတ်တစ်ပါးစီ တစ်ပါးစီထက်လည်းကောင်း၊ နတ်အားလုံးထက်လည်းကောင်း သာလွန်မြင့်မြတ်တော်မူသော မြတ်စွာဘုရားသည် လောကအကျိုးကို ရှေ့ရှုလျက် မင်္ဂလာတရား ၃၈–ပါးကို ထုတ်ဖော် ဟောကြားတော်မူခဲ့၏။ မင်္ဂလာတရားသည် လူမှုဒုစရိုက်တရားကို ပယ်ဖျောက်တတ်၏။ ယခုအခါ သူတော်ကောင်းအပေါင်းတို့နှင့်အတူ ကျွန်ုပ်တို့သည် ထိုမင်္ဂလာတရားတော်မြတ်ကို ရွတ်ဖတ်ပူဇော်ကြပါကုန်စို့။

၃။ ပထမသံဂါယနာပွဲတော်ကြီး၏ သံဃဥက္ကဋ္ဌ ဖြစ်တော်မူသော မဟာကဿပအရှင်ဘုရား၊ ဤမင်္ဂလသုတ်တော်ကို အကျွန်ုပ် အာနန္ဒာသည် နှောင်တော်မြတ်စွာဘုရားထံမှ တိုက်ရိုက် ဤသို့ ကြားနာလိုက်ရပါ၏။ မှတ်သားလိုက်ရပါ၏။ ဆောင်ထားလိုက်ရပါ၏။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေပါသည်။ ဇေတဝန်ကျောင်းသည် အနာထပိဏ်သေဌေးကြီး ဆောက်လုပ် လှူဒါန်းထားသော နလုံးမွေ့လျော် ပျော်ဖွယ်ရာကောင်းသော ကျောင်းတော်ကြီး ဖြစ်ပါသည်။ တစ်ညသ၌ ညဦးယံလွန်၍ သန်းခေါင်ယံအရောက်

တွင် အမျိုးအမည် မထင်ရှား မသိသာသောနတ်သားတစ်ပါး ရောက်လာပါသည်။ သူသည် အလွန်နှစ်လိုဖွယ် ရုပ်အဆင်းရှိပါသည်။ ဇေတဝန်ကျောင်းတိုက်တစ်ခု လုံးကိုလည်း သူ၏ကိုယ်မှ အရောင်အဝါဖြင့် ထွန်းလင်းစေပါသည်။

ယင်းသို့ ထွန်းလင်းစေပြီးနောက် မြတ်စွာဘုရားသခင်ရှိရာသို့ ချဉ်းကပ်လာပါသည်။ မြတ်စွာဘုရားကို အလွန်ရိုသေ လေးမြတ်စွာ ရှိခိုးပါသည်။ ရှိခိုးပြီးနောက် တင့်အပ်လျောက်ပတ်သောနေရာ၌ မတ်တတ်ရပ်နေပါသည်။ ယင်းသို့ နေရာယူပြီးမှ ထိုနတ်သားသည် မြတ်စွာဘုရားကို ဤကဲ့သို့ ဂါထာဖြင့် နားတော်လျှောက်ပါသည်–

၄။ ဘုန်းတော်ကြီးမြတ်လှသောမြတ်စွာဘုရား၊ နတ်အပေါင်းတို့သည် လည်းကောင်း၊ လူအပေါင်းတို့သည် လည်းကောင်း စင်ကြယ်စွာသော နိဗ္ဗာန်ချမ်းသာကို လိုချင်ကြသည်၊ တောင့်တကြသည်ဖြစ်ပါ၍ မည်သည့်တရားသည် စီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်သော မင်္ဂလာတရားတော် ဖြစ်သလဲဟူ၍ တစ်ဆယ့်နှစ်နှစ်တိုင်တိုင် အချိန်ယူပြီး စဉ်းစား တွေးခေါ် ကြံဆခဲ့ကြပါသည်ဘုရား။ ယင်းသို့ ကြံစည်တွေးဆကြပါသော်လည်း မင်္ဂလာတရားမှန်ကို မည်သူမျှ တွေးကြံ၍ မသိနိုင်ကြပါဘုရား။ သို့အတွက်ကြောင့် မင်္ဂလာတရားဟူသည် မည်သည့်တရား ဖြစ်ကြောင်း အရှင်ဘုရားက စတင်ထုတ်ဖော်၍ ဟောကြားတော်မူပါဘုရား။

## မြတ်စွာဘုရား၏ ဟောကြားချက်

၅။ အို...နတ်သား...

သူမိုက်ကို မမှီဝဲ မဆည်းကပ်ခြင်း၊ ပညာရှိသူကို မှီဝဲဆည်းကပ်ခြင်း၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်း ဤတရားသုံးပါးကို မြတ်သောမင်္ဂလာ ဟူ၍ သင်မှတ်သားလော့။

၆။ အို...နတ်သား...

တင့်အပ်လျောက်ပတ်သော အရပ်ဒေသ၌ နေခြင်း၊ ရှေးဘဝက ပြုခဲ့ဖူးသော ကောင်းမှု ရှိခြင်း၊ မိမိကိုယ်ကို ကောင်းစွာ ထိန်းသိမ်းဆောက်တည်ခြင်း၊ ဤတရားသုံးပါးကိုလည်း မြတ်သောမင်္ဂလာဟူ၍ သတ်မှတ်ဦးလော့။

၇။ အို...နတ်သား...

အကြားအမြင် ဗဟုသုတရှိခြင်း၊ စက်မှုလက်မှု စသော သိပ္ပံပညာ တတ်မြောက်ခြင်း၊ ကိုယ်နှုတ်နှလုံးကို ယဉ်ကျေးအောင် ဆုံးမတတ်သည့် ဝိနည်းတရားကို

ကောင်းစွာသင်ယူခြင်း၊ ကောင်းသောစကားကို ပြောခြင်း၊ ဤတရားလေးပါးကိုလည်း မြတ်သောမင်္ဂလာဟူ၍ သင် မှတ်ဦးလော့။

၈။ အို...နတ်သား...

အမိအဘကို လုပ်ကျွေးမွေးမြူခြင်း၊သားမယားကို ထောက်ပံ့ပေးကမ်းချီးမြှောက်ခြင်း၊ မည်သူ့ကိုမျှ မထိခိုက်သော အလုပ်မျိုးကို လုပ်ခြင်း၊ ဤတရားသုံးပါးကိုလည်း မြတ်သောမင်္ဂလာဟူ၍ သင် မှတ်ဦးလော့။

၉။ အို...နတ်သား...

အလှူပေးခြင်း၊ မြတ်သောအကျင့်ကို ကျင့်ခြင်း၊ ဆွေမျိုးတို့အား ထောက်ပံ့ခြင်း၊ အကုသိုလ်ကင်းသော အလုပ်ကို လုပ်ခြင်း၊ ဤတရားလေးပါးကိုလည်း မြတ်သော မင်္ဂလာဟူ၍ သင် မှတ်ဦးလော့။

၁၀။ အို...နတ်သား...

မကောင်းမှုဟူသမျှ ဝေးဝေးရှောင်နိုင်ခြင်း၊ မကောင်းမှုကို မလုပ်ဖြစ်အောင် မကျူးလွန်ဖြစ်အောင် အထူးရှောင်ကြဉ်နိုင်ခြင်း၊ သေရည်သေရက် မူးယစ်ဆေးဝါးတို့ကို မသောက်မစားဖြစ်အောင် ရှောင်ကြဉ်နိုင်ခြင်း၊ ကုသိုလ်ရမည့် ကောင်းမှုအလုပ်တို့ကို မပြတ်သတိရပြီး မမေ့မလျော့ဆောင်ရွက်ခြင်း၊ ဤတရားလေးပါးကိုလည်း မြတ်သောမင်္ဂလာဟူ၍ သင် မှတ်ဦးလော့။

၁၁။ အို...နတ်သား...

ရိုသေထိုက်သူကို ရိုသေခြင်း၊မိမိကိုယ်ကို မောက်မာသမှု မပြုဘဲ နှိမ့်ချခြင်း၊ ကိလေသာအာရုံ ကာမဂုဏ်တို့၌ ရောင့်ရဲလွယ်ခြင်း၊ သူတစ်ပါးက မိမိအပေါ် ပြုဖူးသောကျေးဇူးကို သိတတ်ခြင်း၊ အခါအခွင့်သင့်တိုင်း တရားနာခြင်း ဤတရားငါးပါးကိုလည်း မြတ်သောမင်္ဂလာဟူ၍ သင် မှတ်ဦးလော့။

၁၂။ အို...နတ်သား...

သည်းခံတတ်ခြင်း၊ သူတော်ကောင်းတို့က ဆုံးမသည့်စကားကို နာယူလွယ်ခြင်း၊ သူတော်ကောင်း ရဟန်း ပုဏ္ဏားတို့အား ဖူးမြင်ရခြင်း၊ အခါအခွင့်သင့်တိုင်း တရားဆွေးနွေး မေးမြန်းခြင်း၊ ဤတရား လေးပါးကိုလည်း မြတ်သော မင်္ဂလာဟူ၍ သင် မှတ်ဦးလော့။

၁၃။ အို...နတ်သား...

ခြိုးခြံစွာ ကျင့်ခြင်း၊ မြတ်သောအကျင့်ကို ကျင့်ခြင်း၊ အရိယာသစ္စာတရားကို သိမြင်ရခြင်း၊ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်ခြင်း၊ ဤတရားလေးပါးကိုလည်း မြတ်သောမင်္ဂလာဟူ၍ သင် မှတ်ဦးလော့။

၁၄။ အို...နတ်သား...

လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံရသော ရဟန္တာအရှင်သူမြတ်၏ စိတ်သည် မတုန်မလှုပ်၊ မစိုးမရိမ်၊ ရမ္မက်ကင်း၏၊ ဘေးကင်း၏။ ဤတရားလေးပါးကိုလည်း မြတ်သောမင်္ဂလာဟူ၍ သင် မှတ်ဦးလော့။

၁၅။ အို...နတ်သား...

ဤကဲ့သို့သော ၃၈-ပါး မင်္ဂလာတရားကို လက်တွေ့လိုက်နာ ကျင့်ကြံပြုလုပ်ထားသည့်အတွက်ကြောင့် မည်သည့်နေရာ၌ နေနေ မိမိအား ရန်သူတို့က မအောင်နိုင်။ ကိစ္စခပ်သိမ်း၌ ပြီးငြိမ်းချမ်းသာခြင်းသို့ ရောက်ကုန်၏။ ထို ၃၈-ပါးသော တရားသည်သာလျှင် လူတကာ၊ နတ်တကာတို့အတွက် မြတ်သော မင်္ဂလာဖြစ်ကြောင်း သင် မှတ်သားလေလော့။

## (၁) မင်္ဂလသုတ်ပါဠိတော်

၁။ ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။

၂။ ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ။
သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

၃။ ဧဝံ မေ သုတံ

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။ အထ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ။ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ။ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။ ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ။ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

၄။ ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလ မုတ္တမံ။

၅။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

၆။ ပတိရူပဒေသဝါသောစ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

၇။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ။

၈။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ။

၉။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၀။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၁။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌီ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၂။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၃။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၄။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၅။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ မုတ္တမံ။

မင်္ဂလသုတ္တံ နိဋ္ဌိတံ။

## ၂-ရတနသုတ်

### ရတနသုတ် ရွတ်ဖတ်ခြင်း အကျိုး

ကပ်ကြီးသုံးပါးကို ကျော်နင်းစေနိုင်သည်။ စုန်း၊ တစ္ဆေ၊ ကဝေ ပယောဂ ဟူသမျှကို နိုင်သည်။ အကြောင်းအမျိုးမျိုးကြောင့် ဆင်းရဲဒုက္ခရောက်ရသောအခါ၊ အချုပ်ထောင် နှောင်အိမ်စသည်တို့၌ ကျရောက်နေသောအခါ အမြန်လွတ်မြောက် စေနိုင်သည်။ နတ်ကောင်းနတ်မြတ်တို့၏ စောင့်ရှောက်မကြည့်ရှုခြင်းကို ခံရမည် ဖြစ်ပေသည်။

### ရတနသုတ် မြန်မာပြန်

၁။ ဒီပင်္ကရာ ထွတ်ချာသေဋ္ဌနင်း တရားမင်း၏ ခြေရင်းတော်၌ ဘုရားဆုကို တောင်းသည့်ကာလမှ အစပြု၍ မြတ်စွာဘုရား ဖြည့်ဆည်းပူးခဲ့သော ပါရမီ ၁၀-ပါး၊ ဥပပါရမီ ၁၀-ပါး၊ ပရမတ္ထပါရမီ ၁၀-ပါးအားဖြင့် အမျှ ၃၀-သော ပါရမီတို့ကိုလည်းကောင်း၊ စွန့်ခြင်းကြီးငါးပါးတို့ကိုလည်းကောင်း၊ လောက၏ အကျိုးစီးပွားအလို့ငှာ ကျင့်ခြင်း၊ ဆွေတော်မျိုးတော်တို့၏ အကျိုးစီးပွားအလို့ငှာ ကျင့်ခြင်း၊ ဘုရားဖြစ်ခြင်းအကျိုးငှာ ကျင့်ခြင်း ဟူသော စရိယသုံးပါးတို့ကိုလည်းကောင်း၊ နောက်ဆုံးဘဝ၌ အမိဝမ်းတွင်း ပဋိသန္ဓေ ယူတော်မူခြင်း၊ ဖွားမြင်ခြင်း၊ မြတ်သောတောထွက်ခြင်း၊ ပြင်းစွာသော လုံ့လဖြင့် ကမ္ဘဋ္ဌာန်းအကျင့်ကို ကျင့်ခြင်း၊ ဗောဓိပလ္လင်၌ မာရ်ငါးပါးကို အောင်မြင်တော်မူခြင်း၊ သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိမြင်ရရှိခြင်း၊ ဓမ္မစကြာတရားတော်မြတ်ကို ဟောကြားခြင်းနှင့် ကိုးပါးသော လောကုတ္တရာတရားတို့ကို လည်းကောင်း၊ ဤသို့လျှင် မြတ်စွာဘုရား၏ ကျေးဇူးတော် ဂုဏ်တော်တို့ကိုလည်းကောင်း၊ စိတ်ဖြင့် ဆင်ခြင်၍ ဝေသာလီပြည်၏ မြို့တံတိုင်း သုံးထပ်တို့၏ အကြားတို့၌ ညဥ့်သုံးယံကာလပတ်လုံး ပရိတ်ရွတ်ဖတ်အရံအတားပြုခဲ့သော အရှင်အာနန္ဒာထေရ်မြတ်ကဲ့သို့ (သတ္တဝါတို့အပေါ်) သနားကရုဏာစိတ်ထားလျက် (ရတနသုတ်ပရိတ်တော်ကို ရွတ်ဖတ်ကြပါကုန်စို့)။)

၂-၃။ ရတနသုတ်ပရိတ်တော်၏ အာဏာစက်ကို စကြဝဠာကုဋေ တစ်သိန်း ၌ ရှိကြကုန်သော နတ်အပေါင်းတို့က ခံယူကြကုန်၏။ ဤပရိတ်တော်သည် ဝေသာလီပြည်၌ ကျရောက်သော အနာရောဂါဘေး၊ ဘီလူးဘေး၊ အစာငတ်မွတ်ခေါင်းပါးခြင်းဘေး ဟူသော ဘေးအန္တရာယ်ကြီးသုံးမျိုးကို လျင်မြန်စွာ ကွယ်ပျောက်စေနိုင်ခဲ့၏။ ယခုအခါ၌ ဤရတနသုတ်ပရိတ်တော်ကို ကျွန်ုပ်တို့ စုပေါင်း ရွတ်ဆိုကြပါကုန်စို့။

၄။ မြေ၌ တည်ကုန်သော ဘုမ္မစိုး၊ ရက္ခစိုး၊ စတုမဟာရာဇ်၊ တာဝတိံသာ နတ်တို့သည်လည်းကောင်း၊ ကောင်းကင်၌ ဖြစ်ကုန်သော ယာမာ၊ တုသိတာ စသော နတ်တို့သည်လည်းကောင်း ဤပရိတ်ရွတ်ရာ နေရာအရပ်၌ အညီအညွတ် ရောက်ရှိလာကြကုန်ပြီ။ နတ်ပရိသတ်အားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်ကြပါကုန်။ မြတ်စွာဘုရားဟောတော်မူခဲ့သော ပရိတ်တရားတော်ကိုလည်း ရိုသေလေးမြတ်စွာ နာယူကြပါကုန်။

၅။ အို နတ်အပေါင်းတို့-ဤနေရာ၌ အညီအညွတ် စည်းဝေး ရောက်ရှိနေကြသော အသင်နတ်အများ နားဆင်ကြပါကုန်။ လူတို့သည် နေ့ညမဟူ ကြည်ဖြူလေးမြတ်စွာ အသင်နတ်တို့အား ပူဇော်သမှု ပြုကြပါသည်။ သို့ဖြစ်၍ သင်တို့သည် လူတို့အား ချစ်ခင်ကြပါကုန်။ မမေ့မလျော့ စောင့်ရှောက်ကြပါကုန်။

၆။ လူ့ပြည်၌ဖြစ်စေ၊ နဂါးပြည် ဂဠုန်ပြည်၌ ဖြစ်စေ၊ နတ်ပြည်၌ ဖြစ်စေ အမြင့်အမြတ် သတ်မှတ်သုံးဆောင်ကြသော ဥစ္စာရတနာတို့သည် ရှိကြကုန်၏။ ထိုရတနာတို့အနက် ဘုရားတည်းဟူသော ရတနာနှင့်တူသော ရတနာဟူ၍ မရှိချေ။ မြတ်စွာဘုရားသည် အရဟံ စသော ဂုဏ်တော် ကျေးဇူးတော်တို့နှင့် ပြည့်စုံသော ရတနာမြတ် ဖြစ်ပါပေသည်။ ဤသို့ မှန်ကန်သော သစ္စာစကားကြောင့် သတ္တဝါအများ ပွားစီးတိုးတက် ချမ်းသာကြပါစေသတည်း။

၇။ သာကီဝင်မင်းတို့၏ အထွတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် တည်ကြည်လှသော သမာဓိစိတ် ရှိသည့်အတွက်ကြောင့် ကိလေသာတို့၏ကုန်ရာ ကင်းရာ မသေရာဖြစ်သော အမြတ်နိဗ္ဗာန်ကို သိရှိတော်မူလေသည်။ (လောက၌) ထိုနိဗ္ဗာန်ဓာတ်မြတ်နှင့် နှိုင်းတုစရာ ရတနာတစ်ခုမျှ မရှိပါချေ။ နိဗ္ဗာန်သည် ကိလေသာကုန်စင်ခြင်း စသည့်ဂုဏ်ကြောင့် ရတနာမြတ် ဖြစ်ပါပေ၏။ ဤသို့ မှန်ကန်သော သစ္စာစကားကြောင့် သူတော်တကာ သတ္တဝါများ ပွားစီး တိုးတက် ချမ်းသာကြပါစေသတည်း။

၈။ သောတာပတ္တိမဂ်ဖြင့် သိသော အပိုင်းအခြားကို မလွန်ဘဲ သိတတ်သော၊ စင်လည်း စင်ကြယ်လှသော အရဟတ္တမဂ်နှင့်ယှဉ်သည့် သမာဓိကို မြတ်စွာဘုရား ချီးမွမ်းတော်မူ၏၊ မဂ်၏ အခြားမဲ့၌ အကျိုးကိုပေးတတ်၏ ဟူ၍လည်း ဟောတော်မူ၏။ ထိုအရဟတ္တမဂ်သမာဓိနှင့်တူသော မည်သည့်သမာဓိမျိုးမျှ မရှိချေ။ ထိုသမာဓိသည် စင်စစ် မြတ်လှ၏။ ဤသို့ မှန်ကန်သော သစ္စာစကားကြောင့် သတ္တဝါအများ ပွားစီးတိုးတက် ချမ်းသာကြပါစေသတည်း။

၉။ အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့ကို ဘုရား အစရှိသော သူတော်ကောင်း အပေါင်းတို့က ချီးမွမ်းကြကုန်၏။ တစ်နည်းအားဖြင့် ပုဂ္ဂိုလ်တစ်ရာ့ရှစ်ယောက် တို့သည် မြတ်စွာဘုရား ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်များ ဖြစ်ကြကုန်၏။ ပုဂ္ဂိုလ်အားဖြင့် ရှစ်ယောက်(လေးစုံ) ဖြစ်ကြကုန်၏။ မြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်ကြ ကုန်သော ထိုပုဂ္ဂိုလ်ရှစ်ယောက်(တရာ့ရှစ်ယောက်)တို့သည် မြတ်သော အလှူကို ခံယူထိုက်ကြကုန်၏။ ထိုပုဂ္ဂိုလ်မြတ် ရှစ်ဦးတို့အား ပေးလှူသော အလှူဝတ္ထုတို့သည် အကျိုးများစွာ ရှိကုန်၏။ ဘုရားရှင် ချီးမွမ်းတော်မူသော ထိုအရိယာသံဃာရတနာ သည်လည်း မြတ်လှပေ၏။ ဤသို့ မှန်ကန်သော သစ္စာစကားကြောင့် သတ္တဝါတို့အား ပွားစီးတိုးတက် ချမ်းသာပါစေသတည်း။

၁၀။ ရဟန္တာအရှင်သူမြတ်တို့သည် ဂေါတမမြတ်စွာဘုရားရှင်၏ သာသနာတော်၌ ခိုင်မြဲပြင်းထန်သော စိတ်ဖြင့် ကောင်းစွာအားထုတ်ကြ၍ ဝဋ္ဋ ဒုက္ခမှ လွတ်မြောက်ကြရလေသည်။ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ဖြစ်၍ ကိလေသာတို့မှ ကင်းကုန်လျက် နိဗ္ဗာန်ချမ်းသာကို စံစားကြရကုန်သည်။ အရဟတ္တ ဖိုလ်သို့ ရောက်ကြရကုန်သည်။ ရဟန္တာအရိယာသံဃာတော်တည်းဟူသော ရတနာ သည်လည်း မြတ်လှပေ၏၊ ဤသို့ မှန်ကန်သော သစ္စာစကားကြောင့် သတ္တဝါတို့အား တိုးတက်ချမ်းသာပါစေသတည်း။

၁၁။ မြေ၌ မြှုပ်စိုက်ထားသော ကျောက်စာတိုင်သည် အရပ်လေးမျက်နှာမှ လေပြင်းမုန်တိုင်း တိုက်ခတ်မှုဒဏ်ကြောင့် တုန်လှုပ်ခြင်း မရှိချေ။ အရိယာသစ္စာ လေးပါးကို သောတာပတ္တိမဂ်ဉာဏ်ဖြင့် သက်ဝင်၍ သိမြင်ပြီးသော သောတာပန် ပုဂ္ဂိုလ်ကို ထိုကျောက်စာတိုင်နှင့် တူ၏ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူပေ၏။ ဤသို့လျှင် တုန်လှုပ်ခြင်းကင်းသော သောတာပန်အရိယာသံဃာတည်းဟူသော ရတနာသည်လည်း မြတ်လှပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါတို့အား စီးပွား ချမ်းသာ ဖြစ်လာပါစေသတည်း။

၁၂။ နက်နဲသော ပညာရှိသော မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြား တော်မူထားသော အရိယာသစ္စာတို့ကို သိမြင်ပြီးဖြစ်သည့် သတ္တက္ခတ္တုပရမ သောတာပန် (ခုနစ်ဘဝကျန် သောတာပန်) တို့သည် တရားကို ပွားများအားထုတ်ရန် လွန်စွာ မေ့လျော့နေပါကြသော်လည်း ရှစ်ဘဝမြောက်အထိ မဖြစ်တော့ချေ။ (ခုနစ်ဘဝမှာပင် သတိပြန်ရ တရားအားထုတ် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံလေသည်)။ ဤသို့လျှင် ရှစ်ကြိမ်မြောက်ဘဝကို ယူခြင်းမရှိသော သတ္တက္ခတ္တုပရမသောတာပန်

တည်းဟူသော ရတနာသည်လည်း မြတ်လှပေ၏။ ဤသို့ မှန်သောသစ္စာစကား ကြောင့် သတ္တဝါတို့အား ကောင်းသောအစီးအပွား ဖြစ်ထွန်းပါစေသတည်း။

၁၃။ အတ္တဟူသော မိမိကိုယ် ရှိ၏ဟူ၍ ခံယူခြင်း၊ ရှစ်ပါးသော ဌာန တို့၌ ယုံမှားခြင်း၊ နွားလို ခွေးလိုကျင့်ခြင်းဖြင့် သံသရာမှ ထွက်မြောက်နိုင်၏ဟု အထင် မှားခြင်း၊ ဤအမှားသုံးရပ်ကို သောတာပန်ပုဂ္ဂိုလ်သည် သောတာပန်ဖြစ်လျှင် ဖြစ်ချင်း ပယ်စွန့်ပြီး ဖြစ်လေ၏။ မည်သည့်မှားသောအယူကိုမဆို ပယ်စွန့်လေ၏။

၁၄။ ထိုသောတာပန်ပုဂ္ဂိုလ်မြတ်သည် အပါယ်လေးပါးမှ လွတ်လေ၏။ လွန်ကဲသော အကြောင်းခြောက်ရပ်တို့ကိုလည်း မပြုထိုက်တော့ပေ။ ဤသို့လျှင် ယူမှား၊ ယုံမှား တရားသုံးပါးကို ပယ်နိုင်သော သောတာပန်အရိယာ သံဃာရတနာ သည်လည်း မြတ်လှပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါတို့အား ကောင်းကျိုး ချမ်းသာ ဖြစ်လာပါစေသတည်း။

၁၅။ သောတာပန်ပုဂ္ဂိုလ်သည် ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ စိတ်ထဲက ဖြစ်စေ မကောင်းမှုတစ်ခုခုကို အကယ်၍ ပြုမိငြားအံ့။ သူသည် ထိုမကောင်းမှုကို ဖုံးကွယ်ဖို့ရာ မကြိုးစားတော့ချေ။ သောတာပန်ဟူသည် နိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့် မြင်ပြီးသူဖြစ်၍ မကောင်းမှုကို သိုဝှက်ခြင်း မရှိတော့ကြောင်း ဟောကြားတော်မူခဲ့၏။ ဤသို့လျှင် ပြုမိသော မကောင်းမှုကို ဖုံးကွယ်ခြင်း မရှိသော သောတာပန် သံဃာ တည်းဟူသော ရတနာသည်လည်း မြတ်လှပေ၏။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါတို့အား ချမ်းသာသုခ ဖြစ်ပါစေသတည်း။

၁၆။ နွေဦးတုလေးလတွင် အဦးအစဖြစ်သော (တပေါင်း လပြည့်ကျော် တစ်ရက်မှ တန်ခူးလပြည့်အထိ) နွေလအတွင်း၌ ပင်တိုင်း ပင့်တိုင်း ပင်လုံးကျွတ် ပွင့်လျက်ရှိသော တောအုပ်သည် အသရေရှိလှဘိသကဲ့သို့ ထိုတောအုပ်နည်းတူ အသရေရှိလှသော၊ နိဗ္ဗာန်သို့လည်း ရောက်စေတတ်သော၊ ပရိယတ္တိတရားတော်ကို မြတ်သော လောကုတ္တရာ အကျိုးစီးပွားအတွက် မြတ်စွာဘုရား ဟောကြားတော်မူ ခဲ့လေပြီ။ ယင်းသို့ ဟောကြားတော်မူသော ဒေသနာတော်ရှင် ဘုရား ရတနာသည် လည်း မွန်မြတ်လှပေ၏။ ဤသို့မှန်သော သစ္စာစကားကြောင့် သတ္တဝါအပေါင်းအား ကောင်းသော စီးပွားချမ်းသာ ဖြစ်ပါစေသတည်း။

၁၇။ မိမိကိုယ်တိုင် မြင့်မြတ်တော်မူ၍ မြတ်သောတရားကိုလည်း သိမြင် တော်မူသော၊ လောကုတ္တရာတရားမြတ်ကိုလည်း သတ္တဝါတို့အား ပေးတော်မူတတ် သော၊ မြတ်သော အကျိုးစီးပွားကိုလည်း ဆောင်ကြဉ်းတော်မူတတ်သော၊ မိမိထက်

သာလွန်သူမရှိသော ဘုရားမြတ်စွာသည် မြတ်သောတရားကိုပင် ဟောကြားတော်မူလေပြီ။ ဤသို့လျှင် သတ္တဝါတို့၏ ဣန္ဒြေ အနုအရင့်ကို သိရှိနားလည်လျက် တရားမြတ်ကို ဟောကြားတတ်သော"ဘုရား"တည်းဟူသော ရတနာသည်လည်း မြတ်လှပေသည်။ ဤသို့မှန်သောသစ္စာစကားကြောင့် သတ္တဝါတိုင်း ကောင်းသော အကျိုးစီးပွား ဖြစ်ထွန်းပါစေသတည်း။

၁၈။ ရဟန္တာအရှင်သူမြတ်တို့သည် တမလွန်ဘဝကို လှမ်း၍ တပ်မက်ခြင်းစိတ် မရှိကြကုန်။ ရဟန္တာတို့အား ရှေးရှေးသောဘဝများစွာက ပြုလုပ် အားထုတ်ခဲ့ဖူးသည့် ကံဟောင်းကံကြွင်းဟူသမျှ ကုန်လေပြီ။ ဘဝသစ်၌ ဖြစ်စရာ ကံလည်းမရှိချေ။ ကံတည်းဟူသော မျိုးစေ့ကုန်လေပြီ။ ဘဝသစ်ဖြစ်လိုသည့် ဆန္ဒလည်းမရှိတော့ပေ။ ပညာဉာဏ်လည်း ရင့်သန်ကြီးမားကြကုန်၏။ ထိုရဟန္တာအရှင်သူမြတ်တို့သည်(သေသောအခါ) ဤဆီမီးသည် ငြိမ်းလေသကဲ့သို့ ငြိမ်းတော်မူကြကုန်၏။ ဤသို့လျှင် ဘဝသစ်ဖြစ်ပြန်ခြင်းမရှိသော ရဟန္တာသံဃာတော်မြတ် ရတနာသည်လည်း မြတ်လှပေ၏။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါအပေါင်းအား ကောင်းသော အကျိုးစီးပွား ဖြစ်ထွန်းပါစေသတည်း။

၁၉။ မြေနှင့်စပ်၍ တည်ကုန်သော ဘုမ္မစိုး၊ ရက္ခစိုး၊ စတုမဟာရာဇ်၊ တာဝတိံသာနတ်တို့သည်လည်းကောင်း၊ ကောင်းကင်၌ ဖြစ်ကုန်သော ယာမာ၊ တုသိတာ စသော နတ်တို့သည်လည်းကောင်း ဤအရပ် ဤဒေသ၌ ညီညွတ်ပေါင်းဆုံမိကြကုန်၏။ ကျွန်ုပ်တို့နတ်အပေါင်းက ရှေးရှေးသောဘုရားရှင်များနည်းတူ ပွင့်တော်မူလာသော၊ နတ်လူအပေါင်းတို့က ပူဇော်ထိုက်သော မြတ်စွာဘုရားကို ရှိခိုးကြပါကုန်၏။ သတ္တဝါအပေါင်းအား ကောင်းသော အစီးအပွား ဖြစ်ပါစေသတည်း။

၂၀။ မြေနှင့်စပ်၍ တည်ကုန်သော ဘုမ္မစိုး၊ ရက္ခစိုး၊ စတုမဟာရာဇ်၊ တာဝတိံသာနတ်တို့သည်လည်းကောင်း၊ ကောင်းကင်၌ ဖြစ်ကုန်သော ယာမာ၊ တုသိတာ စသော နတ်တို့သည်လည်းကောင်း ဤအရပ် ဤဒေသ၌ အညီအညွတ်စုဝေးမိကြကုန်၏။ ကျွန်ုပ်တို့နတ်အပေါင်းက ရှေးရှေးသောဘုရားရှင်များ ဟောကြားသည့်နည်းတူ ဟောကြားခဲ့သော လူအပေါင်း နတ်အပေါင်းက နှစ်ထောင်အားရစွာ ပူဇော်ထိုက်သော တရားတော်မြတ်ကို ရှိခိုးဦးညွှတ်ကြပါကုန်၏။ သတ္တဝါအပေါင်းလည်း ချမ်းသာသုခ ရှိကြပါစေသတည်း။

၂၁။ မြေနှင့်စပ်၍ တည်ကုန်သော ဘုမ္မစိုး၊ ရုက္ခစိုး၊ စတုမဟာရာဇ်၊ တာဝတိံသာနတ်တို့သည်လည်းကောင်း၊ ကောင်းကင်၌ ဖြစ်ကုန်သော ယာမာ၊ တုသိတာ စသော နတ်တို့သည်လည်းကောင်း ဤအရပ်ဤဒေသ၌ အညီအညွတ် စည်းဝေးမိကြကုန်၏။ ကျွန်ုပ်တို့နတ်အပေါင်းသည် ရှေးရှေးဘုရားရှင်များ ခေတ်မှာ ကဲ့သို့ ကောင်းစွာပေါ်ပေါက်လာသော၊ နတ်လူတို့က ပူဇော်ထိုက်သော သံဃာ တော်မြတ်ရတနာကိုလည်း ဦးညွှတ်ရှိခိုးကြပါကုန်၏။ သတ္တဝါအား ကောင်းသော အကျိုးစီးပွားဖြစ်ထွန်းပါစေသတည်း။

## (၂) ရတနသုတ်ပါဠိတော်

၁။ ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ ဒသ ပါရမိယော,
ဒသ ဥပပါရမိယော, ဒသ ပရမတ္ထပရမိယောတိ
သမတ္တိံသ ပါရမိယော, ပဉ္စ မဟာပရိစ္စာဂေ,
လောကတ္ထစရိယံ ဉာတတ္ထစရိယံ ဗုဒ္ဓတ္ထစရိယန္တိ
တိဿော စရိယာယော ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိံ
ဇာတိံ အဘိနိက္ခမနံ ပဓာနစရိယံ ဗောဓိပလ္လင်္ကေ
မာရဝိဇယံ သဗ္ဗညုတညာဏပ္ပဋိဝေဓံ,
ဓမ္မစက္ကပ္ပဝတ္တနံ နဝ လောကုတ္တရဓမ္မေတိ
သဗ္ဗေပိ မေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ
ဝေသာလိယာ တီသု ပါကာရန္တရေသု
တိယာမရတ္တိံ ပရိတ္တံ ကရောန္တော
အာယသ္မာ အာနန္ဒတ္ထေရော ဝိယ
ကာရုညစိတ္တံ ဥပဋ္ဌပေတွာ–

၂။ ကောဋိသတသဟဿေသု၊ စက္ကဝါဠေသုဒေဝတာ။
ယဿာဏံ ပဋိဂ္ဂဏှန္တိ၊ ယဉ္စ ဝေသာလိယာ ပုရေ။

၃။ ရောဂါမနုဿဒုဗ္ဘိက္ခ–သမ္ဘူတံ တိဝိဓံ ဘယံ။
ခိပ္ပ'မန္တရဓာပေသိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၄။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

၅။ တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

၆။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
နနော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၇။ ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၈။ ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ' မာနန္တ ရိက'ည' မာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၉။ ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၀။ ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ကာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။

ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၁။ ယထိန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိ ဝါတေဘိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၂။ ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမ’ အာဒိယန္တိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၃။ သဟာဝ’ဿ ဒဿနသမ္ပဒါယ၊
တယ’ဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။

၁၄။ စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၅။ ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၆။ ဝနပ္ပဂုမ္ဗေ ယထာ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၇။ ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၈။ ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တစိတ္တာယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရူဠှိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၉။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

၂၀။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

၂၁။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

ရတနသုတ္တံ နိဋ္ဌိတံ။

*

## ၃–မေတ္တသုတ်

### မေတ္တသုတ် ရွတ်ဖတ်ခြင်းအကျိုး

ချမ်းချမ်းသာသာ အိပ်ရ၊ နိုးရစေသည်။ အိပ်မက်ဆိုးများ မမက်အောင် ကာကွယ်နိုင်သည်။ မျက်နှာကြည်လင်၍ လူချစ်လူခင် များလိမ့်မည်။ အိပ်ခါနီး ဆဲဆဲမှာ ရွတ်ပြီးအိပ်လျှင် ညအခါ ဘီလူးစီးခြင်း၊ ယောင်ယမ်း၍ ထပြေးခြင်း၊ အိပ်နေရင်း အသံနက်ကြီးဖြင့် အော်ခြင်း၊ အိပ်ရာနားရှိ တွေ့ကရာပစ္စည်းတို့ဖြင့် ယောင်ယမ်းပြီး ပစ်ပေါက်ခြင်း စသည်တို့ ကင်းသည်။ ထိုသို့ဖြစ်တတ်သူများသည် အထူးတလည် မေတ္တသုတ်ကို ရွတ်သင့်ပေသည်။

### မေတ္တသုတ် မြန်မာပြန်

၁။ မေတ္တသုတ်၏ အာနုဘော်ကြောင့် ဘီလူး၊ ဘုမ္မစိုးနတ်တို့သည် ကြောက်မက်ဖွယ် ကောင်းသော ရုပ်အဆင်းကို ဖန်ဆင်း၍ လူတို့အား မပြဝံ့ကြကုန်။ မေတ္တသုတ်တော်ကို ညဉ့်အခါ၌ လည်းကောင်း၊ နေ့အခါ၌ လည်းကောင်း မပျင်း မရိ ရွတ်ဖတ်လေ့ရှိသော သူသည်–

၂။ အိပ်သောအခါ ချမ်းသာစွာ အိပ်ရလေ၏။ အိပ်ပျော်နေစဉ်၌လည်း အိပ်မက်ဆိုးကို မမြင်မမက်နိုင်။ ဤသို့သော ကျေးဇူးဂုဏ်နှင့် ပြည့်စုံသည့် မေတ္တသုတ် ပရိတ်တော်ကို ကျွန်ုပ်တို့ စုပေါင်းရွတ်ဆိုကြပါကုန်စို့။

၃။ အကျိုးစီးပွား၌ လိမ္မာသော သူသည် ငြိမ်သက်စွာသော နိဗ္ဗာန်သို့ ဉာဏ်ဖြင့် သက်ဝင်ခြင်းကို ပြုရာသည်။ ပြုနိုင်စွမ်းရှိသူလည်း ဖြစ်ရာသည်။ ဖြောင့်မတ်ရာ၏။ ကောင်းစွာ ဖြောင့်မတ်ရာ၏။ ပညာရှိတို့ ဆိုလွယ်ဆုံးမ လွယ် သူလည်း ဖြစ်ရာ၏။ နူးညံ့သိမ်မွေ့ရာ၏။ မာန်မာန မထားရာ။

၄။ ရောင့်ရဲလွယ်ရာ၏။ သူတစ်ပါးတို့က ပြုစုလွယ်၊ မွေးမြူလွယ်သူမျိုး ဖြစ်ရာ၏။ ကိစ္စနည်းစေရာ၏။ အသက်မွေးမှု ပေါ့ပါးခြင်း ရှိရာ၏။ မျက်စိစသော ဣန္ဒြေတည်ငြိမ်မှု ရှိရာ၏။ ရင့်ကျက်သောပညာ ရှိရာ၏။ အမူအရာ မကြမ်းတမ်းစေရာ။ ဒါယကာများ၊ ဆွေမျိုးများ၌ သံယောဇဉ်ငြိတွယ်လွန်းခြင်း မဖြစ်စေရာ။

၅။ ပညာရှိတို့ ကဲ့ရဲ့ဖွယ်ဖြစ်သော မကောင်းမှု တစ်စုံတစ်ခုကို အနည်းငယ် မျှပင် မပြုမကျင့်ရာ။ သတ္တဝါခပ်သိမ်း ချမ်းသာကြပါစေ။ ဘေးမရှိကြပါစေနှင့်။ ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

၆။ အသက်ရှရှိက်သောသတ္တဝါအားလုံး၊ ထိတ်လန့်လွယ်သော သတ္တဝါအားလုံး၊ တည်ကြည်သော သတ္တဝါအားလုံး၊ ကိုယ်ခန္ဓာရှည်သော သတ္တဝါအားလုံး၊ ကြီးသောသတ္တဝါ၊ မတိုမရှည် မကြီးမငယ် အလယ်အလတ်ဖြစ်သော သတ္တဝါ၊ ပုသော တိုသော သတ္တဝါ၊ ပိန်သော ကြုံသော သတ္တဝါ၊ ဆူသော ဖြိုးသော သတ္တဝါ။

၇။ မျက်စိဖြင့် မြင်နိုင်သော သတ္တဝါ၊ မျက်စိဖြင့် မမြင်နိုင်သော သတ္တဝါ၊ အဝေးမှာရှိသော သတ္တဝါ၊ မနီးမဝေးမှာရှိသော သတ္တဝါ၊ ဖြစ်ပြီးသော သတ္တဝါ၊ နောင်ဖြစ်လတ္တံ့သော သတ္တဝါ၊ ဆိုခဲ့ပါ သတ္တဝါအားလုံးသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေကုန်သတည်း။

၈။ တစ်ယောက်နှင့် တစ်ယောက် အမျက်ဒေါသ မထွက်ရာ။ အလုပ်ကိစ္စ တစ်ခုခုနှင့် စပ်လျဉ်း၍ တစ်ယောက်ယောက်ကို ချုပ်ချယ်သောစကား မပြောရာ။ မုန်းတီးသောစိတ်ဖြင့် အမှတ်မထားရာ။ အနည်းငယ်မျှ မထိမဲ့မြင် မထင်ကောင်း။ အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် ဆင်းရဲဒုက္ခကို အလိုမရှိသင့်ပေ။

၉။ အမိသည် မိမိဝမ်း၌ လွယ်၍ မွေးရသော တစ်ဦးတည်းသော သားကို အသက်လောက် ချစ်မြတ်နိုး၍ အစဉ်မပြတ် စောင့်ရှောက်သည့်နည်းတူ သတ္တဝါ အားလုံးတို့အပေါ်၌ အတိုင်းမသိ ကြီးမားသော မေတ္တာစိတ်ကို ပွားများရာ၏။

၁၀။ အထက်အောက် ဘေးဘီ အရပ်မျက်နှာအားလုံး အကျဉ်းအမြောင်း မရှိ၊ အတွင်းရန် အပြင်ရန်မရှိ။ အတိုင်းမသိ မြတ်နိုးတတ်သော မေတ္တာစိတ်ကို ပွားများစေရာ၏။

၁၁။ အိပ်ငိုက်သောအခါမှတစ်ပါး မတ်တတ်ရပ်နေစဉ်ဖြစ်စေ၊ လမ်းလျှောက်သွားနေစဉ် ဖြစ်စေ၊ ထိုင်နေစဉ် ဖြစ်စေ၊ လဲလျောင်းနေစဉ် ဖြစ်စေ အမြဲမပြတ် သတိချပ်လျက် မေတ္တာပို့နေရာ၏။ ယင်းသို့ မေတ္တာစိတ်နှင့် အမြဲမပြတ်နေခြင်း၊ ထိုင်ခြင်းကို "မြတ်သောနေခြင်း"ဟူ၍ ဂေါတမဘုရား သာသနာတော်၌ ဆိုကြလေပြီ။

၁၂။ မှားသောအယူဝါဒကို လက်မခံဘဲ ကိုယ်ကျင့်သီလ ရှိစေရာ၏။ မဂ်ဉာဏ်အမြင်နှင့် ပြည့်စုံစေရာ၏။ ကိလေသာအာရုံ ကာမဂုဏ်တို့၌ တပ်နှစ်သက်ခြင်းကို ပယ်ဖျောက်ရာ၏။ ဤသို့သော လူမျိုးသည် မိခင်ဝမ်း၌ တစ်ဖန် ပဋိသန္ဓေ မနေရတော့ပေ။ (ဝဋ်ဘဝချုပ်ငြိမ်း၍ နိဗ္ဗာန်ချမ်းသာသို့ ရောက်ပေလတ္တံ့)။

## (၃) မေတ္တသုတ်ပါဠိတော်

၁။ ယဿာနုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘီသနံ။
ယမှိ စေဝါနုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝ' မတန္ဒိတော။

၂။ သုခံ သုပတိ သုတ္တော စ၊ ပါပံ ကိဉ္စိ န ပဿတိ။
ဧဝမာဒိဂုဏူပေတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ ကရဏီယ'မတ္ထကုသလေန၊ ယန္တ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊ သုဝစော စဿ မုဒု အနတိမာနီ။

၄။ သန္တုဿကော စ သုဘရော စ၊ အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊ အပ္ပဂဗ္ဘော ကုလေသွ' နနုဂိဒ္ဓေါ။

၅။ န စ ခုဒ္ဒ'မာစရေ ကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနောဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၆။ ယေ ကေစိ ပါဏဘူတတ္ထိ၊ တသာ ဝါ ထာဝရာ ဝ' နဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊ မဇ္ဈိမာ ရဿကာ အဏုကထူလာ။

၇။ ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊ ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီ ဝ၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၈။ န ပရော ပရံ နိကုဗ္ဗေထ၊ နာတိမညေထ ကတ္ထစိ န ကဉ္စိ။
ဗျာရောသနာ ပဋိဃသည၊ နာညမညဿ ဒုက္ခ'မိစ္ဆေယျ။

၉။ မာတာ ယထာ နိယံ ပုတ္တ၊ မာယုသာ ဧကပုတ္တ' မနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ။

၁၀။ မေတ္တဉ္စ သဗ္ဗလောကသ္မိ၊ မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊ အသမ္ဗာဓံ အဝေရ' မသပတ္တံ။

၁၁။ တိဋ္ဌံ စရံ နိသိန္နော ဝ၊ သယာနော ယာဝတာ'ဿ ဝိတမိဒ္ဓေါ။
ဧတံ သတိံ အဓိဋ္ဌေယျ၊ ဗြဟ္မ' မေတံ ဝိဟာရ'မိဓ မာဟု။

၁၂။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊ သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနေယျ ဂေဓံ၊ န ဟိ ဇာတု'ဂ္ဂဗ္ဘသေယျ ပုန ရေတိ။

မေတ္တသုတ္တံ နိဋ္ဌိတံ။

*

၄-ခန္ဓသုတ်

## ခန္ဓသုတ် ရွတ်ဖတ်ရခြင်းအကျိုး

မြွေဘေးကင်းနိုင်သည်။ အခြား အဆိပ်ရှိသော သတ္တဝါတို့ဘေးမှလည်း လွတ်နိုင်သည်။ မြွေကိုက်ကင်းကိုက် ခံရသောအခါမျိုး၌လည်း အကြိမ်ကြိမ် ရွတ်နိုင်သည်။ ဘေးရန်ကို ကျော်လွှန်နိုင်ပေသည်။

### ခန္ဓသုတ် မြန်မာပြန်

၁-၂။ ဤခန္ဓသုတ်ပရိတ်တော်သည် နတ်ဆေး နတ်မန္တ ရားနှင့်တူ၏။ မြွေလေးမျိုးတို့၏ ပြင်းထန်သော အဆိပ်ကို ပျောက်ကင်းစေနိုင်၏။ အာဏာခေတ်ဟု ခေါ်သော စကြဝဠာ ကုဋေတစ်သိန်းအတွင်း၌ သတ္တဝါအများ ရှိကြ၏။ မြွေမှ တစ်ပါး ကျန်သော သတ္တဝါတို့၏ ဘေးရန်ကိုလည်း တားမြစ်နိုင်စွမ်းပေ၏။ ထိုပရိတ်တော်ကို ယခုအခါ ကျွန်ုပ်တို့ စုပေါင်း ရွတ်ဆိုကြပါကုန်စို့။

၃။ ဝိရူပက္ခနဂါးမင်းတို့နှင့် အတူတကွ ကျွန်ုပ်၏ ချစ်ခြင်းမေတ္တာသည် ဖြစ်ပါစေ။ ဧရာပထနဂါးမင်းတို့နှင့် အတူတကွ ကျွန်ုပ်၏ ချစ်ခြင်းမေတ္တာသည် ဖြစ်ပါစေ။ ဆဗျာပုတ္တနဂါးမင်းတို့နှင့် အတူတကွ ကျွန်ုပ်၏ ချစ်ခြင်းမေတ္တာသည် ဖြစ်ပါစေ။ ကဏှာဂေါတမ နဂါးမင်းတို့နှင့် အတူတကွ ကျွန်ုပ်၏ ချစ်ခြင်းမေတ္တာ သည် ဖြစ်ပါစေ။

၄။ အခြေမဲ့သော သတ္တဝါ၊ အခြေနှစ်ချောင်းရှိသောသတ္တဝါ၊ အခြေ လေးချောင်းရှိသော သတ္တဝါ၊ ခြေထောက်များစွာရှိသော သတ္တဝါ၊ ဤသတ္တဝါ အားလုံးနှင့် ကျွန်ုပ်၏ ချစ်ခြင်းမေတ္တာသည် အတူတကွ ဖြစ်ပါစေသတည်း။

၅။ အခြေမဲ့သော သတ္တဝါဟူသမျှသည် ကျွန်ုပ်ကို မညှဉ်းဆဲစေသတည်း၊ အခြေနှစ်ချောင်းရှိသောသတ္တဝါ ဟူသမျှသည် ကျွန်ုပ်ကို မညှဉ်းဆဲစေသတည်း၊ ခြေ လေးချောင်းရှိသော သတ္တဝါဟူသမျှသည် ကျွန်ုပ်ကို မညှဉ်းဆဲစေသတည်း၊ ခြေထောက်များစွာရှိသော သတ္တဝါဟူသမျှသည် ကျွန်ုပ်ကို မညှဉ်းဆဲစေသတည်း။

၆။ အာရုံငါးပါးကို ခံမင်တတ်သော သတ္တဝါအားလုံးတို့သည်လည်း ကောင်း၊ အသက်ရှူရှိုက်တတ်သော သတ္တဝါအားလုံးတို့သည်လည်းကောင်း၊ ကိုယ် ကာယ အထင်အရှားဖြစ်သော သတ္တဝါအားလုံးတို့သည်လည်းကောင်း သတ္တဝါတိုင်း သတ္တဝါတိုင်းသည် အကောင်းအမြတ်တို့ကို မြင်ကြပါစေ။ အနည်းငယ်မျှပင် မကောင်းမှုသို့ မရောက်ကြပါစေနှင့်။

၇။ (ကိလေသာသည် နှိုင်းရှည့်စရာ အကြောင်းပမာဏဖြစ်၏။) မြတ်စွာဘုရားသည် ပမာဏပြုစရာ ကိလေသာမရှိ။ တရားတော်သည်လည်း ပမာဏပြုစရာ ကိလေသာ မရှိ။ သံဃာတော်သည်လည်း ပမာဏပြုစရာ ကိလေသာ မရှိ။ ကင်း, သန်း, မြွေ, ကင်းပုစွန်, ကင်းခြေများ, ပင့်ကူ(ပင့်ကူနက်), တက်တူ(အိမ်မြှောင်), ကြွက် စသော သတ္တဝါတို့သည် ပမာဏပြုစရာ ကိလေသာ ရှိကြကုန်၏။

၈။ ကျွန်ုပ်သည် အစောင့်အရှောက်ကို ပြုအပ်ပြီ။ အရံအတားကို ပြုအပ်ပြီ။ သတ္တဝါတို့သည် ဖဲရှောင်ကြကုန်လော့။ ကျွန်ုပ်သည် ဘုန်းတော်ကြီးသော မြတ်စွာဘုရားအား ရှိခိုးပါ၏။ ဝိပဿီစသောဘုရားခုနစ်ဆူတို့အားလည်း ဦးညွတ်ရှိခိုးပါ၏။

## (၄) ခန္ဓသုတ်ပါဠိတော်

၁။ သဗ္ဗာသီဝိသ ဇာတီနံ၊ ဒိဗ္ဗမန္တာဂဒံ ဝိယ။
ယံ နာသေတိ ဝိသံ ဃောရံ၊ သေသဉ္စာပိ ပရိဿယံ။

၂။ အာဏာက္ခေတ္တမှိ သဗ္ဗတ္ထ၊ သဗ္ဗဒါ သဗ္ဗပါဏိနံ။
သဗ္ဗသောပိ နိဝါရေတိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ ဝိရူပက္ခေဟိ မေ မေတ္တံ၊ မေတ္တံ ဧရာပထေဟိ မေ။
ဆဗျာပုတ္တေဟိ မေ မေတ္တံ၊ မေတ္တံ ကဏှာဂေါတမကေဟိ စ။

၄။ အပါဒကေဟိ မေ မေတ္တံ၊ မေတ္တံ ဒွိပါဒကေဟိ မေ။
စတုပ္ပဒေဟိ မေ မေတ္တံ၊ မေတ္တံ ဗဟုပ္ပဒေဟိ မေ။

၅။ မာ မံ အပါဒကော ဟိံသိ၊ မာ မံ ဟိံသိ ဒွိပါဒကော။
မာ မံ စတုပ္ပဒေါ ဟိံသိ၊ မာ မံ ဟိံသိ ဗဟုပ္ပဒေါ။

၆။ သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ စ ကေဝလာ။
သဗ္ဗေ ဘဒြာနိ ပဿန္တု၊ မာ ကဉ္စိ ပါပ'မာဂမာ။

၇။ အပ္ပမာဏော ဗုဒ္ဓေါ၊ အပ္ပမာဏော ဓမ္မော။
အပ္ပမာဏော သံဃော၊ ပမာဏဝန္တာနိ သရီသပါနိ။
အဟိ ဝိစ္ဆိကာ သတပဒီ၊ ဥဏ္ဏာနာဘီ သရဗူ မူသိကာ။

၈။ ကတာ မေ ရက္ခာ, ကတံ မေ ပရိတ္တံ၊ ပဋိက္ကမန္တု ဘူတာနိ။
သောဟံ နမော ဘဂဝတော၊ နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။
ခန္ဓသုတ္တံ နိဋ္ဌိတံ။

## ၅–မောရသုတ်

### မောရသုတ် ရွတ်ဖတ်ခြင်းအကျိုး

ပိယဆေးခတ်ခြင်း၊ ပုဏ္ဏကတိုက်ခြင်း စသည်ဖြင့် သူတစ်ပါးတို့က မကောင်း မကြံနိုင်အောင် ကာကွယ်နိုင်သည်။ အထူးသဖြင့် အပျိုရည် အပျို့သိက္ခာကို မြတ်နိုးသောမိန်းကလေးများအတွက် အကာအကွယ်ကောင်းဖြစ်သည်။ အန္တရာယ် ပြုရန် တစ်စုံတစ်ယောက်က မိမိနောက်သို့ လိုက်နေသောအခါများထွင် ရွတ်နိုင်သည်။ သူတစ်ပါးက မိမိ၏ ရာထူးအခြေအနေ လျှော့ကျအောင် ကြံစည်နေလျှင်လည်း အကာအကွယ်ကောင်းတစ်ခု ဖြစ်ပေသည်။ လုပ်ကြံသတ်ဖြတ်မှု မခံရအောင်လည်း စွမ်းပေသေးသည်။

### မောရသုတ် မြန်မာပြန်

၁–၂။ သဗ္ဗညုတဉာဏ်တော်၏ အခြေခံအဆောက်အဦးဖြစ်သောပါရမီ တို့ကို ဖြည့်ကျင့်တော်မူစဉ်အခါ ဥဒေါင်းမျိုး၌ ဖြစ်တော်မူခိုက် ဘုရားအလောင်း ဥဒေါင်းမင်းသည် ဤမောရပရိတ်ဖြင့် မိမိကိုယ်ကို ဘေးအန္တရာယ်ကင်းအောင် စီရင်ထားလေသည်။ မုဆိုးတို့သည် ဘုရားအလောင်း ဥဒေါင်းမင်းကို ဖမ်းယူရန် နှစ်ပေါင်းများစွာ ကြိုးစားခဲ့ကြသော်လည်း ဖမ်း၍ မရနိုင်ကြကုန်။ ဤ မောရပရိတ်ကို မြတ်သော မန္တရားဟူ၍ပင် မြတ်စွာဘုရား ဟောကြားခဲ့၏။ ယခုအခါ ဤမောရ ပရိတ်တော်ကို ကျွန်ုပ်တို့ စုပေါင်းရွတ်ဆိုကြကုန်စို့။

၃။ နေမင်းသည် လူတို့၏ မျက်စိသဖွယ်လည်း ဖြစ်၏။ ပြိုင်ဘက်ကင်းသော မင်းလည်း ဖြစ်၏။ ရွှေအဆင်းနှင့်တူသော အဆင်းလည်း ရှိ၏။ မြေပြင်တစ်ခုလုံးကို ထွန်းပသော အလင်းရောင်လည်း ရှိ၏။ ယခု ဤနေမင်းသည် တက်လတ်ပေ၏။ ကျွန်ုပ်သည် ရွှေအဆင်းရှိသော၊ မြေပြင်၌ ထွန်းလင်းတောက်ပသော ဤနေမင်းကို ရှိခိုးပါ၏။ ရှိသေပါ၏။ ယနေ့ တစ်နေ့လုံး အသင်နေမင်း၏ အစောင့်အရှောက်ကို ခံယူပြီး ကျွန်ုပ် နေပါအံ့။

၄။ မြတ်စွာဘုရားတို့မည်သည်မှာ မကောင်းဟူသမျှကို အပပြုကုန်ပြီး ဖြစ်၏။ တရားအားလုံးကို သိမြင်တော်မူကြပြီး ဖြစ်၏။ ထိုဘုရားရှင်တို့အား ကျွန်ုပ် ရှိခိုးပါ၏။ ထိုဘုရားရှင်တို့ကလည်း ကျွန်ုပ်ကို စောင့်ရှောက်ကြပါစေ သတည်း။ သစ္စာလေးပါးကို သိမြင်ပြီးသော ပုဂ္ဂိုလ်တို့အားလည်း ရှိခိုးပါ၏။ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်အားလည်း ရှိခိုးပါ၏။ ကိလေသာမှ

ကင်းလွတ်ကုန်ပြီးသော ပုဂ္ဂိုလ်တို့အားလည်း ရှိခိုးပါ၏။ အရဟတ္တဖိုလ်တရား အားလည်း ရှိခိုးပါ၏။ ဦးညွတ်ပါ၏။

ဤသို့လျှင် ဘုရားအလောင်း ဥဒေါင်းမင်းသည် ဤ ပရိတ်အရံအတားကို ပြုပြီးမှ အစာရှာထွက်လေ၏။

၅။ နေမင်းသည် လူတို့၏ မျက်စိနှင့်တူ၏။ မြတ်သောမင်းလည်း ဖြစ်၏။ ရွှေအဆင်းအရောင်လည်း ရှိ၏။ မြေပြင်၌လည်း ထွန်းလင်းတောက်ပ၏။ ဤနေမင်းသည် ယခု ဝင်လေ၏။ ကျွန်ုပ်သည် ရွှေအဆင်းရှိသော မြေပြင်၌ တောက်ပသော အရောင်ရှိသော ရှင်နေမင်းကို ဦးညွတ်ရှိခိုးပါ၏။ ယခု တစ်ညဉ့်ပတ်လုံး အရှင်နေမင်း၏ အစောင့်အရှောက်ခံယူ၍ ကျွန်ုပ် နေပါအံ့။

၆။ မကောင်းမှုဟူသမျှကို ဖယ်ရှားပြီး တရားအလုံးစုံကို သိတော်မူကုန်သော ဘုရားရှင်တို့အား ဦးညွတ်ရှိခိုးပါ၏။ ထိုဘုရားရှင်တို့သည် ကျွန်ုပ်ကို စောင့်ရှောက်ပါစေသတည်း။ သစ္စာလေးပါးကို သိမြင်ပြီးသော အရိယာ ပုဂ္ဂိုလ်တို့အား လည်းကောင်း၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်အား လည်းကောင်း၊ ကိလေသာ အနှောင်အဖွဲ့မှ လွတ်မြောက်ပြီးသော ပုဂ္ဂိုလ်တို့အားလည်းကောင်း၊ အရဟတ္တဖိုလ်တရားတော်အားလည်းကောင်း ကျွန်ုပ် ရှိခိုးပါ၏။ ဦးညွတ်ပါ၏။

ဤသို့လျှင် ဥဒေါင်းမင်းသည် ဤပရိတ် အရံအတားကို ပြု၍ ညဉ့်အခါ၌ နေလေ၏။

## (၅) မောရသုတ်ပါဠိတော်

၁။ ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ မောရယောနိယံ။
ယေန သံဝိဟိတာရက္ခံ၊ မဟာသတ္တံ ဝနေစရာ။

၂။ စိရဿံ ဝါယမန္တာပိ၊ နေဝ သက္ခိံသု ဂဏှိတုံ။
"ဗြဟ္မမန္တ"န္တိ အက္ခာတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ ဥဒေတ'ယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာ'ဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။

၄။ ယေ ဗြဟ္မာဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော' တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ' နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊ မောရော စရတိ ဧသနာ။

၅။ အပေတ'ယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာ'ဇ္ဇ ဂုတ္တာ ဝိဟရေမု ရတ္တိံ။

၆။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊ မောရော ဝါသ' မကပ္ပယိ။

မောရသုတ္တံ နိဋ္ဌိတံ။

## ၆–ဝဋ္ဋသုတ်

### ဝဋ္ဋသုတ် ရွတ်ဖတ်ခြင်းအကျိုး

မီးဘေးလွတ်ကင်းစေနိုင်သည်။ မိမိကိုယ်တိုင် မီးဘေးမသင့်ရအောင်၊ မိမိ ရပ်ကွက် မီးဘေးကင်းအောင် သစ္စာပြုနိုင်သည်။

### ဝဋ္ဋသုတ်မြန်မာပြန်

၁။ သဗ္ဗညုတဉာဏ်တော်ကို ရရှိခြင်း၏ အခြေခံဖြစ်သော ပါရမီတို့ကို ဖြည့်ကျင့်သော ဘုရားအလောင်းသည် နစဉ်ဘဝက ငုံးငှက်မျိုး၌ ဖြစ်ရလေ၏။ ဘုရားအလောင်းငုံးငယ်ကို ဤပရိတ်တော်၏ တန်ခိုးကြောင့် တောမီးကွင်းရလေ၏။

၂။ ဤပရိတ်တော်ကို ရှင်သာရိပုတ္တရာမဟာထေရ်မြတ်အား မြတ်စွာဘုရား ဟောကြားတော်မူခဲ့၏။ ဤပရိတ်တော်သည် ကမ္ဘာတည်လိမ့်မည်။ တန်ခိုးလည်း လွန်စွာကြီး၏။ ယခုအခါ ထိုငုံးမင်းပရိတ်ကို ကျွန်ုပ်တို့ စုပေါင်းရွတ်ဆိုကြပါစို့။

၃။ လောကဥ္စ သီလ၏ဂုဏ်ကျေးဇူးသည် ရှိပေ၏။ မှန်ကန်သောသစ္စာသည် ရှိပေ၏။ ကိုယ်ရေး၊ နှုတ်ရေး၊ စိတ်ရေး လုံးဝစင်ကြယ်ခြင်းသည် ရှိပေ၏။ သတ္တဝါတို့အား ကြင်နာသနားခြင်းသည် ရှိပေ၏။ ဤသို့သော သစ္စာစကားဖြင့် အတုမရှိသော သစ္စာပြုခြင်းကို ငါဘုရား နုစဉ်က ပြုခဲ့ဖူးလေပြီ။

၄။ သစ္စာတရား၏ စွမ်းပကားကို ဆင်ခြင်သုံးသပ်ပြီး ရှေးရှေးသော ဘုရားရှင်တို့ကို အောက်မေ့သတိရပြီး သစ္စာ၏ အစွမ်းကို အမှီပြု၍ သစ္စာပြုခဲ့ဖူးလေပြီ။

၅။ အို–တောမီး၊ ငါ့မှာ အတောင်တို့ ရှိပါသော်လည်း မပျံနိုင်သေးပါ။ ငါ့မှာ ခြေတို့ ရှိပါသော်လည်း မသွားတတ်သေးပါ။ ငါ၏ မိဘတို့သည်လည်း (ငါ့ကိုထား၍) ထွက်သွားကြလေပြီ။ အို–တောမီး၊ ငါ့ကို ဖဲကြဉ်ပါလော့။

၆။ ချစ်သားသာရိပုတ္တရာ၊ ဤကဲ့သို့ ငါဘုရားလောင်းငုံးငယ်က သစ္စာပြုလိုက်သောအခါ သစ္စာပြုပြီးသည်နှင့် တစ်ပြိုင်နက် တောမီးသည် ရေသို့ ရောက်၍ ဖဲကြဉ်ရသကဲ့သို့ ငါ့ကို ဖဲကြဉ်လေ၏။ အရှိန်အလျှံ ကြီးမားလှသော တောမီးသည် မင်းပယ်(၁၆)ပယ်စာခန့်မျှ ကွင်းလေ၏။ ချစ်သား သာရိပုတ္တရာ၊ ငါ၏သစ္စာ စကားနှင့်တူသော တရားမည်သည် မရှိချေ။ ဤပါရမီကား ငါဘုရား၏ သစ္စာပါရမီပင် ဖြစ်တော့သည်။

## (၆) ဝဋ္ဋသုတ်ပါဠိတော်

၁။ ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ ဝဋ္ဋဇာတိယံ။
ယဿ တေဇေန ဒါဝဂ္ဂိ၊ မဟာသတ္တံ ဝိဝဇ္ဇယိ။

၂။ ထေရဿ သာရိပုတ္တဿ၊ လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိံ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ အတ္ထိ လောကေ သီလဂုဏော၊ သစ္စံ သောစေယျ' နုဒ္ဒယာ။
တေန သစ္စေန ကာဟာမိ၊ သစ္စကိရိယ' မုတ္တမံ။

၄။ အာဝဇ္ဇေတွာ ဓမ္မဗလံ၊ သရိတွာ ပုဗ္ဗကေ ဇိနေ။
သစ္စဗလ' မဝဿာယ၊ သစ္စကိရိယ' မကာသ' ဟံ။

၅။ သန္တိ ပက္ခာ အပတနာ၊ သန္တိ ပါဒါ အဝဉ္စနာ။
မာတာ ပိတာ စ နိက္ခန္တာ၊ ဇာတဝေဒ ပဋိက္ကမ။

၆။ သဟ သဇ္ဇေ ကတေ မယ့်၊ မဟာပဇ္ဇလိတော သိခိ။
ဝဇ္ဇေသိ သောဠသ ကရိသာနိ၊ ဥဒကံ ပတ္တာ ယထာ သိခိ။
သဇ္ဇေန မေ သမော နတ္ထိ၊ သော မေ သစ္စပါရမီ။
ဝဋ္ဋသုတ္တံ နိဋ္ဌိတံ။

## ၇–ဓဇဂ္ဂသုတ်

### ဓဇဂ္ဂသုတ် ရွတ်ဖတ်ခြင်းအကျိုး

ဤသုတ်ကို ရွတ်ဖတ်ပွားများလျှင် ပိုမို၍ ဉာဏ်ကောင်းလာစေနိုင်သည်။ မည်သည့်နေရာသို့ဖြစ်စေ နေ့နေ့ညည တစ်ယောက်တည်း သွားရဲ၊ လာရဲ၊ နေရဲစေသည်။ စိတ်တန်ခိုးလည်း ကြီးလာလိမ့်မည်။ ပရိသတ်အလယ်မှာ ပြောရဲ၊ ဆိုရဲ ရှိလာနိုင်သည်။ မိမိ၏ ဘဝအခြေအနေ ခိုင်မြဲစေသည်။ ရာထူးတည်မြဲရေး၊ စည်းစိမ်တည်မြဲရေးအတွက် အကျိုးပြုလိမ့်မည် ဖြစ်သည်။ (ဘုရား၊ တရား၊ သံဃာ ဂုဏ်တော်များကို သီးသန့်ပွားများနိုင်သည်။)

### ဓဇဂ္ဂသုတ် မြန်မာပြန်

၁။ ဤဓဇဂ္ဂသုတ်ပရိတ်တော်ကို အောက်မေ့ဆင်ခြင်ကာမျှဖြင့် ကောင်းကင်၌ပင် တည်နိုက်ကြသော်လည်း မြေပြင်မှာလို ခိုင်ခိုင်မြဲမြဲ တည်ခွင့်ရလေသည်။

၂။ ဤဓဇဂ္ဂသုတ် ပရိတ်တော်ကြောင့် ဘီလူးဘေး၊ ခိုးသူဘေး၊ စသော ဘေးအန္တရာယ်အသွယ်သွယ်မှ လွတ်မြောက်ကြရသော လူတို့ကို ရေတွက်၍ မကုန်နိုင်ပါချေ။ ယခုအခါ ဤပရိတ်တော်ကို ကျွန်ုပ်တို့ စုပေါင်းရွတ်ကြပါကုန်စို့။

၃။ သံဃဥက္ကဋ္ဌ သံဃနာယကဖြစ်တော်မူသော မဟာကဿပအရှင်ဘုရား– အကျွန်ုပ် အာနန္ဒာထေရ်သည် ဤဓဇဂ္ဂသုတ် ပရိတ်တော်ကို မြတ်စွာဘုရားထံမှ တိုက်ရိုက် ဤကဲ့သို့ ကြားနာမှတ်သားထားလိုက်ပါ၏။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သေဌေးကြီး၏ နလုံးမွေ့လျော် ပျော်ဖွယ်ရာရှိသော ဇေတဝန်ကျောင်းကြီး၌ သီတင်းသုံးနေပါသည်။

၄။ ထိုသို့နေတော်မူစဉ်အခါ မြတ်စွာဘုရားက "ရဟန်းတို့"ဟူ၍ ရဟန်းအများကို ခေါ်တော်မူပါသည်။ ရဟန်းတို့သည် မြတ်စွာဘုရား စကားတော်ကို

ခံယူရန် အသင့်ဖြစ်ကြပါသည်။ ထိုအခါ မြတ်စွာဘုရားက ဤသို့ မိန့်ကြား ဟောမြွက်တော်မူပါသည်–

ချစ်သားတို့– ရှေးအခါက တာဝတိံသာနတ်နှင့် အသုရာနတ်စစ်သည်တို့ စစ်ခင်းခဲ့ကြဖူး၏။ ထိုအခါ သိကြားမင်းသည် တာဝတိံသာနတ်စစ်သည်တို့ကို ခေါ်ယူပြီး ဤသို့ပြောကြားခဲ့၏။ "အမောင်နတ်သားတို့၊ သင်တို့သည် စစ်မြေပြင်မှာ ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းများ ဖြစ်ခဲ့သည်ရှိသော် ငါသိကြားမင်း၏ တံခွန်များကို မော်၍ ကြည့်လိုက်ကြကုန်လော့။ ဤသို့ ကြည့်လိုက်ပါလျှင် သင်တို့အကြောက်ပြေကြလိမ့်မည်။ မတုန်မလှုပ် ရဲရင့် လာကြလိမ့်မည်။ ကြက်သီးမွေးညင်းထခြင်းများလည်း ပြေပျောက်သွားကြလိမ့်မည်။

၅။ "အကယ်၍ ငါ၏ တံခွန်များကို မော်၍ မကြည့်ဖြစ်လျှင် ပဇာပတိ နတ်မင်း၏တံခွန်များကို မော်၍ကြည့်ကြ။ ဤသို့ ပဇာပတိနတ်မင်း၏ တံခွန်များ ကို ကြည့်ကြလျှင်လည်း ကြောက်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီး မွေးညင်းထခြင်းများ ပျောက်ကင်းသွားလိမ့်မည်။

၆။ "အကယ်၍ ပဇာပတိနတ်မင်း၏ တံခွန်များကို မကြည့်ဖြစ်ခဲ့သော် ဝရုဏနတ်မင်း၏ တံခွန်များကို မော်၍ကြည့်ကြ။ ဝရုဏနတ်မင်း၏ တံခွန်များကို ကြည့်ဖြစ်ကြလျှင်လည်း ကြောက်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီး၊ မွေးညင်းထခြင်းများ ကင်းပျောက်သွားပေလိမ့်မည်။

၇။ "အကယ်၍ ဝရုဏနတ်မင်း၏ တံခွန်များကို မကြည့်ဖြစ်ခဲ့သော် ဤသာနနတ်မင်း၏ တံခွန်များကို မော်၍ကြည့်ကြ။ ဤသာနနတ်မင်း၏ တံခွန်များ ကို မော်၍ ကြည့်ဖြစ်ကြလျှင်လည်း ကြောက်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်း ထခြင်းများ ပြေပျောက်သွားပေလိမ့်မည်။

ဤသို့လျှင် သိကြားမင်းက တာဝတိံသာနတ်တို့ကို အသိပေးလေ၏။"

၈။ ချစ်သားရဟန်းတို့၊ နတ်တို့အရှင်သိကြားမင်း၏တံခွန်များကို မော်၍ကြည့်သောနတ်များ၊ သို့တည်းမဟုတ် ပဇာပတိနတ်မင်း၊ ဝရုဏနတ်မင်း ဤသာနနတ်မင်းတို့၏ တံခွန်များကို မော်၍ကြည့်သော နတ်များအား ကြောက်လန့် ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်း ထခြင်းများ ပျောက်သော်လည်း ပျောက် မည်၊ မပျောက်ဘဲလည်း နေချင်နေလိမ့်မည်။

၉။ အကြောင်းမူကား နတ်တို့အရှင် သိကြားမင်းလည်း ရာဂကင်းသူ မဟုတ်။ ဒေါသကင်းသူ မဟုတ်။ မောဟကင်းသူ မဟုတ်။ သူကိုယ်နှိုက်က ကြောက်တတ်၏။ တဆတ်ဆတ်တုန်တတ်၏။ လန့်ဖျပ်တတ်၏။ ထွက်ပြေးတတ်၏။

၁၀။ ချစ်သားရဟန်းတို့၊ ငါဘုရားသည်ကား မလွဲကေန် ဤသို့ ဟောပေအံ့။ ရဟန်းတို့အနေဖြင့် တောထဲ၌ တစ်ပါးတည်းနေသောအခါ၊ သစ်ပင်ရင်း၌ နေသောအခါ၊ ဆိတ်ငြိမ်ရာအရပ်၌ နေသောအခါများ၌ ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်း တစ်ခုခုဖြစ်လာခဲ့လျှင် ဘုရားဂုဏ်တော်ကို ဤသို့ အောက်မေ့ကြလော့–

၁၁။ မြတ်စွာဘုရားသည် ကိလေသာတို့မှ ကင်းဝေးတော်မူ၏။ ကိလေသာရန်သူတို့ကို ပယ်သတ်ပြီးဖြစ်၏။ သံသရာစက်ဝန်း၏ အကန့်အထောက်များကို ဖျက်ဆီးပြီးဖြစ်၏။ ပစ္စည်းလေးပါး ပူဇော်အထူးကို ခံယူတော်မူထိုက်၏။ ဆိတ်ကွယ်ရာ အရပ်၌ပင်လျှင် မကောင်းမှုဒုစရိုက်ကို ရှောင်တော်မူ၏။ သို့ဖြစ်၍ "အရဟံ" ဟူသော ဂုဏ်တော်နှင့် ပြည့်စုံပါပေသည်။

မြတ်စွာဘုရားသည် ကောင်းမွန်လှစွာ သယမ္ဘူဉာဏ်မြတ်မဟာဖြင့် မိမိအလိုလို သစ္စာလေးပါးတရားမြတ်ကို ထိုးထွင်း၍သိတော်မူ၏။ သို့ဖြစ်၍ "သမ္မာသမ္ဗုဒ္ဓေါ"ဟူသော ဂုဏ်တော်နှင့် ပြည့်စုံပါပေ၏။

မြတ်စွာဘုရားသည် ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါးတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူပေ၏။ သို့ဖြစ်၍ "ဝိဇ္ဇာစရဏသမ္ပန္နော"ဟူသော ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

မြတ်စွာဘုရားသည် နိဗ္ဗာန်သို့သာလျှင် ဖြောင့်ဖြောင့်မတ်မတ် ကောင်းစွာ သွားတော်မူ၏။ စကားဆိုရန် ခွင့်ခြောက်တန်တို့တွင် ဟုတ်မှန်ကျိုးကြောင်း စကားကောင်းကိုသာ ဆိုတော်မူတတ်၏။ သို့ဖြစ်၍ "သုဂတော"ဟူသော ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

မြတ်စွာဘုရားသည် ကာမလောက၊ ရူပလောက၊ အရူပလောက ဟူသော လောကသုံးပါး၊ တစ်နည်းအားဖြင့် သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဟူသော လောကကြီးသုံးပါးတို့ကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းထင်ပေါ် သိမြင်တော်မူ၏။ သို့ဖြစ်၍ "လောကဝိဒူ" ဟူသော ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

မြတ်စွာဘုရားသည် မိမိကိုယ်တိုင်လည်း အတုမရှိ၊ သူတစ်ပါးတို့အားလည်း အတုမရှိသော မိမိ၏တရားဖြင့် ဆုံးမတတ်၏။ ဆုံးမထိုက်သော လူ၊ နတ်၊ ဘီလူး၊ တိရစ္ဆာန်ကြမ်းများကိုပင် သေဝပ်ငြိမ်သက်အောင် နိုင်နင်းစွာ ဆုံးမတော်မူနိုင်၏။ သို့ဖြစ်၍ "အနုတ္တရော ပုရိသဒမ္မသာရထိ" ဟူသော ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

မြတ်စွာဘုရားသည် လူအပေါင်း၊ နတ်အပေါင်းတို့အား ကောင်းစွာ သွန်သင်ဆုံးမတတ်သော လူနတ်တို့၏ ဆရာကောင်း ဖြစ်တော်မူ၏။ သို့ဖြစ်၍ "သတ္ထာဒေဝမနုဿာနံ"ဟူသော ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

မြတ်စွာဘုရားသည် တရားအားလုံးကို ကိုယ်တိုင်လည်း ထိုးထွင်း သိမြင်တော်မူ၏၊ သူတစ်ပါးတို့အားလည်း သစ္စာလေးပါးတရားကို သိမြင်အောင် ဟောပြောပြသနိုင်၏။ သို့ဖြစ်၍ "ဗုဒ္ဓေါ"ဟူသော ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

မြတ်စွာဘုရားသည် အစိုးရခြင်း၊ တရားရှိခြင်း၊ အခြံအရံများခြင်း၊ ကျက်သရေ ရှိခြင်း၊ အလိုအတိုင်းဖြစ်ခြင်း၊ လုံ့လစွမ်းအားအပြည့်ရှိခြင်းဟူသော ဘုန်းတော်ခြောက်ပါးနှင့်လည်း ပြည့်စုံတော်မူပေ၏။ သို့ဖြစ်၍ "ဘဂဝါ"ဟူသော ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၂။ ဤကဲ့သို့ ငါဘုရား၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို ဆင်ခြင် အောက်မေ့ကြလော့။ ဘုရားဂုဏ်ကို ဆင်ခြင်အောက်မေ့မိသည်ရှိသော် သင်တို့အား ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်း ထခြင်းဟူသမျှ ပျောက်ကင်း သွားပေလိမ့်မည်။

၁၃။ အကယ်၍ ဘုရားဂုဏ်ကို မဆင်ခြင်၊ မအောက်မေ့မိသည်ရှိသော် မြတ်စွာဘုရား ဟောကြားထားသော တရားတော်၏ဂုဏ်တော်ကို ဤသို့ အောက်မေ့ သတိရကြ–

၁၄။ တရားတော်သည် မြတ်စွာဘုရားက ကောင်းစွာ ဟောကြားထားသော တရားတော်ဖြစ်သောကြောင့် "သွာက္ခာတ" ဟူသောဂုဏ်နှင့် ပြည့်စုံပါပေ၏။

တရားတော်သည် မျက်မှောက်၌ပင် ကောင်းကျိုးချမ်းသာကို ပေးတတ် သောကြောင့် "သန္ဒိဋ္ဌိက"ဟူသောဂုဏ်နှင့် ပြည့်စုံပါပေ၏။

တရားတော်သည် အခါမလင့် အကျိုးပေးတတ်သောကြောင့် "အကာလိက" ဟူသောဂုဏ်နှင့် ပြည့်စုံပါပေ၏။

တရားတော်သည် လာပါ၊ ရှုပါ၊ ကျင့်ကြံပါ ဟူ၍ မပါပါအောင် ခေါ်ဆောင် တိုက်တွန်း ပြညွှန်းခြင်းငှာ ထိုက်သောကြောင့် "ဧဟိ ပဿိက" ဟူသောဂုဏ်နှင့် ပြည့်စုံပါပေ၏။

တရားတော်သည် လူတို့အား နတ်ရွာနိဗ္ဗာန်သို့ ပို့ဆောင် ပေးတတ်သောကြောင့် "ဩပနေယျိက"ဟူသောဂုဏ်နှင့် ပြည့်စုံပါပေ၏။

တရားတော်သည် ပညာရှိသူ ရှင်လူအပေါင်း သူတော်ကောင်းတို့အနေဖြင့် အသီးသီး တစ်ဦးစီ တစ်ဦးစီ မိမိတို့၏ စိတ်၌ ကပ်၍ ဆောင်ထားထိုက်သောကြောင့် "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ"ဟူသော ဂုဏ်နှင့် ပြည့်စုံပါပေ၏။

၁၅။ ဤသို့လျှင် တရားတော်၏ ဂုဏ်တော်ကို ဆင်ခြင်အောက်မေ့မိသောသူအား ကြောက်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်း ထခြင်းဟူသမျှ လုံးဝပျောက်ကင်းသွားပေလိမ့်မည်။

၁၆။ အကယ်၍ ဘုရားဂုဏ်ကိုသော်လည်းကောင်း၊ တရားဂုဏ်ကိုသော်လည်းကောင်း မဆင်ခြင်, မအောက်မေ့ဖြစ်ပါက မြတ်စွာဘုရား၏ တပည့်သားသံဃာတော်၏ ဂုဏ်ကျေးဇူးကို အောက်မေ့ရာ၏။

၁၇။ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် နိဗ္ဗာန်အကျိုးငှာ ကောင်းသော အကျင့်ကိုသာ ကျင့်တော်မူတတ်ပါပေ၏။ သို့ဖြစ်၍ "သုပ္ပဋိပန္နော" ဟူသောဂုဏ်ရှိပေ၏။

သံဃာတော်သည် နိဗ္ဗာန်မဂ်ဖိုလ်ရရှိရေးအတွက် ဖြောင့်မတ်စွာ လမ်းမှန်သော အကျင့်ကိုသာ ကျင့်တော်မူပါပေ၏။ သို့ဖြစ်၍ "ဥဇုပ္ပဋိပန္နော" ဟူသောဂုဏ်ရှိပေ၏။

သံဃာတော်သည် နိဗ္ဗာန်ရရှိရေးနှင့် သင့်လျော်လျောက်ပတ်သော အကျင့်ကိုသာ ကျင့်တော်မူပါပေ၏။ သို့ဖြစ်၍ "ဉာယပ္ပဋိပန္နော" ဟူသော ဂုဏ်ရှိပေ၏။

သံဃာတော်သည် အရိုအသေပြုခြင်းကို ခံယူထိုက်အောင် အကျင့်သီလကို ကောင်းစွာဖြည့်ကျင့်တော်မူပါပေ၏။ သို့ဖြစ်၍ "သာမီစိပ္ပဋိပန္နော" ဟူသောဂုဏ်ရှိပေ၏။

ထိုဘုရားတပည့်အရိယာသံဃာသည် (အချုပ်အားဖြင့်) အရေအတွက်လေးစုံ ပုဂ္ဂိုလ်ရှစ်ယောက် ရှိပေ၏။ ထိုသံဃာတော်သည် အဝေးမှ တကူးတက ဆောင်ယူ၍ ပူဇော်သမှု ပြုခြင်းကိုလည်း ခံယူထိုက်၏။ သို့ဖြစ်၍ 'အာဟုနေယျော'' ဟူသော ဂုဏ်ရှိပေ၏။

ဧည့်သည်တို့အား ရည်စူး၍ အထူးပြုလုပ်ထားသော ပစ္စည်းဝတ္ထုတို့ကိုလည်း မိမိအား လှူလျှင် ကောင်းစွာ ခံယူထိုက်ပေ၏။ သို့ဖြစ်၍ "ပါဟုနေယျော" ဟူသော ဂုဏ်ရှိပေ၏။

လောက၌ အမြတ်ဆုံး အကောင်းဆုံးဖြစ်သော အလှူကိုလည်း ထိုက်ထိုက် တန်တန် ခံယူနိုင်ပေ၏။ သို့ဖြစ်၍ "ဒက္ခိဏေယျော" ဟူသောဂုဏ် ရှိပေ၏။

လူ နတ်တို့၏ရှိခိုးခြင်းကိုလည်း ခံထိုက်၏။ သို့ဖြစ်၍ "အဉ္ဇလိ ကရဏီယော" ဟူသောဂုဏ် ရှိပေ၏။

လူတို့က ကောင်းမှုတည်းဟူသော မျိုးစေ့ကို စိုက်ပျိုးရာ ကြဲချရာ အတုမရှိ လယ်မြေကောင်းသဖွယ်လည်း ဖြစ်၏။ သို့ဖြစ်၍ "အနုတ္တရံ ပုညက္ခေတ္တံ လောကဿ" ဟူသော ဂုဏ်နှင့် ပြည့်စုံပေ၏။

၁၈။ ဤသို့လျှင် သံဃာတော်၏ဂုဏ်တော် ကျေးဇူးတော်တို့ကို ဆင်ခြင် အောက်မေ့ရာ၏။ သံဃာ့ဂုဏ်သို့ စိတ်ညွတ်၍ အာရုံပြုမိသော သင်တို့အား ကြောက်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းဟူသမျှ ကင်းပျောက် သွားလိမ့်မည်။

၁၉။ ထိုစကားမှန်ပေ၏။ အကြောင်းမူကား ဝိပဿီစသော ရှေးရှေးသော ဘုရားရှင်များနည်းတူ ကောင်းစွာ ပွင့်ထွန်းလာသော ငါဘုရားသည် လူသူလေးပါး ကင်းသည့် ဆိတ်ကွယ်ရာအရိပ်၌ပင် မကောင်းမှုကို မပြုမလုပ်၊ ကောင်းစွာကိုယ်တိုင် သစ္စာတရားမြတ်ကို ထိုးထွင်းသိမြင်ပြီး ဖြစ်၏။ တဏှာရာဂ လုံးဝကင်း၏။ အမျက်ဒေါသ လုံးဝကင်း၏။ မသိမောဟ လုံးဝကင်း၏။ ကြောက်လည်း မကြောက်တတ်။ အကြောက်အလန့်မရှိ။ ကြောက်၍ တုန်လှုပ်သည်ဟူ၍ လုံးဝမရှိ၊ မထိတ်တတ်၊ မလန့်တတ်၊ ကြောက်လန့်၍ ထွက်ပြေးသည် ဟူ၍လည်း ဘယ် အခါမျှ မရှိ။ သို့ကြောင့် ဤသို့သော ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်ကို အာရုံညွတ်၍ ကြည်ညိုစိတ်ထား ပွားများသူမှာ ကြောက်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်း ထခြင်းဟူသမျှ ကင်းပျောက်ရမြဲ ဖြစ်လေသည်။

၂၀။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ ထို့နောက် ဆက်လက်၍ ဤသို့တစ်ဖန် မိန့်ကြားတော်မူပြန်၏–

၂၁။ "ချစ်သားရဟန်းတို့၊ သင်တို့သည် တော၌ဖြစ်စေ၊ သစ်ပင်ရင်း၌ ဖြစ်စေ၊ ဆိတ်ကွယ်ရာအရပ်၌ ဖြစ်စေ (နေခိုက်၌) ဘုရားဂုဏ်ကို သတိရကြ။ သတိရလျှင် သင်တို့ မကြောက်မရွံ့ နေနိုင်ကြလတ္တံ့။

၂၂။ လူ နတ်တို့၏ အကြီးအမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား၏ ဂုဏ်တော်ကို မဆင်ခြင်၊ မအောက်မေ့ဖြစ်ကြလျှင် သံသရာမှ ထွက်မြောက်ကြောင်း ကောင်းစွာ ဟောကြားထားသော တရားတော်၏ ဂုဏ်ကို သတိရကြ။

၂၃။ တရားတော်၏ဂုဏ်ကို အမှတ်မရကြလျှင် ကောင်းမှုမျိုးစေ့စိုက်ပျိုးရာ အတုမရှိ လယ်မြေကောင်းနှင့်တူသော သံဃာတော်၏ ဂုဏ်တော်ကို ဆင်ခြင် ပွားများကြ။

၂၄။ ဤကဲ့သို့ မြတ်စွာဘုရား၏ ကျေးဇူးတော်ဂုဏ်တော်ကို ဖြစ်စေ၊ တရားတော်မြတ်၏ ကျေးဇူးတော်ဂုဏ်တော်ကို ဖြစ်စေ၊ သံဃာတော်၏ ကျေးဇူး တော်ဂုဏ်တော်ကိုဖြစ်စေ ဆင်ခြင်အောက်မေ့သည်ရှိသော် ကြောက်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းဟူသမျှ လုံး၀ မဖြစ်ပေါ်လတ္တံ့။

## (၇) ဓဇဂ္ဂသုတ်ပါဠိတော်

၁။ ✓ ယဿာ'နုဿရဏေနာပိ၊ အန္တလိက္ခေပိ ပါဏိနော။
ပတိဋ္ဌ' မဓိဂစ္ဆန္တိ၊ ဘူမိယံ ဝိယ သဗ္ဗထာ။

၂။ သဗ္ဗုပဒ္ဒဝဇာလမှာ၊ ယက္ခစောရာဒိသမ္ဘဝါ။
ဂဏနာ န စ မုတ္တာနံ၊ ပရိတ္တံ တံ ဘဏာမ· ဟေ။

၃။ ဧဝံ မေ သုတံ၊
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

၄။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ "ဘိက္ခဝေါ"တိ။
"ဘဒ္ဒန္တေ"တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။
ဘဂဝါ ဧတဒဝေါစ–
ဘူတပုဗ္ဗံ ဘိက္ခဝေ

ဒေဝါသုရသင်္ဂါမော သမုပဗျူဠှော အဟောသိ။
အထ ခေါ ဘိက္ခဝေ သက္ကော ဒေဝါနမိန္ဒော
ဒေဝေ တာဝတိံသေ အာမန္တေသိ။
“သစေ မာရိသ ဒေဝါနံ သင်္ဂါမဂတာနံ ဥပ္ပဇ္ဇေယျ
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
မမေဝ တသ္မိံ သမယေ ဓဇဂ္ဂံ ဥလ္လောကေယျာထ။
မမံ ဟိ ဝေါ ဓဇဂ္ဂံ ဥလ္လောကယတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ
လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၅။ နော စေ မေ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊
အထ ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ။
ပဇာပတိဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ။

၆။ နော စေ ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊
အထ ဝရုဏဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ။
ဝရုဏဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတိ။

၇။ နော စေ ဝရုဏဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊
အထ ဤသာနဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ။
ဤသာနဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယိဿတီတိ။

၈။ တံ ခေါ ပန ဘိက္ခဝေ
သက္ကဿ ဝါ ဒေဝါနမိန္ဒဿ ဓဇဂ္ဂံ ဥလ္လောကယတံ
ပဇာပတိဿ ဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ
ဝရုဏဿ ဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ

ဤသာနသာ ဝါ ဒေဝရာဇသော ဇေဂ္ဂ ဥလ္လောကယတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
သော ပဟီယေထာတိ နော္ဓဝိ ပဟီယေထ။

၉။ တံ ကိဿ ဟေတု?
သက္ကော ဟိ ဘိက္ခဝေ ဒေဝါနမိန္ဒော
အဝီတရာဂေါ အ ဝီတဒေါသော အ ဝီတမောဟော
ဘီရု ဆမ္ဘီ ဥတြာသီ ပလာယီတိ။

၁၀။ အဟဉ္စ ခေါ ဘိက္ခဝေ ဧဝံ ဝဒါမိ-
သစေ တုမှာကံ ဘိက္ခဝေ
အရညဂတာနံ ဝါ ရုက္ခ မူလဂတာနံ ဝါ သုညာဂါရဂတာနံ ဝါ
ဥပ္ပဇ္ဇေယျ၊ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊
မမေဝ တသ္မိံ သမယေ အနုဿရေယျာထ။

၁၁။ "ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏ
သမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော ပုရိသဒမ္မသာရထိ,
သတ္ထာဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ"တိ။

၁၂။ မမံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ
လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၁၃။ နော စေ မံ အနုဿရေယျာထ၊
အထ ဓမ္မံ အနုဿရေယျာထ-

၁၄။ "သွာက္ခာတော ဘဂဝတာ ဓမ္မော, သန္ဒိဋ္ဌိကော, အကာလိကော,
ဧဟိပဿိကော, ဩပနေယျိကော, ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီ"တိ။

၁၅။ ဓမ္မံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ
လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၁၆။ နော စေ ဓမ္မံ အနုဿရေယျာထ၊
အထ သံဃံ အနုဿရေယျာထ-

၁၇။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
သာမီစိပ္ပဋိ ပန္နော ဘဂဝတော သာဝကသံဃော,
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊
ဧသဘဂဝတော သာဝကသံဃော
အာဟုနေယျော, ပါဟုနေယျော,
ဒက္ခိဏေယျော, အဉ္ဇလိကရဏီယော,
အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ"တိ။

၁၈။ သံဃံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ
ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ
လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၁၉။ တံ ကိဿ ဟေတု?
တထာဂတော ဟိ ဘိက္ခဝေ အရဟံ သမ္မာသမ္ဗုဒ္ဓေါ
ဝီတရာဂေါ ဝီတဒေါသော ဝီတမောဟော
အဘီရု အဆမ္ဘီ အနုတြာသီ အပလာယီတိ။

၂၀။ ဣဒမဝေါစ ဘဂဝါ၊ ဣဒံ ဝတွာန သုဂတော
အထာပရံ ဧတဒဝေါစ သတ္ထာ။

၂၁။ အရညေ ရုက္ခမူလေ ဝါ၊ သုညာဂါရေ ဝ ဘိက္ခဝေါ။
အနုဿရေထ သမ္ဗုဒ္ဓံ၊ ဘယံ တုမှာက နော သိယာ။

၂၂။ နော စေ ဗုဒ္ဓံ သရေယျာထ၊ လောကဇေဋ္ဌံ နရာသဘံ။
အထ ဓမ္မံ သရေယျာထ၊ နိယျာနိကံ သုဒေသိတံ။

၂၃။ နော စေ ဓမ္မံ သရေယျာထ၊ နိယျာနိကံ သုဒေသိတံ။
အထ သံဃံ သရေယျာထ၊ ပုညက္ခေတ္တံ အနုတ္တရံ။

၂၄။ ဧဝံ ဗုဒ္ဓံ သရန္တာနံ၊ ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ။
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ၊ လောမဟံသော န ဟေဿတိ။

ဓဇဂ္ဂသုတ္တံ နိဋ္ဌိတံ။

## ၈–အာဋာနာဋိယသုတ်

### အာဋာနာဋိယသုတ် ရွတ်ဖတ်ခြင်းအကျိုး

ဤသုတ်ကို မပြတ်ရွတ်ပေးလျှင် နတ်တို့က လိုလားသည်။ နတ်လိုက လူလို၊ လူလိုက ဂြိုဟ်မ၊ ကံဇာတာ ထလာစေနိုင်သည်။ စုန်းပယောဂ၊ တစ္ဆေ၊ မြေဘုတ်ပူးကပ်လျှင် ဤသုတ်ဖြင့် ထုတ်ပစ်နိုင်သည်။ ပယောဂ ခွာဆေးတမျိုး ဖြစ်ပေသည်။ ဤသုတ်ကို ရွတ်ပေးလျှင် လူနာကို အပမှီနိုင်ပေ။

### အာဋာနာဋိယသုတ် မြန်မာပြန်

၁။ သူတော်ကောင်းအပေါင်းက ကောင်းပါပေသည်ဟု လက်ခံ ချီးကျူးထားသော မြတ်စွာဘုရား၏ သာသနာတော်ကိုပင် မကြည်ညို၊ မသက်ဝင်နိုင်ကြသော လူကြမ်းဘီလူးတို့သည် ရက်စက်တတ်ကြကုန်၏။ မည်သည့်အခါမဆိုနိုင်ထက်စီးနင်း နှိပ်စက်ကလူ ပြုတတ်ကြကုန်၏၊

၂။ ထိုဘီလူးလူကြမ်းတို့က ပရိသတ်ကို မညှဉ်းဆဲ မနှိပ်စက်နိုင်စေရန်နှင့် သူတို့ကပင် ကူညီစောင့်ရှောက်လာစေရန် ရည်ရွယ်ချက်ဖြင့် ကြီးမြတ်သော လုံ့လရှိတော်မူသော မြတ်စွာဘုရားက ဤအာဋာနာဋိယပရိတ်တော် အရံအတားကို ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။ ယခုအခါ၌ ဤပရိတ်တော်ကို ကျွန်ုပ်တို့ စုပေါင်း၍ ရွတ်ဆိုကြပါကုန်စို့။

၃။ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော ဝိပဿီမြတ်စွာဘုရားအား အကျွန်ုပ်၏ဦးညွှတ်ရှိခိုးခြင်း ဖြစ်ပါစေ။ သတ္တဝါအားလုံးအပေါ် ကြင်နာသနားမှုဖြင့် အစဉ်သနားစောင့်ရှောက်တော်မူသော သိခီမြတ်စွာဘုရားအားလည်း အကျွန်ုပ်၏ ဦးညွှတ်ရှိခိုးမှု ဖြစ်ပါစေ။

၄။ မကောင်းမှုအညစ်အကြေးကို ဆေးကြောသန့်စင်ပြီးဖြစ်သော၊ ခြိုးခြံသော အကျင့်ကိုလည်း ကျင့်တော်မူသော ဝေဿဘူမြတ်စွာဘုရားအားလည်း အကျွန်ုပ်ရှိခိုးပါ၏။ မာရ်စစ်သည်အပေါင်းကို နှိမ်နင်းအောင်မြင်တော်မူသော ကကုသန် မြတ်စွာဘုရားအားလည်း အကျွန်ုပ် ရှိခိုးပါ၏။

၅။ မကောင်းမှုဟူသမျှ အပပြုပြီးသော၊ ငါးပါးသော ဝသီဘော်နှင့် ပြည့်စုံတော်မူသော ကောဏာဂုံ မြတ်စွာဘုရားအားလည်း အကျွန်ုပ်ရှိခိုးပါ၏။ ခပ်သိမ်းသော ကိလေသာတို့မှ လွတ်ကင်းတော်မူပြီးသော ကဿပ မြတ်စွာဘုရားအားလည်း အကျွန်ုပ်၏ ဦးညွှတ်ရှိခိုးခြင်း ဖြစ်ပါစေ၊

၆။ ဂေါတမဘုရားရှင်သည် လူတို့၏ ဆင်းရဲဒုက္ခဟူသမျှကို ပယ်ဖျောက်နိုင်စွမ်းရှိသော တရားတော်မြတ်ကို ဟောကြားတော်မူပေ၏။ ကိုယ်တော်မှလည်း အရောင်အဝါ ကွန့်မြူးဖြာယှက် ထွက်တော်မူ၏။ ဘုန်းကျက်သရေနှင့်လည်း ပြည့်စုံတော်မူပေ၏။ သကျသာကီဝင်မင်းသားလည်း ဖြစ်တော်မူ၏။ ထိုဂေါတမမြတ်စွာဘုရားအား အကျွန်ုပ်၏ဦးညွတ်ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

၇။ လောကဥ္စငြိမ်းအေးကုန်ပြီးသော ဘုရားရှင်အဆူဆူတို့သည် ယထာဘူတကျကျ သိကုန်၏။ ချောပစ်ကုန်းတိုက်သော စကားမျိုးကို မည်သည့်အခါမျှ ဆိုမိန့်တော် မမူ၊ ကြီးလည်း ကြီးမြတ်ကုန်၏။ ကြောက်ရွံ့ခြင်းလည်း ကင်းကုန်၏။

၈။ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူ၍ မြတ်လှစွာသော ရဲရင့်ခြင်းအတိရှိတော်မူသော နတ်လူတို့၏ အစီးအပွားကို ဆောင်တော်မူတတ်သော ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရားကို ရှိခိုးဦးညွတ်ကြပါကုန်၏။

၉။ ဝိပဿိ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဟူသော ဘုရားခုနစ်ဆူတို့နှင့်တကွ အကုဋေမက များလှစွာသော ဘုရားရှင်အားလုံးတို့သည် ပစ္စေကဗုဒ္ဓါ ရဟန္တာများနှင့် တူတော်မမူကုန်။ ဆိုခဲ့ပါ သဗ္ဗညုဘုရားရှင်ချင်းသာ တူတော်မူကြကုန်၏။ ဘုရားရှင်အားလုံးပင် တန်ခိုးဣဒ္ဓိလွန်စွာကြီးမားကြကုန်၏။

၁၀။ ခပ်သိမ်းကုန်သောဘုရားရှင်တို့သည် အားတော်ဆယ်ပါးနှင့် ပြည့်စုံတော်မူကြ၏။ ရဲရင့်သော ဝေသာရဇ္ဇဉာဏ်နှင့် ပြည့်စုံတော်မူကြ၏။ မြတ်သော ယောကျ်ားဥသဘဖြစ်တော်မူ၍ သဗ္ဗညုတဉာဏ်ကို ရရှိကြောင်း ဝန်ခံကြကုန်၏။

၁၁။ ဘုရားရှင်တို့မည်သည် ပရိသတ်ဗိုလ်ပုံအလယ်၌ လွန်စွာရဲရင့်တော်မူကြ၏။ ကေသရာဇာခြင်္သေ့မင်းကဲ့သို့ ရဲရဲရင့်ရင့်စကားဆိုကြ၏။ မည်သူတစ်ဦး တစ်ယောက်မျှ မလည်မပတ်စေနိုင်သော ဓမ္မစကြာတရားတော်ကိုလည်း လည်ပတ်စေကုန်၏ (ဟောကြားကုန်၏)။

၁၂။ ဘုရားရှင်တို့သည် လူသုံးပါးတို့၏ ခရီးလမ်းညွှန် ဖြစ်ကြ၏။ ဘုရား၏ ကျေးဇူးတရား ဆယ့်ရှစ်ပါးနှင့် ပြည့်စုံကြကုန်၏။ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးတို့နှင့်လည်း ပြည့်စုံတော်မူကြ၏။ လက္ခဏာတော်ငယ် ရှစ်ဆယ်တို့နှင့်လည်း ပြည့်စုံတော်မူကြ၏။

၁၃။ ဘုရားရှင်ဟူသမျှ ကိုယ်တော်အလုံးမှ တစ်လံမျှလောက် ရောင်ခြည်တော် အမြဲထွက်လျက် ရှိ၏။ ရဟန်းဟူသမျှတို့ထက် ကြီးမြတ်၏။ ခပ်သိမ်းသော တရားကိုလည်း သိ၏။ ကိလေသာအာသဝေါလည်း ကင်း၏။ မာရ်ငါးပါးကိုလည်း အောင်ပြီးဖြစ်၏။

၁၄။ ဘုရားရှင်တို့သည် များမြတ်သော ရောင်ခြည်တော်၊ ကြီးသောတန်ခိုး၊ ထွတ်မြတ်သောပညာ၊ စွမ်းသန်သော ခွန်အား၊ အတိုင်းမသိသော ကရုဏာ၊ စွဲမြဲသော လုံ့လတို့ကို ပိုင်တော်မူကြ၏။ သတ္တဝါအများ၏ ကောင်းကျိုးချမ်းသာကိုလည်း ဆောင်တော်မူတတ်ကြကုန်၏။

၁၅။ မြတ်စွာဘုရားရှင်တို့သည် သတ္တဝါအပေါင်းတို့၏ မှီခိုရာကျွန်းလည်း ဖြစ်၏။ ကိုးကွယ်ရာလည်း ဖြစ်၏။ တည်ရာလည်း ဖြစ်၏။ စောင့်ရှောက်ရာလည်း ဖြစ်၏။ ဘေးအန္တရာယ်မှ ပုန်းကွယ်ရာလည်း ဖြစ်၏။ လားရောက်ရာလည်း ဖြစ်၏။ ဆွေမျိုးသဖွယ်လည်း ဖြစ်၏။ အောက်မေ့ရာလည်း ဖြစ်၏။။ မြတ်စွာဘုရားရှင်တို့သည် မြတ်သောမှီရာလည်း မည်ပေ၏။ သတ္တဝါတို့၏ အစီးအပွားကိုလည်း ရှာကြံလေ့ ရှိကြကုန်၏။

၁၆။ ထိုဘုရားရှင်တိုင်းသည် နတ်တို့၏ လဲလျောင်းရာ၊ လူတို့၏ မှီခိုရာ ဖြစ်ကြကုန်၏။ အကျွန်ုပ်သည် ယောကျ်ားဟူသမျှတို့ထက် သာလွန်မြင့်မြတ်တော်မူသော ထိုဘုရားရှင်တို့၏ ခြေတော်တို့ကို ဦးနှိမ်ရိုကျိုး ရှိခိုးပါ၏။

၁၇။ အကျွန်ုပ်သည် အိပ်နေသောအခါ၌ ဖြစ်စေ၊ ထိုင်နေသောအခါ၌ ဖြစ်စေ၊ ရပ်နေသောအခါ၌ဖြစ်စေ၊ လမ်းသွားနေသောအခါ၌ဖြစ်စေ၊ မည်သည့်အခါမဆို ထိုဘုရားရှင်တို့အား နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း အမြဲမပြတ် ရှိခိုးပါ၏။

၁၈။ ကိလေသာအပူအပေါင်းကို ငြိမ်းအေးအောင် ပြုတော်မူတတ်ကြကုန်သော ဘုရားရှင်တို့သည် သင့်ကို ချမ်းသာအောင် မပြတ်စောင့်ရှောက်ပါစေသတည်း။ ဘုရားရှင်တို့၏အစောင့်အရှောက်ကို ခံယူရသော သင်သည် ငြိမ်သက်ချမ်းမြေ့ပါစေ၊ ဘေးအန္တရာယ်ခပ်သိမ်းမှ ကင်းလွတ်ပါစေ။

၁၉။ သင်သည် အနာမရှိ ပကတိကျန်းမာသူ၊ ပူပန်ခြင်းကင်းသူ၊ ရန်သူဟူသမျှကို လွတ်မြောက်နိုင်သူ၊ ငြိမ်းအေးချမ်းမြေ့သူ ဖြစ်ပါစေသတည်း။

၂၀။ ထိုဘုရားရှင်တို့သည် သီလ, သစ္စာ, ခန္တီ, မေတ္တာတို့၏ စွမ်းပကားဖြင့် ကျွန်ုပ်တို့ကို အနာမရှိ ပကတိချမ်းသာအောင် အစဉ်သနား စောင့်ရှောက်ကြပါစေကုန်သတည်း။

၂၁။ အရှေ့မျက်နှာ အရပ်၌ တန်ခိုးကြီးသော ဂန္ဓဗ္ဗနတ်တို့ ရှိကြကုန်၏။ ထိုနတ်တို့သည် ကျွန်ုပ်တို့ကို အနာမရှိ ပကတိချမ်းသာအောင် အစဉ်တစိုက် စောင့်ရှောက်ကြပါစေကုန်သတည်း။

၂၂။ တောင်ဘက်အရပ်မျက်နှာ၌ တန်ခိုးကြီးသော ကုမ္ဘဏ်နတ်တို့ ရှိကြကုန်၏။ ထိုနတ်တို့သည်လည်း ကျွန်ုပ်တို့ကို အနာမရှိ ပကတိချမ်းသာအောင် အစဉ်သဖြင့် စောင့်ရှောက်ကြပါစေကုန်သတည်း။

၂၃။ အနောက်အရပ်မျက်နှာ၌ တန်ခိုးကြီးသော နဂါးတို့ ရှိကြကုန်၏၊ ထိုနဂါးတို့သည်လည်း ကျွန်ုပ်တို့ကို အနာမရှိ ပကတိချမ်းသာအောင် အစဉ် စောင့်ရှောက်ကြပါစေကုန်သတည်း။

၂၄။ မြောက်ဘက်အရပ်မျက်နှာ၌ တန်ခိုးကြီးသော ဘီလူးတို့သည် ရှိကြကုန်၏။ ထိုဘီလူးတို့သည်လည်း ကျွန်ုပ်တို့ကို အစဉ်သဖြင့် စောင့်ရှောက်ကြပါစေကုန်သတည်း။

၂၅။ အရှေ့အရပ်မျက်နှာ၌ ဂန္ဓဗ္ဗနတ်တို့ကို အစိုးရသော ဓတရဋ္ဌနတ်မင်း၊ တောင်အရပ်မျက်နှာ၌ ကုမ္ဘဏ်တို့ကို အစိုးရသော ဝိရူဠှကနတ်မင်း၊ အနောက်အရပ်မျက်နှာ၌ နဂါးတို့ကို အစိုးရသော ဝိရူပက္ခနတ်မင်း၊ မြောက်အရပ် မျက်နှာ၌ ဘီလူးတို့ကို အစိုးရသော ကုဝေရနတ်မင်း။

၂၆။ ထိုနတ်မင်းကြီးလေးယောက်တို့သည် လူတို့ကို စောင့်ရှောက်တတ်ကြကုန်၏။ အခြွေအရံလည်း များကုန်၏။ ထိုနတ်မင်းကြီးတို့သည် ကျွန်ုပ်တို့ကို အနာမရှိ ပကတိချမ်းသာအောင် အစဉ်မပြတ်စောင့်ရှောက်ကြပါကုန်သတည်း။

၂၇။ ကောင်းကင်၌ တည်သော နတ်များ၊ မြေ၌တည်သော နတ်များ၊ နဂါးများသည် တန်ခိုးအလွန်ကြီးကြသည်။ ထိုတန်ခိုးကြီး နတ်, နဂါးတို့သည် ကျွန်ုပ်တို့ကို အနာမရှိ ပကတိချမ်းသာအောင် အစဉ်မပြတ် စောင့်ရှောက်ကြပါစေကုန်သတည်း။

၂၈။ တန်ခိုးကြီးသောနတ်တို့သည် ဤဘုရားသာသနာ၌ နေကြကုန်၏။ ထိုသာသနာနတ်တို့သည်လည်း ကျွန်ုပ်တို့ကို အနာမရှိ ပကတိချမ်းသာအောင် အစဉ်မပြတ် စောင့်ရှောက်ကြပါစေကုန်သတည်း။

၂၉။ ဘေးရန်ခပ်သိမ်း ကင်းစေကုန်သတည်း။ စိုးရိမ်ကြောင့်ကြ ကင်းစေကုန်သတည်း။ အနာရောဂါဟူသမျှ ပျောက်စေကုန်သတည်း။ သင့်အား အန္တရာယ်တစ်စုံတစ်ရာ မဖြစ်စေသတည်း။ ချမ်းချမ်းသာသာနှင့် အသက်ရှည်စွာ နေရပါစေသတည်း။

၃၀။ ရတနာမြတ်သုံးပါးအား ရိုသေစွာ ရှိခိုးဆည်းကပ်လေ့ရှိသောသူ၊ သီလရှိသူ၊ သမာဓိရှိသူ၊ ပညာရှိသူတို့ကို အမြဲမပြတ် ရိုသေလေးစားတတ်သူသည် အသက်ရှည်၏။ အဆင်းလှ၏။ ချမ်းသာကြီးပွား၏။ ခွန်အားဗလ တိုးတက်လေ၏။ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤကျေးဇူးတရားတို့သည် ထိုပုဂ္ဂိုလ်အဖို့ ထာဝစဉ် တိုးတက်လျက်သာ နေကြကုန်သတည်း။

## (၈) အာဋာနာဋိယသုတ်ပါဠိတော်

၁။ အပ္ပသန္နေဟိ နာထဿ၊ သာသနေ သာဓုသမ္မတေ။
အမနုဿေဟိ စဏ္ဍေဟိ၊ သဒါ ကိဗ္ဗိသကာရိဘိ။

၂။ ပရိသာနံ စတဿန္နံ၊ အဟိံသာယ စ ဂုတ္တိယာ။
ယံ ဒေသေသိ မဟာဝီရော၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ ဝိပဿိဿ စ နမတ္ထု၊ စက္ခုမန္တဿ သိရီမတော။
သိခိဿပိ စ နမတ္ထု၊ သဗ္ဗဘူတာနုကမ္ပိနော။

၄။ ဝေဿဘုဿ စ နမတ္ထု၊ နှာတကဿ တပဿိနော။
နမတ္ထု ကကုသန္ဓဿ၊ မာရသေနာပမဒ္ဒိနော။

၅။ ကောဏာဂမနဿ နမတ္ထု၊ ဗြာဟ္မဏဿ ဝုသီမတော၊
ကဿပဿ စ နမတ္ထု၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

၆။ အင်္ဂီရသဿ နမတ္ထု၊ သကျပုတ္တဿ သိရီမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ၊ သဗ္ဗဒုက္ခာပနူဒနံ။

၇။ ယေ စာပိ နိဗ္ဗုတာ လောကေ၊ ယထာဘူတံ ဝိပဿိသုံ၊
တေ ဇနာ အပိသုဏာထ၊ မဟန္တာ ဝီတသာရဒါ။

၈။ ဟိတံ ဒေဝမနုဿာနံ၊ ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ မဟန္တံ ဝီတသာရဒံ။

၉။ ဧတေ စညေ စ သမ္ဗုဒ္ဓါ၊ အနေကသတကောဋိယော၊
သဗ္ဗေ ဗုဒ္ဓါ သမသမာ၊ သဗ္ဗေ ဗုဒ္ဓါ မဟိဒ္ဓိကာ။

၁၀။ သဗ္ဗေ ဒသဗလူပေတာ၊ ဝေသာရဇ္ဇေဟု’ပါဂတာ။
သဗ္ဗေ တေ ပဋိဇာနန္တိ၊ အာသဘံ ဌာနမုတ္တမံ။

၁၁။ သီဟနာဒံ နဒန္တေ’တေ၊ ပရိသာသု ဝိသာရဒါ။
ဗြဟ္မစက္ကံ ပဝတ္တေန္တိ၊ လောကေ အပ္ပဋိဝတ္တိယံ။

၁၂။ ဥပေတာ ဗုဒ္ဓဓမ္မေဟိ၊ အဋ္ဌာရသဟိ နာယကာ။
ဗာတ္တိံသ လက္ခဏူပေတာ၊ သီတာနုဗျဉ္ဇနာဓရာ။

၁၃။ ဗျာမပ္ပဘာယ သုပ္ပဘာ၊ သဗ္ဗေ တေ မုနိကုဉ္ဇရာ။
ဗုဒ္ဓါ သဗ္ဗညုနော ဧတေ၊ သဗ္ဗေ ခီဏာသဝါ ဇိနာ။

၁၄။ မဟာပဘာ မဟာတေဇာ၊ မဟာပညာ မဟဗ္ဗလာ။
မဟာကာရုဏိကာ ဓီရာ၊ သဗ္ဗေသာနံ သုခါဝဟာ။

၁၅။ ဒီပါ နာထာ ပတိဋ္ဌာ စ၊ တာဏာ လေဏာ စ ပါဏိနံ။
ဂတီ ဗန္ဓူ မဟေဿာသာ၊ သရဏာ စ ဟိတေသိနော။

၁၆။ သဒေဝကဿ လောကဿ၊ သဗ္ဗေ ဧတေ ပရာယဏာ။
တေသာဟံ သိရသာ ပါဒေ၊ ဝန္ဒာမိ ပုရိသုတ္တမေ။

၁၇။ ဝစသာ မနသာ စေဝ၊ ဝန္ဒာမေ’တေ တထာဂတေ။
သယနေ အာသနေ ဌာနေ၊ ဂမနေ စာပိ သဗ္ဗဒါ။

၁၈။ သဒါ သုခေန ရက္ခန္တု၊ ဗုဒ္ဓါ သန္တိကရာ တုဝံ။
တေဟိ တွံ ရက္ခိတော သန္တော၊ မုတ္တော သဗ္ဗဘယေဟိ စ။

၁၉။ သဗ္ဗရောဂါ ဝိနိမုတ္တော၊ သဗ္ဗသန္တာပ ဝဇ္ဇိတော။
သဗ္ဗဝေရ မတိက္ကန္တော၊ နိဗ္ဗုတော စ တုဝံ ဘဝ။

၂၀။ တေသံ သစ္စေန သီလေန၊ ခန္တိမေတ္တာဗလေန စ။
တေပိ အမှေ’နုရက္ခန္တု၊ အရောဂေန သုခေန စ။

၂၁။ ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊ သန္တိ ဘူတာ မဟိဒ္ဓိကာ။
တေပိ အမှေ’နုရက္ခန္တု၊ အရောဂေန သုခေန စ။

၂၂။ ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊ သန္တိ ဒေဝါ မဟိဒ္ဓိကာ။
တေပိ အမှေ’နုရက္ခန္တု၊ အရောဂေန သုခေန စ။

၂၃။ ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊ သန္တိ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ’နုရက္ခန္တု၊ အရောဂေန သုခေန စ။

၂၄။ ဥတ္တရသ္မိံ ဒိသာဘာဂေ၊ သန္တိ ယက္ခာ မဟိဒ္ဓိကာ။
တေပိ အမှေ’နုရက္ခန္တု၊ အရောဂေန သုခေန စ။

၂၅။ ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။

၂၆။ စတ္တာရော တေ မဟာရာဇာ၊ လောကပါလာ ယသဿိနော။
တေပိ အမှေ’နုရက္ခန္တု၊ အရောဂေန သုခေန စ။

၂၇။ အာကာသဋ္ဌာ စ ဘူမဋ္ဌာ၊ ဒေဝါ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ’နုရက္ခန္တု၊ အရောဂေန သုခေန စ။

၂၈။ ဣဒ္ဓိမန္တော စ ယေ ဒေဝါ၊ ဝသန္တာ ဣဓ သာသနေ။
တေပိ အမှေ’နုရက္ခန္တု၊ အရောဂေန သုခေန စ။

၃၀။ သဗ္ဗီတိယော ဝိဝဇ္ဇန္တု၊ သောကော ရောဂေါ ဝိနဿတု။
မာ တေ ဘဝန္တွန္တရာယာ၊ သုခီ ဒီဃာယုကော ဘဝ။

၃၁။ အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

အာဋာနာဋိယသုတ္တံ နိဋ္ဌိတံ။

*

## ၉–အင်္ဂုလိမာလသုတ်

### အင်္ဂုလိမာလသုတ် ရွတ်ဖတ်ခြင်းအကျိုး

မီးအဖွားရခက်နေသော ကိုယ်ဝန်ဆောင် မိခင်လောင်းတို့အား သားဖွားရ လွယ်ကူစေသည်။ ဤပရိတ်ရေကို တိုက်ပေးနိုင်သည်။ ဖွားခါနီးမှ ရွတ်သည်ထက် နေ့စဲ့ လစေ့ ဖွားခါနီးလာလျှင် မပြတ် ရွတ်ပေးသင့်သည်။ တိရစ္ဆာန်မများ မွေးဖွားရလွယ်အောင်လည်း ဤပရိတ်ဖြင့်ပင် ကူညီနိုင်ပေသည်။

### အင်္ဂုလိမာလသုတ် မြန်မာပြန်

၁။ ဤအင်္ဂုလိမာလ ပရိတ်တော်ကို ရွတ်ဖတ်သော မထေရ်မြတ်တို့၏ ထိုင်သည့်နေရာကို ဆေးကြောသည့်ရေသည်ပင်လျှင် ဘေးရန်ဟူသမျှကို ပျောက်ကင်းစေတတ်၏။

၂။ အင်္ဂုလိမာလပရိတ်တော်သည် ကိုယ်ဝန်သားကို ချမ်းသာလွယ်ကူစွာ ချက်ချင်း ဖွားစေနိုင်သော အစွမ်းရှိ၏။ အင်္ဂုလိမာလအမည်ရှိသော မထေရ်အတွက် မြတ်စွာဘုရား ဟောကြားသော ပရိတ်တော်ဖြစ်၏။ အာယုကပ်ပတ်လုံးလည်း တည်၏။ တန်ခိုးလည်း အလွန်ကြီး၏။ ထိုပရိတ်ကို ယခုအခါ ကျွန်ုပ်တို့ စုပေါင်း ရွတ်ဆိုကြပါစို့။

၃။ အို–နှမ၊ ငါသည် အရိယာဇာတ် ရဟန်းမြတ်ဖြစ်သောအခါမှစ၍ သေစေလိုသော စေတနာဖြင့် သတ္တဝါတစ်ကောင်ကောင်ကို သတ်ဖူးသည်ဟု ငါ မသိပေ။ ထိုသို့မှန်သော သစ္စာစကားကြောင့် သင့်အား ချမ်းသာပါစေ၊ ကိုယ်ဝန်သားလည်း ချမ်းသာပါစေ။

### (၉) အင်္ဂုလိမာလသုတ်ပါဠိတော်

၁။ ပရိတ္တံ ယံ ဘဏန္တဿ၊ နိသိန္နဋ္ဌာန ဓောဝနံ။
ဥဒကမ္ပိ ဝိနာသေတိ၊ သဗ္ဗမေဝ ပရိဿယံ။

၂။ သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ၊ ယဉ္စ သာဓေတိ တင်္ခဏေ။
ထေရဿင်္ဂုလိမာလဿ၊ လောက နာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိံ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ ယတော'ဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော၊
နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊ တေန
သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။
အင်္ဂုလိမာလသုတ္တံ နိဋ္ဌိတံ။

## ၁၀–ဗောဇ္ဈင်သုတ်

### ဗောဇ္ဈင်သုတ် ရွတ်ဖတ်ခြင်းအကျိုး

လူမမာများကို ရောဂါသက်သာလာစေသည်၊ ပျောက်ကင်းစေနိုင်သည်၊ ဆေးရုံများတွင် အထူးရွတ်သင့်သည်။ ပင်ရင်း ဗောဇ္ဈင်သုတ် သုံးသုတ်ကို တွဲ၍ ရွတ်လျှင် ပို၍ကောင်းသည်။

### ဗောဇ္ဈင်သုတ် မြန်မာပြန်

၁။ ဗောဇ္ဈင်ခုနစ်ပါး မြတ်တရားသည် သံသရာ၌ ကျင်လည်နေကြရသော သူတို့၏ ဆင်းရဲဒုက္ခကို သက်သာပျောက်ကင်းစေနိုင်၏။ ထကြွသောင်းကျန်း လာသော ကိလေသာတို့ကိုလည်း နှိပ်ကွပ်ဆုံးမနိုင်၏။ အရဟတ္တမဂ်၏ အင်္ဂါ အစိတ်အပိုင်းလည်း ဖြစ်ပေ၏။

၂။ သတ္တဝါတို့သည် ဗောဇ္ဈင်ခုနစ်ပါး မြတ်တရားကို ဒိဋ္ဌသိမြင်ကြပါလျှင် ဘဝသုံးပါးမှ ကျွတ်လွတ်ကြကုန်၏။ မြတ်ရာသို့လည်း ရောက်ကုန်၏။ ပဋိသန္ဓေ နေရသည့် ဘေး၊ အိုရသည့် ဘေး၊ နာရသည့် ဘေး၊ သေရသည့် ဘေးတို့ ကင်းသော နိဗ္ဗာန်သို့လည်း ရောက်ကြရကုန်၏။

၃။ ဆိုခဲ့ပြီးသော ဂုဏ်ကျေးဇူးတို့နှင့်သာမက အခြားသောဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသည့်အပြင် ဆေးလည်းဖြစ်၊ မန္တ ရားလည်းဖြစ်သော ဤဗောဇ္ဈင်ပရိတ်တော်ကို ကျွန်ုပ်တို့ စုပေါင်းရွတ်ဆိုကြပါကုန်စို့။

၄–၅။ ဗောဓိဉာဏ်၏ အင်္ဂါအစိတ်အပိုင်းဖြစ်ကုန်သော သတိ၊ ပညာ (ဓမ္မဝိစယ)၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာ ဤတရားခုနစ်ဖြာတို့ကို ဗောဇ္ဈင်တရားများ ဖြစ်ကြသည်ဟူ၍ တရားအားလုံးကို သိမြင်တော်မူသော မြတ်စွာဘုရားက ထုတ်ဖော်ဟောကြားပေ၏။ ထိုဗောဇ္ဈင်ခုနစ်ပါးကို ပွားများ အပ်ကုန်၏။ ထပ်၍ ထပ်၍ ပွားများအပ်ကုန်၏။

၆။ ဤဗောဇ္ဈင်ခုနစ်ပါး တရားမြတ်စွာကို ပွားများသည်ရှိသော် တရားထူး တရားမြတ်တို့ကိုလည်း တိုးတက်သိစေနိုင်သည့် အကျိုးရှိ၏။ ကိလေသာငြိမ်းအေး ခြင်းအကျိုးလည်း ရှိ၏။ အရဟတ္တမဂ်ကို ရရှိခြင်းအကျိုးလည်း ရှိ၏။

ဤသို့ မှန်သော စကားကို ဆိုသဖြင့် သင့်အား အခါခပ်သိမ်း စီးပွား ချမ်းသာ ဖြစ်ပါစေသတည်း။

၇။ အခါတစ်ပါး၌ မြတ်စွာဘုရားသည် မကျန်းမာသဖြင့် ဆင်းရဲဒုက္ခ ရောက်ရသော ရှင်မောဂ္ဂလာန်နှင့် ရှင်မဟာကဿပမထေရ် နှစ်ပါးအား ဗောဇ္ဈင် ခုနစ်ပါး တရားမြတ်စွာကို ဟောကြားတော်မူခဲ့၏။

၈။ ထိုမထေရ်နှစ်ပါးသည် ဗောဇ္ဈင်တရားတော်ကို လွန်စွာနှစ်သက်ကြ သည့်အတွက် တရားနာဆဲ ခဏမှာပင် အနာရောဂါမှ သက်သာပျောက်ကင်း ခဲ့ရလေသည်။

ဤသို့ မှန်သော စကားကို ဆိုသဖြင့် သင့်အား အခါခပ်သိမ်း စီးပွား ချမ်းသာ ဖြစ်ပါစေသတည်း။

၉။ အခါတစ်ပါး၌ မြတ်စွာဘုရားကိုယ်တိုင် အနာရောဂါ ဖိစီးနှိပ်စက်ခြင်းကို ခံတော်မူရ၏၊ ထိုအခါ စုန္ဒမထေရ်မြတ်ကို ရှိသေစွာ ဗောဇ္ဈင်တရား ဟောစေပြီး မြတ်စွာဘုရား နာကြားတော်မူသည်။

၁၀။ ဗောဇ္ဈင်တရားကို နှစ်လိုတော်မူ၍ ဟောသောခဏမှာပင် အနာ ပျောက်ကင်းလေသည်။

ဤသို့ မှန်သော စကားကို ဆိုသဖြင့် သင့်အား စီးပွားချမ်းသာ အမြဲ ဖြစ်ထွန်းပါစေသတည်း။

၁၁။ မဟာကဿပထေရ်၊ မဟာမောဂ္ဂလာန်ထေရ်နှင့် ဘုရားရှင်တို့အား အနာရောဂါတို့ ကင်းပျောက်ကြကုန်၏။ မဂ်ဖြင့်ပယ်အပ်သော ကိလေသာတို့ကဲ့သို့ အနာရောဂါတို့သည် နောက်ထပ် မဖြစ်နိုင်ကြတော့ပေ။

ဤသို့ မှန်သောစကားကို ဆိုသဖြင့် သင့်အား ထာဝရချမ်းသာခြင်း ဖြစ်ပါစေသတည်း။

## (၁၀) ဗောဇ္ဈင်သုတ် ပါဠိတော်

၁။ သံသာရေ သံသရန္တာနံ၊ သဗ္ဗဒုက္ခဝိနာသနေ။
သတ္တ ဓမ္မေ စ ဗောဇ္ဈင်္ဂေ၊ မာရသေနာပမဒ္ဒနေ။

၂။ ဗုဇ္ဈိတွာ ယေ စိမေ သတ္တာ၊ တိဘဝါ မုတ္တကု’တ္တမာ။
အဇာတိ’မဇရာ’ဗျာဓိံ၊ အမတံ နိဗ္ဘယံ ဂတာ။

၃။ ဧဝမာဒိဂုဏူပေတံ၊ အနေကဂုဏသင်္ဂဟံ။
ဩသဓဉ္စ ဣမံ မန္တံ၊ ဗောဇ္ဈင်္ဂဉ္စ ဘဏာမ ဟေ။

၄။ ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော၊ ဓမ္မာနံ ဝိစယော တထာ။
ဝီရိယံ ပီတိ ပဿဒ္ဓိ၊ ဗောဇ္ဈင်္ဂါ စ တထာပရေ။

၅။ သမာဓု’ပေက္ခာ ဗောဇ္ဈင်္ဂါ၊ သတ္တေ’တေ သဗ္ဗဒဿိနာ။
မုနိနာ သမ္မဒက္ခာတာ၊ ဘာဝိတာ ဗဟုလီကတာ။

၆။ သံဝတ္တန္တိ အဘိညာယ၊ နိဗ္ဗာနာယ စ ဗောဓိယာ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၇။ ဧကသ္မိံ သမယေ နာထော၊ မောဂ္ဂလ္လာနဉ္စ ကဿပံ။
ဂိလာနေ ဒုက္ခိတေ ဒိသွာ၊ ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ။

၈။ တေ စ တံ အဘိနန္ဒိတွာ၊ ရောဂါ မုစ္စိံသု တင်္ခဏေ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၉။ ဧကဒါ ဓမ္မရာဇာပိ၊ ဂေလညေနာ’ ဘိပီဠိတော။
စုန္ဒတ္ထေရေန တံယေဝ၊ ဘဏာပေတွာန သာဒရံ။

၁၀။ သမ္မောဒိတွာန အာဗာဓာ၊ တမှာ ဝုဋ္ဌာသိ ဌာနသော။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၁။ ပဟီနာ တေ စ အာဗာဓာ၊ တိဏ္ဏန္နမ္ပိ မဟေသိနံ။
မဂ္ဂဟတာ ကိလေသာဝ၊ ပတ္တာ’ နုပ္ပတ္တိဓမ္မတံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ဗောဇ္ဈင်္ဂသုတ္တံ နိဋ္ဌိတံ။

*

## ၁၁–ပုဗ္ဗဏှသုတ်

### ပုဗ္ဗဏှသုတ် ရွတ်ဖတ်ခြင်းအကျိုး

ဂြိုဟ်ဆိုး၊ နိမိတ်ဆိုး၊ အိပ်မက်ဆိုးတို့ကို ကင်းစေနိုင်သည်။ ကံဇာတာနိမ့်နေခိုက် အထူးရွတ်ရန် သင့်သည်။ လုပ်သမျှ အရာနှင့် ကြောင်းကြောင်းအထစ်ထစ် အငေါ့ငေါ့ ဖြစ်နေလျှင် ဤသုတ်ကို အထူးရွတ်သင့်သည်။ အရေးကြီးသော ကိစ္စ တစ်ခုခုကို အောင်မြင်အောင် ဆောင်ရွက်လိုသောအခါ မသွားမီ ဤသုတ်ကို သရဇ္ဈာယ်ပါ။ မုချအောင်ပါလိမ့်မည်။

### ပုဗ္ဗဏှသုတ် မြန်မာပြန်

၁။ မကောင်းသော နိမိတ်၊ မကောင်းသော အမင်္ဂလာ၊ မနှစ်သက်ဖွယ် ဖြစ်သော ငှက်ဆိုးသံ၊ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်း၊ မနှစ်သက်စရာ အိပ်မက်ဆိုး စသည်တို့သည် မြတ်စွာဘုရား၏ ကြီးမြတ်သော အာနုဘော်တော်ကြောင့် မကျမရောက် ကင်းပျောက်ပါစေသတည်း။

၂။ မကောင်းသော နိမိတ်၊ မကောင်းသော အမင်္ဂလာ၊ မနှစ်သက်ဖွယ် ဖြစ်သော ငှက်ဆိုးသံ၊ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်း၊ မနှစ်သက်စရာ အိပ်မက်ဆိုး စသည်တို့သည် တရားတော်၏ ကြီးမြတ်သော အာနုဘော်တော်ကြောင့် မကျမရောက် ကင်းပျောက်ပါစေသတည်း။

၃။ မကောင်းသော နိမိတ်၊ မကောင်းသော အမင်္ဂလာ၊ မနှစ်သက်ဖွယ် ဖြစ်သော ငှက်ဆိုးသံ၊ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်း၊ မနှစ်သက်စရာ အိပ်မက်ဆိုး စသည်တို့သည် မြတ်စွာဘုရား၏ တပည့်သား သံဃာတော်၏ ကြီးမြတ်သော အာနုဘော်တော်ကြောင့် မကျမရောက် ကင်းပျောက်ပါစေသတည်း။

၄။ ဒုက္ခရောက်နေကြသူအားလုံး ဒုက္ခကင်းကြပါစေ။ ဘေးတွေ့နေကြသူအားလုံး ထိုဘေးအန္တရာယ်မှ လွတ်ကင်းကြပါစေ။ စိုးရိမ်သောကဖြစ်နေကြသူ အားလုံး စိုးရိမ်သောက ကင်းကြပါစေ။

၅။ အထက်တွင် ဖော်ပြခဲ့ပြီးသောစကားစဉ်ဖြင့် ကျွန်ုပ်တို့သည် ကောင်းမှုကို ဆည်းပူးခဲ့ကြပါသည်။ ဤသည်ကို နတ်အပေါင်းတို့က ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြပါကုန်။

၆။ အရာရာပြည့်စုံမှု ချမ်းသာမှု ရှိလာအောင် ယုံယုံကြည်ကြည်ဖြင့် လှူဒါန်းကြပါ။ အကျင့်သီလ စောင့်ထိန်းကြပါ။ ကမ္မဋ္ဌာန်းဘာဝနာ ပွားများကြပါ။ ယခုအခါ၌ တရားနာ ရောက်နေကြသော နတ်အပေါင်းတို့ ပြန်သွားနိုင်ကြပါပြီ။

၇။ အားတော်ဆယ်ပါးနှင့် ပြည့်စုံတော်မူကြကုန်သော မြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ ဘုရားငယ်၊ ရဟန္တာအရှင်သူမြတ်တို့၏ ဉာဏဗလစွမ်းရည် တန်ခိုးဖြင့် အရပ်ထက်ဝန်းကျင်မှ အစောင့်အရှောက်ကို ဖွဲ့ပါ၏။

၈။ လူ့ပြည်၊ နဂါးပြည်၊ ဂဠုန်ပြည်၊ နတ်ပြည်တို့၌ရှိသော ရတနာတို့သည် ဘုရားတည်းဟူသော ရတနာနှင့် မတူချေ။ ထိုရတနာတို့ထက် ဘုရားရတနာ သည်သာလျှင် ပို၍မြတ်၏။ ဤသစ္စာစကားကြောင့် သတ္တဝါအများ ချမ်းသာကြ ပါစေသတည်း။

၉။ လူ့ပြည်၊ နဂါးပြည်၊ ဂဠုန်ပြည်၊ နတ်ပြည်တို့၌ရှိသော ရတနာတို့သည် တရားတည်းဟူသော ရတနာနှင့် မတူချေ။။ ထိုရတနာတို့ထက် တရားရတနာ သည်သာလျှင် ပို၍မြတ်၏။ ဤသစ္စာစကားကြောင့် သတ္တဝါအများ ချမ်းသာကြ ပါစေသတည်း။

၁၀။ လူ့ပြည်၊ နဂါးပြည်၊ ဂဠုန်ပြည်၊ နတ်ပြည်တို့၌ရှိသော ရတနာတို့သည် သံဃာတည်းဟူသော ရတနာနှင့် မတူချေ။ ထိုရတနာတို့ထက် သံဃာရတနာ သည်သာလျှင် ပို၍မြတ်၏။ ဤသစ္စာစကားကြောင့် သတ္တဝါအများ ချမ်းသာကြ ပါစေသတည်း။

၁၁။ သင့်အား မင်္ဂလာခပ်သိမ်း ပြည့်စုံပါစေ။ နတ်တို့က သင့်ကို စောင့်ရှောက်ပါစေ။ အားလုံးသော မြတ်စွာဘုရားတို့၏ တန်ခိုးတေဇော် အာနုဘော် တော်ကြောင့် သင့်အား ချမ်းသာသုခ ထာဝရ ပြည့်စုံပါစေ။

၁၂။ သင့်အား မင်္ဂလာခပ်သိမ်း ပြည့်စုံပါစေ။ နတ်တို့က သင့်ကို စောင့်ရှောက်ပါစေ။ အားလုံးသော တရားတော်တို့၏ တန်ခိုးတေဇော် အာနုဘော် တော်ကြောင့် သင့်အား ချမ်းသာသုခ ထာဝရ ပြည့်စုံပါစေ။

၁၃။ သင့်အား မင်္ဂလာခပ်သိမ်း ပြည့်စုံပါစေ။ နတ်တို့က သင့်ကို စောင့်ရှောက်ပါစေ။ ခပ်သိမ်းသော သံဃာတော်၏ တန်ခိုးတေဇော် အာနုဘော်တော် ကြောင့် သင့်အား ချမ်းသာသုခ ထာဝရ ပြည့်စုံပါစေ။

၁၄။ မဟာကရုဏာရှင် မြတ်စွာဘုရားသည် ကမ္ဘာသူကမ္ဘာသား အပေါင်း၏ အကျိုးစီးပွားအလို့ငှာ ပါရမီတော်ကို ဖြည့်ကျင့်တော်မူခဲ့သဖြင့် မြတ်လှစွာသော အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်သို့ ရောက်တော်မူခဲ့လေပြီ။ ထိုသို့ မှန်သော သစ္စာစကားကို ဆိုရသောကြောင့် သင့်အား စီးပွားချမ်းသာ တိုးတက် ဖြစ်ထွန်း ပါစေသတည်း။

၁၅။ သာကီဝင် မင်းအပေါင်းတို့၏ နှစ်သက်ဝမ်းမြောက်ခြင်းကို တိုးပွား စေသော မြတ်စွာဘုရားသည် ဗောဓိပင်ရင်း၌ မာရ်ငါးပါးကို အောင်မြင်တော်မူ သကဲ့သို့ ထို့အတူ သင့်အား အောင်မြင်ခြင်း ဖြစ်စေသတည်း။ အောင်သင့်အောင် အပ်သော မင်္ဂလာဟူသမျှ သင့်အား အောင်မြင်ရရှိပါစေသတည်း။

၁၆။ သဗ္ဗညုဘုရားအဆူဆူတို့ ဗုဒ္ဓါဘိသေကမင်္ဂလာ ခံယူရာလည်း ဖြစ်သော၊ ကမ္ဘာမြေအပြင်၌ အထူးတင့်တယ်၍ မြေတကာတို့၏ အဦးအထိပ်လည်း ဖြစ်သော အပရာဇိတပလ္လင်တော်၌ မြတ်စွာဘုရားသည် လူသုံးပါးတို့ထက် မြတ် သော ဘုရားအဖြစ်သို့ ရောက်သဖြင့် ဝမ်းမြောက်တော်မူခဲ့လေပြီ။

၁၇။ ဤနည်းအတူ သင့်အားလည်း နက္ခတ်ကောင်း ကြုံပါစေ။ မင်္ဂလာ ကောင်းရှိပါစေ။ ချမ်းမြေ့စွာ နံနက်မိုးသောက် အလင်းရောက်ပါစေ။ ကောင်းစွာ တိုးတက်ပါစေ။ စက္ခန့်တိုင်း၊ မိနစ်တိုင်း၊ နာရီတိုင်း ကောင်းကျိုးချမ်းသာ မင်္ဂလာနှင့် ပြည့်စုံပါစေ။ အကျင့်မြတ်ကို မပြတ်ကျင့်ကြံနေသော သူတော်ကောင်း တို့အား ကောင်းစွာ ပူဇော်ခြင်း ဖြစ်ပါစေသတည်း။

၁၈။ မြတ်သောကိုယ်အမှု၊ မြတ်သောနှုတ်အမှု၊ မြတ်သောစိတ်အမှု ရှိပါစေ။ ကောင်းမြတ်သော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့၌ သင်၏စိတ်ကို ဆောက်တည်နိုင်ပါစေသတည်း။

၁၉။ လူခပ်သိမ်း၊ နတ်ခပ်သိမ်းတို့သည် မြတ်သော အမှုကိစ္စတို့ကို ဆောင်ရွက်ကြသည့်အတွက် မြတ်သောအကျိုးတရားတို့ကို ရကြကုန်၏။ မြတ်သော အကျိုးတရားကို ရရှိသော သူတို့သည် ချမ်းချမ်းသာသာ ရှိကြကုန်၏။ ထိုသူတို့သည် ဘုရားသာသနာ၌ ကြီးပွားတိုးတက်လာကြကုန်၏။ ထိုသူတို့သည် မိမိတို့အဆွေ အမျိုးတို့နှင့်အတူ ကျန်းမာချမ်းသာကြပါစေကုန်သောဝ်။

## (၁၁) ပုဗ္ဗဏှသုတ်ပါဠိတော်

၁။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊ ယော စာ'မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊ ဗုဒ္ဓါနုဘာဝေန ဝိနာသ' မေန္တု။

၂။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊ ယော စာ'မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊ ဓမ္မာနုဘာဝေန ဝိနာသ'မေန္တု။

၃။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊ ယော စာ'မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊ သံဃာနုဘာဝေန ဝိနာသ'မေန္တု။

၄။ ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊ ဘယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာ စ နိဿောကာ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။

၅။ ဧတ္တာဝတာ စ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါ'နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။

၆။ ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာ'ဂတာ။

၇။ သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၈။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၉။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၀။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။

**န** နော သမံ အတ္ထိ တထာဂတေန၊
**ဣဒမ္ပိ သံဃေ** ရတနံ ပဏီတံ။
**ဧတေန သစ္စေန** သုဝတ္ထိ ဟောတု။

၁၁။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

၁၂။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဓမ္မာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

၁၃။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗသံဃာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

၁၄။ မဟာကာရုဏိကော နာထော၊ ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတွာ ပါရမီ သဗ္ဗာ၊ ပတ္တော သမ္ဗောဓိ' မုတ္တမံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၅။ ဇယန္တော ဗောဓိယာ မူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။

၁၆။ အပရာဇိတပလ္လင်္ကေ၊ သီသေ ပုထုဝိပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။

၁၇။ သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

၁၈။ ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ၊ ပဏီဓိ တေ ပဒက္ခိဏေ။

၁၉။ ပဒက္ခိဏာနိ ကတွာန၊ လဘန္တ'တ္ထေ ပဒက္ခိဏေ။
တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရူဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

ပုဗ္ဗဏှသုတ္တံ နိဋ္ဌိတံ။

## (ဂ) အဘိဏှာသုတ် ပါဠိတော်နှင့် မြန်မာပြန်

(ဗုဒ္ဓဘာသာလူထုနှင့် ရင်းနှီးပြီးဖြစ်သော အဘိဏှာသုတ်တော်နှင့် မဟာသမယသုတ်တော်တို့ကို မြန်မာပြန်နှင့်ပါဠိကိုပါ ထည့်သွင်းပေးထားသည်။)

### အဘိဏှာသုတ် မြန်မာပြန်

ရဟန်းတို့–မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ လူဖြစ်စေ၊ ရဟန်းဖြစ်စေ မပြတ်ဆင်ခြင်အပ်သော အကြောင်းတို့သည် ဤငါးမျိုးတို့တည်း။

အဘယ်ငါးမျိုးတို့နည်းဟူမူ–

"(ငါသည်) အိုခြင်းသဘောရှိ၏။ အိုခြင်းသဘောကို မလွန်ဆန်နိုင်ချေ" ဟူ၍ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ လူဖြစ်စေ၊ ရဟန်းဖြစ်စေ မပြတ် ဆင်ခြင်အပ်၏။

"နာခြင်းသဘောရှိ၏။ နာခြင်းသဘောကို မလွန်ဆန်နိုင်ချေ"ဟူ၍ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ လူဖြစ်စေ၊ ရဟန်းဖြစ်စေ မပြတ်ဆင်ခြင်အပ်၏။

"သေခြင်းသဘောရှိ၏။ သေခြင်းသဘောကို မလွန်ဆန်နိုင်ချေ" ဟူ၍ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ လူဖြစ်စေ၊ ရဟန်းဖြစ်စေ မပြတ် ဆင်ခြင်အပ်၏။

"ငါ၏ချစ်မြတ်နိုးအပ်သော အရာအားလုံးတို့နှင့် ရှင်ကွဲကွဲရခြင်း, သေကွဲကွဲရခြင်းသည် ဖြစ်ချေမည်"ဟူ၍ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ လူဖြစ်စေ၊ ရဟန်းဖြစ်စေ မပြတ် ဆင်ခြင်အပ်၏။

"(ငါသည်) ကံသာလျှင် မိမိဥစ္စာရှိ၏။ ကံ၏ အမွေခံဖြစ်၏။ ကံသာလျှင် အကြောင်းရှိ၏။ ကံသာလျှင် အဆွေအမျိုး ရှိ၏။ ကံသာလျှင် ကိုးကွယ်မှီခိုရာရှိ၏။ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ငါပြုမိသော ကံ၏ အမွေခံသာ ဖြစ်ရပေမည်" ဟူ၍ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ လူဖြစ်စေ၊ ရဟန်းဖြစ်စေ မပြတ် ဆင်ခြင်အပ်၏။

## အဘိဏှသုတ် ပါဠိတော်

ပဉ္စိမာနိ ဘိက္ခဝေ ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

ကတမာနိ ပဉ္စ–

(၁) ဇရာဓမ္မောမှိ၊ ဇရံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။
(၂) ဗျာဓိဓမ္မောမှိ၊ ဗျာဓိံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။
(၃) မရဏဓမ္မောမှိ၊ မရဏံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။
(၄) သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါမှိတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။
(၅) ကမ္မဿကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပ္ပဋိသရဏော၊ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒေါ ဘဝိဿာမီတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

## (ဃ) မဟာသမယသုတ် ပါဠိတော် မြန်မာပြန်

၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်–

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် မဟာဝုန်တော၌ ငါးရာမျှသော အလုံးစုံရဟန္တာချည်းဖြစ်သော ရဟန်းသံဃာများစွာနှင့် အတူ သီတင်းသုံးနေတော်မူ၏။ စကြဝဠာတစ်ထောင်စီ ရှိသော လောကဓာတ်တိုက် ဆယ်ခုတို့မှ နတ်ဗြဟ္မာတို့သည်လည်း မြတ်စွာဘုရားကို လည်းကောင်း၊ ရဟန်း သံဃာကိုလည်းကောင်း ဖူးမြော်ခြင်းငှာ အများအားဖြင့် စည်းဝေးလာရောက်ကုန်၏။

ထိုအခါ သုဒ္ဓါဝါသဘုံ၌ နေသော ဗြဟ္မာလေးဦးတို့အား ဤသို့သော အကြံသည် ဖြစ်၏–

"ဤမြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် မဟာဝုန်တော၌ ငါးရာမျှသော အလုံးစုံ ရဟန္တာချည်း ဖြစ်သောရဟန်းသံဃာများစွာနှင့်အတူ သီတင်းသုံးနေတော်မူ၏။ စကြဝဠာတစ်ထောင်စီရှိသော လောကဓာတ်တိုက်ဆယ်ခု

တို့မှ နတ်တို့သည်လည်း မြတ်စွာဘုရားကိုလည်းကောင်း၊ ရဟန်းသံဃာကိုလည်းကောင်း ဖူးမြော်ခြင်းငှာ အများအားဖြင့် စည်းဝေးလာရောက်ကုန်၏။ ငါတို့သည်လည်း မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရား၏ အထံတော်၌ အသီးအသီး ဂါထာတစ်ပုဒ်စီ ရွတ်ဆိုရမူ ကောင်းလေစွ"ဟု (အကြံဖြစ်၏)။

ထိုအခါ ထိုဗြဟ္မာ(လေးဦး)တို့သည် ဥပမာအားဖြင့် ခွန်အားရှိသော ယောကျ်ားသည် ကွေးသောလက်ကို ဆန့်သကဲ့သို့လည်းကောင်း၊ ဆန့်သောလက်ကို ကွေးသကဲ့သို့လည်းကောင်း ဤအတူ သုဒ္ဓါဝါသဗြဟ္မာဘုံမှ ကွယ်ခဲ့၍ မြတ်စွာဘုရား၏ရှေ့တော်၌ ထင်ရှားပေါ်လာကုန်၏။ ထို့နောက် ထိုဗြဟ္မာတို့သည် မြတ်စွာဘုရားကို ရှိခိုး၍ တစ်ခုသောနေရာ၌ ရပ်ပြီးလျှင် တစ်ဦးသောဗြဟ္မာသည် မြတ်စွာဘုရား၏အထံတော်၌ ဤဂါထာကို ရွတ်ဆို၏–

> "(အသျှင်ဘုရား) မဟာဝုန်တော၌ နတ်ဗြဟ္မာအပေါင်းတို့သည် စုရုံး လာရောက်ကြသဖြင့် အစည်းအဝေးကြီးဖြစ်လျက် ရှိနေပါ၏၊ အကျွန်ုပ်တို့သည်လည်း (ကိလေသာရန်သူတို့က) မအောင်နိုင်သော သံဃာတော်ကို ဖူးမြော်ခြင်းငှာ ဤတရား သဘင် အစည်းအဝေးသို့ လာရောက်ပါကုန်၏"=

ဟူ၍(ရွတ်ဆို၏)။

၂။ ထို့နောက် တစ်ဦးသော ဗြဟ္မာသည် မြတ်စွာဘုရား၏ အထံတော်၌ ဤဂါထာကို ရွတ်ဆို၏–

> "(အသျှင်ဘုရား)ထို(အစည်းအဝေး)၌ ရဟန်းတို့သည် မိမိစိတ်ကို တည်ကြည်စေလျက် ဖြောင့်မတ်စွာ ပြုထားပါကုန်၏၊ ရထားထိန်းသည် (မြင်းဇက်)ကြိုးတို့ကို ကိုင်၍ ထိန်းသကဲ့သို့ ပညာရှိ (ရဟန်း)တို့သည် ဣန္ဒြေတို့ကို ထိန်းသိမ်းတော်မူကြပါကုန်၏"–

ဟူ၍ (ရွတ်ဆို၏)။

၃။ ထို့နောက် တစ်ဦးသောဗြဟ္မာသည် မြတ်စွာဘုရား၏ အထံတော်၌ ဤဂါထာကို ရွတ်ဆို၏–

> "(အသျှင်ဘုရား) မြတ်စွာဘုရား ကောင်းစွာ ဆုံးမထားပြီးဖြစ်၍ တဏှာကင်းလျက် သန့်ရှင်းစင်ကြယ်သော ထိုရဟန္တာငယ်

တို့သည် (ရာဂ ဒေါသ မောဟ တည်းဟူသော) ခလုတ်တံသင်းနှင့် တံခါးကျင်မင်းတုပ်ကို ဖြတ်ပြီးလျှင်² (ရာဂ, ဒေါသ, မောဟ တည်းဟူသော)တံခါးတိုင်ကို နုတ်၍ လှည့်လည်သွားလာနေကြကုန်၏"–

ဟူ၍(ရွတ်ဆို၏)။

၄။ ထို့နောက် တစ်ဦးသောဗြဟ္မာသည် မြတ်စွာဘုရား၏ အထံတော်၌ ဤဂါထာကို ရွတ်ဆို၏–

"(အသျှင်ဘုရား)မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူအားလုံးတို့သည် အပါယ်ဘုံသို့ မရောက်ကြကုန်လတ္တံ့၊ လူ့ခန္ဓာကို စွန့်ပယ်၍ နတ်ပြည်၌ ဖြစ်ကြပါကုန်လတ္တံ့."–

ဟူ၍(ရွတ်ဆို၏)။

## နတ်အစည်းအဝေး

၅။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏–

"ရဟန်းတို့–စကြဝဠာ တစ်ထောင်စီရှိသော လောကဓာတ်ဆယ်ခုတို့မှ နတ်ဗြဟ္မာတို့သည် မြတ်စွာဘုရားကိုလည်းကောင်း၊ ရဟန်းသံဃာကိုလည်းကောင်း ဖူးမြော်ခြင်းငှာ အများအားဖြင့် စည်းဝေးလာရောက်ကုန်၏။

ရဟန်းတို့–အတိတ်ကာလ၌ ပွင့်တော်မူပြီးသော ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားတို့၏ လက်ထက်တော်၌လည်း ယခု ငါ၏ လက်ထက်တော်၌ကဲ့သို့ ဤမျှအတိုင်း အရှည်ရှိသော နတ်ဗြဟ္မာတို့သည် စည်းဝေးခဲ့ကြကုန်ပြီ။

ရဟန်းတို့–အနာဂတ်ကာလ၌ ပွင့်တော်မူလတ္တံ့သော၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားတို့၏ လက်ထက်တော်၌လည်း ယခု ငါ၏ လက်ထက်တော်၌ကဲ့သို့ ဤမျှအတိုင်း အရှည်ရှိသော နတ်ဗြဟ္မာတို့သည် စည်းဝေးကြကုန်လတ္တံ့။

ရဟန်းတို့–နတ် ဗြဟ္မာအပေါင်းတို့၏ အမည်တို့ကို ပြောကြားပေအံ့။ ရဟန်းတို့– နတ်ဗြဟ္မာအပေါင်းတို့၏ အမည်တို့ကို ကြော်ငြာပေအံ့။ ရဟန်းတို့– နတ်ဗြဟ္မာအပေါင်းတို့၏ အမည်တို့ကို ဟောကြားပေအံ့။ ထိုစကားကို နာကြားလော့၊ ကောင်းစွာ နှလုံးသွင်းကြလော့၊ ဟောပေအံ့"ဟု (မိန့်တော်မူ၏)။

"ကောင်းပါပြီ အသျှင်ဘုရား" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံကုန်၏။

၆။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏–

ရဟန်းတို့–ဂါထာဖွဲ့၍ ဟောကြားပေအံ့၊ အကြင်ရဟန်းတို့သည် ဘုမ္မစိုးနတ်တို့ မှီဝဲနေထိုင်ရာဖြစ်သော ထိုထိုအရပ်ကို မှီ၍ နေကုန်၏။ တောင်ခေါင်းကို မှီ၍ နေကုန်၏။ ထိုရဟန်းတို့သည် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိကုန်၏။ တည်ကြည်သော စိတ်ရှိကုန်၏။ ထိုများစွာသော ရဟန်းတို့သည် ကြက်သီးမွေးညင်းမျှ ထခြင်းမရှိမူ၍ ခြင်္သေ့မင်းကဲ့သို့ တစ်ပါးတည်း ကိန်းအောင်းလေ့ရှိကုန်၏။ ဖြူစင်သော စိတ်ရှိ၍ နောက်ကျူခြင်းကင်းလျက် သန့်ရှင်း ကြည်လင်ကုန်၏။

၇။ ထိုအခါ မြတ်စွာဘုရားသည် ကပိလဝတ်ပြည် မဟာဝုန်တော၌ တပည့်သာဝက ငါးရာကျော်တို့ သာသနာတော်ဝယ် မွေ့လျော်နေကြသည်ကို သိတော်မူ၍ "ရဟန်းတို့– နတ်ဗြဟ္မာအပေါင်းတို့သည် ရှေးရှုလာရောက်လျက် ရှိကုန်၏။ ထို(နတ်ဗြဟ္မာအပေါင်း)တို့ကို (ဒိဗ္ဗစက္ခုဉာဏ်ဖြင့်) သိကုန်လော့"ဟု မိန့်တော်မူ၏။ ထိုရဟန်းတို့သည်လည်း မြတ်စွာဘုရား၏ အဆုံးအမကို ကြားနာရ၍ (သိခြင်းငှာ) အားထုတ်ကုန်၏။

၈။ ထိုရဟန်းတို့အား နတ်ဗြဟ္မာတို့ကို မြင်နိုင်စွမ်းသော ဒိဗ္ဗစက္ခုဉာဏ်သည် ထင်ရှား ဖြစ်ပေါ်၏။ အချို့သော ရဟန်းတို့သည် နတ်ဗြဟ္မာတစ်ရာကို မြင်ကုန်၏။ အချို့သောရဟန်းတို့သည် တစ်ထောင်ကို, အချို့သော ရဟန်းတို့သည် ခုနစ်သောင်းကို, အချို့သောရဟန်းတို့သည် နတ်ဗြဟ္မာတစ်သိန်းကို မြင်ကုန်၏။ အချို့သော ရဟန်းတို့သည် နတ် ဗြဟ္မာအနန္တ ကို မြင်ကုန်၏။ အရပ်မျက်နှာ အားလုံးတို့သည် နတ်ဗြဟ္မာတို့ဖြင့် ပြည့်နှက်လျက် ရှိကုန်၏။

၉။ ထိုအခါ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ထို(ရဟန်းတို့၏ အသီးသီးမြင်ပုံ) အလုံးစုံကို ထူးသောဉာဏ်ဖြင့် သိ၍ ပိုင်းခြား မှတ်သားတော်မူပြီးလျှင် သာသနာတော်၌ မွေ့လျော်ကုန်သော တပည့် သာဝက တို့အား မိန့်တော်မူ၏–

ရဟန်းတို့–နတ်ဗြဟ္မာအပေါင်းတို့သည် ရှေးရှုလာရောက်လျက် ရှိကုန်၏။ ထို(နတ်ဗြဟ္မာ)တို့ကို (ဒိဗ္ဗစက္ခုဉာဏ်ဖြင့်) သိကုန်လော့၊ ယင်းနတ်ဗြဟ္မာ တို့ကို သင်တို့အား ဂါထာဖြင့် အစဉ်အတိုင်း ငါပြောကြားပေအံ့။

၁၀။ ရဟန်းတို့၊ ရှေ့ဦး တည်ကုန်သော၊ ကပိလဝတ်ပြည်ကို မှီ၍ နေကုန်သော၊ တန်ခိုးအာနုဘော်ရှိကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန်သော၊ ထိုခုနစ်ထောင်သော နတ်တို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏၊

၁၁။ ဟိမဝန္တာတောင်၌ နေကုန်သော၊ အမျိုးမျိုးသော အသွေးအရောင်ရှိကုန်သော၊ တန်ခိုးအာနုဘော်ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံများကုန်သော၊ ခြောက်ထောင်သောနတ်တို့သည် မဟာဝုန်တော ရဟန်းတို့၏အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

၁၂။ သာတာဂိရိတောင်၌ နေကုန်သော၊ **အမျိုးမျိုးသော** **အသွေးအရောင်**ရှိကုန်သော၊ တန်ခိုးအာနုဘော်ကြီးကုန်သော၊ **အဆင်းလှကုန်သော၊** **အခြံအရံများ**ကုန်သော၊ **သုံးထောင်သော နတ်**တို့သည် မဟာဝုန်**တော ရဟန်းတို့၏** အစည်းအဝေးသို့ **ဝမ်းမြောက်ဝမ်းသာ** လာရောက်ကုန်၏။

၁၃။ **အမျိုးမျိုးသော** အသွေးအရောင် ရှိကုန်သော၊ တန်ခိုးအာနုဘော်ရှိကုန်သော၊ **အဆင်းလှကုန်**သော၊ အခြံအရံများကုန်သော၊ ဤတစ်သောင်းခြောက်ထောင်သော **နတ်တို့သည်** မဟာဝုန်တောရဟန်းတို့၏ **အစည်းအဝေးသို့ ဝမ်းမြောက်**ဝမ်းသာ လာရောက်ကုန်၏။

၁၄။ ဝေဿာမိတ္တာတောင်၌ **နေကုန်သော၊ အမျိုးမျိုးသော အသွေးအရောင်**ရှိကုန်သော၊ တန်ခိုးအာနုဘော် **ကြီးကုန်သော၊** အဆင်းလှကုန်သော၊ အခြံအရံများကုန်သော၊ ငါးရာသောနတ်**တို့သည် မဟာဝုန်**တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ **လာရောက်ကြကုန်၏။**

၁၅။ ရာဇဂြိုဟ်ပြည် ဝေပုလ္လတောင်၌ နေသော ကုမ္ဘီရနတ်(စစ်သူကြီး)ကို အသိန်းမကသော နတ်တို့သည် ခြံရံခစားကုန်၏။ ရာဇဂြိုဟ်ပြည်၌ နေသော ထိုကုမ္ဘီရနတ်(စစ်သူကြီး)သည်လည်း မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ လာရောက်၏။

၁၆။ အရှေ့အရပ်ကို အုပ်စိုးသော ဂန္ဓဗ္ဗနတ်တို့၏အရှင် ဓတရဋ္ဌ (နတ်မင်းကြီး)သည် များသောအခြံအရံ ရှိ၏။

ထို(နတ်မင်းကြီး)၏သားတော်တို့သည် များလှကုန်၏။ ခွန်အားကြီးကုန်သော၊ တန်ခိုးအာနုဘော်ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံများကုန်

သော ဣန္ဒအမည်ရှိသော ထိုသားတော်တို့သည်လည်း မဟာဝုန်တောရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

၁၇။ တောင်အရပ်ကို အုပ်စိုးသော ကုမ္ဘဏ်တို့၏ အရှင် ဝိရူဠှက (နတ်မင်းကြီး)သည် များသော အခြံအရံ ရှိ၏။

ထိုနတ်မင်းကြီး၏ သားတော်တို့သည် များလှကုန်၏။ ခွန်အားကြီးကုန်သော၊ တန်ခိုးအာနုဘော်ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံများကုန်သော ဣန္ဒအမည်ရှိသော ထိုသားတော်တို့သည်လည်း မဟာဝုန်တောရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

၁၈။ အနောက်အရပ်ကို အုပ်စိုးသော နဂါးတို့၏ အရှင် ဝိရူပက္ခ (နတ်မင်းကြီး)သည် များသော အခြံအရံ ရှိ၏။

ထိုနတ်မင်းကြီး၏ သားတော်တို့သည် များလှကုန်၏။ ခွန်အားကြီးကုန်သော၊ တန်ခိုးအာနုဘော်ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံများကုန်သော၊ ဣန္ဒအမည်ရှိသော ထိုသားတော်တို့သည်လည်း မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

၁၉။ မြောက်အရပ်ကို အုပ်စိုးသော နတ်ဘီလူးတို့၏ အရှင် ကုဝေရ (နတ်မင်းကြီး)သည် များသော အခြံအရံ ရှိ၏။

ထိုနတ်မင်းကြီး၏ သားတော်တို့သည် များလှကုန်၏။ ခွန်အားကြီးကုန်သော၊ တန်ခိုးအာနုဘော်ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံများကုန်သော၊ ဣန္ဒအမည်ရှိသော၊ ထိုသားတော်တို့သည်လည်း မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

၂၀။ အရှေ့အရပ်၌ ဓတရဋ္ဌ (နတ်မင်းကြီး)၊ တောင်အရပ်၌ ဝိရူဠှက (နတ်မင်းကြီး)၊ အနောက်အရပ်၌ ဝိရူပက္ခ(နတ်မင်းကြီး)၊ မြောက်အရပ်၌ ကုဝေရ (နတ်မင်းကြီး)။

၂၁။ ထိုနတ်မင်းကြီး လေးယောက်တို့သည် ထက်ဝန်းကျင် အရပ်လေးမျက်နှာတို့၌ အလွန်တောက်ပကုန်လျက် ကပိလဝတ်ပြည် မဟာဝုန်တော၌ တည်ရှိကုန်၏။

၂၂။ ထို(နတ်မင်းကြီး)တို့၏ကျွန်ယုံတော် ဖြစ်ကုန်သော၊ ပရိယာယ်မာယာများကုန်သော၊ လှည့်စားတတ်ကုန်သော၊ ကောက်ကျစ်စဉ်းလဲတတ်ကုန်သော မာယာနတ်, ကုဋေဏ္ဍုနတ်, ဝိဋေဏ္ဍုနတ်, ဝိဋုစ္စနတ်, ဝိဋုဋ္ဋနတ်နှင့်တကွ–

၂၃။ စန္ဒနနတ်, ကာမသေဋ္ဌနတ်, ကိန္နိဃဏ္ဍုနတ်, နိဃဏ္ဍုနတ်တို့သည် လာရောက်ကုန်၏။ ပနာဒနတ်၊ ဩပမညနတ်၊ ရထားထိန်း မာတလိနတ်၊ စိတ္တမည်သောဂန္ဓဗ္ဗနတ်၊ သေနမည်သော ဂန္ဓဗ္ဗနတ်၊ စိတ္တသေနမည်သော ဂန္ဓဗ္ဗနတ်၊ နာဠရာဇနတ်၊ ဇနဝသဘနတ်၊ ပဥ္စသိခနတ်၊ တိမ္ဗရုနတ်၊ သူရိယဝစ္ဆသာနတ်သမီး။

ဤ(ဆိုခဲ့ပြီးသော ဂန္ဓဗ္ဗနတ်)တို့သည် လည်းကောင်း၊ တစ်ပါးသောနတ်တို့သည် လည်းကောင်း နတ်မင်းကြီးတို့နှင့်အတူ မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကုန်၏။

၂၄။ ထိုမှတစ်ပါး နာဂသအိုင်၌ နေသော နဂါးတို့နှင့် ဝေသာလိ၌ နေသော နဂါးတို့သည် နဂါးပရိသတ်နှင့်အတူ လာရောက်ကုန်၏။ ကမ္ဗလမည်သော နဂါး၊ အဿတရမည်သော နဂါးနှင့် ပယာဂဆိပ်၌ နေသော နဂါးတို့သည် ဆွေမျိုးတို့နှင့်အတူ လာရောက်ကုန်၏။

အခြံအရံများကုန်သော၊ ယမုနာမြစ်၌နေသော နဂါးတို့နှင့် ဧရာဝဏအမျိုး၌ဖြစ်သော နဂါးတို့သည် လာရောက်ကုန်၏။ ဧရာဝဏ် ဆင်ပြောင်ကြီးမည်သော ထိုနတ်သားသည်လည်း မဟာဝုန်တောရဟန်းတို့၏ အစည်းအဝေးသို့ လာရောက်၏။

၂၅။ အကြင် ဂဠုန်တို့သည် (ဆိုခဲ့ပြီးသော) နဂါးမင်းတို့ကို အနိုင်အထက်ပြု၍ ဖမ်းယူနိုင်ကုန်၏။ နတ်ကဲ့သို့ အာနုဘော် ရှိကုန်၏။ (အမိဝမ်းနှင့် ဥခွံတွင်းမှ) နှစ်ကြိမ် မွေးဖွားရကုန်၏။ အတောင်ရှိကုန်၏။ စင်ကြယ်သော မျက်စိအမြင် ရှိကုန်၏။ စိတ္တရသုပဏ္ဏအမည် ရှိကုန်၏။ ထိုဂဠုန်တို့သည် ကောင်းကင်ခရီးဖြင့် တောအုပ်အလယ်သို့ ရောက်လာကုန်၏။

၂၆။ ထိုအခါ မြတ်စွာဘုရားသည် ဂဠုန်မှ ဘေးငြိမ်းအောင် ပြုတော်မူသဖြင့် နဂါးတို့အား ဘေးကင်းလေ၏။ နဂါးနှင့် ဂဠုန်တို့သည် သိမ်မွေ့သော စကားတို့ဖြင့် ခေါ်ဝေါ်ပြောဆိုလျက် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ကြကုန်၏။

၂၇။ ဝရဇိန်လက်နက်ရှိသော သိကြားမင်းကို စစ်ရှုံးသဖြင့် သမုဒ္ဒရာကို မှီ၍ နေကုန်သော အသုရာတို့သည် သိကြားမင်း၏ ညီနောင်တို့ပင် ဖြစ်ကုန်၏။ တန်ခိုးကြီးကုန်၏၊ အခြံအရံများကုန်၏။

ကာလကဋ္ဌ **အသုရာတို့သည် ကြီး**မား၍ ကြောက်မက်ဖွယ်ကောင်းသော ကိုယ်ကို ဖန်ဆင်းလျက် **လာကုန်၏။** ဒါနဝေဃသမည်သော (လေးသမား) အသုရာ၊ ဝေပစိတ္တိအသုရာ၊ **သုစိတ္တိအသုရာ၊** ပဟာရာဒအသုရာတို့သည် မာရ် နတ်သားနှင့်တကွ လာရောက်**ကုန်၏။**

အားလုံးပင် ဝေရောစအမည်ရှိကုန်**သော** ဗလိ**အသုရာ**ကြီး၏ သားတစ်ရာ တို့သည် ဗလိအသုရာစစ်တပ်ကို လက်နက်တပ်ဆင်ပြီးလျှင် ရာဟုအသုရိန်ကြီးထံ ချဉ်းကပ်၍" သင့်အား ကောင်းခြင်းမင်္ဂလာ(ဖြစ်ပါစေသတည်း) မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ သွားရန် အချိန်တန်ပါပြီ"ဟု ပြောဆိုကုန်၏။

၂၈။ **ထိုအခါ၌** အာပေါနတ်၊ ပထဝီနတ်၊ တေဇောနတ်၊ **ဝါယောနတ်၊ ဝရုဏနတ်၊ ဝါရုဏနတ်၊** သောမနတ်တို့သည် ယသနတ်နှင့်တကွ လာရောက် **ကုန်၏။ အခြံအရံများ**ကုန်သော မေတ္တာနတ်၊ ကရုဏာနတ်တို့သည်လည်း **လာရောက်ကုန်၏။**

တန်ခိုး**အာနုဘော်ကြီး**ကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန် သော အားလုံးပင် **အမျိုးမျိုးသော အ**သွေးအရောင် ရှိကုန်သော ၁၀–မျိုးကွဲပြားသော ဤနတ်အစုအဝေး **၁၀–စုတို့သည်** မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ **လာရောက်ကုန်၏။**

၂၉။ ဝေဏ္ဍုနတ်၊ **သဟလီနတ်၊** အသမနတ်တို့နှင့်တကွ ယမနတ်နှစ်မျိုး တို့သည် လာရောက်**ကုန်၏။ လ၏ အခြံအရံ** ဖြစ်သောနတ်တို့သည် လနတ်မင်းကို ရှေ့ထား၍ လာရောက်**ကုန်၏။**

နေ၏အခြံအရံဖြစ်သောနတ်တို့သည် နေနတ်မင်းကိုရှေ့ထား၍ လာကုန်၏။ ကြယ်တို့၏ အခြံအရံ ဖြစ်ကြကုန်သော နတ်တို့သည် ကြယ်နတ်မင်းတို့ကို ရှေ့ ထား၍ လာရောက်ကုန်၏။ မန္ဒဝလာဟက နတ်တို့သည်လည်း လာရောက်ကုန်၏။

နတ်တို့၏ အကြီးအမှူးဖြစ်သော ရှေး၌ အလှူပေးဖူးသည့် ဝါသဝမည်သော သိကြားမင်းသည်လည်း လာရောက်၏။

အားလုံးပင် အမျိုးမျိုးသော အသွေးအရောင် ရှိကုန်သော၊ တန်ခိုးအာနုဘော် ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန်သော၊ ဆယ်မျိုးကွဲသော ဤနတ်အစုအရုံး ဆယ်ခုတို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကြကုန်၏။

၃၀။ ထိုမှတစ်ပါး မီးလျှံကဲ့သို့ တောက်ပသော သဟဘူ နတ်တို့သည်လည်းကောင်း၊ အောင်မဲညိုပွင့်နှင့်တူသော အဆင်းရှိကုန်သော အရိဋ္ဌနတ်တို့သည်လည်းကောင်း၊ ရောဇနတ်တို့သည်လည်းကောင်း–

ဝရုဏနတ်တို့သည်လည်းကောင်း၊ သဟဓမ္မ နတ်တို့သည်လည်းကောင်း၊ အစ္စုတ္တနတ်တို့သည်လည်းကောင်း၊ အနေဇကနတ်တို့သည်လည်းကောင်း၊ သူလေယျနတ်တို့သည်လည်းကောင်း၊ ရုစိရ နတ်တို့သည်လည်းကောင်း လာရောက်ကုန်၏။ ဝါသဝနေသီ အမည်ရှိသော နတ်တို့သည် လာရောက်ကုန်၏။

အားလုံးပင် အမျိုးမျိုးသော အသွေးအရောင် ရှိကုန်သော၊ တန်ခိုးအာနုဘော်ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန်သော၊ ဆယ်မျိုးကွဲသော ဤနတ်အစုအရုံး ဆယ်မျိုးတို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကြကုန်၏။

၃၁။ သမာန နတ်တို့သည်လည်းကောင်း၊ မဟာသမာန နတ်တို့သည်လည်းကောင်း၊ မာနုသနတ်တို့သည်လည်းကောင်း၊ မာနုသုတ္တမနတ်တို့သည်လည်းကောင်း၊ ခိဍ္ဍာပဒေါသိက နတ်တို့သည်လည်းကောင်း လာရောက်ကုန်၏။ မနောပဒေါသိက နတ်တို့သည်လည်း လာရောက်ကုန်၏။

ထိုမှတစ်ပါး မာရ်နတ်တို့သည်လည်းကောင်း၊ လောဟိတဝါသီ နတ်တို့သည်လည်းကောင်း လာရောက်ကုန်၏။ အခြံအရံများသော ပါရာနတ် တို့သည်လည်းကောင်း၊ မဟာပါရာနတ်တို့သည်လည်းကောင်း လာရောက်ကုန်၏။

အားလုံးပင် အမျိုးမျိုးသော အသွေးအရောင် ရှိကုန်သော၊ တန်ခိုးအာနုဘော်ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန်သော၊ ဆယ်မျိုးကွဲသော ဤနတ်အစုအရုံး ဆယ်ခုတို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကြကုန်၏။

၃၂။ သုက္ကနတ်တို့သည်လည်းကောင်း၊ ကရမ္ဘနတ်တို့သည်လည်းကောင်း၊ အရုဏ နတ်တို့သည်လည်းကောင်း၊ ဝေဃန နတ်တို့နှင့်တကွ လာရောက်ကုန်၏။ ဩဒါတဂယှ မည်သော ပါမောက္ခနတ်တို့သည်လည်းကောင်း၊ ဝိစက္ခဏ နတ်တို့သည်လည်းကောင်း လာရောက်ကုန်၏။

သဒါမတ္တနတ်တို့သည်လည်းကောင်း၊ ဟာရဂဇနတ်တို့သည်လည်းကောင်း၊ အခြံအရံများကုန်သော မိဿက နတ်တို့သည်လည်းကောင်း လာရောက်ကုန်၏။

အရပ်မျက်နှာတို့၌ မိုးရွာစေလျက် သွားလာလေ့ရှိသော ပဇ္ဇုန္နနတ်သည်လည်း မိုးထစ်ချုန်းစေလျက် လာရောက်၏။

အားလုံးပင် အမျိုးမျိုးသော အသွေးအရောင် ရှိကုန်သော၊ တန်ခိုးအာနုဘော် ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန်သော၊ ဆယ်မျိုးကွဲသော ဤနတ်အစုအဝေးဆယ်ခုတို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကြကုန်၏။

၃၃။ ခေမိယ နတ်တို့သည်လည်းကောင်း၊ တုသိတာ (ပြည်၌နေသော) နတ်တို့သည် လည်းကောင်း၊ ယာမာ(ပြည်၌ နေသော) နတ်တို့သည် လည်းကောင်း၊ အခြံအရံ များကုန်သော ကဋ္ဌကနတ်တို့သည်လည်းကောင်း၊ လမ္ဘိတကနတ်တို့သည် လည်းကောင်း၊ လာမသေဋ္ဌနတ်တို့သည် လည်းကောင်း၊ ဇောတိမည်သောနတ်တို့ သည် လည်းကောင်း၊ အာသဝနတ်တို့သည်လည်းကောင်း၊ နိမ္မာနရတိ နတ်တို့သည် လည်းကောင်း၊ ပရနိမ္မိတဝသဝတ္တိနတ်တို့သည် လည်းကောင်း လာရောက်ကြကုန်၏။

အားလုံးပင် အမျိုးမျိုးသော အသွေးအရောင် ရှိကုန်သော၊ တန်ခိုးအာနုဘော် ကြီးကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန်သော၊ ဆယ်မျိုးကွဲသော ဤနတ်အစုအရုံး ဆယ်ခုတို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ လာရောက်ကြကုန်၏။

၃၄။ အားလုံးပင် အမျိုးမျိုးသော အသွေးအရောင်ရှိကုန်သော ထိုခြောက်ကျိပ် သော နတ်အစုအရုံးတို့သည် အမည်အနွယ်အလိုက် လာရောက်ကုန်၏။ (အမျိုး, အမည်) တူသော တစ်ပါးသော နတ်တို့သည်လည်း လာရောက်ကုန်သေး၏။

ပဋိသန္ဓေနေခြင်း ကင်းပြီးသော (ရာဂ, ဒေါသ, မောဟတည်းဟူသော) ခလုတ်ကန်သင်းမရှိသော ဩဃလေးဖြာမှ ကူးမြောက်ပြီးသော အာသဝေါတရား မရှိသော အရိယာသံဃာတော်ကိုလည်းကောင်း၊ ညစ်ညူးခြင်း ကင်းသည့် လမင်း သဖွယ် တင့်တယ်တော်မူသော၊ ဩဃလေးဖြာမှ ကူးမြောက်စေတော်မူသော မြတ်စွာ ဘုရားကို လည်းကောင်း ဖူးမြော်ကုန်အံ့ဟု (ကြွေးကြော်၍) လာကုန်၏။

၃၅။ တန်ခိုး ကြီးမားတော်မူသော မြတ်စွာဘုရား၏ သားတော်ဖြစ်ကုန်သော သုဗြဟ္မာမည်သော ဗြဟ္မာနှင့် ပရမတ္တမည်သော ဗြဟ္မာတို့သည် အတူ လာရောက် ကြကုန်၏။ သနင်္ကုမာရဗြဟ္မာနှင့် တိဿဗြဟ္မာတို့သည်လည်း မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ လာရောက်ကုန်၏။

၃၆။ လက်တစ်ချောင်းဖြင့် စကြဝဠာတစ်ထောင်, လက်ဆယ်ချောင်းဖြင့် စကြဝဠာတစ်သောင်းတိုင်အောင် အရောင်အဝါ ပျံ့နှံ့စေနိုင်သော ဗြဟ္မာ တစ်ထောင်သည် အစည်းအဝေးသို့ လာရောက်၏။ ဗြဟ္မာ့ပြည်၌ ပဋိသန္ဓေအားဖြင့် ဖြစ်သော၊ အာနုဘော်နှင့် ပြည့်စုံသော၊ ကြီးသော ကိုယ်ရှိသော၊ ကျက်သရေနှင့် ပြည့်စုံသော မဟာဗြဟ္မာသည် အခြား ဗြဟ္မာတစ်ထောင်ကို လွှမ်းမိုးအုပ်စိုးလျက် တည်၏။

ဗြဟ္မာတစ်ထောင်စီ အသီးသီး အစိုးရကုန်သော မဟာဗြဟ္မာ ဆယ်မျိုးတို့သည် ဤအစည်းအဝေးသို့ လာရောက်ကြကုန်၏။ ထိုမဟာဗြဟ္မာတို့အနက် ဟာရိတ မည်သော မဟာဗြဟ္မာသည်လည်း (ဗြဟ္မာတစ်သိန်း) ခြံရံလျက် လာရောက်၏။

၃၇။ ရဟန်းတို့၊ မာရ်နတ်၏ မိုက်မဲပုံကို ရှုကုန်လော့။ သိကြားမဟာဗြဟ္မာတို့နှင့်တကွ ရှေးရှုလာကုန်သော ထိုနတ်ဗြဟ္မာအားလုံးတို့ဆီသို့ မာရ်နတ်၏ စစ်သည်တို့သည် ရှေးရှုချီတက်လာကြကုန်ပြီ။

လာကြလော့၊ ဖမ်းကြလော့၊ နှောင်ဖွဲ့ကြလော့၊ ရာဂဖြင့် ချည်တုပ်ကြလော့၊ ထက်ဝန်းကျင်မှ ဝိုင်းဝန်းထားကြလော့။ သင်တို့သည် တစ်ဦးတစ်ယောက်ကိုမျှ မလွှတ်စေကြလင့်။

ဤသို့ဆိုလျက် စစ်သည်များစွာရှိသော မာရ်နတ်မင်းသည် မြေပြင်ကို လက်ဖြင့် ပုတ်ခတ်၍ လျှပ်စစ်နှင့်တကွ မိုးကြီးထစ်ချုန်းသကဲ့သို့ ကြောက်မက်ဖွယ်အသံကိုပြုလျက် ထိုအစည်းအဝေးသို့ မာရ်နတ်စစ်သည်ကို စေလွှတ်၏။ ထိုအခါ မာရ်နတ်မင်းသည် မိမိအလိုအတိုင်း မဖြစ်သောကြောင့် ပြင်းစွာ အမျက်ထွက်လျက် ပြန်ရလေ၏။

၃၈။ စက္ခုငါးပါးနှင့် ပြည့်စုံသော မြတ်စွာဘုရားသည် ထိုအလုံးစုံကို ထူးသောဉာဏ်ဖြင့် သိ၍ ပိုင်းခြားမှတ်သားတော်မူပြီးလျှင် သာသနာတော်၌ မွေ့လျော်ကုန်သော တပည့်သာဝကတို့အား "ရဟန်းတို့–မာရ်နတ်စစ်သည်တို့သည် ရှေးရှုချီတက်လာကုန်၏။ ထိုမာရ်နတ်စစ်သည်တို့ကို သိကုန်လော့"ဟု မိန့်တော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ အမိန့်တော်ကို ကြား၍ (သိအောင်) အားထုတ်ကုန်၏။ (မာရ်စစ်သည်တို့သည်) ထိုရဟန္တာတို့၏ မွေးညင်းကိုမျှလည်း မလှုပ်ရှားစေနိုင်သည်ဖြစ်၍ ထိုရဟန္တာတို့ထံမှ ဖဲခွာသွားလေကုန်ပြီ။ (ထိုအခါ မာရ်နတ်မင်းသည် ရဟန်းသံဃာကို အာရုံပြု၍ ဤဂါထာကို ရွတ်ဆို၏)။

၃၉။ စစ်ပွဲကို အောင်မြင်ပြီးကုန်သော၊ ကြောက်ရွံ့ခြင်း ကင်းပြီးကုန်သော၊ ကျော်စောခြင်း ရှိကုန်သော လူအပေါင်း၌ ထင်ရှားကုန်သော ထိုသာဝကအားလုံး တို့သည် အရိယာတို့နှင့်အတူ ဝမ်းမြောက်ကုန်၏။

## မဟာသမယသုတ် ပါဠိတော်

### ဥယျောဇဉ်

– သတေဟိ ပဉ္စမတ္တေဟိ၊ ခီဏာသဝေဟိ ကေဝလံ။
ဘိက္ခူဟိ ဘူပဝံသေဟိ၊ သတ္ထာ ဇိနော ပရိဝုတော။

– သက္ကေ ကပိလဝတ္ထုသ္မိံ၊ ဆာယာရမ္မေ မဟာဝနေ။
သမန္တတော သဟဿေဟိ၊ စက္ကဝါဠေဟိ ဒသဟိ။

– အာဂမ္မ သန္နိသိန္နာနံ၊ ဒေဝါနံ ယ' မဒေသယိ။
အာယုဒီဃကရံ သဗ္ဗ–သမ္ပတ္တိသာဓကံ ဝရံ။

– သုဒ္ဓါဝါသပ္ပဘူတီဟိ၊ ဒေဝေဟိ ပဋိနန္ဒိတံ။
သဗ္ဗရောဂဘယုဂ္ဃါတံ၊ သမယံ တံ ဘဏာမ ဟေ။

**နိဒါန်း**

၁။ ဧဝံ မေ သုတံ–ဧကံ သမယံ ဘဂဝါ သက္ကေသု ဝိဟရတိ ကပိလ ဝတ္ထုသ္မိံ မဟာဝနေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခု သတေဟိ သဗ္ဗေဟေဝ အရဟန္တေဟိ၊ ဒသဟိ စ လောကဓာတူဟိ ဒေဝတာ ယေဘုယျေန သန္နိပတိတာ ဟောန္တိ ဘဂဝန္တံ ဒဿနာယ, ဘိက္ခုသံဃဉ္စ။ အထ ခေါ စတုန္နံ သုဒ္ဓါဝါသကာယိကာနံ ဒေဝတာနံ ဧတဒဟောသိ “အယံ ခေါ ဘဂဝါသက္ကေသု ဝိဟရတိ ကပိလဝတ္ထုသ္မိံ မဟာဝနေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ သဗ္ဗေဟေဝ အရဟန္တေဟိ၊ ဒသဟိ စ လောကဓာတူဟိ ဒေဝတာ ယေဘုယျေန သန္နိပတိတာ ဟောန္တိ ဘဂဝန္တံ ဒဿနာယ, ဘိက္ခုသံဃဉ္စ၊ ယံနူန မယမ္ပိ ယေန ဘဂဝါ, တေနုပသင်္ကမေယျာမ၊ ဥပသင်္ကမိတွာ ဘဂဝတော သန္တိကေ ပစ္စေကံ ဂါထံ ဘာသေယျာမာ”တိ။

အထ ခေါ တာ ဒေဝတာ သေယျထာပိ နာမ ဗလဝါ ပုရိသော သမိဉ္ဇိတံ ဝါ ဗာဟံ ပသာရေယျ, ပသာရိတံ ဝါ ဗာဟံ သမိဉ္ဇေယျ၊ ဧဝမေဝ သုဒ္ဓါဝါသေသု ဒေဝေသု အန္တရဟိတာ ဘဂဝတော ပုရတော ပါတုရဟေသုံ။ အထ ခေါ တာ ဒေဝတာ ဘဂဝန္တံ အဘိဝါဒေတွာ

ကေမန္တံ အဇ္ဈဂူ။ ကေမန္တံ ဋ္ဌိတာ ခေါ ကော ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ-

"မဟာသမယော ပဝနသ္မိံ၊
ဒေဝကာယာ သမာဂတာ။
အာဂတ' မှ ဣမံ ဓမ္မသမယံ၊
ဒက္ခိတာယေ အပရာဇိတသံဃ" န္တိ။

၂။ အထ ခေါ အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ-

"တတြ ဘိက္ခဝေါ သမာဒဟံသု၊
စိတ္တ'မတ္တနော ဥဇုကံ အကံသု။
သာရထိဝ နေတ္တာနိ ဂဟေတွာ၊
ဣန္ဒြိယာနိ ရက္ခန္တိ ပဏ္ဍိတာ"တိ။

၃။ အထ ခေါ အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ-

"ဆေတွာ ခိလံ ဆေတွာ ပလိဃံ၊
ဣန္ဒခိလံ ဦဟစ္စ မနေဇာ။
တေ စရန္တိ သုဒ္ဓါ ဝိမလာ၊
စက္ခုမတာ သုဒန္တာ သုသုနာဂါ"တိ။

၄။ အထ ခေါ အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ-

"ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တီ" တိ။

## ဒေဝတာသန္နိပါတ

၅။ အထခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ "ယေဘုယျေန ဘိက္ခဝေ ဒသသု လောကဓာတူသု ဒေဝတာ သန္နိပတိတာ ဟောန္တိ တထာဂတံ ဒဿနာယ, ဘိက္ခုသံဃဉ္စ။ ယေပိ တေ ဘိက္ခဝေ အဟေသုံ အတီတမဒ္ဓါနံ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ တေသမ္ပိ ဘဂဝန္တာနံ ဧတံ ပရမာယေဝ

ဒေဝတာ သန္နိပတိတာ အဟေသုံ။ သေယျထာပိ မယှံ ဧတရဟိ။ ယေပိ တေ ဘိက္ခဝေ ဘဝိဿန္တိ အနာဂတမဒ္ဓါနံ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ တေသမ္ပိ ဘဂဝန္တာနံ ဧတံပရမာ ယေဝ ဒေဝတာ သန္နိပတိတာ ဘဝိဿန္တိ။ သေယျထာပိ မယှံ ဧတရဟိ။ အာစိက္ခိဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ၊ ကိတ္တယိဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ၊ ဒေသေဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ၊ တံ သုဏာထ သာဓုကံ မနသိကရောထ ဘာသိဿာမီ”တိ။ “ဧဝံ ဘန္တေ” တိ ခေါ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။

၆။ ဘဂဝါ ဧတဒဝေါ စ–

သိလောက’ မနုကဿာမိ၊ ယတ္ထ ဘုမ္မာ တဒဿိတာ။
ယေ သိတာ ဂိရိဂဗ္ဘရံ၊ ပဟိတတ္တာ သမာဟိတာ၊

ပုထူ သီဟာဝ သလ္လီနာ၊ လောမဟံသာဘိသမ္ဘုနော။
ဩဒါတမနသာ သုဒ္ဓါ၊ ဝိပ္ပသန္နမနာဝိလာ။

၇။ ဘိယျော ပဉ္စသတေ ဉတွာ၊ ဝနေ ကာပိလဝတ္ထဝေ။
တတော အာမန္တယီ သတ္ထာ၊ သာဝကေ သာသနေ ရတေ။

ဒေဝကာယာ အဘိက္ကန္တာ၊ တေ ဝိဇာနာထ ဘိက္ခဝေါ။
တေ စ အာတပ္ပ’ မကရုံ၊ သုတွာ ဗုဒ္ဓဿ သာသနံ။

၈။ တေသံ ပါတုရဟု ဉာဏံ၊ အမနုဿာန ဒဿနံ။
အပ္ပေကေ သတ’မဒ္ဒက္ခုံ၊ သဟဿံ အထ သတ္တရိံ။

သတံ ဧကေ သဟဿာနံ၊ အမနုဿာန’ မဒ္ဒသုံ။
အပ္ပေကေ’နန္တ’မဒ္ဒက္ခုံ၊ ဒိသာ သဗ္ဗာ ဖုဋာ အဟုံ။

၉။ တဉ္စ သဗ္ဗံ အဘိညာယ၊ ဝဝတ္ထိတွာန စက္ခုမာ။
တတော အာမန္တယီ သတ္ထာ၊ သာဝကေ သာသနေ ရတေ။
ဒေဝကာယာ အဘိက္ကန္တာ၊ တေ ဝိဇာနာထ ဘိက္ခဝေါ။
ယေ ဝေါ’ဟံ ကိတ္တယိဿာမိ၊ ဂိရာဟိ အနုပုဗ္ဗသော။

၁၀။ သတ္တသဟဿာ တေ ယက္ခာ၊ ဘုမ္မာ ကာပိလဝတ္ထဝါ။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၁၁။ ဆသဟဿာ ဟေမဝတာ၊ ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၁၂။ သာတာဂိရာ တိသဟဿာ၊ ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၁၃။ ဣစ္စေတေ သောဠသသဟဿာ၊ ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၁၄။ ဝေဿာမိတ္တာ ပဉ္စသတာ၊ ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၁၅။ ကုမ္ဘီရော ရာဇဂဟိကော၊ ဝေပုလ္လ'ဿ နိဝေသနံ။
ဘိယျော နံ သတသဟဿံ၊ ယက္ခာနံ ပယိရုပါသတိ။
ကုမ္ဘီရော ရာဇဂဟိကော၊ သောပါဂါ သမိတိံ ဝနံ။

၁၆။ ပုရိမဉ္စ ဒိသံ ရာဇာ၊ ဓတရဋ္ဌော ပသာသတိ။
ဂန္ဓဗ္ဗာနံ အဓိပတိ၊ မဟာရာဇာ ယသဿိသော။
ပုတ္တာပိ တဿ ဗဟဝေါ၊ ဣန္ဒနာမာ မဟဗ္ဗလာ။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၁၇။ ဒက္ခိဏဉ္စ ဒိသံ ရာဇာ၊ ဝိရူဠှော တံ ပသာသတိ။
ကုမ္ဘဏ္ဍာနံ အဓိပတိ၊ မဟာရာဇာ ယသဿိသော။
ပုတ္တာပိ တဿ ဗဟဝေါ၊ ဣန္ဒနာမာ မဟဗ္ဗလာ။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၁၈။ ပစ္ဆိမဉ္စ ဒိသံ ရာဇာ၊ ဝိရူပက္ခော ပသာသတိ။
နာဂါနဉ္စ အဓိပတိ၊ မဟာရာဇာ ယသဿိသော။
ပုတ္တာပိ တဿ ဗဟဝေါ၊ ဣန္ဒနာမာ မဟဗ္ဗလာ။

**ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။**
**မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။**

၁၉။ ဥတ္တရဉ္စ ဒိသံ ရာဇာ၊ ကုဝေရော တံ ပသာသတိ။
ယက္ခာနဉ္စ အဓိပတိ၊ မဟာရာဇာ ယသဿိသော။
ပုတ္တာပိ တဿ ဗဟဝေါ၊ ဣန္ဒနာမာ မဟဗ္ဗလာ။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၂၀။ ပုရိမာ ဒိသံ ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။

၂၁။ **စတ္တာရော** တေ မဟာရာဇာ၊ သမန္တာ စတုရော ဒိသာ။
**ဒဒ္ဒလ္လမာနာ** အဋ္ဌံသု၊ ဝနေ ကာပိလဝတ္ထဝေ။

၂၂။ **တေသံ မာယာဝိနော** ဒါသာ၊ အာဂုံ ဝဉ္စနိကာ သဌာ။
**မာယာ ကုဋေဏ္ဍု ဝိဋေဏ္ဍု**၊ ဝိဋူစ ဝိဋူစော သဟ။
**စန္ဒနော ကာမသေဋ္ဌော စ**၊ ကိန္နိဃဏ္ဍု နိဃဏ္ဍု စ။
ပနာဒေါ **ဩပမညော စ**၊ **ဒေဝသူတော** စ မာတလိ။

၂၃။ စိတ္တသေနော စ **ဂန္ဓဗ္ဗော**၊ **နဠောရာဇာ ဇနေသဘော**။
အာဂုံ ပဉ္စသိခေါ **စေဝ**၊ **တိမ္ဗရူ သူရိယဝစ္ဆသာ**။
ဧတေ စညေ စ ရာဇာနော၊ ဂန္ဓဗ္ဗာ သဟ ရာဇုဘိ။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

(ဘူမဋ္ဌဒေဝတာကဏ္ဍ)

၂၄။ အထာဂုံ နာဂသာ နာဂါ၊ ဝေသာလာ သဟတစ္ဆကာ။
ကမ္ဗလဿတရာ အာဂုံ၊ ပါယာဂါ သဟ ဉာတိဘိ။
ယာမုနာ ဓတရဋ္ဌာ စ၊ အာဂုံ နာဂါ ယသဿိနော။
ဧရာဝဏော မဟာနာဂေါ၊ သောပါဂါ သမိတိံ ဝနံ။

၂၅။ ယေ နာဂရာဇေ သဟသာ ဟရန္တိ၊
ဒိဗ္ဗာ ဒိဇာ ပက္ခိ ဝိသုဒ္ဓစက္ခူ။
ဝေဟာယသာ တေ ဝနမဇ္ဈပတ္တာ၊
စိတြာ သုပဏ္ဏာ ဣတိ တေသ နာမံ။

၂၆။ အဘယံ တဒါ နာဂရာဇာန' မာသိ၊
သုပဏ္ဏတော ခေမ' မကာသိ ဗုဒ္ဓေါ။
သဏှာဟိ ဝါစာဟိ ဥပဝှယန္တာ၊
နာဂါ သုပဏ္ဏာ သရဏ' မကံသု ဗုဒ္ဓံ။

(နာဂကဏ္ဍ)

၂၇။ ဇိတာ ဝဇိရဟတ္ထေန၊ သမုဒ္ဒံ အသုရာ သိတာ။
ဘာတရော ဝါသဝဿ'တေ၊ ဣဒ္ဓိမန္တော ယသဿိနော။
ကာလကဉ္စာ မဟာဘိသ္မာ၊ အသုရာ ဒါနဝေဃသာ။
ဝေပစိတ္တိ သုစိတ္တိ စ၊ ပဟာရာဒေါ နမုစီ သဟ။
သတဉ္စ ဗလိပုတ္တာနံ၊ သဗ္ဗေ ဝေရောစနာမကာ။
သန္နယှိတွာ ဗလိသေနံ၊ ရာဟု ဘဒ္ဒ'မုပါဂမုံ။
သမယော ဒါနိ ဘဒ္ဒန္တေ၊ ဘိက္ခူနံ သမိတိံ ဝနံ။

(အသုရဒေဝတာကဏ္ဍ)

၂၈။ အာပေါ စ ဒေဝါ ပထဝီ၊ တေဇော ဝါယော တဒါဂမုံ။
ဝရုဏာ ဝါရုဏာ ဒေဝါ၊ သောမော စ ယသသာ သဟ။
မေတ္တာ ကရုဏာ ကာယိကာ၊ အာဂုံ ဒေဝါ ယသဿိနော။
ဒသေ'တေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမတိံ ဝနံ။

၂၉။ ဝေဏ္ဍုဒေဝါ သဟလိ စ၊ အသမာ စ ဒုဝေ ယမာ။
စန္ဒဿူပနိဿာ ဒေဝါ၊ စန္ဒ' မာဂုံ ပုရက္ခတွာ။
သူရိယဿူပနိသာ ဒေဝါ၊ သူရိယ'မာဂုံ ပုရက္ခတွာ။
နက္ခတ္တာနိ ပုရက္ခတွာ၊ အာဂုံ မန္ဒဝလာဟကာ။
ဝသူနံ ဝါသဝေါ သေဋ္ဌော၊ သက္ကောပါဂါ ပုရိန္ဒဒေါ။
ဒသေ'တေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၃၀။ အထာဂုံ သဟဘူ ဒေဝါ၊ ဇလ'မဂ္ဂိသိခါရိဝ။
အရိဋ္ဌကာ စ ရောဇာ စ၊ ဥမာပုပ္ဖနိဘာသိနော။

ဝရဏာ သဟမ္မော စ၊ အစ္စုတာ စ အနေဇကော။
သူလေယျရုစိရာ အာဂုံ၊ အာဂုံ ဝါသဝနေသိနော။
ဒသေ'တေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၃၁။ သမာနာ မဟာသမာနာ၊ မာနုသာ မာနုသုတ္တမာ။
ခိဍ္ဍာပဒေါသိကာ အာဂုံ၊ အာဂုံ မနောပဒေါသိကာ။
အထာဂုံ ဟရယော ဒေဝါ၊ ယေ စ လောဟိတဝါသိနော။
ပါရဂါ မဟာပါရဂါ၊ အာဂုံ ဒေဝါ ယသဿိနော။
ဒသေ'တေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၃၂။ သုက္ကာ ကရမ္ဘာ အရုဏာ၊ အာဂုံ ဝေဃနသာ သဟ။
ဩဒါတဂယှာ ပါမောက္ခာ၊ အာဂုံ ဒေဝါ ဝိစက္ခဏာ။
သဒါမတ္တာ ဟာရဂဇာ၊ မိဿကာ စ ယသဿိနော။
ထနယံ အာဂ ပဇ္ဇုန္နော၊ ယော ဒိသာ အဘိဝဿတိ။
ဒသေ'တေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၃၃။ ခေမိယာ တုသိတာ ယာမာ၊ ကဋ္ဌကာ စ ယသဿိနော။
လမ္ဗိတကာ လာမသေဋ္ဌာ၊ ဇောတိနာမာ စ အာသဝါ။
နိမ္မာနရတိနော အာဂုံ၊ အထာဂုံ ပရနိမ္မိတာ။
ဒသေ'တေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၃၄။ သဋ္ဌေ'တေ ဒေဝနိကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
နာမန္ဝယေန အာဂစ္ဆုံ၊ ယေ စညေ သဒိသာ သဟ။
ပဝုဋ္ဌဇာတိ' မခိလံ၊ ဩဃတိဏ္ဏ' မနာသဝံ။
ဒက္ခေမော' ဃတရံ နာဂံ၊ စန္ဒံဝ အသိတာတိဂံ။
(အာကာသဋ္ဌဒေဝတာကဏ္ဍ)

၂၅။ သုဗြဟ္မာ ပရမတ္တော စ၊ ပုတ္တာ ဣဒ္ဓိမတော သဟ။
သနင်္ကုမာရော တိဿော စ၊ သောပါဂ သမိတိံ ဝနံ။

၂၆။ သဟဿံ ဗြဟ္မလောကာနံ၊ မဟာဗြဟ္မာဘိတိဋ္ဌတိ၊
ဥပပန္နော ဇုတိမန္တော၊ ဘိသ္မာကာယော ယသဿိ သော။
ဒသေ'တ္ထ ဣဿရာ အာဂုံ၊ ပစ္စေကဝသဝတ္တိနော။
တေသဉ္စ မဇ္ဈတော အာဂ၊ ဟာရိတော ပရိဝါရိတော။
(ဗြဟ္မကဏ္ဍာ)

၂၇။ တေ စ သဗ္ဗေ အဘိက္ကန္တေ၊ သဣန္ဒေ ဒေဝေ သဗြဟ္မကေ။
မာရသေနာ အဘိက္ကာမိ၊ ပဿ ကဏှဿ မန္ဒိယံ။
ဧထ ဂဏှထ ဗန္ဓထ၊ ရာဂေန ဗဒ္ဓ' မတ္ထု ဝေါ။
သမန္တာ ပရိဝါရေထ၊ မာ ဝေါ မုဉ္စိတ္ထ ကောစိ နံ။
ဣတိ တတ္ထ မဟာသေနော၊ ကဏှော သေနံ အပေသယိ။
ပါဏိနာ တလ' မာဟစ္စ၊ သရံ ကတွာန ဘေရဝံ။
ယထာ ပါဝုဿကော မေဃော၊ ထနယန္တော သဝိဇ္ဇုကော။
တဒါ သော ပစ္စုဒါဝတ္တိ၊ သင်္ကုဒ္ဓေါ အသယံဝသေ။

၂၈။ တဉ္စ သဗ္ဗံ အဘိညာယ၊ ဝဝတ္ထိတွာန စက္ခုမာ။
တတော အာမန္တယီ သတ္ထာ၊ သာဝကေ သာသနေ ရတေ။
မာရသေနာ အဘိက္ကန္တာ၊ တေ ဝိဇာနာထ ဘိက္ခဝေါ။
တေ စ အာတပ္ပ'မကရုံ၊ သုတွာ ဗုဒ္ဓဿ သာသနံ။
ဝီတရာဂေဟိ ပက္ကာမုံ၊ နေ' သံ လောမာပိ ဣဉ္ဇယုံ။

၂၉။ သဗ္ဗေ ဝိဇိတသင်္ဂါမာ၊ ဘယာတီတာ ယသဿိနော။
မောဒန္တိ သဟ ဘူတေဟိ၊ သာဝကာ တေ ဇနေသုတာတိ။
မဟာသမယသုတ္တံ နိဋ္ဌိတံ။

## အခန်း (၁၂)

# ပါဠိတော် မြန်မာပြန် ကောက်နုတ်ချက်များ

(ပါဠိတော်မြန်မာပြန်များထဲမှ လူလတ်လူရွယ်များအတွက် အထူးသင့်လျော်သော သုတ်တော် မြန်မာပြန်များကို ရွေးချယ်ထည့်သွင်းထားပါသည်။)

## သက္ကပဉ္စသုတ် မြန်မာပြန် (ကောက်နုတ်ချက်များ)

**ဂေါပကနတ်သားဝတ္ထု**

အသျှင်ဘုရား–ဤကပိလဝတ်ပြည်၌ပင်လျှင် ဘုရား တရား သံဃာ၌ ကြည်ညို၍ ငါးပါးသီလကို စောင့်ထိန်းလေ့ရှိသည့် ဂေါပိကာမည်သော သာကီဝင် မင်းသမီးသည် ရှိပါ၏။ ထို(မင်းသမီး)သည် မိန်းမဖြစ်ကြောင်းကို စက်ဆုပ်လျက် ယောကျ်ားဖြစ်ကြောင်းကို ဖြည့်ကျင့်၍ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ တာဝတိံသာနတ်ပြည်ဝယ် အကျွန်ုပ်တို့၏ သား အဖြစ်သို့ ရောက်လာပါ၏။ ထိုတာဝတိံသာနတ်ပြည်၌လည်း ထိုနတ်သားကို "ဂေါပကနတ်သား၊ ဂေါပကနတ်သား"ဟူ၍ ခေါ်ကြပါကုန်၏။

အသျှင်ဘုရား–အခြားရဟန်း သုံးပါးတို့သည်ကား မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်ပါလျက် ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်လာပါကုန်၏။ ထိုနတ်တို့သည် ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ ခံစားပျော်ရွှင်လျက် အကျွန်ုပ်တို့အား ခစားဖျော်ဖြေရန် သုဓမ္မာနတ်သဘင်သို့ လာရောက်ကြပါကုန်၏။

အကျွန်ုပ်တို့အား ခစားဖျော်ဖြေရန် လာရောက်သော ထိုနတ်တို့ကို ဂေါပကနတ်သားသည် ဤသို့ သတိပေးပြောဆိုပါ၏–

"အသျှင်တို့၊ သင်တို့သည် အဘယ်ကို ဉာဏ်ဦးလှည့်၍ ထိုမြတ်စွာဘုရား၏ တရားတော်ကို နာခဲ့ကြပါသနည်း။ အကျွန်ုပ်သည်ကား ဘုရား တရား သံဃာ၌

ကြည်ညိုရ၍ ငါးပါး**သီလမျှကို စောင့်ထိန်းလေ့ရှိသည့် မိန်းမပင် ဖြစ်သော်လည်း** မိန်းမဖြစ်ကြောင်းကို **စက်ဆုပ်လျက် ယောကျ်ားဖြစ်ကြောင်းကို** ဖြည့်ကျင့်သဖြင့် ခန္ဓာကိုယ်ပျက်စီး၍ **သေပြီးသည်မှ နောက်၌** ကောင်းသောလားရာ တာဝတိံသာ နတ်ပြည်ဝယ် နတ်တို့၏ **အရှင် သိကြားမင်း၏** သားအဖြစ်သို့ ရောက်လာပါ၏။ ဤတာဝတိံသာ နတ်ပြည်၌လည်း အကျွန်ုပ်ကို "ဂေါပက နတ်သား ဂေါပက နတ်သား"ဟူ၍ ခေါ်ကြပါကုန်၏။

အသျှင်တို့–သင်တို့သည်ကား မြတ်စွာဘုရားအထံ၌ မြတ်သော အကျင့်ကို ကျင့်ခဲ့ပါလျက် ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်လာရကုန်၏။ **အသျှင်တို့** တရားကျင့်ဖက်ပုဂ္ဂိုလ်တို့ **ယုတ်နိမ့်သော** ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်နေကြသည်တို့ကို မြင်ရကုန်သော **အကျွန်ုပ်တို့သည် မမြင်သင့်သော** သဘောကို မြင်ရလေကုန်စွ တကား"ဟု **သတိပေးပြောဆိုကြ၏**။

**အသျှင်ဘုရား–ဂေါပကနတ်သားသည်** သတိပေး ပြောဆိုအပ်ကုန်သော ထိုနတ်သား **သုံးယောက်တို့တွင်** နတ်သားနှစ်ယောက်တို့သည် မျက်မှောက်ဘဝ၌ပင် ပဋ္ဌမဈာန် သတိကို ရလျက် ဗြဟ္မာပုရောဟိတာဘုံသို့ ရောက်ကုန်၏။ တစ်ယောက်သော နတ်သားသည်ကား ကာမဘုံ၌ပင် ပျော်၍ နေပါ၏။

အကျွန်ုပ်သည် စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ဥပါသိကာမ ဖြစ်ခဲ့ပါ၏။ အကျွန်ုပ်၏အမည်သည် ဂေါပိကာ ဖြစ်ပါ၏။ အကျွန်ုပ်သည် ဘုရားတရား၌ အလွန်ကြည်ညိုခဲ့ပါ၏။ **သံဃာကိုလည်း** ကြည်ညိုသောစိတ်ဖြင့် လုပ်ကျွေးခဲ့ပါ၏။

ထိုမြတ်စွာဘုရား တရားတော်၏ ကောင်းမြတ်ခြင်းကြောင့် သာလျှင် အကျွန်ုပ်သည် တာဝတိံသာနတ်ပြည်သို့ ရောက်၍ သိကြားမင်း၏ တန်ခိုး အာနုဘော်ကြီးသောသား ဖြစ်ရပါ၏။ ဤတာဝတိံသာနတ်ပြည်၌လည်း အကျွန်ုပ်ကို "ဂေါပက"ဟု ခေါ်ကြပါကုန်၏။

ထိုအခါ **ဂန္ဓဗ္ဗနတ်မျိုး၌** ရောက်၍ နေကုန်သော ရှေးက မြင်ဖူးကုန်သော ရဟန်း ဖြစ်ခဲ့ကုန်သော ဤနတ်တို့ကို မြင်ရပါ၏။ မှန်ပါ၏။ ဂေါတမမြတ်စွာ ဘုရား၏ တပည့်ရဟန်းဖြစ်ခဲ့ကုန်သော ထိုနတ်တို့ကို အကျွန်ုပ်တို့သည် ရှေးလူ ဖြစ်စဉ်က ခြေဆေးရေ၊ ခြေနယ်ဆီတို့ဖြင့် ချိုးမြှောက်ပူဇော်၍ ဆွမ်းဖြင့် လည်းကောင်း၊ အဖျော်ဖြင့်လည်းကောင်း လုပ်ကျွေးပြုစုခဲ့ပါကုန်၏။ ဤအသျှင်တို့သည် အဘယ်ကို

ဉာဏ်ဦးလှည့်၍ မြတ်စွာဘုရား၏ တရားတော်တို့ကို နာယူခဲ့ကြပါကုန်သနည်း။ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ထိုးထွင်း သိမြင်တော်မူ၍ ကောင်းစွာ ဟောကြားအပ်သော တရားတော်ကို ကိုယ်တိုင်သိခဲ့ရပါ၏။ အကျွန်ုပ် သည် အသျှင်တို့ကိုပင် ဆည်းကပ်ကိုးကွယ်လျက် အရိယာတို့ ကောင်းစွာ ဟော အပ်သော တရားတို့ကို ကြားနာရသဖြင့် တာဝတိံသာနတ်ပြည်သို့ ရောက်၍ သိကြားမင်း၏တန်ခိုး အာနုဘော်ကြီးသောသား ဖြစ်ရပါ၏။

အသျှင်တို့၊ သင်တို့သည်ကား မြတ်စွာဘုရားကို ဆည်းကပ်ရပါကုန်လျက်၊ အမြတ်ဆုံးအကျင့်ကို ကျင့်ကြရပါကုန်လျက် ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်ကြရကုန်၏။

အသျှင်တို့၏ ဘဝအကျိုးပေးသည် မသင့်လျော်လေစွတကား။ တရား ကျင့်ဘက် ပုဂ္ဂိုလ်တို့ ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်နေကြသည်တို့ကို မြင်ရ ကုန်သော အကျွန်ုပ်တို့သည် မမြင်သင့်သော သဘောကို မြင်ရလေကုန်စွတကား။

အသျှင်တို့၊ သင်တို့သည် ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်နေကြသောကြောင့် တာဝတိံသာနတ်တို့ကို ခစားဖျော်ဖြေရန် လာကြရကုန်၏။ လူ့ဘောင်၌ နေသော အကျွန်ုပ်၏ ဤထူးခြားသော အဖြစ်ကို ရှုကြပါလော့။

ထိုအကျွန်ုပ်သည် ရှေးဘဝ၌ မိန်းမဖြစ်လျက် ယခုအခါ၌ နတ်စည်းစိမ် တို့နှင့် ပြည့်စုံသော နတ်ယောကျ်ား ဖြစ်လာရပါ၏။ ဤသို့ ဂေါတမမြတ်စွာဘုရား၏ တပည့် ဂေါပကနတ်သားသည် သတိပေးပြောဆိုအပ်ကုန်သော ထိုနတ်သား သုံးယောက်တို့သည် သံဝေဂရကြကုန်၍ ဂေါပက နတ်သားထံ အညီအညွတ် သွားကြပြီးလျှင် "ငါတို့သည် တရားထူးကိုရခြင်းငှာ ယခု အားထုတ်ကုန်တော့အံ့။ ပြင်းစွာ အားထုတ်ကုန်တော့အံ့။ သူတစ်ပါးတို့၏ အစေခံ မဖြစ်ကုန်တော့အံ့"ဟု ဆိုကုန်၍ ထို(သုံးယောက်)တို့တွင် နှစ်ယောက်သော နတ်တို့သည် ဂေါတမ မြတ်စွာဘုရား၏ အဆုံးအမကို အဖန်ဖန်အောက်မေ့လျက် အားထုတ်ခြင်းကို ဖြစ်စေကုန်၏။

ဤနတ်ပြည်၌ပင် စိတ်တို့ကို တပ်မက်ခြင်းကင်းစေ၍ ကာမဂုဏ်တို့၌ အပြစ်ကို မြင်ကုန်၏။ ဆင်ပြောင်ကြီးသည် မြဲစွာ ဖွဲ့ချည်ထားသော ကြိုးတို့ကို ဖြတ်သကဲ့သို့ ထိုနတ်နှစ်ယောက်တို့သည် လွန်မြောက်နိုင်ခဲသော မာရ်နတ်၏ နှောင်ကြိုးဖြစ်ကုန်သော ကာမသံယောဇဉ်၊ ကာမအနှောင်အဖွဲ့တို့ကို ဖြတ်၍ တာဝတိံသာ နတ်တို့ကို သာလွန်၍ ဗြဟ္မာ့ဘုံ၌ ဖြစ်ကုန်၏။ ရာဂကင်းခြင်းကို

ပြုကုန်လျက် အနာဂါမ်ဖြစ်ကုန်သော သူရဲကောင်း နတ်နှစ်ယောက်တို့သည် သိကြားမင်းနှင့်တကွ ပဇာပတိနတ်မင်းနှင့်တကွ သုဓမ္မာနတ်သဘင်သို့ ပါဝင် တက်ရောက်ကုန်သော အလုံးစုံသော နတ်တို့ကို သာလွန်၍ ပြဟ္မာ့ဘုံ၌ ဖြစ်ကုန်၏။ နတ်တို့ကို စိုးမိုးသော သိကြားမင်းသည် ထိုနတ်တို့ကို မြင်၍ "ဤနတ်နှစ်ယောက် တို့သည် ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်လာကုန်သော်လည်း တာဝတိံသာနတ် တို့ကိုလွန်၍ ပြဟ္မာ့ဘုံ၌ ဖြစ်ကုန်၏"ဟု ဆိုလျက် နတ်အပေါင်း၏ အလယ်၌ သံဝေဂဖြစ်လေ၏။ ထိုဂေါပကနတ်သားသည် သံဝေဂဖြစ်နေသော သိကြားမင်း၏ စကားကို ကြား၍ ဤသို့ပြောဆို၏–

နတ်တို့၏ အရှင်သိကြားမင်း၊ လူ့ပြည်၌ ဘုရားသည် ပွင့်တော်မူလျက် ရှိ၏။ ကာမဂုဏ်တို့ကို နှိမ်နင်းနိုင်သော သကျမုနိ "သာကီဝင်မင်းသား ဘုရား သျှင်" ဟု ကျော်စော၏။ ထိုနတ်တို့သည် ပဋ္ဌမဈာန်သတိမှ ကင်းလွတ်လျက် ရှိကုန်သော ထိုမြတ်စွာဘုရား၏သားတော်တို့ပင် ဖြစ်ပါကုန်၏။ အကျွန်ုပ်သတိ ပေးအပ်သည်ဖြစ်၍ ပဋ္ဌမဈာန် သတိရကြပါကုန်ပြီ။

ထိုနတ်သား သုံးယောက်တို့တွင် နတ်သားတစ်ယောက်သည် ဤဂန္ဓဗ္ဗ အမျိုး၌ ထာဝစဥ်နေသူ အာဝါသိက ဖြစ်နေပါ၏။ နှစ်ယောက်သော နတ်သား တို့သည်ကား ဂန္ဓဗ္ဗအမျိုး၌ ကပ်ရောက်၍ နေလာကုန်သော်လည်း အနာဂါမိမဂ်သို့ ရောက်လျက် တည်ကြည်သော စိတ်ရှိကုန်၍ နတ်တို့ကိုပင်သော်လည်း ယုတ်ညံ့ သည် ထင်ပါကုန်၏။

ဤသာသနာတော်၌ တရားတော်ကို ထင်ရှားစေကုန်သော ဂုဏ်နှင့် ပြည့်စုံသည့် ဤသို့သော တပည့်သာဝကတို့ ရှိပါကုန်၏။ ထိုတပည့်သာဝကတို့တွင် တစ်စုံတစ်ယောက်သော တပည့်သာဝကသည် ဘုရားစသည်၌ အဘယ်သို့ ယုံမှားတော့အံ့နည်း။ မယုံမှားတော့သည်သာ ဖြစ်၏။ ဩဃလေးပါးကို ကူးမြောက် ပြီးသော ဝိစိကိစ္ဆာကို ဖြတ်တောက်ပြီးသော မာရ်ငါးပါးကို အောင်တော်မူသော လူသုံးပါးတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားကို အကျွန်ုပ်တို့သည် ရှိခိုးကြ ပါကုန်စို့ဟု ပြောဆို၏။

အသျှင်ဘုရား၊ ထိုနတ်သားသုံးယောက်တို့တွင် နတ်သားနှစ်ယောက်တို့ သည် ဤနတ်ပြည်၌ အသျှင်ဘုရား၏ တရားကို သိကုန်သောကြောင့် ပြဟ္မာ ပုရောဟိတာ ကိုယ်ခန္ဓာကို ရ၏။ အနာဂါမိမဂ်ဟူသော တရားထူးကို ရကြပါကုန်၏။

အသျှင်ဘုရား၊ **အကျွန်ုပ်တို့သည် ဤတရားထူးကိုရခြင်းငှာ** လာရောက်ကြပါကုန်၏။ **အသျှင်ဘုရား၊ မြတ်စွာဘုရားသည် အခွင့်ပေးတော်မူပါသော် အကျွန်ုပ်တို့သည် ပြဿနာကို မေးလိုပါကုန်၏ဟု လျှောက်၏။**

**ထိုအခါ မြတ်စွာဘုရားအား** ဤသို့သော အကြံသည် ဖြစ်၏။ **ဤသိကြား**မင်းသည် **ရှည်စွာသော** နေ့ညဉ့်ပတ်လုံး စင်ကြယ်သော အကျင့် ရှိခဲ့၏။ မည်သည့် ပြဿ**နာကို မေးသည်**ဖြစ်စေ၊ အကြောင်းနှင့်စပ်သော ပြဿနာကိုသာ မေးလတ္တံ့။ အကြောင်းနှင့် မစပ်သော ပြဿနာကို မမေးလတ္တံ့။ ထိုသိကြားမင်းမေး၍ ငါဖြေလတ်သော် ထိုအဖြေကို လျင်မြန်စွာပင် သိလတ္တံ့"ဟု အကြံဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် နတ်တို့၏ **အရှင် သိကြားမင်းကို** ဂါထာဖြင့် မိန့်ကြားတော်မူ၏။

"သိကြားမင်း–သင်၏စိတ်၌ မေးလိုသော ပြဿနာကို **ငါ့အား မေးလော့။ ထိုထိုပြဿနာအတွက်** ဖြစ်ပေါ်နေသော သင်၏ယုံမှားခြင်း ဝိစိကိစ္ဆာကို **အဆုံးတိုင် ဖြေရှင်းအောင်** ငါဖြေရှင်းအံ့"ဟု မိန့်ကြားတော်မူ၏။

## သိကြားမင်း ပြဿနာ မေးခြင်း

**မြတ်စွာဘုရား** ခွင့်ပြုတော်မူလတ်သော် နတ်တို့၏ အရှင် **သိကြားမင်း**သည် **မြတ်စွာဘုရားအား ရှေးဦးစွာ** ဤပြဿနာကို မေးလျှောက်၏။

**"အသျှင်ဘုရား 'ရန်ငြိုးကင်းကုန်လျက်**၊ ဒဏ်ကင်းကုန်လျက်၊ **ရန်သူကင်းကုန်လျက်၊ စိတ်ဆင်းရဲခြင်း ကင်းကုန်လျက်**၊ အမျက်ထွက်ခြင်း **ကင်းကုန်လျက်** ငါတို့နေကြပါရစေ'ဟု **နတ်လူ အသုရာနဂါး** ဂန္ဓဗ္ဗတို့နှင့် အခြား**များစွာသော** ထိုသတ္တဝါတို့အား တောင့်တခြင်းသည် ဖြစ်၏။ ယင်းသို့ တောင့်တခြင်း ဖြစ်သော်လည်း ထိုသတ္တဝါတို့သည် ရန်ငြိုးရှိကုန်လျက်၊ ဒဏ်ရှိကုန်လျက်၊ **ရန်သူ**ရှိကုန်လျက်၊ စိတ်ဆင်းရဲခြင်းရှိကုန်လျက်၊ အမျက်ရှိကုန်လျက် နေကြရပါကုန်၏။ **ဤသို့နေရခြင်းသည်** အဘယ်အနှောင်အဖွဲ့ကြောင့်ပါနည်း"ဟု နတ်တို့၏အရှင် **သိကြားမင်းသည်** မြတ်စွာဘုရားအား ဤအခြင်းအရာဖြင့် ပြဿ**နာကို** မေးလျှောက်၏။ **ထိုသို့ သိကြားမင်း** မေးလတ်သော် မြတ်စွာဘုရားသည် ပြဿနာကို ဖြေကြားတော်**မူ၏**။

**"နတ်တို့၏** အရှင်သိကြားမင်း၊ ရန်ငြိုးကင်းကုန်လျက်၊ ဒဏ်ကင်း ကုန်လျက်၊ ရန်သူကင်းကုန်လျက်၊ စိတ်ဆင်းရဲခြင်း ကင်းကုန်လျက်၊ အမျက်ထွက်ခြင်း

ကင်းကုန်လျက် နေကြရပါစေဟု နတ်လူအသုရာနဂါးဂန္ဓဗ္ဗနှင့် အခြားများစွာသော ထိုသတ္တဝါတို့အား တောင့်တခြင်းသည် ဖြစ်၏။ ယင်းသို့ တောင့်တခြင်း ဖြစ်သော်လည်း ထိုသတ္တဝါတို့သည် ရန်ငြိုးရှိကုန်လျက်၊ ဒဏ်ရှိကုန်လျက်၊ ရန်သူရှိကုန်လျက်၊ စိတ်ဆင်းရဲခြင်း ရှိကုန်လျက်၊ အမျက်ရှိကုန်လျက် နေကြရကုန်၏။ ဤသို့ နေရခြင်းသည် ဣဿာ, မစ္ဆရိယ, (မနာလိုခြင်း၊ ဝန်တိုခြင်း) သံယောဇဉ်ကြောင့်ဖြစ်၏”ဟု ဖြေကြားတော်မူ၏။

နတ်တို့၏ အရှင်သိကြားမင်း မေးအပ်သည်ဖြစ်၍ မြတ်စွာဘုရားသည် ဤအခြင်းအရာအားဖြင့် ပြဿနာကို ဖြေကြားတော်မူလတ်သော် နတ်တို့၏အရှင်သိကြားမင်းသည် နှစ်လိုသည်ဖြစ်၍ မြတ်စွာဘုရား၏ တရားတော်ကို ဝမ်းမြောက်စွာ ခံယူ၏။

“ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဟောတော်မူသည့်အတိုင်း မှန်လှပါ၏။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ ဟောတော်မူသည်အတိုင်း မှန်လှပါ၏။ မြတ်စွာဘုရားဟောအပ်သော ပြဿနာကို ကြားနာရသောကြောင့် ဤပြဿနာ၌ အကျွန်ုပ်သည် ယုံမှားခြင်းမှ လွန်မြောက်ပါပြီ။ သို့လောသို့လော တွေးတောခြင်း ကင်းပါပြီ”ဟု ဝမ်းမြောက်စွာ ခံယူ၏။

ဤသို့လျှင် နတ်တို့၏အရှင် သိကြားမင်းသည် မြတ်စွာဘုရား၏ တရားတော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူပြီးလျှင် မြတ်စွာဘုရားအား နောက်ထပ်ပြဿနာကို မေးလျှောက်ပြန်၏။

“အသျှင်ဘုရား၊ ဣဿာမစ္ဆရိယသည်ကား အခြေခံဖြစ်ရာ အဘယ်အကြောင်း ရှိပါသနည်း။ တိုးတက်ဖြစ်ပွားရာ အဘယ်အကြောင်း ရှိပါသနည်း။ ထင်ရှားဖြစ်ပေါ်ရာ အဘယ်အကြောင်း ရှိပါသနည်း။ အမွန်အစဖြစ်ရာ ဘယ်အကြောင်း ရှိပါသနည်း။ အဘယ်တရားရှိသော် ဣဿာမစ္ဆရိယ ဖြစ်ပါသနည်း။ အဘယ်တရား မရှိသော် ဣဿာ မစ္ဆရိယ မဖြစ်ပါသနည်း”ဟု မေးလျှောက်ပြန်၏။

နတ်တို့၏အရှင် သိကြားမင်း၊ ဣဿာမစ္ဆရိယသည် ချစ်ခြင်း မုန်းခြင်းဟူသော အခြေခံဖြစ်ရာ အကြောင်းရှိ၏။ ချစ်ခြင်း မုန်းခြင်း ဟူသော တိုးတက်ဖြစ်ပွားရာ အကြောင်း ရှိ၏။ ချစ်ခြင်း မုန်းခြင်းဟူသော ထင်ရှားဖြစ်ပွားရာ အကြောင်း ရှိ၏။ ချစ်ခြင်း မုန်းခြင်းဟူသော အမွန်အစဖြစ်ရာ အကြောင်း ရှိ၏။ ချစ်ခြင်း မုန်းခြင်းရှိသော် ဣဿာ မစ္ဆရိယဖြစ်၏။ ချစ်ခြင်း မုန်းခြင်း မရှိသော် ဣဿာ မစ္ဆရိယ မဖြစ် ဟု ဖြေကြားတော်မူ၏။

"အသျှင်ဘုရား၊ ချစ်ခြင်း မုန်းခြင်းသည်ကား အခြေခံဖြစ်ရာ အဘယ် အကြောင်း ရှိပါသနည်း။ တိုးတက်ဖြစ်ပွားရာ အဘယ်အကြောင်း ရှိပါသနည်း။ ထင်ရှားဖြစ်ပေါ်ရာ အဘယ်အကြောင်း ရှိပါသနည်း။ အမှန်အစဖြစ်ရာ ဘယ် အကြောင်း ရှိပါသနည်း။ အဘယ်တရားရှိသော် ချစ်ခြင်း မုန်းခြင်း ဖြစ်ပါသနည်း။ အဘယ်တရား မရှိသော် ချစ်ခြင်းမုန်းခြင်း မဖြစ်ပါသနည်း"ဟု မေးလျှောက်ပြန်၏။

နတ်တို့၏အရှင် သိကြားမင်း၊ ချစ်ခြင်း မုန်းခြင်းသည် လိုချင်ခြင်း"ဆန္ဒ" ဟူသော အခြေခံဖြစ်ရာ အကြောင်းရှိ၏။ လိုချင်ခြင်း "ဆန္ဒ" ဟူသော တိုးတက် ဖြစ်ပွားရာ အကြောင်း ရှိ၏။ လိုချင်ခြင်း "ဆန္ဒ"ဟူသော ထင်ရှားဖြစ်ပေါ်ရာ အကြောင်း ရှိ၏။ လိုချင်ခြင်း "ဆန္ဒ"ဟူသော အမှန်အစဖြစ်ရာ အကြောင်းရှိ၏။ လိုချင်ခြင်းရှိသော် ချစ်ခြင်း မုန်းခြင်း ဖြစ်၏။ လိုချင်ခြင်း မရှိသော် ချစ်ခြင်း, မုန်းခြင်း မဖြစ် ဟု ဖြေကြားတော်မူ၏။

"အသျှင်ဘုရား၊ လိုချင်ခြင်း "ဆန္ဒ"သည်ကား အခြေခံဖြစ်ရာ ဘယ် အကြောင်း ရှိပါသနည်း။ တိုးတက်ဖြစ်ပွားရာ အဘယ်အကြောင်း ရှိပါသနည်း။ ထင်ရှားဖြစ်ပေါ်ရာ အဘယ်အကြောင်း ရှိပါသနည်း။ အမှန်အစဖြစ်ရာ ဘယ် အကြောင်း ရှိပါသနည်း။ အဘယ်တရားရှိသော် လိုချင်ခြင်း "ဆန္ဒ" ဖြစ်ပါသနည်း။ အဘယ်တရား မရှိသော် လိုချင်ခြင်း "ဆန္ဒ" မဖြစ်ပါသနည်း"ဟု မေးလျှောက်၏။

နတ်တို့အရှင် သိကြားမင်း၊ လိုချင်ခြင်း "ဆန္ဒ"သည် ကြံစည်ခြင်း "ဝိတက်"ဟူသော အခြေခံဖြစ်ရာ အကြောင်းရှိ၏။ ကြံစည်ခြင်း "ဝိတက်"ဟူသော တိုးတက်ဖြစ်ပွားရာ အကြောင်းရှိ၏။ ကြံစည်ခြင်း "ဝိတက်"ဟူသော ထင်ရှား ဖြစ်ပေါ်ရာ အကြောင်းရှိ၏။ ကြံစည်ခြင်း "ဝိတက်"ဟူသော ထင်ရှား ဖြစ်ပေါ်ရာ အကြောင်းရှိ၏။ ကြံစည်ခြင်း "ဝိတက်"ဟူသော အမှန်အစဖြစ်ရာ အကြောင်းရှိ၏။ ကြံစည်ခြင်း "ဝိတက်"ရှိသော် လိုချင်ခြင်း"ဆန္ဒ"ဖြစ်၏။ ကြံစည်ခြင်း "ဝိတက်" မရှိသော် လိုချင်ခြင်း "ဆန္ဒ"မဖြစ် ဟု ဖြေကြားတော်မူ၏။

အသျှင်ဘုရား၊ ကြံစည်ခြင်း "ဝိတက်"သည် အခြေခံဖြစ်ရာ အဘယ် အကြောင်းရှိပါသနည်း။ တိုးတက်ဖြစ်ပွားရာ အဘယ်အကြောင်း ရှိပါသနည်း။ ထင်ရှား ဖြစ်ပေါ်ရာ အဘယ်အကြောင်းရှိပါသနည်း။ အမှန်အစဖြစ်ရာ အဘယ် အကြောင်း ရှိပါသနည်း။ အဘယ်တရားရှိသော် ကြံစည်ခြင်း "ဝိတက်" ဖြစ်ပါ သနည်း။ အဘယ်တရား မရှိသော် ကြံစည်ခြင်း "ဝိတက်" မဖြစ်ပါသနည်း"ဟု မေးလျှောက်၏။

နတ်တို့၏အရှင် သိကြားမင်း၊ ကြံစည်ခြင်း "ဝိတက်"သည် သံသရာ ချဲ့ထွင်တတ်သည့်တရား "ပပဉ္စသညာ"အစု ဟူသော အခြေခံဖြစ်ရာ အကြောင်း ရှိ၏။ သံသရာချဲ့ထွင်တတ်သည့် တရားအစု ဟူသော တိုးတက်ဖြစ်ပွားရာ အကြောင်း ရှိ၏။ သံသရာချဲ့ထွင်တတ်သည့် တရားအစု ဟူသော ထင်ရှားဖြစ်ပွားရာ အကြောင်းရှိ၏။ သံသရာချဲ့ထွင်တတ်သည့် တရားအစုဟူသော အမွန်အစဖြစ်ရာ အကြောင်းရှိ၏။ သံသရာချဲ့ထွင်တတ်သည့် တရားအစုရှိသော် ကြံစည်ခြင်းဖြစ်၏။ သံသရာ ချဲ့ထွင်တတ်သည့် တရားအစုမရှိသော် ကြံစည်ခြင်း တရားအစုမဖြစ်ဟု ပြေကြားတော်မူ၏။

**မှတ်ချက်။ ။** သညာကြောင့် ဝိတက်ဖြစ်၊ ဝိတက်ကြောင့် ဆန္ဒဖြစ်၊ ဆန္ဒကြောင့် ချစ်မုန်းဖြစ်၊ ချစ်မုန်းကြောင့် ဣဿာမစ္ဆရိယ (မနာလိုဝန်တို)ဖြစ်၊ မနာလိုဝန်တိုမှုကြောင့် ရန်၊ ဒဏ်၊ ရန်သူ၊ စိတ်ဆင်းရဲ၊ အမျက် ဒေါသဖြစ်။

**ဝေဒနာကမ္မဋ္ဌာန်း** နတ်တို့အရှင် သိကြားမင်း၊ ဝမ်းမြောက်ခြင်း "သောမနဿ" ကိုလည်း မှီဝဲအပ်သော ဝမ်းမြောက်ခြင်း၊ မမှီဝဲအပ်သော ဝမ်းမြောက်ခြင်းဟူ၍ နှစ်ပါး အပြားအားဖြင့် ငါဟော၏။

နတ်တို့၏အရှင် သိကြားမင်း၊ နှလုံးမသာခြင်း "ဒေါမနဿ"ကိုလည်း မှီဝဲအပ်သော နှလုံးမသာခြင်း၊ မမှီဝဲအပ်သော နှလုံးမသာခြင်းဟူ၍ နှစ်ပါးအပြား အားဖြင့် ငါဟော၏။

နတ်တို့အရှင် သိကြားမင်း၊ လျစ်လျူရှုခြင်း "ဥပေက္ခာ"ကိုလည်း မှီဝဲ အပ်သော လျစ်လျူရှုခြင်း၊ မမှီဝဲအပ်သော လျစ်လျူရှုခြင်းဟူ၍ နှစ်ပါး အပြားအားဖြင့် ငါဟော၏။

နတ်တို့အရှင် သိကြားမင်း၊ "ဝမ်းမြောက်ခြင်း 'သောမနဿ'ကိုလည်း မှီဝဲအပ်သော ဝမ်းမြောက်ခြင်း၊ မမှီဝဲအပ်သော ဝမ်းမြောက်ခြင်းဟူ၍ နှစ်ပါးအပြား အားဖြင့် ငါဟော၏"ဟူသော ဤစကားကို ဆိုခဲ့၏။ အဘယ်အကြောင်းကိုစွဲ၍ ဤစကားကို ဆိုခဲ့သနည်းဟူမူ–ထိုနှစ်ပါးသော ဝမ်းမြောက်ခြင်းတို့တွင် "ဤ ဝမ်းမြောက်ခြင်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွား၍ ကုသိုလ် တရားတို့ ဆုတ်ယုတ်ကုန်၏"ဟု အကြင်ဝမ်းမြောက်ခြင်းကို သိငြားအံ့။ ဤသို့ သဘောရှိသော ဝမ်းမြောက်ခြင်းကို မမှီဝဲအပ်။

ထိုနှစ်ပါးသော ဝမ်းမြောက်ခြင်းသောမနဿတို့တွင် ဤ"ဝမ်းမြောက်ခြင်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွားကုန်၏"ဟု အကြင်ဝမ်းမြောက်ခြင်းကို သိငြားအံ့။ ဤသို့ သဘောရှိသော ဝမ်းမြောက်ခြင်းကို မှီဝဲအပ်၏။

ထိုမှီဝဲအပ်သော ဝမ်းမြောက်ခြင်း 'သောမနဿ'၌ အကြင်ဝမ်းမြောက်ခြင်းသည် ကြံစည်ခြင်း"ဝိတက်"နှင့်လည်းတကွ ဖြစ်၏။ သုံးသပ်ခြင်း "ဝိစာရ" နှင့်လည်းတကွ ဖြစ်၏။ အကြင်ဝမ်းမြောက်ခြင်းသည် ကြံစည်ခြင်းလည်း မရှိ၊ သုံးသပ်ခြင်းလည်းမရှိ။ ထိုနှစ်ပါးတို့တွင် ကြံစည်ခြင်းလည်း မရှိ၊ သုံးသပ်ခြင်းလည်း မရှိသော ထိုဝမ်းမြောက်ခြင်းသည် သာလွန်၍ မြတ်၏။

နတ်တို့အရှင် သိကြားမင်း၊ "ဝမ်းမြောက်ခြင်း" သောမနဿကိုလည်း မှီဝဲအပ်သော ဝမ်းမြောက်ခြင်း၊ မမှီဝဲအပ်သော ဝမ်းမြောက်ခြင်းဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏"ဟူသော ဤစကားကို ထိုဆိုခဲ့ပြီးသော အကြောင်းကို စွဲ၍ ငါဆို၏။

ထိုနည်းတူစွာပင် နှလုံးမသာခြင်း "ဒေါမနဿ"နှင့် လျစ်လျူရှုခြင်း "ဥပေက္ခာ"တို့ကိုလည်း မှီဝဲအပ်ခြင်းနှင့် မမှီဝဲအပ်ခြင်း၏ အကြောင်းများကို ဆက်လက်ဟောကြားတော်မူ၏။

နတ်တို့အရှင် သိကြားမင်း၊ ဤသို့ကျင့်သော ရဟန်းသည် သံသရာချဲ့ထွင်တတ်သည့် 'ပပဉ္စသညာ'အစု၏ ချုပ်ငြိမ်းခြင်း အားလျော်၍ ထိုချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို ကျင့်သည်မည်၏ဟု ဟောကြားတော်မူ၏။

နတ်တို့၏အရှင် သိကြားမင်း မေးအပ်သည်ဖြစ်၍ မြတ်စွာဘုရားသည် ဤအခြင်းအရာဖြင့် ပြဿနာကို ဖြေကြားတော်မူလတ်သော် နတ်တို့၏ အရှင် သိကြားမင်းသည် နှစ်လိုသည်ဖြစ်၍ မြတ်စွာဘုရား၏ တရားတော်ကို ဝမ်းမြောက်စွာ ခံယူလေ၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဟောတော်မူသည့်အတိုင်း မှန်လှပါ၏။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ ဟောတော်မူသည့်အတိုင်း မှန်လှပါ၏။ မြတ်စွာဘုရား ဟောအပ်သော ပြဿနာ အဖြေကို ကြားနာရသောကြောင့် ဤပြဿနာ၌ အကျွန်ုပ်သည် ယုံမှားခြင်းမှ လွန်မြောက်ပါပြီ သို့လောသို့လော တွေးတောခြင်း ကင်းပါပြီ"ဟု ဝမ်းမြောက်စွာ ခံယူလေ၏။

**ပါတိမောက္ခသံဝရသီလ** ဤသို့လျှင် နတ်တို့၏အရှင် သိကြားမင်းသည် မြတ်စွာဘုရား၏တရားတော်ကို **နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ** ခံယူပြီးလျှင် မြတ်စွာဘုရားအား နောက်ထပ်ပြဿနာကို မေး **လျှောက်ပြန်၏**။

"မြတ်စွာဘုရား၊ အဘယ်သို့ကျင့်သော ရဟန်းသည် **ပါတိမောက္ခသံဝရ သီလကို** ကျင့်သည် မည်ပါသနည်း"ဟု မေးလျှောက်ပြန်၏။

နတ်တို့အရှင် သိကြားမင်း၊ ကိုယ်အကျင့် "ကာယသမာစာရ"ကိုလည်း မှီဝဲအပ်သော ကိုယ်အကျင့်၊ မမှီဝဲအပ်သော ကိုယ်အကျင့်ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏။

နတ်တို့အရှင် သိကြားမင်း၊ နှုတ်အကျင့် "ဝစီသမာစာရ"ကိုလည်း မှီဝဲ အပ်သော **နှုတ်အကျင့်**၊ မမှီဝဲအပ်သော နှုတ်အကျင့်ဟူ၍ နှစ်ပါးအပြားအားဖြင့် **ငါဟော၏**။

**နတ်တို့အရှင်** သိကြားမင်း၊ ရှာမှီးခြင်း "ပရိယေသနာ"ကိုလည်း မှီဝဲအပ် **သော** ရှာမှီးခြင်း၊ မမှီဝဲအပ်သော ရှာမှီးခြင်းဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏။

နတ်တို့အရှင် သိကြားမင်း၊ ကိုယ်အကျင့် "ကာယသမာစာရ" ကိုလည်း မှီဝဲအပ်သော ကိုယ်အကျင့်၊ မမှီဝဲအပ်သော ကိုယ်အကျင့်ဟူ၍ နှစ်ပါး အပြားအားဖြင့် ငါဟော၏။"ဟူသော ဤစကားကို ဆိုခဲ့၏။ အဘယ်အကြောင်းကိုစွဲ၍ ဤစကားကို ဆိုခဲ့သနည်းဟူမူ ထိုနှစ်ပါးသော ကိုယ်အကျင့်တို့တွင် "ဤကိုယ်အကျင့်ကို မှီဝဲ သော ငါ့အား အကုသိုလ်တရားတို့ တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏" ဟု အကြင်ကိုယ်ကျင့်ကို သိပြားအံ့။ ဤသို့သဘောရှိသော ကိုယ်အကျင့်ကို မမှီဝဲအပ်။

ထိုနှစ်ပါးသော ကိုယ်အကျင့် ကာယသမာစာရတို့တွင် "ဤကိုယ်အကျင့် ကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွားကုန်၏"ဟု အကြင်ကိုယ်ကျင့်ကို သိပြားအံ့။ ဤသို့ သဘောရှိသော ကိုယ်အကျင့်ကို မှီဝဲအပ်၏။

ထိုနည်းတူစွာပင် နှုတ်အကျင့် "ဝစီသမာစာရ"နှင့် ရှာမှီးခြင်း "ပရိယေ သန"တို့ကိုလည်း မှီဝဲအပ်ခြင်းနှင့် မမှီဝဲအပ်ခြင်း၏ အကြောင်းများကို ဆက်လက် ဟောကြားတော်မူသည်။

နတ်တို့အရှင် သိကြားမင်း၊ ဤသို့ကျင့်သော ရဟန်းသည် ပါတိမောက္ခသံဝရသီလကို ကျင့်သည်မည်၏ဟု ဖြေကြားတော်မူသည်။

နတ်တို့အရှင် သိကြားမင်း မေးအပ်သည်ဖြစ်၍ မြတ်စွာဘုရားသည် ဤအခြင်းအရာအားဖြင့် ပြဿနာကို ဖြေကြားတော်မူလတ်သော် သိကြားမင်းသည် နှစ်လိုသည်ဖြစ်၍ မြတ်စွာဘုရား၏ တရားတော်ကို ဝမ်းမြောက်စွာ ခံယူ၏။

**ဣန္ဒြိယသံဝရသီလ** ဤသို့လျှင် သိကြားမင်းသည် မြတ်စွာဘုရား၏ တရားတော်ကို ဝမ်းမြောက်စွာ ခံယူပြီးလျှင် နောက်ထပ် ပြဿနာကို မေးလျှောက်ပြန်၏။

"အသျှင်ဘုရား၊ အဘယ်သို့ကျင့်သောရဟန်းသည် ဣန္ဒြိယသံဝရ 'ဣန္ဒြေစောင့်စည်းခြင်း'သီလကို ကျင့်သည် မည်ပါသနည်း"ဟု မေးလျှောက်ပြန်၏။

နတ်တို့အရှင် သိကြားမင်း၊ မျက်စိဖြင့် သိအပ်သော ရူပါရုံကိုလည်း မှီဝဲအပ်သော ရူပါရုံ၊ မမှီဝဲအပ်သော ရူပါရုံဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏။

နတ်တို့အရှင် သိကြားမင်း၊ နားဖြင့် သိအပ်သော သဒ္ဒါရုံကိုလည်း မှီဝဲအပ်သော သဒ္ဒါရုံ၊ မမှီဝဲအပ်သော သဒ္ဒါရုံ ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏။

နတ်တို့ အရှင် သိကြားမင်း၊ နှာခေါင်းဖြင့် သိအပ်သော ဂန္ဓာရုံကိုလည်း မှီဝဲအပ်သော ဂန္ဓာရုံ၊ မမှီဝဲအပ်သော ဂန္ဓာရုံဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏။

နတ်တို့အရှင် သိကြားမင်း၊ လျှာဖြင့် သိအပ်သော ရသာရုံကိုလည်း မှီဝဲအပ်သော ရသာရုံ၊ မမှီဝဲအပ်သော ရသာရုံဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏။

နတ်တို့အရှင် သိကြားမင်း၊ ကိုယ်ဖြင့် သိအပ်သော ဖောဋ္ဌဗ္ဗာရုံကိုလည်း မှီဝဲအပ်သော ဖောဋ္ဌဗ္ဗာရုံ၊ မမှီဝဲအပ်သော ဖောဋ္ဌဗ္ဗာရုံဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏။

နတ်တို့အရှင် သိကြားမင်း၊ စိတ်ဖြင့် သိအပ်သော ဓမ္မာရုံကိုလည်း မှီဝဲအပ်သော ဓမ္မာရုံ၊ မမှီဝဲအပ်သော ဓမ္မာရုံဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏။

ဤသို့ဟောတော်မူလတ်သော် နတ်တို့၏အရှင် သိကြားမင်းသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏။

"အသျှင်ဘုရား၊ အကျဉ်းအားဖြင့် မြတ်စွာဘုရားဟောကြားတော်မူသော ဤတရားတော်၏ အနက်ကို အကျယ်အားဖြင့် အကျွန်ုပ် ဤသို့ သိပါ၏။

အသျှင်ဘုရား၊ မျက်စိဖြင့် သိအပ်သော အကြင်သို့ သဘောရှိသော ရူပါရုံကို မှီဝဲသူအား အကုသိုလ်တရားတို့ တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏။ မျက်စိဖြင့် သိအပ်သော ဤသို့သဘောရှိသော ရူပါရုံကို မမှီဝဲအပ်။ မျက်စိဖြင့် သိအပ်သော အကြင်သို့သဘောရှိသော ရူပါရုံကို မှီဝဲသူအား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွားကုန်၏။ မျက်စိဖြင့် သိအပ်သော ဤသို့သဘောရှိသော ရူပါရုံကို မှီဝဲအပ်၏။

အသျှင်ဘုရား၊ နားဖြင့် သိအပ်သော အကြင်သို့သဘောရှိသော သဒ္ဒါရုံကို မှီဝဲသောသူအား၊ နှာခေါင်းဖြင့် သိအပ်သော အကြင်သို့သဘောရှိသော ဂန္ဓာရုံကို မှီဝဲသောသူအား၊ လျှာဖြင့် သိအပ်သော အကြင်သို့ သဘောရှိသော ရသာရုံကို မှီဝဲသောသူအား၊ ကိုယ်ဖြင့် သိအပ်သော အကြင်သို့ သဘောရှိသော ဖောဋ္ဌဗ္ဗာရုံကို မှီဝဲသောသူအား၊ စိတ်ဖြင့် သိအပ်သော အကြင်သို့ သဘောရှိသော ဓမ္မာရုံကို မှီဝဲသောသူအား အကုသိုလ်တရားတို့ တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏။ စိတ်ဖြင့် သိအပ်သော ဤသို့သဘောရှိသော ဓမ္မာရုံကို မမှီဝဲအပ်။

အသျှင်ဘုရား၊ စိတ်ဖြင့် သိအပ်သော အကြင်သို့ သဘောရှိသော ဓမ္မာရုံကို မှီဝဲသောသူအား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွားကုန်၏။ စိတ်ဖြင့်သိအပ်သော ဤသို့ သဘောရှိသော ဓမ္မာရုံကို မှီဝဲအပ်၏။

အသျှင်ဘုရား၊ အကျဉ်းအားဖြင့် မြတ်စွာဘုရား ဟောတော်မူသော ဤတရားတော်၏အနက်ကို အကျယ်အားဖြင့် ဤသို့သိသော အကျွန်ုပ်သည် မြတ်စွာဘုရား ဟောအပ်သော ပြဿနာ၏ အဖြေကို ကြားနာရသောကြောင့် ဤပြဿနာ၌ ယုံမှားခြင်းမှ လွန်မြောက်ပါပြီ။ သို့လော သို့လော တွေးတောခြင်း ကင်းပါပြီ"ဟု လျှောက်၏။

**ဝမ်းမြောက်မှုကို ရှုဖူးခြင်း** နတ်တို့၏အရှင် သိကြားမင်း၊ သင်သည် ဤယခုမှ ရှေးအခါက ဤသို့ သဘောရှိသော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုးရှုဖူးသည်ကို မှတ်မိပါ၏လော ဟု မိန့်တော်မူ၏။

အသျှင်ဘုရား၊ အကျွန်ုပ်သည် ဤယခုမှ ရှေးအခါက ဤသို့သဘောရှိသော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုးရှုဖူးသည်ကို မှတ်မိပါ၏ဟု လျှောက်၏။

နတ်တို့အရှင် သိကြားမင်း၊ ဤယခုမှ ရှေးအခါက ဤသို့သဘောရှိသော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုး ရဖူးသည်ကို သင်အဘယ်သို့ မှတ်မိပါသနည်းဟု မိန့်တော်မူ၏။

အသျှင်ဘုရား၊ ရှေး၌ဖြစ်ဖူးသည်ကား **နတ်နှင့်အသုရာတို့ စစ်ပွဲ** ဖြစ်ခဲ့ပါ၏။ အသျှင်ဘုရား၊ ထိုစစ်ပွဲ၌ နတ်တို့နိုင်၍ **အသုရာတို့ ရှုံး**ကြပါ၏။ အသျှင်ဘုရား ထိုစစ်ကို နိုင်သောကြောင့် စစ်နိုင်သော ထိုအကျွန်ုပ်အား ဤသို့သော နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ပါ၏။ “ယခုအခါ နတ်တို့၏အစာအာဟာရ၊ အသုရာတို့၏ အစာအဟာရဟူ၍ရှိရာ ဤနှစ်မျိုးလုံးကို နတ်တို့ချည်းသာ သုံးဆောင်ကြရကုန်လတ္တံ့”ဟု နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ပါ၏။ အသျှင်ဘုရား၊ အကျွန်ုပ်အား ထိုနှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းမျိုးကို ရခြင်းသည် တုတ်၊ ဓား၊ လက်နက်ကိုင်ဆောင်ရသော ချမ်းသာမျိုး ဖြစ်ပါ၏။ ငြီးငွေ့ရန်အလို့ငှာ၊ တပ်မက်ခြင်းကင်းရန်အလို့ငှာ၊ ဝဋ်ဆင်းရဲချုပ်ရန်အလို့ငှာ၊ ရာဂ စသည် ငြိမ်းရန် အလို့ငှာ၊ ထူးသောဉာဏ်ဖြင့်သိရန် အလို့ငှာ၊ သစ္စာလေးပါးကို သိရန် အလို့ငှာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှာ မဖြစ်ပါ။

**အသျှင်ဘုရား၊** မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ အကျွန်ုပ်၏ အကြင်**နှစ်သက်ခြင်း ဝမ်းမြောက်**ခြင်းမျိုးကို ရခြင်းသည် ရှိပါ၏။ ထိုနှစ်သက်ခြင်း **ဝမ်းမြောက်ခြင်းမျိုးကို** ရခြင်းသည်သာ တုတ်၊ ဓား လက်နက် မကိုင်ဆောင်ရသော ချမ်းသာခြင်း**မျိုး ဖြစ်ပါ၏။** စင်စစ် ငြီးငွေ့ရန် အလို့ငှာ၊ တပ်မက်ခြင်းကင်းရန် အလို့ငှာ၊ ဝဋ်ဆင်းရဲချုပ်ရန် အလို့ငှာ၊ ရာဂ စသည်ငြိမ်းရန် အလို့ငှာ၊ ထူးသော ဉာဏ်ဖြင့်သိရန် အလို့ငှာ၊ သစ္စာလေးပါးကို သိရန်အလို့ငှာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှာ ဖြစ်ပါသည်ဟု လျှောက်၏။

အသျှင်ဘုရားသည်သာလျှင် အလုံးစုံသော တရားတို့ကို သိသော ဘုရား ဖြစ်တော်မူပါ၏။ အသျှင်ဘုရားသည် အတုမရှိသော ဆရာ ဖြစ်တော်မူပါ၏။ နတ်နှင့် တကွသော လောက၌ အသျှင်ဘုရားနှင့် တူသောပုဂ္ဂိုလ် မရှိပါဘုရားဟု လျှောက်ထား၏။

ဤသို့ နတ်တို့၏အရှင် သိကြားမင်း တောင်းပန်သော ပြဿနာတို့ကို မြတ်စွာဘုရား ဖြေကြားတော်မူသောကြောင့် ဤတရားဒေသနာတော်၏ အမည်သည် သက္ကပဉှာဟူ၍သာလျှင် တွင်သတည်း။[၁]

---

၁။ မဟာဝဂ်ပါဠိတော် မြန်မာပြန်၊ စာမျက်နှာ-၂၃၇

# နိမိတ်ကဏ္ဍသုတ် မြန်မာပြန်
## (ရွှေအိုးမြှုပ်တရား)

**ဇင်မရွှေအိုး**

ယောကျာ်းသည် အကျိုးစီးပွားနှင့်စပ်သော ကိစ္စဖြစ်လတ်သော် ငါ၏အကျိုး၌ ဖြစ်လိမ့်မည်ဟု နှလုံးပြု၍ ရေသို့ ရောက်လောက်အောင် နက်သော အရပ်၌ ရွှေအိုးကို မြှုပ်နှံထားရာ၏။

ရာဇဝတ်ပြစ်မှုဖြင့် စွပ်စွဲခံရသော ငါ့အား မင်းဘေးမှ လွတ်မြောက်ရန် ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ ခိုးသူတို့ နှိပ်စက်ခံရသော ငါ့အား ခိုးသူဘေးမှ လွတ်မြောက်ရန် ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ ကြွေးမြီတင်သောငါ့အား ကြွေးမြီမှ လွတ်မြောက်ရန် ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ ငတ်မွတ်ခေါင်းပါးသောအခါ၌ မျှတရန် ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ မီး,ရေ စသော ဘေးရန်တို့ ဖြစ်ပေါ်လတ်သော် ငါ့အား သုံးစွဲရန် ဖြစ်လိမ့်မည် ဟူ၍လည်းကောင်း နှလုံးသွင်း၍ ဤအကျိုးငှာ လောက၌ ရွှေအိုးမည်သည်ကို မြှုပ်နှံထားရ၏။

ရေသို့ ရောက်လောက်အောင် နက်သောမြေ၌ ကောင်းစွာ မြှုပ်ထားအပ်သည် ဖြစ်သော်လည်း အလုံးစုံသော ဥစ္စာသည် အခါခပ်သိမ်းပင် ထိုယောကျာ်းအား မပြည့်စုံ။

ရွှေအိုးသည် မြှုပ်ထားရာ အရပ်မှမူလည်း ရွေ့ရှားတတ်၏။ ထိုဥစ္စာရှင်၏ အမှတ်သည်လည်း မေ့လျော့တတ်၏။ နဂါးတို့သည်လည်း နေရာပြောင်းထားတတ်ကုန်၏။ ဘီလူးတို့သည်လည်း ထိုရွှေအိုးကို ဆောင်ယူတတ်ကုန်၏။

မချစ်အပ်သော အမွေခံတို့သည်မူလည်း (ဥစ္စာရှင်) မမြင်စဉ် တူးဖော်ထုတ်ဆောင်တတ်ကုန်၏။ ကုသိုလ်ကံကုန်သောအခါ၌မူလည်း ထိုဥစ္စာစုသည် ပျောက်ပျက်တတ်၏။

**အနုဂါမိက ထာဝရရွှေအိုး**

မိန်းမဖြစ်စေ၊ ယောကျာ်းဖြစ်စေ အကြင် တစ်စုံတစ်ယောက်သောသူသည် အလှူပေးခြင်းဖြင့်လည်းကောင်း၊ သီလဆောက်တည်ခြင်းဖြင့်လည်းကောင်း၊ ကိုယ်နှုတ် နှလုံး စောင့်စည်းခြင်းဖြင့်လည်းကောင်း၊ ဣန္ဒြေတို့ကို ဆုံးမခြင်းဖြင့်လည်းကောင်း ကောင်းမှုတည်းဟူသော ရွှေအိုးကို ကောင်းစွာမြှုပ်ထားအပ်၏။

**ရွှေအိုးမြှုပ်ရန်ဌာန**

စေတီ၌လည်းကောင်း၊ သံဃာ၌လည်းကောင်း၊ ပုဂ္ဂိုလ်၌လည်းကောင်း၊ ဧည့်သည်တို့၌လည်းကောင်း၊ အမိ၌လည်းကောင်း၊ အဘ၌လည်းကောင်း၊ ထို့ပြင် အစ်ကိုကြီး အစ်မကြီး၌လည်းကောင်း ကောင်းမှုတည်းဟူသော ရွှေအိုးကို ကောင်းစွာ မြှုပ်ထားအပ်၏။

ကောင်းစွာ မြှုပ်ထားအပ်သော ဤရွှေအိုးသည် (ရန်သူတို့)မအောင်နိုင်သည်ဖြစ်၍ တမလွန်ဘဝသို့ အစဉ်လိုက်၏။ စည်းစိမ်ဥစ္စာတို့ကို ပယ်စွန့်၍ တမလွန်ဘဝသို့ ပြောင်းသွားရသည်ရှိသော် ထိုကုသိုလ်ရွှေအိုးကို ယူ၍ သွားရ၏။

ကုသိုလ်ရွှေအိုးသည် သူတစ်ပါးတို့နှင့် မဆက်ဆံ၊ ခိုးသူတို့ မခိုးယူနိုင်။ ပညာရှိသည် ကုသိုလ်ကောင်းမှုတို့ကို ပြုရာ၏။ ကုသိုလ်ရွှေအိုးသည် တမလွန်ဘဝသို့ အစဉ်လိုက်၏။

**ဣစ္ဆာသယ လိုတိုင်းရသည့် ရွှေအိုး** ဤကုသိုလ်ရွှေအိုးသည် နတ်လူတို့၏ အလိုဟူသမျှကို ပေး၏။ အကြင်အကြင် ချမ်းသာကို တောင့်တကုန်၏။ ထိုတောင့်တရာရာ ချမ်းသာအားလုံးကိုပင် ထိုကုသိုလ်ရွှေအိုးကြောင့် ရနိုင်၏။

အရေအဆင်း ကောင်းသည်အဖြစ်၊ အသံ ကောင်းသည်အဖြစ်၊ အသွင်သဏ္ဌာန် ကောင်းသည်အဖြစ်၊ ရုပ်အဆင်း လှပသည်အဖြစ်၊ အစိုးရသည်အဖြစ်၊ အခြွေအရံများသည် အဖြစ်ဟူသော အကျိုးအားလုံးကို ထိုကုသိုလ် ရွှေအိုးကြောင့် ရနိုင်၏။

ပဒေသရာဇ်မင်းအဖြစ်ကိုလည်းကောင်း၊ အစိုးရသော ဧကရာဇ်မင်းအဖြစ်ကိုလည်းကောင်း၊ နှစ်သက်မြတ်နိုးအပ်သော စကြာဝတေးမင်း ချမ်းသာကို လည်းကောင်း၊ နတ်ပြည်တို့၌ နတ်မင်းအဖြစ်ကိုလည်းကောင်း ဤအကျိုးအားလုံးကို ထိုကုသိုလ် ရွှေအိုးကြောင့် ရနိုင်၏။

လူ့ပြည်ရှိ စည်းစိမ်ဥစ္စာကိုလည်းကောင်း၊ နတ်ပြည်၌ မွေ့လျော်ဖွယ်ကိုလည်ကောင်း၊ နိဗ္ဗာန်ချမ်းသာကိုလည်းကောင်း အကျိုးအားလုံးကို ထိုကုသိုလ်ရွှေအိုးကြောင့် ရနိုင်၏။

မိတ်ဆွေကောင်းနှင့် ပြည့်စုံခြင်းကို အကြောင်းပြု၍ သင့်သော အကြောင်းအားဖြင့် အားထုတ်သော်သူအား အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ပညာတို့၌ လေ့လာခြင်းရှိသော သူ၏အဖြစ်တည်းဟူသော အကျိုးအားလုံးကို ထိုကုသိုလ်ရှေ့အိုးကြောင့် ရနိုင်၏။

ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ သာဝကပါရမီဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သမ္မာသမ္ဗောဓိဉာဏ်တည်း ဟူသော အကျိုးအားလုံးကို ထိုကုသိုလ်ရှေ့အိုးကြောင့် ရနိုင်၏။

အကြင်ကုသိုလ် ပြည့်စုံခြင်းသည် ရှိ၏။ ထိုကုသိုလ်ပြည့်စုံခြင်းသည် ဤသို့များသော အကျိုး ရှိ၏။ ထို့ကြောင့် တည်ကြည်သော ပညာရှိတို့သည် ပြုပြီးသော ကုသိုလ်ကောင်းမှုရှိသည့်အဖြစ်ကို ချီးမွမ်းကြကုန်၏ဟု မိန့်တော်မူ၏။[၁]

## ပရာဘဝသုတ် မြန်မာပြန်[♣]

### ပရာဘဝသုတ် နိဒါန်း

အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်။ အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သေဋ္ဌေး၏ အာရာမ်ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ နတ်သားတစ်ယောက်သည် ညဉ့်ဦးယံ လွန်ပြီးသော သန်းခေါင်ယံအခါ၌ အလွန်နှစ်လိုဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန်တစ်ကျောင်းလုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးကာ တစ်ခုသော နေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရားအား ဤဂါထာဖြင့် လျှောက်၏။

### ပျက်စီးဆုတ်ယုတ်ကြောင်းများ

"အသျှင်ဂေါတမ၊ ပျက်စီးဆုတ်ယုတ်နေသော ယောကျာ်းအကြောင်းကို အကျွန်ုပ်တို့ မေးလျှောက်ပါကုန်၏။ အသျှင်ဘုရားကို မေးလျှောက်ရန် လာကြကုန်၏။ ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။"

ကြီးပွားသူကိုလည်း သိရန် လွယ်ကူလှပေ၏။ ပျက်စီးဆုတ်ယုတ်သူကိုလည်း သိရန် လွယ်ကူလှပေ၏။ တရားကို လိုလားတောင့်တသူသည် ကြီးပွားရ၏။ တရားကို မလိုလား မတောင့်တ မုန်းထားသူသည် ပျက်စီးရ၏။

ထိုအကြောင်းသည် ပထမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏။ မြတ်စွာဘုရား၊ ဒုတိယဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကို ဟောတော်မူပါ။ ဒုတိယဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။

ထိုသူသည် သူတော် မဟုတ်၊ သူယုတ်မာတို့ကို ချစ်ခင် မြတ်နိုး၏။ သူတော်ကောင်းတို့ကို ချစ်ခင်မြတ်နိုးမှု မပြု၊ သူယုတ်မာတို့၏ တရားကို နစ်သက်မြတ်နိုး၏။ ထိုသုံးမျိုးသည် ပျက်စီးဆုတ်ယုတ်ကြောင်းပေတည်း။

ထိုအကြောင်းသည် ဒုတိယဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏။ မြတ်စွာဘုရား၊ တတိယဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကို ဟောတော်မူပါ။ တတိယဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။

အကြင်သူသည် အိပ်စက်ငိုက်မျဉ်းလေ့ ရှိ၏။ အပေါင်းအဖော်၌ မွေ့လျော်လေ့ရှိ၏။ စကားပြောမှု၌ မွေ့လျော်လေ့ ရှိ၏။ နိုးကြားထကြွမှုမရှိ၊ ပျင်းရိ၏။ လျင်စွာ အမျက်ထွက်လေ့ ရှိ၏။ ထိုသူ၏ ထိုအကြောင်းငါးမျိုးသည် ပျက်စီးဆုတ်ယုတ်ကြောင်းပေတည်း။

ထိုအကြောင်းသည် တတိယဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏။ မြတ်စွာဘုရား၊ စတုတ္ထဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကို ဟောတော်မူပါ။ စတုတ္ထဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။

အကြင်သူသည် အိုမင်း၍ ပစ္ဆိမအရွယ်သို့ ရောက်ပြီးသော အမိကိုလည်းကောင်း၊ အဘကိုလည်းကောင်း ကျွေးမွေးပြုစုနိုင်စွမ်းသူ ဖြစ်ပါလျက် မကျွေးမွေး မပြုစုလေ။ ထိုသူ၏ မကျွေးမွေး မပြုစုခြင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။

ထိုအကြောင်းသည် စတုတ္ထဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏။ မြတ်စွာဘုရား၊ ပဉ္စမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကို ဟောတော်မူပါ။ ပဉ္စမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။

အကြင်သူသည် ဗြာဟ္မဏကိုလည်းကောင်း၊ သမဏကိုလည်းကောင်း၊ ထိုမှတစ်ပါးသော ဖုန်းတောင်းယာစကာကိုလည်းကောင်း ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားပြီးဖြစ်လျက် မုသားပြောဆိုခြင်းဖြင့် လှည့်ပတ်၏။ ထိုသူ၏ ထိုလှည့်ပတ်ခြင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။

ထိုအကြောင်းသည် ပဉ္စမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏။ မြတ်စွာဘုရား၊ ဆဋ္ဌဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကို ဟောတော်မူပါ။ ဆဋ္ဌဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။

အကြင်သူသည် များသော စည်းစိမ် ရှိသူ၊ အသပြာရှိသူ၊ စားဖွယ်နှင့် ပြည့်စုံသူ ဖြစ်ပါလျက် ကောင်းမြတ်သော ဘောဇဉ်တို့ကို တစ်ယောက်တည်း စားသုံး၏။ ထိုသူ၏စားသုံးခြင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။

ထိုအကြောင်းသည် ဆဋ္ဌဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏။ မြတ်စွာဘုရား၊ သတ္တမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကို ဟောတော်မူပါ။ သတ္တမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။

အကြင်သူသည် အမျိုး "ဇာတိ"မာန် ခက်ထန်၏။ ဥစ္စာ "ဓန" မာန် ခက်ထန်၏။ အနွယ် "ဂေါတ္တ"မာန်ခက်ထန်၏။ မိမိဆွေမျိုးကိုလည်း မထီမဲ့မြင် ပြု၏။ ထိုသူ၏ ထိုအကြောင်းလေးမျိုးသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။

ထိုအကြောင်းသည် သတ္တမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏။ မြတ်စွာဘုရား၊ အဋ္ဌမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကို ဟောတော်မူပါ။ အဋ္ဌမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။

အကြင်သူသည် မိန်းမကြူး၊ သေသောက်ကြူး၊ လောင်းကစား ကြူးသည်ဖြစ်၍ ရတိုင်းရတိုင်းသော ဥစ္စာကို ဖျက်ဆီး၏။ ထိုသူ၏ ထိုအကြောင်းသုံးမျိုးသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။

ထိုအကြောင်းသည် အဋ္ဌမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏။ မြတ်စွာဘုရား၊ နဝမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။

အကြင်သူသည် မိမိမယားဖြင့် မရောင့်ရဲဘဲ ပြည့်တန်ဆာမတို့၌ ပြစ်မှား၏။ သူတစ်ပါးမယားတို့၌ ပြစ်မှား၏။ ထိုသူ၏ ထိုအကြောင်းနှစ်မျိုးသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။

ထိုအကြောင်းသည် နဝမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏။ မြတ်စွာဘုရား၊ ဒသမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကို ဟောတော်မူပါ။ ဒသမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။

အရွယ်လွန်ပြီးသော ယောကျ်ားသည် တည်သီးသဖွယ် ငယ်သောသားမြတ်ရှိသော မိန်းမငယ်ကို သိမ်းမြန်းဆောင်ယူ အိမ်သူပြုလုပ်၏။ ထိုမိန်းမငယ်အား ယောကျ်ားတစ်ပါးအတွက် စိတ်မချရသောကြောင့် မအိပ်နိုင်၊ ထိုမအိပ်နိုင်ခြင်းသည် ပျက်စီးခြင်း၏ အကြောင်းတည်း။

ထိုအကြောင်းသည် ဒသမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏။ မြတ်စွာဘုရား၊ ဧကာဒသမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကို ဟောတော်မူပါ။ ဧကာဒသမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။

အကြင်သူသည် ငါးအမဲစသော အစားအစာတို့၌ မက်မောသော သဘောရှိသော၊ ဥစ္စာကို စည်းကမ်းမဲ့ ဖရိုဖရဲ ပြုတတ်သော မိန်းမကိုသော် လည်းကောင်း၊ ထိုသို့သော သဘောရှိသော ယောကျ်ားကိုသော်လည်းကောင်း အိမ်ထောင်ထိန်းအရာ၌ ထား၏။ ထိုသူ၏ ထိုအကြောင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။

ထိုအကြောင်းသည် ဧကာဒသမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏။ မြတ်စွာဘုရား၊ ဒွါဒသမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကို ဟောတော်မူပါ။ ဒွါဒသမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။

အကြင်သူသည် ဥစ္စာနည်း၍ စည်းစိမ်ဥစ္စာတို့၌ တပ်မက်မှုကြီးမား၏။ မင်းမျိုး၌လည်း ဖြစ်၏။ ထိုသူသည်ကား မင်းအဖြစ်ကို တောင့်တ၏။ ထိုသူ၏ ထိုအကြောင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။

လောက၌ ဖြူစင်ကောင်းမြတ်၍ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပညာရှိသည် ဤပျက်စီးဆုတ်ယုတ်ကြောင်းနှစ်ဆယ့်လေးပါးတို့ကို ကောင်းစွာ ကြည့်ရှုဆင်ခြင်၍

ရှောင်ရှားနိုင်သောကြောင့် ချမ်းမြေ့အေးမြသော နတ်ပြည်လောကသို့ ချဉ်းကပ်ရ၏”ဟု မိန့်တော်မူ၏။[၁]

## ကလဟဝိဝါဒသုတ် မြန်မာပြန်

ခိုက်ရန်ဖြစ်မှုနှင့် ငြင်းခုံမှုတို့သည် အဘယ်ကြောင့် ဖြစ်ပေါ်လာကုန်သနည်း။ ဝန်တိုမှုနှင့်တကွဖြစ်ကုန်သော ငိုကြွေးမှု, စိုးရိမ်မှုတို့သည်လည်းကောင်း၊ ချောပစ်ကုန်းတိုက်မှုနှင့်တကွဖြစ်ကုန်သော ထောင်လွှားမှု, အလွန်ထောင်လွှားမှု တို့သည်လည်းကောင်း ထိုတရားတို့သည် အဘယ်ကြောင့် ဖြစ်ပေါ်လာကုန်သနည်း။ တောင်းပန်ပါ၏။ ထိုအကြောင်းကို ဟောတော်မူပါလော့။

## ငြင်းခုံခိုက်ရန်ဖြစ်ခြင်း အကြောင်းရင်းများ

ခိုက်ရန်ဖြစ်မှု၊ ငြင်းခုံမှုတို့သည် ချစ်အပ်သော သတ္တဝါ သခင်္ခါရကြောင့် ဖြစ်ပေါ်လာကုန်၏။ ဝန်တိုမှုနှင့်တကွ ဖြစ်ကုန်သော ငိုကြွေးမှု၊ စိုးရိမ်မှုတို့သည်လည်းကောင်း၊ ချောပစ်ကုန်းတိုက်မှုနှင့်တကွဖြစ်ကုန်သော ထောင်လွှားမှု၊ အလွန်ထောင်လွှားမှုတို့သည်လည်းကောင်း ချစ်အပ်သောသတ္တဝါ သခင်္ခါရကြောင့် ဖြစ်ပေါ်လာကုန်၏။ ခိုက်ရန်ဖြစ်မှု၊ ငြင်းခုံမှုတို့သည် ဝန်တိုမှုနှင့် စပ်ယှဉ်ကုန်၏။ ငြင်းခုံမှုတို့ ဖြစ်ကုန်သည်ရှိသော် ချောပစ်ကုန်းတိုက်မှုတို့ ဖြစ်တတ်ကုန်၏။

လောက၌ ချစ်အပ်သော ဝတ္ထုတို့သည် အဘယ်လျှင် အကြောင်း ရှိပါကုန်သနည်း။ အကြင်သူတို့သည်လည်း လိုချင်မှု “လောဘ”ရှိကုန်သည်ဖြစ်၍ လောက၌ သွားလာနေထိုင်ကြကုန်၏။ ထိုသူတို့၏ လိုချင်မှု “လောဘ”သည်လည်း အဘယ်လျှင် အကြောင်းရှိပါသနည်း။ အကြင်တောင့်တမှု ပြည့်စုံမှုတို့သည် လူ ပုဂ္ဂိုလ်အား အားထားမှီခိုရန် ဖြစ်ကုန်၏။ ထိုတောင့်တမှု ပြည့်စုံမှုတို့သည် အဘယ်လျှင် အကြောင်းရှိပါကုန်သနည်း။

လောက၌ ချစ်အပ်သော ဝတ္ထုတို့သည် ကာမစ္ဆန္ဒလျှင် အကြောင်းရှိကုန်၏။ အကြင်သူတို့သည်လည်း လိုချင်မှု “လောဘ”ရှိကုန်သည်ဖြစ်၍ လောက၌ သွားလာနေထိုင်ကြကုန်၏။ ထိုသူတို့၏ ထိုလောဘသည်လည်း ကာမစ္ဆန္ဒလျှင် အကြောင်းရှိ၏။ အကြင်တောင့်တမှု ပြည့်စုံမှုတို့သည် လူ ပုဂ္ဂိုလ်အား အားထားမှီခိုရန် ဖြစ်ကုန်၏။ ထိုတောင့်တမှု ပြည့်စုံမှုတို့သည်လည်း ဤကာမစ္ဆန္ဒလျှင် အကြောင်း ရှိကုန်၏။

---

၁။ ခုဒ္ဒကပါဌပါဠိတော်မြန်မာပြန် စာမျက်နှာ ၂၇၈။

လောက၌ ကာမစ္ဆန္ဒသည် အဘယ်လျှင် အကြောင်း ရှိသနည်း။ တဏှာဒိဋ္ဌိဖြင့် ဆုံးဖြတ်ခြင်းတို့သည်လည်း အဘယ်ကြောင့် ဖြစ်ကုန်သနည်း။ အမျက်ထွက်မှု၊ မုသားစကားပြောဆိုမှု၊ သို့လောသို့လော တွေးတောယုံမှားမှုဟူသော အကြင်တရားတို့ကိုလည်း မြတ်စွာဘုရား ဟောအပ်ပါကုန်၏။ ထိုတရားတို့သည် အဘယ်ကြောင့် ဖြစ်ကုန်သနည်း။

လောက၌ အကြင်သဘောတရားကို သာယာဖွယ်သဘောတရား၊ မသာယာဖွယ် သဘောတရားဟူ၍ ဆိုကုန်၏။ ထိုသာယာဖွယ်၊ မသာယာဖွယ်သဘောတရားကို အမှီပြု၍ ကာမစ္ဆန္ဒဖြစ်၏။ လောက၌ သတ္တဝါသည် ရုပ်တရားတို့၌ ပျက်ခြင်းကို လည်းကောင်း၊ ဖြစ်ခြင်းကိုလည်းကောင်း မြင်၍ တဏှာဒိဋ္ဌိဖြင့် ဆုံးဖြတ်ခြင်းကို ပြု၏။

အမျက်ထွက်မှု၊ မုသားစကားပြောဆိုမှု၊ သို့လောသို့လော တွေးတောယုံမှားမှုဟူသော ဤသဘောတရားတို့သည်လည်း သာယာဖွယ်၊ မသာယာဖွယ် တရားနှစ်ပါး ရှိသော်သာလျှင် ဖြစ်ကုန်၏။ မြတ်စွာဘုရားသည် သိတော်မူ၍ တရားတို့ကို ဟောတော်မူရကား သို့လောသို့လော တွေးတောယုံမှားရှိသူသည် ဉာဏ်အမြင်ကို ရစိမ့်သောငှာ သိက္ခာသုံးပါးတို့ကို ကျင့်ရာ၏။

သာယာမှုနှင့် မသာယာမှုတို့သည် အဘယ်လျှင် အကြောင်းရှိပါကုန်သနည်း။ အဘယ်တရား မရှိလတ်သော် ဤသာယာမှု၊ မသာယာမှုတို့သည် မဖြစ်ပါကုန်သနည်း။ အကြင်အကြောင်းကြောင့် ပျက်ခြင်း၊ ဖြစ်ခြင်းဟူသော အကြင်သဘောတရားသည် ဖြစ်၏။ ထိုအကြောင်းကြောင့်ဖြစ်သော ထိုသဘော တရားကို အကျွန်ုပ်အား ဟောကြားတော်မူပါလော့။

သာယာမှုနှင့် မသာယာမှုသည် တွေ့ထိမှု "ဖဿ"လျှင် အကြောင်းရှိ၏။ တွေ့ထိမှု "ဖဿ"မရှိလတ်သော် ဤတရားတို့ မဖြစ်ကုန်။ ပျက်ခြင်း, ဖြစ်ခြင်း ဟူသော အကြင်သဘောတရားသည် ရှိ၏။ ထိုသဘောတရားကို တွေ့ထိမှု "ဖဿ" လျှင် အကြောင်းရှိ၏ဟူ၍ သင့်အား ငါဟော၏။

လောက၌ တွေ့ထိမှု "ဖဿ"သည် အဘယ်လျှင် အကြောင်းရှိသနည်း။ သိမ်းဆည်းမှုတို့သည်လည်း အဘယ်ကြောင့် ဖြစ်ကုန်သနည်း။ အဘယ်တရား မရှိလတ်သော် ငါ့ဟာဟု စွဲလမ်းမှု မရှိပါသနည်း။ ဘယ်တရားကို လွန်မြောက်သည် ရှိသော် တွေ့ထိမှု"ဖဿ"တို့သည် မတွေ့ထိနိုင်ပါကုန်သနည်း။

နာမ်ကိုလည်းကောင်း၊ ရုပ်ကိုလည်းကောင်း စွဲ၍ တွေ့ထိမှု "ဖဿ"သည် ဖြစ်၏။ သိမ်းဆည်းမှုတို့သည် တဏှာဟု ဆိုအပ်သော အလို "ဆန္ဒ"လျှင် အကြောင်း ရှိကုန်၏။ တဏှာဟုဆိုအပ်သော "ဆန္ဒ"မရှိလတ်သော် ငါ့ဟာဟု စွဲလမ်းမှုမရှိ၊ ရုပ်တရားကို လွန်မြောက်သည်ရှိသော် တွေ့ထိမှု "ဖဿ"တို့သည် မတွေ့ထိကုန်။

အဘယ်သို့ ကျင့်သောသူသည် ရုပ်ကို လွန်မြောက်နိုင်သနည်း။ အဘယ်သို့သောအကြောင်းဖြင့် ချမ်းသာဆင်းရဲကို လွန်မြောက်နိုင်သနည်း။ အကြင်အခြင်းအရာအားဖြင့် လွန်မြောက်နိုင်၏။ ထိုအခြင်းအရာကို အကျွန်ုပ်အား ဟောကြားတော်မူပါလော။ ထိုအကြောင်းကို သိကုန်အံ့ဟု အကျွန်ုပ်၏စိတ် ဖြစ်ပါ၏။

ပကတိသညာရှိသူသည်လည်း မဟုတ်သော၊ ဖောက်ပြန်သော သညာရှိသည့် ရူးသွပ်သူလည်း မဟုတ်သော၊ သညာမရှိသည့် အသညသတ်ဗြဟ္မာနှင့် နိရောဓသမာပတ်ဝင်စားသူလည်း မဟုတ်သော၊ ရူပသညာကို လွန်မြောက်ပြီးသည့် အရူပဈာန် သမာပတ်ကိုရသူလည်း မဟုတ်သော ဤသို့သဘောရှိသည့် အာကာသာနဉ္စာယတနဈာန်ကို ရရန်ကျင့်သူ ရူပစတုတ္ထဈာနလာဘီပုဂ္ဂိုလ်သည် ရုပ်ကို လွန်မြောက်နိုင်၏။ သံသရာချဲ့တတ်သော တဏှာ၊ မာန၊ ဒိဋ္ဌိတရားတို့သည် သညာလျှင် အကြောင်းရှိကုန်သည်သာတည်း။

အကြင်ပုစ္ဆာကို အကျွန်ုပ်တို့ မေးခဲ့ပါကုန်၏။ အသျှင်သည် ထိုပုစ္ဆာကို အကျွန်ုပ်တို့အား ဖြေကြားတော်မူခဲ့ပြီ။ အသျှင်ဘုရားအား အခြားသော ပုစ္ဆာကို မေးပါကုန်အံ့။ တောင်းပန်ပါ၏။ ထိုပုစ္ဆာကို ဖြေကြားတော်မူပါလော့။ ဤလောက၌ ပညာရှိကုန်သော အချို့သောသူတို့သည် ဤမျှ အရူပသမာပတ်ဟူသော အတိုင်းအရှည်ဖြင့် သတ္တဝါ၏ မြတ်သော စင်ကြယ်မှုကို ဆိုပါကုန်သလော။ ထိုသို့မဟုတ် ဤအရူပ သမာပတ်ထက်လွန်သော အခြားသော စင်ကြယ်မှုကိုလည်း ဆိုပါကုန်သေးသလော။

ဤလောက၌ ပညာရှိကုန်သော အချို့သော သူတို့သည် ဤမျှ အရူပသမာပတ်ဟူသော အတိုင်းအရှည်ဖြင့် သတ္တဝါ၏ မြတ်သော စင်ကြယ်မှုကို ဆိုကုန်၏။ ထိုသူတို့တွင် အနုပါဒိသေသ၌ လိမ္မာကျွမ်းကျင်သည်ဟု ပြောဆိုကြသော အချို့သူတို့သည် ဥစ္ဆေဒအယူကို ပြောဆိုကြကုန်၏။

ပညာရှိသော ထိုမြတ်စွာဘုရားသည် ထိုမိစ္ဆာ အယူရှိသူတို့ကို သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိကို မှီကုန်၏ဟု သိ၍လည်းကောင်း၊ ထိုသူတို့၏ မှီရာ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိတို့ကိုသိ၍လည်းကောင်း၊ တရားတို့ကို အနိစ္စစသည်ဖြင့် သိ၍လည်းကောင်း လွတ်မြောက်တော်မူပြီးသည်ဖြစ်၍ ငြင်းခုံခြင်းသို့ ရောက်တော်မမူ။ ထိုပညာရှိသော မြတ်စွာဘုရားသည် အဖန်တလဲလဲဖြစ်ခြင်းသို့ ရောက်တော်မမူ။

## ဤသုတ်တော်၏ လိုရင်းအချက်များ

လောကၓ ခိုက်ရန် ငြင်းခုံ ဝန်တို ငိုကြွေး စိုးရိမ် ကုန်းတိုက် ထောင်လွှားမှုတို့သည် ချစ်သောသူ၊ ချစ်သောပစ္စည်းတို့ကို အကြောင်းပြု၍ ဖြစ်ကြ၏။

ချစ်သူ ချစ်ပစ္စည်းတို့သည် ကာမဆန္ဒ(လောဘတဏှာ)ကြောင့် ဖြစ်ကြ၏။

သာယာမှု၊ မသာယာမှုကြောင့် ကာမဆန္ဒ ဖြစ်၏။

ထိုသာယာမှု မသာယာမှုသည် တွေ့ထိမှု(မြင်မှု၊ ကြားမှု စသော) ဖဿကြောင့် ဖြစ်၏။

မိမိစိတ်နှင့် မိမိကိုယ်ကို အစွဲပြု၍ ဖဿဖြစ်၏။ အလို (ဣစ္ဆာ) ကြောင့် သိမ်းဆည်းမှု ဖြစ်၏။ အလို (ဣစ္ဆာ) မရှိလျှင် ငါ့ဟာဟု စွဲလမ်းမှု မဖြစ်။

ရုပ်ကို လွန်မြောက်လျှင် ဖဿမဖြစ်တော့။ အရူပဗြဟ္မာ ဖြစ်လျှင် ရုပ်ကို လွန်၏။ သို့သော် အပြီးသတ်ကား မဟုတ်ချေ။

# ပုဒ္ဓဘာသာ ရှုထောက်ရှု
# ဗုဒ္ဓဘာသာ အနှစ်သာရပေါင်းချုပ်

## အပိုင်း (၃)

## လူကြီးပိုင်း

နစ်ဖက်လှ ဦးကျော်လှိုင်
ပြုစုသည်။

## ငရဲမှ နတ်ပြည်သို့ ပို့ပေးပါ

ဂေါတမဗုဒ္ဓသဗ္ဗညုမြတ်စွာဘုရားသည် လူတို့အမြင်ထက် သာလွန်သော နတ်မျက်စိအမြင် (ဒိဗ္ဗစက္ခုအဘိညာဉ်)ကို ရတော်မူသည်။ ထိုဉာဏ်မျက်စိဖြင့် ကြည့်သောအခါ သေဆဲ၊ ပဋိသန္ဓေဘဝသစ်ဖြစ်ဆဲ သတ္တဝါတို့ကို ဤသို့ မြင်တော်မူသည်။

"အကြင်သူတို့သည် ကိုယ်တိုင်လည်း မိစ္ဆာဒိဋ္ဌိ (အမြင်မှား) ရှိနေ၏။ သူတစ်ပါးတို့အားလည်း မိစ္ဆဒိဋ္ဌိ ဖြစ်စေရန် ဆောက်တည်စေ၏။ ထိုသူတို့သည် ဤကိုယ်ခန္ဓာပျက်ကြွေသေလွန်သောအခါ ချမ်းသာကင်းသော၊ မကောင်းသောလားရာဖြစ်သော ငရဲ၌ ဖြစ်ကြရကုန်၏။ (ငရဲကျကြရကုန်၏။)

အကြင်သူတို့သည်ကား သူတို့ကိုယ်တိုင်လည်း သမ္မာဒိဋ္ဌိ (အမြင်မှန်) ရှိနေ၏။ သူတစ်ပါးတို့အားလည်း သမ္မာဒိဋ္ဌိဖြစ်စေရန် ဆောက်တည်စေ၏။ ထိုသူတို့သည် ဤကိုယ်ခန္ဓာပျက်ကြွေသေလွန်သောအခါ ကောင်းသောလားရာဖြစ်သော လူ့ပြည်၊ နတ်ပြည် သုဂတိဘဝ၌ ဖြစ်ကြရကုန်၏။"

(ပါရာဇိကဏ်ပါဠိတော်-၅)

## အခန်း(၁)

# သုံးဆယ့်နှစ်ကောဋ္ဌာသ

### သုံးဆယ်နှစ်ကောဋ္ဌာသပါဠိ (ဝိသုဒ္ဓိမဂ်)

အတ္ထိ ဣမသ္မိံ ကာယေ၊ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော, မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ, ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ, အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရိယံ၊ မတ္ထလုင်္ဂံ, ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ, အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တန္တိ။

### သုံးဆယ့်နှစ်ကောဋ္ဌာသအနက်

ဣမသ္မိံ ကာယေ= ဤကိုယ်ကာယ တစ်လုံးမျှ၌–

| | | | |
|---|---|---|---|
| (၁) | ကေသာ | = | ဆံပင် |
| (၂) | လောမာ | = | အမွေး |
| (၃) | နခါ | = | ခြေသည်းလက်သည်း |
| (၄) | ဒန္တာ | = | သွား |
| (၅) | တစော | = | အရေထူ အရေပါး (တစပဉ္စက) |
| (၆) | မံသံ | = | အသား |
| (၇) | နှာရု | = | အကြော |
| (၈) | အဋ္ဌိ | = | အရိုး |
| (၉) | အဋ္ဌိမိဉ္ဇံ | = | ရိုးတွင်းခြင်ဆီ |
| (၁၀) | ဝက္ကံ | = | အညှိ (ဝက္ကပဉ္စက) |
| (၁၁) | ဟဒယံ | = | နှလုံး |
| (၁၂) | ယကနံ | = | အသည်း |
| (၁၃) | ကိလောမကံ | = | အမြှေး |

| | | | |
|---|---|---|---|
| (၁၄) | ပိဟကံ | = | အဖျဉ်း(သရက်ရွက်) |
| (၁၅) | ပဝ္ဗါသံ | = | အဆုတ် (ပဗ္ဗါသပဥ္စက) |
| (၁၆) | အန္တံ | = | အူမ |
| (၁၇) | အန္တဂုဏံ | = | အူသိမ် |
| (၁၈) | ဥဒရိယံ | = | အစာသစ် |
| (၁၉) | ကရီသံ | = | အစာဟောင်း |
| (၂၀) | မတ္ထလုင်္ဂံ | = | ဦးနှောက် (မတ္ထလုင်္ဂပဥ္စက) |
| (၂၁) | ပိတ္တံ | = | သည်းခြေ |
| (၂၂) | သေမှံ | = | သလိပ် |
| (၂၃) | ပုဗ္ဗော | = | ပြည် |
| (၂၄) | လောဟိတံ | = | သွေး |
| (၂၅) | သေဒေါ | = | ချွေး |
| (၂၆) | မေဒေါ | = | အဆီခဲ (မေဒဆက္က) |
| (၂၇) | အဿု | = | မျက်ရည် |
| (၂၈) | ဝသာ | = | ဆီကြည် |
| (၂၉) | ခေဠော | = | တံတွေး |
| (၃၀) | သိင်္ဃာဏိကာ | = | နှပ် |
| (၃၁) | လသိကာ | = | အစေး |
| (၃၂) | မုတ္တန္တိ | = | ကျင်ငယ် (မုတ္တဆက္က) |

ဟူ၍ (သုံးဆယ့်နှစ်ပါးသော အဖို့အစုတို့သည်)။ အတ္ထိ သန္တိ = ရှိကုန်၏။

## ၃၂-ကောဋ္ဌာသ မြန်မာပြန်

ဤကိုယ်ကာယ တစ်လံမျှ၌

(၁) ဆံပင်, အမွေး, ခြေသည်း, လက်သည်း, သွား, အရေ
(တစပဥ္စက=အရေလျှင် ငါးခုမြောက်ရှိသော အဖို့အစု)

(၂) အသား,အကြော,အရိုး, ရိုးတွင်းခြင်ဆီ,အညှိ.
(ဝက္ကပဥ္စက=အညှိ.လျှင် ငါးခုမြောက်ရှိသောအဖို့အစု)

(၃) နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်
(ပဗ္ဗါသပဥ္စက=အဆုတ်လျှင် ငါးခုမြောက်ရှိသောအဖို့အစု)

(၄) အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်
(မတ္ထလုင်္ဂပဉ္စက=ဦးနှောက်လျှင် ငါးခုမြောက်ရှိသောအဖို့အစု)

(၅) သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ
(မေဒဆက္က=အဆီခဲလျှင် ခြောက်ခုမြောက်ရှိသော အဖို့အစု)

(၆) မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်
(မုတ္တဆက္က=ကျင်ငယ်လျှင် ခြောက်ခုမြောက်ရှိသော အဖို့အစု)

ဟုဆိုအပ်သော စက်ဆုပ် ရွံရှာဖွယ် ၃၂-ပါးသော အဖို့အစုတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်ဆက်နွယ်လျက် တည်ရှိနေကြကုန်၏။

## ၃၂-ကောဋ္ဌာသအစိပ္ပာယ်

### (၁) ဆံပင်

ဆံပင်တို့သည်-

ပကတိအဆင်းအားဖြင့် မည်းနက်ကုန်၏။
စိုသော ပုတီးနက်သီး အဆင်းရှိကုန်၏။
ပုံသဏ္ဌာန်အားဖြင့် ရှည်၍ လုံးကုန်၏။
အရပ်မျက်နှာအားဖြင့် အထက်အရပ်၌ ဖြစ်ကုန်၏။

တည်ရာအားဖြင့် နံပါးနှစ်ဖက်တို့၌ နားပန်းစွန်းတို့ဖြင့် ရှေးဘက်၌ နဖူးပြင်အဆုံးဖြင့်၊ နောက်ဘက်၌ လည်ကုပ်ကျင်းဖြင့် ပိုင်းခြားလျက် ရှိသည်။ ဦးခေါင်းခွံကို ရစ်ပတ်လျက်ရှိသော အရေသည် ဆံပင်တို့၏တည်ရာဖြစ်၏။

အပိုင်းအခြားအားဖြင့် တစ်ခုစီ တစ်ခုစီသော ဆံပင်တို့ကို ဦးခေါင်းကို ရစ်ပတ်လျက်ရှိသော အရေ၌ စပါးလုံးအမြီးဖျားမျှ ဝင်၍ တည်သော (မြုပ်၍ တည်သော)အောက်ဘက်၌ မိမိ၏အမြစ်အပြင်ဖြင့်၊ အထက်ဘက်၌ ဟင်းလင်းပြင်ဖြင့်၊ ဖီလာပတ်ဝန်းကျင်၌ ဆံပင်အချင်းချင်းဖြင့် ပိုင်းခြားလျက် ရှိသည်။

သဘာဂပရိစ္ဆေဒ(မိမိအဖို့ဖြင့် ပိုင်းခြားခြင်း)အားဖြင့် နှစ်ခုသော ဆံပင်တို့သည် တစ်ပေါင်းတည်း မတည်ရှိကြပေ။

ဝိသဘာဂပရိစ္ဆေဒ(အခြားအဖို့ဖြင့် ပိုင်းခြားခြင်း)အားဖြင့်"ဆံပင်တို့သည် အမွေး မဟုတ်ကုန်။ အမွေးတို့သည်လည်း ဆံပင် မဟုတ်ကြကုန်" ဟူသော နည်းဖြင့် ဆံပင်တို့မည်သည် ကျန် ၃၁-ပါးသော ကောဋ္ဌာသတို့နှင့် မရောနှောဘဲ ကွဲပြားကုန်လျက် အသီးအခြား တစ်ခုသော အဖို့အစု ဖြစ်ကုန်၏။

ဤဆံပင်တို့မည်သည်မှာ အဆင်း၊ သဏ္ဌာန်၊ အနံ့၊ မိုရာ၊ တည်ရာအားဖြင့် စက်ဆုပ်ဖွယ် ရှိကုန်၏ဟု ပိုင်းခြားမှတ်သားအပ်ပေသည်။

(ကျန်ကောဋ္ဌာသများလည်း ဤနည်းတူပင် ဖြစ်သည်။)

**(၂) အမွေး**

အမွေးတို့သည်–

ပကတိအဆင်းအားဖြင့် မည်းကြောင်သော အဆင်း ရှိကုန်၏။

သဏ္ဌာန်အားဖြင့် ထန်းမြစ်ကဲ့သို့ အောက်သို့ညွတ်သော အဖျား ရှိကုန်၏။

အရပ်အားဖြင့် အထက်အောက် နှစ်ပါးသော အရပ်တို့၌ ဖြစ်ကုန်၏။

တည်ရာအားဖြင့် ဆံပင်တို့၏ တည်ရာအရပ်နှင့် လက်ဖဝါး၊ ခြေဖဝါး အပြင်တို့မှတစ်ပါး အများအားဖြင့် ကြွင်းသောကိုယ်ကို ရစ်ပတ်လျက်ရှိသော အရေ၌ ဖြစ်ကုန်၏။

အပိုင်းအခြား နှစ်မျိုးတွင် မိမိအဖို့ဖြင့် ပိုင်းခြားခြင်းအားဖြင့် ကိုယ်ကို ရစ်ပတ်လျက်ရှိသော အရေ၌ **တစ်လိက္ခာ**ခန့်မျှ ဝင်လျက် တည်သောအောက်ဘက်၌ မိမိ၏အမြစ်ဖြင့် အထက်ဘက်၌ ဟင်းလင်းပြင်အရပ်ဖြင့် ဖီလာ ပတ်ဝန်းကျင်၌ အချင်းချင်းဖြင့် ပိုင်းခြားလျက် ရှိသည်။ အမွေး ၂–ပင်တို့သည် တစ်ပေါင်းတည်း မရှိကြကုန်။ (တစ်လိက္ခာ=မြူတစ်ခု၊ ကညစ်ချေးတစ်ခု $\frac{၁}{၇}$ သန်းဦးခေါင်း)

**မှတ်ချက်** ။ ။ အခြားအဖို့အားဖြင့် ပိုင်းခြားခြင်းသည် ကောဋ္ဌာသ အားလုံးပင် ဆံပင်နည်းတူ ဖြစ်ပါသည်။

**(၃) လက်သည်း ခြေသည်း**

လက်သည်း ခြေသည်းတို့သည်–

အဆင်းအားဖြင့် ဖြူကုန်၏။

သဏ္ဌာန်အားဖြင့် ငါး၏အကြေးသဏ္ဌာန် ရှိကုန်၏။

အရပ်အားဖြင့် ခြေသည်းတို့သည် အောက်အရပ်၌၊ လက်သည်းတို့သည် အထက်အရပ်၌ ဖြစ်ကုန်၏။

တည်ရာအားဖြင့် လက်ချောင်း ခြေချောင်းတို့၏အဖျားအပေါ်ဘက်တို့၌ တည်ကုန်၏။

မိမိအဖို့ဖြင့် ပိုင်းခြားခြင်းအားဖြင့် အထက်အောက် နှစ်ပါးသော အရပ်တို့၌ လက်ချောင်းခြေချောင်းတို့၏အစွန်းအသားတို့ဖြင့် အတွင်းဘက်၌ လက်ချောင်းခြေချောင်းတို့၏ အမိုးဘက် အသားဖြင့် အပြင်ဘက်နှင့် အဖျား၌ ဟင်းလင်းပြင် အရပ်ဖြင့် ဖီလာပတ်ဝန်းကျင်၌ အချင်းချင်းဖြင့် ပိုင်းခြားလျက် ရှိသည်။

မိမိအဖို့ဖြင့် ပိုင်းခြားခြင်းအားဖြင့် လက်သည်း ခြေသည်းခွဲ နှစ်ခုတို့သည် တစ်ပေါင်းတည်း မရှိကြပေ။

(၄) သွား

ယေဘုယျအားဖြင့် ၃၂-ချောင်းသော သွားတို့သည်-

အဆင်းအားဖြင့် ဖြူကုန်၏။
သဏ္ဌာန်အားဖြင့် များသောသဏ္ဌာန် ရှိကုန်၏။
အရပ်အားဖြင့် အထက်အရပ်၌ ဖြစ်ကုန်၏။
တည်ရာအားဖြင့် အထက်အောက် မေးရိုးနှစ်ခုတို့၌ တည်ကုန်၏။

မိမိအဖို့ဖြင့် ပိုင်းခြားခြင်းအားဖြင့် အောက်ဘက်အရင်းဘက်၌ မေးရိုး၌ တည်သော မိမိ၏အမြစ်အပြင်ဖြင့်၊ အထက်အဖျားဘက်၌ ဟင်းလင်းအရပ်ဖြင့်၊ ဖီလာနံပါး၌ အချင်းချင်းဖြင့် ပိုင်းခြားလျက် ရှိသည်။ သွားနှစ်ချောင်းတို့သည် တစ်ပေါင်းတည်း မရှိကုန်။

(၅) အရေ

အရေထူသည်ကား-

(လုံးစုက ဆိးစေ့မျှရှိသော အရေပါးသည် အမည်းအညို အဝါ စသော အဆင်းရှိ၏။ ပါဠိစကား ဆဝိ ဖြစ်၏။)

အဆင်းအားဖြင့် ဖြူသော အဆင်းရှိ၏။
သဏ္ဌာန်အားဖြင့် ကိုယ်၏သဏ္ဌာန်ရှိ၏။
အရပ်အားဖြင့် အထက်အောက် နှစ်ပါးသော အရပ်တို့၌ ဖြစ်၏။
တည်ရာအားဖြင့် တစ်ကိုယ်လုံးကို ခြေုံးယုက်ရစ်ပတ်လျက် တည်၏။

မိမိအဖို့ဖြင့် ပိုင်းခြားခြင်းအားဖြင့် အောက်ဘက်အတွင်းဘက်၌ တည်ရာ အရပ်အပြင်ဖြင့်၊ အထက်ဘက် အပြင်ဘက်၌ ဟင်းလင်းအရပ်ဖြင့် ပိုင်းခြားလျက် ရှိသည်။ (တစော=အရေထူ၊ ဆဝိ=အရေပါး)

(၆) အသား

အသားတို့သည်–

အဆင်းအားဖြင့် ပေါက်ပန်းကဲ့သို့ နီ၏။
သဏ္ဌာန်အားဖြင့် အမျိုးမျိုးရှိ၏။
အရပ်အားဖြင့် အထက် အောက် နှစ်ပါးသော အရပ်တို့၌ ဖြစ်၏။
တည်ရာအားဖြင့် ၃၂၀–သောအရိုးတို့ကို လိမ်းကျံတွယ်ကပ်လျက် တည်၏။

မိမိအဖို့ဖြင့် ပိုင်းခြားခြင်းအားဖြင့် အောက်ဘက်အတွင်းဘက်၌ အချင်းချင်း ဆက်စပ်နေသောအနီး၌ တည်ရာအပြင်ဖြင့်၊ အထက်ဘက်အပြင်ဘက်၌ အရေဖြင့်၊ ဖီလာပတ်ဝန်းကျင်၌ အချင်းချင်းဖြင့် ပိုင်းခြားလျက် ရှိသည်။

(၇) အကြော

၉၀၀–သော အကြောတို့သည်–

အဆင်းအားဖြင့် ဖြူကုန်၏။
သဏ္ဌာန်အားဖြင့် အမျိုးမျိုးသော သဏ္ဌာန် ရှိကုန်၏။
အရပ်အားဖြင့် အထက်အောက် အရပ်နှစ်ပါး၌ ဖြစ်ကုန်၏။
တည်ရာအားဖြင့် တစ်ကိုယ်လုံး၌ ဖွဲ့ယှက်လျက် တည်ကုန်၏။

မိမိအဖို့ဖြင့် ပိုင်းခြားခြင်းအားဖြင့် အောက်ဘက်၌ ၃၀၀–သော အရိုးတို့၏ အထက် တည်ရာအပြင်ဖြင့်၊ အထက်ဘက်၌ အသားနှင့်အရေတို့ကို ထိခိုက်၍ တည်ရာအရပ်တို့ဖြင့် ဖီလာပတ်ဝန်းကျင်၌ အချင်းချင်းဖြင့် ပိုင်းခြားလျက် ရှိသည်။

(၈) အရိုး

သွားမှတစ်ပါးသော အရိုးတို့သည်–

အဆင်းအားဖြင့် ဖြူကုန်၏။
သဏ္ဌာန်အားဖြင့် အမျိုးမျိုးရှိကုန်၏။
အရပ်အားဖြင့် အထက်အောက် ၂–ပါးသော အရပ်တို့၌ ဖြစ်ကုန်၏။
တည်ရာအားဖြင့်(သာမန်အားဖြင့်)တစ်ကိုယ်လုံး၌ တည်ကုန်၏။

မိမိအဖို့ဖြင့် ပိုင်းခြားခြင်းအားဖြင့် အတွင်းဘက်၌ ရိုးတွင်းခြင်ဆီဖြင့်၊ အပြင်ဘက်၌ အသားဖြင့်၊ အဖျားနှင့်အရင်းဘက်၌ အချင်းချင်းဖြင့် ပိုင်းခြားလျက် ရှိသည်။

## (၉) ရိုးတွင်းခြင်ဆီ

ရိုးတွင်းခြင်ဆီသည်—

အဆင်းအားဖြင့် ဖြူ၏။
သဏ္ဌာန်အားဖြင့် ပြုတ်ထားသော ကြိမ်ညွန့် နှ၊ ရင့်သဏ္ဌာန်ရှိ၏။
အရပ်အားဖြင့် အထက်အောက် အရပ်(၂)ပါးတို့၌ ဖြစ်၏။
တည်ရာအားဖြင့် အရိုးတို့၏အတွင်း၌ တည်၏။

မိမိအဖို့ဖြင့် ပိုင်းခြားခြင်းအားဖြင့် အရိုးတို့၏အတွင်းဘက် မျက်နှာပြင်တို့ဖြင့် ပိုင်းခြားလျက် ရှိ၏။

## (၁၀) အညှို့

အညှာတစ်ခုတည်း၌ ဖွဲ့တွယ်လျက်ရှိသော အသားစိုင်နှစ်ခု ဖြစ်သော အညှို့သည်- အဆင်းအားဖြင့် စဉ်းငယ်နီ၏။

သဏ္ဌာန်အားဖြင့် ပူးထားသော ဂေါ်လီလုံးနှစ်လုံး သဏ္ဌာန်ရှိ၏။

အရပ်အားဖြင့် အထက်အရပ်၌ ဖြစ်၏။

တည်ရာအားဖြင့် လည်မျိုမှ ထွက်သော တစ်ခုသော အညှာရင်းဖြင့် အတန်ငယ် ဆင်းသွားပြီးလျှင် နှစ်ဖြာကွဲသော အကြောကြီးဖြင့် ဖွဲ့တွယ်လျက် နှလုံးသားကို ခြံရံ၍ တည်၏။

မိမိအဖို့ဖြင့် ပိုင်းခြားခြင်းအားဖြင့် အညှို့ကို အညှို့အဖို့ဖြင့် ပိုင်းခြားလျက် ရှိသည်။

## (၁၁) နှလုံး

နှလုံးသည်—

အဆင်းအားဖြင့် နီ၏။
သဏ္ဌာန်အားဖြင့် ဇောက်ထိုးဆွဲထားသော ပဒုမ္မာကြာငုံသဏ္ဌာန် ရှိ၏။
အရပ်အားဖြင့် အထက်အရပ်၌ ဖြစ်၏။
တည်ရာအားဖြင့် သားမြတ်နှစ်ခုတို့၏ကြား ကိုယ်တွင်း၌ တည်၏။
မိမိအဖို့ အပိုင်းအခြားအားဖြင့် နှလုံးအဖို့ဖြင့် ပိုင်းခြားလျက် ရှိ၏။

(၁၂) အသည်း

အသားလွှာအစုံဟု ဆိုအပ်သော အသည်းသည်–

အဆင်းအားဖြင့် နီ၏။
သဏ္ဌာန်အားဖြင့် ပင်လယ်ကသစ်ရွက်သဏ္ဌာန် ရှိ၏။
အရပ်အားဖြင့် အထက်အရပ်၌ ဖြစ်၏။
တည်ရာအားဖြင့် နှစ်ခုသောသားမြတ်တို့၏ အတွင်း၌ လက်ယာနံပါးကို မှီ၍ တည်၏။

မိမိအဖို့ အပိုင်းအခြားအားဖြင့် အသည်းအဖို့ဖြင့် ပိုင်းခြားလျက် ရှိ၏။

(၁၃) အမြှေး

နှစ်ပါးသော မြှေးယှက်တတ်သော အသားလွှာဟု ဆိုအပ်သော အမြှေးသည်–

အဆင်းအားဖြင့် ဖြူ၏။
သဏ္ဌာန်အားဖြင့် မိမိတည်ရာအရပ် သဏ္ဌာန် ရှိ၏။
အရပ်အားဖြင့် အထက်အရပ်၌ ဖြစ်၏။

တည်ရာအားဖြင့် ဖုံးလွှမ်းတတ်သော အမြှေးသည် နှလုံးနှင့် အညှို့ကို ဖုံးလွှမ်းလျက် တည်ရှိ၏။ မဖုံးလွှမ်းတတ်သော အမြှေးသည် တစ်ကိုယ်လုံး၌ အရေ၏အောက်၌ ရှိသော အသားကို မြှေးယှက်လျက် တည်၏။

မိမိအဖို့ အပိုင်းအခြားအားဖြင့် အောက်ဘက်၌ အသားဖြင့် အထက်ဘက်၌ အရေဖြင့် ဖီလာပတ်ဝန်းကျင်၌ အမြှေးအဖို့ဖြင့် ပိုင်းခြားလျက် ရှိ၏။

(၁၄) အဖျဉ်း

အစာသစ်အိမ်၏ အထက်စောင်း၌ တည်သော ဝမ်းလွှာ အသားတုံး ဖြစ်သော သရက်ရွက်ခေါ် အဖျဉ်းသည်–

အဆင်းအားဖြင့် ညို၏။
သဏ္ဌာန်အားဖြင့် နွားငယ်၏လျှာသဏ္ဌာန် ရှိ၏။
အရပ်အားဖြင့် အထက်အရပ်၌ တည်၏။
တည်ရာအားဖြင့် နှလုံး၏လက်ဝဲဘက်၌ အစာသစ်အိမ်လွှာ၏ အထက်ဘက်ကို မှီ၍ တည်၏။

မိမိအဖို့ အပိုင်းအခြားအားဖြင့် အမြေးအဖို့ဖြင့် ပိုင်းခြားလျက် ရှိ၏။

(၁၅) **အဆုတ်**

အသားပိုင်း နှစ်ခုသုံးခုရှိသော အဆုတ်သည်–

အဆင်းအားဖြင့် နီ၏။

သဏ္ဌာန်အားဖြင့် မညီမညွတ် ဖြတ်ထားသော ထူသော မုန့်ပိုင်းသဏ္ဌာန် ရှိ၏။

အရပ်အားဖြင့် အထက်အရပ်၌ ဖြစ်၏။

တည်ရာအားဖြင့် ကိုယ်၏အတွင်း၌ သားမြတ်နှစ်ခုတို့၏ အကြား၌ နှလုံးနှင့် အသည်းကို ဖုံးအုပ်ထားကာ တွဲရရွဲ ဆွဲလျက် တည်၏။

မိမိအဖို့ အပိုင်းအခြားအားဖြင့် အဆုတ်အဖို့ဖြင့် ပိုင်းခြားလျက် ရှိ၏။

(၁၆) **အူမ**

အူမခွေသည်–

အဆင်းအားဖြင့် ဖြူ၏။

သဏ္ဌာန်အားဖြင့် ခေါင်းဖြတ်မြွေသဏ္ဌာန် ရှိ၏။

အရပ်အားဖြင့် ၂–ပါးသော အရပ်တို့၌ ဖြစ်၏။

တည်အားအားဖြင့် လည်မျိုအစ၊ စအိုဝ အဆုံးရှိသော ကိုယ်အတွင်း၌ တည်၏။

မိမိအဖို့ အပိုင်းအခြားအားဖြင့် အူမအဖို့ဖြင့် ပိုင်းခြားလျက် ရှိ၏။

(၁၇) **အူသိမ်**

အူမခွေအရပ်တို့၌ ဖွဲ့တွယ်ထားသော အူသိမ်သည်–

အဆင်းအားဖြင့် ဖြူ၏။

သဏ္ဌာန်အားဖြင့် ကြာသိမ်မြစ် မှော်မြစ်သဏ္ဌာန်ရှိ၏။

အရပ်အားဖြင့် ၂–ပါးသော အရပ်တို့၌ ဖြစ်၏။

တည်ရာအားဖြင့် ၂၁–ခုသော အူမခွေတို့၏အကြား၌ ချုပ်စပ်လျက် တည်၏။

မိမိအဖို့ အပိုင်းအခြားအားဖြင့် အူသိမ်အဖို့ဖြင့် ပိုင်းခြားလျက် ရှိ၏။

## (၁၈) အစာသစ်

စား၊ သောက်၊ ခဲလျက်ထားသော အစာသစ်သည်–

အဆင်းအားဖြင့် စားမျိုထားသော အစာအဆင်း ရှိ၏။

သဏ္ဌာန်အားဖြင့် အဝတ်ရေစစ်၌ လျော့လျော့ထုပ်ထားသော ဆန်များ သဏ္ဌာန် ရှိ၏။

အရပ်အားဖြင့် အထက်အရပ်၌ရှိ၏။

တည်ရာအားဖြင့် အစာသစ်အိမ်ဟူသော ဝမ်း၌ တည်၏။

မိမိအဖို့ အပိုင်းအခြားအားဖြင့် အစာသစ်အိမ် အသားလွှာဖြင့် လည်းကောင်း၊ အစာသစ်အဖို့ဖြင့်လည်းကောင်း၊ ပိုင်းခြားလျက် ရှိ၏။

## (၁၉) အစာဟောင်း

ကျင်ကြီးဟု ဆိုအပ်သော အစာဟောင်းသည်–

အဆင်းအားဖြင့် စာမျိုအပ်သော အစာ၏ အဆင်းသာ ဖြစ်တတ်၏။

သဏ္ဌာန်အားဖြင့် တည်ရာအရပ်၏ သဏ္ဌာန်ရှိ၏။

အရပ်အားဖြင့် အောက်အရပ်၌ ဖြစ်၏။

တည်ရာအားဖြင့် အစာကျက်အိမ်(အစာဟောင်းအိမ်)၌ တည်၏။

မိမိအဖို့ အပိုင်းခြားအားဖြင့် အစာဟောင်းအိမ် အလွှာဖြင့်လည်းကောင်း၊ ကျင်ကြီးအဖို့ဖြင့်လည်းကောင်း ပိုင်းခြား၏။

## (၂၀) ဦးနှောက်

ဦးခေါင်းခွံအတွင်းရှိ ခြင်ဆီအစုဖြစ်သော ဦးနှောက်သည်–

အဆင်းအားဖြင့် ဖြူ၏။

တည်ရာအားဖြင့် တည်ရာအရပ်သဏ္ဌာန် ရှိ၏။

အရပ်အားဖြင့် အထက်အရပ်၌ ဖြစ်၏။

မိမိအဖို့ အပိုင်းအခြားအားဖြင့် ဦးခေါင်းခွံ၏ အတွင်းဘက် မျက်နှာပြင်တို့ ဖြင့်လည်းကောင်း၊ ဦးနှောက်အဖို့ဖြင့်လည်းကောင်း ပိုင်းခြားလျက် ရှိ၏။

## (၂၁) သည်းခြေ

သည်းခြေသည် ဖွဲ့အပ်သော သည်းခြေ၊ မဖွဲ့အပ်သောသည်းခြေ ဟူ၍ နှစ်မျိုး ရှိ၏။ ဖွဲ့အပ်သောသည်းခြေသည် ပျစ်ခွဲသော သစ်မည်စည်သီး အဆင်း ရှိ၏။ မဖွဲ့အပ်သောသည်းခြေသည် ညှိုးသော တောင်ကျည်းပန်း အဆင်း ရှိ၏။

သဏ္ဌာန်အားဖြင့် တည်ရာအရပ်သဏ္ဌာန် ရှိ၏။

အရပ်အားဖြင့် ဖွဲ့အပ်သောသည်းခြေသည် အထက်အရပ်၌ ဖြစ်၏။ မဖွဲ့အပ်သော သည်းခြေသည် နှစ်ပါးသော အရပ်တို့၌ ဖြစ်၏။

တည်ရာအားဖြင့် ဆံပင်၊ အမွေး၊ သွား၊ ခြေသည်း၊ လက်သည်းတို့၏ အသားမှ လွတ်နေသောအရပ်ကို လည်းကောင်း၊ မာခြောက်နေသော အရေကို လည်းကောင်း၊ ချန်ထား၍ ကြွင်းသောတစ်ကိုယ်လုံး၌ ပျံ့နှံ့လျက် တည်၏။

မိမိအဖို့ အပိုင်းအခြားအားဖြင့် သည်းခြေအဖို့ဖြင့် ပိုင်းခြားလျက် ရှိ၏။

## (၂၂) သလိပ်

ကိုယ်၏ အတွင်း၌ တစ်ကွမ်းဆား, တစ်စလယ် ပမာဏရှိသော သလိပ် သည်–

အဆင်းအားဖြင့် ဝက်ချေးပနဲရွက်ရည်အဆင်းကဲ့သို့ ဖြူ၏။

သဏ္ဌာန်အားဖြင့် တည်ရာအရပ်သဏ္ဌာန်ရှိ၏။

အရပ်အားဖြင့် အထက်အရပ်၌ ဖြစ်၏။

တည်ရာအားဖြင့် အစာသစ်အိမ်ဟူသော ဝမ်းလွှာအူခေါင်း၌ တည်၏။

မိမိအဖို့ အပိုင်းအခြားအားဖြင့်သလိပ်အဖို့ဖြင့် ပိုင်းခြားလျက်ရှိ၏။

## (၂၃) ပြည်

ပုပ်သော သွေးဖြစ်သော ပြည်သည်–

အဆင်းအားဖြင့် ဖျော့တော့တော့ သစ်ရွက်ရော်အဆင်း ရှိ၏။ သူသေကောင်၌ ပျစ်ခွဲသော ထမင်းရည် အပုပ်အသိုး အဆင်းရှိ၏။

သဏ္ဌာန်အားဖြင့် တည်ရာသဏ္ဌာန် ရှိ၏။

အရပ်အားဖြင့် နှစ်ပါးသော အရပ်တို့၌ ဖြစ်၏။

တည်ရာအားဖြင့် အမြဲတမ်း တည်ရာမရှိ။

မိမိအဖို့ အပိုင်းအခြားအားဖြင့် ပြည်၏အဖို့ဖြင့် ပိုင်းခြားလျက် ရှိ၏။

(၂၄) သွေး

သွေးသည် စုဝေးရပ်တည်နေသောသွေး၊ ရွေ့လျားသွားနေသော သွေးအားဖြင့် နှစ်မျိုးရှိ၏။

အဆင်းအားဖြင့် စုဝေးရပ်တည်နေသော သွေးသည် ချက်ထားပြီးသော ပျစ်ချွဲသော ချိပ်ရည် အဆင်းရှိ၏။ သွားလာနေသာ သွေးသည် ကြည်သော ချိပ်ရည် အဆင်း ရှိ၏။

သဏ္ဌာန်အားဖြင့် တည်ရာအရပ်သဏ္ဌာန် ရှိ၏။

အရပ်အားဖြင့် စုဝေးရပ်တည်နေသော သွေးသည် အထက်အရပ်၌ ဖြစ်၏။ ရွေ့လျားနေသောသွေးသည် ၂-ပါးသော အရပ်တို့၌ ဖြစ်၏။

တည်ရာအားဖြင့် ရွေ့လျားနေသော သွေးသည် ဆံပင်၊ အမွေး၊ လက်သည်းခြေသည်းတို့၏ အသားမှ လွတ်နေသော အရပ်ကိုလည်းကောင်း၊ မာခြောက်နေသော အရေကိုလည်းကောင်း၊ ချန်လှပ်၍ ကြွင်းသော အလုံးစုံသော ကိုယ်ကို သွေးကြောကွန်ရက်ကို အစဉ်လျှောက်သဖြင့် ပျံ့နှံ့လျက် တည်၏။

မိမိအဖို့ အပိုင်းအခြားအားဖြင့် သွေး၏အဖို့ပြင် ပိုင်းခြားလျက် ရှိ၏။

(၂၅) ချွေး

အမွေးတွင်း စသည်တို့မှ ယိုထွက်သော အာပေါဓာတ်ဟု ဆိုအပ်သော ချွေးသည်-

အဆင်းအားဖြင့် ကြည်လင်သော နှမ်းဆီ အဆင်းရှိ၏။
သဏ္ဌာန်အားဖြင့် တည်ရာအရပ်သဏ္ဌာန် ရှိ၏။
အရပ်အားဖြင့် နှစ်ပါးသောအရပ်တို့၌ ဖြစ်၏။
တည်ရာအားဖြင့် အမြဲတမ်း တည်ရာ မရှိပေ။

မိမိအဖို့ အပိုင်းအခြားအားဖြင့် ချွေး၏အဖို့ဖြင့် ပိုင်းခြားလျက် ရှိ၏။

(၂၆) အဆီခဲ

ခဲနေသော အဆီကို အဆီခဲဟု ခေါ်သည်။ ထိုအဆီခဲသည်-

အဆင်းအားဖြင့် ခြမ်းအပ်သော နနွင်းသားအဆင်းရှိ၏။

သဏ္ဌာန်အားဖြင့် ဝသောသူမှာ အရေနှင့်အသားတို့၏ အကြား၌ နနွင်းရောင်ဘွဲ့ဖြူပုဆိုးကြမ်း ထည့်ထားသကဲ့သို့ သဏ္ဌာန်ရှိ၏။ ပိန်သောသူမှာ သလုံးသား၊

ပေါင်သား၊ ကျောက်ဆူးရိုးကို မှီသော ကျောက်ကုန်းသား၊ ဝမ်းပျဉ်းသား ဟူသော ဤအသားတို့ကို မှီ၍ နှစ်ထပ်သုံးထပ် ပြုလျက်ထားသော နနွင်းရောင်ဘွဲ့ပြုပုဆိုးကြမ်း သဏ္ဍာန် ရှိ၏။

အရပ်အားဖြင့် နှစ်ပါးသော အရပ်တို့၌ ဖြစ်၏။

တည်ရာအားဖြင့် ဝသောသူအား တစ်ကိုယ်လုံးကို ပျံ့လျက် ပိန်သောသူအား သလုံးသား စသည်တို့ကို မှီ၍ တည်၏။

မိမိအဖို့ အပိုင်းအခြားအားဖြင့် အောက်ဘက်၌ အသားဖြင့်၊ အထက်ဘက်၌ အရေဖြင့် ဖီလာပတ်ဝန်းကျင်၌ အဆီခဲအဖို့ဖြင့် ပိုင်းခြားလျက် ရှိ၏။

## (၂၇) မျက်ရည်

မျက်စိတို့မှ ယိုထွက်သော အာပေါဓာတ်ဟူသော မျက်ရည်သည်–

အဆင်းအားဖြင့် ကြည်သော နှမ်းဆီအဆင်း ရှိ၏။

သဏ္ဍာန်အားဖြင့် တည်ရာ အရပ်သဏ္ဍာန် ရှိ၏။

အရပ်အားဖြင့် အထက်အရပ်၌ ဖြစ်၏။

တည်ရာအားဖြင့် မျက်တွင်းတို့၌ တည်၏။

မိမိအဖို့ အပိုင်းအခြားအားဖြင့်မျက်ရည်၏အဖို့ဖြင့် ပိုင်းခြားလျက် ရှိ၏။

## (၂၈) ဆီကြည်

မခဲမူ၍ကြည်နေသောဆီသည် ဆီကြည် ဖြစ်သည်။ ထိုဆီကြည်သည်–

အဆင်းအားဖြင့် အုန်းဆီအဆင်း ရှိ၏။

သဏ္ဍာန်အားဖြင့် ရေချိုးသောအခါ၌ ကြည်သောရေ၏အထက်၌ တည်နေသော ဆီပေါက်၏ပျံ့ဟန် သဏ္ဍာန် ရှိ၏။

အရပ်အားဖြင့် နှစ်ပါးသောအရပ်တို့၌ ဖြစ်၏။

တည်ရာအားဖြင့်မူ အများအားဖြင့် လက်ဖဝါး၊ မျက်နှာပြင်၊ လက်ဖမိုး၊ ခြေဖဝါးအပြင်၊ ခြေဖမိုး၊ နှာခေါင်းဖူ၊ နဖူး၊ ပခုံးစွန်းတို့၌ တည်၏။

မိမိအဖို့ အပိုင်းအခြားအားဖြင့် ဆီကြည်အဖို့ဖြင့် ပိုင်းခြားလျက် ရှိ၏။

## (၂၉) တံတွေး

ခံတွင်းအတွင်း၌ အမြှုပ်နှင့် ရောသော အာပေါဓာတ်ဟု ဆိုအပ်သော တံတွေးသည်–

အဆင်းအားဖြင့် ရေမြှုပ်ကဲ့သို့ ဖြူသောအဆင်း ရှိ၏။
သဏ္ဌာန်အားဖြင့် တည်ရာအရပ် သဏ္ဌာန် ရှိ၏။
အရပ်အားဖြင့် အထက်အရပ်၌ ဖြစ်၏။
တည်ရာအားဖြင့် နှစ်ဖက်သော ပါးစောင်တို့မှ သက်ဆင်း၍ လျှာ၌ တည်၏။ လျှာဖျား၌ ကျဲ၏။ ပါး၏။ လျှာရင်း၌ ပျစ်ခွဲ၏။

မိမိအဖို့အပိုင်းအခြားအားဖြင့် တံတွေးအဖို့ဖြင့် ပိုင်းခြားလျက် ရှိ၏။

(၃၀) နှပ်

ဦးနှောက်မှ ယိုထွက်ကျသော မစင်ကြယ်သော အရာဖြစ်သော နှပ်သည်–

အဆင်းအားဖြင့် နုသော ထန်းသီးဆံ အဆင်းရှိ၏။
သဏ္ဌာန်အားဖြင့် တည်ရာ အရပ်သဏ္ဌာန် ရှိ၏။
အရပ်အားဖြင့် အထက်အရပ်၌ ဖြစ်၏။
တည်ရာအားဖြင့် နှာခေါင်းဖုတို့ကို ပြည့်စေလျက် တည်၏။

မိမိအဖို့ အပိုင်းအခြားအားဖြင့် နှပ်အဖို့ အပိုင်းအခြားအားဖြင့် ပိုင်းခြားလျက် ရှိ၏။

(၃၁) အစေး

ကိုယ်တွင်းအရိုးအဆက်တို့အကြား၌ ကျိချွဲသော အစေးပုပ်ဖြစ်သော အစေးသည်–

အဆင်းအားဖြင့် မဟာလှေကားပင်၏ အစေးနှင့်တူသော အဆင်းရှိ၏။
သဏ္ဌာန်အားဖြင့် တည်ရာအရပ်သဏ္ဌာန် ရှိ၏။
အရပ်အားဖြင့် နှစ်ပါးသောအရပ်တို့၌ ဖြစ်၏။
တည်ရာအားဖြင့် အရိုးဆက်တို့၏ နယ်ဆီကိစ္စကို ပြီးစေလျက် ၁၈၀–သောအရိုးဆက်တို့အကြား၌ တည်၏။

မိမိအဖို့ အပိုင်းအခြားအားဖြင့် အစေးအဖို့ဖြင့် ပိုင်းခြားလျက် ရှိ၏။

(၃၂) ကျင်ငယ်

ကျင်ငယ်သည် ဆီးရည် ဖြစ်၏။

အဆင်းအားဖြင့် ပဲကြီးပြားရည် အဆင်းရှိ၏။

သဏ္ဌာန်အားဖြင့် မှောက်ထားသော ရေအိုးအတွင်းရှိသော ရေသဏ္ဌာန် ရှိ၏။

အရပ်အားဖြင့် အောက်အရပ်၌ ဖြစ်၏။

တည်ရာအားဖြင့် ဆီးအိမ် စည်ဖောင်း၏အတွင်း၌ တည်၏။

မိမိအဖို့ အပိုင်းအခြားအားဖြင့် ဆီးအိမ်စည်ဖောင်း၏ အတွင်းအရပ်ဖြင့်လည်းကောင်း၊ ကျင်ငယ်အဖို့ဖြင့်လည်းကောင်း ပိုင်းခြားလျက် ရှိ၏။

သို့ဖြစ်၍ သုံးဆယ့်နှစ် ကောဋ္ဌာသဆိုသည်မှာ စက်ဆုပ်ဖွယ်, ရွံ့ရှာဖွယ် မနှစ်မြို့ဖွယ်၏အစွမ်းအားဖြင့် နှလုံးသွင်းရန် ဗုဒ္ဓမြတ်စွာ ဟောကြားထားသော ကမ္မဋ္ဌာန်းတရား ဖြစ်သည်။ ဤသုံးဆယ့်နှစ်ကောဋ္ဌာသသည် ကာယဂတာ သတိ ကမ္မဋ္ဌာန်းပင် ဖြစ်ပါသည်။

လူသတ္တဝါတစ်ဦး၏ ကိုယ်ကာယကို ခွဲစိတ်လေ့လာကြည့်လျှင်–

ခြေဖဝါးပြင်မှစ၍ အထက်၊ ဆံဖျားမှစ၍ အောက်၊ အရေပါးမှစ၍ ဖီလာပတ်ဝန်းကျင်ဟူသော ဤမျှ အတိုင်းအရှည်ရှိသော တစ်လံမျှလောက်သော ကိုယ်ထဲ၌ နည်းပေါင်းစုံဖြင့် စူးစမ်းရှာဖွေသော်လည်း၊ တစ်စုံတစ်ယောက်သော သူသည် တစ်စုံတစ်ခုသော ပုလဲကိုသော်လည်းကောင်း၊ ပတ္တမြားကိုသော်လည်းကောင်း၊ ကြောင်မျက်ရွဲကိုသော်ကောင်း၊ အကျော်ကိုသော်လည်းကောင်း၊ ကုက်မံကိုသော်လည်းကောင်း၊ ပရုပ်ကိုလည်းကောင်း၊ အခိုးအထုံအမှုန့် စသည်ကိုသော်လည်းကောင်း၊ နံ့သာဖြူနီ စသော အမွှေးအကြိုင်ကိုသော်လည်းကောင်း ထိုကဲ့သို့ စင်ကြယ်သန့်ရှင်း မွှေးကြိုင်သော ပစ္စည်းဝတ္ထုသဘောကို အဏုမြူမျှလောက်ပင် မတွေ့မမြင်ရပေ။

ဤကိုယ်ကာယ တစ်လံမျှလောက်၏ အတွင်း၌ အမှန်တကယ် တွေ့ရှိရသည်မှာ ပုပ်ညှီနံစော်၍ ကျက်သရေမဲ့ မြင်ကွင်းဖြစ်သော အမျိုးမျိုးသော ဆံပင် အမွေး စသည်အပြားရှိသော မစင်မကြယ် စက်ဆုပ်ဖွယ်ကိုသာလျှင် တွေ့မြင်ရ၏။

ထို့ကြောင့် သုံးဆယ်နှစ်ကောဋ္ဌာသဆိုသည်မှာ စက်ဆုပ်ရွံ့ရှာဖွယ်၊ မနှစ်မြို့ဖွယ်တို့ဖြင့် ပြည့်နှက်နေသော ဆံပင် စသော သုံးဆယ့်နှစ်ပါးသော အစုအဝေးတို့ဖြင့် ပေါင်းစည်းထားသော ဤကိုယ်ကာယ တစ်လံမျှကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။

## သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းစီးဖြန်းပုံ

သုံးဆယ်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းစီးဖြန်းရာ၌

(၁) ဥဂ္ဂဟကောသလ္လ = သင်ယူမှု၌ ကျွမ်းကျင်ကြောင်း အစီအရင်၊

(၂) မနသိကာရကောသလ္လ =နှလုံးသွင်းမှု၌ ကျွမ်းကျင်ကြောင်း အစီအရင် –

ဟူသောနည်း နှစ်နည်းဖြင့် စီးဖြန်းရမည် ဖြစ်ပါသည်။

### (၁) သင်ယူမှု၌ ကျွမ်း၊ကျင်ကြောင်း အစီအရင်

(က) နှုတ်ဖြင့် ရွတ်ဆိုပုံ၊
(ခ) စိတ်ဖြင့် ရွတ်ဆိုပုံ၊
(ဂ) အဆင်းဖြင့် ပိုင်းခြားပုံ၊
(ဃ) ပုံသဏ္ဍာန်အားဖြင့် ပိုင်းခြားပုံ၊
(င) အရပ်မျက်နှာအားဖြင့် ပိုင်းခြားပုံ၊
(စ) တည်ရာအားဖြင့် ပိုင်းခြားပုံ၊
(ဆ) အပိုင်းအခြားအားဖြင့် ပိုင်းခြားပုံ၊

(၁) သဘာဂပရိစ္ဆေဒ = မိမိအဖို့ဖြင့် ပိုင်းခြားခြင်း၊
(၂) ဝိသဘာဂပရိစ္ဆေဒ = အခြားအဖို့ဖြင့် ပိုင်းခြားခြင်း၊

### (၂) နှလုံးသွင်းမှု၌ ကျွမ်းကျင်ကြောင်း အစီအရင်

(က) ဆံပင် အမွေးစသော အစဉ်အားဖြင့်
(ခ) မမြန်လွန်းသော အားဖြင့်
(ဂ) မနှေးလွန်းသောအားဖြင့်
(ဃ) ပျံ့လွင့်ခြင်းကို မြစ်သောအားဖြင့်
(င) ဆံပင် အစရှိသော အမည်ပညတ်ကို ကျော်လွန်ခြင်းအားဖြင့်
(စ) အစဉ်အတိုင်း မထင်သည်ကို လွှတ်သောအားဖြင့်
(ဆ) အပ္ပနာအားဖြင့်

(ဇ, ဈ, ည) သုံးပါးသော သုတ္တန်အားဖြင့် နှလုံးသွင်း ဆင်ခြင်အပ်၏။

## (၁) သင်ယူမှု၌ ကျွမ်းကျင်ကြောင်း အစီအရင်ဖြင့် စီးဖြန်းပုံ

### (က) နှုတ်ဖြင့် ရွတ်ဆိုပုံ

နှုတ်ဖြင့် ရွတ်ဆိုခြင်းကို တစပဥ္စက (အရေလျှင် ငါးခုမြောက် ရှိသော အပိုင်း) စသည်တို့ကို ပိုင်းခြား၍ အနုလုံ, ပဋိလုံ (အစဉ်လိုက်, အပြန်အလှန်) အားဖြင့် ရွတ်ဆိုခြင်းကို ပြုအပ်၏။

ပုံစံအားဖြင့် – "ဆံပင်၊ အမွေး၊ လက်သည်း ခြေသည်း၊ သွား၊ အရေ"ဟု အစဉ်လိုက် အနုလုံအားဖြင့် ရွတ်ဆိုလျှင် တစ်ဖန်"အရေ၊ သွား၊ လက်သည်း ခြေသည်း၊ အမွေး၊ ဆံပင်"ဟု အစဉ်လိုက် ပဋိလုံ အားဖြင့် ရွတ်ဆိုစီးဖြန်းရမည်။

– ဝက္ကပဥ္စက = (အညှိ့လျှင် ငါးခုမြောက်ရှိသော အပိုင်း)၌ "အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှိ့"ဟု အစဉ်လိုက် အနုလုံအားဖြင့် ရွတ်ဆိုပြီး"အညှိ့၊ ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေ၊ သွား၊ လက်သည်းခြေသည်း၊ အမွေး၊ ဆံပင်"ဟု အစဉ်လိုက် ပဋိလုံအားဖြင့် ရွတ်ဆို စီးဖြန်းရမည်။

– ပပ္ဖါသပဥ္စက = (အဆုတ်လျှင် ငါးခုမြောက်ရှိသော အပိုင်း)၌ "နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်"ဟု အစဉ်လိုက် အနုလုံအားဖြင့် ရွတ်ဆိုပြီး"အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး၊ အညှိ့၊ ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေ၊ သွား၊ လက်သည်းခြေသည်း၊ အမွေး၊ ဆံပင်"ဟု အစဉ်အလိုက် ပဋိလုံအားဖြင့် ရွတ်ဆိုပွားများ စီးဖြန်းရမည်။

– မတ္ထလုင်္ဂပဥ္စက = (ဦးနှောက်လျှင် ငါးခုမြောက်ရှိသောအပိုင်း)၌ "အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်"ဟု အစဉ်လိုက် အနုလုံအားဖြင့် ရွတ်ဆိုပြီး"ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ၊ အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး၊ အညှိ့၊ ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေ၊ သွား၊ လက်သည်းခြေသည်း၊ အမွေး၊ ဆံပင်"ဟု အစဉ်လိုက် ပဋိလုံအားဖြင့် ရွတ်ဆိုစီးဖြန်းရမည်။

- မေဒဆက္က = (အဆီခဲလျှင် ခြောက်ခုမြောက်ရှိသော အပိုင်း) ၌ "သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ"ဟု အစဉ်လိုက် အနုလုံအားဖြင့် ရွတ်ဆိုပြီး"အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ၊ ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ၊ အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး၊ အညှို့၊ ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေ၊ သွား၊ လက်သည်းခြေသည်း၊ အမွေး၊ ဆံပင်"ဟု အစဉ်လိုက် ပဋိလုံအားဖြင့် ရွတ်ဆို စီးဖြန်းရမည်။
- မုတ္တဆက္က = (ကျင်ငယ်လျှင် ခြောက်ခုမြောက်ရှိသောအပိုင်း)၌ "မျက်ရည်၊ ဆီကြည်၊ တံထွေး၊ နှပ်၊ အစေး၊ ကျင်ငယ်"ဟု အစဉ်လိုက် အနုလုံအားဖြင့် စီးဖြန်းပြီး တစ်ဖန် အစဉ်လိုက် ပဋိလုံအားဖြင့် "ကျင်ငယ်၊ အစေး၊ နှပ်၊ တံထွေး၊ ဆီကြည်၊ မျက်ရည်၊ အဆီခဲ၊ သွေး၊ ချွေး၊ ပြည်၊ သလိပ်၊ သည်းခြေ၊ ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ၊ အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး၊ အညှို့၊ ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေ၊ သွား၊ လက်သည်းခြေသည်း၊ အမွေး၊ ဆံပင်၊"ဟု ရွတ်ဆို စီးဖြန်းရမည်။

ဤသို့ အကြိမ်များစွာ နှုတ်ဖြင့် ရွတ်ဆိုစီးဖြန်းရမည်။

## (ခ) စိတ်ဖြင့် ရွတ်ဆိုပုံ

နှုတ်ဖြင့် ရွတ်ဆိုခြင်းကဲ့သို့ စိတ်ဖြင့် ရွတ်ဆိုခြင်း၊ နှလုံးသွင်းခြင်းကိုလည်း ပြုအပ်၏။

မှတ်ချက်။။ နှုတ်ဖြင့် ရွတ်ဆိုခြင်းကြောင့် ကမ္မဋ္ဌာန်းအစဉ်သည် ကျေပွန်၏။ စိတ်သည် ထိုမှဤမှ မပြေးသွားတော့ပေ။ ဆံပင်စသောကောဋ္ဌာသတို့သည် ထင်ရှားကုန်၏။

- စိတ်ဖြင့် နှလုံးသွင်းခြင်းကြောင့် အသုဘလက္ခဏာကို ထိုးထွင်းသိခြင်း သဘောပေါက်ခြင်းကို ကျေးဇူးပြု၏။

## (ဂ) အဆင်းဖြင့် ပိုင်းခြားပုံ

ဆံပင် စသည်တို့ကို အဆင်းအားဖြင့် ပိုင်းခြားအပ်၏။

(ဃ) ပုံသဏ္ဌာန်အားဖြင့် ပိုင်းခြားပုံ

ဆံပင် စသည်တို့ကို ပုံသဏ္ဌာန်အားဖြင့် ပိုင်းခြား မှတ်သားအပ်၏။

(င) အရပ်မျက်နှာအားဖြင့် ပိုင်းခြားပုံ

ဤကိုယ်၌ ချက်မှ အထက်ပိုင်းသည် အထက်အရပ် မျက်နှာ မည်၏။ အောက်ပိုင်းသည် အောက်အရပ်မျက်နှာ မည်၏။ ဤသို့ အရပ်မျက်နှာကို ပိုင်းခြား မှတ်သားအပ်၏။

(စ) တည်ရာအားဖြင့် ပိုင်းခြားပုံ

ထိုထိုကောဋ္ဌာသ၏ တည်ရာကို ပိုင်းခြား မှတ်သားအပ်၏။

(ဆ) အပိုင်းအခြားအားဖြင့် ပိုင်းခြားပုံ

(၁) သဘာဂပရိစ္ဆေဒ (မိမိအဖို့အားဖြင့် ပိုင်းခြားခြင်း)ဆိုသည်မှာ "ဤကောဋ္ဌာသကို အောက်၌လည်းကောင်း၊ အထက်၌လည်းကောင်း၊ ဖီလာပတ်ဝန်းကျင်၌လည်းကောင်း၊ ဤမည်သော အရပ်ဖြင့် ပိုင်းခြားလျက် ရှိသည်"ဟူ၍ ပိုင်းခြားခြင်း ဖြစ်သည်။

(၂) ဝိသဘာဂပရိစ္ဆေဒ (အခြားအဖို့ဖြင့် ပိုင်းခြားခြင်း)ဆိုသည်မှာ "ဆံပင်တို့သည် အမွေးမဟုတ်ကုန်။ အမွေးတို့သည်လည်း ဆံပင်မဟုတ်ကုန်"ဟူ၍ ပိုင်းခြားခြင်းမျိုး ဖြစ်၏။

(၂) နှုတ်လုံးသွင်းမှု၌ ကျွမ်းကျင်ကြောင်း အစီအရင်

(က) ဆံပင်အမွေး စသော အစဉ်အားဖြင့် သုံးဆယ့်နှစ်ကောဋ္ဌာသကို စီးဖြန်းသောအခါ ဆံပင်၊ အမွေး အစရှိသော အစဉ်အားဖြင့် နှုတ်လုံးသွင်းအပ်၏။ တစ်ခုကျော် နှစ်ခုကျော် စသည်အားဖြင့် နှုတ်လုံးမသွင်းအပ်ပေ။ ကျော်လွှန်၍ နှုတ်လုံးသွင်းက ဘာဝနာ၏ ပြည့်စုံမှုကို မပြီးစေနိုင်ပေ။

(ခ) မမြန်လွန်းသောအားဖြင့် နှုတ်လုံးသွင်းရမည်။

(ဂ) မနှေးလွန်းသောအားဖြင့် နှုတ်လုံးသွင်းရမည်။ မြန်လွန်း နှေးလွန်းက တရားထူးကို မဆောင်နိုင်ပေ။

(ဃ) ပျံ့လွင့်ခြင်းကို မြစ်သောအားဖြင့် ဟူသည်ကား–ကမ္မဋ္ဌာန်းကို စွန့်လွှတ်ရန် အပြင်အပဖြစ်သော အမျိုးမျိုးသော အာရုံ၌ စိတ်

ပျံ့လွင့်ခြင်းကို တားမြစ်ခြင်း ဖြစ်၏။ ပြင်ပအာရုံ၌ ပျံ့လွင့်သော် ကမ္မဋ္ဌာန်းသည် ဆုတ်ယုတ်ပျောက်ပျက်၏။

(င) ပညတ်ကို ကျော်လွန်သောအားဖြင့် ဟူသည်ကား ဆံပင်၊ အမွေး၊ စသော အမည်ပညတ်ကို ကျော်၍ စက်ဆုတ်ဖွယ်ဟု စိတ်ကို ထားအပ်၏။

(စ) အစဉ်အတိုင်း(မထင်သည်ကို) လွှတ်သောအားဖြင့် ဟူသည်ကား မထင်သောကောဋ္ဌာသကို လွှတ်၍ နှလုံးသွင်းခြင်းပင် ဖြစ်သည်။

(ဆ) အပ္ပနာအားဖြင့် ဟူရာ၌ အပ္ပနာဖြစ်ရာ ကောဋ္ဌာသအားဖြင့် ဆံပင်စသည်တို့တွင် တစ်ခုခုသော ကောဋ္ဌာသ၌ အပ္ပနာဖြစ်သည်ဟု သိအပ်၏။

(ဇ, ဈ, ည) သုံးပါးကုန်သော သုတ္တန်တို့ဟူရာ၌–

"လွန်ကဲထူးမြတ်သော သမထ, ဝိပဿနာစိတ်ကို အားထုတ်သူသည် ရံဖန်ရံခါ သမာဓိနိမိတ်ကို၊ ရံဖန်ရံခါ ပဂ္ဂဟ(ဝီရိယ၏အကြောင်းအာရုံ ဟူသော) နိမိတ်ကို၊ ရံဖန်ရံခါ ဥပေက္ခာ(ဥပေက္ခာ၏အကြောင်းအာရုံဟူသော)နိမိတ်ကို နှလုံးသွင်း၏။ ထို့ကြောင့် ထိုဘာဝနာစိတ်သည် နူးညံ့လည်း နူးညံ့၏။ အမှု၌ လည်း ခံ့ပေ၏။ အညစ်အကြေး ကင်းလျက် သန့်ရှင်းတောက်ပလည်း တောက်ပ ပေ၏။ ချို့ယွင်းပျက်စီးခြင်းလည်း မရှိပေ။ အာသဝေါတရားကို ကုန်ရန်အတွက် ကောင်းစွာ တည်ကြည်ပေ၏။ (ဣဒ္ဓိဝိဓ စသော)ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု ထိုက်သော အကြင်အကြင်တရားကို ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုရန်အတွက် စိတ်ကို ရှေးရှုညွတ်စေလျှင် (ပုဗ္ဗဟေတု စသော)အကြောင်း ရှိတိုင်း ရှိတိုင်း ထိုမျက်မှောက် ပြုထိုက်သော တရား၌ မျက်မြင်ကိုယ်တွေ့ရှိသူ ဖြစ်ထိုက်ခြင်းသို့ ရောက်ပေ၏"ဟူသော ဤသုတ်ကို အဓိစိတ္တသုတ်ဟု သိအပ်၏။

"စိတ်ကို နှိပ်သင့်သောအခါ နှိပ်၏။ မြှောက်ပင့်သင့်သောအခါ မြှောက်ပင့် ၏။ ရွှင်သင့်သောအခါ ရွှင်စေ၏။ လျစ်လျူရှုသင့်သောအခါ လျစ်လျူရှု၏။ မြတ်သောမဂ်ဖိုလ်၌ နှလုံးသွင်းကိုင်းညွတ်၏။ နိဗ္ဗာန်၌ မွေ့လျော်၏။ ဤ ၆– ပါးသော တရားတို့နှင့်ပြည့်စုံလျှင် အမြတ်ဆုံးဖြစ်သော အေးချမ်းခြင်း နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်ထိုက်ပေ၏။"ဟူသော ဤသုတ်ကို အနုတ္တရ သီတိဘာဝ သုတ်ဟု သိအပ်၏။

"တွန့်ဆုတ်သော စိတ်ရှိသောအခါ၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ သင့်လျော်သော အခါ မဟုတ်ပေ"စသော ဗောဇ္ဈင်ကောသလ္လသုတ်ကို သိအပ်၏။

အထက်တွင် ပြဆိုခဲ့သည့်အတိုင်း ဥဂ္ဂဟကောသလ္လ၊ မနသိကာရ ကောသလ္လ ဟူသော ကောသလ္လနှစ်ပါးတို့ဖြင့် ကမ္မဋ္ဌာန်းကို ကောင်းစွာ သင်ယူအပ်ပေသည်။ ထိုသို့ သင်ယူခြင်း ပရိကံကို ပြုပြီးနောက် ဆံပင်တို့၌ အသုဘ ထင်ကြောင်းနိမိတ်ကို ယူအပ်၏။

ဤဆိုခဲ့ပြီးသည့်အတိုင်း နိမိတ်ကို ယူပြီးလျှင် အလုံးစုံသော ကောဋ္ဌာသတို့ကို အဆင်း၊ သဏ္ဌာန်၊ အရပ်မျက်နှာ၊ တည်ရာ၊ အပိုင်းအခြားတို့၏ အစွမ်းအားဖြင့် ပိုင်းခြား ဆုံးဖြတ်ပြီးလျှင် အဆင်း၊ သဏ္ဌာန်၊ အနံ့၊ မိုရာ အကြောင်း၊ တည်ရာ တို့၏ အစွမ်းအားဖြင့် စက်ဆုပ်ဖွယ်ရှိသည်၏ အဖြစ်ကို ပိုင်းခြားမှတ်သားအပ်၏၊

**သုံးဆယ့်နှစ်ကောဋ္ဌာသကမ္မဋ္ဌာန်း စီးဖြန်းရခြင်းအကျိုး**

၁။ တရားအားထုတ်ရာ ဌာန၊ ဘာဝနာတို့၌ မပျော်မွေ့ခြင်းနှင့် ကာမဂုဏ်၌ ပျော်မွေ့ခြင်းတို့ကို နှိမ်နင်းနိုင်ပေ၏၊

၂။ ဘေးငယ်၊ ဘေးကြီးကို သည်းခံနိုင်ပေ၏။

၃။ အအေး၊ အပူ၊ အစာ ဆာခြင်း၊ ရေဆာခြင်း၊ မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်းတို့၏ ကိုက်ခဲထိပါးခြင်း အတွေ့ တို့ကို သည်းခံနိုင်ပေ၏၊

၄။ စကားဆိုးတို့ကို သည်းခံနိုင်ပေ၏။

၅။ ကိုယ်၏ဆင်းရဲဝေဒနာတို့ကို သည်းခံနိုင်၏။

၆။ ဆံပင်စသည်တို့၏ အညို၊ အဝါ၊ အနီ၊ အဖြူ ဟူသော အဆင်း အထူးကို မှီ၍ ဈာန် ၄-ပါးတို့ကို ရနိုင်ပေ၏။

၇။ အဘိညာဉ်ကို ထိုးထွင်းသိနိုင်ပေ၏။ ရနိုင်ပေ၏။

ထိုသို့ မပျော်မွေ့မှု ပျော်မွေ့မှုတို့ကို နှိမ်နင်းနိုင်ခြင်းမှစ၍ ဈာန်၄-ပါး နှင့် အဘိညာဉ်တို့ကို ရသည်တိုင်အောင် များစွာသော အကျိုးရှိခြင်းကြောင့် အမြော်အမြင် ဉာဏ်ပညာနှင့်ပြည့်စုံသော ပညာရှိသည် ဤဆိုခဲ့သည့်အတိုင်း များစွာသောအကျိုးအာနိသင်နှင့် ပြည့်စုံသော ဤကာယဂတာသတိခေါ် သုံးဆယ့် နှစ် ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို မမေ့မလျော့ဘဲ စင်စစ်မှန်စွာ အားထုတ်ရမည် ဖြစ်ပေသည်။ ။

# အခန်း(၂)

# သာသနာ၏ အနှစ်သုံးပါး

သံသရာဝဋ်ဆင်းရဲပေါင်းမှ ထွက်မြောက်နိုင်ရန် ဟောကြားအပ်သော မြတ်ဗုဒ္ဓ၏ အဆုံးအမ ဒေသနာတော်ကို"သာသနာ"ဟုခေါ်ပါသည်။ ထိုသာသနာ၏ အနှစ်သာရကား– သီလ၊ သမာဓိ၊ ပညာများပင် ဖြစ်၏။

**(က) သီလ** "သီလ"ဟူသည် ပါဠိဝေါဟာရ ဖြစ်၏။ သို့ရာတွင် မြန်မာတို့ အသုံးအစွဲများသဖြင့် အခြားမြန်မာဝေါဟာရကဲ့သို့ပင် နားလည်ရန် လွယ်ကူပြီး မြန်မာဝေါဟာရ အသွင်ဆောင်နေပြီ ဖြစ်ပေသည်။

### ၁။ သီလ၏အဓိပ္ပာယ်

ပင်ကိုသဘော၊ အလေ့အထ၊ မြင့်မြတ်ကောင်းမွန်သော အကျင့် စသည်တို့သည် သီလသဒ္ဒါ၏ အနက်အဓိပ္ပာယ်များ ဖြစ်၏။ ကိုယ်ဖြင့် ပြုမှု (ကာယကံ)၊ နှုတ်ဖြင့် ပြုမှု(ဝစီကံ)တို့ကို ဖရိုဖရဲ မဖြစ်စေဘဲ ကောင်းစွာထားခြင်း၊ ကောင်းစွာ ဆောင်ခြင်းကို သီလဆောက်တည်သည်ဟု ခေါ်ဝေါ်ကြပါသည်။

### ၂။ သီလ၏အမည်အမျိုးမျိုး

ထိုသီလကား–ငါးပါးသီလ၊ ရှစ်ပါးသီလ စသည်ဖြင့် အမည် အမျိုးမျိုး ရှိပါသည်။ ယင်းတို့ကို ဤ "ဗုဒ္ဓဘာသာ လူတော် လူကောင်း တစ်ယောက်" ကျမ်းစာအုပ် အပိုင်း(၁)၊ အခန်း(၁၃)၌လည်းကောင်း၊ အပိုင်း(၂)၊ အခန်း(၈)၌ လည်းကောင်း အသီးသီး ဖော်ပြပြီးဖြစ်၍ ဤ၌ မဖော်ပြတော့ပါ။ လိုအပ်ပါက ထိုအပိုင်း၊ အခန်းတို့၌ ကြည့်ရှုနိုင်ကြပါသည်။

### ၃။ သီလ၏ဂုဏ်ကျေးဇူးများ

ထိုသီလသည် အထူးခြား အဆန်းကြယ်ဆုံး အဆင်တန်ဆာ ဖြစ်၏။ အမွှေးပျံ့ဆုံး ရနံ့ထူးလည်း ဖြစ်ပါ၏။ ထို့ကြောင့်ပင် ကျမ်းဂန်တို့၌ သီလကို ပရိယာယ်အမျိုးမျိုးဖြင့် ဖော်ပြလတ္တံ့ပါအတိုင်း ပြဆိုထားကြပါသည်–

- သီလံ ယောဂိဿ လင်္ကာရော၊ သီလံ ယောဂိဿ မဏ္ဍနံ။
  သီလေဟိ လင်္ကတော ယောဂီ၊ မဏ္ဍနေ အဂ္ဂတံ ဂတော။

သီလသည် ယောဂီ(တရားကျင့်သူ)၏ ရိုးရိုးအဆင်တန်ဆာ၊ အထူးခြားဆုံး အဆင်တန်ဆာ မည်၏။ သီလဖြင့် တန်ဆာဆင်သော ယောဂီသည် တန်ဆာဆင်နည်း အမျိုးမျိုးတွင် အထူးခြား အဆန်းကြယ်ဆုံး တန်ဆာဆင်နည်း ဖြစ်သည်။

- စန္ဒနံ တဂရံ ဝါပိ၊ ဥပ္ပလံ အထ ဝဿိကီ။
  ဧတေသံ ဂန္ဓဇာတာနံ၊ သီလဂန္ဓော အနုတ္တရော။

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မိုးစွေ(မြတ်လေး)ပန်းတို့၏ မွှေးရနံ့ထက် သီလမွှေးရနံ့ကသာ အမွှေးပျံ့ဆုံး ဖြစ်သည်။

- အပ္ပမတ္တော အယံ ဂန္ဓော၊ ယွာယံ တဂရ စန္ဒနံ။
  ယောစ သီလဝတံ ဂန္ဓော၊ ဝါတိ ဒေဝေသု ဥတ္တမော။

တောင်ဇလပ်ပန်း၊ စန္ဒကူးပန်းတို့၏ မွှေးရနံ့သည် အနည်းငယ်မျှသာ ဖြစ်သည်။ သီလရှိသူတို့၏ ကျော်စောသင်းပျံ့မွှေးရနံ့ကား နတ်ပြည်တို့၌ပင် အလွန်အကဲ ပျံ့နှံ့မွှေးကြိုင်လှပါသည်။

ဤသို့စသည်ဖြင့် သီလ၏ဂုဏ်ကျေးဇူးများကို တခမ်းတနား ဖော်ပြထားကြခြင်း ဖြစ်ပါ၏။ (သီ–နှာ–၅၅၊ ၅၆)

## ၄။ သီလ၏အကျိုးတရားများ

သီလကို စောင့်ထိန်းက ကောင်းသောအကျိုးတရားများကို ခံစားကြရမည်ဖြစ်၏။ ယင်းကောင်းကျိုးတို့ကား–

၁။ မမေ့မလျော့ခြင်းကြောင့် များစွာသော စည်းစိမ်အစုကို ရရှိခြင်း၊

၂။ ကောင်းသော ကျော်စောသတင်း ပျံ့နှံ့ထွက်ခြင်း၊

၃။ ပရိသတ်အလယ်သို့ မကြောက်မရွံ့ မျက်နှာ မညှိုးမငယ် ချဉ်းကပ်ရခြင်း၊

၄။ မတွေမဝေ သေရခြင်း၊

၅။ အချိန်တန်၍ သေပြီးနောက် နတ်ပြည်ရောက်ရခြင်း စသော အကျိုးတရားများပင် ဖြစ်သည်။

(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ်)

ထို့ပြင် သီလကို စောင့်ထိန်းသူသည် သာယာရွှင်လန်းခြင်း စသော အကျိုးဆက်များကို ရရှိနိုင်၏။ ထိုသို့ သာယာရွှင်လန်းသူမှာ ဝမ်းမြောက်ခြင်း(နုသော ပီတိပါမောဇ္ဇ)ဖြစ်၏။ ဝမ်းမြောက်ခြင်းဖြစ်သူမှာ နှစ်သက်ခြင်း၊ (ရင့်သောပီတိ) ဖြစ်၏။ နှစ်သက်ခြင်းဖြစ်သူမှာ ကိုယ်စိတ်ငြိမ်းချမ်းခြင်း(ပဿဒ္ဓိ)ဖြစ်၏။ ငြိမ်းချမ်းခြင်းဖြစ်သူမှာ ကိုယ်စိတ်ချမ်းသာခြင်း(သုခ)ဖြစ်၏။ ကိုယ်စိတ်ချမ်းသာသောသူမှာ တည်ကြည်ခြင်း (သမာဓိ)ဖြစ်၏။ တည်ကြည်ခြင်း ဖြစ်သူမှာ ဟုတ်တိုင်းမှန်ရာ သိခြင်း(ယထာဘူတဉာဏ်)ဖြစ်၏။ ထိုဉာဏ်ဖြစ်သူမှာ သံသရာဝဋ်ဒုက္ခတို့၌ ငြီးငွေ့ခြင်း (နိဗ္ဗိန္ဒ)တည်းဟူသော အားကောင်းသည့် ဝိပဿနာဉာဏ် (ဗလဝ ဝိပဿနာဉာဏ်) ဖြစ်၏။ ထိုဉာဏ်ဖြစ်သူမှာ တပ်နှစ်သက်ခြင်း ကင်းသော မဂ်တရားဖြစ်၏။ မဂ်တရားဖြစ်သူမှာ ဝိမုတ္တိခေါ် အရဟတ္တဖိုလ်တရားဖြစ်၏။ ယင်းဖိုလ်တရားဖြစ်သူမှာ မဂ်ဖိုလ် နိဗ္ဗာန်ကို ဆင်ခြင်ခြင်း၊ (ပစ္စဝေက္ခဏာ)ဉာဏ် ဖြစ်၏။ ယင်းဉာဏ်ဖြစ်သူမှာ အကြွင်းမရှိသော နိဗ္ဗာန်ချမ်းသာကိုပင် ခံယူ ရရှိနိုင်၏။ (အံ၊ ၃– ၅၀၅)။

သီလ စောင့်ထိန်းခြင်းအတွက် ဖော်ပြပါအတိုင်း ပစ္စုပ္ပန်ကောင်းကျိုး၊ တမလွန်ကောင်းကျိုး သာမက နိဗ္ဗာန်အထိ ရောက်စေနိုင်သော ကောင်းကျိုးများကို ရရှိနိုင်ပါသည်။ ထို့ကြောင့်ပင် သီလကို "ကုသိုလ်အားလုံးတို့၏အစ"ဟုဖော်ပြကြခြင်း ဖြစ်ပါ၏။

**(ခ) သမာဓိ** သာသနာ၏ အနှစ်တရားတို့တွင်"သမာဓိ"သည်လည်း တစ်ခု အပါ အဝင် ဖြစ်သည်။ "သမာဓိ"သည် မြန်မာတို့ အသုံးများသဖြင့် မြန်မာတို့နှင့် ရင်းနှီးကျွမ်းဝင်နေသော ပါဠိဝေါဟာရ ဖြစ်သည်။

**၁။ သမာဓိ၏အဓိပ္ပာယ်**

သမာဓိဟူသည် တစ်အာရုံတည်းမှာသာ စိတ်ရှိခြင်း၊ တည်ကြည်ခြင်း ဖြစ်၏။ စိတ်ကို အာရုံ အမျိုးမျိုးသို့ မပျံ့လွင့် မပြေးသွားစေဘဲ တစ်အာရုံတည်းမှာသာ ကောင်းစွာထားနိုင်ခြင်း(သမာဓာန)သည် သမာဓိ၏သဘောအဓိပ္ပာယ်ပင် ဖြစ်သည်။

## ၂။ သမာဓိအမည် အမျိုးမျိုး

သမာဓိ၏အမည်များ အမျိုးမျိုး ရှိပါသည်။ သမာဓိရကာမျှ ဖြစ်သော ဟီနသမာဓိ(ယုတ်ညံ့သော တည်ငြိမ်မှု)၊ လွန်စွာ မပွားများရသေးသော မဇ္ဈိမသမာဓိ (အလယ်အလတ်တည်ငြိမ်မှု)၊ ကောင်းမွန်နိုင်နင်းစွာ ပွားများပြီးသော ပဏီတသမာဓိ (မြင့်မြတ်သောတည်ငြိမ်မှု)စသည်ဖြင့် သမာဓိအမျိုးမျိုးကို ဝိသုဒ္ဓိမဂ် စသည်တို့၌ ဖော်ပြထားပါသည်။

## ၃။ သမာဓိထူထောင်နည်း

သမာဓိအလုပ်သည် စိတ်ကူးယဉ်အလုပ် မဟုတ်။ နှုတ်ဖြင့် ပြောရုံသာ ပြောရသော အလုပ်လည်း မဟုတ်၊ လက်တွေ့အလုပ် ဖြစ်သည်။ သမထ၊ ဝိပဿနာ တစ်မျိုးမျိုးကို လက်တွေ့ ကျင့်ကြံ ရှုပွားမှသာ သမာဓိကို ရရှိနိုင်ကြမည် ဖြစ်သည်၊

အကယ်၍ သမထကျင့်စဉ်ဖြင့် သမာဓိထူထောင်မည်ဆိုပါက ဆိတ်ငြိမ်သောနေရာကို ရွေးရပါမည်။ သမထကျင့်စဉ် လေးဆယ်တို့တွင် ပထဝီကသိုဏ်းဝန်း (စိမ် ပြုလုပ်ထားသော မြေဝန်းပုံစံ)ကို ရှုမှတ်ပြီး၊ သမာဓိကို ထူထောင်မည်ဆိုလျှင် ထိုကသိုဏ်းဝန်းကို စူးစိုက်ကြည့်ပြီး "မြေ မြေ"(ပထဝီ၊ ပထဝီ)ဟု စိတ်ထဲက တရစပ် ရှုမှတ်နေရမည်။ ဤသည်မှာ စိတ်ကို ပထဝီကသိုဏ်းဝန်းဖြင့် ဟိုသည် ရွေ့မသွားအောင် ဖမ်းနေခြင်းဖြစ်၏။ အစတွင် စိတ်သည် ဟိုသည် ရွေ့လျား ပြေးသွားနေတတ်သော်လည်း သတိဝီရိယကြီးစွာဖြင့် ရက်လများစွာ အားထုတ်သောအခါ စိတ်သည် ပထဝီကသိုဏ်းဝန်းပေါ်မှာ တင်ထားသည့်ပစ္စည်းလို ဘယ်မှ မရွေ့လျား တည်ငြိမ်နေလိမ့်မည်။ ထိုအခါ ပတ်ဝန်းကျင်ရှိ အသံများကိုလည်း မကြား(ကြားသော်လည်း မကွဲပြား)အခြား ဘာကိုမျှ သတိမထားဘဲ "မြေ မြေ" "ပထဝီ ပထဝီ"ဟု ရှုမှတ်သောစိတ်သည် ကသိုဏ်းဝန်းနှင့် စွဲမြဲ ငြိကပ်နေလိမ့်မည်။ ဤသို့ ဖြစ်တည်နေသောစိတ်ကို "သမာဓိ"(စိတ်တည်ကြည်ခြင်း)ဟု ခေါ်ခြင်း ဖြစ်၏။

ထိုမျှသာမက ဝိပဿနာအာရုံ တစ်မျိုးမျိုးကို ရှုမှတ်၍ သမာဓိထူထောင်လိုကလည်း ထူထောင်နိုင်ပါ၏။ ယောဂီသည် ဝိပဿနာရှုမှတ်စဉ် ခါးအောင့်သဖြင့် အောင့်သည့်နေရာကို စိတ်စိုက်ပြီး"အောင့်တယ်၊ အောင့်တယ်"ဟု မှတ်နေသည် ဆိုပါစို့။ စိတ်သည် အခြား ယားယံခြင်း၊ အသံကြားခြင်း စသော အာရုံများသို့

မပျံ့လွင့်ဘဲ အောင့်သည့်အာရုံကိုသာ သိနေ၏။ အောင့်သောဝေဒနာ စပေါ်သည်ကိုလည်း သိ၏။ ပေါ်ပြီးနောက် ချုပ်ပျောက်သွားသည်ကိုလည်း သိ၏။ ဝေဒနာ တိုးခြင်း၊ လျော့ခြင်း၊ မတိုးမလျော့ရှိနေခြင်းကိုလည်း သိ၏။ ဤသို့ အောင့်သော ဝေဒနာမှာသာ စိတ်တည်ငြိမ်နေခြင်းကို"သမာဓိ"ဟု ခေါ်ပါသည်။ ထိုအခြေအနေများ ရောက်အောင် ကျင့်ကြံရှုမှတ်နိုင်ခြင်းကိုပင် သမာဓိ ထူထောင်နိုင်သည်ဟု ပြောဆိုကြခြင်း ဖြစ်သည်။

## ၄။ သမာဓိ၏ စွမ်းရည်

သမာဓိ၏စွမ်းရည်ကား ကြီးမားလှ၏။ နိဗ္ဗာန်ကို ဆုတောင်းနေရုံနှင့် မပြီး။ သမာဓိရသည်အထိ ကျင့်ကြံရဦးမည် ဖြစ်သည်။ မြတ်စွာဗုဒ္ဓက ဤသို့ ဟောကြားခဲ့၏။

ရဟန်းတို့-သမာဓိကို ပွားများကြကုန်လော့။

သမာဓိရသော ရဟန်းသည်-

ဤကား ဒုက္ခတည်း။

ဤကား ဒုက္ခဖြစ်ကြောင်းတည်း။

ဤကား ဒုက္ခချုပ်ရာ(နိဗ္ဗာန်တည်း)။

ဤကား ဒုက္ခချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း ဟု ဟုတ်တိုင်းမှန်စွာ သိ၏။

(သံယုတ်ပါဠိ၊ သစ္စသံယုတ်၊ သမာဓိဝဂ်၊ သမာဓိသုတ်)

ထို့ပြင်လည်း မြတ်ဗုဒ္ဓက-

သမာဓိကို ကြိမ်ဖန်များစွာ ပွားများက မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရခြင်း၊ ဒိဗ္ဗစက္ခု(နတ်မျက်စိ)ဉာဏ်အမြင်ကို ရခြင်း၊ သတိ(အောက်မေ့ခြင်း) သမ္ပဇဉ်(ဆင်ခြင်ဉာဏ်)ကို ရရှိခြင်း၊ ကိလေသာအာသဝေါတို့ ကုန်ခန်းနိုင်ခြင်း ဟူသော အကျိုးတို့ကို ရရှိနိုင်သည်ဟု ဟောတော်မူ၏။

(အင်္ဂုတ္တိုရ်၊ စတုက္ကနိပါတ်၊ ရောဟိတဿဝဂ်၊ သမာဓိဘာဝနာသုတ်)

ဤသို့စသည်ဖြင့် သမာဓိစွမ်းရည်၊ သမာဓိ၏အကျိုးတရားများကို မြတ်ဗုဒ္ဓ ဟောကြားထားခြင်း ဖြစ်ပါ၏။

(ဂ) ပညာ "ပညာ"သည် ပါဠိဝေါဟာရ ဖြစ်သည်၊ သို့ရာတွင် မြန်မာတို့ အသုံးများပြီး နားယဉ် ရင်းနှီးနေသဖြင့် "ပညာ"သည် ပါဠိ ဝေါဟာရ ဖြစ်သလိုပင် မြန်မာ ဝေါဟာရအသွင်လည်း ဆောင်နေပြီး ဖြစ်သည်။

## ၁။ ပညာ၏အဓိပ္ပာယ်

အများအပြား ကျယ်ကျယ်ပြန့်ပြန့် သိခြင်းသည် ပညာ၏အဓိပ္ပာယ် ဖြစ်သည်။ ကောင်းကောင်းဆိုးဆိုး မည်သည့်အကြောင်းအရာကိုမဆို အမှန်အတိုင်း သိရှိခြင်းသည် ပညာ၏အဓိပ္ပာယ်ပင် ဖြစ်သည်။

ထိုပညာသည် အရောင်အလင်းနှင့်တူ၏။ အရောင်အလင်းသည် အမှောင်ကို ပယ်ဖျောက်နိုင်သလို ပညာ(သိခြင်း)သည်လည်း မောဟ(မသိခြင်း)ကို ပယ်ဖျောက် နိုင်ပါသည်။ ထို့ကြောင့်ပင်"ပညာနှင့်တူသော အရောင် အလင်း မရှိ"(ပညာသမာ အာဘာ နတ္ထိ)ဟု မြတ်ဗုဒ္ဓ ဟောကြားတော်မူခြင်း ဖြစ်သည်။

## ၂။ ပညာ၏ အမည်အမျိုးမျိုး

ပညာနှင့် ပတ်သက်၍ အမည်အမျိုးမျိုး ရှိ၏။

၁။ သုတမယပညာ = ပညာရှိစကား နာကြား သိမြင်ခြင်း၊
၂။ စိန္တာမယပညာ = မိမိ ဉာဏ်ရည်ဖြင့် ကြံစည်သိခြင်း၊
၃။ ဘာဝနာမယပညာ = ဈာန်ဝင်စား ဖိုလ်ဝင်စားစဉ် ဖြစ်ပွား သိမြင်ခြင်း

ဟူ၍ (၃)ပါးရှိ၏။

ထို့ပြင် အဘိဓမ္မာ၊ ဝိဘင်းပါဠိတော်၊ ဉာဏဝိဘင်း စသည်တို့၌ ပညာ အမျိုးမျိုး ရှိပေသေးသည်။ ဥပမာ-လှူဒါန်းခြင်းဆိုင်ရာ ကောင်းကျိုးများကို သိခြင်းသည် ဒါနမယပညာ မည်၏။ သီလဆောက်တည်ခြင်း ဆိုင်ရာ ကောင်းကျိုး တရားကို သိခြင်းသည် သီလမယပညာ မည်၏။ ဤသို့ စသည်ဖြင့် ပညာ အမျိုးအစားပေါင်း များပြားစွာ ရှိနေပေသေးသည်။ အလိုရှိသူတို့သည် ဖော်ပြပါ ကျမ်းဂန်တို့၌ ဆက်လက်လေ့လာ မှတ်သားနိုင်ကြပါသည်။

## ၃။ ပညာရှာနည်းများ

သုတမယပညာ စသောသုံးမျိုးကို ဖော်ပြခဲ့ပေပြီ။ ထိုတွင် သုတမယပညာ သည် အခြေခံပညာ ဖြစ်၏။ ဗုဒ္ဓဝင်ပါဠိတော်၌"ပညာရှိများထံ မေးမြန်းကာ

ပညာပါရမီ အထွတ်အထိပ် ရောက်စေ၍”(ပရိပုစ္ဆ ဗုဓ် ဓနံ၊ ပညာပါရမိတံဂန္ထ)
ဟု မြတ်ဗုဒ္ဓ ဟောကြားထားတော်မူ၏။ ဤသည်မှာ သုတမယပညာ၏ အခြေခံ
ကျမှုကို ဖော်ပြခြင်း ဖြစ်သည်။ လောက၌ အခြေခံပညာမရှိသူသည် မည်သည့်ပညာ
မျိုးကိုမဆို မိမိအလိုအလျောက်(စိန္တာမယပညာဖြင့်)သိနိုင်မည် မဟုတ်ချေ။ မိမိမှာ
အခြေခံပညာ ရှိလာရန် ပညာရှိများထံမှာ ရှေးဦးစွာ နည်းခံ သင်ယူရပေဦးမည်။
ဤသို့ဖြင့် အခြေခံ(သုတမယ)ပညာရပြီးမှသာ ကြံသိ(စိန္တာမယ)ပညာကို ပိုင်ဆိုင်
လာနိုင်မည် ဖြစ်သည်။ ဤသို့စသည်ဖြင့် ဉာဏ်ပညာကို အခြေခံပါပါ ရှာဖွေတတ်
လျှင် ပညာရှိစာရင်းတွင် အဘယ်မှာ မပါဝင်နိုင်ဘဲ ရှိပါမည်နည်း။

## ၄။ ပညာ၏အကျိုးတရားများ

ပညာ၏အကျိုးများကို ဖော်ပြရလျှင် ကုန်နိုင်ဖွယ်ရှိမည် မဟုတ်ပေ။ မြတ်ဗုဒ္ဓ (သိတတ်သူ)ဟူသည်ပင် ပညာ၏အမည်ကွဲတစ်မျိုး ဖြစ်သည်။ သစ္စာလေးပါးကို သိခြင်းမှာလည်း ပညာ၏အရာပင် ဖြစ်ပါ၏။ သဗ္ဗညုတဉာဏ် (အရာအားလုံးကို သိခြင်း)ဟူသည်မှာလည်း ပညာ၏ အမည်တစ်မျိုးပင် ဖြစ်ပါသည်။

လောက၌ ပညာရှိမှသာလျှင် အမျိုး၊ ဘာသာ၊ သာသနာရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စသည်တို့ကို တွင်ကျယ်စွာ ဆောင်ရွက်နိုင်မည် ဖြစ်သည်။ မည်သည့်အရာကိုမဆို ကောင်းမွန်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းသည် ပညာ၏အရာ ဖြစ်ပါ၏။ ထိုပညာသည် မကောင်းမှု မဟုတ်။ ကောင်းမှုဖြစ်၏။ တရားသဘော၌ ကုသိုလ်(ကောင်းမှု)၊ အကုသိုလ် (မကောင်းမှု)ဟု ဘက်နှစ်ဘက် ရှိရာတွင် “ပညာသည်”ကုသိုလ်(ကောင်းမှု)ဘက်၌ ပါဝင်၏။ ထို့ကြောင့်ပင် မြတ်ဗုဒ္ဓ၏အဘိဓမ္မာသင်္ဂြိုဟ်ကျမ်း စေတသိက်ပိုင်း၌ “ပညာ”ကို သောဘဏ (အပြစ်မဲ့ အကောင်းပြ)စေတသိက်အုပ်စု၌ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်သည်။

## ၅။ လူသတ်မိန်းမ၏အသိသည် ပညာလော

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် သုလသာအမည်ရှိ ပြည့်တန်ဆာမသည် သတ္တုက မည်သော ခိုးသူကို ဘုရင်၏ လူသတ်သမားများလက်မှ ကယ်တင်၍ လင်အဖြစ် ပေါင်းသင်းနေ၏။ သတ္တုကသည် လူမိုက်တို့၏ညာဉ်ကို မဖျောက်နိုင်ဘဲ အကောက်ကြံ၍ သုလသာကို တစ်သိန်းတန် အဆင်တန်ဆာများ ဝတ်ဆင်စေပြီး တောင်ထိပ်ပေါ်သို့ ခေါ်သွား၏။ တောင်ထိပ် ရောက်လျှင် ဝတ်စားတန်ဆာများကို ချွတ်ယူပြီး သုလသာကို တောင်ထိပ်မှ တွန်းချ သတ်ဖြတ်ရန် ပြုမူသည်။ သုလသာသည် “ပရိယာယ်ပြုမှ

တော်ချေမည်"ဟု ကြံ၍ သေခါနီးမှာ မောင့်အား အရပ်လေးမျက်နှာမှ ရှိခိုးခွင့်ပြုပါ"ဟု တောင်းဆိုသည်။ ရှိခိုးခွင့်ရလျှင် အရပ်မျက်နှာ အသီးသီးမှ ရှိခိုးအပြီး နောက်ဘက်အရပ်မျက်နှာမှ ရှိခိုးအလှည့်၌ ရှိခိုးဟန်ပြု၍ သတ္တုကကို တောင်ပေါ်မှ တွန်းချသတ်လိုက်သည်။ တောင်ပေါ်မှ ကျ၍ သတ္တုက သေလေ၏။

ထိုစဉ် တောင်ပေါ်၌ ရုက္ခစိုးနတ် ဖြစ်နေသော ဘုရားလောင်းက "ယောကျာ်းများသာ ပညာရှိသည်မဟုတ်၊ မိန်းမများလည်း ပညာရှိ၏"(န ဟိ ပုရိသော ဧကန္တ ပဏ္ဍိတော ဟောတိ) စသည်ဖြင့် ချီးမွမ်းလေသည်။

ဤ၀တ္ထု၌ သုလသာ၏ သူ့တစ်ပါး အသက်သတ်သော (ပါဏာတိပါတ) ဒုစရိုက်မှုမျိုးမှာ"ပညာ"(စေတသိက်)မယှဉ်နိုင်၍ "ပညာရှိ"ဟူ၍ ဘုရားလောင်း ချီးမွမ်းခြင်းကို အမှားဟု မဆိုရပေ။ သုလသာ၏အသိကို "ပညာ" မဟုတ်ဟုလည်း မဆိုသင့်ပေ။ "ပရိယာယ်ဆင်မှ ငါ နိုင်မည်"ဟု သိခြင်းသည် အမှန်သိခြင်းဖြစ်၍ ပညာပင် ဖြစ်၏။ ဒုစရိုက်အရာမှာ ပညာဖြစ်နိုင်သလောဟု စဉ်းစားအပ်၏။

သုလသာသည် ပရိယာယ်ဆင်မှ ငါနိုင်မည်ဟု သိသောအဆင့်မှာ အကုသိုလ်ဒုစရိုက်မဖြစ်သေး။ သတ္တုကကို တွန်းချသတ်လိုက်သော အဆင့်ရောက်မှသာ အကုသိုလ်ဒုစရိုက်ဖြစ်သည်။ အလောင်းတော်နတ်သား၏ ချီးမွမ်းခြင်းကား မသတ်ခင် "အသိပညာ"ပိုင်းကို ချီးမွမ်းခြင်း ဖြစ်သည်။ ထို့ကြောင့် သုလသာ၏ အသိသည်လည်း "ပညာဉာဏ်တစ်မျိုး" ပင် ဖြစ်သည်။

သုလသာသည် ပရိယာယ်ပညာဖြင့် ဘ၀လွတ်မြောက်ရေး ကြံဆောင်သလို အရေးကြုံက စဉ်းစားဉာဏ်ပညာကိုလည်း အားကိုးကြရမည် ဖြစ်သည်။

**မိစ္ဆာဉာဏ်** ဤတွင် မောဟ၏ စွမ်းရည်သတ္တိဖြစ်သော 'မိစ္ဆာဉာဏ်' အကြောင်းကို ထည့်သွင်းဖော်ပြခွင့်ဆိုက်၏။

များသောအားဖြင့် 'မောဟ'ဆိုလျှင် တွေဝေသောသဘော၊ အမှန်တရားကို မသိသောသဘော ဟူ၍သာ မှတ်သားထားတတ်ကြ၏။ လောဘနှင့် ဒေါသကို နားလည်ကြသော်လည်း 'မောဟ'ကို နားမလည်နိုင်ကြကုန်။ အောက်ခြေဋီကာ ကျမ်းတို့ကလည်း မုယှတီတိမောဟော- မုယှတိ = တွေဝေတတ်၏။ ဣတိ= ထို့ကြောင့်။ မောဟော=မောဟမည်၏။ ဤသို့သာ ဖွင့်ပြကြ၏။

ထို့ကြောင့် လောဘ၊ ဒေါသ၊ မောဟကို နားလည်အောင် ဆန့်ကျင်ဘက် ရှေ့ဆက်စကား (အ/န)တစ်ခုခုကို ထည့်ကြည့်ပြီး နှိုင်းယှဉ်စဉ်းစားရာ၏။

လောဘ၊ ဒေါသ၊ မောဟ–၏ ရှေ့က 'အ'ကို ထည့်လျှင် အလောဘ၊ အဒေါသ၊ အမောဟ ဖြစ်လာ၏။ 'အ'သည် ဆန့်ကျင်ဘက်အနက်ကို ပြရာ၌ သာမန်ဆန့် ကျင့်ရုံမျှမက လုံးဝဆန့်ကျင်ဘက်ကို ဖော်ပြ၏။ တက္ကဗေဒ(Logic) စကားပြောလျှင် Contrary မျှမက Contraditry အဆင့်အထိ 'အ'ဟူသော ဆန့်ကျင်ဘက် ရှေ့ဆက်က ဖော်ပြလေသည်။

ဥပမာ–လှတာတစ်ခုကို မြင်တွေ့၏။ ထို့အခါ ထိုအလှကို လိုချင်၏။ တပ်မက်၏။ ဒါက လောဘ ဖြစ်သည့် သဘောတည်း။ ထိုအလှကိုပင် မြင်ပါလျက်သားနှင့် မလိုချင်၊ မတပ်မက်၊ ဒါက အလောဘဖြစ်သည့် သဘောတည်း။ ဘာကွာသလဲ။ မြင်သူ ကွာ၏။ လူသာမန်က အလှမက်၏။ ဉာဏ်ကြီးသူ ပညာရှိသူတော်ကောင်းက အလှ မမက်။ လူ ကွာ၏။ စိတ်ထားကွာ၏။

ထို့နည်းတူ– မနှစ်သက်စရာ မုန်းစရာကို မြင်တွေ့၏။ ထိုအခါ စိတ်ဆိုး၏။ ဒေါသထွက်၏။ ပြစ်မှား၏။ ဒါက ဒေါသ ဖြစ်သည့်သဘော။ ထို မနှစ်သက်စရာကို မြင်ပါလျက်သားနှင့် စိတ်မဆိုး။ ဒေါသမထွက်။ မပြစ်မှား။ ဒါက အဒေါသ ဖြစ်သည့်သဘော။ ဤတွင်လည်း မြင်သူလူကွာ၏။

ထို့နည်းတူ ဖြစ်ရပ်တစ်ခု ကြုံ၏။ ထိုအခါ ငါ ဘယ်လို အနိုင်ရမလဲ။ သူ့ကို ဘယ်လို ဖျက်ဆီးရမလဲ။ ဤသို့စသည်ဖြင့် အကြောင်း ဥပါယ်(နည်းလမ်း)ကို စဉ်းစား၏။ ဒါက မောဟဖြစ်သည့်သဘော။ ဒီဖြစ်ရပ်ရဲ့ အခြေခံ အကြောင်းရင်းက ဘာ။ ဒါ့ကြောင့် ဒါဖြစ်တာ။ ဒီလိုမဖြစ်အောင် ဘယ်လိုလုပ်ရမယ်။ ဒါက အမောဟ ဖြစ်သည့်သဘော။ ဘာကွာသလဲ။ လူကွာ၏။

"မောဟ"သိတာက အမှားကို သိသည်။ အမှားနည်းလမ်းကို သိသည်။ ထို့ကြောင့် မောဟသည် "မိစ္ဆာဉာဏ်"ဖြစ်သည်။ "အမောဟ"သိတာက အမှန်ကို သိသည်။ မှန်ကန်သောနည်းလမ်းကို သိသည်။ ထို့ကြောင့် အမောဟသည် သမ္မာဉာဏ် ဖြစ်သည်။

မောဟလဲ သိတာပဲ၊ အမောဟလဲ သိတာပဲ။ မှားတာသိနှင့် မှန်တာသိ၊ ဒါ ကွာသည်။ မောဟသဘောသည် အကြောင်းဥပါယ်နည်းလမ်းတွေကို စဉ်းစား ကြံစည်တတ်သည်။ သို့သော် ကုသိုလ်မဖြစ်တဲ့ဟာတွေကိုသာ ပြုလုပ်ရန် အမြင် သန်သည်။ အမောဟသည်လည်း အကြောင်းဥပါယ်နည်းလမ်းတွေကို စဉ်းစားကြံဆ တတ်သည်။ သို့သော် ကုသိုလ်ဖြစ်တဲ့ဟာတွေကိုသာ ပြုလုပ်ရန် အမြင်သန်သည်။

ဤကိစ္စနှင့်စပ်လျဉ်း၍ စာလက်ရုံးတန်းရသော် ဤသို့ ဖြစ်၏။

ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ ပဒေသဝိဟာရ ဉာဏနိဒ္ဒေသ၌

"မိစ္ဆာဉာဏာဒီသု ပန မိစ္ဆာဉာဏံ နာမ ပါပကိရိယာသု ဥပါယ စိန္တာ၊ အထဝါ မိစ္ဆာဉာဏံ မိစ္ဆာ ပစ္စဝေက္ခဏာ ဉာဏံ"

ဟူ၍ ဖွင့်ပြတော်မူ၏။

ခိုင်မာလေးနက်အောင် ပါဠိတစ်ကျော့၊ မြန်မာတစ်ကျော့ အနက်ပေးပြမည်။

ပန= စကားထူးတစ်ရပ်ကို ပြောဦးအံ့။ မိစ္ဆာဉာဏာဒီသု=မြတ်စွာဘုရား ဟောကြားတော်မူသော မိစ္ဆာဉာဏံ စသောစကားတော်များ၌။ မိစ္ဆာဉာဏံနာမ= မိစ္ဆာဉာဏ် ဟူသည်ကား။ ပါပကိရိယာသု=မကောင်းစုတ်ချာ ယုတ်မာသောအမှုတို့ကို ပြုလုပ်ရာတို့၌။ ဥပါယစိန္တာ= ဥပါယ်တမျဉ်ကို ကြံစည်တတ်မှုတည်း။ ဝါ၊ နည်းလမ်းတွေကို စဉ်းစားတတ်မှုတည်း။

(မကောင်းတာလုပ်ဖို့ အကြံထုတ်တတ်တာဟာ မိစ္ဆာဉာဏ်ပေတည်း။)

အထဝါ= တစ်နည်းသော်ကား။ (တစ်နည်းပြောရလျှင်)

မိစ္ဆာပစ္စဝေက္ခဏာဉာဏံ=မကောင်းတာကို လုပ်ပြီးနောက် ငါကောင်းစွာ ပြုလုပ်ပြီးပြီဟု ဆင်ခြင်သောဉာဏ်သည်။ မိစ္ဆာဉာဏံနာမ=မိစ္ဆာဉာဏ်မည်ပေ၏။

(မိစ္ဆာဉာဏ်ဟူသည် တရားကိုယ်အားဖြင့် "မောဟ"တည်း။)

မူလပဏ္ဏာသအဋ္ဌကထာ၊ သလ္လေခသုတ်အဖွင့်၌မူ "မောဟ"သည် မိစ္ဆာဉာဏ်၊ ဝါ၊ မိစ္ဆာဉာဏ် ဆိုတာ "မောဟ"ပင်ဖြစ်ကြောင်း၊ ပို၍ တိကျထင်ရှားစွာ ဤသို့ ဖွင့်ပြတော်မူထား၏။

'မိစ္ဆာဉာဏီတိဧတ္ထ မိစ္ဆာဉာဏန္တိ ပါပကိရိယာသု ဥပါယစိန္တာဝသေန ပါပံ ကတွာ 'သုကတံ မယာ' တိ ပစ္စဝေက္ခဏာကာရေန စ ဥပ္ပန္နော မောဟော ဝေဒိတဗ္ဗော။ တေန သမန္နာဂတော ပုဂ္ဂလော မိစ္ဆာဉာဏီ'

မိစ္ဆာဉာဏီတိဧတ္ထ=မြတ်စွာဘုရား ဟောကြားတော်မူသော မိစ္ဆာဉာဏီ ဟူသော စကားတော်၌။ မိစ္ဆာဉာဏန္တိ= မိစ္ဆာဉာဏ်ဆိုသည်ကား ။ ပါပကိရိယာသု= မကောင်းစုတ်ချာယုတ်မာသော အမှုတို့ကို ပြုလုပ်ရာတို့၌။ ဥပါယစိန္တာဝသေန= နည်းဥပါယ်(နည်းပရိယာယ်)တို့ကို စဉ်းစားဖော်ထုတ်နိုင်သော စွမ်းရည်ဖြင့်။ ပါပံ= မကောင်းတာတွေကို။ ကတွာ= ထမြောက်အောင် ပြုလုပ်ပြီးနောက်။

'သုကတံ မယာတိ'= ငါလုပ်တာကောင်းတယ်၊ ငါကောင်းတာကို လုပ်ခဲ့တယ်ဟူ၍။ ပစ္စဝေက္ခဏာကာရေနစ= ပြန်လည်ဆင်ခြင်သုံးသပ်သောအခြင်းအရာအားဖြင့် လည်းကောင်း။ ဥပ္ပန္နော=ဖြစ်သော။ မောဟော=မောဟကို၊ ဝါ၊ မောဟသဘောကို။ ဝေဒိ တဗ္ဗော=သိအပ်ပေ၏။ တေန= ထိုသို့ဥပါယ်တမျဉ် သင့်ရာယှဉ်၍ မကောင်းတာကို ဆင်ခြင်ဖော်ထုတ်ပြုလုပ်စေတတ်သော မောဟနှင့်။ သမ္မန္နာဂတာ= ပြည့်စုံကြကုန်သော။ ပုဂ္ဂလာ=ပုဂ္ဂိုလ်တို့ကို။ မိစ္ဆာဉာဏီ= မိစ္ဆာဉာဏ်ကောင်းကြကုန်သော သူတို့ဟူ၍။ ဝေဒိတဗ္ဗာ=သိအပ် မှတ်အပ်ပေကုန်၏။

ဤမိစ္ဆာဉာဏ် "မောဟ" အဖွင့်သည် ဗုဒ္ဓအဘိဓမ္မာအရာ၌ အလွန်တရာမှ နက်ရှိုင်းလှပေ၏။ သမန်ကာရှန်ကာ ဖတ်ကာမျှဖြင့် သဘောပေါက်နိုင်ဖွယ်မရှိ။ တစ်နည်းဆိုသော် လူသာမန် ဉာဏ်သာမန်ဖြင့် နားလည်နိုင်မည် မဟုတ်ချေ။

ဤမောဟ၏ သဘောသဘာဝမှန်ကို နားလည်လျှင် ယခုခေတ် လူသတ်လက်နက်တွေ လုပ်တတ်ကြသော သိပ္ပံပညာရှင်တို့သည် မိစ္ဆာဉာဏ်ကြီးရှင်များဖြစ်ကြောင်း (ဝါ) မောဟ အလွန်ကြီးကြသူများ ဖြစ်ကြောင်း သိရသည်မှစ၍ မိမိတို့ ပတ်ဝန်းကျင်၌ မကောင်းတာလုပ်တဲ့နေရာ၌ အလွန်'လျှင်'ကြသူတွေဟာ ဘယ်လို လူတွေလဲ ဆိုသည်အထိ သိနိုင်ပေသည်။

ထို့ပြင် လူတွေ ကျန်းမာအောင်၊ အသက်ရှည်အောင် ဆေးဝါးများကို တီထွင်ထုတ်လုပ်ပေးကြသောသိပ္ပံပညာရှင်တို့သည် သမ္မာဉာဏ်ကြီးရှင်များ ဖြစ်ကြောင်း (ဝါ) အမောဟ(ပညာ) ကြီးကြသူများဖြစ်ကြောင်းနှင့် မိမိတို့ ဝန်းကျင်မှာလဲ ကောင်းတာကို တွင်တွင်လုပ်နေကြသူတွေကို ဘယ်လိုလူတွေလဲဟု သိနိုင်ပေသည်။

ဆက်ရန်ကျန်သည်ကား သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ၊ ခုဒ္ဒကဝတ္ထု အဖွင့်၌ စာရေးဆရာ၊ ကဗျာဆရာ၊ ကခြေသည်၊ သဘင်သည်၊ သီချင်းသည်၊ ဂီတသမား၊ ပန်းချီဆရာ စသူတို့နှင့် ပတ်သက်၍ အမှန်အတိုင်း ဖွင့်ပြထားသည်ကို ဖော်ပြသင့်၏။ ဗုဒ္ဓပိဋကတ်ကျမ်းစာကြီးများ၌ သိမ်းသိမ်းဆည်းထားသော အဖိုးတန် အသိဉာဏ်ရတနာတို့ကို လူအများ သိရှိရန် ပြပွဲခင်းသည့် သဘောဖြစ်ပါ၏။

အဋ္ဌကထာဆရာကြီးက–

'ပါပကံ ပဋိဘာနံ နာမ ဒုဗ္ဘာသိတယုတ္တံ ကပ္ပနာဋကာ ဝိလပ္ပနာဒိ ပဋိဘာနံ'

ဟူ၍ မိန့်တော်မူ၏။

**နိဿယအနက်**

ပါပကံ=မကောင်းစုတ်ချာ ယုတ်မာသော။ ပဋိဘာနံ နာမ= ပဋိဘာန် မည်သည်ကား။ ဒုဗ္ဘာသိတယုတ္တံ= မကောင်းသောအပြောအပြနှင့် ပတ်သက်သော။ ကပ္ပနာဋကဝိလပ္ပနာဒိ ပဋိဘာနံ= ယောကျ်ားမိန်းမတို့၏ မြတ်နိုးဖွယ်၊ တွယ်တာဖွယ်၊ စွဲလန်းဖွယ် စသည်တို့ကို ဖော်ပြသော ဝတ္ထု၊ ကဗျာ၊ အဆို၊ အက၊ အတီး၊ အမှုတ်၊ ပန်းချီ၊ ဇာတ်လမ်း စသည် ရေးသားပြုစုပြုလုပ်ရာ၌ အထူးသဖြင့် သင့်တင့် ညီညွတ် ကောင်းမွန်အောင် လွတ်လွတ်သန့်ရှင်းစွာ စွမ်းဆောင်နိုင်သော ဉာဏ်ပဋိဘာန်ဟု ဆိုအပ်သော မောဟပေတည်း။ (ဝါ) ထိုသို့ပြုလုပ်တတ်သော မောဟသည် ယုတ်မာသော ပဋိဘာန် ဖြစ်ပေ၏။ တဏှာမဖြစ်၊ ကုသိုလ်ဖြစ်အောင် သီကုံး ရေးသား ဆိုပြောနိုင်သော ဉာဏ်ပဋိဘာန်ကား သမ္မာပဋိဘာန်ပေတည်း။ ဆိုလိုသည်ကား ပဋိဘာန်သည် ကောင်းသော ပဋိဘာန်၊ မကောင်းသောပဋိဘာန်ဟု နှစ်မျိုး ရှိ၏။ ကုသိုလ် ကောင်းမှုဘက်၌ ထင်ရှားသောဉာဏ်သည်(ဝါ)အမောဟသည် ကောင်းသော ပဋိဘာန်မည်၏။ လူတွေကို တဏှာရာဂ တိုးပွားအောင် စွမ်းဆောင်နိုင်သော ပဋိဘာန်သည် (ဝါ) မောဟသည် မကောင်းသောပဋိဘာန် မည်၏။

အမောဟသည် သမ္မာပဋိဘာန် (ဝိဇ္ဇာ)

မောဟ–သည် ပါပကံ ပဋိဘာန် (အဝိဇ္ဇာ)ဟူလို။

နှစ်ဖက်လှဦးကျော်လွင်
(၂၀–၁၀–၉၈)

**(ဃ) သာသနာ၏ အနှစ်တရား သုံးပါး** သီလ, သမာဓိ, ပညာတို့ကို အသီးသီး ဖော်ပြခဲ့ပြီးပေပြီ။ ယင်းတရားသုံးပါးသည် သာသနာ၏အနှစ်ဟူ၍လည်း ရှေ့၌ဆိုခဲ့၏။ အဘယ် ကြောင့်နည်း။

ယင်းတရားသုံးပါးသည် တစ်ပါးစီ၏စွမ်းရည်ဖြင့်လည်းကောင်း၊ သုံးပါး လုံး ဆက်နွယ်ပေါင်းစပ်သော စွမ်းရည်ဖြင့် လည်းကောင်း မြတ်ဗုဒ္ဓ၏ သာသနာ ဆိုင်ရာ ကျင့်စဉ်များကို ကျေးဇူးကြီးမားစွာ ပြုသောကြောင့် ဖြစ်သည်။

သီလ၊ သမာဓိ၊ ပညာတို့၏ ဆက်နွယ်သောစွမ်းရည်ကို မြတ်ဗုဒ္ဓသည် ဖော်ပြလတ္တံ့ပါအတိုင်း ဟောကြားခဲ့၏။

မြတ်ဗုဒ္ဓသည် နာလန္ဒမြို့ ပါဝါရိက(သေဌေး)၏သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူစဉ် ဤတရားစကားကို ရဟန်းတို့အား အကြိမ်များစွာ ဟောကြားတော်မူခဲ့သည်—

သီလဖြင့်တည်၍ ဖြစ်စေအပ်သော သမာဓိသည် များသောအကျိုးအာနိသင်ရှိ၏၊ သမာဓိတည်၍ ဖြစ်စေအပ်သောပညာသည် များသောအကျိုး အာနိသင်ရှိ၏။ ပညာဖြင့် တည်၍ ဖြစ်စေအပ်သောစိတ်သည် ကာမာသဝ, ဘဝါ သဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ ဟူသော အာသဝေါတရားတို့မှ ကောင်းစွာ လွတ်မြောက်၏။

(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ်)

မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သည့်အတိုင်း အာသဝတို့မှ လွတ်မြောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန်မှာ သီလ၊ သမာဓိ၊ ပညာတို့၏ စုပေါင်းစွမ်းအင်ကို အားကိုးကြရမည် ဖြစ်သည်။ ထိုတွင် သီလမရှိက ကောင်းသောသမာဓိ (သမ္မာသမာဓိ) ဖြစ်နိုင်မည် မဟုတ်။ ကောင်းသောသမာဓိ မဖြစ်ပေါ်က ပညာလည်းဖြစ်ပေါ်နိုင်မည် မဟုတ်ပေ။

ထို့ကြောင့် မြတ်ဗုဒ္ဓက—

သီလပျက်စီးသော (ဒုဿီလ)ပုဂ္ဂိုလ်အား ကောင်းသောတည်ကြည်မှု (သမ္မာသမာဓိ)ပျက်စီးရန် အကြောင်းရှိ၏။ ကောင်းသော တည်ကြည်မှု (သမ္မာ သမာဓိ)ပျက်စီးလျှင် ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်(ပညာ) ပျက်စီး၏—

ဟု ဟောတော်မူခြင်းဖြစ်သည်။

(အင်္ဂုတ္တိုရ်၊ စတုတ္ထပဏ္ဏာသက၊ အာဃာတဝဂ်၊ သီလသုတ်)

သို့ဖြစ်၍ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် သီလကိုလုံခြုံစေ၍ ဝိပဿနာကို ရှုပွားခြင်းဖြင့် သမာဓိကို ဖြစ်စေပြီး ဆင့်ပွားဖြစ်ပေါ်လာသော ဉာဏ်ပညာဖြင့် ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့၏ ဟုတ်တိုင်းမှန်ရာကို သိမြင်ကာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် ကြိုးစားကြရမည် ဖြစ်ပေသည်။ သို့မှသာ သာသနာ၏ အနှစ်ဖြစ်သော သီလ၊ သမာဓိ၊ ပညာကို နည်းမှန်လမ်းမှန် ကျင့်ကြံသုံးစွဲရာ ရောက်ပေမည်။ ။

## အခန်း(၃)

## ပဋိစ္စသမုပ္ပါဒ်အကြောင်း

**ပဋိစ္စသမုပ္ပါဒ်** ပဋိစ္စသမုပ္ပါဒ ဟူသော ပါဠိစကားလုံးကို ပဋိစ္စသမုပ္ပါဒ်ဟု မြန်မာမှု ပြုထားခြင်း ဖြစ်သည်။ ဗုဒ္ဓဘာသာဝင် ဖြူစင်သော အယူဝါဒ ရှိသည့်မြန်မာလူမျိုးတို့သည် "ပဋိစ္စသမုပ္ပါဒ်"ဟူသောအသံကို ကြားလျှင်နားယဉ်ပြီးသား ဖြစ်နေကြပေသည်။ အဓိပ္ပာယ် အတိအကျကို သိချင်မှသိကြပေမည်။ သိထားသင့်သည်။ သိအောင် ကြိုးစားကြရမည်။

ပဋိစ္စသမုပ္ပါဒ်ကို ပဋိစ္စ+သံ+ဥပ္ပါဒ ဟု ပုဒ်(၃)ပုဒ် ဖြစ်အောင် ခွဲကြည့်ပါက ပဋိစ္စ=စွဲမှီ၍ အကြောင်းပြု၍။ သံ=ညီညီမျှမျှ အတူတကွ။ ဥပ္ပါဒ= ဖြစ်စေကြောင်းဟု တစ်ပုဒ်ချင်း၏ စကားအဓိပ္ပါယ် ပေါ်ထွက်လာသည်။

ဆိုင်ရာအကြောင်းတို့ ပေါင်းဆုံ ညီညွတ်မှုကို စွဲမှီ၍ အကျိုးအဆင့်ဆင့်တို့ ညီညီမျှမျှ တစ်ပြိုင်တည်း အတူတကွ ဖြစ်စေသောနည်းကို ပဋိစ္စသမုပ္ပါဒ် ဟု ခေါ်သည်။ ဘဝစက်ရှာ ရုပ်နာမ်တွေ အဆက်မပြတ် ဖြစ်ပေါ်နေမှုပင်။

**အနုလောမ ပဋိစ္စသမုပ္ပါဒ ဥဒ္ဒေသပါဠိတော်**

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊<br>
သင်္ခါရပစ္စယာ ဝိညာဏံ၊<br>
ဝိညာဏပစ္စယာ နာမရူပံ၊<br>
နာမရူပပစ္စယာ သဠာယတနံ၊<br>
သဠာယတနပစ္စယာ ဖဿော၊<br>
ဖဿပစ္စယာ ဝေဒနာ၊<br>
ဝေဒနာပစ္စယာ တဏှာ၊<br>
တဏှာပစ္စယာ ဥပါဒါနံ၊<br>
ဥပါဒါနပစ္စယာ ဘဝေါ၊<br>
ဘဝပစ္စယာ ဇာတိ၊

ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

**အနက်(နိဿယ)**

အဝိဇ္ဇာပစ္စယာ= အဟုတ်အမှန်ကို မသိမမြင် မထင်မလင်းမှု ဟူသော အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ သင်္ခါရာ= ပစ္စုပ္ပန်အမှု သံသရာအမှုတို့ကို ပြုစုပျိုးထောင်ခြင်းဟူသော သင်္ခါရမှုတို့သည်။ သမ္ဘဝန္တိ–ဖြစ်ပွားကုန်၏။

သင်္ခါရပစ္စယာ= ပစ္စုပ္ပန်အမှု သံသရာအမှုတို့ကို ပြုစုပျိုးထောင်ခြင်း ဟူသော သင်္ခါရတရား ထင်ရှားရှိနေခြင်းကြောင့်။ ဝိညာဏံ=ဘဝသစ်၌ ဝိညာဏ် သစ် ဖြစ်ပေါ်မှုသည်။ သမ္ဘဝတိ= ဖြစ်ပွား၏။

ဝိညာဏပစ္စယာ= ဝိညာဏ်အသစ် ဖြစ်ပေါ်မှုကြောင့်။ နာမရူပံ= နာမ်အစု၊ ရုပ်အစုသည်။ သမ္ဘဝတိ= ဖြစ်ပွား၏။

နာမရူပပစ္စယာ= နာမ်အစု ရုပ်အစု ဖြစ်ပွားမှုကြောင့်။ သဠာယတနံ= ဒွါရ ၆–မည် အကြည် ၆–ပါး သဠာယတန တရားစုသည်။ သမ္ဘဝတိ= ဖြစ်ပွား၏။

သဠာယတနပစ္စယာ= ဒွါရ ၆–မည် အကြည် ၆–ပါး ထင်ရှားရှိခြင်းကြောင့်။ ဖဿော= အာရုံကို တွေ့မှု ဟူသော ဖဿ ၆–ပါးသည်။ သမ္ဘဝတိ= ဖြစ်ပွား၏။

ဖဿပစ္စယာ=ဖဿ ၆–ပါး ထင်ရှားရှိနေခြင်းကြောင့်။ ဝေဒနာ=အာရုံကို ခံစားမှုဟူသော ဝေဒနာ ၆–ပါးသည်။ သမ္ဘဝတိ=ဖြစ်ပွား၏။

ဝေဒနာပစ္စယာ= ဝေဒနာ ၆–ပါး ထင်ရှားရှိနေခြင်းကြောင့်။ တဏှာ= ဝတ္ထုအာရုံ ကာမဂုဏ်ကို ခုံမင်တွယ်တာ သာယာကပ်ငြိသော တဏှာ ၆–ပါး သည်။ သမ္ဘဝတိ= ဖြစ်ပွား၏။

တဏှာပစ္စယာ= တဏှာခြောက်ပါး ထင်ရှားရှိနေမှုကြောင့်။ ဥပါဒါနံ= မလွှတ်နိုင် မခွာနိုင် ပိုင်ပိုင်စေးချွဲ အတွယ်မြဲသော ဥပါဒါန်တရားသည်။ သမ္ဘဝတိ= ဖြစ်ပွား၏။

ဥပါဒါနပစ္စယာ= ဥပါဒါန်တရား ထင်ရှားနေမှုကြောင့်။ ဘဝေါ=လောက အစီးအပွား သံသရာအစီးအပွား ဟူသော ကံတရား ဝိပါက်တရားစုသည်။ သမ္ဘဝတိ=ဖြစ်ပွား၏။

ဘဝပစ္စယာ= ပစ္စုပ္ပန်စီးပွားမှု သံသရာစီးပွားမှု ထင်ရှားရှိနေမှုကြောင့်။ ဇာတိ=အဖန်ဖန် ပဋိသန္ဓေနေမှု ထင်ရှားရှိနေခြင်းသည်။ သမ္ဘဝတိ=ဖြစ်ပွား၏။

ဇာတိပစ္စယာ= ပဋိသန္ဓေနေမှု ထင်ရှားရှိနေခြင်းကြောင့်။ ဇရာမရဏံ– အဖန်ဖန် အိုမင်းရင့်ဆွေးမှု သေဆုံးမှုသည်လည်းကောင်း။ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ= စိုးရိမ်ပူဆွေးမှု ငိုကြွေးမြည်တမ်းမှု ပင်ပန်းဆင်းရဲ နှလုံး မသာယာမှု သက်ကြီးရှိုက်ငင် ပင်ပန်းမှုတို့သည်လည်းကောင်း။ သမ္ဘဝန္တိ=ဖြစ်ပွားကုန်၏။

ဧဝံ=ဤသို့။ ကေဝလဿ= ချမ်းသာမဖက် ဆင်းရဲသက်သက်သာ ဖြစ်သော။ ဧတဿဒုက္ခက္ခန္ဓဿ= ဤဆင်းရဲခြင်းဒုက္ခအစု၏။ သမုဒယော= ဖြစ်ပွားခြင်းသည်။ ဟောတိ= ဖြစ်၏။

## ပဋိစ္စသမုပ္ပါဒ်အင်္ဂါတစ်ပါးစီ၏အဓိပ္ပာယ်

### ၁။ အဝိဇ္ဇာ

မသိခြင်း မောဟသည် အဝိဇ္ဇာဖြစ်၏။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဟူသော သစ္စာလေးပါး၊ ဘဝခန္ဓာ၏ ရှေ့အဖို့အစု၊ ဘဝခန္ဓာ၏ နောက်အဖို့အစု၊ ရှေ့အဖို့အစုနှင့် နောက်အဖို့အစု နှစ်ခုလုံး၊ အဆက်မပြတ် လည်ပတ်နေသည့် ဘဝခန္ဓာစက်ရဟတ် ပဋိစ္စသမုပ္ပါဒ် ဟူသော ၈–ဌာနတို့၌ မသိမမြင်ခြင်း မောဟသည် အဝိဇ္ဇာ=ဖြစ်၏။

မျက်စိတွင် တိမ်သလာ ဖုံးလွှမ်းနေသူသည် မြင်သင့်မြင်ထိုက်သော အရာဌာနတို့ကို မမြင်ရဘိသကဲ့သို့ အဝိဇ္ဇာဖုံးလွှမ်းနေသောကြောင့် ဘုံသုံးပါး၌ ရှိရှိသမျှ ရုပ်နာမ်တွေသည် ဆင်းရဲခြင်းဒုက္ခချည်းသာ ဖြစ်သည်ဟူသော အမှန်တရား ဒုက္ခသစ္စာကို မသိမမြင်ပေ။ တဏှာလောဘသည် ဆင်းရဲခြင်းအမှန် (ဒုက္ခသစ္စာ) ဖြစ်ကြောင်းတရားဟု အမှန်အတိုင်း မသိမမြင်ပေ။ နိဗ္ဗာန်သည် ဆင်းရဲအားလုံး ချုပ်ဆုံးကုန်ပျောက်ရာ အမှန်တရား(နိရောဓသစ္စာ) ဖြစ်သည်ဟု အမှန်အတိုင်း မသိမမြင်ပေ။ မဂ္ဂင်(၈)ပါး အကျင့်တရားလမ်းစဉ်သည် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းအမှန်(မဂ္ဂသစ္စာ) ဖြစ်သည်ဟု အမှန်အတိုင်း မသိမမြင်ပေ။

### ၂။ သင်္ခါရ

အကျိုးဝိပါက် ဖြစ်သော ရုပ်နာမ်သင်္ခတ တရားစုကို ပြုစီမံတတ်သော လောကီကုသိုလ်၊ အကုသိုလ်စေတနာသည် သင်္ခါရ ဖြစ်၏။ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဥ္စာဘိသင်္ခါရ– ဟု သုံးမျိုးပြား၏။

## ၃။ ဝိညာဏ်

ပဋိသန္ဓေစိတ်၊ လောကီဝိပါက်စိတ်ကို ဝိညာဏ်=ဟုခေါ်၏။

ရှေးရှေးဘဝက ပြုခဲ့သော ပုညာဘိသင်္ခါရကြောင့် ယခုဘဝ ကာမသုဂတိဘုံနှင့် ရူပဘုံတို့၌ ပဋိသန္ဓေဝိညာဉ် ဖြစ်ရ၏။ အပုညာဘိ သင်္ခါရကြောင့် အပါယ်ဘုံ၌ ပဋိသန္ဓေဝိညာဉ် ဖြစ်ရ၏။ ထိုရှေးရှေးဘဝက သင်္ခါရတို့ကြောင့် ယခုဘဝဝယ် ပဝတ္တိအခါ၌လည်း စက္ခုဝိညာဉ် စသော ဝိပါက်ဝိညာဉ်များ ဖြစ်ကြရ၏။

## ၄။ နာမ်ရုပ်

ပဋိသန္ဓေဝိညာဉ် ဖြစ်ပေါ်လာသည့်အခါ ဝိညာဉ်နှင့်ယှဉ်ဖက်ဖြစ်သော နာမ်ခန္ဓာသုံးပါးနှင့် ကမ္မဇရုပ်ကလာပ်များ တစ်ပြိုင်နက် ဖြစ်ပေါ်လာသဖြင့် ဝိညာဉ်ကြောင့် နာမ်ရုပ်များ ဖြစ်သည်ဟု ဆို၏။

## ၅။ သဠာယတန

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ခန္ဓာကိုယ်၊ စိတ်ဓာတ် ဟူသော ခြောက်ခုသော တည်ရာဌာနကို သဠာယတနဟု ခေါ်၏။ (သ+အာယတန။ သ= ခြောက်ခု။ အာယတန= တည်ရာဌာန)

လူ့ခန္ဓာကိုယ်တွင် မျက်စိ၊ နား၊ နှာခေါင်း စသော တံခါးမကြီး ၆–ပေါက် ပွင့်နေသောအခါ ရူပါရုံ၊ သဒ္ဒါရုံ စသော သူခိုးဓားပြများ ဝင်ခွင့် ရသည်။

## ၆။ ဖဿ

အတွေ့အထိကို ဖဿဟု ခေါ်သည်။ မျက်စိဖြင့် တွေ့ထိခြင်း၊ နားဖြင့် တွေ့ထိခြင်း၊ နှာခေါင်းဖြင့် တွေ့ထိခြင်း၊ လျှာဖြင့် တွေ့ထိခြင်း၊ ခန္ဓာကိုယ်ဖြင့် တွေ့ထိခြင်း၊ စိတ်ဓာတ်ဖြင့် တွေ့ထိခြင်းဟူ၍ တွေ့ထိခြင်း ဖဿ (၆)မျိုး ရှိ၏။ အာရုံအကောင်းစား တွေ့ထိခြင်း၊ အလတ်စား တွေ့ထိခြင်း၊ အညံ့စား တွေ့ထိခြင်းဟူ၍ သုံးမျိုးပြား၏။

## ၇။ ဝေဒနာ

ခံစားခြင်းကို ဝေဒနာဟုခေါ်၏။ အတွေ့အထိ ဖဿကြောင့် ခံစားခြင်း ဝေဒနာ ဖြစ်ပေါ်လာရသည်ဟု ဆိုရာ၌ အတောင်သုံးဆယ်လောက် မြင့်မားသော ကွမ်းသီးပင်ထိပ်ဖျားတွင် လူတစ်ယောက် တန်းလန်းကြီးဖြစ်ပြီး ပြုတ်ကျတော့မည်

အနေအထားကို အောက်က မြင်ရသူသည် ကြောက်ရွံ့ပြီး ခြေဖဝါးတွေ ယားလာ၏။ မျက်စိဖြင့် မြင်ရခြင်း အတွေ့အထိ(စက္ခုသမ္ဘဿ)ကြောင့် ခြေဖဝါး ယားလာသည် အထိ ကြောက်ရွံ့မှု ခံစားရခြင်း ဝေဒနာဖြစ်လာပုံကို သတိပြုပါ။

## ၈။ တဏှာ

တပ်မက်ခြင်း၊ နှစ်သက်ခြင်း၊ သာယာခြင်းကို တဏှာဟု ခေါ်၏။ အဆင်း၌ သာယာခြင်း ရူပတဏှာ၊ အသံ၌သာယာခြင်း သဒ္ဒတဏှာ၊ အနံ့၌ သာယာခြင်း ဂန္ဓတဏှာ၊ အရသာ၌ သာယာခြင်း ရသတဏှာ၊ အတွေ့အထိ၌ သာယာခြင်း ဖောဋ္ဌဗ္ဗ တဏှာ၊ တွေ့ကြုံခဲ့ပြီးဖြစ်သော စက္ခု၊ သောတ စသော ဓမ္မာရုံတို့၌ ပြန်လည်အောက်မေ့သာယာခြင်း ဓမ္မတဏှာဟု ၆–မျိုးရှိ၏။

(ပဋိစ္စသမုပ္ပါဒနိဒ္ဒေသ အဘိဓမ္မာဝိဘင်း ပါဠိတော်)

လက်တွေ့ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဟူသော အာရုံ ငါးပါးမှတစ်ပါး ကြွင်းသမျှ အလုံးစုံသည် ဓမ္မာရုံ ဖြစ်၏။

ခံစားမှု ဝေဒနာကြောင့် သာယာမှုတဏှာ ဖြစ်သည်ဟု ဆိုရာ၌ အာရုံ အကောင်းစားနှင့် အလတ်စားကို ခံစားရလျှင်ဖြင့် တပြုံးပြုံးနှင့် သာယာ စုံမက်လှသော တဏှာကို ဖြစ်စေ၏။ အာရုံအညံ့စားကို ခံစားရသောအခါ တမဲ့မဲ့နှင့် ဒီတဏှာ သေတော့မှာပဲလို့ ထင်ရ၏။ သို့သော် အညံ့စားတွေ့လေလေ အကောင်းစား စိတ်ကူးလေလေ ဖြစ်သောကြောင့် တဏှာ မသေပါ။ စိတ်ကူးယဉ်သော တဏှာ၊ လှမ်းပြီး တောင့်တသော တဏှာဖြစ်၏။ ဘုရားလေးဆူအကြား အစာမစားရသော ပြိတ္တာများသည် ဘယ်တော့မှ စားကြရပါမည်လဲဟု လှမ်းပြီး တောင့်တကြ၏။ မသေကြပေ။ တဏှာသည် အာရုံအကောင်းစားနှင့် အလတ်စားကို တွေ့သောအခါ သာယာ၏။ အာရုံအညံ့စားကို တွေ့သောအခါ အကောင်းစားကို လှမ်း၍ တောင့်တ၏။

## ၉။ ဥပါဒါန်

အနည်းငယ် တပ်မက်မှုသည် တဏှာ ဖြစ်၍ လွန်လွန်ကဲကဲ စွဲလမ်း တပ်မက်မှုသည် ဥပါဒါန် ဖြစ်၏။ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်အားဖြင့် လေးပါး ပြား၏။

၁၀။ ဘဝ

ကမ္မဘဝ ဥပပတ္တိဘဝဟု နှစ်မျိုးရှိ၏။ လောကီကုသိုလ် အကုသိုလ်ကံဟူသော စေတနာ(၂၉)ပါးသည် ကမ္မဘဝဖြစ်၏။ အကြောင်းကံကြောင့်ရသော လောကီဝိပါက်(၃၂)ပါးနှင့် ကမ္မဇရုပ်များသည် ဥပပတ္တိဘဝ ဖြစ်၏။ ဒုစရိုက်ဆယ်ပါးသည် အကုသိုလ် ကမ္မဘဝ ဖြစ်၏။ ကုသလကမ္မပထတရား ဆယ်ပါးသည် ကုသိုလ်ကမ္မဘဝ ဖြစ်၏။

၁၁။ ဇာတိ

ထိုထိုဘုံဘဝ၌ ဖြစ်ရခြင်း၊ ပဋိသန္ဓေ တည်နေရခြင်းကို ဇာတိဟု ခေါ်၏။ အမိဝမ်းခေါင်း၌ အညစ်အကြေး အလူးလူးဖြင့် ကိန်းအောင်း ပဋိသန္ဓေနေရသော ဇာတိဒုက္ခကို ဘုရား ရဟန္တာများမှသာ အတိအကျ သိမြင်ကြ၏။

၁၂။ ဇရာမရဏ

သတ္တဝါတိုင်းသည် ထိုထိုဘုံဘဝ၌ ပဋိသန္ဓေဇာတိရ၍ တိရစ္ဆာန်၊ လူ၊ နတ်၊ ဗြဟ္မာ ဟူသော ခန္ဓာကိုယ်တွေ ရရှိပါက အိုမင်းဆွေးမြေ့ ရင့်ရော်ခြင်း ဇရာ၊ သေရခြင်း မရဏ တွေ့ရမည်သာ ဖြစ်၏။

မသေမီ စိုးရိမ်ပူဆွေးခြင်း သောက၊ ငိုကြွေးခြင်း ပရိဒေဝ၊ ခန္ဓာကိုယ်ဆင်းရဲခြင်း ဒုက္ခ၊ စိတ်ဆင်းရဲခြင်း ဒေါမနဿ၊ ပြင်းထန်စွာ ပူဆွေးရခြင်း ဥပါယာသ တို့ကိုလည်း တွေ့ကြုံရမည်သာ ဖြစ်ပေသည်။

**အင်္ဂါ(၁၂)ပါး**

သတ္တဝါတို့၏ ဘဝခန္ဓာ စက်ရဟတ် အဆက်မပြတ် လည်ပတ်နေပုံ ပဋိစ္စသမုပ္ပါဒ်သည် အစိတ်အပိုင်း အင်္ဂါအားဖြင့် ၁၂-ပါး ရှိ၏။

၁။ အဝိဇ္ဇာ (မသိခြင်း မောဟ)၊
၂။ သင်္ခါရ (ပြုပြင်ဖန်တီးနေရသော လောကီကုသိုလ် အကုသိုလ် စေတနာ)၊
၃။ ဝိညာဏ် (လောကီဝိပါက်၃၂-ခု)
၄။ နာမ်ရုပ် (လောကီဝိပါက် ၃၂-ခု၌ရှိသော စေတသိက်နှင့် ကမ္မဇရုပ်)၊
၅။ သဠာယတန (စက္ခု၊ သောတ စသော အာယတန ၆-ပါး၊)
၆။ ဖဿ (အာရုံနှင့် တွေ့ထိခြင်း)၊

၇။ ဝေဒနာ (အာရုံ၏အရသာကို ခံစားခြင်း)၊
၈။ တဏှာ (အာရုံ၏အရသာကို ခံစားခြင်း)၊
၉။ ဥပါဒါန် (စွဲလမ်းသောတဏှာနှင့် အယူသီး ဒိဋ္ဌိ)၊
၁၀။ ဘဝ (ကမ္မဘဝနှင့်ဥပပတ္တိဘဝ)၊
၁၁။ ဇာတိ (ရှေးရှေးဘဝ၌ ပြုခဲ့သော ကံအကြောင်းကြောင့် နောက်နောက်ဘဝ၌ အသစ်ဖြစ်ရသော ဇာတိ)၊
၁၂။ ဇရာ၊ မရဏ (ဘဝသစ် ဇာတ်လမ်းမှာ အစိုးရသော အိုမင်းခြင်း၊ ဇရာနှင့်ဇာတ်သိမ်းခန်းတွင် အစိုးရသော သေကျေပျက်စီးခြင်း မရဏ)။

စိုးရိမ်ခြင်းသောက၊ ငိုကြွေးခြင်းပရိဒေဝ၊ ခန္ဓာကိုယ် ဆင်းရဲပင်ပန်းခြင်း ဒုက္ခ၊ စိတ်ဆင်းရဲခြင်းဒေါမနဿ၊ ပြင်းစွာ ပင်ပန်းဆင်းရဲခြင်း ဥပါယာသဟူသော ဒေါသတရားတို့ကို ပဋိစ္စသမုပ္ပါဒ် အင်္ဂါ(၁၂)ပါးတွင် ထည့်သွင်း ရေတွက်ခြင်းမပြုရ။ အကြောင်းမှာ ဇာတိကြောင့်လည်း သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့ ဖြစ်ပေါ်၏။ ဇရာကြောင့်လည်း ဖြစ်ပေါ်၏။ မရဏကြောင့်လည်း ဖြစ်ပေါ်၏။ ဒုက္ခကြောင့်လည်း ဖြစ်ပေါ်၏။

ဇာတိသည် သောက စသည်တို့၏ ထင်ရှားပြတ်သွန်းသော အကြောင်းလည်း မဟုတ်။ သောကစသည်တို့သည် ဇာတိ၏အကျိုးလည်း ကေန်မဟုတ်။ ဇရာ၏ အကျိုးလည်း ကေန်မဟုတ်။ ဘယ်သူ့အကျိုးမှ ကေန်မဟုတ်သောကြောင့် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ တို့ကို ပဋိစ္စသမုပ္ပါဒအင်္ဂါ (၁၂)ပါးထဲတွင် ထည့်သွင်းရေတွက်ခြင်း မပြုရ။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဖြစ်နေသူတို့မှာ အဝိဇ္ဇာ မကင်းသေးကြောင်း သိစေလိုသောကြောင့်သာ သောက၊ ပရိဒေဝ စသည်တို့ကို ဆက်လက်ဟောကြားခြင်း ဖြစ်၏။

ဖော်ပြခဲ့ပြီးသော ပဋိစ္စသမုပ္ပါဒ် အင်္ဂါ၁၂-ပါးကို ကျေကျေညက်ညက် ကွက်ကွက်ကွင်းကွင်း သိမြင်ရေတွက်နိုင်အောင် လေ့လာကျက်မှတ်ထားမှသာ ပဋိစ္စသမုပ္ပါဒ်တွင် ကာလသုံးပါး၊ ဝဋ်သုံးပါး၊ ခြင်းရာနှစ်ဆယ်၊ အစပ်သုံးပါး၊ အလွှာလေးပါးတို့ကို ကွဲပြားအောင် မှတ်သားရေတွက်နိုင်မည် ဖြစ်၏။

ကာလသုံးပါး

၁။ အဝိဇ္ဇာ၊ သင်္ခါရသည် အတိတ်ကာလ။

၂။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝသည် ပစ္စုပ္ပန်ကာလ။

၃။ ဇာတိ၊ ဇရာ၊ မရဏသည် အနာဂတ်ကာလ။

ဝဋ်သုံးပါး

၁။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်သည် ကိလေသဝဋ်မည်၏။

၂။ သင်္ခါရ၊ ကမ္မဘဝသည် ကမ္မဝဋ်မည်၏။

၃။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဥပပတ္တိဘဝ၊ ဇာတိ၊ ဇရာ မရဏသည် ဝိပါကဝဋ်မည်၏။

ခြင်းရာ ၂၀

၁။ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ ခြင်းရာ ၅-ပါး။

၂။ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ ခြင်းရာ ၅-ပါး။

၃။ ဇာတိ၊ ဇရာ၊ မရဏ (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ဟူသော ခြင်းရာ ၅-ပါး။

၄။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ (ဇာတိ၊ ဇရာ၊ မရဏ) ဟူသော ခြင်းရာ ၅-ပါး။

ထို့ကြောင့် အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝသည် အတိတ်အကြောင်း ငါးပါးဖြစ်၏။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် ပစ္စုပ္ပန် အကျိုးငါးပါးဖြစ်၏။ ဤကား ပုဗ္ဗန္တ ဘဝစက်တည်း။

တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရသည် ပစ္စုပ္ပန်အကြောင်း ငါးပါးဖြစ်၏။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် အနာဂတ် အကျိုးငါးပါးဖြစ်၏။ ဤကား အပရန္တ ဘဝစက်တည်း။

ဤသို့လျှင် အတိတ်အကြောင်းငါးပါး ပစ္စုပ္ပန်အကျိုးငါးပါးနှင့် ပစ္စုပ္ပန် အကြောင်းငါးပါး၊ အနာဂတ်အကျိုးငါးပါးဟူ၍ ဘဝခန္ဓာစက်ရဟတ် ပဋိစ္စသမုပ္ပါဒ်တွင် အခြင်းအရာနှစ်ဆယ် ရှိ၏။

**အစပ်သုံးပါး**

၁။ သင်္ခါရနှင့် ဝိညာဏ်အကြားသည် တစ်စပ်၊ ပထမအစပ်။

၂။ ဝေဒနာနှင့် တဏှာအကြားသည် တစ်စပ်။ ဒုတိယအစပ်။

၃။ ဘဝနှင့်ဇာတိအကြားသည် တစ်စပ်။ တတိယအစပ်။

ပထမအစပ်သည် အတိတ်နှင့် ပစ္စုပ္ပန်စပ်ခြင်း၊ အကြောင်းနှင့် အကျိုးစပ်ခြင်း၊ အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးစပ်ခြင်းဟု သုံးနည်းရ၏။

ဒုတိယအစပ်သည် ပစ္စုပ္ပန်နှင့် ပစ္စုပ္ပန်စပ်ခြင်း၊ အကျိုးနှင့် အကြောင်းစပ်ခြင်း၊ ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်းစပ်ခြင်းဟု သုံးနည်းရ၏။

တတိယအစပ်သည် ပစ္စုပ္ပန်နှင့် အနာဂတ်စပ်ခြင်း၊ အကြောင်းနှင့်အကျိုးစပ်ခြင်း၊ ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုးစပ်ခြင်းဟု သုံးနည်းရ၏။

**အလွှာလေးပါး**

၁။ အဝိဇ္ဇာ၊ သင်္ခါရသည် တစ်လွှာ၊

၂။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် တစ်လွှာ၊

၃။ တဏှာ၊ ဥပါဒါန်၊ ဘဝသည် တစ်လွှာ၊

၄။ ဇာတိ၊ ဇရာ၊ မရဏသည် တစ်လွှာ၊

တစ်နည်း:-

၁။ အတိတ်အကြောင်း ငါးပါးသည် တစ်လွှာ၊

၂။ ပစ္စုပ္ပန်အကျိုး ငါးပါးသည် တစ်လွှာ၊

၃။ ပစ္စုပ္ပန်အကြောင်း ငါးပါးသည် တစ်လွှာ၊

၄။ အနာဂတ်အကျိုး ငါးပါးသည် တစ်လွှာ၊

**မူလနှစ်ပါး**

၁။ အဝိဇ္ဇာသည် ပုဗ္ဗန္တဘဝစက်၏ မူလဖြစ်၏။

၂။ တဏှာသည် အပရန္တဘဝစက်၏ မူလဖြစ်၏။

ဘဝခန္ဓာ၏ ရှေ့အဖို့အစုသည် ပုဗ္ဗန္တဖြစ်၏။

ဘဝခန္ဓာ၏ နောက်အဖို့အစုသည် အပရန္တဖြစ်၏။

မသိခြင်း(မောဟ)ကြောင့် အကုသိုလ်လုပ်ငန်း သင်္ခါရ ဖြစ်ပေါ်လာသည်ဟု ဆိုခြင်းကို လက်ခံကြမည်ဖြစ်သော်လည်း၊ မသိခြင်း(မောဟ)ကြောင့် ကုသိုလ်လုပ်ငန်း သင်္ခါရ ဖြစ်ပေါ်လာသည်ဟု ဆိုသောအခါ မျက်စိလည်တတ်ကြသည်။

စင်စစ်မှာ ဘုရား၊ ရဟန္တာ မဖြစ်သေးလျှင် ဆင်းရဲဟူသမျှ လုံးဝကင်းပြီး ဖြစ်သော နိဗ္ဗာန်ကို အဓိကမထားဘဲ ကုသိုလ်လုပ်ငန်း သင်္ခါရတွေ ပြုလုပ်နေပါက လူ နတ် ဗြဟ္မာ ချမ်းသာများကိုသာ ရရှိမည်ဖြစ်သည်။ လူ နတ် ဗြဟ္မာချမ်းသာတို့သည် ဆင်းရဲမကင်းကြသေးပါ။ ဆင်းရဲမကင်းသော လူ နတ် ဗြဟ္မာ ချမ်းသာတို့ကို ရရှိစေနိုင်သည့် ကုသိုလ်လုပ်ငန်း သင်္ခါရတွေ ဖြစ်ပေါ်နေခြင်းသည် မသိခြင်း (မောဟ)ကြောင့်သာ ဖြစ်သည်ဟု ဆိုလို၏။ ဘုရား ရဟန္တာ ဖြစ်သွားသောအခါ ကုသိုလ်နှင့် အကုသိုလ်တို့ကို လုံးဝ ပယ်ပြီးသား ဖြစ်သွား၏။ အကုသိုလ်မူကား လုံးဝမပြုတော့ပါ။ ဘုရားရဟန္တာတို့က တရားဟောခြင်း၊ လိမ္မာအောင် ဆုံးမခြင်းဟူသော လုပ်ငန်းများသည် ကုသိုလ်ကောင်းမှုတွေ မဟုတ်ပါလောဟု မေးစရာဖြစ်၏။ ဘုရားရဟန္တာတို့၏ ထိုကဲ့သို့သောလုပ်ငန်းများသည် ကုသိုလ် ကောင်းမှု မဖြစ်တော့ပါ။ သတ္တဝါတွေ ချမ်းသာရေးအတွက် ပြုကာမတ္တသာ ဖြစ်သည်ဟု မှတ်ပါ။

မသိခြင်း(မောဟ)ကြောင့် အကုသိုလ်လုပ်ငန်း သင်္ခါရ၊ ကုသိုလ်လုပ်ငန်း သင်္ခါရတွေ ဖြစ်ပေါ်လာ၏။ ကုသိုလ်အကုသိုလ် သင်္ခါရလုပ်ငန်းများကြောင့် ပဋိသန္ဓေ ဝိညာဉ်၊ စက္ခုဝိညာဉ်၊ သောတဝိညာဉ် စသည်တို့ ဖြစ်ပေါ်လာရ၏။

ဤသို့စသည်ဖြင့် သတ္တဝါမှန်သမျှတို့၏ ခန္ဓာကိုယ်သဏ္ဌာန်၌ ကြောင်းကျိုးဆက်စပ်လျက် အဆက်မပြတ် ရုပ်နာမ်တွေ ဖြစ်ပေါ်နေခြင်းကို ပဋိစ္စသမုပ္ပါဒ်ဟု ခေါ်၏။

သတ္တဝါအပေါင်းသည် မသိခြင်း အဝိဇ္ဇာနှင့် တပ်နှစ်သက်ခြင်း တဏှာဟူသော ဘဝစက်ရဟတ်၏မူလဇာစ်မြစ် ခိုင်မြဲမှု စက်ဝိုင်းနှစ်ခုဖြင့် သံသရာဘဝအထပ်ထပ် မရပ်မတည် တလည်လည် လှည့်ပတ်သွားလာနေရခြင်းကို ပဋိစ္စသမုပ္ပါဒ်ဟု ဘုရားရှင် ဟောတော်မူ၏။

ဤသို့လျှင် ဘဝစက်ရဟတ်ကို သိ, သင်, ကြားနာထားသော သုတမယဉာဏ်၊ သိ, သင်, ကြားနာမှုအပေါ် မူတည်၍ ကြံစည်တွေးခေါ်မြော်မြင်မှု စိန္တာမယဉာဏ်၊ တရားအားထုတ် ကြိုးစား၍ ထိုးထွင်းသိသော ဘာဝနာမယဉာဏ်တို့ဖြင့် လျော်စွာ မသိသေးသမျှ ကာလပတ်လုံး သတ္တဝါအပေါင်းသည် သမုဒ္ဒရာ၌

ယုန်ငယ်ပမာ သံသရာ၌ ထောက်တည်ရာမရဘဲ ရှည်ကြာဒုက္ခ တွေ့ကြုံနေရမည်သာ ဖြစ်၏။

မသိခြင်း(မောဟ)ကြောင့် ကုသိုလ်လုပ်ငန်းသင်္ခါရနှင့် အကုသိုလ် လုပ်ငန်းသင်္ခါရတွေ ဖြစ်သည်ဟုဆိုရာ၌ သင်္ခါရသည် လောကီကုသိုလ် အကုသိုလ်စေတနာဖြစ်၏

ပင်လယ်သမုဒ္ဒရာ၌ သင်္ဘောပျက်၍ ရေနစ်မျောပါသွားသူသည် ဆင်သေကောင်ပုပ်ကို တွေ့သောအခါ ပုပ်စော်နံ၍ ရွံစရာဖြစ်သော်လည်း ကမ်းပါးသို့ရောက်အောင် ရပ်တည်ပို့ဆောင်နိုင်သည် ဖြစ်သောကြောင့် တွယ်ကပ်မှီခို လိုက်ပါသွားရဘိသကဲ့သို့ ကုသိုလ်ကောင်းမှု ပုညာဘိသင်္ခါရတွေ ဖြစ်အောင် ရှက်ဆောင်ကြိုးစားရမည်သာ ဖြစ်၏။ သံသရာဝဋ်မှ လွတ်မြောက်နိုင်သော ဝိဝဋ္ဋနိဿိတကုသိုလ်ဖြစ်အောင် ရှက်ဆောင်ကြိုးစားသင့်၏။

ချမ်းသာသုခကို လိုလားသောသူသည် ဘုရားဟော အဘိဓမ္မာဝိဘင်းပါဠိတော်လာ ပဋိစ္စသမုပ္ပါဒအကျဉ်းပါဠိမျှကို ရှေးဦးစွာ အလွတ်ရအောင် ကျက်ထားရမည်။ ပါဠိရသောအခါ အနက်နိဿယကိုပါ ရအောင် ဆက်၍ ကျက်ထားရမည်။

အရကျက်၍ အသက်ထက်ဆုံး အမြဲဆောင်ရှက်သူသည် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ဓမ္မစေတီကျောင်းတော်နှင့် တူ၏။ လူနတ်တို့ ရှိခိုးပူဇော်ခြင်းကို ခံထိုက်သည်ဟု သိအပ်၏။

ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ ဟူ၍ စေတီလေးမျိုးရှိသည်တွင် ဓမ္မာနုဿတိတည်ရှိသော သူ၏ခန္ဓာကိုယ်သည် စေတီကျောင်းနှင့် အလားတူ၏။ လူနတ်တို့ ပူဇော်ထိုက်သည်ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာလာရှိ၏။

## ပဋိလောမ ပဋိစ္စသမုပ္ပါဒ် ပါဠိတော်

အဝိဇ္ဇာယ တွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊
သင်္ခါရနိရောဓာ ဝိညာဏနိရောဓော
ဝိညာဏနိရောဓာ နာမရူပနိရောဓော၊
နာမရူပနိရောဓာ သဠာယတနနိရောဓော၊
သဠာယနတနိရောဓာ ဖဿနိရောဓော၊
ဖဿနိရောဓာ ဝေဒနာနိရောဓော၊

ဝေဒနာနိရောဓာ တဏှာနိရောဓော၊
တဏှာနိရောဓာ ဥပါဒါန နိရောဓော၊
ဥပါဒါန နိရောဓာ ဘဝနိရောဓော၊
ဘဝနိရောဓာ ဇာတိနိရောဓော၊

ဇာတိနိရောဓာ ဇရာ မရဏာ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု-ပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ မေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

**အနက်**

အဝိဇ္ဇာယ တွေဝ=အဝိဇ္ဇာ၏ သာလျှင်။ အသေသဝိရာဂနိရောဓာ= ဝိရာဂ မည်သော ဝိဇ္ဇာဉာဏ်ဖြင့် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်းကြောင့်။ သင်္ခါရနိရောဓာ= အကုသိုလ်ကံ၊ ကုသိုလ်ကံဟု ဆိုအပ်သော သင်္ခါရတို့၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ= ဖြစ်၏။

သင်္ခါရနိရောဓာ= အကုသိုလ်ကံ၊ ကုသိုလ်ကံဟု ဆိုအပ်သော သင်္ခါရ တို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ ဝိညာဏနိရောဓော= ဘဝသစ်ဝိညာဏ်၏ မပေါ်အလျှင်း ချုပ်ငြိမ်းခြင်းသည်။ ဟောတိ=ဖြစ်၏။

ဝိညာဏနိရောဓာ=ဝိညာဏ်၏ ချုပ်ငြိမ်းခြင်းကြောင့်။ နာမရူပ နိရောဓော= နာမ်ရုပ်၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ =ဖြစ်၏။

နာမရူပနိရောဓာ=နာမ်ရုပ်၏ ချုပ်ငြိမ်းခြင်းကြောင့်။ သဠာယတန နိရော ဓော= သဠာယတန၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ= ဖြစ်၏။

သဠာယတနနိရောဓာ=သဠာယတန၏ ချုပ်ငြိမ်းခြင်းကြောင့်။ ဖဿ နိရောဓော=ဖဿ ၆–ပါး၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ= ဖြစ်၏။

ဖဿနိရောဓာ=ဖဿ ၆–ပါး၏ ချုပ်ငြိမ်းခြင်းကြောင့်။ တဏှာ နိရောဓော= တဏှာ ၆–ပါး၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ= ဖြစ်၏။

တဏှာနိရောဓာ = တဏှာ ၆–ပါး၏ ချုပ်ငြိမ်းခြင်းကြောင့်။ ဥပါဒါန နိရောဓော= ဥပါဒါန်လေးပါး၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ =ဖြစ်၏။

ဥပါဒါနနိရောဓာ=ဥပါဒါန်လေးပါး၏ ချုပ်ငြိမ်းခြင်းကြောင့်။ ဘဝ နိရောဓော= ကမ္မဘဝ, ဥပပတ္တိဘဝတို့၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ= ဖြစ်၏။

ဘဝနိရောဓာ= ကမ္မဘဝ၊ ဥပပတ္တိဘဝတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ ဇာတိနိရောဓော = ဇာတိ၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ= ဖြစ်၏။

ဇာတိနိရောဓာ=ဇာတိ၏ ချုပ်ငြိမ်းခြင်းကြောင့်။ ဇရာ မရဏံ= အိုခြင်း သေခြင်းသည်လည်းကောင်း။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ= စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာခြင်း၊ သက်ကြီးရှိုက်ငင် ဖင်ပန်းခြင်းတို့သည်လည်းကောင်း။ နိရုဇ္ဈန္တိ=ချုပ်ငြိမ်းကုန်၏။ ဧဝံ=ဤသို့။ ကေဝ လဿ= ခပ်သိမ်းဥဿုံ အလုံးစုံသော။ ဧတဿ ဒုက္ခက္ခန္ဓဿ= ထိုဆင်းရဲ အစု၏။ နိရောဓော= ချုပ်ငြိမ်းခြင်းသည်။ ဟောတိ= ဖြစ်၏။

ပဋိလောမပဋိစ္စသမုပ္ပါဒ်ပါဠိတော်နှင့် အနက်ပြီး၏။

## ပဋိလောမ ပဋိစ္စသမုပ္ပါဒ် အဓိပ္ပါယ်

**အဝိဇ္ဇာ ကင်းပြတ်၍ ဝိဇ္ဇာအလင်းဓာတ် ဖြစ်ပုံ** ဤဒေသနာတော်၌ အဝိဇ္ဇာ အကြွင်းမဲ့ ချုပ်ငြိမ်းမှု တစ်ခုသာ လိုရင်းတည်း။ သင်္ခါရ၏ ချုပ်ငြိမ်းမှု၊ ဝိညာဏ်၏ ချုပ်ငြိမ်းမှု၊ နာမ်ရုပ် ချုပ်ငြိမ်းမှု အစ ရှိသော ချုပ်ငြိမ်းမှုအစုသည် အဝိဇ္ဇာချုပ်ငြိမ်းမှုမှာ တစ်လုံးတည်း၊ တစ်ပါတည်း ပါလေ၏။ အနုလောမ ပဋိစ္စသမုပ္ပါဒ်ကား ဖြစ်ပေါ်မှုဖြစ်၍ တရားလည်း အသီးသီးရ၏။ ဖြစ်ပေါ်မှုလည်း အသီးသီးရ၏။ ဤပဋိလောမ ပဋိစ္စသမုပ္ပါဒ်၌ကား ဖြစ်ပေါ်မှုမဟုတ်။ ချုပ်ငြိမ်းမှု ရပ်သိမ်းမှု ဖြစ်လေသောကြောင့် တရားလည်း အသီးသီး မပေါ်ပြီ။ ချုပ်မှုလည်း အသီးသီး မဟုတ်ပြီ။

ဥပမာကား။ ။ ညောင်မျိုးစေ့ရှိ၍ ညောင်မျိုးစေ့မှ ညောင်ညှောက် ဖြစ်သည်။ ညောင်ညှောက်မှ ညောင်ပင်ဖြစ်သည်။ ညောင်ပင်မှ ညောင်ကိုင်းဖြစ်သည်။ ညောင်ကိုင်းမှ ညောင်ခက်ဖြစ်သည်။ ညောင်ခက်မှ ညောင်သီးဖြစ်သည်။ ညောင်သီး မှ ညောင်စေ့ဖြစ်သည်။ ညောင်စေ့မှ ညောင်ညှောက်ဖြစ်သည် အစရှိသည်ဖြင့် မဆုံးနိုင်အောင် သွား၏။ ထိုသို့ သွားရာ၌ ဖြစ်ပေါ်ပေါက်ပွားသွားမှု ဖြစ်သောကြောင့် အစေ့တခြား အညှောက်တခြား အပင်တခြား အကိုင်းတခြား စသည်ဖြင့် အသီးသီး ရသည်။ ညောင်စေ့ကွယ်ဆုံး၍ ညောင်ညှောက် ကွယ်ဆုံးသည်။ ညောင်ညှောက် ကွယ်ဆုံး၍ ညောင်ပင် ကွယ်ဆုံးသည် အစရှိသည်ဖြင့် ဖြစ်ရာ၌ ဤကဲ့သို့ အစဉ် အဆက်နှင့်ဆိုကား ဆိုရ၏။ ဆိုသော်လည်း အမှုမှန်မှာ မျိုးစေ့ ကွယ်ဆုံးလျှင်

အညှောက်ပင် ပေါက်ခွင့်မရှိတော့ပြီ။ အပင် စသည်မှာ ဝေးစွ တကား၊ မျိုးစေ့ ကွယ်ဆုံးသည် ဟူသောစကားမှာလည်း အညှောက်မပေါက်မီ၊ မြေသို့ မရောက်မီ မီးမှာ အကျွမ်းဖုတ်၍ ကွယ်ဆုံးသည်ကို ဆိုလိုသည်။

ဤပဋိလောမဒေသနာ၌ အဝိဇ္ဇာ ချုပ်ငြိမ်းမှုဆိုသည်ကား နိဗ္ဗာန်ပင် တည်း။ ထိုအဝိဇ္ဇာ ချုပ်ငြိမ်းစေနိုင်သော တရားကား ဝိဇ္ဇာတည်း။ ထိုဝိဇ္ဇာသည်—

ဒုက္ခေ ဉာဏံ၊ ဒုက္ခသမုဒယေ ဉာဏံ၊ ဒုက္ခနိရောဓေ ဉာဏံ၊ ဒုက္ခနိရောဓ ဂါမိနိယာ ပဋိပဒါယ ဉာဏံ—

ဟူသော ပါဠိတော်နှင့်အညီ လေးပါးရှိ၏။ ဒုက္ခသစ္စာကို ဖွင့်ပြသော ဝိဇ္ဇာတစ်ပါး၊ သမုဒယသစ္စာကို ဖွင့်ပြသော ဝိဇ္ဇာတစ်ပါး၊ နိရောဓသစ္စာကို ဖွင့်ပြ သော ဝိဇ္ဇာတစ်ပါး၊ မဂ္ဂသစ္စာကို ဖွင့်ပြသော ဝိဇ္ဇာတစ်ပါးဟူ၍ လေးပါး ရှိပါ သည်။

ညောင်ပင်ဥပမာ၌ ညောင်ပင်အစဉ်အဆက်ကို မျိုးပြတ်စေလိုသည် ရှိသော် ညောင်စေ့ကို ဖျက်ဆီးမှု အလုပ်တစ်ခုသာ ရှိ၏။ ညောင်စေ့ကို မီးမှာ အကျွမ်းဖုတ်၍ ပစ်ခဲ့လျှင် ထိုအစေ့မှ အဆက်ဆက်ဖြစ်ပွား၍ သွားလတ္တံ့သော အခြားအရာစုသည် အစေ့ပျက်ရာတွင် တစ်ချက်တည်း၊ တစ်လုံးတည်း တစ်ပြိုင်တည်း ပါကြလေကုန်၏၊

ထိုအတူ အနုလောမ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တည်းဟူသော သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်လိုသော သူမှာလည်း အဝိဇ္ဇာဓာတ်ကို သတ်မှု အလုပ် တစ်ခုသာ ရှိ၏။ အဝိဇ္ဇာဓာတ်တစ်လုံးသေလျှင် အနမတဂ္ဂသံသရာ စက်ရဟတ် ပြတ်လေတော့သည်။

အဝိဇ္ဇာဓာတ်ကိုလည်း ဝိဇ္ဇာဓာတ်မှ သတ်နိုင်သည်။ ဒါနမှုလည်း မသတ်နိုင်။ သီလမှုလည်း မသတ်နိုင်။ ဝိဇ္ဇာဘာဝနာမှတစ်ပါး အခြားသော ဘာဝနာမှုစုလည်း မသတ်နိုင်။ ဝိဇ္ဇာဘာဝနာ တစ်ခုသာ အဝိဇ္ဇာကို သတ်နိုင်သည်။ ဒါန၊ သီလ၊ တစ်ပါး တခြားသော ဘာဝနာမှုသည်ကား ထိုဝိဇ္ဇာဘာဝနာ၏ အခြေခံတို့သာတည်း။

အဝိဇ္ဇာလေးပါးတွင် ဒုက္ခသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာမှောင်တိုက် အမိုက်အမဲကို ဒုက္ခသစ္စာ၌ အလင်းဖွင့်ပြသော ဝိဇ္ဇာဆိမီးရောင်၊ ဝိဇ္ဇာနေရောင်မှ ပယ်ဖျက်နိုင်သည်၊ နောက်သစ္စာသုံးပါး၌ ဖုံးလွှမ်းသော အဝိဇ္ဇာမှောင်ဓာတ် သုံးပါးနှင့် ဝိဇ္ဇာရောင်ဓာတ်သုံးပါးတို့၌လည်း ဤနည်းတူ သိလေ။

ထိုလေးပါးသော အဝိဇ္ဇာမှောင်ဓာတ်, ဝိဇ္ဇာအရောင်ဓာတ်တို့တွင်လည်း ဒုက္ခသစ္စာမှာ ဖုံးလွှမ်းသော အမှောင်ဓာတ်ကို သတ်မှုတစ်ခုသာ လိုရင်းတည်း။ ထိုအမှောင်ဓာတ်ကို သတ်လိုက်လျှင် ကြွင်းသောအမှောင်ဓာတ် သုံးပါးလည်းပါလေတော့သည်။ ဒုက္ခသစ္စာမှာ ဖုံးလွှမ်းသော အမှောင်ဓာတ်ကို သတ်မှုဆိုသည်ကား ဒုက္ခသစ္စာတရားတို့၌ ဝိဇ္ဇာဉာဏ်ပေါ်အောင်(ဝါ)အဝိဇ္ဇာအမှောင်ဓာတ်မှ ဝိဇ္ဇာအရောင်ဓာတ် ဖြစ်လာအောင် အားထုတ်မှုပင်တည်း။

ဇရာ, မရဏာမိးတို့မှ လွတ်လမ်းဖြစ်သော အလုပ်မှန်မည်သည်ကား ဝိဇ္ဇာဉာဏ်ကို တစ်နေ့တခြား တိုးပွားအောင် ထူထောင်၍ အဝိဇ္ဇာမှောင်ကို တစ်နေ့တခြား ပါးရှားဆုတ်ယုတ် အကုန်ချုပ်အောင် အားထုတ်မှုသည်သာလျှင် လမ်းဖြောင့်အလုပ် မည်၏။ ထိုသို့သော အလုပ်ကို လုပ်သောသူသည်သာ သုပ္ပဋိပန္န, ဥဇုပ္ပဋိပန္န, ဉာယပ္ပဋိပန္န, သာမီစိပ္ပဋိပန္န အရာရောက်၏။ ထိုအလုပ်၏ အခြေအနေကား အားခွန်ဗလ မလျော့ရအောင် ခန္ဓာကိုယ်ကို မွေးမြူမှု, သီလစင်ကြယ်မှု, အပိုအမို ပလိဗောဓ ကင်းရှင်းမှုပေတည်း။ ထိုကဲ့သို့ ဥဇုပ္ပဋိပန္န အလုပ်လက်ရှိနှင့် အားထုတ်နေထိုင်သော သူတို့အား အဝိဇ္ဇာမှောင်သည် တစ်နေ့တခြား, တစ်လတခြား, တစ်နှစ်တခြား ရှားပါးဆုတ်ယုတ်၍ ယခုဘဝ၌သော်လည်းကောင်း၊ နောင်ဘဝ နတ်ဘုံသို့ ရောက်သောအခါ၌ လည်းကောင်း အဝိဇ္ဇာမှောင်ဓာတ်သည် ချုပ်ငြိမ်းလတ္တံ့ဟု မြတ်စွာဘုရား အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောကြားတော်မူပါသည်။

အဝိဇ္ဇာမှောင်ကို တစ်နေ့တခြား, တစ်လတခြား, တစ်နှစ်တခြား, ပါးရှား ချုပ်ငြိမ်းအောင် အားထုတ်သောအလုပ်ကို ချန်လှန်၍ ထိုအလုပ်မှ တစ်ပါး သော ခပ်သိမ်းသော ကာယကံအလုပ်, ဝစီကံအလုပ်, မနောကံအလုပ်စုသည် ဇရာ, မရဏာမိးတို့မှ လွတ်လမ်း, ကျွတ်လမ်း မဟုတ်ကုန်။ အဝိဇ္ဇာ အစီးအပွား ဇရာ, မရဏာမိးတို့၏ အစီးအပွားအားကြီးသော အလုပ်တို့သာတည်း။ အဝိဇ္ဇာ အစီးပွား အားကြီးသဖြင့်လည်း 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ'အစရှိသော အနုလောမ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မြတ်အတိုင်း ဇရာမိး၊ မရဏာမိး ပွားစီးလမ်း ဖြစ်ချေ၏။ ဒုက္ခလမ်းမှန် ဖြစ်ချေ၏။

အဝိဇ္ဇာ၏ ကျွတ်လမ်း, လွတ်လမ်းဖြစ်သော အလုပ်ကို မလုပ်နိုင် မလုပ်ဖြစ်အောင် တားမြစ်ဖွဲ့နှောင်၍နေသော တဏှာသည် ဒုက္ခလမ်းမှန် ဖြစ်၏။ ဤတဏှာကို ပယ်နိုင်လျှင် သုခလမ်းမှန် အလုပ်ကို ကောင်းကောင်းလုပ်နိုင်၏။ အဝိဇ္ဇာဟူသော သံသရာဝဋ်မြစ် ကျွတ်ခွင့်သို့ ဆိုက်၏။ ခပ်သိမ်းသော ဒုက္ခမှ

လွတ်၏။ ဤတဏှာကို မပယ်နိုင်လျှင် သုခလမ်းမှန် အလုပ်ကို မလုပ်နိုင်ကြပေ။ အဝိဇ္ဇာဟူသော သံသရာဝဋ်မြစ် စည်ကားရန် အခွင့်၌ တည်ကြ၏။ ခပ်သိမ်းသော ဒုက္ခစွပ်လျက် နေကြ၏။

ထို့ကြောင့် တဏှာသည်သာလျှင် ခပ်သိမ်းသော ဒုက္ခတို့သို့ ရောက်ကြောင်း၊ တွေ့ကြောင်း ဒုက္ခလမ်းမှန်ကြီးပင် ဖြစ်၏ဟု သိအပ်၏။

'ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ'ဆိုသည်ကား အသိဉာဏ် လျင်မြန်ခွင့်နှင့် ထောက်စာသော် သတိဖြစ်မှုက နှေးရာသေး၏။ ရှေးလူဖြစ်စဉ် ရဟန်းဖြစ်စဉ်က လေ့ကျက်ခဲ့သော တရားစုကို အမှတ်ရသည်နှင့်တစ်ပြိုင်နက် အဝိဇ္ဇာကို သတ်နိုင်သော ဝိဇ္ဇာဓာတ် ပေါ်နိုင်၏ဟူလို။ ဤဒေသနာတော်ဖြင့် ယခုဘဝ၌ လူအဖြစ် ရဟန်းအဖြစ်ကိုရ၍ အဝိဇ္ဇာကို သတ်ခြင်းငှာ အားထုတ်သော ပုဂ္ဂိုလ်တို့သည် အကြောင်းမစုံလင်၍ ယခုဘဝ၌ မသတ်နိုင်ကြကုန်သည်ရှိသော် နတ်ပြည်သို့ ရောက်ကြသောအခါ ဉာဏ်ပညာရဲရဲတောက်ကြကုန်သဖြင့် အလွယ်တကူ အလျင်အမြန် သတ်နိုင်ကြကုန်လတ္တံ့ဟု ပြတော်မူသည်။ အဝိဇ္ဇာအမှောင်ဓာတ် ချုပ်ငြိမ်းလျှင်လည်း 'အဝိဇ္ဇာယ တွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော' အစရှိသော ဒေသနာတော်အတိုင်း သံသရာ ဝဋ်ဒုက္ခမှ ကျွတ်လွတ်လမ်း ဖြောင့်တန်းလေတော့သည်။ ။

# အခန်း(၄)

# ဗောဓိပက္ခိယတရား(၃၇)ပါး

**ဗောဓိပက္ခိယ** မဂ်ဉာဏ်၏အသင်းအပင်းတွင် ပါဝင်သော တရားစု(ဝါ) မဂ်ဉာဏ်ဘက်၌ ပါဝင်၍ မဂ်ဉာဏ်၏အကျိုးကို သယ်ပိုးဆောင်ရွက်တတ်သော တရားစုကို ဗောဓိပက္ခိယ ဟု ခေါ်ပါသည်။ (ဗောဓိ=မဂ်ဉာဏ်၊ ပက္ခိယ=အဖို့အစု)

**ဗောဓိပက္ခိယတရား (၃၇)ပါး**

ဗောဓိပက္ခိယ တရားစုများကား–

| | | |
|---|---|---|
| (က) | သတိပဋ္ဌာန် | ၄–ပါး |
| (ခ) | သမ္မပ္ပဓာန် | ၄–ပါး |
| (ဂ) | ဣဒ္ဓိပါဒ် | ၄–ပါး |
| (ဃ) | ဣန္ဒြေ | ၅–ပါး |
| (င) | ဗိုလ် | ၅–ပါး |
| (စ) | ဗောဇ္ဈင် | ၇–ပါး |
| (ဆ) | မဂ္ဂင် | ၈–ပါး |
| | စုစုပေါင်း | ၃၇–ပါး ရှိပါသည်။ |

**(က) သတိပဋ္ဌာန် ၄–ပါး**

သတိပဋ္ဌာန်ဟူသည် လွန်စွာ တည်သောသတိ၊ ခိုင်မြဲစွာ တည်သော သတိဟု အဓိပ္ပာယ်ရရှိပါသည်။ သက်ဆိုင်ရာ အာရုံထဲ၌ စွဲစွဲမြဲမြဲ သက်ဝင်တည်နေသော သတိစေတသိက်ကို ဆိုလိုပါသည်။

တရားကိုယ်အားဖြင့် သတိစေတသိက် (၁)ပါးတည်း ဖြစ်သော်လည်း အာရုံ ၄–မျိုး၊ ယူပုံအခြင်းအရာ ၄–မျိုး၊ ပယ်ခွာခြင်း ကိစ္စ ၄–မျိုး ပြားခြင်းကြောင့် သတိပဋ္ဌာန် ၄–မျိုး ပြားရခြင်း ဖြစ်ပါသည်။ ၎င်းတို့မှာ–

၁။ ကာယာနုပဿနာသတိပဋ္ဌာန်၊
၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊
၃။ စိတ္တာနုပဿနာသတိပဋ္ဌာန်၊
၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန်တို့ ဖြစ်ပါသည်။

**၁။ ကာယာနုပဿနာသတိပဋ္ဌာန်**ဟူသည် ထွက်သက်ဝင်သက် အစရှိသော ရူပကာယ၌ ခိုင်မြဲစွာတည်သော သတိဖြစ်သည်။ တစ်နည်းအားဖြင့် ခန္ဓာကိုယ်၌ (ဝါ)ဆံပင် မွေးညင်း စသော ၃၂–ကောဋ္ဌာသ၌ အဖန်ဖန် ရှုခြင်း ဖြစ်ပါသည်၊ ဤသို့ အဖန်ဖန် ရှုသောအခါ အသုဘ (မတင့်တယ် ရွံရှာဖွယ်ဖြစ်သော) အခြင်းအရာ ထင်လာသည်။ ဤသတိပဋ္ဌာန်ဖြင့် ခန္ဓာကိုယ်ကို တင့်တယ်သည်ဟု မှတ်ထင်သော သုဘဝိပလ္လာသကို ပယ်ရှားနိုင်ပါသည်။

(သုဘဝိပလ္လာသ=တင့်တယ်၏ဟု ဖောက်ပြန်စွာ မြင်မှု)

**၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန်**ဟူသည် ဝေဒနာတရားတို့၌ ခိုင်မြဲစွာ တည်သော သတိဖြစ်သည်။ တစ်နည်းအားဖြင့် ဝေဒနာတို့ကို ဒုက္ခအခြင်းအရာ ထင်လာအောင် အဖန်ဖန် ရှုဆင်ခြင်သော သတိဖြစ်သည်။ ဤသတိပဋ္ဌာန်ဖြင့် သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့ကို အဖန်ဖန်ရှုသောအခါ အဖြစ်အပျက် ဒဏ် အမြဲခံရပုံကို မြင်ရသဖြင့် ကြောက်မက်ဖွယ် ဘေးဒုက္ခဟူ၍ ထင်လာသည်။ ဤသတိပဋ္ဌာန်ဖြင့် ရုပ် နာမ်တို့၌ သုခဟု မှတ်ထင်သော သုခဝိပလ္လာသကို ပယ်ရှားနိုင်ပါသည်။

(သုခဝိပလ္လာသ=ချမ်းသာ၏ဟု ဖောက်ပြန်စွာမြင်မှု)

**၃။ စိတ္တာနုပဿနာသတိပဋ္ဌာန်**ဟူသည် သရာဂစိတ် ဝီတရာဂစိတ် အစရှိသော စိတ်အပြား၌ ခိုင်မြဲစွာ တည်သော သတိ ဖြစ်သည်။ တစ်နည်းအားဖြင့် စိတ်ကို အာရုံပြု၍ ဤစိတ်ကား ရာဂစိတ်၊ ဤစိတ်ကား ရာဂကင်းသောစိတ် စသည်ဖြင့် ခွဲခြားလျက် အနိစ္စအခြင်းအရာ ထင်လာအောင် အဖန်ဖန်ရှုကတ်သော သတိ ဖြစ်သည်။ ဤသတိပဋ္ဌာန်ဖြင့် စိတ်တို့ကို ခွဲခြားဆင်ခြင်သောအခါ စိတ် အမျိုးမျိုး ပြောင်းလဲပုံကို သေချာစွာ သိရသဖြင့် အနိစ္စအခြင်းအရာ လွန်စွာ ထင်လာသည်။ ဤသတိပဋ္ဌာန်ဖြင့် နိစ္စဝိပလ္လာသကို ပယ်ရှားနိုင်သည်။

(နိစ္စဝိပလ္လာသ=မြဲ၏ဟု ဖောက်ပြန်စွာမြင်မှု)

၄။ **ဓမ္မာနုပဿနာသတိပဋ္ဌာန်** ဟူသည် နီဝရဏ စသော ဓမ္မတို့၌ ခိုင်မြဲစွာ တည်သော သတိ ဖြစ်သည်။ တစ်နည်းအားဖြင့် ရူပက္ခန္ဓာကို ကာယာနုပဿနာ ဖြင့်၊ ဝေဒနာက္ခန္ဓာကို ဝေဒနာနုပဿနာဖြင့်၊ ဝိညာဏက္ခန္ဓာကို စိတ္တာနုပဿနာဖြင့် ရှုပြီးဖြစ်သောကြောင့် ကြွင်းသော သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာ ဟူသော ဓမ္မကို အဖန်ဖန်ရှုသော သတိ ဖြစ်သည်။ ယင်းဓမ္မတို့ကို အနတ္တအခြင်းအရာ ထင်လာအောင် အဖန်တလဲလဲ အာရုံပြု၍ ရှုသောအခါ အရာရာကိစ္စတို့၌ ပရမတ္ထဓမ္မများသာ ရှက်ဆောင်နေကြောင်း၊ ပရမတ္ထဓမ္မချည်းသာ ထင်ရှားရှိကြောင်းကို သိရ၍ စိမ်နိုင်သော အတ္တ(အသက် လိပ်ပြာ ဝိညာဉ်)ကောင် မရှိ ဟူသော အနတ္တ အခြင်းအရာ လွန်စွာ ထင်လာသည်။ ဤသတိပဋ္ဌာန်ဖြင့် အတ္တဝိပလ္လာသကို ပယ်ရှားနိုင်ပါသည်။

(အတ္တဝိပလ္လာသ=အတ္တရှိ၏ဟု ဖောက်ပြန်စွာ မြင်မှု)

## (ခ) သမ္မပ္ပဓာန်၄-ပါး

သမ္မပ္ပဓာန်ဟူသည် ကောင်းစွာ အလွန်ရှက်ဆောင်တတ်သော တရားဟု အဓိပ္ပာယ် ရရှိပါသည်။ အရေသာ ကြွင်းပါစေ၊ အကြောသာ ကြွင်းပါစေ၊ အရိုးသာ ကြွင်းပါစေ၊ အသားအသွေး အကုန်ခန်းခြောက်ပါစေ ဟူသော အင်္ဂါ ၄-ပါးနှင့်ပြည့်စုံသော ဝီရိယဟု ဆိုလိုပါသည်။ တစ်နည်းအားဖြင့် ကိစ္စ ၄-ပါးကို ပြီးစေနိုင်သောကြောင့် ချီးမွမ်းထိုက်သော ဝီရိယဟု အဓိပ္ပါယ် ရရှိပါသည်။

တရားကိုယ်အားဖြင့် ဝီရိယ ၁-ပါးတည်း ဖြစ်သော်လည်း ကိစ္စအားဖြင့် ၄-မျိုးဖြစ်သောကြောင့် သမ္မပ္ပဓာန် ၄-ပါးပြားရပါသည်။ သမ္မပ္ပဓာန် ၄-ပါးကား ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည်-

၁။ မိမိသန္တာန်၌ ဖြစ်ပြီးဖြစ်ဆဲ ဖြစ်ကုန်သော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ အားထုတ်ခြင်း၊ အကုသိုလ်တရားကို ပြုမိသည့်အတွက် နောင်တ တစ်ဖန် ပူပန်ခြင်း ကုက္ကုစ္စဖြစ်နေလျှင် အကုသိုလ်များသာ တိုးပွားလာမည်။ ပူပန်ခြင်းကြောင့် ပြုမိသော အကုသိုလ်လည်း ပျောက်မည် မဟုတ်။ ဤသို့ ဆင်ခြင်ပြီး ထိုအကုသိုလ်တရားကို လုံးဝဂရုမပြုဘဲ ပယ်စွန့်ခြင်းငှာ အားထုတ်ခြင်းကို ဆိုလိုပါသည်။

၂။ မိမိသန္တာန်၌ နောင် ဖြစ်လတ္တံ့ကုန်သော အကုသိုလ်တရားတို့ကို နောင်ဘဝအဆက်ဆက် တစ်ရံတစ်ဆစ်မျှ မိမိသန္တာန်၌ မဖြစ်လာ

စေခြင်းငှာ အားထုတ်ခြင်း၊ မိမိသန္တာန်၌ မဖြစ်ဖူးသော အကုသိုလ် တရားများ မဖြစ်ပွားလာစေခြင်းငှာ ဒါနမှု သီလမှု အားထုတ်ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခြင်း၊ ဝတ်ကြီးဝတ်ငယ် ပြုခြင်း၊ ပရိယတ္တိကို သင်အံပို့ချ ရေးသားဖြန့်ဖြူးခြင်းများကို အားထုတ်ပြုလုပ် နေရမည်ဟု ဆိုလိုပါသည်။

၃။ မိမိသန္တာန်၌ မဖြစ်ဖူးသေးကုန်သော ကုသိုလ်တရားတို့ကို မိမိ သန္တာန်၌ ဖြစ်စေခြင်းငှာ အားထုတ်ခြင်း၊ ဒါနမှု သီလမှု ဘာဝနာမှု စသည်တို့ ပြုလုပ်ခြင်းငှာ အားထုတ်ခြင်းကို ဆိုလိုပါ သည်။

၄။ မိမိသန္တာန်၌ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော ကုသိုလ်တရားတို့ကို နိယာမအဖြစ်ကို ရောက်စေရန် လွန်စွာကြီးပွားစေခြင်းငှာ အားထုတ်ခြင်း၊ မိမိ ပြုပြီး ပြုဆဲဖြစ်ကုန်သော ဒါနမှု သီလမှု ဘာဝနာမှု စသည်တို့ကို တိုးတက် ကြီးထွားရန် အားထုတ်ခြင်းကို ဆိုလိုပါသည်။

## (ဂ) ဣဒ္ဓိပါဒ်၄-ပါး

ဣဒ္ဓိပါဒ်ဟူသည် ပြည့်စုံခြင်း ပြီးစီးခြင်း အမျိုးမျိုး၏ အခြေခံတရားဟု အဓိပ္ပါယ် ရရှိပါသည်။ ဣဒ္ဓိပါဒ်သည် ဖော်ပြလတ္တံ့ပါအတိုင်း ၄-ပါး ရှိပါသည်။

၁။ ဆန္ဒိဒ္ဓိပါဒ် = ဆန္ဒကြောင့် ပြီးပြည့်စုံမှု၊

၂။ ဝီရိယဒ္ဓိပါဒ် = ဝီရိယကြောင့် ပြီးပြည့်စုံမှု၊

၃။ စိတ္တိဒ္ဓိပါဒ် = စိတ်ကြောင့် ပြီးပြည့်စုံမှု၊

၄။ ဝီမံသိဒ္ဓိပါဒ် = ပညာကြောင့် ပြီးပြည့်စုံမှု၊

**၁။ ဆန္ဒိဒ္ဓိပါဒ်**ဟူသည် လိုချင်မှု၊ ရချင်မှု၊ ပေါက်ချင်မှု၊ ရောက်ချင်မှု တို့၌ အလွန်အကြူး အထူးထက်သန်သော ဆန္ဒကြောင့် ပြီးစီး ပြည့်စုံလာခြင်းကို ဆိုလိုသည်။ မရလျှင်မနေနိုင် မရလျှင် သေရသည်ကပင် ကောင်းသေး၏ဟု မရဘဲ နေရသည်ထက် သေခြင်းကို အမြတ်ထားနိုင်သောဆန္ဒမျိုး ဖြစ်သည်၊

**၂။ ဝီရိယဒ္ဓိပါဒ်** ဟူသည် အရေသာ ကြွင်းပါစေ၊ အကြောသာ ကြွင်း ပါစေ၊ အရိုးသာ ကြွင်းပါစေ၊ အသားအသွေး အကုန်ခန်းခြောက်ပါစေ ဟူသော

အင်္ဂါ၄–ပါးရှိသည်။ ဝီရိယကြောင့် ပြီးစီးခြင်း၊ ပြည့်စုံခြင်းကို ဆိုလိုသည်။ ထိုကဲ့သို့သော ဝီရိယနှင့် ပြည့်စုံသောသူသည် ဝီရိယကို စိုက်ထူနိုင်လျှင် ကေန် ရမည် ရောက်မည် ပေါက်မည်ဟု အထင်ရှိနေသောကြောင့် နေ့နေ့ညည အဘယ် မျှပင် အပန်းခံရသော်လည်း စိတ်မတွန့်။ ရက်ပေါင်း လပေါင်း နှစ်ပေါင်း မည်မျှ ကြာအောင် အားထုတ်ရစေကာမူ စိတ်မတွန့်လေပြီ။

၃။ **စိတ္တိဒ္ဓိပါဒ်**ဟူသည် သာသနာတော်ကို တွေ့ကြုံ၍ သာသနဓမ္မ ကို ကြားနာရသည့်အခါမှစ၍ အလွန်အကြူး ထက်သန်ခိုင်မာသောစိတ် စွမ်းအားကြောင့် ပြီးစီးခြင်း ပြည့်စုံခြင်းကို ဆိုလိုသည်။ လောက၌ အတင့်အတယ် အဖွယ်အရာ ချမ်းသာစီးပွားမှု ဘုန်းတန်ခိုးလာဘ်လာဘ ကျမ်းဂန်ပရိယတ်မှုများ၌ နေရသော်လည်း ထိုအမှုတို့၌ စိတ်မပါ စိတ်မရှိ။ မိမိလိုလားမှု၌ ထိုထိုဤဤ ကြံစည်နေရမှသာ စိတ်ချမ်းသာခွင့်ကို ရရှိတော့သည်။

၄။ **ဝီမံသိဒ္ဓိပါဒ်**ဟူသည် အပါယိကဒုက္ခ ဝဋ္ဋဒုက္ခကြီးကျယ်ပုံကို ကောင်းစွာ မြင်နိုင်သောပညာ၊ ဣဒ္ဓိတို့၏ အကျိုးအာနိသင်ကို ကောင်းစွာ မြင်နိုင်သောပညာ၊ ခက်ခဲနက်နဲသော တရားဓမ္မ သဘာဝတို့၌ ပြန့်ပြူးစွာ ကျက်စားနိုင်သောပညာ ကြောင့် ပြီးစီးခြင်း ပြည့်စုံခြင်းကို ဆိုလိုသည်။ ထိုပညာနှင့် ပြည့်စုံသောသူသည် လောကီတရား ချမ်းသာစီးပွားမှုတို့၌ စိတ်အရသာကို ရှာကြံ၍မရဘဲ နက်နဲသော ဖော်ပြပါပညာတို့၌သာ စိတ်အရသာကို တွေ့နိုင်တော့သည်။ နက်နဲသောတရား ဆိုလေလေ ပေါက်ရောက်အောင် လုပ်ကြံချင်လေ ဖြစ်တော့သည်။

## (ဃ) ဣန္ဒြေငါးပါး

ဣန္ဒြေဟူသည် စိတ်ကို အစိုးရနိုင်မှုဟု အဓိပ္ပာယ်ရရှိပါသည်။ မိမိနှင့် သက်ဆိုင်သော တရားများကို မိမိအလိုအတိုင်း ဖြစ်စေနိုင်သည်ဟု ဆိုလိုပါသည်။ ၎င်းတို့မှာ ဖော်ပြလတ္တံ့ပါအတိုင်း ၅–ပါး ရှိသည်။

၁။ သဒ္ဓိန္ဒြေ = ယုံကြည်မှုဖြင့် စိတ်ကို အစိုးရခြင်း၊

၂။ ဝီရိယိန္ဒြေ = ဝီရိယဖြင့် စိတ်ကို အစိုးရခြင်း၊

၃။ သတိန္ဒြေ = သတိဖြင့် စိတ်ကို အစိုးရခြင်း၊

၄။ သမာဓိန္ဒြေ = သမာဓိဖြင့် စိတ်ကို အစိုးရခြင်း၊

၅။ ပညိန္ဒြေ = ပညာဖြင့် စိတ်ကို အစိုးရခြင်း၊

၁။ **သဒ္ဓိန္ဒြေ** ဟူသည် ဒါနမှု သီလမှု အတုအပ ဘာဝနာမှုတို့၌ ဖြစ်သော ပကတိသဒ္ဓါမျိုး မဟုတ်ဘဲ ထွက်သက် ဝင်သက် ကမ္မဋ္ဌာန်းအလုပ် အစရှိသော ဘာဝနာအလုပ်ဖြင့် အားခွန်ဗလ တေဇတန်ခိုး တိုးတက်ပွားစီး ဆင်ပြောင်ကြီး ကဲ့သို့ ကြီးပွားလေအောင် ပျိုးထောင်ပြုပြင်၍ ထားအပ်သော ဘာဝနာ သဒ္ဓါမျိုးဖြင့် စိတ်ကို အစိုးရနိုင်ခြင်းမျိုးကို ဆိုလိုပါသည်။

၂။ **ဝီရိယိန္ဒြေ**ဟူသည် ပကတိ ဝီရိယမျိုး မဟုတ်ဘဲ ဘာဝနာဝီရိယ မျိုးဖြင့် စိတ်ကို အစိုးရနိုင်ခြင်းမျိုးကို ဆိုလိုပါသည်။

၃။ **သတိန္ဒြေ**

၄။ **သမာဓိန္ဒြေ**

၅။ **ပညိန္ဒြေ** ဟူသည်တို့မှာလည်း ပကတိသတိ၊ ပကတိသမာဓိ၊ ပကတိ ပညာမျိုး မဟုတ်ဘဲ ဘာဝနာ၊ သတိ၊ သမာဓိ၊ ပညာတို့ဖြင့် စိတ်ကို အစိုးရ နိုင်ခြင်းမျိုးကို ဆိုလိုပါသည်။

## (င) ဗိုလ် ငါးပါး

ဗိုလ်ဟူသည် ဆန့်ကျင်ဘက်တရားတို့ကို တိုက်ဖျက် ဖိစီးတတ်သော တရားဟု အဓိပ္ပါယ်ရရှိပါသည်။ ၎င်းတို့မှာ ဖော်ပြလတ္တံ့ပါအတိုင်း ၅-ပါး ရှိပါ သည်။ သက္ကာယဒိဋ္ဌိနိုင်ငံကြီးကို တိုက်ဖျက်မည့် ဗိုလ်ချုပ်ကြီး ၅-ဦး, အားကြီး ၅-ပါးပင် ဖြစ်ပါသည်။

၁။ သဒ္ဓါဗိုလ်= သဒ္ဓါဖြင့် ဆန့်ကျင်ဘက်တရားတို့ကို တိုက်ဖျက်ခြင်း၊

၂။ ဝီရိယဗိုလ်=ဝီရိယဖြင့် ဆန့်ကျင်ဘက်တရားတို့ကို တိုက်ဖျက်ခြင်း၊

၃။ သတိဗိုလ်=သတိဖြင့် ဆန့်ကျင်ဘက်တရားတို့ကို တိုက်ဖျက်ခြင်း၊

၄။ သမာဓိဗိုလ်= သမာဓိဖြင့် ဆန့်ကျင်ဘက်တရားတို့ကို တိုက်ဖျက်ခြင်း၊

၅။ ပညာဗိုလ်= ပညာဖြင့် ဆန့်ကျင်ဘက်တရားတို့ကို တိုက်ဖျက်ခြင်း။

ယင်းဗိုလ်များမှာလည်း ဣန္ဒြေ ၅-ပါးကဲ့သို့ပင် ပကတိဗိုလ်များ မဟုတ်ဘဲ ဘာဝနာဗိုလ်များ ဖြစ်ပါသည်။

## (စ) ဗောဇ္ဈင် ၇-ပါး

ဗောဇ္ဈင် ဟူသည် သစ္စာ ၄-ပါး မြတ်တရားကို သိမြင်တတ်သော မဂ်ဉာဏ်၏ အတောင်အလက် အစိတ်အပိုင်းဟု အဓိပ္ပာယ်ရရှိပါသည်။ ဗောဇ္ဈင် ၇-ပါးမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်။

၁။ သတိသမ္ဗောဇ္ဈင် = သတိပဋ္ဌာန်၊ သတိန္ဒြေ၊ သတိဗိုလ်၊ သမ္မာသတိမဂ္ဂင်ခေါ်သော သတိစေတသိက်၊

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင် = ဝီမံသိဒ္ဓိပါဒ်၊ ပညိန္ဒြေ၊ ပညာဗိုလ်၊ သမ္မာဒိဋ္ဌိ မဂ္ဂင်ခေါ်သော ပညာစေတသိက် (တစ်နည်း) ဒိဋ္ဌိဝိသုဒ္ဓိအစရှိသော ပညာဝိသုဒ္ဓိ ၅-ပါး၊ အနုပဿနာဉာဏ် ၃-ပါးနှင့် ဝိပဿနာဉာဏ် ၁၀-ပါး သည် ဓမ္မဝိစယသမ္ဗောဇ္ဈင်မည်၏။

၃။ ဝီရိယသမ္ဗောဇ္ဈင် = သမ္မပ္ပဓာန် ၄-ပါး၊ ဝီရိယိဒ္ဓိပါဒ်၊ ဝီရိယိန္ဒြေ၊ ဝီရိယဗိုလ်၊ သမ္မာဝါယာမခေါ်သော ဝီရိယ စေတသိက်၊

၄။ ပီတိသမ္ဗောဇ္ဈင် = ကာယဂတာသတိ(ထွက်သက် ဝင်သက်) စသည်ကို တည်ထောင်မိ၍ ထင်မှုမြင်မှု တိုပွားလာသောအခါ ဝမ်းမြောက်ခြင်း နှစ်သက်ခြင်း ပီတိစေတသိက်၊

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင် = စိတ်မငြိမ်သက်မှု၊ စိတ်အကြံများမှုကြောင့် ဖြစ်သော ကိုယ်စိတ် ပူပန်ခြင်းများ၏ ငြိမ်းချမ်းခြင်း၊

၆။ သမာဓိသမ္ဗောဇ္ဈင် = သမာဓိန္ဒြေ၊ သမာဓိဗိုလ်၊ သမာဓိ မဂ္ဂင် ဟူသော သမာဓိတရား၊

၇။ ဥပေက္ခာသမ္ဗောဇ္ဈင် = ကမ္မဋ္ဌာန်းအလုပ်တွင်း၌ အချိုးအစား မကျနိုင်သေး၍ ကြောင့်ကြစိုက်ရသော ဗျာပါဒအမှုများစွာရှိသည်။ အချိုးအစား ကျလာသောအခါ၌ ကြောင့်ကြစိုက်ရမှု

ကင်းရှင်းလာခြင်း ဟူသော တကြ
မဇ္ဈတ္တတာစေတသိက်၊

စကြာရတနာ (၇)ပါး ပြည့်စုံသော စကြာမင်းသည် အတုမရှိသော စည်းစိမ်ကို ခံစားရသကဲ့သို့ ဗောဇ္ဈင် (၇)ပါး ပြည့်စုံသော ယောဂီသည်လည်း သာသနာတော်အစီးအပွားတွင် အတုမရှိသော သမဏစည်းစိမ်ကို ခံစားရ၏။

## (ဆ) မဂ္ဂင်၈-ပါး

မဂ္ဂင်ဟူသည် ကိလေသာတို့ကို ပယ်သတ်ကြောင်း၊ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော တရားစုဟု အဓိပ္ပာယ်ရရှိပါသည်။ ၎င်းတို့မှာ ဖော်ပြလတ္တံ့ပါ အတိုင်း ၈-ပါး ရှိပါသည်။

| | | | |
|---|---|---|---|
| ၁။ | သမ္မာဒိဋ္ဌိ | = | မှန်သောအယူအမြင်၊ |
| ၂။ | သမ္မာသင်္ကပ္ပ | = | မှန်သောအကြံ၊ |
| ၃။ | သမ္မာဝါစာ | = | မှန်သောစကား၊ |
| ၄။ | သမ္မာကမ္မန္တ | = | မှန်သောအမှုအလုပ်၊ |
| ၅။ | သမ္မာအာဇီဝ | = | မှန်သောအသက်မွေးဝမ်းကျောင်း၊ |
| ၆။ | သမ္မာဝါယာမ | = | မှန်သောအားထုတ်မှု၊ |
| ၇။ | သမ္မာသတိ | = | မှန်သောအောက်မေ့မှု၊ နှလုံးသွင်းမှု၊ |
| ၈။ | သမ္မာသမာဓိ | = | မှန်သောတည်ကြည်မှု စူးစိုက်မှု။ |

## မဂ္ဂင်ရှစ်ပါး ဖြစ်ပေါ်ပုံ

သက္ကာယဒိဋ္ဌိ စသော မိစ္ဆာဒိဋ္ဌိ(အယူမှား)နိုင်ငံကြီးကို ဖျက်ဆီးပြီး သစ္စာလေးပါး အလင်းတရားကို မြင်နိုင်သော သမ္မာဒိဋ္ဌိအယူရှိသူ၌ ဝဋ်ဒုက္ခမှ ထွက်မြောက်ကြောင်း အကြံအစည်မျိုး၊ သတ္တဝါတစ်ပါးကို မပျက်စီးစေလိုသော အကြံအစည်မျိုး၊ သတ္တဝါတစ်ပါးကို မပင်ပန်းစေလိုသော အကြံအစည်မျိုး ဟူသော သမ္မာသင်္ကပ္ပအကြံသာ ဖြစ်သည်။ ယင်း သမ္မာသင်္ကပ္ပ အကြံအစည်မျိုး ရှိသောသူသည် ဝစီဒုစရိုက်တို့မှ လွတ်ကင်း စင်ကြယ် ကြည်ညိုဖွယ် ရှိသော အပြောအဆို ဝစီကံဟူသော သမ္မာဝါစာတစ်မျိုးကိုသာ ပြောဆိုမည် ဖြစ်ပါသည်။ ဒုစရိုက်ကင်းသော သမ္မာဝါစာ ရှိသူသည် ထို့ထက် ရန့်ရင်းသော ကာယဒုစရိုက်တို့မှ

လွတ်ကင်းစင်ကြယ် ကြည်ညိုဖွယ်ရှိသော ကာယကံအမှု သမ္မာကမ္မန္တ အလုပ်မျိုးကိုသာ ပြုလုပ်မည် ဖြစ်ပါသည်။

အမြင်များ အကြံအစည်များ ကာယကံများ ဝစီကံများ စင်ကြယ်လျက်ရှိသောပုဂ္ဂိုလ်သည် ယုတ်ညံ့သော အသက်မွေးမှုများကို ပြုလုပ်တော့မည် မဟုတ်သည့်အတွက် သမ္မာအာဇီဝ ဖြစ်လာပါသည်။ အမြင် အကြံ ကာယကံ ဝစီကံနှင့် အသက်မွေးမှုစင်ကြယ်သော် ဝီရိယသာ အမြဲတည်သောကြောင့် သမ္မာဝါယာမ ဖြစ်လာရပြန်ပါသည်။ ထိုအခါ သီလ သမာဓိ ပညာအမှုတို့၌ စွဲမြဲသော သမ္မာသတိ မဂ္ဂင်နှင့် သမ္မာသမာဓိ မဂ္ဂင်တို့လည်း ဆက်ကာဆက်ကာ တည်ရှိလာပါသည်။

**မဂ္ဂင် ၈–ပါးကို သိက္ခာ ၃–ပါးဖြင့် ပိုင်းခြားပုံ** မဂ္ဂင် ၈–ပါးတွင် သမ္မာဝါစာ၊ သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝ ၃–ပါးသည် သီလတရားစု ဖြစ်ပါသည်။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ၃–ပါးသည် သမာဓိတရားစု ဖြစ်ပါသည်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ၂–ပါးသည် ပညာတရားစု ဖြစ်ပါသည်။

ဤ၌ သီလဟူသည် အာဇီဝဋ္ဌမကသီလကို ဆိုလိုပါသည်။ ယင်းသည်လည်း လူတို့၏ အာဇီဝဋ္ဌမကသီလ၊ ရဟန်းတို့၏ အာဇီဝဋ္ဌမကသီလ ဟူ၍ ၂–မျိုး ရှိရာ မိစ္ဆာဇီဝနှင့်တကွ ကာယဒုစရိုက် ၃–ပါး (ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ)နှင့် ဝစီဒုစရိုက် ၄–ပါး (မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ) ဟူသော ဒုစရိုက်တရားများ လုံခြုံလျှင် လူတို့အတွက် အာဇီဝဋ္ဌမကသီလလုံခြုံသည် မည်ပါသည်။ ရှစ်ပါး သီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလများကား ထိုအာဇီဝဋ္ဌမကသီလ၌ အမွှန်းတင်သီလ၊ အရောင်တင်သီလစုများသာ ဖြစ်ပါသည်။ သိက္ခာပုဒ် ပညတ်ချက် ၂၂၇–သွယ်လုံခြုံလျှင် ရဟန်းများအတွက် အာဇီဝဋ္ဌမကသီလ လုံခြုံသည် မည်ပါသည်။ ယင်းဆိုင်ရာသီလများကို လုံခြုံအောင် ထိန်းနေသူများသည် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မဂ္ဂင်ဖောင်စီးနေသူများပင် ဖြစ်ပါသည်။

သီလမဂ္ဂင်များ ပြည့်စုံပြီးနောက် ကာယဂတာသတိ (ထွက်သက်ဝင်သက်)ကို တည်ထောင်ပြီး သမထလမ်းသို့ မလိုက်ဘဲ ဝိပဿနာလမ်း သက်သက်ကို လိုက်လျှင်၊ အားထုတ်လျှင် သုဒ္ဓဝိပဿနာယာနိကလမ်းကို လိုက်နေသူ ဖြစ်ပါသည်။ ကာယဂတာသတိ တည်ထောင်ပြီး ဈာန်၌ သမာပတ်လမ်းစဉ်ကို လိုက်ပြီးမှ ဝိပဿနာလမ်းသို့ တင်၍ အားထုတ်ပြန်လျှင် သမထဝိပဿနာယာနိက လမ်းကို လိုက်သူ ဖြစ်ပါသည်။ ယင်းလမ်းကြောင်းနှစ်ကြောင်းလုံးကို လိုက်နေသူသည်

သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင်ဖောင်ကြီးကို စီးနေသူများပင် ဖြစ်ပါသည်။ ယင်း သီလ သမာဓိ မဂ္ဂင်နှင့် ပြည့်စုံလျှင် ထိုက်သည်အားလျော်စွာ ပညာကိစ္စလည်း ပြီးစေနိုင်သောကြောင့် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ မဂ္ဂင်ဖောင်ကြီး ကိုလည်း စီးနေကြသူများပင် ဖြစ်ပါသည်။ ။

## အခန်း(၅)

## သစ္စာ(၄)ပါး တရား

သစ္စာ(၄)ပါး တရားကို ဗာရာဏသီပြည် မိဂဒါဝုန်တောဤ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့၏။ မြတ်စွာဗုဒ္ဓ ဟောကြားသမျှ ဒေသနာအားလုံးသည် သစ္စာ (၄)ပါးနှင့် လွတ်သောတရား မရှိပေ၊

**ဒုက္ခသစ္စာ** ဒုက္ခသစ္စာ(ဆင်းရဲခြင်းအမှန်တရား)ဆိုသည်မှာ ဘဝအသစ် ဖြစ်ရခြင်းကြောင့် ဆင်းရဲခြင်း၊ အိုရခြင်းဆင်းရဲ၊ နာရခြင်းဆင်းရဲ၊ သေရခြင်း ဆင်းရဲတို့အပြင် စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပူပန်ခြင်း စသော ဆင်းရဲခြင်းအပေါင်းကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။ ၎င်းအပြင် မချစ်မနှစ်သက်အပ်သော ပုဂ္ဂိုလ်အာရုံတို့နှင့် တွေ့ဆုံယှဉ်တွဲရခြင်း ဆင်းရဲ၊ ချစ်ခင်နှစ်သက်အပ်သော ပုဂ္ဂိုလ်အာရုံတို့နှင့် ကွဲကွာရခြင်းဆင်းရဲ၊ လိုချင်လျက် မရခြင်းဆင်းရဲ၊ အကျဉ်းချုပ်အားဖြင့် ငါ၊ ငါ့ဟာ စသည်ဖြင့် စွဲလမ်းတတ်သော ဥပါဒါနက္ခန္ဓာ(ခန္ဓာငါးပါး)ကို ရရှိခြင်းဆင်းရဲ စသော ဆင်းရဲခြင်းမျိုးအားလုံးကို ဒုက္ခသစ္စာဟု ခေါ်ဆိုပါသည်။

လောကီနယ်ပယ် လူ တိရစ္ဆာန် စသည်တို့၏ ဘဝသက်တမ်း တစ်လျှောက်တွင် သာယာပျော်ရွှင်မှုဟု ဆိုအပ်သော လောကီချမ်းသာခြင်းများနှင့် လောကီ ရှာန်ချမ်းသာတို့သည်ပင် ဒုက္ခ(ဆင်းရဲခြင်း)ဟူ၍ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့ လေသည်။

ဒုက္ခသဘောကို ၃-မျိုး ခွဲခြား မှတ်သားနိုင်သည်။

(၁) သာမန်ဆင်းရဲခြင်းသဘော ဒုက္ခဒုက္ခ၊

(၂) ဖောက်ပြန်ပျက်စီးမှုကြောင့် ဖြစ်ပေါ်ရသော ဝိပရိဏာမဒုက္ခ၊

(၃) ပြုပြင်စီရင်ခြင်းခံရသည့် သဘော သင်္ခါရဒုက္ခ။

လောကတွင် တွေ့ကြုံ ခံစားကြရသော ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ မချစ်မနှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် အတူတကွ ပေါင်းယှဉ်ရခြင်း၊ ချစ်နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ကွေကွင်းခွဲခွာရခြင်း၊ မိမိလိုအင်ဆန္ဒ မပြည့်ဝခြင်း၊ စိုးရိမ်ပူဆွေးရခြင်း၊ ငိုကြွေးရခြင်း၊ စိတ်နှလုံး မသာယာခြင်း စသည့် ကိုယ် စိတ် နှစ်ဖြာ ငြိုငြင် ပင်ပန်းခြင်းတို့သည် သာမန် ဆင်းရဲခြင်းအနက်သဘောရှိသော ဒုက္ခ ဒုက္ခတွင် အကျုံးဝင်လေသည်။

ပျော်ရွှင်သော စိတ်နှလုံး၊ ချမ်းသာသော ဘဝအခြေတို့သည် အစဉ်ထာဝရ တည်မြဲခိုင်ခံ့ကြသည် မဟုတ်ပေ။ အနေအမြန် တစ်မျိုးတစ်ဖုံ ပြောင်းလဲတတ်သည်သာ ဖြစ်သည်။ ဤကဲ့သို့ ပြောင်းလဲသောအခါ နာကျင်ခြင်း၊ ဆင်းရဲခြင်း၊ စိတ်မချမ်းမြေ့ခြင်းတို့ ဖြစ်ပေါ်ရ၏။ ဤသို့ ဖောက်ပြန်ပြောင်းလဲခြင်းမှ ဖြစ်ပေါ်လာသော ဆင်းရဲဒုက္ခကို ဝိပရိဏာမ ဒုက္ခဟု ခေါ်သည်။

သင်္ခါရဒုက္ခကို နားလည်သဘောပေါက်ရန် သတ္တဝါ, ပုဂ္ဂိုလ်, ငါဟူသော သဘောတရားများ၏ အရင်းအမြစ်ကို နားလည်ရန် လိုအပ်ပေသည်။ သတ္တဝါပုဂ္ဂိုလ် ငါဆိုသည်မှာ အစဉ်အမြဲ ပြောင်းလဲဖြစ်ပျက်နေသော ရုပ်နာမ်တို့၏ အစုအဝေး ခန္ဓာငါးပါးပင် ဖြစ်သည်။ ငါးပါးသော စွဲလမ်းတပ်မက်မှု အစုအဝေး (ပဉ္စုပါဒါနက္ခန္ဓာ)သည် ဒုက္ခဆင်းရဲခြင်း ဖြစ်သည်။ ထို့ကြောင့် သတ္တဝါသည် ခန္ဓာငါးပါး၊ ခန္ဓာငါးပါးသည် ဒုက္ခဆင်းရဲ ဖြစ်သည်။

သတ္တဝါ လူ ငါ ဟူသော ခန္ဓာငါးပါးသည် မတည်မြဲ။ အစဉ် ဖောက်ပြန် ပြောင်းလဲလျက် ရှိ၏။ မတည်မြဲသမျှသည် ဒုက္ခဆင်းရဲပင် ဖြစ်သည်။

ဤဒုက္ခသစ္စာကို ကောင်းစွာ သဘောပေါက် နားလည်ရန် အလွန်အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဟောကြားတော်မူသည့်အတိုင်း ဒုက္ခဆင်းရဲခြင်းကို မြင်သောသူသည် ဆင်းရဲဖြစ်ပေါ်ကြောင်းကိုလည်း မြင်၏။ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)ကိုလည်း မြင်၏။ ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ သွားရာ လမ်းကြောင်း ရောက်ကြောင်း အကျင့်ကိုလည်း မြင်၏။ ထိုသို့မြင်နိုင်သောကြောင့် ဒုက္ခသစ္စာကို ကောင်းစွာ သဘောပေါက် နားလည်ရန် အလွန်အရေးကြီးပါသည်။

**သမုဒယသစ္စာ** သမုဒယသစ္စာ=အရိယာတို့ သိမြင်အပ်သည့် ဆင်းရဲဖြစ်ကြောင်း အမှန်တရားဆိုသည်မှာ ကာမဂုဏ်၌ တပ်မက်ခြင်း ကာမတဏှာ၊ ဘဝ၌ တပ်မက်ခြင်း ဘဝတဏှာ၊ ဘဝပြတ်ခြင်း၌ တပ်မက်ခြင်း ဝိဘဝတဏှာ

ဟူသော တဏှာသုံးပါး ဖြစ်၏။ ထိုတဏှာသုံးပါးသည် တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ်၏။ နှစ်သက်တပ်မက်စွဲလမ်းခြင်းနှင့်တကွ ဖြစ်၏။ ထိုထိုဘဝ ထိုထိုအာရုံ၌ ပျော်မွေ့လေ့ရှိ၏။ ထိုတပ်မက်မှုတဏှာ ရမ္မက်၊ လောဘ၊ တောင့်တမှုသည် သတ္တဝါတို့၏ ဘဝခန္ဓာအစဉ်အဆက် ဖြစ်ရေးကို ဖန်တီးပေးလေသည်။

ထိုတဏှာသည် ကာမဂုဏ်စည်းစိမ် ပစ္စည်းဥစ္စာ ရတနာနှင့် တန်ခိုးအာဏာတို့ကို စွဲလမ်းတပ်မက်သော သဘောရှိသည်သာမက စိတ်ကူးစိတ်သမ်း အထင်အမြင် သဘော အယူအဆ တွေးတောချက် ယုံကြည်ချက်တို့ကို စွဲလမ်းဆုပ်ကိုင်ထားခြင်းလည်း တဏှာတွင် အပါအဝင် ဖြစ်လေသည်။ ကမ္ဘာလောကတွင် အန်တုဖက်ပြိုင် ဘေးဒုက္ခဆိုင်လေသမျှသည် ဤကိုယ်ကျိုးရှုတဏှာမှ ဖြစ်ပွားပေါ်ပေါက်လာခြင်းသာ ဖြစ်ပါသည်။ ကမ္ဘာ့ပြဿနာအရပ်ရပ်နှင့် ဆင်းရဲဒုက္ခအပေါင်းတို့သည် အတ္တဟိတ ကိုယ်ကျိုးရှု လောဘရမ္မက်ကြောင့် ဖြစ်ပေါ်လာရလေသည်။

ဘဝတည်ရှိစေလိုသော၊ ဘဝကို ဆက်လက်စေလိုသော၊ တစ်ဘဝပြီး တစ်ဘဝ ထပ်ကာထပ်ကာ ဖြစ်စေလိုသော အာသာဆန္ဒ စေတနာဇော ရမ္မက်တဏှာသည် ဤကမ္ဘာတွင် အင်အားအကြီးမားဆုံး ဖြစ်သည်။ ရူပကာယသည် အမှုကိစ္စအားလုံး ဆောင်ရွက်မှု ရပ်စဲ၍ သေဆုံးခြင်းရောက်ပြီဟု ဆိုရသောအခါတွင် ဤတဏှာတွင် စွမ်းအင်အဟုန်သည် ရပ်တန့်မှုမရှိဘဲ အခြားရုပ်သဏ္ဌာန်တစ်ခု၌ ဆက်လက်၍ ထင်ရှားပြပြန်လေသည်။ ဤသို့ဖြင့် ဘဝသစ်ကို တစ်ဖန် ဖြစ်ပေါ်လာစေပြန်ပါသည်။

ဘဝတည်ရှိရန်နှင့် ဘဝဖြစ်ပေါ်ရန် စွဲလမ်းသော တဏှာရှိနေသမျှ သံသရာ စက်ရဟတ်သည် ကျင်လည်မြဲ ကျင်လည်နေမည်သာ ဖြစ်သည်။ ယင်းစက်ရဟတ်ကို ခုတ်မောင်းနေသည့် အင်အားတည်းဟူသော ဤ"တဏှာ"ကို "အမှန်တရားသစ္စာ (နိဗ္ဗာန်)"ကို မျက်မှောက် ပြုသော မဂ်ပညာဖြင့် ဖြတ်တောက်ပစ်နိုင်မှသာ ဤသံသရာစက်ရဟတ်သည် အလည်ရပ်နိုင်တော့မည် ဖြစ်ပေသည်။

**နိရောဓသစ္စာ** နိရောဓသစ္စာ–အရိယာတို့သည် သိအပ်သော ဆင်းရဲမှုချုပ်ငြိမ်းခြင်း အမှန်တရား ဆိုသည်မှာ တဏှာ၏ အကြွင်းမဲ့ ပျက်ပြယ်ချုပ်ငြိမ်းခြင်း၊ ထိုတဏှာကို စွန့်ခြင်း၊ ဝေးစွာစွန့်ခြင်း၊ ဆုပ်ကိုင်မထားဘဲ လွှတ်လိုက်ခြင်း၊ တွယ်တာမှု ကင်းခြင်းပင် ဖြစ်သည်။ ထိုတဏှာ၏ ချုပ်ခြင်းကို နိရောဓနိဗ္ဗာန်ဟု ခေါ်ဆိုပါသည်။

နိရောဓနိဗ္ဗာန်ဆိုသည်မှာ တဏှာ၏ လုံး၀ ချုပ်ငြိမ်းခြင်း၊ စွန့်ပစ်ခြင်း၊ လက်လွှတ်ခြင်း၊ တဏှာကျွန်ဘ၀မှ လွတ်မြောက်ခြင်း၊ တဏှာမှ ထွက်မြောက်ခြင်း၊ တဏှာမှ စွန့်ခွာ ခွဲထွက်ခြင်း၊ ပြုပြင်စီရင်အပ်သော အရာအားလုံးတို့ ငြိမ်းအေးစေခြင်း၊ ကိလေသာ အညစ်အကြေးဟူသမျှ စွန့်လွှတ်ခြင်း၊ တဏှာကို ငြိမ်းသတ်ခြင်းကို ခေါ်ပါသည်။

တဏှာ၏ကုန်ရာ၊ အမျက်ဒေါသကုန်ရာ၊ တွေဝေမိုက်မဲခြင်း ကုန်ရာကို အကြောင်းတရားတို့ မပြုပြင် မစီရင်အပ်သောတရား (အသင်္ခတ)နိဗ္ဗာန်ဟု ခေါ်သည်။

ဥပါဒါနက္ခန္ဓာငါးပါးတို့၌ စွဲလမ်းတောင့်တ တပ်မက်မှုကို စွန့်ပယ်ခြင်း၊ ဖြိုဖျက်ခြင်း၊ ဒုက္ခ၏ ချုပ်ငြိမ်းခြင်း၊ ခန္ဓာအစဉ်ဖြင့် ဘ၀ချုပ်ငြိမ်းခြင်း (ဘ၀နိရောဓ) သည် နိဗ္ဗာန် ဖြစ်သည်။

နိဗ္ဗာန်တွင် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော ဓာတ်ကြီး ၄–ပါးမရှိ၊ အလျား အနံ၊ အန အကြမ်း၊ အကောင်း၊ အဆိုး၊ အမည်နာမရုပ်သဏ္ဌာန် စသည့်သဘောတို့သည် လုံး၀ပျက်ပြုန်းကုန်၏၊ ဤကမ္ဘာလည်း မမည်၊ အခြားကမ္ဘာလည်း မဟုတ်၊ လာခြင်း၊ သွားခြင်း၊ ရပ်တည်ခြင်း၊ သေဆုံးခြင်း၊ မွေးဖွားခြင်း မရှိ၊ အာရုံ၀တ္ထု ဟူ၍လည်း မတွေ့ရတော့ပေ။

အစဉ်အမြဲတည်ရှိ၍ မဖောက်မပြန် မပြောင်းလဲခြင်း သဘောရှိသော ပရမတ္ထသစ္စာသည် နိဗ္ဗာန် မည်၏။ နိဗ္ဗာန်သည် သစ္စာတကာတို့၏ အထွတ်အထိပ် အန္တိမသစ္စာ ဖြစ်၍ နိဗ္ဗာန်၏ နောက်ကွယ်၌ သို့မဟုတ် နောက်ဆက်တွဲ အဖြစ် မည်သည့်အရာမျှ မရှိနိုင်တော့ပေ။ နိဗ္ဗာန်သည် ဘ၀ကွယ်လွန်ပြီးမှသာ ရောက်ရှိနိုင်မည် မဟုတ်ပေ။ ဤပစ္စုပ္ပန် (လက်ရှိအသက်တည်ဆဲ) ဘဝ၌ပင် မျက်မှောက်ပြုနိုင်ပေသည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသူသည် ကမ္ဘာတွင် စိတ်အချမ်းသာဆုံး ပုဂ္ဂိုလ် ဖြစ်လေတော့သည်။

မဂ္ဂင်ခရီးလမ်းကြောင်းအတိုင်း စိတ်လက်ရှည်စွာ ပြင်းစွာသောဝီရိယဖြင့် လျှောက်သွားပြီးနောက် ကိုယ်တိုင် စင်ကြယ်စေရန် ကျင့်ကြံအားထုတ်၍ လိုအပ်သော သီလ သမာဓိ ပညာနှင့် ပြည့်စုံစေပါလျှင် မည်သူမဆို တစ်နေ့တွင် ကိုယ်တွင်း၌ပင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေသည်။

**မဂ္ဂသစ္စာ** မဂ္ဂသစ္စာ–အရိယာတို့သည် သိမြင်အပ်သော ဆင်းရဲချုပ်ငြိမ်းခြင်းသို့ ရောက်စေတတ်သည့်လမ်းမှန်ဆိုသည်မှာ မှန်စွာ မြင်ခြင်း၊ မှန်စွာ ကြံခြင်း၊ မှန်စွာ ပြောခြင်း၊ မှန်စွာ ပြုလုပ်ခြင်း၊ မှန်စွာ အသက်မွေးခြင်း၊ မှန်စွာ အားထုတ်ခြင်း၊ မှန်စွာ သတိရခြင်း၊ မှန်စွာ စူးစိုက်တည်ကြည်ခြင်း ဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့် အရိယမဂ်ပင် ဖြစ်သည်။ ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ညွှန်ပြသောလမ်းကို မဂ္ဂင်လမ်းဟု ခေါ်သည်။ အစွန်းနှစ်ဖက်ကို ဖယ်ရှားသော လမ်းလည်း ဖြစ်သည်။

ပထမအစွန်းမှာ ယုတ်ညံ့သော သာမန်လူတို့၏ အလေ့ဖြစ်သော အကျိုး ကျေးဇူးမရှိသော ကာမဂုဏ်အာရုံကို လိုက်စားမြူးတူး ပျော်ပါးခြင်းအားဖြင့် ချမ်းသာမှုကို ရှာဖွေခြင်း ဖြစ်သည်။

ဒုတိယအစွန်းမှာ ဆင်းရဲခြင်းကို ဖြစ်စေသော၊ အရိယာသူတော်ကောင်း တို့နှင့် မထိုက်တန်သော၊ မဂ်ဖိုလ်နိဗ္ဗာန်ရရန်အတွက် အကျိုးကျေးဇူးမရှိသော၊ မိမိကိုယ်ကို နှိပ်စက်ညှဉ်းဆဲ၍ ကြိုးပမ်းအားထုတ်ရသော ကျင့်စဉ်အမျိုးမျိုးအားဖြင့် ချမ်းသာမှုကို ရှာဖွေသောနည်း ဖြစ်သည်။

ဤအစွန်းနှစ်ပါးသည် အချည်းနှီး၊ အကျိုးမရှိ၊ မဂ်ဖိုလ်ရရန် နည်းမှန် လမ်းမှန်၏ ဆန့်ကျင်ဘက်ဖြစ်ကြောင်း သိရှိတော်မူသော ဗုဒ္ဓမြတ်စွာသည် ထို အစွန်း ၂–ပါးမှ လွတ်သော နိဗ္ဗာန်သို့ ညွှန်ပြသော အလယ်လမ်းမှန်ကို ကိုယ်တော် တိုင် စမ်းသပ်တွေ့ရှိခဲ့ပေသည်။ ယင်းလမ်းကား အင်္ဂါရှစ်ပါးရှိသော မဂ္ဂင်လမ်းပင် ဖြစ်သည်။ ဗုဒ္ဓဒေသနာတော်အားလုံးသည် ဤမဂ္ဂင်ရှစ်ပါးတရားတွင် တစ်နည်း နည်းဖြင့် အကျုံးဝင်လေသည်။ ထို့ကြောင့် ဤမဂ္ဂင်ရှစ်ပါးကို ဒေသနာ အားလုံး၏ အဆီအနှစ်ဟု ခေါ်ဆိုနိုင်ပေသည်။

### ထိုမဂ္ဂင်ရှစ်ပါးတွင်–

၁။ **သမ္မာဝါစာ** (မှန်သောစကားကို ပြောဆိုမှု)ဆိုသည်မှာ မဟုတ်မမှန် ပြောဆိုခြင်းကို ရှောင်ကြဉ်ခြင်း၊ စိတ်ဝမ်းကွဲပြား မညီမညွတ်ဖြစ်စေ၍ မုန်းတီးခြင်း၊ ရန်ငြိုးဖွဲ့ခြင်းကို ဖြစ်စေသည့် စကား၊ အမနာပစကား၊ ကုန်းချော စကားတို့ကို ရှောင်ကြဉ်ခြင်း၊ ရန့်ရင်းကြမ်းတမ်းသော၊ ရိုင်းစိုင်းသော၊ ရင့်သီးသော၊ အကျိုးယုတ် စေမည် ဖြစ်သော ဆဲရေးတိုင်းထွာခြင်း စသော စကားတို့မှ ရှောင်ကြဉ်ခြင်း၊ အချည်းနှီး ဖြစ်သော၊ ပြိန်ဖျင်းသော အဓိပ္ပာယ်မဲ့စကား ပြောခြင်းနှင့် စကားရောင်း စကားဝယ် ပြုလုပ်ခြင်း၊ အတင်းပြောခြင်းတို့မှ ရှောင်ကြဉ်ခြင်း ဖြစ်သည်။

၂။ **သမ္မာကမ္မန္တ** (မှန်သောပြုလုပ်မှု) ဆိုသည်မှာ လောကကျင့်ဝတ်ကို ထိန်းသိမ်း၍ သဘောထား မြင့်မြတ်စွာဖြင့် ငြိမ်းချမ်းစွာ နေထိုင်ဆောင်ရွက်နိုင်မှုပင် ဖြစ်သည်။ သတ်ဖြတ်ခြင်း၊ ခိုးယူခြင်း၊ မရိုးသားစွာ ပြုမူဆက်ဆံခြင်း၊ မတရားသော ကာမဂုဏ် ခံစားခြင်းတို့မှ ရှောင်ကြဉ်၍ အခြားသူများကိုလည်း ရှောင်ကြဉ်စေရန် ကူညီစောင်မ တိုက်တွန်းခြင်းပင် ဖြစ်သည်။

၃။ **သမ္မာအာဇီဝ** (မှန်သောအသက်မွေးမှု) ဆိုသည်မှာ လိမ်လည် ကောက်ကျစ်ခြင်း၊ တိရစ္ဆာန်များကို သတ်ဖြတ်ခြင်း၊ အဆိပ်၊ သေရည်၊ သေရက်၊ လက်နက် ခဲယမ်းမီးကျောက် စသည်တို့ကို ရောင်းဝယ်ဖောက်ကားခြင်း စသော သူတစ်ပါးအား ဘေးအန္တရာယ် ဖြစ်စေမည့် လုပ်ငန်းဆောင်တာများဖြင့် အသက် မွေးဝမ်းကျောင်းမှုကို ရှောင်ကြဉ်ခြင်းပင် ဖြစ်သည်။

(ဤဖော်ပြပါ သုံးပါးသည် သီလဖြစ်သည်။ ထိုသီလသည် အထက်တန်း လောကုတ္တရာ လုပ်ငန်းများအတွက် မရှိမဖြစ်သော အခြေခံတရား ဖြစ်သည်။ သီလ အခြေခံမပါဘဲ မည်သည့် လောကုတ္တရာအဆင့်အတန်းကိုမျှ တက်လှမ်း ပေါက်ရောက်နိုင်မည် မဟုတ်ချေ။)

၄။ **သမ္မာဝါယာမ** (မှန်သောအားထုတ်ခြင်း) ဆိုသည်မှာ–

(က) ဆိုးသွမ်းညစ်ညမ်း၍ မွန်မြတ်ခြင်း မရှိသော ကာယကံမှု ဝစီကံမှု မနောကံမှုများ မဖြစ်ပေါ်စေရန်၊

(က) ဖြစ်ပြီးသော ထိုအမှုဆိုးများကို ဖယ်ရှားပစ်ရန်၊

(ဂ) မဖြစ်သေးသော သန့်စင်မွန်မြတ်သည့် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများ ဖြစ်ပေါ်လာစေရန်၊

(ဃ) ဖြစ်ပြီးသော ထိုစိတ်ကောင်းများ၊ အပြုအမူများ ပိုမိုတိုးတက် ပွားများစေရန် ပြင်းပြသော ဆန္ဒဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပါ သည်။

၅။ **သမ္မာသတိ**(မှန်သောအောက်မေ့မှတ်သားမှု)ဆိုသည်မှာ–ကိုယ်တွင်း၌ ဖြစ်ပျက်လှုပ်ရှားနေခြင်းများ(ကာယ)၊ တွေ့ထိခံစားရမှုများ(ဝေဒနာ)၊ စိတ်တွင် ဖြစ်ပျက်လှုပ်ရှားနေခြင်းများ (စိတ္တ)နှင့် စိတ်ကူးကြံစည်မှု၊ တွေးတောယူဆမှုများနှင့် အကြောင်းခြင်းရာများ (ဓမ္မ)ကို အပတ်တကုတ် လုံ့လပြု၍ စေ့ငုစွာ မလွတ်စေဘဲ

စောင့်ကြပ် ကြည့်ရှု သတိပြုနေခြင်းပင် ဖြစ်ပါသည်။ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့ကို ရှုမှတ်ခြင်း သတိသည် သမ္မာသတိ ပေတည်း။

၆။ **သမ္မာသမာဓိ** (မှန်သောတည်ငြိမ်မှု) ဆိုသည်မှာ–ပထမဈာန် အဆင့်တွင် ဝတ္ထုကာမ၊ ကိလေသာကာမတို့မှ ကင်းဆိတ်သည့်အတွက် ကာမဂုဏ်၌ အလိုရှိခြင်း၊ မကောင်းကြံခြင်း၊ စိတ်ရောကိုယ်ပါ ထိုင်းမှိုင်းညှိုးနွမ်းခြင်း၊ စိတ်မငြိမ်မသက် ပျံ့လွင့်ခြင်း၊ ယုံမှားသွေးတောခြင်း စသော နီဝရဏတရားတို့ကို ပယ်ဖျောက်ပြီး ဖြစ်ရကား အနည်းငယ်သော ကြံစည်မှု စဉ်းစားမှုများနှင့်သာ နှစ်သိမ့်ချမ်းသာခြင်း (ပီတိသုခ)တို့ကို ခံစားရသည်။

ဒုတိယဈာန်အဆင့်တွင် ကြံစည်မှု၊ စဉ်းစားမှု စသည့် ဉာဏ်လှုပ်ရှားမှု အားလုံးတို့ကို ဖိနှိပ်လျက် စိတ်ကို စိတ်တွင်သာ စူးစိုက်ထားခြင်းအားဖြင့် ကြည်လင် တည်ငြိမ်စေလျက် ပီတိနှင့် သုခတို့ကို ဆက်လက်ခံစားရသည်။

တတိယဈာန်အဆင့်သို့ ရောက်သောအခါ ထင်ရှားစွာ ခံစားရသော နှစ်သိမ့်မှု ပီတိကိုပင် စွန့်ပစ်လျက် စိတ်၏ချမ်းသာမှုတစ်ခုတည်းကို ခံစားကာ အညီအမျှ ရှုလျက် သိလျက်သာ နေတော့သည်။

စတုတ္ထဈာန် အဆင့်တွင်မူ ခံစားမှုအားလုံးကို စွန့်လွှတ်လိုက်ပြီး ချမ်းသာဆင်းရဲ၊ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း ကင်းစွာ အညီအမျှ (ဥပေက္ခာ)ရှုလျက် သတိရှိစွာ နေတတ်သည်။

(ဤမှန်သော အားထုတ်မှု၊ မှန်သော အောက်မေ့မှတ်သားမှု၊ မှန်သော တည်ငြိမ်မှု ၃–ပါးသည် စိတ်ကို ဆုံးမသွန်သင်သည့် သိက္ခာရပ်များ ဖြစ်သည်။ သမာဓိတွင် အကျုံးဝင်ပါသည်။)

၇။ **သမ္မာသင်္ကပ္ပ**(မှန်သောကြံစည်မှု)ဆိုသည်မှာ– ကိုယ်ကျိုးကို စွန့်လွှတ်လိုခြင်း သတ္တဝါအားလုံးအပေါ်တွင် မေတ္တာစိတ်ထားခြင်း၊ ကြမ်းကြုတ် ရက်စက်သောစိတ် မရှိခြင်း စသည်တို့ ဖြစ်သည်။

၈။ **သမ္မာဒိဋ္ဌိ**(မှန်သောအမြင်)ဆိုသည်မှာ– အကြောင်းအရာများကို မဖောက်မပြန်မှန်ကန်စွာ သိမြင်နားလည်ခြင်း ဖြစ်သည်။ အရိယသစ္စာ ၄–ပါးကို မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်းပင် ဖြစ်သည်။ ဤသို့ ပရမတ္ထတရားကို ထိုးထွင်းသိမြင်ခြင်းသည် ဉာဏ်ပညာအရာတွင် အထွတ်အထိပ်သို့ ရောက်ခြင်း ဖြစ်သည်။

(ဤမှန်သော ကြံစည်မှုနှင့် မှန်သော အမြင်တို့သည် ဉာဏ်ပညာအရာတွင် အကျုံးဝင်လေသည်။)

အထက်ဖော်ပြပါ မဂ္ဂင်လမ်းသည် လူပုဂ္ဂိုလ်တစ်ဦးစီ အသီးသီး ကိုယ်တိုင်ကိုယ်ကျ လိုက်နာလေ့လာထူထောင်ကျင့်သုံးရမည့် နေထိုင်မှုလမ်းစဉ်ပင် ဖြစ်ပေသည်။ သီလ၊ သမာဓိ၊ ပညာ အင်္ဂါသုံးရပ်ကို ပြည့်စုံအောင် ထူထောင်ခြင်းဖြင့် အဆုံးစွန် အေးငြိမ်းခြင်း၊ ချမ်းသာခြင်း၊ လွတ်လပ်ခြင်း ဖြစ်သော နိဗ္ဗာန်သို့ ရောက်စေနိုင်သည့် လမ်းသာ ဖြစ်ပေသည်။ ။

# အခန်း(၆)

## သမထနှင့် ဝိပဿနာ

**သမထဟူသည် အဘယ်နည်း** ကာမစ္ဆန္ဒစသော နီဝရဏတရားတို့ကို ငြိမ်းစေတတ်သောကြောင့် သမာဓိ တရားသည် သမထ မည်၏။

**စိတ်ကိုပြုပြင်ခြင်းဖြင့် ဣန္ဒြေပြောင်းနိုင်သည်** သမာဓိအလုပ်သည် စိတ်လုပ်ငန်းသက်သက် ဖြစ်၍ သမထခေါ် သမာဓိစိတ် ဖြစ်ပေါ်လာသောအခါ ဣန္ဒြေငါးပါးတို့ တဖြည်းဖြည်း သိမ်းဆည်း၍ ကိုယ်၊ နှုတ်အမူအရာတို့ပင် ပြောင်းလဲလာတတ်သည်။ စိတ်သည် မိမိ ယူလိုသော အာရုံတစ်ခုကိုသာ စွဲမြဲစွာ ယူထားသည်ဖြစ်၍ မိမိ ယူထားသော အာရုံမှ တစ်ပါးသောအာရုံတို့ကို အလိုမရှိတော့သဖြင့် မလိုက်တော့ပေ။ အလေးမမူ ဂရုမစိုက်။ မိမိယူထားသော အာရုံတစ်ခုကိုသာ အလေးမူ ဂရုစိုက်သည်။ ထိုအခါ အနည်းအများဆိုသလို သမာဓိရှိ၊ မရှိ ဣန္ဒြေတို့ကို ကြည့်ရှုခြင်းဖြင့် သိနိုင်ပေသည်။

ဥပမာ– လောက၌ လူအများတို့ သိနေကြသော စပါးသီးနှံကို ကြည့်ပါ။ စပါးပင်၌ အသီးအနှံ ထွက်လာသောအခါ ရှေးဦးစွာ နို့ရည်ခေါ်သော အနှစ်ရှိစပြုလာသည်။ ထိုအခါ စပါးသီးနှံသည် အနည်းငယ် ကိုင်းညွတ်လာသည်။ နို့ရည်ခေါ်သော အနှစ်သည် တဖြည်းဖြည်း ပြည့်လာခဲ့သော် ရှေးကထက်ပင် တစ်ဆင့်တစ်ဆင့် ပို၍ ကိုင်းညွတ်လာတော့သည်။ ထို့အတူ သမာဓိ အနည်းငယ် ရှိသောသူသည်လည်း ဣန္ဒြေတို့ကို အနည်းငယ် သိမ်းဆည်းလာတတ်သည်၊ တစ်ဆင့်ထက်တစ်ဆင့် ရင့်ရင့်လာသောအခါ ရှေးကထက်ပင် ပို၍ သိမ်းဆည်းတတ်ကြောင်းကို သိအပ်သည်။

ပြခဲ့ပြီးသောဥပမာ၌ စပါးသီးနှံတို့သည် အနှံတိုင်း ကိုင်းညွတ်ခြင်း မရှိပေ။ အချို့သောစပါးနှံများကား ထောင်လျက်ပင် ရှိကြသည်။ ကိုင်းညွတ်သော စပါးသီးနှံတို့ကား အနှစ်အဆံပြည့်ကြသည်။ အနှစ်အဆံ ပြည့်လေလေ ကိုင်းညွတ်လေလေ ဖြစ်သည်။ အနှစ်အဆံ မပြည့်၍ အဖျင်းရှိသော စပါးနှံများကား အနည်းငယ်သာ ကိုင်းညွတ်သည်။ ဖလံဖြူ ခေါ်သော စပါးသီးနှံပိုးများ ကျလျှင် လုံးလုံးကို ကိုင်းညွတ်ခြင်း မရှိ၊ ထောင်လျက်ပင်။ ထို့ကြောင့် "အနှစ်ရှိ၊ မရှိ မြင်ရုံနှင့် သိနိုင်သည်" ဟု ဆိုစမှတ် ပြုကြသည်။ ထို့အတူ "သမာဓိရှိ၊ မရှိ မြင်ရုံနှင့် သိနိုင်သည်"ဟု ဆိုအပ်ပြန်သည်။

**သမာဓိရှိ၊ မရှိ သမဏနတ်သားကို ကြည့်** အခါတစ်ပါး၌ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူ

စဉ်တုန်းက ရဟန်းတစ်ပါးသည် တရားအားထုတ်နေသည်တွင် သမာဓိစိတ် ဖြစ်ပေါ်နေ၏။ ထိုသမာဓိစိတ် ဖြစ်ပေါ်နေစဉ်မှာပင် မဂ်ဖိုလ်မရမီ သေလွန်သွားရှာသည်။ ထိုရဟန်းသည် တာဝတိံသာနတ်ပြည်၌ သမဏနတ်သားဟု ထင်ရှားစွာ ဖြစ်ရလေသည်။ ထိုအခါ ရတနာတို့ဖြင့် တင့်တယ်သော ရွှေဗိမာန်ကြီး၌ အသင့်ရှိနေကြသော နတ်သမီးများက ဝိုင်းရံလျက် ရှိကြသည်။ ထိုနတ်သားကား လူ့ပြည်တုန်းကကဲ့သို့ ဣန္ဒြေကြီးစွာဖြင့် ဦးခေါင်းကို အောက်သို့ စိုက်ကာ မျက်လွှာချလျက် ငြိမ်သက်စွာ နေလေသည်။ ထိုနတ်သား၏ အနီးတွင် ရှိနေကြသော နတ်သမီးများသည် နတ်သား၏ ဣန္ဒြေကိုကြည့်၍ အလိုမကျ ဖြစ်နေကြသည်။ ထိုတွင် ပါးနပ်သော နတ်သမီးတစ်ယောက်က ကိုယ်လုံးပေါ် မှန်ပြင်ကြီးတစ်ခုကိုယူ၍ နတ်သား၏ ရှေ့တည့်တည့်မြင်လောက်သော နေရာ၌ ချထားလေသည်။ ထိုသို့ချထားသောအခါ သမဏနတ်သားသည် မိမိအရိပ်ကို မြင်လိုက်ရသဖြင့် ရဟန်းမဟုတ်တော့ဘဲ နတ်သားဖြစ်နေမှန်း သိတော့သည်။

ထိုအခါ နတ်သမီးများနှင့် ရွှေဗိမာန်ကြီးကိုပါ မိမိနှင့် တစ်ပါတည်း မြတ်စွာဘုရားထံမှောက် အရောက်ပြု၍ အကြောင်းစုံကို လျှောက်ထားတော့သည်။ မြတ်စွာဘုရားက– ပရိသတ်တို့အား တရားဟောနေတုန်းဖြစ်သဖြင့် ထိုအကြောင်းကို ပရိသတ်တို့အား သိစေ၍ တရားတော်၏ ဂုဏ်ကျေးဇူးနှင့် သစ္စာလေးပါးတရားတို့ကို ဟောကြားတော်မူသည်။ ထိုသို့ ဟောကြားတော်မူစဉ် သမဏနတ်သားသည် သောတာပန် တည်ရလေသည်။ ထိုသမဏနတ်သားကဲ့သို့ သမာဓိစိတ်ကို ဖြစ်စေ၍ ဣန္ဒြေကို သိမ်းဆည်းနိုင်ကြရန် နည်းယူကြစေလိုပါသည်။

**ဝိပဿနာဟူသည် အဘယ်နည်း** ဘုံသုံးပါး၌ ဖြစ်ပေါ်နေသော ရုပ် နာမ် ခန္ဓာ အဖြာဖြာကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု လက္ခဏာယာဉ် သုံးပါးသို့တင်၍ ရှုဆင်ခြင်တတ်သောကြောင့် ဝိပဿနာမည်၏။ မိမိကိုယ်ခန္ဓာရှိ ရုပ်တရား၊ နာမ်တရားတို့ကို လက္ခဏာရေး သုံးပါးဖြင့် ဝိပဿနာ ရှုရသည်။

**မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဝိပဿနာဘာဝနာကို ချီးမွမ်းတော်မူခြင်း** ကုသိုလ်ကောင်းမှု ဟူသမျှတို့တွင် ဝိပဿနာ ဘာဝနာ ကုသိုလ်သည် အကောင်းဆုံး ဖြစ်၏။ ဗုဒ္ဓ ရှင်တော်မြတ်သည် ကုသိုလ်ကောင်းမှု လုပ်သူ ပုဂ္ဂိုလ်အပေါင်းတို့တွင် ဝိပဿနာ ဘာဝနာကို ပွားများသော ပုဂ္ဂိုလ်အားသာလျှင် ချီးမွမ်းတော်မူဆုံး ဖြစ်၏။

ဝိပဿနာ ဘာဝနာသည်ကား အင်္ဂသာဝက, မဟာသာဝကများနှင့်တကွ ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင် သဘောတူ ချီးမွမ်းတော်မူခဲ့ကြဖူးသည်။ ဝိပဿနာ ဘာဝနာကို သဘောတူချီးမွမ်းတော်မူခဲ့ကြပုံကို မူလပဏ္ဏာသ ပါဠိတော် မဟာယမကဝဂ် မဟာဂေါသိင်္ဂသုတ်၌ လာသည်ကို အတိုချုပ်သဘောအားဖြင့် ဖော်ပြပေအံ့။

အခါတစ်ပါး၌ ရှင်သာရိပုတ္တရာ အရှင်မြတ်က အရှင်အာနန္ဒာအား မေးတော်မူသည်မှာ ဤအင်ကြင်းတောကြီးသည် အပွင့်တို့ဖြင့် တစ်တောလုံး ကြည့်ရှုတင့်တယ် မွှေ့လျော်ဖွယ်ရာ ဖြစ်လျက်ရှိ၏။ ထိုမျှ လှပတင့်တယ် ပင်လုံးကျွတ် ပွင့်ကုန်သော အင်ကြင်းတောကြီးကို ပို၍ ကျက်သရေ မင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံရန် အဘယ်ကဲ့သို့ ပြုရသော် ကောင်းမည် ထင်သနည်းဟု မေးတော်မူ၏–

(၁) ထိုအခါ အရှင်အာနန္ဒာက– "အရှင်ဘုရား– အစ၏ ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းနှင့် ပြည့်စုံသော တရားတော်တို့ကို ဟောပြော နာကြားပြီးကာ ဝိပဿနာ ဘာဝနာကို အားထုတ်နေကြပါက ဤလှပတင့်တယ် မွှော်မွေ့ဖွယ်ဖြစ်သော အင်ကြင်းတောကြီးသည် ပို၍ပင် ကျက်သရေမင်္ဂလာကို ဆောင်ဖွယ် ဖြစ်ပါသည်ဘုရား"ဟု လျှောက်ထား၏။

(၂) ထို့နောက် အရှင်ရေဝတကို မေးတော်မူသောအခါ အရှင်ရေဝတက "သမထကို အားထုတ်ကာ ဈာန်ဝင်စားပြီးလျှင် ဝိပဿနာ

ဘာဝနာကို ကြိုးစားအားထုတ်နေကြပါလျှင် ဤလှပတင့်တယ် မွေ့လျော်ဖွယ်ဖြစ်သော အင်ကြင်းတောကြီးသည် ပို၍ပင် တင့်တယ် မင်္ဂလာရှိဖွယ် ဖြစ်ပါသည် ဘုရား"ဟု လျှောက်ထား၏။

(၃) ထို့နောက် အရှင်အနုရုဒ္ဓါမထေရ်မြတ်ကို မေးတော်မူသောအခါ အရှင်အနုရုဒ္ဓါမထေရ်မြတ်က "ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် သတ္တဝါ အနန္တ၏ ဆင်းရဲဒုက္ခကို ခွဲခြမ်း စိတ်ဖြာ ကြည့်ရှု၍ သံဝေဂဖြစ်ကာ ဝိပဿနာဘာဝနာကို ပွားများရသော် ဤအင်ကြင်းတောကြီးသည် ပိုမိုသာယာကာ ကျက်သရေကို ဆောင်မည်ဖြစ်ပါသည်ဘုရား"ဟု လျှောက်ထား၏။

(၄) ထို့နောက် အရှင်မဟာကဿပကို မေးတော်မူသောအခါ "ဓုတင်ကို ဆောင်လျက် ဝိပဿနာ ဘာဝနာတရား အားထုတ်ကြရပါလျှင် ဤပင်လုံးကျွတ် ပွင့်နေသော အင်ကြင်းတောကြီးသည် ပို၍ ကျက်သရေမင်္ဂလာ ရှိဖွယ်ရာပါဘုရား"ဟု လျှောက်ထား၏။

(၅) ထိုမှတစ်ဖန် ရှင်မောဂ္ဂလာန် အလှည့်တွင် အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးက လျှောက်ထားသည်မှာ "ဤအင်ကြင်းတော ကြီး၌ အဘိဓမ္မာတရားကို ဆွေးနွေး မေးမြန်းဖြေဆိုကြပြီးကာ ဝိပဿနာဘာဝနာကို ကြိုးစား အားထုတ်ကြပါမူကား ပို၍တင့်တယ် မွေ့လျော်ဖွယ် ဖြစ်ပါသည် ဘုရား"ဟု လျှောက်ထား၏။

(၆) ထို့နောက် အရှင်သာရိပုတ္တရာ မထေရ်အား မေးလျှောက်ကြ သည်မှာ "တပည့်တော်တို့ကား မိမိတို့ဆန္ဒကို ဖြေဆိုခဲ့ပြီးလေပြီ။ အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ဆန္ဒက အဘယ်ပါနည်း"ဟု မေးကြကုန်၏။ ထိုသောအခါ အရှင်သာရိပုတ္တရာ မထေရ်မြတ်က ဖြေဆိုတော်မူသည်မှာ"စိတ်၏အလိုသို့ မလိုက်ဘဲ သီလ သမာဓိ၌ တည်ရှိနေလျက် ဝိပဿနာဘာဝနာကို အားထုတ်သော် ဤပင်လုံး ကျွတ် လှပသာယာစွာ ပွင့်နေသော အင်ကြင်းတောကြီးသည် သာ၍ပင် တင့်တယ် မွေ့လျော်ဖွယ် ဖြစ်ရာ၏"ဟု ဖြေဆိုတော်မူ၏။

ဤ၌ သိရန်မှာ–

(၁) အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးသည် ပညာအရာ၌ ဧတဒဂ်ရ လက်ယာရံ ဖြစ်တော်မူ၏။

(၂) အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးသည် တန်ခိုးကြီးသော အရာ၌ ဧတဒဂ်ရ လက်ဝဲရံ ဖြစ်တော်မူ၏။

(၃) အရှင်မဟာကဿပမထေရ်ကြီးသည် ဓုတင်ကို ကျင့်ဆောင် ဟောပြောတော်မူရာ၌ ဧတဒဂ်ရ လက်ယာရံ ဖြစ်တော်မူသည်။

(၄) အရှင်အနုရုဒ္ဓါ မထေရ်မှာ ဒိဗ္ဗစက္ခုအဘိညာဉ် အရာ၌ ဧတဒဂ်ရ လက်ယာရံ ဖြစ်တော်မူ၏။

(၅) အရှင်ရေဝတ မထေရ်မှာ အရညကင် ဓုတင်ဆောင်သော အရာ၌ ဧတဒဂ်ရ လက်ယာရံ ဖြစ်တော်မူ၏။

(၆) အရှင်အာနန္ဒာ မထေရ်မှာကား ဗဟုသုတ၊ သတိမန္တ၊ ဂတိမန္တ၊ ဓိတိမန္တ၊ ဥပဋ္ဌာက ဤငါးဌာန၌ ဧတဒဂ်ရတော်မူ၍ လက်ယာရံ ဖြစ်တော်မူ၏။

ထိုသောအခါ ဤမျှနှင့် မတင်းတိမ်သေးဘဲ ဘုရားရှင်ထံသို့ သွားရောက်ကာ မိမိတို့အသီးသီး မည်ကဲ့သို့ ပြုကြလျှင် ဤအလွန်တင့်တယ် မွေ့လျော်ဖွယ်ဖြစ်သော အင်ကြင်းတောကြီးသည် ပိုမို၍ ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံမည်ဖြစ်ကြောင်း ထင်မြင်ချက်များကို တင်လျှောက်ကြ၍ "ရှင်တော်မြတ်ဘုရားကကော အဘယ်သို့ အမိန့်တော်မြတ် မှတ်တော်မူမည်ကို သိလိုလှပါသည်ဘုရား"ဟု မြတ်စွာဘုရားရှင်အား မေးလျှောက်ကြကုန်၏။

မြတ်စွာဘုရားက မိန့်တော်မူသည်မှာ "သင်ချစ်သားတို့၊ သင်တို့သည် ထင်တိုင်းလည်း ကောင်းလှပေ၏။ ငါဘုရား၏အလိုကား အကြင်ရဟန်းသည် ဆွမ်းစားပြီးသောအခါ တစ်နေရာရာတွင် တင်ပျဉ်ဖွဲ့ခွေနေပြီးနောက် ငါသည် တရားကို အားထုတ်အံ့။ အာသဝေါတရား မကုန်လျှင် ဤနေရာမှ မထပြီဟူ၍ ဝိပဿနာတရားကို အားထုတ်ကာ နေခြင်းသည် ဤပင်လုံးကျွတ် ပွင့်လျက်ရှိသော အင်ကြင်းတောကြီးကို ပို၍ လှပတင့်တယ် မွေ့လျော်ဖွယ် ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံစေမည်ဟု အောက်ပါအတိုင်း ဘုရားရှင် မိန့်တော်မူ၏–

န တာဝါဟံ ဣမံ ပလ္လင်္ကံ ဘိန္ဒိဿာမိ၊ ယာဝ မေ နာနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိဿတီတိ။

(မူလပဏ္ဏာသပါဠိတော်၊ မဟာဂေါသိင်္ဂသုတ်၊ နှာ–၂၈၁)

"မေ= ငါ့အား။ စိတ္တံ=စိတ်သည်။ ယာဝ=အကြင်မျှလောက် ကာလ ပတ်လုံး။ အနုပါဒါယ= ခန္ဓာငါးပါးတွင် တစ်ပါးသော ခန္ဓာကိုမျှ တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့်(ငါ၏ခန္ဓာ၊ ငါ၊ ငါ၏ကိုယ်ဟူ၍) မစွဲယူဘဲ။ အာသဝေဟိ= အာသဝေါ တရားလေးပါးတို့မှ။ န ဝိမုစ္စိဿတိ= မလွတ်မြောက်သေး။ တာဝ= ထိုမလွတ် သေးသမျှ ကာလပတ်လုံး။ အဟံ=ငါသည်။ ဣမံပလ္လင်္ကံ= ဤဖွဲ့ခွေနေသော ထက်ဝယ် တင်ပျဉ်ကို။ န ဘိန္ဒိဿာမိ=မဖျက်တော့အံ့။ ဣတိ=ဤသို့။ စိတ္တံ= စိတ်ကို။ နိက္ခိပိတွာ=ချ၍၊ နိသီဒတိ=နေ၏"ဟု ဘုရားရှင် မိန့်တော်မူ၏။

ဤသို့လျှင် အဂ္ဂသာဝက၊ မဟာသာဝကများနှင့်တကွ မြတ်စွာဘုရား ကိုယ်တော်တိုင် ဝိပဿနာ ဘာဝနာတရား ပွားများအားထုတ်ခြင်းသည် "အကောင်း ဆုံး၊ အမွန်မြတ်ဆုံး၊ သာယာမွေ့လျော်ဖွယ်အရှိဆုံး၊ ကျက်သရေ မင်္ဂလာအဖြာဖြာ အတိုးတက်ဆုံး"ဟူ၍ တစ်နေရာတည်းတွင် တစ်သဘောတည်း ချီးမွမ်းမိန့်တော် မူခဲ့ကြလေပြီ။

**အတ္တဒတ္ထမထေရ်** အတိုချုပ်သော်ကား ဘုရားရှင်သည် ယနေ့မှသည် လေးလ မြောက်သော် ပရိနိဗ္ဗာန် ပြုတော်မူလတ္တံ့။ ထို့ကြောင့် ဘုရားရှင် ပရိနိဗ္ဗာန် မပြုမီ ငါသည် ရဟန်းကိစ္စကို ပြီးစေအံ့ဟူသော စိတ်ဖြင့် မည်သည့် ပုဂ္ဂိုလ်နှင့်မျှလည်း ရောယှက်ခြင်း မပြုဘဲ ဝိပဿနာ ဘာဝနာတရားကို အားထုတ်ကြိုးစားလျက်နေ၏။ ဘုရားရှင်တော် မြတ်ထံသို့ သွားရောက်ခြင်းကို မပြုဟူ၏။

ထိုအခါ အခြားသော ရဟန်းတော်များက ဘုရားရှင်အား ထိုသို့သော အခြင်းအရာကို လျှောက်ထားကြကုန်၏။ ထိုအခါ ဘုရားရှင်က"ငါ၏ချစ်သား အတ္တဒတ္ထသည် ငါဘုရား ပရိနိဗ္ဗာန် ပြုတော်မမူမီ ရဟန်းကိစ္စကို ပြီးအောင် ဆောင်ရွက်နေခြင်း ဖြစ်ရကား ငါဘုရားသည် သင်တို့ထက် အတ္တဒတ္ထအား ချီးကျူး၏"ဟု မိန့်တော်မူ၏။ (ဓမ္မပဒ၊အတ္တဝဂ်)

**အနာထပိဏ်သေဌေးကြီး ငိုရှာခြင်း** အနာထပိဏ်သေဌေးကြီးသည် သေခါနီး၌ ဘုရားရှင်၏တရားတော်ကို နာလို၍ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက ဤသို့ ဟောတော်မူ၏–

သေဌေးကြီး–မိမိကိုယ်၌ရှိသော စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒ၊ မနောဒွါရတို့ကို တဏှာ၊ မာန၊ ဒိဋ္ဌိ တို့ဖြင့် စွဲလမ်းကာ(ငါ့ဉစ္စာ၊ ငါ၊ ငါ့ကိုယ်)ဟူ၍ မဖြစ်စေအပ်။

ထိုအတူ စက္ခုဝိညာဏ်စိတ်, သောတဝိညာဏ်စိတ်၊ ဃာနဝိညာဏ်စိတ် စသည်တို့ကိုလည်း တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် (ငါ့ဉစ္စာ၊ ငါ၊ ငါ့ကိုယ်)ဟု မဖြစ်စေရန် ဝိပဿနာဘာဝနာကို ကျင့်အပ်ကြောင်း ဟောတော်မူ၏။

ထိုသို့ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး တရားဟောတော်မူရာတွင် အနာထပိဏ်သေဌေးကြီးသည် မျက်ရည်တွေတွေ ယိုစီးကာ ငိုကြွေးလျက်ရှိ၏။

ထိုအခါ အနီး၌ရှိသော အာနန္ဒာအရှင်မြတ်က "ဒကာကြီး...သေရမည့်ဘေးကို ထိုမျှ ကြောက်ရွံ့တုန်လှုပ်သလော"ဟု မေးတော်မူ၏။ အနာထပိဏ်သေဌေးကြီးက လျှောက်ထားသည်မှာ"တပည့်တော် သေရမည့်ဘေးကို ကြောက်ရွံ့၍ မျက်ရည်ယိုစီး ငိုကြွေးခြင်းကို ပြုသည် မဟုတ်ပါဘုရား။ ငိုကြွေးရခြင်း အကြောင်းရင်းမှာထိုမျှကောင်းမွန်လှသော ဝိပဿနာဘာဝနာတရားကို သေခါမနီးမီ ရှေးအဖို့က တစ်ခါဖူးမျှ မကြားစဖူးပါဘုရား။ ယခုသေခါနီးကျမှ တရားအားထုတ်ချိန် မရတော့ပါ။ ထိုတရား အားထုတ်ခွင့် မရသောအခါကျမှ ဤတရားကို ကြားနာရခြင်းကြောင့် အချိန်မရှိမှုကို ဝမ်းနည်းမိ၍ မျက်ရည်ယိုစီး ငိုကြွေးရခြင်း ဖြစ်ပါသည်ဘုရား"ဟု လျှောက်ထားဖူးခဲ့လေပြီ။

(ဥပရိပဏ္ဏာသ ပါဠိတော်၊ သဠာယတနဝဂ်၊ အနာထပိဏ္ဍိကောဝါဒသုတ်၊နှာ–၃၀၁)

**ပဋာစာရီ** အခါတစ်ပါး၌ ပဋာစာရီ အမည်ရှိသော အမျိုးသမီးသည် အမိ၊ အဘ၊ မောင်၊ လင်ယောကျ်ားနှင့် ရင်သွေးဖြစ်သော သားနှစ်ယောက်တို့သည် မရှေးမနှောင်း သေကျေပျက်စီးသွားခြင်းကြောင့် အရူးမကြီးအဖြစ်သို့ ရောက်ရှိပြီးလျှင် ဗုဒ္ဓမြတ်စွာ ဘုရားသခင်နှင့် တွေ့သောအခါ မြတ်ဗုဒ္ဓသည် တရားရေအေး အမြိုက်ဆေးဖြင့် တိုက်ကျွေးတော်မူသည်ရှိသော် စိုးရိမ်ပူဆွေး ငိုကြွေးခြင်း ဒုက္ခမှ သက်သာရာ ရရှိလာလေ၏။

ထိုမှတစ်ဖန် မြတ်ဗုဒ္ဓသခင်သည် ပဋာစာရီအမျိုးသမီးအား အောက်ပါ ပါဠိတော်ဖြင့် ဟောပြောမိန့်ကြားတော်မူ၏ –

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

(ဓမ္မပဒ၊ ပဋာစာရာထေရီဝတ္ထု၊ နှာ–၃၀)

ယော စ=အကြင်သူသည်လည်း။ ဥဒယဗ္ဗယံ=ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်ပုံပျက်ပုံကို။ အပဿံ–အပဿန္တော=မရှုမမြင်ဘဲ။ ဝဿသတံ= အနှစ်တစ်ရာ ကာလပတ်လုံး။ ဇီဝေ=အသက်ရှည်ရာ၏။ တဿ=ထိုသူ၏။ ဇီဝိတာ= အနှစ်တစ်ရာ အသက်ရှည်မှုထက်။ ဥဒယဗ္ဗယံ=ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်ပုံပျက်ပုံကို။ ပဿတော=ရှုမြင်သော ပုဂ္ဂိုလ်၏။ ဧကာဟံ=တစ်ရက်မျှ။ ဇီဝိတံ= အသက်ရှည်ရခြင်းသည်။ သေယျော=မြတ်၏။

ဤ၌လည်း ရယ်ကာမောကာ ပျော်ရွှင်စွာဖြင့် အနှစ်တစ်ရာ အသက်ရှည်ပြီး နေရခြင်းထက် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍ လက္ခဏာယာဉ်သုံးပါး တင်ကာ ဝိပဿနာ ဘာဝနာတရားကို တစ်ရက်မျှ ပွားများအားထုတ်သူကို မြတ်စွာဘုရားသခင် ချီးမွမ်းတော်မူခြင်း ဖြစ်လေသည်။

ထိုသို့ ချီးမွမ်းတော်မူသော ဗုဒ္ဓမြတ်စွာဘုရားသခင်၏ ဒေသနာတော်မြတ်ကို သာကေပြု၍ ဝိပဿနာတရားအလုပ်ကို မနားမနေ ကြိုးစား အားထုတ်ကုန်ရာ၏။

**သမထအမျိုးမျိုး (ကမ္မဋ္ဌာန်း ၄၀)** ကမ္မဋ္ဌာန်းဟူသည် သမထ ဘာဝနာကာ၊ ဝိပဿနာကာနှစ်ပါးတို့၏ဖြစ်ရာဖြစ်ကြောင်း ဖြစ်သောကြောင့် ကသိဏ်း၊ ပညတ် စသော တေဘုမ္မက သင်္ခါရတရားတို့ကို ခေါ်ဆိုပါသည်။

သမထ(စိတ်တည်ငြိမ်မှု)ကို ပေါက်မြောက်အောင်မြင်ရန် အလို့ငှာ ကမ္မဋ္ဌာန်း (စိတ်အာရုံ စူးစိုက်ရာဌာနများ)လေးဆယ်အနက် တစ်ပါးပါးကို စူးစိုက် အားထုတ်ရပေသည်။ ထိုကမ္မဋ္ဌာန်းလေးဆယ်ကို ပါဠိမြန်မာတွဲဖက်၍ ရှင်းလင်း ဖော်ပြသွားပါမည်။

(၁) ကသိုဏ်း ၁၀-ပါး

၁။ ပထဝီကသိဏ-ပထဝီ(မြေ)ကသိုဏ်း၊
၂။ အာပေါကသိဏ-အာပေါ(ရေ)ကသိုဏ်း၊
၃။ တေဇောကသိဏ-တေဇော(မီး)ကသိုဏ်း၊
၄။ ဝါယောကသိဏ(လေ)ကသိုဏ်း၊
၅။ နီလကသိဏ-နီလ (အညိုရောင်) ကသိုဏ်း၊
၆။ ပီတကသိဏ-ပီတ (အဝါရောင်)ကသိုဏ်း၊
၇။ လောဟိတကသိဏ-လောဟိတ (အနီရောင်)ကသိုဏ်း၊
၈။ ဩဒါတကသိဏ-ဩဒါတ (အဖြူရောင်)ကသိုဏ်း၊
၉။ အာကာသကသိဏ-အာကာသ(ကောင်းကင်)ကသိုဏ်း၊
၁၀။ အာလောကကသိဏ-အာလောက (အလင်းရောင်)ကသိုဏ်း၊

(၂) အသုဘ ၁၀-ပါး

၁။ ဥဒ္ဓုမာတက - ဖူးဖူးရောင်သော လူသေကောင်
၂။ ဝိနီလက - အညို, အနီ စသည် ရောယှက်လျက် အရောင်အဆင်းပျက်နေသော လူသေကောင်
၃။ ဝိပုဗ္ဗက - ပုပ်ရိပြီး သွေးပြည်တို့ဖြင့် ကွဲအက်နေသော ယိုကျနေသော လူသေကောင်
၄။ ဝိစ္ဆိဒ္ဒက - အရေပြားများ အပိုင်းပိုင်း ကွဲအက်နေ သော လူသေကောင်
၅။ ဝိက္ခာယိတက - ခွေး၊ ကျီး၊ လင်းတစသည်တို့ ထိုးဆွကိုက်ခဲ၍ မွမွကြေနေသော လူသေကောင်
၆။ ဝိက္ခိတ္တက - ခြေ တခြား၊ လက် တခြား၊ ခေါင်း၊ ကိုယ် စသည်တို့ကို ကစဉ့်ကလျား ပစ်လွှင့်ထားအပ်သော လူသေကောင်
၇။ ဟတဝိက္ခိတ္တက - ခြေ၊ လက်၊ ကိုယ်၊ ခေါင်း စသည်တို့ တခြားစီ ဖြတ်လျက် ဓားရာချင်း ယှက်နေအောင် မွှန်း၍ တကွဲတခြား ပစ်လွှင့်ထားအပ်သော လူသေကောင်

၈။ လောဟိတက - ထိုမှဤမှ သွေးယိုထွက်၍ အနံ့အပြား သွေးလိမ်းကျံနေသော လူသေကောင်

၉။ ပုဠုဝက - ပိုးလောက်များ ကျိကျိတက် ပြည့်နေသော လူသေကောင်

၁၀။ အဋ္ဌိက - အရိုးစုသာ ကြွင်းကျန်သော လူသေကောင်တို့ ဖြစ်ပါသည်။

(၃) အနုဿတိ ၁၀-ပါး

၁။ ဗုဒ္ဓါနုဿတိ - အရဟတာ အစရှိသော မြတ်စွာဘုရား၏ဂုဏ်တော်ကိုးပါးကို အဖန်တလဲလဲ အောက်မေ့ခြင်း

၂။ ဓမ္မာနုဿတိ - သွာက္ခာတတာ အစရှိသော တရားတော်၏ ဂုဏ်တော် ခြောက်ပါးကို အဖန်တလဲလဲ အောက်မေ့ခြင်း

၃။ သံဃာနုဿတိ - သုပ္ပဋိပန္နတာ အစရှိသော သံဃာတော်၏ ဂုဏ်တော်ကိုးပါးကို အဖန်တလဲလဲ အောက်မေ့ခြင်း

၄။ သီလာနုဿတိ - မိမိ၏သီလဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း

၅။ စာဂါနုဿတိ - မိမိ ပြုခဲ့ဖူးသည့်ဒါန အစုစုကို အဖန်တလဲလဲ အောက်မေ့ခြင်း

၆။ ဒေဝတာနုဿတိ - သဒ္ဓါ အစရှိသောဂုဏ်နှင့် ပြည့်စုံသဖြင့် နတ် ဖြစ်လေကုန်သည်။ ငါလည်း သဒ္ဓါ အစရှိသော ဂုဏ်တို့နှင့် ပြည့်စုံ၏ဟု နတ်တို့ကို သက်သေထား၍ အဖန်တလဲလဲ အောက်မေ့ခြင်း

၇။ ဥပသမာနုဿတိ – နိဗ္ဗာန်၏ဂုဏ်ကျေးဇူးကို အဖန် တလဲလဲ အောက်မေ့ခြင်း

၈။ မရဏာနုဿတိ – သေခြင်းကို အဖန်တလဲလဲ အောက်မေ့ခြင်း

၉။ ကာယဂတာသတိ – ဆံပင်၊ အမွေး၊ လက်သည်း ခြေသည်း စသည့် ၃၂–ပါးသော ကောဋ္ဌာသကို အောက်မေ့ခြင်း

၁၀။ အာနာပါနဿတိ – နှာခေါင်းမှ ထွက်သက်, ဝင်သက်ကို အောက်မေ့ခြင်း တို့ ဖြစ်ပါသည်၊

(၄) ဗြဟ္မဝိဟာရ ဗြဟ္မစိုရ် ၄–ပါး

၁။ မေတ္တာ – ချစ်ခြင်းဖြင့် သတ္တဝါ ပညတ်အပေါ် ပွားများ စူးစိုက်ခြင်း

၂။ ကရုဏာ – သနားကြင်နာစိတ်ဖြင့် သတ္တဝါတို့ အပေါ် ပွားများစူးစိုက်ခြင်း

၃။ မုဒိတာ – သူတစ်ပါးတို့ ကြီးပွားချမ်းသာခြင်း၌ ဝမ်းမြောက်သော စိတ်ဖြင့် သူတစ်ပါးတို့ အပေါ်(ဝါ) သတ္တဝါတို့အပေါ် ပွားများ စူးစိုက်ခြင်း

၄။ ဥပေက္ခာ – မုန်းခြင်း၊ ချစ်ခြင်း မထားသောစိတ်ဖြင့် သတ္တဝါတို့အပေါ် ပွားများစူးစိုက်ခြင်း တို့ ဖြစ်ပါသည်။

(၅) သညာတစ်ပါး

၁။ အာဟာရေ ပဋိကူလသညာ – စားသောက်သော အာဟာရ တို့ အပေါ် စက်ဆုပ်ဖွယ်အနေ ထင်မြင်အောင် စူးစိုက်ရှုပွားခြင်း ဖြစ်၏။

**(၆) စတုဓာတုဝဝတ္ထာန် တစ်ပါး**

၁။ စတုဓာတုဝဝတ္ထာန – မိမိခန္ဓာကိုယ်ကို ရေ၊ မြေ၊ လေ၊ မီးဟူသော မဟာဘုတ်ကြီးလေးပါး အနေ ထင်မြင်အောင် ရှုစိုက်ရှုပွားခြင်း ဖြစ်၏။

**(၇) အာရုပ္ပ (အပ္ပမညာ) လေးပါး**

၁။ အာကာသာနဉ္စာယတန – အစအဆုံးမရှိ အနန္တ ကောင်းကင်ပညတ်ကို ရှုစိုက်ခြင်း

၂။ ဝိညာနဉ္စာယတန – အစအဆုံးမရှိ အနန္တ ဝိညာဏ ပညတ်ကို ရှုစိုက်ခြင်း

၃။ အာကိဉ္စညာယတန – ဘာမျှမရှိခြင်းသဘော နတ္ထိဘော ပညတ်ကို ရှုစိုက်ခြင်း

၄။ နေဝသညာနာသညာယတန – သညာရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်သော ပညတ်၌ ရှုစိုက်ခြင်းတို့ ဖြစ်ပါသည်။

**သမထနှင့် ဝိပဿနာ ၂–ပါးသာလျှင် အားကိုးဖွယ်**

သမထကို သော်လည်းကောင်း၊ ဝိပဿနာကိုသော်လည်းကောင်း၊ ပွားများ အားထုတ်ခြင်း မရှိဘဲ နေပါက နီဝရဏတရားတို့၏ ဖုံးအုပ်ကာကွယ်သော ဘေးအန္တရာယ်အယှက်တို့မှ မလွတ်ကင်းနိုင်။ စိတ်ကို မထိန်းသိမ်းဘဲ လွှတ်ထားပါက စိတ်သည် ကာမစ္ဆန္ဒ စသော နီဝရဏတရားဘက်၌သာ မွေ့လျော်ကျက်စားလေ့ ရှိ၏။ ထို့ကြောင့် ဓမ္မပဒပါဠိတော်၊ ပါပဝဂ်၌–

"ပါပသ္မိံ ရမတိ မနော (စိတ်သည် မကောင်းမှု၌ မွေ့လျော်၏)"ဟူ၍ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့လေသည်။

ဤသို့ စိတ်ကို လွှတ်၍မထားဘဲ သမထနည်းဖြင့် ဖြစ်စေ၊ ဝိပဿနာနည်းဖြင့်ဖြစ်စေ ထိန်းသိမ်းထားရပေမည်။ သေခါနီး၌ စိတ်ကို ပြောင်းနိုင်ရန် သေခါနီးကျမှ ကျင့်၍မရ၊ အချိန်လည်း မရှိတော့။ ရောဂါဝေဒနာ အပြင်းဖိစီး၍

သေခါနီးတွင် အကုသိုလ်စိတ် ပေါ်လာပါက အခြားကုသိုလ်စိတ်သို့ ပြောင်းလဲနိုင်ရန် ယခု ကျန်းမာစဉ်အခါက သမထလုပ်ငန်းနှင့် ဝိပဿနာလုပ်ငန်းတို့ကို ကျင့်ထားပါမှ ထိုသေခါနီးအချိန်တွင် မိမိစိတ်ကို မိမိနိုင်၍ အကုသိုလ်စိတ်မှ ကုသိုလ်စိတ်သို့ ပြောင်းနိုင်လေသည်။ သမထလုပ်ငန်းနှင့် ဝိပဿနာလုပ်ငန်းတို့ကို အာသေဝနပစ္စည်း ရအောင် ကြိမ်ဖန် များစွာ ထုံထားသူ၊ လေ့ကျင့်ထားသူသည် ယခု ချက်ချင်းပင်လျှင် မိမိစိတ်ကို လိုရာအာရုံသို့ ပြောင်းရွှေ့ယူနိုင်လေသည်။

ထိုကဲ့သို့ မိမိစိတ်ကို နိုင်နင်းနေသူဖြစ်ထားမှ သေခါနီးတွင် အကုသိုလ်စိတ်မှ ကုသိုလ်စိတ်သို့ လွယ်ကူစွာ ရွှေ့ပြောင်းထားနိုင်ပေမည်။ ထို့ကြောင့် သေခါနီး အချိန်တွင် အလွန်အရေးကြီးရကား လားရာဂတိ ကောင်းစိမ့်သောငှာ သမထ လုပ်ငန်းနှင့် ဝိပဿနာလုပ်ငန်းများကို ယခုကစ၍ လေ့ကျင့်ထားရပေမည်။

သမထလုပ်ငန်းဖြစ်စေ၊ ဝိပဿနာလုပ်ငန်းဖြစ်စေ လေ့ကျင့်နိုင်နင်းထား သူသည် သေခါနီး၌သာ အသုံးဝင်သည် မဟုတ်။ ယခုလောလောဆယ်၌လည်း အကုသိုလ်စိတ် ဖြစ်ပေါ်နေစဉ် သတိရလျှင် ချက်ချင်း ကုသိုလ်စိတ်ဘက်သို့ ပြောင်းနိုင်သဖြင့် မသေမီအတွင်းမှာလည်း များစွာအကျိုးရှိလေသည်။

အထက်ပါအကြောင်းခြင်းရာတို့ကို ထောက်ဆ၍ လူတို့သည် သေခါနီး အချိန်တွင် စိတ်ထား၊ မထားတတ်နိုင်ရကား သေသည်၏ အခြားမဲ့၌ သစ်ပင်မှ သစ်ရွက်ငယ်သည် လေတိုက်သောအခါ လေတွင် ပါရှိသွားပြီးလျှင် ကျချင်သည့်နေရာ ၌ ကျရဘိသကဲ့သို့ မဖြစ်စေရန် မိမိ လားရာဂတိကို ကောင်းစွာ အလိုရှိသောသူ သည် သမထလုပ်ငန်းနှင့် ဝိပဿနာလုပ်ငန်းမှတစ်ပါး အခြားကိုးကွယ်ရာ မရှိ တော့ချေ။ ။

## အခန်း(၇)

# ကမ္မဋ္ဌာန်းအားမထုတ်ခင် လိုအပ်ချက်များ

**ပလိဗောဓ** ပလိဗောဓဆိုသည်မှာ ကမ္မဋ္ဌာန်း ဝိပဿနာကို အားထုတ်ဆဲအခါ ဖြစ်ပေါ်လာတတ်သော ပူပန်စရာ စိုးရိမ်စရာ ကြောင့်ကြစရာ (အနှောင်အဖွဲ့) မျိုးကိုဆို၏။ ထိုပူပန် စိုးရိမ်ကြောင့်ကြစရာဖြစ်သော ပလိဗောဓကို ကမ္မဋ္ဌာန်း ဝိပဿနာ အားထုတ်ရာ၌ ဝင်ရောက်နှောင့်ယှက်ခြင်း မရှိစေခြင်းငှာ ရှေးဦးစွာ ပယ်ရှင်း၍ ကင်းပြတ်အောင် ပြုလုပ်ထားရမည်ဟု ဆိုလိုသည်။

**ပလိဗောဓကြီး ၁၀-ပါး** ဤပူပန်စိုးရိမ်ကြောင့်ကြစရာဖြစ်သော ပလိဗောဓကြီးသည် ဆယ်ပါး အပြား ရှိ၏။ ထိုဆယ်ပါးတို့မှာ အောက်ပါတို့ ဖြစ်၏—

၁။ အာဝါသပလိဗောဓ - ကျောင်းနေရာ အရိပ်အာဝါသအတွက် ဆောင်ရွက်ရန် မပြီးစီးသဖြင့် ကြွင်းကျန်နေ၍ ပူပန်စိုးရိမ်ကြောင့်ကြနေရခြင်း၊

၂။ ကုလပလိဗောဓ - အလုပ်အကျွေး အစေအပါး ဒါယကာ ဒါယိကာမအတွက် စိတ်လက်မချ၊ သောက မကင်း၍ ကြောင့်ကြနေရခြင်း၊

၃။ လာဘပလိဗောဓ - ရရှိပြီးသော ပစ္စည်းဥစ္စာ၊ ရလတ္တံ့သော ပစ္စည်းဥစ္စာတို့အတွက် ငဲ့ကွက်၍ ကြောင့်ကြနေရခြင်း၊

၄။ ဂဏပလိဗောဓ — နှစ်သက်ချစ်ခင် မေတ္တာဝင်၍ အကျွမ်းဝင်သော မိတ်သင်္ဂဟဖြစ်သဖြင့် အတူတကွ စားသောက်နေထိုင် လုပ်ကိုင်သွားလာဖူးသော သီတင်းသုံးဘော်စသော အပေါင်းအသင်း(ဂိုဏ်း)များအတွက် ငဲ့ကွက် ကြောင့်ကြနေရခြင်း၊

၅။ ကမ္မပလိဗောဓ — ထိုထိုဝေယျာဝစ္စ အမှုငယ်, အမှုသစ် လုပ်စရာကိုင်စရာတို့အတွက် ဝိတက် ရှုပ်ထွေး စိတ်မအေးသဖြင့် တရေးရေး ကြံစည်တွေးဆ၍ ကြောင့်ကြနေရခြင်း၊

၆။ အဒ္ဓါနပလိဗောဓ — အဝေးအနီး ကိစ္စကြီးငယ် အသွယ်သွယ်ကြောင့် မဖြောင့်စိတ်ထား လမ်းခရီးများ သွားလာရန် မကင်းရှင်းသဖြင့် ကြောင့်ကြနေရခြင်း၊

၇။ ဉာတိပလိဗောဓ — ဆရာတပည့် မိဘအိုးဘွား ညီရင်းအစ်ကို မောင်နှမသားချင်း စသော ဆွေမျိုးများအတွက် စိတ်လက်မအေးဘဲ တွေးတောကြံဆ၍ ကြောင့်ကြနေရခြင်း၊

၈။ အာဗာဓပလိဗောဓ — အနာရောဂါ ဝေဒနာတစ်ခုခု စွဲကပ်နေမှုကြောင့် နေထိုင် စားသောက် မကောင်းခြင်း စသည်များအတွက် စိတ်လက်ညှိုးနွမ်း မချမ်းမသာဖြစ်၍ ကြောင့်ကြနေရခြင်း၊

၉။ ဂန္ထပလိဗောဓ — စာပေကျမ်းဂန်ကို သင်အံပို့ချခြင်း၊ ရေးသား ပြုစုခြင်း၊ ဟောပြောသင်ကြားနေခြင်း၊ ဘုရားပုထိုး ရှိခိုးခြင်း၊ ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊

စာပေး စာယူ ပြုလုပ်ခြင်း စသည်များ အတွက် ငဲ့ကွက် ကြောင့်ကြနေရခြင်း၊

၁၀။ ဉာတိပလိဗောဓ – ပုထုဇဉ်ပုဂ္ဂိုလ်တို့၌ ရရှိထားသော ဈာန်အဘိညာဉ်တို့ဖြင့် မိုးပျံမြေလျှိုး အမျိုးမျိုး ဖန်ဆင်းခြင်းစသော တန်ခိုး ဉာတိပါဒ်အတွက် ငဲ့ကွက်ကြောင့်ကြ နေရခြင်း၊

ထိုပလိဗောဓကြီး ၁၀–ပါး၏အဓိပ္ပာယ်ကို အသေးစိတ်သိနိုင်ရန် အလို့ငှာ ထပ်ဆင့်၍ ရှင်းလင်းပါဦးမည်။

(၁) **အာဝါသပလိဗောဓ** ကျောင်းသည်ပင်လျှင် အာဝါသပလိဗောဓ မည်၏ ဟူသော စကားရပ်၌ တိုက်ခန်းတစ်ခုကိုဖြစ်စေ၊ ပရိဝုဏ်တစ်ခုကို ဖြစ်စေ၊ အလုံးစုံသော သံဃာ့အာရာမ်ကို ဖြစ်စေ ကျောင်းဟု ဆိုအပ်ပေသည်။ ထိုကျောင်းသည် အလုံးစုံသော ယောဂီအားပင် ပလိဗောဓဖြစ်သည် မဟုတ်ပေ။ ဤကျောင်းတွင် ကျောင်းပြင်ခြင်း စသော အမှုကိစ္စတို့၌ ကြောင့်ကြ စိုက်သောသူ၊ သပိတ်, သင်္ကန်းစသော များစွာသော ပစ္စည်းတို့ကို သိုမှီးသိမ်းဆည်း ထားသောသူ၊ အရိပ်အာဝါသ ရေတို့နှင့် ပြည့်စုံခြင်း, ဆွမ်း ရလွယ်ခြင်း ဤသို့ အစရှိသော အကြောင်းကြောင့် ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ တွယ်တာသောစိတ်ရှိသူ တို့အားသာလျှင် ပလိဗောဓ ဖြစ်၏။ ဤမှအခြား တစ်ပါးသောသူအား ပလိဗောဓ မဖြစ်ပေ။

## အနုရာဓမြို့သား နှစ်ဦးအကြောင်း

အနုရာဓမြို့သား နှစ်ဦးသည် ထူပါရုံကျောင်း၌ ရဟန်းပြုကြကုန်၏။ ထိုရဟန်းနှစ်ပါး တို့တွင် တစ်ပါးသည် ဒွေမာတိကာကို နှုတ်တက်ရအောင် ပြု၍ ရဟန်း၅–ဝါ ရသောအခါ ပဝါရဏာပြုပြီးလျှင် ပါစိနခဏ္ဍရာဇိ [၁] မည်သောအရပ်သို့ ကြွသွားလေ၏။ တစ်ပါးကမူ ထိုထူပါရုံကျောင်း၌ပင် သီတင်းသုံးနေ၏။ ပါစိန ခဏ္ဍရာဇိ အရပ်သို့ ကြွသွားသောရဟန်းသည် ထိုအရပ်၌ ကြာမြင့်စွာနေပြီးနောက် ဆယ်ဝါပြည့်မြောက် ထေရ်အဖြစ်သို့ ရောက်သောအခါ "ဤအရပ်သည် တစ်ကိုယ်

---

၁။ ပါစိန=အရှေ့အရပ်=အရှေ့ဘက်+ခဏ္ဍ=အပြတ်+ရာဇိ= အရေးအကြောင်း၊ အတန်း၊ ပါစိနခဏ္ဍရာဇိ=အရှေ့ဘက်တောင်တန်းအပြတ်၊ ဝါ–တောင်တန်းပြတ်

တည်း ကိန်းအောင်းဖို့ရာ သင့်လျော်၏။ ယခုထူပါရုံကျောင်း၌ ကျန်ရစ်ခဲ့သော မိတ်ဆွေ ရဟန်းအား ထိုပါစိနခဏ္ဍရာဇိ အရပ်အကြောင်းကို ပြောကြားအံ့”ဟု ကြံစည်၏။ ထိုသို့ ကြံစည်ပြီးနောက် ထိုအရပ်မှထွက်ခဲ့ရာ ထူပါရုံကျောင်းသို့ ဝင်လေ၏။ ဝင်လာစဉ်ပင်လျှင် မိတ်ဆွေရဟန်းသည် ခရီးဦးကြိုဆို၍ သပိတ် သင်္ကန်းကို ယူကာ ဝတ်ပြု၏။ ပါစိနခဏ္ဍရာဇိအရပ်နေ မထေရ်သည် ကျောင်းသို့ ဝင်ပြီးနောက် “ငါ၏အဆွေ ရဟန်းသည် ထောပတ်ကိုဖြစ်စေ၊ တင်လဲဖြစ်စေ၊ အဖျော်ကိုဖြစ်စေ ငါ၏အထံသို့ အပို့လွှတ်လိမ့်မည်။ ပို့နိုင်စရာအကြောင်းလည်း ရှိပေသည်။ အဘယ့်ကြောင့်ဆိုသော် ဤအဆွေရဟန်းသည် ဤမြို့၌ အနေကြာ ပေပြီ”ဟု ကြံတွေး မျှော်လင့်၏။ ထိုပါစိနခဏ္ဍရာဇိ အရပ်နေ မထေရ်သည် ညဥ့် အခါ၌ မျှော်လင့်နေသော်လည်း မျှော်လင့်သည့်အတိုင်း တစ်ခုမှ ပေါ်မလာပေ။

တစ်ဖန် နံနက်အခါ၌ “အလုပ်အကျွေး ဒါယကာတို့ ယူလာသော ယာဂု ခဲဖွယ်ကို ယခုအပို့လွှတ်ပေလိမ့်မည်”ဟု ကြံတွေးမျှော်လင့်ပြန်၏။ ထိုမျှော်လင့်ထား သော ယာဂုခဲဖွယ်သည်လည်း ပေါ်မလာပေ။ ထို့နောက် “ပို့သူ ဒါယကာများ မရှိကြပေ။ ရွာထဲသို့ ဆွမ်းခံဝင်သောအခါ လှူကြလိမ့်မည်”ဟု ကြံတွေးလျက် နံနက်စောစော၌ပင် ထိုထူပါရုံနေ ရဟန်းနှင့်အတူ ရွာတွင်းသို့ ဆွမ်းခံကြွလေ၏။ ထိုရဟန်းနှစ်ပါးတို့သည် ဆွမ်းခံသည်ရှိသော် တစ်ခွက်မျှသော ယာဂုကို ရ၍ ဆွမ်းစားဇရပ်၌ ထိုင်ပြီးလျှင် ဘုဉ်းပေးသုံးဆောင်ကြ၏။ ဆွမ်း ဘုဉ်းပေးပြီးနောက် ပါစိနခဏ္ဍရာဇိအရပ်နေ ရဟန်းက “အရှင်ဘုရား–အခါခပ်သိမ်း ဤသို့ပင် မျှတ နေပါသလော”ဟု ထူပါရုံရဟန်းကို မေးမြန်းလေသည်။ ထူပါရုံနေ ရဟန်းက “ဟုတ်ပေ၏ ငါ့ရှင်”ဟုပြန်ဖြေ၏။ ထို့နောက် ပါစိနခဏ္ဍရာဇိအရပ်နေ ရဟန်းက “အရှင်ဘုရား၊ ပါစိနခဏ္ဍရာဇိ အရပ်သည် နေချင်စရာ ကောင်းပါ၏။ ချမ်းသာပါ၏။ ထိုအရပ်သို့ သွားကြကုန်အံ့”ဟု ထူပါရုံနေ ရဟန်းအား လျှောက်ထား၏။

ထိုအခါ ထူပါရုံနေ ရဟန်းသည် မြို့၏တောင်ဘက်တံခါးမှ ထွက်၍ အိုးထိန်းသည်ရွာလမ်းသို့ ကြွလေ၏။ ပါစိနခဏ္ဍရာဇိ အရပ်နေ ရဟန်းက “အရှင်ဘုရား၊ ဤလမ်းသို့ အဘယ်ကြောင့် ကြွပါသနည်း”ဟု ထူပါရုံရဟန်းအား မေး၏။ ထူပါရုံရဟန်းက “ငါ့ရှင်၊ သင်သည် ပါစိနခဏ္ဍရာဇိအရပ်၏ ပျော်မွေ့ဖွယ်ရာ အကြောင်းကို ပြောဆိုသည် မဟုတ်ပါလော”ဟု ဖြေကြား၏။ ပါစိနခဏ္ဍရာဇိ အရပ်နေ ရဟန်းက “အရှင်ဘုရား–အရှင်ဘုရားတို့အား ဤမျှလောက်ကာလပတ်လုံး ကျောင်း၌ တစ်စုံတစ်ခုသော အပိုပရိက္ခရာ မရှိပါသလော”ဟု မေး၏။ ထူပါရုံ

နေရဟန်းက "မရှိပါ ငါ့ရှင်၊ ညောင်စောင်းနှင့် အင်းပျဉ်သည် သံဃိကသာ ဖြစ်၏။ အခြားပစ္စည်းလည်း တစ်စုံတစ်ရာမျှ မရှိပါ"ဟု လျှောက်၏။ ပါစိန ခဏ္ဍာရာဇိ အရပ်နေ ရဟန်းက "အရှင်ဘုရား၊ တပည့်တော်မှာမူ တောင်ဝှေး၊ ဆီကျည်တောက်, ဖိနပ်အိတ်တို့သည် ထိုထူပါရုံကျောင်း၌ပင် ကျန်ရှိသေး၏"ဟု လျှောက်ထား၏။ ထူပါရုံနေ ရဟန်းက အံ့အားသင့်လျက် "ငါ့ရှင်၊ သင်သည် တစ်နေ့တာမျှနေ၍ ဤမျှများပြားသော ပရိက္ခရာတို့ကို ထားခဲ့ပေသကိုး"ဟု ပြောကြား၏။ ပါစိနခဏ္ဍာရာဇိ အရပ်နေ ရဟန်းက "မှန်ပါသည်ဘုရား"ဟု ဝန်ခံ ပြောဆိုလေ၏။ ထိုပါစိနခဏ္ဍာရာဇိ အရပ်နေ ရဟန်းသည် ကြည်ညိုသော စိတ် ရှိသည်ဖြစ်၍ ထူပါရုံနေ ရဟန်းကို ရှိခိုး၏။ ထူပါရုံကျောင်းနေ ရဟန်းသည် သပိတ်, သင်္ကန်းကို ယူပြီးလျှင် တစ်ပါတည်း ပါစိနခဏ္ဍာရာဇိ အရပ်သို့ ကြွသွား လေ၏၊ ဤကဲ့သို့ ထူပါရုံကျောင်းနေ ရဟန်းအား ကျောင်းသည် ပလိဗောဓ မဖြစ်ပေ။

**(၂) ကုလပလိဗောဓ** ဆွေမျိုးဒါယကာကိုဖြစ်စေ, အလုပ်အကျွေး ဒါယကာကို ဖြစ်စေ"ကုလ" (ဒါယကာ)ဟု ဆိုအပ်ပေသည်။ မှန်ပေ၏။ "ဒါယကာတို့ ချမ်းသာသည်ရှိသော် မိမိလည်း ချမ်းသာ၏"အစရှိသောနည်းဖြင့် ဒါယကာတို့နှင့် ချစ်ကျွမ်းဝင်ပြီး ရောယှက်လျက် နေသော အချို့ရဟန်းအား အလုပ်အကျွေး ဒါယကာသော်လည်း ပလိဗောဓ ဖြစ်၏။ ထိုသို့သော ရဟန်းသည် အလုပ်အကျွေး ဒါယကာတို့နှင့် ကင်း၍ အနီးအပါးရှိ ကျောင်းသို့သော်လည်း တရားနာရန်ပင် မသွားနိုင်ပေ။ အချို့သောရဟန်းအားမူ အမိအဘတို့သော်လည်း ပလိဗောဓ မဖြစ်ကြပေ။

## ကောရဏ္ဍကကျောင်းနေ မထေရ်၏တူ ပဋ္ဌင်းငယ်အကြောင်း

ကောရဏ္ဍကကျောင်း၌ သီတင်းသုံးသော မထေရ်၏တူ ပဋ္ဌင်းငယ်သည် ပါဠိသင်ရန်အလို့ငှာ ရောဟဏဇနပုဒ်သို့ကြွသွားလေ၏။ ကောရဏ္ဍကကျောင်းနေ မထေရ်၏နှမ ဥပါသိကာမသည်လည်း သားဖြစ်သူ ပဋ္ဌင်းငယ်၏အကြောင်းကို အမြဲတစေ မေးလျှောက်၏။ တစ်နေ့သ၌ ကောရဏ္ဍက ကျောင်းနေ မထေရ်သည် ပဋ္ဌင်းငယ်ကို ခေါ်မည်ဟု ကြံစည်၍ ရောဟဏဇနပုဒ်သို့ ကြွတော်မူ၏။ ပဋ္ဌင်းငယ်သည်လည်း"ငါသည် ဤအရပ်၌ နေခဲ့သည်မှာ ကြာညောင်းခဲ့လေပြီ။ ယခုအခါ ဥပဇ္ဈာယ်ဆရာကို ကန်တော့၍ မိခင်၏အကြောင်းကို သိပြီးလျှင် ပြန်လာအံ့"ဟု ကြံစည်၍ ရောဟဏဇနပုဒ်မှ ထွက်ခွာခဲ့၏။ ထိုတူဝရီးနှစ်ပါး

လုံးသည် ဂင်္ဂါမြစ်ကမ်း၌ တွေ့ဆုံမိကြလေ၏။ ပဋ္ဌင်းငယ်သည် တစ်ခုသော သစ်ပင်ရင်း၌ မထေရ်အား ဝတ်ပြု၏။ "အဘယ်အရပ်သို့ သွားမည်နည်း"ဟု မထေရ်က မေးသော် မိမိ လာခဲ့ခြင်းအကြောင်းကို လျှောက်ထားလေ၏။ မထေရ်က "သင်သည် မိမိ ရပ်ရွာသို့ပြန်လာခြင်းကား ကောင်းပါပေသည်။ သင်၏မယ်တော်လည်း သင့်အကြောင်းကို ငါ့အား ခဏခဏ မေးလေ့ ရှိ၏။ ငါသည်လည်း သင့်ကို ခေါ်ရန် လာခဲ့သည်။ သင် သွားပေတော့။ ငါကား ဤအရပ်၌ပင် ဝါကပ်တော့အံ့"ဟု မိန့်ကြား၍ ပဋ္ဌင်းငယ်ကို လွှတ်လိုက်လေ၏။ ပဋ္ဌင်းငယ်သည် ဝါကပ်သောနေ့၌ပင်လျှင် ထိုကောရဏ္ဍကကျောင်းသို့ ရောက်လေ၏။ ထိုကျောင်းသည်လည်း ပဋ္ဌင်းငယ်၏ဖခင် လှူဒါန်းထားသော ကျောင်းဖြစ်သည်။ ပဋ္ဌင်းငယ်သည် ထိုကျောင်း၌ပင် ဝါကပ်ရတော့၏။

ထိုအခါ ပဋ္ဌင်းငယ်၏ဖခင်သည် နောက်တစ်နေ့၌ ကျောင်းသို့လာ၍ "အရှင်ဘုရား၊ တပည့်တော်တို့၏ကျောင်း၌ ဝါကပ်သော ရဟန်းအား ဝတ်ရှိပါသည်"ဟု လျှောက်ထား၏။ ပဋ္ဌင်းငယ်က "အဘယ်ဝတ်နည်း ဒါယကာ"ဟု မေးလတ်သော်"ဝါတွင်းသုံးလပတ်လုံး တပည့်တော်တို့၏အိမ်၌သာလျှင် ဆွမ်းခံ၍ ပဝါရဏာပြုပြီးနောက် ပြန်ကြွသောအခါ၌ တပည့်တော်တို့အား ပြောကြားရပါမည်ဘုရား"ဟု လျှောက်ထား၏။ ပဋ္ဌင်းငယ်သည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံလိုက်၏။

ပဋ္ဌင်းငယ်၏ဖခင်သည် အိမ်သို့ပြန်သွား၍ "ငါတို့၏ကျောင်း၌ အာဂန္တု အရှင်မြတ်တစ်ပါး ကြွရောက်နေပေပြီ။ ရိုရိုသေသေ လုပ်ကျွေးပြုစုရမည်"ဟု သူ၏ဇနီးအား ပြောလေ၏။ ဇနီးသည်ကလည်း "ကောင်းပါပြီ"ဟု ဝန်ခံ၍ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို စီမံလေ၏။ ပဋ္ဌင်းငယ်သည်လည်း ဆွမ်းစားချိန်၌ ဆွေမျိုး(မိဘ)အိမ်သို့ ကြွ၏။ သို့ရာတွင် ပဋ္ဌင်းငယ်ကို တစ်စုံတစ်ယောက်မျှ မမှတ်မိကြချေ။ ပဋ္ဌင်းငယ်သည် ဝါတွင်း သုံးလပတ်လုံး မိခင်ဖခင်တို့၏အိမ်၌ပင် ဆွမ်းဘုဉ်းပေး၍ ဝါကျွတ်လတ်သော်"ဦးပဋ္ဌင်း သွားတော့မည်"ဟု ပန်ကြားလေ၏။

ထိုအခါ၌ ပဋ္ဌင်းငယ်အား ဆွေမျိုး(မိဘ)တို့က"အရှင်ဘုရား မနက်ဖြန်မှ ကြွပါဘုရား"ဟု လျှောက်ထားကြပြီးလျှင် နောက်တစ်နေ့ အိမ်မှာပင် ဆွမ်းကပ်လျက် ဆီကျည်တောက်ကို ဆီအပြည့် ထည့်ပေးပြီးလျှင် တင်လဲတစ်ခဲနှင့် ကိုးတောင်ရှိသော အဝတ်စကို လှူ၍ "အရှင်ဘုရား–ကြွနိုင်ပါပြီ ဘုရား"ဟု လျှောက်ထားကြ၏။

ပဍ္ဍင်းငယ်သည် အနမောဒနာတရား ဟောကြားပြီးလျှင် ရောဟဏဇနပုဒ်သို့ ပြန်ကြွသွားလေ၏။

ပဍ္ဍင်းငယ်၏ဦးရီးတော် ဥပဇ္ဈာယ်ဆရာသည်လည်း ပဝါရဏာပြုပြီး၍ ကောရဏ္ဍကကျောင်းသို့ ပြန်လာခဲ့သော် ရေးကတွေ့ဆုံခဲ့သောဂင်္ဂါမြစ်ကမ်း၌ပင် ထိုပဍ္ဍင်းငယ်ကို တွေ့ပြန်၏။ ပဍ္ဍင်းငယ်သည် မထေရ်အား တစ်ခုသောသစ်ပင်ရင်း၌ ဝတ်ပြု၏။ ထိုအခါ ပဍ္ဍင်းငယ်ကို"ငါ့ရှင်–သင်သည် မယ်တော်ကို တွေ့ခဲ့ပြီလော"ဟု မထေရ်က မေးလေ၏။ ပဍ္ဍင်းငယ်သည် "တွေ့ခဲ့ပါသည် အရှင်ဘုရား"ဟု အကြောင်းစုံကို လျှောက်ထားလေ၏။ အမိအဘအိမ်မှ လှူဒါန်းလိုက်သောဆီဖြင့် မထေရ်၏ခြေရာတို့ကို ပွတ်လိမ်း၍ တင်လဲခဲဖြင့် အဖျော်ပြုလုပ်ကာ ကပ်ပြီးလျှင် အဝတ်စကိုလည်း မထေရ်အားပင် လှူလိုက်၏။ ထို့နောက် မထေရ်ကို ရှိခိုး၍ "အရှင်ဘုရား၊ တပည့်တော်အား ရောဟဏဇနပုဒ်သည်သာလျှင် သင့်လျော် လျောက်ပတ်ပါသည် ဘုရား"ဟု လျှောက်ထား၍ ကြွသွားလေ၏။

မထေရ်သည်လည်း နောက်တစ်နေ့ ကောရဏ္ဍကရွာသို့ ရောက်လေ၏။ ပဍ္ဍင်းငယ်၏မိခင်သည်လည်း "ငါ၏အစ်ကို မထေရ်သည် ငါ့သားကို ခေါ်၍ ယခုလာလိမ့်မည်"ဟု အမြဲမပြတ် လမ်းကို မျှော်ကြည့်လျက်နေ၏။ ထိုပဍ္ဍင်းငယ်၏ မိခင်သည် တစ်ပါးတည်းသာလျှင် ကြွလာသော မထေရ်ကို မြင်လတ်သော် "ငါ၏သားဟာ သေပြီနဲ့တူတယ်။ မထေရ်တစ်ပါးတည်းသာ ကြွတော်မူလာတယ်" ဟု စဉ်းစားမိသဖြင့် မထေရ်၏ခြေရင်း၌ ငိုကြွေး၏၊ မထေရ်သည် "ပဍ္ဍင်းငယ်သည် အလိုနည်းပါးခြင်းကြောင့် မိမိကို မသိစေဘဲ သွားဟန်တူပေသည်"ဟု နမဖြစ်သော ပဍ္ဍင်းငယ်၏မိခင်ကို နှစ်သိမ့်စေ၍ အဖြစ်သနစ် အလုံးစုံကို ပြောကြားလျှင် သပိတ်အိတ်ထဲမှာ ထိုပဍ္ဍင်းငယ် လှူလိုက်သော အဝတ်စကို ထုတ်ပြလေ၏။

မွေးမိခင်၏အိမ်၌ ဝါတွင်းသုံးလပတ်လုံး ဆွမ်းဘုဉ်းပေး၍ နေပါသော်လည်း"ဦးပဍ္ဍင်းက ဒါယိကာမကြီး၏သား၊ ဒါယိကာမကြီးက ဦးပဍ္ဍင်း၏မယ်တော်" ဟု ဤမျှကိုသော်မှ မပြောဘဲ နေနိုင်တော်မူပါသည်။ အံ့သြဖွယ်ယောက်ျားပါတကား ဟု မထေရ်အား လျှောက်ထား၏၊ ဤပဍ္ဍင်းငယ်ကား အမိအဘတို့သော်မှလည်း ပလိဗောဓ မဖြစ်ပေ။ အခြားသောအလုပ်အကျွေးဖြစ်သော ဒါယိကာ၊ ဒါယိကာမ တို့မှုကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

**(၃) လာဘပလိဗောဓ** ပစ္စည်းလေးပါးတို့ကို လာဘ်ဟု ဆိုအပ်ပေသည်။ ထိုပစ္စည်းလေးပါးတို့သည် အဘယ်သို့လျှင် ပလိဗောဓ ဖြစ်သနည်းဟူမူ– ဘုန်းတန်ခိုးကြီးမားသော ရဟန်းအား ရောက်လေရာရာ အရပ်၌ လူတို့သည် များစွာသော ပစ္စည်းတို့ကို လှူဒါန်းကြ၏။ ထိုရဟန်းသည် လူတို့အား အနုမောဒနာတရား ဟောရသည်ဖြစ်၍ ရဟန်းတရားကို အားထုတ်ခြင်းငှာ အခွင့်မရတော့ပေ။

တစ်ဖန် မိုးမလင်းမီ နံနက်စောစော၌ပင် ပစ္စည်းများခြင်းကို လိုလားသော ပိဏ္ဍပါတ်ဓုတင်ဆောင်ရဟန်းတို့သည် ကြွလာကြသောအခါ "အရှင်ဘုရား– ဤမည်သောဥပါသကာ၊ ဥပါသိကာမ၊ အမတ်၊ အမတ်၏သမီးသည် အရှင်ဘုရားတို့ကို ဖူးမြင်လိုပါသည်"ဟု လျှောက်ကြ၏။ ထိုဘုန်းကြီးသော ရဟန်းသည် "ငါ့ရှင်–သပိတ်၊ သင်္ကန်းကို ယူခဲ့လော့"ဟု အလုပ်အကျွေး တပည့်ရဟန်းကို စေခိုင်း၍ သွားခြင်းငှာ စိမ်ရ၏။ ဤနည်းဖြင့် ဒါယကာတို့ကို ချီးမြှောက်ခြင်း၌ အမြဲကြောင့်ကြစိုက်ရ၏။ ထိုကဲ့သို့သော ရဟန်းအားသာလျှင် ပစ္စည်းလေးပါးတို့သည် ပလိဗောဓ ဖြစ်ကြပေသည်။ ထိုဘုန်းကြီးသော ရဟန်းသည် ဒါယကာ၊ ဒါယိကာမ အပေါင်းကို စွန့်ခွာ၍ မိမိကို သိသူတို့မရှိကြရာအရပ်၌ တစ်ပါးတည်း ကျင့်သင့်ပေသည်။ ဤသို့ ကျင့်သည်ရှိသော် ပလိဗောဓ ပြတ်လေတော့၏။

**(၄) ဂဏပလိဗောဓ** သုတ္တန်ဆောင်ဂိုဏ်းကိုဖြစ်စေ၊ အဘိဓမ္မာဆောင်ဂိုဏ်းကို ဖြစ်စေဂိုဏ်းဟု ဆိုအပ်ပေသည်။ ထိုဂိုဏ်းအား ပါဠိကို ဖြစ်စေ၊ အဋ္ဌကထာကိုဖြစ်စေ ပို့ချပေးရသည်ဖြစ်၍ ရဟန်းတရား အားထုတ်ခြင်း၏ အခွင့်မရသော ရဟန်းအားသာလျှင် ဂိုဏ်းသည် ပလိဗောဓ ဖြစ်ပေသည်။ ဂိုဏ်းပလိဗောဓရှိသော ထိုရဟန်းသည် ပလိဗောဓကို ဤသို့ဖြတ်အပ်ပေ၏။ အကယ်၍ ထိုသင်ယူသူ ရဟန်းသည် များစွာ သင်ယူအပ်ပြီးသည်ဖြစ်၍ အကြွင်းအကျန် နည်းသည်ဖြစ်အံ့။ ထိုအကြွင်းအကျန်ကို အပြီးသတ်၍ တောသို့ ဝင်အပ်၏။ အကယ်၍ အနည်းငယ်သာ သင်ယူရသေးသည်ဖြစ်၍ အကြွင်းအကျန်များသေးသည် ဖြစ်အံ့။ တစ်ယူဇနာထက် အလွန်မသွားဘဲ တစ်ယူဇနာ အပိုင်းအခြားအတွင်း၌ ဂိုဏ်းအား စာပေပို့ချတတ်သော အခြားရဟန်းသို့ ချဉ်းကပ်၍ "အရှင်သည် ဤရဟန်းတို့ကို ပါဠိသင်ပေးခြင်း စသည်တို့ဖြင့် ချီးမြှောက်တော်မူပါ"ဟု ပြောဆို လျှောက်ထားအပ်၏။ ဤသို့လွဲအပ်ရမည့်ပုဂ္ဂိုလ်ကို မရသောရဟန်းသည် "ငါ့ရှင်တို့၊ ငါ့မှာ ကိစ္စတစ်ခုရှိနေ၏။ သင်တို့သည် ချမ်းသာရာအရပ်များသို့ သွားကြပါကုန်"ဟု ဆို၍ ဂိုဏ်းကို စွန့်ပြီးလျှင် မိမိ၏ရဟန်းကိစ္စကို ပြုသင့်ပေသည်။

**(၅) ကမ္မပလိဗောဓ** အမှုသစ်ကို အမှုကိစ္စဟု ဆိုအပ်ပေသည်။ ထိုအမှုကိစ္စကို ပြုသော ရဟန်းသည် လက်သမား စသည်တို့၏ လုပ်ခ ရသည် မရသည်ကို သိအပ်၏။ ပြုပြီးသောအမှု၊ မပြုရသေးသောအမှု၌ သိအောင် ကြောင့်ကြစိုက်ရ၏။ ထို့ကြောင့် အခါခပ်သိမ်း ပလိဗောဓဖြစ်ပေသည်။ ထိုအမှုကိစ္စ ဟူသော ပလိဗောဓကိုလည်း ဤဆိုလတ္တံ့သောနည်းဖြင့် ဖြတ်အပ်၏။ အကယ်၍ အမှုကိစ္စသည် အနည်းငယ် ကြွင်းကျန်သည် ဖြစ်အံ့၊ ထိုအနည်းငယ် ကြွင်းကျန်နေ သော အမှုကိစ္စကို ပြီးဆုံးစေအပ်၏။ အကယ်၍ အကြွင်းအကျန်များသော် ထိုအမှုကိစ္စသည် သံဃာ့အမှုကိစ္စဖြစ်မူ သံဃာအား ဖြစ်စေ၊ သံဃာ့ဝန်ဆောင် ရဟန်းတို့အား ဖြစ်စေ လွှဲအပ်သင့်၏။ ထိုသို့ လွှဲအပ်ရမည့်သူကို မရသေးသော ရဟန်းသည် သံဃာ့အား စွန့်၍ သွားသင့်ပေသည်။

**(၆) အဒ္ဓါနပလိဗောဓ** ခရီးသွားခြင်းကို 'အဒ္ဓါန'(ခရီး)ဟု ဆိုအပ်ပေသည်။ အကြင်ရဟန်းအား တစ်စုံတစ်ခုသော အရပ်၌ ရှင်ပြုပေး ရမည့် ရှင်လောင်းသော်လည်း ရှိငြားအံ့။ ရသင့် ရထိုက်သော တစ်စုံတစ်ခုသော ပစ္စည်းသော်လည်း ရှိငြားအံ့။ ရှင်ပြုပေးရမည့် ရှင်လောင်းကို ရှင်မပြုရခြင်း၊ ရသင့်ရထိုက်သော ပစ္စည်းကို မရရှိခြင်း တို့ကြောင့် သည်းမခံနိုင်ပါမူ တောသို့ဝင်၍ ရဟန်းတရားကို အားထုတ်နေသော်လည်း ခရီးသွားလိုစိတ်ကို ဖျောက်နိုင်ခဲ၏။ ထို့ကြောင့် ခရီးသွား၍ အမှုကိစ္စအားလုံးကို ပြီးဆုံးစေပြီးမှသာလျှင် ရဟန်းတရား၌ ကြောင့်ကြစိုက်ခြင်း၊ အားထုတ်ခြင်းကို ပြုသင့်ပေသည်။

**(၇) ဉာတိပလိဗောဓ** ဆွေမျိုးဟူသည်ကား ကျောင်း၌ ဆရာ၊ ဥပဇ္ဈာယ်ဆရာ၊ အတူနေ တပည့်[၁]၊ အနီးနေ တပည့်[၂]၊ ဥပဇ္ဈာယ်တူ သီတင်းသုံးဖော်၊ ဆရာတူ သီတင်းသုံးဖော်တို့သည်(ဆွေမျိုး)မည်၏။ အိမ်၌ အမိ အဖ၊ အစ်ကို၊ နှမ အစရှိသောသူတို့သည် ဆွေမျိုးမည်၏။ ထိုဆရာ စသည် တို့သည် မမာမကျန်းကုန်လတ်သော် ဤယောဂီ ရဟန်းအား ပလိဗောဓဖြစ်ကုန်၏။ ထို့ကြောင့် ဆရာစသောပုဂ္ဂိုလ်တို့ကို လုပ်ကျွေး ပြုစု၍ ပကတိအတိုင်း ကျန်းမာအောင် ပြုခြင်းဖြင့် ထိုပလိဗောဓကို ဖြတ်အပ်၏။

---

၁။ သဒ္ဒိဝိဟာရိကခေါ် အတူနေတပည့်ဟူသည်မှာ ဥပဇ္ဈာယ်ယူထားသော တပည့် ဖြစ်သည်။

၂။ အန္တေဝါသိကခေါ် အနီးနေတပည့်ဟူသည်မှာ-ဥပဇ္ဈာယ်မှတစ်ပါးသော ဆရာ တို့၏ တပည့် ဖြစ်သည်။

ထိုဆရာ စသည်တို့တွင် ရှေးဦးစွာ ဥပဇ္ဈာယ်သည် မမာမကျန်းဖြစ်၍ နာတာရှည်ရောဂါဖြစ်ကာ အိပ်ရာမှ မထနိုင်သည့်တိုင်အောင် ဖြစ်ငြားအံ့။ တစ်သက်လုံးသော်လည်း လုပ်ကျွေး ပြုစုအပ်၏။ ရှင်ပြုပေးသောသရဏဂုံဆရာ၊ ရဟန်းပြုပေးသော ကမ္မဝါစာဆရာ၊ အတူနေတပည့်၊ မိမိက ကမ္မဝါဖတ်၍ ရဟန်းပြုပေးထားသော အနီးနေတပည့်၊ သရဏဂုံပေး၍ ရှင်ပြုပေးထားသော အနီးနေတပည့်၊ ဥပဇ္ဈာယ်တူ သီတင်းသုံးဖော်တို့ကိုလည်း ထို့အတူပင် လုပ်ကျွေးပြုစုအပ်၏။ နိဿရည်းဆရာ၊ ကျမ်းဂန်သင်ကြားပေးသောဆရာ၊ နိဿရည်းယူတပည့်၊ ကျမ်းဂန်သင်ယူသည့်တပည့်၊ ဆရာတူ သီတင်းသုံးဖော်တို့မှုကား နိဿရည်း သို့မဟုတ် ကျမ်းဂန်သင်ကြားမှု မပြတ်သေးသမျှ ကာလပတ်လုံး လုပ်ကျွေးပြုစုအပ်၏။ စွမ်းနိုင်ပါမူ ထို့ထက်အလွန်လည်း လုပ်ကျွေးပြုစုအပ်သည်သာတည်း။ အမိအဘတို့၌လည်း ဥပဇ္ဈာယ်၌ကဲ့သို့ ကျင့်အပ်၏။

**(၈) အာဗာဓပလိဗောဓ** အနာရောဂါဟူသည်ကား တစ်စုံတစ်ခုသော အနာရောဂါတည်း။ ထိုအနာရောဂါသည် နာကျင်ခံခက်နှိပ်စက်လတ်သော် ရဟန်းအား ပလိဗောဓ ဖြစ်၏။ ထို့ကြောင့် ထိုပလိဗောဓကို ဆေးကုခြင်းဖြင့် ဖြတ်ရမည်။ အကယ်၍ ရက်အနည်းငယ် ဆေးကုသော်လည်း မပျောက်အံ့။ "ငါသည် ခန္ဓာကိုယ်တည်းဟူသော သင်၏ကျွန် မဟုတ်။ အခစားလည်း မဟုတ်။ သင့်ကိုသာလျှင် လုပ်ကျွေးလျက် အစမထင်သော သံသရာ၌ ဆင်းရဲသို့ ရောက်ခဲ့ရပေပြီ"ဟု ခန္ဓာကိုယ်ကို ကဲ့ရဲ့၍ ရဟန်းတရားကိုသာလျှင် အားထုတ်သင့်ပေသည်။

**(၉) ဂန္ထပလိဗောဓ** ကျမ်းဂန်ဟူသည်ကား ပိဋကတည်းဟူသော ပရိယတ်ကို ဆောင်ရွက်ခြင်းတည်း။ ထိုကျမ်းဂန်ကို ရွတ်အံသရဇ္ဈာယ်ခြင်း စသည်ဖြင့် အမြဲကြောင့်ကြစိုက်နေရသော ရဟန်းအား ပလိဗောဓ ဖြစ်၏။ အမြဲကြောင့်ကြစိုက် မနေရသော ရဟန်းအားမူ ပလိဗောဓ မဖြစ်ပေ။

**မဇ္ဈိမနိကာယ်ဆောင် ဒေဝမထေရ်နှင့် မလယဝါသီဒေဝမထေရ်**

မဇ္ဈိမနိကာယ်ဆောင် ဒေဝမထေရ်သည် မလယဝါသီ (မလယအရပ်၌နေသော)ဒေဝမထေရ်၏အထံသို့သွား၍ ကမ္မဋ္ဌာန်းတောင်းလေ၏။ မလယ ဝါသီ ဒေဝမထေရ်သည် မဇ္ဈိမနိကာယ်ဆောင် ဒေဝမထေရ်အား "ငါ့ရှင်–ပရိယတ်၌ ဘယ်အခြေအနေသို့ ရောက်ရှိပါသနည်း"ဟု မေးလေသည်။ မဇ္ဈိမနိကာယ်ဆောင်

ဒေဝမထေရ်က"မဇ္ဈိမနိကာယ် နှုတ်တက်ဆောင်ပါသည် ဘုရား"ဟု လျှောက်ထား၏။

ထိုအခါ မလယဝါသီဒေဝမထေရ်က "ငါ့ရှင်၊ ဤမဇ္ဈိမနိကာယ်သည် ဆောင်ရန်ခက်ခဲ၏။ မူလပဏ္ဏာသကို ရွတ်အံ့သရဇ္ဈာယ်သူအား မဇ္ဈိမပဏ္ဏာသသည် နှုတ်သို့ ရောက်လာတတ်၏။ ထိုမဇ္ဈိမပဏ္ဏာသကို ရွတ်အံ့သရဇ္ဈာယ်သူအား ဥပရိပဏ္ဏာသသည် နှုတ်သို့ ရောက်လာတတ်၏။ သင့်အား အဘယ်မှာလျှင် ကမ္မဋ္ဌာန်း နှလုံးသွင်းမှု ဖြစ်နိုင်လိမ့်မည်နည်းဟု လျှောက်ထား၏။

တစ်ဖန် မဇ္ဈိမနိကာယ်ဆောင် ဒေဝမထေရ်က"အရှင်ဘုရားတို့ အထံ၌ ကမ္မဋ္ဌာန်းကို ရပြီးသည်ရှိသော် ပရိယတ်ကို နောက်တစ်ဖန်ပြန်၍ မကြည့်တော့ပါဘုရား"ဟု လျှောက်ထား၍ ကမ္မဋ္ဌာန်းကို ယူပြီးလျှင် ၁၉–နှစ်ပတ်လုံး ရွတ်အံ့ သရဇ္ဈာယ်ခြင်းကို မပြုဘဲ အနှစ်၂၀–ရောက်သောအခါ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ထိုအခါ သရဇ္ဈာယ်ခြင်းငှာ လာကြကုန်သော ရဟန်းတို့အား "ငါ့ရှင်တို့ ငါသည် ပရိယတ်ကို မကြည့်သည်မှာ အနှစ်နှစ်ဆယ် ရှိပါပြီ။ သို့သော်လည်း ငါသည် ဤမဇ္ဈိမနိကာယ်၌ လေ့ကျင့်ကျေပွန်ပြီး ဖြစ်၏။ အားထုတ်ကြပါကုန်"ဟု မဇ္ဈိမနိကာယ်ဆောင် ဒေဝမထေရ်က ပြောကြားလေသည်။

**(၁၀) ဣဒ္ဓိပလိဗောဓ** တန်ခိုးဟူသည်ကား ပုထုဇဉ်တို့၌ ဖြစ်သော တန်ခိုးတည်း။ မှန်ပေ၏။ ထိုပုထုဇဉ်တန်ခိုးသည် ပက်လက်အိပ်တတ်ကာမျှ သူငယ်ကဲ့သို့လည်းကောင်း၊ ကောက်နုကဲ့သို့ လည်းကောင်း မပျက်အောင် ဆောင်ထားရန် ခက်ခဲ၏။ အနည်းငယ်မျှသော အနှောင့်အရှက်ဖြင့်ပင် ပျက်စီးတတ်၏။ ထိုတန်ခိုးသည် ဝိပဿနာ၏ ပလိဗောဓ သာဖြစ်၏။ သမာဓိ၏ပလိဗောဓကား မဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် သမာဓိသို့ ရောက်ပြီးမှသာ ထိုတန်ခိုးသို့ ရောက်နိုင်ခြင်းကြောင့်တည်း။

ထို့ကြောင့် ဝိပဿနာကို အလိုရှိသောသူသည် တန်ခိုးဟူသော ပလိဗောဓကိုလည်း ဖြတ်အပ်၏၊ သမာဓိကို အလိုရှိသူကား ကြွင်းသော ပလိဗောဓကြီး ၉–ပါးတို့ကိုသာ ဖြတ်အပ်ပေ၏။

ဆောင်ပုဒ်။။ အာ, ကု, လာဘ, ဂိုဏ်း၊ ပထ, ည, အနာ၊ ကျမ်းဂန်, တန်ခိုး၊ ဤဆယ်မျိုး၊ ဖြတ်ရိုး ဝိပဿ်မှာ။

**(အရှင်ဇာဂရ–ဝိပဿနာကြေးမုံကျမ်း)**

**ပလိဗောဓငယ်(၅)ပါး**

"ခုဒ္ဒက ပလိဗောဓပစ္ဆေဒံ ကတွာ"စသည်ဖြင့် ဝိသုဒ္ဓိမဂ်၌ ကြောင့်ကြ ဖွယ်ဟူသော ပလိဗောဓငယ် ၅-ပါး လာ၏-

၁။ ရှည်သော ဆံပင်၊ မုတ်ဆိတ်၊ လက်သည်း၊ ခြေသည်းတို့ကို ပယ်အပ်၏။

၂။ ဆွေးမြေ့စုတ်ပြတ်သော သင်္ကန်း၊ အဝတ်စသည်များကို ခိုင်မြဲအောင် ဖာထေးစပ်ချုပ်ခြင်းကို ပြုအပ်၏။

၃။ ဟောင်းနွမ်းညစ်ပေသော သင်္ကန်း၊ အဝတ်စသည်များကို ဖွပ်လျှော် ထပ်ဆိုး လိပ်နယ်ခြင်းကို ပြုအပ်၏။

၄။ အညစ်အကြေးတင်သော သပိတ်များ ရှိလျှင် စင်ကြယ်အောင် မီးဖုတ်ခြင်း စသည်ကို ပြုလုပ်အပ်၏။

၅။ အိပ်ရာ၊ ခုတင်၊ အင်းပျဉ်၊ ညောင်စောင်း စသည်ကို ပြုပြင်အပ်၏- ဟူ၍ ၅-ပါး ရှိပါသည်။

လူများမှာလည်း ခေါင်းဆေး ခေါင်းလျှော်ခြင်း စသော အထက်၌ ဆိုခဲ့ သည့်စပ်ဆိုင်ရာ ကြောင့်ကြဖွယ် အမှုငယ်များကို ပြုပြင်၍ ထားအပ်၏။

ဤပလိဗောဓငယ်မှာ ကမ္မဋ္ဌာန်းအာရုံကို နှလုံးသွင်း၍ ဝိပဿနာ သဘောကို မရိပ်မိသေးမီ ၅-ရက်၊ ၇-ရက်၊ ၁၀-ရက် စသည်ဖြင့် နေ့ရက် နစဉ်အတွင်းမှာ ကြောင့်ကြခြင်း မရှိစေရန်သာ ရှေးဦးစွာ ပြုလုပ်ထားရသည်။ ဝိပဿနာသဘောကို ရိပ်မိသောအခါ မခဲယဉ်းပေ။ စမ်းသပ်အားထုတ်ကြည့်လျှင် ထင်ရှားသိသာပေ လိမ့်မည်။

**စရိုက်**

စရိုက်ဆိုသည်မှာ ပင်ကိုရိုးရာ သူတကာဖြစ်နေကျထက် လွန်လွန်ကဲကဲ ဖြစ်တတ် သည်ကို ခေါ်သည်။

**စရိုက်၆-ပါး**

စရိုက်သည် ၆-ပါးအပြားရှိ၏၊ ထို၆-ပါးကား-

၁။ ရာဂစရိုက်-ဝတ္ထုကာမ၊ ကိလေသာကာမတို့၌ လွန်ကဲစွာ ကပ်ငြိ တတ်သောအလေ့အကျင့်၊

၂။ ဒေါသစရိုက်–အာဃာတ၊ ဣဿာ၊ မစ္ဆရိယ စသည်တို့၌ လွန်ကဲသည့်အလေ့အကျင့်၊

၃။ မောဟစရိုက်–ထိုင်းမှိုင်းတွေဝေခြင်း လွန်ကဲသည့်အလေ့အကျင့်၊

၄။ သဒ္ဓါစရိုက်–ယုံကြည်လွယ်လေ့ရှိသောအလေ့အကျင့်၊

၅။ ဝိတက်စရိုက်–စိတ်ကူးယဉ်တတ်သော အလေ့အကျင့်၊

၆။ ပညာစရိုက်– အရာရာ၌ အကြောင်းအကျိုး အကောင်းအဆိုးတို့ကို ဆင်ခြင်တတ်သောအလေ့အကျင့်၊

ဟူ၍ စရိုက် ၆–ပါး ရှိပါသည်။

**မိမိစရိုက်ကို ဆန်းစစ်ရန် လိုအပ်ခြင်း** ထိုစရိုက်သည် လူတို့၌ တစ်ပါးဖြစ်စေ၊ နှစ်ပါးဖြစ်စေ၊ သုံးပါးဖြစ်စေ တွဲလျက်ရှိတတ်သည်။ ဤသူသည် အဘယ်စရိုက် ရှိသည်ဟု အကဲခတ်နိုင်မှုမှာ အသွားအလာ၊ အနေအထိုင်၊ အပြောအဆို ဣရိယာပုတ်ကိုလည်းကောင်း၊ လုပ်မှု ကိုင်မှုကိစ္စ၊ စားသောက်မှုဘောဇဉ်၊ ကြည့်ခြင်း ဒဿန စသည်တို့ကို ကြည့်ရှု အကဲခတ်ခြင်းဖြင့်လည်းကောင်း သိနိုင်သည်။

ထိုစရိုက် ၆–ပါးတို့တွင် ရာဂနှင့်သဒ္ဓါ၊ ဒေါသနှင့်ပညာ၊ မောဟနှင့်ဝိတက် စရိုက်တို့သည် သဘောအားဖြင့် တူသလိုလို ရှိတတ်သည်။

ရာဂနှင့်သဒ္ဓါစရိုက်ရှိသော သူသည် ပကတိ သွားမြဲ သွားသည့်ရှိသော် ယဉ်ယဉ်ကျေးကျေး တင့်တင့်တယ်တယ် ရှိသည်။ ဖြည်းဖြည်းသာ ခြေကို ချသည်။ ညီညီကြွသည်။ လုပ်မှုကိုင်မှုတို့၌ ယဉ်ကျေးသေသပ်သည်။ အချိုအဆိမ့် စားသောက်ဖွယ်တို့နှင့် အမွှေးအကြိုင်တို့ကို ကြိုက်နှစ်သက်တတ်သည်။

ထူးသည်ကား–

ရာဂစရိုက်ရှိသောသူသည် ကာမဂုဏ်အာရုံများကို စွဲမက်တတ်သည်။ ပရိယာယ်မာယာ အလိမ်အကောက်များသည်၊ မာနကြီးသည်။ လိုချင်လောဘများသည်။

သဒ္ဓါစရိုက်ရှိသောသူသည် စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိသည်။ ဘုရားကို ပူဇော်ခြင်း၊ တရားတော်ကို နာယူခြင်း၊ သံဃာတော်များကို ဝပ်တွား ဆည်းကပ်ခြင်း အလေးအမြတ်ပြုခြင်းတို့ကို ပြုလုပ်လေ့ရှိသည်။ ဤသို့ ထူးပါသည်။

ဒေါသနှင့် ပညာစရိုက် ရှိသောသူသည် အသွားအလာ အနေအထိုင်၊ အပြောအဆို၊ ကြမ်းကြမ်းတမ်းတမ်း၊ ကတိုက်ကရိုက်ရှိသည်။ လုပ်မှုကိုင်မှုတို့၌ ယဉ်ကျေး သေသပ်ခြင်း မရှိလှ။ အချဉ်၊ အငန်၊ အစပ်၊ အခါး၊ စူးရှသော အစာ အာဟာရကို ကြိုက်နှစ်သက်တတ်သည်။ မကောင်းသောအဆင်း၊ အသံ စသည်နှင့် တွေ့ကြုံသောအခါ သည်းခံ ချုပ်တည်းခြင်းမရှိဘဲ ဆဲဆို ငေါက်ငမ်း ကြမ်းတမ်း စိတ်တိုလွယ်သည်။

ထူးသည်ကား—

ဒေါသစရိုက် ရှိသောသူသည် ရန်ငြိုးဖွဲ့မှု၊ ငြူစူမှု၊ သူတစ်ပါး ဂုဏ်ကို ဖျက်ဆီးလိုမှု၊ ဂုဏ်တုဂုဏ်ပြိုင်လိုမှု၊ အဆုံးအမ ခက်ခဲမှုတို့ ဖြစ်လေ့ရှိသည်။

ပညာစရိုက် ရှိသောသူသည် စားသောက်ဖွယ်တို့၌ နှိုင်းနှိုင်းချိန်ချိန် စားသောက်လေ့ရှိသည်။ သံသရာ နောင်ရေးကို သတိပညာဖြင့် ကောင်းစွာ မြော်မြင်လေ့ရှိရကား ဂတိကောင်း၍ ထက်ထက်မြက်မြက်ရှိအောင် ပါရမီ ကုသိုလ်များကို လုံ့လသန်သန်ဖြင့် မှန်မှန်ကြိုးစားလေ့ရှိသည်။ ဤသို့ ထူးပါသည်။

မောဟနှင့် ဝိတက်စရိုက် ရှိသောသူသည် ယမ်းဖယ်ယမ်းဖယ် သွားလေ့ရှိသည်။ ကြောက်ရွံ့လျက် ခြေကို ချသည်။ ကြွသည်။ မေ့မေ့လျော့လျော့ရှိသည်။ လုပ်ငန်းကိစ္စ ရှုပ်ရှုပ်ထွေထွေ ပွေပွေလိမ်လိမ် ရှိသည်။ စားသောက်မှု၌လည်း အဘယ်အစာကို ကြိုက်နှစ်သက်တတ်သည်ဟူ၍ မရှိ။ မိမိအစွမ်းဖြင့် မည်မည်ရရ ပြောလောက်ဆိုလောက်အောင် ပြီးမြောက်သည်ဟူ၍ မရှိတတ်။ အကြောင်းအကျိုး အကောင်းအဆိုးကို နှိုင်းချိန်ခွဲခြား၍ မသိတတ်။ အရပ်ရပ်ကိစ္စမှာ သူတကာ၏ နောက်လိုက်သာ ဖြစ်ရသည်။ သူများ ချီးမွမ်းသည်ကို နောက်က လိုက်၍ ချီးမွမ်း တတ်သည်။ သူများကဲ့ရဲ့သည်ကိုလည်း နောက်ကလိုက်၍ ကဲ့ရဲ့တတ်သည်။ သတိပညာ ကင်းလျက် ထိုင်းမှိုင်းခြင်း ပျံ့လွင့်ခြင်းတို့နှင့်သာ အချိန်ကို ကုန်လွန် စေသည်။ ထိုစရိုက်နှစ်ပါးသည် ထူးမခြားနားဖြစ်၍ ထိုထိုအမှုကိစ္စ၌ စကားတွေ ပေါလျက် ကိစ္စမချောဘဲ မျော၍သာနေတတ်သည်။ လူပေါ်ကျော့၊ လူလေ၊ လူလွင့်တို့နှင့် ပျော်မွေ့ကာ အကြံများလျက် အလကား လူပိုတွေသာ ဖြစ်တတ်သည်။

**စရိုက်အလိုက် နှလုံးသွေးဖြစ်တတ်ပုံ** ရာဂစရိုက်ရှိသောသူသည် နှလုံးသွေးနီသည်။ ဒေါသစရိုက်ရှိသော သူသည် နှလုံးသွေးညိုသည်။ မောဟစရိုက်ရှိသောသူသည် အမဲသားဆေးသော ရေလောက်သာ နှလုံးသွေးရောင် ဖျော့သည်။ သဒ္ဓါစရိုက်ရှိသော သူသည် နှလုံးသွေးဝါသည်။

ပညာစရိုက်ရှိသော သူသည် ပတ္တမြားကြောင်မျက်ရွဲကဲ့သို့ နှလုံးသွေးပြီးပြိုးပြက် ရှိသည်။ ဖြူသည်။ ဝိတက်စရိုက်ရှိသောသူသည် ပဲပြုတ်ရေ အဆင်းကဲ့သို့ နှလုံးသွေးရောင် ရှိသည်။

ထိုစရိုက်တို့ ဖြစ်ရခြင်းမှာ ရှေးကံအကြောင်း မကင်းပေ။ ရှေးဘဝက ကုသိုလ်ကောင်းမှု ပြုလုပ်သောအခါ လောဘခြံရံ၍ ပြုလုပ်ခဲ့လျှင် လောဘစရိုက် ရှိတတ်သည်။ ဒေါသခြံရံ၍ ပြုခဲ့လျှင် ဒေါသစရိုက် ရှိတတ်သည်။ မောဟခြံရံ၍ ပြုလုပ်ခဲ့လျှင် မောဟစရိုက် ရှိတတ်သည်။ သဒ္ဓါစရိုက်ခြံရံ၍ ပြုလုပ်ခဲ့လျှင် သဒ္ဓါစရိုက် ရှိတတ်သည်။ သတိ၊ ပညာ ခြံရံ၍ ပြုလုပ်ခဲ့လျှင် ပညာစရိုက် ရှိတတ်သည်။ မကောင်းသောအကြံအစည် ထွေထွေလာလာဖြင့် ခြံရံ၍ ပြုလုပ်ခဲ့လျှင် ဝိတက်စရိုက် ရှိတတ်သည်။

ထို့ကြောင့် နောင်အနာဂတ်ဘဝတို့၌ စရိုက်ဆိုးများ မဖြစ်ရအောင် ကုသိုလ်ကောင်းမှု လုပ်သောအခါမှာ သတိ, ပညာတို့ဖြင့် ခြံရံ၍ ပြုလုပ်ကြရမည်။ သို့မှသာ နောင်ဖြစ်လတ္တံ့သော ဘဝတို့၌ စရိုက်ကောင်းများ ဖြစ်နိုင်၍ ကောင်းမှုကုသိုလ် တိုးပွားပေမည်။

**စရိုက်၆–ပါးနှင့် သင့်လျော်သောကမ္မဋ္ဌာန်း**

၁။ ရာဂစရိုက်ရှိသောသူသည် အသုဘ ၁၀–ပါး၊ ကာယ ဂတာသတိ ဤ၁၁–ပါးသော ကမ္မဋ္ဌာန်းတို့နှင့် သင့်လျော်ပေသည်။

၂။ ဒေါသစရိုက်ရှိသောသူသည် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဟူသော အပ္ပမညာ(ဗြဟ္မစိုရ်)၄–ပါး၊ နီလ, ပီတ, လောဟိတ, ဩဒါတ ဟုဆိုအပ်သော ဝဏ္ဏကသိုဏ်း၄–ပါး၊ ဤ၈–ပါး သော ကမ္မဋ္ဌာန်းတို့နှင့်သင့်လျော်သည်။

၃။ မောဟနှင့်ဝိတက်စရိုက် ရှိသောသူသည် ထွက်လေဝင်လေကို နှာသီးဖျား၌ ရှုမှတ်သော အာနာပါနဿတိကမ္မဋ္ဌာန်းနှင့် သင့်လျော်သည်။

၄။ သဒ္ဓါစရိုက်ရှိသောသူသည် ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ ဤ၆–ပါးသော ကမ္မဋ္ဌာန်းတို့နှင့် သင့်လျော်သည်။

၅။ ပညာစရိုက်ရှိသော သူသည် မရဏာနုဿတိ, ဥပသမာ နုဿတိ (နိဗ္ဗာန်ကို အာရုံပြုခြင်း)စတုဓာတုဝဝတ္ထာန်(ဓာတ်ကြီးလေးပါး ရှုမှတ်ခြင်း)အာဟာရေ ပဋိကူလသညာ ဤ၄–ပါးသော ကမ္မဋ္ဌာန်း တို့နှင့် သင့်လျော်သည်။

ထိုသို့ ဆိုခဲ့ပြီးသော ၃၀–သော ကမ္မဋ္ဌာန်းတို့မှ ကြွင်းကုန်သော ပထမဝီး အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ၊ အာလောကဟု ဆိုအပ်သော ကသိုဏ်း ၆–ပါး၊ အာရုပ္ပ ၄–ပါး ဤ ၁၀–ပါးသော ကမ္မဋ္ဌာန်းတို့သည် အလုံးစုံသော စရိုက် ၆–ပါးလုံးနှင့် သင့်လျော်သည်။

ကသိုဏ်းတို့တွင် အလုံးစုံငယ်သော ကသိုဏ်းဝန်းသည် ဝိတက်စရိုက်ရှိ သူအား သင့်လျော်သည်။ ကြီးသောကသိုဏ်းဝန်းသည် မောဟစရိုက် ရှိသူအား သင့်လျော်သည်။

ရာဂကို ပယ်ခြင်း၌ အသုဘကမ္မဋ္ဌာန်းကို ပွားအပ်သည်။ ဒေါသကို ပယ်ခြင်း၌ မေတ္တာကို ပွားအပ်သည်။ ဝိတက်ကို ပယ်ခြင်း၌ အာနာပါနဿတိကို ပွားအပ်သည်။ မာနကို ပယ်ခြင်း၌ အနိစ္စသညာကို ပွားအပ်သည်။

ကမ္မဋ္ဌာန်း အားထုတ်လိုသူတို့သည် ပြဆိုခဲ့သော ကမ္မဋ္ဌာန်း၄၀–တို့တွင် မိမိတို့၏စရိုက်နှင့်သင့်၊ မသင့် နှိုင်းချိန်၍ သင့်လျော်မည်ထင်သော ကမ္မဋ္ဌာန်းတစ်ခုခု ကို ပွားများ အားထုတ်သင့်လေသည်။

**မှတ်ချက်။ ။** သမထကမ္မဋ္ဌာန်း(၄၀)အတွက်သာ ယခုလို စရိုက်နှင့် သင့်လျော်သော ကမ္မဋ္ဌာန်းကို တွဲစပ်ဖော်ပြခြင်း ဖြစ်သည်။

ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းအတွက်မူကား ယခုလို စရိုက်ခွဲခြားမှု မရှိပေ။ သတိပြုရန်အချက်တည်း။

## အခန်း(၈)

# သမထကမ္မဋ္ဌာန်း အားထုတ်နည်း

## အဘိညာဉ်ရအောင် လက်တွေ့အားထုတ်နည်း

### ပထဝီကသိုဏ်းဖြင့် ဈာန်ရအောင် ပြုလုပ်နည်းအညွှန်း

### (က) ပရိကံပိုင်း

သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသည် ဈာန်ရအောင် လုပ်နည်းနှင့် မဂ်ဖိုလ်ရအောင် လုပ်နည်းဟူသော နည်းမှန်ကြီးနှစ်မျိုးကို ကမ္ဘာလူသားတို့၏ အကျိုးစီးပွားအတွက် ထားရစ်ခဲ့သည်။ ယင်းနည်းနှစ်နည်းအနက် ဈာန်ရအောင် လုပ်နည်းကို ဖော်ပြပါမည်။

#### (၁) အခြေခံပြင်ဆင်ချက်

ဈာန်ယာဉ်စီးနိုင်အောင် လေ့ကျင့်လိုသူသည် ပထမဦးဆုံး ကျန်းမာရေးပြည့်စုံအောင် ကြိုးစားရမည်။ ရောဂါတစ်မျိုးမျိုး ရှိနေလျှင်လည်း ထိုရောဂါပျောက်ကင်းအောင် ကုသပစ်ရသည်။ မည်သည့်ရောဂါမှ မရှိ၊ ပကတိကျန်းမာသူဖြစ်မှသာလျှင် ဈာန်သူရဲကောင်း အလောင်းအလျာ ဖြစ်ထိုက်သည်။ ထို့နောက် အိမ်ထောင်ရေး၊ သားသမီးရေး၊ မိဘရေးတို့ကို ယာယီဖြစ်စေ ပယ်ပစ်လိုက်ရသည်။ လူပျိုဖြစ်က ပို၍ ကောင်းသည်။ သို့သော် အာကာသမောင်တွေလည်း လေ့ကျင့်ခန်းယူနေသည့် ကာလအတွင်း အိမ်ပြန်အိပ်ခွင့် မရကြပေ။ ထို့အတူ အားကစားသမားများလည်း ပြိုင်ပွဲနီး၍ အပူတပြင်း လေ့ကျင့်နေချိန်၌ မယားနှင့်အတူ အိပ်ခွင့်မရကြပေ။ ဤကိစ္စသည် လူ၏ခန္ဓာထဲရှိ ခွန်အားကို ဆုတ်ယုတ်စေတတ်သဖြင့် အရေးကြီးသောကိစ္စကို ဆောင်ရွက်ခါနီးတိုင်း ရှောင်ကြဉ်ကြရခြင်း ဖြစ်သည်။ ဆောင်ရွက်ရမည့်အလုပ်၏ အတိုင်းအတာအလိုက် ဤကိစ္စကို ကန့်သတ်ရှောင်ကြဉ်

ရသည်။ ပို၍အရေးကြီးသောအလုပ်ဖြစ်လေ ပို၍ရှောင်ရလေ ဖြစ်သည်။ ထို့ကြောင့် အားကစားသမားများထက် အာကာသမောင်တို့က ပို၍ ရှောင်ရသည်။ အာကာသမောင်တို့ထက် ဈာန်သင်တန်းသားက ပို၍ ရှောင်ကြဉ်ရမည်ဖြစ်သည်။ ဤကိစ္စရှောင်ဖို့ကလည်း ခက်ခဲလှသည် မဟုတ်ပါပေ။ မယားနှင့် ခွဲအိပ်ရမှာကို တွန့်နေလျှင်လည်း ပါရာဇိကလေးပါး အမြဲထိန်းထားသော ငယ်ဖြူရဟန်းတော်များ ရှိနေသော ဤနိုင်ငံတွင် ရှက်ဖွယ်လိလိ ဖြစ်ရာသည်။

ထို့ပြင် မိမိ မိသားစု၏ စားဝတ်နေရေးကြောင့်ကြမှုအခြေအနေကို ဖန်တီးပေးခဲ့ရမည်။ ပြည့်ပြည့်စုံစုံ ရှိစေရမည်။ သို့မဟုတ်က သူတို့ဘဝကို သူတို့ စွမ်းရည်နှင့် ရုန်းကန်နိုင်ကြသည်ဟု သဘောထားရမည်။ နောက်ဆုံး ဘာပဲဖြစ်ဖြစ် သူတို့အတွက် ငါ ပူမနေနိုင်ပါဘူးဟု သံယောဇဉ်ကြိုးကို တိခနဲ ဖြတ်လိုက်ရမည်။ ဤသို့ သံယောဇဉ်ကို ဖြတ်ရန်လည်း ခဲယဉ်းလှသည် မဟုတ်။ ဈာန်လုပ်ငန်းခွင်ထဲ ရောက်သွားသောအခါ တဖြည်းဖြည်း သံယောဇဉ်ကွာကျသွားတတ်ပါသည်။

နောက်တစ်ချက်က ပညာရေး ဖြစ်၏။ ပညာတစ်ပိုင်းတစ်စနှင့်သူများ ဈာန်သူရဲကောင်း အလောင်းအလျာ မဖြစ်ထိုက်။ ကျောင်းတက်နေစဉ်မျိုး၊ ပညာရှာချိန်မျိုး၌ ရှေ့တွင် မည်သည့်စာမေးပွဲ အောင်ချင်သေးတယ်၊ မည်သည့်ဘွဲ့လေး လိုချင်သေးတယ် စသည်ဖြင့် မျှော်လင့်ချက် ရှိနေတတ်သည်။ ငါ ဒီမှာလာပြီး ကျင့်ကြံနေတုန်း ငါ့သူငယ်ချင်း ဘယ်သူဘယ်ဝါဖြင့် ဘာဘွဲ့ကြီးတွေရလို့ ဘာရာထူးကြီးနှင့် ဖြစ်နေမှာပဲ စသည်ဖြင့် စိတ်ရောက်တတ်သည်။ ထို့ကြောင့် ပညာသင်ချင်လျက်တန်းလန်းနှင့် ဈာန်သင်တန်း မတက်သင့်။ သို့မဟုတ် ပညာရေးကြောင့်ကြမှုအားလုံးကို ဖယ်ပစ်ပြီး စိတ်ပြတ်ပြတ်ထားနိုင်လျှင် ဤသင်တန်းနှင့် သင့်လျော်သည်။

ဤသို့ဆိုသဖြင့် တစ်သက်လုံး ပညာညွန့်တုံးရမည်ဟု အပေါ်ယံ မထင်ပါနှင့်။ ဈာန်သင်တန်းတက်ပြီးမှ ပြန်သင်ချင်လည်း ရပါသည်။ ထိုအခါကျလျှင် ယခု တစ်လသင်ရမှာကို တစ်ရက်တည်းနှင့် တတ်ပေလိမ့်မည်။ အကြောင်းကား သူ၏စိတ်ဓာတ်, သူ၏ပညာသည် အရည်အသွေး ပိုရှိလာပြီး သမာဓိ အားကောင်းလာသဖြင့် မှတ်ဉာဏ် အလွန်ထက်မြက်နေမည် ဖြစ်သောကြောင့်တည်း။

ရစရာ အလားအလာ မျှော်လင့်ချက်ရှိကလည်း သင်တန်းမဝင်မီ ရှင်းပစ်ရမည်။ ကြွေးမြီရစရာရှိလျှင် စိတ်ပူနေတတ်သည်။ မိဘထံမှ ခပ်မြန်မြန် အမွေရဖို့ မျှော်လင့်ချက် ရှိနေပြန်လျှင် ငါမရှိတုန်း မိဘဆုံးလျှင် မီးခံသေတ္တာသော့

မည်သူ့ဆီ ရောက်သွားမှဖြင့် အခက်ပဲဟု ကြောင့်ကြတတ်သည်။ ယုတ်စွအဆုံး ဈာန်သင်တန်း မတက်ခင် ထီမထိုးအပ်ပေ။ ထီပေါက်လျှင် ဘာလုပ်လိုက်မည် စသည်ဖြင့် စိတ်ကူးတွေ ဝင်လာတတ်သည်။ ငါမရှိတုန်းများ ထီပေါက်နေမှဖြင့် ငါ့ထီလက်မှတ်ထားတဲ့နေရာကိုလည်း အိမ်သားတွေ သိမှာမဟုတ်ဘူး၊ အစိုးရ ဘဏ္ဍာတော် ဖြစ်ရချည်ရဲ့ဟု တွေးပူမိတတ်သည်။ အကောင်းဆုံးက ဘာရစရာ၊ ဘာမျှော်လင့်ချက်မှ မထားဘဲ ကိုယ်လွတ်စိတ်လွတ် ပေါ့ပေါ့ပါးပါး ရှိနေရန် လိုပေသည်။

ကိုယ်ပိုင်ပစ္စည်းဥစ္စာ စိန်ရွှေငွေများ ရှိလျှင်လည်း လုံးဝစိတ်ချရမည့်သူနှင့် လွှဲထားရမည်။ ဤပစ္စည်းများအတွက် ကြောင့်ကြစိုက်မှု ထိန်းသိမ်းမှု လုံးဝ မရှိရပေ။ အဝတ်အစား ချုပ်လုပ်ခြင်း၊ တဲဆောက်ခြင်း၊ အိမ်ဆောက်ခြင်း၊ ဆိုင်ဆောက်ခြင်း၊ စက်ရုံတည်ခြင်းမှစ၍ လုပ်ချင်သောအလုပ်၊ လုပ်စရာရှိသောအလုပ်များ ရှိနေကလည်း သင်တန်းမတက်မီ ပြီးစီးအောင် လုပ်ခဲ့ရမည်။ သို့မဟုတ် ဤအလုပ်တွေ မလုပ်တော့ဘူးဟု စိတ်ကို ပိုင်းဖြတ်ထားရမည်။ ကိုယ်ရေးကိုယ်တာကိစ္စအတွက်ဖြစ်စေ၊ ဗဟုသုတအလို့ငှာ ဖြစ်စေ၊ ယုတ်စွအဆုံး အပျော်ဖြစ်စေ ခရီးထွက်စရာ ရှိလျှင်လည်း နောက်မှသွားမည်ဟု သဘောမထားအပ်။ မသွားတော့ဘူး၊ သွားစရာ မလိုဘူးဟု စိတ်ပိုင်းဖြတ်ပစ်ရမည်၊ သို့မဟုတ်က သင်တန်းခွင်ဝင်နေစဉ် ရောက်လိုတဲ့နေရာတွေအကြောင်း စိတ်ထဲမှာ လာလာပေါ်ပြီး လုပ်ငန်းအနှောင့်အယှက် ဖြစ်တတ်သည်။

သင်တန်းတက်နေစဉ် ကာလအတွင်း သင်တန်းပြဆရာမှ အခြားမည်သူတစ်ဦးတစ်ယောက်မျှ အပေါင်းအသင်း မလုပ်ရပေ။ မည်သူနှင့်မျှ အတွေ့မခံရပေ။ ထို့ပြင် စာဖတ်ခြင်းကို အထူးရှောင်ရမည်။ ကမ္မဋ္ဌာန်းထိုင်ရင်း စာဖတ်ခြင်းသည် လူနှင့်ပတ်ဝန်းကျင် ဘဝဆီသို့ စိတ်ရောက်သွားစေနိုင်သည်။ လုပ်ငန်းခွင်မှ စိတ်အပြင်ထွက်သွားတတ်၍ ဖြစ်၏။ နေ့စဉ် ဒိုင်ယာရီရေးခြင်း အပါအဝင် စာရေးခြင်း၊ မှတ်သားခြင်း၊ တေးထားခြင်း မည်သည်ကိုမျှ မလုပ်ရပေ။

အချုပ်အားဖြင့် ဈာန်သင်တန်းတက်နေစဉ် ကာလအတွင်း ပတ်ဝန်းကျင်နှင့် စိတ်ရောလူပါ အဆက်အသွယ် ဖြတ်ထားရမည်။ သို့မှသာ လုပ်မည့်လုပ်ငန်းခွင်၌ စိတ်ဝင်စားနိုင်မည် (ဝါ) သမာဓိရနိုင်မည် ဖြစ်ပါသည်။ ဤသို့ ပြုသည်ကို "ပလိဗောဓဖြတ်သည်"ဟု စာသုံးကျကျ ခေါ်ကြလေသည်။

### (၂) နေရာယူခြင်း

အခြားပြင်ဆင်ချက် ပြုလုပ်ပြီးနောက် နေရာရွေးရမည်။ ဖြစ်စေချင်တဲ့ ကိစ္စတစ်ခု အောင်မြင်ရေးအတွက် နေရာယူမှန်ကန်မှုသည် လွန်စွာအရေးကြီးလှပါသည်။ စာပေနှင့် မွေ့လျော်ပြီး ရေဒီယိုသီချင်းဖြင့် ဇိမ်ခံချင်သူသည် သိမ်ကြီးဈေး အလယ်ခေါင်၌ နေရာယူလျှင် မသင့်တော်ပါ။ သူ့ရည်ရွယ်ချက် ထမြောက် အောင်မြင်မည် မဟုတ်ပါ။ ထိုနည်းအတူ ရုပ်ရှင်၊ ဘောပွဲ အသည်းစွဲ ကြိုက်တတ်သူများလည်း လက်ရှိအခြေအနေအရ အသွားအလာ ခက်ခဲလှသော မြို့စွန်မှာ သွားနေမိလျှင် အတော်ဝှက္ကဲ ကျပေလိမ့်မည်။ ကိုယ့်အလုပ် ကိုယ့်ဝါသနာနှင့် လိုက်အောင် နေရာယူမှန်မှ အဆင်ပြေပါသည်။

ဈာန်အလုပ်သည် 'သမာဓိ' အလုပ်၊ 'သမထ' အလုပ် ဖြစ်သည်။ စိတ်ကို ရှေ့တန်းတင်၍ စေစားရခြင်း ဖြစ်သည်။ စိတ်တည်ကြည်မှုရရေး၌ (ဝါ) သမာဓိထူထောင်ရေး၌ အကြီးမားဆုံး အဖျက်အဆီးမှာ အသံဗလံများ ဖြစ်သည်။ သမာဓိစာပို့ရထားကြီးကို အသံဗလံ မိုင်းဖုံးများက ရစရာမရှိအောင် ဖျက်ဆီးပစ်တတ်ကြသည်။ ရှေ့သို့ဆက်၍ မသွားနိုင်အောင် ဟန့်တားတတ်ကြသည်။

အသံဆိုက မည်သည့်အသံပဲဖြစ်ဖြစ် ဈာန်လုပ်ငန်းကို အနှောင့်အယှက် ပေးပေသည်။ သာယာသောအသံ၊ ဆိုးဝါး ရှုးရှသောအသံ၊ မျိုးစုံဆူညံသောအသံ၊ လူသံ၊ ငှက်သံ၊ ရထားသံ၊ ကားသံ၊ ဘာသံမှ သမာဓိကို အကျိုးမပြုပေ။ အကြောင်းမှာ အသံတစ်ခုကို ကြားရသည်ဆိုလျှင် ကြားရသူစိတ်သည် ထိုအသံ လာရာအရပ်၊ ထိုအသံပြုရာ လူ၊ တိရစ္ဆာန်၊ ယာဉ် စ သည်ဆီသို့ ရောက်သွားတတ်မြဲ ဖြစ်သည်။ သမာဓိအလုပ်ကို စိတ်ဖြင့် လုပ်နေရသည်ဖြစ်ရာ အသံလာရာဆီသို့ စိတ်ကလေးက ထွက်ထွက်သွားနေပါလျှင် အလုပ်ခွင်တွင် ဖင်မမြဲသော လူလိုဖြစ်ပြီး အလုပ်မတွင်ကျယ်နိုင်တော့ပါ။ လက်သမားအလုပ်၊ စက်ကိရိယာအလုပ်၊ လယ်ယာအလုပ် စသည်က အလုပ်မတွင်ကျယ်လျှင် ကြာရုံပဲ ရှိမည်။ ဆက်လုပ်၍ ဖြစ်နိုင်သေးသည်။ သမာဓိအလုပ်မှာမူ စိတ်ကလေးက အပြင်ထွက်ပြီး လမ်းသလားလွန်းပါက လုပ်ငန်း ပျက်ကျသွားတတ်ပါသည်။ ပျင်းရိမှု၊ ငိုက်မျဉ်းမှု၊ တွန့်ဆုတ်မှုတွေ ဒလဟောဝင်ရောက်လွှမ်းမိုးပြီး လုပ်ငန်းကို ဖျက်ဆီးပစ်တတ်ပါသည်။

သို့ဖြစ်သောကြောင့် ဈာန်သင်တန်းအတွက် အကောင်းဆုံး အသင့်တော်ဆုံးနေရာ၂ာ ဘာသံမျှ မကြားရသော ဆိတ်ငြိမ်နေရာမျိုး ဖြစ်ပါသည်။ မြတ်ဗုဒ္ဓက

သမာဓိထူထောင်ချင်သူသည် 'အရညဂတော= တော၊သို့သွား။ ရုက္ခမူလဂတော= သစ်ပင်ရင်းမှာထိုင်၊ သို့မဟုတ် သုညာဂါရဂတော= ဆိတ်ငြိမ်တဲ့ တစ်နေရာရာကို ရွေး'ဟု အလွယ်ဆုံး ညွှန်ကြားခဲ့ပါသည်။

### (၃) လုပ်ငန်းပြင်ဆင်ခြင်း

ဆိတ်ငြိမ်ရာဒေသတွင် တဲငယ်ဖြစ်စေ၊ ပို၍ကောင်းသော ခေတ်မီ အဆောက်အအုံကိုဖြစ်စေ ဆောက်လုပ်ရပါမည်။ အကယ်၍ အဆောက်အအုံကို မဆောက်နိုင်သေးလျှင် မိုးနည်းသောဒေသဖြစ်ပါက နံရံတစ်ခုကို ထောင်ရပါမည်။ ဤလောက်မျှ မလုပ်နိုင်ပါကလည်း သစ်ပင်ပါးပျဉ်းကြီးကြီးတစ်ခုကို ရှာ၍ နံရံအဖြစ် အသုံးပြုရပါမည်။

ထိုနံရံပေါ်တွင် လူတစ်ထိုင်စာ အမြင့်လောက်၌ နေရာတစ်ခု သတ်မှတ်ပါ။ ထိုနေရာသည် လူထိုင်၍ကြည့်လျှင် မော့လည်းမမော့ရ၊ ငုံ့လည်းမငုံ့ရဘဲ မျက်စိနှင့် မျဉ်းဖြောင့်တစ်တန်းကျသော နေရာမျိုး ဖြစ်ရမည်။ အကယ်၍ လူက ထိုင်ခုံပေါ်မှာ ထိုင်မည်ဆိုလျှင် မိမိမျက်စိနှင့် မျဉ်းဖြောင့်ကျကျ နံရံပေါ်မှာ နေရာသတ်မှတ်ပါ။ ထိုင်ခုံပေါ်မှ ခြေတွဲလွဲချထိုင်လျှင် ဖြစ်နိုင်စရာ ရှိသည်။ သို့သော် ယခု ကုလားထိုင်များလို နောက်မှီလက်တင် မပါသင့်။ ပက်လက်၊ ကုလားထိုင်နှင့် ဆိုဖာကိုမူ လုံးဝမသုံးသင့်။ အိပ်ပျော်သွားတတ်သည်။

ကြမ်းပြင်ညီပေါ်မှာဆိုလျှင် တင်ပျဉ်ခွေထိုင်၊ ထိုင်ခုံပေါ်မှာ ဆိုလျှင် ခြေတွဲလွဲ ချထိုင်နိုင်သည်။ မည်သို့ထိုင်ထိုင် မိမိမျက်စိနှင့် မျဉ်းဖြောင့်ကျကျ နံရံပေါ်မှာ နေရာတစ်ခု သတ်မှတ်ရမည် ဖြစ်ပါသည်။ မတ်တတ်ထလျှင်သော်လည်း ကောင်း၊ အိပ်၍ လဲလျောင်းလျက်သော်လည်းကောင်း သင်တန်းဝင်ရန် မဖြစ်နိုင်ပါ။

**ကသိဏ်းဝန်းတင်ခြင်း** ကသိဏ်းဝန်းကို ရွှံ့မြေစေးဖြင့် ပြုလုပ်ရသည်။ နံရံမှာ ကပ်ထားလျှင် ကွာမကျလာအောင် စေးကပ်လျှင် လုံလောက်သည်။ အတုံးအခဲ ကျောက်ပြုတ် ကျောက်ခဲများ မပါစေရပါ။ ထိုရွှံ့စေးကို အချင်းတစ်ပေခန့်ရှိ အဝိုင်းတစ်ခု ပြုလုပ်ရသည်။ ကြည့်မည့် မျက်နှာပြင်ဘက်တွင် မညီမညွတ် မရှိစေရပါ။ ချောနေစေရပါမည်။

ထိုမြေကသိဏ်းဝန်းကို နံရံပေါ်ရှိ မိမိသတ်မှတ်ထားသောနေရာ၌ တင်ထားရပါမည်။ ယင်းသို့ တင်ထားရာ၌ ခိုင်မြဲစေလိုသဖြင့် ချိတ်ခြင်း၊ ဆွဲခြင်း၊ ထောက်ခြင်း မလုပ်ရပါ။ သဘောက ကြည့်လိုက်သောအခါမှာ ဘေးဘီက ဘာအဆက်

အသွယ်မှ မရှိဘဲ ကသိုဏ်းဝန်းသန့်သန့် မြင်နိုင်စေရန် ဖြစ်ပါသည်။ လူများလျှင် တစ်ယောက် တစ်ခန်းကျ၊ တစ်ယောက် ကသိုဏ်းဝန်း တစ်ခုကျစီ ထားရပါမည်။

**(၄) အထိုင်ကျင့်ခြင်း**

အားလုံး ပြင်ဆင်ပြီးသောအခါ မိမိနေရာ၏ အလင်းရောင် အလိုက် ကသိုဏ်းဝန်းနှင့် ၃–ပေမှ ၆–ပေကွာ နေရာလောက်တွင် ကျကျနန ထိုင်ရပါသည်။ ကြမ်းပြင်ပေါ်မှာဖြစ်က ခြေနှစ်ခုကို ကြက်ခြေခတ်ယှက်၍ တင်ပျဉ်ခွေ ထိုင်ပါ၊ ခါးနှင့် ဦးခေါင်းကို အတတ်နိုင်ဆုံး ၉၀–ဒီဂရီကျအောင် မတ်မတ်ထားပါ၊ ခါးနှင့် ဦးခေါင်းကို မတ်မတ်ထားခြင်း အကျိုးမှာ ကြာရှည်ထိုင်နိုင်စေပါသည်။ ကျောရိုးဆက်များကြားရှိ ရိုးတွင်းခြင်ဆီတို့ စနစ်တကျ လည်ပတ်နိုင်သဖြင့် ကုန်းကုန်းကွေးကွေး ထိုင်သည်ထက် ပိုပြီး ကြာရှည်ထိုင်နိုင်စေပါသည်။ ထိုင်ခုံနှင့် ထိုင်လျှင်လည်း ခါးနှင့် ဦးခေါင်း မတ်မတ်ထားရပါမည်။ လက်ကိုမူ ပက်လက်လှန်၍ နှစ်ခုထပ်ကာ ပေါင်ရင်း၌ ချထားနိုင်ပါသည်။ သို့မဟုတ် လက်မှောက်ခုံချ၍ ပေါင်နှစ်ခုပေါ်မှာ တင်ထားနိုင်ပါသည်။ အမျိုးသမီး သင်တန်းသူဖြစ်က ပုဆစ်တုပ်၍ မိန်းမထိုင် ထိုင်နိုင်ပါသည်။ သို့သော် ခါးနှင့် ခေါင်းကို မတ်မတ်ထားရပါသည်။

ဤသို့ ထိုင်ရာ၌ အစတွင် ဝန်လေးစရာ ရှိပါသည်။ ခါးကို မတ်မတ် ထောင်ထားရသည်မှာ ဝန်တစ်ခုကို ချီထားရသလို စိတ်တွင် ခံစားရတတ်ပါသည်။ အပြင်မှာ နှသက်သာသလို စိတ်အလိုလိုက်၍ ထားချင်ထား၊ ထောင်ချင်ထောင်၊ ကုန်းချင်ကုန်း၊ ကော့ချင်ကော့၊ ထိုင်ချင်သလိုထိုင်နေရာမှ အခု အလုပ်ခွင်စည်းကမ်းနှင့် ထိုင်ရသောအခါ စိတ်ကျဉ်းကျပ်လာပါလိမ့်မည်။ ဤသည်မှာ အပြောင်းအလဲ တစ်ခု ကြုံတိုင်း တွေ့ရတတ်သည့် ဓမ္မတာပါ။ နောက်တဖြည်းဖြည်း ရိုးလာပါလိမ့်မည်။

စနစ်တကျ ထိုင်ပုံထိုင်နည်း ဟန်ကျလာသောအခါ ကသိုဏ်းဝန်းကို ကြည့်စမ်းရပါသည်။ အမြင်မရှင်းလျှင် ရှေ့တိုးထိုင်တန် ထိုင်၍ ကပ်လွန်းသလို ထင်ပြီး စိတ်ထဲမှာ ခပ်ပိတ်ပိတ် ဖြစ်နေသည် ထင်ပါက နောက်သို့ အနည်းငယ် ဆုတ်ထိုင် စမ်းကြည့်ရပါသည်။ အလောတော်ကျပြီဆိုလျှင် ထိုနေရာကို ယူရပါသည်။

## (ခ) ဆက်လက်အားထုတ်ခြင်း

### (၁) စိတ်နှိုးခြင်း

ရျာန်လေ့ကျင့်ခန်းကို မစမီ မိမိစိတ်ကို နှိုးပေးသင့်ပါသည်။ "ယခု ငါ စမ်းသပ်လုပ်ကိုင်မည့်နည်းသည် ဘုရားရဟန္တာနှင့်တကွ ထက်မြက်သူတွေ ကိုယ်တိုင် လုပ်သွားတဲ့နည်းပဲ ဖြစ်တယ်။ သူတို့ကိုယ်တိုင် ရရှိအောင်မြင်သွားလို့လဲ ယခုလိုလုပ်နည်းကိုင်နည်းတွေကို ထားခဲ့နိုင်ခြင်း ဖြစ်တယ်။ ယခုလဲ အိန္ဒိယ၊ တိဗက်လို ဒေသတွေမှာ သမထယောဂီတွေ လက်တွေ့ အောင်မြင်နေကြဆဲ ဖြစ်တယ်။ ငါလဲ ကြိုးစားလျှင် သူတို့လိုပဲ ရျာန် ရရမယ်။ ကြိုးစားဖို့သာ လို တယ်။ ဆန္ဒရှိလျှင်၊ လုံ့လဝီရိယရှိလျှင်၊ စိတ်ရှိလျှင်၊ ပညာရှိလျှင် ဘယ်အရာမဆို အောင်မြင်နိုင်တယ်" ဤသို့ စသည်ဖြင့် စိတ်ဓာတ်အားကို နှိုးပေးသင့်ပါသည်။

အကယ်၍ ရျာန်ယာဉ် စီမံကိန်းရေးဆွဲ၍ စနစ်တကျ စုပေါင်းကြိုးစား သောအခါမျိုး၌မူ နည်းစနစ်ပေါ် ယုံကြည်ချက် ခိုင်မြဲအောင် ကြိုးစားချင်စိတ်ပေါက် အောင် ၃–၄ ပတ်လောက် သင်တန်းပေးသင့်သည်။ ထိုသင်တန်းမှ ရသော နှိုးစိတ်ကို လုပ်ငန်းခွင် မစမီ အသုံးပြုရမည်။

အထူးအရေးကြီးသော အချက်မှာ ယင်းသို့ စိတ်ဓာတ်ခိုင်မြဲရေး သင်တန်း ပေးရာတွင် ရျာန်လုပ်ငန်းခွင်ဝင်ရင်း တွေ့တတ်ကြုံတတ် ခံစားရတတ်သောအချက် တို့ကို အနည်းငယ်မျှ စကားဦးသန်း၍ မပြောရပေ။ ဤအချက် လွန်စွာ အရေး ကြီးသည်။ မပြောအပ်တာကို ပြောမိလျှင် လုပ်ငန်းခွင်၌သွားပြီး အနှောင့်အယှက် ဖြစ်တတ်သည်။ စိတ်ကူးတွေ၊ စိုးရိမ်စိတ်တွေ၊ ကြောက်စိတ်တွေ ဝင်လာတတ်သည်။ ကြပ်ကြပ်ဆင်ခြင်ပါ။

စီမံကိန်းနှင့် အကောင်အထည်ဖော်သောအခါ သင်တန်းဆရာများ ထားရ ပါမည်။ ဆရာက စစ်ဆေးခြင်းမျိုးမဟုတ်ဘဲ သင်တန်းသားက သူ့အတွေ့ထူး အမြင်ထူးကို ပြောပြချင်တဲ့အခါ နားထောင်ရမည်။ ဆရာက စာနှင့်ပေနှင့် ညှိ၍ ရှေ့သို့ မည်သို့တိုး၍ ကြိုးစားရမြင်ရန် အကြံဉာဏ် ပေးရပါမည်။ သင်တန်း သားတစ်ဦးမှာ အပြင်းအထန်စွပ်လုပ်နေလျှင် သိမ်မွေ့စွာ အကဲခတ်၍ သူ့အမြင် အတွေ့ကို ပြောပြရန် တောင်းပန်သင့်က တောင်းပန်ရသည်။ သူလုပ်နေပုံ ဘုရားနည်းနှင့် ကိုက်ညီနေက သာဓုခေါ်၍ အားပေးရမည်။ တိမ်း ယိမ်း နေသည် ထင်က တည့်မတ်ပေးရမည်။ တစ်ဦးတည်း ကြိုးစားသူ ဖြစ်လျှင်လည်း ဤသို့သော ဆရာကောင်းကို ချဉ်းကပ်သင့်သည်။

## (၂) နိမိတ်ကို စောင့်ရှောက်ခြင်း

မိမိကြိုတင် ပြင်ဆင်ထားပြီးသည့်အတိုင်း ကသိုဏ်းဝန်းရှေ့မှာ ထိုင်ပါ။ ကိုယ်ကို နေသားတကျ နေရာယူပြီးနောက် မျက်စိကို မှန်တမ်းထား၍ ကသိုဏ်းဝန်းကို စိုက်ကြည့်နေပါ။ ကြည့်ခါစတွင် မျက်တောင် ခဏခဏ ခတ်ချင်လာတတ်သည်။ ခတ်ပါ။ နောက်တဖြည်းဖြည်း မျက်တောင်ခတ်ကြိမ် နည်းလာပါလိမ့်မည်။

ကသိုဏ်းဝန်းကို စူးစိုက်ကြည့်ရင်း စိတ်ထဲက မြေ–မြေ(ပထဝီ–ပထဝီ) ဟု တရစပ် မှတ်ပေးနေရမည်။ ပါးစပ်က ထုတ်ဆိုရန် မလိုပါ။ သဘောက ကိုယ့်စိတ်ကို ကသိုဏ်းဝန်းမှာပဲ ရှိနေအောင် သိနေအောင် မပြတ်လုပ်ပေးနေရခြင်းမျိုး ဖြစ်ပါသည်။ စိတ်ကို ကသိုဏ်းဝန်းနှင့် ဖမ်းနေခြင်း ဖြစ်ပါသည်။

ဤအခါတွင် စိတ်သည် နွားဆိုးကြီးလို ကသိုဏ်းဝန်းချည်တိုင်မှ ရုန်း၍ ရုန်း၍ ထွက်ပြေးပါလိမ့်မည်။ ကသိုဏ်းဝန်းကြီးကို ရှေ့မှာထားပြီး စိတ်က ဟိုဟိုဒီဒီ ပေါက်ကရ လျှောက်သွားပါလိမ့်မည်။ ဤသို့ စိတ်ထွက်ပြေးသောအခါ သတိအလွတ်မခံဘဲ ချက်ချင်း ကသိုဏ်းဝန်းဆီ စိတ်ကို ပြန်ပို့ပေးရမည်။ "မြေ မြေ"လို့ သိနေအောင် စိတ်ကို ကသိုဏ်းဝန်းပေါ် ပြန်တင်ပေးရမည်။ စိတ်က ပြေးထွက်လိုက်၊ သတိနှင့် ဝီရိယက ပြန်ဖမ်းပြီး ကသိုဏ်းဝန်းပေါ် တင်ပေးလိုက်နှင့် ဖြစ်နေလိမ့်မည်။

**ရန်သူဝင်လာခြင်း** ဤသို့ စိတ်နှင့် သတိ ဝီရိယတို့ နပန်းလုံးနေကြစဉ် ငိုက်မျဉ်းထိုင်းမှိုင်းမှု ဖြစ်လာတတ်သည်။ ဟုတ်မှ ဟုတ်ပါ့ မလား၊ ဟန်မှဟန်ပါ့မလားဟု သံသယတွေလည်း ဝင်လာတတ်သည်။ တွန့်ဆုတ်မှု၊ လုပ်ငန်းခွင် စွန့်လွှတ်ပြေးချင်မှု၊ တစ်ခုခုကို အလိုမကျ၍ စိတ်ဆိုးမှု၊ ကိုယ်စိတ် ဂနာမငြိမ်လွန်း၍ ဒေါသထွက်မှုမျိုးလည်း ဝင်လာတတ်သည်။ တောင်ကြံ မြောက်ကြံ၊ တောင်တွေး မြောက်တွေး၊ ကြံတတ် တွေးတတ်မိ၏။ ယခင်က မေ့မေ့ပျောက်ပျောက် ဖြစ်ခဲ့တာတွေလည်း ယခုမှ လာရှုပ်နေတတ်၏။ ဤအတွင်း စိတ်ကူးထဲမှာ အချောအလှအနိပ်တွေ မြင်ပြီး လိုချင်တပ်မက်လွန်းတဲ့ စိတ်တွေလည်း ပေါ်လာတတ်သည်။ ဤသည်တို့မှာ လုပ်ငန်း၏ ရန်သူတို့ပါတည်း။

ဤရန်သူတော်များ ခြေရှုပ်လာမှုကို အောင်မြင်ဖို့ ကိုယ့်စိတ်ကို ကသိုဏ်းဝန်းပေါ်မှာ မပြတ်တင်ပေးဖို့ပင် ဖြစ်သည်။ စိတ်ကလေးသည် ကသိုဏ်းဝန်းပေါ်မှာသာ နေလျှင် မည်သည့်ရန်သူကမှ မဖျက်ဆီးနိုင်။ ကသိုဏ်းဝန်းပေါ်က ဆင်းပြေးသည်နှင့် တစ်ပြိုင်နက် ရန်သူနှင့် တိုးတော့သည်ပင်။

သို့သော် ဖွဲသန်သန်နှင့် ဆက်ကာဆက်ကာ ကြိုးစားပေးလျှင် တစ်ခါနှင့် တစ်ခါ တစ်ရက်နှင့် တစ်ရက်၊ တစ်လနှင့်တစ်လ မတူဘဲ စိတ်ကလေးသည် ကသိုဏ်းဝန်းပေါ်မှာ ပျော်ပျော်လာပါလိမ့်မည်။ စိတ်ကလေးသည် ကသိုဏ်းခြံ၍ လုံလာသည်နှင့်အမျှ ရန်သူတော်များလည်း လက်လျှော့လက်လျှော့၍ ဆုတ်ခွာသွားကြလိမ့်မည်။

**စိတ်ပျော်လာလိမ့်မည်** မိမိစိတ်ကလေးကို ကသိုဏ်းဝန်းပေါ်မှာ ခပ်ကြာကြာ တင်ထား၍ ရလာပြီဆိုလျှင် မိမိဖြစ်စေချင်တာ ဖြစ်လာ၍လည်းကောင်း၊ မနိုင်ဖူးတဲ့စိတ်ကို နိုင်စ ပြုလာ၍လည်းကောင်း သဘောကျလာပါလိမ့်မည်။ လန်းဆန်းပေါ့ပါးလာပါလိမ့်မည်။ စိတ်ကလေးသည် တစ်နေရာတည်းမှာ ဝပ်လာတဲ့အတွက် စိတ်ငြိမ်မှု (ဝါ) စိတ်ချမ်းသာမှု ဖြစ်လာပါလိမ့်မည်။ စိတ်ငြိမ်လျှင် ကိုယ်လည်း ချမ်းသာလာမြဲ ဓမ္မတာပါ။

ဤအဆင့်မှ တိုးတက် ကြိုးစားသွားလျှင် စိတ်ကလေးသည် ကသိုဏ်းဝန်းပေါ် တင်ထားလိုက်သည်နှင့်တစ်ပြိုင်နက် ဘယ်မှ မထွက်မသွားတော့ဘဲ ကသိုဏ်းကိုပဲ သိနေပါတော့သည်။ သမာဓိ တည်နေသည်ဟု ခေါ်ပါသည်။ စိတ်သည် ယခင်က ပရမ်းပတာဘဝနှင့်မတူတော့ဘဲ အင်အားသတ္တိ ရှိလာပါသည်။ ထိုအခါတွင် ကသိုဏ်းဝန်းကို ရိုးရိုးမြင်နေကျထက် ပိုပြီး ပြတ်ပြတ်သားသား ထင်ထင်ရှားရှား မြင်လာပါတော့သည်။

**ကသိုဏ်းဝန်းတု အာရုံနှ** ဤအဆင့်မှ ဖွဲသန်သန်ဖြင့် ဆက်လက်ကြိုးစားသွားပြန်သောအခါ စိတ်တန်ခိုး ပို၍ ရှိလာသဖြင့် နံရံပေါ်က ကသိုဏ်းဝန်းကို မျက်စိဖြင့် မကြည့်တော့ဘဲ မျက်စိမှိတ်ထားလိုက်လျှင်လည်း မျက်စိဖြင့် ကြည့်သလိုပင် ကသိုဏ်းဝန်းကို မြင်လာရသည်။ ကသိုဏ်းဝန်းမရှိသော အခြားဘက်သို့ ကြည့်သော်လည်းကောင်း၊ တောတောင်ကောင်းကင်ကို ကြည့်သော်လည်းကောင်း၊ ဘယ်ကိုပဲကြည့်ကြည့် မျက်စိထဲမှာ ကသိုဏ်းဝန်းကိုပဲ မြင်နေရတော့သည်။ နံရံမှာ ကပ်ထားသည့် ကသိုဏ်းဝန်းပုံအတိုင်း ချွတ်စွပ် ထပ်တူမြင်နေရတော့၏။

ဤအဆင့်ရောက်လာသောအခါ နံရံပေါ်က မြေကသိုဏ်းဝန်း မလိုတော့ပြီ။ သူ့ကို ကြည့်ရန် မလိုတော့ပြီ။ မျက်စိထဲမှာ မြင်နေသည့် ကသိုဏ်းဝန်းအတုကိုပဲ ဆက်၍ ရှုရန် လိုတော့၏။ ဤကသိုဏ်းဝန်းအတုကို ဆက်၍ ဆက်၍ ရှုမြင်ပေးသော အခါ ကသိုဏ်းဝန်းသည် နဂိုနှင့် မတူတော့ဘဲ တဖြည်းဖြည်းချင်း

ပို၍ပို၍ နူးညံ့လာလိမ့်မည်၊ လှပလာလိမ့်မည်၊ မွှန်ချောလာလိမ့်မည်၊ ကြည်လင်လာလိမ့်မည်။

မိမိကိုယ်တွင်းမှာလည်း အင်မတန်စက်ကောင်းတဲ့ နာရီအသေးဆုံးကလေး၏ စက်လှုပ်နေသလို အသက်ရှူတာရော၊ နှလုံးခုန်တာရော လွန်စွာ ညင်သာနေလိမ့်မည်။ ဝမ်းဗိုက် အဖောင်း အပွ အလှုပ် အရှား ရှိက်ချက် သိမ်မွေ့လာ၏။ စိတ်က ကသိုဏ်းဝန်း အာရုံမှာသာ ရောက်နေခြင်းကြောင့် ထမင်းဆာခြင်း၊ ရေငတ်ခြင်းတို့လည်း နဂိုကထက် သိသိသာသာ နည်းလာလိမ့်မည်။ ဤအခြေအနေသည် ပထမစျာန် ပန်းဆွတ်ခါနီး အခြေအနေမျိုးတည်း။

**ပျောက်လျှင်ပြန်ဖော်** ဤမျှလောက် ခရီးပေါက်လာလျှင် အချို့သင်တန်းဝင်ပုဂ္ဂိုလ်များမှာ ဝင်းဝင်းလက်လက် အရောင်အဝါတွေဝင်လာတတ်သည်။ မိမိနားရွက်အနီး ကပ်ပြီး တစ်စုံတစ်ယောက်က တစ်ခုခုပြောလိုက်သလိုလည်း ကြားရတတ်သည်။ အထိတ်တလန့် ဖြစ်စရာ အသံဗလံမျိုးကိုလည်း မမျှော်လင့်ဘဲ ကြားရတတ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် သင်တန်းဝင်ပုဂ္ဂိုလ်အနေဖြင့် ဂရုစိုက်စရာ မဟုတ်ပေ။ မိမိ စိတ်ကိုသာ ကသိုဏ်းဝန်း အာရုံ၌ထက်ကြပ်မကွာ ကပ်ပေးထားရမည် ဖြစ်သည်။ စိတ်နှင့် ကသိုဏ်းအာရုံ ဂဟေမြဲနေဖို့သာ အရေးကြီးဆုံး ဖြစ်သည်။ ဤသို့ အထူးအဆန်းတွေနောက် စိတ်ပါသွားလျှင် ကသိုဏ်းဝန်းတုအာရုံ ပျောက်သွားလိမ့်မည်။

ထိုသို့ကသိုဏ်းဝန်းတု အာရုံပျောက်သွားလျှင် နံရံပေါ်ရှိ မူလ မြေကသိုဏ်းဝန်းကို ပြန်ရှုရပြန်သည်။ တစ်ကပြန်ပြီး စရပြန်သည်။ သို့သော် အစိမ်းလောက်မခက်တော့ပေ။ စာရပြီးမှ မေ့သွား၍ ပြန်ကျက်သည့် ကျောင်းသားလို ရလွယ်ပါသည်။ သို့ရာတွင် ရလိုက် မေ့လိုက် ခဏခဏ ဖြစ်ပါများလျှင် မကောင်းပေ။ ရှေ့လည်း ခရီးမပေါက် စိတ်လည်း လေလာတတ်သည်။ ထို့ကြောင့် မော်တော်ကားကို ဂီယာထိုးပြီး တစ်ချီတည်း တက်သကဲ့သို့ တစ်ရှိန်တည်း သမာဓိမပျက် ဆက်နိုင်အောင် ကြိုးစားအပ်သည်။

## (၃) ဈာန်ရခြင်း (ဈာန်စိတ် စတင်ဖြစ်ပေါ်လာခြင်း)

ကသိုဏ်းဝန်းတု အာရုံနကလေးကို အချိန်မရွေး မြင်နေရသောအဆင့်တွင်ဖွဲလုံ့လသန်သန်ဖြင့် ထပ်မနား စူးစိုက်ကြည့်မြင်ဖန်များလျှင် ထူးဆန်းသော စိတ်တစ်မျိုး မိမိသန္တာန်မှာ ပေါ်လာလေသည်။ ဤစိတ်သည် မိမိမွေးကတည်းက

တစ်ခါမှ မဖြစ်ဖူးသေးသော စိတ်ဖြစ်သည်။ ယခုမှ မိမိကိုယ်ထဲမှာ အသစ်ဖြစ်ပေါ်လာသော စိတ်ဖြစ်သည်။

ဤစိတ်တွင် အရည်အချင်း ငါးမျိုးပါလာသည်။ ယင်းတို့ကား–

- စိတ်နှင့်အာရုံ ဆွဲစပ်ပေးတတ်တဲ့ သဘော (ဝိတက်)
- အာရုံပေါ်မှာ စိတ်ကလေး ကြာကြာနေအောင် ဖန်တီးတတ်တဲ့ သဘော (ဝိစာရ)
- နှစ်သက်မှုသဘော (ပီတိ)
- ချမ်းသာ အေးမြမှုသဘော (သုခ)နှင့်
- အာရုံ၌ စိုက်၍ တည်ကြည်တတ်တဲ့သဘော (ဧကဂ္ဂတာ)တို့ ဖြစ်ကြသည်။

ဤစိတ်မှာ လောဘ၊ ဒေါသ၊ မောဟ စသော စိတ်၏ အဆိပ်အတောက်များ ကင်းနေသည်။ ထို့ကြောင့် ဤစိတ်သည် ဈာန်မရသော လူသာမန်တို့၏ စိတ်ထက် သတ္တိ ထက်မြက်သည်။ စွမ်းအားပိုသည်။

ဤစိတ်သည် ကသိဏ်းဝန်းတု အာရုံနကလေးကို ယခင်စိတ်များထက် ပိုပြီး စူးစူးစိုက်စိုက် ကြည့်မြင်နိုင်သည်။ အာရုံပေါ်မှာ ပို၍ ခိုင်မြဲစွာ စူးစိုက်ထားနိုင်သော ကြောင့် စိတ်ထိုင်းမှိုင်းမှု၊ သို့လော သို့လော သံသယဖြစ်မှု၊ ဆုတ်နစ်မှု၊ ပျံ့လွင့်မှု၊ လိုချင်တပ်မက်မှုများ လုံးဝမသိနိုင် မကပ်နိုင်တော့ချေ။ ဤစိတ်ကလေး ပလ္လင်ခံလာကတည်းက ဆိုခဲ့ပါရန်သူတော်တွေ လုံးဝလက်နက်ချလိုက်ကြရတော့သည်။

ဤစိတ်ကလေးကို ပထမဈာန်စိတ်ဟု ခေါ်သည်။ ဈာန်သင်တန်းသား ကိုယ်နှိုက်က ဤစိတ်ကလေးကို သိသည်။ ဤစိတ်ကလေး၏ အရည်အသွေးကို နားလည်လျက် ရှိသည်။ စာပေ ဗဟုသုတ အခံရှိသူ သင်တန်းသားမှာမူ ပထမဈာန်ကို ရပြီဟု သိ၏။ ထိုသို့ အခံမရှိက စိတ်သစ်နှင့် ယင်း အရည်အသွေးကိုသာ သိသည်။ ဘာစိတ်ပဲဟု နာမည်မခေါ်တတ်ပေ။

အချို့သော သူများသည် ဤပထမဈာန်စိတ်ကလေး ရပြီးနောက် ရှေ့သို့ ဆက်လက်၍ မကြိုးစား။ နည်းကိုလည်း မသိ။ ကြိုးစားပြန်လည်း တချို့မရ။ ထို့ကြောင့် ဤဈာန်လေးကိုသာ မပျောက်ပျက်ရအောင် ထိန်းသိမ်းပြီးနေရင်း

အသက်တမ်းစေ့သောအခါ သေကြရသည်။ ပထမဈာန်ရ ပုဂ္ဂိုလ်အဖြစ်နှင့် သေသည့်အတွက် ပထမဈာန်ဘုံမှာ ဗြဟ္မာ ဖြစ်ကြရသည်။

**ဒုတိယအဆင့်သို့**

သို့သော် အဘိညာဉ် လိုချင်သူအနေဖြင့် ဤတွင် ရပ်၍မရ။ ရှေ့သို့သာ တိုး၍ ကြိုးစားရမည် ဖြစ်သည်။ ရှေ့အဆင့်တက်ပုံကား ဤသို့တည်း–

မိမိ ရထားပြီးသော ပထမဈာန်စိတ်ကို ဆင်ခြင်သုံးသပ်ရသည်။ ဤစိတ်မှာ ဝိတက်ပါသည်။ ဝိစာရပါသည်၊ ပီတိပါသည်၊ သုခပါသည်၊ ဧကဂ္ဂတာခေါ် သမာဓိပါသည်။ ဤအင်္ဂါအရည်အသွေးများကို လေ့လာရသည်။ ထိုပထမဈာန်စိတ်ကလေးကို ဖော်ကြည့်လိုက်၊ အင်္ဂါတွေကို ဆင်ခြင်လိုက် ထပ်တလဲလဲ လုပ်ရသည်။ အင်္ဂါများကို ဆင်ခြင်တုန်းမှာ ပထမဈာန်စိတ်ကလေး ချုပ်နေလိမ့်မည်။ ဝေဖန်တတ်သည့် စိတ်ဖြင့် သူ၏ အင်္ဂါအရည်အချင်းတွေကို ဆုစ်ပိုင်း သုံးသပ်ခြင်း ဖြစ်၏။

ထိုဈာန်စိတ်ကလေးကို ဖော်ကြည့်ပြီး သူ့အတိုင်း ထားကြည့်ရသည်။ ဘယ်လောက်ကြာကြာ မိမိထားနိုင်မလဲဟု စမ်းသပ်ခြင်း ဖြစ်သည်။ သဘောက ကသိုဏ်းကို အာရုံပြု၍ ဥပါဒ်ဌီဘင်ဖြင့် ဖြစ်ချုပ်နေကြသောကြောင့် စိတ်တစ်ခုတည်း အကြာကြီး ဖြစ်နေသည်မဟုတ်၊ ကားပလတ်မှ မီးတဖျပ်ဖျပ်ပွင့်နေသည့် သဘောမျိုးပင်။ ဤစိတ်မျိုး ထပ်တလဲလဲ ဖြစ်နေစေခြင်းသာတည်း။ ဤသို့ တသွင်သွင် ဖြစ်နေသည့် စိတ်ကလေးကို ရပ်ချင်လျှင်လည်း အချိန်မရွေး ရပ်နိုင်အောင် (ဝါ) စိတ်အပြောင်းအလဲ မြန်မြန်လုပ်နိုင်အောင် လေ့ကျင့်ရပြန်သည်။

ထို့နောက်–

"ဒီစိတ်မှာ ပါဝင်နေတဲ့ မြင်မြင်ကရာအာရုံကို ကြံစည်တတ်သည့်သဘော (ဝိတက်)သည် ရန့်ရင်းသေးတယ်။ သူ့ကြောင့် ငါ ရထားသော ဈာန်စိတ်မှာ လာပြီး ဂယက်ရိုက်တယ်။ သူမရှိလျှင် စိတ် ပိုပြီး တည်ငြိမ်မယ်"

ဤသို့ သုံးသပ်ဆင်ခြင်ရသည်။ ဤသို့ သုံးသပ်ဆင်ခြင်ပါများလျှင် ဝိတက်သဘောကို လက်လွှတ်ချင်လာသည်။ တောင်ကြံမြောက်ကြံ ဘရုံတောက်တီး အချည်းနှီးကို သိမ်းဆည်းလိုလာပေသည်။

ထိုအခါ ဈာန်သင်တန်းသားသည် ကသိုဏ်းဝန်းကို ရှုသည့်အခါတွင် ကြောင့်ကြစိုက်ပြီး စိတ်ကို အာရုံပေါ်သို့ တင်ပေးမှု မပြုတော့ပေ။ စိတ်ကို အာရုံပေါ်သို့ ကြိုးစားမတင်ဘဲ စိတ်ကလေးက အာရုံကို သိနေရုံမျှသာ ထားလိုက်သည်။

ဤသို့ ဝိတက်ကိုလွှတ်၍ စိတ်နှင့်ကသိုဏ်းတု အာရုံနကလေး တွေ့ဆိုင်နေပါများလျှင် နောက်ထပ် စိတ်သစ်တစ်မျိုး ပေါ်လာပြန်သည်။ ဤစိတ်တွင်မူ ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူသော အင်္ဂါ(၄)ရပ်သာ ပါရှိလာသည်။ ဝိတက်သဘာဝ မပါတော့ချေ။ ဤစိတ်၌ သုံးသပ်မှုသဘော၊ နှစ်သက်မှုသဘော၊ ချမ်းအေးမှုသဘော၊ စူးစိုက်တည်ငြိမ်မှုသဘော ရှိသည်။ ဝိတက်မပါသော စိတ်ကို ဒုတိယဈာန်စိတ်ဟု ခေါ်သည်။

**တတိယ၊ စတုတ္ထနှင့် ပဉ္စမ**

ပထမဈာန်မှ ဒုတိယဈာန်သို့ တက်သောနည်းအတိုင်း ထိုဒုတိယဈာန်စိတ်ကို ဖော်ကြည့်၊ ထားကြည့်၊ လွှတ်ကြည့်၊ ဈာန်အင်္ဂါ ဆင်ခြင်ကြည့်၍ အလေ့အကျင့်ရသောအခါ "ဤစိတ်မှာ ပါသော ဝိစာရသဘောသည် ရုန့်ရင်းသေးတယ်။ ဝိတက်နှင့် သဘာဝချင်း နီး၍ စိတ်မချရ"ဟု ဆင်ခြင်လျက် ဝိစာရကိုစွကို လွှတ်ချင်လာပေသည်။

ကြိုးစားဖန် များသောအခါ ဝိစာရအပေါ် တွယ်တာမှုလျက် ဝိစာရမပါဘဲ နောက်ထပ် စိတ်သစ်တစ်မျိုး ပေါ်လာပြန်သည်။

ဤတတိယဈာန်စိတ်ကိုလည်း ဖော်ကြည့်လိုက်၊ ကြာရှည်ထားကြည့်လိုက်၊ အင်္ဂါအရည်အသွေး ဆင်ခြင်သုံးသပ်ကြည့်လိုက် စသည်ဖြင့် ယခဝ်နည်းအတိုင်း ပြုလုပ်ရသည်။ ဤအကြိမ်တွင် စိတ်၏နှစ်သက်မှု (ပီတိ)ကို ဝေဖန်ပြီး ပယ်ချရန် ဆုံးဖြတ်ရသည်။ ပီတိ၏ ဖိမ်ရှိမှုသဘောသည် ရုပ်ကိုယ်ကာယနှင့် ဆက်သွယ်နေသေး၍ ရုန့်ရင်းသေးသည်ဟု ပီတိကိုပယ်၍ ကသိုဏ်းဝန်းတု အာရုံနကလေးကို ထပ်၍ထပ်၍ ရှုသောအခါ သုခနှင့် ဧကဂ္ဂတာ အင်္ဂါနှစ်ရပ်သာ ပါသော စတုတ္ထဈာန်စိတ်သစ်တစ်မျိုး ပေါ်လာပြန်ပေသည်။

ဤစတုတ္ထဈာန်စိတ်ကိုလည်း ယခင်အတိုင်း သုံးသပ်ဝင်စား တည်ထား ထမြောက်စေပြီးနောက် "သုခ"အပေါ် အပြစ်ရှုလျက် ဆက်လက်ကြိုးစားရပြန်သည်။ ထိုအခါ ဥပေက္ခာနှင့် ဧကဂ္ဂတာအားဖြင့် အင်္ဂါနှစ်ရပ်သာ ရှိသော ပဉ္စမဈာန်စိတ်သစ် ပေါ်လာလေသည်။ ဤစိတ်သည် ကသိုဏ်းဝန်းတု အာရုံနကလေးအပေါ် စိုက်၍စွဲ၍ သိကာမျှမတွကလေးသာ ရှိတော့သည်။ အလွန့်အလွန် တည်ငြိမ်လျက် ရှိလေပြီ။ အလွန့်အလွန် သိမ်မွေ့၍ နေချပြီ။

ဈာန်သင်တန်းသားများအနက် ဉာဏ်စွမ်းဉာဏ်စ ပို၍ ထက်မြက်သူဖြစ်လျှင် ဝိတက်, ဝိစာရကို ယခုလို တစ်ခုစီ ပယ်မနေဘဲ နှစ်ခုလုံး တစ်ခါတည်း ပယ်ပစ်

နိုင်သည်။ ထိုသူမျိုးအတွက် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဟူ၍ ဈာန်လေးဆင့်သာ ဖြစ်သည်။ လေ့ကားကို ငါးလှမ်းနှင့် တက်သည်နှင့် လေးလှမ်းနှင့် တက်သည့်သဘော ဖြစ်သည်။ နောက်ဆုံးအဆင့်တွင် အတူတူပင် ဖြစ်သည်။ ထို့ကြောင့် ဉာဏ်နံ့သူ၏ ပဉ္စမဈာန်နှင့်ဉာဏ်ထက်သူ၏ စတုတ္ထဈာန်မှာ အရည်အသွေးခြင်း အတူတူသာ တည်း။

**လွယ်ကူသော ဩဒါတကသိုဏ်း** ကသိုဏ်း ၁၀-ပါးတို့တွင် အစဆုံးဖြစ်သော ပထဝီကသိုဏ်းဖြင့် ဈာန်ရအောင် အားထုတ်နည်းကို အထက်တွင် ဖော်ပြခဲ့ပါပြီ။ ကသိုဏ်း ၁၀-ပါးတို့တွင် မည်သည့် ကသိုဏ်းဖြင့်မဆို အထက်ပါ ပထဝီကသိုဏ်းကျင့်စဉ်အတိုင်း လက်တွေ့ ကျင့်သုံး၍ ဈာန်ကို အရယူနိုင်ကြပါသည်။ မိမိစိတ်က ချစ်ခင်နှစ်သက်သော၊ တွယ်လွယ်သော၊ အာရုံစွဲမြဲလွယ်မည်ထင်သော ကသိုဏ်းတစ်ခုခုကို မိမိ စိတ်ကြိုက်ရွေး၍ အားထုတ် နိုင်ပါ၏။

သို့ရာတွင် အခြေခံ မရှိသေးသော ရိုးရိုးပုဂ္ဂိုလ်တို့အတွက် လွယ်သော ကသိုဏ်း၊ ခက်သောကသိုဏ်းဟူ၍ ကွဲခြားမှုရှိကြောင်းကိုမူ လက်တွေ့သမားတို့က မှတ်တမ်းတင်ထားခဲ့ကြပါသည်။ ထိုသူတို့၏ မှတ်တမ်းအရ ပထဝီကသိုဏ်း၊ ဝါယောကသိုဏ်း၊ အာလောကကသိုဏ်း (မြေကသိုဏ်း၊ လေကသိုဏ်း၊ အလင်း ကသိုဏ်း) တို့သည် ခက်ခဲသည်။ နိမိတ် ရခဲသည်။ အာပေါကသိုဏ်း တေဇော ကသိုဏ်း အာကာသကသိုဏ်း (ရေကသိုဏ်း၊ မီးကသိုဏ်း၊ ကောင်းကင်ကသိုဏ်း) တို့မှာမူ အတန်ငယ် လွယ်ကူသည်)ဟု သိရပါသည်။

ပို၍လွယ်သည်မှာ နီလကသိုဏ်း(အညိုကသိုဏ်း)၊ ပီတကသိုဏ်း (ရွှေဝါ ကသိုဏ်း)၊ လောဟိတကသိုဏ်း(အနီကသိုဏ်း)၊ ဩဒါတ ကသိုဏ်း(အဖြူကသိုဏ်း) ဟူသော ဝဏ္ဏကသိုဏ်း(အရောင်ရှိကသိုဏ်း) လေးပါးတို့ ဖြစ်ပါသည်။

ထိုဝဏ္ဏကသိုဏ်းလေးမျိုးထဲတွင်လည်း ဩဒါတ ကသိုဏ်း(အဖြူကသိုဏ်း) သည် အလွယ်ဆုံး ဖြစ်ကြောင်း မှတ်တမ်းတင်ထားကြပါသည်။ လွယ်ကူပုံမှာ- ကသိုဏ်းဝန်း လုပ်ရ လွယ်သည်။ ကြည့်ရှုရ လွယ်သည်။ နိမိတ်ရ လွယ်သည်။ ထို့ပြင် ဩဒါတကသိုဏ်းသည် ဒိုက်မျဉ်း ထိုင်းမှိုင်းမှု ထိနမိဒ္ဓကို လျင်မြန်စွာ ကင်းစေသည်။ ယောဂီ၏ စိတ်ဉာဏ်ကို လွန်စွာ ကြည်လင်စေသည်။ ကသိုဏ်းဝန်း တု အာရုံ(ပဋိဘာဂနိမိတ်)ကို မရခင် အားထုတ်ဆဲ လမ်းခရီးမှာလည်း အထည် ဝတ္ထုအဟောင်းဟူသမျှကို အလိုရှိတိုင်း မြင်စေတတ်သည်။ တန်ခိုး အာနုဘော်ကြီးသည်။

ဘုရားရှင်ကိုယ်တိုင်ကလည်း ဩဒါတကသိုဏ်းကို ကသိုဏ်းတကာတို့ထက် အသာဆုံး အကောင်းဆုံးဟု ဟောကြားပါသည်။

သို့ဖြစ်သောကြောင့် သမထကမ္မဋ္ဌာန်းကို စတင်အားထုတ်လိုသူသည် အဖြူဩဒါတ ကသိုဏ်းကို ရှေးဦးစွာ ကြည့်ရှုအားထုတ်သင့်ကြောင်း ရှေးဆရာမြတ်တို့က တိုက်တွန်းညွှန်ကြားးထားကြလေသည်။

အဖြူ ဩဒါတကသိုဏ်းကို ပြုလုပ်ပုံမှာ အဖြူရောင်စက္ကူတစ်ချပ်ကို ယူ၍ စလောင်းဖုံးလောက်လည်း မငယ်၊ ဆန်ကောအရွယ်ထက်လည်း မကြီး(အချင်း ၁-ပေခန့်) အဝန်းအဝိုင်းပြုလုပ်ပြီး ပထဝီကသိုဏ်းနည်းတူ နံရံမှာ ကပ်ထားရန် ဖြစ်ပါသည်။

ထို့နောက် ထိုင်ပုံနှင့် ရှုမှတ်ပွားများပုံမှာ ပထဝီကသိုဏ်း၌ ဖော်ပြခဲ့သည့်နည်း အတိုင်းပင် ဆက်လက်အားထုတ်ရန် ဖြစ်ပါသည်။ ဤတွင် မြန်မာလို "အဖြူ၊ အဖြူ"ဟူ၍လည်းကောင်း၊ ပါဠိလို "ဩဒါတော၊ ဩဒါတော" ဟူ၍ လည်းကောင်း စိတ်ထဲက ပွားများရန်, ဖြစ်ပါသည်။ အသံထွက် မဆိုရပါ။ အရေးကြီးသည်က စိတ်မှတ်ပင် ဖြစ်ပါသည်။ ကသိုဏ်းဝန်းပေါ်မှာ မိမိစိတ်ကလေး ရစ်ဝဲတည်တံ့လာဖို့ ကြိုးစားရမှာ ဖြစ်ပါသည်။

ဘုရားပေးသော နည်းမှန်၊ လမ်းမှန်၊ ကျင့်စဉ်မှန်ဖြစ်၍ ဟုတ်တိပတ်တိ အားထုတ်လျှင် ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် (ပဥ္စမဈာန်) အထိ ဆက်ကာဆက်ကာ ရရှိသွားမည် ဖြစ်ပါသည်။

ဤစတုတ္ထဈာန်စိတ် (ဉာဏ်နုံ့သူအတွက် ပဥ္စမဈာန်စိတ်) ပေါ်လာသော အခါ ဈာန်ရှင်လူသား အခြေအနေမှာ အကြီးအကျယ် ပြောင်းလဲသွားလေပြီ။ မျှဉ်းမျှဉ်းကလေး ရှုနေသော အသက်သည် တစ်ခါတည်း ယတိပြတ် ရပ်သွားလေသည်။ စတုတ္ထဈာန် ဝင်စားနေသောအခါ အသက်ရှူ လုံးဝ ရပ်နေသောကြောင့် လူသည် အရုပ်တစ်ခုလို အလွန့်အလွန် တည်ငြိမ်လေသည်။

**အသက်မရှူသူ ရှစ်ဦး:** ခြောက်ခုမြောက်အဘိဓမ္မာကျမ်းကြီးဖြစ်သော 'ယမိုက်' ကျမ်းတွင် ကျမ်းငယ် ၁၀-ခု ပါဝင်ရာ ခြောက်ခုမြောက် ပင် ဖြစ်သော 'သင်္ခါရ ယမိုက်ကျမ်း'၌ ကာယသင်္ခါရအကြောင်း ပါရှိသည်။ ကာယသင်္ခါရဟူသည် အသက်ရှူရှိုက်မှု ထွက်သက် ဝင်သက်ပင် ဖြစ်သည်။ စတုတ္ထဈာန်ဝင်စားနေသူသည် အသက်ရှူခြင်းမရှိကြောင်း ဤကျမ်းမြတ်၌ မြတ်ဗုဒ္ဓ ဟောပြခဲ့သည်။

ထို့ပြင် ဤစတုတ္ထဈာန် ဝင်စားသော ပုဂ္ဂိုလ်ကဲ့သို့ပင် အသက်မရှူသူပေါင်း ရှစ်ဦး ရှိကြောင်းလည်း ရှေးဆရာမြတ်တို့က စုပေါင်းဖော်ပြထားသည်။

အသက်မရှူသူ ရှစ်ဦးကား–

၁။ အမိဝမ်းတွင်းရှိ သန္ဓေသားငယ်၊

၂။ ရေနစ်မွန်းနေဆဲလူ၊

၃။ အဆိပ်တက်ခြင်း၊ ဒဏ်ရာအပြင်းအထန်ရခြင်း စသည်ကြောင့် အလွန်တွေဝေမိန်းမောနေသူ၊

၄။ စတုတ္ထဈာန် ဝင်စားခိုက် ကာမပုဂ္ဂိုလ်၊

၅။ နိရောဓသမာပတ် ဝင်စားခိုက် ပုဂ္ဂိုလ်၊

၆။ သေနေသောသူ၊

၇။ ရူပဗြဟ္မာ၊

၈။ အရူပဗြဟ္မာ၊

ဤရှစ်ဦးတို့ ဖြစ်ကြသည်။

(သင်္ဂါရဝမိုက် အကောက်ကျမ်း၊ နှာ ၁၀၅)

ထွက်သက်ဝင်သက်ဟူသည် စိတ်ကြောင့် ဖြစ်လာသော ဝါယောဓာတ် ဖြစ်သည်။ လူတွင် ထွက်သက်အစကား ချက်တိုင်၊ အဆုံးကား နှာသီးဖျား၊ ဝင်သက်အစကား နှာသီးဖျား၊ အဆုံးကား ချက်ဖြစ်သည်ဟု ဝိသုဒ္ဓိမဂ် စသော ကျမ်းဂန်များတွင် ဖော်ပြသည်။ မှန်တမ်းအားဖြင့် ရှေးမြန်မာနာရီအားဖြင့် တစ်နာရီ ထွက်သက် ၃၆၀၊ ဝင်သက် ၃၆၀၊ နှစ်ရပ်ပေါင်း ၇၂၀ ဟု ရှေးဆရာတို့က တွက်ပြကြ၏။ ရှေးမြန်မာနာရီဖြင့် တစ်နေ့၌ နာရီ ၆၀– ရှိသည်။ ယခုခေတ် မိနစ်အားဖြင့် တစ်နာရီ၌ ၂၄–မိနစ် ရှိ၏။ ထို့ကြောင့် ၂၄–မိနစ်တွင် ထွက်သက် ဝင်သက်ပေါင်း ၇၂၀ ဖြစ်သည်ဟု ဆိုလိုသည်။

အသက်မရှူသူအဖို့ အသက်ရှူစရာ လေမလိုကြောင်း အထူးသတိပြုပါ။ ထို့ပြင် နလုံးလည်း ပုံမှန်ခုန်တော့မည် မထင်ပါ။ သို့သော် နိရောဓသမာပတ် ဝင်စားခန်းကို လေ့လာကြည့်လျှင် လူသားတစ်ဦးသည် လူ့ကမ္ဘာပေါ်မှာ ခုနစ်ရက်ထက် ပိုပြီး အသက်မရှူဘဲ မနေနိုင်ဟု သိနိုင်ပါသည်။ သို့ဖြစ်သောကြောင့် လူ

တစ်ယောက်သည် လူ့ကမ္ဘာတွင် ခုနစ်ရက်အထိ ဆက်တိုက်အသက်မရှူဘဲ နေနိုင်သည်ဟု ကောက်ချက်ချနိုင်ပါသည်။

**ရုပ်အာရုံကို ပယ်၍** အဘိညာဉ်ခရီးကား မဆုံးသေး၊ စတုတ္ထဈာန်စိတ် (ပဥ္စမဈာန်စိတ်)ကို ရရှိပြီးနောက် ရှေ့သို့တက်ရန် ကြိုးစားရဦးမည် ဖြစ်သည်။ ဤဈာန်စိတ်ကလေးကို ဖော်ကြည့်၊ ထားကြည့်၊ လွှတ်ကြည့်၊ အင်္ဂါအရည်အချင်း သုံးသပ်ကြည့်။ အမျိုးမျိုး လေ့လာပြီးနောက် ဈာန်အင်္ဂါမှာ ဥပေက္ခာနှင့် ဧကဂ္ဂတာနှစ်မျိုးသာ ကျန်ရှိတော့သဖြင့် ထပ်ဖြုတ်ချရန် မဖြစ်နိုင်တော့၍ အာရုံဘက် လှည့်ရပြန်၏။

"ဤယခု ငါရထားတဲ့ စတုတ္ထဈာန်စိတ်သည် ကသိုဏ်းဝန်းတု အာရုံနကလေးကို စွဲမှီဖြစ်ပေါ်နေရသဖြင့် ရုပ်နှင့်မကင်းသေး၊ ရန့်ရင်းသေး၏။ ဤရုပ်နယ်က အာရုံကို ဖယ်ချပစ်ရလျှင် ပို၍ကောင်းပေလိမ့်မည်" ဤသို့ယူဆ၍ ကသိုဏ်းဝန်းတု အာရုံနကလေးကို မရှုမမြင်တော့ဘဲ လွှတ်ပစ်လိုက်သည်။ ကသိုဏ်းဝန်းတု အာရုံနကလေး ပျောက်သွားသဖြင့် ကျန်နေခဲ့သည့် ဟင်းလင်းလဟာကိုသာ ရှုးစိုက်ပြီး "အဆုံးမရှိသော ကောင်းကင်လဟာ"ဟု အထပ်ထပ် ရှုမှတ်ရလေသည်။ ဤသို့ ရှုမှတ်ဆင်ခြင်ဖန် ပွားများဖန် များသောအခါ "အာကာသာနဉ္စာယတန ဈာန်စိတ်"ခေါ် စိတ်သစ်တစ်မျိုး ပေါ်လာပြန်သည်။ ဤဈာန်ကို အသားကျအောင် ဆက်၍ လေ့လာရပြန်သည်။

နောက်တစ်ဆင့်ဆက်ရန်မှာ "ဤအာကာဈာန်စိတ်သည် ရုပ်အာရုံပြုသော အောက်နားက စတုတ္ထဈာန်နှင့် နီးနေ၏"ဟု နှလုံးသွင်းကာ ကောင်းကင်ပညတ် အာရုံကို လွှတ်လိုက်ပြီး အာကာဈာန်စိတ်ကလေးကိုပင် ပြန်၍ အာရုံပြုလျက် အားထုတ်ရပြန်သည်။ အားထုတ်ပွားများဖန် များသောအခါ ဝိညာဏဉ္စာယတနဈာန်စိတ်ခေါ် စိတ်သစ်တစ်မျိုး ပေါ်လာပြန်သည်။

ဝိညာဈာန်စိတ် တော်တော်အသားကျလာသောအခါ ရှေ့သို့တက်ရဦးမည်။ "ဤဝိညာဉ်စိတ်သည် အာကာဈာန်စိတ်သို့ အလွယ်တကူ ပြန်ကျသွားနိုင်သည်။ သိပ်လည်း မငြိမ်သက်လှသေး"ဟု နှလုံးသွင်းလျက် အာကာဈာန်စိတ်ကိုပင် အာရုံမပြုတော့ဘဲ လွှတ်ပစ်လိုက်သည်။ ဤသို့ လွှတ်ပစ်လိုက်ပြီးခါမှ ထိုအာကာဈာန်စိတ်ကလေး လုံးဝချုပ်ဆုံး ပျောက်ကွယ်သွား၍ ဘာမျှမကျန်ခဲ့ခြင်းကိုပင် "ဘာမျှမရှိ (နတ္ထိကိဥ္စိ)"ဟု အဖန်ဖန်ရှုရလေသည်။ လူတစ်ယောက် ထိုင်နေသော နေရာ

မှ ထသွားပြီးနောက် ကျန်နေခဲ့သောနေရာကို "ဘာမျှမရှိဘူး၊ သူမရှိတော့ဘူး"ဟု မှန်းကြည့်ရခြင်းမျိုး ဖြစ်သည်။ ဤသို့ ရှုဖန်များသောအခါ အာကိဉ္စညာယတနဈာန် စိတ်ခေါ် စိတ်သစ်တစ်မျိုး ဖြစ်လာပြန်သည်။ ဤအာကိန်စိတ်သည် တုန်လှုပ်မှု လုံးဝ ကင်းလေပြီ။ အတိုင်းမသိ ငြိမ်သက်လေပြီ။

နောက်ဆုံးတွင် ဤအာကိန်စိတ်ကား "ငြိမ်သက်ပေစွ၊ မွန်မြတ်ပေစွ"ဟု အထပ်ထပ် ပွားများသောအခါ နေဝသညာ နာသညာယတနဈာန်စိတ်ခေါ် စိတ်သစ် တစ်မျိုး ပေါ်လာလေသည်။ ဤစိတ်ကား စိတ်လောကထဲမှာ ထိပ်ပိတ်တည်း။ ခေါင်ချုပ်တည်း။ စိတ်ဟူ၍သာ ဆိုရသည်။ စိတ်မှ ဟုတ်ပါလေတော့ရဲ့လား၊ ရှိသည်ဟုသာ ဆိုရသည်။ ရှိမှရှိပါတော့ရဲ့လား၊ ဤသို့ ထင်ရလောက်အောင် အလွန့်အလွန် သိမ်မွေ့နူးညံ့နေလေပြီ။

ဤအာကာ၊ ဝိညာ၊ အာကိန်၊ နေဝ ဈာန်စိတ်လေးမျိုးတွင်လည်း ဥပေက္ခာ နှင့် ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ ၂-ပါးစီပင် ရှိသည်။ သို့သော် တစ်ဆင့်ထက် တစ်ဆင့် ပို၍ နူးညံ့သိမ်မွေ့လာသည်။ အရည်အသွေး ပိုရှိလာလေသည်။

စိတ်သစ်တစ်ခုပေါ်ခါနီးတွင် လက်ရှိစိတ်ပေါ် တွယ်တာမှု (နိကန္တိတဏှာ) ကွာကျသွားမြဲ ဖြစ်သည်။ မူလလက်ရှိစိတ်ပေါ် အတွယ်အတာ ကင်းမဲ့စွာဖြင့် ဆက်လက်အားထုတ်တော့မှ နောက်စိတ်သစ်ပေါ်လာရခြင်း ဖြစ်သည်။

မြတ်ဗုဒ္ဓ ဟောပြ နည်းပေးခဲ့သဖြင့် ယခုလို ဈာန်အင်္ဂါနှင့် ဈာန်အာရုံများကို စီကာစဉ်ကာ "တက်လမ်း"ကို ဖြူးဖြူးဖြောင့်ဖြောင့် သိရခြင်း ဖြစ်သည်။ အချို့ ရှေးက ယောဂီများမှာမူ ပထမဈာန်စိတ်ရပြီး နောက်တစ်ဆင့်တက်ဖို့ ဘာလုပ်ရမှန်း တော်တော်နှင့်မသိဘဲ စမ်းတဝါးဝါး ဖြစ်နေကြရသည်။ ထို့နည်းတူ စတုတ္ထဈာန် ရပြီးနောက်လည်း အာကာဈာန်သို့ ဘယ်လိုကူးရမည်ကို သိနိုင်ခဲ့သည်။ ဘုရား အလောင်း၏ ဆရာ နာမည်ကျော် အာဠာရရသေ့ကြီးသည်ပင် အာကိန်ဈာန် ရ ထားပြီး ရှေ့ဘယ်လို တက်ရမှန်း မသိ၍ သေသည်အထိ ရှေ့ နေဝဈာန်သို့ တက်၍မသွားရပေ။ မိမိရရှိထားသော ဈာန်လက်ရှိနှင့် သေရလျှင် သက်ဆိုင်ရာ ဗြဟ္မာ့ဘုံ၌ ဗြဟ္မာ ဖြစ်ကြရသည်။ ဈာန်ရမှ ဗြဟ္မာဖြစ်သည်။ ဈာန်မရလျှင် မည်သည့်ကုသိုလ်ပြုပြု ဗြဟ္မာမဖြစ်နိုင်ချေ။

ပြန်၍ပေါင်းရုံးကြည့်လျှင် ဈာန်ယာဉ်သင်တန်းသား၌ အောက်ပါအတိုင်း သမာပတ် ၈ပါး(ကိုးပါး)ကို ရရှိနေပြီးဖြစ်ကြောင်း သိရပေမည်-

သမာပတ်ကိုးပါး (ရှစ်ပါး)

| စိတ် | အင်္ဂါအရည်အချင်း | အာရုံ |
|---|---|---|
| ၁။ ပထမဈာန်စိတ် | (ဝိတက်၊ဝိစာရ၊ပီတိ၊သုခ၊ဧကဂ္ဂတာ) | ကသိုဏ်းဝန်းတု အာရုံနှ |
| ၂။ ဒုတိယဈာန်စိတ် | (ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ) | ။ |
| ၃။ တတိယဈာန်စိတ် | (ပီတိ၊ သုခ၊ ဧကဂ္ဂတာ) | ။ |
| ၄။ စတုတ္ထဈာန်စိတ် | (သုခ၊ ဧကဂ္ဂတာ) | ။ |
| ၅။ ပဥ္စမဈာန်စိတ် | (ဥပေက္ခာ၊ ဧကဂ္ဂတာ) | ။ |
| ၆။ အာကာဈာန်စိတ် | ။ | ကသိုဏ်းကွာသည့် လဟာပညတ် |
| ၇။ ဝိညာဈာန်စိတ် | ။ | အာကာဈာန်စိတ် |
| ၈။ အာကိန်ဈာန်စိတ် | ။ | အာကာစိတ်ကင်းမဲ့မှု မရှိပညတ် |
| ၉။ နေဝဈာန်စိတ် | ။ | အာကိန်ဈာန်စိတ် |

**မှတ်ချက်။** ။ ယခု ပြထားသော သမာပတ် ၉–ပါးအစီအစဉ်မှာ ဉာဏ်နုံ့သူ၏ တက်ရောက်စဉ် ဖြစ်သည်။ ဉာဏ်ထက်မြက်သူမှာ ဝိတက်နှင့် ဝိစာရကို တစ်ပေါင်းတည်း တစ်ကြိမ်တည်း ပယ်ပစ်လိုက်နိုင်သည်။ ထို့ကြောင့် သူ့အနေဖြင့် ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထဟူ၍ လေးဆင့်သာ ဖြစ်သည်။ ဉာဏ်ထက်သူ၏ ဒုတိယဈာန်သည် ဉာဏ်နုံ့သူ၏ တတိယဈာန်နှင့် တူသည်။ ဉာဏ်ထက်သူ၏ စတုတ္ထဈာန်သည် ဉာဏ်နုံ့သူ၏ ပဥ္စမဈာန်နှင့် အင်္ဂါချင်းတူသည်။ ဉာဏ်ထက်သူအဖို့ သမာပတ် ရှစ်ပါးဟုသာ ရေတွက်ရသည်။

ပထမမှ စတုတ္ထ(ပဥ္စမ)အထိ ဈာန်လေးမျိုးက ဈာန်၏အာရုံကို အသေထားပြီး ဈာန်အင်္ဂါအရည်အချင်း လျှော့လျှော့ပြီး တက်ယူသည်။ ယင်းတို့ကို "ရူပဈာန်များ" ဟုခေါ်၏။ အာကာမှ နေဝဈာန်စိတ်အထိ လေးမျိုးက ဈာန်အင်္ဂါကို အသေထားပြီး အာရုံများကို ပြောင်း၍ပြောင်း၍ တက်သွားသည်။ ယင်းတို့ လေးမျိုးကို "အရူပဈာန်များ"ဟုခေါ်သည်။

ဖော်ပြပါ စိတ်၊ အင်္ဂါ၊ အာရုံဇယားကို ကြည့်၍ ပထမဈာန် အာရုံပြုတဲ့ ကသိုဏ်းဝန်းနှင့် နောက်ဆုံး နေဝဈာန်က အာရုံပြုသော အာကိန်ဈာန်စိတ်တို့၏ သိမ်မွေ့ပုံချင်း အပြတ်အသတ် ကွာခြားကြောင်း သိအပ်သည်။ ကသိုဏ်းအာရုံက ရုပ်အာရုံ၊ ကြမ်းသည်၊ မြင်လွယ် ထင်လွယ်သည်။ အာကိန်ဈာန်စိတ်ဆိုသည်မှာ နာမ်အာရုံ၊ သိမ်မွေ့လွန်းသည်၊ သိရန် မြင်ရန် ထင်ရန် အလွန်ခက်ခဲသည်။

စိတ်ဘက် ပြန်ကြည့်လျှင် အာရုံကြမ်းတဲ့ ပထမဈာန်စိတ်က အာရုံနုသော နေဝဈာန်စိတ်လောက် စွမ်းအားမကြီးချေ။ မတည်ငြိမ်ချေ။ မသိမ်မွေ့ချေ။ အာရုံ သိမ်မွေ့လေလေ နုလေလေ စိတ်စွမ်းအား ထက်မြက်လေလေ အားကောင်း လေလေ ဖြစ်သည်။

အာရုံနှင့် စိတ်ဆက်သွယ်ပုံ စဉ်းစားကြည့်တတ်လျှင် သိနိုင်ပါသည်။ ဥပမာ–ကျွန်ုပ်တို့ ဘောပွဲကြည့်စဉ်အခါ ဂယက်ထနေသော စိတ်မျိုးနှင့် ယိုးဒယား သီချင်းကို အေးဆေးစွာ နားထောင်နေသောအခါ တည်ငြိမ်စွာ ဖြစ်နေသည့် စိတ်မျိုး ဤနှစ်ရပ်ကိုပင် နှိုင်းယှဉ်ကြည့်ပါ။ စိတ်သည် အာရုံအလိုက် အတက်အနှံ့၊ အကြမ်းအနု ဖြစ်တတ်သော သဘော ရှိပါသည်။

ဈာန်ယာဉ်သူရဲကောင်းအလျာသည် ယခုအထိ သမာပတ်ရှစ်ပါး (ဉာဏ်နှံ့သူ အနေဖြင့် ၉–ပါး)ကို ရနေပြီ ဖြစ်ပါသည်။ သို့သော် သမာပတ် ရှစ်ပါးကို ရရုံမျှ ဖြင့် မြေလှိုးမိုးပျံ တန်ခိုး မဖန်နိုင်သေးပါ။ ဤသမာပတ် ရှစ်ပါးကို အခြေပြု၍ အဘိညာဉ် ရသောအခါမှ စိတ်သွားတိုင်း ကိုယ်ပါ၍ လိုရာအောင်မြင်ပါလိမ့်မည်။

**အဘိညာဉ်အဆင့်သို့** မူလက အခြေခံခဲ့သော ပထဝီကသိုဏ်းကို အာရုံပြု၍ မိမိရရှိပြီးသော ဈာန်စိတ်များကို ပြန်လည်ဖော်ကြည့်ရပါ မည်။ ပြန်လည် ဝင်စားရပါမည်။ ပထမတွင် အစဉ်အတိုင်း ပထမဈာန်စိတ်မှ စ၍ ဖော်ရပါသည်။ ဈာန်စိတ်ပေါ်လာလျှင် ထားကြည့်၊ လွှတ်ကြည့်၊ ဈာန်အင်္ဂါ ဆင်ခြင်ကြည့် စသည်ကို လုပ်ရပါသည်။ တစ်ဆင့်ပြီး တစ်ဆင့်တက်၊ ဤနည်းဖြင့် နေဝဈာန်အထိ သူ့အာရုံနှင့် သူ တက်ရပါသည်။ အစပိုင်းတွင် ဝင်စားမှု နှေးနေ ပါလိမ့်မည်။ ဝင်စားပါ များလာလျှင် မပင်မပန်းဘဲ ပထမဈာန်မှ အဆုံးဈာန်အထိ အလျင်အမြန် ဖော်ထုတ်ဝင်စားလာနိုင်ပါလိမ့်မည်။

ဤသို့ အစအဆုံး အနုလောမနည်းဖြင့် နိုင်လာသောအခါ အဆုံးနေဝဈာန်မှ ပြောင်းပြန် ပထမဈာန်သို့ ပြန်ဆင်း ဝင်စားကြည့်ရသည်။ "နမော တဿ"ကို ပြောင်းပြန် ဆိုကြည့်သလိုပင်။ ဤသို့ ဆုံးမှစ ပဋိလောမ နိုင်နင်းလာပြန်သော

အခါ အနုလောမ တစ်ကြော့၊ ပဋိလောမ တစ်ကြော့၊ အတက်–အဆင်း အပြန်ပြန် ဝင်စားရသည်။ ယင်း ပဋိလောမနည်း နိုင်နင်းလာပြန်သောအခါ တစ်ခုကျော်၊ နှစ်ခုကျော်လည်းကောင်း၊ အလယ်က ဖောက်၍ လည်းကောင်း ဝင်စား ကြည့်ရ ပြန်သည်။ "ဝင်စား"ဆိုသည်မှာ ဈာန်စိတ်ကို ဖော်ထား–လွှတ်–ဆင်ခြင် စသည်ကို လုပ်နေခြင်း ဖြစ်ပါသည်။

ဤသို့ ပထဝီကသိဏ်းအာရုံဖြင့် သမာပတ်ရှစ်ပါးကို နိုင်နင်းပြီးသော အခါ အာပေါကသိဏ်း စသည်ကို ပြောင်း၍ အထက်ပါနည်းအတိုင်း ဝင်စား လေ့ကျင့်ရပါသည်။ ကသိဏ်း ၁၀–ပါးစုံလျှင် အစကသိဏ်းမှ အဆုံးကသိဏ်း အတက်အဆင်း အထွင်းအဖောက် ဝင်စားရပါသည်။ ကသိဏ်းကို အားလုံး နိုင်ပြီးသောအခါ သမာပတ်ရှစ်ပါးနှင့် ကသိဏ်း ၁၀–ပါးရောပြီး ကျင့်ရပြန်ပါသည်။ ဥပမာ–ပထမဈာန်က ပထဝီကသိဏ်းကို အာရုံပြုလျှင် ဒုတိယဈာန်က အာပေါ ကသိဏ်းကို အာရုံပြုသည် စသည်မျိုး ဖြစ်၏။

ဤသို့ ဖွဲ့ရှိရှိ လေ့ကျင့်ဝင်စားဖန်များသောအခါ ဈာန်သူရဲ၏ စိတ်သည် အတိုင်းမသိ သိမ်မွေ့လာသည်။ အတိုင်းမသိ စူးရှထက်မြက်လာသည်။ စိတ်၌ ယှဉ်သော သမာဓိအား အစွမ်းလည်း အတိုင်းမသိ ကြီးမားလာသည်။ စိတ်၌ ယှဉ်သော ပညာမှာ ဘာမဆို သိသည့်အစွမ်း ရှိလာပြီး အဘိညာဉ်အဆင့် ရောက် လာသည်။ ထိုအခါ ဈာန်သူရဲသည် အဘိညာဉ်ရပြီ ဖြစ်ပါသည်။

**မှတ်ချက်။ ။** ပါရမီဓာတ်ခံ ကြီးမြင့်၍ ဉာဏ်အလွန်ထက်မြက်သူဆိုလျှင် ယခုလို ကသိဏ်း ၁၀–ပါးကို အနုလောမနည်း စသည်ဖြင့် အထပ်ထပ် လေ့လာဝင်စားရန် မလိုပေ။ ပဉ္စမဈာန် (စတုတ္ထဈာန်)ရကတည်းက အဘိညာဉ်ကိုပါ ရလာတတ်ပေသည်။

ဤနေရာတွင် ရုပဗေဒဘက်သို့ လှည့်ကြည့်သင့်ပါသည်။ ရိုးရိုးမျက်စိဖြင့် မြင်ရန် မဆိုထားဘိ။ မိုက်ခရိုစကုပ် အကောင်းဆုံးဖြင့်သော်မှ မမြင် မတွေ့ရ လောက်အောင် သေးငယ်သိမ်မွေ့လှသော အနုမြူသည် မည်မျှ စွမ်းရည်သတ္တိကြီးမား ထက်မြက်လေသနည်း။ အနုမြူကို ထပ်ခွဲ၍ တွေ့ရှိအပ်သော အီလက်ထရွန်၊ ပရိုတွန်၊နျူထရွန်ဓာတ်တို့သည် မည်မျှ ဆန်းကြယ်လေသနည်း။ မည်မျှ အသုံးဝင် လေသနည်း။ ပဋိပက္ခနှင့် တွေ့သောအခါ မည်မျှလောက် သတ္တိပြကြသနည်း။ ဤသို့လျှင် အတိုင်းမသိသိမ်မွေ့သော ရုပ်အနုစ်ဓာတ်တို့၏ အကြောင်းကို ဆင်ခြင် အပ်သည်။

စိတ်ပိုင်းတွင်လည်း ဤသဘောမျိုးပင် ဖြစ်သည်။ လမ်းပေါ်က လူတို့၏ ရိုးရိုးစိတ်ဓာတ်မှာ ကိလေသာ အညစ်အကြေး မကင်း၍ ရိုးရိုးစွမ်းရည်မျှသာ ရှိသည်။ ဈာန်သူရဲ၏ အတိုင်းမသိ သိမ်မွေ့သန့်ရှင်းသော၊ ကိလေသာ ကင်းကွာသောစိတ်မှာ အတိုင်းမသိ ထူးခြားထက်မြက်သော စွမ်းရည်ရှိလေသည်။ ဤသည်မှာ သဘာဝကျသော အချက်ပင် ဖြစ်သည်။

သို့ဖြစ်သောကြောင့် အဘိညာဉ်ကို ရထားသူသည် သူ့စိတ်က ဖြစ်စေချင်သမျှ အကုန်ဖြစ်လာပေတော့သည်။ အာကာသရှိ မည်သည့်ဂြိုဟ်၊ မည်သည့်ဗိမာန်သို့မဆို ပျံတက်ရောက်ရှိနိုင်၏။ မြေလွှာခွဲဝင်၍ မြေသို့ လျှိုးချင်သလို လျှိုးနိုင်၏။ သမုဒ္ဒရာ ရေပြင်ပေါ်မှာ လမ်းလျှောက်နိုင်သည်။ သမုဒ္ဒရာအောက်ငုပ်၍ နေနိုင်သည်။ လူသတ်လက်နက်အားလုံးကို ကြံ့ကြံ့ခံနိုင်သည်။ မီးမကူးအောင် လုပ်နိုင်သည်။ အဆိပ်မသင့်အောင် တားနိုင်သည်။ ဖြစ်စေချင်သော သက်ရှိသတ္တဝါအမျိုးမျိုး ဝတ္ထုပစ္စည်း တစ်ခုခုကို ဖန်ဆင်းဖြစ်ပေါ်လာစေနိုင်သည်။ သူ့ကိုယ်ကို ဖျောက်နိုင်သည်။ တစ်ပါးသူ၏စိတ်အကြံအစည်ကို သိနိုင်သည်။ မည်မျှလောက် ဝေးသော အရပ်က ပြောသောစကားကို ဖြစ်စေ၊ အလုံခန်းမှာ ဝင်ပြောသော စကားကိုဖြစ်စေ ကြားလိုလျှင် ကြားအောင်ဟတ်နိုင်သည်။ ဘာသာမျိုးစုံ၊ စကားမျိုးစုံကို နားလည်နိုင်သည်။ မှောင်ချနိုင်သည်။ အလင်းရောင် ဖန်တီးနိုင်သည်။ ရှေးရှေးက ဖြစ်ပျက်ဖူးခဲ့သမျှကိုလည်း ပြန်ပြောင်းသိရှိနိုင်သည်။ ရှေ့မှာ ဘာဖြစ်လိမ့်မည်ဟုလည်း ကြိုတင်ပြောပြနိုင်သည်၊

အချုပ်အားဖြင့် သတ်ဖြတ်ညှဉ်းဆဲခြင်း စသော မကောင်းဆိုးဝါး အလုပ်များမှတစ်ပါး အပြစ်ကင်းသောအရာဟူသမျှကို လုပ်နိုင်ပေသည်။ အဘိညာဉ်လူသားသည် လူယုတ်မာ မဟုတ်သည့်အတွက် လုပ်ချင်ရာရာ အကုန် လုပ်နိုင်သော်လည်း အဖျက်လုပ်ငန်းများကို မလုပ်ပေ။ အကယ်၍ မကောင်းသည်ကို လုပ်ခဲ့မိသော် ချက်ချင်း ဈာန်အဘိညာဉ် ကွယ်ပျောက်၍ ရိုးရိုးလူသားဘဝ ပြန်ရောက်သွားလေသည်။

ဤအခန်းကို အဆုံးမသတ်မီ စကားချပ်၍ မှာချင်ပါသေးသည်။ သမထကမ္မဋ္ဌာန်းကို အားထုတ်၍ ဈာန်အဘိညာဉ် တစ်စုံတစ်ရာ မရစေကာမူ အချည်းနှီး အလဟဿ မဖြစ်ပါ။ ဤအကြောင်းကို အင်္ဂုတ္တိုရ်ပါဠိတော် အစ္ဆရာသင်္ဃာတကသိဏ သုတ်၌ အောက်ပါအတိုင်း မြတ်စွာဘုရား ဟောကြားခဲ့ပါသည်။–

"ချစ်သားရဟန်းတို့၊ အဖြူသြဒါတကသိုဏ်းကို လက်ဖျစ်တစ်တွက် အချိန်ကလေးလောက်ပင် ဖြစ်စေ ကြည့်ရှုပွားများသော ရဟန်းကို ဈာန်တရားနှင့် မကင်းဆိတ်ဘဲနေသော ရဟန်းဟူ၍ လည်းကောင်း၊ ငါဘုရား၏ သာသနာတော်ကို ထမ်းရွက်သော ရဟန်းဟူ၍လည်းကောင်း၊ ငါဘုရား၏ သြဝါဒကို လိုက်နာသူ ဟူ၍လည်းကောင်း၊ ပြည်သူတို့က ပေးလှူသော ဆွမ်းကို အချည်းနှီးမဖြစ်စေဘဲ အကျိုးကြီးစေသူ ဟူ၍လည်းကောင်း ဆိုအပ်ပေ၏။ အကယ်၍ လက်ဖျစ်တစ်တွက်မျှမက အကြိမ်များစွာ ပွားများ အားထုတ်ပါမူကား အဘယ်သို့ ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။

အခြားအခြားသော ကသိုဏ်းတို့ကိုလည်း ဤနည်းအတိုင်း ဘုရားရှင်က ချီးကျူးဟောကြားတော်မူထားပါသည်။

လူဝတ်ကြောင်တို့အနေဖြင့် သမထကသိုဏ်းရှုပါလျှင် ဈာန်မရစေကာမူ အကျိုးမယုတ်ကြောင်း အထက်ပါ ဒေသနာတော်ကို ထောက်ထား သိရှိနိုင်ပါသည်။ ဈာန်အဘိညာဉ်ကို ရပါမူကား အဘယ်သို့ ဆိုဖွယ်ရာရှိပါတော့အံ့နည်းဟု ပြောရပေမည်။

ထိမထိုးသူသည် မည်သည့်အခါမျှ ထိမပေါက်ပေ။ ထိထိုးလျှင်မူ ကံကောင်းထောက်မပါက ပေါက်ပေလိမ့်မည်။ ဤဥပမာကဲ့သို့ပင် သမထကသိုဏ်း ဘာဝနာကို အားမထုတ်သူအဖို့ ဈာန်မရသည်မှာ သေချာသည်။ အားထုတ်ပါမူကား ပါရမီအခြေခံရှိပါက ဈာန်အဘိညာဉ်ကို ရနိုင်ပေသည်။ ဈာန်အဘိညာဉ်ကို ရဖို့ရန်ကား သိပ်ခက်သည် မဟုတ်ပေ။ ခက်သည်က အားထုတ်ဖြစ်ဖို့သာ ခက်ပေသည်။ မိမိကံကို မိမိရော အခြားသူပါ ကြိုတင်မသိနိုင်သကဲ့သို့ မိမိ၏ ပါရမီ အခြေခံကိုလည်း မိမိရော အခြားသူတို့ပါ ကြိုတင် ခန့်မှန်းနိုင်ခြင်း မရှိပေ။ သို့ဖြစ်သောကြောင့် အဆင်သင့်လျှင် အားထုတ်ကြည့်ပါက မမှားနိုင်ပေ။

ထို့ပြင် အချို့က သမထလမ်း၊ ဈာန်လမ်းကို အထင်သေးတတ်ကြသည်။ ဝိပဿနာမှ အထင်ကြီးတတ်သည်။ တစ်နည်းအားဖြင့် သမထလမ်းက လမ်းရှည်ဟု ယူဆကြသည်။ သို့ရာတွင် သမထနည်းဖြင့်ရသော ဈာန်သမာဓိကို လက်ကိုင်ပြု၍ ဝိပဿနာပွားများ အားထုတ်လျှင် ယခု ဈာန်မရှိသော လူစိမ်းများထက် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး ၃-ပါးကို ပို၍ သိမြင်လွယ်ပေသည်။

ဘုရားရှင် အဆူဆူတို့သည် အာနာပါနသမထကမ္မဋ္ဌာန်းဖြင့် ဈာန်လေးပါးကို ရအောင် အရင်အားထုတ်ပြီးမှ မဂ်လမ်းဖိုလ်လမ်းသို့ အရောက်ကူးသန်းမြဲ ဖြစ်လေသည်။ သာမန် သမာဓိအား၊ ဉာဏ်အားဖြင့် ရုပ်နာမ် ဓမ္မသဘာဝလက္ခဏာကို

မြင်ဖို့အရေး ဝေးလှသေး၏။ ထို့ကြောင့် အနည်းဆုံး ဥပစာရ သမာဓိ (ဈာန် အနီးကပ် သမာဓိ)မျိုးကို ရအောင် အားထုတ်ပြီးမှ ဝိပဿနာကို ရှုကြရလေသည်။

ဤသို့ ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ပါလျှင် တစ်ဖက်က သမထကသိုဏ်း ဈာန်အပိုင်းကို အမြင်အထင် မသေးအပ်၊ တစ်ခါ ဈာန်သမားတို့ကလည်း သာသနာပ ဈာန်ရှင်တို့ကဲ့သို့ ဈာန်အဘိညာဉ်တွင် လမ်းဆုံးမနေဘဲ ဝိပဿနာခရီးလမ်းဆုံးအထိ လိုက်ကြရန် မမေ့သင့်ဟူသော အချက်မှန်ကို ကောင်းစွာ တွေ့မြင်ကြရမည် ဖြစ်ပါပေသတည်း။

**အကျဉ်းချုပ်။** ဤအခန်း၌ မြတ်ဗုဒ္ဓနည်းဖြင့် ဈာန်အဘိညာဉ် ရအောင် လက်တွေ့ အားထုတ်နည်းကို ဖော်ပြပါသည်။ မကျင့်ခင် ကြိုတင် ပြင်ဆင်ရမည့် အချက်များ၊ အလုပ်ခွင်၌ နေရာယူပုံ၊ စိတ်ဓာတ်တည်ဆောက်ပုံ များနှင့် လုပ်ငန်း၏ အနှောင့်အယှက် ဖြစ်လာလျှင် ကျော်လွှားနည်း များကို အသေးစိတ် ဖော်ပြပါသည်။ ထို့ပြင် တစ်ဈာန်မှတစ်ဈာန် တက်ရောက်ပုံ၊ ဈာန်ကစားပုံနှင့် အဘိညာဉ်ရ၍ မည်သို့သော စွမ်းရည်များ ရှိလာပုံတို့ကို လွယ်လွယ် ရှင်းရှင်း တင်ပြထားပါသည်။

**မှတ်ချက်။**

ယခု ဤစာအုပ်၌ အခန်း(၈)'သမထကမ္မဋ္ဌာန်းအားထုတ်နည်း'အဖြစ် ဖော်ပြသော ရေးသားချက်တို့သည်လည်းကောင်း၊ ဤစာရေးသူသည် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တာဝန် ထမ်းဆောင်စဉ်က ရေးသားပြုစုထုတ်ဝေပေးခဲ့သော 'ဗုဒ္ဓဘာသာကောင်းတစ်ယောက်'စာအုပ်ပါ အခန်း(၈) 'သမထ ကမ္မဋ္ဌာန်း အားထုတ်နည်း' အခန်းပါ ရေးသားချက်တို့သည် လည်းကောင်း ဤစာရေးသူသည် နှစ်ဖက်လှ ကလောင်အမည်ဖြင့် ရေးသား ထုတ်ဝေထားသော ၁၉၈၁-ခု၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်ထုတ် 'သိပ္ပံ ခေတ်နှင့် ဗုဒ္ဓ၏အစိန္တေယျတရား'စာအုပ်၊ အခန်း (၄) 'ဈာန်အဘိညာဉ်ရအောင် လက်တွေ့အားထုတ်နည်း' ခေါင်းစဉ်ပါ ရေးသားချက်အားလုံးကို ကူးယူ ထည့်သွင်းပေးထားခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ 'ဗုဒ္ဓဘာသာကောင်းတစ်ယောက်' စာအုပ်ပါအခန်း(၈)၊ 'ဗုဒ္ဓ ဘာသာ လူတော် လူကောင်းတစ်ယောက်' စာအုပ်ပါ အခန်း(၈)တို့၌ ဖော်ပြ ပါရှိသော 'သမထကမ္မဋ္ဌာန်းအားထုတ်နည်း'ရေးသားချက်သည် စာရေးဆရာ နှစ်ဖက်လှ မူပိုင်ဖြစ်သော **'သိပ္ပံခေတ်နှင့် ဗုဒ္ဓ၏အစိန္တေယျတရား'** စာအုပ်မှ အခန်း(၄)၏မူပွားများသာ ဖြစ်ပေသည်။

**နှစ်ဖက်လှ**

## အခန်း(၉)

# မဟာသတိပဋ္ဌာနသုတ်တော် မြန်မာပြန်

**အကျဉ်းချုပ်** ရဟန်းတို့၊ ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန် စိုးရိမ် ပူပန်ခြင်း၊ ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန်၊ အရိယမဂ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တစ်ကြောင်းတည်းသောခရီးလမ်း ဖြစ်ပေ၏။ ယင်းသည့်ခရီးလမ်းကား ဤသတိပဋ္ဌာန် လေးပါးတို့ပင်တည်း။

အဘယ်လေးပါးတို့နည်းဟူမူ–

ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍၊ သမ္ပဇဉ်ဉာဏ် ရှိသည်ဖြစ်၍ သတိ[1] ရှိသည်ဖြစ်၍ လောက[2]၌ အဘိဇ္ဈာ[3] ဒေါမနဿ[4]ကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

အကျဉ်းချုပ်ပြီး၏။

---

၁။ အောက်မေ့ခြင်း

၂။ ဥပါဒါနက္ခန္ဓာလောကကို ဆိုသည်။

၃။ လိုချင်တပ်မက်ခြင်း

၄။ နှလုံးမသာခြင်း

## (က) ကာယာနုပဿနာသတိပဋ္ဌာန်

### (၁) ထွက်သက်ဝင်သက်ကို ရှုဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့၊ အဘယ်သို့လျှင် ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။

ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် တောသို့ သွားရောက်၍ ဖြစ်စေ၊ သစ်ပင်ရင်းသို့ သွားရောက်၍ ဖြစ်စေ၊ ဆိတ်ငြိမ်ရာသို့ သွားရောက်၍ဖြစ်စေ တင်ပျဉ်ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ သတိကို(ကမ္မဋ္ဌာန်းသို့) ရှေ့ရှု ဖြစ်စေလျက် ထိုင်၏။ ထိုရဟန်းသည် သတိရှိလျက်သာလျှင် ထွက်သက်လေကို ရှိုက်၏[၁]။ သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှူ၏။ ရှည်ရှည်ရှိုက်လျှင်လည်း "ရှည်ရှည် ရှိုက်သည်"ဟု သိ၏။ ရှည်ရှည်ရှူလျှင်လည်း "ရှည်ရှည်ရှူသည်"ဟု သိ၏၊ တိုတိုရှိုက်လျှင်လည်း "တိုတိုရှိုက်သည်"ဟု သိ၏။ တိုတိုရှူလျှင်လည်း "တိုတိုရှူသည်"ဟု သိ၏။ (ထွက်သက်လေ၏) "အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှိုက်မည်"ဟု ကျင့်၏။ (ဝင်သက်လေ၏) "အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှူမည်"ဟု ကျင့်၏။ "ရုန့်ရင်းသော ထွက်သက်ကို ငြိမ်းစေလျက် ရှိုက်မည်"ဟု ကျင့်၏။ "ရုန့်ရင်းသော ဝင်သက်ကို ငြိမ်းစေလျက် ရှူမည်"ဟု ကျင့်၏။

ရဟန်းတို့၊ ဥပမာသော်ကား ကျွမ်းကျင်သော ပွတ်သမားသည်လည်းကောင်း၊ ပွတ်သမား၏ တပည့်သည်လည်းကောင်း (ပွတ်ကြိုးကို) ရှည်ရှည်ဆွဲငင်လျှင်လည်း "ရှည်ရှည်ဆွဲသည်"ဟု သိ၏။ (ပွတ်ကြိုးကို) တိုတိုဆွဲလျှင်လည်း "တိုတို ဆွဲသည်"ဟု သိ၏။ ရဟန်းတို့၊ ဤအတူပင် ရဟန်းသည် ရှည်ရှည် ရှိုက်လျှင်လည်း "ရှည်ရှည်ရှိုက်သည်"ဟု သိ၏။ ရှည်ရှည်ရှူလျှင်လည်း "ရှည်ရှည်ရှူသည်"ဟု သိ၏။ တိုတိုရှိုက်လျှင်လည်း "တိုတိုရှိုက်သည်"ဟု သိ၏။ တိုတိုရှူလျှင်လည်း "တိုတိုရှူသည်"ဟု သိ၏။(ထွက်သက်လေ၏)"အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှိုက်မည်"ဟု ကျင့်၏။ (ဝင်သက်လေ၏)"အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှူမည်"ဟု ကျင့်၏။ "ရုန့်ရင်းသော ထွက်သက်ကို ငြိမ်းစေလျက် ရှိုက်မည်"ဟု ကျင့်၏။ "ရုန့်ရင်းသော ဝင်သက်ကို ငြိမ်းစေလျက် ရှူမည်"ဟု ကျင့်၏။

---

၁။ ဝမ်းဗိုက်ကို ရှိုက်၍ လွတ်ရသည်ကိုရည်၍ ထွက်လေလွတ်သည်ကို ရှိုက်သည်ဟု ဝေါဟာရ ပြုသည်။ ဝိနည်းအဋ္ဌကထာအလိုဖြစ်စဉ် ပဝတ္တိက္ကမအရ ထွက်လေ၊ ဝင်လေ ဟုအနက်ပေးသည်။ သုတ်အဋ္ဌကထာအလိုကျင့်စဉ်ပဋိပတ္တိက္ကမအရ ဝင်လေ၊ ထွက်လေ ဟု အနက်ပေးသည်။

ဤသို့ (မိမိ၏) ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။ သူတစ်ပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိ၊ သူတစ်ပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ ရုပ်အပေါင်း၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ရုပ်အပေါင်း၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ရုပ်အပေါင်း၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်းပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "ရုပ်အပေါင်းသည်သာလျှင် ရှိသည်"ဟု ထိုရဟန်းအား သတိသည် ရှေ့ရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းသာ ဖြစ်၏။ အဆင့်ဆင့် သတိတစ်ဖန် တိုးပွားခြင်းငှာသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာ ဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစ်စုံတစ်ရာကိုမျှလည်း (ငါ၊ ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

ထွက်သက် ဝင်သက်ကို ရှုဆင်ခြင်ခြင်းအပိုင်း ပြီး၏။

## (၂) ဣရိယာပုထ်ကို ဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့၊ တစ်ဖန် ထို့ပြင်လည်း ရဟန်းသည် သွားလျှင်လည်း "သွားသည်" ဟု သိ၏။ ရပ်လျှင်လည်း "ရပ်သည်" ဟု သိ၏။ ထိုင်လျှင်လည်း "ထိုင်သည်" ဟု သိ၏။ လျောင်းလျှင်လည်း "လျောင်းသည်"ဟု သိ၏။ ထိုရဟန်း၏ ရုပ်အပေါင်းသည် အကြင်အကြင် အမူအရာအားဖြင့် တည်နေ၏။ ထို ရုပ်အပေါင်းကို ထိုထိုအမူအရာအားဖြင့် သိ၏။

ဤသို့ မိမိ၏ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။ သူတစ်ပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ မိမိ၊ သူတစ်ပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ရုပ်အပေါင်း၌ ဖြစ်ကြောင်း တရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏။ ရုပ်အပေါင်း၌ ပျက်ကြောင်း တရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ ရှိသည် ဖြစ်၍မူလည်းနေ၏။ ရုပ်အပေါင်း၌ ဖြစ်ကြောင်းပျက်ကြောင်းတရားနှင့် ဖြစ်ခြင်းပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏။

ထို့ပြင် "ရုပ်အပေါင်းသည်သာလျှင် ရှိ၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှု ထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှာသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစ်စုံတစ်ရာကိုမျှလည်း (ငါ, ငါ၏ဥစ္စာ)ဟု စွဲလည်း မစွဲလမ်း။ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။

ဣရိယာပုထ်ကို ဆင်ခြင်ခြင်းအပိုင်း ပြီး၏။

## (၃) သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့၊ တစ်ဖန် ထို့ပြင်လည်း ရဟန်းသည် ရှေ့သို့တိုးရာ၊ နောက်သို့ ဆုတ်ရာ၌ သိလျက် ပြုလေ့ရှိ၏။ တူရူကြည့်ရာ၊ တစောင်းကြည့်ရာ၌ သိလျက် ပြုလေ့ရှိ၏။ ကွေးရာ၊ ဆန့်ရာ၌ သိလျက်ပြုလေ့ရှိ၏။ ဒုကုဋ်၊ သပိတ်၊ သင်္ကန်း ကို ဆောင်ရာ၌ သိလျက်ပြုလေ့ရှိ၏။ စားရာ၊ သောက်ရာ၊ ခဲရာ၊ လျက်ရာ၌ သိလျက် ပြုလေ့ရှိ၏။ ကျင်ကြီး ကျင်ငယ် စွန့်ရာ၌ သိလျက်ပြုလေ့ရှိ၏။ သွားရာ၊ ရပ်ရာ၊ ထိုင်ရာ၊ အိပ်ရာ၊ နိုးရာ၊ ပြောရာ၊ ဆိတ်ဆိတ်နေရာ၌ သိလျက် ပြုလေ့ရှိ၏။

ဤသို့ မိမိ၏ရုပ်အပေါင်း၌မူလည်း။ ပ။ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ခြင်း အပိုင်းပြီး၏။

## (၄) စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းခြင်းအပိုင်း

ရဟန်းတို့၊ တစ်ဖန် ထို့ပြင်လည်း ရဟန်းသည် ခြေဖဝါးမှ အထက်၊ ဆံပင်ဖျားမှ အောက်၊ ထက်ဝန်းကျင် အရေပါးအဆုံးရှိသော မစင်ကြယ်သည့် အရာအမျိုးမျိုးတို့ဖြင့် ပြည့်လျက်ရှိသော ဤရုပ်အပေါင်းကိုပင် စူးစိုက်ဆင်ခြင်၏။ "ဤရုပ်အပေါင်း၌ ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း(ကျောက်ကပ်)၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်သည် ရှိ၏"ဟု စူးစိုက်ဆင်ခြင်၏။

ရဟန်းတို့၊ ဥပမာသော်ကား နှစ်ဖက်မျက်နှာဝရှိသော အိတ်သည် စပါး အမျိုးမျိုးဖြင့် ပြည့်လျက် ရှိရာ၏။ အဘယ်စပါးတို့နည်းဟူမူ–သလေးစပါး ကောက်ကြီးစပါး၊ ပဲနောက်၊ ပဲကြီး၊ နှမ်း၊ ဆန်တို့တည်း။ မျက်စိအမြင်ရှိသော ယောကျ်ားသည် ထိုအိတ်ကို ဖြေ၍ "ဤသည်တို့ကား သလေးစပါးတို့တည်း၊ ဤသည်တို့ကား ကောက်ကြီးစပါးတို့တည်း၊ ဤသည်တို့ကား ပဲနောက်တို့တည်း၊ ဤသည်တို့ကား ပဲကြီးတို့တည်း၊ ဤသည်တို့ကား နှမ်းတို့တည်း၊ ဤသည်တို့ကား ဆန်တို့တည်း"ဟု စူးစိုက်ဆင်ခြင်ရာသကဲ့သို့ ရဟန်းတို့၊ ဤအတူပင် ရဟန်းသည် ခြေဖဝါးမှအထက် ဆံပင်ဖျားမှအောက် ထက်ဝန်းကျင် အရေပါးအဆုံးရှိသော မစင်ကြယ်သည့်အရာအမျိုးမျိုးတို့ဖြင့် ပြည့်လျက်ရှိသော ဤရုပ်အပေါင်းကိုပင် စူးစိုက်ဆင်ခြင်၏။ "ဤရုပ်အပေါင်း၌ ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ။ ပ။ ကျင်ငယ်သည် ရှိ၏"ဟု (စူးစိုက်ဆင်ခြင်၏)။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ။ ပ။ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းဆင်ခြင်ခြင်းအပိုင်း ပြီး၏။

## (၅) ဓာတ်အားဖြင့် နှလုံးသွင်းခြင်းအပိုင်း

ရဟန်းတို့၊ တစ်ဖန် ထို့ပြင်လည်း "ဤရုပ်အပေါင်း၌ မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်သည် ရှိ၏"ဟု ဤရုပ်အပေါင်းကို တည်မြဲတိုင်း၊ ထားမြဲတိုင်းပင် ဓာတ်အားဖြင့် စူးစိုက်ဆင်ခြင်၏။

ရဟန်းတို့၊ ဥပမာသော်ကား ကျွမ်းကျင်သော နွားသတ်သမားသည်လည်း ကောင်း၊ နွားသတ်သမား၏ တပည့်သည်လည်းကောင်း နွားကို သတ်၍ လမ်းလေးခွဆုံရာ၌ အစုအပုံအားဖြင့် ခွဲခြားလျက် ထိုင်နေရာသကဲ့သို့ ရဟန်းတို့၊ ဤအတူပင် ရဟန်းသည် "ဤရုပ်အပေါင်း၌ မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်သည် ရှိ၏"ဟု ဤရုပ်အပေါင်းကို တည်မြဲတိုင်း ထားမြဲတိုင်းပင် ဓာတ်အားဖြင့် စူးစိုက်ဆင်ခြင်၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌ မူလည်း ။ ပ။ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ဓာတ်အားဖြင့် နှလုံးသွင်းခြင်းအပိုင်းပြီး၏။

## (၆) သူသေကောင်ကိုးမျိုးကို ဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့-တစ်ဖန် ထို့ပြင်လည်း ရဟန်းသည် သေ၍ တစ်ရက်ရှိသော သူသေကောင်၊ သေ၍ နှစ်ရက်ရှိသော သူသေကောင်၊ သေ၍ သုံးရက်ရှိသော သူသေကောင်း၊ ဖူးရောင်နေသော သူသေကောင်၊ ရုပ်ဆင်းပျက်လျက် ညိုမည်းနေသော သူသေကောင်၊ ပြည်ကဲ့သို့ စက်ဆုပ်ဖွယ် အပုပ်ရည် ယိုစီးသော သင်္ချိုင်း၌ စွန့်ပစ်ထားသော သူသေကောင်ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် "ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့သော သဘောရှိ၏။ ဤသို့သော သဘောဖြစ်လိမ့်မည်သာတည်း။ ဤသို့သောသဘောကို မလွန်ဆန်နိုင်" ဟူ၍ ရုပ်အပေါင်းကိုပင် နှိုင်းစာ၍ ရှု၏။

ဤသို့ (မိမိ၏)ရုပ်အပေါင်း၌မူလည်း ။ ပ။ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ရဟန်းတို့၊ တစ်ဖန် ထို့ပြင်လည်း ရဟန်းသည် ကျီးတို့ ခဲစားအပ်သည်မူလည်း ဖြစ်သော၊ စွန်ရဲတို့ ခဲစားအပ်သည်မူလည်း ဖြစ်သော၊ လင်းတတို့ ခဲစားအပ်သည်မူလည်း ဖြစ်သော၊ ဘုံမတီးငှက်တို့ ခဲစားအပ်သည်မူလည်း ဖြစ်သော၊ ခွေးတို့ ခဲစားအပ်သည် မူလည်းဖြစ်သော၊ ကျားတို့ ခဲစားအပ်သည်မူလည်း ဖြစ်သော၊ သစ်တို့ ခဲစားအပ်သည်မူလည်း ဖြစ်သော၊ မြေခွေးတို့ ခဲစားအပ်သည်မူလည်း ဖြစ်သော၊ ပိုးအမျိုးမျိုးတို့ ခဲစားအပ်သည် မူလည်းဖြစ်သော၊ သင်္ချိုင်း၌ စွန့်ပစ်ထားသော သူသေကောင်ကို မြင်ရာသကဲ့သို့ ဤကိုယ်ကိုသာလျှင် "ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့ သဘောရှိ၏။ ဤသို့သော သဘော ဖြစ်လိမ့်မည်သာတည်း။ ဤသို့သော သဘောကို မလွန်ဆန်နိုင်"ဟု နှိုင်းစာ၍ ရှု၏။

ဤသို့ (မိမိ၏) ရုပ်အပေါင်း၌မူလည်း။ ပ။ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ရဟန်းတို့၊ တစ်ဖန် ထို့ပြင်လည်း ရဟန်းသည် အသားအသွေး ရှိသေးသော၊ အကြောတို့ဖြင့် ဖွဲ့ထားသော အရိုးဆက်လျက်ရှိသေးသော သင်္ချိုင်း၌ စွန့်ပစ်အပ်သော သူသေကောင်ကို မြင်ရာသကဲ့သို့။ ပ။ အသားကင်း၍ သွေးတို့ဖြင့် ပေကျံလျက် အကြောတို့ဖြင့် ဖွဲ့လျက်ရှိသော၊ အရိုးဆက်လျက်ရှိသေးသော၊

သင်္ချိုင်း၌ စွန့်ပစ်အပ်သော သူသေကောင်ကို။ ပ။ အသားအသွေးကင်းလျက် အကြောတို့ဖြင့် ဖွဲ့ထားသော၊ အရိုးစုဖြစ်သော သင်္ချိုင်း၌ စွန့်ပစ်အပ်သော သူသေကောင်ကို။ ပ။ တစ်နေရာ၌ လက်ရိုး၊ တစ်နေရာ၌ ခြေရိုး၊ တစ်နေရာ၌ ခြေဖမျက်ရိုး၊ တစ်နေရာ၌ မြင်းခေါင်းရိုး၊ တစ်နေရာ၌ ပေါင်ရိုး၊ တစ်နေရာ၌ ခါးရိုး၊ တစ်နေရာ၌ နံရိုး၊ တစ်နေရာ၌ ကျောက်ကုန်းရိုး၊ တစ်နေရာ၌ ပခုံးရိုး၊ တစ်နေရာ၌ လည်ပင်းရိုး၊ တစ်နေရာ၌ မေးရိုး၊ တစ်နေရာ၌ သွားရိုး၊ တစ်နေရာ၌ ဦးခေါင်းခွံ အားဖြင့် ဖွဲ့ခြင်း ကင်းကုန်လျက် ထိုထိုအရပ်တို့၌ ကျဲပြန့်နေကုန်သော၊ သင်္ချိုင်း၌ စွန့်ပစ်အပ်သော အရိုးစု သူသေကောင်တို့ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် ဤကိုယ်ကိုသာလျှင် "ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့သောသဘောရှိ၏။ ဤသို့သော သဘော ဖြစ်လိမ့်မည်သာတည်း။ ဤသို့သော သဘောကို မလွန်ဆန်နိုင်"ဟု ဤရုပ်အပေါင်းကိုသာလျှင် နှိုင်းစာ၍ ရှု၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ။ ပ။ နေ၏။

ရဟန်းတို့၊ တစ်ဖန် ထို့ပြင်လည်း ရဟန်းသည် ခရုသင်းအဆင်းနှင့်အတူ ဖြူဖွေးနေကုန်သော၊ သင်္ချိုင်း၌ စွန့်ပစ်အပ်ကုန်သော အရိုးစု သူသေကောင်တို့ကို မြင်ရာသကဲ့သို့ ။ ပ။ နှစ်လွန်လျက် စုပုံနေသော သင်္ချိုင်း၌ စွန့်ပစ်ထားအပ်သော အရိုးစုသူသေကောင်တို့ကို မြင်ရာသကဲ့သို့။ ပ။ ဆွေးမြည့်လျက် အမှုန့်ဖြစ်ကုန်သော သင်္ချိုင်း၌ စွန့်ပစ်ထားကုန်သော အရိုးစု သူသေကောင်တို့ကို မြင်ရသကဲ့သို့ ထိုရဟန်းသည် "ဤငါ၏ရုပ်အပေါင်းသည်လည်း ဤသို့ သဘောရှိ၏။ ဤသို့သော သဘော ဖြစ်လိမ့်မည်သာတည်း။ ဤသို့သော သဘောကို မလွန်ဆန်နိုင်"ဟု ဤရုပ်အပေါင်းကိုသာလျှင် နှိုင်းစာ၍ ရှု၏။

ဤသို့ မိမိ၏ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတစ်ပါး၏ ရုပ်အပေါင်း၌လည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိ သူတစ်ပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရုပ်အပေါင်း၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ရုပ်အပေါင်း၌ ပျက်ကြောင်းသဘောနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ရုပ်အပေါင်း၌ ဖြစ်ကြောင်းပျက်ကြောင်း တရားနှင့် ဖြစ်ခြင်းပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "ရုပ်အပေါင်းသည်သာလျှင် ရှိ၏"ဟု ထိုရဟန်းအား သတိသည် ရှေးရှု

ထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှာသာ ဖြစ်၏။ အဆင့်ဆင့် သတိတစ်ဖန် တိုးပွားခြင်းငှာသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာ ဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစ်စုံတစ်ရာကိုမျှလည်း (ငါ၊ ငါ၏ဥစ္စာ) ဟု စွဲလည်း မစွဲလမ်း။ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

သူသေကောင် ကိုးမျိုးကို ဆင်ခြင်ခြင်းအပိုင်း ပြီး၏။

ရုပ်အပေါင်းကို ဆင်ခြင်ခြင်း တစ်ဆယ့်လေးပါးပြီး၏။

## (ခ) ဝေဒနာနုပဿနာသတိပဋ္ဌာန်

### ဝေဒနာကို ဆင်ခြင်ခြင်း ကိုးပါး

ရဟန်းတို့၊ အဘယ်သို့လျှင် ရဟန်းသည် ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် သုခဝေဒနာကို ခံစားလျှင်လည်း "သုခဝေဒနာကို ခံစားသည်"ဟု သိ၏။ ဒုက္ခဝေဒနာကို ခံစားလျှင်လည်း "ဒုက္ခဝေဒနာကို ခံစားသည်"ဟု သိ၏။ အဒုက္ခ မသုခဝေဒနာကို ခံစားလျှင်လည်း "အဒုက္ခ မသုခ ဝေဒနာကို ခံစားသည်" သိ၏။

ကာမဂုဏ်နှင့်စပ်သော ချမ်းသာသော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် စပ်သော ချမ်းသာသော ဝေဒနာကို ခံစားသည်" ဟု သိ၏။ ကာမဂုဏ်နှင့် မစပ်သော ချမ်းသာသော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် မစပ်သော ချမ်းသာသော ဝေဒနာကို ခံစားသည်"ဟု သိ၏။ ကာမဂုဏ်နှင့်စပ်သော ဆင်းရဲသော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် စပ်သော ဆင်းရဲသော ဝေဒနာကို ခံစားသည်"ဟု သိ၏။ ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲသော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲသော ဝေဒနာကို ခံစားသည်" ဟု သိ၏။ ကာမဂုဏ်နှင့်စပ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့်စပ်သော ဆင်းရဲမဟုတ် ချမ်းသာ မဟုတ်သော ဝေဒနာကို ခံစားသည်"ဟု သိ၏။ ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲ မဟုတ် ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားသည်"ဟု သိ၏။

ဤသို့ မိမိ၏ ဝေဒနာတို့၌မူလည်း ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတစ်ပါး၏ ဝေဒနာတို့၌မူလည်း ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိသူတစ်ပါး၏ ဝေဒနာတို့၌မူလည်း ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌ ဖြစ်ကြောင်း တရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍လည်း နေ၏။ ဝေဒနာတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ဝေဒနာတို့၌ ဖြစ်ကြောင်း ပျက်ကြောင်း တရားနှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "ဝေဒနာသည်သာလျှင် ရှိ၏"ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ ထိုသတိသည် အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှာသာ ဖြစ်၏။ အဆင့်ဆင့် သတိတစ်ဖန် တိုးပွားခြင်းငှာသာ ဖြစ်၏။ ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့် မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစ်စုံတစ်ရာကိုမျှလည်း "ငါ၊ ငါ၏ဥစ္စာ"ဟု စွဲလည်းမစွဲလမ်း၊ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ဝေဒနာတို့ကို ဆင်ခြင်ခြင်းကိုးပါး ပြီး၏။

## (ဂ) စိတ္တာနုပဿနာသတိပဋ္ဌာန်

### စိတ်ကို ဆင်ခြင်ခြင်း တစ်ဆယ့်ခြောက်ပါး

ရဟန်းတို့၊ အဘယ်သို့လျှင် ရဟန်းသည် စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် ရာဂနှင့် တကွသော စိတ်ကိုလည်း "ရာဂနှင့် တကွသောစိတ်"ဟု သိ၏။ ရာဂ ကင်းသောစိတ်ကိုလည်း "ရာဂကင်းသောစိတ်" ဟု သိ၏။ ဒေါသနှင့် တကွသော စိတ်ကိုလည်း "ဒေါသနှင့် တကွသောစိတ်"ဟု သိ၏။ ဒေါသ ကင်းသောစိတ် ကိုလည်း "ဒေါသကင်းသောစိတ်"ဟု သိ၏။ မောဟနှင့် တကွသော စိတ်ကိုလည်း "မောဟနှင့်တကွသောစိတ်"ဟု သိ၏။ မောဟကင်းသော စိတ်ကိုလည်း "မောဟ ကင်းသောစိတ်"ဟုသိ၏။သံခိတ္တစိတ်ကိုလည်း "သံခိတ္တစိတ်"ဟု သိ၏။ ဝိက္ခိတ္တ စိတ်ကိုလည်း "ဝိက္ခိတ္တစိတ်" ဟု သိ၏။ မဟဂ္ဂုတ်စိတ်ကိုလည်း "မဟဂ္ဂုတ်စိတ်"ဟု သိ၏။ အမဟဂ္ဂုတ်စိတ်ကိုလည်း "အမဟဂ္ဂုတ်စိတ်"ဟု သိ၏။ သဉတ္တရစိတ် ကိုလည်း "သဉတ္တရစိတ်" ဟု သိ၏။ အနုတ္တရစိတ်ကိုလည်း "အနုတ္တရစိတ်" ဟု သိ၏။ သမာဟိတစိတ်ကိုလည်း "သမာဟိတစိတ်" ဟု သိ၏။ အသမာဟိတ

စိတ်ကိုလည်း "အသမာဟိတစိတ်" ဟု သိ၏။ ဝိမုတ္တစိတ်ကိုလည်း "ဝိမုတ္တစိတ်"ဟု သိ၏။ အဝိမုတ္တစိတ်ကိုလည်း "အဝိမုတ္တစိတ်"ဟု သိ၏။

ဤသို့ မိမိ၏ စိတ်၌မူလည်း စိတ်ကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။ သူတစ်ပါး၏ စိတ်၌မူလည်း စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိသူတစ်ပါး၏ စိတ်၌မူလည်း စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ စိတ်၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍လည်း နေ၏။ စိတ်၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ စိတ်၌ ဖြစ်ကြောင်း ပျက်ကြောင်း တရားနှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "စိတ်သည်သာလျှင် ရှိ၏"ဟု ထိုရဟန်းအား သတိသည် ရှေးရှု ထင်၏။ ထိုသတိသည် အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှာသာ ဖြစ်၏။ အဆင့်ဆင့် သတိတစ်ဖန် တိုးပွားခြင်းငှာသာ ဖြစ်၏။ ထိုရဟန်းသည် တဏှာဒိဋ္ဌိ တို့ဖြင့် မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစ်စုံတစ်ရာကိုမျှလည်း "ငါ၊ ငါ၏ဥစ္စာ"ဟု စွဲလည်းမစွဲလမ်း၊ ရဟန်းတို့- ဤသို့လည်း ရဟန်းသည် စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

စိတ်ကို ဆင်ခြင်ခြင်း တစ်ဆယ့်ခြောက်ပါး ပြီး၏။

## (ဃ) ဓမ္မာနုပဿနာသတိပဋ္ဌာန်

### ဘာတရားကို ဆင်ခြင်ခြင်း ငါးပါး

### ၂။ နီဝရဏတရားငါးပါးကို ဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့၊ အဘယ်သို့လျှင် ရဟန်းသည် သဘောတရားတို့၌ သဘော တရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။

ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် နီဝရဏ[၁] ငါးပါး သဘော တရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ရဟန်းတို့-အဘယ်သို့လျှင် ရဟန်းသည် နီဝရဏငါးပါး သဘောတရား တို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့၊

---

၁။ အပိတ်အပင်တရား

ဤသာသနာတော်၌ ရဟန်းသည် အတွင်းသန္တာန်၌ ကာမစ္ဆန္ဒ [၁] ရှိလျှင်လည်း "ငါ၏အတွင်းသန္တာန်၌ ကာမစ္ဆန္ဒရှိသည်"ဟု သိ၏။ အတွင်းသန္တာန်၌ ကာမစ္ဆန္ဒ မရှိလျှင်လည်း "ငါ၏ အတွင်းသန္တာန်၌ ကာမစ္ဆန္ဒ မရှိ"ဟု သိ၏။ မဖြစ်သေးသော ကာမစ္ဆန္ဒ၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ကာမစ္ဆန္ဒ၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော ကာမစ္ဆန္ဒ၏ နောင်အခါ မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဗျာပါဒ [၂] ရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဗျာပါဒရှိသည်"ဟုသိ၏။ မိမိသန္တာန်၌ ဗျာပါဒ မရှိလျှင်လည်း "ငါ၏အတွင်းသန္တာန်၌ ဗျာပါဒ မရှိ"ဟု သိ၏။ မဖြစ်သေးသော ဗျာပါဒ၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ဗျာပါဒ၏ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော ဗျာပါဒ၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ထိနမိဒ္ဓ [၃] ရှိလျှင်လည်း "ငါ၏သန္တာန်၌ ထိနမိဒ္ဓရှိသည်" ဟု သိ၏။ မိမိသန္တာန်၌ ထိနမိဒ္ဓမရှိလျှင်လည်း "ငါ၏ သန္တာန်၌ ထိနမိဒ္ဓမရှိ"ဟု သိ၏။ မဖြစ်သေးသော ထိနမိဒ္ဓ၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ထိနမိဒ္ဓ၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော ထိနမိဒ္ဓ၏ နောင်အခါ မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဥဒ္ဓစ္စ [၄] ကုက္ကုစ္စ [၅] ရှိလျှင်လည်း "ငါ၏သန္တာန်၌ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ ရှိသည်" ဟု သိ၏၊ မိမိသန္တာန်၌ ဥဒ္ဓစ္စ ကုက္ကုစ္စ မရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဥဒ္ဓစ္စ၊ ကုက္ကုစ္စမရှိ" ဟု သိ၏။ မဖြစ်သေးသော ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၏ နောင်အခါမဖြစ်ကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဝိစိကိစ္ဆာ [၆] ရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဝိစိကိစ္ဆာရှိ၏"ဟု သိ၏၊ မိမိသန္တာန်၌ ဝိစိကိစ္ဆာ မရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဝိစိကိစ္ဆာမရှိ" ဟု သိ၏။ မဖြစ်သေးသော ဝိစိကိစ္ဆာ၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ဝိစိကိစ္ဆာ၏ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသောဝိစိကိစ္ဆာ၏ နောင်အခါမဖြစ်ကြောင်းကိုလည်း သိ၏။

---

၁။ ကာမဂုဏ်အလို ၂။ သူတစ်ပါးပျက်စီးစေလိုခြင်းသဘော ၃။ လေးလံထိုင်းမှိုင်းခြင်း ၄။ ပျံ့လွင့်ခြင်း ၅။ နလုံးမသာယာခြင်း ၆။ မဝေခွဲနိုင်ခြင်း

ဤသို့ မိမိ၏ သဘောတရားတို့၌မှုလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။သူတစ်ပါး၏ သဘောတရားတို့၌မှုလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိသူတစ်ပါး၏ သဘောတရားတို့၌မှုလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍မှုလည်း နေ၏။ သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မှုလည်းနေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်းပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မှုလည်း နေ၏။ ထို့ပြင် "သဘောတရားတို့သည်သာလျှင် ရှိကုန်၏"ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှာသာ ဖြစ်၏။ အဆင့်ဆင့် သတိတစ်ဖန် တိုးပွားခြင်းငှာသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစ်စုံတစ်ရာကိုမျှလည်း(ငါ၊ ငါ၏ဥစ္စာဟု) စွဲလည်းမစွဲလမ်း။ ရဟန်းတို့– ဤသို့လည်း ရဟန်းသည် သဘောတရားတို့၌ သဘောတရား တို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

## ၂။ ခန္ဓာငါးပါးကို ဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့၊ တစ်ဖန် ထို့ပြင်လည်း ရဟန်းသည် ဥပါဒါနက္ခန္ဓာ ငါးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့၊ အဘယ်သို့လျှင် ရဟန်းသည် ဥပါဒါနက္ခန္ဓာငါးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။

ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် ဤကား ရုပ်တည်း၊ ဤကား ရုပ်၏ဖြစ်ကြောင်းတည်း၊ ဤကား ရုပ်၏ ချုပ်ရာတည်း၊ ဤကား ဝေဒနာတည်း၊ ဤကား ဝေဒနာ၏ ဖြစ်ကြောင်းတည်း၊ ဤကား ဝေဒနာ၏ ချုပ်ရာတည်း၊ ဤကား သညာတည်း [၁]၊ ဤကား သညာ၏ ဖြစ်ကြောင်းတည်း၊ ဤကား သညာ၏ ချုပ်ရာတည်း၊ ဤသည်တို့ကား သင်္ခါရ [၂] တို့တည်း၊ ဤကား သင်္ခါရ ဖြစ်ကြောင်းတည်း၊ ဤကား သင်္ခါရတို့၏ ချုပ်ရာတည်း၊ ဤကား ဝိညာဏ်တည်း [၃]၊ ဤကား ဝိညာဏ်၏ ဖြစ်ကြောင်းတည်း၊ ဤကား ဝိညာဏ်၏ ချုပ်ရာတည်းဟု ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။

---

၁။ မှတ်သိခြင်း ၂။ ပြုပြင်စီရင်မှု အားထုတ်မှု ၃။ အထူးသိမှု

ဤသို့ မိမိ၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတစ်ပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိ သူတစ်ပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်းပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "သဘောတရားတို့သည် သာလျှင် ရှိကုန်၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှာသာ ဖြစ်၏။ ထိုရဟန်းသည် တဏှာ ဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစ်စုံတစ်ရာကိုမျှလည်း (ငါ၊ ငါ၏ဥစ္စာ)ဟု စွဲလည်း မစွဲလမ်း၊ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။

ခန္ဓာငါးပါးကို ဆင်ခြင်ခြင်းအပိုင်း ပြီး၏။

## ၃။ အာယတနတစ်ဆယ့်နှစ်ပါးကို ဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့၊ တစ်ဖန် ထို့ပြင်လည်း ရဟန်းသည် ခြောက်ပါးသောအတွင်း အပ အာယတန[၁] သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့၊ အဘယ်သို့လျှင် ရဟန်းသည် ခြောက်ပါးသော အတွင်းအပ အာယတန သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။

ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် မျက်စိကိုလည်း သိ၏။ အဆင်းတို့ကိုလည်း သိ၏။ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင် အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

---

၁။ ဖြစ်ရာအကြောင်း

နားကိုလည်း သိ၏။ အသံတို့ကိုလည်း သိ၏။ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသောသံယောဇဉ်၏ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

နှာခေါင်းကိုလည်း သိ၏။ အနံ့တို့ကိုလည်း သိ၏။ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သံယောဇဉ်၏ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါမဖြစ်ကြောင်းကိုလည်း သိ၏။

လျှာကိုလည်း သိ၏။ အရသာတို့ကိုလည်း သိ၏။ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

ကိုယ်ကိုလည်း သိ၏။ အတွေ့အထိတို့ကိုလည်း သိ၏။ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

စိတ်ကိုလည်း သိ၏။ သဘောတရားတို့ကိုလည်း သိ၏။ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသောသံယောဇဉ်၏ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသောသံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

ဤသို့ မိမိ၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတစ်ပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိသူတစ်ပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏။ သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းပျက်ကြောင်းတရားနှင့်ဖြစ်ခြင်းပျက်ခြင်းသဘောကို အကြိမ်ကြိမ်

ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "သဘောတရားတို့သည်သာလျှင် ရှိကုန်၏"ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှာသာ ဖြစ်၏။ အဆင့်ဆင့် သတိတစ်ဖန် တိုးပွားခြင်းငှာသာ ဖြစ်၏။(ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစ်စုံတစ်ရာကိုမျှလည်း (ငါ, ငါ၏ဥစ္စာဟူ၍) စွဲလည်း မစွဲလမ်း၊ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် ခြောက်ပါးသော အတွင်းအပ အာယတန သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

အာယတနတစ်ဆယ့်နှစ်ပါးကို ဆင်ခြင်ခြင်းအပိုင်း ပြီး၏။

## ၄။ ဗောဇ္ဈင်ခုနစ်ပါးကို ဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့၊ တစ်ဖန် ထို့ပြင်လည်း ရဟန်းသည် ဗောဇ္ဈင်[၁] ခုနစ်ပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ရဟန်းတို့၊ အဘယ်သို့လျှင် ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။

ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် မိမိသန္တာန်၌ သတိသမ္ဗောဇ္ဈင်[၂] ရှိလျှင်လည်း "ငါ၏သန္တာန်၌ သတိသမ္ဗောဇ္ဈင်ရှိသည်" ဟု သိ၏၊ မိမိ သန္တာန်၌ သတိသမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏သန္တာန်၌ သတိသမ္ဗောဇ္ဈင် မရှိ"ဟု သိ၏။ မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်[၃] ရှိလျှင်လည်း "ငါ၏သန္တာန်၌ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏သန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်မရှိ"ဟု သိ၏။ မဖြစ်သေးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဝီရိယသမ္ဗောဇ္ဈင်[၄] ရှိလျှင်လည်း "ငါ၏သန္တာန်၌ ဝီရိယ သမ္ဗောဇ္ဈင်ရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ ဝီရိယသမ္ဗောဇ္ဈင် မရှိလျှင်လည်း

---

၁။ သစ္စာတို့ကို သိကြောင်း ၂။ မဂ်ဉာဏ်၏အကြောင်းဖြစ်သော အောက်မေ့ခြင်း
၃။ မဂ်ဉာဏ်၏အကြောင်းဖြစ်သော တရားသဘောကို စူးစမ်းဆင်ခြင်ခြင်း
၄။ မဂ်ဉာဏ်၏အကြောင်းဖြစ်သော အားထုတ်ခြင်း

"ငါ၏သန္တာန်၌ ဝီရိယသမ္ဗောဇ္ဈင် မရှိ"ဟု သိ၏။ မဖြစ်သေးသော ဝီရိယ သမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ဝီရိယ သမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ပီတိသမ္ဗောဇ္ဈင်[၁] ရှိလျှင်လည်း "ငါ၏သန္တာန်၌ ပီတိသမ္ဗောဇ္ဈင် ရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ ပီတိသမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏သန္တာန်၌ ပီတိသမ္ဗောဇ္ဈင် မရှိ"ဟု သိ၏။ မဖြစ်သေးသော ပီတိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ပီတိသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်[၂] ရှိလျှင်လည်း "ငါ၏သန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်ရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏သန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင် မရှိ"ဟု သိ၏။ မဖြစ်သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ပဿဒ္ဓိ သမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ သမာဓိသမ္ဗောဇ္ဈင်[၃] ရှိလျှင်လည်း "ငါ၏သန္တာန်၌ သမာဓိသမ္ဗောဇ္ဈင်ရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ သမာဓိသမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏သန္တာန်၌ သမာဓိသမ္ဗောဇ္ဈင်မရှိ"ဟု သိ၏။ မဖြစ်သေးသော သမာဓိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သမာဓိ သမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင်[၄] ရှိလျှင်လည်း"ငါ၏သန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင်ရှိသည်"ဟု သိ၏။ မိမိသန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏သန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင်မရှိ"ဟု သိ၏။ မဖြစ်သေးသော ဥပေက္ခာသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ဥပေက္ခာ သမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

ဤသို့ မိမိ၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ သူတစ်ပါး၏ သဘောတရားတို့၌မူလည်း သဘောတရား

၁။ မဂ်ဉာဏ်၏အကြောင်းဖြစ်သော နှစ်သက်ခြင်း
၂။ မဂ်ဉာဏ်၏အကြောင်းဖြစ်သော ကိုယ်စိတ်၏ငြိမ်းချမ်းခြင်း
၃။ မဂ်ဉာဏ်၏အကြောင်းဖြစ်သော တည်ကြည်ခြင်း
၄။ မဂ်ဉာဏ်၏အကြောင်းဖြစ်သော အညီအမျှရှုခြင်း

တို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိသူတစ်ပါး၏ သဘောတရား တို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ ရှိသည် ဖြစ်၍မူလည်း နေ၏။ သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့်ပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်းပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "သဘောတရားတို့သည်သာလျှင် ရှိကုန်၏"ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှာသာ ဖြစ်၏။ အဆင့်ဆင့် သတိတစ်ဖန် တိုးပွားခြင်းငှါသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်)မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစ်စုံတစ်ရာကိုမျှလည်း(ငါ၊ ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ဗောဇ္ဈင်ခုနစ်ပါးကို ဆင်ခြင်ခြင်းအပိုင်း ပြီး၏။

## ၅။ သစ္စာလေးပါးကို ဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့၊ တစ်ဖန် ထို့ပြင်လည်း ရဟန်းသည် အရိယသစ္စာလေးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။ ရဟန်းတို့၊ အဘယ်သို့လျှင် ရဟန်းသည် အရိယသစ္စာလေးပါး သဘောတရား တို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။

ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် "ဤကား ဒုက္ခတည်း"ဟု ဟုတ်မှန်သည့်အတိုင်း သိ၏။ "ဤကား ဒုက္ခချုပ်ရာတည်း " ဟု ဟုတ်မှန်သည့် အတိုင်း သိ၏။ ဤကား "ဒုက္ခနိရောဓဂါမိနီပဋိပဒါ [၁] တည်း"ဟု ဟုတ်မှန်သည့် အတိုင်း သိ၏။

---

၁။ ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့်

## ဒုက္ခအရိယသစ္စာ

ရဟန်းတို့၊ ဒုက္ခသစ္စာဟူသည် အဘယ်နည်း။ ဇာတိ [၁] သည်လည်း ဒုက္ခတည်း။ ဇရာ [၂] သည်လည်း ဒုက္ခတည်း။ မရဏ [၃] သည်လည်း ဒုက္ခတည်း။ သောက [၄] ပရိဒေဝ [၅] ဒုက္ခ [၆] ဒေါမနဿ [၇] ဥပါယာသ [၈] တို့သည်လည်း ဒုက္ခတို့တည်း။ မချစ်ခင် မနှစ်သက်ဖွယ်တို့နှင့် တွေ့ဆုံ ပေါင်းသင်းရခြင်းသည်လည်း ဒုက္ခတည်း။ ချစ်ခင်နှစ်လိုဖွယ်တို့နှင့် ကွဲကွာကွေကွင်းရခြင်းသည်လည်းဒုက္ခတည်း။ အလိုရှိသည်ကို မရခြင်းသည်လည်း ဒုက္ခတည်း။ အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးတို့သည် ဒုက္ခတို့တည်း။

ရဟန်းတို့၊ ဇာတိသည် အဘယ်နည်း။ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအစုအပေါင်း၌ ရှေးဦးစွာဖြစ်ခြင်း၊ ပြည့်စုံစွာဖြစ်ခြင်း အမိဝမ်းတွင်း ဥခွံတွင်းသို့ သက်ဝင်ခြင်း၊ ကိုယ်ထင်ရှားဖြစ်ခြင်း၊ ခန္ဓာကိုယ်၏ ထင်ရှားဖြစ်ခြင်း၊ အာယတနတို့ကို ရခြင်းတည်း။ ရဟန်းတို့၊ ဤတရားသဘောကို ဇာတိဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့၊ ဇရာသည် အဘယ်နည်း။ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်း၌ အိုခြင်း၊ အိုသော အခြင်းအရာ၊ သွားကျိုးခြင်း၊ ဆံဖြူခြင်း၊ အရေတွန့်ရှုံ့ခြင်း၊ ရပ်အသက် ဆုတ်ယုတ်ခြင်း၊ (မျက်စိ စသော)ဣန္ဒြေတို့၏ ရင့်ခြင်းတည်း။ ရဟန်းတို့၊ ဤတရားသဘောကို ဇရာဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့၊ မရဏသည် အဘယ်နည်း။ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်း၌ ရွေ့လျောခြင်း၊ ရွေ့လျောသော အခြင်းအရာ၊ ပျက်စီးခြင်း၊ ကွယ်ပျောက်ခြင်း၊ သတ်ဖြတ်သေဆုံးခြင်း၊ ကွယ်လွန်ခြင်း၊ ခန္ဓာတို့၏ပျက်စီးခြင်း၊ ကိုယ်ကို ပစ်ချခြင်း၊ ဇီဝိတိန္ဒြေ၏ ပြတ်စဲခြင်းတည်း။ ရဟန်းတို့၊ ဤတရားသဘောကို မရဏဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့၊ သောကသည် အဘယ်နည်း။ ရဟန်းတို့၊ တစ်မျိုးမျိုးသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော တစ်မျိုးမျိုးသော ဆင်းရဲကြောင်းနှင့် တွေ့သော သတ္တဝါ၏ စိုးရိမ်ခြင်း၊ စိုးရိမ်သောအခြင်းအရာ၊ စိုးရိမ်သည်၏ အဖြစ်၊ အတွင်း၌

---

၁။ ပဋိသန္ဓေတည်နေခြင်း
၂။ အိုခြင်း
၃။ သေခြင်း
၄။ စိုးရိမ်ပူပန်ခြင်း
၅။ ငိုကြွေးခြင်း
၆။ ကိုယ်ဆင်းရဲခြင်း
၇။ စိတ်ဆင်းရဲခြင်း
၈။ ပြင်းစွာပူပန်ခြင်း

စိုးရိမ်ခြင်း၊ အတွင်း၌ ပြင်းစွာ စိုးရိမ်ခြင်းတည်း။ ရဟန်းတို့၊ ဤတရားသဘောကို သောကဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့၊ ပရိဒေဝသည် အဘယ်နည်း။ ရဟန်းတို့၊ တစ်မျိုးမျိုးသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော တစ်မျိုးမျိုးသော ဆင်းရဲကြောင်းနှင့် တွေ့သော သတ္တဝါ၏ငိုကြွေးခြင်း၊ ပြင်းစွာငိုကြွေးခြင်း၊ ငိုကြွေးသော အခြင်းအရာ၊ ပြင်းစွာ ငိုကြွေးသော အခြင်းအရာ၊ ငိုကြွေးသည်၏ အဖြစ်၊ ပြင်းစွာ ငိုကြွေးသည်၏ အဖြစ်တည်း။ ရဟန်းတို့၊ ဤတရားသဘောကို ပရိဒေဝဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့၊ ဒုက္ခသည် အဘယ်နည်း။ ရဟန်းတို့၊ ကိုယ်၌ ဖြစ်သော ဆင်းရဲ၊ ကိုယ်၌ဖြစ်သော မသာယာခြင်း၊ ကိုယ်အတွေ့ကြောင့် ဖြစ်သော ဆင်းရဲ၊ မသာယာသော ခံစားခြင်းတည်း။ ရဟန်းတို့၊ ဤတရားသဘောကို ဒုက္ခဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့၊ ဒေါမနဿသည် အဘယ်နည်း။ ရဟန်းတို့၊ စိတ်၌ ဖြစ်သော ဆင်းရဲ၊ စိတ်၌ဖြစ်သော မသာယာခြင်း၊ စိတ်အတွေ့ကြောင့် ဖြစ်သော ဆင်းရဲ၊ မသာယာသော ခံစားခြင်းတည်း။ ရဟန်းတို့၊ ဤတရားသဘောကို ဒေါမနဿဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့၊ ဥပါယာသသည် အဘယ်နည်း။ ရဟန်းတို့၊ တစ်မျိုးမျိုးသော ပျက်စီးခြင်းနှင့်မလွတ်ကင်းသော တစ်မျိုးမျိုးသော ဆင်းရဲခြင်း၏ အကြောင်းနှင့် တွေ့ကြုံသော သတ္တဝါ၏ ပင်ပန်းခြင်း၊ ပြင်းစွာ ပင်ပန်းခြင်း၊ ပင်ပန်းသည်၏ အဖြစ်၊ ပြင်းစွာ ပင်ပန်းသည်၏ အဖြစ်တည်း။ ရဟန်းတို့၊ ဤတရားသဘောကို ဥပါယာသဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့၊ မချစ်မနှစ်လိုဖွယ်တို့နှင့် တွေ့ဆုံ ပေါင်းသင်းရခြင်း ဆင်းရဲသည် အဘယ်နည်း။ ဤလောက၌ မလိုလား မနှစ်သက် မမြတ်နိုးအပ်ကုန်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ သဘောတရားတို့သော်လည်းကောင်း၊ အကျိုးမဲ့ခြင်း၊ အစီးအပွားမဲ့ခြင်း၊ မချမ်းသာခြင်း၊ ဘေးမငြိမ်းခြင်းကို လိုလားကုန်သော သူတို့သော်လည်းကောင်း ထိုသူအား ရှိကုန်၏။ ထို(အာရုံ, သတ္တဝါ)တို့နှင့်တကွ တွေ့ရခြင်း၊ ဆုံရခြင်း၊ ပေါင်းဖော်ရခြင်း၊ ရောနှောရခြင်းတည်း။ ရဟန်းတို့–ဤ တရားသဘောကို မချစ်မနှစ်လိုဖွယ်တို့နှင့် တွေ့ဆုံ ပေါင်းသင်းရခြင်း ဆင်းရဲဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့၊ ချစ်နှစ်လိုဖွယ်တို့နှင့် ကွဲကွာကွေကွင်းရခြင်း ဆင်းရဲသည် အဘယ်နည်း။ ဤလောက၌ လိုလား နှစ်သက် မြတ်နိုးအပ်ကုန်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ၊ သဘောတရားတို့သော်လည်းကောင်း၊ အကျိုးစီးပွား ချမ်းသာခြင်း၊ ဘေးကင်းခြင်းကို လိုလားကုန်သော အမိ အဘ၊ ညီ၊ အစ်ကို၊ နှမ၊ အစ်မ၊ မိတ်ဆွေ အပေါင်းအဖော် ဆွေမျိုးသားချင်းတို့သော်လည်းကောင်း ထိုသူအား ရှိကုန်၏။ ထို(အာရုံ, သတ္တဝါ)တို့နှင့်မတွေ့ရခြင်း၊ မဆုံရခြင်း၊ မပေါင်းဖော်ရခြင်း၊ မရောနှောရခြင်းတည်း။ ရဟန်းတို့၊ ဤတရားသဘောကို ချစ်ခင်သောသူတို့နှင့် ကွဲကွာကွေကွင်းရခြင်း ဆင်းရဲဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့၊ အလိုရှိသည်ကို မရခြင်း ဆင်းရဲသည် အဘယ်နည်း။ ရဟန်းတို့၊ ဇာတိသဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် ဇာတိသဘော မရှိကြကုန်မူ ကောင်းလေစွ၊ ဇာတိသည် ငါတို့ထံသို့ မလာမူကား ကောင်းလေစွ"ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏။ ယင်းသို့ တောင့်တသော်လည်း ဤ(ဇာတိမလာခြင်း) ကို တောင့်တခြင်းဖြင့် မရအပ်။ ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။ ရဟန်းတို့၊ ဇရာသဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် ဇရာသဘော မရှိကြကုန်မူ ကောင်းလေစွ။ ဇရာသည် ငါတို့ထံ မလာမူကား ကောင်းလေစွ"ဟု ဤသို့သောတောင့်တခြင်းသည် ဖြစ်ပေါ်၏။ ယင်းသို့ တောင့်တသော်လည်း ဤ(ဇရာမလာခြင်း)ကို တောင့်တခြင်းဖြင့် မရအပ်။ ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။ ရဟန်းတို့-ဗျာဓိ [1]သဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် ဗျာဓိသဘော မရှိကြကုန်မူ ကောင်းလေစွ၊ ဗျာဓိသည် ငါတို့ထံ မလာမူကား ကောင်းလေစွ"ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏။ ယင်းသို့ တောင့်တသော်လည်း ဤ(ဗျာဓိမလာခြင်း)ကို တောင့်တခြင်းဖြင့် မရအပ်။ ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။ ရဟန်းတို့၊ မရဏ သဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် မရဏသဘော မရှိကြကုန်မူ ကောင်းလေစွ။ မရဏသည် ငါတို့ထံ မလာမူကား ကောင်းလေစွ"ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏။ ယင်းသို့ တောင့်တသော်လည်း ဤမရဏမလာခြင်းကို တောင့်တခြင်းဖြင့် မရအပ်။ ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။ ရဟန်းတို့၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ သဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ သဘောမရှိကြကုန်မူ ကောင်းလေစွ။ သောက

---

[1] နာခြင်း

ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ သဘောတို့သည် ငါတို့ထံ မလာကြကုန်မူ ကောင်းလေစွ”ဟု ဤသို့သောတောင့်တခြင်းသည် ဖြစ်ပေါ်၏။ ယင်းသို့ တောင့်တသော်လည်း ဤသောက စသည်တို့ မလာခြင်းကို တောင့်တခြင်းဖြင့် မရအပ်။ ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။

ရဟန်းတို့၊ အကျဉ်းချုပ်အားဖြင့် ငါးပါးသော ဥပါဒါနက္ခန္ဓာ[၁] ဆင်းရဲတို့ဟူသည် အဘယ်နည်း။ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ ဟူသည် ရုပ်ဥပါဒါနက္ခန္ဓာ၊ ဝေဒနာဥပါဒါနက္ခန္ဓာ၊ သညာဥပါဒါနက္ခန္ဓာ၊ သင်္ခါရဥပါဒါနက္ခန္ဓာ၊ ဝိညာဏ်ဥပါဒါနက္ခန္ဓာတို့ပေတည်း။ ရဟန်းတို့၊ ဤ (ဥပါဒါနက္ခန္ဓာငါးပါး)တို့ကို အကျဉ်းချုပ်အားဖြင့် ငါးပါးသော ဥပါဒါနက္ခန္ဓာ ဆင်းရဲတို့ဟူ၍ ဆိုအပ်ကုန်၏။

ရဟန်းတို့-ဤတရားသဘောကို ဒုက္ခအရိယာသစ္စာဟူ၍ ဆိုအပ်၏။

## ဒုက္ခသမုဒယအရိယာသစ္စာ

ရဟန်းတို့-ဒုက္ခသမုဒယအရိယာသစ္စာသည် အဘယ်နည်း။ တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ်သော နှစ်သက်တပ်မက်ခြင်းနှင့်တကွ ဖြစ်သော ထိုထိုဘဝအာရုံ၌ အလွန်နှစ်သက်ခြင်း ရှိသော တဏှာတည်း။ ထိုတဏှာ[၂] သည် အဘယ်နည်း။ ကာမတဏှာ[၃]၊ ဘဝတဏှာ[၄]၊ ဝိဘဝတဏှာ[၅]တို့တည်း။

ရဟန်းတို့၊ ထိုတဏှာဖြစ်သည်ရှိသော် အဘယ်၌ ဖြစ်သနည်း။ တည်သည်ရှိသော် အဘယ်၌ တည်သနည်း။ လောက၌ ချစ်ခင်ဖွယ် သာယာဖွယ်သဘောသည် (ရှိ၏)၊ ထို(တဏှာ)သည် ဖြစ်သည်ရှိသော် ဤချစ်ခင်ဖွယ် သာယာဖွယ်(အာရုံ)၌ ဖြစ်၏။ တည်သည်ရှိသော် ဤ(ချစ်ခင်ဖွယ် သာယာဖွယ်အာရုံ)၌ တည်၏။

လောက၌ ချစ်ခင်ဖွယ် သာယာဖွယ် သဘောသည် အဘယ်နည်း။ လောက၌ မျက်စိသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမျက်စိ၌ ဖြစ်၏။ တည်သည်ရှိသော် ဤမျက်စိ၌ တည်၏။ လောက၌ နားသည် ။ ပ။ လောက၌ နှာခေါင်းသည်။ ပ။ လောက၌ လျှာသည်။ ပ။ လောက၌ ကိုယ်သည်။ပ။ လောက၌ စိတ်သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘော ဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤစိတ်၌ ဖြစ်၏။ တည်သည်ရှိသော် ဤစိတ်၌ တည်၏။

---

၁။ ဥပါဒါန်၏အာရုံတရားစု ၂။ တပ်မက်ခြင်း ၃။ ကာမဘုံ၌ တပ်မက်ခြင်း
၄။ ရူပ အရူပဘုံတို့၌ တပ်မက်ခြင်း ၅။ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တပ်မက်ခြင်း

လောက၌ ရူပါရုံ [၁] တို့သည်။ ပ။ လောက၌ သဒ္ဒါရုံ[၂]တို့သည်။ ပ။ လောက၌ ဂန္ဓာရုံ [၃] တို့သည်။ ပ။ လောက၌ ရသာရုံ[၄] တို့သည်။ ပ။ လောက၌ ဖောဋ္ဌဗ္ဗာရုံ [၅] တို့သည်။ ပ။ လောက၌ တရားသဘောတို့သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤတရားတို့၌ ဖြစ်၏။ တည်သည်ရှိသော် ဤတရားတို့၌ တည်၏။

လောက၌ စက္ခုဝိညာဏ် [၆]သည်။ ပ။ လောက၌ သောတဝိညာဏ် [၇] သည်။ ပ။ လောက၌ ဃာနဝိညာဏ် [၈]သည်။ ပ။ လောက၌ ဇိဝှါဝိညာဏ် [၉] သည်။ ပ။ လောက၌ ကာယဝိညာဏ်[၁၀] သည်။ ပ။ လောက၌ မနောဝိညာဏ်[၁၁] သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘော ဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမနောဝိညာဏ်၌ ဖြစ်၏။ တည်သည်ရှိသော် ဤမနောဝိညာဏ်၌ တည်၏။

လောက၌ စက္ခုသမ္ဖဿ [၁၂] သည်။ ပ။ လောက၌ သောတသမ္ဖဿ [၁၃] သည်။ပ။ လောက၌ ဃာနသမ္ဖဿ [၁၄] သည်။ ပ။ လောက၌ ဇိဝှါသမ္ဖဿ [၁၅] သည်။ ပ။ လောက၌ ကာယသမ္ဖဿ [၁၆] သည်။ ပ။ လောက၌ မနောသမ္ဖဿ [၁၇] သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမနောသမ္ဖဿ၌ ဖြစ်၏။ တည်သည်ရှိသော် ဤမနောသမ္ဖဿ၌ တည်၏။

လောက၌ စက္ခုသမ္ဖဿဇာဝေဒနာ [၁၈]သည်။ ပ။ လောက၌ သောတသမ္ဖဿဇာဝေဒနာ [၁၉] သည်။ ပ။ လောက၌ ဃာနသမ္ဖဿဇာဝေဒနာ [၂၀] သည်။ ပ။ လောက၌ ဇိဝှါသမ္ဖဿဇာဝေဒနာ [၂၁] သည်။ ပ။ လောက၌ ကာယသမ္ဖဿဇာဝေဒနာ [၂၂] သည်။ ပ။ လောက၌ မနောသမ္ဖဿဇာဝေဒနာ [၂၃] သည်

---

၁။ အဆင်း
၂။ အသံ
၃။ အနံ့
၄။ အရသာ
၅။ အတွေ့အထိ
၆။ မျက်စိ၌ မှီသောစိတ်
၇။ နား၌မှီသောစိတ်
၈။ နှာခေါင်း၌မှီသောစိတ်
၉။ လျှာ၌မှီသောစိတ်
၁၀။ ကိုယ်၌မှီသောစိတ်
၁၁။ မနော၌မှီသောစိတ်
၁၂။ မျက်စိအတွေ့
၁၃။ နားအတွေ့
၁၄။ နှာခေါင်းအတွေ့
၁၅။ လျှာအတွေ့
၁၆။ ကိုယ်အတွေ့
၁၇။ မနောအတွေ့
၁၈။ မျက်စိအတွေ့ကြောင့်ဖြစ်သော ခံစားခြင်း
၁၉။ နားအတွေ့ကြောင့်ဖြစ်သော ခံစားခြင်း
၂၀။ နှာခေါင်းအတွေ့ကြောင့်ဖြစ်သော ခံစားခြင်း
၂၁။ လျှာအတွေ့ကြောင့်ဖြစ်သော ခံစားခြင်း
၂၂။ ကိုယ်အတွေ့ကြောင့်ဖြစ်သော ခံစားခြင်း
၂၃။ မနောအတွေ့ကြောင့်ဖြစ်သော ခံစားခြင်း

ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမနောသမ္ဖဿဇာဝေဒနာ၌ ဖြစ်၏။ တည်သည်ရှိသော် ဤမနောသမ္ဖဿဇာ ဝေဒနာ၌ တည်၏။

လောက၌ ရူပသညာ [၁] သည်။ ပ။ လောက၌ သဒ္ဒသညာ [၂] သည်။ပ။ လောက၌ ဂန္ဓသညာ [၃] သည်။ ပ။ လောက၌ ရသသညာ [၄] သည်။ ပ။ လောက၌ ဖောဋ္ဌဗ္ဗသညာ [၅] သည်။ ပ။ လောက၌ ဓမ္မသညာ [၆] သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မသညာ၌ ဖြစ်၏။ တည်သည်ရှိသော် ဤဓမ္မသညာ၌ တည်၏။

လောက၌ ရူပသဉ္စေတနာ [၇] သည်။ ပ။ လောက၌ သဒ္ဒသဉ္စေတနာ [၈] သည် ။ ပ။ လောက၌ ဂန္ဓသဉ္စေတနာ [၉] သည်။ ပ။ လောက၌ ရသသဉ္စေတနာ [၁၀] သည်။ ပ။ လောက၌ ဖောဋ္ဌဗ္ဗသဉ္စေတနာ [၁၁] သည်။ပ။ လောက၌ ဓမ္မသဉ္စေတနာ [၁၂] သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ ဖြစ်၏။ တည်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ တည်၏။

လောက၌ ရူပတဏှာ [၁၃] သည်။ ပ။ လောက၌ သဒ္ဒတဏှာသည်။ ပ။ လောက၌ ဂန္ဓတဏှာသည်။ ပ။ လောက၌ ရသတဏှာသည်။ ပ။ လောက၌ ဖောဋ္ဌဗ္ဗတဏှာသည်။ ပ။ လောက၌ ဓမ္မတဏှာသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မတဏှာ၌ ဖြစ်၏။ တည်သည်ရှိသော် ဤဓမ္မတဏှာ၌ တည်၏။

လောက၌ ရူပဝိတက် [၁၄] သည်။ပ။ လောက၌ သဒ္ဒဝိတက်သည်။ ပ။ လောက၌ ဂန္ဓဝိတက်သည်။ ပ။ လောက၌ ရသဝိတက်သည်။ ပ။ လောက၌ ဖောဋ္ဌဗ္ဗဝိတက်သည်။ ပ။ လောက၌ ဓမ္မဝိတက်သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏။ ထိုတပ်မက်ခြင်း"တဏှာ"သည် ဖြစ်သည်ရှိသော် ဤဓမ္မဝိတက်၌ ဖြစ်၏။ တည်သည်ရှိသော် ဤဓမ္မဝိတက်၌ တည်၏။

---

၁။ ရူပါရုံ၌ မှတ်သားခြင်း
၂။ သဒ္ဒါရုံ၌ မှတ်သားခြင်း
၃။ ဂန္ဓာရုံ၌ မှတ်သားခြင်း
၄။ ရသာရုံ၌ မှတ်သားခြင်း
၅။ ဖောဋ္ဌဗ္ဗာရုံ၌ မှတ်သားခြင်း
၆။ ဓမ္မာရုံ၌ မှတ်သားခြင်း
၇။ ရူပါရုံ၌ စေ့ဆော်ခြင်း
၈။ သဒ္ဒါရုံ၌ စေ့ဆော်ခြင်း
၉။ ဂန္ဓာရုံ၌ စေ့ဆော်ခြင်း
၁၀။ ရသာရုံ၌ စေ့ဆော်ခြင်း
၁၁။ ဖောဋ္ဌဗ္ဗာရုံ၌ စေ့ဆော်ခြင်း
၁၂။ ဓမ္မာရုံ၌ စေ့ဆော်ခြင်း
၁၃။ ရူပါရုံ၌ စေ့ဆော်ခြင်း
၁၄။ ရူပါရုံ၌ ကြံစည်ခြင်း

လောကၓ ရူပဝိစာရ [၁] သည်။ ပ။ လောကၓ သဒ္ဒဝိစာရသည်။ ပ။ လောကၓ ဂန္ဓဝိစာရသည်။ ပ။ လောကၓ ရသဝိစာရသည်။ ပ။ လောကၓ ဖောဋ္ဌဗ္ဗဝိစာရသည်။ ပ။ လောကၓ ဓမ္မဝိစာရသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မဝိစာရ၌ ဖြစ်၏။ တည်သည်ရှိသော် ဤဓမ္မဝိစာရ၌ တည်၏။

ရဟန်းတို့၊ ဤတရားသဘောကို အရိယာတို့သိအပ်သော ဒုက္ခ သမုဒယ အရိယသစ္စာ [၂] ဟူ၍ ဆိုအပ်၏။

## ဒုက္ခနိရောဓ အရိယသစ္စာ

ရဟန်းတို့၊ ဒုက္ခနိရောဓ အရိယသစ္စာသည် အဘယ်နည်း။ ထိုတဏှာ၏ သာလျှင် အကြွင်းမရှိ ကင်းချုပ်ရာ၊ တဏှာကိုစွန့်ရာ တဏှာကို ဝေးစွာစွန့်ရာ တဏှာမှ လွတ်မြောက်ရာ တဏှာဖြင့် မကပ်ငြိရာ(နိဗ္ဗာန်)တည်း။

ရဟန်းတို့၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် အဘယ်၌ ပယ်အပ်သနည်း။ ချုပ်သည်ရှိသော် အဘယ်၌ ချုပ်သနည်း။ လောကၓ ချစ်ခင်ဖွယ် သာယာဖွယ် သဘောသည် (ရှိ၏)ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤချစ်ခင်ဖွယ် သာယာဖွယ် သဘော၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤချစ်ခင်ဖွယ် သာယာဖွယ် သဘော၌ ချုပ်၏။

လောကၓ ချစ်ခင်ဖွယ် သာယာဖွယ်သဘောသည် အဘယ်နည်း။ လောကၓ မျက်စိသည် ချစ်ခင်ဖွယ်သဘော သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤမျက်စိ၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤမျက်စိ၌ ချုပ်၏။ လောကၓ နားသည် ။ ပ။ လောကၓ နှာခေါင်းသည် ။ ပ။ လောကၓ လျှာသည်။ ပ။ လောကၓ ကိုယ်သည်။ ပ။ လောကၓ စိတ်သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤစိတ်၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤစိတ်၌ ချုပ်၏။

လောကၓ ရူပါရုံတို့သည်။ လောကၓ သဒ္ဒါရုံတို့သည်။ လောကၓ ဂန္ဓာရုံတို့သည်။ လောကၓ ရသာရုံတို့သည်။ လောကၓ ဖောဋ္ဌဗ္ဗာရုံတို့သည်။ လောကၓ ဓမ္မာရုံတို့သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာကို

---
၁။ ရူပါရုံ၌ သုံးသပ်ဆင်ခြင်ခြင်း၊
၂။ ဆင်းရဲဖြစ်ကြောင်း အရိယာတို့ သိအပ်သော အမှန်တရား

ပယ်အပ်သည်ရှိသော် ဤတရားတို့၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤတရားတို့၌ ချုပ်၏။

လောက၌ စက္ခုဝိညာဏ်သည်။ လောက၌ သောတဝိညာဏ်သည်။ လောက၌ ဃာနဝိညာဏ်သည်။ လောက၌ ဇိဝှါဝိညာဏ်သည်။ လောက၌ ကာယဝိညာဏ်သည်။ လောက၌ မနောဝိညာဏ်သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘော ဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤမနောဝိညာဏ်၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤမနောဝိညာဏ်၌ ချုပ်၏။

လောက၌ စက္ခုသမ္ဖဿသည်။ လောက၌ သောတသမ္ဖဿသည်။ လောက၌ ဃာနသမ္ဖဿသည်။ လောက၌ ဇိဝှါသမ္ဖဿသည်။ လောက၌ ကာယသမ္ဖဿသည်။ လောက၌ မနောသမ္ဖဿသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘော ဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤမနောသမ္ဖဿ၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤမနောသမ္ဖဿ၌ ချုပ်၏။

လောက၌ စက္ခုသမ္ဖဿဇာ ဝေဒနာသည်။ လောက၌ သောတသမ္ဖဿဇာ ဝေဒနာသည်။ လောက၌ ဃာနသမ္ဖဿဇာဝေဒနာသည်၊ လောက၌ ဇိဝှါသမ္ဖဿဇာ ဝေဒနာသည်။ လောက၌ ကာယသမ္ဖဿဇာဝေဒနာသည်။ လောက၌ မနော သမ္ဖဿဇာ ဝေဒနာသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤမနောသမ္ဖဿဇာဝေဒနာ၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤမနောသမ္ဖဿဇာဝေဒနာ၌ ချုပ်၏။

လောက၌ ရူပါသညာသည်။ လောက၌ သဒ္ဒသညာသည်။ လောက၌ ဂန္ဓာသညာသည်။ လောက၌ ရသသညာသည်။ လောက၌ ဖောဋ္ဌဗ္ဗသညာသည်။ လောက၌ ဓမ္မသညာသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မသညာ၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤဓမ္မသညာ၌ ချုပ်၏။

လောက၌ ရူပါသဉ္စေတနာသည်။ လောက၌ သဒ္ဒသဉ္စေတနာသည်။ လောက၌ ဂန္ဓသဉ္စေတနာသည်။ လောက၌ ရသသဉ္စေတနာသည်။ လောက၌ ဖောဋ္ဌဗ္ဗသဉ္စေတနာ။ လောက၌ ဓမ္မသဉ္စေတနာသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘော ဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ ချုပ်၏။

လောက၌ ရူပါတဏှာသည်။ လောက၌ သဒ္ဒတဏှာသည်။ လောက၌ ဂန္ဓတဏှာသည်။ လောက၌ ရသတဏှာသည်။ လောက၌ ဖောဋ္ဌဗ္ဗတဏှာသည်။ လောက၌ ဓမ္မတဏှာသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မတဏှာ၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤဓမ္မတဏှာ၌ ချုပ်၏။

လောက၌ ရူပဝိတက်သည်။ လောက၌ သဒ္ဒဝိတက်သည်။ လောက၌ ဂန္ဓဝိတက်သည်၊ လောက၌ ရသဝိတက်သည်။ လောက၌ ဖောဋ္ဌဗ္ဗဝိတက်သည်။ လောက၌ ဓမ္မဝိတက်သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မဝိတက်၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤဓမ္မဝိတက်၌ ချုပ်၏။

လောက၌ ရူပဝိစာရသည်။ လောက၌ သဒ္ဒဝိစာရသည်။ လောက၌ ဂန္ဓဝိစာရသည်။ လောက၌ ရသဝိစာရသည်။ လောက၌ ဖောဋ္ဌဗ္ဗဝိစာရသည်။ လောက၌ ဓမ္မဝိစာရသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မဝိစာရ၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤဓမ္မဝိစာရ၌ ချုပ်၏။

ရဟန်းတို့၊ ဤတရားသဘောကို ဒုက္ခနိရောဓအရိယသစ္စာ [၁]ဟူ၍ ဆိုအပ်၏။

## ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စာ

ရဟန်းတို့၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စာ[၂] သည် အဘယ်နည်း။ မြတ်သော အင်္ဂါရှစ်ပါးရှိသော ဤမဂ်အကျင့်လမ်းတည်း။ ဤမဂ်အကျင့်လမ်းတို့သည် အဘယ်တို့နည်း။ သမ္မာဒိဋ္ဌိ [၃] သမ္မာသင်္ကပ္ပ [၄] သမ္မာဝါစာ [၅] သမ္မာ ကမ္မန္တ [၆] သမ္မာအာဇီဝ [၇] သမ္မာဝါယာမ [၈] သမ္မာသတိ [၉] သမ္မာသမာဓိ [၁၀] တို့ပေတည်း။

---

၁။ ဒုက္ခ၏ချုပ်ရာ အရိယာတို့ သိအပ်သောအမှန်တရား

၂။ ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့်ဟူသော အရိယာတို့ သိအပ်သော အမှန်တရား။

၃။ မှန်စွာသိမြင်ခြင်း

၄။ မှန်စွာကြံခြင်း

၅။ မှန်စွာပြောဆိုခြင်း

၆။ မှန်စွာပြုလုပ်ခြင်း

၇။ မှန်စွာ အသက်မွေးခြင်း

၈။ မှန်စွာ အားထုတ်ခြင်း

၉။ မှန်စွာအောက်မေ့ခြင်း

၁၀။ မှန်စွာတည်ကြည်ခြင်း

ရဟန်းတို့၊ သမ္မာဒိဋ္ဌိသည် အဘယ်နည်း။

ဒုက္ခ၌ သိမြင်ခြင်း၊ ဒုက္ခ၏ ဖြစ်ကြောင်း၌ သိမြင်ခြင်း၊ ဒုက္ခ၏ ချုပ်ရာ (နိဗ္ဗာန်)၌ သိမြင်ခြင်း၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်၌ သိမြင်ခြင်းတည်း။ ရဟန်းတို့၊ ဤ(သိမြင်ခြင်း)ကို မှန်စွာသိမြင်ခြင်း "သမ္မာဒိဋ္ဌိ"ဟု ဆိုအပ်၏။

ရဟန်းတို့၊ သမ္မာသင်္ကပ္ပသည် အဘယ်နည်း။

(ကာမအာရုံမှ) လွတ်ကင်းသော ကြံစည်ခြင်း၊ ဖျက်ဆီးခြင်းမှ လွတ်ကင်းသော ကြံစည်ခြင်း၊ ညှဉ်းဆဲခြင်းမှ လွတ်ကင်းသောကြံစည်ခြင်းတည်း။ ရဟန်းတို့၊ ဤကြံစည်ခြင်းကို မှန်စွာကြံခြင်း"သမ္မာသင်္ကပ္ပ"ဟူ၍ ဆိုအပ်၏။

ရဟန်းတို့၊ သမ္မာဝါစာသည် အဘယ်နည်း။

မဟုတ်မမှန်ပြောခြင်းမှ ကြဉ်ရှောင်ခြင်း၊ ကုန်းစကားမှ ကြဉ်ရှောင်ခြင်း၊ ရန့်ကြမ်းသော စကားမှ ကြဉ်ရှောင်ခြင်း၊ ပြိန်ဖျင်းသော စကားမှ ကြဉ်ရှောင်ခြင်းတည်း။ ရဟန်းတို့၊ ဤကြဉ်ရှောင်ခြင်းကို မှန်စွာပြောဆိုခြင်း "သမ္မာဝါစာ" ဟူ၍ ဆိုအပ်၏။

ရဟန်းတို့၊ သမ္မာကမ္မန္တသည် အဘယ်နည်း။

အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်ခြင်း၊ မပေးသည်ကို ယူခြင်းမှ ကြဉ်ရှောင်ခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ ကြဉ်ရှောင်ခြင်းတည်း။ ရဟန်းတို့၊ ဤကြဉ်ရှောင်ခြင်းကို မှန်စွာပြုလုပ်ခြင်း "သမ္မာကမ္မန္တ"ဟူ၍ ဆိုအပ်၏။

ရဟန်းတို့၊ သမ္မာအာဇီဝသည် အဘယ်နည်း။

ရဟန်းတို့၊ ဤသာသနာတော်၌ အရိယာဖြစ်သော တပည့်သည် မှားယွင်းစွာ အသက်မွေးခြင်းကို ပယ်စွန့်၍ မှန်စွာ အသက်မွေးခြင်းဖြင့် အသက် မွေး၏။ ရဟန်းတို့၊ ဤအသက်မွေးခြင်းကို မှန်စွာ အသက်မွေးခြင်း "သမ္မာ အာဇီဝ"ဟူ၍ ဆိုအပ်၏။

ရဟန်းတို့၊ သမ္မာဝါယာမသည် အဘယ်နည်း။

ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးသော၊ ယုတ်မာသော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေရန် ဆန္ဒကို ဖြစ်စေ၏။ အားထုတ်၏။ လုံ့လပြု၏။ စိတ်ကို ချီးမြှောက်၏။ ဆောက်တည်၏။ ဖြစ်ပြီးသော ယုတ်မာသော

အကုသိုလ်တရားတို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေ၏။ အားထုတ်၏။ လုံ့လပြု၏။ စိတ်ကို ချီးမြှောက်၏။ ဆောက်တည်၏။ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန် ဆန္ဒကို ဖြစ်စေ၏။ အားထုတ်၏။ လုံ့လပြု၏။ စိတ်ကို ချီးမြှောက်၏။ ဆောက်တည်၏။ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တည်မြဲစေရန် မပျောက်ပျက်စေရန် တိုးတက် ဖြစ်ပွားစေရန် ပြန့်ပြောစေရန် ပွားများမှု ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏။ အားထုတ်၏။ လုံ့လပြု၏။ စိတ်ကို ချီးမြှောက်၏။ ဆောက်တည်၏။ ရဟန်းတို့၊ ဤအားထုတ်ခြင်းကို မှန်စွာအားထုတ်ခြင်း "သမ္မာဝါယာမ"ဟူ၍ ဆိုအပ်၏။

ရဟန်းတို့၊ သမ္မာသတိသည် အဘယ်နည်း။

ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍၊ သမ္ပဇဉ်ဉာဏ်ရှိသည် ဖြစ်၍၊ သတိရှိသည်ဖြစ်၍၊ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍၊ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍၊ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍၊ သတိရှိသည်ဖြစ်၍၊ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍၊ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍၊ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍၊ သတိရှိသည်ဖြစ်၍၊ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍၊ စိတ်၌စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍၊ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍၊ သတိရှိသည်ဖြစ်၍၊ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့၊ ဤအောက်မေ့ခြင်းသတိကို မှန်စွာအောက်မေ့ခြင်း "သမ္မာသတိ" ဟူ၍ ဆိုအပ်၏။

ရဟန်းတို့၊ သမ္မာသမာဓိသည် အဘယ်နည်း။

ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ကင်း၍သာလျှင် ဖြစ်သော၊ အကုသိုလ်တရားတို့မှ ကင်း၍သာလျှင်ဖြစ်သော၊ ဝိတက်နှင့်တကွ ဖြစ်သော၊ ဝိစာရနှင့်တကွဖြစ်သော၊ နီဝရဏကင်းခြင်းကြောင့်ဖြစ်သည့် ပီတိသုခ ရှိသော ပဌမဈာန်သို့ ရောက်၍ နေ၏။

ဝိတက် ဝိစာရ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော သမာဓိကို ပွားစေတတ်သော ဝိတက်လည်း မရှိသော ဝိစာရလည်း

မရှိသော သမာဓိကြောင့်ဖြစ်သည့် ပီတိသုခရှိသော ဒုတိယဈာန်သို့ ရောက်၍ နေ၏။

ပီတိ၏လည်း ကင်းခြင်းကြောင့် အမျှရှုလျက် သတိရှိလျက် ဆင်ခြင်လျက် နေ၏။ သုခကိုလည်း ကိုယ်ဖြင့် ခံစား၏။ အကြင်(တတိယဈာန်)ကြောင့် ထိုသူကို"အမျှရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ"ဟု အရိယာ(ပုဂ္ဂိုလ်)တို့သည် ချီးမွမ်းပြောဆိုကုန်၏။ ထိုတတိယဈာန်သို့ ရောက်၍ နေ၏။

ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်လည်းကောင်း၊ ရှေးဦးကပင် ဝမ်းသာခြင်း၊ နှလုံးမသာခြင်းတို့၏ ချုပ်ခြင်းကြောင့်လည်းကောင်း၊ ဆင်းရဲချမ်းသာကင်းသော(ဥပေက္ခာ)ကြောင့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍ နေ၏။ ရဟန်းတို့၊ ဤသမာဓိကို မှန်စွာတည်ကြည်ခြင်း"သမ္မာသမာဓိ"ဟူ၍ ဆိုအပ်၏။ ရဟန်းတို့၊ ဤတရားသဘောကို ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာ ဟူ၍ဆိုအပ်၏။

ဤသို့ မိမိ၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတစ်ပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိသူတစ်ပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကိုလည်း အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ သဘောတရားတို့၌ ပျက်ကြောင်း တရားနှင့် ပျက်ခြင်းသဘောကိုလည်း အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ မူလည်းနေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်း တရားနှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောကိုလည်း အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "သဘောတရားတို့သည်သာလျှင် ရှိကုန်၏"ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့်အသိဉာဏ် တိုးပွားခြင်းငှာသာ ဖြစ်၏။ အဆင့်ဆင့် သတိတစ်ဖန် တိုးပွားခြင်းငှာသာ ဖြစ်၏(ထိုရဟန်းသည် တဏှာဒိဋ္ဌိ တို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစ်စုံတစ်ရာကိုမျှလည်း (ငါ, ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် အရိယ သစ္စာလေးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

သစ္စာအပိုင်းပြီး၏။

သဘောတရားကို ဆင်ခြင်ခြင်းပြီး၏။

ရဟန်းတို့၊ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခုနစ်' နှစ်တို့ပတ်လုံး ဤဟောပြသောနည်းဖြင့် ပွားငြားအံ့။ ထိုပွားသော ပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ဖြစ်စေ၊ ဥပါဒါန်အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ်ဖြစ်စေ ဤဖိုလ်နှစ်ပါးတို့တွင် တစ်ပါးပါးသောဖိုလ်ကို (အမှန်ရ ပေမည်)ဟု အလိုရှိအပ်၏။

ရဟန်းတို့၊ ခုနစ်နှစ်ကို ထားဘိဦး။ ရဟန်းတို့၊ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခြောက်နှစ်တို့ပတ်လုံး ဤဟောပြသောနည်းဖြင့် ပွားငြားအံ့။ ပ။ ငါးနှစ်တို့ပတ်လုံး။ ပ။ လေးနှစ်တို့ပတ်လုံး။ ပ။ သုံးနှစ်တို့ ပတ်လုံး။ ပ။ နှစ်နှစ်တို့ပတ်လုံး။ ပ။ တစ်နှစ်တို့ပတ်လုံး။

ရဟန်းတို့၊ တစ်နှစ်ကို ထားဘိဦး။ ရဟန်းတို့၊ မည်သည့် ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခုနစ်လတို့ပတ်လုံး ဤဟောပြသောနည်းဖြင့် ပွားငြားအံ့။ ထိုပွားသောပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ဖြစ်စေ၊ ဥပါဒါန် အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ်ဖြစ်စေ ဤဖိုလ်နှစ်ပါးတို့တွင် တစ်ပါးပါးသော ဖိုလ်ကို(အမှန်ရပေမည်)ဟု အလိုရှိအပ်၏။

ရဟန်းတို့၊ ခုနစ်လကို ထားဘိဦး။ ရဟန်းတို့၊ မည်သည့် ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခြောက်လတို့ပတ်လုံး ဤဟောပြသောနည်းဖြင့် ပွားငြားအံ့။ ပ။ ငါးလတို့ပတ်လုံး။ လေးလတို့ပတ်လုံး။ သုံးလတို့ ပတ်လုံး။ နှစ်လတို့ပတ်လုံး။ တစ်လတို့ပတ်လုံး။ လခွဲတို့ပတ်လုံး။

ရပာန်းတို့၊ လခွဲကိုထားဘိဦး။ ရဟန်းတို့၊ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခုနစ်ရက်ပတ်လုံး ဤဟောပြသောနည်းဖြင့် ပွားငြားအံ့။ ထိုပွားသောပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ဖြစ်စေ၊ ဥပါဒါန် အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ်ဖြစ်စေ ဤဖိုလ်နှစ်ပါးတို့တွင် တစ်ပါးပါးသော ဖိုလ်ကို (အမှန်ရပေမည်)ဟု အလိုရှိအပ်၏။

"ရဟန်းတို့–ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန် စိုးရိမ် ပူပန်ခြင်း၊ ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတို့ ချုပ်ငြိမ်းရန် အရိယာမဂ်ကိုရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တစ်ကြောင်းတည်း သော ခရီးလမ်းဖြစ်၏။ ယင်းသည့်ခရီးလမ်းကား ဤသတိပဋ္ဌာန် လေးပါးတို့ပင် တည်း"ဟု ဤသို့ အကြင်သတိပဋ္ဌာန်တရား ကြေညာချက်ကို ငါဆိုခဲ့၏။ ဤကြေညာ ချက်ကို ဤ(အကျိုးနှစ်ပါးတို့တွင် တစ်ပါးပါး အမှန်ရရှိနိုင်ခြင်း)ကို

ရည်ရွယ်၍ ဆို၏ဟု မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

မဟာသတိပဋ္ဌာန်သုတ် မြန်မာပြန် ပြီး၏။

**မှတ်ချက်။**

ဤမဟာသတိပဋ္ဌာနသုတ်တော်သည် ဒီဃနိကာယ်၊ သုတ်မဟာဝါ ပါဠိတော်၌လည်း ပါသည်။ မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသပါဠိတော်၊ မူလပရိယာယဝဂ်၌လည်း ပါသည်။ ပထမသံဂါယနာတင် ဆရာတော်တို့သည် အရေးကြီးသော သုတ်တော်ကြီးဖြစ်၍ နိကာယ်ကြီးနှစ်ခု၌ ထည့်သွင်းသံဂါယနာတင်တော်မူထားခြင်း ဖြစ်ဟန်ရှိသည်။ မဟာသတိပဋ္ဌာနသုတ် မြန်မာပြန်သည်လည်း ထိုနိကာယ်ကြီးနှစ်ရပ်၌ ပင် ပါရှိသည်။ ဗုဒ္ဓဘာသာ သာသနာတော်၌ အရေးကြီးသော သုတ်တော်ကြီး ဖြစ်၍ ဆရာတော်ကြီးများကလည်း နိဿယမှီရာကျမ်းများ၊ မြန်မာပြန်များ ပြုစုတော်မူခဲ့ကြသည်။

မိမိသည် စာရေးဆရာ 'နှစ်ဖက်လှ' ကလောင်အမည်ဖြင့် ဤသုတ်တော်ကြီးကို အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့မှ ထုတ်ဝေသော 'ဓမ္မဂီရိ'မဂ္ဂဇင်း၌ လစဉ်ဆောင်းပါးဆက် ရေးသားခဲ့သည်။

သို့ဖြစ်၍ ယခု 'ဗုဒ္ဓဘာသာကောင်းတစ်ယောက်'နှင့် 'ဗုဒ္ဓဘာသာလူတော်လူကောင်းတစ်ယောက်' စာအုပ်များ၌ ပါရှိသော မဟာသတိပဋ္ဌာနသုတ် မြန်မာပြန်သည် ကမ္ဘာအေးပိဋကတ်မြန်မာပြန်နှင့် ဆရာတော်ကြီးများ ပြုစုခဲ့သော နိဿယနှင့် မြန်မာပြန်များကို မှီး၍ ပြန်ဆိုထားသော 'နှစ်ဖက်လှ မြန်မာပြန်' ဖြစ်ပေသည်။

# အခန်း(၁၀)

# အကျဉ်းဆုံးမှတ်ရန် ဝိပဿနာဂါထာတော်များ

## အနိစ္စလက္ခဏာ

**ပါဠိတော်**

“သဗ္ဗေ သင်္ခါရာ အနိစ္စာ” တိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ[1]။

**မြန်မာပြန်**

အကြင်အခါ “(ရုပ်နာမ်ဓမ္မ) သင်္ခါရအားလုံးတို့သည် အမြဲမရှိကုန်” ဟု ဝိပဿနာပညာဖြင့် ရှုမြင်နိုင်၏၊ ထိုအခါ ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်ရာ နိဗ္ဗာန်၏အကြောင်း ဖြစ်၏။

**အဓိပ္ပာယ်**

ရုပ်နာမ်ဓမ္မသင်္ခါရအားလုံးကို အနိစ္စ(မမြဲ)ဟု သိမြင်အောင် ဝိပဿနာ ရှုရမည်။ ထိုသို့ရှုလျှင် ရုပ်နာမ်ဓမ္မ သင်္ခါရတို့၌ မတပ်မက်တော့ဘဲ ငြီးငွေ့ စက်ဆုပ်လာလိမ့်မည်။ ဤသို့ ငြီးငွေ့စက်ဆုပ်ပါက ကိလေသာ ကင်းစင်၍ နိဗ္ဗာန် ကို သိမြင်ရန် အကြောင်းဖြစ်ပေသည်။

## ဒုက္ခလက္ခဏာ

**ပါဠိတော်**

“သဗ္ဗေ သင်္ခါရာ ဒုက္ခာ” တိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ[2]။

---

၁။-၂။ ဓမ္မပဒ၊ မဂ္ဂဝဂ် ၅၃။

**မြန်မာပြန်**

အကြင်အခါ “(ရုပ်နာမ်ဓမ္မ) သင်္ခါရအားလုံးတို့သည် ဆင်းရဲကုန်၏” ဟု ဝိပဿနာပညာဖြင့် ရှုမြင်နိုင်၏၊ ထိုအခါ ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်ရာ နိဗ္ဗာန်၏အကြောင်း ဖြစ်၏။

**အဓိပ္ပာယ်**

ရုပ်နာမ်ဓမ္မသင်္ခါရအားလုံးကို ဒုက္ခ(ဆင်းရဲ)ဟု သိမြင်အောင် ဝိပဿနာ ရှုရမည်။ ထိုသို့ရှုလျှင် ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ မတပ်မက်တော့ဘဲ ငြီးငွေ့ စက်ဆုပ်လာလိမ့်မည်။ ဤသို့ ငြီးငွေ့စက်ဆုပ်ပါက ကိလေသာ ကင်းစင်၍ နိဗ္ဗာန်ကို သိမြင်ရန် အကြောင်းဖြစ်ပေသည်။

## အနတ္တလက္ခဏာ

**ပါဠိတော်**

“သဗ္ဗေ ဓမ္မာ အနတ္တာ” တိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ[၁]။

**မြန်မာပြန်**

အကြင်အခါ “သဘာဝတရားအားလုံးသည် အတ္တမဟုတ်ကုန်” ဟု ဝိပဿနာပညာဖြင့် ရှုမြင်နိုင်၏၊ ထိုအခါ ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်ရာ နိဗ္ဗာန်၏အကြောင်း ဖြစ်၏။

**အဓိပ္ပာယ်**

သဘာဝတရားအားလုံးကို အနတ္တ(အတ္တမဟုတ်)ဟု သိမြင်အောင် ဝိပဿနာ ရှုရမည်။ ထိုသို့ရှုလျှင် ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ မတပ်မက်တော့ဘဲ ငြီးငွေ့စက်ဆုပ်လာလိမ့်မည်။ ဤသို့ ငြီးငွေ့စက်ဆုပ်ပါက ကိလေသာ ကင်းစင်၍ နိဗ္ဗာန်ကို သိမြင်ရန်အကြောင်း ဖြစ်ပေသည်။

## ဖြစ်ချုပ်တရား

**ပါဠိတော်**

ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ[၂]။

---

၁။ ဓမ္မပဒ၊ မဂ္ဂဝဂ်-၅၃။ ၂။ ဓမ္မစက္ကပဝတ္တနသုတ်

**မြန်မာပြန်**

ဖြစ်ခြင်းသဘောရှိသော တရားအားလုံးသည် ချုပ်ခြင်းသဘောရှိ၏၊

**အဓိပ္ပာယ်**

အရာအားလုံးသည် ဖြစ်ခြင်းသဘောရှိသလို ချုပ်ခြင်းသဘောလည်း ရှိ၏။ ဖြစ်ပေါ်သည့်တရားမှန်သမျှ ချုပ်ပျောက်ရမည် ဖြစ်သည်ဟု ဆိုလိုပါသည်။

## ဉဒယဗ္ဗယဉာဏ်

ယတော ယတော ဝိပဿတိ၊ ခန္ဓာနံ ဉဒယဗ္ဗယံ၊
လဘတိ ပီတိပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ။

**မြန်မာပြန်**

အကြင်အကြင်အခါ၌ ခန္ဓာတို့၏ ဖြစ်ပျက်ကို ဝိပဿနာရှု၏။ ထိုထိုအခါ၌ နှစ်သက်မှု ဝမ်းမြောက်မှုကို ရပေ၏။ ထိုသို့ရသော နှစ်သက်ဝမ်းမြောက်မှုသည် ပညာရှိတို့အား နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ပေ၏။

**အဓိပ္ပာယ်**

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဟူသော ခန္ဓာငါးပါးတို့၏ ဖြစ်မှု ပျက်မှုကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော လက္ခဏာရေးသုံးပါးတို့ဖြင့် အထူးရှုသောအခါတိုင်း၌ နှစ်သက်မှု(ပီတိ)၊ ဝမ်းမြောက်မှု(ပါမောဇ္ဇ)တို့ကို ရ၏။ ထိုသို့ရသော ပီတိပါမောဇ္ဇသည် ပညာရှိတို့အား (ယောဂီတို့အား) သေခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ရန်အကြောင်း ဖြစ်ပေသည်။

## ဘဒ္ဒေကရတ္တသုတ်တော်

| | | |
|---|---|---|
| ၁။ | အတီတံ နာန္ဝာဂမေယျ | = အတိတ်ခန္ဓာသို့ စိတ်မလိုက်ရာ။ |
| | နပ္ပဋိကင်္ခေ အနာဂတံ | = အနာဂတ်ခန္ဓာကိုလည်း မတောင့်တရာ။ |
| | ယဒတီတံ ပဟီနံ တံ | = အတိတ်ခန္ဓာသည် ချုပ်ခဲ့ပြီ။ |
| | အပ္ပတ္တဉ္စ အနာဂတံ | = အနာဂတ်ခန္ဓာသည် ရောက်မလာသေး။ |
| ၂။ | ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ | = ပစ္စုပ္ပန် ရုပ် နာမ် ခန္ဓာတရားကို |
| | တတ္ထတတ္ထ ဝိပဿတိ | = ထိုထိုဖြစ်ဆဲဖြစ်ဆဲ ခဏတိုင်း၌ ရှု၏။ |
| | အသံဟီရံ အသံကုပ္ပံ | = တွန့်တိုခြင်း၊ ပျက်စီးခြင်းမရှိသော |
| | တံ ဝိဒ္ဓါ မနုဗြူဟယေ | = ထိုဝိပဿနာရှုမှုကို ပညာရှိသည် တိုးပွားစေရာ၏။ |

၃။ အဇ္ဇေဝ ကိစ္စမာတပ္ပံ = ယနေ့ပြုရမည့်ကိစ္စကို ယနေ့မှာပဲ ပြုလုပ်ပါ။

ကော ဇညာ မရဏံ သုဝေ = ယနေ့မသေ၊ မနက်ဖြန်ကျမှသေမည်ဟူ၍ မည်သူသိနိုင်ပါမည်နည်း။

နဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ = ထိုစကားမှန်၏။ စစ်သည်ဗိုလ်ပါ များလှစွာသော သေမင်းနှင့် ငါတို့ ချိန်းချက်ထားခြင်း မရှိချေ။

၄။ ဧဝံ ဝိဟာရိံ အာတာပိံ အဟောရတ္တ မတန္ဒိတံ = ဤကဲ့သို့ သိမြင်ပြီး နေ့ရောညပါ မပျင်းမရိ ပြင်းပြသော လုံ့လဝီရိယဖြင့် ဝိပဿနာရှု၍ နေလေ့ရှိသော–

တံ ဝေ ဘဒ္ဒေကရတ္တောတိ = ထိုသူကို ဘဒ္ဒေကရတ္တ (ဘဒ္ဒေကရတ်) ဟူ၍ (ကောင်းသောညဥ့်တစ်ညဥ့်ရှိသူဟူ၍)

သန္တော အာစိက္ခတေ မုနိ = ကိလေသာခပ်သိမ်း ငြိမ်းတော်မူပြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏။

သင်–ဘဒ္ဒေကရတ်ယောဂီ ဖြစ်ပါစေ။

**ကမ္မဋ္ဌာန်းဆရာ နှစ်ဖက်လှ ဦးကျော်လွင်**

နေ့စွဲ။ ။ ၁၀–၄–၉၆

## အခန်း(၁၁)

## တရားအားထုတ်ရန် နည်းလမ်းများ

**အားထုတ်ရန်တရားများ** အားထုတ်ရန်တရားများကား သမထတရားနှင့် ဝိပဿနာတရားများပင် ဖြစ်ပါသည်။ ယင်း သမထ၊ ဝိပဿနာတရား ၂–ပါးကိုပင် မိမိသန္တာန်၌ ဖြစ်ပေါ်အောင် တစ်ကြိမ်အားထုတ်ပြီးနောက် အထပ်ထပ်တိုးပွားအောင် အားထုတ်ထိုက်သောကြောင့် ဘာဝနာဟု ခေါ်ပါသည်။ ဘာဝနာ အားထုတ်မှု တည်ရာ အာရုံဖြစ်သောကြောင့် ကမ္မဋ္ဌာန်းဟူ၍လည်း ခေါ်ပါသည်။

**တရားအားထုတ်မည့်သူ၌ ရှိရမည့် အင်္ဂါ ၅–ပါး**

၁။ သဒ္ဓါယုံကြည်မှု ရှိရမည်။

၂။ တရားအားထုတ်နိုင်စွမ်းသည့် ကျန်းမာရေးပြည့်စုံရမည်။

၃။ ဖြောင့်မတ် မှန်ကန်သောစိတ်ထား ရှိရမည်။

၄။ အကုသိုလ်ဒုစရိုက်များကို ပယ်ရှားပြီး ကုသိုလ်သုစရိုက် တရားကို တိုးပွားအောင် အားထုတ်သော ဝီရိယ ရှိရမည်။

၅။ ရုပ်နာမ်နှစ်ပါးကို ပိုင်းခြား သိမြင်နိုင်စွမ်းသော ပညာနှင့် ပြည့်စုံရမည်။

**ဆောင်ပုဒ်။။** ယုံကြည်,နာကင်း၊ စဉ်းလဲကင်း၊ ရှိခြင်းခွဲ, ပညာ၊ ဗဓာနိယင်္ဂ၊ ဤငါး၀၊ ရှိရယောဂီမှာ။

**တရားအားထုတ်မည့်သူ၌ ရှိရမည့် အပရိဟာနိယတရား ၇–ပါး**

၁။ ဘုရား၌ ရိုသေမှု ရှိရမည်။

၂။ တရားတော်၌ ရိုသေမှုရှိရမည်။

၃။ သံဃာတော်၊ ဆရာသမားနှင့် ထေရ်ကြီးများ၌ ရိုသေမှု ရှိရမည်။

၄။ ကိုယ်ကျင့်သီလ၌ ရိုသေမှု ရှိရမည်။

၅။ တည်ကြည်ခြင်း၌ ရိုသေမှု ရှိရမည်။

၆။ မိမိအားထုတ်သော ကမ္မဋ္ဌာန်းတရားအတွက် လမ်းညွှန်မှု ပေးနိုင်သော ကလျာဏမိတ်ကောင်း ရှိရမည်။

၇။ ယင်း ကလျာဏမိတ်ကောင်း၏ နည်းပေးလမ်းပြ ဆိုဆုံးမမှုကို မပယ်ရှားဘဲ လိုက်နာ မှတ်သားနိုင်သူ ဖြစ်ရမည်။

**ကမ္မဋ္ဌာနဥပစာရတရား ၁၅–ပါး**

ကမ္မဋ္ဌာန်းအခြေခံတရား (ကမ္မဋ္ဌာန်းအလုပ်နှင့် အနီးကပ်ဆုံး တရား) ၁၅–ပါးကိုလည်း သိအောင်လေ့လာပြီး အသားကျနေသည်အထိ အားထုတ်ပြီး ဖြစ်ရပါမည်၊ ယင်းတို့ကား ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်။

(၁) ကမ္မဋ္ဌာန်းအလုပ် အားထုတ်နိုင်စွမ်းရှိခြင်း၊
(၂) ကိုယ်နှုတ်ဖြောင့်မတ် ရိုးသားခြင်း၊
(၃) တည်ကြည်သောစိတ်ရှိခြင်း၊
(၄) ပညာရှိစကားကို နာယူလွယ်ခြင်း
(၅) နူးညံ့သိမ်မွေ့စွာ နေထိုင်လေ့ရှိခြင်း၊
(၆) အလွန်မာန မကြီးခြင်း၊
(၇) ရောင့်ရဲလွယ်ခြင်း၊
(၈) အဆာမကျယ် မွေးမြူလွယ်ခြင်း၊
(၉) ဗာဟိရကိစ္စမများဘဲ နည်းပါးသော ကိစ္စရှိခြင်း၊
(၁၀) အနေအစား ပေါ့ပါးသော အသက်မွေးမှု ရှိခြင်း၊
(၁၁) ငြိမ်သက်သောဣန္ဒြေရှိခြင်း၊
(၁၂) အရာရာကို သေချာထောက်ချင့် ရင့်သောပညာရှိခြင်း၊
(၁၃) ကြမ်းတမ်းသောကိုယ်နှုတ်စိတ် မရှိခြင်း၊
(၁၄) အမျိုးတို့၌ သံယောဇဉ်ကင်းခြင်း၊
(၁၅) ဒုစရိုက်မှုများကို ရှောင်ရှားခြင်း၊

**ဈာန်မဂ်ဖိုလ်ကို အန္တရာယ်ပြုသော ကံကြီး ၅–ပါး**

တရားအားထုတ်သော်လည်း ဈာန်မဂ်ဖိုလ်ကို မရရှိစေနိုင်သော ကံကြီး ၅–ပါး ရှိပါသည်။ ယင်းကံကြီး ၅–ပါးကို ကျူးလွန်ထားသူများသည် မည်မျှပင် တရားအားထုတ်ကြစေကာမူ ဈာန် မဂ် ဖိုလ်ကို ရရှိနိုင်ကြမည် မဟုတ်ပါ။ ယင်းကံကြီး ၅–ပါးကား ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်–

၁။ **ကမ္မန္တ ရာယ်** = အမိသတ်သူ၊ အဘသတ်သူ၊ ရဟန္တာသတ်သူ၊ ဘုရားရှင်အား သွေးစိမ်းတည်စေသူ၊ သံဃာသင်းခွဲသူ ဟူသော ပဉ္စာနန္တ ရိယ ကံ ထိုက်သူများနှင့် ဘိက္ခုနီမ ဖျက်ဆီးသူ။

၂။ **ကိလေသန္တ ရာယ်** = ကောင်းမှု၊ မကောင်းမှု ပြုသော်လည်း ပြုသည် မမည်ဟု ယူသော အကိရိယဒိဋ္ဌိ၊ ကောင်းမှု၊ မကောင်းမှုကံအကြောင်း မရှိဟု ယူသော အဟေတုကဒိဋ္ဌိ၊ ကောင်းမှု မကောင်းမှုကံ အကျိုးမရှိဟု ယူသော နတ္ထိက ဒိဋ္ဌိဟူသော သေလျှင် မုချမလွဲ အပါယ်ငရဲ ကျမည့် နိယတ မိစ္ဆာဒိဋ္ဌိ အယူရှိသူ။

၃။ **ဝိပါကန္တ ရာယ်** = ပဋိသန္ဓေစိတ်အရ အဟိတ်ဖြစ်သော တိရစ္ဆာန် သုဂတိ အဟိတ်ဖြစ်သော နပုံး ပဏ္ဍုက်၊ ဥဘတောဗျည်းနှင့် ဒွိဟိတ်(သာမန် ပုထုဇဉ်)ပုဂ္ဂိုလ်များ။

၄။ **အရိယူပဝါဒန္တ ရာယ်** = အရိယာ(အောက်ထစ်ဆုံး လူသောတာပန်) အား သိလျက် သို့မဟုတ် မသိဘဲ စွပ်စွဲဆဲရေး ကဲ့ရဲ့ ပြစ်မှားသူ။ တောင်းပန်က ကျေနိုင်ပါ သည်။)

၅။ **အာဏာဝီတိက္ကမန္တ ရာယ်** = ဝိနည်းသိက္ခာပုဒ်ကို ကျူးလွန်သော ရဟန်း။ (ပါရာဇိက၊ သံဃာဒိသိသ်၊ ထုလ္လစ္စည်း၊ ပါစိတ်၊ ပါဋိဒေသနီ၊ ဒုက္ကဋ်၊ ဒုဗ္ဘာသိ ဟူသော အာပတ် ၇-ပုံအနက် အယုတ်ဆုံး ဒုဗ္ဘာသိအာပတ်ရှိလျှင်ပင် ဈာန်မဂ်ဖိုလ်ကို မရနိုင်ပါ။ ပါရာဇိက အာပတ် ကုစားမရ၊ ကျန်အာပတ်များ ကုစားရပါသည်။)

**ကလျာဏ မိတ်ဆွေစစ်များ** အထက်ဖော်ပြပါအချက်များ ပြည့်စုံခြင်း ကင်းရှင်းခြင်းရှိ၍ တရား အားထုတ်လိုပါလျှင် အခန်း(၇)၌ ဖော်ပြထားသော ပလိဗောဓကြီး (၁၀)ပါးနှင့် ပလိဗောဓငယ်များကို ရှေးဦးစွာ ပယ်ရမည်။ ၎င်းနောက် ဖော်ပြလတ္တံ့ပါ ဂုဏ်အင်္ဂါ ၇-ပါးနှင့် ပြည့်စုံသော ကလျာဏ မိတ်ဆွေစစ်များထံ ချဉ်းကပ်ရပါမည်-

**ကလျာဏမိတ်ဆွေဂုဏ်**

၁။ သီလစင်ကြယ်၍ ချစ်ခင်ဖွယ်ရှိသော ဂုဏ်၊

၂။ သီလသမာဓိဂုဏ်တို့ကြောင့် အလေးအမြတ်ပြုအပ်သော ဂုဏ်၊

၃။ မေတ္တာရေမခန်း ပွားစေအပ်သော ဂုဏ်၊

၄။ သူတစ်ပါးကို ကောင်းအောင် ဆုံးမတတ်သော ဂုဏ်၊

၅။ သူတစ်ပါးအဆိုကို ခံနိုင်သောဂုဏ်၊

၆။ နက်နဲသော တရားစကားကို ပြောကြားတတ်သော ဂုဏ်၊

၇။ မလျောက်ပတ်သောအရာ၌ မတိုက်တွန်းတတ်သော ဂုဏ်။

**တရားအားမထုတ်မီ ကြိုတင်ပြုဖွယ်ကိစ္စများ** ကလျာဏမိတ်ဆွေစစ်များထံ ချဉ်းကပ်ပြီးနောက် မိမိပွားများလိုသော ကမ္မဋ္ဌာန်းဘာဝနာကို မပွားများမီ ဖော်ပြလတ္တံ့ပါ အချက် (၈)ရပ်ကို ကြိုတင် ပြုလုပ် ဆောင်ရွက်ရမည်-

၁။ သင့်တင့်လျောက်ပတ်သည့် နေရာကို ရွေးချယ်ခြင်း၊

၂။ သင့်တင့်လျောက်ပတ်သည့် အချိန်ကို ရွေးချယ်ခြင်း၊

၃။ ရတနာသုံးပါး ဆရာသမား မိဘတို့အား ရှိခိုးကန်တော့ခြင်း၊

၄။ သရဏဂုံသုံးပါးနှင့်တကွ စွမ်းနိုင်သည့်သီလ ဆောက်တည်ခြင်း၊

၅။ မေတ္တာပို့အမျှဝေခြင်း၊

၆။ ကမ္မဋ္ဌာန်းဆရာမှ မိမိပွားများလိုသောကမ္မဋ္ဌာန်းကို တောင်းခြင်း၊

၇။ အပြစ်ကြီးငယ်ကို ခွင့်လွှတ်ရန် တောင်းပန်ခြင်း၊

၈။ သင့်တင့်လျောက်ပတ်သည့် ထိုင်နည်းကို ရွေးချယ်ခြင်း။

**တရားအားထုတ်ရန် တော ၃–တော** သင့်တင့်လျောက်ပတ်သောနေရာဟူသည် ပဋိသမ္ဘိဒါမဂ်ပါဠိတော် ဥပရိပဏ္ဏာသပါဠိတော်တို့၌ ဖော်ပြထားသော အရပ် ၃–မျိုး ဖြစ်ပါသည်။ ၎င်းတို့မှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်–

၁။ အရညဂတော= တောအရပ်(မြို့တံခါးအပြင်ဘက် အရပ်အားလုံး)၊

၂။ ရုက္ခမူလဂတော= သစ်ပင်ရင်းအရပ်၊

၃။ သုညာဂါရဂတော= ဆိတ်ငြိမ်ရာအရပ်။

(၎င်းအပြင် လုံ၍ မှောင်သော အရပ်သည်လည်း သင့်တင့်လျောက်ပတ်သော အရပ်ဖြစ်ပါသည်။ ညအခါသည် သင့်တင့်လျောက်ပတ်သောအချိန် ဖြစ်ပါသည်။)

## သင့်တင့်လျောက်ပတ်သော နေရာကျောင်း

အထက်ဖော်ပြပါ တော ၃–တောသည် သင့်တင့်လျောက်ပတ်သော နေရာဖြစ်သော်လည်း သာမညသာ ဖြစ်ပါသည်။ အထူးအားဖြင့် ယင်းတော ၃–တောတွင် ဖော်ပြလတ္တံ့ပါ အင်္ဂါ ၅–ချက်နှင့် ပြည့်စုံသော နေရာကျောင်းသည်သာ သင့်တင့်လျောက်ပတ်သော နေရာကျောင်း ဖြစ်ပါသည်–

၁။ အသွားအလာ လွယ်ကူ၍ မြို့ရွာနှင့် မနီးလွန်း မဝေးလွန်းဖြစ်ခြင်း၊

၂။ နေ့အခါ လူသူမပြွမ်း၊ ညအခါ လူသူသံဆိတ်ပြီး အုတ်အုတ်ကျက်ကျက် ကြွေးကြော် အော်ဟစ်သံ မရှိခြင်း၊

၃။ မှက်, ခြင်, နေပူ, မြွေ, ကင်း၊ သန်းတို့ဘေးမှ ကင်းဝေးခြင်း၊

၄။ မငြိုမငြင် မပင်ပန်းဘဲ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး တို့ကို ရလွယ်ခြင်း၊

၅။ စာပေ, အကြားအမြင်ရှိသောသူများ ရှိပြီး မေးသောအရာ, သံသယ ဖြစ်ဖွယ်အရာတို့ကို ရှင်းပြနိုင်သူ ရှိခြင်း။

## မသင့်တင့်မလျောက်ပတ်သောနေရာကျောင်း

ထိုတော(၃)တောတွင် ဖော်ပြလတ္တံ့ပါ အရပ် (၁၈)ရပ်သည် မသင့်တင့်မလျောက်ပတ်သော နေရာကျောင်းများ ဖြစ်ပါသည်–

၁။ အလွန်ကြီးကျယ်သော နေရာကျောင်း။
၂။ အသစ်ဖြစ်သော နေရာကျောင်း။
၃။ ဟောင်းနွမ်း ဆွေးမြည့်သောနေရာကျောင်း။
၄။ လမ်းခရီးကို မှီသော (ဝါ) လမ်းနှင့်နီးသော နေရာကျောင်း။
၅။ အများသုံး ရေကန်ရှိသော နေရာကျောင်း။
၆။ ဟင်းရွက်တောနီးသော နေရာကျောင်း။
၇။ ပန်းဥယျာဉ်နီးသော နေရာကျောင်း။
၈။ သစ်သီးခြံနီးသော နေရာကျောင်း။
၉။ လူတို့ တောင့်တချီးမွမ်းအပ်သော နေရာကျောင်း။
၁၀။ မြို့ရွာကို မှီသော နေရာကျောင်း။
၁၁။ ထင်းတော, သစ်တောကို မှီသော နေရာကျောင်း။
၁၂။ လူသွားလမ်းရှိသော နေရာကျောင်း။
၁၃။ သဘောမတူ ရန်သူရှိသော နေရာကျောင်း။
၁၄။ ဆိပ်ကမ်းကို မှီသော နေရာကျောင်း။
၁၅။ ပစ္စန္တရစ်ကို မှီသော နေရာကျောင်း။
၁၆။ တိုင်းပြည်အပိုင်းအခြား(ဝါ) နယ်စပ်ကို မှီသော နေရာကျောင်း။
၁၇။ မလျောက်ပတ် မတင့်တယ်သော နေရာကျောင်း။
၁၈။ မိတ်ကောင်းဆွေစစ်ကို မရနိုင်သော နေရာကျောင်း။

**ဝတ်ဆင်သင့်သော အဝတ်အစားများ**

၁။ ဖြူစင်သော အဝတ်အစားများ (ပရိဗိုဇ်များ ဝတ်ဆင်လေ့ရှိသော အဝတ်အစား ဖြစ်သည်)။

၂။ သစ်ခေါက်ဆိုး အဝတ်အစား (သံသရာမှ ထွက်မြောက်လိုသော သူတော်ကောင်းတို့ ဝတ်ဆင်လေ့ရှိသော အဝတ်အစား ဖြစ်သည်) မိမိအိမ်၌ တရားအားထုတ်ရာတွင် မည်သည့်အဝတ်အစားမဟူ ဝတ်ဆင်နိုင်သည်။ ဖြူစင်သန့်ရှင်းရန် လိုအပ်ပါသည်။

**သမထကမ္မဋ္ဌာန်း** သမထကမ္မဋ္ဌာန်း (၄၀) ရှိသဖြင့် ကမ္မဋ္ဌာန်း(၄၀) စီးဖြန်းပုံ အခြေခံကို အဆင့်လိုက်ခြ၍ ပြသွားမည်ဖြစ်ပြီး အများက လက်စွဲပြုလုပ် အားထုတ်နေကြသော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းနှင့် အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပုံများကိုမူ အမြွက်မျှ သီးခြားဖော်ပြသွားပါမည်။

**သမထကမ္မဋ္ဌာန်း စီးဖြန်းပုံ အခြေခံ** ကာမဂုဏ်အပြစ်ကိုမြင်၍ မင်္ဂဖိုလ်နိဗ္ဗာန်ကို တောင့်တသော ယောဂီသည် အထက်၌ ဖော်ပြခဲ့ပြီးသော အချက်များကို ပြည့်စုံစေလျက် သီလကို စင်ကြယ်စေပြီး ပလိဗောဓများကို ဖြတ်တောက်၍ ကလျာဏမိတ်ဆွေများထံ ချဉ်းကပ်ပြီးနောက် မိမိစရိုက်နှင့် လျော်သော ကမ္မဋ္ဌာန်းကို ယူရမည်။ ၎င်းနောက် ကမ္မဋ္ဌာန်းဆရာ သီတင်းသုံးရာဌာနသည် မိမိနှင့် သင့်လျော်လျောက်ပတ်ပါက ထိုအရပ်၌ပင် နေ၍ မသင့်လျော် မလျောက်ပတ်ပါက သင့်လျော်လျောက်ပတ်သည့်နေရာသို့ ပြောင်းရွှေ့နေထိုင်ပြီး ဆံရိတ်ခြင်း၊ အဝတ်သက်န်းလျှော်ဖွပ်ခြင်း စသော အသေးအဖွဲ ကိစ္စများကို ပြီးစီးအောင် ဆောင်ရွက်ထားရမည်။

**ပထမအဆင့် (ပရိကမ္မဘာဝနာ၊ ပရိကမ္မနိမိတ်)**

ထို့နောက် မိမိယူသော ကမ္မဋ္ဌာန်းသည် ကသိုဏ်း၊ အသုဘများဖြစ်လျှင် ၎င်းကသိုဏ်းဝန်းရှေ့၌ ထိုင်၍ "ပထဝီ ပထဝီ" စသည်ဖြင့် ရှုးစိုက်ကြည့်ကာ စီးဖြန်းရမည်။ စိတ်ဖြင့်သာ မှန်းဆရသော ဗုဒ္ဓါနုဿတိ စသည်ကဲ့သို့သော ကမ္မဋ္ဌာန်းများ ဖြစ်မူ ယင်းကမ္မဋ္ဌာန်းအာရုံကို ယူ၍ စိတ်မှန်းဖြင့် စီးဖြန်းရမည်။ ဤကား ပရိကမ္မဘာဝနာ၊ ပရိကမ္မနိမိတ်အဆင့် ဖြစ်သည်။

**ဒုတိယအဆင့် (ပရိကမ္မဘာဝနာ၊ ဥဂ္ဂဟနိမိတ်)**

ကသိုဏ်း၊ အသုဘကမ္မဋ္ဌာန်း စီးဖြန်းသူသည် မိမိယူသော ကမ္မဋ္ဌာန်းအာရုံကို မျက်စိဖွင့်၍ ရံခါ မျက်စိမှိတ်ပြီး စိတ်မှန်းဖြင့် ဆင်ခြင်၍ ထင်ပေါ်အောင် စီးဖြန်းရမည်။ ဤသို့ မှိတ်တဲ့ဖွင့်တဲ့ အဖုံဖုံ စီးဖြန်းလေရာ မှိတ်၍ဆင်ခြင်သည့်အခါ၌လည်း မျက်စိဖွင့်၍ ကြည့်သကဲ့သို့ ထင်ပေါ်လာပါသည်။ စိတ်မှန်းဖြင့် အာရုံယူ စီးဖြန်းရသော အနုဿတိ စသော ကမ္မဋ္ဌာန်းများဖြစ်မူ စီးဖြန်းဖန်များလာသောအခါ စိတ်ထဲ၌ ဇဝေဇဝါဖြစ်နေရာမှ စိတ်ထဲ၌ ကောင်းစွာ ထင်ရှားလာပါတော့သည်။ ဤအခါ၌ သမာဓိသည်လည်း အလွန်တည်ကြည်နေပြီး ဖြစ်သည်။ ဤသို့ စိတ်ဖြင့် ကောင်းစွာ ထင်ရှားစွာ ယူနိုင်သော အာရုံကိုပင် ဥဂ္ဂဟနိမိတ်ခေါ်ပြီး စီးဖြန်းနေသည့် ဘာဝနာမှာမူ ပရိကမ္မဘာဝနာပင် ဖြစ်ပါသည်။ ဤကား ပရိကမ္မဘာဝနာ ဥဂ္ဂဟနိမိတ်အဆင့် ဖြစ်သည်။

## တတိယအဆင့် (ဥပစာရဘာဝနာ၊ ပဋိဘာဂနိမိတ်)

ဥဂ္ဂဟနိမိတ်ဖြစ်လာသောအခါ ကသိုဏ်း၊ အသုဘအာရုံကို ယူသောယောဂီဖြစ်မှု ၎င်းအနားမှခွာရ၍ နေမြဲနေရာသို့ ပြန်လာပြီး (ကသိုဏ်းအသုဘမဲ့ဟုတ်မူ ခွာရဲရန်မလို) ပဋိဘာဂနိမိတ်ဖြစ်ရန် ယင်း ဥဂ္ဂဟနိမိတ်အာရုံကိုပင် အဖန်ဖန် အထပ်ထပ် စီးဖြန်းရမည်။ တစ်စုံတစ်ခုသော အကြောင်းကြောင့် ဥဂ္ဂဟနိမိတ် ပျောက်သွားလျှင် ယခင် အားထုတ်နည်းအတိုင်း အစမှပြန်၍ အားထုတ်ရမည်။ ဤသို့ ဥဂ္ဂဟနိမိတ်ကို ပရိကမ္မဘာဝနာဖြင့် အဖန်ဖန် အထပ်ထပ် စီးဖြန်းသော် ဈာန်အင်္ဂါ ၅-ပါး လွန်စွာ တိုးတက်သန့်ရှင်းလာကာ ကုသိုလ်စိတ်ကို နှောင့်ယှက်တတ်သော နီဝရဏတရားတို့သည် တွဲဖက် ကိလေသာတို့နှင့်တကွ ကင်းကွာလာပြီး ယောဂီ၏ စိတ်အစဉ်၌ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသောဈာန်အင်္ဂါ ၅-ပါးလည်း အထင်အရှား ပေါ်လာပါတော့သည်။ ကာမာဝစရစိတ်ဟူသော ဘာဝနာအစဉ်သည်လည်း ရူပဈာန်ကဲ့သို့ အာရုံ၌ လွန်စွာ တည်ကြည်လာရကား ရူပဈာန်အနီး(ဥပစာ)သို့ ရောက်ရှိလာတော့သည်။ ပရိကမ္မဘာဝနာအဆင့်ကို လွန်၍ ဥပစာရဘာဝနာအဆင့်သို့ ရောက်လာသည်ဟု ဆိုလိုပါသည်။ ယင်း ဥပစာရဘာဝနာကိုပင် ဥပစာရဈာန်ဟူ၍လည်း ခေါ်ပါသည်။ ထိုကဲ့သို့ ဘာဝနာစိတ် တည်ကြည်သဖြင့် စီးဖြန်းအပ်သော အာရုံသည်လည်း ဥဂ္ဂဟနိမိတ်ကို လွန်မြောက်၍ ပဋိဘာဂနိမိတ်အဖြစ်သို့ ရောက်ရှိလာပါတော့သည်။

ဥဂ္ဂဟနိမိတ်အဆင့်၌ ကသိုဏ်းဝန်းပြုလုပ်စဉ်က ထင်နေသော လက်ချောင်းရာများ, အညို အရွှေ အဆင်း စသော အပြစ်များရှိရာ ယင်းတို့ကို မြင်နေရသေးသည်။ ပဋိဘာဂနိမိတ်အဆင့်သို့ ရောက်သောအခါ ယင်းအပြစ်များ မရှိပြီ။ ပွတ်တိုက်ထားသော ခရသင်း၊ အိတ်မှထုတ်ခါစဖြစ်သော ကြေးမုံပြင်၊ တိမ်တိုက်မှ ထွက်လာသော လဗိမာန်၊ မိုးတိမ်ညိုစခန်း၌ ပျံသန်းနေသော ဗျိုင်းဖြူကလေးကဲ့သို့ ဥဂ္ဂဟနိမိတ်ကို ဖောက်ခွဲ၍ ထွက်လာသည့်ပမာ ဥဂ္ဂဟနိမိတ်ထက် အဆအရာ အထောင်မက အလွန်တင့်တယ်သည်ဟု ဆိုပါသည်။ အရောင်အဆင်းလည်းမရှိ၊ ပုံသဏ္ဌာန်လည်း မရှိ၊ သမာဓိအားကောင်းသော ဘာဝနာအစွမ်းကြောင့် ယောဂီစိတ်၌ ထင်လာသော၊ ဝတ္ထုမဲ့မွကင်းသော ပညတ် တစ်မျိုးသာ ဖြစ်ပါသည်။

## စတုတ္ထအဆင့် (အပ္ပနာဘာဝနာနှင့်ပထမဈာန်)

၎င်းနောက် ပဋိဘာဝနိမိတ်ကို အာရုံပြု၍ ဆက်လက်အားထုတ်လျှင် ဉာဏ်ကြီးရှင်များအဖို့ မကြာခင် အပ္ပနာဘာဝနာသို့ ရောက်၍ ရူပပထမဈာန်

ပေါ်လာတော့သည်။ ဉာဏ်မထက်မြက်သူများအဖို့ ရပြီး ပဋိဘာဂနိမိတ်ကို ပျောက်ပျက်မသွားစေရန် အထူးစောင့်ရှောက်လျက် အဆက်မပြတ် အားထုတ်ရမည်။ ထိုသို့စောင့်ရှောက်မှု မရှိလျှင် ပဋိဘာဂနိမိတ် ပျောက်၍ ဥပစာရ ဘာဝနာအတန်းမှ လျှောကျသဖြင့် အစမှ ပြန်ကောက်ရမည်။

**ရူပပထမဈာန် အင်္ဂါ ၅-ပါး**

| | | | |
|---|---|---|---|
| ၁။ | ဝိတက် | = | မိမိနှင့်အတူတကွဖြစ်သော တရားတို့ကို အာရုံသို့ ရောက်အောင် ပို့ပေးခြင်း၊ |
| ၂။ | ဝိစာရ | = | ဝိတက်ပို့ပေးသည့်အတွက် အာရုံသို့ ရောက်နေသော စိတ်အစဉ်ကို အာရုံနှင့် မကင်းကွာရလေအောင် အဖန်ဖန် ဆင်ခြင်နေခြင်း၊ |
| ၃။ | ပီတိ | = | ဝိစာရ-က အဖန်ဖန် သုံးသပ်ဆင်ခြင်သည့်အတွက် အာရုံကို နှစ်သက်နေခြင်း၊ |
| ၄။ | သုခ | = | အာ႗ုံ၏ အရသာကို ချမ်းသာ၏ဟု ခံစားနေခြင်း၊ |
| ၅။ | ဧကဂ္ဂတာ | = | ရှေးဈာန်အင်္ဂါ ၄-ပါးက ပြုလုပ်ပေးသည့်အတွက် အရသာပေါ်ထွက်နေသော အာရုံ၌ ကည်ကြည်ခြင်း မပျံ့လွင့်ခြင်းသဘော။ |

**ဒုတိယဈာန် စသည်**

ငင်းနောက် စနစ်တကျ ဆက်လက်အားထုတ်၍ ဝသီဘော် ၅-ပါးဖြင့် ပထမဈာန်ကို အဖန်ဖန်အထပ်ထပ် လေ့လာလျှင်၊ ဝင်စားလျှင် ဒုတိယဈာန် စသည်ကိုရရှိပြီး နောက်ဆုံး အဘိညာဉ်စခန်းအထိ ပေါက်ရောက်နိုင်ပါသည်။

## ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းဟူသည် သက်တော်ထင်ရှား မြတ်စွာဘုရားကို အာရုံပြု၍ ဂုဏ်တော်ကို အောက်မေ့ပွားများရသော ကမ္မဋ္ဌာန်းဖြစ်ပါသည်။

**ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပွားများသူ၌ ရှိရမည့်အင်္ဂါ ၅-ပါး**

၁။ ယုံကြည်မှုသဒ္ဒါ ရှိရမည်။
၂။ ကျန်းမာသန်စွမ်းမှု ရှိရမည်။
၃။ ဖြောင့်မတ်မှန်ကန်မှု ရှိရမည်၊

၄။ လုံ့လဝီရိယ ရှိရမည်၊

၅။ ရုပ်နာမ်တရား အဖြစ်အပျက်များကို သိစွမ်းနိုင်သော ပညာ ရှိရမည်။

**ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ကျင့်ကြံနည်း အင်္ဂါ ၇–ပါး**

၁။ ဆိတ် = ဆိတ်ငြိမ်နေရာ ဖြစ်ရမည်။

၂။ တင် = တင်ပျဉ်ခွေ ထိုင်ရမည်၊ မိန်းမဖြစ်က မိန်းမထိုင် ထိုင်ရမည်။

၃။ ဖြောင့် = ကိုယ်ကို ဖြောင့်မတ်စွာ ထားရမည်။

၄။ ငါး = ဒွါရငါးပါး ပိတ်ထားရမည်။

၅။ ရှေ့ = မိမိရှေ့ မနီးမဝေး၌ ဗောဓိပင်နှင့် မြတ်စွာဘုရား ထင်ရှားရှိပုံကို နှလုံးသွင်းရမည်။

၆။ မြဲ = သက်တော်ထင်ရှား မြတ်စွာဘုရားကို စွဲစွဲမြဲမြဲ နှလုံး သွင်းရမည်။

၇။ ပွား = သက်တော်ထင်ရှား မြတ်စွာဘုရားကို ကြည့်၍ အရဟံ အရဟံ စသည်ဖြင့် ဂုဏ်တော်ကို ပွားရမည်။

(စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံဆရာတော်နည်း)

**ဂုဏ်တော်ပုတီးစိပ် အင်္ဂါ ၅–ပါး**

ဂုဏ်တော်ကို ပုတီးစိပ် ပွားများရာတွင် ဖော်ပြလတ္တံ့ပါ အင်္ဂါ ၅–ပါးနှင့် ညီညွတ်ရပါမည်–

၁။ စိတ်တည်ကြည်ရမည်။

၂။ ပုတီး၌ စိတ်မရောက်စေရ။

၃။ မြတ်စွာဘုရားကို ထင်မြင်အောင် အာရုံပြုရမည်။

၄။ ဂုဏ်တော်ကို ပွားခိုက် လိုသောဆုကို တောင်းရမည်။

၅။ ထိုမြတ်စွာဘုရားအား အချိန်တိုတိုအားဖြင့် ရှိခိုးရမည်။

(မဟာဂန္ဓာရုံ ဆရာတော်နည်းဖြစ်သည်)

## အဓိဋ္ဌာန်ပုတီးစိပ် လုပ်ငန်းခွင် ကျင့်ဝတ်များ

အချို့သူများသည် အဓိဋ္ဌာန်ပုတီးစိပ်လေ့ ရှိကြပါသည်။ ဤသို့ အဓိဋ္ဌာန်ပုတီးစိပ်ရာ၌ လိုအပ်သော လုပ်ငန်းခွင်ကျင့်ဝတ်များမှာ ဖော်ပြလတ္တံ့ ပါအတိုင်း ဖြစ်ပါသည်–

၁။ ဆာလောင်မွတ်သိပ်မှု မရှိစေရ။
၂။ သန့်ရှင်းသန့်ပြန့်ရမည်။
၃။ အချိန်ရွေးချယ်မှု ရှိရမည်။ (နံနက်အရုဏ်တက်ချိန်)
၄။ နေရာယူ မှန်ရမည်။
၅။ သရဏဂုံသီလ ဆောက်တည်ရမည်။
၆။ အနန္တငါးပါးကို ကန်တော့ရမည်။
၇။ မေတ္တာပို့ရမည်။
၈။ ဘုရားပင့်ရမည်။
၉။ မိမိခန္ဓာကိုယ်ကို လှူဒါန်းရမည်။
၁၀။ ပုတီးစိပ်ကမ္မဋ္ဌာန်း တောင်းရမည်။
၁၁။ အဓိဋ္ဌာန်ပြုရမည်။
၁၂။ စနစ်တကျ ထိုင်ရမည်။
၁၃။ ပုတီးကိုင်နည်း စနစ်မှန်ရမည်။
၁၄။ ဂုဏ်တော်နှင့် တရားဓမ္မများ။
၁၅။ ဆောင်ရမည့် အချက်များ (ဂုဏ်တော်စိပ်လျှင် အနက်အဓိပ္ပာယ်ကို ရှုးစိုက် စိတ်ဝင်စားရမည်။ ရုပ်ပုံကို ပယ်၍ ဂုဏ်တော်ဆိုက်ရန် ဖြစ်ပါသည်။)
၁၆။ ရှောင်ရမည့် အချက်များ (လိုချင်စိတ် မျှော်ကိုးစိတ် မထားရ၊ ဝိတက် မပွားရ။)
၁၇။ ပြန်လည်ဆင်ခြင်ရမည်။
၁၈။ အမျှအတန်း ပေးဝေရမည်။

**အာနာပါနကမ္မဋ္ဌာန်း** ကမ္မဋ္ဌာန်း(၄၀)အနက် အာနာပါနကမ္မဋ္ဌာန်းသည် အားထုတ်ရန် အလွယ်ဆုံး ဖြစ်၍ ယခုကာလ ဗုဒ္ဓဘာသာဝင်များသည် ယင်းအာနာပါနကမ္မဋ္ဌာန်းကို နည်းအမျိုးမျိုးဖြင့် အားထုတ်လျက် ရှိကြပါသည်။ သို့ဖြစ်သောကြောင့် ယင်းအာနာပါနကမ္မဋ္ဌာန်း အားထုတ်ပုံကို အမြွက်မျှ ဖော်ပြသွားပါမည်။

**အာနာပါနကမ္မဋ္ဌာန်း အားထုတ်ရန် ထိုင်နည်း** ယောဂါဝစရဖြစ်လျှင် မဟာသတိပဋ္ဌာန် ပါဠိတော်၌ ဖော်ပြထားသော မဟာပလ္လင်ခွေ ထိုင်နည်းအတိုင်း ထိုင်ရမည်။ မဟာပလ္လင်ခွေ ထိုင်ပုံမှာ– ဘယ်ခြေ အောက်၊ ညာခြေ အပေါ် ထားသော ထိုင်နည်း ဖြစ်သည်။ ကြာမြင့်စွာ ထိုင်နိုင်ရန် ခြေသလုံးချင်း မထပ်ဘဲ အလိုက်သင့် ထိုင်နိုင်ပါသည်။ ဤသို့ ထိုင်ပြီးနောက် ကိုယ်ကို ဖြောင့်မတ်စွာ ထားရမည်။ တင်ပျဉ်ခွေထက်တွင် ဘယ်လက်အောက် ညာလက်အပေါ်တင်ကာ လက်မချင်း ထိထားရမည်။ မျက်လွှာချထားရမည်၊ မိန်းမဖြစ်လျှင် မိထွေးတော်ဂေါတမီစသည်တို့ ထိုင်သော အစုပလ္လင်ခွေ ထိုင်နည်းဖြင့် ထိုင်ရမည်။ အစုပလ္လင်ခွေ ထိုင်ပုံမှာ ယခုကာလ အမျိုးသမီးများ ကျုံ့ကျုံ့ပုဆစ်တုပ်ထိုင်ပုံကို ဆိုလိုပါသည်။

**ကမ္မဋ္ဌာန်း စတင်ပွားများပုံ** ယောဂီသည် ဖော်ပြပါအတိုင်း စနစ်တကျ ထိုင်ပြီးနောက် နှာသီးဖျား၊ နှာသီးဝ၌ တိုးထိဝင်ထွက်သွားသော ဝင်လေထွက်လေကို ပကတိ မိမိရှုရှိုက်နေကျအတိုင်း ရှုရှိုက်၍ နှာသီးဖျား နှာသီးဝတွင် ဝင်လေထွက်လေ တိုးထိဝင်ထွက်သွားသောနေရာ၌ စိတ်ကို ထားပါ။ မောပန်းအောင် မရှုရှိုက်ရ။ အထူးသဖြင့် ရှုရှိုက်နေသော ဝင်လေထွက်လေနောက်သို့ စိတ်မရောက်စေဘဲ နှာသီးဖျား နှာသီးဝ၌ ဝင်လေ ထွက်လေ ထိတိုင်းထိတိုင်း သိ၍သိ၍ နေအောင် သတိထားပါ။ အချို့ယောဂီများကား နှုတ်ခမ်း၌ ဝင်လေထွက်လေ ထိခိုက်မှုကို သတိပြု မှတ်ရှုကြပါသည်။

ဤသို့ ရှုမှတ်စဉ် အခြားအာရုံသို့ စိတ်ရောက်သွားသော အခါ နှာသီးဖျား နှာသီးဝ၌ စိတ်ကို ပြန်ထားပါ။ ပျင်းရိထိုင်းမှိုင်း၍ အိပ်ချင်လာသောအခါ ပြင်၍ ရှုရှိုက်ပါ။ မအိပ်ဘဲ တစ်နေ့လုံး တစ်ညလုံး လွန်စွာ အားမထုတ်ပါနဲ့။ အလွန်လိုချင်သောစိတ်လည်း မထားနဲ့။ ယုံကြည်မှုသဒ္ဓါ၊ ဆင်ခြင်မှု ပညာ၊ အားထုတ်မှု ဝီရိယ၊ တည်ကြည်မှုသမာဓိတို့ကို ညီမျှအောင် ညှိ၍ အားထုတ်ရမည်။ အားထုတ်ဖန် များလျှင် မုဆိုးစိုင်သင်ဆိုသကဲ့သို့ အလုပ်က သင်ပြ၍ သမာဓိ တည်ကြည်လာပါလိမ့်မည်။ သမာဓိ တည်ကြည်လာလျှင် စက္ကန့်ပိုင်း မိနစ်ပိုင်းမျှကြာအောင် နိမိတ်များ ထင်လာပါလိမ့်မည်။ ထိုအခါ စိတ်ကို ဝင်လေ ထွက်လေ ထိသိမှု၌သာ ပြန်ထားပေးရမည်။ ဤသို့ ဆက်လက်အားထုတ်သောအခါ သမာဓိလည်း ပို၍ ပို၍ အားကောင်းလာပြီး နိမိတ်အမျိုးမျိုးလည်း ထင်မြင်လာတတ်ပါသည်။

**ထင်မြင်လာတတ်သော နိမိတ်များ** လဲဝါဂွမ်းကဲ့သို့၊ ဗိုင်းဝါရက်သကဲ့သို့၊ လေအလျဉ်ကဲ့သို့၊ အခိုးအငွေ့ကဲ့သို့၊ မီးခိုးဖြူများကဲ့သို့၊ မီးခိုးဖြူများနှင့် ရောလျက် တလက်လက်နှင့် မီးကျည်မီးပန်းကဲ့သို့၊ အလင်းရောင်များကဲ့သို့၊ ပုလဲလုံးများ ဝင်လေထွက်လေနှင့် ရော၍ နှာသီးဖျား၌ ဝင်လိုက်ထွက်လိုက်သကဲ့သို့ ရှုရှိုက်နေသော ဝင်လေထွက်လေ၌ ထင်မြင်လာတတ်ပါသည်။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာအဆိုအရ သောကြာကြယ်ကဲ့သို့၊ ပတ္တမြားလုံးကဲ့သို့၊ ပုလဲလုံးကဲ့သို့၊ ဝါးရိုးကဲ့သို့၊ သစ်သားနှစ် အချွန်ကဲ့သို့၊ ရှည်သော ဖွတ်မြီးကြိုးများကို ဆွဲထားသကဲ့သို့၊ ပန်းဆိုင်းကဲ့သို့၊ ပန်းခိုင်ကဲ့သို့၊ မီးခိုးညွန့်ကဲ့သို့၊ ပင့်ကူအိမ်ကြီးကဲ့သို့၊ မိုးတိမ်တိုက်ကဲ့သို့၊ ပဒုမ္မာကြာပွင့်ကြီးကဲ့သို့၊ ရထားဘီးကဲ့သို့၊ နေဝန်းကဲ့သို့ ထင်မြင်လာတတ်ပါသည်။

ယောဂီသည် ယင်းသို့ ထင်မြင်လာသော နိမိတ်များကို မျက်စိဖြင့် မြင်ရသကဲ့သို့ စိတ်ဖြင့် တွေးမြင်လာသောအခါ လွန်စွာ စိတ်အားထက်သန်၍ တိုးတက်အားထုတ်လိုသောဆန္ဒ ဖြစ်ပေါ်လာတတ်ပါသည်။ ယင်းဆန္ဒအတိုင်း လွန်စွာ တိုးတက် အားထုတ်သောအခါ ယောဂီ၏မျက်နှာရှေ့၌ ဝင်းခနဲ လက်ခနဲ ဝါလိုက် စိမ်းလိုက် ပြာလိုက်ဖြင့် ဖြစ်ပေါ်နေသော ညို့မှိုင်းမှိုင်း အဝန်းအဝိုင်းကို မျက်စိဖြင့် မြင်ရသကဲ့သို့ စိတ်ဖြင့် တွေးမြင်လာတတ်သည်။ ဤကဲ့သို့ ဖြစ်ပေါ်လာသော နိမိတ်မျိုးကို ဥဂ္ဂဟနိမိတ်ဟု ခေါ်ပါသည်။

ထိုဥဂ္ဂဟနိမိတ်များ ဖြစ်ပေါ်လာသောအခါ ဝင်လေထွက်လေကို မရှုရှိုက်တော့ဘဲ ယင်းဥဂ္ဂဟနိမိတ်ကိုပင် ကြည့်ရှုအာရုံပြုနေရမည်။ ဥဂ္ဂဟနိမိတ် ပျောက်သွားပါက ဝင်လေထွက်လေကို ပြန်၍ ရှုမှတ်ရမည်။ ယင်း ဥဂ္ဂဟနိမိတ်ကို အဖန်ဖန်အထပ်ထပ် ကြည့်ရှုအာရုံပြုဖန် များသောအခါ ထိုဥဂ္ဂဟနိမိတ်ထက် လွန်စွာသန့်ရှင်း စင်ကြယ်သော ပတ္တမြားရောင် ပုလဲရောင်ကဲ့သို့သော အဆင်းသဏ္ဌာန်ရှိသည့် အာရုံနိမိတ်များ ထင်မြင်လာသည်။ ထိုသို့ ထင်မြင်လာသော အာရုံနိမိတ်ကို ပဋိဘာဂနိမိတ်ဟု ခေါ်သည်။

ထိုပဋိဘာဂနိမိတ် ဖြစ်ပေါ်လာသည့် အချိန်မှစ၍ ယောဂီ၏ စိတ်သန္တာန်၌ ရှေးအခါက စိတ်တည်ငြိမ်မှု မရအောင် နှောင့်ယှက်တားဆီး ပိတ်ပင်တတ်သော နီဝရဏ(အနှောင့်အယှက်) တရားများ ကင်းစင်၍ ဥပစာရသမာဓိ ဘာဝနာဖြစ်လျက် နေပါတော့သည်။ နီဝရဏတရား ကွာမှု၊ ဥပစာရသမာဓိဘာဝနာ ဖြစ်ပေါ်မှု၊ ပဋိဘာဂနိမိတ်ထင်မှု ၃-ပါးသည် တစ်ပြိုင်နက် တစ်ချက်တည်း ဖြစ်ပါသည်။

ဤဥပစာရဘာဝနာအဆင့်၌ ဝိပဿနာကူးလိုလျှင် ကူးနိုင်သည်။ (ဤသမာဓိကို အခြေခံ၍ ဝိပဿနာသို့ ဆက်လိုလျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး သုံးပါး ရှုရသည်။) ဈာန်လမ်းသို့ ဆက်လိုလျှင် အာနာပါနကို ဆက်လက်၍ အထပ်ထပ် ပွားများသည်ရှိသော် စိတ်၌ထင်မြင်လျက်ရှိသော အာရုံနိမိတ်များ ကင်းကွာပြီး စိတ်အစဉ်လည်း စင်ကြယ်ကြည်လင်၍ လာပါတော့သည်။ ထိုအခါ ယောဂီ၏စိတ်အစဉ်သည် ငြိမ်သက် အေးကြည်၍ နှစ်သက်မှုပီတိလည်း ဖြစ်ပေါ်လာပါတော့သည်။ နှစ်သက်မှု ပီတိ ဖြစ်ပေါ်လျှင် စိတ်ချမ်းသာမှုလည်း ဖြစ်ပေါ်လာပါတော့သည်။ စိတ်ချမ်းသာမှု ဖြစ်လျှင် မတုန်မလှုပ် ငြိမ်သက်တည်ကြည်သော ကျောက်စာတိုင်ကဲ့သို့ ခိုင်မြဲသော စိတ်တည်ငြိမ်ခြင်း ဧကဂ္ဂတာလည်း ဖြစ်ပေါ်လာပါတော့သည်။ ထိုအခါ ဝိတက် ဝိစာရ ပီတိသုခ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော ပထမ ဈာန် အပ္ပနာသမာဓိ ဖြစ်လာပါတော့သည်။

ဤအပ္ပနာသမာဓိ ဖြစ်သည့်အခါမှ ဝိပဿနာကူးလျှင် အကျိုးအရှိဆုံး ဖြစ်ပါသည်။ ပထမဈာန်ကို ဝသီဘော် ငါးပါးဖြင့် ဆက်လက်ဆင်ခြင်ဝင်စားမှု အထပ်ထပ် ပြုလျှင် ဒုတိယဈာန်မှ အဘိညာဉ်စခန်းအထိ ပေါက်ရောက်နိုင်ပါသည်။

**ပါဠိတော်နည်းအရ အားထုတ်ပုံ** ဝင်လေထွက်လေတို့၏ ထိမှုခိုက်မှု စိတ်ကို စွဲမြဲစွာ ထား၍ ရှုမှတ်သိရှိနေရမည်။ ဤသို့ ရှုမှတ်နေရာ၌ ထွက်သက်ဝင်သက်သည် ရှည်လျှင် ရှည်သည်ဟု သိရမည်။ တိုလျှင် တိုသည်ဟု သိရမည်။ ထွက်လေဝင်လေ ပြင်းမှု၊ ပျော့မှုကိုလည်း ရှည်မှု တိုမှုဟု ခေါ်ပါသည်။

အချုပ်အားဖြင့် အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီသည် အာရုံအမျိုးမျိုးသို့ ယောက်ယက်ခတ်အောင် ပြေးသွားနေသော မိမိ၏စိတ်ရိုင်းကို ဝင်လေထွက်လေ ဟူသောကမ္မဋ္ဌာန်းအာရုံ၌သာ စွဲမြဲစွာ သတိဖြင့် ဖွဲ့ချည်ထားရမည်။ ထိုအခါ စိတ်သည် ထွက်သက်ဝင်သက် ထိခိုက်မှုအာရုံတစ်ခု၌သာ စွဲမြဲတည်ရှိလာမည် ဖြစ်ပါသည်။ ဥပမာအားဖြင့် မယဉ်ပါးသော နွားငယ်မိုက်ကို ဆုံးမလိုသော ယောကျ်ားသည် ခိုင်ခံ့သော ချည်တိုင်ကို စိုက်ထူ၍ ထိုတိုင်၌ မပြတ်နိုင်သောကြိုးဖြင့် ချည်နှောင်ထားသောအခါ ထိုနွားငယ်သည် ရုန်း၍ အခြားသို့ ထွက်မသွားနိုင်ဘဲ ချည်တိုင်ရင်း၌သာ အိပ်သကဲ့သို့ ဖြစ်ပါသည်။

ဝင်လေထွက်လေ အရှည်အတို သိမှု၌ စွဲမြဲပိုင်နိုင်လာသောအခါ ဝင်လေ ထွက်လေတို့၏ ထိမှုခိုက်မှုနေရာဋ္ဌာန၌ စိတ်ကို စွဲမြဲစွာထား၍ ဝင်လေထွက်လေ

အရှည်အတိုသိမှုနှင့်တကွ ဝင်လေထွက်လေတို့၏ အစ အလယ် အဆုံး သုံးပါး စလုံးကို ထင်ရှားစွာသိအောင် အားထုတ်ရမည်။ ဝင်လေအစကား နှာသီးဖျား၊ အလယ်ကား ရင်ချိုင့် သို့မဟုတ် နှလုံး၊ အဆုံးကား ချက်တိုင်တည်း။ ထွက်လေ အစကား ချက်တိုင်၊ အလယ်ကား ရင်ချိုင့်(သို့မဟုတ်)နှလုံး၊ အဆုံးကား နှာသီး ဖျားတည်း။ အချို့ယောဂီများ အစသာ ထင်သည်။ အချို့ အလယ်သာ ထင်သည်၊ အချို့အဆုံးသာ ထင်သည်။ ဤယောဂီ (၃)ဦး ပင်ပန်းသည်။ အချို့ ယောဂီကား အစ အလယ် အဆုံး သုံးမျိုးစလုံး ထင်ရှားသဖြင့် မပင်မပန်း ရှိသည်။

အဋ္ဌကထာနည်းအရဆိုလျှင် ထွက်လေ ဝင်လေကို အားထုတ်ရာ၌ ရေတွက်နည်းအရ ထွက်လေဝင်လေ တစ်မှ ငါးအထိ တစ်ဝါရ၊ ထွက်လေဝင်လေ တစ်မှ ခြောက်အထိ တစ်ဝါရ၊ ထွက်လေဝင်လေ တစ်ခုမှ ခုနစ်အထိ တစ်ဝါရ၊ ထွက်လေဝင်လေတစ်မှ ရှစ်အထိ တစ်ဝါရ၊ ထွက်လေဝင်လေတစ်မှ ကိုးအထိ တစ်ဝါရ၊ ထွက်လေဝင်လေ တစ်မှ တစ်ဆယ်အထိ တစ်ဝါရအားဖြင့် ခြောက်ဝါရ တင်ပြီး ရှုရန် ဖွင့်ပြပါသည်။

ထိုသို့ ဝင်လေထွက်လေတို့၏ အစ အလယ် အဆုံး သုံးမျိုးစလုံး ထင်ထင် ရှားရှား သိမြင်သောအခါ ဝင်လေထွက်လေတို့ကို အာရုံပြု၍ ငြိမ်းချုပ်စေအံ့ ဟု နှလုံးသွင်း၍ ဝင်လေထွက်လေတို့ကို ဖြည်းညင်းစွာ ရှုရှိုက်၍ အားထုတ်ရမည်။ အာနာပါနကမ္မဋ္ဌာန်းကို မသိမ်းဆည်းရမီ အခါ၌ ကရဇကာယသည် ရုန့်ရင်းကြမ်း တမ်း၍ စိတ်သည်လည်း အလွန်ပင် ကြမ်းတမ်းလျက် ရှိသည်။ ကိုယ်စိတ်နှစ်ပါး မငြိမ်မသက် ရုန့်ရင်းကြမ်းတမ်းလျှင် ထွက်သက်ဝင်သက်လည်း ကြမ်းတမ်းသည်။ အားကြီးသည်။ များသည်။ ကိုယ်စိတ်နှစ်ပါး ငြိမ်သက် အေးဆေးလျှင် ထွက်သက် ဝင်သက်လည်း တဖြည်းဖြည်း သိမ်မွေ့သွားတော့သည်။ တဖြည်းဖြည်း ငြိမ်းချမ်း သွားတော့သည်။

ကိုယ်စိတ်နှစ်ပါး ပူပန်ခြင်းများလျှင် ထွက်သက်ဝင်သက် ကြမ်းသည်။ ကိုယ်စိတ်နှစ်ပါး ပူပန်ခြင်းနည်းလျှင် ထွက်သက်ဝင်သက် သိမ်မွေ့သည်၊ ငြိမ်းချမ်း သည်၊ ချုပ်သည်။ ထိုအခါယောဂီသည် မိမိ၏ ဝင်လေ ထွက်လေရှိမှုရှိပါ၏လောဟု ယုံမှားဖြစ်လာရသည်။ ဝင်လေထွက်လေတို့ တိုးထိသွားရာ နှာသီးဖျား၊ နှာသီးဝ၌ သတိကို မြဲမြံစွာ စိုက်ထားပြီး မှတ်သားသည့်အခါကျမှ ဝင်လေထွက်လေတို့ကို တွေ့ရှိလာရပါသည်။ ဆက်လက်ပွားများ အားထုတ်သောအခါ သမာဓိ ရင့်သန်လာပြီး ပဋိဘာဂနိမိတ်များလည်း ထင်ရှားပေါ်လာကာ နီဝရဏတရားများ ကင်းကွာပြီး ပထမဈာန်ကို ရရှိလာပါတော့သည်။ ။

## အခန်း(၁၂)

# ဣရိယာပုထ် ၄-ပါးဖြင့် တရားအားထုတ်ပုံ

**အာနာပါနအကျိုးဆက်** တစ်ပါးသောတရားကို ပွားများလျှင် လေးပါးသော တရားနှင့် ပြည့်စုံမည်။ လေးပါးသောတရားကို ပွားများ လျှင် ခုနစ်ပါးသော တရားနှင့် ပြည့်စုံမည်။ ခုနစ်ပါးသောတရားကို ပွားများလျှင် နှစ်ပါးသောတရားနှင့် ပြည့်စုံမည်ဟု မြတ်စွာဘုရား ဟောတော်မူခဲ့ပါသည်။

(မ-၃၊ ၁၂၄)

- တစ်ပါးသောတရားဟူသည် အာနာပါနတည်း။
- လေးပါးသောတရားဟူသည် သတိပဋ္ဌာန်တရား လေးပါးတည်း။
- ခုနစ်ပါးသောတရားဟူသည် ဗောဇ္ဈင်တရားတည်း။
- နှစ်ပါးသောတရားဟူသည် ဝိဇ္ဇာနှင့် ဝိမုတ္တိတည်း။

ထို့ကြောင့် အာနာပါနကမ္မဋ္ဌာန်းဟာရား အားထုတ်သူများသည် အကျိုးဆက် အဖြစ်ဖြင့် သတိပဋ္ဌာန်တရား (၄)ပါးနှင့် ပြည့်စုံလာပြီး ယင်းသတိပဋ္ဌာန်တရား (၄)ပါးကို အဆက်မပြတ် ကျင့်ကြံပွားများလျှင် ဗောဇ္ဈင်(၇)ပါးနှင့် ပြည့်စုံပြီး ဝိဇ္ဇာဉာဏ်အလင်းပေါက်၍ ဝိမုတ္တိခေါ် လွတ်မြောက်မှုနယ်ပယ် နိဗ္ဗာန်စခန်းသို့ ပေါက်ရောက်နိုင်မည် ဖြစ်ပါသည်။

**သတိပဋ္ဌာန်တရား(၄)ပါး ဖြစ်ပေါ်ပုံ** အာနာပါနကမ္မဋ္ဌာန်းကို ပွားများရာ၌ နှာသီးဖျား၊ နှာသီးဝ၌ ဝင်လေ ထွက်လေ ထိခိုက်မှုကို သိနေလျှင် ကာယာနုပဿနာသတိပဋ္ဌာန်နှင့် ပြည့်စုံလျက် ရှိနေပါသည်။ ထိုအခါ သတိပညာနှင့် ပြည့်စုံနေခိုက်ဖြစ်၍ အဘိဇ္ဈာ ဗျာပါဒခေါ်သော လောဘ၊ ဒေါသ၊ ကိလေသာတို့ကို ပယ်သတ်ရန် အခါကောင်း ဖြစ်ပါသည်။

ဤသို့ ထွက်သက်ဝင်သက်ကို သိ သိနေခိုက်၌ ယားယံမှု၊ နာကျင်မှု၊ ညောင်းညာမှု၊ တောင့်တင်းမှု စသော ဝေဒနာအမျိုးမျိုး ဖြစ်ပေါ်နေသည်ကို မခံနိုင်လောက်အောင် သိသိနေမည် ဖြစ်ပါသည်။ ထိုအခါ ဝေဒနာနုပဿနာ သတိပဋ္ဌာန်နှင့် ပြည့်စုံလျက် ရှိနေမည် ဖြစ်ပါသည်။ ဝေဒနာဖြစ်တိုင်း ဖြစ်တိုင်းကို လိုက်မှတ်၍သိနေသော ယောဂီသည် သတိပညာနှင့် ပြည့်စုံနေခိုက်ဖြစ်၍ အဘိဇ္ဈာ, ဗျာပါဒ ခေါ်သော လောဘ, ဒေါသ ကိလေသာကို ပယ်ဖျောက်နိုင်သောအခါကောင်းနှင့် ကြုံကြိုက်လျက် ရှိနေပါသည်။

တစ်ဖန် ထွက်သက်ဝင်သက်ကို သိသိနေခိုက်တွင် ကောင်းသောစိတ်များ မကောင်းသောစိတ်များ အမျိုးမျိုး ပေါ်နေမည် ဖြစ်ပါသည်။ ပေါ်တိုင်း ပေါ်တိုင်းကို လိုက်မှတ်၍ သိသိနေခြင်းကို စိတ္တာနုပဿနာနှင့် ပြည့်စုံသည်ဟု ဆိုပါသည်။ ထိုအခါ သတိပညာနှင့် ပြည့်စုံခိုက်ဖြစ်၍ အဘိဇ္ဈာ, ဗျာပါဒ ခေါ်သော လောဘ, ဒေါသ, ကိလေသာကို ပယ်ဖျောက်နိုင်သော အခါကောင်း ဖြစ်ပါသည်။

တစ်ဖန် ထွက်သက်ဝင်သက်ကိုပင် အနိစ္စအချက်နှင့် သိသိနေခြင်း သတိပညာနှင့် ပြည့်စုံမှုကြောင့် လောဘ, ဒေါသ ကိလေသာတို့ကို ပယ်နိုင်ဖျောက်နိုင်သော အခါကောင်း ဖြစ်ခြင်းတို့ကြောင့် ထိုယောဂီသည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်နှင့် ပြည့်စုံလျက် ရှိနေပါတော့သည်။ (သံ-၃၊ ၂၈၂)

**ဗောဇ္ဈင် ၇-ပါး ဖြစ်ပေါ်ပုံ** ထွက်သက်ဝင်သက်ကို မှတည်၍ သတိပဋ္ဌာန် ၄-ပါး ပွားများ ပြည့်စုံအောင် အားထုတ်ရာ၌ ပါဝင်သော ခန္ဓာကိုယ် ဖြစ်ပေါ်ချုပ်ပျောက်နေမှုများကို အမှတ်တမဲ့ မနေဘဲ အစဉ်မပြတ် တရစပ် ရှုမှတ်စောင့်ကြည့်နိုင်သော သတိရှိနေမှုသည်ပင် သတိသမ္ဗောဇ္ဈင်နှင့် ပြည့်စုံနေသည်ဟု ဆိုပါသည်။

ယင်းသို့ သတိနှင့် ပြည့်စုံလျက် မိမိသန္တာန်၌ ဖြစ်ပေါ်ချုပ်ပျောက်နေသည့် အဟုတ်ရှိ အမှန်ရှိ ရှိနေသော သဘောတရားတို့ကို အဟုတ်သဘော အမှန်သဘောအတိုင်း သိအောင် ရွေးချယ်စိစစ် စူးစမ်းခြင်းသဘောကိုပင် ဓမ္မဝိစယသမ္ဗောဇ္ဈင်နှင့် ပြည့်စုံနေသည်ဟု ဆိုပါသည်။ ဝိပဿနာဉာဏ်အမြင် ပညာစေတသိက်ကို ဓမ္မဝိစယသမ္ဗောဇ္ဈင်ဟု ခေါ်ပါသည်။

ယင်းသို့ ရွေးချယ်စိစစ်စူးစမ်းလျက် အဆက်မပြတ် တရစပ်ဖြစ်အောင် မတွန့်ဆုတ်ဘဲ ကျင့်ဆောင်အားထုတ် ပြုလုပ်ခြင်းကိုပင် ဝီရိယသမ္ဗောဇ္ဈင်နှင့် ပြည့်စုံသည်ဟု ဆိုပါသည်။

အဟောင်းအသစ် အလျော့အတင်း အကပ်အခွါ မရှိ ပိပိရိရိ အညီအမျှ အားထုတ်၍ ဖြစ်ပေါ်လာသည့် ပီတိ (နှစ်သိမ့်အားရခြင်း) ကိုပင် ပီတိသမ္ဗောဇ္ဈင်နှင့် ပြည့်စုံသည်ဟု ဆိုပါသည်။ "နှစ်သိမ့်အားရ"ဆိုသော်လည်း မည်သည့်အတွယ် အကပ်မျှမရှိ ရှင်းရှင်းလင်းလင်း ဖြစ်ပေါ်လာသည့် ပီတိကို ဆိုလိုသည်။ ရုပ်ဝတ္ထု ပစ္စည်း တစ်ခုခုနှင့် ထိတွယ်ရ၍ ဖြစ်ပေါ်လာသည့် ပီတိနှင့် တခြားစီ ဖြစ်သည်။ အားထုတ်ဖူးသူများ သိကြပါသည်။ ပြောမပြနိုင်အောင် ကောင်းသည့် ပီတိဖြစ်သည်။

ပီတိစိတ်ဖြစ်ပေါ်လျှင် ကိုယ်ရောစိတ်ရော အေးချမ်းငြိမ်သက်လာပါသည်။ ယင်းအေးချမ်းငြိမ်သက်မှုကိုပင် ပဿဒ္ဓိသမ္ဗောဇ္ဈင်နှင့် ပြည့်စုံသည်ဟု ဆိုပါသည်။

ကိုယ်စိတ်အေးချမ်းငြိမ်သက်၍ ချမ်းသာသုခရှိသူ၏ စိတ်သည် တည်ငြိမ် လျက် ရှိပါသည်။ ယင်းသို့ တည်ငြိမ်နေခြင်းကိုပင် သမာဓိသမ္ဗောဇ္ဈင်နှင့် ပြည့်စုံ သည်ဟု ဆိုပါသည်။

ယောဂီသည် တည်ငြိမ်သော စိတ်ကို ကောင်းစွာ လျစ်လျူရှုနိုင်သည်။ အရှုခံ အာရုံကိုရော အရှုစိတ်ကိုရော ဟိုဘက်သည်ဘက် မကျအောင် ထိန်း ကျောင်း၍ အလယ်တည့်တည့်၌ မတ်နေအောင် ပြုနိုင်သည်။ ယင်းသို့ ဟိုဘက် သည်ဘက် မကျအောင် အလယ်တည့်တည့်၌ မတ်နေသည့် လျစ်လျူရှုမှုကိုပင် ဥပေက္ခာသမ္ဗောဇ္ဈင်နှင့် ပြည့်စုံနေသည်ဟု ဆိုပါသည်။

ဖော်ပြပါ ဗောဇ္ဈင် ၇-ပါးကို ဆက်လက်ပွားများလျှင် ဝိဇ္ဇာဉာဏ်အလင်း ပေါက်ပြီး ဝိမုတ္တိခေါ် လွတ်မြောက်မှု နိဗ္ဗာန်စခန်းသို့ပင် ပေါက်ရောက်လာရမည် ဖြစ်ပါသည်။ အချုပ်အားဖြင့် အာနာပါနကို စီးဖြန်းရင်း ဖြစ်ပေါ်လာသော ဝေဒနာ တရား စသည်တို့ကို သတိပဋ္ဌာန်တရား ပွားများနည်းများနှင့်အညီ ပွားများ အားထုတ်ရန် ဖြစ်ပါသည်။

**သတိပဋ္ဌာန်တရားကို ဣရိယာပုထ် ၄-ပါးဖြင့် ရှုမှတ်ပုံ**

သွားလျှင် သွားသည်ဟု မှတ်ရမည်။ သိရမည်။ ရပ်လျှင် ရပ်သည်ဟု မှတ်သိရမည်။ ထိုင်လျှင် ထိုင်သည်ဟု မှတ်သိရမည်။ လျောင်းလျှင် လျောင်းသည်ဟု မှတ်သိရမည်။ ယောဂီ၏ ကိုယ်ကာယ ပြောင်းလဲသမျှ ပြောင်းလဲသည့်အတိုင်း သိမှတ်ရမည်ဟု သတိပဋ္ဌာန်ပါဠိတော်၌ မြတ်စွာဘုရား ဟောထားပါသည်။

မှတ်သောအခါ၌ ပြုအပ်သော အမူအရာနှင့် အမှတ်သည် တစ်ချက်တည်း ညီစေရမည်။ ဥပမာ-သွားသောအခါ သွားခြင်းအမူအရာဖြစ်ပေါ်လာသော သွားဆဲ

ခဏာ၌ သွားသည်ဟု မှတ်ရမည်။ သွားခြင်းအမူအရာ ဖြစ်ပေါ်သည်က ရှေးကျ၍ အမှတ်က နောက်ကျခြင်း၊ အမှတ်က ရှေ့ကျ၍ သွားခြင်းအမူအရာ ဖြစ်ပေါ်လာသည်က နောက်ကျခြင်းများ မဖြစ်စေရန် ဖြစ်ပါသည်။

မှတ်သောအခါ၌ မှတ်စဉ်ကို မရိပ်မိ၍ မှတ်ပုံအချိုးအစား မကျသေးမီအခါ မေ့နေသည်က များတတ်ပါသည်။ ဤသို့ မေ့နေလျှင် မေ့သည်ဟု မှတ်ပါ။ မှတ်ပုံ မှတ်စဉ်ကို ရိပ်မိသောအခါ မေ့မှုနည်းပါး၍ မှတ်မိသည်က များလာပါလိမ့်မည်။ အမှတ်စိပ်လာလျှင် အသိဉာဏ်လည်း စိပ်၍ လာမည်။ အမှတ်ကျဲလျှင် အသိဉာဏ်လည်း ကျဲနေမည် ဖြစ်ပါသည်။

ဖြစ်ပေါ်လာသော အမူအရာသည် တန့်ရပ်နားနေခြင်း မရှိ၍ အမှတ်ကလည်း ဆိုင်းရပ်မနေဘဲ ဖြစ်ပေါ်လာတိုင်းသော အမူအရာကို မလစ်လပ်ရအောင် အမြဲ မှတ်နေရမည်။ အမှတ်များနိုင်လျှင် သာ၍ ကောင်းသည်။ ၂-မျိုး ၃-မျိုး စသော အမူအရာကို တစ်ခါတည်း ရောမမှတ်ရ။ ထင်ရှားရာကိုသာ တစ်ခုစီ တစ်ခုစီ အစဉ်အတိုင်း မှတ်ရမည်။ တစ်ခုစီသာ မှတ်သော်လည်း အမှတ် စိပ်လာသောအခါ အမူအရာ ၂-ခု ၃-ခုကိုလည်း တစ်ခါတည်း သိလာတတ်ပါသည်။

အဋ္ဌကထာ၌ သွားသည် အိပ်သည် စသည်များကို "သွားတယ် အိပ်တယ်" စသည်ဖြင့် သိခြင်းမျိုးကို "ခွေးသိဝက်သိ" ဟု ဆိုပါသည်။ ခွေးဝက်တို့၏ သိခြင်းသည် မှတ်၍ သိသည်မဟုတ်၊ ကမ္မဋ္ဌာန်း အားထုတ်သူမှာ မှတ်၍ သိလာရသည်။ သိခြင်း အမည်တူသော်လည်း သိပုံသဘောများမှာ လွန်စွာ ကွဲပြားခြားနားပါသည်။

ၑင်းအပြင် ဣရိယာပထပဗ္ဗကို နှလုံးသွင်းသော အရာတွင် ပါဠိတော်၌ သွားလျှင် "သွားတယ်" ဟု သိလာ၍ အဋ္ဌကထာ၌မူ သွားသောအခါ "စိတ္တဇ ဝါယောဓာတ်ကြောင့် ခန္ဓာကိုယ်အရိုးစုကြီး လှုပ်ရှားသွားသည်" ဟု ဖွင့်ပြပါသည်။ ထို ၂-မျိုးတို့တွင် သုဒ္ဓဝိပဿနာ ယောဂီသည် ပါဠိတော်နည်းအတိုင်းသာ အားထုတ်အပ်ပါသည်။ အဋ္ဌကထာဆရာသည် ဓာတ်ကမ္မဋ္ဌာန်း အရာကိုသာ ဖွင့်ပြတော်မူပါသည်။

**ဆောင်ပုဒ်**

ဖြစ်အောင်လည်း မပြုနှင့်။
ပျက်အောင်လည်း မပြုနှင့်။

ဖြစ်အောင်ပြုက လောဘ
ပျက်အောင်ပြုက ဒေါသ
ဖြစ်တိုင်းပျက်တိုင်းကို မသိက မောဟ။

**အဓိပ္ပာယ်ကား**

မှတ်သိသောအခါ အမူအရာ ဖြစ်ပေါ်လာအောင် ပြုခြင်း၊ မိမိစိတ်က ဘယ်လိုဖြစ်အောင် ကြံစည်ခြင်းများ မရှိစေနှင့်။ ဤသို့ဖြစ်ပေါ်လာအောင် လုံ့လ ပယောဂပြုခြင်း၊ ကြံစည်ခြင်းများသည် လောဘဖြစ်သည်။ ဖြစ်ထွန်း ပေါ်ပေါက်လာသောအမူအရာကို မိမိစိတ်ဖြင့် ကြံဖန်၍ ပျက်စီးအောင်လည်း မပြုပါနှင့်၊ ဖြစ်ပေါ်လာသောအမူအရာများကို ပျက်စီးအောင် ကြံစည်ပြုလုပ်ခြင်းသည် ဒေါသ ဖြစ်သည်။ အမူအရာ စသည်တို့ ဖြစ်ပျက်နေသည်ကို မသိလျှင် မောဟဖြစ်သည်။ လုံ့လပယောဂ မပြုလုပ် မကြံစည်ဘဲ အလိုအလျောက် ပေါ်ပေါက်လာသော အမူ အရာကိုသာ မှတ်နေရမည်။ ဤသို့မှတ်လျှင် အဖြစ်အပျက်သဘောများကို ထင်ထင် ရှားရှား သိလာလိမ့်မည်။

**ဝိပဿနာဟူသည်** ဝိပဿနာအလုပ်ဟူသည် ရုပ် နာမ်အမူအရာတို့၏ အဖြစ် အပျက်ကို သိအောင် အားထုတ်ရသည်ဟု ဆိုသော်လည်း ကြံစည်၍ ဖြစ်သည်ကိုသိခြင်း၊ ကြံစည်၍ ပျက်သည်ကို သိခြင်း၊ ဤသို့ သိခြင်း မျိုးကို ဝိပဿနာဟု မဆိုရ။ အကြောင်းအားလျော်စွာ မကြံစည်ဘဲ ဖြစ်ပေါ်လာ သည်ကို သိခြင်း၊ ပျက်သွားသည်ကို သိခြင်း၊ ဤသို့သိခြင်းမျိုးကိုသာ ဝိပဿနာ ဟု ဆိုပါသည်။

ဥပမာ–လယ်ကတွတ်ပေါက်၌ ငါးကို စောင့်သော ဗျိုင်းသည် ငါးပေါ် လာအောင် မကြံစည်၊ ပေါ်လာသည်ကို ပျောက်သွားအောင်လည်း လုံ့လမပြုဘဲ ပေါ်လာသောငါးကိုသာ မိအောင် ဖမ်းသည်။ ထို့အတူ ဖြစ်ပေါ်လာသော ရုပ် နာမ်အမူအရာအတိုင်း သွားခြင်း ရပ်ခြင်း စသည်ကို “သွားတယ် ရပ်တယ်” စသည်ဖြင့် မှတ်ရမည်။ ဤသို့မှတ်လျှင် မှတ်သောအမူအရာ ရုပ်နာမ်မျှကိုသာ သိ၍ လောဘ ဒေါသ မောဟတို့ မဝင်နိုင်ဘဲ အဖြစ်အပျက်ကိုသာ သိသော ဝိပဿနာပညာဖြစ်လျက် ရှိသည်။

**လက်တွေ့ဣရိယာပုထ် ၄-ပါးဖြင့် တရားအားထုတ်ပုံ**

အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းပုံအခန်း၌ ဖော်ပြခဲ့သည့်အတိုင်း နှာသီးဖျား နှာသီးဝ၌ ထွက်သက် ဝင်သက် ထိခိုက်မှုကို ထင်ထင်ရှားရှား သိရှိအောင် ရှုပွား၍ ဥပစာရဘာဝနာအဆင့်၊ သို့မဟုတ် အပ္ပနာဘာဝနာ အဆင့်သို့ ရောက်သောအခါ သတိပဋ္ဌာန်တရားဖြင့် ဝိပဿနာကမ္မဋ္ဌာန်းဘက်သို့ ဦးလှည့်ပြီး ကူးပြောင်းရမည်။ အချို့လည်း အာနာပါနကို သမာဓိရရုံသာ ရှုမှတ်ပြီး ကူးကြပါသည်။

ထွက်သက်ဝင်သက် အာနာပါနကမ္မဋ္ဌာန်းတရားကို ရှုပွားနေစဉ် စိတ်ကူးလျှင် စိတ်ကူးသည်ဟုမှတ်။ စဉ်းစားလျှင် စဉ်းစားသည်ဟုမှတ်။ ဆင်ခြင်လျှင် ဆင်ခြင်သည်ဟုမှတ်။ စိတ်သွားလျှင် သွားသည်ဟုမှတ်။ တစ်နေရာသို့ စိတ်ရောက်လျှင် ရောက်သည်ဟုမှတ်။ စိတ်ကူးထဲ၌ တစ်စုံတစ်ရာကို မြင်လျှင် မြင်သည်ဟုမှတ်။ ထိုအမြင်ပျောက်သွားလျှင် ပျောက်သည်ဟုမှတ်။ စိတ်ကူးထဲ၌ တစ်စုံတစ်ယောက်နှင့် စကားပြောနေလျှင် ပြောသည်ဟုမှတ်။ ဤသို့မှတ်ပြီးနောက် ထွက်သက်ဝင်သက်ကိုပင် ပြန်လည် ရှုမှတ်နေရမည်။

ဤသို့ မှတ်နေစဉ် တံတွေးမျိုချင်လျှင် မျိုချင်သည်ဟုမှတ်။ မျိုလျှင် မျိုသည်ဟုမှတ်။ ထွေးချင်လျှင် ထွေးချင်သည်ဟုမှတ်။ ထွေးလျှင် ထွေးသည်ဟုမှတ်။ ပြီးလျှင် ထွက်သက်ဝင်သက်ကိုပင် မှတ်နေကျအတိုင်း ပြန်မှတ်ပါ။ ဤသို့ မှတ်နေစဉ် ခေါင်းငုံ့လိုလျှင် ငုံ့ချင်သည်ဟုမှတ်။ ငုံ့ဆဲ၌ ရွေ့တိုင်းရွေ့တိုင်း ငုံ့သည် ငုံ့သည်ဟုမှတ်။ မမြန်စေရ၊ ဖြည်းဖြည်းငုံ့ပါ။ ခေါင်းမော့ချင်လျှင် မော့ချင်သည်ဟုမှတ်၊ မော့ဆဲ၌ ရွေ့တိုင်းရွေ့တိုင်း မော့သည် မော့သည် ဟုမှတ်၊ ဖြည်းဖြည်းမော့ပါ၊ ပြီးလျှင် ထွက်သက်ဝင်သက်ကိုပင် ပြန်မှတ်ပါ။

ဤသို့ မှတ်နေစဉ် တစ်နေရာ၌ ညောင်းမှု လွန်ကဲထင်ရှားလာလျှင် ထိုညောင်းမှုကိုသာ စူးစိုက်၍ ညောင်းသည်ညောင်းသည်ဟု မနှေးမမြန် မှန်မှန်ပိုင်း၍ မပြတ်မှတ်ပါ။ ထိုညောင်းမှုသည် တဖြည်းဖြည်းသေးသိမ်ကာ ကွယ်ပျောက်၍လည်း သွားတတ်သည်။ မခံသာအောင် လွန်ကဲ၍လည်း လာတတ်သည်။ မခံသာ၍ ပြုပြင်လိုလျှင် ထိုစိတ်ကို ပြင်ချင်သည်ဟု မှတ်၍ ပြင်ချင်သော ကိုယ်အမူအရာကိုလည်း ခေါ်နေကျအတိုင်းပင် ဆက်၍ မှတ်ပါ။

ဥပမာ-ခြေလက်တို့ကို ကွေးချင်လျှင် ကွေးချင်သည်ဟုမှတ်။ ကွေးလျှင် ရွေ့တိုင်း ရွေ့တိုင်း ကွေးသည် ကွေးသည်ဟုမှတ်။ မမြန်စေရ။ ဖြည်းဖြည်းပြင်ပါ။

တစ်နေရာ၌ ထိလျှင် ထိသည်ဟုမှတ်။ ဤသို့ ပြုပြင်ပြီးသောအခါ၌ ဖြစ်စေ၊ မှတ်နေရင်း အလိုလို အညောင်းပျောက်သွားသောအခါ၌ဖြစ်စေ ထွက်သက်ဝင်သက်ကိုပင် မှတ်နေကျအတိုင်း မပြတ်ပြန်မှတ်ပါ။ တစ်နေရာမှ ပူမှုထင်ရှားလာလျှင်လည်း ထိုပူမှုကိုသာ စူးစိုက်၍ ပူသည်ပူသည်ဟု မနှေးမမြန် မှန်မှန်ပိုင်း၍ မပြတ်မှတ်ပါ။ မှတ်နေရင်း ပူမှုပျောက်သွားလျှင် ထွက်သက်ဝင်သက်ကို ပြန်မှတ်ပါ။ ပူမှု လွန်ကဲလာလျှင် ပြုပြင်လိုလျှင် ပြင်ချင်သည်ဟု မှတ်ပြီး ပြင်ချင်သော ကိုယ်အမူအရာများကိုလည်း ကြွချင်သည် ကြွသည် ကြွသည် စသည်ဖြင့် ရှေ့နည်းအတိုင်း မလစ်လပ်အောင် မှတ်၍ တဖြည်းဖြည်းပြင်ပါ။ ပြီးဆုံးလျှင် ထွက်သက်ဝင်သက်ကိုပါ မပြတ်ဆက်မှတ်ပါ။

တစ်နေရာ၌ ယားမှုပေါ်လာလျှင် ထိုယားမှုကိုသာ စူးစိုက်၍ ယားသည် ယားသည်ဟု မနှေးမမြန် မှန်မှန်ပိုင်း၍ ပိုင်း၍ မပြတ်မှတ်။ မှတ်နေရင်း အယားပျောက်သွားလျှင် ထွက်သက်ဝင်သက်ကိုပင် ပြန်မှတ်၊ မခံသာ၍ အယားဖျောက်လိုလျှင် ဖျောက်ချင်သည်ဟု၊ ကုတ်ချင်သည်ဟုမှတ်၊ လက်ကို ကြွလိုလျှင် ကြွချင်သည်၊ ကြွလျှင် ကြွသည်ဟုမှတ်၊ ဖြည်းဖြည်းကြွပါ၊ ယားသည့်နေရာနှင့်ထိလျှင် ထိသည်ဟုမှတ်၊ ကုတ်တိုင်းကုတ်သည်ဟုမှတ်၊ ရပ်လိုလျှင် ရပ်ချင်သည်ဟုမှတ်၊ လက်ကိုပြန်ချလိုလျှင် ချချင်သည်ဟုမှတ်၊ ချသောအခါ ချသည်ဟုမှတ်၊ အောက်၌ထိလျှင် ထိသည်ဟုမှတ်။ ပြီးလျှင် ထွက်သက်ဝင်သက်ကို ပြန်မှတ်ပါ။

ကိုယ်ထဲ၌ နာကျင်မှု စသော မခံသာသောဝေဒနာ တစ်စုံတစ်ရာပေါ်လာလျှင် ထိုမခံသာမှုကိုသာ စူးစိုက်၍ နာသည် နာသည်ဟု၊ ကျင်သည် ကျင်သည်ဟု၊ ကိုက်သည် ကိုက်သည်ဟု, အောင့်သည် အောင့်သည်ဟု, မောသည်မောသည်ဟု၊ မူးသည်မူးသည်ဟု စသည်ဖြင့် ခေါ်နေကျအတိုင်း မနှေးမမြန် မှန်မှန်ပိုင်း၍ ပိုင်း၍ မှတ်ပါ။ ထိုဝေဒနာသည် မှတ်နေရင်း ပျောက်၍လည်း သွားတတ်သည်။ တိုး၍လည်း လာတတ်သည်။ မလျှော့ဘဲ အတင်းမှတ်နေလျှင် ပျောက်တတ်သည်သာ များပါသည်။ သို့ရာတွင် မမှတ်နိုင်လောက်အောင် မခံသာမှု လွန်ကဲလာလျှင်ကား ထိုဝေဒနာကို ဆက်၍ နှလုံးမသွင်းပါနှင့်။ မှတ်နေကျ ထွက်သက်ဝင်သက်ကိုသာ အထူးဂရုပြု၍ မပြတ်မှတ်ပါ။

အချို့သူများမှာ သမာဓိအရှိန်တက်လျက် အမှတ်ကောင်းနေခိုက် အလွန်မခံသာသော ဝေဒနာ ပေါ်လာတတ်သည်။ ရင်ဝ၌ လေလုံးကြီး ဆောင့်တက်လာသကဲ့သို့ ထင်ရတတ်သည်။ အသားထဲ၌ ဓားချွန်ဖြင့် ထိုးလိုက်သကဲ့သို့ နာတတ်

သည်။ တစ်ကိုယ်လုံး ပူလောင်နေသကဲ့သို့လည်း ထင်ရတတ်သည်။ အပ်ဖျားဖြင့် ထိုးသကဲ့သို့ မျိုးတိုးမျက်တက်လည်း ဖြစ်နေတတ်သည်။ ပိုးကောင် ကလေးများ အန့်တက်နေသကဲ့သို့ ရိုးရိုးရွရွလည်း ဖြစ်နေတတ်သည်။ အလွန် ယားခြင်း၊ ကိုက်ခြင်း၊ ချမ်းအေးခြင်းများလည်း ဖြစ်တတ်သည်။

ထိုသို့ ဖြစ်လာသည်ကို ကြောက်သောကြောင့် မမှတ်ဘဲ နေလိုက်လျှင် ချက်ချင်းပင် ထိုဝေဒနာပျောက်သွားတတ်သည်။ တစ်ဖန်မှတ်၍ အရှိန်ကောင်း လာပြန်လျှင် ထိုဝေဒနာ ပေါ်မြဲပေါ်လာပြန်သည်။ ဤသို့သော ဝေဒနာမျိုးကို တွေ့လျှင် မကြောက်ပါနှင့်၊ ရောဂါလည်း မဟုတ်၊ ကြီးကျယ်သော ဝေဒနာလည်း မဟုတ်ပါ။ ကိုယ်ထဲ၌ ရှေးကပင် ဖြစ်လျက်ရှိနေသော သာမန်ဝေဒနာမျှသာ ဖြစ်ပါသည်။ မမှတ်ဘဲ နေစဉ်၌ ယင်းဝေဒနာများထက် ထင်ရှားသော အာရုံများ ရှိနေသည့်အတွက် ယင်းဝေဒနာများ မထင်ပေါ်ဘဲ မြုပ်ကွယ်နေခြင်း ဖြစ်ပါသည်။

အမှတ်ကောင်းစဉ်၌ မြုပ်ကွယ်နေသော ထိုဝေဒနာများသည် သမာဓိ တည်ကြည်မှုကြောင့် တရားသဘောအတိုင်း ထင်ရှားပေါ်လာပါသည်။ ထိုပေါ်လာသော ဝေဒနာကိုသာ စူးစိုက်၍ လွန်မြောက်အောင် မှတ်ပါ၊ မှတ်သည့်အတွက် တစ်စုံတစ်ရာ ဘာမျှနစ်နာခြင်း မဖြစ်နိုင်ပါ။ မမှတ်ဘဲ ရပ်နားရပ်နားနေလျှင်ကား နောင်အခါ၌လည်း မှတ်တိုင်းမှတ်တိုင်း ထိုမျှလောက် သမာဓိကောင်းလာလျှင် ထိုဝေဒနာမျိုးနှင့် တွေ့၍တွေ့၍သာ နေတတ်ပါသည်။ မလျှော့သောလုံ့လဖြင့် အတင်းမှတ်နေလျှင်ကား မကြာမီအတွင်း၌ ယူပစ်လိုက်သကဲ့သို့ ထိုဝေဒနာ ပျောက်ကင်းသွားမည်ဖြစ်ပါသည်။ ထိုအခါမှစ၍ ထိုဝေဒနာမျိုး တစ်ဖန် မဖြစ်ပေါ်တော့ဘဲ ငြိမ်းသွားတတ်ပါသည်။

ကိုယ်ကိုယိမ်းချင်လျှင် ယိမ်းချင်သည်ဟုမှတ်။ ယိမ်းဆဲ၌ ယိမ်းသည်၊ ယိမ်းသည်ဟုမှတ်၊ အချို့ မှတ်နေကျအတိုင်း မှတ်နေစဉ် အလိုလိုယိမ်းနေတတ်သည်။ မကြောက်ပါနှင့်။ ယိမ်းအောင်လည်း စိတ်ကို အားမပေးနှင့်။ မှတ်လျှင် ပျောက်သွားမည်ဟု ယုံကြည်စိတ်ချပြီး ထိုယိမ်းမှုကို အထူးစူးစိုက်၍ ယိမ်းသည်ယိမ်းသည်ဟု မနှေးမမြန် မှန်မှန်ပိုင်း၍မှတ်။ အလွန်ယိမ်းလာလျှင်ကား တိုင်နံရံ စသည်တို့ကို မှီ၍ဖြစ်စေ၊ အိပ်၍ဖြစ်စေ မှတ်ပါ။ မကြာမီ ထိုယိမ်းမှု အလျှင်းပျောက်သွားမည်။ တုန်မှုဖြစ်လာလျှင်လည်း နည်းတူမှတ်ပါ။

အမှတ်ကောင်းနေစဉ် ဖျဉ်းခနဲ ဖျဉ်းခနဲ ကြက်သီးထတတ်သည်။ မကြောက်ပါနှင့်။ တရားသဘောအတိုင်း ပီတိဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ တစ်စုံတစ်ရာ

အသံကို ကြားရသောကြောင့်လည်း ဖျတ်ခနဲ လန့်တတ်သည်။ မကြောက်ပါနှင့်၊ သမာဓိအရှိန် ကောင်းလာသည့်အတွက် ဖဿဒဏ် ပြင်းပြပုံကို ထင်ရှားသိလာခြင်းသာဖြစ်ပါသည်။ လက်ခြေကိုယ်အင်္ဂါတို့ကို ပြုပြင်လိုတိုင်း ပြင်လိုသည့်စိတ်ကိုမှတ်၊ ပြင်သည့်ကိုယ်အမူအရာဟူသမျှကိုလည်း ခေါ်နေကျအတိုင်း ပိုင်း၍ပိုင်း၍ မှတ်ပါ၊ မမြန်စေနှင့်။ ဖြည်းဖြည်းပြင်ပါ။

ရေသောက်ချင်လျှင် သောက်ချင်သည်ဟုမှတ်၊ ထ–ရန်ကြံလျှင် ထ–ချင်သည်ဟုမှတ်။ ထ–ရန်ပြုပြင်သော ခြေလက်ကိုယ်အမူအရာများကို ခေါ်နေကျအတိုင်းမှတ်။ တရွေ့ချင်း ပေါ့ပါးပြီး ကြွတက်လာသောကိုယ်ကို ရှုးစိုက်၍ ထသည်၊ ထသည်ဟု မှတ်လျက် ဖြည်းဖြည်းထပါ။ စန့်စန့်ရပ်မိသောအခါ၌ ရပ်သည်၊ ရပ်သည်ဟုမှတ်။ လှမ်းကြည့်လျှင် ကြည့်သည်၊ မြင်သည်ဟုမှတ်။ သွားလိုလျှင် သွားချင်သည်ဟုမှတ်။ သွားဆဲ၌ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း လှမ်းသည်၊ လှမ်းသည်ဟု ဖြစ်စေ၊ ညာလှမ်းသည်၊ ဘယ်လှမ်းသည်ဟု ဖြစ်စေမှတ်၊ ခြေကြွသည်မှစ၍ ချသည့်တိုင်အောင် ခြေလှမ်းရာတွင် သိလျက်ရှိပါစေ။ ဖြည်းဖြည်းသွားသည့်အခါ၊ စင်္ကြံသွားသည့်အခါများ၌ ခြေတစ်လှမ်းတစ်လှမ်းတွင် ကြွသည် လှမ်းသည်ဟု ဖြစ်စေ၊ 'ကြွသည်, ချသည်ဟုဖြစ်စေ၊ လှမ်းသည်, ချသည်ဟု ဖြစ်စေ နှစ်ချက်စီ နှစ်ချက်စီ မှတ်ပါ။ ထိုနှစ်ချက်မှတ်ကို ပိုင်နိုင်သောအခါ တစ်လှမ်းတစ်လှမ်း၌ ကြွသည်၊ လှမ်းသည်၊ ကျသည်ဟု သုံးချက်စီ မှတ်ပါ။

ရေအိုးစသည်တို့ကိုကြည့်လျှင် ကြည့်သည်၊ မြင်သည်ဟုမှတ်။ ရပ်လျှင် ရပ်သည်ဟုမှတ်။ ရေခွက်ဆီသို့ လက်လှမ်းလျှင် လှမ်းသည်ဟုမှတ်။ ခွက်နှင့်ထိလျှင် ထိသည်ဟုမှတ်၊ ကိုင်လျှင်ကိုင်သည်ဟုမှတ်၊ ရေခပ်လျှင် ခပ်သည်ဟုမှတ်၊ ရေခွက်ယူလာဆဲ၌ ယူသည်၊ ယူသည်ဟုမှတ်။ နှုတ်ခမ်း၌ ထိလျှင် ထိသည်ဟုမှတ်၊ အေးလျှင် အေးသည်ဟုမှတ်။ သောက်ဆဲ၌ သောက်သည်၊ မျိုသည်ဟုမှတ်၊ လည်ချောင်းထဲဝင်ဆဲ၌ လည်ချောင်းထဲ ဝမ်းထဲ၌ အေးအေးသွားသည်ကို အေးသည်၊ အေးသည်ဟု မှတ်။ ရေခွက်ကို ပြန်ထားဆဲ၌ ထားသည်၊ ထားသည်ဟုမှတ်။ လက်ကို အောက်သို့ ချလျှင် ချသည်၊ ချသည်ဟုမှတ်။ ကိုယ်၌ထိလျှင် ထိသည်ဟု မှတ်။ ပြန်၍လှည့်လိုလျှင် လှည့်ချင်သည်ဟုမှတ်။ လှည့်လျှင်လှည့်သည်ဟုမှတ်၊ သွားပြန်လျှင် မှတ်မြဲပင်မှတ်၍ သွားပါ။ ရပ်လိုလျှင် ရပ်ချင်သည်၊ ရပ်သည်ဟုမှတ်။ အတန်ကြာကြာ ရပ်နေလျှင် ထွက်သက်ဝင်သက်ကို ပြန်မှတ်ပါ။ ထိုင်ရန် ကြံလျှင် ထိုင်ချင်သည်ဟုမှတ်။ ထိုင်မည့်နေရာသို့သွားလျှင် မှတ်မြဲပင်မှတ်ပါ။ ရောက်လျှင်ရောက်သည်ဟု မှတ်။ လှည့်လျှင်လှည့်သည်ဟု မှတ်။ ထိုင်မည်ဟု

ကြွလျှင် ထိုင်ချင်သည်ဟုမှတ်၊ ထိုင်ဆဲ၌ တရွေ့ရွေ့ချင်း လေးလေးပြီး ကျသွားသောကိုယ်ကို ရှုးစိုက်၍ ထိုင်သည်၊ ထိုင်သည်ဟုမှတ်။ ဖြည်းဖြည်းထိုင်၊ ထိုင်ခါစ၌ ခြေလက် ပြုပြင်မှုများ ရှိမည်။ ၎င်းတို့ကို ခေါ်နေကျအတိုင်း မှတ်။ အထူးမှတ်ရန်မရှိလျှင် ထွက်သက်ဝင်သက်ကို မှတ်နေကျအတိုင်း မပြတ်မှတ်ပါ။

လှဲအိပ်လိုလျှင် လှဲချင်သည်ဟုဖြစ်စေ၊ အိပ်ချင်သည်ဟု ဖြစ်စေ မှတ်။ လှဲရန်ပြုပြင်သော လက်ခြေကိုယ်အမူအရာတို့ကို ကြွသည် ဆန့်သည် ထောက်သည် စသည်ဖြင့် မှတ်၊ လှဲအိပ်လိုက်သောအခါ တရွေ့ရွေ့လဲကျသွားသော ကိုယ်ကို ရှုးစိုက်၍ လှဲသည်၊ လှဲသည်ဟု ဖြစ်စေ။ အိပ်သည်၊ အိပ်သည်ဟု ဖြစ်စေ မှတ်၊ ခေါင်းအုံး, အိပ်ရာတို့၌ ထိမှုကို ထိသည်၊ ထိသည်ဟုမှတ်၊ လှဲခါစ၌ လက် ခြေ ကိုယ်ရွေ့လျားပြုပြင်မှုများကိုလည်း မှတ်လျက် တဖြည်းဖြည်း ပြုပြင်ပါ။ မှတ်ရန် အထူးမရှိသောအခါ ထွက်သက်ဝင်သက်ကို မပြတ်မှတ်ပါ။

ဤသို့ မှတ်နေစဉ် ညောင်းမှု၊ ပူမှု၊ နာကျင်မှု၊ ယားမှုစသော ဝေဒနာ အထူးများ ဖြစ်ပေါ်လာလျှင် ထိုဝေဒနာကို ရှုးစိုက်၍ ထိုင်စဉ်ကနည်းအတိုင်းပင် မှတ်ပါ။ တံတွေးမျိုမှု၊ တွေးမှု၊ စိတ်ကြံစည်မှု၊ စဉ်းစားမှုတို့ကိုလည်း နည်းတူပင် မှတ်ပါ။ ဘယ်ညာအစောင်း၊ ပြောင်းလိုသောအခါ လက်ခြေကွေးဆန့်လိုသော အခါ စသည်တို့၌လည်း ဖြစ်ပေါ်သော ထိုထိုစိတ်အကြံကို မှတ်၍ ပြုပြင်မှုများကိုလည်း မလစ်လပ်အောင် မှတ်ပါ။ အထူးမရှိသောအခါများ၌ ထွက်သက်ဝင်သက်ကို မပြတ်မှတ်ပါ။

အိပ်ချင်လာလျှင် အိပ်ချင်သည်၊ အိပ်ချင်သည်ဟုမှတ်။ မှေးလာလျှင် မှေးသည်, မှေးသည်ဟုမှတ်။ ဘာဝနာရင့်သောအခါ ဤသို့ မှတ်လိုက်လျှင် အိပ်ချင်မှု ကင်းလျက် တစ်ဖန် ကြည်လင်လာတတ်သည်။ ထိုအခါ ကြည်သည်၊ ကြည်သည်ဟု မှတ်ပြီးလျှင် ထွက်သက်ဝင်သက်ကို မှတ်နေကျအတိုင်း မှတ်ပါ။ အိပ်ချင်စိတ် မပြေသော်လည်း အမှတ်ကိုလွှတ်၍ မအိပ်ရ၊ မအိပ်ဘဲ တစ်မှတ်တည်း မှတ်နေမည်ဟု ရည်ရွယ်လျက် ထွက်သက်ဝင်သက်ကို မှတ်နေကျအတိုင်း မပြတ် မှတ်နေရမည်။ ကိုယ်ပင်ပန်းလာလျှင် ဤသို့ မှတ်နေဆဲမှာပင် တဖြည်းဖြည်းမှေးလျက် အိပ်ပျော်သွားလိမ့်မည်။

အိပ်ပျော်ဟူသည်မှာ ဘဝင်စိတ်သက်သက်မျှ ကြာမြင့်စွာ ဖြစ်နေခြင်းပင်တည်း။ ဘဝင်စိတ်ဟူသည်မှာလည်း ဘဝ၌ အစဦးစွာ ဖြစ်ပေါ်ခဲ့သော စိတ်၊ နောက်ဆုံး သေသော စုတိစိတ်တို့နှင့် အလားတူသော စိတ်တည်း။ ထို့ကြောင့်

အလွန်သိမ်မွေ့သည်၊ မည်သည်ကို အာရုံပြုနေသည်ဟူ၍ပင် မသိနိုင်။ နိုးနေစဉ်မှာလည်း မြင်မှုနှင့် စိတ်ကူးမှု၊ ကြားမှုနှင့် စိတ်ကူးမှု စသည်တို့၏ အကြားအကြား၌ ထိုဘဝင်စိတ် ဖြစ်ပေါ်သေးသည်။ သို့သော်လည်း ကြာမြင့်စွာ မဖြစ်ရသောကြောင့် ယင်းဘဝင် စိတ်ဖြစ်သည်ကို ထင်ရှားမသိရ။ အိပ်ပျော်ဆဲ၌ကား ကြာမြင့်စွာ ဖြစ်ရသောကြောင့် ထင်ရှားသိရသည်။ သို့သော်လည်း မည်သည်ကို အာရုံပြုနေသည် မည်သို့ဖြစ်နေ သည်ဟူ၍ကား မသိရ။ ထို့ကြောင့် အိပ်ပျော်ခိုက်၌ မမှတ်ရပြီ၊ မှတ်ရန်လည်း မစွမ်းနိုင်ပြီ။

နိုးသောအခါ၌ကား ၎င်းနိုးသောစိတ်ကို နိုးသည်ဟုမှတ်၊ အားထုတ်ခါစ၌ နိုးစိတ်ကို မှတ်သိနိုင်ခဲသည်။ နိုးစိတ်ကို မမှတ်နိုင်သေးလျှင် သတိရလာသောအခါမှစ၍ ပေါ်ရာပေါ်ရာကို မပြတ်မှတ်ပါ။ စဉ်းစားနေလျှင် စဉ်းစားသည်ဟု မှတ်ပါ။ ၎င်းနောက် ထွက်သက်ဝင်သက်ကို ဆက်၍ မှတ်ပါ။ ကြားလျက် နိုးလာလျှင် ကြားသည်ဟု မှတ်ပြီးနောက် ထွက်သက်ဝင်သက်ကို ဆက်မှတ်။ စောင်းခြင်း၊ လှဲခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း၊ ပြုပြင်ခြင်းများကိုလည်း ခါနေကျအတိုင်း မှတ်လျက် ဖြည်းဖြည်းပြုပြင်ပါ။ ဘယ်အချိန်ရှိပြီလဲဟု စဉ်းစားလျှင် စဉ်းစားသည်ဟု မှတ်၊ ထ–လိုလျှင် ထ–ချင်သည်ဟုမှတ်၊ ထ–ဆဲ၌ ကြွတက်လာသည့် ကိုယ်အမူအရာကို ရှုးစိုက်၍ထသည်၊ ထသည်ဟုမှတ်။ ထိုင်မိလျှင်ထိုင်သည် ထိုင်သည်ဟု မှတ်။ ၎င်းနောက် ထွက်သက်ဝင်သက်ကို မပြတ်မှတ်ပါ။

မျက်နှာသစ်သောအခါ၊ ရေချိုးသောအခါများ၌ ကြည့်ခြင်း၊ မြင်ခြင်း၊ လက်လှမ်းခြင်း၊ ခပ်ခြင်း၊ ယူခြင်း၊ လောင်းခြင်း၊ အေးခြင်း၊ ပွတ်တိုက်ခြင်း စသည်တို့ကို မလစ်လပ်ရအောင် အစဉ်အတိုင်း မှတ်ပါ။ အဝတ်ကိုပြင်၍ ဝတ်မှု၊ အိပ်ရာပြင်မှု၊ တံခါးကိုဖွင့်မှု၊ ပိတ်မှု၊ တစ်စုံတစ်ခုကို ကိုင်မှု၊ ယူမှု စသည်တို့ကို လစ်လပ်အောင် မှတ်ပါ။ ထမင်းစားသောအခါ ကြည့်လျှင် ကြည့်သည်၊ မြင်သည်ဟုမှတ်။ ထမင်းလုတ်ပြင်ဆဲ၌ လက်ပြုပြင်မှုများကို ပြင်သည်ပြင်သည်ဟု မှတ်။ ထမင်းလုတ်ကို ယူလာလျှင် ယူသည် ယူသည်ဟုမှတ်။ ခေါင်းငုံ့လျှင် ငုံ့သည်ဟု မှတ်။ ပါးစပ်ထိလျှင် ထိသည်ဟု မှတ်။ ပါးစပ်ဖွင့်လျှင် ပိတ်လျှင် ဖွင့်သည် ပိတ်သည်ဟုမှတ်။ လက်ချလျှင် ချသည်ဟုမှတ်။ ဝါးလျှင် ဝါးသည်ဟု မှတ်။ မျိုလျှင် မျိုသည်ဟုမှတ်။ အရသာကိုသိလျှင် သိသည်ဟုမှတ်။ အစာ လည်ချောင်းထဲ အူထဲအထိ ဆင်းသွားသည်ကို ထိသည် ထိသည်ဟုမှတ်။ ဤနည်းဖြင့် ထမင်းလုတ်တိုင်း၊ ဟင်းရည်သောက်တိုင်း စေ့စေ့စပ်စပ်မှတ်။

အားထုတ်ခါစ၌ အစဉ်ကျအောင် မမှတ်နိုင်ဘဲ လစ်လပ်သောအရာများစွာ ရှိမည်။ ပြုပြင်လိုသောစိတ်များကိုလည်း မမှတ်နိုင်ဘဲ မသိနိုင်ဘဲ ရှိတတ်သည်။ စိတ်မပျက်လင့်၊ စေ့စေ့စပ်စပ် မှတ်မည်ဟု သဘောထား၍ ရိုရိုသေသေ စူးစိုက်မှတ်နေလျှင် မှတ်နိုင်မှု သိနိုင်မှု များလာပါလိမ့်မည်။ ဉာဏ်ရင့် သန်လာသောအခါ အစဉ်တကျ ဖြစ်လာပါလိမ့်မည်။

ဤသို့မှတ်၍ သတိ၊ သမာဓိ၊ ဉာဏ် ထက်သန်အားပြည့်လျှင် အာရုံနှင့် မှတ်မှု အတွဲလိုက်ကပ်နေသကဲ့သို့ အံကျလျက် ရှိနေသည်ကို တွေ့ရမည်။ အထူးကောင်းသော မှတ်ချက်များ၌ ထိုင်တာက တခြား၊ မှတ်တာက တခြား၊ သွားတာက တခြား၊ မှတ်တာက တခြား ဤသို့ စသည်ဖြင့် ရုပ်နာမ်တို့ကို ကွဲပြားစွာ သိလာမည် ဖြစ်ပါသည်။ ရုပ်နာမ်နှစ်ပါး တခြားစီ ကွဲပြားလျက် ထင်ရှားသော အခါ၌ သုတရှိသူမဟုတ်လျှင် ထိုင်မှု, မှတ်မှု၊ ရပ်မှု၊ မှတ်မှု စသည်ဖြင့် နှစ်ခုသာ ရှိသည်။ ယင်းနှစ်ခုအပြင် ဘာမျှမရှိ၊ လူဆိုသည်မှာ ယင်းနှစ်ခုသာ ဖြစ်သည်။ မိန်းမ ယောကျာ်းဆိုသည်မှာ ယင်းနှစ်ခုသာ ဖြစ်သည်။ ယင်းနှစ်ခုအပြင် ပုဂ္ဂိုလ် သတ္တဝါ အသီးအခြား မရှိဟု ထင်မြင်လာတတ်ပါသည်။

သုတရှိသူများအဖို့ အာရုံရုပ်၊ မှီရာရုပ်နှင့် မှတ်မိနာမ်တို့ကိုသာမှတ်တိုင်း မှတ်တိုင်း တွေ့မြင်ရသောကြောင့် ရုပ်နာမ် ၂–ပါးမျှသာ ရှိသည်။ ယင်းနှစ်ပါးမှ တစ်ပါး ငါ၊ သူတစ်ပါး၊ ယောကျာ်း၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါကောင်ဟု အသီးသီး အခြားမရှိ။ မှတ်ခိုက်၌လည်း ရုပ်နာမ် ၂–ပါး၊ မမှတ်ဘဲ နေခိုက်၌လည်း ရုပ်နာမ် ၂–ပါးသာ ရှိသည်၊ ဖြစ်ဆဲမှီရာရုပ်နှင့် ကြံမှု စသော နာမ် ၂–မျိုးသာ ရှိသည်ဟု ထင်မြင်လာ ဆင်ခြင်လာတတ်ပါသည်။ ထိုအခါ၌လည်း ဆင်ခြင်သည်၊ ဆင်ခြင်သည်ဟု မှတ်ပါ။ ဤသို့ ဆက်လက် အားထုတ်သွားလျှင် ဉာဏ်စဉ်စခန်း ကုန်ဆုံး၍ မဂ်ဖိုလ်နိဗ္ဗာန်စခန်းသို့ ဆိုက်ရောက်နိုင်ပါသည်။ ။

## အခန်း(၁၃)

# ဘုရားရှင်အဆူဆူ အားထုတ်သော အာနာပါနကမ္မဋ္ဌာန်း

ဂင်္ဂါဝါဠူ၊ သဲစုမက ပွင့်တော်မူကုန်ပြီးသော ဘုရားရှင်အဆူဆူနှင့် ပစ္စေကဗုဒ္ဓါဘုရားငယ်အဆူဆူတို့သည် အာနာပါန ကမ္မဋ္ဌာန်းကိုသာ အားထုတ် တော်မူကြပြီး ဘုရားအဖြစ်, ဘုရားငယ်အဖြစ်သို့ ရောက်ရှိတော်မူခဲ့ကြပါသည်။ တပည့်သာဝက ရဟန္တာအရှင်မြတ် အများစုမှာလည်း ဤအာနာပါနကမ္မဋ္ဌာန်းကိုပင် အားထုတ် တော်မူခဲ့ကြပါသည်။ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့ကြပြီးနောက်၌လည်း ဤအာနာပါနကမ္မဋ္ဌာန်းကိုပင် နှလုံးသွင်းတော်မူကြပြီး အသက်ထက်ဆုံး ဈာန်သမာပတ် ဝင်စားတော်မူချိန်၌ ရှုပွားတော်မူခဲ့ကြပါသည်။ အလားတူပင် ဂေါတမမြတ်စွာဘုရားရှင်သည်လည်း အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်၍ သဗ္ဗညူဘုရားအဖြစ်သို့ ရောက်ရှိတော်မူလာပါသည်။

**အာနာပါနကမ္မဋ္ဌာန်းဖြင့် ဘုရားဖြစ်တော်မူခြင်း** အလောင်းတော် သိဒ္ဓတ္ထမင်းသား တစ်လသားအရွယ်၌ ဖခင် သုဒ္ဓေါဒနဘုရင် လယ်ထွန်မင်္ဂလာဆင်းခိုက် ပညောင်ပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေ၍ ဈာန်ဝင်စား ရာတွင် ဤအာနာပါနကမ္မဋ္ဌာန်းဖြင့်ပင် ဈာန်ဝင်စားတော်မူခြင်း ဖြစ်ပါသည်။ (၂၉)နှစ်အရွယ် တောထွက်ပြီးနောက် ဒုက္ကရစရိယာအကျင့်ကို ၆-နှစ်တိုင်တိုင် ပင်ပန်းကြီးစွာ ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့သော်လည်း တရားထူး မရနိုင်သဖြင့် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့ ညနေခင်းမှစ၍ ဗောဓိပင်ရင်းရှိ အပရာဇိတပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူပြီး အာနာပါနကမ္မဋ္ဌာန်းကို စတုတ္ထဈာန် ရောက်သည်အထိ အားထုတ်တော်မူခဲ့ပါသည်။

စတုတ္ထဈာန်သမာဓိကြောင့် အလောင်းတော်၏ စိတ်အစဉ်သည် ဖော်ပြပါ အချက်(၈)ချက်နှင့် ပြည့်စုံလျက် ရှိနေပါသည်-

(၁) စိတ်တော်သည် အလွန်တည်ကြည်၍ အနှောင့်အယှက် နီဝရဏ တရားများ ကင်းကွာသဖြင့် ထက်ဝန်းကျင်မှ စင်ကြယ်ခြင်း၊

(၂) စိတ်ကို ချောက်ချားစေတတ်သော ဝိတက် စသော ရန့်ရင်းသော ဈာန်အင်္ဂါတရားတို့ကို ပယ်ဖျောက်ပြီး ဖြစ်သဖြင့် ပြိုးပြိုးပြက်ပြက် အရောင်ထွက်မတတ် ထက်ဝန်းကျင် အလွန်စင်ကြယ်ခြင်း၊

(၃) ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်ဟူသော ကြံစည်မှုများ ကင်းကွာနေသဖြင့် လောဘ၊ ဒေါသ၊ မောဟ ဟူသော စိတ်အညစ် အကြေးတို့မှ ကင်းဝေးလျက်ရှိခြင်း၊

(၄) စိတ်၏ အညစ်အကြေးဖြစ်သော လောဘ၊ ဒေါသ၊ မောဟတို့ ကင်းဝေးသဖြင့် စိတ်ကို ညစ်နွမ်းစေတတ်၊ ညစ်ညူးစေတတ်သော အထူးထူးသော ကိလေသာတို့မှ ကင်းစင်လျက်ရှိခြင်း၊

(၅) ဝသီဘော် ၅–ပါးတို့ဖြင့် စိတ်ကို လေ့လာနိုင်နင်းပြီး ဖြစ်သဖြင့် စိတ်တော်သည် ကောင်းစွာ ကြိတ်နယ်ပြီးသော သားရေပမာ အလွန်နူးညံ့ သိမ်မွေ့လျက် ရှိခြင်း၊

(၆) စိတ်တော်သည် အလွန်နူးညံ့သိမ်မွေ့နေသဖြင့် ရွှေပန်းတိမ်သည် သည် ရွှေကို မိမိအလိုရှိရာ ပြုလုပ်နိုင်သကဲ့သို့ အလိုတော်ရှိရာ တရားနှင့်ဆိုင်သော အမှုကိစ္စတို့ကို ပြုလုပ်ရန် ကောင်းစွာ လွယ်ကူလျက် ရှိခြင်း၊

(၇) စိတ်တော်သည် အလွန်နူးညံ့ခြင်း၊ မိမိညွတ်လိုသည့် အာရုံကို ညွတ်နိုင်ခြင်းတို့ကြောင့် အလွန်တည်ငြိမ်လျက် ရှိခြင်း၊

(၈) စိတ်တော်သည် ပွားများခြင်း ဘာဝနာမှု ပြည့်စုံလုံလောက်နေသဖြင့် မိမ်ပွားများအပ်သော အာရုံပေါ်မှ မပြောင်းမရွှေ့ မတုန်မလှုပ် ကြံ့ကြံ့ခိုင်ကြည် တည်ငြိမ်လျက်ရှိခြင်း။

စိတ်တော်သည် အထက်ဖော်ပြပါ အချက်(၈)ချက်နှင့် ညီညွတ်နေသဖြင့် တစ်စုံတစ်ခုကို သိရန် ဦးတည်ပေးလိုက်လျှင်၊ ညွတ်လိုက်လျှင် အရန်သင့်လိုက်ပါ လာမည့်အခြေအနေ ရှိနေပါသည်။ ထိုအခြေအနေရှိနေစဉ် ညဉ့်ဦးပိုင်းသို့ ရောက် သောအခါ ဘဝဆက်ကာ သံသရာတွင် မိမိဖြစ်ခဲ့ဖူး နေခဲ့ဖူးသည့် ဘဝများကို

သိလို၍ အင်အား အလွန်ကြီးမားသော စိတ်တော်ကို နောက်ကြောင်းသို့ ပြန်၍ လှည့်ပေးလိုက်သည်။ ထိုအခါ အတိတ်ဘဝများကို သတိရလာသည်၊ သိမြင်လာသည်။ ဤသည်ကိုပင် ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ရသည်ဟု ဆိုပါသည်။

ညဉ့်သန်းခေါင်အချိန်တွင် ကမ္ဘာလောကဓာတ် တစ်ခုလုံးကို ကြည့်ရှုတော်မူလို၍ စွမ်းအင်ထက်မြက်နေသော စိတ်တော်ကို တစ်လောကလုံးကို သိရန် ညွှတ်ပေးလိုက်သည်။ အာရုံပြုလိုက်သည်။ ထိုအခါ အဆီးအတားမရှိ၊ တစ်လောကလုံး သက်ရှိသက်မဲ့ အခြေအနေ အထွေထွေကို သိမြင်တော်မူပြန်သည်။ ဤသည်ကိုပင် ဒိဗ္ဗစက္ခုဉာဏ် ရတော်မူသည်ဟု ဆိုပါသည်။

လင်းအားကြီးပိုင်းသို့ ရောက်သောအခါတွင် ပြင်ပလောကကို ကြည့်မနေတော့ဘဲ မိမိကိုယ်တွင်း၌ စိတ်တော်ကို ပြန်ထားလိုက်သည်။ ဉာဏ်တော်ကို စိတ်တော်နှင့်တွဲပို့ပြီး ကိုယ်တွင်းရုပ်နာမ်ဓမ္မသဘာဝများက နှိုက်၍ ဝေဖန်ဆင်ခြင်သုံးသပ်တော်မူသည်၊ ထိုအခါ ကိုယ်အတွင်း၌ အခိုင်အမြဲ ဘာတစ်ခုမျှ ရှာမရ၍ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာအမှတ်အသားများကို အဖန်ဖန်အထပ်ထပ် ရှုဆင်ခြင်တော်မူ၍ (အနုပဿနာပြု၍)ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟူသော သစ္စာလေးရပ်ကို သိမြင်တော်မူလာပါသည်။ သစ္စာလေးရပ်ကို အရဟတ္တမဂ်ဉာဏ်ဖြင့် သိမြင်သည်နှင့် တစ်ပြိုင်နက်တည်းမှာပင် အလောင်းတော်သန္တာန်၌ သံသရာတစ်လျှောက်လုံး အမြစ်တွယ်လာခဲ့သော၊ တဏှာ(လောဘ)များမိခဲ့သော အမြင်(မိစ္ဆာ ဒိဋ္ဌိ)နှင့် အဆိုပါ သစ္စာလေးရပ်ကို မသိမမြင်ခဲ့မှု (အဝိဇ္ဇာ)တို့သည် အကြွင်းမရှိဘဲ ကင်းစင်ချုပ်ပျောက်လာပါတော့သည်။ ဤသည်ကိုပင် အာသဝက္ခယဉာဏ်ရသည်ဟု ဆိုပါသည်။

ဖော်ပြပါ ပု-ဒိ-အာ ခေါ်သော ဝိဇ္ဇာဉာဏ် ၃-ပါးပေါ်ပြီးနောက် အရဟတ္တဖိုလ်ဉာဏ်နှင့် ပစ္စဝေက္ခဏာဉာဏ်တော်များလည်း ဆက်တိုက်ပင် ပေါ်လာပါသည်။ ပစ္စဝေက္ခဏာဉာဏ်ပေါ်ပြီးနောက် ကိလေသာအားလုံးလည်း ကင်းနေပြီးဖြစ်၍ အရှင်မြတ်၏ စိတ်တော် ဉာဏ်တော် အားအစွမ်းမှာ အတုမရှိ ထက်မြက်နေဆဲဖြစ်သည်၊ စိတ်အား၊ ဉာဏ်အားဖြင့် ဆက်လက်သုံးသပ် ဆင်ခြင်တော်မူရာ နေ အရဏ်တက်ချိန်၌ သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ်ဟူသော ဉေယျမံ တရားငါးပါးကို ထိုးထွင်းသိမြင်သည့် သဗ္ဗညုတဉာဏ်တော်ကြီးလည်း ပေါ်လာပြီး လောကသုံးပါးတွင် အတုမရှိသော ဘုရားစင်စစ် ဧကန် ဖြစ်လာရပါတော့သည်။

**မြတ်စွာဘုရား အလေးထား ဟောကြားတော်မူသော အာနာပါန** မြတ်စွာဘုရားသည် အာနာပါနကမ္မဋ္ဌာန်းဖြင့် သဗ္ဗညုဘုရား အဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်အားလျော်စွာ ဤအာနာပါန ကမ္မဋ္ဌာန်းကို အခြားသော သမထ ကမ္မဋ္ဌာန်းတို့ထက် မြတ်သော လွန်သော ဂုဏ်ပုဒ်တို့ဖြင့် များစွာ ချီးမွမ်း၍ ဟောကြားတော်မူပါသည်။ အဋ္ဌကထာဆရာမြတ်တို့ကလည်း မဟာပုရိသဘူမိဟု ဖွင့်ဆိုတော်မူကြပါသည်။ လူသာမန်တို့နှင့် ထိုက်တန်သော ကမ္မဋ္ဌာန်းမဟုတ်။ လူပညာရှိကြီးတို့နှင့်သာ ထိုက်တန်သောကမ္မဋ္ဌာန်းဖြစ်သည်ဟု ဆိုပါသည်။ အာနာပါနကမ္မဋ္ဌာန်းနှင့် စပ်လျဉ်း၍ မြတ်စွာဘုရား ဟောကြားတော်မူသော ပါဠိတော်များမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည်–

၁။ မဟာသတိပဋ္ဌာနသုတ် (ဒီ–၂၊ ၂၃၁)
၂။ မဟာသတိပဋ္ဌာနသုတ် (မ–၁၊ ၇၀)
၃။ တတိယပါရာဇိကပါဠိ (ဝိ–၁၊ ၈၉)
၄။ အာနာပါနဿတိသုတ်(မ–၃၊ ၁၂၂)
၅။ မဟာရာဟုလောဝါဒသုတ်(မ–၂၊ ၈၈)
၆။ ကာယဂတာသတိသုတ်(မ–၃၊ ၁၃၀)

**မဟာသတိပဋ္ဌာနသုတ်** အမှတ်(၁)၊ အမှတ်(၂) မဟာသတိပဋ္ဌာနသုတ်နှစ်သုတ်စလုံးကို ကုရုတိုင်း၊ ကမ္မာသဒမ္မနိဂုံး၌ ရဟန်းများအား ဟောကြားတော်မူခြင်း ဖြစ်ပါသည်။ နိကာယ်အလိုက်(၂)နေရာ ကွဲပြားခြင်း ဖြစ်ပါသည်။ နှစ်သုတ်စလုံး ပါဠိအဓိပ္ပာယ် ထပ်တူထပ်မျှပင် ဖြစ်ပါသည်။

**ဝိနည်းလာ အာနာပါန** မြတ်စွာဘုရားသည် ဝေသာလီ မဟာဝုန်တော ကူဋာဂါရကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ရဟန်းများအား အသုဘကမ္မဋ္ဌာန်းကို ချီးမွမ်း၍ ဟောကြားတော်မူပြီး (၁၅)ရက်မျှ တစ်ပါးတည်း သီတင်းသုံးတော်မူပါသည်။ ထိုအခါ ရဟန်းများသည် အသုဘဘာဝနာကို ပွားများကြပြီး မိမိတို့၏ ခန္ဓာကိုယ်ကို ရွံရှာလာကြသဖြင့် မိမိတို့ကိုယ်ကို မိမိတို့ကိုယ်တိုင် သတ်ကြသည်။ အချင်းချင်းလည်း သတ်ကြသည်။ သူတစ်ပါးကိုလည်း တောင်းပန်ပေးကမ်း၍ အသတ်ခိုင်းကြသည်။ ထို့ကြောင့် ရဟန်းတော်အနည်းငယ်သာ ကျန်ရှိပါသည်။ ၁၅–ရက်ကုန်လွန်၍ မြတ်စွာဘုရားသည် တစ်ပါးတည်း စံနေတော်မူရာမှ ထတော်မူသောအခါ ရဟန်းတော်များ နည်းပါးနေရခြင်းအကြောင်းကို မေးတော်မူသောအခါ ရှင်အာနန္ဒာက အကြောင်းစုံကို လျှောက်ထားပြီး

အသုဘကမ္မဋ္ဌာန်းမှတစ်ပါး အခြား ရဟန္တာဖြစ်နိုင်သော တရားကို ဟောတော်မူပါဟု တောင်းပန်သောကြောင့် အာနာပါနကမ္မဋ္ဌာန်းကို ဟောတော်မူပါသည်။

**အာနာပါနဿတိသုတ်** မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တန်ဆောင်မုန်းလပြည့်နေ့ သာယာသော ညချမ်းအခါ၌ မြတ်စွာဘုရားကို ခြံရံလျက်နေသော တိတ်ဆိတ် ငြိမ်သက်ပြီး အဖျင်းမရှိ အနှစ်အတိပြီးသော ရဟန်းပရိသတ်ကြီးအား ဟောကြား တော်မူသော သုတ်ဖြစ်ပါသည်။ ထိုရဟန်းပရိသတ်တွင် ရှင်သာရိပုတြာ၊ ရှင်မဟာ မောဂ္ဂလ္လာန်၊ ရှင်မဟာကဿပ စသော ထင်ရှားကျော်ကြားသည့် မထေရ်ကြီးများ၊ သတိပဋ္ဌာန် သမ္မပ္ပဓာန် စသော ဗောဓိပက္ခိယတရားများ ပွားများပြီး ပွားများဆဲ မထေရ်ကြီးများ၊ အပ္ပမညာ ၄–ပါး စသော သမထဘာဝနာနှင့် အနိစ္စ စသော ဝိပဿနာဘာဝနာတရားများ ပွားများပြီး ပွားများဆဲ မထေရ်ကြီးများ ပါဝင်ပါသည်။

ထိုပရိသတ်တွင် အာနာပါနဿတိကမ္မဋ္ဌာန်း စီးဖြန်းပွားများပြီး ပွားများဆဲ ပုဂ္ဂိုလ်က များသောကြောင့် မြတ်စွာဘုရားက “ရဟန်းတို့– ဤရဟန်းအပေါင်း၌ ထွက်လေဝင်လေကို အောက်မေ့မှု အာနာပါနဿတိ ပွားများအားထုတ်ခြင်းကို လုံ့လပြုကုန်သည်ဖြစ်၍ နေကုန်သော ရဟန်းတို့သည် ရှိကုန်၏။ ရဟန်းတို့– အာနာပါနဿတိကို လေ့လာပွားများအားထုတ်သည်ရှိသော် များသောအကျိုးရှိ၏။ သတိပဋ္ဌာန် ၄–ပါး၊ ဗောဇ္ဈင် ၇–ပါးနှင့် အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ပြည့်စုံ စေနိုင်၏” စသည်ဖြင့် အာနာပါနဿတိ ဘာဝနာကို အထူးချီးမွမ်း၍ အာနာပါ နဿတိ သုတ်ကို ဟောတော်မူခြင်း ဖြစ်ပါသည်။

**ကာယဂတာသတိသုတ်** မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းတော်များက ကာယဂတာသတိကမ္မဋ္ဌာန်း အကျိုးကြီးကြောင်း ပြောဆိုကြသည့်စကားနှင့် စပ်လျဉ်း၍ ဟောတော်မူခြင်း ဖြစ်ပါသည်။

**အာနာပါနဿတိ** အာနာပါနဟူသည် အဿာသပဿာသဆိုသည်နှင့် အတူတူ ပင် ဖြစ်ပါသည်။ ထွက်သက်ဝင်သက်ဟု အဓိပ္ပာယ်ရရှိပါ သည်။ အမိဝမ်းတွင်း၌ ပဋိသန္ဓေနေရသော ဂဗ္ဘသေယျက သတ္တဝါတို့သည် အမိ ဝမ်း၌နေစဉ် အသက် မရှူမရှိုက်ရသဖြင့် ဖွားမြင်သည်နှင့် တစ်ပြိုင်နက် ဝမ်းတွင်းမှ လေတို့သည် အပြင်ဘက်သို့ ရှေးဦးစွာ ထွက်ကြသည်။ ထို့နောက် အပြင်မှလေကို ရှူသဖြင့် ဝမ်းတွင်းသို့ လေဝင်ရသည်။ ထို့ကြောင့် ထွက်သက်(ရှိုက်လေ)က

ပထမဖြစ်၍ ဝင်သက်(ရှူလေ)က နောက်မှ ဖြစ်ရသဖြင့် "ထွက်သက်ဝင်သက်"ဟု ထွက်သက်ကို ရှေ့ထား၍ ဆိုကြခြင်း ဖြစ်သည်။

မိမိ၏ ထွက်သက်ဝင်သက်ကို အာရုံပြုသောအားဖြင့် ဖြစ်သော သတိသည် အာနာပါနဿတိ မည်ပါသည်။ ပါဠိတော်နည်းအရ ရှိုက်လေ(ထွက်သက်)ကို ပထမ အာရုံပြုပြီးနောက်မှ ရှူလေ(ဝင်သက်)ကို အာရုံပြုရမည်ဟု ဆိုပါသည်။ သုတ္တန်အဋ္ဌကထာနည်းအရ ကမ္မဋ္ဌာန်းအားထုတ်မှုကို အစပြု၍ ပဝတ္တိအခါ၌ ဖြစ်ပုံစဉ်အတိုင်း ဝင်သက်ကို "အဿာသအာန"ဟု ဆို၍ ပထမဦးစွာ ဝင်သက်(ရှူလေ)ကို အာရုံပြုပြီးနောက်မှ ထွက်သက်ကို "ပဿာသအပါန" ဟုဆို၍ ထွက်သက်(ရှိုက်လေ)ကို အာရုံပြုရမည်ဟု ဆိုပါသည်။

## အာနာပါနကမ္မဋ္ဌာန်း ပွားများရခြင်းအကျိုး

အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသော ပုဂ္ဂိုလ်တို့သည် ကျမ်းဂန်တို့၌ ဖော်ပြထားသော အကျိုးတရားများကို ရရှိကြမည် ဖြစ်သည့်အပြင် လောကီ အကျိုးတရားများကိုလည်း ဒိဋ္ဌဓမ္မ ခံစားရရှိနိုင်ပါသည်။ အာနာပါန ကမ္မဋ္ဌာန်း ပွားများသူတို့ ရရှိနိုင်သော အကျိုးတရားများမှာ ဝိသုဒ္ဓိမဂ်၌ ဖော်ပြလတ္တံ့ပါအတိုင်း ဖော်ပြထားပါသည်-

၁။ စိတ်ငြိမ်သက် အေးငြိမ်းခြင်း၊

၂။ မရောင့်ရဲစေနိုင်လောက်အောင် မြင့်မြတ်ခြင်း၊

၃။ ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာဖြင့် အာနာပါနကို ပွားများခြင်းဖြင့် စိတ်ငြိမ်သက်မှုရှိခြင်း၊

၄။ သမာပတ် ဝင်စားတိုင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုကို ဖြစ်စေခြင်း၊

၅။ စိတ်တည်ငြိမ်မှုကို နှောင့်ယှက်တတ်သော နီဝရဏတရားများကို ပယ်ခွာနိုင်ခြင်း၊

၆။ စိတ်ငြိမ်သက်မှု သမာဓိ၏ အန္တရာယ်ကို ပြုတတ်သော မိစ္ဆာဝိတက်ကို ပယ်ဖျက်စွမ်းနိုင်ခြင်း၊

၇။ မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်ရန် အကြောင်းရင်း မူလအခြေခံ ပါဒက ဖြစ်ခြင်း၊

၈။ စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် ၁၆–ချက်သော စိတ်နှင့် အတူဖြစ်၍ အတူချုပ်ငြိမ်းခြင်းကို သိမြင်ခြင်း။

အာနာပါနကမ္မဋ္ဌာန်း ပွားများသော အကျိုးတရားအဖြစ် ဥပရိပဏ္ဏာသ ပါဠိတော် အာနာပါနသုတ်၌ ဖော်ပြလတ္တံ့အတိုင်း ဖော်ပြထားပါသည်–

၁။ ကာယဂတာသတိ အစရှိသော သတိပဋ္ဌာန် ဘာဝနာကိစ္စကို ပြီးစီးနိုင်ခြင်း၊

၂။ အပ္ပနာဈာန် ၄–ပါး ဟူသော သမထဘာဝနာကိစ္စကို ပြီးစီးနိုင်ခြင်း၊

၃။ ဝိပဿနာဘာဝနာကိစ္စကို ပြီးစီးနိုင်ခြင်း၊

၄။ ဝိဇ္ဇာ ဝိမုတ္တိ (မဂ်ကိစ္စ)ဟု ဆိုအပ်သော မဂ္ဂဘာဝနာကိစ္စကို ပြီးစီး နိုင်ခြင်း၊

၅။ ဖလသစ္ဆိကိရိယာ(ဖိုလ်ကို မျက်မှောက်ပြုခြင်းကိစ္စ)ကို ပြီးနိုင်ခြင်း။

မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၌ ဖော်ပြထားသော အကျိုးတရား ၅–ပါးမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်–

၁။ ယခုခေတ် ယခုကာလ ယခုဘဝ၌ပင် ရဟန္တာအဖြစ်သို့ ရောက် နိုင်ခြင်း၊

၂။ အားထုတ်၍ အသက်ရှင်စဉ် ရဟန္တာအဖြစ်သို့ မရောက်ခဲ့ပါလျှင် သေခါနီးကာလ၌ သမသီသီ ရဟန္တာအဖြစ်သို့ ရောက်နိုင်ခြင်း၊

၃။ အကယ်၍ သေခါနီးကာလ၌ ရဟန္တာအဖြစ်သို့ မရောက်ခဲ့ပါလျှင် နတ်ပြည်သို့ ရောက်၍ အရိယာနတ်များ၏ တရားကို ကြားနာရပြီး ရဟန္တာအဖြစ်သို့ ရောက်နိုင်ခြင်း၊

၄။ အကယ်၍ နတ်ပြည်လောက၌ ရဟန္တာမဖြစ်ခဲ့ပါလျှင် အရိ မေတ္တေယျ ဘုရားမပွင့်မီ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်နိုင်ခြင်း၊

၅။ အကယ်၍ ပစ္စေကဗုဒ္ဓါအဖြစ်သို့ မရောက်ခဲ့ပါလျှင် နောင်ပွင့်တော်မူ လတ္တံ့သော အရိမေတ္တေယျဘုရား စသည်တို့၏ အထံတော်မှောက်၌ ဗာဟိယဒါရုစိရိယမထေရ်ကဲ့သို့ ခိပ္ပါဘိညရဟန္တာအဖြစ်သို့ ရောက် နိုင်ခြင်း–

အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းပွားများခြင်းဖြင့် အထက်ဖော်ပြပါ ကျမ်းဂန်လာ အကျိုးတရားများ ရရှိနိုင်သည့်အပြင် လောကီအကျိုးတရားများကိုလည်း လက်ငင်း ဒိဋ္ဌ ရရှိနိုင်ကြမည် ဖြစ်ပါသည်–

**၁။ စိတ်တည်ငြိမ်၍ ချမ်းသာခြင်း**

စိတ်တည်ငြိမ်မှု၏ ဆန့်ကျင်ဘက်ဖြစ်သော စိတ်ပျံ့လွင့်မှုသည် သောက ပရိဒေဝ စသော မီး (၁၁)တန် တောက်လောင်ရန် အခြေခံပင် ဖြစ်ပါသည်။ စိတ် မတည်မငြိမ်ဖြစ်၍ စိတ်သွားတိုင်း ကိုယ်မပါ၊ လိုရာဆန္ဒ မပြည့်ဝသောအခါများ ၌လည်း "ယံ ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ " ဟု ဟောတော်မူသည်နှင့် အညီ စိတ်ဆင်းရဲမှု ဖြစ်လာရမည်သာ ဖြစ်ပါသည်။ စိတ်ဆင်းရဲမှု ဖြစ်ပါက စိတ်ကြောင့် ဖြစ်ရသောရုပ်များလည်း "စိတ်ထောင်းတော့ ကိုယ်ကြေ"ဆိုသည့်အတိုင်း ကိုယ် ဆင်းရဲမှုလည်း ဖြစ်ပေါ်လာရတော့သည်။ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ သောအခါ စိတ်တည်ငြိမ်မှု ဖြစ်လာရသဖြင့် ကိုယ်စိတ်ချမ်းသာမှုကိုလည်း အလိုလိုပင် ခံစားလာရမည် ဖြစ်ပါသည်။

**၂။ အတွေးအမြင်မှန်ခြင်း**

စူးစိုက်မှုဖြင့် စွမ်းအင်ကြီးမားလာသော စိတ်သည် ပကတိမျက်စိဖြင့် မမြင်နိုင်သော သူတစ်ပါး၏ ကိုယ်အမူအရာများ၊ ပကတိနားဖြင့် မကြားနိုင်သော သူတစ်ပါး၏ နှုတ်အမူအရာများကို သိစွမ်းစေနိုင်ပါသည်။ သူတစ်ပါး၏ အတွင်း စိတ်ဓာတ်နှင့် အတိတ် အနာဂတ် ဘဝဖြစ်ရပ်များကိုလည်း သိစွမ်းစေနိုင်ပါသည်။ ခေတ်သစ် စိတ္တဗေဒ ပညာရပ်အရ ထင်ပေါ်ကျော်ကြားလျက်ရှိသော အိပ်မွေ့ချ ပညာရပ်များဖြင့် လျှို့ဝှက်ဆန်းကြယ်သော အဖြစ်အပျက်များကို သိစွမ်းနိုင်မှု၊ စိတ်ညှို့ပညာရပ်ဖြင့် သူတစ်ပါးစိတ်ကို မိမိအလိုသို့ လိုက်ပါအောင် စွမ်းဆောင်နိုင် မှုများသည် စွမ်းအင်ကြီးမားသော စိတ်စွမ်းပကားကြောင့်ပင် ဖြစ်ပါသည်။ အများသိနေကြသော အတတ်ဟောဆရာများသည်လည်း မိမိတို့၏ စွမ်းအားကြီးမား သော စိတ်စွမ်းပကားကို အသုံးချ၍ အတတ်ဟောပြောနိုင်ကြခြင်း ဖြစ်ပါသည်။ စွမ်းအားကြီးမားသော စိတ်ကား စူးစိုက်မှုဖြင့် တည်ကြည်ငြိမ်သက်လာသော သမာဓိစိတ်ပင် ဖြစ်ပါသည်။ သမာဓိစိတ် ဖြစ်ရန် ဤ အာနာပါန ကမ္မဋ္ဌာန်းက စွမ်းဆောင်နိုင်ပါသည်။ ထို့ကြောင့် အာနာပါနကမ္မဋ္ဌာန်း စီးဖြန်း ပွားများခြင်းဖြင့် ငြိမ်သက်တည်ကြည်သော သမာဓိစိတ်ကို ထူထောင်နိုင်သဖြင့် အတွေးအမြင် မှန်ကန်မှု အကျိုးတရားကို ရရှိခံစားနိုင်ခြင်း ဖြစ်ပါသည်။

**၃။ အကြံကောင်းများပေါ်ခြင်း**

အာနာပါနကမ္မဋ္ဌာန်း စီးဖြန်း၍ သမာဓိစိတ်စွမ်းပကားကြောင့် အတွေးအမြင်မှန်လျှင် အကြံကောင်းလည်း ပေါ်နိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းသူသည် အကြံကောင်းများပေါ်ခြင်း အကျိုးတရားကို ရရှိခံစားနိုင်ခြင်း ဖြစ်ပါသည်။

**၄။ ကျန်းမာရေးရရှိခြင်း**

ယနေ့ ခေတ်သစ် ဆေးသိပ္ပံကဝိများက အနာရောဂါ ဖြစ်ခြင်း၏ ပျမ်းမျှ (၇၀)ရာနှုန်းခန့်မှာ စိတ်ကြောင့် ဖြစ်နေရသည်ဟု ဆိုကြပါသည်။ အာနာပါနကမ္မဋ္ဌာန်း စီးဖြန်း၍ သမာဓိထူထောင်နိုင်သောအခါ စိတ်၏ အညစ် အကြေးများ ဖြစ်သော နီဝရဏတရားကိလေသာအပူစိတ်များ ကင်းကွာလာရပါသည်။ ဤကဲ့သို့ စိတ်သည် အညစ်အကြေးများ အပူဓာတ်များ ကင်းကွာ၍ ကြည်လင်လာသောအခါ စိတ်ကြောင့်ဖြစ်သော ရုပ်များလည်း ကြည်လင်လာရသဖြင့် အနာရောဂါကင်း၍ ထိုက်သင့်သော ကျန်းမာရေးကို ရရှိနိုင်ခြင်း ဖြစ်ပါသည်။

တစ်နည်းအားဖြင့် လူတို့၏ ခန္ဓာကိုယ်များသည် ရေ, မြေ, လေ, မီး ဟူသော ဓာတ်ကြီးလေးပါး ညီမျှမှ ကျန်းမာသန်စွမ်းနိုင်ပါသည်။ တစ်ပါးပါးချို့ယွင်းပါက ကျန်းမာရေးလည်း ညှံ့ဖျင်းလာရပါသည်။ လူသည် မိမိ ခန္ဓာကိုယ်ရုပ်များ ကျန်းမာသန်စွမ်းရေးအတွက် အစာစားခြင်းဖြင့် မြေဓာတ်ကို ဖြည့်ဆည်းပေးလျက်ရှိသည်။ ရေသောက်ခြင်းဖြင့် ရေဓာတ်ကို ဖြည့်ဆည်းပေးလျက်ရှိသည်။ အပူအအေးကို စားမျိုခြင်းဖြင့် သီတတေဇော, ဥဏှ တေဇောခေါ်သော မီးဓာတ်ကို ဖြည့်ဆည်းပေးလျက် ရှိသည်။ သို့ရာတွင် လေဓာတ်ကို ဖြည့်ဆည်းပေးနိုင်မှု မရှိကြ၍ လေဓာတ် ချို့ယွင်းနေကြပါသည်။ လေဓာတ်ကို ဖြည့်ဆည်းပေးနိုင်သော အကောင်းဆုံးသော လုပ်ငန်းမှာ အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် အာနာပါနကမ္မဋ္ဌာန်းကို နေ့စဉ်စီးဖြန်းပွားများနေသူများသည် ကျန်းမာရေးကို ရရှိကြခြင်း ဖြစ်ပါသည်။

**အာနာပါနသမာဓိကို အခြေခံ၍ ဝိပဿနာကူးနိုင်ခြင်း** အာနာပါနတရား တစ်ပါးကို ပွားများလျှင် သတိပဋ္ဌာန်တရား လေးပါးနှင့် ပြည့်စုံ၏။

သတိပဋ္ဌာန်တရားလေးပါးကို ပွားများလျှင် ဗောဇ္ဈင်တရား ခုနစ်ပါးနှင့် ပြည့်စုံ၏။ ဗောဇ္ဈင်တရား ခုနစ်ပါး ပွားများလျှင် ဝိဇ္ဇာ, ဝိမုတ္တိ ဟူသော တရားနှစ်ပါးနှင့်

ပြည့်စုံ၏ဟု ဟောတော်မူသောကြောင့် အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းပွားများသူသည် ယင်း အာနာပါနသမာဓိကို အခြေခံပြီး အလိုလို ပြည့်စုံ လာသော သတိပဋ္ဌာန်တရား လေးပါးကို ဆက်လက်ပွားများသောအားဖြင့် ဝိပဿနာဘက်သို့ ကူးနိုင်ပါသည်။

**ဝိပဿနာဟူသည်** အနိစ္စ စသော အထူးထူးသော အခြင်းအရာအားဖြင့် သင်္ခါရတရားတို့ကို ပညာဉာဏ်ဖြင့် ရှုသောသဘောကို ဝိပဿနာ–ဟု ဆိုလိုပါသည်။

**အနုပဿနာဟူသည်** တေဘူမက သင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော လက္ခဏာယာဉ်သုံးပါး ပေါ်လာအောင် အဖန်ဖန် အထပ်ထပ် ရှုခြင်းသဘောကို အနုပဿနာ–ဟု ဆိုလိုပါသည်။

**ဝိပဿနာပွားများပုံ** မိမိကိုယ်တွင်း အဇ္ဈတ္တနှင့်တကွ တေဘူမကသင်္ခါရတရား တို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာယာဉ်တင်၍ အနုပဿနာပြု ဝိပဿနာရှုလိုသော ယောဂီသည် ဝိသုဒ္ဓိ(၇)ပါး၊ ဉာဏ်စဉ် (၁၀)ပါးနှင့် တကွ အခြားသိသင့်သော အချက်များကို ရှေးဦးစွာ သိထားရမည် ဖြစ်ပါသည်။ ယင်းတို့ကို အဆင့်အလိုက် ဖော်ပြသွားမည် ဖြစ်ပါသည်။

## ပထမအဆင့် သီလဝိသုဒ္ဓိစခန်း

ယောဂီသည် သမထစခန်း အာနာပါနကမ္မဋ္ဌာန်း မစီးဖြန်းမီကပင် သီလကို ဆောက်တည်ခံယူထားပြီးဖြစ်၍ သီလဝိသုဒ္ဓိစခန်း လွန်မြောက်ပြီး ဖြစ်ပါသည်။

## ဒုတိယအဆင့် စိတ္တဝိသုဒ္ဓိစခန်း

ယောဂီသည် သမထယာနိက လမ်းလိုက်သူဖြစ်လျှင် ဥပစာရဈာန်၊ သို့မဟုတ် အပ္ပနာဈာန်အဆင့်အထိ သမာဓိကို ထူထောင်ထားပြီးဖြစ်၍ ဝိပဿနာယာနိကလမ်းလိုက်သူဖြစ်လျှင် အာနာပါနကမ္မဋ္ဌာန်းဖြင့် သမာဓိကို အသင့်အတင့် ထူထောင်ထားပြီးဖြစ်၍ စိတ္တဝိသုဒ္ဓိစခန်းပေါက်မြောက်ပြီး ဖြစ်ပါသည်။

## တတိယအဆင့် ဒိဋ္ဌိဝိသုဒ္ဓိစခန်း

ငါ သူတစ်ပါး ယောကျ်ား မိန်းမ အတ္တ အသက် လိပ်ပြာ ဝိညာဉ်ကောင် သတ္တဝါပုဂ္ဂိုလ်ကောင်ဟု ယူသော မှတ်ထင်သော အတ္တဒိဋ္ဌိကင်းလျှင် ဒိဋ္ဌိဝိသုဒ္ဓိစခန်း ပေါက်မြောက်ပြီး ဖြစ်ပါသည်။ လျောင်း ထိုင် ရပ်သွား ဣရိယာပုထ် ၄–ပါး၌ သတိပဋ္ဌာန်တရား ရှုပွားနေသော ယောဂီသည် အမှတ်ဉာဏ် ရင့်သန်လာသော

အချိန်၌ မိမိခန္ဓာကိုယ်တွင် ရုပ်နာမ်အပြင် ငါသူတစ်ပါး ယောကျာ်း မိန်းမ အတ္တကောင် အသက်ကောင် ဝိညာဉ်ကောင် မရှိကြောင်း အလိုအလျောက် သိမြင်လာမည် ဖြစ်ပါသည်။ ထိုအခါ ဒိဋ္ဌိဝိသုဒ္ဓိစခန်းပေါက်မြောက်ပြီး ဖြစ်သည်ဟု ဆိုပါသည်။

## စတုတ္ထအဆင့် ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်း

ယုံမှားမှု ၁၆–ပါး လွန်မြောက်၍ အဟေတုကဒိဋ္ဌိ ဝိသမဟေတုကဒိဋ္ဌိ ကင်းလျှင် ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်း ပေါက်မြောက်ပြီး ဖြစ်နိုင်သည်။ ယောဂီသည် ဒိဋ္ဌိဝိသုဒ္ဓိစခန်း ပေါက်မြောက်လျှင် ဤကင်္ခါဝိတရဏဝိသုဒ္ဓိစခန်းလည်း အလို အလျောက် ပေါက်မြောက်လာနိုင်ပြီး ဖြစ်ပါသည်။

**ယုံမှားမှု ကင်္ခါ ၁၆–ပါး**

(၁) အတိတ်ဘဝက ငါဖြစ်ခဲ့တာ ဟုတ်သလား၊ (၂) မဖြစ်ခဲ့ဘူးလား၊
(၃) ဘယ်အမျိုးဇာတ် ဖြစ်ခဲ့သလဲ၊ (၄) အဘယ်ပုံသဏ္ဌာန်လဲ၊
(၅) တတိယ ဘဝက ဘယ်လို၊ ဒုတိယ ဘဝက ဘယ်ပုံလဲ။

(အတိတ် ၅–မျိုး) နည်းတူအနာဂတ်အတွက် ၅–မျိုး ပေါင်း(၁၀)မျိုးနှင့် ပစ္စုပ္ပန်အတွက်–

(၁) ပစ္စုပ္ပန်ခန္ဓာကိုယ်အတွက် သို့လော သို့လော ဖြစ်ခြင်း၊ (၂) ငါ ဟုတ်ရဲ့လား၊ (၃) ငါမဟုတ်ဘူးလား၊ (၄) ဘယ်လို အမျိုးဇာတ်လဲ၊ (၅) ငါ၏ အတ္တဘော ဘယ်ပုံသဏ္ဌာန်လဲ၊ (၆) ဤအတ္တခေါ်သော ဝိညာဉ်ကောင်သည် ဘယ်ဘဝကလာ၍ ဘယ်ဘဝသို့ သွားဦးမည်လဲ၊ ဤ(၆)မျိုးကို ပေါင်းလျှင် ယုံမှားမှု ကင်္ခါ (၁၆)ပါး ဖြစ်ပါသည်။

**အဟေတုကဒိဋ္ဌိဟူသည်** ရုပ်တရား၊ နာမ်တရားများသည် အကြောင်းရှိဘဲ ဘာသိသာသာ ပေါ်လာသည်ဟု ယူသော အယူမျိုး ဖြစ်သည်။ အကြောင်းကြောင့်သာ ရုပ်တစ်မျိုး နှင့်တစ်မျိုး မတူသည်၏အဖြစ်နှင့် နာမ်တရား၌ စက္ခုဝိညာဏ်စိတ် တစ်ခုတည်းပင် အခါခပ်သိမ်း မဖြစ်။ အရာရာ၌ မဖြစ်ဘဲ ရူပါရုံ၊ မျက်စိ၊ အရောင် အလင်း၊ နှလုံးသွင်းမှု ဤအကြောင်း ၄–ချက် ပြည့်စုံမှ ဖြစ်လာရသည်၏ အဖြစ်များကို ဆင်ခြင်ပါ။

**ဝိသမဟေတုကဒိဋ္ဌိဟူသည်** ဖြဟ္မာ ဗိဿနိုး ထာဝရဘုရားများက ဖန်ဆင်း၍ ရုပ်နာမ်ခန္ဓာ ဖြစ်ပေါ်လာရသည်ဟု ယူသောအယူ မျိုး ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များမှာ ဤသို့အယူရှိကြသူများ မဟုတ်၍ ဤဒိဋ္ဌိ မျိုး မဖြစ်နိုင်ပါ။

**စူဠသောတာပန်** ကိလေသာတရား ၁၀–ပါးအနက် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကို အကြွင်းမဲ့ ပယ်သတ်နိုင်လျှင် သောတာပန် ဖြစ်ပြီး ဖြစ်ပါသည်။ ဤကခါ ဝိတရဏဝိသုဒ္ဓိစခန်းပေါက်သော ယောဂီသည် ယင်း ဒိဋ္ဌိ ဝိစိကိစ္ဆာကို အကြွင်းမဲ့ မပယ်သတ်နိုင်သေးသော်လည်း အတန်ကြာအောင် ပယ်နိုင်ပြီးဖြစ်၍ သောတာပန်နှင့် အလားတူသောကြောင့် စူဠသောတာပန် ဖြစ်တော့သည်။ ဒုတိယဘဝအတွက် သုဂတိမြဲပြီ ဖြစ်ပါသည်။

**ပဉ္စမအဆင့် သမ္မသန, ဥဒယဗ္ဗယဉာဏ်နှင့် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိစခန်း** မိမိခန္ဓာကိုယ်တွင်း၌ ပေါ်တိုင်း ပေါ်တိုင်း လှုပ်ရှားတိုင်း လှုပ်ရှား တိုင်း သတိပဋ္ဌာန်တရားအရ ရှုမှတ်ရှုမှတ်နေခြင်းကို ဝိပဿနာဉာဏ်စဉ် ၁၀–ပါးတွင် အဦးဆုံးဖြစ်သော သမ္မ သနဉာဏ်စဉ် ပေါ်နေသည်ဟု ဆိုပါသည်။

သမ္မသနဉာဏ် ရင့်သန်ပြီးနောက် တိုးတက်အားထုတ်သည့်အခါ မိမိသန္တာန် ၌ ထင်မြင်ထားပြီးဖြစ်သော ရုပ်တရား၊ နာမ်တရားတို့သည် မဖြစ်ခင်က အဆင် သင့် ဖြစ်ရန် စုဆောင်းသိမ်းဆည်းထားခြင်းလည်း မရှိ၊ ချုပ်သည့်အခါ အရပ်တစ်ပါး သို့ သွား၍ စုပုံနေသည်လည်း မဟုတ်။ အကြောင်းကြောင့် ရုတ်တရက် ဖြစ်ပြီး နောက် မကြာခင် ချုပ်ပျောက်ကုန်၏။ ထို့ကြောင့် ဖြစ်နေသော ရုပ်နာမ်၌ အဟောင်းမရှိ၊ အသစ်ချည်းသာ ဖြစ်လေသည်။ ဤသို့ စသည်ဖြင့် ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို သိရသော ဥဒယဗ္ဗယဉာဏ် ပေါ်လာတော့သည်။

ဤသို့ ရုပ်နာမ်များဖြစ်သော အကြောင်းအရာအားဖြင့် ဖြစ်စေ၊ ဥပါဒ်၊ ဌီ, ဘင် ဟူသော စကားအားဖြင့်ဖြစ်စေ ရှုဆင်ခြင်၍ ရုပ်နာမ်တို့၏ဖြစ်ခြင်း ပျက်ခြင်းကို ရှင်းလင်းစွာ သိမြင်လာသောအခါ စိတ်လည်း ဝိပဿနာညစ်ညူးကြောင်း တရား (၁၀)ပါး ဖြစ်ပေါ်လာတတ်ပါသည်။

**ဝိပဿနာ ညစ်ညူးကြောင်းတရား ၁၀-ပါး**

၁။ **ဩဘာသ** = ကိုယ်ရောင်ကိုယ်ဝါ **အရောင်အလင်းများ၊**

၂။ **ပီတိ** = **နှစ်သက်မှုများ** (အာရုံကို **နှစ်သက်မှုများ)၊**

၃။ ပဿဒ္ဓိ = ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးမှုများ၊

၄။ **အဓိမောက္ခ** = ကမ္မဋ္ဌာန်းအာရုံ၌ သက်ဝင်ဆုံးဖြတ်တတ်သော သဒ္ဓါတရားများ၊

၅။ **ပဂ္ဂဟ** = ဝိပဿနာစိတ်ကို နောက်မဆုတ်အောင် အားပေးချီးမြှောက်ထောက်ပံ့တတ်သော ဝီရိယ၊

၆။ **သုခ** = ချမ်းသာခြင်းကို ခံစားမှု၊

၇။ **ဉာဏ** = အမြင်သန်သော ဝိပဿနာဉာဏ်၊

၈။ **ဥပဋ္ဌာန** = ကမ္မဋ္ဌာန်းအာရုံ၌ လွန်စွာတည်တံ့သော သတိ၊

၉။ **ဥပေက္ခာ** = အဖြစ်အပျက် အလွန်ထင်ရှားချိန်ဖြစ်၍ ယင်းအဖြစ်အပျက်ကို ရှုရန် ဗျာပါရ မများတော့ဘဲ အသင့်အားဖြင့်သာ ရှုသော ဥပေက္ခာ၊

၁၀။ **နိကန္တိ** = ဩဘာသ စသည်တို့ဖြင့် အလွန် တင့်တယ်စွာ တန်ဆာဆင်ထားသော ဝိပဿနာကို နှစ်သက်မှု။

အထက်ဖော်ပြပါ တရား ၁၀-ပါးကား ကောင်းမြတ်သော တရားများဖြစ်သော်လည်း ယင်း ဩဘာသ စသည်တို့သည် ငါ့မှာ ဖြစ်သည်ဟု စွဲလမ်းသော ဒိဋ္ဌိ၊ ယင်းတို့ကို အလွန်နှစ်သက်ဖွယ်ကောင်းသည်ဟု စိတ်ကြီးဝင်သော မာန၊ ငါ၏ ဩဘာသ စသည်ဖြင့် စွဲလမ်းတတ်သော တဏှာ၊ ဤတရား ၃-ပါးတို့၏ တည်ရာ အာရုံများဖြစ်သောကြောင့် ဝိပဿနာညစ်ညူးကြောင်း တရားဟု ဆိုရခြင်း ဖြစ်သည်။ ယင်း တဏှာ, မာန, ဒိဋ္ဌိတရား ၃-ပါးသာလျှင် ဝိပဿနာ ညစ်ညူးကြောင်းတရားအစစ် ဖြစ်ပါသည်။

ဤသို့ ဩဘာသ စသည်တို့ ဖြစ်သောအခါ ကမ္မဋ္ဌာန်းအာရုံ၌ မကျွမ်းကျင်သော ယောဂီသည် ရှေးကမဖြစ်ဖူးသော ထိုဩဘာသ စသည်ကို မဂ်စိတ်ဖိုလ်စိတ်ထင်၍ နှစ်သက်မှုဖြစ်ကာ ကမ္မဋ္ဌာန်းလက်လျှော့လိုက်လျှင် လမ်းလွဲရပါတော့သည်။

ကျွမ်းကျင်သော ယောဂီများကား ထိုသြဘာသ စသည်များသည် ဝိပဿနာ ညစ်ညူးကြောင်းတည်း။ ၎င်းတို့ကို နှစ်သက်နေမှုသည် လမ်း(မဂ္ဂ)မဟုတ်၊ အမဂ္ဂ တည်း။ ၎င်းတို့ကို ဂရုမစိုက်ဘဲ အားထုတ်မြဲ ဝိပဿနာသာလျှင် မဂ်ဖိုလ်ရကြောင်း လမ်းကောင်း မဂ္ဂတည်းဟု လမ်းမှန်, မမှန်ကို သိသောဉာဏ် ထင်ထင်ရှားရှား ပေါ်လာပါတော့သည်။ ထိုအခါ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိစခန်း ပေါက်မြောက်ပြီး ဖြစ်ပါသည်။

အထူးမှာ ဖော်ပြပါ ဝိပဿနာညစ်ညူးကြောင်း တရား ၁၀–ပါးသည် အမှန်တကယ် လုံ့လရှိရှိ အားထုတ်နေသူများ၌သာ ဖြစ်ပေါ်လေ့ ဖြစ်ပေါ်ထ ရှိပါ သည်။ အများအားဖြင့် သမထ ဝိပဿနာ(၂)ပါးစလုံး ဖြစ်နေသူတို့၌ ဖြစ်လေ့ဖြစ်ထ ရှိပါသည်။ အရိယာဖြစ်ပြီးသူ၊ လွဲမှားစွာ ပွားများနေသူ၊ တရားအားထုတ်မှုကို ရပ်နားထားသူနှင့် ပျင်းပျင်းရိရိ အားထုတ်နေသူများ၌ ဖြစ်ပေါ်လေ့မရှိပါ။

**ဆဋ္ဌအဆင့် ဘင်္ဂ စသောဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိစခန်း**

ရှေးဝိသုဒ္ဓိစခန်း၌ ဥဒယဗ္ဗယဉာဏ် ပေါ်ခဲ့ သော်လည်း ဝိပဿနာညစ်ညူးကြောင်း တရားများ နှောင့်ယှက်မှုကြောင့် အနိစ္စ ဒုက္ခ အနတ္တ ဟူသော လက္ခဏာများ ကောင်းစွာမထင်သေး။ ၎င်းတရားတို့မှ လွတ်မြောက်သောအခါ လက္ခဏာယာဉ်(၃)ပါး၊ အလွန်ထင်ရှားလာစေရန် ယင်း ဥဒယဗ္ဗယ ဉာဏ်ကိုပင် အဖန်ဖန် အထပ်ထပ် ဆင်ခြင်သုံးသပ်ရှုမှတ်နေရမည်။ ဥဒယဗ္ဗယဉာဏ်ဖြင့် ရုပ်နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်း (၂)မျိုးလုံးကို ထင်ရှားအောင် ရှု၍ အလွန်ထင်ရှားလာသည့်အခါ အဖြစ်အပျက်တို့က အလွန် လျင်မြန်ရကား အဖြစ်ကို အာရုံမပြုမိတော့ဘဲ အပျက်ချည်းကိုသာ မြင်နေရသော ဘင်္ဂဉာဏ် ပေါ်လာတော့သည်။

ဘင်္ဂဉာဏ် ပေါ်ပြီးနောက် မကြာခင် ရုပ်နာမ်တို့အပေါ် အပြစ်မြင်ပြီး ကြောက်စရာအဖြစ် ထင်မြင်သော ဘယဉာဏ်လည်း ပေါ်လာပါတော့သည်။ ဘယ ဉာဏ် ပေါ်ပြီးနောက် ရုပ်နာမ်တို့အပေါ် ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်လည်း ပေါ်ပြီးနောက် ထိုရုပ်နာမ်တို့မှ လွတ်မြောက်လိုသော မုစ္စိတုကမျတာဉာဏ်လည်း ဆက်တိုက် ပေါ်လာပါတော့သည်။ ၎င်းနောက် ယင်းရုပ်နာမ် သင်္ခါရတို့ကိုပင် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာယာဉ်တင်၍ ထပ်မံ ရှုပွားလျှင် မကြာမတင်ပင် ပဋိသင်္ခါဉာဏ်လည်း ဆင့်ကာ ပေါ်လာပါတော့သည်။

ပဋိသန္ဓေဉာဏ်ပေါ်ရေးအတွက် ရုပ်နာမ်သင်္ခါရတို့ကို အခြင်းအရာ (၄၀)ဖြင့် အနိစ္စလက္ခဏာအတွက် အခြင်းအရာ ၁၀–ပါး၊ ဒုက္ခလက္ခဏာအတွက် အခြင်းအရာ ၂၅–ပါး၊ အနတ္တလက္ခဏာအတွက် အခြင်းအရာ ၅–ပါး၊ စုစုပေါင်း (၄၀) ဖြစ်ပါသည်။ ယင်း(၄၀)ကို တော(၄၀)ဟူ၍လည်း ခေါ်ပါသည်။ ယင်းတို့မှာ ဖော်ပြလတ္တံ့ပါ အတိုင်း ဖြစ်ပါသည်–

**အနိစ္စအခြင်းအရာ ၁၀–ပါး**

၁။ အမြဲမရှိခြင်း၊
၂။ အလွန်ပျက်ခြင်း၊
၃။ တုန်လှုပ်ခြင်း၊
၄။ ပျက်လွယ်ခြင်း၊
၅။ မခိုင်ခံ့ခြင်း၊
၆။ ဖောက်ပြန်မှု သဘောရှိခြင်း၊
၇။ အနှစ်မရှိခြင်း၊
၈။ ကြီးပွားစည်ပင်မှု ကင်းခြင်း၊
၉။ ပေါင်းစု၍ ပြုအပ်ခြင်း၊
၁၀။ သေခြင်းသဘောရှိခြင်း။

**ဒုက္ခအခြင်းအရာ ၂၅–ပါး**

၁။ ဆင်းရဲ၏ တည်ရာဝတ္ထုဖြစ်ခြင်း၊
၂။ စွဲကပ်ရောဂါနှင့် တူခြင်း၊
၃။ အိုင်းအမာနှင့် တူခြင်း၊
၄။ စူးဝင်သောငြောင့်နှင့်တူခြင်း၊
၅။ မကောင်းမှုနှင့် တူခြင်း၊
၆။ ဖျားနာမှုနှင့် တူခြင်း၊
၇။ ဘေးရန်နှင့် တူခြင်း၊
၈။ ဥပဒ္ဒဝေါနှင့် တူခြင်း၊
၉။ ဘေးနှင့် တူခြင်း၊
၁၀။ ကပ်ငြိသော အနှောင့်အယှက်နှင့် တူခြင်း၊
၁၁။ မစောင့်ရှောက်တတ်ခြင်း၊
၁၂။ ပုန်းအောင်းရာ မဟုတ်ခြင်း၊

၁၃။ ကိုးကွယ်ရာ မဟုတ်ခြင်း၊
၁၄။ အပြစ်အာဒီနဝဖြစ်ခြင်း၊
၁၅။ မကောင်းမှု၏ အမြစ်အရင်းဖြစ်ခြင်း၊
၁၆။ လူသတ်ယောကျ်ားနှင့် တူခြင်း၊
၁၇။ အာသဝေါ၏ အာရုံဖြစ်ခြင်း၊
၁၈။ လူသတ်သမား မာရ်တို့၏ သတ်စရာ အစာဖြစ်ခြင်း၊
၁၉။ ဖြစ်ခြင်းသဘော ရှိခြင်း၊
၂၀။ အိုခြင်းသဘော ရှိခြင်း၊
၂၁။ နာခြင်းသဘော ရှိခြင်း၊
၂၂။ စိုးရိမ်ဖွယ်သဘောဖြစ်ခြင်း၊
၂၃။ ငိုကြွေးဖွယ်သဘော ဖြစ်ခြင်း၊
၂၄။ ပြင်းစွာ ပူပန်ဖွယ်သဘော ဖြစ်ခြင်း၊
၂၅။ ကိလေသာတို့၏ စွဲမှီရာ အာရုံသဘောဖြစ်ခြင်း။

**အနတ္တအခြင်းအရာ ၅-ပါး**

(၁) ပြင်ပသူစိမ်းနှင့်တူခြင်း၊
(၂) ဝုဝ, သုဘ စသည်အဖြစ်မှ ဆိတ်ခြင်း၊
(၃) အချည်းအနှီးဖြစ်ခြင်း၊
(၄) တိတ္ထိတို့ကြံဆအပ်သော အတ္တ မဟုတ်ခြင်း။

မုစ္စိတုကမျတာဉာဏ်ဖြင့် ရုပ်နာမ်သင်္ခါရတို့မှ လွတ်မြောက်လိုရုံသာ ရှိသေးသည်။ တကယ် မလွတ်သေးချေ။ ဤပဋိသင်္ခါဉာဏ်ဖြင့် ရုပ်နာမ်သင်္ခါရတို့ကို တကယ် စွန့်လွှတ်ရတော့မည်။ သို့ရာတွင် မလွတ်ခင် စွန့်လွှတ်ခါနီး၌ ရုတ်တရက် မလွှတ်လိုက်သေးဘဲ ကြပ်ကြပ်နှံနာအောင် (နိစ္စ သုခ အတ္တဟု နောင်အခါ မစွဲလမ်းနိုင်အောင်)တစ်ဖန် ထပ်၍ အနိစ္စ ဒုက္ခ အနတ္တဟု ရှုရပြန်ခြင်းဖြစ်သည်။

ပဋိသင်္ခါဉာဏဖြင့် ရုပ်နာမ်သင်္ခါရတို့ကို စွန့်လွှတ်ပြီးနောက် ယင်းရုပ် နာမ်သင်္ခါရတို့ကို ဘယ၊ အာဒီနဝ(ဘေး၊ အပြစ်)စသည်ဖြင့် မရှုတော့ဘဲ လျစ်လျူ ရှုနိုင်သော သင်္ခါရုပေက္ခာဉာဏ် ပေါ်လာတော့သည်။

ဤဉာဏ်ဖြင့် လျစ်လျူရှုသည်ဟု ဆိုသော်လည်း အလုံးစုံ အာရုံမပြုဘဲ နေ၍မဖြစ်။ ဝိပဿနာဉာဏ်ဟူသမျှ ရုပ်နာမ် သင်္ခါရတို့ကိုပင် အာရုံပြုရသည်။

သို့သော် အာရုံပြုရသည့်အခါ သာယာနှစ်သက်ခြင်းလည်း မရှိ၊ ကြောက်မက်ဖွယ် ဟူ၍လည်း ဂရုမစိုက်ဘဲ လျစ်လျူရှုကာ အနိစ္စ ဒုက္ခ အနတ္တဟု ဆင်ခြင်နေခြင်းသာ ဖြစ်ပါသည်။

သင်္ခါရုပေက္ခာဉာဏ်ဖြင့် ရုပ်နာမ်သင်္ခါရတို့၌ လျစ်လျူရှုကာ **အနိစ္စ ဒုက္ခ** အနတ္တဟု ရှုဖန်များလတ်သော် ရုပ်နာမ်သင်္ခါရတို့၌ အာရုံမပြုတော့ဘဲ သင်္ခါရတို့မှ တွန့်ဆုတ်လျက် သင်္ခါရလွတ်ကင်းရာ နိဗ္ဗာန်ကိုသာ စိတ်ညွတ်နေတော့သည်။ **သို့သော် နိဗ္ဗာန်ကို** တိုက်ရိုက်မမြင်သေးသဖြင့် နိဗ္ဗာန်ကို ရှာဖွေရင်းပင် **သင်္ခါရတို့ကို အာရုံပြုနေရသေးသည်။ နိဗ္ဗာန်ကို** မြင်လောက်သောအကြိမ်၌သာ ပရိကံ၊ ဥပစာ၊ **အနုလုံဟု အနုလောမဉာဏ်** ပေါ်လာပြီးနောက် ဂေါတြဘူဖြင့် **အာရုံပြုလျက် မဂ်ဖိုလ်ရောက်အောင်** တိုးတက်လာပါတော့သည်။

ဤအနုလောမဉာဏ်မှ တစ်ဆင့်တက်လျှင် မဂ်ဖိုလ်ရပါတော့မည်။ သို့အတွက် အထက်မဂ်ခဏ၌ ရလတ္တံ့သော ဗောဓိပက္ခိယ တရားအားလည်းကောင်း၊ ဥဒယဗ္ဗယ စသော အောက်ဉာဏ် ၈–ပါးအားလည်းကောင်း လျော်သောကြောင့် ဤဉာဏ်ကို အနုလောမဉာဏ်ဟု ဆိုခြင်းဖြစ်သည်။ လျော်ပုံကား အနုလောမဉာဏ် သည် ရှေးဥဒယဗ္ဗယ စသော ဉာဏ်များ၏ ဆိုင်ရာကိစ္စကို ခွင့်ပြုကျေနပ်သကဲ့သို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ထပ်၍ ရှုတုန်းပင် ဖြစ်သည်၊ ထို့ကြောင့် ရှေးဉာဏ် ၈– ပါးနှင့် မဆန့်ကျင် အလျော်ပင် ဖြစ်သည်။ ပင်ကိုရည်ရွယ်ရင်းက မဂ်ခဏ၌ ဗောဓိပက္ခိယတရားတို့ကို ရအောင် ရည်ရွယ်ခဲ့သည်။ ရည်ရွယ်သည့်အတိုင်း ထိုတရား တို့ကို ရတော့မည်ဖြစ်သည်။ ထို့ကြောင့် ဗောဓိပက္ခိယတရားအားလည်း အလျော် ပင် ဖြစ်သည်။

## သတ္တမအဆင့် ဉာဏဒဿနဝိသုဒ္ဓိစခန်း

ဤအဆင့်ကား ဝိပဿနာစခန်း၌ နောက်ဆုံးအဆင့် ဖြစ်သည်။ ဤအဆင့် ကို ရောက်သော ယောဂီသည် မဂ်ဖိုလ်ကို မျက်မှောက်ပြုရပြီ ဖြစ်သည်။ ဝုဋ္ဌာန ဂါမိနီ ဝိပဿနာအဆင့် ဟူ၍လည်း ခေါ်ပါသည်။ မဂ်တရားကို ဝုဋ္ဌာနခေါ်သည်။ မဂ်တရားကား ရုပ်နာမ်သင်္ခါရတို့ကို အာရုံမပြုပါ။ နိဗ္ဗာန်ကိုသာ အာရုံပြုပါသည်။ ရုပ်နာမ်သင်္ခါရတည်းဟူသော အာရုံနိမိတ်မှ လွတ်သည်။ ထို့ကြောင့် မဂ်ကို ဝုဋ္ဌာနခေါ်ခြင်း ဖြစ်သည်။

ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟူသည် မဂ်သို့ရောက်ကြောင်း ဖြစ်သော (မဂ်နှင့် နီးကပ်နေသော)ဝိပဿနာဉာဏ်ကို ဆိုလိုပါသည်။ မဂ်သို့ ရောက်ကြောင်းဖြစ်သော

ဉာဏ်ဟူသည် သင်္ခါရုပေက္ခာဉာဏ်၏ နောက်ဆုံးပိုင်းနှင့် အနုလောမဉာဏ်ပင် ဖြစ်ပါသည်။ သင်္ခါရုပေက္ခာဉာဏ်ကို ဝီထိအားဖြင့် သုံးပိုင်း ပိုင်းလျှင် နောက်ပိုင်း ဖြစ်သော မနောဒွါရာဝဇ္ဇန်းနောက် ဇော (၇) ကြိမ် ဟူသော သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပြီးလျှင် ဘဝင် အနည်းငယ် ခြား၍ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာ ဝဇ္ဇန်းတို့နောင် ပရိကံ၊ ဥပစာ၊ အနုလုံဟု အနုလောမဉာဏ်ဖြစ်သည်။ ထို့နောက် ဂေါတြဘူကို ဆက်သော် မဂ်ဖိုလ်ရတော့သည်။

**ဂေါတြဘူစိတ်ဟူသည်** ပုထုဇဉ်အနွယ်ကို လွှမ်းမိုးသောစိတ် ဖြစ်သည်။ ဂေါတြဘူစိတ် ဖြစ်သောအခါ အရိယာအနွယ်သို့ မရောက်သေးသော်လည်း ရောက်တော့မည် ဖြစ်သဖြင့် သမိပူပစာအားဖြင့် ရောက်သည်ဟု ဆိုရတော့သည်။ ဤဂေါတြဘူစိတ်သည် နိဗ္ဗာန်ကို အာရုံပြုနိုင်ပြီ။

**မဂ်စိတ်ပေါ်လာပုံ** ဂေါတြဘူစိတ်ချုပ်ပြီးနောက် ကိစ္စလေးချက်ကို တစ်ပြိုင်နက် ပြီးစေတတ်သော မဂ်စိတ် ပေါ်လာတော့သည်။ ဆီမီးတိုင်သည် မီးစာကို လောင်ခြင်း၊ အမှောင်ပယ်ခြင်း၊ အလင်းဆောင်ခြင်း၊ ဆီကုန်ခြင်းဟူသော ကိစ္စလေးချက်ကို တစ်ပြိုင်နက် ပြီးစေသကဲ့သို့ မဂ်တရားသည်လည်း ဒုက္ခသစ္စာကို "ဤမျှသာ ရှိ၏။ ဤလောကီစိတ် စေတသိက် ရုပ်မှတစ်ပါး အခြားမရှိ" ဟု ပိုင်းခြား၍ သိခြင်းဟူသော ပရိညာကိစ္စ၊ သမုဒယသစ္စာ တဏှာလောဘကို ပယ်စွန့်ခြင်းဟူသော ပဟာနကိစ္စ၊ နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ဟူသော သစ္ဆိကရိယာကိစ္စ၊ မဂ္ဂသစ္စာ(မဂ္ဂင်ရှစ်ပါး)ကို မိမိသန္တာန်၌ ဖြစ်ပေါ်လာစေခြင်း ဟူသော ဘာဝနာကိစ္စဟူသော ကိစ္စလေးချက်ကို တစ်ပြိုင်နက် ပြီးစေနိုင်သည်။

**ပစ္စဝေက္ခဏာ(၅)ဝီထိဖြစ်ပုံ** ဤသို့ မဂ်ရပြီးနောက် ဖိုလ်ဇော (၂)ကြိမ် (၃)ကြိမ် နောင် ဘဝင်ကျ၍ ဘဝင်အစဉ် ပြတ်သောအခါ–

(၁) ငါသည် ဤမဂ်ဖြင့် နိဗ္ဗာန်ကိုရပြီဟု မဂ်ကို ဆင်ခြင်သော ဝီထိ၊

(၂) မဂ်အကျိုးကို ခံစားရလေပြီဟု ဖိုလ်ကို ဆင်ခြင်သော ဝီထိ၊

(၃) ဤနိဗ္ဗာန်ကို မျက်မှောက်ပြုရပြီဟု နိဗ္ဗာန်ကို ဆင်ခြင်သော ဝီထိ၊

(၄) ဤမျှသော ကိလေသာတို့ကို ပယ်ပြီးပြီဟု ပဟီန ကိလေသာတို့ကို ဆင်ခြင်သော ဝီထိ၊

(၅) ဤမျှသော ကိလေသာတို့ကို မပယ်ရသေး၊ ကျန်သေးသည်ဟု သေသကိလေသာကို ဆင်ခြင်သော ဝီထိ။

ဤ ပစ္စဝေက္ခဏာ (၅) ဝီထိတို့ ဖြစ်ကြသည်။ ထို(၅)ဝီထိတွင် မဂ်ရပြီး ပုဂ္ဂိုလ်အား အမှတ် ( ၁-၂-၃) ဝီထိတို့ကား ကေန်ဧက ဖြစ်ကြရသည်။ အမှတ် (၄-၅) ဝီထိတို့ကား အချို့သောသူများ ဖြစ်၍ အချို့သောသူများ မဖြစ်ကြပါ၊ ဤသို့အားဖြင့် သောတာပတ္တိမဂ် (၅) ဝီထိ၊ သကဒါဂါမိမဂ်(၅) ဝီထိ၊ အနာဂါမိမဂ် (၅) ဝီထိ၊ အရဟတ္တမဂ် အမှတ်(၅) ကြဉ်သော (၄) ဝီထိ၊ စုစုပေါင်း ပစ္စဝေက္ခဏာ ဝီထိ (၁၉) ဝီထိ ရနိုင်ပါသည်။

## ပယ်သောကိလေသာ၊ ကျန်သော ကိလေသာ

၁။ သောတာပန်ပုဂ္ဂိုလ်သည် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ ဟူသောကိလေသာ ဆယ်မျိုးတွင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အကြွင်းမဲ့ ပယ်သတ်ပြီး ဖြစ်ပါသည်။ ကျန် (၈)မျိုးကို မပယ်နိုင်သေးပါ။

၂။ သကဒါဂါမ်ပုဂ္ဂိုလ်သည် ဒိဋ္ဌိ ဝိစိကိစ္ဆာ (၂)မျိုးကို အကြွင်းမဲ့ ပတ်သတ်ပြီး ဖြစ်သည့်အပြင် ကာမရာဂ (လောဘတစ်စိတ်) ဒေါသနှင့် ဒိဋ္ဌိဂတဝိပ္ပယုတ် ပဋိဃသမ္ပယုတ် စိတ်၌ ယှဉ်သော မောဟကိလေသာများကို ခေါင်းပါးအောင် ပြုထားပြီး ဖြစ်သည်။ လုံးဝအမြစ်ပြတ် မပယ်နိုင်သေးပါ။

၃။ အနာဂါမ်ပုဂ္ဂိုလ်သည် သကဒါဂါမ်ဘဝက ခေါင်းပါးအောင် ပြုထား ပြီးသော ကာမရာဂ (လောဘတစ်စိတ်)နှင့် ဒေါသ (ဗျာပါဒ) တို့ကို အကြွင်းမဲ့ ပယ်သတ်လိုက်ပြီး ဖြစ်သည်။ ကာမရာဂကို ပယ်သတ်ပြီးဖြစ်၍ ကာမဘုံ၌ တစ်ဖန် ပဋိသန္ဓေနေရန် မရှိပြီ။ ထို့ကြောင့် ဤလူ့ဘုံ၌ ရဟန္တာဖြစ်လျှင်ဖြစ်၊ မဖြစ်က ရူပဘုံ အရူပဘုံ၌ ပဋိသန္ဓေနေ၍ ထိုမှတစ်ဆင့် နိဗ္ဗာန်ရနိုင်သည်။

၄။ ရဟန္တာပုဂ္ဂိုလ်ကား ကိလေသာ(၁၀)ပါးစလုံးကို အကြွင်းမဲ့ ပယ် သတ်ပြီး ဖြစ်ပါသည်။ ။

## အခန်း(၁၄)

# ဝိပဿနာဉာဏ် (၁၀)ပါး

**ဝိပဿနာဉာဏ်** ကမ္မဋ္ဌာန်းအလုပ် အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ သမထ ဘာဝနာကို ပွားများအားထုတ်ရမည်။ သမထဘာဝနာ ဟူသည် အဖန်ဖန်အထပ်ထပ် မိမိသန္တာန်၌ ဖြစ်ပေါ်အောင် ရှုမှတ်ပွားများအပ် သော နိဝရဏ တရားတို့ကို ငြိမ်းအေးစေတတ်သည့်ကသိုဏ်း(၁၀)ပါး စသည်တို့ပင် ဖြစ်ပါသည်။ တရားကိုယ်မှာ သမာဓိတရားဖြစ်၍ မိမိစိတ်ကို သမာဓိနှင့် အမြဲ ယှဉ်စေလျက် တစ်ခုတည်းသောအာရုံ၌ သက်ဝင်ပြီး တည်ငြိမ်ရင့်ကျက်လာအောင် ပြုစုပျိုးထောင်ပေးခြင်း ဖြစ်သည်။ သမာဓိသိက္ခာကို ပြည့်စုံအောင် ထူထောင်ပြီးသော အခါမှ ဝိပဿနာဘာဝနာကို ပွားများအားထုတ်ရပါမည်။ ဝိပဿနာအရမှာ ပညာဖြစ်၍ ပညာသိက္ခာကို ပြည့်စုံအောင် ဖြည့်ကျင့်ဆည်းပူးခြင်း ဖြစ်သည်။ တေဘူမက ရုပ်နာမ်တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘဟု အဖန်ဖန် အထပ်ထပ် ရှုမှတ်ပွားများခြင်းသည် ဝိပဿနာဘာဝနာ မည်သည်။ တေဘူမက ရုပ်နာမ်တရားတို့ကို လူပဲ၊ နတ်ပဲ၊ ဗြဟ္မာပဲ၊ ယောကျာ်းပဲ၊ မိန်းမပဲ စသည်ဖြင့် သိမြင်မှတ်ထင်မှု၊ နိစ္စ၊ သုခ၊ အတ္တ၊ သုဘဟု သိမြင်မှတ်ထင်မှု၊ အမှတ်မှား အသိမှား အယူမှားတွေကို ပယ်စွန့်ပြီး နာမ်ပဲ၊ ရုပ်ပဲ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘပဲဟု စွဲစွဲမြဲမြဲ ရှုတတ် မြင်တတ် သိတတ်သောပညာသည် "ဝိပဿနာ ဉာဏ်"မည်သည်။ (လက္ခဏ)

### ဝိပဿနာဉာဏ်စဉ်(၁၀)ပါး

ထိုဝိပဿနာဉာဏ်သည် တစ်မျိုးတစ်စားတည်း မဟုတ်၊ ယောဂီပုဂ္ဂိုလ် ၏သန္တာန်၌ ဖြစ်ပေါ်လာသော ဖြစ်စဉ်အားဖြင့်(၁၀)မျိုးရှိသည်။ ယင်းတို့မှာ အောက်ပါတို့ ဖြစ်၏—

(၁) သမ္မသနဉာဏ် = အဓိကအားဖြင့် မိမိ၏ခန္ဓာငါးပါး၊ ရုပ်နာမ် သင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာယာဉ်သုံးပါးသို့ တင်၍ သုံးသပ် ဆင်ခြင်တတ်သော ဉာဏ်။

(၂) ဥဒယဗ္ဗယဉာဏ် = ခန္ဓာငါးပါး ရုပ်နာမ်သင်္ခါရ တရားတို့၏ ဆိုင်ရာအကြောင်းကြောင့် ရုတ်ခနဲ ဖြစ်ပေါ် လာပုံနှင့် မကြာခင်မှာပင် ချုပ်ပျောက် ပျက်စီးသွားကြပုံကို ရှုဆင်ခြင်သောဉာဏ်၊ အဖြစ်အပျက်ကို ရှုသောဉာဏ်တည်း။

(၃) ဘင်္ဂဉာဏ် = ခန္ဓာငါးပါး ရုပ်နာမ်သင်္ခါရတရားတို့၏ အဖြစ်မဖက် အပျက်ကိုချည်းသာ ရှုမြင်သော ဉာဏ်။

(၄) ဘယဉာဏ် = ရုပ်နာမ်သင်္ခါရ တရားတို့၏အပျက်ကို ချည်း တွေ့မြင်နေရသဖြင့် ရုပ်နာမ်သင်္ခါရ တရားတို့ကို ကြောက်ဖွယ်လိလိ ဘေးကြီး အတိဟု ထင်မြင်သော ဉာဏ်။

(၅) အာဒီနဝဉာဏ် = ကြောက်ဖွယ်လိလိ ဘေးအတိ ရှုမြင်ရ သဖြင့် ရုပ်နာမ်သင်္ခါရတရားတို့၌ အပြစ်ဟု ထင်မြင်သော ဉာဏ်။

(၆) နိဗ္ဗိဒါဉာဏ် = အပြစ်ဟု ထင်မြင်နေရသော ရုပ်နာမ် သင်္ခါရတရားတို့အပေါ်၌ မတွယ်တာ မပျော်ရွှင်နိုင်တော့ဘဲ ငြီးငွေ့သောဉာဏ်။

(၇) မုစ္စိတုကမျတာဉာဏ် = သင်္ခါရတရားတို့၌ ငြီးငွေ့လာ၍ ထိုခန္ဓာ ငါးပါး သင်္ခါရတရားတို့မှ လွတ်မြောက်လို သော ဉာဏ်။

(၈) ပဋိသင်္ခါဉာဏ် = ထွက်မြောက်ရန် အကြောင်း၏ ပြည့်စုံခြင်း မှာ ခန္ဓာငါးပါး ရုပ်နာမ်သင်္ခါရတရားတို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ထပ်မံ၍ ရှုမှတ် ဆင်ခြင်သော ဉာဏ်။

(၉) သင်္ခါရုပေက္ခာဉာဏ် = ခန္ဓာငါးပါး ရုပ်နာမ် သင်္ခါရ တရားတို့၌ ကြောက်ခြင်း၊ နှစ်သက်ခြင်းကို မဖြစ်စေဘဲ လျစ်လျူရှုနိုင်သောဉာဏ်။

(၁၀) အနုလောမဉာဏ် = အောက်အောက်သော ဝိပဿနာ ဉာဏ်များ နှင့် အထက် မဂ်ခဏ၌ ရလတ္တံ့သော ဗောဓိပက္ခိယတရားအားလျော်သော ဉာဏ်တို့ဖြစ်သည်။ (ဘောဒ)

**ဝိပဿနာဉာဏ်ကိစ္စ** ဝိပဿနာဉာဏ် ၁၀–ပါးသည် တစ်ပါးနှင့်တစ်ပါး ရှုမှတ်ပုံချင်းမတူပါ။ တစ်သီး တခြားစီ ရှုမှတ်ဆင်ခြင်ကြသည်။ ရှုမှတ်ပုံကိစ္စအသီးသီး ရှိသည်။ ဝိပဿနာဉာဏ်(၁၀)ပါး၏ရှုမှတ်ပုံ သီးခြားကိစ္စများမှာ—

(၁) သမ္မသနဉာဏ်ကိစ္စ = ကလာပသမ္မသနနည်း၊ အဒ္ဓါသမ္မသနနည်း၊ သန္တတိသမ္မသနနည်း၊ ခဏသမ္မသနနည်းအားဖြင့် ခန္ဓာငါးပါး ရုပ်နာမ်သင်္ခါရ တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုမှတ်ခြင်း။

(၂) ဥဒယဗ္ဗယဉာဏ်ကိစ္စ = ခန္ဓာငါးပါး ရုပ်နာမ်သင်္ခါရတရားတို့၏ ဆိုင်ရာအကြောင်းကြောင့် ရုတ်ခနဲ ဖြစ်ပေါ်လာပုံဥပါဒ်နှင့် မကြာခင်မှာပင် ချုပ်ပျက်သွားပုံ ဘင်ကို ရှုမှတ်ခြင်း။

(၃) ဘင်ဉာဏ်ကိစ္စ = ခန္ဓာငါးပါး ရုပ်နာမ်သင်္ခါရတရားတို့၏ အဖြစ်အပျက်တို့က အလွန်လျင်မြန်ရကား အဖြစ်ဥပါဒ်ကို မရှုမှတ်တော့ဘဲ အပျက် ဘင်ကို ချည်းသာ ရှုမှတ်ခြင်း။

(၄) ဘယဉာဏ်ကိစ္စ = ခန္ဓာငါးပါး ရုပ်နာမ်သင်္ခါရတရားတို့၏ အပျက်ကိုချည်း တွေ့မြင်နေ

ရ၍ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ကြောက်မက်ဖွယ် ဘေးကြီးအဖြစ် ရှုမှတ်ခြင်း။

(၅) အာဒီနဝဉာဏ်ကိစ္စ = ကြောက်မက်ဖွယ် ဘေးကြီး အဖြစ် ထင်မြင်လာသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ အပြစ်ဟု ရှုမှတ်ခြင်း။

(၆) နိဗ္ဗိဒါဉာဏ်ကိစ္စ = အပြစ်မြင်ထားသော ခန္ဓာငါးပါး ရုပ်နာမ်တရားအပေါ်၌ မတွယ်တာ မပျော်ပိုက်တော့ဘဲ ငြီးငွေ့ခြင်း။

(၇) မုစ္စိတုကမျတာဉာဏ်ကိစ္စ = ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၌ ငြီးငွေ့လာ၍ ထိုခန္ဓာငါးပါး ရုပ်နာမ် သင်္ခါရတရားတို့မှ လွတ်မြောက်လိုခြင်း။

(၈) ပဋိသင်္ခါဉာဏ်ကိစ္စ = တောဘူမက ခန္ဓာငါးပါး ရုပ်နာမ် သင်္ခါရတရားတို့မှ လွတ်မြောက်ခြင်း၏ အကြောင်းနှင့်ပြည့်စုံစေရန် အပြစ်မြင်ထား သည့် သင်္ခါရတရားတို့ကိုပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ထပ်မံ ရှုမှတ်ခြင်း။

(၉) သင်္ခါရုပေက္ခာဉာဏ်ကိစ္စ = အပြစ်မြင်၍ စွန့်လွှတ်လိုက်ပြီး သော ခန္ဓာငါးပါး ရုပ်နာမ် သင်္ခါရတရားတို့၌ ကြောက်ခြင်း၊ နှစ်သက်ခြင်း, အပြစ်မြင်ခြင်း စသည်ဖြင့် မရှုမှတ်တော့ဘဲ လျစ်လျူရှုကာ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုမှတ်ခြင်း။

(၁၀) အနုလောမဉာဏ်ကိစ္စ = အောက်အောက် ဝိပဿနာ ဉာဏ်များနှင့်အထက်မဂ်ခဏ၌ ရလတ္တံ့သော ဗောဓိပက္ခိယ တရားအားလျော်အောင်

ခန္ဓာငါးပါး ရုပ်နာမ်သင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟုပင် ရှုမှတ်ခြင်း တို့ဖြစ်သည်။ (ရသ)

**ဝိပဿနာဉာဏ်အေားရန်** ခန္ဓာငါးပါး ရုပ်နာမ်သင်္ခါရတရားတို့၏ ဖြစ်ပုံပျက်ပုံကို ဥဒယဗ္ဗယ ဉာဏ်ဖြင့် အဖန်ဖန် ရှုမှတ်နေသောယောဂီပုဂ္ဂိုလ်၏ စိတ်အစဉ်သည် အလွန်သန့်ရှင်း ကြည်လင်ရကား ဩဘာသ စသော တရားများ ဖြစ်ပေါ်လာတတ်သည်။ ယင်း တရား၁၀–မျိုးတို့မှာ–

(၁) ဩဘာသ = ယောဂီပုဂ္ဂိုလ်၏ ဉာဏ်နုံမှု၊ ထက်မြက်မှုအလိုက် ကိုယ်ရောင်ကိုယ်ဝါများ ထွက်ပေါ်လာတတ်၏။

(၂) ပီတိ = ခုဒ္ဒိကာ၊ ခဏိကာ၊ ဩက္ကန္တိကာ၊ ဥဗ္ဗေဂါ၊ ဖရဏာ ဟူသော ပီတိငါးမျိုးလည်း ထိုက်သင့်သလို ဖြစ်ပေါ်လျက် အလွန် နှစ်သက်နေတတ်၏။

– ခုဒ္ဒိကာပီတိ = ကြက်သီးမွေးညင်း ထရုံမျှ သေးငယ်စွာဖြစ်သော ပီတိ။

– ခဏိကာပီတိ = လျှပ်စစ်ပြက်သလို ခဏခဏဖြစ်၍ ခဏခဏ ပျက်သောပီတိ။

– ဩက္ကန္တိကာပီတိ = ဒီရေလှိုင်းလုံးကြီး လွှမ်းဖုံးလာသကဲ့သို့ တစ်ကိုယ်လုံး ဖုံးလွှမ်းသက်ရောက်သော ပီတိ။

– ဥဗ္ဗေဂါပီတိ = မိမိအဟုန်ဖြင့် ကိုယ်ကို အထက်သို့ မြောက်တင်နိုင်သော ပီတိ။

– ဖရဏာပီတိ = တစ်ကိုယ်လုံးမှာ ကြာရှည်စွာ ပျံ့နှံ့ယိုစီးနေသော ပီတိ။

(၃) ပဿဒ္ဓိ = ကိုယ်စိတ်နှစ်မျိုးလုံးပင် အေးမြငြိမ်းချမ်းသဖြင့် ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ နှစ်မျိုးလည်း ဖြစ်ပေါ်လာ၏။

(၄) အဓိမောက္ခ = ကမ္မဋ္ဌာန်းအာရုံ၌ စူးစူးစိုက်စိုက် သက်ဝင်ဆုံးဖြတ်ယုံကြည်တတ်သော သဒ္ဓါလည်း ဖြစ်ပေါ်လာ၏။

(၅) ပဂ္ဂဟ = ဝိပဿနာစိတ်ကို နောက်မတွန့်ဆုတ်ရအောင် အားပေး ချီးမြှောက်ထောက်ပံ့တတ်သော ဝီရိယလည်း ဖြစ်ပေါ်လာ၏။

(၆) သုခ = ဆိတ်ထိသော ဝါဠမ်းပမာ ယောဂီပုဂ္ဂိုလ်၏ တစ်ကိုယ်လုံး၌ မွန်မြတ်သော စိတ္တဇရုပ်တွေကို ပျံ့နှံ့ထုံမွှမ်းစေတတ်သော သုခဝေဒနာလည်း ဖြစ်ပေါ်လာ၏။

(၇) ဉာဏ = ဝရဇိန်လက်နက် မိုးကြိုးစက်ကဲ့သို့ သွက်လက် လျင်မြန် အမြင်သန်သော ဝိပဿနာဉာဏ်လည်း ဖြစ်ပေါ်လာ၏။

(၈) ဥပဋ္ဌာန = မြင်းမိုရ်တောင်ပမာ ကမ္မဋ္ဌာန်းအာရုံ၌ လွန်စွာ တည်တံ့ခိုင်မြဲသောသတိလည်း ဖြစ်ပေါ်လာ၏။

(၉) ဥပေက္ခာ = သင်္ခါရတရားတို့၏ အဖြစ်အပျက်ကို ဗျာပါရ မများရတော့ဘဲ အလွယ်တကူ အသင့်အားဖြင့် ရှုနိုင်သည့် တတြမဇ္ဈတ္တုပေက္ခာခေါ်သော ဝိပဿနုပေက္ခာ။ ထိုဖြစ်မှုပျက်မှုကို ဆင်ခြင်လိုသည့် အခါ၌ အလွန်လျင်မြန်စွာ ဆင်ခြင်နိုင်သည့် စေတနာဟူသော အာဝဇ္ဇနုပေက္ခာတို့လည်း ဖြစ်ပေါ်လာ၏၊

(၁၀) နိကန္တိ = ဩဘာသ စသည်တို့ဖြင့် တန်ဆာ ဆင်ထားသကဲ့သို့ ဖြစ်သော ဝိပဿနာကို သာယာနှစ်သက်တတ်သောတဏှာသည် နိကန္တိ မည်၏။ ထိုနိကန္တိလည်း ဖြစ်ပေါ်လာတတ်ပေသည်။

ရှေးယခင်က မိမိစိတ်အစဉ်မှာ တစ်ကြိမ်တစ်ခါမျှ မဖြစ်ဖူးဘဲ ယခုမှ ထူးကဲစွာ ဖြစ်ပေါ်လာကြသည့်ဩဘာသ စသည်တို့ကို "ငါ့မှာဖြစ်၏"ဟု စွဲလမ်းသောဒိဋ္ဌိ၊ "အလွန်နှစ်သက်ဖွယ် ကောင်းပေသည်"ဟု မှတ်ထင်တတ်သောမာန။ "ငါ၏ဩဘာသ"စသည်ဖြင့် တွယ်တာ စွဲလမ်းတတ်သောတဏှာ၊ ဤတရားသုံးမျိုးတို့၏ တည်ရာမှီရာအာရုံဖြစ်၍ ဝိပဿနာကို ညစ်နွမ်းစေတတ်သောကြောင့် ဝိပဿနာ ညစ်ညူးကြောင်းတရား (ဝိပဿနုပက္ကိလေသ)ဟု ခေါ်သည်။

ကိုယ်ရောင်ကိုယ်ဝါ ထွက်လာသောအခါ "ငါ့မှာ ရှေးက ဤကိုယ်ရောင်ကိုယ်ဝါများ မဖြစ်ဖူးချေ။ ဤကိုယ်ရောင်ကိုယ်ဝါကို ဖြာထွက်စေနိုင်သော စိတ်သည် မဂ်စိတ် ဖိုလ်စိတ်ပင် ဖြစ်ရမည်။ ငါ မဂ်ရပြီ, ဖိုလ်ရပြီ"ဟု မှတ်ထင်ပြီးလျှင် အားထုတ်မြဲကမ္မဋ္ဌာန်းကို စွန့်လွှတ်၍ ကိုယ်ရောင်ကိုယ်ဝါကိုသာ သာယာ နှစ်သက်နေတော့သဖြင့် ဝိပဿနာလမ်းလွဲရရှာတော့သည်။ ဤသို့သောအဖြစ်မျိုးဖြင့် ဩဘာသ စသည်တို့သည် ဝိပဿနာလမ်းကြောင်းမှ သွေဖည်တိမ်းစောင်းသွားနိုင်သောကြောင့် ဝိပဿနာ၏ဘေးရန်တို့လည်း မည်ပါသေးသည်။

မူရင်းဝိပဿနုပက္ကိလေသ(၁၀)ပါးကို တဏှာ၊ မာန၊ ဒိဋ္ဌိ ၃–ပါးဖြင့် မြှောက်ပွားလိုက်လျှင် ဥပက္ကိလေသ(၁၀)ပါး၊ အပြား(၃၀)ဖြစ်သည်။ (မလ)

**ဝိပဿနာဉာဏ်အကျိုး** သီလဝိသုဒ္ဓိ အစရှိသည့် ဝိသုဒ္ဓိ(၆)ပါးနှင့် ပြည့်စုံခြင်းကို အခြေခံထား၍ တေဘူမက ခန္ဓာငါးပါး ရုပ်နာမ်သင်္ခါရ တရားတို့ကို လက္ခဏာယာဉ်သုံးပါးသို့ တင်ပြီး ဝိပဿနာဉာဏ်စဉ်(၁၀)ပါးဖြင့် ရှုမှတ်ပွားများလိုက်ပါက မိမိတို့၏ပါရမီကုသိုလ်အလျောက် သစ္စာလေးပါး အမှန်တရားကို သိတတ်၊ တိုက်ရိုက်မြင်တတ်၍ ကိလေသာအညစ်အကြေးမှ ကင်းဝေးစင်ကြယ်သည့် "ဉာဏဒဿန ဝိသုဒ္ဓိ"ခေါ်သော မဂ်စခန်းသို့ ရောက်ပြီး ကျွတ်တမ်းဝင်ကာ အမတ နိဗ္ဗာန် ချမ်းသာကို ရရှိခံစားရပါလိမ့်မည်။ (ဖလ)

## အခန်း(၁၅)

# ယခုခေတ်ကမ္မဋ္ဌာန်းနည်းအမျိုးမျိုး

၁။ လယ်တီဆရာတော်

၂။ မင်းကွန်းဆရာတော်

၃။ မိုးညှင်းဆရာတော်

၄။ စွန်းလွန်းဆရာတော်

၅။ ဟံသာဝတီဆရာတော်

၆။ မဟာစည်ဆရာတော်

၇။ တောင်ပုလုဆရာတော်

၈။ မိုးကုတ်ဆရာတော်

၉။ နိဗ္ဗိန္ဒတောရဆရာတော်

၁၀။ ကသစ်ဝိုင်ဆရာတော်

၁၁။ ဝေဘူဆရာတော်

၁၂။ အနာဂါမ်ဆရာသက်ကြီး

၁၃။ ညောင်လွန့်တောရဆရာတော်

၁၄။ ရွှေဥဒေါင်းတောင်ဆရာတော်

၁၅။ ဗုဒ္ဓနည်းကျ နှစ်ဖက်လှဝိပဿနာ

**လယ်တီဆရာတော်၏ဝိပဿနာရှုနည်း** ကမ္မဋ္ဌာန်းရှုမှတ်လိုသော ယောဂီသည် ကမ္မဋ္ဌာန်းဆရာတော်ထံ နည်းခံ၍ တောအရပ်မှာ ဖြစ်စေ၊ သစ်ပင်ရင်းမှာ ဖြစ်စေ၊ တိတ်ဆိတ်သောနေရာမှာ ဖြစ်စေ ထက်ဝယ်ဖွဲ့ခွေ ကိုယ်နေဖြောင့်ဖြောင့် ထိုင်ရမည်။ မည်သည့် ကြောင့်ကြမှုမျှ မရှိ

စေဘဲ ဝင်သက်ထွက်သက်ကို သတိဖြင့် မပြတ်ရှုမှတ်နေရမည်။ ဤသို့ ထိုင်လျက် ဆိုသော်လည်း ထိုင်ခြင်း၊ သွားခြင်း၊ ရပ်ခြင်း၊ လျောင်းအိပ်ခြင်း လေးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် အားထုတ်နိုင်သည်။

ထို့ပြင်"ဆိတ်ငြိမ်ရာအရပ်"ဟု သမထအလုပ်ကို ရည်စူး၍ ဆိုခြင်း ဖြစ်သည်။ ဝိပဿနာအလုပ်ကား ဆိတ်ငြိမ်သောနေရာရမှသာ ပေါက်ရောက်ပြီးမြောက်နိုင်သည် မဟုတ်။ ပါရမီဉာဏ်သာ အဓိကဖြစ်သည်။ လူထဲသူထဲ တရားနာရင်း၊ အိမ်မှာ ထမင်းချက်ရင်း တရားပေါက်ရောက် ရရှိသွားသောပုဂ္ဂိုလ်များကို ကျမ်းဂန်တို့တွင် တွေ့မြင်ရသည်။

ပထမ ရှုမှတ်ခါစတွင် ထွက်သက်ဝင်သက် အရှည်အတိုကို နှလုံးမသွင်းသေးဘဲ နှာသီးဖျား၌ဖြစ်စေ၊ အထက်နှုတ်ခမ်းဖျား၌ ဖြစ်စေ စိတ်ကို ခိုင်မြဲစွာထား၍ ဝင်လေထွက်လေတို့၏ ထိမှုခိုက်မှုကို အာရုံစိုက်ရမည်။ "ဝင်လာပြီ" "ထွက်သွားပြီ"ဟု နှုတ်က ဆိုစရာမလို။ ဝင်တိုင်းထွက်တိုင်း သတိမလွတ်စေဘဲ သိအောင်အားထုတ်ရမည်။ တစ်နာရီနှစ်နာရီ စသည်ဖြင့် တတ်စွမ်းသမျှမနားဘဲ အားထုတ်ရမည်၊ ညောင်းလည်း မပြင်၊ ယားလည်း မကုတ်ဘဲ ဝင်သမျှ ထွက်သမျှ တစ်ခုမှ မလွတ်စေရပါ။ ဝင်တိုင်းထွက်တိုင်း သိအောင် ရှုမှတ်နေရမည်။(အချို့ကား စိတ်ကို ရင်မှာထား၍ ရှုမှတ်ကြသေး၏။)

ဒုတိယအချက် တစ်ဆင့်တက် ရှုမှတ်ရန်မှာ နှာသီးဖျား၊ နှုတ်ဖျား၌ ဝင်လေ ထွက်လေကို မလွတ်တမ်း ပိုင်အောင်မှတ်နိုင်လျှင် ဝင်သက်ထွက်သက် ရှည်လျှင် ရှည်မှန်းသိအောင် သတိထားပြီး"ရှည်တယ်"ဟု မှတ်ရမည်။ တိုလျှင် တိုမှန်းသိအောင် သတိထားပြီး"တိုတယ်"ဟု မှတ်ရမည်။ ရှည်မှု၊ တိုမှုကို တစ်ခုမှမလွတ်အောင် ရှုမှတ်နေရမည်။ ထွက်သက်ဝင်သက် နှေးလျှင် ရှည်သည်။ မြန်လျှင် တိုသည်ဟု ဆိုလိုသည်။ အချို့ပုဂ္ဂိုလ်များမှာ ပင်ကိုအတိုင်း တစ်မိနစ် အကြိမ် ၃၈–လောက်၊ အချို့ ၄၀–လောက် ရှုသည်။ အရှည်အတို မညီကြ။

တတိယအချက် ထို့ထက်တက်၍ ရှုမှတ်ရန်မှာ အရှည်အတိုကို ပိုင်ပိုင်မှတ်နိုင်ပြီးနောက် ဝင်သက်ဆိုလျှင် နှာသီးဖျား နှုတ်ခမ်းဖျားမှ ချက်သို့ ကျအောင် နှာသီးဖျား၊ နှုတ်ခမ်းဖျား အစ၊ လည်ချောင်းအလယ်၊ ချက် အဆုံး သုံးပါးလုံးကို စိတ်ထဲမှာ ထင်ထင်ရှားရှားမြင်လာအောင် ရှုမှတ်ရမည်။ ထွက်သက်ဆိုလျှင် ချက်အစ၊ လည်ချောင်းအလယ်၊ နှာသီးဖျား နှုတ်ခမ်းဖျားအဆုံး သုံးပါးလုံးကို စိတ်ထဲမှာ ထင်ထင်ရှားရှားမြင်အောင် ရှုမှတ်ရမည်။ သမာဓိ ရလာလျှင် မှတ်၍ ရသည်။

စတုတ္ထအချက်ကား ထိုသို့ စ၊ လယ်၊ ဆုံး သုံးပါးလုံးကို ပိုင်ပိုင်မှတ်နိုင်ပြီးနောက် ထွက်သက်ဝင်သက်များသည် တဖြည်းဖြည်း သိမ်မွေ့လာကြလိမ့်မည်။ အချို့မှာ လူက သိမ်မွေ့အောင် အားထုတ်ရမည်။ အချို့မှာ လူက မလုပ်ရဘဲ သူ့အလိုလို သိမ်မွေ့လာပြီး ထွက်သက်ဝင်သက် ပျောက်သွားပြီ ထင်ရလောက်အောင် ဖြစ်လာတတ်သည်။ ထိုသို့ ထင်လာသောအခါ စိတ်အလွန်ပေါ့ပါးသွားပြီး ခန္ဓာကိုယ်ကြီး လေထဲလွင့်ပျံသလို ထင်ရသည်။ ဤကား ပါဠိတော်နည်းတည်း။

**အဋ္ဌကထာနည်း**

**အဋ္ဌကထာ**အလို ပထမဂဏန်းနည်းကား အနှေးရေတွက်နည်း၊ အမြန်ရေတွက်နည်းဟု နှစ်မျိုးရှိသည်။ ထိုတွင် နှာသီးဖျားမှာ ဖြစ်စေ၊ နှုတ်ခမ်းဖျားမှာဖြစ်စေ စိတ်ထား၍ ထွက်သက်ဝင်သက်ကို"ထွက်တယ်၊ ဝင်တယ်"ဟု မှတ်သောအခါ အစတွင် စိတ်မငြိမ်သေး၍ ဝင်တိုင်းထွက်တိုင်း မိအောင် မမှတ်နိုင်ဘဲ ရှိတတ်သည်။ မထင်ရှားသော ထွက်သက်ဝင်သက်ကို မရေတွက်ဘဲ ထင်ရှားသော ထွက်သက်ဝင်သက်ကိုသာ ရေတွက်ရမည်။ ရေတွက်ပုံမှာ တစ် နှစ် သုံး လေး ငါးဟု ငါးအထိ အဆုံးထား၍ တစ်မျိုး၊ တစ်မှ ခြောက်အထိတစ်မျိုး၊ တစ်မှ ခုနစ် အထိ တစ်မျိုး၊ တစ်မှ ရှစ်အထိ တစ်မျိုး၊ တစ်မှကိုးထိ တစ်မျိုး၊ တစ်မှ တစ်ဆယ် ထိ တစ်မျိုးဟူ၍ ခြောက်မျိုးဖြင့် ရေတွက်ရမည်။ ထိုသို့ ခြောက်မျိုးထိအောင် ရေတွက်ပြီးလျှင် ပထမတစ်မျိုးကို ပြန်ရှုပါ။ ထိုသို့ ခဏခဏရှုမှတ်၍ နေသားကျလာသည့်အခါ စိတ်ကို နှာခေါင်းဝ စိုက်ထား၍ ထွက်သက်ဝင်သက် နှစ်မျိုးတွင် ထင်ရှားရာကို တစ်ဟု ရေတွက်ရသည်။ နှစ်ခုလုံး ထင်ရှားလျှင် အစဉ်အတိုင်း နှစ်၊ သုံး၊ လေး၊ ငါးဟု ရေတွက်ရသည်။ မထင်ရှားလျှင် ရပ်တန့်၍ ထင်ရှားသော အချက်အပေါ်မှ နှစ် စသည် တက်၍ ငါးကျလျှင် တစ် က ပြန်စရ၏။ ထိုနည်းတူ တစ်ဆယ်မျိုးတိုင်အောင် ထင်ရှားသော ထွက်သက် ဝင်သက်ကိုသာ ကောက်၍ရေတွက်သောကြောင့် နှေးသော ရေတွက်နည်းဟု ဆိုရသည်။

အမြန်ရေတွက်နည်းကား ဆိုခဲ့သည့်အတိုင်း ရှုမှတ်ဖန် များလတ်သော် ထင်ထင်ရှားရှား ရေတွက်ရသောအချက်များ များလာလိမ့်မည်။ တစ် နှစ် စသော မှတ်ချက်တို့ အပြတ်အလပ်မရှိ မှတ်နိုင်လာလိမ့်မည်။ ထွက်သက်ဝင်သက်အစဉ်နှင့် တစ် နှစ် စသော ဂဏန်းအစဉ်များကို မခုန်ကျော်၊ ထပ်ခနဲ ချပ်ခနဲ မိမိရရ ဖြစ်လာလိမ့်မည်။

တစ် နှစ် စသော ဂဏန်းအစဉ်များကို နှုတ်က ရွတ်စရာမလို စိတ်ကသာ ရေရွတ်ရမည်။ အာရုံ မြန်မြန် ထင်သလောက် သတိက တိခနဲ ချပ်ခနဲ မှတ်ဖို့သာ အရေးကြီးသည်။

ဤကား မြန်မြန် ရေတွက်နည်းတည်း။

ထို့နောက် မရေတွက်သော်လည်း ရေတွက်သကဲ့သို့ နှာဝ၌ ထွက်သက် ဝင်သက်ထိတိုင်း အသိနှင့်သတိ မြဲနေရမည်။ ထိုအခါ ဂဏန်းနည်းဖြင့် ရေတွက် ရှုမှတ်ရန် မလိုတော့ချေ။

ဒုတိယအချက် အနုဗန္ဓနာ (သတိဖြင့် အမြဲတမ်း စွဲမြဲထားမှု) နည်းမှာ နှာဝ၌ စိတ်ကို အမြဲစိုက်ထားပြီး ဝင်လေထွက်လေကို တစ်ကြိမ်မျှ မလွတ်စေဘဲ အစဉ်တွယ်ကပ်နေအောင် ရှုမှတ်သောနည်း ဖြစ်သည်။

ရေတွက်မှုမရှိဘဲ ထိမှု၊ သိမှု အစဉ်မှန်အောင်"ဝင်နေတယ်၊ ထွက်နေ တယ်"ဟု ပဋိဘာဂနိမိတ်ပေါ်သည်အထိ ရှုမှတ်နေရမည်ဟု ဆိုလိုသည်။ ဖော်ပြပါ ဂဏန်းနည်း၊ အနုဗန္ဓနာနည်းနှစ်မျိုးလုံး ထိရာဌာနကို မလွတ်စေရပါ။

ထိုသို့ ပဋိဘာဂနိမိတ် ထင်ပြီးနောက် ထိုနိမိတ်ကို မကွယ်ပျောက်စေဘဲ ထင်ထင်ရှားရှား ပွင့်လင်းသွားအောင် အာရုံ၌ စိတ်ကို ဖိဖိစီးစီးထား၍ စူးစိုက်မှတ်ရ မည်။ ထိုနည်းကို ထပနာ (စိတ်ကို ဖိကပ်ထားမှု)နည်းဟု ခေါ်သည်။

ဤကား သမထစခန်း ဖြစ်သည်။ သမာဓိရအောင် အားထုတ်နည်း ဖြစ် သည်။

ဤသို့ အားထုတ်၍ သမာဓိ အားကောင်းလာသောအခါ သမာဓိစခန်းမှ ဝိပဿနာလမ်းသို့ တက်ရမည်။ ထွက်သက်ဝင်သက်တို့၏ ခဏမစဲ တဖွဲဖွဲ ဖြစ် ပျက်မှုနှင့် ရုပ်နာမ်တရားတို့ကို အနိစ္စ(မမြဲ)၊ ဒုက္ခ(ဆင်းရဲ၏) အနတ္တ (အနှစ်အသား မရှိ)ဟု ရှုမှတ်ရမည်။

ဤ၌ ရုပ်သည် နာမ်ထက် ဉာဏ်၌ ထင်လွယ်သောကြောင့် ရုပ်ကိုစ၍ ရှုမှ ပေါက်ရောက်လွယ်သည်။ ထွက်သက်ဝင်သက်သည် သမာဓိ ရလွယ်ခြင်း၊ ထင်မြင်လွယ်ခြင်းတို့ကြောင့် ရိပ်သာများ၌ ထွက်သက်ဝင်သက်ကို အားထုတ်ကြ ခြင်းဖြစ်သည်။ ထွက်သက်ဝင်သက်ကို ရှုမှတ်၍ အညောင်းအညာ ဝေဒနာ

ပေါ်လာသောအခါ ထိုဝေဒနာကို ရှုမှတ်ရမည်။ ထိုသို့ ရှုမှတ်လျှင် ဝေဒနာနုပဿနာ[1] ဖြစ်သည်။ ထိုသို့ ရှုမှတ်ရင်း ကြံစည်တွေးတောလျှင် ထိုစိတ်ကို မှတ်ရမည်။ ထိုသို့ မှတ်လျှင် စိတ္တာနုပဿနာ[2] ဖြစ်သည်။ ကာမဂုဏ်အာရုံကို ကြံစည်လျှင် ထိုအကြံကို လိုက်မှတ်ရမည်။ ထိုသို့ ရှုမှတ်လျှင် ဓမ္မာနုပဿနာ[3] ဖြစ်သည်။

ဆိုခဲ့သည့်အတိုင်း ထွက်သက်ဝင်သက် ဟူသော အာနာပါနကို ထူထောင်၍ အားထုတ်နေခြင်းသည် ယောဂီပုဂ္ဂိုလ်၏ ပါရမီအလျောက် တစ်ရက်၊ နှစ်ရက် တစ်လ၊ နှစ်လ၊ တစ်နှစ်၊ နှစ်နှစ်နှင့် မဂ်ဖိုလ်ရောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါသည်။

ထိုသို့ နိဗ္ဗာန်ကို ယခုဘဝ မျက်မှောက် မပြုနိုင်စေကာမူ—

(၁) ရတနာသုံးပါးကို ယခင်ကထက် ကြည်ညိုတတ်ခြင်း။
(၂) သေရမည့်ဘေးကို တရားအားမထုတ်ခင်ကလောက် မကြောက်ခြင်း၊
(၃) မတရားလိုချင်မှု (ဝိသမလောဘ) မတရားတပ်မက်မှု (အဓမ္မရာဂ) မဖြစ်တော့ခြင်း၊
(၄) ရသမျှနှင့် ရောင့်ရဲနိုင်ခြင်း
(၅) ကုသိုလ်၌ မွေ့ပျော်နိုင်ခြင်း၊

စသောအကျိုးတရားများကို တရားအားထုတ်သူတိုင်း ခံစားကြရမည် ဖြစ်သည်။ ။

**မင်းကွန်းဆရာတော်၏ ဝိပဿနာရှုနည်း** "ထိုင်တယ်၊ အိပ်တယ်၊ သွားတယ်၊ စားတယ်"ဟု ရှုမှတ်ရသောနည်းသည် ကာယာနုပဿနာ(ရုပ်အပေါင်းကို အဖန်ဖန်ရှုမှတ်မှု)ဖြစ်သည်။ သွားသည့်အခါ "ကြွတယ်၊ လှမ်းတယ်၊ ချတယ်"ဟု မှတ်ရသည်။ သွားလာစဉ်မှာ အာရုံတစ်ခုခုကို မြင်လျှင် "မြင်တယ် မြင်တယ်"၊ ကြားလျှင်"ကြားတယ်ကြားတယ်"၊ နံလျှင် "နံတယ် နံတယ်"ဟု မှတ်ရသည်။

ထမင်းစားလျှင်"စားတယ် စားတယ်"ဟု မှတ်ရသည်။ မှတ်ကျင့်ရလာသည့်အခါ ထို့ထက် အမှတ်စိပ်ပြီး မှတ်ရမည်။ စားရန် ဇွန်းကို ကိုင်လျှင် "ကိုင်

---

၁။ ဝေဒနာကို အဖန်ဖန် ရှုမှတ်ခြင်း
၂။ စိတ်ကို အဖန်ဖန် ရှုမှတ်ခြင်း
၃။ လောဘ စသော သဘောတရားကို အဖန်ဖန် ရှုမှတ်ခြင်း

တယ် ကိုင်တယ်"၊ ဟင်းကို ခပ်လျှင်"ခပ်တယ် ခပ်တယ်"၊ ယူလာလျှင် "ယူ တယ် ယူတယ်" စသည်ဖြင့် အမူအရာတိုင်းကို မှတ်ရမည်။ အားထုတ်စမှ ဆယ်ရက်လောက်အထိ ဟိုသည်အာရုံများပြီး ထင်သလောက် မရှုမှတ်နိုင်။ သမာဓိ မရနိုင် ဖြစ်တတ်သည်။

ကောင်း မကောင်း မည်သည့်အာရုံကို မြင်မြင်"မြင်တယ် မြင်တယ်"ဟု မှတ်ရမည်။ မှတ်ဖန်များလျှင် မြင်သော အာရုံများသည် "မြင် သိ ပျက်""မြင် သိပျက်"နှင့် ပြောင်းလဲဖြစ်ပျက်သွားတတ်သည်။ ထိုအခါ မြင်သည့်အဆင်းက ရုပ်၊ သိတာက နာမ်ဟု ရုပ်နှင့်နာမ်ကို ခွဲခြား သိမြင်လာတတ်သည်။ ရှုမှတ်သည့်အခါ တစ်ခုခုကို သိအောင် မိအောင် ရှုမှတ်ရသည်။ ထိုသို့ မရှုမှတ်လျှင် တိုက်ဆိုင် ထိတွေ့မှု(ဖဿ)ကြောင့် ခံစားမှု(ဝေဒနာ)ဖြစ်ပြီး ခံစားမှု(ဝေဒနာ)ကြောင့် နှစ်သက်မှု (တဏှာ)၊ စွဲလမ်းမှု (ဥပါဒါန်) စသည့် အကုသိုလ်တရားများ ဖြစ်ပွားလာ တတ်သည်။

ထို့ကြောင့် တစ်ခုနှင့်တစ်ခု တစ်သဘောနှင့် တစ်သဘော ပြောင်းလဲ၍ ဖြစ်ပျက်နေပုံကို ဉာဏ်ဖြင့် မြင်အောင် ရှုမှတ်ရမည်။ တရားသဘောအတိုင်း ပြောင်းလဲ ဖြစ်ပျက်ပုံကို တွေ့လျှင် တဏှာမဖြစ်။ တဏှာချုပ်လျှင် နောက် ဘဝ ပေါင်းအသချေ့ ဆက်ဖြစ်နေဦးမည့် ဥပါဒါန်ကံများလည်း ချုပ်ကြတော့သည်သာ။ ထိုအခါ ကောင်းသည့်အာရုံတွေ့လည်း တဏှာမဖြစ်။ မကောင်းသည့် အာရုံတွေ့ လည်း ဒေါသမဖြစ်။ ကောင်း မကောင်း အာရုံတွေ့လည်း မောဟ မဖြစ်တော့ချေ။

ထိုမျှသာမက မြင်တာကို "မြင်တယ် မြင်တယ်"ဟု ရှုမှတ်ရာတွင် တစ်မှတ် တစ်မှတ်၌ မဂ္ဂင် (နိဗ္ဗာန်ဝင်ရာလမ်း) ရှစ်ပါးဖြစ်နိုင်သည်။ ရုပ်နာမ်တို့၏ ဖြစ်ပျက်ပုံကို အမှန်သိမြင်ခြင်းသည် သမ္မာဒိဋ္ဌိ (မှန်စွာမြင်မှု) မဂ္ဂင်၊ ဖြစ်ပျက်အပေါ် စိတ်ကို တင်ထားလိုက်ခြင်းသည် သမ္မာသင်္ကပ္ပ (မှန်စွာကြံမှု)မဂ္ဂင် ဖြစ်သည်။ ဤနှစ်ပါးသည် ပညာမဂ္ဂင်တည်း။

ရှုမှတ်သောအာရုံမှာ စိတ်တည်ကြည်သွားခြင်းသည် သမ္မာသမာဓိ (မှန်စွာ တည်ကြည်မှု)မဂ္ဂင်၊ စိတ်မလွင့်သွားရအောင် ဆွဲဆောင်ထားခြင်းသည် သမ္မာဝါယမ (မှန်စွာအားထုတ်မှု)မဂ္ဂင်၊ ရှုမှတ်၍ရခြင်း၊ သိနေခြင်းသည် သမ္မာသတိ(မှန်စွာ သိမှတ်မှု) မဂ္ဂင်ဖြစ်သည်။ ဤမဂ္ဂင်သုံးပါးသည် သမာဓိမဂ္ဂင် ဖြစ်သည်။

ထိုသို့ မှတ်နေသည့်အခိုက် မကောင်းသော ဝစီကံဒုစရိုက်ကို မကျူးလွန်ခြင်း သည် သမ္မာဝါစာ (မှန်စွာပြောဆိုခြင်း) မဂ္ဂင်ဖြစ်သည်။ မကောင်းသော ကာယကံ

ဒွစရိုက်ကို မကျူးလွန်ခြင်းသည် သမ္မာကမ္မန္တ (မှန်စွာပြုမှု)မဂ္ဂင်ဖြစ်သည်။ တရားရှုမှတ်နေစဉ် အသက်မွေးမှုဆိုင်ရာ ကာယကံ၊ ဝစီကံဒုစရိုက်များကို မကျူးလွန်ခြင်းသည် သမ္မာအာဇီဝ(မှန်စွာ အသက်မွေးမှု)မဂ္ဂင်ဖြစ်သည်။ ဤသုံးပါးကို သီလမဂ္ဂင်ဟုခေါ်သည်။ ထို့ကြောင့် ရှုမှတ်သည့်အမှတ်တိုင်း အမှတ်တိုင်းမှာပင် မဂ္ဂင်ရှစ်ပါးပါဝင်သည်ဟု ဆိုရခြင်း ဖြစ်သည်။

ထိုသို့ ရှုမှတ်စဉ် မြင်သည့် အဆင်းက ရုပ်၊ မြင်တာက ရုပ်၊ သိတာက နာမ်ဟု အမြင်ကွဲပြားသိခြင်းသည် နာမရူပပရိစ္ဆေဒ (နာမ်နှင့်ရုပ်ကို ခွဲခြားသိမြင်မှု) ဉာဏ်ဖြစ်သည်။ မျက်စိအကြည်၊ အဆင်းရုပ်၊ အလင်းရောင်၊ နှလုံးသွင်းတို့ကြောင့် မြင်သိစိတ်(စက္ခုဝိညာဉ်စိတ်) ဖြစ်ရသည်ဟု အကြောင်းအကျိုးကို သိမြင်လျှင် ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပေါ်ပြီးနောက် ပျက်ပျက်သွား၍ အနိစ္စ၊ မပျက်စီးအောင် အောင့်အည်းမရဘဲ ပျက်ပျက်သွား၍ ဒုက္ခ၊ ထိုသို့ ပျက်ပျက်နေ၍ ကိုယ့်အလိုမကျသဖြင့် အနတ္တဟူ၍ သိမြင်ခြင်းသည် သမ္မသနဉာဏ်–ဤသို့ စသည်ဖြင့် ဉာဏ်စဉ်များ အဆင့်ဆင့်တက်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်ကာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါသည်။

အထူးအားဖြင့် မည်သည့်ဝိပဿနာဆရာတော်၏နည်းပင်ဖြစ်စေ သမာဓိရအောင် ပထမအားထုတ်ရသည်။ သတိခိုင်လျှင် သမာဓိပိုင်သည်။ သမာဓိပိုင်လျှင် ဝိပဿနာနိုင်ပါသည်။ ဝိပဿနာနိုင်လျှင် ဝိဇ္ဇာခေါ် အလင်းဓာတ် ပေါ်လာမည်ဖြစ်ပါသည်။

**မိုးညှင်းဆရာတော်၏ ဝိပဿနာရှုနည်းအကျဉ်း** မိမိတို့ရှုနေကျ ထွက်သက်ဝင်သက်ကို အနိစ္စ(မမြဲ) စကြံသွားမှုလည်း အနိစ္စ(မမြဲ) စသည်ဖြင့် အမူအရာမှန်သမျှနှင့် ရုပ်နာမ်အားလုံးကို ဖြစ်ပျက် ရှုမှတ်နေရမည်။ ဉာဏ်ဖြင့် ကြည့်၍ ဥဒယဗ္ဗယ(ဖြစ်ပျက်)ဉာဏ်ထင်အောင်ရှုရမည်။ ထို့နောက် ထိုထိုရုပ်နာမ်တို့၏အပျက်ကို ဉာဏ်ဖြင့် ကြည့်၍ "ပျက်ပျက်ပျက်"ဟု ဖြစ်စေ၊"ပျောက်ပျောက်ပျောက်"ဟု ဖြစ်စေ၊ "မရှိ မရှိ မရှိ"ဟု ဖြစ်စေ၊"အနိစ္စ အနိစ္စ (မမြဲ မမြဲ)"ဟု ဖြစ်စေ ဘင်္ဂ(အပျက်)ဉာဏ်၊ ဘယ(ဘေးမြင်) ဉာဏ်၊ အာဒီနဝ (အပြစ်မြင်)ဉာဏ်၊ နိဗ္ဗိန္ဒ (ငြီးငွေ့)ဉာဏ်၊ မုစ္စိတုကမျတာ (လွတ်မြောက်လိုမှု)ဉာဏ် စသည်တို့ ထင်မြင်လာအောင် နေ့ရောညပါ မပြတ်ရှုမှတ်ရမည်။

ရုပ်နာမ်အကြောင်း အဆက်ဆက်ကြောင့် ရုပ်နာမ်အကျိုး အဆက်ဆက်တို့ ဖြစ်ပျက်နေသည်ကို ရှုမှတ်၍ သိမြင်ပါက နည်းလေးပါးတို့ကို သိမြင်နိုင်ပါသည်။

သိပုံကား အစမထင် သံသရာကစ၍ အဆုံးမရှိသည့် ကာလကျအောင် သတ္တဝါတစ်ဦးစီတို့ ဆက်စပ်၍ ဖြစ်ပျက်နေသည်ကို ထင်မြင်ခြင်း(ဧကတ္တ)နည်း။

တစ်ဖန် အကြောင်းအကျိုးတို့ ဆက်စပ်နေကြသော်လည်း အကြောင်းတခြား၊ အကျိုးတခြားဟု ထင်မြင်ခြင်း(နာနတ္တ)နည်း။

ထိုအကြောင်း အဆက်ဆက်တို့ကြောင့် အကျိုးအဆက်ဆက်တို့ ဖြစ်ကြရာတွင် အကြောင်းအဆက်ဆက်က အကျိုးအဆက်ဆက်ကို ဖြစ်စေရဦးမည်ဟု ကြောင့်ကြဗျာပါရ မရှိသည်ကို ထင်မြင်ခြင်း (အဗျာပါရနည်း)။

ထိုသို့ ကြောင့်ကြဗျာပါရ မရှိကြသော်လည်း အကျိုးဖြစ်စေသောအခါ အကြောင်းအားလျော်စွာ အကျိုး ဖြစ်ပေါ်လာသည်ကို ထင်မြင်ခြင်း (ဧဝံဓမ္မတာ) နည်း။

ဤကား "ပျက်ပျောက်မရှိ အနိစ္စ" စသည်ဖြင့် ရှုသူတို့အား ပဋိစ္စသမုပ္ပါဒ် နည်းလေးပါး ထင်လာပုံတည်း။

ထို့ပြင် အစမထင် သံသရာကအဆုံးမရှိ သံသရာကျအောင် ကြောင်းကျိုးတရားတို့ တစ်စပ်တည်း ဆက်လက်ဖြစ်ပျက်နေသည်ကို ဝိပဿနာဉာဏ်မှာ ထင်မြင်လာလျှင်"သတ္တဝါများ သေပြီးပြတ်သည်ဟု အထင်မှားသော ဉစ္ဆေဒဒိဋ္ဌိ"ကို ကိုယ်တိုင် သိလာရ၏။ တစ်ဖန် ထိုသို့ ကြောင်းကျိုးဖြစ်ပျက်နေပုံကို ထင်မြင်လျှင် "သတ္တဝါတို့ တစ်ဘဝပြီးတစ်ဘဝ ကူးဆက်၍ လိုက်ပါဖြစ်ပျက်သည်ဟု အထင်မှားသော သဿတဒိဋ္ဌိ"ကိုလည်းကောင်း၊ "သတ္တဝါတို့ကို တစ်စုံတစ်ယောက်က ဖန်ဆင်းသည်ဟု အထင်မှားသော ဣဿရနိမ္မာနဒိဋ္ဌိ"ကို လည်းကောင်း၊ "ဖြစ်ဖြစ်သမျှ ချမ်းသာဆင်းရဲတို့သည် ရှေးကံဟူသော အကြောင်း တစ်ခုတည်းကြောင့်သာ ဖြစ်လာရ၏ဟု အထင်မှားသော သဗ္ဗံ ပုဗ္ဗေကတ ဟေတုဒိဋ္ဌိ"ကို လည်းကောင်း၊ အခြား အယူမှားများကိုလည်းကောင်း ကိုယ်ပိုင်ဉာဏ် ဖြင့် သိမြင်နိုင်ကြပေသည်။

ထို့ပြင် ဤဘဝရုပ်နာမ်တို့သည် နောက်ဘဝသို့ မလိုက်နိုင်ကြဘဲ ဤဘဝတွင်သာ ချုပ်ပျောက် ပျက်စီးသောကြောင့်"အနိစ္စ အနိစ္စ"ဟု လည်းကောင်း၊ ချုပ်ပျောက်သေဆဲ ဆင်းရဲသောကြောင့်"ဒုက္ခ ဒုက္ခ"ဟုလည်းကောင်း၊ ထိုသို့ ချုပ်ပျောက်သွားသဖြင့် အလိုမကျ အစိုးမရသောကြောင့်"အနတ္တ အနတ္တ"ဟုလည်း ကောင်း ထင်မြင်အောင် ရှုမှတ်ရမည်။

အရွယ်၊ အချိန်၊ ရှေ့တိုး၊ နောက်ဆုတ် စသော အမူအရာ စသည်တို့၌လည်း ပဌမအရွယ်က ရုပ်နာမ်သည် ဒုတိယအရွယ်သို့ မလိုက်ပါပုံ၊ ရှေ့အချိန်ရှိ ရုပ်နာမ်သည် နောက်အချိန်သို့ မလိုက်ပါပုံ၊ ရှေ့အမူအရာရှိ ရုပ်နာမ်သည် နောက်အမူအရာသို့ မလိုက်ပါပုံ စသည်တို့ကို အနိစ္စ ဒုက္ခ အနတ္တဟု ရှုမှတ်ရမည်။

အာဟာရဇ(အစားအစာကြောင့် ဖြစ်သော)ရုပ်ကို ရှုပုံကား အစာမစားရသဖြင့် အာဟာရဇရုပ်တို့ လျော့ပါးပုံ၊ ဆာလောင်နုံးခွေပြီး အဆင့်ဆင့် ပျက်ပုံ၊ အစာစားရသဖြင့် ရွှင်လန်း ချမ်းသာဝဖြိုးလာပုံ၊ ဆာရုပ်၊ နွမ်းရုပ်တို့ ပျက်ပျက်သွားပုံတို့ကို  အနိစ္စ စသည်ဖြင့် ရှုမှတ်ရမည်။

ဥတုဇ(အအေးအပူကြောင့်  ဖြစ်သော)ရုပ်ကို  ရှုပုံကား  သတ္တဝါတို့၏ အပူအဆက်ဆက်က အအေး အဆက်ဆက်ကို ပျက်စေပုံနှင့် အအေး အဆက်ဆက်က အပူအဆက်ဆက်ကို ပျက်စေပုံတို့ကို အနိစ္စ စသည်ဖြင့် ရှုမှတ်ရမည်။

ကမ္မဇ(ကံကြောင့်ဖြစ်သော) ရုပ်တို့ကို ရှုပုံကား မျက်စိ စသည်၌ဖြစ်သော ကမ္မဇရုပ်တို့သည် နား စသည်သို့ မလိုက်ပါမူ၍ မျက်စိ စသည်၌ပင် ချုပ်ပျောက်ပုံကို အနိစ္စ စသည်ဖြင့် ရှုမှတ်ရမည်။

စိတ္တဇ(စိတ်ကြောင့်ဖြစ်သော)ရုပ်ကို ရှုပုံကား ဝမ်းမြောက်ခြင်း စသည်ကြောင့်ဖြစ်သော ရုပ်သည် နှလုံးမသာယာခြင်း စသည်ကြောင့်ဖြစ်သော ရုပ်သို့ မရောက်ဘဲ မိမိတို့ ဖြစ်ရာ၌ ချုပ်ပျောက်ပုံကို အနိစ္စ စသည်ဖြင့် ရှုမှတ်ရမည်။

ဓမ္မတာအတိုင်း ဖြစ်သော ရုပ်တို့ကို ရှုပုံကား သက်မဲ့ရုပ်တို့ ပြောင်းလဲဖြစ်ပျက်ကြရာ၌ တစ်ခုမှ တစ်ခုသို့ မလိုက်ပါပုံကို အနိစ္စ စသည်ဖြင့် ရှုမှတ်ရမည်။

၁။ ကလာပရုပ် အစုအပုံ နာမ်အစုအပုံတို့ကို ရှုပုံကား— ဖဿ (တွေ့ထိခြင်း) ဝေဒနာ(ခံစားခြင်း)၊ သညာ(မှတ်သားခြင်း) စေတနာ(စေ့ဆော် တိုက်တွန်းခြင်း) ဝိညာဏ်(သိခြင်း)ဟူသော ငါးမျိုးတို့သည်လည်း ရှုမှတ်ရင်းပင် ပျက်ပျက်လိုက်နေပုံကို အနိစ္စ စသည်ဖြင့် အဖန်ဖန် ရှုမှတ်ရမည်။

၂။ ယမက(အစုံ)ရှုနည်းကား— အရှုခံရုပ်နှင့် ရှုမှတ်သည့်နာမ် (စိတ်) တို့သည် နှစ်မျိုးလုံးပင် တစ်ပြိုင်တည်း ပျက်ပျက်နေပုံကို အနိစ္စ စသည်ဖြင့် ရှုမှတ်ရပါမည်။

၃။ ခဏိက(တစ်ခဏမျှ)ရှုနည်းကား— ရုပ်ကို ရှုမှတ်သည့် နာမ်အဆင့်ဆင့်တို့သည် ရှုမှတ်ရင်းခဏမှာပင် ပျက်နေပုံကို အနိစ္စ စသည်ဖြင့် ရှုမှတ်ရမည်။

၄။ ပဋိပါဋိ (အစဉ်) ရှုနည်းကား— ရုပ်နာမ်အဆင့်ဆင့်တို့၏ ရှုရင်းမှာပင် အစဉ်အတိုင်း ပျက်ပျက်လိုက်နေပုံကို ပျက်ပျက်နေပါတကား၊ အနိစ္စပါတကား စသည်ဖြင့် ရှုမှတ်ရမည်။

အထက်ပါ နည်းလေးမျိုးတို့ဖြင့် အရှုခံနာမ်တို့ကို ရှုမှတ်သည့်နာမ်တို့က သာ ရှုမှတ်ရှုမှတ်နေသောကြောင့် ဒိဋ္ဌိ(အမြင်မှားခြင်း)၊ မာန (ထောင်လွှားခြင်း)၊ တဏှာ(တပ်မက်ခြင်း)တို့ကို ကင်းရှင်းအောင် ခွာနိုင်ကြသည်။

၅။ ဒိဋ္ဌိကို ခွာပုံကား— ငါ ဝိပဿနာရှုအံ့ဟု ထင်မူ ဒိဋ္ဌိဖြစ်၍ မဂ်ဖိုလ် တက်လမ်းကို တားနိုင်၏။ သင်္ခါရ(ပြုစီမံမှု) တရားတို့က သင်္ခါရတရားတို့ကို ရှုသည်ဟုထင်မှသာ ဒိဋ္ဌိကွာ၏။

၆။ မာနကို ခွာပုံကား— ဝိပဿနာကို ငါ ကောင်းစွာ ရှုနိုင်၏စသည်ဖြင့် ထင်မူ တက်ကြွသောမာနဖြစ်၍ တရားတက်လမ်းကို တားနိုင်၏။ သင်္ခါရတရားတို့က သင်္ခါရတရားတို့ကို ရှု၏ဟု ထင်မှသာ မာနကွာနိုင်၏။

၇။ တဏှာကို ခွာပုံကား— စိတ်ကိုနိုင်နင်းစွာ ရှုနိုင်ခြင်းကြောင့် ငါ ဝိပဿနာချည်း ရှုမှတ်ချင်နေ၏ဟု ဝိပဿနာကို သာယာမူ တဏှာဖြစ်က တက် လမ်းကို တားနိုင်၏။ သင်္ခါရတရားစုက သင်္ခါရတရားစုကို ရှု၏ဟု ထင်မှသာ တဏှာ ကွာနိုင်၏။

ဖော်ပြပါ ဝိပဿနာကို စွဲ၍ဖြစ်သော၊ တဏှာ မာန ဒိဋ္ဌိတို့ကပင် တရား တိုးတက်မှုကို တားမြစ်နိုင်သေးလျှင် ဆွမ်း သင်္ကန်း စသည်တို့ကို စွဲ၍ဖြစ်သော တဏှာ မာန ဒိဋ္ဌိတို့က ပို၍ တားမြစ်နိုင်ကြောင်း ပြောဖွယ်ရာ မလိုပြီ။ သို့ဖြစ်၍ ဤဘဝတွင် မဂ်ဖိုလ်ကို ရရှိလိုသူတို့သည် နောက်နောက် ဘဝဆိုင်ရာ တောင့်တခြင်း တဏှာလောဘတို့ကို ဖြတ်ကြရပေမည်။ သို့မှသာ ဤဘဝတွင် မဂ်ဖိုလ်ကို ရနိုင် မည်။ နောက်ဘဝ ဆိုင်ရာများကို တဏှာလောဘဖြင့် စွဲကပ်နေကြပါမူ မဂ်ဖိုလ်ကို မရနိုင်ကြောင်း သတိပြုကြရပါမည်။ ။

**စွန်းလွန်းဆရာတော်၏ဝိပဿနာရှုနည်း** "ယောဂီသည် တရားအား မထုတ်ခင် ကြိုတင်ပြုရမည့်အချက်များ ရှိသည်။

"တရားအားထုတ်နေစဉ် အတွင်း၌ မြတ်စွာဘုရားအား တပည့်တော်၏ ကိုယ်ခန္ဓာကို နိဗ္ဗာန်ရည်မှန်း၍ လှူဒါန်းပါ၏။ သုံးဆယ့်တစ်ဘုံသားတို့ ချမ်းသာကြပါစေ။ ဤကောင်းမှုကို သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါ၏။ အမျှ အမျှ အမျှ။

သူတော်ကောင်းတို့က ပို့သသောမေတ္တာ၊ **ပေးဆေသော** ကုသိုလ်အဖို့ကိုလည်း အကျွန်ုပ် ခံယူပါ၏။ သာဓု၊ သာဓု၊ သာဓု"ဟု ရေး**ဦးစွာ ပြုကျင့်ရမည်**။ "ဘယ်အချိန်အထိ အားထုတ်မည်"ဟု ကိုယ့်အလိုနှင့် အဓိဋ္ဌာန်ပြီး **အချိန်မပိုင်းနှင့်**။ စွမ်းအားရှိသမျှ အားထုတ်ရမည်။

မျက်စိမှိတ်၊ ပါးစပ်ပိတ်၍ ဝင်သက်ထွက်သက် စရှုရမည်။ နှာသီးဝကို လေတိုးတော့ သိလိမ့်မည်။ အသိမပျောက်အောင် သတိထားပြီး၊ နှာရိဝက် တစ်နာရီ ခန့် ခပ်တင်းတင်း ခပ်ပြင်းပြင်း ရှုပေးရမည်။ မောလည်း မနား၊ ညောင်းလည်း မပြင်၊ ယားလည်း မကုတ်ဘဲ သည်းခံလျက် အသက်ကို ခပ်ပြင်းပြင်းရှုမှ စိတ်ငြိမ် လွယ်သည်။

ယင်းနောက် ခန္ဓာကိုယ်ထဲမှာ ပူ အေး ညောင်းညာ ထုံကျဉ်ကိုက်ခဲ စသည့် ဝေဒနာတစ်မျိုးမျိုး ဖြစ်ပေါ်ထင်ရှားလာသည့်အခါ အရှုကို ရပ်ပြီး ထိုဝေဒနာများ ဖြစ်ပေါ်မှုကို ပေါ်ကာမတ္တ ပစ္စုပ္ပန် (လက်ငင်း)ကျကျ၊ သတိပြုနေ ရမည်။

"ထိမှု၊ သိမှု၊ ဤနှစ်ခု၊ သတိကြပ်ကြပ်ပြု"ဆိုသည့်အတိုင်း ထိမှု သိမှု ကို သတိထားနေရမည်။ ထိုသို့ သတိထားပြီး မိမိခန္ဓာကိုယ်ကို သုံးသပ်နေခြင်းကို သမ္မသန (သုံးသပ်)ဉာဏ်ဟု ခေါ်သည်။

ဆက်လက်သတိပြုနေလျှင် ဥဒယဗ္ဗယ(ဖြစ်ပျက်သိ)ဉာဏ်**အစ အနုလောမ** (မဂ်၏ရှေ့နားရှိဇော)ဉာဏ်အဆုံး ဉာဏ်အားလုံးသည် သူ့.သဘောနှင့်သူ **ဆက်လက်** ပေါ်လာလိမ့်မည်။ ပေါ်လာတော့ မြင်၊ မြင်တော့ ကိုယ်တိုင် **သိလိမ့်မည်**။

သတိထား၍ ဝေဒနာကို သည်းခံနေရမည်။ မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဟူသော တံခါးပေါက်က ဝင်လာသမျှအာရုံကို သတိပြုနေရမည်။ မျက်စိနှင့် အဆင်း ထိသိ၊ နားနှင့်အသံ ထိသိ၊ နှာခေါင်းနှင့်အနံ့ ထိသိ၊ လျှာနှင့် အရသာ ထိသိ၊ ကိုယ်နှင့်အတွေ့ ထိသိ၊ စိတ်နှင့်သဘော ထိသိ။ ဤသို့ သိအောင် သတိ ထားရမည်။ ထို့ပြင် စားလျှင်သတိ၊ သွားလျှင် သတိ၊ ထိုင်လျှင် သတိ၊ အိပ်လျှင် သတိ၊ တူရူကြည့် ထစောင်းကြည့် သတိ၊ ရှေ့တိုး သတိ၊ နောက်ဆုတ် သတိ၊ ကွေးသတိ၊ ဆန့်သတိ၊ ကျင်ကြီးကျင်ငယ် စွန့်သတိ၊ အိပ်ပျော်နေချိန်မှ တစ်ပါး ဘယ်အမှုအရာကိုပဲဖြစ်ဖြစ် သတိအမြဲ ပြုနေရမည်။

ဥပမာ– ထမင်းစားရာ၌ ထမင်းရှိရာကို လက်သွားတော့ သိလိမ့်မည်။ သိအောင် သတိထားရမည်။ ထမင်းနှင့်လက် ထိလျှင်လည်း သိအောင်ပြုရမည်။ ထမင်းကို ပါးစပ်ရှိရာ ယူလာလျှင်လည်း သိ၊ ခွံ့လည်းသိ၊ ဝါးလည်းသိ၊ မျိုလည်း သိ၊ အားလုံးကို သိအောင် ပြုရမည်။ သွားလျှင် ခြေနှင့်မြေကြီး ထိလျှင် သိ၊ ဖျာ၊ ကောဇောနှင့်ထိလျှင်လည်းသိ၊ ရပ်လျှင်လည်း သိ၊ ထိုင်လျှင်လည်းသိ၊ အိပ်လျှင် လည်း သိ၊ အိပ်ရာက နိုးလျှင်လည်း သိ၊ အမူအရာတိုင်းကို သိအောင် သတိပြု ရှုမှတ်နေရမည်။ ထိမှုနှင့်သိမှု ပြိုင်ပြိုင်ကျအောင် ထိကာမျှ သိကာမျှကို သတိပြု ရှုမှတ်နေရမည်။ "တရားရှာ ကိုယ်မှာတွေ့"ဆိုသည့်အတိုင်း ကိုယ်မှာ တွေ့သမျှ တရားချည်း ဖြစ်သည်။

ထိုသို့ ထိမှုသိမှု ပြိုင်ပြိုင်ကျနေသည့်အချိန်မှာ သတ္တဝါဟူသော အမှတ်သညာ နှာခေါင်းဟူသော အမှတ်သညာ စသည်တို့ ကင်းကွာနေလိမ့်မည်။ ထိုအခါ "နှာခေါင်းဟာ ငါ့ကိုယ်"ဟု စွဲယူသည့် သက္ကာယ(ကာယစွဲ ကိုယ်စွဲ) မဖြစ်တော့ချေ။ အမှားစွဲ(ဒိဋ္ဌိ)မဖြစ်နိုင်တော့ချေ။ ဤကား နှာခေါင်း၌ သက္ကာယဒိဋ္ဌိကွာခြင်း ဖြစ်သည်။ နှာခေါင်းမှာ သက္ကာယ ကွာလျှင် ကျန်ကိုယ်အင်္ဂါ အစိတ်အပိုင်းများနှင့် တကွ တစ်ကိုယ်လုံးမှာ သက္ကာယ ကွာမည် ဖြစ်သည်။ ထိုသို့ သက္ကာယ ကွာပြီး ထိမှု သိမှုကို သတိပြု ရှုနေလျှင် နှာခေါင်းမှာ"ငါမှ ငါ"ဟူသော မာနလည်း ကွာတော့သည်။ နှာခေါင်းမှာ မာနကွာလျှင် တစ်ကိုယ်လုံးမှာ မာန ကွာတော့သည်။ ထိုသို့ မာနကွာစိတ်နှင့် ထိမှု၊ သိမှုကို သတိပြုရှုနေလျှင် "နှာခေါင်းဟာ ငါ့ဟာ "ဥစ္စာ"ဟု စွဲယူသည့်တဏှာ မဖြစ်နိုင်တော့ပေ။ နှာခေါင်းမှာ တဏှာကွာလျှင် တစ်ကိုယ်လုံးမှာလည်း တဏှာ ကွာတော့သည်သာ။

ထိုတဏှာ မာန ဒိဋ္ဌိ သုံးပါးကို သံသရာချဲ့(ပပဉ္စ)တရားဟု ခေါ်သည်။ ဆိုခဲ့သည့်အတိုင်း မပြတ်သိအောင် ရှုနေမှတ်နေသဖြင့် ထိုသံသရာ ချဲ့ထွင်တတ် သောတရားတို့ကို တဒင်္ဂ(တစ်ခဏ)သေအောင် သတ်နိုင်ခြင်း ဖြစ်သည်။

ထို့ပြင် ထိမှု သိမှု သတိပြုနေလျှင် အဝိဇ္ဇာ(မသိမှု)ကို တဒင်္ဂပယ်ပြီး ဖြစ်သည်။ ထိုအခိုက်မှာ ကြမ်းတမ်းသော ဒေါသ မဖြစ်သဖြင့် ပဋိဃာနုသယ (ဒေါသ)ကိုလည်း တဒင်္ဂပယ်ပြီး ဖြစ်သည်။ ထိုအချိန်မှာ ဘုရား၊ တရား၊ သံဃာ အတိတ် အနာဂတ် ရှေ့အစွန်း နောက်အစွန်း ပဋိစ္စသမုပ္ပါဒ်(ကြောင်းကျိုးဖြစ်) တရားတို့ကိုလည်း ဝိစိကိစ္ဆာ(ယုံမှားခြင်း)မဖြစ်။ ဝိစိကိစ္ဆာကို တဒင်္ဂ ပယ်ပြီး ဖြစ်သည်။

ဤသို့ဖြင့် ဝိပဿနာဉာဏ်များ အဆင့်ဆင့် ဖြစ်ပေါ်ပြီး နိဗ္ဗာန်ကို အနုမာန သိဒ္ဓိ(မှန်းဆသည့်)ဉာဏ်ဖြင့် အာရုံပြုနိုင်၊ သိနိုင်မည် ဖြစ်သည်။

ဆိုခဲ့သည့်အတိုင်း ပြင်းပြင်းထန်ထန်ရှုမှုကို ရပ်တန့်ပြီး"ခန္ဓာကိုယ် စိုက် ဝေဒနာလိုက်"ဟူသည်နှင့်အညီ ဖြစ်ပေါ်သမျှ ဝေဒနာများကို ရှုနေကျ ပုံမှန်ရှု၍ ခံစားမှု သိမှု ပြိုင်ပြိုင်ကျအောင် ရှုမှတ်နေရမည်။ ဤသို့ ဝေဒနာကို ရှုနေသည်ကိုပင် ဝေဒနာလိုက်သည်ဟု ခေါ်ခြင်းဖြစ်သည်။ ထိုတွင် ကောင်းတာကို ခံစားခြင်းသည် သုခဝေဒနာ၊ မကောင်းတာကို ဒုက္ခဝေဒနာ၊ မသိမသာ အလယ်အလတ် ခံစားခြင်းသည် ဥပေက္ခာဝေဒနာဖြစ်သည်။ ဤသို့ ပေါ်သမျှ ဝေဒနာကို ဝေဒနာမျှသာဟု သတိပြု မှတ်ရမည်။ ထိုသို့ ဝေဒနာမျှမှာသာ ရပ်နေအောင် မှတ်နိုင်လျှင် တဏှာ (လောဘ)ချုပ်လေတော့သည်။ တဏှာချုပ်လျှင် ဥပါဒါန်(စွဲလမ်းမှု)လည်း ချုပ်လေ၏။ ဥပါဒါန်ချုပ်လျှင် ဘဝ စသောတရားကို အဆက်ဆက် ချုပ်လေတော့သည်။

ဤကား ပဋိစ္စသမုပ္ပါဒ် သံသရာစက်ကို ပစ္စုပ္ပန်အစပ် ဝေဒနာနှင့်တဏှာ ကြားကနေ ဖြတ်ခြင်း ဖြစ်သည်။ ထိုသို့ ပစ္စုပ္ပန်ဝေဒနာအကျိုးတရား ပြတ်လျှင် သုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာ ဖြစ်ထိုက်သည့် (လောဘ ဒေါသ အဝိဇ္ဇာဟူသော) အကြောင်းတရားလည်း သေလေတော့သည်။ ထိုအကြောင်းသေလျှင် အနာဂတ် အကျိုးတရားလည်း သေရလေသည်။

ထို့ကြောင့် သွားလာစားသောက်နေထိုင် ရပ် အိပ်ခြင်း စသည်ဖြင့် အမှုကိစ္စ ပြုသမျှကို ထိမှုသိမှု သတိကြပ်ကြပ် ပြုကြရမည်။ ဤသို့သတိပြု ရှုနေကြပါလျှင် မဂ်ဖိုလ် နိဗ္ဗာန်ကို ရနိုင်ကြမည် ဖြစ်ပေသည်။ ။

**ဟံသာဝတီဆရာတော်၏ ဝိပဿနာရှုနည်း** ယောဂီသည် မျက်စိမှိတ်လျက် မိမိ၏နှာသီးဖျားကို အာရုံစိုက်ပြီး ထွက်လေကို ထွက်မှန်း သိရမည်။ ဝင်လေကို ဝင်မှန်း သိရမည်။ လက်မချိုး၊ ပုတီး မစိပ်၊ မရေတွက်၊ မစဉ်းစား၊ မကြံစည်၊ မတွေးတောဘဲ ဝီရိယကြီးစွာဖြင့် သတိ မလစ်စေဘဲ ဣရိယာပုထ်(လျောင်း ထိုင် ရပ် သွား) လေးပါးလုံး အမြဲ အားထုတ်ရမည်။

စိတ်သည် မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဟူသော ခြောက်ဌာနမှာ မြင်ခြင်း ကြားခြင်း စသည်ဖြင့် အမြဲထွက်နေတတ်သည်။ ထို့ကြောင့် ကျန်ငါးဌာနကို ပိတ်ပြီး စိတ်ဟူသော မနောဒွါရမှ စောင့်၍ စိတ်ကိုဖမ်းမှ သမာဓိ ရနိုင်သည်။

အပေါက်ခြောက်ပေါက်ရှိ တောင်ပို့တွင်းက ဖွတ်ကို ဖမ်းချင်လျှင် ငါးပေါက်ကို ပိတ်ပြီး ကျန်တစ်ပေါက်မှ စောင့်ဖမ်းသည့် သဘောပင် ဖြစ်သည်။

ယောဂီသည် ရှေးဦးစွာ သီလတစ်မျိုးမျိုးကို ဆောက်တည်၍ သမထကို သုံးရက် အားထုတ်ရမည်။ သုံးရက်အားထုတ်လျှင် သမာဓိကို အမှန်ပင် ရနိုင်သည်။ သမာဓိ သုံးရက် ထူထောင်ပြီးလျှင် ဝိပဿနာသို့ ကူးပြောင်းသင့်သည်။ ဝိပဿနာသို့ ကူးပြောင်းသည့်အခါ ဖော်ပြလတ္တံ့ပါအတိုင်း ကမ္မဋ္ဌာန်းတောင်းရ၏။

တုမှာကံ ဘန္တေ မမ ဇီဝိတံ ပရိစ္စဇာမိ။

အရှင်ဘုရား၊ အရှင်ဘုရားတို့အား အကျွန်ုပ်၏ အသက်ကို စွန့်လှူပါ၏။ (၃–ခေါက်ဆို)

ဘန္တေ သံသရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ဗိဇတ္ထာယ စ ကမ္မဋ္ဌာန် ယာစာမိ။

အရှင်ဘုရား၊ သံသရာ ဝဋ်ဆင်းရဲအပေါင်းမှ ထွက်မြောက်ခြင်းအကျိုးငှာ လည်းကောင်း၊ အတိတ်က ပါလာခဲ့သော ဝိဇ္ဇာမျိုးစေ့ရှိသော်လည်းကောင်း၊ အကယ်၍ ဝိဇ္ဇာမျိုးစေ့ မရှိခဲ့သော် ယခုအားထုတ်သောကမ္မဋ္ဌာန်းသည် ဝိဇ္ဇာမျိုးစေ့အဖြစ်ဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းအကျိုးငှာလည်းကောင်း ကမ္မဋ္ဌာန်းကို တောင်းပါ၏။

ဤသို့ မြတ်စွာဘုရား (ဆင်းတုတော်)ထံ၌ ကမ္မဋ္ဌာန်းတောင်းပြီးနောက် ပြစ်မှားမိသော အပြစ်များ ရှိခဲ့သော် ကျေပျောက်စေရန် ဖော်ပြလတ္တံ့ပါအတိုင်း ကန်တော့ရမည်—

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ တည်းဟူသော သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်းအကျိုးငှာ ဘုရား တရား သံဃာ ဆရာ မိဘ ဂုဏဝုဒ္ဓိ(ဂုဏ်ကြီးသူ) ဝယဝုဒ္ဓိ (အရွယ်ကြီးသူ)အစရှိသော ပုဂ္ဂိုလ်တို့အား ရှိခိုးပါ၏။ ကန်တော့ပါ၏။ အတိတ်သံသရာမှစ၍ ယခုကျအောင် ပြစ်မှားဖူးသော ကာယကံ ဝစီကံ မနောကံ အပြစ်များကို သည်းခံရန် တောင်းပန်ပါ၏၊ ကန်တော့ပါ၏။ မိမိအပေါ် ပြစ်မှားမိဖူးသော ကာယကံ ဝစီကံ မနောကံ အပြစ်များကို သည်းခံပါ၏။

. ဤသို့ ကန်တော့ပြီးသောအခါ ဘယ်ဒူးပေါ် ဘယ်လက်တင်၊ ညာဒူးပေါ် ညာလက်တင်လျက် ဦးခေါင်းအစ ခြေဖျားအထိ ရုပ်သာချည်းဟု အာရုံပြုပါ။ ယင်းနောက် ဦးခေါင်းရှိ ငယ်ထိပ်နေရာကို ဒင်္ဂါးကွက် ပမာဏမျှ ကွက်ပြီး ရှုပါ။ စိတ်မလွင့်စေဘဲ သမာဓိကို ခိုင်မြဲစွာ ထားပြီး ရှုရမည်။ ထိုသို့ ရှုစဉ် ခန္ဓာကိုယ်မှာ နာကျင် တင်းကျပ်ဖြစ်စေ၊ အုံ့တုံ့တုံ့ကြီးဖြစ်စေ၊ ခေါင်းကြီးကိုယ်ကြီး ထူအမ်းနေဟန် ဖြစ်စေ တွေ့ရတတ်သည်။ ထိုသို့ တွေ့ခြင်းသည် ပထဝီ (မြေဓာတ်ခေါ် ဖွဲ့စည်းဓာတ် အလေးဓာတ်)ကို တွေ့ခြင်းဖြစ်သည်။ ပူပူဖြစ်စေ၊ အေးအေးဖြစ်စေ၊ နွေးနွေးရှိန်ရှိန်သဘောကိုဖြစ်စေ တွေ့တတ်သည်။ ဤသည်မှာ တေဇော(ပူမှု အေးမှု)ဓာတ်ကို တွေ့ခြင်း ဖြစ်သည်။ တလှုပ်လှုပ် တရွရွ တဒိတ်ဒိတ် ပြောင်းလဲဖြစ်ပျက်သောသဘောကိုလည်း တွေ့တတ်သည်။ ဤကား ဝါယော(လေ)ဓာတ်သဘောကို တွေ့ခြင်းဖြစ်သည်။ ဘာကိုပဲ တွေ့တွေ့ ရုပ်တရားသာဟု မှတ်ပြီး အာရုံပြုနေလျှင် တစ်ခေါင်းလုံး တစ်ကိုယ်လုံး ရုပ်ဓာတ်တွေ ခဏမစဲ တဖွဲဖွဲ ဖြစ်ပျက်ဖောက်ပြန် ပျက်စီးနေပုံကို တွေ့လိမ့်မည်။ သမာဓိကောင်းလျှင် ကောင်းသလို များများတွေ့တတ်သည်။ ယောဂီသည် ငါ ဘာဖြစ်ပါလိမ့်ဟု အထင်မှားတတ်သည်။

သူ့သဘော သူဆောင်နေသော ရုပ်သဘောတွေဟု နှလုံးသွင်း၍ စွဲမြဲစွာ အားထုတ်ရမည်။ ဤနေရာ၌ အမှန်ကို ပြသနိုင်သော ဆရာကောင်းလိုသည်။ ဤ၌ ပထမ ဆင်ခြင်တာက သမ္မသနဉာဏ်ဖြစ်သည်။ ဖြစ်မှန်း ပျက်မှန်း သိတာက ဥဒယဗ္ဗယဉာဏ်ဖြစ်သည်။ ဥဒယဗ္ဗယဉာဏ်ကို တွေ့လျှင် မမြဲသည့် အနိစ္စတရား၊ ဆင်းရဲသည့်ဒုက္ခတရား၊ စိုးမရသည့် အနတ္တ တရားကို အမှန်သိပြီဖြစ်သည်။ ရုပ်နာမ်တို့၏သဘောကို အမှန်မတွေ့မသိဘဲ ရုပ်နာမ်တွေ ဖြစ်ပျက်နေတာပဲဟု ရော်ရမ်းမှန်းဆခြင်းသည် ဝိပဿနာဉာဏ် မဟုတ်ပါ။ ရုပ်နာမ်တို့၏ သဘောမှန်ကို ဝိဇ္ဇာဉာဏ် ဝိပဿနာဉာဏ်ဖြင့်သာ သိနိုင်သည်။

ဆိုခဲ့သည့်အတိုင်း ရုပ်နာမ်တို့၏အနိစ္စကို မြင်လျှင် ရုပ်နာမ်တို့၏ပျက်ပုံကို မြင်သောဘင်္ဂဉာဏ်၊ ထိုသို့ ပျက်ပျက်နေသဖြင့် ဘေးဆိုးဟု မြင်သော ဘယဉာဏ်၊ ထိုသို့ ဘေးဆိုးအဖြစ် မြင်သည်အလျောက် အကောင်းမထင် အပြစ် မြင်သော အာဒီနဝဉာဏ်၊ ထိုသို့ အပြစ်မြင်သဖြင့် မပျော်ရွှင် မနှစ်သက်ဘဲ ငြီးငွေ့သော နိဗ္ဗိန္ဒာဉာဏ် စသည်တို့ ဆက်လက် ဖြစ်ပေါ်လိမ့်မည်။ ဤသို့ဖြင့် အနိစ္စဉာဏ်အမြင်ကို မြင်သိရာမှ ဒုက္ခဉာဏ်အမြင်၊ အနတ္တဉာဏ်အမြင်တို့ကိုပါ မြင်သိပြီး မျက်မှောက်ဘဝမှာပင် နိဗ္ဗာန်သို့ ရောက်နိုင်ကြပေသည်။

## မဟာစည်ဆရာတော်၏ ဝိပဿနာရှုနည်း

[ရဟန်းများ ပါတိမောက်သီလနှင့်ပြည့်စုံပြီး လူပုဂ္ဂိုလ်များသည် အနည်းဆုံး ငါးပါးသီလ ပြည့်စုံရမည်။ ယင်းနောက် တင်ပျဉ်ခွေထိုင်၊ အမျိုးသမီးများလည်း တင်ပျဉ်ခွေ ထိုင်နိုင်သည်။ မိန်းမထိုင် ကျုံ့ကျုံ့ထိုင်လို က ထိုင်နိုင်သည်။ ခါးကို မတ်မတ်ထား၍ ဘယ်လက်ဝါးဖြန့် အောက်က ထားပြီး ညာလက်ဝါးကို ဖြန့်၍ အပေါ်က ထားရမည်။ လက်မထိပ်နှစ်ခုကို ထိရုံမျှ ထိထားရမည်။ ရှေ့တည့်တည့်မှာလည်း လက်နှစ်ဖက်ကို ယှဉ်ချ ထားနိုင်သည်။ ဘယ်ဒူးပေါ် ဘယ်လက်၊ ညာဒူးပေါ် ညာလက်တင်၍လည်း ထိုင်နိုင်သည်။]

ဝမ်းဗိုက်မှာ စိတ်ကို ထားရမည်။ အသက် ရှူသွင်းလိုက်လျှင် ဖောင်းတက် လာတာကိုတွေ့၍ အသက် ရှူထုတ်လိုက်သည့်အခါ ပိန်ကျသွားတာကို တွေ့လိမ့်မည်။ ဖောင်းတက်လာတာကို"ဖောင်းတယ်" ပိန်ကျသွားတာကို"ပိန်တယ်"ဟုမှတ်ရမည်။ စိတ်ဖြင့် စိုက်ကြည့်ရုံနှင့် မထင်ရှားသေးလျှင် ဗိုက်ကို လက်နှင့် ဖိထားရမည်။ အသက်ရှူတာကို မပြင်ဘဲ နှေးအောင် မြန်အောင် တမင်အားမထုတ်ဘဲ ပကတိ ရှူမြဲတိုင်း မှန်မှန်ရှူရမည်။ ထိုသို့ ရှူနေရင်း ဖောင်းတက်လာတာကို "ဖောင်းတယ်"၊ ပိန်ကျသွားတာကို"ပိန်တယ်"ဟု ဖောင်းတိုင်း ပိန်တိုင်း မပြတ်မှတ်နေရမည်။

"ဖောင်းတယ်၊ ပိန်တယ်"ဟု စိတ်ဖြင့်သာ ဆိုရမည်။ (ဝါ) စိတ်ဖြင့်သာ မှတ်ရမည်။ ပါးစပ်ဖြင့် မဆိုရ။ ဝိပဿနာဟူသည် အဆိုတွေ အမည်တွေက လိုရင်းမဟုတ်။ သိဖို့သာ လိုရင်းဖြစ်သည်။ ထို့ကြောင့် စိတ်ဖြင့် ဆိုရုံနှင့် မပြီး သေး ဘဲ "ဖောင်းတယ်"ဟုမှတ်သည့်အခါ ဖောင်းစ– ကနေပြီး ဖောင်းဆုံးတိုင်အောင် ဖောင်းတက်လာပုံကို မျက်စိဖြင့် မြင်သလို သေသေချာချာ သိသွားစေရမည်။ "ပိန်တယ်"ဟုမှတ်သည့်အခါ ပိန်ကျသွားတာကို ပိန်စမှ ပိန်ဆုံးတိုင်အောင် မျက်စိဖြင့် မြင်သလို ထင်ထင်ရှားရှား သိသွားစေရမည်။ "ဖောင်းတယ်"မှတ်လျှင် ဖောင်းတာနှင့် အသိကပ်သွားစေရမည်။ ရှုမှတ်စရာ အာရုံနှင့် ရှုမှတ်လိုက်သည့် စိတ်သည် အံကျကိုက်ကိုက်သွားအောင် ဂရုစိုက်ပြီး မှတ်ရမည်။ "ပိန်တယ်"ဟု မှတ်သည့်အခါ ပိန်တာနှင့် ရှုမှတ်တာ အံကျကိုက်သွားစေရမည်။ အခြားအထူးမှတ် စရာ မရှိလျှင် "ဖောင်းတယ်၊ ပိန်တယ်"ဟုချည်း မှတ်နေရမည်။

ထိုသို့ မှတ်နေစဉ် သမာဓိအား မကောင်းသေးခင် စိတ်က အပြင် ထွက် ထွက်သွားလိမ့်မည်။ ထိုစိတ်ကို "သွားတယ်၊ သွားတယ်"၊ သို့မဟုတ် "လွင့်တယ်၊

လွင့်တယ်”ဟု လိုက်မှတ်ရမည်။ ဤသို့ တစ်ချက်နှစ်ချက် မှတ်လိုက်လျှင် စိတ်သည် မလွင့်ဘဲ ရပ်သွားလိမ့်မည်။ ထိုအခါ “ဖောင်းတယ်၊ ပိန်တယ်”ဟု ပြန်မှတ်နေရမည်။ စိတ်ထဲမှာ လူတစ်ယောက်ယောက်နှင့် တွေ့လျှင်“တွေ့တယ် တွေ့တယ်”ဟု မှတ်ပြီးလျှင် “ဖောင်းတယ်၊ ပိန်တယ်” ပြန်မှတ်။ လူတစ်ယောက်ယောက်နှင့် တွေ့လို့ စကားပြောနေမှ သတိရလျှင် ထိုစိတ်ကို“ပြောတယ် ပြောတယ်”ဟု မှတ်။ ဤသို့ဖြင့်စိတ်ကူးလျှင်“စိတ်ကူးတယ်”၊ စဉ်းစားလျှင်“စဉ်းစားတယ်”ကြံလျှင်“ကြံတယ်”၊ သိလျှင်“သိတယ်”။ နှလုံးသွင်းလျှင်“နှလုံးသွင်းတယ်”၊ ပျင်းလျှင်“ပျင်းတယ်”၊ ပျော်လျှင် “ပျော်တယ်”၊ ဝမ်းသာလျှင်“ဝမ်းသာတယ်”၊ စိတ်ပျက်လျှင်“စိတ်ပျက်တယ်”ဤသို့မှတ်ရမည်။ တစ်ချက်နှစ်ချက် မှတ်လိုက်ပြီးနောက် စိတ်ကို မှတ်စရာမရှိလျှင် “ဖောင်းတယ် ပိန်တယ်” ပြန်မှတ်ရမည်။

ထိုသို့မှတ်နေရင်း တံထွေး မျိုချင်လျှင်“မျိုချင်တယ်”ဟုမှတ်၊ တံထွေးစုတာကို“စုတယ်”၊ မျိုတော့“မျိုတယ်”ဟု မှတ်၊ တံတွေး ထွေးချင်လျှင် “ထွေးချင်တယ်”၊ ခေါင်းငုံ့တော့“ငုံ့တယ်”၊ ကြည့်သေးလျှင် “ကြည့်တယ်” မြင်လျှင်“မြင်တယ်”၊ ထွေးတော့“ထွေးတယ်” ဟုမှတ်ပြီးလျှင် “ဖောင်းတယ်၊ ပိန်တယ်”ပြန်မှတ်ရမည်။

ထိုင်တာကြာလျှင် ညောင်းတာပူတာများ ဖြစ်လာလိမ့်မည်။ ညောင်းလျှင် ညောင်းတာကို သေသေချာချာ သိအောင် စိတ်စိုက်ပြီး“ညောင်းတယ်၊ ညောင်းတယ်”ဟု မှတ်၊ ပူလျှင်“ပူတယ်”၊ နာလျှင်“နာတယ်”၊ ကျဉ်လျှင် “ကျဉ်တယ်”ဟု ဒုက္ခဝေဒနာ ဖြစ်သမျှ အမည်အတိုင်း မှတ်ရ၏။ ထိုသို့ ညောင်းတာ ပူတာစသည့် ဝေဒနာများ ဖြစ်ပေါ်လာလျှင်“ညောင်းတယ်၊ ညောင်းတယ်”စသည်ဖြင့် သည်းခံမှတ်နေရမည်။ သည်းခံမမှတ်ဘဲ ခဏခဏ နေရာပြင်ပြင်နေလျှင် သမာဓိမဖြစ်နိုင်၊ သမာဓိမဖြစ်လျှင် ဉာဏ်မဖြစ်နိုင်၊ ဉာဏ်မဖြစ်လျှင် မဂ်ဖိုလ်နိဗ္ဗာန်မရောက်နိုင်။ ထို့ကြောင့် ညောင်းတာ ပူတာ စသည့် ဝေဒနာများကို အတတ်နိုင်ဆုံးသည်းခံမှတ်နေရမည်။ ထိုသို့ မှတ်နေလျှင် တော်ရုံတန်ရုံဝေဒနာများ ပျောက်သွားကြလိမ့်မည်။ သမာဓိဉာဏ် အားကောင်းသည့်အခါ အင်မတန်ကြီးကျယ်သည့်ဝေဒနာများပင် ပျောက်သွားတာကို တွေ့ကြရပါလိမ့်မည်။ အတော်ကြာအောင် မှတ်နေပါလျက် မပျောက်နိုင်ဘဲ မနေသာတော့၍ နေရာ ပြင်ချင်စိတ် ခဏခဏ ပေါ်နေလျှင် နေရာပြင်နိုင်သည်။ သို့ရာတွင် အမှတ်နှင့် နေရာပြင်ရမည်။ ပြင်ချင်တော့“ပြင်ချင်တယ်”၊ လက်ကြွတော့“ကြွတယ်”၊ ရွှေ့တော့“ရွှေ့တယ်” စသည်ဖြင့် ဖြည်းဖြည်းပြင်ရင်း ဖြစ်ပေါ်သမျှ အမူအရာအားလုံးကို မှတ်ရမည်။ နေရာပြင်ပြီးလျှင်“ဖောင်းတယ်၊ပိန်တယ်” ပြန်မှတ်ရမည်။

ထိုသို့ မှတ်နေရင်း တစ်နေရာက ယားလာလျှင် ယားတဲ့နေရာကို စိတ်စိုက်ပြီး"ယားတယ်၊ ယားတယ်"ဟုမှတ်၊ အကြိမ်ကြိမ် မှတ်ပါလျက် မပျောက်လို့ အယားပျောက်ချင်လျှင်"ဖျောက်ချင်တယ်၊ ဖျောက်ချင်တယ်"ဟု မှတ်၊ အယားဖျောက်ရန် လက်ကြွလာလျှင် "ကြွတယ်၊ ကြွတယ်"၊ ရွှေ့လျှင် "ရွှေ့တယ်"၊ ယားသည့် နေရာကို ထိတော့"ထိတယ်၊"၊ အယားဖျောက်တော့ "ဖျောက်တယ်၊ ဖျောက်တယ်"၊ လက်ပြန် ရွှေ့တော့"ရွှေ့တယ်"၊ တစ်နေရာကို ထိတော့"ထိတယ်" မှတ်ရမည်။ ပြီးလျှင်"ဖောင်းတယ်၊ ပိန်တယ်"ပြန်မှတ်နေရမည်။

ဤသို့ဂရုစိုက်မှတ်နေစဉ် ကိုယ်ထဲက အခံခက်သည့်ဝေဒနာများ အလိုလိုပေါ်လာလိမ့်မည်။ တရားမရှုမှတ်သော ပုဂ္ဂိုလ်များကား နည်းနည်းလေး ညောင်းလာပူလာလျှင် အမှတ်အသိ မရှိဘဲ ရွှေ့လိုက် ပြင်လိုက်ကြ၏။ ထို့ကြောင့် ဆင်းရဲတာတွေ ထင်ထင်ရှားရှား မဖြစ်လိုက်ကြရပေ။ ဤကား ဆင်းရဲဒုက္ခများကို ဣရိယာပုထ်(နေပုံအမူအရာ)များက ဖုံးကွယ်ထားခြင်းဖြစ်သည်။ ပြောင်းလဲနေထိုင်ပုံအမျိုးမျိုးက ဖုံးကွယ်ဖုံးကွယ်သွား၍ လူများ၏ကိုယ်တွင်းမှာ ဆင်းရဲဒုက္ခများရှိနေမှန်း မသိကြခြင်း ဖြစ်သည်။ တစ်နေ့လုံး တစ်ညလုံး နေထိုင်ကောင်းနေသည်ဟု ထင်နေကြခြင်းဖြစ်သည်။ ယောဂီများကား ကိုယ်ထဲက တရားများကို အရှိအတိုင်း မြင်အောင် မှတ်နေသဖြင့် ဒုက္ခများကို ထင်ရှားစွာ တွေ့မြင်လာခြင်း ဖြစ်သည်။

ထိုင်ရာက ထမည် ကြံလျှင်လည်း"ထချင်တယ်၊ ထချင်တယ်" မှတ်၊ လက်ခြေတွေ ပြင်တော့"ကြွတယ်၊ ရွှေ့တယ်၊ ဆန့်တယ်၊ သိတယ်၊ ထောက်တယ်" စသည်ဖြင့် အစဉ်အတိုင်း မှတ်လျက် ဖြည်းဖြည်းလေးထပြီး အမူအရာတိုင်းကို သိအောင် မှတ်ရမည်။ မြန်မြန်ပြုမူလျှင် လေ့ကျင့်စ သတိဉာဏ်ကလေးဖြင့် မီအောင် မှတ်နိုင်တော့မည် မဟုတ်ပေ။

ထိုသို့ထပြီး ရပ်မိသည့်အခါ"ရပ်တယ်၊ ရပ်တယ်"ဟု မှတ်၊ ဟိုသည်ကြည့်မိပြန်လျှင်"ကြည့်တယ်၊ မြင်တယ်၊ ကြည့်တယ်၊ မြင်တယ်"ဟုမှတ်။

သွားသည့်အခါ ခြေလှမ်းကို မှတ်ရဦးမည်။ ညာဘက်ခြေက လှမ်းလျှင် "ညာလှမ်းတယ်"၊ ဘယ်ဘက်ခြေက လှမ်းလျှင် "ဘယ်လှမ်းတယ်"ဟူ၍ ခြေကြွသည်ကစပြီး ခြေချသည်အထိ ရွှေ့ရွှေ့သွားသည့်အမူအရာကို အစဉ်အတိုင်း သိအောင် မှတ်ရမည်။ "ညာလှမ်းတယ်၊ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်၊ ဘယ်လှမ်းတယ်"ဟူ၍ တစ်လမ်းတစ်လှမ်း တစ်ခါတစ်ခါ မှတ်ရမည်။ ဤကား မြန်မြန် သွားသည့်အခါ ခပ်ဝေးဝေးသွားရသည့်အခါ မှတ်ပုံတည်း။

ဖြည်းဖြည်းသွားသည့်အခါ၊ စင်္ကြံလျှောက်သည့်အခါ ခြေတစ်လှမ်းတွင် သုံးပိုင်းရှိသည်။ ခြေကြွတာက တစ်ပိုင်း၊ လှမ်းတာက တစ်ပိုင်း၊ ခြေချလိုက်တာက တစ်ပိုင်း ဖြစ်သည်။ ထိုတွင် ကြွတာနှင့် ကျတာနှစ်ပိုင်းကို စပြီးမှတ်ရမည်။ ခြေကြွတော့"ကြွတယ်" ဟု ကြွတက်လာပုံကို သေသေချာချာ သိအောင် မှတ်ရမည်။ နင်းချလိုက်တော့ "ချတယ်"ဟု တရွေ့ရွေ့ ခြေကျသွားပုံကို သိအောင် မှတ်ရမည်။ "ကြွတယ်၊ ချတယ်၊ ကြွတယ်၊ ချတယ်"ဟူ၍ ခြေတစ်လှမ်းတစ်လှမ်းကို နှစ်ချက်နှစ်ချက် မှတ်ရမည်။

နှစ်ရက်လောက်မှတ်ပြီးက လွယ်ကူပြီး ကျင့်သားရလာလိမ့်မည်။ ထိုအခါ သုံးချက်မှတ်ရမည်။ "ကြွတယ်၊ လှမ်းတယ်၊ ချတယ်"၊ "ကြွတယ်၊ လှမ်းတယ်၊ ချတယ်"ဟု သုံးချက်သုံးချက် မှတ်သွားရမည်။ ကြွတက်လာသည့် အမူအရာ တရွေ့ရွေ့လှမ်းနေသည့်အမူအရာ တဖြည်းဖြည်း ပိကျသွားသည့် အမူအရာများကို သိအောင် ရှုမှတ်ရမည်။

ထိုသို့ သွားနေစဉ် ထိုင်ချင်လာလျှင်"ထိုင်ချင်တယ်၊ ထိုင်ချင်တယ်"ဟုမှတ်၊ လှမ်းကြည့်မိလျှင်"ကြည့်တယ်၊ မြင်တယ်"မှတ်၊ ထိုင်မည့်နေရာသို့ သွားလျှင် "ကြွတယ်၊ ကျတယ်"၊ "ကြွတယ်၊ ချတယ်"မှတ်၍ သွားရမည်။ ထိုင်မည့်နေရာ ရောက်၍ ရပ်လျှင်"ရပ်တယ်၊ ရပ်တယ်"ဟုမှတ်၊ လှည့်လျှင်"လှည့်တယ်၊ လှည့်တယ်"မှတ်၊ ၊ ထိုင်ချင်စိတ်ပေါ်လာလျှင် "ထိုင်ချင်တယ်၊ ထိုင်ချင်တယ်"မှတ်၊ ထိုင်ချလိုက်တော့ ကိုယ်ကြီးလေးလေးပြီး ကျသွားတာကို စူးစိုက်လျက်"ထိုင်တယ်၊ ထိုင်တယ်၊ ထိုင်တယ်"ဟုမှတ်၊ ထိုင်မိ၍ လက်ခြေတွေကို ပြင်လျှင်လည်း ရွေ့လျှင်"ရွေ့တယ်"၊ ကွေးလျှင်"ကွေးတယ်"၊ ဆန့်လျှင်"ဆန့်တယ်"ဟူ၍ အမူအရာတိုင်းကို တစ်ခုမကျန် မှတ်ရမည်။ ဘာမျှ အပြုအပြင်မရှိဘဲ ငြိမ်နေပြီ ဆိုလျှင် "ဖောင်းတယ်၊ ပိန်တယ်၊ ဖောင်းတယ်၊ ပိန်တယ်"ဟု မှတ်နေရမည်။

လှဲအိပ်ချင်လျှင်လည်း"အိပ်ချင်တယ်၊အိပ်ချင်တယ်"ဟု မှတ်၊ လှဲအိပ်ကာနီး လက်ခြေ ပြင်တာများကိုလည်း အကုန်လုံးမှတ်ရမည်။ လက်ကြွတော့ "ကြွတယ်"ရွေ့လျှင်"ရွေ့တယ်"၊ ထောက်လျှင်"ထောက်တယ်"၊ ကိုယ်ကြီးက ယိမ်းလာလျှင် "ယိမ်းတယ်၊ ယိမ်းတယ်"၊ ခြေဆန့်လျှင်"ဆန့်တယ်၊ ဆန့်တယ်"၊ လှဲအိပ်လိုက်သည့်အခါကျတော့"အိပ်တယ်၊ အိပ်တယ်"ဟုမှတ်ပြီး ဖြည်းဖြည်းခြင်း လှဲအိပ်သွားရမည်။ ဟိုဘက်သည်ဘက် စောင်းလျှင်လည်း "စောင်းတယ်၊ စောင်းတယ်"ဟုမှတ်ရမည်။ ဟိုဘက်သည်ဘက် လှည့်လျှင်လည်း "လှည့်တယ်၊ လှည့်

တယ်"ဟုမှတ်ရမည်။ ဘာမျှ အပြုအပြင်မရှိ ငြိမ်နေပြီဆိုလျှင်"ဖောင်းတယ်၊ ပိန်တယ်"ဟုမှတ်ရမည်။ ဤသို့ မှတ်နေတုန်း စိတ်က လွင့်သွားလျှင် ထိုင်တုန်းက မှတ်သလို လွင့်လျှင် "လွင့်တယ်"၊ ရောက်လျှင်"ရောက်တယ်"၊ ကြံလျှင်"ကြံတယ်" စသည်ဖြင့် မှတ်ရမည်။ စိတ်သည် တစ်ချက်နှစ်ချက် မှတ်လိုက်လျှင် ပျောက်သွားတတ်၏။ ထိုအခါ "ဖောင်းတယ်၊ ပိန်တယ်" ပြန်မှတ်နေရမည်။ အမှတ်ကို လွှတ်ပြီး မအိပ်ရပေ။ မှတ်ရင်းမှတ်ရင်း အိပ်ပျော်သွားစေရမည်။ အမှတ်က နိုင်လျှင် အိပ်မပျော်ဘဲ နေတတ်သည်။ အိပ်ချင်တာနိုင်လျှင်လည်း အိပ်ပျော်သွားတတ်သည်။ အိပ်ချင်လျှင်"အိပ်ချင်တယ် အိပ်ချင်တယ်" မျက်စိ မှေးလာလျှင် "မှေးတယ်၊မှေးတယ်"၊ လေးလာလျှင် "လေးတယ် လေးတယ်"ဟုမှတ်၊ အားထုတ်စမှာ လဲအိပ်တာ မများစေရပေ။ ထိုင်မှတ် စင်္ကြံမှတ်တာက များစေရမည်။

ယောဂီသည် အိပ်ပျော်သွားလျှင် ဘာကိုမျှ အမှတ်မရတော့ပေ။ ယောဂီနားနေချိန်ဖြစ်သည်။ တကယ်တမ်း တရား အားထုတ်လျှင် သုံးနာရီ လေးနာရီထက် ပိုပြီးအိပ်မနေသင့်ပေ။ လေးနာရီအိပ်လျှင် ကောင်းကောင်း လုံလောက်ပါသည်။

အိပ်ပျော်ရာက နိုးလာလျှင် နိုးလာကတည်းက "နိုးတယ်၊ နိုးတယ်"ဟု မှတ်ပြီးလျှင် "ဖောင်းတယ်၊ ပိန်တယ်"ဆက်မှတ်ရမည်။ အသံကြားလျှင် "ကြားတယ် ကြားတယ်" ဟုမှတ်၊ ပြီးတော့ "ဖောင်းတယ်၊ ပိန်တယ်" မှတ်၊ ဟိုဘက်သည်ဘက် စောင်းတာ ပြောင်းတာတွေကိုလည်း ပြုပြင်ချင်သည့် စိတ်ကူးကလေးကစပြီး "ပြင်ချင်တယ် ပြင်တယ်၊ စောင်းချင်တယ် စောင်းတယ်၊ လှည့်ချင်တယ် လှည့်တယ်၊ ကွေးချင်တယ် ကွေးတယ်"စသည်ဖြင့် မှတ်ရမည်။ ဘယ်အချိန်ရှိလိမ့်မလဲဟု စဉ်းစားလျှင်လည်း "စဉ်းစားတယ်"ဟု မှတ်ရမည်။

အိပ်ရာက ထဖို့ကြံလျှင် "ထချင်တယ် ထချင်တယ်"ဟု မှတ်၊ လက်ခြေပြင်တာ ခေါင်းထောင်ပြီး ထလာတာများကိုလည်း "ပြင်တယ် ပြင်တယ်" "ထတယ် ထတယ်"၊ ထိုင်တော့ "ထိုင်တယ်"၊ လက်ခြေပြင်တာများကိုလည်း "ပြင်တယ် ပြင်တယ်"ဟု မှတ်၊ ငြိမ်ငြိမ်လေးထိုင်နေပြီဆိုတော့ "ဖောင်းတယ်၊ ပိန်တယ်" မှတ်။

မျက်နှာသစ်၊ ရေချိုးစဉ်မှာလည်း မှတ်နိုင်သမျှ မှတ်ရမည်။ အဝတ်အစားဝတ်တာ၊ အိပ်ရာနေရာပြင်တာ၊ တံခါးပိတ်တာ ဖွင့်တာများကိုလည်း အားလုံး မှတ်ရမည်။

ထမင်းစားသည့်အခါ ထမင်းပွဲ ကြည့်တာကစပြီး "ကြည့်တယ်၊ မြင်တယ်" မှတ်။ ထမင်းပွဲဆီ လက်လှမ်းလျှင် "လှမ်းတယ် လှမ်းတယ်" ထမင်းနှင့် လက်ထိတော့ "ထိတယ်"၊ ထမင်းစုလျှင် "စုတယ်"၊ ထမင်းလုတ်ပြင်တော့ "ပြင်တယ်"၊ ထမင်းလုတ်ကိုဆုတ်ကိုင်တော့ "ကိုင်တယ် ကိုင်တယ်"၊ ထမင်းလုတ်ကို မြှောက်ပြီး ယူလာတော့ "ယူတယ် ယူတယ်"၊ ခေါင်းငုံ့တော့ "ငုံ့တယ်"၊ ခွံ့တော့ "ခွံ့တယ်၊"လက်ပြန်ချတော့ "ချတယ်"၊ ပန်းကန်ပြားနှင့်ထိတော့"ထိတယ်"၊ ခေါင်းပြန်ထောင်တော့"ထောင်တယ်"၊ ဝါးတဲ့အခါ အချက်တိုင်းကို"ဝါးတယ်၊ ဝါးတယ်"၊ အရသာကို သိတော့"သိတယ်၊ သိတယ်"၊ ကောင်းလျှင်"ကောင်းတယ်၊ ကောင်းတယ်"၊ မျိုချလိုက်တော့"မျိုတယ်၊ မျိုတယ်"ဟုမှတ်၊ ဤကား ထမင်းတစ်လုတ်စားတုန်း မှတ်ပုံတည်း။ နောက်ထမင်းလုတ်များကိုလည်း ထိုနည်းအတိုင်း မှတ်ရမည်။ ဟင်းရည် သောက်လျှင်လည်း ကြည့်တာမြင်တာ လက်လှမ်းတာ ဇွန်းကိုင်တာ ကော်တာ ခပ်တာ ယူလာတာ သောက်တာ မျိုချတာ အကုန်လုံး သူ့အမည်အတိုင်းမှတ်ရမည်။ ။

မှတ်ခါစတွင် မမှတ်လိုက်တာ မေ့သွားတာတွေ များစွာ ရှိလိမ့်မည်။ ကျင့်သားရလာသည့်အခါမှ အကုန်လုံးစေ့စပ်အောင် မှတ်နိုင်မည် ဖြစ်သည်။

ရှေးက ဘုရားရဟန္တာများ နိဗ္ဗာန်သွားခြင်းသည် ဤဝိပဿနာလမ်းကချည်း သွားခြင်း ဖြစ်သည်။ ဝိပဿနာ မပါဘဲ နိဗ္ဗာန်ကို မသွားနိုင်ကြ၊ တရားနာနေရင်း မဂ်ဖိုလ်နိဗ္ဗာန် ရရောက်သည်ဆိုရာ၌ နည်းနည်းတော့ ရှုမှတ်သွားသေးသည်။ ထို့ကြောင့် ဝိပဿနာဟူသည် ဘုရား ရဟန္တာ အရိယာများ၏ နိဗ္ဗာန်သွားလမ်းမကြီး ဖြစ်သည်။ သို့ဖြစ်၍ အပြည့်အစုံ အားထုတ်ပြီး နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျှင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

**တောင်ပုလုဆရာတော်၏ ဝိပဿနာရှုနည်း** ယောဂီသည် ထိုင်တာကို "ထိုင်တယ်"ဟု သိလျှင် ဝိဇ္ဇာ(အသိပညာ) ဖြစ်၏။ မသိလျှင် အဝိဇ္ဇာ(မသိမှု မောဟ)ဖြစ်၏။ ရပ်တာ သွားတာ အိပ်တာ စသည်တို့ကို သိလျှင် ဝိဇ္ဇာဖြစ်၏။ မသိလျှင် အဝိဇ္ဇာဖြစ်၏။

စားတာကို"စားတယ်"၊ သောက်တာကို "သောက်တယ်"စသည် ရှုမှတ်ပြီး သိလျှင် ဝိဇ္ဇာဖြစ်၏။ မသိလျှင် အဝိဇ္ဇာဖြစ်၏။ ထို့အတူ ကျင်ကြီးကျင်ငယ်စွန့်တာကို "စွန့်တယ် စွန့်တယ်"ဟု မှတ်ပြီး သိလျှင် ဝိဇ္ဇာ၊ မသိလျှင် အဝိဇ္ဇာ

ဖြစ်သည်။ ထို့နည်းအတူ ပြုပြုသမျှ အမူအရာအားလုံးကို သိအောင် မှတ်ရမည်။ ဤ၌ “အဝိဇ္ဇာ၊ မသိတာ၊ မောဟ” စကားလုံးတို့၏အဓိပ္ပာယ်သည် အတူတူ ဖြစ်သည်။ “ဝိဇ္ဇာ၊ သိတာ၊ အမောဟ”စကားလုံးတို့၏ အဓိပ္ပာယ်သည် အတူတူ ဖြစ်သည်။

အဝိဇ္ဇာဖြစ်လျှင် သင်္ခါရ (အကျိုးဆက်ကို ဆက်လက် ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံ) စသည်တို့ ဆက်ဖြစ်သဖြင့် သံသရာ ရှည်မည်။ ဝိဇ္ဇာ ဖြစ်လျှင်ကား အဝိဇ္ဇာချုပ်၏။ အဝိဇ္ဇာချုပ်လျှင် သင်္ခါရ စသော တရားတို့ ချုပ်ပြတ်ကာ သံသရာ ရပ်တော့သည်။

ထို့ကြောင့် ဝိဇ္ဇာဖြစ်အောင် မြင်တာ ကြားတာ နံတာ စားတာ စသော အာရုံများကို တွေ့ကြုံတိုင်း တွေ့ကြုံတိုင်း မြင်ကာမျှ စသည် သိအောင် ရှုမှတ်ရမည်။ အခြားအခြားသော စကားပြောတာ၊ ဆိတ်ဆိတ်နေတာ၊ ရှူတာ ရှိုက်တာ၊ ပိန်တာ၊ ဖောင်းတာ ဒေါသဖြစ်တာ၊ နမြောတာ စသည်ဖြင့် ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာ ဖြစ်ဖြစ်သမျှကို သိအောင် အမြဲမပြတ် ရှုမှတ်နေရမည်။ ထိုသို့ ရှုမှတ်နိုင်မှသာ သံသရာပြတ်ကြောင်း ဝိဇ္ဇာဖြစ်၍ မရှုမှတ်နိုင်က သံသရာ လည်ကြောင်း အဝိဇ္ဇာချည်း ဖြစ်နေလိမ့်မည်။

နာမ်ရုပ်ကို အမှန်ထင်မြင်လျှင် ပုထုဇဉ် ဖြစ်သော်လည်း ရဟန္တာလို ချမ်းသာစွာ နေနိုင်သည်။ သို့သော် ပုထုဇဉ်ဖြစ်၍ တဒင်္ဂ(တစ်ခဏမျှ)သာ နေနိုင်ခြင်း ဖြစ်သည်။ ထိုသို့ နာမ်ရုပ်ကိုအမှန်မြင်လျှင် မိစ္ဆာဒိဋ္ဌိ(၆၂)ပါးလည်း မဖြစ်နိုင်တော့ချေ။ ထို့ကြောင့် နာမ်ရုပ်ကို အမှန်အတိုင်း ပိုင်းခြားသိသောပုဂ္ဂိုလ်သည် သက္ကာယဒိဋ္ဌိ (ငါစွဲအမြင်)ကို ပယ်စွန့်နိုင်၍ ဉာဏ်အမြင်စင်ကြယ်ခြင်း ဖြစ်သည်။

ထို့ကြောင့် မြင် ကြား နံ စား ထိ သိ အာရုံများနှင့်တကွ ဈေးရောင်း ဈေးဝယ် လယ်လုပ် ယာလုပ် စသော မည်သည့်ကိစ္စကို ပြုပြု ပြုသမျှကို သတိ မလစ်စေဘဲ စွဲစွဲမြဲမြဲ ရှုမှတ်သင့်ကြပါသည်။ ။

## မိုးကုတ်ဆရာတော်၏ ဝိပဿနာရှုနည်း

တရားအား မထုတ်ခင် ကြိုတင်ပြုလုပ်ရမည့် အမှုကိစ္စ(၅)မျိုးရှိသည်။

၁။ တရားအားထုတ်စဉ်အတွင်း မိမိကိုယ်ကို ဘုရားအား လှူပါ၏ ဟု လှူထားရမည်။

၂။ ဆရာမိဘတို့ကို ကံသုံးပါးဖြင့် ပြစ်မှားမိခဲ့ပါက ထိုအပြစ်တို့ ပျောက်စေခြင်းငှာ ဝန်ချတောင်းပန် ကန်တော့ပါ၏ဟု ဆို၍ ကန်တော့ရမည်။

၃။ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ သာသနာတော် စောင့် နတ်နှင့်တကွ သတ္တဝါအပေါင်းတို့ ကျန်းမာ ချမ်းသာကြပါစေ ဟု မေတ္တာပို့ရမည်။

၄။ ရှေးဘဝ ယခုဘဝ ပြုသမျှ ကုသိုလ်ဒါနတို့သည် ငါအလိုရှိသော မဂ်ဖိုလ် နိဗ္ဗာန် ရောက်စေခြင်းငှာ-လျင်မြန်စွာ ကျေးဇူးပြုပါစေ သတည်း ဟု ဆိုရမည်။

၅။ ငါသည် ဘဝများစွာက သေခဲ့လှပြီ။ ယခုဘဝ မသေခင်မှာ တရား အားထုတ်မှပဲဟု သေခြင်းတရားကို ပွားများရမည်။

သမာဓိရရုံလောက်သာ သမထကို အားထုတ်ပြီး သမာဓိရလျှင် ဝိပဿနာ ပြောင်း၍ အားထုတ်ရမည်။ ဝိပဿနာ ပြောင်းခြင်းဟူသည် သမထ(သမာဓိ)လမ်းမှ ဝိပဿနာ(ပညာ)လမ်းကို စိတ်လွှတ်ပြီး ရုပ်နာမ်တို့၏ ဖြစ်ပျက်မှု လက္ခဏာကို ဆင်ခြင်နေခြင်းဖြစ်သည်။

တရားအားထုတ်ရန် တင်ပျဉ်ခွေ ထိုင်ရမည်။ ခါးကို ရှေ့မငိုက်၊ နောက် မငိုက်၊ ဘေး မစောင်းစေဘဲ ဖြောင့်ဖြောင့်မတ်မတ် ထားရမည်။ ကိုယ်ကို တောင့် မထားဘဲ ခပ်လျော့လျော့ ထိုင်ရမည်။ ခြေထောက်ချင်း ဖိညှပ်မထားဘဲ ကြာကြာ ထိုင်နိုင်သောနည်းဖြင့် ထိုင်ရမည်။ ယောဂီသည် နှစ်သက်ရာ ဣရိယာပုတ်(အိပ် ထိုင် ရပ် သွား)ဖြင့် ထိုင်နိုင်သည်။ သို့သော် ထိုင်ခြင်း ဣရိယာပုတ်က သမာဓိကို ရလွယ်စေသည်။

ယင်းနောက် ဝင်သက်ထွက်သက်ကို မှန်မှန် ရှူရှိုက်ရမည်။ ပြင်းပြင်းထန်ထန် မြန်မြန်ရှူရှိုက်လျှင် မိမိကိုယ်ကို ညှဉ်းဆဲရာ ကျလိမ့်မည်။ သို့ဖြစ်၍ မှန်မှန်နှင့်လေကို ဝအောင် ရှူရမည်။ နှာသီးဖျား၊ အထက်နှုတ်ခမ်း၊ ရင်ညွန့် ကြိုက်ရာနေရာမှာ စိတ်ကို ထားရမည်။ သတိမလစ်စေဘဲ ဝင်လေထွက်လေ ထိတာကို သိသိနေစေ ရမည်။ အခြားဘယ်အာရုံကိုမျှ စိတ်မရောက်စေရပါ။ ဝင်လေ ထွက်လေ ရှူသော အခါ နှာခေါင်းဖြင့် ရှူရမည်။ ပါးစပ်က ရှူရမည်။ နှာခေါင်းက ရှူသည့်အခါ ဘယ်ဘက်က ရှူတယ်၊ ညာဘက်က ရှူတယ်ဆိုတာတွေကို လိုက်နေရန် မလို။

သမာဓိရဖို့ သာ လိုသည်။ ဝင်လေကို ရှူသည့်အခါ နှာသီးဖျားအစ၊ ရင်ညွန့်အလယ်၊ ချက် အဆုံး ဝင်လေ ရောက်တာကို သိရမည်။ လေကို ထုတ်လိုက်သည့်အခါလည်း ချက် အစ၊ ရင်ညွန့်အလယ်၊ နှာသီးဖျားအဆုံး ထွက်လေကို သိရမည်။ ထိုသို့ အသိကို လိုက်ပြီး အားထုတ်လျှင် သမာဓိရနိုင်သည်။ (၁၅)မိနစ်ခန့်မျှနှင့်ပင် သမာဓိကို ထူထောင်နိုင်သည်။

ဤသို့ဖြင့် ရှုရှိုက်နေရာတွင် ရှုရှိုက်တာက ရုပ်၊ ရှုရှိုက်နေမှုကို သိတာက နာမ်ဟု သိခြင်းသည် နာမရူပပရိစ္ဆေဒ(နာမ်ရုပ်ကို ခွဲခြားသိမှု) ဉာဏ်ဖြစ်သည်။ ဝိသုဒ္ဓိလို ပြောရလျှင် ဒိဋ္ဌိဝိသုဒ္ဓိ(အမြင်စင်ကြယ်ခြင်း)ဖြစ်သည်။ အာရုံနှင့်သိမှတ်စိတ်ကို တည့်နေအောင် ရှုမှတ်ရမည်။ စဉ်းစား တွေးကြံမှု မပြုရ။ အခြားအာရုံ ဝင် မလာအောင် ထိန်းပေးရမည်။

ဤသို့ဖြင့် သမာဓိ အားကောင်းလာသည့်အခါ ဝိပဿနာကို ပြောင်းပြီး ရှုမှတ်ရမည်။ ဝိပဿနာဟူသည် နာမ်ရုပ်လက္ခဏာ ဖြစ်ပေါ်မှုကို ဆင်ခြင်ခြင်း ဖြစ်သည်။ ဤခန္ဓာသည် ပဋိသန္ဓေကစပြီး သေသည့်တိုင်အောင် မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်နေသည်။ တရားထိုင်တာ ကြာလာလျှင် ရုပ်ဖောက်ပြန်ပြီး ဝေဒနာ ပေါ်လာတတ်သည်။ ညောင်းလာလျှင် ညောင်းတာ ညောင်းမှန်းသိတာ နှစ်မျိုးကို ဖြစ်ပြီးပျက်သွားတာပဲဟု သိရမည်။ ထိုသို့ သိသည့်အခါ ညောင်းသည့် နာမ်နှင့် ညောင်းသည့်စိတ် မရှိတော့ဘဲ ချုပ်ပျောက်သွားကုန်ပြီဟု နောက်ဉာဏ်က သိရမည်။ ညောင်းတာကို ပြုပြင်မပေးသမျှ ပြောင်းရွှေ့ ပြုပြင်ချင်စိတ် ပေါ်လာလိမ့် မည်။ ထိုအခါ ဆန့်ချင်၊ ကွေးချင်၊ ပြောင်းချင်၊ ရွှေ့ချင်စိတ်ဖြစ်တာကို သိမှတ် ပါ။ ထိုသို့ သိချိန် ထိုဆန့်ချင်ကွေးချင်သောရုပ်နာမ်များ မရှိတော့တာကို ထပ်ပြီး သိမှတ်ပါ။ ဤသို့သိနေတုန်း အသံတစ်ခုကြားလိုက်လျှင် ကြားပြန်ပြီဟု သိမှတ်ပါ။ ဤသို့ တစ်ခုတစ်ခု ပေါ်လာတိုင်း ပေါ်လာတိုင်း သိပြီး ဖြစ်ပြီး ပျက်သွား ပျောက်သွားပါကလားဟု သိရမည်။

ဤသို့ အသိတရားတွေ ကျဲနေရာကနေ စိပ်သည်ထက် စိတ်လာတာကို ဉာဏ်ဖြင့် မှတ်ပါ။ တဖြည်းဖြည်း ရုပ်နာမ်တွေ တစ်ခုပြီးတစ်ခု ဖြစ်ပြီး ပျက် သွားတာကို သတိဖြင့် စိုက်ကြည့်က တွေ့လိမ့်မည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ပါဠိလို ရွတ်မနေဘဲ ဖြစ်ပြီး ပျက်သွားပါကလားဟု တစ်ခုတည်းကိုသာ သတိ ဖြင့် စိုက်ပြီး ကြည့်နေလျှင် ဆင်းရဲသည့်သဘော၊ အစိုးမရသည့်သဘောကို ပိုပြီး ထင်မြင်လာလိမ့်မည်။ ဤသို့ မိမိ ခန္ဓာကိုယ်မှာ ပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်တွေကို

ရှုကြည့်ဖန်များလာလျှင် မိမိခန္ဓာကိုယ်ကို ရွံ့မုန်းလာစိတ်၊ စွန့်လွှတ်ချင်စိတ် ဖြစ်လာလိမ့်မည်။ ဖြစ်ပျက်ဒုက္ခနှင့် မကင်းနိုင်ဘဲ အိုနာသေဒုက္ခများနှင့် တွေ့ကြုံရဦးမည်ဟု ကြောက်ရွံ့ပြီး မိမိခန္ဓာကိုယ်ကို ရွံမုန်းလာလိမ့်မည်။ ဖြစ်ပျက်ကို ရှုဖန်များလာလျှင် လောဘ၊ ဒေါသ၊ မောဟများ တဖြည်းဖြည်းခေါင်းပါးပြီး နောက်ဆုံးလွှင့်ပျောက်ခန်းခြောက်သွားသည်အထိ ဖြစ်ပျက်ဆုံးအောင် ပွားများအားထုတ်ရမည်။

ဖြစ်ပျက် ရှုဖန်များလာလျှင် ရုပ်နာမ်ကို ခွဲခြားသိသည့် နာမရူပပရိစ္ဆေဒဉာဏ်၊ ဤရုပ်နာမ်သည် အကြောင်းတရားကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားဖြစ်ပြီး အကြောင်းလည်း ဖြစ်ပျက် အကျိုးလည်း ဖြစ်ပျက်ဟု ဆင်ခြင်ကာ အကြောင်းကို သိမ်းဆည်းသိမြင်နိုင်သော ပစ္စယပရိဂ္ဂဟဉာဏ်၊ ရုပ်နာမ်တို့၏ ဖြစ်ပျက်ပုံကို မမြဲ ဆင်းရဲ အစိုးမရဟု ဆင်ခြင်သုံးသပ်သော သမ္မသနဉာဏ်၊ ဖြစ်ဆဲ ရုပ်နာမ်တို့၏ ခဏမစဲ တသဲသဲ ဖြစ်ပျက်နေမှုကို ရှုမြင်သော ဥဒယဗ္ဗယဉာဏ်၊ ထိုသို့ ရှုဖန်များလာသည့်အခါ အပျက်ကိုသာ သိမြင်သော ဘင်္ဂဉာဏ်၊ ရုပ်နာမ်တို့၏ ပျက်မှု ချုပ်မှုကိုသာ မြင်သဖြင့် ကြောက်ဖွယ်ဘေးကြီးဟု ထင်မြင်သော ဘယဉာဏ်၊ ချုပ်ပျက်မှု စသော အပြစ်တွေကိုသာ မြင်သော အာဒီနဝဉာဏ်၊ ရုပ်နာမ်ခန္ဓာကိုယ်ကို ငြီးငွေ့သော နိဗ္ဗိန္ဒဉာဏ်၊ ထိုရုပ်နာမ်သင်္ခါရတို့မှ လွတ်မြောက်လိုသော မုစ္စိတုကမျတာဉာဏ်၊ ရုပ်နာမ်တို့၏ မမြဲ ဆင်းရဲ အစိုးမရမှုကို အလွန်ထင်မြင်သော ပဋိသင်္ခါဉာဏ်၊ ရုပ်နာမ်သင်္ခါရတို့ကို မချစ်မမုန်း လျစ်လျူရှုသော သင်္ခါရုပေက္ခာဉာဏ်၊ ရှေ့ဉာဏ်၊ နောက်ဉာဏ်တို့ကို မမြဲ ဆင်းရဲ အစိုးမရသော သဘောဖြင့် အစမှအဆုံး၊ အဆုံးမှအစ ရှေ့ပြန် နောက်ပြန် ရှုပွားသည့်အခါ နှစ်ဉာဏ်လုံး သင့်လျော်သော အနုလောမဉာဏ်များ ဖြစ်ပေါ်လာလိမ့်မည်။

ဤသို့ စသည်ဖြင့် ဉာဏ်စဉ် အဆင့်ဆင့် တက်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်ရကာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပေလိမ့်မည်။ ။

## ပြည်မြို့ နိဗ္ဗိန္ဒတောရဆရာတော်၏ ဝိပဿနာရှုနည်း

### ထိုင်ပုံထိုင်နည်း

ယောက်ျား တင်ပျဉ်ခွေ၊ မိန်းမများ ကျုံ့ကျုံ့ထိုင်ရမည်။ ကိုယ်ကို ဖြောင့်ဖြောင့်ထားရမည်။ တစ်နာရီ ထိုင်မည်ဆိုလျှင် တစ်နာရီ မစေ့က မထဘဲ ထိုင်ရမည်။ တစ်နာရီ စေ့သောအခါ လျောင်းလျက် တစ်နာရီ၊ စင်္ကြံသွားလျက် တစ်နာရီ၊ ရပ်လျက် တစ်နာရီ၊လှည့်၍ ရှုမှတ်ရမည်။ ထိုသို့ ပြောင်းလဲရှုမှတ်မှသာ

ရေရှည် ရှုမှတ်နိုင်သည်။ ထိုင်၍ ရှုမှတ်သော ယောဂီသည် ညာဘက် လက်ချောင်းများကို ဘယ်ဘက် လက်ချောင်းများဖြင့် ပိုက်ရမည်။ (ဝါ) ဘယ်လက်ဖဝါးပေါ်မှာ ညာလက်ဖဝါး တင်ရမည်။

**ရှုမှတ်ပုံ**

ထွက်သက်ဝင်သက်ကို သုံးသပ်ရှုမှတ်နေရမည်။ ညောင်းညာကိုက်ခဲစသော ဝေဒနာ ပေါ်လာလျှင် ကြိတ်မှိတ်သည်းခံပါ။ ထွက်သက်ဝင်သက်ကို အာရုံစိုက် ရှုမှတ်လျှင် ထွေထွေလာလာ ဝေဒနာများ ပျောက်သွားလိမ့်မည်။

**ပထမ စတုက္က(ပထမလေးချက်)**

ကမ္မဋ္ဌာန်း ကြိုးစားအားထုတ်နေစဉ် ဈာန်မဂ် အရိပ်အရောင် မထင်လည်း အားမလျော့ဘဲ အားထုတ်မြဲ အားထုတ်ရမည်။ နှစ်နာရီ သုံးနာရီကြာအောင် ဆက်တိုက် ထိုင်နိုင်၊ အားထုတ်နိုင်လျှင် သမာဓိကောင်းကောင်း ဖြစ်ပြီ။ ကောင်းသည့် အာရုံပေါ်လည်း မနှစ်သက်ရ၊ မည်သည့်အာရုံမျှ မပေါ်၍လည်း မစိုးရိမ်ရ၊ အာရုံနိမိတ် ပေါ်ချင်ပေါ်၊ မပေါ်ချင်နေ၊ မိမိအလုပ်ကိုသာ မိမိ ကြိုးစားပြုလုပ်နေရမည်။ နှစ်နာရီ သုံးနာရီကြာအောင် ထွက်သက်ဝင်သက်ကို မှတ်နေနိုင်လျှင် အကောင်းဆုံးသမာဓိကို ရခြင်းဖြစ်ပြီး ပထမစတုက္က၏ ပထမစခန်းကို အောင်မြင်ခြင်းလည်း မည်ပါသည်။

ဒုတိယစခန်းကို ဆက်လက် အားထုတ်လိုသော ယောဂီသည် အသက်ရှူ အနေးအမြန် နှစ်ချက်ကို သိအောင် အားထုတ်ရမည်။ နှေးနှေးအသက်ရှူခြင်းကို အရှည်၊ မြန်မြန် အသက်ရှူခြင်းကို အတိုဟုခေါ်၏။ တစ်ထိုင်တည်း၌ ထွက်သက်ဝင်သက် နှေးသည့် အလှည့်ရှိသလို မြန်သည့်အလှည့်လည်း ရှိသည်။ နှေးလျှင် "နှေးတယ်"၊ မြန်လျှင် "မြန်တယ်"ဟု တစ်နာရီ နှစ်နာရီ မှတ်နေနိုင်အောင် အားထုတ်ရမည်။ ထိုသို့ နေနိုင်လျှင် ပထမစတုက္က၏ဒုတိယစခန်းကို အောင်မြင်ခြင်းဖြစ်သည်။

တတိယစခန်းကို ဆက်လက် အားထုတ်လိုလျှင် ထွက်သက်ဝင်သက်၏ စ,လယ်, ဆုံး သုံးချက်လုံးကို သိအောင် အားထုတ်ရမည်။

ချက်တိုင်က စ၍ ထွက်လေလာသည်ကို သိခြင်းသည် အစ၊ နှလုံးသားကို လေတိုးသွားတာကို သိခြင်းသည် အလယ်၊ နှာသီးဖျားကို လေတိုးသွားတာကို သိခြင်းသည် အဆုံးဖြစ်သည်။ "ထွက်သက် အစကား ချက်၊ ဝင်သက် အစကား

နာသီးဖျား"ဖြစ်၏။ နလုံးသားကို လေတိုးသွားသောအခါ နှုတ်ခမ်းဖျားနှင့် လေကို မှတ်ထုတ်လိုက်သလို နလုံးသားကို ထိသွားလိမ့်မည်။ ဉာဏ်နှင့်သိအောင်ကြည့်၊ ထင်ရှားလျှင် သိလိမ့်မည်။ စ, လယ်, ဆုံး ထင်ရှားလျက် တစ်နာရီ နှစ်နာရီ နေနိုင်လျှင် ပထမစတုက္က၏ တတိယစခန်းကို အောင်မြင်ခြင်း ဖြစ်သည်။

ဆက်လက် အားထုတ်နေစဉ်တွင် ထွက်သက်ဝင်သက်ကို သိမ်မွေ့ပြီး ရှာမတွေ့ဘဲ ဖြစ်တတ်သည်။ မတွေ့လည်း မရှာနှင့်၊ သိမ်မွေ့သည့်အနေနှင့် တစ်နာရီ နှစ်နာရီနေနိုင်လျှင် ပထမစတုက္က၏ စတုတ္ထစခန်းကို အောင်မြင်ခြင်း ဖြစ်သည်။

**ဝိပဿနာလမ်း**

ပထမစတုက္က (ပထမလေးချက်)ကို အောင်မြင်ပြီးနောက် ဒုတိယစတုက္က (ဒုတိယလေးချက်)ကို ဆက်လက် အားထုတ်လိုလျှင် အားထုတ်၊ ဆက်လက် အားမထုတ်ဘဲ (သမထမှ) ဝိပဿနာဘက် ကူးလိုလျှင် ထွက်သက်ဝင်သက်လေကို အနိစ္စ အနိစ္စ(မမြဲမမြဲ)ဟု ရှုမှတ်ဆင်ခြင်ရမည်။ ထိုသို့ ရှုဆင်ခြင်နေခိုက် ထွက်လေဝင်လေနှင့် ရုပ်စုရုပ်မှုန်များ တဖွားဖွား ပေါ်လာတတ်သည်။ အချို့တစ်ကိုယ်လုံးကို ရှာမတွေ့တော့ဘဲ ရုပ်စု ရုပ်မှုန်များကိုသာ တွေ့တတ်ကြသည်။ ရုပ်တရား ပေါ်လျှင် နာမ်တရားကို ဆက်ရှု၊ ရုပ်တရား နာမ်တရားနှစ်ပါး ထင်ရှားလျှင် ထိုရုပ်နာမ်နှစ်ပါးကို လက္ခဏာတင်၍ (အနိစ္စ=မမြဲ၊ ဒုက္ခ=ဆင်းရဲ၊ အနတ္တ=အစိုးမရ၊ ကိုယ်မဟုတ်ဟု ဆင်ခြင်၍) သုံးသပ်၊ ဤသို့ ဝိပဿနာ လမ်းစဉ်အတိုင်း ရှုမှတ်သွားက လမ်းစဉ်ဆုံးလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်လမ်းကို ဆက်၍ လိုက်က နိဗ္ဗာန်ကို တွေ့လိမ့်မည်။ နောက်မဆုတ်ဘဲ ဆက်လက်လိုက်ရမည်။

**ဒုတိယစတုက္က (ဒုတိယလေးချက်)**

ဈာန်ခန်းကို လိုက်လိုလျှင် ဒုတိယလေးချက်ကို ဆက်လက် အားထုတ်ရမည်။

ပထမ"ပီတိ (နှစ်သက်ခြင်း)ကို ထင်ရှားအောင် အားထုတ်မည်"ဟု ထွက်သက် ဝင်သက်ကို လွှတ်ရမည်။ ပီတိငါးမျိုး အသီးသီး ထင်ရှားလာလျှင် ဒုတိယ စတုက္က၏ ပထမစခန်း အောင်မြင်ခြင်းဖြစ်သည်။

ယင်းနောက်"သုခ (ချမ်းသာခြင်း)ထင်ရှားအောင် အားထုတ်မည်" ဟူသော စိတ်ထားဖြင့် ထွက်သက်ဝင်သက်ကို လွှတ်ရမည်။ သုခထင်ရှားလျှင် ဒုတိယ စတုက္က၏ဒုတိယစခန်းကို အောင်မြင်ခြင်း ဖြစ်သည်။

ယင်းနောက်"သညာ(မှတ်သားခြင်း)၊ဝေဒနာ(ခံစားခြင်း)တို့ကို ထင်ရှားအောင် အားထုတ်ရမည်"ဟူသောစိတ်ထားဖြင့် ထွက်သက်ဝင်သက်ကို လွှတ်ရမည်။ သညာ၊ ဝေဒနာ ထင်ရှားလျှင် ဒုတိယစတုက္က၏ တတိယစခန်းကို အောင်မြင်ခြင်းဖြစ်သည်။

ယင်းနောက်"သညာ၊ ဝေဒနာ ချုပ်သွားအောင် အားထုတ်မည်" ဟူသော စိတ်ထားဖြင့် ထွက်သက်ဝင်သက်ကို လွှတ်ရမည်။ သညာ၊ ဝေဒနာ ချုပ်ငြိမ်းသွားပြီး မေးမရ၊ ခေါ်မထူး ဖြစ်တတ်၏။ ဆရာကောင်းလိုသည်။ ထိုစခန်းကို ဆရာမရောက်ဖူးက တောင်ရမ်းမြောက်ရမ်းလုပ်၍ တရား ပျောက်တတ်သည်။ ဤသို့ သညာ ဝေဒနာ ချုပ်ငြိမ်းလျှင် ဒုတိယစတုက္က၏ စတုတ္ထစခန်းကို အောင်မြင်ခြင်းဖြစ်သည်။

ဤစတုတ္ထစခန်းမှနေ၍ ဝိပဿနာစခန်း တက်လိုလျှင် တက်၊ မတက်လိုလျှင် တတိယစတုက္ကကို ဆက်လက်အားထုတ်ရမည်။

**တတိယစတုက္က (တတိယလေးချက်)**

ယောဂီသည်"ငါ၏အဇ္ဈတ္တ(ကိုယ်တွင်း)ရှိစိတ်ကို ထင်ရှားသိသာအောင် အားထုတ်မည်"ဟူသောစိတ်ထားဖြင့် ထွက်သက်ဝင်သက်ကို လွှတ်ရမည်။ မကြာမီ သုခ (ချမ်းသာခြင်း)၊ သညာ(မှတ်သားခြင်း)၊ ဝေဒနာ (ခံစားခြင်း)တို့ ထင်ရှားလာလိမ့်မည်။ ယင်းသို့ ထင်ရှားခြင်းသည် စိတ်ထင်ရှားခြင်း ဖြစ်၏။ တတိယစတုက္က၏ ပထမစခန်းကို အောင်မြင်ခြင်း ဖြစ်သည်။

ယင်းနောက်"ငါ၏ ကိုယ်တွင်းရှိ စိတ်ကို ရွှင်လန်းအောင် အားထုတ်မည်" ဟူသော စိတ်ထားဖြင့် ထွက်သက်ဝင်သက်ကို လွှတ်ရမည်။ မကြာမီ စိတ်ရွှင်လန်းလာပြီး ဣန္ဒြေ မဆယ်နိုင်အောင် ဖြစ်တတ်သည်။ ဤကား တတိယ စတုက္က၏ ဒုတိယစခန်းကို အောင်မြင်ခြင်း ဖြစ်သည်။

ယင်းနောက် "ကိုယ်တွင်းရှိ စိတ်ကို သိသိသာသာ ထင်ထင်လင်းလင်း ဖြစ်လာအောင် အားထုတ်မည်"ဟူသော စိတ်ဖြင့် ထွက်သက်ဝင်သက်ကို လွှတ်ရမည်။ စိတ်ကြည်လင်လာလိမ့်မည်။ တရား၏ချမ်းသာကို ပြောမပြနိုင်လောက်အောင် ခံစားရတတ်၏။ စိတ်သည် ကိုယ်ထဲမှာထားလျှင် အပြင်မထွက်၊ ခန္ဓာကိုယ်သည် ကျောက်တိုင် ကျောက်ခဲလို မတုန်မလှုပ် တည်ရှိနေတတ်သည်။ ထိုသို့ဖြစ်လျှင် တတိယစတုက္က၏ တတိယစခန်းကို အောင်မြင်ခြင်းဖြစ်သည်။

ယင်းနောက် "ငါသည် စိတ်နှင့် အကုသိုလ်ကင်းသွားအောင် ထွက်သက်ဝင်သက်ကို လွှတ်မည်"ဟုကြံ၍ ထွက်သက်ဝင်သက်ကို လွှတ်ရမည်။ ထိုအခါ ဆန့်ကျင်ဘက်တရားများ ကင်းလွတ်သွားလိမ့်မည်။ စိတ်ကြည်လင်အေးမြ သန့်ရှင်းသွားလိမ့်မည်။ ထိုသို့ဖြစ်ခြင်းသည် တတိယစတုက္က၏ စတုတ္ထစခန်းကို အောင်မြင်ခြင်း ဖြစ်၏။

## စတုတ္ထ စတုက္က(စတုတ္ထလေးချက်)

ယင်းနောက် "ခန္ဓာငါးပါးတွင် တစ်ပါးပါးကို အာရုံပြု၍ မမြဲခြင်းကို သတိထားပြီး" ထွက်သက်ဝင်သက်ကို လွှတ်ရမည်။ ထိုသို့ လွှတ်လျှင် မကြာခင် ခန္ဓာငါးပါး၏ မမြဲပုံ ပေါ်လာလိမ့်မည်။ ထိုသို့ပေါ်လာခြင်းသည် စတုတ္ထစတုက္က၏ ပထမစခန်းကို အောင်မြင်ခြင်းဖြစ်သည်။

ယင်းနောက် "ခန္ဓာငါးပါး၌ နှစ်သက် သာယာစိတ် မရှိအောင် ပြုမည်" ဟုကြံ၍ ထွက်သက် ဝင်သက်ကို လွှတ်ရမည်။ ထိုအခါ နှစ်သက်သာယာစိတ် ကင်းသောဉာဏ် ပေါ်လိမ့်မည်။ ဤကား စတုတ္ထ စတုက္က၏ ဒုတိယစခန်းကို အောင်မြင်ခြင်းဖြစ်သည်။

ယင်းနောက် "ခန္ဓာငါးပါးကို ချုပ်ငြိမ်းသွားအောင် အားထုတ်မည်"ဟု ကြံ၍ ထွက်သက်ဝင်သက်ကို လွှတ်ရမည်။ ထိုအခါ ခန္ဓာငါးပါး ချုပ်ငြိမ်း၍ အအေးကြီး အေးသည့်ဉာဏ် ပေါ်လိမ့်မည်။ ဤကား စတုတ္ထ စတုက္က၏ တတိယ စခန်းကို အောင်မြင်ခြင်း ဖြစ်သည်။

ယင်းနောက်"ခန္ဓာငါးပါးနှင့် ကိလေသာတို့ကို ပယ်စွန့်မည်"ဟု ကြံ၍ ထွက်သက်ဝင်သက်ကို လွှတ်ရမည်။ ထိုအခါ မကြာမီ ခန္ဓာငါးပါးနှင့် ကိလေသာများကို ပယ်စွန့်နိုင်သော ဉာဏ်ပေါ်လာလိမ့်မည်။ ယောဂီ၏စိတ်သည် နိဗ္ဗာန်သို့ ပြေးဝင်သော စိတ်ဖြစ်လျှင် စတုတ္ထ စတုက္က၏ စတုတ္ထစခန်းကို အောင်မြင်ခြင်း ဖြစ်သည်။

စီးဖြန်းပုံ ၁၆–ပါး ပြီး၏။ ။

**ကသစ်ဝိုင် ဆရာတော်၏ ဝိပဿနာရှုနည်း** မျက်လုံးမှိတ်၍ စိတ်ကို ရင်မှာ ထားရမည်။ ယင်းနောက် ပေါ်တာကို မှတ်ရမည်။ ပေါ်တာ ငါးမျိုး ရှိသည်။ ပူတာ၊ အေးတာ၊ လှုပ်တာ၊ ဆင်းရဲတာ၊ ချမ်းသာတာတို့ ဖြစ်သည်။ ပေါ်တာက ရုပ်၊ ပေါ်တာကို သိတာက

နာမ်၊ ရုပ်ထဲမှာ နာမ်မရှိ၊ နာမ်ထဲမှာ ရုပ်မရှိ၊ ပေါ်တိုင်းသိ၊ ပေါ်တိုင်းသိ၊ ဤသို့ ပေါ်တာနှင့် သိတာ ဆုံဆုံသွားအောင် ရင်ကနေ စိတ်ဖြင့် မှတ်ရမည်။

ပေါ်တာ ငါးမျိုးတို့တွင် ပူတာနှင့်အေးတာ၊ ချမ်းသာတာနှင့် ဆင်းရဲတာ မတည့်၍ တစ်ခုပေါ်လျှင် တစ်ခု မပေါ်နိုင်ပေ။ တစ်ပြိုင်နက် ပေါ်နိုင်သောတရားကား ပူလှုပ်ဆင်းရဲ၊ ပူလှုပ်ချမ်းသာ၊ အေးလှုပ်ဆင်းရဲ၊ အေးလှုပ်ချမ်းသာ၊ ဤသုံးမျိုးသာ ဖြစ်သည်။

ပူတာ ပေါ်သည့်အခါ နည်းနည်းပူ၊ များများပူ၊ တိုးတိုးပြီးပူ၊ လျော့လျော့ပြီးပူ၊ မတိုးမလျော့ တန့်နေသည့်အပူ၊ ဤသို့ အပူအမျိုးမျိုးရှိရာတွင် မည်သို့ပူပူ၊ ပူလာလျှင် လှုပ်နေတာ ပါတတ်သည်။ မခံသာလျှင် ဆင်းရဲမှု၊ ခံသာလျှင် ချမ်းသာမှု ပါတတ်သည်၊

မည်သို့ပင် အေးအေး၊ အေးတာ ပေါ်သည့်အခါ လှုပ်တာပါ ပေါ်တတ်သည်။ မခံသာလျှင် ဆင်းရဲမှု၊ ခံသာလျှင် ချမ်းသာမှုလည်း ပါတတ်သည်။

ထိုသို့ သုံးမျိုးတွဲ ပေါ်တတ်သော်လည်း ပူတာ ထင်ရှားလျှင် ပူတာ၏ ဖြစ်ပျက်ရှု၊ လှုပ်တာ ထင်ရှားလျှင် လှုပ်တာ ဖြစ်ပျက်ရှု၊ ဆင်းရဲတာ ထင်ရှားလျှင်၊ ဆင်းရဲတာ၏ ဖြစ်ပျက်ရှု၊ ချမ်းသာတာ ထင်ရှားလျှင် ချမ်းသာတာ၏ ဖြစ်ပျက်ရှုရမည်။ မထင်ရှားတာကို ထင်ရှားအောင်ကား လိုက်မလုပ်ရ။ ပေါ်လာမှသာ ပစ္စုပ္ပန် ပေါ်တုန်းပေါ်ခိုက်ကို ရှုမှတ်ရမည်။

တရားထိုင်လျှင် ဖြစ်ပျက် မြင်ရန် ကြာကြာထိုင်ရမည်။ ခဏခဏ မပြင် မပြောင်းဘဲ ကြာကြာထိုင်ရမည်။ နာရီဝက် တစ်နာရီ ထိုင်မည်ဟု အဓိဋ္ဌာန်ပြီး အဓိဋ္ဌာန်မဖျက် မပြင်မပြောင်းဘဲ မှတ်ရမည်။ ကြာကြာမှတ်လျှင် ခန္ဓာမှာပြောင်းလဲ ဖြစ်ပျက်နေပုံကို ကောင်း မြင်ရမည်။

စိတ်ကို ရင်မှာထားပြီး ပေါ်တာ ငါးမျိုးကို မှတ်နေစဉ် နည်းနည်းကြာသွားလျှင် ခန္ဓာကိုယ် အောက်ပိုင်းမှာ ပူလာတတ်သည်။ အပူတွေ့လျှင် အရှိန်ကလေးလည်း ပါတတ်သည်။ အခိုးအငွေ့လည်း ထတတ်သည်။ အရှိန်အခိုးကို အောက်ပိုင်းမှ စပေါ်ပြီး အထက်ကို တဖြည်းဖြည်း တက်တတ်သည်။ အပူရှိန် အပူခိုး မီးဓာတ်က ဖုတ်၊ လေဓာတ်က မှုတ်ပြီး တလှုပ်လှုပ် တရွရွ တစစ်စစ် တဖျစ်ဖျစ်နှင့် ပြောင်းလဲဖြစ်ပျက်ပုံအမျိုးမျိုးတို့ ခန္ဓာကိုယ်မှာ ပေါ်တတ်သည်။ ထိုသို့ ပေါ်လျှင် ယောဂီသည် အားသန်ရာကို နိုင်အောင် မှတ်ရမည်။ အပူသန်လျှင် ပူသိပျက်၊

အအေးသန်လျှင် အေးသိပျက်၊ အရှိန်းသန်လျှင် ရှိန်းသိပျက်၊ စစ်စစ်သန်လျှင် စစ်သိပျက်၊ ရွရွအားသန်လျှင် ရွသိပျက် ဟူ၍ ခန္ဓာမှာ ပေါ်တာနှင့် သိပျက်ကို ကပ်လိုက်ရသည်။ ထိုသို့ ကပ်ကပ်သွားလျှင် ပေါ်တာနှင့် သိပျက်တို့ ထင်ရှားလာတတ်သည်။ ဤကား နာရိဝက် တစ်နာရီ ထိုင်မည်ဟု အဓိဋ္ဌာန်ပါရမီ ကူပေးလိုက်သည့်အကျိုးပင် ဖြစ်သည်။

ကျဉ်တာ ပေါ်လျှင် ကျဉ်သိပျက်ဟု သိပျက်ကပ်၊ ထုံတာပေါ်လျှင် ထုံသိပျက်ဟု သိပျက်ကပ်၊ ကိုက်တာ နာတာ ပေါ်လျှင်လည်း သိပျက်ကပ်ပေး။ အေးတာ၊ စိမ့်တာ၊ စိတ်ချမ်းသာတာ ဘာပဲပေါ်ပေါ် ပေါ်တာမှန်သမျှကို သိပျက် ကပ်ပေး၊ ထိုသို့ သိပျက်ကပ်ပြီး မှတ်လျှင် တရားကို မြင်နိုင်သည်။

ဆိုခဲ့သည့်အတိုင်း ဘာမျှမမြင်လျှင် အသက်ရှူသည့်အခါ လှုပ်တာကိုမှတ်၊ အသက်တစ်ခါရှူလျှင် ဗိုက်ဖောင်းသည်။ ရှိုက်လိုက်လျှင် ဗိုက်ပိန်သည်။ ပေါင်ရင်းကို စိတ်ကပ်ထား၊ ရှိုက်လိုက်၍ လေထွက်စဉ် ပေါင်ရင်းက ရှိန်းခနဲ ရှိန်းခနဲ ပေါ်တတ်သည်။ ပေါင်ရင်းက ရှိန်းခနဲရှိန်းခနဲ တိုးတိုးလာလျှင် ပေါင်ရင်း ပေါင်လယ် ဒူး ခြေသလုံး ခြေမျက်စိ ခြေဖဝါးထိအောင် တစ်ချက်ရှိုက်လိုက်တိုင်း ရှိန်းခနဲရှိန်းခနဲ အပူထုတ်သလို နေတတ်သည်။ ထိုသို့ဖြစ်လျှင် အောက်ပိုင်းသည် ရွရွဖြစ်စေ၊ ရှိန်းရှိန်းဖြစ်စေ၊ ဖျဉ်းဖျဉ်း စစ်စစ်ဖြစ်စေ၊ ဟုန်းခနဲ ဖျဉ်းခနဲ ကြက်သီး ထသလို ဖြစ်စေ မျိုးစုံပေါ်နေတတ်သည်။ ဤကား အသက်ရှူလေနှင့် ပတ်သက်၍ သိမှတ်ရာမှာ ဖြစ်ပေါ်ပုံ ဖြစ်သည်။

အိပ်လျက် စင်္ကြံလျှောက်လျက်လည်း မှတ်ရမည်။ ဘယ်လှမ်းလျှင် ဘယ်ခြေသို့ စိတ်ဖြန့်၊ ကြွတုန်း ပေါ်တာမှတ်၊ မြှောက်တုန်း ပေါ်တာမှတ်၊ အောက်ချလိုက်တုန်း ပေါ်တာမှတ်၊ ညာလှမ်းလျှင် ညာခြေသို့စိတ်ဖြန့်၊ ကြွတုန်း ပေါ်တာမှတ်၊ မြှောက်ထားတုန်း ပေါ်တာမှတ်၊ အောက်ချလိုက်တုန်း ပေါ်တာမှတ်။

လမ်းတိုလျှင် ဆယ်ခေါက်လောက် မှန်းလျှောက်၊ လမ်းရှည်လျှင် ငါးခေါက်လောက် မှန်းလျှောက်၊ ပေါ်တာကို မြင်မြင် မမြင်မြင် လျှောက်ရမည်။ လျှောက်ပြီးလျှင် နှစ်မိနစ်လောက် ရပ်လိုက်ရမည်။ ယင်းနောက်ဆက်လျှောက် ငါးခေါက်၊ ဆယ်ခေါက်ပြီးပြန်လျှင် နှစ်မိနစ်ရပ်၊ ထိုသို့ လျှောက်ရာက မလျှောက်နိုင်တော့ဘူး ဆိုလျှင် အိပ်ရာထဲသွား စောင်ဖြစ်စေ၊ သင်္ဖြန်းဖြစ်စေ ခြုံ။ ပက်လက်အိပ်၊ မျက်လုံးမှိတ်ပြီး အထက်ကနေ အောက်ခြေဖဝါးထိ စိတ်စိုက်၊ ခွေးသေကောင်ပုပ် လင်းတဆွဲသလို တရွရွ တဖွဖွ တဖျစ်ဖျစ် တလှစ်လှစ် တစစ်စစ်နှင့် အိုက်စပ်စပ်

ဝေဒနာကို ညနေပိုင်းမှာ ကြုံရတတ်သည်။ နေ့လယ်ပိုင်းဆိုလျှင် ချွေးများပင် ထွက်လာတတ်သည်။ နွေရာသီဆို သာပြီး ချွေးတစိုစို ဖြစ်လာတတ်သည်။

ထို့ပြင် လက်ကို ကွေးသည့် ဆန့်သည့်အခါ ပေါ်တာမှတ်ပြီး ကွေးရ ဆန့်ရမည်။ ခြေထောက်နှင့် ကိုယ်ခန္ဓာတို့ကိုလည်း ပေါ်တာမှတ်ပြီး ကွေးရဆန့်ရ မည်။ သတိမလွတ်စေရ၊ သတိလွတ်လျှင် သူ့နေရာသူ ပြန်ထား။ အမှတ်ဖြင့် ပြန်ကွေး ပြန်ဆန့်ရမည်။ ဘာကို ကိုင်ကိုင် ပေါ်တာမှတ်ပြီး ဖြည်းဖြည်းကိုင်ရမည်။

ရေချိုးသည့်အခါ ပူတာပျောက်ပြီး အေးတာ ရောက်တာတွေ၊ ရေချိုးပြီးလျှင် အအေးဓာတ်ပျောက် အနွေးဓာတ် ပြန်ရောက်တာတွေ မှတ်ရမည်။

စားသည့်အခါ လက်ဖက်ရည် သောက်သည့်အခါ လက်ကိုင်လျှင် လက် ကို စိတ်ဖြန့်၊ ခွံ့လျှင် ဝါးလျှင် ပါးစပ်ထဲ စိတ်ဖြန့် မှတ်ရမည်။ ပါးစပ်အမူအရာ ဖြစ်ပုံ၊ ဟပုံများကို မှတ်ရမည်။ ပါးစပ်ကို လေနှင့်ဟခြင်း ဖြစ်၏။ ဟပါများတော့ မီးပါလာသည်။ မီးနှင့်လေ ပေါင်းလိုက်တော့ စားတုန်းမှာ ရှိန်းခနဲ ရှခနဲ ဖျဉ်းခနဲ စစ်ခနဲ စသည်ဖြင့် ပေါ်လာသည်။ ထိုသို့ပေါ်လာလျှင် ရှရှနှင့်စား၊ ဖျဉ်းဖျဉ်းနှင့်စား၊ စစ်စစ်နှင့်စား၊ လုပ်လုပ်နှင့်စား၊ အပူနှင့်စား၊ အပူဆိုလည်း ဖြစ်ပြီးပျက်၊ အအေး ဆိုလည်း ဖြစ်ပြီးပျက်၊ လှုပ်ရှားဆိုလည်း ဖြစ်ပြီးပျက်၊ ဖြစ်ပျက်နှင့် စားရမည်။ အမြင်လည်း သန်မည်ဆိုလျှင် စားတုန်း မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်။ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ဖြစ်နိုင်သည်။

ဘာပဲ လုပ်လုပ် အမှတ်မပျက်စေဖို့လို၏။ အမှတ်လွတ်လျှင် အသိကျဲမည်။ ဘာပဲပေါ်ပေါ် ပေါ်တာနှင့် သိနေရမည်။ ပေါ်တာအစ သိတာအလယ် ပျက်တာ နောက်ဆုံး ဖြစ်၏။ နိဗ္ဗာန်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် မြင်ချင်လျှင် ခန္ဓာထဲမှာ ဖြစ်ပျက်ကို နာနာမှတ်ကြရမည်။

မငိုက် မသမ်း မဝေ မပျင်းဘဲ တစ်မိနစ်မှာ မှတ်စိတ် (၆၀)ရပြီး အမှတ် စိပ်စိပ်နှင့် မြန်လာမည်ဆိုလျှင် မှတ်စိတ်ဆုံးက နိဗ္ဗာန်ကို မြင်ရတော့မည် ဖြစ် သည်။ ။

**တေဘူဆရာတော်၏ဝိပဿနာရှုနည်း** နာဖျား နာဝမှာ ထွက်လေဝင်လေသည် အမြဲတိုက်ဝင် တိုက်ထွက်နေသည်။ နာ ဖျား နာဝမှာ ကာယပသာဒခေါ် ရုပ်အကြည်ဓာတ်က အထိခံနေသည်။ ဝင်လေ ထွက်လေက ထိလာခြင်း ဖြစ်သည်။ ထိုအထိခံနှင့် ထိတာသည် ရုပ်ချည်း ဖြစ်ပြီး

ထိတာကို သိတာက နာမ်ဖြစ်သည်။ ကိုယ့်နာ၀ကို ဉာဏ်ဖြင့် စောင့်ကြည့်ရမည်။ ထိဝင် ထိထွက်တာကို သိနေစေရမည်။ သိအောင် မှတ်နေရမည်။ ထိုသို့ ထိတာကို သိလျှင် လောဘ ဒေါသ မောဟဖြစ်ခွင့် မရသဖြင့် ငြိမ်းနေသည်။

ဝိပဿနာဟူသည် ပစ္စုပ္ပန်(ဖြစ်ဆဲ)ကိုသာ ရှုမှတ်ရသည်။ နှာ၀ကို ဝင်လေထွက်လေ မထိခင် မှတ်၍လည်းမဖြစ်။ သိ၍လည်းမဖြစ်၊ ထိပြီးနောက်မှ မှတ်၍ သိ၍မဖြစ်၊ ဝင်လေထွက်လေ ထိဆဲကိုသာ "ထိတယ်"ဟု သိနေအောင် မှတ်ရသည်။ ထိတာကို သိနေလျှင် ရုပ်နှင့်နာမ်သာ ရှိကြောင်း၊ ငါ သူတစ်ပါး ယောကျာ်းမိန်းမ မရှိကြောင်း သူတစ်ပါးကို မေးနေဖွယ်မလို။ မိမိဘာသာ သိလာလိမ့်မည်။

ထိတာကို သိနေလျှင် ဉာဏ်အမြင် စင်ကြယ်ပြီး သမ္မာဒိဋ္ဌိ (အမြင်မှန်) ဖြစ်နိုင်သည်။ ထိုသို့ ထိတာကို သိနေလျှင် ရုပ်နှင့်နာမ် ကွဲပြားမှုကိုပါ ဉာဏ်ဖြင့် သိလာတတ်သည်။ ထိုသို့ သိသော ဉာဏ်ကို နာမရူပပရိစ္ဆေဒ (ရုပ်နှင့်နာမ်ကို ခွဲခြားသိမှု)ဉာဏ် ဟု ခေါ်သည်။

နှာဖျား နှာ၀မှာ ထိလိုက် ပျောက်လိုက် တရိပ်ရိပ် ဖြစ်ပျက်နေပုံကို ရှုမှတ် သိမြင်နေရမည်။ ထိုသို့ သိမြင်နေတာ ကြာလာလျှင် ဝိပဿနာ သမာဓိ တစ်စထက်တစ်စ တိုးတက်ပြီး နှာဖျားနှာ၀မှာသာမက တစ်ကိုယ်လုံးမှာ တရိပ်ရိပ် တရွရွ ဖြစ်ပျက်နေတာကို တွေ့ရှိပေလိမ့်မည်။ ထိုအခါ အနိစ္စ (မမြဲမှု) ဒုက္ခ (ဆင်းရဲမှု)နှင့် အနတ္တ (မိမိ မစိုးပိုင်မှု)သဘောတို့ကို သိမြင်လာလိမ့်မည်။ ပါးစပ်က မဆိုရပေ။ ဝိပဿနာအလုပ်ဟူသည် ထိမှုကို ကြည့်ရှုသိမှတ်နေရုံသာ ဖြစ်သည်။ ထိုသို့ ရှုမှတ်နေလျှင် တစ်နေ့ထက်တစ်နေ့ တိုးတိုးပြီး အလိုလို သိလာမည် ဖြစ်သည်။ ဤသို့ဖြင့် တရိပ်ရိပ်ဖြစ်ပေါ်သော ထိမှု သိမှုတို့ကို ရှုမှတ်နေရင်းပင် မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ ဆိုက်ရောက်လာမည် ဖြစ်သည်။

မဂ်ဉာဏ်ဖိုလ်ဉာဏ် ရပြီးနောက် ဖလသမာပတ်ကို ဝင်စားချင်လျှင် မိမိလာခဲ့သည့် ဝိပဿနာလမ်းကို ပြန်ကြည့်ရသည်။ ဖလသမာပတ်ဟူသည် ကိုယ်ပိုင်အိမ်နှင့် တူပေသည်။

သို့ဖြစ်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရရှိရန် ထိမှုသိမှုကို လုံ့လဝီရိယဖြင့် ကြည့်ရှု မှတ်သားနေကြရမည်။ ။

**အနာဂါမ်ဆရာသက်ကြီး၏ဝိပဿနာရှုနည်း** ရှေးဦးစွာ ဘုရား တရား သံဃာ ဆရာ မိဘနှင့် ပြစ်မှားမိသူများကို ကန်တော့ရမည်။ ယင်းနောက် သီလတစ်မျိုးမျိုးကို ဆောက်တည်ပြီး သတ္တဝါများကို မေတ္တာပို့ရမည်။ မေတ္တာပို့ပြီးလျှင် ဆင်းတုတော် မြတ်စွာဘုရားထံမှာ ကမ္မဋ္ဌာန်းကို ပေးသနားရန် တောင်းပန်ပြီး ကြာကြာထိုင်နိုင်သည့် နည်းဖြင့် ထိုင်ရမည်။

ယောဂီသည် သမာဓိ ထူထောင်ရန် သမထကို ရှေးဦးစွာ ကျင့်ရမည်။ ထွက်သက် ဝင်သက်ကို ပကတိအတိုင်း ရှူ၍ စိတ်ကို နှာသီးဖျားမှာ ထားရမည်။ နှာသီးဖျားကို ထွက်လေ ဝင်လေ တိုးတိုင်း သိသိနေအောင် သတိထား ရှုမှတ်ရမည်။ ငါ အပါယ်တံခါး ပိတ်လိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့် ထက်ထက်သန်သန် ရှုမှတ်နေရမည်။ ညောင်းအားကြီးလျှင် နေရာ ပြင်နိုင်သည်။

ရှုဖန်များလျှင် နိမိတ်တစ်ခုခု မြင်လာတတ်၏။ နှာသီးဖျားကို တိုးသော ထွက်လေ ဝင်လေကို သိအောင် ရှုမှတ်ဖန်များသောအခါ ထွက်လေ ဝင်လေသည် လေမြောင်းကြီးပမာ ' ဖြစ်ပေါ်ဟန် ထင်မြင်လာတတ်သည်။ ထွက်လေသည် နှာသီးဝ အပြင်သို့ တစ်ထွာတစ်တောင် ရှည်ထွက်သွားပုံ၊ ဝင်လေသည် ချက်ထိအောင် ရောက်သွားပုံတို့ကို ထင်မြင်တတ်သည်။ နှာသီးဝမှာ ထွက်လေ ဝင်လေသည် မီးခိုးမြူလို၊ တစ်ခါတစ်ခါ အဖြူခိုးနှင့် ရောလျက် ရွှေမှုန့် ငွေမှုန့်လို၊ တစ်ခါတစ်ခါ ပုလဲလုံးလေးလို အချို့ယောဂီများ ထင်မြင်တတ်ကြသည်။ သမာဓိရင့်လာလျှင် ပုလဲလုံးလေးများ အရောင်တောက်လာပြီး ထိုအရောင်ဖြင့် ဝမ်းထဲရှိ အရာများကိုပင် မြင်တတ်သည်။ အခြား အာရုံနိမိတ်များကိုလည်း မြင်တတ်သည်။ ထိုနိမိတ်တစ်ခုခု ပျောက်သွားလျှင် နှာသီးဝက ထွက်လေ ဝင်လေ ပြန်မှတ်ရမည်။ ထိုထင်လာသော နိမိတ်များကိုမူ နှစ်သက် ကျေနပ်မနေရပေ။ နိမိတ်ကို နှစ်သက်ကျေနပ်ပြီး မိမိကိုယ်ကို အထင်ကြီးနေလျှင် ကမ္မဋ္ဌာန်းအလုပ်ကို အနှောင့်အယှက် ဖြစ်တတ်သည်။

ထိုသို့ တွေ့သော နိမိတ်အမျိုးမျိုးကို ဥဂ္ဂဟနိမိတ် (ကြွတက်လာသော အာရုံ) ဟု ခေါ်သည်။ ထိုနိမိတ်များမှ ထင်ရှားသော ဂုံညင်းခန့် ဥသျှစ်သီးခန့် နိမိတ်တစ်လုံးလုံးကို နှာသီးဖျားနှင့် တစ်တောင်ခန့်နေရာမှာ မြင်အောင် မျက်စိမှိတ်လျက် အာနာပါနကို ရှု၊ ထိုနိမိတ်လုံးသည် အစတွင် မိမိထားလိုသော နေရာမှာ ရောက်လာသလိုလို ပျောက်သွားသလိုလို ထင်တတ်သည်။ ကြာသောအခါ မပျောက်တော့ဘဲ မျက်စိဖွင့်ကြည့်လျှင်ပင် မြင်နေတတ်၏။ သို့ရာတွင် မျက်စိ

မှိတ်၍ စိတ်ဖြင့် မြင်အောင် ကြည့်ရသည်။ ကြည့်ဖန်များလျှင် သမာဓိခိုင်မြဲပြီး နိမိတ်လုံးသည် နေလအရောင်ထက်ပင် လင်းထိန်အေးမြလာတတ်သည်။ ထိုနိမိတ်သည် မိမိရှေ့မှာ တည်ငြိမ်နေလိမ့်မည်။ ထိုနိမိတ်ကို ပဋိဘာဂနိမိတ် (သမထရှုရာတွင် နောက်ဆုံးထင်သောအာရုံ)ဟု ခေါ်သည်။

ထိုပဋိဘာဂနိမိတ်ကို ကြည့်ရှုနေလျှင် ကြာလေ ထင်ရှားလေ၊ ငြိမ်သက်အေးချမ်းလေ ဖြစ်ပြီး ပီတိ (နှစ်သက်မှု)ဖြစ်လာလိမ့်မည်။ ပီတိဖြစ်လျှင် သုခ (ချမ်းသာမှု)ဖြစ်၏၊ ထိုသို့ သုခဖြစ်လျှင် ဧကဂ္ဂတာ (ခိုင်မြဲတည်တံ့မှု)ဖြစ်သည်။ ထိုအခါ ထိုပဋိဘာဂအာရုံနိမိတ်ကို မြင်သည်မှတစ်ပါး အခြား ဘာကိုမျှ မမြင်တော့ပေ။ သို့ဖြစ်၍ ဈာန်အင်္ဂါ ငါးပါး (ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ) ပြည့်စုံပြီး ပထမဈာန်ဇော ကျလေသည်။ ထိုပဋိဘာဂနိမိတ်ကို ကြည့်မြင်နေသော ယောဂီမှာ သဘောတရားငါးမျိုး ပါဝင်သော ပထမဈာန်စိတ် ဖြစ်လာသည်။ ပထမ ဈာန်ကို ရလာသည်ဟု ဆိုလိုသည်။

အာနာပါန သမထမျှသာ မဟုတ်။ အခြား မည်သည့် သမထကိုမဆို သမာဓိ ရအောင် ရှေးဦးစွာ ကျင့်ရပါမည်။

**ဝိပဿနာတက်၍ ရှုမှတ်နည်း**

ဆိုခဲ့သည့် ဥဂ္ဂဟနိမိတ်မျိုးကို ခပ်ကြာကြာမြင်ရလျှင် သမာဓိ အတော်အားကောင်းပြီး ဖြစ်သည်။ ဝိပဿနာကို ပြောင်း၍ ရှုမှတ်မည် ဖြစ်သဖြင့် အာနာပါန ရှုခါနီးက ပြုသလို ကန်တော့ခြင်း၊ သီလဆောက်တည်ခြင်းတို့ကို ပြုရမည်။ ဝိပဿနာတရားကို ငါရမည်ဟု ထက်သန်စွာ ယုံကြည်စိတ် မွေးရမည်။ ထို့နောက် မိမိထိုင်တတ်သလို ထိုင်ပြီး (၁၀)မိနစ်ခန့် နှာသီးဖျား၌ ထွက်လေ ဝင်လေ ထိခြင်း ဖြစ်ပေါ်ခြင်း ပျောက်သွားခြင်း သဘောတို့ကို အနိစ္စ (အမြဲမရှိ) ဟု ရှုမှတ်ရမည်။

၁၀–မိနစ် ၁၅–မိနစ်ခန့် ရှိသောအခါ မိမိ၏ ငယ်ထိပ်ကို အာရုံပြု၍ ငယ်ထိပ်မှာ စိတ်ထားရမည်။ ငါးမူးစေ့ ကျပ်စေ့ခန့်ရှိ ငယ်ထိပ်နေရာတွင် အေးခနဲ ပူခနဲ နွေးခနဲ တွေ့ရတတ်သည်။ စိတ်ကို မလွင့်စေရ၊ ငယ်ထိပ်နေရာမှ အာရုံသည် လှုပ်လာ ကြီးကျယ်ပွားလာတတ်သည်။ တရှရှ တဖွဖွ တဖွဲဖွဲ တသဲသဲ ဖြစ်လာတတ်သည်။ အာရုံအတွေ့ကို မျက်စိဖြင့် တွေ့မြင်ရခြင်းမဟုတ်။ ဉာဏ်ဖြင့် တွေ့မြင်နေရခြင်း ဖြစ်သည်။

ဤသို့ဖြင့် ရုပ်နာမ်တို့၏ ဖြစ်ပျက်ခြင်းကို ရှုမှတ်ရာမှ နာမရူပ ပရိစ္ဆေဒ (ရုပ်နာမ်ကို ခွဲခြားမြင်မှု)ဉာဏ်စသော ဉာဏ်စဉ်များ အဆင့်ဆင့် ဖြစ်ပေါ်ပြီး တရားထူးကို ရရှိနိုင်ကြပါသည်။ ။

**ညောင်လွန့်တောရ ဆရာတော်၏ ဝိပဿနာရှုနည်း** တရားအားထုတ်မည့် ပုဂ္ဂိုလ်သည် ရဟန်း ဖြစ်က ရဟန်းသီလ၊ လူဝတ်ကြောင်များဖြစ်က အနည်းဆုံး ငါးပါးသီလ လုံခြုံရမည်။ ကိစ္စကြီးငယ် ကြောင့်ကြဖွယ် မရှိစေရ။ ယင်းနောက် မြတ်စွာဘုရားဆင်းတုတော်ရှေ့၌ ဖြစ်စေ၊ ဆင်းတုတော် မရှိလျှင် ဆင်းတုတော်ကို စိတ်မှန်း၍ဖြစ်စေ၊ ကမ္မဋ္ဌာန်းပေးမည့် ကမ္မဋ္ဌာန်းဆရာ၏ ရှေ့၌ဖြစ်စေ ရှိသေစွာ ရှိခိုး၍ ကမ္မဋ္ဌာန်း တောင်းရမည်။ ယင်းနောက် မိမိ၏ခန္ဓာကိုယ်ကို မြတ်စွာဘုရားအား ဖြစ်စေ၊ ကမ္မဋ္ဌာန်းဆရာအားဖြစ်စေ အပ်နှံလှူဒါန်းရမည်။ ထို့နောက် ရတနာသုံးပါး ဆရာသမားတို့အား ကန်တော့ပြီး ဆိတ်ငြိမ်ရာ နေရာမှာ ရှုမှတ်ရမည်။

ရှေးဦးစွာ တင်ပျဉ်ခွေ ထိုင်ပါ။ ခြေမနာ တင်ပါးမနာအောင် အောက်က အဝတ်ခင်းထိုင်ပါ။ ကြာကြာထိုင်နိုင်အောင် ခြေသလုံးချင်း ဖိထပ်မထားရ။ ခါးကို ကုန်း၍လည်း မထား၊ အားစိုက်၍လည်း ဆန့်မထားဘဲ မှန်မှန်ဖြောင့်ဖြောင့် အလိုက်သင့်ထိုင်ရမည်။ အမျိုးသမီးများ ကျုံ့ကျုံ့ပုဆစ်တုပ် ထိုင်ရမည်။ လက်နှစ်ဖက်ကို ဖြန့်၍ လက်ဝါးအဖျားချင်း ကပ်၍ ထားရမည်။ မျက်စိကို မှိတ်၍ တဘက်၊ ပဝါ၊ သင်္ကန်း စသည်ဖြင့် မျက်နှာကို ဖုံးအုပ်ထားရမည်။ ယင်းနောက် နှာသီးဝ၌ တိုးထိသော ထွက်လေ ဝင်လေကို သတိဖြင့် မှတ်ရမည်။ ထွက်လျှင် “ထွက်တယ်”၊ ဝင်လျှင်“ဝင်တယ်”ဟု အခြားသို့ စိတ်မသွားစေဘဲ ကြိုးစားမှတ်ရမည်။ ဤကား ပထမဆင့် ဖြစ်၏။

ဤသို့ အားထုတ်၍ ထွက်လေဝင်လေ နှစ်ပါးကို ထင်ရှားအောင် မှတ်နိုင်သော်လည်း နိမိတ်များ မထင်လာသေးလျှင် ရှေ့သို့ တိုး၍ အားထုတ်ရမည်။ ထွက်လေဝင်လေတို့ကို ရှည်လျှင် ရှည်သည့်အတိုင်း တိုလျှင် တိုသည့်အတိုင်း အစက အဆုံးတိုင် သတိပြု၍ “ထွက်သက်သိသိ”ဟုလည်းကောင်း၊ “ဝင်သက် သိသိ”ဟုလည်းကောင်း၊ “သိ”တစ်ခါနှင့် ထွက်လေဝင်လေ ဆုံးလျှင် “သိ” ဟူ၍လည်းကောင်း၊ “သိ”နှစ်ခါနှင့်ထွက်လေ ဝင်လေဆုံးလျှင် “သိသိ” ဟူ၍ လည်းကောင်း၊“သိ”သုံးခါနှင့် ထွက်လေ ဝင်လေ ဆုံးလျှင် “သိ သိ သိ”ဟူ၍လည်းကောင်း ဤသို့ စသည်ဖြင့် ထွက်လေ ဝင်လေဆုံးသည်တိုင်အောင်“သိ”ကို မပြတ်လိုက်၍ မှတ်ရမည်။ ဤကား ဒုတိယဆင့် ဖြစ်၏။

ဤသို့အားထုတ်လျှင် ထွက်လေဝင်လေများ အလွန်ထင်ရှားလာလိမ့်မည်။ ထိုသို့ ထင်ရှားသော်လည်း နိမိတ်များ မထင်လာသေးလျှင် ထို့ထက် အလွန်သတိကို တိုးတက်အောင်ထား၍ ထွက်သက်လေ၏ အစ အလယ် အဆုံး သုံးပါးလုံးကို လည်းကောင်း၊ ဝင်သက်လေ၏ အစ အလယ် အဆုံး သုံးပါးလုံးကိုလည်းကောင်း ထင်ရှားအောင် ရှုမှတ်ရမည်။ ထွက်လေ၏အစကား ချက်၊ အလယ်ကား ရင်ချိုင့်၊ အဆုံးကား နှာသီးဝဖြစ်၏။ ဝင်လေ၏အစကား နှာသီးဝ၊ အလယ်ကား ရင်ချိုင့်၊ အဆုံးကား ချက်ဖြစ်၏။ ယောဂီသည် ထွက်လေဝင်လေတို့၏တိုးထိရာ နှာသီးဝ၌ စိတ်ကို စိုက်ထားလျှင် ထွက်လေ၏အစ အလယ် အဆုံး သုံးပါးလုံး ကိုလည်းကောင်း၊ ဝင်လေ၏အစ အလယ် အဆုံး သုံးပါးလုံးကိုလည်းကောင်း ထင်ရှားစွာ သိမြင်နိုင်ပါသည်။

ဤ၌ ထွက်လေဝင်လေတို့၏ စလယ်ဆုံးကို သိရန် ဝမ်းတွင်းသို့ စိတ်ကို လွှတ်ရမည်မဟုတ်။ အပြင်သို့ စိတ်ကို ပို့ရမည်လည်း မဟုတ်။ နှာသီးဝ၌သာ စိတ်ကို စူးစိုက်၍ "သိသိသိ"ဟု ရှုမှတ်ရမည်ဖြစ်ကြောင်း သတိပြုပါ။

မှတ်နည်းသုံးဆင့်ကို ပြသော်လည်း ပထမအဆင့်မှာပင် ယေဘုယျ အားဖြင့် နိမိတ်များ ထင်တတ်ပါသည်။ ထိုသို့ ထင်လျှင် ဒုတိယ၊ တတိယအဆင့်များကို ဆက်လက်အားထုတ်ဖွယ် မလိုပါ။ နိမိတ် မထင်မှသာ ဆက်လက် အားထုတ်ရမည်ဖြစ်သည်။

ဤအာနာပါနသသတိကမ္မဋ္ဌာန်းကို အားထုတ်နေစဉ် နာရီဝက်ခန့် အချိန်စသည်ရှိလျှင် အချို့ယောဂီမှာ ခန္ဓာကိုယ် တစ်နေရာရာ၌ မခံသာအောင် နာကျင်ကိုက်ခဲကတတ်ပါသည်။ ထိုအခါ ထွက်လေဝင်လေ ရှုမှတ်မှုကို ရပ်နား၍ ဝေဒနာအပြင်းထန်ဆုံး နေရာကို စိတ်စိုက်ထားရမည်။ ထိုဝေဒနာတို့ ရှေးကမရှိ၊ ယခုမှ ဖြစ်ပေါ်လာသဖြင့် မမြဲပုံကို အာရုံပြု၍ "အနိစ္စ အနိစ္စ အနိစ္စ" (မမြဲ မမြဲ မမြဲ) ဟူ၍လည်းကောင်း၊ နာကျင်သည်ကို အာရုံပြု၍"ဒုက္ခ ဒုက္ခ ဒုက္ခ"(ဆင်းရဲ၏ ဆင်းရဲ၏ ဆင်းရဲ၏)ဟူ၍လည်းကောင်း၊ မနာကျင်ချင်ဘဲလျက် နာကျင်ရသောကြောင့် အစိုးမရပုံကို အာရုံပြု၍ "အနတ္တ အနတ္တ အနတ္တ"(အစိုးမရ အစိုးမရ အစိုးမရ)ဟူ၍လည်းကောင်း ရှုမှတ်ရမည်။ ထိုသုံးမျိုးတွင် အနိစ္စကိုဖြစ်စေ၊ ဒုက္ခကိုဖြစ်စေ၊ အနတ္တကိုဖြစ်စေ တစ်ခုခုကိုလည်း ရှုမှတ်နိုင်သည်။ ယင်းတစ်ခုခုကို အာရုံပြု၍ "သိ သိ သိ"ဟုလည်း ရှုမှတ်နိုင်သည်။

ဤသို့ ရှုမှတ်လျှင် ဝေဒနာများ ပျောက်ကင်းသွားတတ်ပါသည်။ ထိုအခါ ဝေဒနာ ရှုမှတ်ခြင်းကို ရပ်နား၍ ဝင်လေ ထွက်လေကိုပင် ပြန်လည် ရှုမှတ်ရမည်။

အချို့ယောဂီများသည် ဝင်လေထွက်လေ ရှုမှတ်ရင်း ဝင်လေထွက်လေ တဖြည်းဖြည်း သိမ်မွေ့ပြီး ရှာ၍မတွေ့အောင် ပျောက်သွားတတ်၏။ ထိုအခါ ဝင်လေထွက်လေ ပြန်ပေါ်ထင်ရှားအောင် ပင်ပန်းကြီးစွာ မရှူရှိုက်ပါနှင့်။ စိတ်ကို နှာသီးဝမှာ ထားမြဲထားပြီး ဝင်လေထွက်လေ ပြန်ပေါ်လာလိမ့်မည်ဟူသော အမှတ်ဖြင့် ရှုမှတ်နေလျှင် ဝင်လေထွက်လေ ပြန်လည် ဖြစ်ပေါ် ထင်ရှားလာလိမ့်မည်။

အချို့ယောဂီများသည် ဝေဒနာဖြစ်ပေါ်စဉ် ဝေဒနာကို ကြောက်ပြီး ကမ္မဋ္ဌာန်းအကျင့်ကို ဖျက်ပစ်တတ်ကြသည်။ ကမ္မဋ္ဌာန်းအလုပ်ကို မလုပ်ဝံ့ဘဲ ကြောက်နေတတ်ကြသည်။ ထက်သန်သောသဒ္ဓါတရားဖြင့် သည်းခံရှုမှတ်လျှင် ဝေဒနာသည် မုချပျောက်ကင်းမည် ဖြစ်ပါသည်။ ခန္ဓာကိုယ်ကို ငြိမ်ငြိမ်မထားဘဲ လှုပ်ယိမ်းသော ယောဂီသည် ဒုက္ခဝေဒနာ တာရှည်တတ်သည်။ အချို့ယောဂီသည် ဒုက္ခဝေဒနာ မချုပ်ပျောက်ဘဲလည်း ဝိပဿနာဉာဏ်များ ဆက်လက် ဖြစ်ပေါ် တင်ရှားလာတတ်ပါသေးသည်။

အချို့ယောဂီများကား ဖြစ်ပေါ်သော ဝေဒနာများ ချုပ်ပျောက်ပြီးနောက် မီးခိုးရောင်၊ တိမ်တိုက်ရောင်၊ သက်တံ့ရောင်၊ နေရောင်၊ လရောင်၊ ကြယ်ရောင်၊ အဖြူရောင်၊ အဝါရောင် စသော အာရုံများကို မြင်တတ်ကြ၏။ အချို့လည်း အိမ်ပျက်၊ ကျောင်းပျက်၊ သစ်ပင်လဲ စသော အပျက်များကို ထင်မြင်တတ်ပြီး အချို့မှာ မိမိခန္ဓာကိုယ်ကို ပကတိအတိုင်းဖြစ်စေ၊ အပုပ်ကောင်အသေကောင် စသည်ဖြစ်စေ အမျိုးမျိုး ထင်မြင်တတ်ကြသည်။

မည်သို့ထင်ထင် ဝေဒနာကိုဖြစ်စေ အခြားအာရုံ နိမိတ်ကိုဖြစ်စေ အထင်ရှားဆုံး အာရုံကို စိတ်စိုက်ပြီး အနိစ္စ အနိစ္စ အနိစ္စ(မမြဲ မမြဲ မမြဲ)ဟု အထပ်ထပ် ရှုမှတ်နေရမည်။ ထိုသို့ ရှုဖန်များလာသောအခါ စိုက်၍ ရှုမှတ်သော နေရာ၌ ဖြစ်ပျက်သဘောကို အထင်အရှား မြင်ပြီး မိမိခန္ဓာကိုယ်တစ်ခုလုံးနှင့်တကွ ကိုယ်တွင်းကိုယ်ပ အာရုံအလုံးစုံကို ဖြစ်ပျက်သဘောချည်းမြင်သော ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာတတ်၏။ ထိုဉာဏ်မှ ဆက်၍ အထက်အထက်ဉာဏ်များပါ ဖြစ်ပေါ်ပြီး မဂ်ဖိုလ်ကိုပင် ရရှိနိုင်ပါသည်။ ။

**ရွှေဥဒေါင်းတောင် ဆရာတော်၏ ဝိပဿနာရှုနည်း** တရားရှုမှတ်တော့မည် ဆိုလျှင် ရေးဦးစွာ မိမိ

ကိုယ်ကို ဘုရား တရား သံဃာ ကမ္မဋ္ဌာန်းဆရာအား အပ်နှံလှူဒါန်းရမည်။ ခန္ဓာကိုယ်ကို ဖြောင့်မတ်စွာ ထား၍ ထိုင်ရမည်။

ယောဂီသည် နှာသီးဖျားမှာ စိတ်ကို ထား၍ ရှူရ ရှိုက်ရမည်။ ရှူတိုင်း ရှိုက်တိုင်း နှာသီးဖျား၌ ထိသော လေကို သိရမည်။ လေ့နှစ်စင်း ယှဉ်လော့သလို ရှုမှတ်ရမည်။ လေ့နှစ်စင်းဟူသည်"ထိလေ့"နှင့်"သိလေ့"ဖြစ်သည်။ "ထိလေ့"က မကျော်ရသလို "သိလေ့"ကလည်း မကျော်ရပေ။ တန်းတူညီတူ ယှဉ်ပြိုင်နေစေရမည်။ နှာသီးဝ၌ ထွက်လေ ဝင်လေ ထိသည်နှင့်တစ်ပြိုင်နက် သိအောင် မှတ်ရမည်ဟု ဆိုလိုခြင်း ဖြစ်သည်။

ထိုသို့ သိအောင် ရှုမှတ်နေလျှင် ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ မရှိ။ ရုပ်နှင့်နာမ်သာရှိကြောင်း သိမြင်လာပေမည်။ ထိုအခါ နှစ်သက်မှု သာယာမှု စွဲလမ်းမှု မရှိတော့ဘဲ မဂ်ဆိုက်ပြီး လောဘ ဒေါသ မောဟများ ကင်းစင်နိုင်ကြမည် ဖြစ်ပေသည်။

**မှတ်ချက်။။** ရှမ်းပြည်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်၊ အင်းလေးကန်၏ အနောက်တောင်ဘက်၊ ရွှေဥဒေါင်းတောင် တောရ၌ သီတင်းသုံးနေတော်မူသော ရွှေဥဒေါင်းတောင် ဆရာတော်ဘုရားကြီးသည် မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်၊ ညောင်လွန့်တောရကျောင်း ဆရာတော် ဦးမေဓာဝီထံတွင် တရားရှုမှတ်နည်းကို တပည့်ခံ သင်ယူခဲ့ပေသည်။ သို့ဖြစ်၍ ရွှေဥဒေါင်းတောင် ဆရာတော်၏ ရှုမှတ်နည်းသည် ညောင်လွန့်ဆရာတော်၏ရှုမှတ်နည်းနှင့် တူညီကြောင်း မှတ်ယူနိုင်ပါသည်။

## ဗုဒ္ဓနည်းကျ နှစ်ဖက်လှ ဝိပဿနာ

### စင်္ဂြိုဟ်သောတာပန် အဆင့်ကျင့်စဉ်

သီလဝိသုဒ္ဓိ (သီလအထူးစင်ကြယ်ခြင်း)
စိတ္တဝိသုဒ္ဓိ(စိတ်အထူးစင်ကြယ်ခြင်း)
ဒိဋ္ဌိဝိသုဒ္ဓိ (အယူအထူးစင်ကြယ်ခြင်း
ကင်္ခါဝိတရဏဝိသုဒ္ဓိ (ယုံမှားမှု လွန်မြောက်ခြင်းအထူးစင်ကြယ်ခြင်း)

ဖော်ပြပါ ဝိသုဒ္ဓိလေးပါး မိမိကိုယ်၌ ဖြစ်ပွားအောင် အားထုတ်ရပါမည်၊ သီလ ဝိသုဒ္ဓိ ဖြစ်အောင် အခြေခံအားဖြင့် စာရိတ္တသီလ (ဂိဟိဝိနယ) ဗုဒ္ဓဘာသာ ကျင့်ဝတ်ကို ဖြည့်ကျင့်ရသည်။ သိင်္ဂါလသုတ်၌ ဟောကြားသော မိဖဝတ်၊ သားသမီးဝတ် စသည်ကို ဖြည့်ကျင့်ရန် ဖြစ်၏။

နောက်တစ်ဆင့် ဝါရိတ္တသီလကို ဖြည့်ကျင့်ရမည်။ ငါးပါးသီလ စသည်လုံခြုံစေရန် ကြိုးစားစောင့်စည်းရခြင်း ဖြစ်သည်။

တရားအားထုတ်လိုသော ရဟန်းရှင်လူတို့မှကား ပါရိသုဒ္ဓိသီလကြီးလေးပါးကို ဖြည့်ကျင့်ရသည်။ ရဟန်းကျင့်ဝတ် ရှင်ကျင့်ဝတ်နှင့် လူဝတ်ကြောင်တို့တွင် အာဇီဝဋ္ဌမကသီလကို လုံခြုံစေရသည်။ ယောဂီအဆင့်တွင် ဣန္ဒြေကို ထိန်းသိမ်းရသည်။ အသက်မွေးမှု စင်ကြယ်ရသည်။ စားဝတ်နေရေး–ဤအရေးလေးရပ်ကို ပညာဖြင့် ဆင်ခြင်ရသည်။

ဤသို့သော သီလကြီးလေးပါးကို သဒ္ဓါ၊ သတိ၊ ဝီရိယ၊ ပညာဖြင့် အစဉ်အတိုင်း ထိန်းသိမ်းကြရသည်။ ဤသီလကြီးလေးပါး လုံခြုံလျှင် သီလဝိသုဒ္ဓိ ဖြစ်သည်။

စိတ္တဝိသုဒ္ဓိ ဖြစ်အောင် မဟာသတိပဋ္ဌာနသုတ်၌ လာသော အာနာပါနကျင့်စဉ်ကို အားထုတ်ရသည်။

တော၊ သစ်ပင်ရင်း၊ ဆိတ်ငြိမ်ရာတစ်ခုခု၌ နေရာယူရသည်။ ထိုင်၌ တင်ပျဉ်ခွေ ထိုင်၊ အထက်ပိုင်းကိုယ်ကို ဖြောင့်မတ်စွာထား၊ နှာသီးဝဆီ သတိဆွဲ၊ ဤသို့ ကိုယ်နှင့်စိတ်ကို နေရာချပြီးလျှင် အာနာပါနကိုစပြီး အားထုတ်ရသည်။

အားထုတ်နည်းမှာ "သတိမြဲရာ ပထမာ၊ ဒု–မှာရှည်တိုသိ၊ လုံးစုံထင်ရာ တတိယာ၊ စ–မှာ ငြိမ်လေဘိ"ဟူသော လယ်တီဆရာတော်၏ဆောင်ပုဒ် သို့မဟုတ်

"ရှူရိုက် ရှူရိုက် သတိစိုက်၊ ရှည်တိုနှစ်ခု သိအောင်ပြု၊ စ–လယ်ဆုံး၌ အသိလိုက်၊ မရှူမရှိုက် `အငြိမ်းဆိုက်"ဟူသော နှစ်ဖက်လှ၏ဆောင်ပုဒ်အရ အားထုတ်ရသည်။ ဘုရားဟောပါဠိတော်အတိုင်းပင် ဖြစ်သည်။ အငြိမ်းဆိုက်၊ ပဋိဘာဂ နိမိတ်ထင်၊ ဥပစာရသမာဓိ ရလျှင် စိတ္တဝိသုဒ္ဓိ ဖြစ်သည်ဟု ဆိုရပြီ။

ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်အောင် နာမရူပပရိစ္ဆေဒဉာဏ်ရဖို့ အားထုတ်ရသည်။ အားထုတ်နည်းမှာ–

ထောက်ကန်လှုပ်ရှု၊ သဘာဝ၊ ရှုပ လေးဓာတ်ပဲ၊
လေ၏လက္ခဏာ၊ ရှုခံသာ၊ ရှုတာနာမ်ဟုခွဲ၊

ဆောင်ပုဒ်အရ–

ဥပစာရသမာဓိကို အခြေခံ၊ ကျကျနန ထိုင်ပြီး အသက်ရှုသွင်းရှိုက်ထုတ်၊ မှန်မှန်ရှုရှိုက်၊ ယောဂီသည် ရှုရှိုက်လေ၏ လှုပ်ရှုသည့်သဘော၊ ထောက်ကန်သည့် သဘော လက္ခဏာကို အလေးကဲပြီး ရှုပေး။ နှာခေါင်းကစပြီး တစ်ကိုယ်လုံး ထင်ရှားလာမည်။ ထိုအခါ ဝါယောဓာတ်၏ လက္ခဏာကား ရုပ်ပဲ၊ သူ့ကိုရှုနေတဲ့ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာက နာမ်ပဲ–ဟု နာမ်ရုပ်ခွဲ၊

တစ်နည်း–ထိုသို့ အာနာပါနကို ရှုရှိုက်ရာ၌ သတိထားပြီး ရှုရှိုက်လေသည် နှာသီးဝ၌ ထိဝင်ထိထွက်တာကို သိလိမ့်မည်။ နှာသီးဝ၌ ကာယပသာဒ အခံရုပ် နှင့် ရှုရှိုက်လေ၌ ပါသော ပထဝီ၊ တေဇော၊ ဝါယော ဓာတ်ကြီးသုံးပါး ဖောဋ္ဌဗ္ဗာရုံ တို့ အချင်းချင်းထိ၊ ထိသိ၊ ထို့ကြောင့် သတိ–ထိ–သိ၊ သို့မဟုတ် ထိ–သိ–သတိ၊ ဒါကိုရှု၊ ထိုင်ရှု၊ စင်္ကြံလျှောက်ရှု၊ ထိသိမိလာလျှင် ထိတာကရုပ်၊ သိတာကနာမ်လို့ ရုပ်နာမ်ခွဲ။

တစ်နည်း–ခြေဖဝါးကစပြီး ဤခြေဖဝါးသည် ခက်မာ ဖွဲ့စေး ပူနွေး လှုပ်ရှု– ဓာတ်ကြီးလေးပါး သဘာဝ၏အဖွဲ့အစည်းပါလား ဟု ရှု၊ နောက် ခြေဖမိုး ခြေမျက်စိ ၎င်းမှ တရွေ့ရွေ့ ငယ်ထိပ်အထိ တက်၊ ဓာတ်ကြီးလေးပါးနှင့် ရှု၊ ငယ်ထိပ်က တစ်ခါအောက်ပြန်ဆင်း၊ ခြေဖဝါးအထိ၊ ခန္ဓာကိုယ်ကို မီးရထားလမ်း၊ ဓာတ်ကြီး လေးပါးကို မီးရထား၊ ဝီရိယ သတိ သမာဓိ ပညာကို ရထားမောင်းသူ– ဤလို ပမာထား၊ တက်ချည်သက်ချည်၊ နှေးနှေးတစ်မျိုး မြန်မြန်တစ်ဖုံ အဖန်ဖန်ရှု၊ သမာဓိ ရလာလျှင် ဓာတ်ကွဲလာသည်။ ထိုအခါ ဓာတ်ကြီးလေးပါး ကား ရုပ်၊ ရှုတာတွေ က နာမ်လို့ ရုပ်နာမ်ခွဲ၊

မိမိကိုယ်မှာ ဤလိုရုပ်နာမ်ကွဲပါလျှင် (နာမရူပ ပရိစ္ဆေဒဉာဏ်ရပါလျှင်) သာသနာပြင်ပပုဂ္ဂိုလ်တွေ လူကိုယ်ထဲမှာ အတ္တဝိညာဉ်(Soul) ရှိတယ်လို့ထင်တဲ့ ဒိဋ္ဌိပြုတ်၊ ရုပ်နာမ်မှတစ်ပါး ဘာမျှမရှိဟု အမှန်သိ၊ တစ်ပါတည်းပင် အလွန်ကြမ်း သော သက္ကာယဒိဋ္ဌိလည်း သက်သာသွားသည်။ ဤတွင် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ပြီ။

နောက် ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်အောင် ပစ္စယပရိဂ္ဂဟဉာဏ် ရစေရန် အားထုတ်ရသည်။ မြတ်စွာဘုရားဟောကြားချက်ကို အားကိုးရသည်။ အဝိဇ္ဇာ၊

တဏှာ၊ ဥပါဒါန်၊ ကံ–ဤလေးတန်သည် အတိတ်ရုပ်နာမ်၊ အတိတ်ဘဝများစွာ၏ အကြောင်း ဖြစ်ကြောင်းတရားဟု ဆင်ခြင်ရသည်။ ဒုတိယဘဝသေခါနီးမှာ ကံ ပစ်ချလို့ ဒီဘဝမိခင်ဝမ်းမှာ ပဋိသန္ဓေနေလာရသည်။ မိမိတို့ ပြုသောကံသည် အကြောင်း၊ ပဋိသန္ဓေသည် အကျိုး။ အတိတ်ဘဝနှင့် ယခုဘဝသည် အကြောင်း နှင့်အကျိုးအဖြစ် ဆက်စပ်သည်။ အတိတ်ဘဝမှ ရုပ်နာမ် ဒီဘဝသို့ ကူး၍မလိုက်၊ ကံသာ ကူးသည်ဟု ဆင်ခြင်ရမည်။

အမိဝမ်းတွင်း သန္ဓေသားသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်းတရားလေးပါးကြောင့် ကြီးလာသည်။ ထို့ကြောင့် သန္ဓေရုပ်နာမ်၏ အကြောင်းကား ၎င်းလေးပါးပဲဟု ရှုရသည်။ မွေးလာသည်မှ သေသည်အထိ ရုပ် ခန္ဓာ၏ အကြောင်းလည်း ၎င်းလေးပါးပင် ဖြစ်၏။ သို့သော် မွေးလာချိန်မှစ၍ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနောဟူသော အတွင်းအာယတန ခြောက်ပါးနှင့် အဆင်း အသံ အနံ့ အရသာ အတွေ့သဘော ဟူသော အပြင်အာယတနခြောက်ပါး တို့ တိုက်ဆိုင်တိုက်ဆိုင်ပြီး စိတ်စေတသိက်တွေ မပြတ် ဖြစ်နေ၏။ ထို့ကြောင့် စိတ်စေတသိက်နာမ်တရား၏ အကြောင်းကား ဤရုပ်နှင့် အာရုံရုပ်တို့ တိုက်ဆိုင်မှု ဟူ၍ ရှုရသည်။

ဤဘဝက သေလျှင်လည်း နောက်ဘဝဆက်ကာ ဤသို့ပင် ဖြစ်သွားမည်။ ဤလို ရုပ်နာမ်တို့၏ အကြောင်းကို သိလာသောအခါ ငါသည် အတိတ်က ဖြစ်ခဲ့ သလား၊ အခုဖြစ်နေသလား။ နောင်ဖြစ်ဦးမှာလားစတဲ့ ယုံမှားမှု(၁၆)မျိုး ကျော်လွှန်၊ ဘုရား တရား သံဃာ အကျင့် ပဋိပတ်၊ အတိတ်အစွန်း အနာဂတ်အစွန်း ၎င်း နှစ်စွန်းနှင့် ပဋိစ္စသမုပ္ပါဒ်ကြောင်းကျိုး ဖြစ်ရပ်အပေါ် ယုံမှားမှု မရှိ ဖြစ်လာသည်။ ဤသို့ ပစ္စယပရိဂ္ဂဟဉာဏ်ကို ရလာလျှင် ဖန်ဆင်းရှင်ထာဝရဝါဒကို ပယ်သည်။ အကြောင်းမရှိ ဖြစ်သည်ဆိုသော အတုကဝါဒကို လုံးဝလက်မခံပေ။

ကင်္ခါ(သံသယ) ယုံမှားမှုတွေ ပျောက်ပြီး အမှန်ဘဝရောက်ပြီဆိုလျှင် အကြမ်းစား သက္ကာယဒိဋ္ဌိလည်း ကွာသည်။

ဤအခါ ထိုပုဂ္ဂိုလ်သည် ပျော်လာသည်၊ ကျေနပ်လာသည်။ ဗုဒ္ဓတရားအပေါ် ယုံကြည်မှုပို၍ ရှိလာသည်။ သို့ဖြစ်၍ ထိုဉာဏ်ပိုင်ရှင်သေလျှင် အပါယ်လေးပါးမှ လွတ်သည်။ သုဂတိဘဝရောက်ဖို့ သေချာသည်။

ထို့ကြောင့် ထိုဉာဏ်ပိုင်ရှင်ကို 'စူဠသောတာပန်' ဟူ၍ ဆိုရမည်ဖြစ်ကြောင်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဝိဘင်း အဋ္ဌကထာကြီးတို့က ဆုံးဖြတ်တော်မူလေသည်။

အမှာ– အကျယ်ကို လိုမူ သဒ္ဒမ္မကထိက ကမ္မဋ္ဌာနာစရိယ နှစ်ဖက်လှ ဆရာကြီး ဦးကျော်လွင် ရေးသားပြုစုထုတ်ဝေထားသော 'အထူးသန့်စင်သော အကျင့်လမ်း' ကျမ်းစာ၌ ကြည့်ပါ။

**မှတ်ချက်။** ။ ဤစာအုပ်သိပ်ကြီးသွားမည်စိုး၍ မဟာသောတာပန်ကျင့်စဉ်ကို မထည့်သွင်းတော့ပါ။ လိုချင်သူများသည် မဟာသောတာပန် ကျမ်းစာ၌ ဆက်လက်ရှုစားကြရန် ဖြစ်ပါသည်။

ကမ္မဋ္ဌာန်းနည်းအမျိုးမျိုး ပြီး၏။

## အခန်း (၁၆)

# တော်ဝင်အရိယာအရှင်များ

အရိယာဟူသည် ကိလေသာတို့မှ ကင်းဝေး၏။ အကျိုးစီးပွားမဲ့ကို မဖြစ်စေဘဲ အကျိုးစီးပွားကိုသာ ဖြစ်စေတတ်၏။ သတ္တဝါတို့ကို နှိပ်စက်တတ်သော ကိလေသာရန်သူတို့ကို ပယ်သတ်တတ်၏။ မဂ်ဖိုလ်တရား ကိန်း၏။ ဖြူစင် သန့်ရှင်း၏။ အကျင့်ကောင်း၏။ ထိုအရိယာပုဂ္ဂိုလ်သည်-

(၁) အာစာရအရိယာ
(၂) ဒဿနအရိယာ
(၃) လိင်္ဂအရိယာ
(၄) ပဋိဝေဓအရိယာဟူ၍ ၄-မျိုးရှိ၏။

ထိုတွင် အရိယာတို့၏ အကျင့်တရား၌ တည်သော သူသည် (လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ) အာစာရအရိယာ မည်၏။ ရုပ်အဆင်းအားဖြင့် လည်းကောင်း၊ ဣရိယာပုထ်အားဖြင့်လည်းကောင်း ကြည်ညိုစဖွယ် ရှုမြင်ရသော ပုဂ္ဂိုလ်သည် ဒဿနအရိယာမည်၏။ အဝတ်အရုံ အသွင်အပြင်အားဖြင့် ရဟန်းနှင့်တူသော ပုဂ္ဂိုလ်သည် သီလမရှိသူပင် ဖြစ်စေကာမူ လိင်္ဂအရိယာ မည်၏။ ဘုရား ပစ္စေက ဗုဒ္ဓါနှင့် မဂ်ဖိုလ်တရားကိုရသော မြတ်စွာဘုရား၏ တပည့်သာဝကသည် ပဋိဝေဓ အရိယာမည်၏။ ဆိုခဲ့သောဂုဏ်အရည်အသွေးတို့နှင့် ကုံလုံပြည့်စုံသောကြောင့် အရိယာသည် ကြည်ညိုဖွယ်ရာ ဖြစ်ပါသည်။

## (က) လူဝတ်ကြောင်ယောက်ျား အရိယာများ

### ၁။ တပုဿ၊ ဘလ္လိက ညီနောင်

တပုဿ၊ ဘလ္လိက ညီနောင်တို့သည် "အသိတဥ္စန"မြို့မှ လှည်းကုန်သည် သူကြွယ်သားများ ဖြစ်ကြ၏။ နောင်တော်ကား တပုဿ အမည်ရှိပြီး ညီတော်မှာ ဘလ္လိကာ အမည်ရှိ၏။ ညီနောင်နှစ်ဦးတို့သည် ဗုဒ္ဓမြတ်စွာ အဋ္ဌမ သတ္တာဟ

အဝင် ရာဇာယတနလင်းလွန်းပင်ရင်း၌ သီတင်းသုံး စံနေတော်မူစဉ် ဖူးတွေ့ခွင့် ကြုံခဲ့၏။ ဘုရားရှင်အား မုန့်ကြွက်ကျစ်နှင့် ပျားဆုပ်မုန့်များ လှူဒါန်း၏။ သောက် တော်ရေ ကပ်၏။ တရားတော် နာကြားရပြီး ဒွေဝါစိကသရဏဂုံ[၁] တည်ကြ၏။ မြတ်ဗုဒ္ဓထံမှ ဆံတော်ရှစ်ဆူ ရရှိခဲ့ပါသည်။ ထိုဆံတော်မြတ်ကို ဌာပနာ၍ အသိတဥ္စန မြို့တံခါးဝ၌ စေတီတော်တည်၏။ ဥပုသ်နေ့တိုင်း စေတီတော်မှ ရောင်ခြည်တော်များ ကွန့်မြူးလေသည်။

မြတ်ဗုဒ္ဓသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ညီနောင်နှစ်ဦးတို့ အား "ပထမသရဏဂမန=ရှေးဦးစွာ သရဏဂုံ ခံယူသောအရာ၌ အသာဆုံး အမြတ်ဆုံး"ဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူပါသည်။

မြတ်ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေစဉ် ညီနောင်နှစ်ဦးတို့ ကုန်ရောင်း ရောက်ကြပြန်၏။ မြတ်ဗုဒ္ဓထံသို့ ဆည်းကပ်၍ တရားတော်ကို နာယူရာ နောင်တော် တပုဿမှာ သောတာပတ္တိဖိုလ်၌ တည်၍ သောတာပန် အရိယာ ဖြစ်လေသည်။ ညီတော် ဘလ္လိကကား ရဟန်းပြုပြီးမှ အဘိညာဉ် ၆- ပါးနှင့် ပြည့်စုံသော ရဟန္တာအရှင်မြတ် ဖြစ်တော်မူ၏။ ဤသို့ ညီနောင်နှစ်ဦးတို့၏ ထူးခြားသော ကြည်ညိုဖွယ် ဂုဏ်ရည်များကို တွေ့ရပါသည်။

## ၂။ အနာထပိဏ်သေဌေး

အနာထပိဏ်သေဌေး၏ ငယ်နာမည်မှာ သုဒတ္တ ဖြစ်၏။ သူ၏ဖခင်မှာ သာဝတ္ထိပြည်မှ သုမန သေဌေးကြီး ဖြစ်၏။ ကိုးကွယ်ရာမဲ့သူတို့အား ထမင်း ပေးကမ်းစွန့်ကြဲခြင်း၌ မွေ့လျော်သူဖြစ်၍ "အနာထပိဏ်သေဌေး"ဟု ထင်ရှား လေသည်။ အနာထပိဏ်သေဌေး၏ ထူးခြားသော ကြည်ညိုဖွယ်ဂုဏ်ရည်များမှာ အောက်ပါအတိုင်း ဖြစ်၏။

အနာထပိဏ်သေဌေးသည် ၅၄-ကုဋေတန်သော ဇေတဝန် ကျောင်းတော် ကြီးကို မြတ်ဗုဒ္ဓအား ဆောက်လုပ်လှူဒါန်း၏။ ကျောင်းရေစက်ချပွဲကို သုံးလတိုင်တိုင် တစ်ဆယ့်ရှစ်ကုဋေအကုန်အကျခံကာ ကျင်းပပြုလုပ်ခဲ့၏။ ရာဇဂြိုဟ်ပြည်၌ ဗုဒ္ဓ မြတ်စွာ ပွင့်တော်မူကြောင်း ကြားသိရ၍ သွားရောက်ကာ ဗုဒ္ဓထံ ချဉ်းကပ်၍ တရားကြားနာရသောအခါ သောတာပတ္တိဖိုလ်၌ တည်၍ သောတာပန် အရိယာ ဖြစ်ခဲ့၏။ ထို့ကြောင့် ယခုလို ကျောင်းလှူဒါန်းခြင်း ဖြစ်၏။

---

၁။ ဘုရား၊ တရား ရတနာနှစ်ပါးကိုသာ ဆည်းကပ်ခြင်း (သံဃာမပေါ်သေး)

အနာထပိဏ်သေဌေး၏ နေ့စဉ် လှူဒါန်းသည့် အလှူဝတ်များမှာ

- မဲကျရာ ရဟန်းတို့အား လှူဒါန်းသည့် စာရေးတံဆွမ်းငါးရာ၊
- လဆန်း၊ လဆုတ်ပက္ခတို့၌ အထူးဝတ်ထား၍ လှူဒါန်းသည့် ပက္ခိကဆွမ်း ငါးရာ၊
- မဲကျရာ ရဟန်းတို့အား လှူဒါန်းသည့် စာရေးတံ ယာဂုဆွမ်း ငါးရာ၊
- လဆန်း လဆုတ် ပက္ခတို့၌ အထူးဝတ်ထား၍ လှူဒါန်းသည့် ပက္ခိကယာဂု ငါးရာ၊
- ပုဂ္ဂလိက နိစ္စဘတ်ဆွမ်း ငါးရာ၊
- ရောက်သစ်စ လမ်းမကျွမ်းသည့် အာဂန္တုရဟန်းအား လှူဒါန်းသည့် ဆွမ်း ငါးရာ၊
- ခရီးသွားရဟန်းအား လှူဒါန်းသော ဂမိကဆွမ်းငါးရာ၊
- မမာမကျန်းသောရဟန်းတို့အား လှူဒါန်းသည့် ဂိလာနဆွမ်း ငါးရာ၊
- သူနာပြုရဟန်းတို့အား လှူဒါန်းသည့် ဂိလာနုပဋ္ဌာက ဆွမ်းငါးရာ၊
- နေရာထိုင်ခင်း ငါးရာတို့ ဖြစ်ပါသည်။
- အခြားသော ကိုးကွယ်ရာမဲ့ လူဆင်းရဲတို့အားလည်း လှူ၏။

မြတ်ဗုဒ္ဓသည် ဇေတဝန်ကျောင်းတော်၌ အနာထပိဏ်သေဌေး (သုဒတ္တ) ကို ရဟန်းတို့အား လှူဒါန်းပေးကမ်း စွန့်ကြဲခြင်း၌ မွေ့လျော်ကြသည့် ငါဘုရား၏ တပည့်သာဝက ဥပါသကာတို့တွင် အနာထပိဏ္ဍိက အမည်ရသော သုဒတ္တသူကြွယ်သည် အသာဆုံးအမြတ်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူပါသည်။

အနာထပိဏ် သေဌေးသည် အနာထပိဏ္ဍိကောဝါဒသုတ္တန်ကို အလွန် နှစ်သက်၏။ အရှင် သာရိပုတ္တရာနှင့် အရှင်အာနန္ဒာတို့၏ အဆုံးအမဩဝါဒကို နာခံပြီးနောက် မကြာမီ ကွယ်လွန်၍ တုသိတာနတ်ပြည်၌ နတ်သား ဖြစ်လေ၏။

## ၃။ စိတ္တသူကြွယ်

စိတ္တသူကြွယ်သည် မစ္ဆိကာသဏ္ဍာမြို့တွင် မွေးဖွား၏။ သေဌေးသား ဖြစ်၏။ စိတ္တသူကြွယ်၏ ထူးခြားသော ကြည်ညိုဖွယ် ဂုဏ်ရည်များမှာ အောက်ပါ အတိုင်းဖြစ်၏။

စိတ္တသူကြွယ်ကို မွေးဖွားစဉ်က တစ်မြို့လုံး၌ အုံ့ညြဘနန်း အဆန်း တကြယ် အဆင်းငါးမျိုးရှိသော ပန်းမိုး ပုဆစ်ဒူး နှစ်လုမျှ ရွာသွန်း၏။ ပဥ္စဝဂ္ဂီ ငါးဦးတွင် တစ်ဦးအပါအဝင်ဖြစ်သော အရှင်မဟာနာမ်မထေရ်ကို အမွာဋက (ဝွေးပင်တော) အာရာမ်ဥယျာဉ်၌ ကျောင်းဆောက်လှူဒါန်း၍ ပစ္စည်းလေးပါး ဒါယကာ ပြု၏။ မထေရ်မြတ်သည် စိတ္တသူကြွယ်၏ ဉာဏ်ပညာ အလယ်အလတ် ရှိသည်ကို သိ၍ အာယတန ၁၂-ပါးကို အကျယ်ဟော၏။ ထို့ပြင် စိတ္တသူကြွယ်သည် ရှေးရှေးဘဝများစွာက သင်္ခါရတရားတို့ကို လက္ခဏာဉာဏ်ဖြင့် ကြိတ်ချေခဲ့ဖူးသူ ဖြစ်သောကြောင့် ဝိပဿနာတရား အားထုတ်၍ မကြာမီ အနာဂါမိဖိုလ် အဆင့်သို့ ရောက်လေ၏။

မြတ်ဗုဒ္ဓထံ ဖူးမြော်သွားစဉ် မိမိနှင့်အတူ လိုက်ပါလာသော ရဟန်းရှင်လူ သုံးထောင်တို့အတွက် အစားအသောက် စသည်တို့ကို မပင်မပန်းစေရန် တာဝန်ယူ၍ ခေါ်ခဲ့၏။ ယူဇနာသုံးဆယ်ခရီးဝယ် တစ်ယူဇနာ တစ်ယူဇနာ၌ နတ်တို့၏ စောင့်ရှောက်ကူညီမှုဖြင့် အစားအသောက် အနေအထိုင်တို့ ပြည့်စုံသည်ချည်းဖြစ်၏။ မြတ်ဗုဒ္ဓ ကျောင်းတော်သို့ရောက်သောအခါတွင်လည်း ဘုရားအမှူးရှိသော ရဟန်း သံဃာတို့အားလည်း အလှူကြီး ပေးလှူလေသည်။ လူအပေါင်းတို့သည် စိတ္တ သူကြွယ်ကို အထူးအဆန်းသဖွယ် ကြည့်ရှုကြလေ၏။ စိတ္တသူကြွယ်က မြတ်ဗုဒ္ဓကို လျှောက်သည်မှာ တပည့်တော်တို့ ခရီးထွက်လာသည်မှာ တစ်လကြာခဲ့ပါသည်။ ဤဇေတဝန်ကျောင်းမှာလည်း တစ်လ ကြာခဲ့ပါပြီဘုရား။ တပည့်တော် ယူဆောင်ခဲ့ သော ပစ္စည်းပစ္စယများ လှူဒါန်းရန် အခွင့်မရခဲ့ပါ။ နတ်လူတို့၏ လက်ဆောင်တို့ ဖြင့်သာ ပေးလှူခဲ့ရပါသည်။ တပည့်တော်၏ လှည်းအစီးငါးရာဟိုက် ပစ္စည်းတို့ကို သံဃာအား လှူဒါန်းပါ၏။ သိုမှီးရာ နေရာကို ညွှန်ကြားစေတော်မူပါဘုရား ဟု လျှောက်ထား၍ လှူ၏။

မြတ်ဗုဒ္ဓက အရှင်အာနန္ဒာကို-

ချစ်သား အာနန္ဒာ၊ ဤစိတ္တသူကြွယ်ကား လောကီ လောကုတ်သဒ္ဓါ တရား နှစ်ပါးတို့ဖြင့် မပျက်မစီးယုံကြည်သူဖြစ်သည့်ပြင် ရတနာသုံးပါးကိုလည်း လောကီလောကုတ် သဒ္ဓါတရားဖြင့် အလွန့်အလွန် ကြည်ညိုသူဖြစ်သည်။ ဤသို့ သော သဘောရှိသူအဖို့ ရောက်လေရာ ဌာနတိုင်းမှာပင် လာဘ်ပူဇော် သက္ကာရကား ဖြစ်ပွားမြဲ ဓမ္မတာ ဖြစ်ချေသည်ဟု ဟောတော်မူ၏။

မြတ်ဗုဒ္ဓသည် တရားဟော ကောင်းကြသည့် ငါ့ဘုရား၏ တပည့်သာဝက ဥပါသကာတို့တွင် စိတ္တသူကြွယ်သည် အသာဆုံး အမြတ်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှောက်တော်မူပါသည်။ စိတ္တသူကြွယ်သည် အနာဂါမ် အရိယာဖြစ်ပြီး ဒါနာဘိရက=အလှူအတန်း၌ မွေ့လျော်သူ၊ ဓမ္မာဘိရတ=တရားတော်၌ မွေ့လျော်သူ ဖြစ်ပါသည်။

## ၄။ ဟတ္ထကာဠဝက သီတင်းသည်

ဟတ္ထကာဠဝကသည် အာဠဝီတိုင်း၊ အာဠဝီပြည် အာဠဝကမင်း၏ သားဖြစ်သည်။ ဟတ္ထကာဠဝက၏ ထူးခြားသော ကြည်ညိုဖွယ် ဂုဏ်ရည်များမှာ အောက်ပါအတိုင်း ဖြစ်၏။

ဟတ္ထကာဠဝကသည် ပိဋကသုံးပုံကို ကျွမ်းကျင်စွာ တတ်မြောက်၏။ အနာဂါမ်ပုဂ္ဂိုလ် ဖြစ်၏။ ဥပါသကာသီတင်းသည်ငါးရာ အခြံအရံရှိ၏။ မြတ်ဗုဒ္ဓကပင် သူ၏အလွန်ယဉ်ကျေးသိမ်မွေ့လှစွာသော ပရိသတ်ကို မြင်တော်မူ၍ သင်၏ ပရိသတ်ကို အဘယ်သို့ ချီးမြှင့်သနည်းဟု မေးတော်မူ၏။

ဟတ္ထကာဠဝက က မြတ်စွာဘုရား တပည့်တော်သည်–

(၁) စွန့်ကြဲပေးကမ်းမှ နှစ်သက်အားရမည့်သူအား ဒါနဖြင့် ချီးမြှင့်ပါသည်။

(၂) ချစ်စဖွယ်စကားပြောမှ အားရနှစ်သက်မည့်သူအား ပိယဝါစာဖြင့် ချီးမြှင့်ပါသည်။

(၃) ဖြစ်ပေါ်လာသော ကိစ္စကြီးငယ်ကို ပြီးစီးအောင် ဆောင်ရွက်ပေးမှ အားရ နှစ်သက်မည့်သူအား ဖြစ်ပေါ်လာသော ကိစ္စကြီးငယ်ကို ပြီးစီးအောင် ဆောင်ရွက် ပေးခြင်း အတ္ထစရိယာဖြင့် ချီးမြှင့်ပါသည်။

(၄) ကိုယ်တူထားမှ အားရနှစ်သက်မည့်သူအား ကိုယ်တူထားခြင်း သမာနတ္တတာဖြင့် ချီးမြှင့်ပါသည်ဟု လျှောက်ထားလေသည်။

မြတ်ဗုဒ္ဓသည် ဟတ္ထကာဠဝက သီတင်းသည်ကို သင်္ဂဟဝတ္ထု ၄–ပါး တို့ဖြင့် မိမိ၏ပရိသတ်ကို ချီးမြှောက်ကြသည့် ငါ့ဘုရား၏တပည့်သာဝက ဥပါသကာတို့တွင် ဟတ္ထကာဠဝကသည် အသာဆုံး အမြတ်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူပါသည်။

## ၅။ မဟာနာမသာကီဝင်မင်းသား

မဟာနာမသည် ကပိလဝတ်ပြည်သား သာကီဝင် မင်းမျိုးမှ ပေါက်ဖွားသူ ဖြစ်၏။ အရှင်အနုရုဒ္ဓါ၏ နောင်တော်တည်း။ မဟာနာမ သာကီဝင်မင်းသား၏ ထူးခြားသော ကြည်ညိုဖွယ် ဂုဏ်ရည်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

မြတ်ဗုဒ္ဓနှင့် ရဟန်းသံဃာအပေါင်းတို့ ဝေရဥ္စာမြို့တွင် ဆွမ်းပန်းကိစ္စ အလွန်ဆင်းရဲပင်ပန်းသည်ဟု ကြားသိရ၍ လွန်စွာ စိတ်နှလုံးမချမ်းမြေ့ပေ။ ယခု အခါ ကပိလဝတ်ပြည်သို့ ကြွလာပြီးဖြစ်၍ မဟာနာမသည် မြတ်ဗုဒ္ဓအား လျှောက်ထားပြီး ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အပေါင်းတို့အား အလွန် မွန်မြတ်လှစွာသော ရဟန်းသံဃာတော်တို့၏ကိုယ်၌ ဩဇာအဆီအဆေးကို ထည့်သွင်း ပေးလေသည်။ ထိုသို့ ပြုစုလုပ်ကျွေးသည်မှာ လေးလ လေးလ သုံးကြိမ် ပြည့် မြောက်ခဲ့လေပြီ။ နောက်ထပ် တစ်ဖန် ထပ်မံလျှောက်ကြားသော်လည်း မြတ်ဗုဒ္ဓသည် ခွင့်ပြုတော်မမူပါ။ ထိုအချိန်အခါမှ စ၍ မဟာနာမသာကီဝင် မင်းသားသည် မိမိထံသို့ ကြွရောက်လာသော ရဟန်းသံဃာတော်တို့အား အလွန်မွန်မြတ်သော ဘောဇဉ်ငါးပါးနှင့် စတုမဓုဆေးတို့ဖြင့် ပြုစုလုပ်ကျွေးသူဟု ဇမ္ဗူဒိပ်တစ်ကျွန်းလုံးတွင် ကျော်ဇောထင်ရှားလေသည်။

ထို့ကြောင့် မြတ်စွာဘုရားသည် မွန်မြတ်သော ဘောဇဉ် အရသာ ဆေး ပစ္စည်းတို့ကို လှူဒါန်းကြသည့် ငါဘုရား၏ တပည့်သာဝက ဥပါသကာတို့တွင် မဟာနာမသာကီဝင် မင်းသားသည် အသာဆုံးအမြတ်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှောက်တော်မူပါသည်။

မဟာနာမသည် မြတ်ဗုဒ္ဓကို ပထမအကြိမ် ဖူးမြော်ရလျှင်ပင် သောတာ ပတ္တိဖိုလ်၌ တည်၍ သောတာပန် အရိယာ ဖြစ်ပါသည်။

## ၆။ ဥဂ္ဂသေဌေး

ဥဂ္ဂသေဌေးသည် ဝေသာလီပြည် သေဌေးမျိုး၌ ဖြစ်၏။ သေဌေး၏ ကိုယ်ခန္ဓာ ဖွံ့စည်းတည်ဆောက်ပုံနှင့် ဂုဏ်ကျေးဇူးတို့သည် ကျော်ကြား ထင်ရှား ၏။ ဥဂ္ဂသေဌေး၏ ထူးခြားသော ကြည်ညိုဖွယ်ဂုဏ်ရည်များမှာ အောက်ပါအတိုင်း ဖြစ်၏။

ဥဂ္ဂသေဌေးသည် မြတ်ဗုဒ္ဓကို မိမိနေအိမ်သို့ ကြွတော်မူရာ၏ဟု စိတ် အကြံ ဖြစ်သည့်အတိုင်း ဗုဒ္ဓ ကြွတော်မူ၏။ ဗုဒ္ဓနှင့် ရဟန်းသံဃာတော်တို့ကို အထူးထူး များမြတ်သော အရသာတို့ဖြင့် ပြုစုလုပ်ကျွေး၏။ ထို့နောက် မြတ်ဗုဒ္ဓအား–

"မနာပဒါယီ လဘတေ မနာပံ=နှစ်ခြိုက်ဖွယ်ဝတ္ထုကို ပေးလှူသူသည် နှစ်ခြိုက်ဖွယ် အကျိုးကိုရ၏"ဟု ဗုဒ္ဓ၏ စကားတော်ကို နာယူခဲ့ပါ၏။ မြတ်စွာဘုရားအား အကျွန်ုပ်၏ အင်ကြင်းပွင့် အဆင်းရှိသော ခဲဖွယ်ကို အလှူခံတော်မူစေချင်၏ဟု လျှောက်၏။ ထို့အတူ အကျွန်ုပ်၏ ဆီးသီးဖြင့် စီမံထားအပ်သော ကန်စွန်းရွက် ဆိပြန်ကြော်၊ သလေးဆွမ်း၊ ကာသိတိုင်းဖြစ် အဝတ်၊ ပလ္လင်၊ မွေးရှည်ကော်ဇောကြီး၊ ပန်းပြောက်ခြယ် သားမွေးအခင်း၊ ဝံပိုင်ရေအခင်း၊ နီသော မျက်နှာကြက်နှင့် အုံးနီနှစ်ဘက်ရှိသည့်နေရာ၊ အဖိုး တစ်သိန်းထိုက်သော စန္ဒကူးနှစ်ထိုင်ခုံတို့ကို အလှူခံတော်မူစေချင်၏ဟုလျှောက်၏။ မြတ်စွာဘုရားသည် ကရုဏာရှေးရှု အလှူခံတော်မူ၏။ ထိုအချိန်မှစ၍ မိမိပိုင် နှစ်ခြိုက်ဖွယ်ရာ အလှူဝတ်များကို မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာအား မပြတ်လှူဒါန်းလေ၏။

မြတ်ဗုဒ္ဓသည် နှစ်သက်ဖွယ်သော ဝတ္ထုကို လှူလေ့ရှိကြသည့် ငါဘုရား၏ တပည့်သာဝက ဥပါသကာတို့တွင် ဥဂ္ဂသေဋ္ဌေးသည် အသာဆုံး အမြတ်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်တော်မူပါသည်။

ဥဂ္ဂသေဋ္ဌေးသည် မြတ်စွာဘုရားကို ပထမအကြိမ် ဖူးတွေ့ရသော အခါကပင် သောတာပတ္တိဖိုလ်၌ တည်၍ သောတာပန်အရိယာဖြစ်ပြီး နောက်အဖို့ဝယ် အောက်မဂ် ၃-ပါး၊ အောက်ဖိုလ် ၃-ပါးတို့ကို မျက်မှောက်ပြုရလေသည်။ ထို့နောက် ကွယ်လွန်သောအခါတွင် သုဒ္ဓါဝါသဗြဟ္မာ့ဘုံ၌ ဗြဟ္မာ ဖြစ်လေ၏။

## ဥဂ္ဂသေဋ္ဌေး၏ အံ့ဖွယ်ရှစ်ပါး

(၁) မြတ်စွာဘုရားကို ဖူးတွေ့ရသည်နှင့် တစ်ပြိုင်နက်ပင် ဘုရားရှင်၏ အပေါ်၌ အကြွင်းမဲ့ ယုံကြည် ကြည်ညိုခြင်း၊

(၂) မြတ်စွာဘုရားရှင်ကို ပထမအကြိမ်ဖူးတွေ့ တရားနာရ၍ အနာဂါမ် အရိယာအဖြစ်ရရှိကာ လောကုတ္တရာ သရဏဂုံနှင့်တကွ ဗြဟ္မစရိယ ပဉ္စမကသီလကို ခံယူဆောက်တည် ကျင့်သုံးခြင်း၊

(၃) မယားကြီးကို ယောကျ်ားတစ်ပါးအား ပေးစားစွန့်လှူလိုက်ရသော်လည်း စိတ်တစ်မျိုး ပြောင်းလွဲဖောက်ပြန်မှု မရှိခြင်း၊

(၄) မိမိ၏ စည်းစိမ်ဥစ္စာရှိသမျှတို့ကို သီလဝန္တ ပုဂ္ဂိုလ်မြတ်တို့နှင့် မခွဲခြားဘဲ ဆက်ဆံကုန်၏။ သက်ဆိုင်ကုန်၏ဟူ၍ စိတ်ထားရှိခြင်း၊

(၅) ရဟန်းသူမြတ်တို့ကို ရိုသေစွာ ဆည်းကပ်ပြုစုခြင်း၊

(၆) ရဟန်းသူမြတ်က တရားဟောလျှင် ရိုသေစွာ နာယူခြင်း၊ ရဟန်းသူမြတ်က တရားမဟောလျှင် မိမိက တရားဟောခြင်း၊

(၇) ငါ့ထံသို့ နတ်တို့ ချဉ်းကပ်ကုန်၏။ ငါသည် နတ်တို့နှင့်အတူတကွ စကား ပြောရ၏ဟု စိတ်မတက်ကြွခြင်း

(၈) အနာဂါမ် အရိယာဖြစ်ခြင်း၊

## (၇) ဥဂ္ဂတသေဌ္ဌေး

ဥဂ္ဂတသေဌ္ဌေးသည် ဝဇ္ဇီတိုင်း ဟတ္ထိဂါမအရပ် (ဆင်ရွာ)သားဖြစ်၏။ ဥဂ္ဂတသေဌ္ဌေး၏ ထူးခြားသော ကြည်ညိုဖွယ်ရာ ဂုဏ်ရည်များမှာ အောက်ပါအတိုင်း ဖြစ်၏။

ဗုဒ္ဓမြတ်စွာသည် နာဂဝနဥယျာဉ်၌ သီတင်းသုံးနေစဉ် ဥဂ္ဂတသည် ခုနစ်ရက်တိုင်တိုင် သေရည်မူးယစ်လျက် ကချေသည်တို့ဖြင့် ခြံရံကာ ဥယျာဉ်သို့ သွား၍ မြူးထူးပျော်ပါးကြသော် ဥယျာဉ်တစ်နေရာတွင် မြတ်ဗုဒ္ဓကို ဖူးတွေ့ရ၏။ ထိုအခါ အလွန်ရှက်ကြောက်သွား၏။ မြတ်ဗုဒ္ဓကို အနီးကပ် ဖူးရသောအခါ အရက်မူး ပြေသွား၏။ မြတ်ဗုဒ္ဓက တရားဟောတော်မူရာ ဓမ္မဒေသနာ အဆုံး၌ ဥဂ္ဂတ သေဌ္ဌေးသည် အနာဂါမ်အရိယာ ဖြစ်လေသည်။

ဥဂ္ဂတသေဌ္ဌေးသည် ထိုအချိန်မှစ၍ ရဟန်း သံဃာတော်တို့အား အလှူဒါနကိုသာ ပေးလှူ၍ နေ၏။ နတ်တို့သည် လာရောက်၍ ဘယ်လိုမင် သဒ္ဓါ ပျက်အောင် ပြောကြားသော်လည်း အလှူခံပုဂ္ဂိုလ်နှင့် ပတ်သက်၍ သဒ္ဓါတရားပျက်စီးခြင်း မရှိဘဲ တူမျှသော သဒ္ဓါစိတ်ဖြင့် လှူဒါန်း၏။ သီလဝန္တပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူးကိုသာလျှင် ချီးမွမ်း၏။

မြတ်ဗုဒ္ဓသည် သံဃာအား စိတ်တူမျှစွာထား၍ ပြုစုလုပ်ကျွေးကြသော ငါဘုရား၏ တပည့်သာဝက ဥပါသကာတို့တွင် ဥဂ္ဂတသေဌ္ဌေးသည် အသာဆုံး အမြတ်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူလေသည်။

### ဥဂ္ဂတသေဌ္ဌေး၏ အံ့ဖွယ်ရှစ်ပါး

(၁) မြတ်စွာဘုရားကို ဖူးတွေ့ရသည်နှင့် တစ်ပြိုင်နက်ပင် ဘုရားရှင်၏ အပေါ်၌ အကြွင်းမဲ့ ယုံကြည် ကြည်ညိုခြင်း သေယစ်မူးမှု ချုပ်ငြိမ်းခြင်း၊

(၂) မြတ်စွာဘုရားရှင်ကို ပထမအကြိမ်ဖူးတွေ့ပြီး တရားနာရ၍ အနာဂါမ် အရိယာ အဖြစ်ရရှိကာ လောကုတ္တရာ သရဏဂုံနှင့်တကွ ဗြဟ္မစရိယ ပဉ္စမကသီလကို ခံယူဆောက်တည် ကျင့်သုံးခြင်း၊

(၃) မယားကြီးကို ယောကျ်ားတစ်ပါးအား ပေးစားစွန့်လှူလိုက်ရသော်လည်း စိတ်တစ်မျိုး ပြောင်းလွဲဖောက်ပြန်မှု မရှိခြင်း၊

(၄) မိမိ၏စည်းစိမ်ဥစ္စာရှိသမျှတို့ကို သီလဝန္တ ပုဂ္ဂိုလ်မြတ်တို့နှင့် မခွဲခြားဘဲ ဆက်ဆံကုန်၏။ သက်ဆိုင်ကုန်၏ဟူ၍ စိတ်ထားရှိခြင်း၊

(၅) ရဟန်းသူမြတ်တို့ကို ရိုသေစွာ ဆည်းကပ်ပြုစုခြင်း၊ ရဟန်းသူမြတ်က တရားဟောလျှင် ရိုသေစွာ နာယူခြင်း၊ ရဟန်းသူမြတ်က တရားမဟောလျှင် မိမိက တရားဟောခြင်း၊

(၆) သီလဝန္တ ပုဂ္ဂိုလ် ဒုဿီလပုဂ္ဂိုလ် နှစ်မျိုးလုံး၌ပင် ညီမျှသော စိတ်ရှိလျက် ပေးလှူပြုစုခြင်း၊

(၇) ငါ့ထံသို့ နတ်တို့ ချဉ်းကပ်ကုန်၏၊ ငါသည် နတ်တို့နှင့် အတူတကွ စကား ပြောရ၏ဟု စိတ်မတက်ကြွခြင်း

(၈) နောက်ထပ်တစ်ဖန် ဤကာမဘုံသို့ ပြန်လာရောက်ကြောင်း သံယောဇဉ်အာရုံ မရှိခြင်း၊

## ၈။ သူရမ္ဗဋ္ဌသေဋ္ဌေး

သူရမ္ဗဋ္ဌသေဋ္ဌေး သာဝတ္ထိပြည် သေဋ္ဌေးမျိုး၌ ဖြစ်၏။ သူရမ္ဗဋ္ဌ သေဋ္ဌေး၏ ထူးခြားသော ကြည်ညိုဖွယ်ရာ ဂုဏ်ရည်များမှာ အောက်ပါအတိုင်း ဖြစ်၏။

မြတ်ဗုဒ္ဓသည် သူရမ္ဗဋ္ဌသေဋ္ဌေးအား စရိုက်နှင့်လျော်သော စကားကို ဟောကြားတော်မူသော အဆုံး၌ သောတာပတ္တိဖိုလ်၌ တည်၍ သောတာပန်အရိယာဖြစ်၏။ မာရ်နတ်က ဗုဒ္ဓအယောင်ဆောင် အကဲစမ်းသော်လည်း သူရမ္ဗဋ္ဌသည် ဗုဒ္ဓအပေါ်၌ မတုန်မလှုပ်သော သဒ္ဓါတရားရှိ၏။ ထိုအကြောင်းကို မြတ်ဗုဒ္ဓအား ကြားလျှောက်၏။ ထို့ကြောင့် မြတ်ဗုဒ္ဓက သာသနာ၌ သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုကြကုန်သော ငါဘုရား၏ တပည့်သာဝက ဥပါသကာ တို့တွင် သူရမ္ဗဋ္ဌ သေဋ္ဌေးသည် အသာဆုံးအမြတ်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်တော်မူပါသည်။

## ၉။ ဇီဝကဆေးဆရာ

ဆရာဇီဝကသည် ရာဇဂြိုဟ်ပြည်၌ သာလဝတီပြည့်တန်ဆာမ၏ သား ဖြစ်၏။ အဘယမင်း၏မွေးစားသားတည်း။ ဆရာဇီဝက၏ ထူးခြားသော ကြည်ညိုဖွယ် ဂုဏ်ရည်များမှာ အောက်ပါအတိုင်း ဖြစ်၏။

ဆရာဇီဝကသည် ဆေးပညာတွင် တစ်ဖက်ကမ်းခပ် တတ်မြောက်၏။ ဗိမ္ဗိသာရမင်းကြီး၏ သမားတော်ကြီး ဖြစ်၏။ မြတ်ဗုဒ္ဓ၏ ကိုယ်တော်၌ သိမ်မွေ့သော ဝမ်းလားဆေးကို ပေး၍ မြတ်ဗုဒ္ဓအား မိမိပိုင် သရက်ဥယျာဉ် ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူစေ၏။ ဆရာဇီဝကသည် ဆေးကုသပေးသည့်ပြင် "မြတ်စွာဘုရား ဤသိရိတိုင်းဖြစ်ပုဆိုးအစုံကို အရှင်ဘုရားတို့သာလျှင် သုံးဆောင်တော်မူကြပါကုန်ဘုရား"ဟု လျှောက်ထား၍ အရန်ဖြစ်သော ပုဆိုးအဝတ်အထည် တစ်ထောင်ကို ရဟန်းသံဃာအား လှူဒါန်းလေ၏။ မြတ်ဗုဒ္ဓသည် ပုဂ္ဂိုလ်ကို ကြည်ညိုကြသည့် ငါဘုရား၏ တပည့်သာဝက ဥပါသကာတို့တွင် အဘယမင်း၏ သား ဇီဝက ဆေးဆရာသည် အသာဆုံး အမြတ်ဆုံးဟု ဧတဒဂ် ဘွဲ့ထူးကို ချီးမြှင့်တော်မူပါသည်။

## ၁၀။ နကုလပိတုသေဋ္ဌေး

နကုလပိတုသည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့တွင် သေဋ္ဌေးမျိုး၌ ဖြစ်၏။ သားကလေး နကုလအမည်ကို စွဲ၍ နကုလပိတု နကုလမာတုဟု အမည်အသီးသီး ရှိကြ၏။ နကုလပိတု၏ ထူးခြားသော ကြည်ညိုဖွယ်ဂုဏ်ရည်များမှာ အောက်ပါအတိုင်း ဖြစ်၏။

နကုလပိတုသေဋ္ဌေးသည် ဗုဒ္ဓမြတ်စွာ၏ ဘဝပေါင်းငါးရာ ဖခမည်းတော် ဘဝပေါင်းငါးရာ ဘထွေး(အဖေ၏ညီ) ဘဝပေါင်းငါးရာ ဘကြီး (အဖေ၏အစ်ကို) ဘဝပေါင်းငါးရာ ဦးကြီး (အမေ့မောင်) ဖြစ်ခဲ့လေသည်။ ဘေသကဠာ တောအုပ်၌ သီတင်းသုံးသော မြတ်ဗုဒ္ဓထံသို့ ဖူးမြော်ရောက်ရှိသော် ဘဝသံသရာ ရှည်စွာသော ကာလပတ်လုံး အချစ်မေတ္တာစိတ် ကိန်းဝပ်ခဲ့လေသောကြောင့် မြတ်ဗုဒ္ဓကို မြင်တွေ့ရလျှင်ပင် သားဟူသော အမှတ်ကို ပြု၍ အကျွမ်းတဝင် တရင်းတနှီး ပြောဆိုလေသည်။ မြတ်ဗုဒ္ဓသည် နကုလသေဋ္ဌေးကြီးတို့၏ အာသယစိတ်ကို သိ၍ တရားဟောတော်မူသည်ရှိသော် ဇနီးမောင်နှံနှစ်ဦးလုံးပင် သောတာပတ္တိဖိုလ်၌ တည်၍ သောတာပန်အရိယာ ဖြစ်ကြလေကုန်၏။

မြတ်ဗုဒ္ဓသည် နကုလပိတုသေဋ္ဌေးဇနီးမောင်နှံ ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝ၌ အချင်းချင်း ရှုမြင်လိုကုန်သော်–

၁။ တူမျှသော သဒ္ဓါတရား ရှိကြကုန်ရာ၏။

၂။ တူမျှသော သီလ ရှိကြကုန်ရာ၏။

၃။ တူမျှသော စွန့်ကြဲမှု ရှိကြကုန်ရာ၏။

၄။ တူမျှသော အသိဉာဏ် ရှိကြကုန်ရာ၏။

ယင်းသို့ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ တူမျှစွာရှိကြလျှင် ယခုဘဝ နောင်တမလွန်ဘဝ၌ အချင်းချင်း ရှုမြင်ကြရကုန်၏ဟု သံသာရေကမ်းတိုင် တရားကို မိန့်တော်မူ၏။

နကုလပိတုသေဋ္ဌေး ဇနီးမောင်နှံတို့သည် မြတ်ဗုဒ္ဓအား သားအရင်းပမာ အလွန်အကျွမ်းတဝင် ရင်းနှီးအားထား ခင်မင်သောစိတ်ရှိကြသောကြောင့် မိမိတို့စိတ်၌ ရှိသမျှကို မရှက်မကြောက် အလုံးစုံ ဖွင့်လျှောက်ထား၏။ ထို့ကြောင့် မြတ်ဗုဒ္ဓက ငါဘုရားနှင့် အကျွမ်းတဝင် ခင်မင်ရင်းနှီးသောစကားကို ပြောကြားသည့် ငါဘုရား၏ တပည့်သာဝက ဥပါသကာတို့တွင် နကုလပိတုသေဋ္ဌေးသည် အသာဆုံးအမြတ်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်တော်မူပါသည်။

## အမိတဘောဂ (အနှိုင်းမဲ့) သေဋ္ဌေးကြီးများ

### ၁။ ဇောတိကသေဋ္ဌေး

ဇောတိကသည် 'ရာဇဂြိုဟ်ပြည် သေဋ္ဌေးမျိုး၌ ဖြစ်၏။ ဇောတိက၏ ထူးခြားသော ကြည်ညိုဖွယ်ရာ ဂုဏ်ရည်များမှာ ဤသို့ဖြစ်၏။

ဇောတိကကို မွေးသောနေ့ နာမည်မှည့်သောနေ့၌ လက်နက်အားလုံး အလျှံတပြောင်ပြောင် တောက်လောင်၏။ လူအားလုံးတို့၏ ကိုယ်ဝယ် ဝတ်ဆင်ထားသည့် အဆင်တန်ဆာတို့သည် အလျှံလွှတ်ကြသည့်ပမာ အရောင်အဝါလွှတ်ကြကုန်၏။ ရာဇဂြိုဟ်တစ်ပြည်လုံးသည် တစ်ခဲနက် အရောင် တောက်ပြောင်လျက်ရှိပေ၏။ ဇောတိက သေဋ္ဌေးနေအိမ်ကို သိကြားမင်း ဖန်ဆင်းပေး၏။ ၁၆–မင်းပယ်ကျယ်ပြီး ညီညွတ်သော မြေအရပ် ဖြစ်၏။ ရတနာ ၇–ပါးဖြင့် ပြီးသော ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ကြီး ပေါ်လာ၏။ ပြာသာဒ်ကို ဝန်းရံ၍ ရတနာခုနစ်ပါးနှင့် ပြီးသော တံတိုင်းကြီး ခုနစ်ထပ်တို့ ပေါ်လာ၏။ တံတိုင်း၇–ထပ်တို့၏ အပိုင်းအခြား

အကြားအကြား၌ ပဒေသာပင်တို့ ပေါ်လာ၏။ ဘုံ ၇–ဆင့်ရှိသည့် ပြာသာဒ်ကြီး၏ ထောင့်လေးထောင့်တို့၌ ရွှေအိုးကြီး လေးလုံးတို့ ပေါ်လာ၏။ ပြာသာဒ်ကြီး၏ ထောင့်လေးထောင့်တို့၌ ထန်းပင်ပျိုး ပင်စည်လုံးခန့် ရွှေကြံပင် လေးပင်ပေါက်၏။ အရွက်တို့မှာ မြရတနာဖြင့် ပြီးကုန်၏။ ပင်စည်မှာ ရွှေဖြင့်ပြီး၏။ တံခါးမုခ်တို့၌ နတ်ဘီးလူး ခုနစ်ဦးတို့ စောင့်ရှောက်ကြ၏။

ဗိမ္ဗိသာရမင်းကြီးသည် ဇောတိကထံသို့ လာ၍ သဌေးထီးဖြူနှင့် အဆောင်အယောင်ကို ချီးမြှင့်၏။ ဇောတိက သဌေးကတော် "သတုလကာယီ" သည် မြောက်ကျွန်းသူဖြစ်၏။ နတ်တို့ကပင် ပို့ဆောင်ပေးရ၏။ မြောက်ကျွန်းသူကား ဆန်တစ်စလယ်နှင့် မီးကျောက်သုံးလုံးတို့ကိုသာ ယူခဲ့၏။ တစ်သက်စား၍ မကုန်တော့ပေ။

ဇောတိကသည် ဗိမ္ဗိသာရမင်းကြီးနှင့် သားတော် အဇာတသတ်အား ဘုံ နန်း ပြာသာဒ်ထက်၌ မြောက်ကျွန်းဖြစ် သလေးဆန်နှင့် ပွဲတော်တည်စေ၏။ စစ်သည် ဗိုလ်ပါတို့ကိုလည်း ကျွေးမွေး၏။ ဇောတိက သဌေး၏ ကျွန်မများကိုပင် ဘုရင်ကိုယ်တိုင် သဌေးကတော်ဟု ထင်မှားခဲ့၏။ သတုလကာယီသည် ဘုရင်အား ယပ်ခတ်စဉ် ဘုရင်၏ဦးရစ်ခေါင်းပေါင်းမှ အနံ့ကြောင့် မျက်ရည်ကျ၏။ ရတနာ ရောင်တို့ဖြင့် နေခဲ့ရသောကြောင့်ဖြစ်၏။ ဘုရင်ကြီးအားလည်း ရတနာ အရောင် တို့ဖြင့် နေနိုင်ရန် သခွားဆေစ်သီးခန့်ရှိ ကျောက်မျက်ရတနာကို ဆက်သလိုက်၏။

နောင် အဇာတသတ်မင်းဖြစ်သော ဇောတိက သဌေးကြီးက ပြောသည်မှာ အကျွန်ုပ် သဘောမတူလျှင် အကျွန်ုပ်၏ ဥစ္စာကို မြိတ်ဆာချည်မျှင်တစ်ပင်ကိုမျှ သိမ်းပိုက်ယူငင်ခြင်းငှာ မစွမ်းနိုင်ပါ။ မာန်မာနတက်နေသော မင်းကြီးအား လက် နှစ်ဖက်ကို ဆန့်တန်း၍ လက်စွပ်အကွင်း ၂၀–ကို ချွတ်ခိုင်း၏။ အားကောင်း မောင်းသန်သော မင်းကြီးသည် ဘယ်ပြန်ညာပြန်ချွတ်သော်လည်း မစွမ်းနိုင်ချေ။ ယူတော့ဟု ပေးမှ လက်စွပ်အကွင်း ၂၀ တို့ ကျွတ်ကျ၏။ ဤသို့ အဇာတသတ်မင်း၏ မတရား အပြုအမူကြောင့် ဇောတိက သဌေးကြီး သံဝေဂရ၏။

ဝိသမလောဘ၊ ပြွမ်းပြွမ်းထ၍၊ အနွကြော့ကြမ်း၊ လူသော့သွမ်းတို့၊ ညှိုးနွမ်းဒုက္ခ၊ ရောက်သမျှပင်၊ ဓမ္မကိန်းပျော်၊ သူ့သူတော်ကား၊ စိတ် ပျော်ရွှင်မွေ့၊ ကိုယ်ချမ်းမြေ့၏ (ဓမ္မပဒေသ)။

ဇောတိကသည် ဗုဒ္ဓမြတ်စွာထံ၌ ရဟန်းပြု၏။ မကြာမီ ရဟန်းတရားများ အားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကာ ရဟန္တာ ဖြစ်လေ၏။ ရဟန်း

တို့၏ ပြစ်တင်စကားနှင့် ပတ်သက်၍ မြတ်စွာဘုရားက "ရဟန်းတို့၊ ငါ့သားတော် ဇောတိက ရဟန္တာ၏ စိတ်အစဉ် ခန္ဓာအစဉ်ဝယ် ထိုဘုံနန်းပြာသာဒ် စည်းစိမ်နှင့် သေဋ္ဌေးကတော်အပေါ်၌ တပ်မက်မှု တဏှာလောဘမရှိကေန်အမှန် ဖြစ်၏"ဟု မိန့်တော်မူပြီးလျှင် တရားဒေသနာကို ဟောကြားတော်မူ၏။ ဒေသနာအဆုံးတွင် များစွာသော လူတို့ကို သောတာပတ္တိဖိုလ်၌ တည်စေ၍ သောတာပန် အရိယာ ဖြစ်စေလေသည်။

## ၂။ မေဏ္ဍကသေဋ္ဌေး

မေဏ္ဍကသည် ဘဒ္ဒိယမြို့ သေဋ္ဌေးမျိုး၌ ဖြစ်သည်။ ဇနီးသည်မှာ စန္ဒပဒုမာ အမည်ရှိ၏။ သူ၏သားမှာ ဓိသာခါ၏ ဖခင် ဓနဉ္စယသေဋ္ဌေး ဖြစ်၏။ မေဏ္ဍက၏ ထူးခြားသော ကြည်ညိုဖွယ်ရာ ဂုဏ်ရည်များမှာ ဤသို့ ဖြစ်၏။

သေဋ္ဌေးကြီး၏ ရေးကောင်းမှုကံကြောင့် ရွှေဆိတ်ရုပ်များ ကျောက်ကုန်းချင်း ထိခတ် ဆက်စပ်လျက် အိမ်၏ အနောက်ဘက်မြေတွင် ပေါက်လျက် ရှိ၏။ ရွှေဆိတ်ရုပ်တစ်ရုပ်၏ခံတွင်းမှ ဇမ္ဗူဒိပ်ကျွန်း၌ နေသူအားလုံးတို့အတွက် ထောပတ်၊ ဆီ၊ ပျား၊ တင်လဲ၊ အဝတ်အထည်၊ ရွှေငွေတို့ ထွက်လာကုန်၏။ ကျွန်းသူကျွန်းသား တို့သည် မေဏ္ဍက သေဋ္ဌေးကြီးထံ လာ၍ ယူကြရ၏။

မေဏ္ဍက သေဋ္ဌေးသည် ဘဒ္ဒိယမြို့တွင် ဘုန်းကြီးသောသူ ငါးဦးတို့၏ အကြီးအမှူးဖြစ်၏။ သူသည် မိမိရှိ စပါးကျီ ၁၂၅၀ တို့ကို ရှင်းလင်း သုတ်သင် ပြီး ကောင်းကင်သို့ မော့ကြည့်စဉ် သလေးနီစပါးမိုးကြီး ရွာချ၍ စပါးကျီ ၁၂၅၀ တို့မှာ ပြည့်ကုန်၏။

ရှေးဘဝမှ တော်စပ်ခဲ့ဖူးသော ဇနီး၊ သား၊ ချွေးမ၊ ကျွန်တို့သည်လည်း ယခုဘဝတွင် ဇနီး၊ သား၊ ချွေးမ၊ ကျွန် ပြန်ဖြစ်ကုန်၏။

ဗုဒ္ဓမြတ်စွာသည် မေဏ္ဍကသေဋ္ဌေးကြီးအား သူ၏ စရိုက်နှင့် သင့်လျော်သော တရားတော်ကို ဟောကြား၏။ ဒေသနာတော်အဆုံးတွင် သောတာပတ္တိဖိုလ်၌ တည်၍ သောတာပန် အရိယာ ဖြစ်လေသည်။ သေဋ္ဌေးကြီးသည် ၁၅–ရက်ပတ် လုံး ကြီးစွာသော အလှူဒါနကို ပြု၏။

တိတ္ထိတို့နှင့် ပတ်သက်၍ ဗုဒ္ဓကို လျှောက်သောအခါ မြတ်ဗုဒ္ဓက "ဒါယကာ သေဋ္ဌေး၊ ဤသတ္တဝါတို့မည်သည် ကြီးစွာသော မိမိအပြစ်ကိုကား မမြင်ကြကုန်။ သူတစ်ပါးတို့၏အပြစ်ကိုကား မရှိသည်ကိုပင် အရှိပြုကာ ယိုထိုအရပ်တို့၌ ဖွဲ

ဖျင်းကဲ့သို့ လေလွင့် ပြောကြားတတ်ကုန်၏”ဟု ဟောတော်မူသော ဒေသနာအဆုံးတွင် များစွာသော လူအပေါင်းတို့ကို သောတာပတ္တိဖိုလ်၌ တည်စေ၍ သောတာပန် အရိယာ ဖြစ်စေလေသည်။

## ၃။ ဇင်္ဂိလသေဌေး

ဇင်္ဂိလသည် ဗာရဏသီပြည်၌ မွေးဖွား၏။ အမိမှာ အလွန်အဆင်းလှသော အမျိုးသမီးတစ်ဦး ဖြစ်၏။ ဖခင်မှာ ဝိဇ္ဇာဓိုရ်တစ်ဦး ဖြစ်လေသည်။ ဇင်္ဂိလ၏ ထူးခြားသော ကြည်ညိုဖွယ် ဂုဏ်ရည်များမှာ အောက်ပါအတိုင်းဖြစ်၏။

ဇင်္ဂိလသည် ကုန်သည်တစ်ဦး၏အိမ်တွင် သားအဖြစ် နေစဉ် ၁၂–နှစ် ရောင်းမကုန်သော ကုန်ပစ္စည်းများကို တစ်နေ့တည်းနှင့် ရောင်းစွံ၏။ သူကြွယ်ကြီးကပင် “အဖိုးမဖြတ်နိုင်အောင် ထိုက်တန်သည့်ယောကျ်ား၊ ချမ်းချမ်းသာသာ အသက်ရှင်နိုင်မည့်သူ”ဟုသိ၍ သမီးကညာနှင့် လက်ဆက်ကာ အိမ်တစ်ဆောင် မီးတစ်ပြောင်ထား၏။ အိမ်တက်မင်္ဂလာ ပြုလုပ်သောအခါ အိမ်၏ နောက်ပိုင်း၌ ရွှေတောင်ကြီး ပေါက်လေ၏။ သေဌေး ထီးဖြူရလေ၏။ နောင် သူ့သားသုံးယောက်၏ ဘုန်းကံကို စမ်းပြီးသောအခါ သေဌေးကြီးက–

“ဤရွှေတောင်ကြီးသည် ငါနှင့်ငါ့သားငယ် ဘုန်းကံကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။ သားကြီးတို့သည် ညီငယ်နှင့် တစ်စိတ်တစ်ပေါင်းတည်း ဖြစ်ကာ စားသုံးကြလော”ဟု မှာကြား၍ မြတ်ဗုဒ္ဓထံ၌ ရဟန်းပြု၏။ ရဟန်းပြုပြီးနောက် ရဟန်းတရားကို ပွားများအားထုတ် ကြိုးကုတ်သဖြင့် နှစ်ရက် သုံးရက် အတွင်းမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၍ ရဟန္တာ ဖြစ်လေ၏။ သားသုံးယောက်တို့သည် မြတ်ဗုဒ္ဓ အမှူးရှိသော ရဟန်းသံဃာတော်များအား လဝက်ပတ်လုံး ဆွမ်းအလှူဒါနကို ပေးလှူကြကုန်၏။

အရှင်ဇင်္ဂိလနှင့် ပတ်သက်၍ ရဟန်းတို့၏ ပြစ်တင်စကားကို မြတ်ဗုဒ္ဓက “ရဟန်းတို့–ငါ့သားတော် ဇင်္ဂိလရဟန်း၏ သန္တာန်မှာ ထိုရွှေတောင်နှင့် သားတို့၌ တပ်မက်ခြင်း၊ မြတ်နိုးခြင်း အလျှင်းပင် မရှိတော့ချေ”ဟု မိန့်တော်မူပြီးလျှင် တရားဟောတော်မူ၏။ ဒေသနာအဆုံးတွင် များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့ကို ဆိုက်ရောက်လေသည်။

## ၄။ ကာဠဝဠိယသေဋ္ဌေး (ကာကဝလိယသေဋ္ဌေး)

ကာဠဝဠိယသည် ရာဇဂြိုဟ်ပြည်၌ ဆင်းရဲသား တစ်ယောက် ဖြစ်သည်။ တစ်နေ့တွင် ကာဠဝဠိယ၏ ဇနီးသည် စားသုံးရန် ဟင်းရွက်နှင့်ရောသော ယာဂု ချဉ်ကို ပြုတ်၍ ထား၏။ ထိုနေ့၌ အရှင်မဟာကဿပမထေရ်သည် နိရောဓ သမာဝင်မှ ထတော်မူ၍ ငါသည် အဘယ်သူအား ချီးမြှောက်မှု ပြုရပါမည်နည်းဟု ကြည့်ရှုလေလျှင် ကာဠဝဠိယဆင်းရဲသားကို ဉာဏ်၌ မြင်၍ သူ၏ အိမ်တံခါးဝသို့ ကြွရောက် ဆွမ်းရပ်တော်မူ၏။

ကာဠဝဠိယ၏ ဇနီးသည် မထေရ်၏ လက်မှ သပိတ်ကို တောင်းယူ၍ ကျိုပြီး အသင့်ရှိနေသောယာဂုချဉ်အားလုံးကို သပိတ်၌ လောင်းထည့်၍ မထေရ်အား ဆက်ကပ်လှူဒါန်းလေ၏။ အရှင်မဟာကဿပသည် ကျောင်းတော်သို့ သွား၍ ထိုယာဂုကို မြတ်စွာဘုရားအား ဆက်ကပ်လေ၏။ ဗုဒ္ဓမြတ်စွာသည် မျှတတော် မူရုံသာ ခံတော်မူ၏။ ကျန်သော ယာဂုကို ရဟန်းငါးရာတို့အား လောက်ငစေ၏။ ကာဠဝဠိယ ဆင်းရဲသားသည် ဆွမ်းကြွင်းဆွမ်းကျန် တောင်းခံရန် ထိုနေရာသို့ ရောက်လာလျက် ယာဂုအနည်းငယ်ကို ရရှိလေသည်။

အရှင်မဟာကဿပ မထေရ်မြတ်သည် မြတ်ဗုဒ္ဓအား ယာဂု ဒါယကာ ရရှိမည့် အကျိုးကို မေးလျှောက်လေ၏။ ဗုဒ္ဓမြတ်စွာသည် "ဤနေ့မှစ၍ ခုနစ်ရက်မြောက်၌ ကာဠဝဠိယသည် သေဋ္ဌေးဖြစ်လိမ့်မည်"ဟု မိန့်ကြားတော်မူလေ၏။ ကာဠဝဠိယသည် ဗုဒ္ဓမြတ်စွာ၏ မိန့်မြွက်တော်မူသည်ကို နားနှင့် ဆတ်ဆတ် ကြား၍ အိမ်သို့ ပြန်လာပြီးလျှင် ဇနီးသည်အား ထိုအကြောင်းကို ပြန်ကြားပြောဆို လေ၏။

ဗိမ္ဗိသာရမင်းသည် မြို့ကို လှည့်လည်သည်ရှိသော် အရှင်လတ်လတ် ကားစင်တင်ရာ တံကျင်၌ ရာဇဝတ်သားတစ်ယောက်ကို မြင်တော်မူလေ၏။ ရာဇဝတ်သားသည် မင်းကြီးကို မြင်လျှင် "အရှင်မင်းကြီး ပွဲတော်ထမင်းကို ပို့သ စေချင်ပါသည်"ဟု အရဲစွန့်ကာ အော်ဟစ် ပြောဆိုလေ၏။ မင်းကြီးသည် ကောင်းပြီဟုဝန်ခံ၍ ညချမ်းပွဲတော်စာ ဆက်သောအခါ၌ ရာဇဝတ်သား တောင်းခံ သော စကားကို အမှတ်ရ၍ "ဤပွဲတော်စာ ထမင်းကို မြို့အပြင် ကားစင်တံကျင် သို့ ရောက်အောင် ပို့ဆောင်နိုင်မည့်သူကို စုံစမ်းကြလော"ဟု မိန့်လေ၏။

ရာဇဂြိုဟ်၏ ပတ်ဝန်းကျင် မြို့ဥပစာအရပ်သည် အလွန် ကြမ်းကြုတ် သည့် ဘီလူးများ လှည့်လည် ကျက်စားရာ အရပ်ဖြစ်၍ ညအချိန်၌ အလွယ်တကူ

မြို့ပြင်သို့ မထွက်ဝံ့သောကြောင့် ဆိုင်ရာဝန်တို့သည် မြို့ပြင်ကားစင် တံကျင်သို့ ထမင်းသွားရောက် ပို့ဝံ့သောသူသည် ဤအသပြာတစ်ထောင်ကို ယူစေ ဟု မြို့တွင်း၌ လှည့်လည်ကြေညာစေလေသည်။ ပထမ,ဒုတိယအကြိမ်များ၌ အသပြာ တစ်ထောင်ထုပ်ကို ယူမည့်သူ မပေါ်ဘဲ တတိယအကြိမ် လှည့်လည်စေသောအခါမှ ကာဠဝဋ္ဋိယ၏ဇနီးသည် ထိုအသပြာတစ်ထောင်တို့ကို မင်းချင်းတို့လက်မှ ယူလိုက်လေ၏။ မင်းချင်းတို့သည် သူမကို မင်းကြီးအား ပြသကြလေကုန်၏။ သူမသည် ယောကျ်ားအသွင်ကို ယူပြီးလျှင် ကိုယ်၌ လက်နက်ငါးပါးဖွဲ့ချည်လျက် ထမင်းပွဲတော်ကို ယူဆောင်ကာ ရဲရဲရင့်ရင့် မြို့မှ ထွက်ခဲ့လေ၏။ မြို့ပြင်သို့ရောက်လျှင် ဒီဃတာလ နတ်ဘီလူးသည် ထန်းပင်အနီးမှ သွားသော သူမကို မြင်လေလျှင် "ရပ်လော့၊ သင်သည် ငါ့အစာ ဖြစ်လေပြီ"ဟု ခြိမ်းခြောက်စကား ပြောကြားလေ၏။

သူမ။ ငါသည် သင့်အစာ မဟုတ်။ ငါကား မင်းကြီး၏ တမန်တော် ဖြစ်သည်။

ဘီလူး။ ယခု အဘယ်သို့ သွားမည်နည်း။

သူမ။ အရှင်လတ်လတ် ကားစင်တင်သော တံကျင်၌ နေသော ရာဇဝတ်သားထံသို့ ငါသွားမလို့။

ဘီလူး။ ငါ၏ သတင်းစကား တစ်ခုကို ဆောင်သွားခြင်းငှာ စွမ်းနိုင်ပါမည်လော။

သူမ။ စွမ်းနိုင်ပေ၏။

ဘီလူး။ ထိုသို့ဖြစ်လျှင် "သုမနနတ်မင်းကြီး၏ သမီး ဒီဃတာလ ဘီလူး၏ ဇနီး ကာဠီနတ်သမီးသည် သားကို မွေးဖွားလေပြီ"ဟု လမ်းတစ်လျှောက်၌ ဟစ်အော် ပြောကြားပါလေ။ ဤထန်းပင်ခြေ၌ ရွှေအိုးခုနစ်လုံးတို့ ရှိကြပါကုန်၏။ ထိုရွှေအိုးများကို သတင်းကြေးကြော်ခအဖြစ် သင်ယူပါလေ။

သူမသည် ဘီလူးပြောသည့်အတိုင်း ဟစ်အော် ကြေးကြော်သွားသည် ရှိသော် သုမန နတ်မင်းကြီးသည် နတ်ဘီလူးတို့ အစည်းအဝေး၌ ထိုအသံကို ကြားရ၍ လူသားတစ်ယောက်သည် ငါတို့အတွက် အလွန်နှစ်သက်ဖွယ်သော သတင်းကို ယူဆောင်လာ၏။ ထိုသူကိုခေါ်ပြီး "ဤသစ်ပင်၏ အောပတ်ပတ်လည် အရိပ်ပျံ့နှံ့ရာအရပ်၌ ရွှေအိုးများ ရှိကြသည်။ ထိုရွှေအိုးများကို သင့်အား ငါ ပေး၏"ဟု ပြောဆိုလေ၏။

ထို့နောက် သူမသည် ကားစင်ရှိရာသို့ သွား၍ ရာဇဝတ်သားကို ထမင်းခွံ့၍ ကျွေးလေ၏။ ရာဇဝတ်သားသည် ထမင်းစားပြီးနောက် ခံတွင်းကို သူမ၏ လက်ဖြင့် သုတ်ပေးသောအခါ မိန်းမအတွေ့မှန်းသိ၍ သူမ၏ ဆံထုံးကို တအား ကိုက်၍ ထားလေ၏။ သတ္တိကောင်းသော သူမသည် သန်လျက်ဖြင့် ဆံထုံးကို ဖြတ်ခဲ့ပြီး မင်းကြီးထံသို့ ပြန်လာလေ၏။

ထိုအခါမင်းကြီးက "မယ်မင်း-ထမင်းကျွေးခဲ့ပြီးကြောင်းကို အဘယ်သို့သော အခြင်းအရာအမှတ်အသားဖြင့် ငါသိရမည်နည်း"ဟု မေးတော်မူလျှင် သူမသည် "ကျွန်တော်မျိုးမ၏ဆံထုံးအမှတ်အသားဖြင့် သိတော်မူနိုင်ပါသည်"ဟု ပြောဆိုကာ မင်းကြီးအား မိမိတွေ့ကြုံခဲ့ရသမျှသော ဖြစ်ရပ်အားလုံးကို ပြန်ကြားလျှောက်ထား၍ ထိုရွှေအိုးများကို ဆောင်ယူစေလေ၏။ မင်းကြီးသည် ရွှေအိုးများကို ယူဆောင်စေပြီးလျှင် မှူးမတ်တို့အား "အခြားသူ တစ်ဦးတစ်ယောက်မှာ ဤမျှများပြားသော ဥစ္စာ ရှိသလား"ဟု မေးတော်မူ၍ မရှိပါဟု ပြန်ကြားလျှောက်ထားလေလျှင် မင်းကြီးသည် သူမ၏ အိမ်ရှင် ကာဠဝဋ္ဋိယကို ရာဇဂြိုဟ်ပြည်၌ အဆောင်အယောင်များပါ ပေးအပ်ကာ "ဓနသေဋ္ဌိ"ဘွဲ့တံဆိပ်တပ်သည့် သေဋ္ဌေးကြီးရာထူး၌ ခန့်အပ် မြှောက်စားထားလေသတည်း။

## (ခ) လူဝတ်ကြောင် မိန်းမအရိယာများ

### ၁။ သုဇာတာ သေဋ္ဌေးကတော်

သုဇာတာသည် ဥရုဝေလတောအုပ်အနီး သေနနိဂုံး၌ သေနိယ သေဋ္ဌေးကြီး၏သမီး ဖြစ်သည်။ သူ၏သားမှာ ယသ သတိုးသားဖြစ်၏။ သူ၏ ခင်ပွန်းမှာ ဗာရာဏသီ သေဋ္ဌေး ဖြစ်လေသည်။ သုဇာတာ သေဋ္ဌေးကတော်၏ ထူးခြားသော ကြည်ညိုဖွယ်ရာ ဂုဏ်ရည်များမှာ ဤသို့ဖြစ်၏။

သုဇာတာ သေဋ္ဌေးကတော်သည် ဗုဒ္ဓအလောင်းတော်အား ညောင်စောင့်နတ်ထင်မှတ်၍ ရွှေခွက်နှင့်တကွ နို့ဃနာဆွမ်းကို ဆက်ကပ်၏။ "အကျွန်ုပ်၏ စိတ်နှလုံး အလိုဆန္ဒ ပြည့်ဝသကဲ့သို့ အရှင်တို့၏ အလိုဆန္ဒလည်း ပြည့်ဝပါစေသတည်း"ဟု ဆုတောင်း၏။ ဆုတောင်းပြည့်၍ သား ယသကို ရ၏။

နောင်အခါတွင် သုဇာတာ၏ခင်ပွန်း သေဋ္ဌေးကြီးက ပင့်ဖိတ်၍ ဗုဒ္ဓမြတ်စွာသည် အရှင်ယသကို နောက်ပါ ရဟန်းပြု၍ သုဇာတာ သေဋ္ဌေးကတော်အိမ်သို့ ဆွမ်းဘုဉ်းပေးကြွ၏။ မြတ်ဗုဒ္ဓ၏ဟောကြားတော်မူအပ်သော ဓမ္မဒေသနာ ဆုံးသော

အခါ သေဋ္ဌေးကတော် သုဇာတာသည် သောတာပတ္တိဖိုလ်၌တည်၍ သောတာပန် အရိယာ ဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာသည် ရှေးဦးစွာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော သရဏဂုံသို့ ရောက်ကြသည့် ငါဘုရား၏ တပည့်မ သာဝိကာ ဥပါသိကာတို့တွင် သေနိယသေဋ္ဌေး၏ သမီး သုဇာတာသည် အသာဆုံး အမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူလေသည်။

## ၂။ ဝိသာခါ ကျောင်းအမကြီး

ဝိသာခါသည် အင်္ဂတိုင်း၊ ဘဒ္ဒိယမြို့၌ မေဏ္ဍကသေဋ္ဌေးကြီး၏သား ဓနဥ္စယ သေဋ္ဌေးနှင့် သုမနဒေဝီသေဋ္ဌေးကတော်ကြီး၏ သမီး ဖြစ်လေသည်။ ဝိသာခါ၏ ထူးခြားသော ကြည်ညိုဖွယ်ရာ ဂုဏ်ရည်များမှာ ဤသို့ ဖြစ်၏။

ဝိသာခါသည် အဘိုးဖြစ်သူ မေဏ္ဍကသေဋ္ဌေးကြီး၏လမ်းညွှန်မှုဖြင့် ခုနစ်နှစ် သမီးအရွယ်တွင် ရံရွေဖော်များ ခြံရံလျက် မြတ်ဗုဒ္ဓအား ခရီးဦးကြိုဆိုမှု ပြုလေ၏။ မြတ်စွာဘုရားသည် ဝိသာခါ သေဋ္ဌေးသမီးအား သူမ၏ စရိုက်နှင့် လိုက်လျော ညီညွတ်သော တရားကို ဟောကြားတော်မူသော အဆုံး၌ သောတာ ပတ္တိဖိုလ်၌တည်၍ ခုနစ်နှစ်အရွယ်ကပင် သောတာပန်အရိယာ ဖြစ်လေ၏။

အရွယ်ရောက်၍ မင်္ဂလာ ပြုသောအခါ ဝိသာခါ၏ မင်္ဂလာပွဲသို့ ကောသလ မင်းကြီးကိုယ်တိုင် လိုက်ပါ ချီးမြှင့်၏။ ယောက္ခမအိမ်သို့ လိုက်သွားမည့် ချစ်သမီး ဝိသာခါအား ဓနဥ္စယသေဋ္ဌေးကြီးက အတွင်းမီး အပြင်မီး စသည့် ဩဝါဒ ၁၀–ချက်ဖြင့် သင်ကြားဆုံးမလေ၏။ သမီး ဝိသာခါကို ကိုးကုဋေတန်သော မဟာ လတာတန်ဆာဖြင့် တန်ဆာဆင်လေ၏။ နံ့သာမှုန့်ဖိုး လှည်းအစီး ၁၅၄–စီး တိုက်ဥစ္စာကို ပေး၏။ ကျွန်မ ၅၀၀၊ အာဇာနည်မြင်း ကသော ရထား ၅၀၀ အသုံးအဆောင်မျိုးစုံ တစ်မျိုးလျှင် တစ်ရာစီ၊ တစ်ရာစီ ပေး၏။

"သမီး ဝိသာခါသည် ရဟန်းသံဃာနှင့် ကင်းကွာ၍ နေထိုင်ရန် မဖြစ် နိုင်ပါ။ ရဟန်း၊ သံဃာတို့ကို ပြုစုလုပ်ကျွေးလိုပါ၏။"ဟု မိဂါရသေဋ္ဌေးကို အရေးဆိုခဲ့၏။ အခွင့်ရသောအခါ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်တို့အား ဆွမ်းဖြင့် လုပ်ကျွေး၏။ မိဂါရသေဋ္ဌေးယောက္ခမကြီးအား မြတ်ဗုဒ္ဓ၏ တရားတော်ကို နာကြားစေ၏။ ထိုအခါ မိဂါရသေဋ္ဌေးဇနီးမောင်နှံမှာ သောတာပတ္တိဖိုလ်၌ တည် ၍ သောတာပန်အရိယာ ဖြစ်လေသည်။ မိဂါရသေဋ္ဌေးကြီးသည် ဝိသာခါကို အမိအရာ၌ တည်စေ၏။

ဝိသာခါ၏ ထူးခြားချက်မှာ အသက် ၁၂၀ ရှည်သူဖြစ်၏။ ဆံဖြူတစ်ပင်မျှ မပေါက်ချေ။ အမြဲတစေ ၁၆–နှစ်အရွယ် ပျိုမျစ်နုနယ်လျက် နေ၏။ သားသမီး မြေးမြစ်တို့နှင့် အတူသွားသည်ကိုမြင်လျှင် အဘယ်သူသည် ဝိသာခါလဲ ဟု မေးရလောက်အောင်ပင် ပျိုမျစ်နုနယ်၏။ လျောင်း၊ ထိုင်၊ ရပ်၊ သွား လေးပါးသော ဣရိယာပုထ်တို့တွင် အဘယ်ဣရိယာပုထ်ဖြင့်တော့ မတင့်တယ်ဘူးဟု ပြောဆိုဖွယ် မရှိအောင် တင့်တယ်၏။ ဆင်ပြောင်တစ်ကောင်ကို လက်ချောင်းကလေးနှစ်ခုဖြင့် နှာမောင်း၌ ညှပ်ကိုင်ကာ အသာအယာ တွန်းလှဲနိုင်သည့် ဆင်ပြောင်ငါးစီးအား ရှိ၏။

ဝိသာခါသည် မိမိကိုယ်တိုင်သာလျှင် မဟာလတာတန်ဆာ၏တန်ဖိုးကိုးကုဋေနှင့် တစ်သိန်းကို ပေး၍ ပြန်ဝယ်ပြီးလျှင် သာဝတ္ထိမြို့တံခါးအနီး၌ ပုဗ္ဗာရုံကျောင်းနေရာမြေကို ထိုကိုးကုဋေသောအသပြာတို့ဖြင့် ဝယ်ယူ၏။ အခြားကိုးကုဋေသောဥစ္စာတို့ဖြင့် ပုဗ္ဗာရုံကျောင်းတိုက်ကြီးကို တည်ဆောက်၏။ ကိုးလကြာသောအခါ ရှင်မောဂ္ဂလာန်မထေရ်မြတ်၏ ကြီးကြပ်မှုဖြင့် ကျောင်းတော်ကြီးပြီးစီးလေ၏။ ကျောင်းရေစက်ချပွဲကို လေးလကြာ ကျင်းပပါသည်။

ဝိသာခါ ကျောင်းအမကြီးသည် ထိုနေ့မှစ၍ ဘုရား အမှူးရှိသော ရဟန်းသံဃာတော်တို့အား ပုဗ္ဗာရုံကျောင်းတိုက်မှာပင် အလှူဒါနကြီး ပေးလှူ၏။ အငယ်ဆုံးသံဃာရသော သင်္ကန်းလျာအဝတ်တို့သည် အဖိုးတစ်ထောင် ထိုက်တန်ကုန်၏ ရဟန်းတို့အား သပိတ်အပြည့်ထည့်၍ စတုမဓုဆေးကို လှူဒါန်းလေ၏။ ကျောင်းလွှတ်ပူဇော်ပွဲ၌ ကိုးကုဋေသော အသပြာတို့ ကုန်လေ၏။

ဝိသာခါ ကျောင်းအမကြီးသည် ကျောင်းရေစက်ချပွဲတွင် “ငါ တောင့်တခဲ့သမျှ ဆုတောင်းခဲ့သမျှ ဥသုံအလုံးစုံ အထွတ်အထိပ်သို့ အပြီးအဆုံးသို့ ရောက်လေပြီ”ဟု ဝမ်းမြောက်ဝမ်းသာ ကျောင်းတော်ကြီးကို လှည့်လည်လျက် ငါးဂါထာတို့ဖြင့် အလွန်သာယာချိုမြိန်သော အသံဖြင့် ဥဒါန်း ကျူးရင့်လေ၏။ ကျောင်းအမကြီးသည် နေ့စဉ် နံနက်အခါတွင် ရဟန်းသံဃာတော်တို့အား ဆိုင်ရာ ဆိုင်ရာသော ဆွမ်းများ လှူဒါန်းပြီး နေမွန်းလွဲသောအခါ ကျောင်းတော်သို့ သွား၍ ဆီဦး, ထောပတ်, ပျား, ဆီ, တင်လဲတို့ကိုလည်းကောင်း၊ အဖျော်ရှစ်မျိုးတို့ကိုလည်းကောင်း၊ ရဟန်းတို့ လိုအပ်သောဆေးပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လေ၏။ ဤကား ဝိသာခါ၏ နိဗဒ္ဓဝတ် ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာသည် စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၌ နှစ်ခြိုက် မွေ့လျော်ကြသည့် ငါဘုရား၏တပည့်မ သာဝိကာ ဥပါသိကာမတို့တွင် မိဂါရ၏မယ်တော် ဝိသာခါ သေဋ္ဌေးမ သည် အသာဆုံးအမြတ်ဆုံးဟု ဧတဒဂ် ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူလေသည်။

## ၃-၄။ ခုဇ္ဇုတ္တရာနှင့် သာမာဝတီ

ခုဇ္ဇုတ္တရာသည် ဃောသကသေဋ္ဌေး၏ အထိန်းတော်ကြီးသမီး ဖြစ်၏။ ကိုယ်ခန္ဓာကုန်းကုန်းကလေး ရှိ၍ ခုဇ္ဇုတ္တရာ သူငယ်မဟု အမည်တွင်၏။

သာမာဝတီသည် ဘဒ္ဒိယမြို့ ဘဒ္ဒဝတိယသေဋ္ဌေးကြီး၏သမီး ဖြစ်၏။ ခုဇ္ဇုတ္တရာနှင့် သာမာဝတီတို့၏ ထူးခြားသော ကြည်ညိုဖွယ်ရာ ဂုဏ်ရည်များမှာ ဤသို့ဖြစ်၏။

သာမာဝတီကို ဃောသကသေဋ္ဌေးကြီးက သမီးအဖြစ် မွေးစား၏။ တစ်ဖန် ဥဒေနမင်းကြီးကလည်း မိဖုရား မြှောက်ခဲ့၏။

တစ်နေ့သ၌ မြတ်စွာဘုရားသည် ရဟန်းအပေါင်းခြံရံလျက် ပန်းသည်ကြီး အိမ်တွင် ထိုင်နေတော်မူ၏။ သာမာဝတီမိဖုရား၏အလုပ်အကျွေးဖြစ်သော ခုဇ္ဇုတ္တရာ သည် ထိုအိမ်သို့ ပန်းလာဝယ်၏။ ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းကပ်ရာတွင် ဝေယျာဝစ္စကုသိုလ် ကူညီပြုလုပ်ပေး၏။

ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူသော တရားအလုံးစုံကို နှုတ်ငုံရအောင် သင်ယူ၏။ အနုမောဒနာတရားအဆုံး၌ သောတာပတ္တိဖိုလ်၌ တည်၍ သောတာပန် အရိယာ ဖြစ်လေသည်။

တစ်ဖန် ခုဇ္ဇုတ္တရာသည် သာမာဝတီမိဖုရားထံ ပြန်လာပြီး သာမာဝတီ အမှူးရှိသော မောင်းမ ငါးရာတို့အား တရားဟောလေ၏။ တရားဒေသနာဆုံးသော အခါ သာမာဝတီမိဖုရားကို အကြီးအမှူးပြု၍ အလုံးစုံသော မောင်းမ ငါးရာတို့သည် သောတာပတ္တိဖိုလ်၌ တည်၍ သောတာပန်အရိယာများ ဖြစ်ကုန်၏။

ခုဇ္ဇုတ္တရာသည် ထိုနေ့မှစ၍ နေ့စဉ် မြတ်ဗုဒ္ဓထံမှ တရားဓမ္မကို နာယူပြီးလျှင် သာမာဝတီအမှူးရှိသော မောင်းမငါးရာတို့အား ရွှေနန်းတော်မှာပင် ပြန်၍ ဟောကြား လေ၏။

သာမာဝတီအမှူးရှိသော မောင်းမငါးရာတို့သည် မာဂဏ္ဍီမိဖုရား၏ ရန်တိုက် မှုကို သုံးကြိမ်မြောက်ခံရသော်လည်း–

"သူတဖက်သား၊ မျက်မာန်ပွားသော်၊ တရားမကွာ၊ သိန်းစောင့်ကာဖြင့်၊
မေတ္တာနှလုံး၊ ကိုယ်ကသုံးလျှင်၊ အရှုံးဘယ်မှာ ရှိချိမ့်နည်း"

(ဓမ္မပဒေသ)

ဆိုသည်နှင့်အညီ မေတ္တာနှလုံး ကျင့်သုံးခြင်းဖြင့် အနိုင်ရခဲ့လေသည်။ သို့သော် ရှေးကအကုသိုလ်ကံကြောင့် နောက်ဆုံးအကြိမ်တွင် မီးလောင်တိုက်သွင်း၍ သတ်ခြင်းခံရရှာ၏။

မြတ်ဗုဒ္ဓသည် အကြားအမြင် ဗဟုသုတများကြသည့် ငါဘုရား၏ တပည့်မ သာဝိကာဥပါသိကာမတို့တွင် ခုဇ္ဇုတ္တရာဥပါသိကာမသည် အသာဆုံး အမြတ်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်တော်မူပါသည်။

သာမာဝတီမိဖုရားကိုမူကား မေတ္တာဈာန်ဖြင့် နေလေ့ရှိကြသည့် ငါဘုရား၏ တပည့်သာဝိကာ ဥပါသိကာမတို့တွင် သာမာဝတီသည် အသာဆုံး အမြတ်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်တော်မူပါသည်။

## ၅။ ဥတ္တရာနန္ဒမာတာ ဥပါသိကာ

ဥတ္တရာနန္ဒမာတာသည် ရာဇဂြိုဟ်ပြည်၌ ပုဏ္ဏသီဟ အလုပ်သမားနှင့် ဇနီး ဥတ္တရာတို့၏ သမီးဖြစ်လေ၏။ သူ့တွင် နန္ဒအမည်ရှိသော သားတစ်ယောက် ထွန်းကား၏။ ဥတ္တရာနန္ဒမာတာ၏ ထူးခြားသော ကြည်ညိုဖွယ်ရာဂုဏ်ရည်များမှာ ဤသို့ဖြစ်၏။

ဥတ္တရာနန္ဒမာတာ ဥပါသိကာမ၏ ဖခင် ပုဏ္ဏသူဆင်းရဲသားသည် နိရောဓ သမာပတ်မှထ၍ မိမိလယ်တောသို့ ကြွရောက်လာသော အရှင် သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကို မျက်နှာသစ်တော်ရေနှင့် ဒန်ပူဆက်ကပ်လှူရသော အကျိုးနှင့် ဇနီးဖြစ်သူ ဥတ္တရာ၏ ဆွမ်းလှူရသောအကျိုးကြောင့် မိမိထွန်အပ်သော ထွန်စိုင်ခဲတုံးတို့သည် ရွှေတုံးရွှေခဲများ ဖြစ်လာပြီး ဗိမ္ဗိသာရမင်းသို့ ဆက်သရာမှ မင်းကြီးက "မဟာဓနသေဋ္ဌိ"ဟူသောဘွဲ့ထူးဖြင့် သေဋ္ဌေးကြီးရာထူးကို ကြီးကျယ် ခမ်းနားစွာ ချီးမြှောက်လေ၏။ ထို့နောက် ခုနစ်ရက်တို့ပတ်လုံး မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာတော်များအား ကြီးစွာသော အလှူကြီးကို ပေးလှူ၏။ ဗုဒ္ဓမြတ်စွာ၏ အနုမောဒနာတရားကို ကြားနာသောကြောင့် ပုဏ္ဏသေဋ္ဌေးကြီး၊ သေဋ္ဌေးကတော်ကြီး ဥတ္တရာ၊ သမီး ဥတ္တရာ နန္ဒမာတာ မိသားစု သုံးဦးတို့သည် သောတာပတ္တိဖိုလ် တည်၍ သောတာပန်အရိယာ ဖြစ်ကြလေသည်။

ဥတ္တရာနန္ဒမာတာ၏ ကြီးစွာသော အစီအစဉ်မှာ မိမိ ကုသိုလ်ပြုခွင့်ရဖို့ အတွက် မိမိခင်ပွန်းလင် သုမနအား ဖျော်ဖြေရန် အသပြာ တစ်သောင်းငါးထောင် ပေး၍ သီရိမာ ပြည့်တန်ဆာကို ငှားကာ ၁၅-ရက်အိမ်တွင် နေကြစေ၏။ မိမိ မှာမူ ဗုဒ္ဓအတွက် ကိုယ်တိုင် ဦးစီးကာ ဆွမ်း ခဲဖွယ် ဘောဇဉ်များကို ဆက်ကပ်၍ ဥပုသ်သီတင်း စောင့်သုံးနေလေသည်။ သီရိမာ၏ စိတ်သန္တာန်ဝယ် သေဋ္ဌေးကို ဖျော်ဖြေနေရ၍ မိမိကိုပင် သေဋ္ဌေးကတော် ထင်ကာ-

"ဝတ္တုကာမ၊ သဘာဝကား၊ ကာလရှည်ကြာ၊ သုံးမိပါက၊ ပမာဒစု၊
လွှမ်းမိုးမှုကြောင့်၊ သူ့ဟာကိုပင်၊ ကိုယ့်ဟာထင်၏"

(ဓမ္မပဒေသ)

ဆိုသည့်အတိုင်းဖြစ်ပြီး ဥတ္တရာနန္ဒမာတာ၏ဦးခေါင်းပေါ်သို့ အိုးကင်းထဲမှ ကျိုက်ကျိုက် ဆူသောဆီကို ခပ်ပြီး လောင်းချလိုက်လေ၏။ သို့သော် ဥတ္တရာ သည် မေတ္တာစျာန်ဖြန့်ကြက်ထားသောကြောင့် ဆီပူသည် ပဒုမ္မာကြာရွက်ပေါ်၌ လောင်းချအပ်သည့် ရေကဲ့သို့ လျှော၍သာ ကျလေ၏။ သီရိမာသည် မိမိအမှားကို တောင်းပန်၏။ ဥတ္တရာက မြတ်ဗုဒ္ဓ သည်းခံမှ သည်းခံမည်ဟု ပြော၏။ သီရိမာ သည် မြတ်ဗုဒ္ဓထံ သည်းခံစေပြီးမှ ဥတ္တရာကိုလည်း သည်းခံရစေ၏။ ထို့နောက် သီရိမာသည်လည်း ဗုဒ္ဓရှင်တော်ဘုရား၏ တရားဓမ္မကို ကြားနာရသောကြောင့် သောတာပတ္တိဖိုလ်၌ တည်၍ သောတာပန် အရိယာ ဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာသည် ဈာန်ဝင်စားခြင်းရှိကြသည့် ငါဘုရား၏ တပည့်မ သာဝိကာ ဥပါသိကာမတို့တွင် နန္ဒသူငယ်၏ အမိဖြစ်သူ ဥတ္တရာဥပါသိကာသည် အသာဆုံးအမြတ်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်တော်မူပါသည်။

## ၆။ သုပ္ပဝါသာ (ကောလိယ) သာကီဝင်မင်းသမီး

သုပ္ပဝါသာသည် ကောလိယပြည်၌ သာကီဝင်မင်းသမီးဖြစ်၏။ သီဝလိ သတိုးသား၏မိခင် ဖြစ်၏။ သုပ္ပဝါသာ၏ထူးခြားသော ကြည်ညိုဖွယ်ရာ ဂုဏ်ရည် များမှာ ဤသို့ဖြစ်၏။ သုပ္ပဝါသာသည် မိမိ၏ ခင်ပွန်းအိမ်သို့ လိုက်နေစဉ် မြတ် ဗုဒ္ဓကို ပထမဦးဆုံးအကြိမ် ဖူးတွေ့ခွင့်ရ၏။ ဘုရားရှင်၏တရားတော်ကို ကြားနာ ရသဖြင့် သောတာပတ္တိဖိုလ်၌တည်၍ သောတာပန်အရိယာ ဖြစ်လေသည်။

သုပ္ပဝါသာ၏ ဘုန်းကံကြောင့် မင်းသမီး၏လက်ဖြင့် ထိစေပြီး စိုက်အပ် သော စပါးတို့တွင် မျိုးစေ့တစ်စေ့မှ အပင်အညှောက်ပေါင်း ရာထောင်ပေါက်၍

မင်းပယ်တစ်ပယ် ကျယ်သော လယ်မြေတစ်ကွက်မှပင် လှည်းအစီးပေါင်းငါးဆယ် ခြောက်ဆယ်တိုက် စပါးထွက်၏။ စပါးများကို ကျီတိုက်တွင် ဖြည့်သွင်းထားသော အခါတွင်လည်း မင်းသမီး၏လက်ဖြင့် ထိစေ၏။ မင်းသမီး၏ ဘုန်းကံကြောင့် ကောက်စပါး ထုတ်ယူသည်ရှိသော် ယူတိုင်း ယူတိုင်း နေရာသည် တစ်ဖန်ထပ်၍ ပြည့်မြဲဖြစ်၏။ ထို့ပြင် ထမင်းအိုးမှ ခူးကာ ခူးကာ ပေးသော်လည်း ထမင်းသည် မကုန်နိုင်ချေ။

သုပ္ပဝါသာသည် ခုနစ်နှစ် ခုနစ်ရက် ကိုယ်ဝန်ကို ဆောင်ထားစဉ်က ခံစားရသော ဒုက္ခကို မြတ်ဗုဒ္ဓ၏ ဂုဏ်တော်၊ သံဃာတော်၏ သုပ္ပဋိပန္နဂုဏ်တော်၊ နိဗ္ဗာန်၏သန္တိသုခဂုဏ်တော်တို့ကို နှလုံးသွင်း အာရုံပြု၍ အောင့်အည်း သည်းခံလေ သည်။ သားတော် သီဝလိကို မွေးဖွားပြီးနောက် မြတ်စွာဘုရား အမှူးရှိသော သံဃာတော်များကို ဆွမ်းကပ်လှူ၏။

မြတ်ဗုဒ္ဓသည် မွန်မြတ်သောဝတ္ထုကို ပေးလှူသည့် ငါဘုရား၏ တပည့်မ သာဝိကာ ဥပါသိကာမတို့တွင် ကောလိယသာကီဝင် မင်းသမီး သုပ္ပဝါသာသည် အသာဆုံး အမြတ်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်တော်မူပါသည်။

## ၇။ သုပ္ပိယာဥပါသိကာ

သုပ္ပိယာ ဥပါသိကာမသည် ဗာရာဏသီပြည်၌ သေဋ္ဌေးသမီး ဖြစ်လေသည်။ သုပ္ပိယာ၏ ထူးခြားသော ကြည်ညိုဖွယ်ရာ ဂုဏ်ရည်များမှာ ဤသို့ဖြစ်၏။

သုပ္ပိယာသေဋ္ဌေးကတော်သည် မြတ်စွာဘုရားရှင်ကို ပထမအကြိမ် ဖူးမြင် ရသောအခါ၌ပင်လျှင် တရားတော်ကို ကြားနာရ၍ သောတာပတ္တိဖိုလ်၌ တည်ကာ သောတာပန်အရိယာ ဖြစ်လေ၏။ တစ်နေ့သ၌ သုပ္ပိယာ ဥပါသိကာမကြီးသည် မိဂဒါဝုန်ကျောင်းတိုက်တွင် ကျောင်းစဉ် လှည့်လည်လတ်သော် ဝမ်းလျော၍ အားနည်းကာ မမာမကျန်းဖြစ်နေသော ရဟန်းတစ်ပါးကို ဖူးတွေ့ရ၏။ ထိုဂိလာန ရဟန်း အလိုရှိအပ်သော သားမျိုးဟင်းရည်ကို ပြုလုပ်ရန် ကျွန်မအား ပံ့သကူ အသားကို ရှာခိုင်း၏။ မရသည့်အတွက် မိမိပေါင်သားကို ဖြတ်၍ သားမျိုးဟင်းရည် ပြုလုပ်ကာ ဂိလာနရဟန်းအား ကပ်စေ၏။ သုပ္ပိယာ ဥပါသိကာမကြီး၏ အံ့သြ ဖွယ် ဒါန စေတနာကို တွေ့ရပါသည်။

ဗုဒ္ဓမြတ်စွာသည် ထိုအကြောင်းကို သိ၍ နောက်ပါ ရဟန်းသံဃာတော် တို့ဖြင့် သုပ္ပိယာဥပါသိကာ အပါးသို့ ကြွလေ၏။ သုပ္ပိယာ ဥပါသိကာမသည် ဗုဒ္ဓကို ဖူးမြင်ရလျှင်ပင် ပေါင်သားလှီးရာ အနာသည် ပကတိအတိုင်း ဖြစ်သွားလေ၏။

မြတ်ဗုဒ္ဓသည် သူနာကို လုပ်ကျွေးပြုစုကုန်သော ငါဘုရား၏ တပည့်မ သာဝိကာ ဥပါသိကာမတို့တွင် သုပ္ပိယာဥပါသိကာမသည် အသာဆုံးအမြတ်ဆုံး ဟု ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်တော်မူပါသည်။

## ၈။ ကာတိယာနီဥပါသိကာ

ကာတိယာနီသည် ကုရရဃရမြို့၌ သေဌေးသမီးဖြစ်၏။ သူ၏ သူငယ်ချင်း မှာ သောဏကုဋိကဏ္ဏမထေရ်၏မယ်တော် ကာဠီသေဌေးကတော် ဖြစ်လေသည်။ ကာတိယာနီဥပါသိကာမ၏ ထူးခြားသော ကြည်ညိုဖွယ်ရာ ဂုဏ်ရည်မှာ ဤသို့ ဖြစ်၏။

သူငယ်ချင်းမ၏သားဖြစ်သော သောဏကုဋိကဏ္ဏ မထေရ်သည် မယ်တော် ၏ တောင်းပန်မှုကြောင့် ညတရားပွဲကို ကုရရဃရမြို့တွင် ကျင်းပလေ၏။ မထေရ်သည် မြတ်စွာဘုရားအား လျှောက်ထားခဲ့သည့် နည်းအတိုင်း တရားတော်ကို ဟောကြားလေသည်။ ထိုအခါ ကာတိယာနီသေဌေးမသည် ကာဠီနှင့်အတူ ပရိသတ် အစွန်မှ တရားကို ရိုသေစွာ နာယူ၏။ ကျွန်မက အိမ်တွင် သူခိုး ခိုးယူနေကြောင်း တွေ့၍ ပြောကြားသည်ကို "အမိ အသံမပြုလင့်၊ တရားတော်၏ အန္တရာယ်ကို မပြုပါလင့်"ဟု ပြောဆိုလိုက်၏။ တရားတော်၏အဆုံး၌ သောတာပတ္တိ ဖိုလ်၌ တည်၍ သောတာပန် အရိယာ ဖြစ်လေသည်။

ခိုးသူမှူးကြီးသည် ကျွန်မနှင့် ကာတိယာနီတို့ ပြောဆိုသောစကားကို ကြားသိရ၍ ပစ္စည်းများကို ပြန်ထားကာ ဝန်ချတောင်းပန်ပြီး သောဏကုဋိကဏ္ဏ အရှင်မြတ်၏ထံတွင် ကာတိယာနီကို ရဟန်းဒါယိကာမအဖြစ် ခံယူစေကာ ခိုးသူမှူးကြီးနှင့်တကွ ခိုးသားငါးရာတို့သည် ရဟန်းပြုကုန်၏။ ရဟန်းတရားများကို ပွားများ ကြိုးကုတ်အားထုတ်သဖြင့် ငါးရာလုံးပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက် ရကာ ရဟန္တာ ဖြစ်ကြကုန်၏။

ဗုဒ္ဓမြတ်စွာသည် သာသနာတော်၌ မတုန်မလှုပ် သက်ဝင် ယုံကြည်ကြ သည့် ငါဘုရား၏တပည့်မ သာဝိကာ ဥပါသိကာမတို့တွင် ကာတိယာနီ ဥပါသိကာမသည် အသာဆုံးအမြတ်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်တော်မူ လိုက်လေသည်။

## ၉။ ကုရဃရမြို့နေ ကာဠီဥပါသိကာ

ကာဠီဥပါသိကာမသည် ရာဇဂြိုဟ်ပြည်၌ သေဋ္ဌေးသမီးဖြစ်၏။ ကာဠီဥပါသိကာမ၏ ထူးခြားသော ကြည်ညိုဖွယ်ရာ ဂုဏ်ရည်များမှာ ဤသို့ဖြစ်၏။

မဟာသက္ကရာဇ် ၁၀၃–ခု၊ ဝါဆိုလပြည့် ဓမ္မစကြာတရား ဟောတော်မူသောနေ့ သန်းခေါင်ယံညဉ့်အခါ၌ မိဘတို့၏ အိမ်ပြာသာဒ်ထက်သို့ တက်၍ ကိုယ်ဝန်၏ပင်ပန်းမှုကို ပျောက်လိုသဖြင့် လေညင်းခံကာ ရပ်တန့်နေ၏။ မိမိနေရာ ဘုံနန်းပြာသာဒ်အထက်ကောင်းကင်၌ ရပ်တည်ကြလျက် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို မေးမြန်းပြောဆိုနေကြသည့် သာတာဂိရိနတ်မင်း, ဟေမဝတ နတ်မင်းတို့၏ တရားစကားကို ကြားနာရ၍ "မြတ်စွာဘုရားတို့သည် ဤသို့ အံ့ဖွယ်အထူး ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူပါပေစွတကား"ဟု နှစ်သက်မှု ပီတိကို ပွားများစေလျက် နိဝရဏပယ်ခွာကာ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းလျှင်ပင် သောတာပတ္တိဖိုလ်၌ တည်၍ သောတာပန်အရိယာ ဖြစ်လေသည်။ ဗုဒ္ဓဘုရားရှင်ကို မဖူးမတွေ့ရဘဲ ကာဠီအမျိုးသမီးသည် သောတာပန်အရိယာ သာဝိကာထဲတွင် အကြီးဆုံး အမကြီးသဖွယ် ဖြစ်လေသည်။

## (ဂ)တေဒဂ်ဘွဲ့ထူးရ အရိယာအရှင်များ

### ၁။ အရှင်ကောဏ္ဍည

ကပိလဝတ်ပြည်၏အနီး "ဒေါဏဝတ္ထုပုဏ္ဏားရွာ" ဗြာဟ္မဏမျိုး၌ ဖြစ်၏။ အရှင်ကောဏ္ဍညမထေရ်မြတ်၏ ထူးခြားသော ကြည်ညိုဖွယ်ရာ ဂုဏ်ရည်များမှာ ဤသို့ ဖြစ်၏။

ကောဏ္ဍညသည် ဗေဒင်သုံးပုံတတ်ကျွမ်း၍ မဟာပုရိသ လက္ခဏာတော်ကျမ်း၌ တစ်ဖက်ကမ်းရောက် တတ်မြောက်၏။ ဘုရားအလောင်းတော်၏ မဟာပုရိသလက္ခဏာတော်ကြီး အလုံးစုံတို့နှင့် ပြည့်စုံတော်မူပုံကို သေချာစွာ ကြည့်ရှု၍ "ဤအလောင်းမင်းသားမှာ ကေန်ပင် ဘုရားစင်စစ် ဖြစ်လိမ့်မည်"ဟု တစ်ချောင်းသော လက်ညှိုးကို မြှောက်ချီ၍ ရဲရဲတောက် ဟောဆိုလေ၏။

ဘုရားလောင်း တောထွက်ရဟန်းပြုပြီ ဟူသော သတင်းကို ကြားသိရလေလျှင် ထိုယောကျ်ားမြတ်နောက် အတူလိုက်၍ ရဟန်းပြုကြစို့ဟု ပြောကာ ကောဏ္ဍညပုဏ္ဏားသည် အခြားသော ပုဏ္ဏားတို့၏ သားလေးယောက်နှင့် အတူ ရဟန်းပြုလေ၏။ ဉရုဝေလတောအ၌ ပဉ္စဝဂ္ဂီငါးဦးတို့သည် မြတ်ဗုဒ္ဓ လောင်းလျာအား

ဘုရား ဖြစ်တော့မည်ဟု မျှော်လင့်ချက်ကြီးဖြင့် ခြောက်နှစ်တာ ကာလပတ်လုံး အနီးထံပါး၌ အလုပ်အကျွေးပြုနေကြကုန်၏။

မြတ်ဗုဒ္ဓလောင်းလျာသည် ဘုရား ဖြစ်တော်မူပြီးနောက် မိဂဒါ ဝုန်တောသို့ ကြွတော်မူကာ ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားကို ဟောကြားတော်မူ၏။ အရှင်ကောဏ္ဍညနှင့် မဟာဗြဟ္မာပေါင်း တစ်ဆယ့်ရှစ်ကုဋေတို့ သောတာပတ္တိဖိုလ်၌ တည်၍ သောတာပန် အရိယာ ဖြစ်ကုန်၏။

ဗုဒ္ဓမြတ်စွာသည် "အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော =အို–ကောဏ္ဍညသည် သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိမြင်လေပြီတကား။ အို ကောဏ္ဍညသည် သစ္စာလေးပါး တရားကို ထိုးထွင်း၍ သိမြင်လေပြီတကား"ဟု ဥဒါန်းကျူးရင့်၍ အညာသိကောဏ္ဍညဟု အမည်တွင်စေလေသည်။ အရှင်ကောဏ္ဍညသည် မဟာသက္ကရာဇ် ၁၀၃–ခုနှစ် ဝါဆိုလပြည့်နေ့တွင် သောတာပန်အရိယာ ဖြစ်ပြီး ဝါဆိုလပြည့်ကျော် ၅–ရက်နေ့တွင် အနတ္တလက္ခဏာသုတ္တန် ဒေသနာအဆုံး၌ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၍ ရဟန္တာ ဖြစ်တော်မူလေသည်။

ဗုဒ္ဓမြတ်စွာသည် ဇေတဝန်ကျောင်းတော်ဝယ် "ရဟန်းတို့ ညဉ့်အပိုင်း အခြားကို သိကြသည့် ငါဘုရား၏ တပည့်သာဝက ရဟန်းတို့တွင် အညာသိ ကောဏ္ဍညသည် အသာဆုံး အမြတ်ဆုံး"ဟု ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်တော်မူပါသည်။

ရတ္တညူဟူသည် ရဟန်းပြုချိန်မှစ၍ ရှည်မြင့်စွာသော ညဉ့်အပိုင်း အခြားကို သိသောသူဖြစ်သည်။ (ရဟန်းသိက္ခာဝါ အကြီးဆုံး ပုဂ္ဂိုလ်ဟူလို) အစောဆုံး သစ္စာလေးပါး တရားကို သိသူဟုလည်း ဆိုသေး၏။

အရှင်ကောဏ္ဍညသည် အဂ္ဂသာဝကနှစ်ပါးအား ချမ်းသာစွာ နေနိုင်ရန်နှင့် မိမိ၏ တူ အရှင်ပုဏ္ဏကို ဘုရား၏ အန္တေဝါသိက=အနီးနေတပည့် ဖြစ်စေပြီးလျှင် မိမိမှာ ဖလသမာပတ်ဖြင့် ချမ်းသာစွာနေမှုကိုသာ အလေးဂရုပြု၍ မြတ်ဗုဒ္ဓကို ခွင့်ပန်ကာ ဆဒ္ဒန်အိုင်အနီး မန္ဒာကိနီရေကန် ဆိပ်ကမ်းသို့ ကြွတော်မူလေ၏။ ဆင်အပေါင်းတို့၏ လုပ်ကျွေးမှုကို ခံယူကာ ဖလသမာပတ်ဖြင့် နေတော်မူ၏။ မထေရ်မြတ်သည် ရံခါရံခါ နတ်သားတို့ဗိမာန်သို့ ကြွ၍ နို့ဃနာဆွမ်းကို ခံယူလေ၏။ ၁၂–နှစ်ကြာသည့်တိုင်အောင် မန္ဒာကိနီရေကန် အနီး၌ သီတင်းသုံးနေတော်မူ၏။ ပရိနိဗ္ဗာန်ပြုချိန်နီးမှ မြတ်ဗုဒ္ဓထံ ကြွရောက်ခွင့်ပန်၍ တန်ခိုးပြာဋိဟာ အမျိုးမျိုးကို ပြသကာ မန္ဒာကိနီရေကန်အနီးသို့ ပြန်ကာ ပရိနိဗ္ဗာန် ပြုတော်မူ၏။

အလောင်းကို တေဇောဓာတ်လောင်ပြီးသောအခါ ရေစစ်နှင့်အပြည့်ရှိ မုလေးပန်းငုံ အဆင်းရှိသည့် ဖြူဖွေးသော အရှင်မြတ်၏ ဓာတ်တော်များကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတိုက်မုခ်အနီး မြေကြီး၌ လက်တော် ဆန့်တန်းစဉ်ခဏမှာပင် ငွေရေပွက်သဏ္ဌာန်စေတီတော် ပေါ်ထွက်လာပြီး ဗုဒ္ဓမြတ်စွာကိုယ်တော်၏လက်တော်ဖြင့် ထိုစေတီ၌ အရှင်ကောဏ္ဍည၏ ဓာတ်တော်များကို ဌာပနာတော်မူလေသည်။

## ၂-၃။ အဂ္ဂသာဝကမထေရ်နှစ်ပါး

အရှင်သာရိပုတ္တရာသည် ရာဇဂြိုဟ်ပြည်၏အနီး ဥပတိဿ မည်သော ရွာ၌ ရူပသာရီ အမည်ရှိသော ပုဏ္ဏေးမ၏ သားဖြစ်၏။ ဥပတိဿ အမည်တွင်လေ၏။

အရှင်မောဂ္ဂလာန်သည် ရာဇဂြိုဟ်ပြည်၏ အနီး ကောလိတရွာ၌ မောဂ္ဂလိ ပုဏ္ဏေးမ၏ သားဖြစ်၍ ကောလိတအမည်တွင်၏။ ဥပတိဿနှင့် ကောလိတတို့သည် ချစ်ခင်ရင်းနှီးကြသည့် သူငယ်ချင်းများ ဖြစ်ကြ၏။ အဂ္ဂသာဝကနှစ်ပါးတို့၏ ထူးခြားသော ကြည်ညိုဖွယ်ရာ ဂုဏ်ရည်များမှာ ဤသို့ဖြစ်၏။

တစ်နေ့တွင် သူငယ်ချင်းနှစ်ဦးတို့သည် တောင်ထိပ်ပွဲသဘင်ကို သွားရောက်ကြည့်ရှု၏။ သူငယ်ချင်းနှစ်ဦးလုံးပင် "ဤပွဲသဘင်၌ ရှုချင်စဖွယ် အဘယ်မှာရှိအံ့နည်း။ ဤယခု ပွဲကသောသူ၊ ပွဲကြည့်သောသူ အားလုံးတို့သည်ပင် အနှစ်တစ်ရာသို့ မရောက်မီ ချုပ်ဆုံးကွယ်ပျောက်ကြလိမ့်မည် ဧကန်သာတည်း။ ငါတို့သည် သံသရာမှ လွတ်မြောက်ရေးတစ်ခုခုကို ရအောင်ရှာမှ သင့်တော်တော့မည်။ သံသရာမှ လွတ်မြောက်ရေးအတွက် ဆရာရှာပြီး ရဟန်းပြုမှ သင့်မည်"ဟုနှီးနှော ပြောဆို တိုင်ပင်လေ၏။

သိဉ္စည်းဆရာကြီးနှင့်တွေ့ကာ အခြံအရံ ငါးရာနှင့်အတူ ရဟန်းပြုကြ၏။ နှစ်ရက် သုံးရက်နှင့်ပင် ဆရာကြီး၏ အယူဝါဒအားလုံးကို တတ်မြောက်၏။ ထို့ကြောင့် ဆရာကြီးအထံ၌ ငါတို့ရှာသော သံသရာမှ လွတ်မြောက်ရေး တရားကို အဘယ်နည်းနှင့်မျှ ရနိုင်မည် မဟုတ်။ သို့သော် ဇမ္ဗူဒိပ်ကျွန်းကြီးမှာတော့ ဆရာ တစ်ဆူဆူ ရှိပေလိမ့်မည်ဟု တိုင်ပင်ကြ၏။ ထိုအခါမှစ၍ ပညာရှိရဟန်းပုဏ္ဏားတို့ ရှိရာသို့ ချဉ်းကပ်၍ သံသရာမှလွတ်ရာ တရားကို ရှာရာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးတွင် ဆရာတင်လောက်အောင် ပုဂ္ဂိုလ်မတွေ့သဖြင့် မိမိပရိဗိုဇ်အာရာမ်သို့ ပြန်၍ "ငါတို့နှစ်ဦးတွင် အမြိုက်တရားကို ရှေးဦးစွာ ရရှိ သိမြင်သူသည်

ကျန်တစ်ဦးအား ပြန်ပြောကြစတမ်း”ဟု ကတိကဝတ်ထားပြီး တစ်ဦးစီ သွားကြကုန်၏။

ဥပတိဿသည် အရှင်အဿဇိရဟန္တာနှင့် ရာဇဂြိုဟ်တွင်တွေ့ပြီး “ယေ ဓမ္မာ ဟေတုပ္ပဘဝါ”စသော ဂါထာကို ကြားနာရ၍ သောတာပတ္တိဖိုလ်၌ တည်၏။ သောတာပန်အရိယာ ဖြစ်လေသည်။ ကောလိတပရိဗိုဇ်သည်လည်း ဥပတိဿထံမှ ထိုဂါထာကို တစ်ဆင့်ကြားနာရ၍ သောတာပန်အရိယာ ဖြစ်ပြန်လေ၏။ ထို့နောက် သူငယ်ချင်း နှစ်ဦးတို့သည် ဗုဒ္ဓမြတ်စွာ အထံတော်၌ တပည့် ပရိဗိုဇ် ပရိသတ်နှင့်အတူ ဧဟိဘိက္ခု ရဟန်း ဖြစ်ကြလေသည်။ အဂ္ဂသာဝက ပါရမီဉာဏ်၏ အလွန်ကြီးကျယ်မြင့်မြတ်သောကြောင့် အရှင် မဟာမောဂ္ဂလာန်မှာ ရဟန်းဖြစ်ပြီးသည်မှ ခုနစ်ရက်မြောက်သောနေ့၌ ရဟန္တာဖြစ်တော်မူ၏။ အရှင်သာရိပုတ္တရာမှာ ရဟန်းပြုပြီးနောက် ၁၅–ရက်ကြာမှ တပို့တွဲလပြည့်နေ့၌ ရဟန္တာ ဖြစ်တော်မူ၏။

ဗုဒ္ဓမြတ်စွာသည် ဇေတဝန်ကျောင်းတော်၌ “ရဟန်းတို့၊ ဉာဏ်ပညာကြီးကြသည့် ငါ့ဘုရား၏ တပည့် သာဝက ရဟန်းတို့တွင် သာရိပုတ္တရာသည် အသာဆုံး အမြတ်ဆုံးဟု” ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူလေသည်။ ရှင်မောဂ္ဂလာန်အားလည်း တန်ခိုးကြီးသောအရာ၌ ဧတဒဂ်ထား၏။ ထို့ပြင် ပါရမီတော် အလိုက် ရှင်သာရိပုတ္တရာအား မြတ်စွာဘုရား၏ လက်ယာတော်ရံ ရှင်မောဂ္ဂလာန်အား လက်ဝဲတော်ရံ ထားတော်မူ၏။

ဤမထေရ်မြတ်နှစ်ပါးတို့သည် ၄၄–ဝါ ကာလပတ်လုံး သတ္တလောက အကျိုးငှာ ကျင့်တော်မူကြ၏။ ထိုမထေရ်မြတ်တို့ ဟောကြားတော်မူအပ်သော တရားတော်တို့မှာ ပိဋကတ်တော်၌ များလှ၏။ အထူးအားဖြင့် ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၊ မဟာနိဒ္ဒေသပါဠိတော်၊ စူဠနိဒ္ဒေသပါဠိတော်တို့မှာ အရှင်သာရိပုတ္တရာ ဟောအပ်သော ဓမ္မရတနာတို့ပါတည်း။ ထေရဂါထာတို့သည် အရှင်နှစ်ပါး၏ တရားဟောင်းလေးအိုးကြီးတို့ ပါပေတည်း။

## ရှင်သာရိပုတ္တရာ

ဗုဒ္ဓမြတ်စွာသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တရားစစ်သူကြီး အရှင်သာရိပုတ္တရာသည် မြတ်ဗုဒ္ဓအား အာရုံပြု၍ မိမိနေသည့် အရပ်၌ အရဟတ္တဖလသမာပတ် ဝင်စား၏။ ထိုမှထသောအခါ ငါ၏ အာယုသင်္ခါရတို့သည် ၇–ရက်သာလျှင် ဖြစ်လိမ့်မည်ကို သိ၍ ပရိနိဗ္ဗာန်ဝင်စံရန် အရပ်ဒေသကို

စဉ်းစားပြန်၏။ မယ်တော် ရူပသာရီ ပုဏ္ဏေးမ၏ ဥပနိဿယကို ဆင်ခြင်တော်မူပြီး "ငါ၏မယ်တော်သည် ငါ၏ တရားဒေသနာဖြင့် သစ္စာလေးပါးတရားကို သိမြင်ကျွတ်တမ်းဝင်လိမ့်မည်။ ငါသည် မယ်တော်ကို ကြောင့်ကြစိုက်မှု မပြုခဲ့ဘဲ လျစ်လျူမရှုသင့်။ မထေရ်မြတ်၌ သဒ္ဓါကြည်ညိုကြသော အမျိုးအိမ် ၈–သောင်း အရေအတွက်ရှိကုန်၏။ အရှင်မြတ်သည် မိစ္ဆာဒိဋ္ဌိမယ်တော်၏ အယူဝါဒမျှကိုပင် မပယ်ဖျောက်နိုင်ဟု အပြစ်တင်ကြလိမ့်မည်။ ထို့ကြောင့် မယ်တော်၏ အယူများကို ချေချွတ်ပယ်ဖျောက်စေ၍ ဖွားရာတိုက်ခန်း၌ပင် ပရိနိဗ္ဗာန် စံပေအံ့"ဟု ဆုံးဖြတ်၏။

အရှင်သာရိပုတ္တရာသည် မိမိအာဝါသကို နောက်ဆုံး ကြည့်တော်မူ၍ မြတ်ဗုဒ္ဓ၏ ထံတော်သွားပြီး ပရိနိဗ္ဗာန်စံရန် အာယုသင်္ခါရကို လွှတ်စေအပ်ပြီးပြီဟု လျှောက်ထား၏။ မြတ်စွာဘုရား–မဂဓတိုင်း၊ နာလကရွာ၊ တပည့်တော်၏မွေးရာတိုက်ခန်း၌ တပည့်တော် ပရိနိဗ္ဗာန်စံပါမည်ဟု လျှောက်သော် "ချစ်သား သာရိပုတ္တရာ–ယခုအခါ သင်သည်ပင် မိမိပရိနိဗ္ဗာန်စံရာ ကာလကို သိပေ၏။ မိမိ၏ နောင်တော် ညီတော်တို့အတွက် တရားဟောဦးလော့"ဟု ခိုင်းလေ၏။ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ကောင်းကင်သို့ ထန်း ၇–ဆင့် ပမာဏ တိုင်အောင် တက်ချည်သက်ချည်ပြု၍ တန်ခိုးပြာဋိဟာပြကာ တရားဟော၏။

မြတ်စွာဘုရား၊ တပည့်တော်သည် အရှင်ဘုရားတို့၏ ဤခြေတော်အစုံတို့ကို ဖူးမြော်နိုင်ရန် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာ ပါရမီဖြည့်အပ်ခဲ့ပါကုန်ပြီ။ တပည့်တော်၏ နှလုံးသည် ယခုအခါ အထွတ်အထိ အရောက် အောင်မြင်ခဲ့ပါကုန်ပြီ စသည်ဖြင့် နိဗ္ဗာန်ပြည်သို့ ဝင်စံတော့မည့်အကြောင်း လျှောက်ကြား၏။ မြတ်ဗုဒ္ဓကလည်း အရှင်သာရိပုတ္တရာအား ယခုအခါ မိမိသွားရာ ကာလကို သိဖို့ရန်မှာ သင်ချစ်သား၏ အလိုအတိုင်း ဖြစ်ပေ၏ဟု မိန့်ကြားတော်မူ၏။ ထိုအခါ မဟာပထဝီ မြေကြီးသည် ရေအဆုံးတိုင်အောင် ပြင်းစွာတုန်လှုပ်လေ၏။ ကောင်းကင်၌လည်း သည်းထန်စွာ မိုးကြိုးထစ်ချုန်းလေ၏။ ပေါက္ခရဝဿမိုး ဖြိုးဖြိုးရွာသွန်းစေ၏။

အရှင်သာရိပုတ္တရာသည် ဝိုက်ကြွေးမြည်တမ်းကြသော ဒါယကာ ဒါယိကာမ အပေါင်းတို့အား ရုပ်နာမ်ဓမ္မ သင်္ခါရတို့မည်သည် ဤသို့ ဖြစ်လေ့ရှိကုန်၏။ ဖြစ်ပြီးလျှင် စုတိပြတ်ကြွေ သေခြင်းလျှင် အဆုံးရှိကုန်၏ဟု အပ္ပမာဒတရား လက်ကိုင်ထားကြဖို့ ဩဝါဒပေး ဆုံးမတော်မူ၏။

ဇာတိရွာသို့ကြွသွားရာတွင် ရွာတံခါး၌ တူတော်မောင် ဥပရေဝတနှင့် တွေ့၍ တူတော်မောင်အား မယ်တော်ကြီးထံ သွားစေ၍ နောက်ပါ ရဟန္တာတို့အတွက် နေရာထိုင်ခင်းနှင့်တကွ မိမိမွေးဖွားရာ တိုက်ခန်းကို သန့်ရှင်းစွာ သုတ်သင်၍ ပြင်ဆင်ထားဖို့ မှာကြားလွှတ်လိုက်၏။

မထေရ်မြတ်ကြီးသည် မိမိဖွားရာ တိုက်ခန်းသို့ ရောက်ပြီး ကိုယ်ခန္ဓာမှာ ပြင်းထန်ကြမ်းတမ်းသော အနာရောဂါ ဖြစ်ပွားလေ၏။ မယ်တော်ကြီးမှာ သားတော်ကြီး၏ ဖြစ်အင်ကို မနှစ်သက်နိုင်ရှာဘဲ တိုက်ခန်းတံခါးဝကို မှီ၍ ရပ်တည်နေလေ၏။

စတုမဟာရာဇ်နတ်မင်းကြီး ၄–ဦး၊ ထို့နောက် သိကြားမင်း၊ တစ်ဖန် မဟာဗြဟ္မာကြီး အသီးသီးတို့သည် အစဉ်အတိုင်း လာရောက်ကြပြီး အရှင်သာရိပုတ္တရာအရှင်မြတ်အား သူနာပြုရန် လာရောက်ကြကြောင်း လျှောက်ထားကြလေ၏။ အရှင်မြတ်ကလည်း သူနာပြုရဟန်း ရှိပြီးဖြစ်၍ ပြန်လွှတ်လေ၏။

မယ်တော်ကြီးသည် သားတော်ကြီးထံ ရောက်လာပြီး "ချစ်သား– သင်ချစ်သားထံ ရှေးဦးစွာ ရောက်လာသူကား ဘယ်သူနည်း"ဟု လျှောက်၏။ "ဒါယိကာမကြီး–ပထမ ရောက်လာသူကား စတုမဟာရာဇ်နတ်မင်းကြီးတို့ ဖြစ်သည်"ဟု မိန့်တော်မူပြီးလျှင် မယ်တော်ကြီးက "ချစ်သား–သင်ချစ်သားက စတုမဟာရာဇ် နတ်မင်းကြီးတို့ထက် သာလွန်မြင့်မြတ်သလော"ဟု မေး၏။ မထေရ်မြတ်က "ဒါယိကာမကြီး–စတုမဟာရာဇ် နတ်မင်းကြီးတို့မှာ သားတော်တို့၏ အာရာမ်စောင့်များနှင့် တူကြပါသည်။ သားတော်တို့၏ ဆရာ မြတ်စွာဘုရား ပဋိသန္ဓေတည်နေသော အချိန်မှစ၍ သန်လျက်လက်စွဲကြကာ စောင့်ရှောက်မှုပြုခဲ့ကြပါသည်"ဟု မိန့်တော်မူလျှင် မယ်တော်ကြီးက နတ်မင်းကြီး ပြန်သွားသောအခါ လာရောက်သူကား အဘယ်သူနည်းဟု မေးပြန်၏။ မထေရ်မြတ်က "သိကြားနတ်မင်း ဖြစ်သည်"ဟု မိန့်လေလျှင် မယ်တော်ကြီးသည် "သင်ချစ်သားက သိကြားနတ်မင်းထက်လည်း သာလွန် မြင့်မြတ်သလော"ဟု မေးလေ၏။

မထေရ်မြတ်က "သိကြားနတ်မင်းမှာ သပိတ် ပရိက္ခရာ ဘဏ္ဍာကိုင် သာမဏေငယ်လေးနှင့် တူပါသည်။ သားတော်တို့၏ ဆရာ မြတ်စွာဘုရား တရားဟောကြားတော်မူပြီး၍ တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းကြွလာတော်မူသောအခါ သပိတ်သင်္ကန်းကို ယူဆောင်၍ သိကြားနတ်မင်း သက်ဆင်းလိုက်ခဲ့ပါသည်"ဟု မိန့်တော်မူလျှင် မယ်တော်ကြီးက "သိကြားနတ်မင်း ပြန်သွားပြီးနောက် ရောက်လာသူကား အဘယ်သူနည်း"ဟု မေးပြန်လေ၏။

မထေရ်မြတ်က "ဒါယိကာမကြီး ထိုနောက်ဆုံး ရောက်လာသူမှာ ဒါယိကာမကြီး၏ ဘုရားလည်းဖြစ်၊ ဆရာလည်း ဖြစ်သည့် မဟာဗြဟ္မာကြီး ဆိုသူ ဖြစ်သည်"ဟု မိန့်လေလျှင် "သင်ချစ်သားက ငါ၏ ဘုရားဖြစ်သူ မဟာဗြဟ္မာကြီးထက်လည်း သာလွန်မြင့်မြတ်သလော"ဟု မေးလေ၏။

မထေရ်မြတ်က "ဟုတ်ပေတယ် ဒါယိကာမကြီး၊ ဤမှာ ဗြဟ္မာကြီးတို့ မည်သည် ငါတို့ဆရာ မြတ်စွာဘုရား ဖွားမြင်တော်မူသောနေ့၌ တစ်ယောက်မက မဟာဗြဟ္မာကြီးလေးယောက်တို့ပင် အလောင်းတော် ယောက်ျားမြတ်ကို ရွှေဇာကွန်ရက်ဖြင့် ခံလင့်လာကြကုန်ပြီ"ဟု မိန့်ကြားလေ၏။

ထိုအခါ မယ်တော်ကြီး၏ သန္တာန်မှာ "ယခု ငါမြင်ရသော အာနုဘော်မှာ ငါ့သားတော်၏ အာနုဘော်သာဖြစ်၏။ ငါ့သား၏ ဆရာ မြတ်စွာဘုရား၏ အာနုဘော်တော်ကား ဘယ်လိုများ ဖြစ်လိမ့်မည်နည်း။ မမှန်းမဆနိုင်အောင် ရှိလေ တော့၏တကား"ဟု ဆင်ခြင်လျှင်ပင် မယ်တော်ကြီး၏ တစ်ကိုယ်လုံး၌ ပီတိငါးမျိုးတို့ ပျံ့နှံ့လေတော့၏။ မထေရ်မြတ်က ငါ့မယ်တော်ကြီးအား တရား ဟောရန် သင့်လျော်သောအခါဟု သိ၍ "ဒါယိကာမကြီး၊ ဘာကို စဉ်းစားနေသလဲ" ဟု မေးတော်မူလေ၏။

မယ်တော်ကြီးက "ချစ်သား-ဤယခု ငါမြင်ရသော အာနုဘော်မှာ ငါ့သားတော်၏ အားနုဘော်သာ ဖြစ်သေး၏။ ငါ့သား၏ ဆရာ မြတ်စွာဘုရား၏ အာနုဘော်ကား ဘယ်လိုများ ဖြစ်လိမ့်မည်နည်း။ မမှန်းဆနိုင်အောင် ရှိတော့၏ တကားဟု ဤအကြောင်းအရာကို မယ်တော်ကြီး ကြံစည်ဆင်ခြင်၍ နေပါသည်"ဟု လျှောက်လေလျှင် "ဒါယိကာမကြီး-ငါတို့ဆရာ မြတ်စွာဘုရား ဖွားတော်မူသော အခါ, တောထွက်တော်မူသောအခါ, ဘုရား ဖြစ်တော်မူသောအခါ, ဓမ္မစကြာ တရားဦး ဟောတော်မူသောအခါများ၌ စကြာဝဠာဆယ်ထောင်း တိုက်တစ်သောင်းတုန်လှုပ် ခဲ့လေပြီ။ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿန ကျေးဇူးဂုဏ်တော်အားဖြင့် ငါတို့ဆရာ မြတ်စွာဘုရားနှင့် တူသောသူ မည်သည် လောက၌ တစ်စုံတစ်ယောက်မျှ မရှိချေ။ ငါတို့ဆရာ မြတ်စွာဘုရားသည် ဤ အကြောင်း ဤအကြောင်းများကြောင့် အရဟံ ဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဖြစ်တော်မူပါပေ၏။ မြတ်ဗုဒ္ဓဂုဏ်တော်နှင့်စပ်သော တရားတော်ကို ဟောကြား တော်မူ၏။ ဒေသနာအဆုံးတွင် မယ်တော်ကြီးသည် သောတာပတ္တိဖိုလ်၌ တည်၍ သောတာပန်အရိယာ ဖြစ်လေသည်။ မယ်တော်ကြီးအား မွေးကျေးဇူးကို ဆပ်အပ်

လေပြီးနောက် ရဟန်းအပေါင်းကို "ငါ့ရှင်တို့ ၄၅–ဝါ ပတ်လုံး ငါနှင့်အတူလှည့်လည် သွားလာ နေထိုင်ကြရသောငါ့ရှင်တို့အဖို့ရာ ငါ့အပေါ်၌ မနှစ်သက်ဖွယ် ကာယကံမှု ဝစီကံမှုများ ရှိခဲ့လျှင် သည်းခံကြပါကုန်လော့"ဟု တောင်းပန် ပြောကြား၏။ ရဟန်းအပေါင်းကလည်း သည်းခံခွင့်လွှတ်ပြီး "အရှင်ဘုရားတို့ကသာ တပည့်တော် တို့အား သည်းခံတော်မူကြပါ"ဟု တောင်းပန်ကန်တော့၏။ ထို့နောက် မထေရ်မြတ် သည် သမာပတ် ၉–ပါးကို ဝင်စားတော်မူ၏။ ထိုစတုတ္ထဈာန်မှ ထ၍ မဟာ ပထဝီမြေကြီးကို ပဲ့တင်ထပ်စေလျက် အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ခန္ဓပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းတော်မူလေ၏။

မယ်တော်ကြီးသည် သားတော်ကြီး၏ ခန္ဓာချုပ်ငြိမ်းမှုကိုသိ၍ ငိုကြွေးပြီးလျှင် ရွှေတုံးရွှေခိုင်တို့ဖြင့် ရွှေပြာသာဒ်ငါးရာ၊ ရွှေမဏ္ဍပ်ငါးရာတို့ကို တည်ဆောက်စေ၏။ သိကြားမင်းကလည်း ဝိသကြုံနတ်သားအား ရွှေပြာသာဒ် ငါးရာနှင့် ရွှေမုခ်ဦး တနန်းမဏ္ဍပ်ငါးရာတို့ကို ဖန်ဆင်းစေ၏။ ဤသို့လျှင် နှစ်ထောင်သော ပြာသာဒ် မဏ္ဍပ်တို့ဖြင့် သာခုကီဠနသဘင် ဆင်ယင်ကျင်းပကြကုန်၏။ အမြင့် ၉၉– တောင်ရှိ နံ့သာထင်းပုံပေါ်တွင် မထေရ်မြတ်၏ ဥတုဇရုပ်ကလာပ်ကို တင်၍ ဈာပနအမှု ပြုကြကုန်၏။

ညီတော် အရှင်စုန္ဒမထေရ်သည် ဓာတ်တော်မြတ်ကို ရေစစ်နှင့်ထည့်ပြီး ငါ၏နောင်တော်ကြီး ပရိနိဗ္ဗာန် စံတော်မူကြောင်းကို မြတ်စွာဘုရားအား လျှောက် ထားအံ့ဟု ကြံ၍ ဓာတ်တော်ထည့်သော ရေစစ်နှင့် မထေရ်မြတ်၏ သင်္ကန်း စသော ပရိက္ခရာတို့ကို ယူ၍ သာဝတ္ထိပြည်သို့ ခရီးဆက်ခဲ့၏။

အရှင်စုန္ဒသည် မိမိဥပဇ္ဈာယ်ဆရာ အရှင်အာနန္ဒာကို ချဉ်းကပ်၍ အရှင် အာနန္ဒာနှင့်အတူ မြတ်ဗုဒ္ဓထံသို့ ရောက်လေ၏။ အရှင်အာနန္ဒာက မြတ်စွာဘုရားကို "အရှင်ဘုရား–အရှင်သာရိပုတ္တရာသည် ပရိနိဗ္ဗာန် စံတော်မူပါပြီ။ ဤသည်ကား အရှင်သာရိပုတ္တရာ၏ သပိတ်သင်္ကန်းပါတည်း။ ဤသည်ကား ဓာတ်တော် ထည့် သော ရေစစ်ပါတည်း"ဟု လျှောက်ထားပြီးလျှင် ဓာတ်တော်၊ ဓာတ်တော်ထည့်သော ရေစစ်ကို မြတ်စွာဘုရားရှင်လက်တော်သို့ ဆက်ကပ်လေ၏။ ဗုဒ္ဓမြတ်စွာသည် ဓာတ်တော် ရေစစ်ကို ခံယူတော်မူပြီးလျှင် ရဟန်းတော်တို့အား မထေရ်မြတ်နှင့် ပတ်သက်၍ "ချစ်သားရဟန်းတို့၊ ယခုအခါ အရှင်သာရိပုတ္တရာ၏ ခရုသင်းပွတ်သစ် အတူ ဖြူစင်သော ဓာတ်တော်များ ထင်ရှားကျန်ခဲ့ပြီ။ ရဟန်းတို့–သာရိပုတ္တရာသည် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီ ဖြည့်ခဲ့၏။ တရားဓမ္မကိုလည်း ငါ့နောက်

လိုက်ကာ လည်စေ–ဖြစ်စေ–ဟောမြွက်နိုင်သော ပုဂ္ဂိုလ်ဖြစ်၏။ ငါဘုရားမှထောက် သော် နှစ်ခုမြောက်သောနေရာကို ကောင်းစွာ ရရှိထားသူ ဖြစ်၏။ သာ၀က သန္နိပါတ်ကို လှလှကြီး ပြည့်စေသူ ဖြစ်၏။ ငါဘုရားက လွဲ၍ ဇာတိခေတ် စကြ၀ဠာတိုက်တစ်သောင်း၌ ပညာအားဖြင့် အတုမရှိသူ ဖြစ်၏။ ထိုသာရိပုတ္တရာ သည် ကြီးသော၊ ကျယ်ပြန့်သော၊ ရွှင်သော၊ လျင်သော၊ ထက်သော ကိလေသာ ကို ဖောက်ထွင်းနိုင်သော ပညာရှိသူဖြစ်၏။ အလိုနည်းသူ၊ ရောင့်ရဲလွယ်သူ၊ နိ၀ရဏတရားတို့မှ ဆိတ်သူ၊ လူတို့နှင့် ရောနှောခြင်းမှ ကင်းသူ၊ ထက်သန်သော လုံ့လရှိသူ၊ အပြစ်ပြ၍ ဆုံးမတတ်သူ၊ မကောင်းမှုနှင့် မကောင်းမှုပြုသောသူတို့ကို မျက်နှာမငဲ့ ကဲ့ရဲ့တတ်သူဖြစ်၏။

သာရိပုတ္တရာသည်–

(က) ဘ၀ငါးရာတို့ပတ်လုံး ကြီးစွာသော စည်းစိမ်တို့ကို ပယ်စွန့်၍ ရဟန်း ပြုခဲ့သူ ဖြစ်၏။

(ခ) ငါဘုရားသာသနာ၌ မဟာပထ၀ီမြေကြီးတမျှ သည်းခံသော ပုဂ္ဂိုလ် ဖြစ်၏။

(ဂ) ဦးချိုကျိုးသော နွားလားပမာ မာန်မာန နည်းလှစွာ၏။ ဒွန်းစဏ္ဍားသားနှင့်အတူ နှိမ်ချသော စိတ်ရှိသူလည်း ဖြစ်ပေ၏။

ဤသို့ မြတ်စွာဘုရားသည် ဂါထာငါးရာတို့ဖြင့် အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ ဂုဏ်ကျေးဇူးကို ချီးကျူးဟောကြားတော်မူ၏။

မြတ်စွာဘုရားသည် မထေရ်မြတ်၏ ဂုဏ်ကျေးဇူးကို ဟောကြားတော်မူသော အခါ အရှင်အာနန္ဒာမှာ တဖျပ်ဖျပ်တုန်လှုပ်လျက် ဆောက်တည်ရာ မရ ဖြစ်ပေါ်၏။ ဗုဒ္ဓမြတ်စွာသည် အရှင်အာနန္ဒာအား သက်သာတော်မူစေ၍ အရှင်သာရိပုတ္တရာ၏ အရိုးဓာတ်တော်များကို သာ၀တ္ထိပြည်တွင် စေတီ တည်ထားတော်မူလေ၏။

## ရှင်မောဂ္ဂလာန်

ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည် ၀ေဠု၀န်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အရှင်မောဂ္ဂလာန်သည် ဣသိဂိလိတောင်ယံ ကာဠသိလာ မည်သော ကျောက်ဖျာ၌ သီတင်းသုံး နေထိုင်တော်မူ၏။

အရှင်မောဂ္ဂလာန်သည် တန်နိုးအရာ၌ အထွတ်အထိပ် ရောက်တော်မူသော မထေရ်မြတ်ဖြစ်၍ နတ်ပြည်နှင့် ငရဲပြည်သို့ ဒေသစာရီကြွချီတော်မူစဉ် နတ်ပြည်၌ ဗုဒ္ဓမြတ်စွာ၏ တပည့်သာဝကတို့ ကြီးစွာသော စည်းစိမ်ခံစားရပုံ၊ ဉဿဒငရဲ၌ တိတ္ထိတို့၏ တပည့်များ ကြီးစွာသော ဆင်းရဲဒုက္ခ ခံစားရပုံများကို ကိုယ်တော်တိုင် မြင်တော်မူခဲ့ကာ လူ့ပြည်သို ရောက်ရှိသောအခါ ထိုအကြောင်းကို လူအပေါင်းအား ဟောကြားတော်မူ၏။ ထိုအခါ လူတို့သည် သာသနာတော်၌ ကြည်ညိုကြ၍ တိတ္ထိတို့ကို ရှောင်ကြဉ်ကြလေကုန်၏။ မြတ်စွာဘုရားနှင့် တပည့်သာဝကတို့မှာ ကြီးစွာသော ပူဇော် သက္ကာရ ဖြစ်၍ တိတ္ထိတို့အဖို့ တစ်နေ့တခြား ပူဇော်သက္ကာရမှ လျော့ပါးဆုတ်ယုတ်လာတော့၏။ ထို့ကြောင့် တိတ္ထိတို့သည် အရှင်မြတ်အား ရန်ငြိုးဖွဲ့ကာ သတ်စေကုန်အံ့ဟု တိုင်ပင်ညီညွတ်၍ သမဏဂုတ္တက ဓားပြဗိုလ်အား အသပြာတစ်ထောင်ပေး၍ ငှားကြလေကုန်၏။

သာမဏဂုတ္တက ဓားပြဗိုလ်သည် လူဆိုးဓားပြ အခြံအရံနှင့်တကွ ကာဠသိလာ ကျောက်ဖျာရှိရာအရပ်သို့ မထေရ်မြတ်ကို သတ်ရန် သွားလေ၏။ မထေရ်မြတ်သည် တန်နိုးဖြင့် ကောင်းကင်ပျံတက်၍ တိမ်းရှောင်နေလေ၏။ ၎ ဤကဲ့သို့ ခြောက်ရက်တိုင်တိုင် တိမ်းရှောင်နေခဲ့လေသည်။

ခုနစ်ရက်မြောက်နေ့၌ကား မထေရ်မြတ်အား ရှေးက ပြုမှားခဲ့သော အပရာပရိယ အကုသိုလ်ကံသည် အကျိုးပေးခွင့် ရရှိလေသည်။

မထေရ်မြတ်သည် နစဉ်ဘဝက မယား၏ ကုန်းချောစကားကို ယုံ၍ မျက်မမြင်မိဘနှစ်ပါးကို သတ်ဖို့ရန် လှည်းဖြင့် တင်ဆောင်၍ တောသို့ ခေါ်ခဲ့ပြီး လူဆိုးဓားပြဟန်ပြုလျက် ရိုက်နှက်လေ၏။ မိဘနှစ်ပါးသည် တကယ့်လူဆိုး ဓားပြတွေ ရိုက်နှက်သည် ထင်မှတ်၍ သားကိုပင် လွတ်ရာသို့ ပြေးဖို့ ငိုကြွေးလျက် ပြောလေ၏။ သားဖြစ်သူသည် "ဩော်– ငါ့မိ ငါ့ဖတို့ကား ငါက ရိုက်နှက် ပုတ်ခတ်ပါလျက်လည်း ငါ့အတွက်သာ စိုးရိမ်ငိုကြွေးကြရှာ၏။ ငါကား မသင့်လျော်သော အမှုကို ပြုအပ်ခဲ့ပြီ"ဟု နောင်တ ပူပန်မှု ဖြစ်ရကာ လူဆိုး ဓားပြများ ပြေးသွားကြပြီဟု ဆိုလျက် မိခင် ဖခင်တို့ကို သက်သာရာ ရစေကာ အိမ်သို့ပြန်၍ ခေါ်ဆောင်ခဲ့၏။

အရှင်မောဂ္ဂလာန်မထေရ်မြတ်သည် မိမိပြုခဲ့သော အကုသိုလ်ကံ ဝင့်ကြွေးကြောင့် ခုနစ်ကြိမ်မြောက်၌ တန်နိုးဖြင့် ဖဲသွားမှု မပြုနိုင်တော့ချေ။

သာမဏဇဂုတ္တကနှင့်အဖွဲ့သည် မထေရ်မြတ်၏ အရိုးတို့ကို ဆန်ကျိုးဆန်ကွဲမှုဖြစ်အောင် ထုနက်ကြ၍ "သေပြီ"ဟု မှတ်ထင်ကာ ချုံပုတ်တစ်ခုပေါ်၌ ပစ်တင်ခဲ့၍ ဖဲသွားကြလေ၏။ မထေရ်မြတ်သတိရသောအခါ မိမိကိုယ်ကို တန်ခိုးဖြင့် ပြန်လည်ဆောက်တည်ပြီး မြတ်စွာဘုရားအား ခွင့်ပန်ပြီးမှ ပရိနိဗ္ဗာန်ပြုရန် ကောင်းကင်ခရီးဖြင့် မြတ်ဗုဒ္ဓထံသို့ သွားရောက်ပြီးလျှင် ပရိနိဗ္ဗာန် ပြုရန် ခွင့်ပန်လျှောက်ထား၏။ မြတ်စွာဘုရားက "ထိုသို့ ဖြစ်လျှင် တရားဟောပြီးမှ သွားလော့၊ ယခုအခါ သင်ချစ်သားကဲ့သို့ တပည့်သာဝက နောက်တစ်ကြိမ် တွေ့မြင်နိုင်ခွင့် မရှိတော့ပြီ"ဟု မိန့်တော်မူ၏။ မထေရ်မြတ်သည် ကောင်းကင်ယံသို့ တက်ကာ တန်ခိုးပြာဋိဟာအမျိုးမျိုး ပြသပြီး တရားဓမ္မကိုလည်း ဟောကာ ကာဠသိလာ ကျောက်ဖျာရှိရာ တောအုပ်သို့ ကြွ၍ ပရိနိဗ္ဗာန် ဝင်စံတော်မူ၏။

နတ်ပြည် ၆–ထပ်လုံး အုတ်အုတ်ကျက်ကျက်ဖြစ်၍ နတ်ဗြဟ္မာတို့သည် နံ့သာပန်း အထုံအခိုး စန္ဒကူးအမှုန့်တို့ကိုလည်းကောင်း၊ အထူးထူးသော နံ့သာထင်းတို့ကိုလည်းကောင်း ယူဆောင်၍ စုပုံလိုက်သောအခါ စန္ဒကူး နတ်တင်းပုံတို့သည် ၉၉–တောင် အမြင့်ရှိလေသည်။ ဗုဒ္ဓမြတ်စွာသည် ကိုယ်တော်တိုင်ကြွချီ၍ မထေရ်မြတ်၏ ဥတုဇရုပ်ကလာပ်အနီး၌ ရပ်၍ စီမံကာ သင်္ဂြိုဟ်မှုကို ပြုစေတော်မူ၏။ သာစုကီဠနသဘင်ဝယ် တစ်ယူဇနာမျှသော အရပ်၌ ပန်းမိုးများ ရွာချ၏။ နတ်၊ လူ၊ ဘီလူး၊ ယက္ခနတ်၊ ဂန္ဓဗ္ဗနတ်များ၊ နဂါးများ၊ ဂဠုန်များ၊ ကိန္နရာများ၊ ထီးများ၊ ရွှေစာမရီ သားမြီးယပ်များ၊ တံခွန်လုံးများ တံခွန်ပြားများ အကြားကြား၌ တည်ရှိကြလျက် ဆင်ယင်ကျင်းပကြကုန်၏။

မြတ်စွာဘုရားသည် မထေရ်မြတ်၏ ဓာတ်တော်တို့ကို ယူဆောင်တော်မူ၍ ဝေဠုဝန်ကျောင်းတိုက်၏ တံခါးမုခ်အနီး၌ ဓာတုစေတီတည်ထားတော်မူ၏။

အရှင်မောဂ္ဂလာန်၏ သာစုကီဠနသဘင် ဈာပနကိစ္စတွင် ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင် ကြီးစွာသော မြတ်နိုးတနာမှု ပြုလေသည်။

## ၄။ အရှင်မဟာကဿပမထေရ်

မဂဓတိုင်း မဟာတိတ္ထပုဏ္ဏားရွာ ကပိလပုဏ္ဏား သေဌေးကြီးနှင့် သေဌေးကတော်တို့မှ ပိပ္ပလိကို ဖွားဖွား၏။ ပိပ္ပလိ၏ ဇနီးကြင်ရာမှာ ဘဒ္ဒါကာပိလာနီ အမည်ရှိ၏။ အရှင်မဟာကဿပမထေရ်၏ ထူးခြားသော ကြည်ညိုဖွယ် ဂုဏ်ရည်များမှာ ဤသို့ ဖြစ်၏။

ပိပ္ပလိကို မိဘနှစ်ပါးတို့သည် အရွယ်ရောက်ပြီဖြစ်၍ အိမ်ထောင်ပြုရန် နားချကြ၏။ အမြဲမပြတ် နားချ ပြောဖန်များသောအခါ ပိပ္ပလိသည် ရွှေစင်ရုပ်တု တစ်ခုကို သွန်းထုစေပြီး အဝတ်တန်ဆာ ရတနာများ ဆင်မြန်း၍ မိခင်ကြီးအား ပေးလေ၏။ "အို–မိခင်၊ အကျွန်ုပ်သည် ဤရွှေစင်ရုပ်တုကဲ့သို့သော မိန်းမလှကို ရပါလျှင် အိမ်၌နေမည်။ မရလျှင် အိမ်ရာ တည်ထောင်လူ့ဘောင်၌ နေလိမ့်မည် မဟုတ်ပါ"ဟု ပြော၏။

မိခင်ကြီးသည် ပညာရှိပုဏ္ဏားရှစ်ယောက်တို့အား ရွှေစင်ရုပ်ကိုပေး၍ မိန်းမပြတ်ချွေးမ အရှာခိုင်းရာ မဒ္ဒတိုင်း သာဂလမြို့တွင် တွေ့လေ၏။ ကောသိယ ဂေါတ္တပုဏ္ဏားသေဋ္ဌေးကြီး၏ သမီး ဘဒ္ဒါကာပိလာနီ ဖြစ်၏။ ပုဏ္ဏားတို့သည် ရွှေစင်ရုပ်ကို ပေးအပ်ကာ ပိပ္ပလိ၏ မိခင်နှင့် ဖခင် ကပိလသေဋ္ဌေးထံ သတင်း ပြန်ကြားကြကုန်၏။ ပိပ္ပလိနှင့် ဘဒ္ဒါကာပိလာနီတို့သည် မိမိတို့၏ ဆန္ဒသဝဏ်လွှာ များကို ပို့ဆက်ကြ၏။ သဝဏ်လွှာတွင် အခြားတစ်ယောက်ကို ရှာယူဖို့၊ ရဟန်း ပြုပြီး တောထွက်မည့်သူဖြစ်၍ နောင်မှ နလုံးမသာမယာ မဖြစ်စေချင် စသည်ဖြင့် အသီးသီးရေးကြသော်လည်း စာပို့လုလင် ကျေးကျွန်တို့သည် လမ်းတွင် စွန့်ပစ်ပြီး နှစ်သက် သဘောတူညီ ဝမ်းမြောက်သည့် အဓိပ္ပာယ် ပါရှိသော သဝဏ်လွှာ ရေးသား၍ သတို့သား သတို့သမီးတို့ထံ ပို့ကြလေ၏။ မိဘနှစ်ပါးနှင့် ကြားလူတို့၏ ဆောင်ရွက်မှုကြောင့် ထိမ်းမြားခြင်းသို့ ရောက်ကုန်၏။ သို့သော် သတို့သား သတို့သမီးတို့သည် မောင်နှမအရင်းကဲ့သို့ နေထိုင်ပြုမူကြ၏။ ပန်းကုံး နှစ်ကုံးကို အလယ်ကထား၍ ရာဂစိတ်ဖြစ်သူဘက်မှ ပန်းကုံးသည် ညှိုးစတမ်းဟု ကတိထားကာ အိပ်ကြ၏။ ပန်းကုံးတို့သည် မညှိုးနွမ်းကြချေ။

သေဋ္ဌေးသားသည် မိဘနှစ်ပါးကွယ်လွန်သောအခါ စီးပွားရေးကို လုပ်ကိုင် ကြပ်မတ်စီမံလေ၏။ ပိပ္ပလိ၏ စည်းစိမ်ကား များပြားလှ၏။ တစ်နေ့ တစ်နေ့လျှင် ကိုယ်ကိုပွတ်တိုက်၍ စွန့်ပစ်အပ်သော ရွှေမှုန့်သည်ပင် ခြောက်ပြည်သား ခန့်ရှိ၏။ ယန္တယား တပ်ဆင်ထားသော တစ်ဖက်ဆည်ကန်များ ၁၂ ယူဇနာ ကျယ်ဝန်းသော မြေယာများ၊ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်များ အများအပြားရှိ၏။

တစ်နေ့တွင် ပိပ္ပလိသည် လယ်ယာထွန်ယက်ရာသို့ သွားကြည့်စဉ် ကျီး ငှက်တို့က ထွန်ယက်ရာမြေမှ တီကောင် စသော ပိုးမွှားများကို စားသောက် ဖျက်ဆီးကြသည်ကို မြင်၍ မေးမြန်းရာ ကျေးကျွန်များက "အရှင်သေဋ္ဌေးမင်းတို့ အတွက် လယ်ထွန်ကြခြင်းဖြစ်၍ ထိုမကောင်းမှု အကုသိုလ်ကံသည် အရှင်

သေဋ္ဌေးမင်းတို့၏ အကုသိုလ်ကံ ဖြစ်ပါ၏"ဟု ဖြေကြားလျှင် ငါ့အဖို့ရာ ရွှေ၊ ငွေ၊ ဥစ္စာ၊ မြေယာတို့သည် အဘယ်အကျိုးရှိအံ့နည်း။ အကျိုးမရှိသည်သာ။ ငါ၏ အလုံးစုံသောဥစ္စာကို သေဋ္ဌေးကတော်အား အပ်နှင်း၍ တောထွက် ရဟန်းပြုတော့အံ့ဟု စဉ်းစားမိ၏။

ဘဒ္ဒါကာပိလာနီလည်း နှမ်းများ နေလှန်းစဉ် ကျီးငှက်တို့သည် နှမ်းပိုးများကို စားကြကုန်၏။ "အမိတို့-ထိုသို့ကျီးငှက်တို့ နှမ်းပိုးတို့ကို စားသောက်ကြသော မကောင်းမှုသည် အဘယ်သူ၏ မကောင်းမှုအကုသိုလ် ဖြစ်သနည်း"ဟု မေးရာ "အရှင်မတို့အတွက် လုပ်ဆောင်ရခြင်း ဖြစ်သောကြောင့် ထိုမကောင်းမှုအကုသိုလ်ကံသည် အရှင်မတို့၏ မကောင်းမှုအကုသိုလ်ကံ"ဟု ဖြေကြားလေလျှင် "အကယ်၍များ ဖြစ်ခဲ့သော် ငါသည် ကေန်ပင် ဘဝပေါင်း အထောင်ဖြင့်လည်း သံသရာဝဋ်ဒုက္ခမှ ထွက်နိုင်တော့မည်မဟုတ်ချေ"ဟု စဉ်းစားပြီး အရှင့်သားအား အလုံးစုံသော စည်းစိမ်ကိုအပ်၍ တောထွက်ရဟန်းမ ပြုမည်ဟု ဆင်ခြင်မိ၏။ ဤကဲ့သို့ ပါရမီရှင်နှစ်ဦးတို့သည် အပြန်အလှန် ပြောဆိုတိုင်ပင်ကြပြီး ရဟန်းအသွင် ဝတ်ဆင်ကြလျက် တောထွက်ကြလေ၏။

ပိပ္ပလိမထေရ်မြတ်သည် ရှေ့မှကြွ၏။ ဘဒ္ဒါကာပိလာနီသည် နောက်မှ လိုက်၏။ တစ်ဦးတစ်ယောက်သော သူက ဤသို့ နေထိုင်ခြင်းသည် ရဟန်းတို့နှင့် မသင့်လျော်ဟု အကြံမှားမည်ဆိုက မှားနိုင်ချေ၏။ စိတ်ပြစ်မှားချေက အပါယ်သို့ ရောက်နိုင်လေရာ၏။ ထို့ကြောင့် ငါသည် ဘဒ္ဒါကာပိလာနီကို စွန့်ခွာ၍ သွားအံ့ဟု ကြံစည်၍ လမ်းနှစ်မွှာ၏ အလယ်တွင်ရပ်၍ ဘဒ္ဒါကာပိလာနီအား လက်ဝဲလမ်းမှ ဖဲသွားစေ၏။ ပိပ္ပလိမထေရ်သည် လက်ယာလမ်းဖြင့် ဖဲခဲ့၏။ ထိုအခါ မဟာပထဝီမြေကြီးသည် ပဲ့တင်သံမြည်ဟီးလျက် တုန်လှုပ်၏။ မိုးကြိုး ထစ်ချုန်း၏။ စကြဝဠာတောင် မြင်းမိုရ်တောင်တို့သည် အထက်သို့ မြင့်၍မြင့်၍ တက်လေ၏။

ဗုဒ္ဓမြတ်စွာသည် ဇေတဝန် ကျောင်းတော်တွင် သီတင်းသုံးနေတော်မူစဉ် မြေကြီးတုန်လှုပ်ခြင်း အကြောင်းကို ဆင်ခြင်ကြည့်သော် ပိပ္ပလိတို့၏ ဂုဏ်ကျေးဇူးကြောင့် တုန်လှုပ်သည်ကို သိတော်မူ၍ ချီးမြှောက်တော်မူရန် ကိုယ်တော်တစ်ပါးတည်းသာ ရာဇဂြိုဟ်နှင့် နာလန္ဒမြို့၏ အကြား ဗဟုပုတ္တပညောင်ပင်ရင်းသို့ ကြွတော်မူ၍ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၏။ အရှင်မဟာကဿပ၏ သဒ္ဓါတရားတိုးပွားစေရန် လက္ခဏာတော် ကြီးငယ်တို့ဖြင့် ပကတိဘုရား အသရေတော်တို့ကို မဖုံးမကွယ်ဘဲ အတောင်ရှစ်ဆယ်အရပ်တိုင်အောင် ထွန်းပြောင် တောက်ပသည့်

ဘုရားရောင်ခြည်တို့ကို လွှတ်တော်မူကာ ထိုင်နေတော်မူ၏။ မြတ်စွာဘုရား၏ ရောင်ခြည်တော်ကြောင့် ဂဟုပုတ္တပဉ္စောင်ပင်ကြီးသည် ရွှေရောင်အဆင်း ဝါဝင်း ထိန်ဝေ၍သာ နေလေတော့သည်။

အရှင်မဟာကဿပသည် မြတ်စွာဘုရားကို မြင်ရာအရပ်မှစ၍ မိမိကိုယ်ကို ညွတ်လျက် အဝေး, မနီးမဝေး, အနီးအရပ်တို့မှ ဗုဒ္ဓမြတ်စွာအား ရှိသေစွာ ရှိခိုးပြီးလျှင် "သတ္ထာ မေ ဘန္တေ ဘဂဝါ၊ သာဝကောဟမသ္မိ=မြတ်စွာဘုရား- ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အကျွန်ုပ်၏ ဆရာ ဖြစ်တော်မူပါပေ၏။ အကျွန်ုပ်သည် တပည့်သာဝက ဖြစ်ပါ၏"ဟု သုံးကြိမ်တိုင် နှုတ်မြွက်၍ တပည့်အဖြစ်ကို ခံယူလေ၏။ ဤကဲ့သို့ အရှင်မဟာကဿပ၏ရှိသေမှုတို့သည် မြတ်ဗုဒ္ဓသာလျှင် အရိုအသေခံနိုင်ပေ၏။ မွေးညင်းတစ်ပင်မျှပင် မတုန်လှုပ်ချေ။ အကယ်၍ မဟာပထဝီမြေကြီးကို အရိုအသေ ပြုအံ့။ ဆောင်ထားနိုင်ခြင်းငှာ မစွမ်းနိုင်ရာပေ။

မြတ်စွာဘုရားသည် အရှင်မဟာကဿပအား အမွေပေးတော့အံ့ဟု မိန့်တော်မူပြီး-

(၁) ကဿပ-သင်သည် သီတင်းသုံးဖော်ပုဂ္ဂိုလ်တို့၌ ငါ့အား ထက်စွာ ဟိရိဩတ္တပ္ပတရားကို ရှေးရှုထင်သည်ဖြစ်လတ္တံ့ဟု ကျင့်ရမည်။

(၂) ကဿပ-ဤသာသနာတော်သည် သင်သည် ကုသိုလ်နှင့်စပ်သော တရားအားလုံးကို နာအံ့။ အရိုအသေပြုကာ နှလုံးသွင်း၍ စိတ်ဖြင့် ကောင်းစွာ ဆောင်၍ နားစိုက်လျက် တရားကို နာအံ့ဟု ကျင့်ရမည်။

(၃) ကဿပ-သင်သည် သုခနှင့်တကွဖြစ်သော ကာယဂတာသတိသည် ငါ့အား မစွန့်လတ္တံ့ဟု ဤသို့ ကျင့်ရမည်ဟု အဆုံးအမ ဩဝါဒကို ပေးတော်မူလေ၏။

ဤအဆုံးအမ ဩဝါဒသည် အရှင်မဟာကဿပအတွက် ရှင်ပြုခြင်း၊ ရဟန်းခံခြင်းဖြစ်၏။ ဤသာသနာတော်၌ အရှင်မဟာကဿပမထေရ် တစ်ပါးသာ ရတော်မူ၏။ ဤရဟန်းခံခြင်းမျိုးကို ဩဝါဒပဋိဂ္ဂဟဏာဥပသမ္ပဒါဟု ခေါ်၏။

အရှင်မဟာကဿပသည် ဗုဒ္ဓမြတ်စွာကဲ့သို့ သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတော်တို့နှင့် ပြည့်စုံ၏။ လမ်းခရီးတွင် ဗုဒ္ဓမြတ်စွာ ထိုင်တော်မူရန် အလွန်နူးညံ့သော ဒုကုဋ်သင်္ကန်းကို လေးခေါက်ပြုကာ "မြတ်စွာဘုရား- ဤနေရာ၌

ထိုင်တော်မူပါ။ ထိုသို့ မြတ်စွာဘုရား ထိုင်တော်မူခြင်းသည် အကျွန်ုပ်အဖို့ ရှည်မြင့်စွာသောကာလပတ်လုံး စီးပွားချမ်းသာအလို့ငှာ ဖြစ်လေရာပါ၏”ဟု လျှောက်ထားလေ၏။ ဗုဒ္ဓမြတ်စွာသည် “ချစ်သား ကဿပ၊ သင်ချစ်သား၏ ဒုကုဋ်သင်္ကန်းကြီးသည် နူးညံ့လှစွာတကား”ဟု ချီးမွမ်းသည်ကိုသိ၍ သင်္ကန်းချင်း လဲတော်မူ၏။ ဗုဒ္ဓမြတ်စွာ၏ သင်္ကန်းကို ဂုဏ်ကျေးဇူး နည်းပါးသော ပုဂ္ဂိုလ်သည် ဝတ်ရုံခြင်းငှာ မစွမ်းနိုင် ပဋိပတ်အကျင့်နှင့် ပြည့်စုံသူ ဇာတိပံ့သကူဆောင် ပုဂ္ဂိုလ်များသာ ခံထိုက်ပေ၏။ ဤသို့ သင်္ကန်းချင်း လဲတော်မူခြင်းကြောင့် မဟာပထဝီမြေကြီးသည် ပြင်းစွာ တုန်လှုပ်လေ၏။

အရှင်မဟာကဿပသည် ဗုဒ္ဓမြတ်စွာထံမှ ဓုတင်အကျင့် ဆယ့်သုံးပါးတို့ကို ကောင်းစွာ ခံယူဆောက်တည်ပြီးလျှင် ရဟန်းတရား ပွားများ အားထုတ်လေရာ ခုနစ်ရက်မျှသာ ပုထုဇဉ်အဖြစ် တည်နေ၍ ရှစ်ရက်မြောက် အရုဏ်တက်သော အခါ၌ ပဋိသမ္ဘိဒါ ၄-ပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူ၏။

ရဟန်းတို့-ကောင်းမြတ်သော ဓုတင်ပဋိပတ်အကျင့်မြတ်ကို ကိုယ်တိုင်လည်း ကျင့်သုံး၍ သူတစ်ပါးကိုလည်း ဟောကြားပြသဆိုဆုံးမကြသော ငါဘုရား၏ တပည့်သား ရဟန်းတို့တွင် မဟာကဿပ မထေရ်သည် အသာဆုံးအမြတ်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူ၏။

## ၅။ အရှင်ပိဏ္ဍောလဘာရဒွါဇ

အရှင်ပိဏ္ဍောလသည် ရာဇဂြိုဟ်ပြည်တွင် ပုဏ္ဏားမျိုး၌ ဖြစ်၏။ ဘာရဒွါဇဟု အမည်တွင်၏။ ဘာရဒွါဇသည် ဗေဒင်သုံးပုံကို သင်ကြားတတ်မြောက်၍ ပုဏ္ဏား ငါးရာတို့အား လှည့်လည်ပို့ချလျက် ဆရာတစ်ဆူလုပ်ကာ နေလေ၏။ ရောက်လေရာ၌ အစာထမင်းကိုသာ တောင့်တမျှော်ခေါ်ကာ လှည့်လည် နေထိုင်တတ်သောကြောင့် ပိဏ္ဍောလဘာရဒွါဇဟု ထင်ရှား၏။ ဘာရဒွါဇ၏ ထူးခြားသောကြည်ညိုဖွယ်ရာ ဂုဏ်ရည်များမှာ ဤသို့ဖြစ်၏-

တစ်နေ့သ၌ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူ၍ တရားဟောကြားရာ ပိဏ္ဍောလဘာရဒွါဇပုဏ္ဏားသည် တရားနာယူ၍ သဒ္ဓါတရားဖြစ်ကာ ရှင်ရဟန်းပြုလေ၏။ မထေရ်သည် အလွန်ကြီးသော အိုးကင်းသပိတ်ကြီးကို ဆောင်လျက် ယာဂုကိုလည်း အပြည့်သောက်၏။ မုန့်တို့ကိုလည်း အပြည့်စားသုံးလေ၏။ ဆွမ်းကိုလည်း အပြည့်ဘုဉ်းပေးလေ၏။ ထို့ကြောင့် ရဟန်းတို့က အစားကြီးကြောင်းကို မြတ်ဗုဒ္ဓအား ကြားလျှောက်ကြကုန်၏။

မထေရ်မြတ်သည် သပိတ်ကို ခုတင်အောက်ထားရာ အသွင်း အထုတ်ပြုဖန်များလာသောအခါ အနားရေးများပြတ်ပြီး တက်ခွက်ချက်ခန့်သာ ဆန့်သော သပိတ်ဖြစ်လေတော့သည်။ ထိုအခါ မြတ်စွာဘုရားသည် သပိတ်အိတ်ကို ခွင့်ပြုလေသည်။

အရှင်ပိဏ္ဍောလဘာရဒွါဇ မထေရ်သည် ဣန္ဒြိယဘာဝနာ တရားပွားများကြိုးကုတ်အားထုတ်တော်မူ၍ အရဟတ္တဖိုလ်သို့ ရောက်ရှိကာ ရဟန္တာ ဖြစ်တော်မူ၏။ မထေရ်မြတ်သည် ရဟန္တာ ဖြစ်သောအခါ သော့ကို ယူဆောင်၍ ကျောင်းတိုက်တစ်တိုက်မှ တစ်တိုက်သို့ သွား၍ "မဂ်တရား ဖိုလ်တရားတို့၌ သံသယရှိသော ရဟန်းတို့သည် အကျွန်ုပ်ကို မေးစေချင်ပါ၏"ဟု မရွံ့မကြောက် ခြသေ့ဟောက်သကဲ့သို့ ရဲရဲတင်းတင်း ပြောကြားလှည့်လည်လေ၏။

အရှင်မြတ်သည် တစ်နေ့သ၌ ရာဇဂြိုဟ်သေဋ္ဌေး၏ အတောင် ၆၀ မြင့်သော ကောင်းကင်၌ ချိတ်ဆွဲထားသော စန္ဒကူးသပိတ်ကို ယူဆောင်၍ မြတ်ဗုဒ္ဓ၏လက်၌ ထားလေ၏။ ဗုဒ္ဓမြတ်စွာသည် သိလျက် အဘယ်မှရသနည်းဟု မေးမြန်း၏။ မထေရ်မြတ်က ပြန်ကြားလျှောက်ထားသောအခါ "သင်ချစ်သားကား ဈာန်မဂ်ဖိုလ်တရားကို ပြသဘိ၏။ မပြသင့်သည်ကို ပြဘိ၏"ဟု ကဲ့ရဲ့ရှုတ်ချပြီးနောက် ချီးမွမ်းသင့်သောအရာ၌-

ရဟန်းတို့-ဣန္ဒြေသုံးပါးကို ပွားများခြင်း၊ ကြိမ်ဖန်များစွာ လေ့လာခြင်းကြောင့် ဘာရဒွါဇသည် ငါ့မှာ ပဋိသန္ဓေနေရမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စများကို ပြုပြီး ပြုဖွယ်ကိစ္စများကို ပြုပြီးပြီဟု ငါသိ၏ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြား၏။ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေကို ပွားများခြင်း ကြိမ်ဖန်များစွာ လေ့လာခြင်းကြောင့် အထက်ပါအတိုင်း အရဟတ္တဖိုလ်ကို ပြောကြား၏။

ဤဣန္ဒြေသုံးပါးတို့သည် ကုန်ခြင်းလျှင် အဆုံးရှိကုန်၏။ ပဋိသန္ဓေနေမှု၊ အိုမှု၊ သေမှုကုန်ပြီဟု ကောင်းစွာသိသော ဘာရဒွါဇသည် အထက်ပါအတိုင်း အရဟတ္တဖိုလ်ကို ပြောကြား၏ဟု ချီးမွမ်းတော်မူပါသည်။

မထေရ်မြတ်သည် ကောသမ္ဗီပြည့်ရှင်ဘုရင်ဥဒေနမင်းကို သရဏဂုံတည်သူ ဥပါသကာတစ်ယောက် ဖြစ်အောင် တရားဟောတော်မူခဲ့၏။

ဗုဒ္ဓမြတ်စွာသည် မရွံ့မကြောက် ခြသေ့ဟောက်သကဲ့သို့ ရဲရဲတောက် စကား ပြောကြားသည့် ငါဘုရား၏ တပည့်သာဝက ရဟန်းတို့တွင် ပိဏ္ဍောလဘာရဒွါဇ ရဟန်းသည် အသာဆုံး အမြတ်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူပါသည်။

## ၆။ အရှင်အာနန္ဒာ

အရှင်အာနန္ဒာသည် ကပိလဝတ်နေပြည်တော်တွင် အမိတောဒန သာကီဝင်မင်း၏သား ဖြစ်လေသည်။ ဆွေမျိုးအားလုံးတို့ကို နှစ်သက်အောင် ပြုတတ်သောကြောင့် အာနန္ဒာအမည်တွင်လေ၏။ အရှင်အာနန္ဒာ၏ ထူးခြားသော ကြည်ညိုဖွယ်ရာ ဂုဏ်ရည်များမှာ ဤသို့ဖြစ်၏–

အာနန္ဒာသည် မြတ်စွာဘုရား ကပိလဝတ်မှ ပြန်ကြွသွားသောအခါ ဘုရား၏ အခြံအရံဖြစ်ရန်အတွက် ဘဒ္ဒိယမင်းသား စသည်တို့နှင့်အတူ တောထွက်ခဲ့၍ အနုပိယမြို့၏အနီး အနုပိယမည်သော သရက်ဥယျာဉ်ဝယ် ဗုဒ္ဓမြတ်စွာဘုရားရှင် အထံတော်၌ ရှင်ရဟန်း ပြုလေသည်။ အရှင်အာနန္ဒာသည် "မန္တာဏိပုတ္တ ပုဏ္ဏအရှင်၏ ပပဥ္စတရားကြေးမုံ ဥပမာတရားကို ကြားနာရသောကြောင့် ငါသည် သံစွာ ၄–ပါးတရားကို သိရ၏။ သောတာပန် အရိယာ ဖြစ်၏"ဟု မိန့်ဆို၏။

အရှင်အာနန္ဒာကား ဗုဒ္ဓမြတ်စွာ ပြုစုလုပ်ကျွေးခွင့်ရရန် မတောင်း၊ ဆိတ်ဆိတ်သာ နေလေသည်။ မြတ်ဗုဒ္ဓက အာနန္ဒာသည် သူတစ်ပါး တိုက်တွန်းမှ ပြုစုမည့်သူ မဟုတ်၊ မိမိအလိုလို အသိဖြင့်သာ ငါဘုရားကို ပြုစု လုပ်ကျွေးလိမ့်မည်ဟု မိန့်တော်မူမှ ပယ်လေးတန်, ခံလေးပါးဆုကို တောင်းခံတော်မူ၏။

ပယ်လေးတန်ဟူသည်မှာ– (၁) "မြတ်စွာဘုရား–ရှင်တော်ဘုရားသည် တပည့်တော်အား အကယ်၍ ကိုယ်တော်မြတ် ရအပ်သည့် ကောင်းမြတ်သော သင်္ကန်းကို မပေးစွန့်ဘူးဆိုလျှင် (၂) ကောင်းမြတ်သော ဆွမ်းကို မပေးစွန့်ဘူးဆိုလျှင် (၃) ကိုယ်တော်မြတ်နှင့်အတူ ဂန္ဓကုဋီတစ်တိုက်တည်း၌ အတူတကွ နေထိုင်ခွင့် မပေးဘူးဆိုလျှင် (၄) ကိုယ်တော်မြတ်အား ဒါယကာ ဒါယိကာမတို့က ပင့်ဖိတ်ရာသို့ တပည့်တော်ကို ခေါ်ဆောင်၍ ကြွသွားတော်မမူဘူးဆိုလျှင် ဤလျှောက်ဆိုရာပါ ဆုလေးပါးကို သနား ချီးမြှောက်တော်မူပါလျှင် တပည့်တော်သည် ရှင်တော်ဘုရားကို ပြုစုလုပ်ကျွေးပါရစေဘုရား"ဟု လျှောက်ထားလေသည်။

မြတ်စွာဘုရားက အဘယ်အပြစ်ကို မြင်၍ လျှောက်ထားသနည်းဟု မေးတော်မူသော် မြတ်စွာဘုရား–ဤဝတ္ထုလေးပါးတို့ကို အကယ်၍ ရယူခဲ့လျှင် "အရှင်အာနန္ဒာသည် ဆွမ်းကောင်းကိုလည်း ဘုဉ်းပေးရ၏၊ သင်္ကန်းကောင်းကိုလည်း ဝတ်ရုံရ၏၊ မြတ်စွာဘုရားနှင့်အတူတကွ နေရ၏၊ ပင့်ဖိတ်ရာသို့လည်း အတူလိုက်ပါရ၏။ ဤသို့လာဘ်ကြီးလေးပါးကို ရသည်ဖြစ်၍ ပြုစုလုပ်ကျွေးသည်မှာ ဝန်လေးဖွယ် မရှိသည်သာတည်း"ဟု ရှုတ်ချပြောကြားသူများ ပေါ်ပေါက်လာမည့် အပြစ်ကို မြင်၍ ဤပယ်ဆုလေးပါးကို တောင်းပါ၏။

ခံလေးပါး‌ဟူသည်မှာ–(၁) "မြတ်စွာဘုရား ရှင်တော်ဘုရားသည် အကယ်၍ တပည့်တော် ပင့်လျှောက်အပ်သည့် ဖိတ်ကြားရာအရပ်သို့ လိုက်ပါ ကြွရောက် ချီးမြှောက်တော်မူမည်ဆိုလျှင် (၂) အကယ်၍ တပည့်တော်သည် တိုင်းတစ်ပါး တိုက်နယ်တစ်ပါးမှ ဘုရားဖူး ရောက်လာသော ပရိသတ်ကို လာရောက်သော ခဏမှာပင် ဘုရားရှင်ကို ဖူးမြင်စေနိုင်ခွင့်ပေးမည်ဆိုလျှင် (၃) တပည့်တော်၏ သန္တာန်ဝယ် တရားနှင့်စပ်၍ ယုံမှားသံသယဖြစ်သော ခဏမှာပင် ရှင်တော်ဘုရားထံသို့ ကပ်ရောက်မေးလျှောက်နိုင်ခွင့်ကို ရမည်ဆိုလျှင်(၄) ထိုမှတစ်ပါး မြတ်စွာဘုရားသည် တပည့်တော်၏ မျက်ကွယ်ဝယ် ဟောကြားတော်မူအပ်သော တရားတော်ကို တစ်ဖန် ပြန်ရောက်လာလျှင် တပည့်တော်အား သနားသဖြင့် ဟောကြားတော်မူမည်ဆိုလျှင်– ဤလျှောက်ဆိုရာပါ ဆုလေးပါးကို သနားချီးမြှောက်တော်မူပါလျှင် တပည့်တော် သည် ရှင်တော်ဘုရားကို ပြုစုလုပ်ကျွေးပါရစေဘုရား"ဟု လျှောက်ထားလေသည်။

အဘယ်ကြောင့် အရှင်အာနန္ဒာသည် ပြုစုလုပ်ကျွေးဘိသနည်း။ မြတ်စွာ ဘုရားသည် ထိုအရှင်အာနန္ဒာအား ဤမျှလောက်သော ချီးမြှင့်မှုကိုပင် ပြုတော်မမူချေ ဟု ကဲ့ရဲ့သူများ ထင်ရှားပေါ်ပေါက်လာပါလိမ့်မည်။ ထို့ကြောင့် လျှောက်ထားပါ ကဲ့ရဲ့မှုများ မပေါ်စေရန် ရှေးဆုသုံးပါးကို လိုလားတောင့်တပါသည်။ ထို့ပြင်လည်း ရှင်တော်ဘုရား၏ မျက်ကွယ်၌ တပည့်တော်ကို "ငါ့ရှင်အာနန္ဒာ–ဤဂါထာ၊ သုတ္တန်၊ ဇာတ်ကို မြတ်စွာဘုရားသည် အဘယ်အရပ်၌ ဟောကြားတော်မူပါသနည်း"ဟု မေးမြန်းကြပါလိမ့်မည်။ တပည့်တော်သည် အကယ်၍ ထိုအမေးကို အပြည့်အစုံ မဖြေနိုင်ပါလျှင် "ငါ့ရှင်–သင်သည် ဤမျှလောက်ပင် မသိချေ။ အဘယ်ကြောင့် သင်သည် အရိပ်ပမာ မြတ်စွာဘုရားကို မစွန့်ဘဲ ကာလရှည်မြင့်စွာ လိုက်ပါ ပြုစုနေဘိသနည်း"ဟု အပြစ်တင်စကား ပြောကြားသူများ ပေါ်ပေါက်လာပါ လိမ့်မည်။ ထို့ကြောင့် တပည့်တော်၏ မျက်ကွယ်၌ ဟောကြားအပ်သည့် တရား ကိုလည်း တစ်ဖန်ပြန်၍ ဟောကြားတော်မူခြင်း စတုတ္ထဆုကို လိုလား တောင့်တ ပါသည်။ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်မြတ် တောင်းခံအပ်သည့် ပယ်လေးတန်+ခံလေးပါး ဤဆုရှစ်ပါးတို့ကို ပေးတော်မူလေ၏။

ဤသို့လျှင် အရှင်အာနန္ဒာသည် ပယ်လေးတန်+ခံလေးပါး ဤဆုရှစ်ပါး တို့ကို ယူ၍ အမြဲအလုပ်အကျွေးဖြစ်တော်မူ၏။ ထိုရာထူးအတွက် ကမ္ဘာတစ်သိန်း, ကာလပတ်လုံး ပါရမီ ဖြည့်ဆည်းပူးခဲ့ရ၏။ မထေရ်မြတ်သည် ထိုနေ့မှစ၍ ဗုဒ္ဓ မြတ်စွာအား ရေပူရေချမ်းကမ်းခြင်း၊ ခြေဆုပ်ခြေနယ်ပြုခြင်း၊ ရေချိုးတော်မူသော အခါ ချေးတွန်းပေးခြင်း၊ ဂန္ဓကုဋီကို တံမြက်လှည်းခြင်း အစရှိသော ကိစ္စကြီးငယ်

တို့ကို ပြုစုလုပ်ကျွေးလျက် အနီးအပါး၌ နေလေ့ရှိ၏။ ညချမ်းအချိန် ရောက်သော အခါ၌ ဆိမ်းတိုင်ကိုင်စွဲကာ ဂန္ဓကုဋိ ပရိဝုဏ်ကို ကိုးပတ်လှည့်တော်မူလေသည်။

ဗုဒ္ဓမြတ်စွာသည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော်စဉ် "ရဟန်းတို့၊ အကြားအမြင်များခြင်း ရှိကြသော ငါဘုရား၏ တရားစကားကို ကြာမြင့်စွာ ဆောင်နိုင်သည့် သတိရှိကြသော၊ ငါဘုရားဟောအပ်သည့်အတိုင်း ပုဒ်တို့ကို သိစွမ်းနိုင်သည့် အသိပညာရှိကြသော၊ ငါဘုရား၏ တရားစကားတော်ကို သင်ခြင်း၊ ဆောင်ခြင်း၊ သရဇ္ဈာယ်ခြင်းနှင့် ပြုစုလုပ်ကျွေးခြင်း လုံ့လ ဝီရိယရှိကြသော ငါဘုရား၏တပည့်သာဝက ရဟန်းတို့တွင် အရှင်အာနန္ဒာသည် အသာဆုံး အမြတ်ဆုံး" ဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူပါသည်။

## ၇။ အရှင်အနုရုဒ္ဓါမထေရ်

အနုရုဒ္ဓါသည် ကပိလဝတ်ပြည်၌ သုက္ကောဒနမင်း၏ သားဖြစ်သည်။ သူ၏ နောင်တော်မှာ မဟာနာမ ဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည် ကပိလဝတ်နေပြည် အနုပိယတော၌ သီတင်းသုံးတော်မူစဉ် အနုရုဒ္ဓါသည် ဘဒ္ဒိယ၊ အာနန္ဒာ စသော အပေါင်းအဖော်များနှင့်အတူ ဗုဒ္ဓမြတ်စွာထံတော်တွင် ရဟန်းပြုကြလေသည်။ ထိုရဟန်းခုနစ်ပါးတို့တွင် အရှင်အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခုအဘိဉာဉ်ကို ရတော်မူလေသည်။ ထိုဉာဏ်သည် စကြဝဠာတိုက်ပေါင်းတစ်ထောင်ကို ရှုမြင်ခြင်းငှာ စွမ်းနိုင်လေသည်။

တစ်နေ့တွင် အရှင်အနုရုဒ္ဓါသည် ရှင်သာရိပုတ္တရာမထေရ်မြတ်ထံသို့ ချဉ်းကပ်ပြီးလျှင် မထေရ်မြတ်အား "တပည့်တော်သည် လူတို့၏ မျက်စိအမြင်ကို လွန်သော နတ်မျက်စိနှင့်တူသော မျက်စိ (ဒိဗ္ဗစက္ခုအဘိညာဉ်)ဖြင့် တစ်ထောင်သော လောကဓာတ်ကို မြင်နိုင်ပါ၏။ လုံ့လကို မတွန့်မဆုတ် အားထုတ်ပါ၏။ မမေ့ မလျော့သော သတိလည်း ထင်ပါ၏။ ပင်ပန်းမရှိ ပူပန်မှုငြိမ်း၏။ တစ်ခုတည်းသော အာရုံ၌ စိတ်သည် ကောင်းစွာ တည်ကြည်၏။ သို့ဖြစ်သော်လည်း အာသဝေါတရား မကင်းသေးပါ"ဟူ၍လျှောက်ထား၏။

ထိုအခါ မထေရ်မြတ်က "ငါ့ရှင်အနုရုဒ္ဓါ–သင်သည် ဒိဗ္ဗစက္ခု အဘိညာဉ် ဖြင့် တစ်ထောင်သော လောကဓာတ်ကို မြင်နိုင်သည်ဟု အကြံ ဖြစ်ခြင်းသည် သင့်သန္တာန်ဝယ် မာနဖြစ်၍နေ၏။ တစ်ဖန် 'ငါသည် လုံ့လကို မတွန့်မဆုတ် အားထုတ်ပါ၏။ မမေ့မလျော့သော သတိလည်း ထင်ပါ၏။ ပင်ပန်းမရှိ ပူပန်မှု

ငြိမ်းသော ကိုယ်လည်း ရှိ၏။ တစ်ခုတည်းသော အာရုံ၌ စိတ်သည် ကောင်းစွာ တည်ကြည်၏”ဟု ဤသို့ အကြံဖြစ်ခြင်းသည် သင့်သန္တာန်ဝယ် စိတ်ပျံ့လွင့်မှု (ဥဒ္ဓစ္စ)ဖြစ်၍နေ၏။ ထို့နောက် “သို့ဖြစ်သော်လည်း တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ မလွတ်ကင်းသေးပါဟု ဤသို့အကြံဖြစ်ခြင်းသည် သင့် သန္တာန်ဝယ် တွေးတောမှု သံသယ (ကုက္ကုစ္စ)ဖြစ်၍နေ၏။ ငါ့ရှင် အနုရုဒ္ဓါ–သင့် အား တိုက်တွန်းစကား ပြောကြားလိုသည်မှာ သင့်သန္တာန်၌ ဖြစ်ပွားနေသော ဤမာန, ဥဒ္ဓစ္စ, ကုက္ကုစ္စ တရားသုံးပါးတို့ကို ပယ်စွန့်ကာ နှလုံးမသွင်းမူ၍ အမြိုက် (နိဗ္ဗာန်)ဓာတ်သို့ မိမိစိတ်ကို ပို့စေချင်ပါသည်”ဟု ကမ္မဋ္ဌာန်းတရား ဟောကြားတော်မူလေ၏။

အရှင်အနုရုဒ္ဓါမထေရ်မြတ်၏ ကမ္မဋ္ဌာန်းတရားကို ခံယူပြီးနောက် စေတိယ တိုင်း အရှေ့ဝါးတောအရပ်သို့ ကြွရောက်သီတင်းသုံးတော်မူပြီး ရဟန်း တရားကို မအိပ်မနေ စကြံကြွ၍ အားထုတ်တော်မူ၏။ ထိုအခါ အရှင်မြတ် သန္တာန်ဝယ် ယောကျ်ားမြတ်တို့၏ အကြံကြီးများ ထင်ရှား ဖြစ်ပေါ်လာလေသည်။

(၁) ဤလောကုတ္တရာ တရားကိုးပါးသည် အလိုနည်းသော ပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏။ အလိုကြီးသော ပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။

(၂) ဤလောကုတ္တရာတရားကိုးပါးသည် ရောင့်ရဲလွယ်သော ပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏။ မရောင့်ရဲသော ပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။

(၃) ဤလောကုတ္တရာတရား ကိုးပါးသည် ဆိတ်ငြိမ်မှုရှိသော ပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏။ အပေါင်းအဖော်၌ မွေ့လျော်သော ပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။

(၄) ဤလောကုတ္တရာတရား ကိုးပါးသည် ထက်သန်သော လုံ့လရှိသော ပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏။ ပျင်းရိသော ပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။

(၅) ဤလောကုတ္တရာတရား ကိုးပါးသည် ထင်လင်းသော သတိရှိသော ပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏။ သတိလွတ်ကင်းသော ပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။

(၆) ဤလောကုတ္တရာတရား ကိုးပါးသည် တည်ကြည်သောစိတ်ရှိသော ပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏။ မတည်ကြည်သော စိတ်ရှိသော ပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။

(၇) ဤလောကုတ္တရာတရားကိုးပါးသည် ပညာရှိသောပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏။ ပညာမဲ့သောပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။

အရှင်အနုရုဒ္ဓါမထေရ်မြတ်သည် အထက်ပါ မဟာပုရိသ ဝိတက်ကြီး ခုနစ်ပါးတို့ကို ကြံစည်စဉ်းစားပြီးနောက် ရှစ်ခုမြောက်သော မဟာပုရိသဝိတက်ကြီးကို ဆက်လက်ကြံစည်ဆင်ခြင်ရန် ပင်ပန်းလျက်ရှိလေ၏။ မှန်၏။ တပည့် သာဝကတို့ အဖို့ရာ အလိုနည်းခြင်း အပ္ပိစ္ဆတာတရား, ရောင့်ရဲလွယ်ခြင်း သန္တုဋ္ဌိတရား, ကင်းဆိတ်ခြင်း ပဝိဝေကတရား, အားထုတ်ခြင်း ဝီရိယာရမ္ဘတရား, သတိထင်လင်းခြင်း ဉပဋ္ဌိတသတိတာတရား, တည်ကြည်ခြင်း သမာဓိတရား, ပိုင်းခြား၍ သိခြင်း ပညာတရား, ဤတရားများကို စဉ်းစားဆင်ခြင်ပြီးသောအခါ ထိုထက် အထက်သို့ တက်၍ တရားတစ်မျိုး ဆင်ခြင်ရန် ဝန်လေးမြဲ ပင်ပန်းမြဲ ဓမ္မတာ ဖြစ်ပါသည်။ ပညာတွင်သာ တရားဆုံး၍ နေမြဲဓမ္မတာ ဖြစ်ပါသည်။ ထို့ကြောင့် မထေရ်မြတ်မှာ ပင်ပန်းလျက် ရှိလေသည်။

ထိုအခါ မြတ်စွာဘုရားရှင်သည် ဘေသကဠာတောအုပ်၌ သီတင်းသုံး နေတော်မူရင်းကပင် မထေရ်မြတ်၏ ရှစ်ခုမြောက် မဟာပုရိသဝိတက်ကြီး၌ ပင်ပန်း လျက် နေ၏ဟု သိတော်မူ၍ မထေရ်မြတ်၏ အလိုအကြံကို ဖြည့်စွက်ပေးရန် ကြံစည်လျက် တန်ခိုးတော်ဖြင့် တစ်ခဏတွင်းမှာပင် အရှေ့ဝါးတောရှိ အရှင်အနုရုဒ္ဓါ ၏ မျက်မှောက်သို့ ကြွရောက်တော်မူ၍–

"အနုရုဒ္ဓါ၊ ကောင်းလေစွ ကောင်းလေစွ၊ သင်သည် ယောကျ်ားမြတ်တို့၏ အကြံကို ကောင်းစွာသာလျှင် ကြံပေး၏။

အနုရုဒ္ဓါ၊ ထိုသို့ဖြစ်လျှင် သင်သည် 'ဤလောကုတ္တရာတရားကိုးပါးသည် သံသရာကို ချဲ့ထွင်တတ်သည့် (တဏှာ, မာန, ဒိဋ္ဌိ တည်းဟူသော)ပပဉ္စ တရား မှ လွတ်ကင်းရာ နိဗ္ဗာန်၌ မွေ့လျော်နှစ်ခြိုက်ပျော်ပိုက်သော ပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏။ ပပဉ္စတရား၌သာ မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်သော ပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်'ဟု ကြံလော"ဟု လိုနေသည့် ရှစ်ခုမြောက် မဟာပုရိသ ဝိတက်ကြီးကို ဖြည့်စွက်ပေးတော်မူလေသည်။

ဆက်လက်၍ ဗုဒ္ဓမြတ်စွာသည် မထေရ်မြတ်အား ဤမဟာပုရိသဝိတက် ရှစ်မျိုးကို ကြံစည်နေလျှင် လောကီပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့ကို အလွယ်တကူ ရယူဝင်စားနိုင်၏။ ထိုသို့ ဝင်စားနေလျှင်-

(၁) စီဝရသန္တောသ = သင်္ကန်း၌ ရောင့်ရဲလွယ်ခြင်း၊

(၂) ပိဏ္ဍပါတသန္တောသ = ဆွမ်း၌ ရောင့်ရဲလွယ်ခြင်း၊

(၃) သေနာသနသန္တောသ = ကျောင်းအိပ်ရာ နေရာတို့၌ ရောင့်ရဲလွယ်ခြင်း၊

(၄) ဘာဝနာရာမတာ = ဘာဝနာအလုပ်၌ မွေ့လျော်ပျော်ပိုက်ခြင်း-

တည်းဟူသော အရိယဝံသ ပဋိပဒါလေးပါးကို အလွယ်နှင့် ရမည်ဟု ဟောကြားတော်မူလေ၏။

ထို့နောက် ဗုဒ္ဓမြတ်စွာသည် မထေရ်မြတ်၏အာဝါသသပ္ပါယကို ဆင်ခြင်တော်မူ၍ မထေရ်မြတ်အား ဤဝါးတောအရပ်၌ပင် ဝါကပ်နေရန် မိန့်တော်မူပြီး ပြန်ကြွတော်မူ၏။

မထေရ်မြတ်သည် ထိုဝါးတော၌ ရဟန်းတရားကို ကြိုးစားအားထုတ်လေရာ မကြာမြင့်မီပင် ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံ၍ အာသဝေါကုန်ခမ်းကာ ရဟန္တာမထေရ်မြတ် ဖြစ်တော်မူလေသည်။

ဗုဒ္ဓမြတ်စွာသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် "ရဟန်းတို့၊ ဒိဗ္ဗစက္ခု အဘိညာဉ်ရှိသော ငါဘုရား၏ တပည့်သာဝက ရဟန်းတို့တွင် အရှင်အနုရုဒ္ဓါသည် အသာဆုံး အမြတ်ဆုံး"ဟု ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်တော်မူလေသည်။

## ၉။ အရှင်မဟာကစ္စည်းမထေရ်

အရှင်မဟာကစ္စည်းမထေရ် လောင်းလျာသည် ဥဇ္ဇေနီမြို့၌ ပုရောဟိတ်ပုဏ္ဏား၏ သား ဖြစ်လေသည်။ ရွှေရောင်အဆင်းဝါဝင်းသော ကိုယ်ရှိသောကြောင့် "ကဥ္စန"ဟု မိဘဆွေမျိုးတို့က မှည့်ခေါ်ကြလေ၏။ အရွယ်ရောက်သော် ဗေဒင်သုံးပုံကို တတ်မြောက်၍ ပုရောဟိတ်ရာထူးကို ရရှိလေသည်။ ထိုပုဏ္ဏားသည် အနွယ်၏ အစွမ်းအားဖြင့် "ကစ္စာန"ဟု အမည်တွင်လေသည်။

ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းတော်မူသောအခါ ဥဇ္ဇေနီပြည့်ရှင် စဏ္ဍပဇ္ဇောတမင်းသည် ကစ္စာနပုရောဟိတ်အား ခေါ်စေ၍ ဗုဒ္ဓမြတ်စွာဘုရားရှင်အား ပင့်ရန် အမိန့်ချမှတ်လေ၏။ ထိုအခါ ကစ္စာနပုရောဟိတ်သည် ရဟန်းပြုခွင့်ရပါမှ သွားရောက်ပင့်ပါမည်ဟု လျှောက်လေလျှင် စဏ္ဍပဇ္ဇောတမင်းသည် "အမောင် နှစ်သက်ရာကိုပြုပြီးလျှင် မြတ်စွာဘုရားကိုသာ ပင့်ဆောင်ခဲ့ပါလော့"ဟု ခွင့်ပြုမိန့်ကြားလေ၏။

ထိုအခါ ကစ္စာနပုရောဟိတ်သည် အဖော်ခုနစ်ယောက်ကို ခေါ်၍ မြတ်ဗုဒ္ဓထံတော်သို့ သွားရောက်လေသည်။ ဗုဒ္ဓမြတ်စွာသည် ကစ္စာနပုရောဟိတ်အား တရားဟောတော်မူ၏။ တရားဒေသနာ ဆုံးသောအခါ ကစ္စာနပုရောဟိတ်သည် အဖော်ခုနစ်ယောက်နှင့်အတူ ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်လေသည်။

ထိုအခါ မြတ်စွာဘုရားရှင်သည် "ဧထ ဘိက္ခဝေါ=ရဟန်းတို့–လာကြကုန်လော့"ဟုခေါ်တော်မူကာ လက်ယာလက်တော်ကို ဆန့်တန်းတော်မူလိုက်လေ၏။ ထိုခဏမှာပင် ဆံမုတ်ဆိတ်တို့ ကွယ်ပျောက်၍ ဣဒ္ဓိမယသပိတ် သင်္ကန်းတို့သည် ကိုယ်သို့ ရောက်လာပြီး ဝါတော်ခြောက်ဆယ်ရှိသော မထေရ်ကြီးများကဲ့သို့ ရဟန်းအဖြစ်သို့ ရောက်ရှိကြလေသည်။

အရှင်မဟာကစ္စည်း မထေရ်သည် ရဟန္တာဖြစ်ပြီးသော်လည်း ကြောင့်ကြမဲ့နေတော်မမူဘဲ မြတ်စွာဘုရားရှင် ဥဇ္ဇေနီပြည်သို့ ကြွရောက်တော်မူရန် လမ်းခရီး၏ ဂုဏ်ကျေးဇူးကို ဖော်ညွှန်းသော ဂါထာများကို လျှောက်ထားလေ၏။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် မထေရ်မြတ်၏ဥဇ္ဇေနီသို့ လိုက်ပါရန် ပင့်ဖိတ်သည်ကို သိတော်မူ၍ အရှင်မဟာကစ္စည်း မထေရ်မြတ်ကို "ချစ်သား–သင်သာလျှင် ဥဇ္ဇေနီပြည်သို့ သွားလေလော့။ သင်ချစ်သား သွားလျှင်လည်း စဏ္ဍပဇ္ဇောတမင်းသည် ကြည်ညိုပေလိမ့်မည်"ဟုမိန့်တော်မူ၏။

အရှင်မဟာကစ္စည်းမထေရ်မြတ်သည် မိမိနှင့်အတူ လိုက်ပါခဲ့ရသော ရဟန်းခုနစ်ပါးတို့နှင့် ဥဇ္ဇေနီပြည်သို့ ကြွတော်မူလေ၏။ လမ်းခရီးတွင် အရှင်မဟာကစ္စည်း မထေရ်မြတ်တို့ ဆွမ်းခံဝင်ကြလေ၏။ ဆံပင်ကောင်း၍ ဥစ္စာစီးပွားပျက်သော တစ်ချိန်က သေဋ္ဌေးသမီးသည် ရဟန်းခုနစ်ပါးခြံရံလျက် ရွှေရောင်အဆင်းရှိသည့် ဗြဟ္မာနှယ်ဖွား ရဟန်းတစ်ပါး ဆွမ်းမပါဘဲ ဆေးမြဲတိုင်းသော သပိတ်ဖြင့်သာလျှင် ဆွမ်းခံကြွလာသော မထေရ်မြတ်တို့ကို ပင့်ဖိတ်ပြီး အိမ်တွင်း၌ ထိုင်စေလေ၏။ ထို့နောက် မိမိအား တစ်ချိန်က ဆံပင်ရောင်းရန် ပြောဖူးသော သေဋ္ဌေးသမီး တစ်ဦးထံ မိမိ၏ ဆံပင်ကို ဖြတ်၍ အထိန်းတော်ကြီးအား အရောင်းခိုင်းလေ၏။

အသပြာရှစ်ကျပ်ရခဲ့လေသည်။ စီးပွားပျက် သေဌေးသမီးသည် မထေရ်မြတ်ရှစ်ပါးတို့အား တစ်ပါးလျှင် အသပြာတစ်ကျပ်တန်ဆွမ်း ဆက်ကပ်လှူဒါန်းလေ၏။ အရှင်မဟာကစ္စည်းမထေရ်မြတ်သည် ဆင်ခြင်ကြည့်ရှုတော်မူလတ်သော် သေဌေးသမီး၏အားကြီးသော ကောင်းမှုကို မြင်တော်မူ၍ "သေဌေးသမီးသည် ယခုအခါ အဘယ်မှာနည်း"ဟု မေးတော်မူ၏။ အထိန်းတော်ကြီးက "အိမ်ခန်းထဲမှာပါ အရှင်ဘုရား"ဟု လျှောက်ထားလေလျှင် "ထိုဆွမ်းဒါယိကာမ သေဌေးသမီးကို ခေါ်လိုက်ကြလော့"ဟု မိန့်တော်မူလေ၏။ ဆွမ်းဒါယိကာမ သေဌေးသမီး ရောက်လာကာ မထေရ်မြတ်ကို ရှိခိုးလိုက်သည်နှင့် တစ်ပြိုင်နက် ဆွမ်းဒါယိကာမ သေဌေးသမီး၏ ဆံပင်များသည် မူလပကတိအတိုင်း ပြန်၍ ဖြစ်လာကြသည်။ ထို့နောက် မထေရ်တို့သည်လည်း ကောင်းကင်ခရီးဖြင့် စဏ္ဍပဇ္ဇောတမင်း၏ ကဥ္စနဝနမည်သော ဥယျာဉ်၌ သက်ဆင်းတော်မူလေကုန်၏။

ဥယျာဉ်မှူးသည် အရှင်မဟာကစ္စည်း မထေရ်ကို မြင်ရလျှင် မင်းကြီးထံသို့ သွားရောက်၍ "အရှင်မင်းကြီး–ကစ္စာနပုရောဟိတ်သည် ယခုအခါ ရဟန်းပြု၍ ဥယျာဉ်တော်သို့ ကြွရောက်လာပါပြီ"ဟု လျှောက်ထားလေ၏။ စဏ္ဍပဇ္ဇောတမင်းသည် ဥယျာဉ်တော်သို့ ကြွရောက်၍ အရှင်မဟာကစ္စည်းမထေရ်ကို ဤသို့ ကြားလျှောက်၏။ "အရှင်ဘုရား–မြတ်စွာဘုရား အဘယ်မှာနည်း"ဟု မေးလျှောက်လေ၏။ ထိုအခါ မထေရ်မြတ်က "မြတ်သောမင်းကြီး–ဗုဒ္ဓမြတ်စွာသည် ကိုယ်တော်တိုင် ကြွတော်မမူသေးဘဲ ငါ့ကို လွှတ်လိုက်၏"ဟု မိန့်လေလျှင် စဏ္ဍပဇ္ဇောတမင်းသည် "အရှင်ဘုရားတို့ ယနေ့ဆွမ်းကို ဘယ်အရပ်၌ ရပါကုန်သနည်း"ဟု မေးလေလျှင် မထေရ်မြတ်သည် ဆွမ်းဒါယိကာမ သေဌေးသမီး၏ ခဲယဉ်းစွာ ပြုအပ်သော ကောင်းမှုကုသိုလ်အကြောင်းကို အလုံးစုံ မိန့်ကြားတော်မူ၏။

စဏ္ဍပဇ္ဇောတမင်းကြီးသည် အရှင်မဟာကစ္စည်း မထေရ်မြတ်အား မနက်ဖြန်အတွက် ဆွမ်းအလှူပင့်ဖိတ်ပြီးလျှင် နန်းတော်သို့ ပြန်ကြွကာ ဆွမ်း ဒါယိကာမ သေဌေးသမီးကို မင်းအာဏာဖြင့် ခေါ်ယူ၍ မိဖုရားကြီးအရာ၌ မြှောက်စားလေ၏။ ဤဆွမ်းဒါယိကာမ သေဌေးသမီး၏ ပဌမဇောကုသိုလ် စေတနာသည် မျက်မှောက်ဘဝ၌ပင် ချမ်းသာသုခကို ခံစားရလေသည်။ ထိုအချိန်မှစ၍ စဏ္ဍပဇ္ဇောတမင်းကြီးသည် မထေရ်မြတ်အား လာဘ်ပူဇော် သက္ကာရ ကြီးစွာပြု၏။ လူအပေါင်းတို့သည်လည်း မထေရ်မြတ်၏ ဆုံးမဩဝါဒကြောင့် မထေရ်မြတ်ထံတွင်ပင် ရဟန်းပြုကြလေ၏။ မထေရ်မြတ်သည် ဥဇ္ဇေနီပြည်သူပြည်သားများကို သာသနာတော်၌ သက်ဝင် ယုံကြည်စေ၏။

ဗုဒ္ဓမြတ်စွာသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် "ရဟန်းတို့၊ အကျဉ်းဟောကြားထားသော တရားတော်၏ အနက်အဓိပ္ပာယ်ကို အကျယ် အားဖြင့် ဝေဖန်ခွဲခြားစိတ်ဖြာ ဟောကြားတတ်သော ငါဘုရား၏တပည့် သာဝက ရဟန်းတို့တွင် မဟာကစ္စာနရဟန်းသည် အသာဆုံး အမြတ်ဆုံး"ဟု ဧတဒဂ်ဘွဲ့ထူးကို ချီးမြှောက်တော်မူလေသည်။

## ၉။ အရှင်သီဝလိမထေရ်

အရှင်သီဝလိသည် ကောလိယသာကီဝင်မင်းမျိုးဝယ် သုပ္ပဝါသာ သာကီဝင် မင်းသမီး၏ ဝမ်း၌ ပဋိသန္ဓေ တည်လေ၏။ ထိုပဋိသန္ဓေတည်သော အချိန်မှစ၍ မင်းသမီးထံသို့ လက်ဆောင်ပဏ္ဏာတို့သည် ညဉ့် နံနက် ဆက်ကာ ဆက်ကာ ရာပေါင်းများစွာ ရောက်လာကြကုန်၏။

တစ်နေ့သောအခါတွင် သုပ္ပဝါသာမင်းသမီး၏ ဘုန်းကံအစွမ်းကို သိရှိရန် ဆွေတော်မျိုးတော်တို့သည် မင်းသမီး၏ လက်ဖြင့် မျိုးစေ့တောင်းများကို ထိစေ ကြကုန်၏။ ထိုမျိုးစေ့တစ်စေ့တစ်စေ့မှ အညှောင့်ပေါင်း အရာအထောင် ပေါက်၍ ထွက်လာလေ၏။ မင်းပယ်တစ်ပယ် ကျယ်သော လယ်မြေတစ်ကွက်မှ လှည်းအစီး ပေါင်း ငါးဆယ် ခြောက်ဆယ်တိုက် ကောက်စပါးများ ထွက်ရှိကြကုန်၏။

စပါးကျီအတွင်း စပါးများ ဖြည့်သွင်းသောအခါ၌လည်း ဆွေတော်မျိုးတော် များက မင်းသမီး၏လက်ဖြင့် ကျီတံခါးထိစေကြကုန်၏။ မင်းသမီး၏ ဘုန်းကံ ကြောင့် ကောက်စပါးများကိုထုတ်ယူသော်လည်း ယူသောနေရာတိုင်းသည် တစ်ဖန် ပြန်၍ ပြည့်လေ၏။ ထို့ပြင် ပြည့်သော ထမင်းအိုးမှ ထမင်းကို ခူးကာ ရောက် လာသမျှသော လူအပေါင်းအား ပေးလှူကြသည်ရှိသော်လည်း မကုန်နိုင်ချေ။ ရှင်သီဝလိသည် အမိဝမ်း၌ ခုနစ်နှစ်တိုင်အောင် ပဋိသန္ဓေနေရ၏။ ရင့်ကျက်လာ သောအခါ မင်းသမီးသည် ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေရခြင်း ဆင်းရဲကို ခုနစ်ရက်ကြာ ခံစားရ၏။ ထိုအခါ မင်းသမီးသည်

(၁) ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်နှင့်စပ်သော ကောင်းသောအကြံ၊

(၂) သံဃာတော်၏ ဂုဏ်တော်နှင့်စပ်သော ကောင်းသောအကြံ၊

(၃) နိဗ္ဗာန်၏ သန္တိသုခ ဂုဏ်နှင့်စပ်သော ကောင်းသောအကြံ၊–

တို့ကို အောက်မေ့၍ ကိုယ်ဝန်၏ ဆင်းရဲဒုက္ခကို အောင့်အည်းသည်းခံလေသည်။ ထို့နောက် မင်းသမီးသည် မိမိ၏ ခင်ပွန်းကို ခေါ်၍ "အို အရှင့်သား၊ ကြွပါ

အကျွန်ုပ်၏ ဖြစ်ရပ်ကို မြတ်ဗုဒ္ဓအား လျှောက်ထား၍ ဘုရားရှင်အား ပင့်ဖိတ်တော်မူခဲ့ပါ။ ဗုဒ္ဓမြတ်စွာ၏ မိန့်ကြားတော်မူလိုက်သည်များကိုလည်း မှတ်သား၍ အကျွန်ုပ်အား ပြောကြားတော်မူပါ”ဟု ပြောဆိုလွှတ်လိုက်လေ၏။ ကောလိယ မင်းသားသည် သုပ္ပဝါသာမင်းသမီး၏ အကြောင်းအရာ သတင်းစကားကို ဗုဒ္ဓမြတ်စွာအား လျှောက်ထားလေလျှင် ဘုရားရှင်သည် “ကောလိယ၊ မင်းသမီး သုပ္ပဝါသာသည် ရောဂါမရှိ၊ ပကတိချမ်းသာစေသတည်း။ ရောဂါကင်းသောသားကို ဖွားစေသတည်း”ဟု မိန့်တော်မူလေ၏။

ထိုသို့ မိန့်တော်မူသည့်ခဏဥ္စပင် သားကို ဖွားမြင်လေ၏။ ကောလိယသည် မင်းသမီးအား ဘုရားရှင်၏မိန့်ကြားတော်မူလိုက်သော သတင်းစကားကို ပြန်ပြောလေ၏။ မင်းသမီးသည် “အရှင့်သား ပင့်ဖိတ်အပ်သော အသက်ရှင်ဆွမ်းသည် မင်္ဂလာဆွမ်း ဖြစ်လိမ့်မည်။ တစ်ဖန်ပြန်၍ ခုနစ်ရက်ပတ်လုံး ဆွမ်းဘုဉ်းပေးတော်မူရန် မြတ်စွာဘုရားကို ပင့်လျှောက်ချေပါဦး”ဟု ပြောဆို၏။ ကောလိယသည် မင်းသမီး၏ ဆန္ဒကို ပြည့်စေ၍ ခုနစ်ရက်ပတ်လုံး မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာတော်များအား အကြီးအကျယ် လှူဒါန်းကြလေကုန်၏။

သီဝလိဟူသော အမည်သည် ဆွေမျိုးမိဘတို့၏ စိတ်နှလုံးပူပန်မှုကို ငြိမ်းအေးစေသောကြောင့် မှည့်ခေါ်သောအမည် ဖြစ်ပေသည်။ သီဝလိသည် အမိဝမ်း၌ ခုနစ်နှစ်ကြာအောင် ကိန်းအောင်းနေရသဖြင့် ဖွားမြောက်လာသောအခါ ခုနစ်နှစ်သားအရွယ်တို့ ပြုလုပ်နိုင်သော အရာတို့ကို ပြုစွမ်းနိုင်သူ ဖြစ်ပါသည်။ ခုနစ်ရက်ပတ်လုံး အလှူဒါနပွဲကြီး၌ ရဟန်းသံဃာတော်များအား ရေစစ်ဖြင့် ရေကို စစ်၍ ဆက်ကပ်လှူဒါန်းလေ၏။

တရားစစ်သူကြီးအရှင်သာရိပုတ္တရာသည် ခုနစ်ရက်မြောက်သောနေ့၌ သီဝလိသူငယ်အား “သီဝလိ၊ သင်သည် ဤသို့ သဘောရှိသော ဒုက္ခအစုကို ခံစားရပြီးလျှင် ရှင်ရဟန်းပြုရန် မသင့်မလျော်ဘူးလော”ဟုမေးတော်မူ၏။ သီဝလိသည် မိဘထံမှ ခွင့်ရလျှင် ရဟန်း ပြုလိုပါသည်ဟု လျှောက်လေ၏။ သုပ္ပဝါသာသည် သားနှင့် မထေရ်မြတ် ပြောဆိုနေသည်ကို မြင်၍ မထေရ်မြတ်ထံ ချဉ်းကပ်ကာ မေးလျှောက်လေ၏။ ထိုအခါ မထေရ်မြတ်က “အမိဝမ်း၌ ခံစားခဲ့ရသော ဒုက္ခကို ပြောပြ၍ အသင်မိဘနှစ်ပါးတို့က ခွင့်ပြုလျှင် ရှင်ရဟန်း ပြုပေးမည်”ဟု မိန့်ကြားလျှင် သုပ္ပဝါသာမင်းသမီးသည် ခွင့်ပြုကြောင်းစကားကို လျှောက်ထားလေ၏။

ထိုအခါ မထေရ်မြတ်သည် သီဝလိကို ကျောင်းတော်သို့ ခေါ်ဆောင်၍ တစ ပဉ္စကကမ္မဋ္ဌာန်းကို ပေးပြီးလျှင် ရှင်ပြုပေး၏။ "သီဝလိ သင့်အား အခြား ဩဝါဒ ပေးရန် မလို။ ခုနစ်နှစ်ပတ်လုံး မိမိခံစားခဲ့ရသော ဆင်းရဲဒုက္ခ ဝေဒနာကိုသာ ဆင်ခြင်ပါ"ဟု မိန့်တော်မူလေ၏။ သီဝလိသည် ပြုနိုင်သမျှသော တရားနလုံးသွင်းခြင်းအမှုကို ဆင်ခြင်ပွားများ၏။

ရှင်သီဝလိသည် ပထမဆံဝန်းကို ရိတ်ချလိုက်သောအခါမှာပင် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ဒုတိယဆံဝန်းကို ရိတ်ချလိုက်သောအခါ သကဒါဂါမိဖိုလ်၌ တည်၏။ တတိယဆံဝန်းကို ရိတ်ချလိုက်သောအခါ အနာဂါမ်ဖိုလ်၌ တည်၏။ အားလုံးသော ဆံဝန်းကို ရိတ်ချလိုက်သည်နှင့် တစ်ပြိုင်နက် အရဟတ္တဖိုလ်၌ တည်လေ၏။

ရှင်သီဝလိသည် ရှင်ရဟန်းပြုသောနေ့မှစ၍ ပစ္စည်းလေးပါးတို့ အလိုရှိတိုင်း ပေါများလေ၏။ ထိုသို့ လာဘ်ပေါများလေသောကြောင့် မိမိ၏ဘုန်းကို စုံစမ်းရန် မြတ်ဗုဒ္ဓ၏ ခွင့်ပြုချက်ဖြင့် ရဟန်းငါးရာတို့ကို အဖော်အဖြစ် ခေါ်၍ ဟိမဝန္တာတောသို့ ရှေ့ရှုကြွသွားတော်မူ၏။ ထိုအခါ ခရီးစခန်း၌ ရှေးဦးစွာ ပညောင်ပင်ကြီးကို တွေ့လေ၏။ ညောင်ပင်စောင့်နတ်မင်းသည် မထေရ်မြတ်အား ခုနစ်ရက်ကြာ အလှူဒါနပြုလေသည်။ ဤနည်းဖြင့်–

(၁) ရှေးဦးစွာ ပညောင်ပင်ကြီး

(၂) နှစ်ကြိမ်မြောက်၌ ပဏ္ဍဝတောင်

(၃) သုံးကြိမ်မြောက်၌ အစိရဝတီမြစ်

(၄) လေးကြိမ်မြောက်၌ ဝရသာဂရမည်သော သမုဒ္ဒရာ

(၅) ငါးကြိမ်မြောက်၌ ဟိမဝန္တာတောင်

(၆) ခြောက်ကြိမ်မြောက်၌ ဆဒ္ဒန်အိုင်

(၇) ခုနစ်ကြိမ်မြောက်၌ ဂန္ဓမာဒနတောင်

(၈) ရှစ်ကြိမ်မြောက်၌ အရှင်ရေဝတနေရာသို့–

ကြွရောက်တော်မူလေသည်။ နေရာအားလုံးတို့၌ ခုနစ်ရက်စီ မထေရ်မြတ်အား နတ်တို့က ကြီးစွာ လှူဒါန်းကြလေသည်။

အထူးသဖြင့် ဂန္ဓမာဒနတောင်သို့ ကြွသော ခုနစ်ရက်တို့တွင် နွားနို့ဆွမ်းတစ်ရက်၊ ထောပတ်တစ်ရက်၊ အလှည့်အလည် နတ်တို့ ပေးလှူ၏။ ထိုသို့ ပေးလှူနိုင်ခြင်းမှာ–ကဿပဗုဒ္ဓ မြတ်စွာလက်ထက်တော်အခါ၌ စာရေးတံ နို့ဆွမ်းလှူဒါန်းခဲ့သော ဒါနကောင်းမှု အကျိုးကြောင့် ဖြစ်ပါသည်ဟု နာဂဒတ္တ နတ်မင်းက ရဟန်းသံဃာတော်များအား လျှောက်ထားလေသည်။

ဗုဒ္ဓမြတ်စွာသည် အရှင်ခဒိရဝနိယရေဝတမထေရ်ထံ ကြွတော်မူရာဝယ် လမ်းခရီး၌ နတ်များက အရှင်သီဝလိမထေရ်မြတ်အား ဦးတည်၍ နေ့ရက်မပြတ် အလှူဒါန ဆက်ကပ်ကြသည်ကို အကြောင်းပြု၍ "ရဟန်းတို့–လာဘ်လာဘပေါများကြသည့် ငါဘုရား၏ တပည့်သာဝက ရဟန်းတို့တွင် သီဝလိရဟန်းသည် အသာဆုံး အမြတ်ဆုံး"ဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှောက်တော်မူပါသည်။

## (ဃ) ဧတဒဂ်ဘွဲ့ထူးရ အမျိုးသမီးထေရီများ

### ၁။ မဟာပဇာပတိ ဂေါတမီထေရီ

မဟာပဇာပတိဂေါတမီသည် ဒေဝဒဟပြည် မဟာသုပ္ပဗုဒ္ဓ သာကီဝင်မင်းကြီး၏သမီးတော် အငယ် ဖြစ်လေသည်။ ဂေါတမီဟု အမည်တွင်၏။ မဟာမာယာမင်းသမီး၏ ညီမတော်တည်း။ ဤမင်းသမီးနှစ်ပါး၏ ဝမ်း၌ သန္ဓေယူသောသားတို့သည် စကြဝတေး ဖြစ်လိမ့်မည်ဟု ပုဏ္ဏားတို့က နိမိတ်ဖတ်ကြကုန်၏။ သုဒ္ဓေါဒနမင်းကြီးသည် မဟာမာယာနှင့် ဂေါတမီ ညီအစ်မနှစ်ယောက်လုံးကို ထိမ်းမြားမင်္ဂလာပြု၍ ကပိလဝတ်နန်းတော်သို့ ဆောင်ယူခဲ့၏။ မဟာမာယာကို အဂ္ဂဒေဝီမဟေသီ မိဖုရားခေါင်ကြီးအရာ၌ ထား၏။

အကျွန်ုပ်တို့၏ ဗုဒ္ဓလောင်းလျာသည် မိဖုရားခေါင်ကြီးဝမ်း၌ ပဋိသန္ဓေနေတော်မူ၏။ မဟာမာယာမိဖုရားကြီးသည် ဘုရားအလောင်းတော်ကို ဖွားမြင်တော်မူသည်။ မဟာသက္ကရာဇ် ၆၈–ခုနှစ် ကဆုန်လပြည့်နေ့မှ နောက်ခုနစ်ရက်မြောက်သောနေ့ (ကဆုန်လပြည့်ကျော် ခုနစ်ရက်နေ့)၌ နတ်ရွာစံ၍ တုသိတာနတ်ပြည်ဝယ် သန္တုသိတနတ်သား ဖြစ်လေသည်။

သုဒ္ဓေါဒနမင်းကြီးသည် ညီမတော် ဂေါတမီကို အဂ္ဂဒေဝီ မဟေသီမိဖုရားကြီးအရာမြှောက်စားလေ၏။ ဘုရားအလောင်းတော်ကို ဖွားမြင်၍ ခုနစ်ရက်မြောက်သောနေ့တွင် ပဇာပတိဂေါတမီမိဖုရားမှ နန္ဒမင်းသားကို ဖွားလေသည်။ ပဇာပတိဂေါတမီသည် မိမိ၏ သားရင်း နန္ဒမင်းသားကို အထိန်းတော်များအား ပေးအပ်ပြီး

မိမိကိုယ်တိုင်ကမူ ဘုရားအလောင်း၏ အထိန်းအယကိစ္စအဝဝကို ကိုယ်တိုင် ပြုလုပ်ကာ ဘုရားအလောင်းအား နို့ချိုအေးကို တိုက်ကျွေးမွေးမြူခဲ့လေသည်။

သားတော်ဘုရားအလောင်း ဘုရားဖြစ်ပြီး ကပိလဝတ်နေပြည်တော်သို့ ရောက်တော်မူသောအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ဆွမ်းခံလမ်း အကြားမှာပင် တရားစကား ကြားနာရ၍ သောတာပန်အရိယာ ဖြစ်လေသည်။ ခုနစ်ရက်မြောက်သောနေ့တွင် နန္ဒမင်းသား ရဟန်းပြု၏။ ခုနစ်ရက်မြောက်သော နေ့တွင် ရာဟုလာ ရှင်ပြုလေသည်။ မြတ်စွာဘုရား မဟာဝုန်တော၌ သီတင်းသုံးစဉ် သုဒ္ဓေါဒနမင်းကြီးသည် ကပိလဝတ်ပြည် ရွှေနန်းတော်အတွင်း၌ အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန်ဝင်စံလေသည်။ ထိုအခါ မဟာပဇာပတိဂေါတမီသည် ရဟန်း ပြုရန် စိတ်အားသန်လေ၏။

မိထွေးတော် ဂေါတမီသည် သာကီဝင်မင်းသမီး ငါးရာနှင့် ရဟန်းပြု ခွင့်ရရန် ပထမအကြိမ် ဗုဒ္ဓမြတ်စွာကို တောင်းပန်သော်လည်း အခွင့်မရသောကြောင့် ဤအကြိမ်တွင် ခေါင်းရိတ်, ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ဆင်လျက် သာကီဝင်မင်းသမီး ငါးရာတို့နှင့်အတူ ဝေသာလီပြည်သို့ သွားရောက်၍ အရှင် အာနန္ဒာကို အကူအညီတောင်းကာ ဗုဒ္ဓမြတ်စွာကို တောင်းပန်စေပြီးနောက် ဂရုဓမ် ရှစ်ပါးတရားတို့ဖြင့် ရှင်ရဟန်းအဖြစ်ကို ရယူလေသည်။

မိထွေးတော် ဂေါတမီထေရီမသည် ရဟန်းမိန်းမ ဖြစ်ပြီးနောက် "သံခိတ္တ" သုတ် ဒေသနာကို ကြားနာရသဖြင့် အရဟတ္တဖိုလ်သို့ ရောက်ရှိလေသည်။ သာကီဝင် မင်းသမီး ရဟန်းမငါးရာတို့သည်ကား နောက်အခါ၌ "နန္ဒကောဝါဒ" သုတ္တန်ကို ကြားနာရသဖြင့် မိမိတို့ပါရမီအတိုင်း အချို့ သောတာပန်၊ အချို့ သကဒါဂါမ်၊ အချို့ အနာဂါမ်၊ အချို့ ရဟန္တာ ဖြစ်ကြလေကုန်၏။

ဗုဒ္ဓမြတ်စွာသည် ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတို့ ညဥ့်အပိုင်းအခြားကို သိကြသည့် ငါဘုရား၏ တပည့်မ သာဝိကာ ဘိက္ခုနီမတို့တွင် မဟာပဇာပတိဂေါတမီထေရီသည် အသာဆုံး အမြတ်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူပါသည်။

သက်တော် ၁၂၀–ရှိပြီဖြစ်သော မိထွေးတော် ဂေါတမီ ထေရီမကြီးသည် နံနက်အခါ ဝေသာလီပြည်တွင်း၌ ဆွမ်းခံလှည့်လည်ကာ ဆွမ်းဘုဉ်းပေးပြီးနောက် မိမိနေ့သန့်ရာ နေရာ၌ ဖလသမာပတ်ဝင်စားပြီးလျှင် ထိုသမာပတ်မှထ၍ မိမိ၏ အာယုသင်္ခါရကို ဆင်ခြင်ကြည့်ရှုလတ်သော် ကုန်နေပြီကို သိ၍ ဗုဒ္ဓမြတ်စွာအား

ပရိနိဗ္ဗာန်စံဖို့ရန် ခွင့်ပြုသိစေပြီး အဂ္ဂသာဝက နှစ်ပါးစသော မထေရ်မြတ်များ သိတင်းသုံးဖော် အရိယာသံဃာတော်များကို ပန်ကြားပြီး မိမိဘိက္ခုနီမကျောင်းသို့ ပြန်လာ၍ "ပရိနိဗ္ဗာန်စံရမှု ကောင်းလေစွ"ဟု ကြံစည်မိ၏။ ထို့အတူ သွာကိဝင်မင်းသမီး ဘိက္ခုနီမငါးရာတို့လည်း ကြံစည်ဆင်ခြင်မိကြ၏။ ထိုအခါ မြေလျှင် ပြင်းစွာ တုန်လှုပ်၏။ အခါမဟုတ် မိုးထစ်ချုန်း၏။

မိထွေးတော် ဂေါတမီထေရီမကြီးက–

"ငါသည် အိုခြင်းကင်းရာ၊ သေခြင်းကင်းရာ၊ မနှစ်သက်အပ်သည့်သတ္တဝါ သင်္ခါရတို့နှင့် တွေ့ဆုံရခြင်း ဆင်းရဲကင်းရာ, နှစ်သက်အပ်သည့်သတ္တဝါ သင်္ခါရတို့နှင့် ကွေကွင်းရခြင်း ဆင်းရဲကင်းရာ အသခ်တဓာတ် နိဗ္ဗာန် ရွှေပြည်မြတ်သို့ သွားရောက်တော့အံ့"ဟု ရွတ်ဆိုလိုက်လျှင် နတ်လူတို့သည် ငိုကြွေးကြလေသည်။

မြို့လယ်လမ်းကြီးအတိုင်း ဘိက္ခုနီမများထွက်လာရာ ဥပါသိကာမ တို့သည် ငိုကြွေးကြလေသည်။ ထေရီမကြီးသည် သောကပျောက်ရေး တရားကို ဟောတော်မူခဲ့ရသေး၏။ ဗုဒ္ဓမြတ်စွာထံတော်သို့ ရောက်သောအခါ "အဟံ သုဂတ တေ မာတာ၊ တွံ စ ဝီရ ပိတာ မမ"စသော ၁၆–ဂါထာတို့ဖြင့် ပရိနိဗ္ဗာန် စံလိုကြောင်း ခွင့်တောင်းကန်တော့ပြီးနောက် ဗုဒ္ဓမြတ်စွာက ခွင့်ပြုတော်မူ၏။ ထို့နောက် ရဟန်းသံဃာတော်များ၊ အရှင်ရာဟုလာ၊ အရှင်အာနန္ဒာ၊ အရှင်နန္ဒတို့ကိုလည်း ရိုသေစွာ ရှိခိုး၍ ခန္ဓာ၏ အပြစ်ဖော်ပြကာ ပရိနိဗ္ဗာန်ဝင်စံလိုကြောင်း ခွင့်တောင်းပြန်လေသည်။ အခြားအရှင်တို့မှာ ရဟန္တာ ဖြစ်ကြ၍ ဓမ္မသံဝေဂ ဖြစ်ကြသော်လည်း အရှင်အာနန္ဒာမှာ သေက္ခအရိယာဖြစ်၍ သည်းစွာ ငိုကြွေးလေသည်။

ထို့နောက်ဗုဒ္ဓရှင်တော်ဘုရားက မိထွေးတော် ဂေါတမီအား တန်ခိုးပြာဋိဟာကို ပြခိုင်းလေ၏။ ထေရီမကြီးသည် တစ်ပါးတည်းက အများဖြစ်ခြင်း၊ အများကြီးက တစ်ပါးတည်းဖြစ်ခြင်း, ပေါ်ခြင်း, ပျောက်ကွယ်ခြင်း, နံရံတစ်ဖက် တောင်တစ်ဖက်သို့ မငြိမကပ်သွားခြင်း စသော တန်ခိုးကို ပြသည့်အပြင် မြင်းမိုရ်တောင်ကို ထီးရိုး မဟာပထဝီမြေကြီးကို ထီးရွက်ပြု၍ အထက်အောက် ပြန်လှန်ကာ ကောင်းကင်၌ ထီးသဖွယ်ဆောင်း၍ စင်္ကြံလျှောက်ကာ ပြသလေသည်။ နေခြောက်စင်း ထွက်သောခါကဲ့သို့ သြကာသလောကတစ်ခုလုံး အခိုးတွေ ဖုံးနေပုံကိုလည်း ဖန်ဆင်းပြသလေသည်။ တန်ခိုးပြပြီးနောက် ကောင်းကင်မှ ဆင်းသက်၍ မြတ်စွာဘုရားကို ရှိခိုးကာ "သားတော်ဘုရား၊ တပည့်တော်မ မိထွေးတော်ကြီးသည် အသက် ၁၂၀–ရှိပါပြီ။ အိုမင်းလှပါပြီ။ သားတော်ဘုရား ပရိနိဗ္ဗာန် ဝင်စံပါရစေတော့"ဟု

လျှောက်ထားလေသည်။ ထို့အတူ ငါးရာသော ဘိက္ခုနီမတို့သည်လည်း ကောင်းကင်သို့ တက်၍ တန်ခိုးအမျိုးမျိုးကို ပြသပြီးနောက် ဗုဒ္ဓမြတ်စွာအား ပရိနိဗ္ဗာန်စံခွင့်တောင်းကြလေသည်။ ဗုဒ္ဓဘုရားရှင်၏ ခွင့်ပြုချက်ရသောအခါ မိထွေးတော် ဂေါတမီအမှူးရှိသော ဘိက္ခုနီမ ငါးရာတို့သည် မိမိတို့ ကျောင်းအသီးသီး၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူလျက်ရှိစဉ် ဘိက္ခုနီမတို့ကို ဆည်းကပ်သော ဥပါသိကာမတို့က ရင်ဘတ်ကိုတီးခတ် ဗုန်းဗုန်းပစ်လှဲ ငိုကြွေးကြကုန်၏။ မိထွေးတော်ကြီးက "သမီးတို့ ငိုကြွေးခြင်းဖြင့် အကျိုးမရှိ၊ သင်္ခါတရားတို့သည် အမြဲမရှိ ကွေကွင်းရခြင်းအဆုံးရှိ၏။ ဖောက်ပြန်တတ်၏"ဟု ဟောပြောဆုံးမ၍ အိမ်သို့ ပြန်စေကုန်ပြီးလျှင် လောကီစျာန်သမာပတ် ရှစ်ပါးတို့ကို အနုလုံပဋိလုံ ဝင်စား၍ စတုတ္ထစျာန်မှ ထပြီးသော် အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် အငြိမ်းကြီး ငြိမ်းလေ၏။

ဘိက္ခုနီမငါးရာတို့သည်လည်း ထို့အတူ နိဗ္ဗာန်ယူသိမ်း ငြိမ်းကြလေကုန်၏။ ထို့သို့ ဘိက္ခုနီငါးရာ တစ်ပြိုင်နက် ပရိနိဗ္ဗာန်စံယူသောအခါ ပြင်းစွာ မြေတုန်လှုပ်ခြင်း ကောင်းကင်မှ ဥက္ကာကျခြင်း၊ နတ်မိုး နတ်စည် ချုန်းမြည်ခြင်း၊ နတ်တို့ ငိုယိုမြည်တမ်းလျက် ထိတ်လန့် သံဝေဂရ၍ "အနိစ္စာ ဝတ သင်္ခါရာ၊ ယထာယံ ဝိလယံ ဂတာ"ဟု သံဝေဂစကား မြွက်ဆိုခြင်း စသည့် အံ့ဩဖွယ်တို့သည် ဖြစ်ကုန်၏။

မြတ်စွာဘုရားသည် ရဟန်းသံဃာများနှင့်တကွ ကိုယ်တော်တိုင် ကြွတော်မူပြီးလျှင် (၁) ရှေ့ဆုံးမှ လူ နတ် နဂါး အသုရာ ဗြဟ္မာများ (၂) ထို့နောက် ဝိသကြို ဖန်ဆင်းအပ်သည့် ရွှေသား အလောင်းစင် ပြာသာဒ် ငါးရာထက်သို့ သျှောင်စောင်းနှင့်တကွ တင်စေ၍ ဘိက္ခုနီမငါးရာတို့၏ အလောင်းစင် ပြာသာဒ်တို့ကို နတ်တို့က ထမ်းလျက်လည်းကောင်း (၃) ထို့နောက်မှ မိထွေးတော် ဂေါတမီ၏ အလောင်းစင်ပြာသာဒ်ကို လောကပါလနတ်မင်းကြီး လေးယောက်တို့က ထမ်းလျက်လည်းကောင်း (၄) ထို့နောက်မှ သံဃာတော်များနှင့် မြတ်စွာဘုရားရှင် လိုက်ပါတော်မူ၍လည်းကောင်း ဤအစီအစဉ်အတိုင်း လမ်းမတစ်လျှောက် ကောင်းကင်အပြည့် ဗိတာန်မျက်နှာကြက်မိုးကာ အမျိုးမျိုးသော ပန်းနံ့သာ သာယာချိုအေးသော တူရိယာတို့ဖြင့် ပူဇော်ချီးမြှောက်ကြ၍ သုသာန်သို့ ပို့ကြလေ၏။

နေသည် မွန်းတည့်ချိန် ဖြစ်သော်လည်း လကဲ့သို့ အေးမြ၍ နေ၏။ မိထွေးတော်၏ နိဗ္ဗာန်စံမြန်းခန်းလောက် မြတ်ဗုဒ္ဓ၏ နိဗ္ဗာန်စံမြန်းခန်းသည်ပင် အံ့ဩဖွယ် မများလှချေ။ မိထွေးတော် ဂေါတမီ နိဗ္ဗာန်လားရာ၌ကား မြတ်စွာဘုရားရော အရှင်သာရိပုတ္တရာပါ ကြပ်မတ်စီရင်ကြကုန်၏။

မြတ်စွာဘုရားသည် မိထွေးတော်၏ အရိုးဓာတ်တို့ကို ကိုင်ပြသပြီးကာ လူနတ်ပြဟ္မာ ပရိသတ်တို့အား အနှစ်သာရပြည့်ဝပြီး ခိုင်မြဲစွာ တည်တံ့သော သစ်ပင်ကြီး၏ ပင်စည်သည် အလွန်ပွားများ ကြီးကျယ်၏။ ထိုပြန့်ပွားကြီးကျယ်သော ပင်စည်သည် ပင်ကိုသဘောမမြဲလေသောကြောင့် ယိမ်းယိုင်ပျက်ပြား လဲပြိုသကဲ့သို့ သစ်ပင်ကြီးပမာ ဘိက္ခုနီသံဃာ၏ ပင်စည်ကြီးနှင့်တူသော မိထွေးတော် ဂေါတမီသည် နိဗ္ဗာန်ယူသိမ်း ငြိမ်းလေပြီတကားဟု တရားပြဆုံးမတော်မူ၏။

## ၂။ ခေမာထေရီ

ခေမာသည် သာဂလမြို့၌ မဒ္ဒရာဇ်မင်း၏ သမီးတော် ဖြစ်သည်။ ပြည်သူ တို့ကို ဘေးကင်းစေလျက် မွေးဖွားလာသူ ဖြစ်သောကြောင့် “ခေမာ”ဟု အမည် တွင်လေသည်။ ခေမာသည် ဗိမ္ဗိသာရမင်းကြီး၏ အလွန်ချစ်မြတ်နိုးသည့် မိဖုရား ကြီးဖြစ်၍ အလွန်ချော အလွန်လှသည့်အတွက် သူ့အဆင်း၌ အလွန် မာန်ယစ်သူ ဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် ခေမာမိဖုရားသည် မြတ်ဗုဒ္ဓက ရုပ်၌ အပြစ်ကိုပြ၍ တရားဟောတော်မူသတဲ့–ဟု တစ်ဆင့်စကား ကြားသိရ၍ ငါသွားလျှင်လည်း ဗုဒ္ဓမြတ်စွာသည် အဆင်းရုပ်၌ အပြစ်ကိုပင် ပြတော်မူလေရာ၏ဟု ကြံစည်မိကာ မြတ်ဗုဒ္ဓထံတော်သို့ အဖူးအမြော် မသွားရောက်ချေ။

ဗိမ္ဗိသာရမင်းကြီးသည် ဗုဒ္ဓမြတ်စွာ၏တပည့်အရိယာတစ်ယောက် ဖြစ်လျက် သူ၏ မိဖုရားမှာ ဗုဒ္ဓထံတော်သို့ အဖူးအမြော်မသွားရောက်ခြင်းကို မနှစ်သက်နိုင် ရကား စာဆိုကဝိတို့အား ဝေဠုဝန်ကျောင်းတိုက်ကြီး၏ သာယာပုံ အကြောင်းတို့ကို ဖွဲ့နွဲ့သီကုံးစေလျက် ခေမာမိဖုရား ကြားလောက်ရာအရပ်၌ သီဆိုကြရမည်ဟု အမိန့်ပေးလေ၏။

ထိုသီချင်းသံကို ခေမာမိဖုရားကြားရလျှင် ရှေးက ဝေဠုဝန်ဉယျာဉ်တော်၌ မင်းတရားနှင့် မွေ့လျော် ပျော်ပါးဖူးသော်လည်း မသွားရဖူးသကဲ့သို့ အဆန်းတကြယ် အံ့ဩဖွယ်ကြီး ထင်၍ ကြည့်ရှုချင်သော အာသာဆန္ဒပြင်းပြလျက် ဗိမ္ဗိသာရ မင်းကြီးအား ခွင့်ပန်ပြီး ဗုဒ္ဓမြတ်စွာနှင့် မတွေ့ရအောင် ကြံ၍ မြတ်ဗုဒ္ဓဆွမ်းခံ ဝင်ချိန်တွင် ကြီးစွာသော အခမ်းအနားဖြင့် ဝေဠုဝန် ဉယျာဉ်တော်သို့ ဝင်ပြီး ပျားပိတုန်း တသောသော, ဥဩတွန်ကျူး, ဒေါင်းမြူး ကခုန်, လူစုံ မရောပြွမ်း,

ဆိတ်ချမ်း လှသ၊ စကြံ့မဏ္ဍပ်၊ ကျောင်းဇရပ်တို့ဖြင့် ယောဂီသူမြတ်တို့ မွေ့လျော်ရာ ဝေဠုဝန်ဥယျာဉ်တော်ကို ရှုမြော်လှည့်လည်လေ၏။ ထိုသို့ လှည့်လည်စဉ် သစ်ပင် ရင်း၌ ရဟန်း တရားအားထုတ်နေသည့် ရဟန်းပျို တစ်ပါးကို မြင်၍ ဤအရွယ်မှာ မွေ့လျော်ဖွယ်အာရုံကာမဂုဏ်ကို ခံစားပြီး အသက်ကြီးမှ ရဟန်းတရား အားထုတ် သင့်၏ဟု အမှားကြံဆင်ခြင်၍ မြတ်ဗုဒ္ဓ မရှိဟူသော အမှတ်ဖြင့် ဂန္ဓကုဋီကျောင်းသို့ လှည့်ပတ်ချဉ်းကပ်လေသော် ခေမာမိဖုရား လာလိမ့်မည်ကို သိ၍ ဆွမ်းခံမကြွဘဲ ဂန္ဓကုဋီကျောင်းတော်၌ ခေမာမိဖုရားထက် အစစ သာလွန် လှပတင့်တယ်သော မိန်းမငယ် ဣဒ္ဓိရုပ်ကို ဖန်ဆင်းတော်မူလျက် ယပ်ခတ်စေ၍ နေတော်မူသော မြတ်စွာဘုရားရှင်ကို ပက်ပင်း ဖူးမြင်ရလေ၏။

ခေမာမိဖုရားသည် မိမိအဆင်း၌ တပ်မက်ခြင်းကို ပယ်စွန့်၍ ထိုဣဒ္ဓိရုပ် သူငယ်မ အဆင်း၌ ပြင်းစွာတပ်မှိန်း တစိမ်းစိမ်း ကြည့်ရှုဆဲ၌ပင် ဗုဒ္ဓမြတ်စွာ၏ ဖန်ဆင်းမှုကြောင့် ထိုသူငယ်မမှာ ရွတ်တွအိုမင်း အဆင်းဖောက်ပြန် ဆံဖြူ သွား ကျိုး ညှင်းဆိုးမှည့်စွဲလျက် တွဲရရွဲကျသော သားမြတ်၊ တွန့်ကပ်ပိန်ခြောက်သော အရေအသား၊ ကိုးရိုးကားရား ခြေလက်အင်္ဂါ၊ ကြီးစွာသော အဆစ်အပိုင်းက အကြောပြိုင်းပြိုင်းနှင့် ကုပ်ကိုင်းသောကိုယ်ရှိလျက် ပင့်သက်ရှူရှိုက် တုန်တုန်ခိုက်ခိုက် မျက်ဖြူဆိုက်၍ ဖိုက်ခနဲ လဲသေသည်ကို မြင်ရလေလျှင် ခေမာမိဖုရား၏ စိတ် သန္တာန်၌ ဓာတ်လေးပါးဆောင် ဤရုပ်ကောင်သည် ပင်ကိုသူ့သဘောဝယ် မစင်ကြယ်ပါတကား၊ စက်ဆုပ်ဖွယ်ရာပါတကား၊ ယင်းသို့ စက်ဆုပ်ဖွယ် ရုပ်ကောင်၌ ပညာအန္ဓ အမိုက်မတို့သည် မွေ့လျော် ပျော်ပိုက်နှစ်ခြိုက်၍ နေကုန်၏တကားဟု သံဝေဂဉာဏ် ဖြစ်လာလေ၏။ ထိုအခါ ဗုဒ္ဓမြတ်စွာက–

(က) ချစ်သမီး ခေမာ–ကျင်နာခံခက် နှိပ်စက်တတ်သော၊ မစင်မကြယ် ပုပ်ဟောင် ညှီလှောင်သော အနံ့ရှိသော၊ အထက်အောက် တစက်စက် ယိုထွက်သော၊ လူမိုက်တို့သည် လွန်စွာ စုံမက် နှစ်သက် မြတ်နိုးအပ်သော ခန္ဓာကိုယ်ကို စေ့စေ့ ကြည့်ရှုလော့။

(ခ) မတင့်တယ် စက်ဆုပ်ဖွယ်ဟု စိတ်ဝယ်ထင်ခြင်းငှာ တစ်ခုတည်းသော အာရုံရှိသော ကောင်းစွာ တည်ကြည်သော ဘာဝနာစိတ်ကို ပွားစေလော့။ ကာယ ကောဋ္ဌာသ၌ ဖြစ်သော အောက်မေ့ခြင်း သတိသည် သင့်အား ဖြစ်စေလော့၊ ငြီးငွေ့ခြင်းများသည် ဖြစ်စေလော့။

(ဂ) ချစ်သမီးခေမာ–ဤငါ့ထံကပ်ခို မိန်းမ၏ကိုယ်သည် အိုမင်းရွတ်တွ ပျက်စီးရသကဲ့သို့ ထို့အတူ သင်၏ ကိုယ်သည် အိုမင်းရွတ်တွ ပျက်စီးရလတ္တံ့။ သင်၏ကိုယ်သည် မသေခင် တင့်တယ်လှပသည်ဟု ထင်ရသကဲ့သို့ ထို့အတူ ငါ့ထံကပ်ခို ဤမိန်းမ၏ ကိုယ်သည် မသေခင် တင့်တယ်လှပသည်ဟု ထင်ရ၏။ အတွင်းအပလည်း ဖြစ်သောကိုယ်၌ တပ်မက်သော ဆန္ဒရာဂကို ပယ်စွန့် ဖြတ်တောက်လော့။

(ဃ) ပေါင်း၍ တည်ဟန် သဏ္ဍာန်အကောင်အထည်မရှိဟု ခွဲထုစပ်ဖန် အဖြစ်အပျက်ကိုရှုသော ဝိပဿနာ ဉာဏ်ကိုလည်း ပွားစေလော့။ ထောင်လွှားသော မာနကို စွန့်ပယ်လော့။ ထိုသို့စွန့်ပယ်ခြင်းကြောင့် ၁၁–ပါးသောမီးငြိမ်းကုန်သည် ဖြစ်၍ နိဗ္ဗာန် ထုတ်ချောက်ရောက်ရလတ္တံ့။

(င) ပင့်ကူကောင်သည် မိမိပြုအပ်သော ကွန်ရက်အသွင် ပင့်ကူချည်မျှင်သို့ အစဉ်လျှောက်၍ နေသကဲ့သို့ အကြင်သတ္တဝါတို့သည် ရာဂဖြင့် တပ်မက်မောကုန်၏။ ထိုသတ္တဝါတို့သည် မိမိပြုအပ်သော ကိလေသာ အလျဉ် ခန္ဓာအစဉ်သို့ အစဉ်လိုက်၍ နေရကုန်၏။ ပညာရှိတို့သည် ကာမဂုဏ်ချမ်းသာကို ငဲ့ကွက်တွယ်တာခြင်းမရှိကုန်ဘဲ ပယ်စွန့်ကုန်၍ ထိုကိလေသာအလျဉ် ခန္ဓာ အစဉ်ကိုလည်း တစ်စမကျန် တွန်းလှန်ဖြတ်တောက်ကုန်၍ နိဗ္ဗာန်ထုတ်ချောက် သွားရောက်ကြကုန်၏။

ဤတရားဒေသနာတော်ကို ကြားနာရ၍ ခေမာမိဖုရား စိတ်ကြည်သာရွှင်လန်းနေသည်ကို သိမြင်တော်မူကာ ဗုဒ္ဓမြတ်စွာသည် မဟာနိဒါနသုတ်ကို ဟောတော်မူ၏။ ထိုသုတ်ကို ကြားနာရသော ခေမာမိဖုရားသည် ရှေးက မိမိလေ့ကျက်ခဲ့ဖူးသည်ကို အမှတ်ရကာ ထိုနေရာ၌ပင် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေ၏။ ထိုအခါ ခေမာမိဖုရားသည် မိမိ ရှေးက ရုပ်မာနဖြင့် အထင်မှား အမြင်မှားခဲ့သည့် အပြစ်ကို တောင်းပန်ကန်တော့လျက် မြတ်ဗုဒ္ဓ၏ ခြေတော်ရင်း၌ ဝပ်စင်းကာ လျှောက်ဆိုသည်မှာ–

(၁) အလုံးစုံသောတရားကို သိမြင်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏ဘုရား၊ မဟာကရုဏာ၏တည်ရာ ဖြစ်တော်မူသော မြတ်စွာဘုရား သံသရာဝဲဂယက်မှ ကူးမြောက်တော်မူပြီးသော မြတ်စွာဘုရား ဘယ်အခါမှ မသေ အမြိုက်မွေကို ပေးဝေတော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏ဘုရား။

(၂) မိစ္ဆာညစ်ထေး ချုံပျစ်စေးသို့ ပြေးဝင်သော ကာမဂုဏ်ကို ခင်စုံတပ်မက် နှစ်သက်လိုက်စား၍ မျက်စိလည် လမ်းမှားသော အကျွန်ုပ်သည် လုပတင့်တယ် ရှုချင်စဖွယ် မိန်းမငယ်အဆင်းကို ဖန်ဆင်းတုံ့ရှောင်း နည်းကောင်း ဥပါယ်တံမျဉ်ဖြင့် ရှင်ပင်ဘုရားသည် လိမ္မာယဉ်ကျေးအောင် နည်းပေးဆုံးမအပ်သည် ဖြစ်၍ ကိုယ်နှုတ်နှလုံးကို ယဉ်ကျေးအောင် ဆုံးမခြင်း၌ နှစ်ခြိုက်ရွှင်ပျော် မွေ့လျော်ရပါပြီဘုရား။

(၃) အရှင်ဘုရားကဲ့သို့ သဘောရှိကုန်သော သီလ **သမာဓိ အစရှိကုန်သော** ဂုဏ်တို့ဖြင့် ကြီးမြတ်တော်မူသော ဘုရားရှင်တို့ကို မဖူးမြင်ရသဖြင့် ကွေကွင်းရခြင်းကြောင့် သတ္တဝါတို့သည် သံသရာတည်းဟူသော မြစ်ပင်လယ်၌ **ကြီးစွာသော** ဆင်းရဲကို **ခံစားကြရကုန်၏**။

**(၄) တပည့်တော်မသည်** လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်သော, ကိလေသာ**ရန်သူ ကင်းဝေးတော်မူသော, ကိ**လေသာတို့၏ ကုန်ရာ နိဗ္ဗာန်သို့ ရောက်တော်မူသော **အရှင်ဘုရားကို ဝေဠုဝန်ဥယျာဉ်၌** နေတော်မူလျက် လာရောက်ဦးမတင် မဖူးမြင်သော **အပြစ်ကို လျှောက်ကြား**တောင်းပန်ပါ၏ဘုရား။

(၅) သတ္တဝါအများတို့၏ အကျိုးစီးပွားကို ဆောင်တော်**မူသော, မြတ်သော** မဂ်ဖိုလ်နိဗ္ဗာန်ကို ပေးတော်မူတတ်သော အရှင်ဘုရားကို **စီးပွားမဲ့အောင်** ကဲ့ရဲ့ရှုတ်ချတတ်သည်ဟူ၍ ယုံမှားတွေးတောလျက် **အရောင်အဆင်း၌** လွန်မင်းစွာ မွေ့လျော်ပျော်ပိုက်သည်ဖြစ်၍ မဆည်းကပ် **မလာရောက်မိပါ**။ ထိုအပြစ်ကို လျှောက်ကြားတောင်းပန်ပါ၏ဘုရား။

ဤသို့ တောင်းပန်လျှောက်**ထားလေသော် ဗုဒ္ဓမြတ်စွာ**သည် အမြိုက်ရေချမ်းဖြင့် သွန်းဖြန်းတော်မူလိုက်**သကဲ့သို့ ခေမာမိဖုရားကို** သည်းခံစကား မိန့်ကြားတော်မူလေ၏။ ခေမာမိဖုရား**သည်** ဗုဒ္ဓမြတ်စွာအား ရှိခိုးပြီး၍ ရွှေနန်းတော်သို့ ပြန်လာကာ ဗိမ္ဗိသာရမင်းကြီးကို ရဟန်းမပြုရန် ခွင့်ပန်စကား လျှောက်ကြားလေ၏။ ဗိမ္ဗိသာရမင်းကြီးသည် ခွင့်လွှတ်ကြောင်း ဆုပေးစကားကို မိန့်တော်မူပြီးလျှင် ခေမာမိဖုရားကို ရွှေထမ်းစင်ထက် တင်၍ ကြီးကျယ်ခမ်းနားစွာ ဘိက္ခုနီမကျောင်းတိုက်သို့ ဆောင်၍ ရှင်ရဟန်းမ ပြုစေလေ၏။

ခေမာထေရီသည် ဥပုသ်ပြုရာ၌ ဝတ်ပြုရင်း **ဆီးမီးတောက်ထွန်းခြင်း၊ ဆီမီးငြိမ်းသေခြင်း**များကို မြင်၍ ထိတ်လန့်သံဝေဂဉာဏ်ကို ရသဖြင့် ရုပ်နာမ်သင်္ခါရတို့၏ အဖြစ်အပျက်ကို ဆက်၍ တစ်ဖန် သုံးသပ်ဆင်ခြင်ပြန်လျှင် ပဋိသမ္ဘိဒါ

လေးပါး၊ အဘိညာဉ်ခြောက်ပါးတို့ဖြင့် တန်ဆာဆင်အပ်သော အရဟတ္တဖိုလ်သို့ ရောက်ရှိကာ ရဟန္တာထေရီမ ဖြစ်လေ၏။

ခေမာထေရီသည် ပရိယတ် ပဋိပတ် နှစ်ရပ်စွယ်စုံလေ့လာသူဖြစ်သဖြင့် ဝိသုဒ္ဓိခုနစ်ပါး၌ အထူးကျွမ်းကျင်လိမ္မာသည့်အပြင် ကထာဝတ္ထုဆယ်ပါးတို့၌လည်း ရဲရင့်သူဖြစ်လျက် အဘိဓမ္မာနည်း၌လည်း ကျွမ်းကျင်သူ ပညာထူးချွန်သူ ဖြစ်လေသည်။ ကောသလမင်းကြီးအားလည်း သိမ်မွေ့သောတရား ခေမသုတ္တန်ကို ဟောကြားလေသည်။

ဗုဒ္ဓမြတ်စွာသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် "ရဟန်းတို့- ပညာဉာဏ်ကြီးသည့် ငါဘုရား၏ သာဝိကာတပည့်မ ဘိက္ခုနီမတို့တွင် ခေမာထေရီဘိက္ခုနီမသည် အသာဆုံးအမြတ်ဆုံး"ဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှောက်တော်မူလေသည်။

## ၃။ ဥပ္ပလဝဏ္ဏာထေရီ

ဥပ္ပလဝဏ်သည် သာဝတ္ထိပြည် သေဋ္ဌေးမျိုး၌ ဖြစ်၏။ သေဋ္ဌေးသမီး၏ ကိုယ်ရေအဆင်းကား ကြာညိုပန်းနှင့် တူသောကြောင့် ဥပ္ပလဝဏ္ဏာဟု မှည့်ခေါ်ကြ၏။ ဥပ္ပလဝဏ် အရွယ်သို့ ရောက်သောအခါ ဇမ္ဗူဒိပ်ကျွန်းအလုံး၌ ရှိသော မင်းသေဋ္ဌေးအားလုံးကပင် စာသဝဏ်နှင့် တမန်စေလွှတ်၍ တောင်းခံကြလေသည်။ မတောင်းခံသော မင်းသေဋ္ဌေးဟူ၍ မရှိချေ။

ထိုအခါ ဖခင် သေဋ္ဌေးကြီးသည် "ငါကား သမီးတစ်ယောက်တည်းဖြင့် သမီးကို လိုသူအားလုံးတို့၏ စိတ်ကို ကျေနပ်မှု ရယူခြင်းငှာ မည်သည့်နည်းဖြင့်မျှ စွမ်းနိုင်လိမ့်မည်မဟုတ်။ ဥပါယ်တံမျဉ်ကို ငါပြုပေအံ့"ဟု ကြံစည်၍ သမီးကို ခေါ်ပြီး "ချစ်သမီး-ရဟန်းမ ပြုနိုင်ပါမည်လော"ဟု မေးမြန်းလေ၏။ ဥပ္ပလဝဏ် သေဋ္ဌေးသမီးကိုယ်တိုင်က သံသရာ နောက်ဆုံးဘဝ၌ ဖြစ်သူ ပစ္ဆိမဘဝိက သမီးဖြစ်လေသောကြောင့် ဖခင်ကြီး၏ မေးမြန်းပြောဆိုလိုက်သောစကားသည် ဦးခေါင်းထက်ဝယ် လောင်းချလိုက်သည့် အကြိမ်တစ်ရာ ချက်လေပြီးသော ဆီမွှေးကဲ့သို့ ရှိလေ၏။ ဖခင်ကြီးကို ရဟန်းမ ပြုပါမည်ဟု ဝမ်းမြောက်ဝမ်းသာ ဖြေကြားပြောဆိုလိုက်လေ၏။

သေဋ္ဌေးကြီးသည် သမီး ဥပ္ပလဝဏ္ဏာအား ကြီးစွာသော ချီးမြှောက်သက္ကာရမှု ပြုလုပ်၏။ ဘိက္ခုနီကျောင်းသို့ ခေါ်ဆောင်ပြီးလျှင် ရှင်ရဟန်းမ ပြုလုပ်စေ၏။

ဥပ္ပလဝဏ္ဏာဘိက္ခုနီမ ရဟန်းပြု၍ မကြာမြင့်မီ ဥပုသ်အိမ် သိမ်အပြင် ဝတ်ပြုရန် အလှည့်ကျ ရောက်လေ၏။ ဥပ္ပလဝဏ္ဏာဘိက္ခုနီမသည် ဆီမီးညှိထွန်း၍ ဥပုသ်အိမ် သိမ်အပြင်ကို တံမြက်လှည်းပြီးလျှင် ဆီမီးတောက်အညွန့်၌ ကမ္မဋ္ဌာန်း အာရုံနိမိတ်ကို ရယူလျက် ရပ်တည်လျက်ပင် အကြိမ်ကြိမ်အဖန်ဖန် ဆီမီးညွန့်ကို ကြည့်ရှု၍ တေဇောကသိုဏ်းကို ပွားများအားထုတ်လေရာ တေဇောကသိုဏ်းကိုရ၍ ထိုတေဇောကသိုဏ်း ဈာန်သမာဓိကို အခြေပြုကာ ဝိပဿနာ တရား ပွားများအားထုတ်လေလျှင် မကြာမီပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ရဟန္တာ ထေရီမ ဖြစ်လေ၏။ ရှေးဆုတောင်းအတိုင်း တန်ခိုးစိမ် ဖန်ဆင်းခြင်း၌ ဝသီဘော်ငါးတန် လေ့လာနိုင်နင်းပြီးသူ ဖြစ်လေသည်။

ဥပ္ပလဝဏ္ဏာ ရဟန္တာ ထေရီမသည် မြတ်စွာဘုရားရှင် ခုနစ်ဝါမြောက် ရောက်လတ်သောအခါဝယ် ယမိုက်ပြာဋိဟာ ပြတော်မူရာ နေရာ၌ မြတ်စွာဘုရား တပည့်တော်မ တန်ခိုးပြာဋိဟာကို ပြုပါရစေဘုရား စသည်ဖြင့် မရွံ့မကြောက် ခြင်္သေ့ဟောက်သကဲ့သို့ ရဲရဲတောက် စကား လျှောက်ထားခဲ့လေသည်။

ဗုဒ္ဓမြတ်စွာသည် ဇေတဝန်ကျောင်းတော်၌ "ရဟန်းတို့– တန်ခိုးနှင့် ပြည့်စုံကြသည့် ငါဘုရား၏ တပည့်မ သာဝိကာ ဘိက္ခုနီမတို့တွင် ဥပ္ပလဝဏ္ဏာ ဘိက္ခုနီမသည် အသာဆုံးအမြတ်ဆုံး"ဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်ခဲ့လေသည်။

## ၄။ ပဋာစာရာထေရီ

ပဋာစာရီသည် သာဝတ္ထိပြည်၌ သေဋ္ဌေးသမီး ဖြစ်လေ၏။ သေဋ္ဌေးသမီး အရွယ်ရောက်လတ်သော် မိမိအိမ်၌နေသူ အလုပ်သမားတစ်ယောက်နှင့် မေတ္တာ သက်ဝင် ချစ်ခင်နေ၏။ မိဘတို့က အမျိုးဇာတ်တူသူ သေဋ္ဌေးသားတစ်ယောက်နှင့် ထိမ်းမြားမှု ပြုအံ့ဆဲဆဲတွင် မေတ္တာသက်ဝင် ချစ်ခင်ခဲ့ရင်း ဖြစ်သော အိမ်ကျွန် အလုပ်သမားအား ငါ့ကို ခေါ်ဆောင်၍ ပြေးလော့ဟု အသိပေးစကား ပြောကြားလေ၏။ ထိုအိမ်ကျွန်အလုပ်သမားသည် လျောက်ပတ်သော ဥစ္စာနှစ်ကို ယူဆောင်ကာ သေဋ္ဌေးသမီးကို ခိုး၍ သာဝတ္ထိပြည်မှ လေးယူဇနာတိုင်တိုင် ဖဲခွာ ထွက်ပြေးခဲ့ပြီး ရွာငယ်တစ်ရွာတွင် နေလေ၏။

ပဋာစာရီ၏ ဝမ်းကြာတိုက်၌ ကိုယ်ဝန်အရင့်အမာ ဖြစ်လတ်သော် လင် ဖြစ်သူကို "ဤအရပ်သည် ကျွန်မတို့အတွက် ကိုးကွယ်ရာမဲ့သော အရပ် ဖြစ်လေသည်။ ထို့ကြောင့် မိဘအိမ်သို့ ပြန်ကြပါစို့"ဟု တိုင်ပင်ကြလေ၏။ လင်ယောကျ်ား ဖြစ်သူမှာ မပြန်ဝံ့၍ အချိန်ကုန်စေသော် ပဋာစာရီသည် လင်မရှိစဉ် မိဘအိမ်သို့

ပြန်လေ၏။ လင်ဖြစ်သူ အိမ်သို့ပြန်ရောက်၍ ချစ်ဇနီးကို မတွေ့ရလျှင် အိမ်နီးချင်းတို့ကို မေး၍ မိဘအိမ်သို့ ပြန်သွားကြောင်း သိရသောအခါ သြော်–ငါ့ကို အမှိုပြု၍ သေဋ္ဌေးသမီးသည် ကိုးကွယ်ရာမဲ့ ဖြစ်ရရှာချေ၏ဟု သနား ကရုဏာဖြစ်လျက် အပြေးလိုက်သော် လမ်းခရီးအကြား၌ မိလေ၏။ ပဋာစာရီသည် လမ်းခရီးအကြားမှာပင် သားဖွားမြင်လေသည်။ ယခုအခါ သားဖွားခြင်းကိစ္စ ပြီးပြီဖြစ်၍ မိဘထံသို့ မသွားတော့ဘဲ အိမ်သို့ပြန်ရန် သဘောတူတိုင်ပင်ပြီး ထိုနေရင်း တောရွာငယ်သို့ ပြန်ကြလေကုန်၏။

တစ်ဖန် ပဋာစာရီ၏ ဝမ်းကြာတိုက်၌ ဒုတိယအကြိမ် ကိုယ်ဝန် တည်ပြန်၏။ ပဋာစာရီက မိဘရပ်ထံ ပြန်ဖို့ လင်ယောကျ်ားကို ပြောကြားသော်လည်း ခင်ပွန်းဖြစ်သူက အချိန်ဆွဲနေသဖြင့် သေဋ္ဌေးသမီးသည် တစ်ယောက်တည်း မိဘအိမ်သို့ ခရီးထွက်ခဲ့၏။ ရှေးနည်းအတူပင် လင်ယောကျ်ား လိုက်လာကာ လမ်းခရီးအကြား၌ မိလေ၏။

ပဋာစာရီသည် လမ်းခရီးအကြား၌ သားဖွားခြင်း ဖြစ်ပြီးလျှင်ပင် အရပ်လေးမျက်နှာတို့၌ မိုးကြီးသည်းစွာ ရွာသွန်းလေသည်။ ပဋာစာရီသည် လင်ယောကျ်ားကို မိုးခိုရန် နေရာပြုလုပ်ရန် ပြောဆိုလေ၏။ လင်ယောကျ်ားသည် ထင်းချောင်းတုတ်တံတို့ဖြင့် တဲကုပ်ကလေး ဖြစ်ကတတ်ဆန်း ဆောက်လုပ်ပြီး အမိုးအတွက် ညဥ့်အချိန် ဖြစ်သဖြင့် တောင်ပို့ရှိ–မရှိ မသိရှာဘဲ တစ်ခုသော တောင်ပို့ အခြေ၌ မြက်ကို နုတ်လေ၏။ မြွေဟောက်သည် ထိုယောကျ်ား၏ ခြေ၌ ပေါက်လိုက်လေ၏။ ထိုယောကျ်ားသည် ထိုနေရာ၌ပင် လဲကျသေဆုံးသွားလေ၏။

ပဋာစာရီသည် ယောကျ်ားလာတော့မည်ဟု မျှော်လင့်ရင်း ညဥ့်သုံးယံကို ကုန်စေလျက် ဤယောကျ်ားသည် ငါ့ကို စွန့်ပစ်သွားပြီဟု ကြံစည်အောက်မေ့ကာ အလင်းရောင် ဖြစ်ပေါ်သောအခါ၌ ခြေရာခံလိုက်သွားလျက် ကြည့်ရှုလတ်သော် လဲကျသေဆုံးနေသော လင်ယောကျ်ားကို တွေ့ရ၍ သည်းစွာ ငိုကြွေးလျက် သားငယ်ကိုချီ၊ သားကြီးကို လက်ဆွဲ၍ ခရီးဆက်လေသော် ခရီးအကြားဝယ် ချောင်းငယ်တစ်ခုကို တွေ့၍ သားနှစ်ယောက်နှင့် တစ်ပြိုင်နက်တည်း ကူးခြင်းငှာ တတ်နိုင်မည် မဟုတ်ဟု ဆင်ခြင်မိ၍ သားကြီးကို ထားခဲ့ကာ သားငယ်ကို ဟိုမှာဘက်ကမ်းသို့ ပို့ဆောင်ပြီး အနှီးအဝတ်ဖြင့် သိပ်ထားပြီးမှ တစ်ဖန်ပြန်၍ သားကြီးကို ခေါ်အံ့ဟု ကြံစည်လျက် ချောင်းအတွင်းသို့ ဆင်းသက်လေ၏။

ပဋာစာရီချောင်းအလယ်သို့ ရောက်သောအခါ သိန်းစွန်ရဲတစ်ကောင်သည် သားတစ်ဟူသော အမှတ်ဖြင့် သားငယ်ကို ထိုးသုတ်ရန် ပျံသန်းလာလေသည်။ ပဋာစာရီသည် ခရီးဝေးနေသဖြင့် လက်ကို ဆန့်တန်းကာ သိန်းစွန်ရဲကို ပြေးစေရန် အသံပြုလေ၏။ မိခင်သေဋ္ဌေးသမီး၏ လက်ဆန့်တန်းသော အမူအရာကို မြင်ရ၍ သားအကြီးသည် "ငါ့ကို မိခင်ခေါ်၏"ဟူသော အမှတ်ဖြင့် ချောင်းအတွင်းသို့ ပြေးဆင်းလာလတ်သော် ရေအဟုန်ဖြင့် လဲကာ မျောပါ သေဆုံးရာလေသည်။ သိန်းစွန်ရဲသည်လည်း မိခင်ပဋာစာရီ မရောက်မီပင် သားငယ်ကို သုတ်ချီယူဆောင်၍ သွားလေတော့သည်။

ပဋာစာရီ၏ ဒုက္ခသည် သားကြီးရေမြုပ်၊ သားငယ် စွန်ချီ၊ လင်ပိုးထိ၍ လမ်းခရီးတွင် သေခဲ့လေပြီဟု ငိုကြွေးလျက် သာဝတ္ထိပြည်ဘက်သို့ သွားလေ၏။ ပဋာစာရီသည် ဤသို့ ငိုကြွေးလျက် မိဘအိမ်အနားသို့ ရောက်ပါသော်လည်း သောကအဟုန်အားကြီးသဖြင့် မိဘအိမ်ကို မမှတ်မိနိုင်ရာဘဲ အနီးရှိသူများကို မေးလေသော် အနီးရှိလူများက ထိုသေဋ္ဌေးမိသားစုနေအိမ်သည် ယမန်ညက လေပြင်းတိုက်ခတ်သောကြောင့် ပြိုကျခဲ့လေပြီ။ ထိုတိုက်ပြိုကြီးထဲမှာ သေဋ္ဌေးမိသားစုအားလုံးလဲ အသက်ပျောက်ကြရာလေပြီ။ ထိုသေဋ္ဌေးမိသားစုကြီးငယ်တို့ကို ထင်းပုံတစ်ခုတည်းဖြင့်ပင် မီးသင်္ဂြိုဟ်လိုက်ကြလေသည်။ မီးခိုးညွန့်တက်ရာဆီသို့ ရှင်မ ကြည့်ရှုပါလော့ဟု ပြောကြားလေလျှင် ပဋာစာရီသည် "အို–အရှင်တို့ ဘယ်လိုပြောလိုက်ကြတာလဲ"ဟု တစ်ခွန်းသာပြောနိုင်ရာပြီး အဝတ်ကိုပင် မဝတ်နိုင်တော့ဘဲ မီးသင်္ဂြိုဟ်ရာအရပ်သို့ သွားရောက်၍ အမျိုးကောင်းသမီး စောင့်စည်းရန် ဝတ် ယွင်းချွတ်မှုကြောင့် သားငယ်ကို စွန်ချီ၊ သားကြီး ရေနစ်၊ လင်ပိုးထိကာ သေခဲ့လေပြီ။ မွေးမိသခင် မွေးဘသခင် ကျေးဇူးရှင်တို့နှင့် တစ်အူထုံ့ဆင်းမောင်ရင်းတို့ တိုက်ပြို၍ အသက်ကုန်၊ တစ်ခုတည်းသော ထင်းပုံ၌ သင်္ဂြိုဟ်အပ်ကုန်ပြီဟု ငိုကြွေးရာလေ၏။ ပဋာစာရီသည် သတိယွင်းချွတ် ရူးသွပ်ရာ၍ အဝတ်မဝတ်ဘဲ ကျက်စား သွားလာနေသောကြောင့် ပဋာစာရီဟု ခေါ်ဆိုကြ၏။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ များစွာသော ပရိသတ် အလယ်ထိုင်နေသော်မူ၍ တရားဟောတော်မူစဉ် မရပ်မတည် လှည့်လည် သွားလာ နေသော ပဋာစာရီကိုမြင်၍ သူမ၏ အသိဉာဏ်ရင့်ကျက်ချိန်ကို သိမြင်တော်မူ သောကြောင့် ထိုပဋာစာရီကို ကျောင်းတိုက်တော်သို့ ရှေးရှု လာရောက်အောင် အဓိဋ္ဌာန်ပြုတော်မူ၏။ တရားနာပရိသတ်တို့သည် အရူးမကို လာရောက်ခွင့်မပြုကြ

လင့်ဟု ပြောဆိုလေသော် ဗုဒ္ဓမြတ်စွာသည် ပဋာစာရီကို မတားကြလင့်ဟု မိန့်တော်မူ၍ အနီးသို့ ရောက်သောအခါ "ချစ်သမီး သတိရလော့"ဟု မဟာကရုဏာဖြင့် မိန့်တော်မူ၏။

ပဋာစာရီသည် သတိရ၍ ထဘီအဝတ်မပါသည်ကို အမှတ်ရကာ အရှက်ကြီးစွာဖြစ်လျက် အတတ်နိုင်ဆုံး ဖုံးပြီးသော် ဒူးထောက်ခါးညွတ်ကာ ထိုင်နေရာလေ၏။ ထိုအချိန်တွင် လူတစ်ယောက်သည် အပေါ်ရုံအဝတ်ကို ပစ်ပေး၍ ထိုအဝတ်ကို ဝတ်ကာ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး တည်ခြင်းငါးပါးဖြင့် ရှိခိုးလျက် မိမိ သောကဖြစ်ရခြင်း အကြောင်းရင်း လျှောက်ထားလေ၏။

မြတ်စွာဗုဒ္ဓက "ချစ်သမီး ပဋာစာရီ၊ ထွေရာလေးပါး သင်ချစ်သမီး အကြံ မျှားမနေလင့်။ သင်ချစ်သမီး၏ မှီခိုကိုးစား အားထားရာဖြစ်နိုင်သောသူ၏ အထံသို့ သင်ချစ်သမီး ရောက်ခဲ့လေပြီ။ သင်ချစ်သမီးသည် ယခုအခါ သား, လင်, မိဘ, မောင်တို့ သေဆုံးခြင်းဟူသော အကြောင်းကြောင့် မျက်ရည်ပေါက်ကြီးငယ်ကို ဖြစ်စေရသကဲ့သို့ အနမတဂ္ဂ အစမထင် သံသရာတစ်ခွင်၌ သား၊ လင်၊ မိဘ၊ မောင်တို့ သေဆုံးခြင်းဟူသောအကြောင်းကြောင့် ကျခဲ့သောမျက်ရည်ပေါက်များကား မဟာသမုဒ္ဒရာ လေးစင်းအတွင်းမှာ ရှိသော ရေပေါက်တို့ထက် များလှတုံသေး၏"ဟု တရားဓမ္မညွှန်းဖော်ပြလျက် "ချစ်သမီး ပဋာစာရီ၊ ကာယ စိတ္တ ဒုက္ခနှစ်ဖုံဖြင့် တွေ့ကြုံနှိပ်စက်အပ်သော ဒေါသ ကိလေသာ မခွာရသေးသူ လူတစ်ယောက်၏ စိုးရိမ်ပူဆွေးငိုကြွေးရခြင်းကြောင့် ဖြစ်ပေါ်၍လာသော ဂဏန်းမချနိုင်သော မျက်ရည်ပေါက်များသည် သမုဒ္ဒရာလေးစင်းအတွင်းမှာ ရှိသော ရေထက်များပြားလှ၏။ ချစ်သမီးပဋာစာရီ အဘယ်ကြောင့် သတိယွင်းပေ့ါ မော့လျော့နေလေသနည်း။ အသိတရား လက်ကိုင်ထား၍ သင်ကား မမေ့မလျော့လေလင့်"ဟူ၍ သောကငြိမ်းတရားကို ဟောကြားတော်မူလေသည်။

ဗုဒ္ဓမြတ်စွာသည် ပဋာစာရီ၏ သောကတရားပါး၍ နေသည်ကို သိမြင်တော်မူ၍ ပညာရှိသော သူသည် မိမိ၏သီလကို သုတ်သင် စင်ကြယ်စေ၍ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း လမ်းစဉ်ကိုသာ ကောင်းစွာ ပြီးစီးစေရမည်ဟု ဖော်ပြတော်မူလျက် တရားဟောတော်မူ၏။ ဒေသနာဆုံးသောအခါ ပဋာစာရီ သေဋ္ဌေးသမီးသည် မဟာပထဝီမြေမှုန့်ပမာဏ များလှစွာသော ကိလေသာတို့ကို သောတာပတ္တိမဂ်ပညာဖြင့် အပြီးတိုင် လောင်ကျွမ်းစေလျက် သောတာပန်အရိယာ ဖြစ်လေ၏။

ဗုဒ္ဓမြတ်စွာသည် ပဋာစာရီကို ဘိက္ခုနီမတို့ထံသို့ ခေါ်၍ ရှင်ရဟန်းမ ပြုပေးစေတော်မူ၏။ ပဋာစာရီ ဘိက္ခုနီမ ဖြစ်ပြီးနောက် ဝိပဿနာအလုပ်ကို အားထုတ်ကျင့်ကြံစဉ် တစ်နေ့သ၌ ရေအိုးဖြင့် ရေကိုခပ်၍ ခြေကိုဆေးရန် ရေ လောင်းလေလျှင် အနည်းငယ်သော အရပ်တိုင်အောင် ရေရောက်၍ ပြတ်လေ၏။ ဒုတိယအကြိမ် တတိယအကြိမ် လောင်းပြန်သောအခါတွင်လည်း အနည်းငယ် ဝေးသောအရပ်တိုင်အောင် ရေရောက်၍ ပြတ်လေ၏။ ပဋာစာရီသည် ထိုရေသုံးမျိုး ရောက်ရာ အရပ်သုံးမျိုးကို အာရုံယူ၍ အရွယ်သုံးပါးတို့ကို ဉာဏ်ဖြင့် ပိုင်းခြားပြီးလျှင် ပထမအရွယ်၌လည်း စုတိပြတ်ကြွေ သေလွန်နိုင်ကြကုန်၏။ မဇ္ဈိမအရွယ်၌လည်း စုတိပြတ်ကြွေ သေလွန်နိုင်ကြကုန်၏။ ပစ္ဆိမအရွယ်၌လည်း စုတိပြတ်ကြွေ ကေန်ပင် သေလွန်နိုင်ကြကုန်၏ဟု ပညာသက်ဝင် ဆင်ခြင်စဉ်းစား၍ နေလေ၏။ ထို့နောက် အနိစ္စလက္ခဏာကို လည်းကောင်း၊ ထိုအနိစ္စလက္ခဏာကို အစဉ်လျှောက် သဖြင့် ဒုက္ခလက္ခဏာ အနတ္တလက္ခဏာနှစ်ပါးတို့ကိုလည်းကောင်း စူးစမ်းဆင်ခြင် လျက် ဝိပဿနာအလုပ် ပွားများ အားထုတ်နေစဉ် မိမိနေရာ ကျောင်းတိုက်ခန်းသို့ ဝင်လေလျှင် အမိုက်မှောင်တို့ ပယ်ဖျောက်ရန် ဆီမီးခွက်ကို စွဲကိုင်ကာ အခန်းတွင်းသို့ ဝင်ရောက်၍ ဆီမီးခွက်ကို နေရာတကျထားပြီးလျှင် ညောင်စောင်းငယ်၌ ထိုင်လျက် ပင်လျှင် ဆီမီးခွက်ကို ငြိမ်းစေရန် အပ်သံချွန်ဖြင့် ဆီမီးစာကို ဆီသို့ ရှေးရှုဆွဲငင် လိုက်လေသည်။

ထိုအချိန်၌ မြတ်စွာဘုရားရှင်သည် ဂန္ဓကုဋီကျောင်းတော်၌ ထိုင်နေတော် မူရင်းကပင် ကိုယ်တော်ရောင်ကို ဖြန့်လွှတ်၍ ထေရီမ မျက်မှောက်၌ ရပ်တည်ကာ ဟောသကဲ့သို့–

"ချစ်သမီး ပဋာစာရီ၊ သင်ချစ်သမီး စဉ်းစားဆင်ခြင်သော ဤအကြောင်း အရာသည် စဉ်းစားဆင်ခြင်သည့်အတိုင်း မှန်ပေ၏။ ခပ်သိမ်းသော သတ္တဝါတို့ သည်ပင် စုတိပြတ်ကြွေ သေလွန်ခြင်းသဘော ရှိကြကုန်၏။ သို့ဖြစ်ရကား ခန္ဓာ ငါးပါးတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းကို ဉာဏ်ပညာဖြင့် သိမြင်သောသူ၏ တစ်ရက်မျှ သော်လည်းကောင်း တစ်ခဏမျှသော်လည်းကောင်း အသက်ရှင်နေရခြင်းသည် ချီးမွမ်းအပ် အထူးသဖြင့် မြတ်လှပေ၏။"

ဤတရား ဒေသနာ ဆုံးသောအခါ ပဋာစာရီထေရီသည် ပဋိသမ္ဘိဒါဉာဏ် လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏။ ပဋာစာရီသည် ရဟန္တာ ဖြစ်ပြီးနောက် ဗုဒ္ဓအထံတော်၌ ဝိနည်းပိဋကတ်ကို သင်ကြားတတ်မြောက်ပြီး ဝိနည်းနှင့်ပတ်သက်လျှင် ဟုတ်မှန်သည့်အတိုင်း ဖြေဆိုလေ့ရှိသည်။

ဗုဒ္ဓမြတ်စွာသည် "ဝိနည်းကို **ဆောင်ကုန်သော** ငါဘုရား၏တပည့်မ သာဝိကာ ဘိက္ခုနီမတို့တွင် ပဋာစာရီ **ဘိက္ခုနီမသည်** အသာဆုံး အမြတ်ဆုံး"ဟု တေဒဂ် ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူပါသည်။

## ၅။ ဓမ္မဒိန္နာထေရီ

**ဓမ္မဒိန္နာ**သည် ရာဇဂြိုဟ်ပြည်၌ **သေဋ္ဌေးသမီး**ဖြစ်၍ ဝိသာခသေဋ္ဌေးနှင့် **လက်ဆက်ပြီး** **သေဋ္ဌေးအိမ်**သို့ လိုက်ရကာ ဓမ္မဒိန္နာသေဋ္ဌေးကတော်ဟူ၍ ထင်ရှား **လေသည်။** ဝိသာခသေဋ္ဌေးသည် ဗုဒ္ဓမြတ်စွာ ပထမဆုံးအကြိမ် ရာဇဂြိုဟ်သို့ **ရောက်တော်မူ**၍ တစ်သိန်း နှစ်သောင်းသောပရိသတ်နှင့်အတူ လာရောက်သော **ဗိမ္ဗိသာရမင်း**တရားအား တရားဟောတော်မူသဖြင့် သောတာပတ္တိဖိုလ်သို့ ရောက်ကြ **သော တစ်သိန်း**တစ်သောင်းသောပုဂ္ဂိုလ်တို့အနက် တစ်ယောက်အပါအဝင် ဖြစ်လေ **သည်။** ဗိမ္ဗိသာရမင်းကြီးနှင့် အလွန်ရင်းနှီးသော မိတ်ဆွေ သေဋ္ဌေးဖြစ်သည်။

တစ်ဖန် ဝိသာခသည် တစ်နေ့သ၌ တရားနာရပြန်သော် သကဒါဂါမိဖိုလ်သို့ ဆိုက်ရောက်လေသည်။ နောက်တစ်ကြိမ် တရားနာရပြန်သော် အနာဂါမ်ဖိုလ်၌ တည်လေသည်။ ဝိသာခသေဋ္ဌေးသည် အနာဂါမ်**အရိယာ** ဖြစ်ပြီးနောက် အိမ်သို့ ပြန်လာရာတွင် ခါတိုင်းကဲ့သို့ မဟုတ်ဘဲ အလွန်ငြိမ်**သက်သော** ဣန္ဒြေ အလွန် ငြိမ်းအေးသောစိတ် ရှိလျက် ပြန်လာလေသည်။

ဓမ္မဒိန္နာ သေဋ္ဌေးကတော်သည် လေသာပြူတင်းဖွင့်၍ **လမ်းမသို့** ဈော်ကြည့် လတ်သော် ဣန္ဒြေကြီးစွာဖြင့် လာနေသော ငါ၏**အရှင် ဝိသာခ** **သေဋ္ဌေးသည်** အဘယ်အကြောင်းထူးရှိပါလိမ့်ဟု အောက်မေ့ကာ အိမ်လှေကားရင်း၌ ရပ်လျက် မိမိလက်ကို ဆန့်တန်းပေးလိုက်သော်လည်း ခါတိုင်းလိုမဟုတ်ဘဲ ဝိသာခ သေဋ္ဌေး **သည် မိမိလက်ကို**ကွေး၍ပင် ထားလိုက်လေ၏။ သေဋ္ဌေးကတော်သည် နံနက်စာ **စားသောအခါ သိရမည်**ဟု အောက်မေ့ကာ စိတ်ကိုဖြေလေ၏။ ထိုနေ့၌ ဝိသာခ သည် သေဋ္ဌေးကတော်ကိုမခေါ်ဘဲ ကမ္မဋ္ဌာန်းအားထုတ်သော ရဟန်းတစ်ပါးကဲ့သို့ ဣန္ဒြေကြီးစွာဖြင့် တစ်ယောက်တည်းသာ စားလေ၏။ သေဋ္ဌေးကတော်လည်း ညနေချမ်း**အခါ၌ သိရလိမ့်မည်**ဟု အောက်မေ့ကာ စိတ်ကို ဖြေသိမ့်လေ၏။

ဝိသာခသေဋ္ဌေးသည် ညချမ်းကာလရောက်လတ်သော ကျက်သရေ တိုက်ခန်းသို့ မဝင်ဘဲ အခြားအခန်းတစ်ခုကို ရှင်းလင်းကာ ခုတင်ညောင်စောင်း တစ်ခုကို ခင်းစေ၍ တစ်ယောက်တည်းသာ အိပ်စက်လေ၏။ သေဋ္ဌေးကတော် ဓမ္မဒိန္နာမှာ အမျိုးမျိုး တွေးတောကာ လွန်စွာ စိတ်နှလုံး မချမ်းသာဘဲ တစ်ရက်

နှစ်ရက်နေပြီးသောအခါ၌ ဝိသာခ သေဋ္ဌေးအား ပြုစုယုယရန် သွားရောက်၍ ရှိခိုးလျက် ရပ်တည်နေလေ၏။ ထိုအခါ ဝိသာခက "ဓမ္မဒိန္နာ - အခါမဟုတ်ဘဲ ဘာကြောင့် လာသလဲ"ဟုမေး၏။ သေဋ္ဌေးကတော်က"အရှင့်သားသည် ယခုအခါ ရှေးကလို မဟုတ်တော့ပါ။ ဘယ်လိုလဲ။ အရှင့်သား၏အဖို့ရာ ကျွန်တော်မမှ အပြင်ပ၌ တောင့်တချစ်ခင်မှုပင် ရှိလေသလော"ဟု မေး၏။ သေဋ္ဌေးကြီးက "မရှိပါ"ဟု ဖြေ၏။ သေဋ္ဌေးကတော်က "သို့မဟုတ်လျှင် အခြား တစုံတစ်ယောက် စိတ်ဝမ်းကွဲအောင် ပြုလုပ်သူ ရှိလေသလော"ဟု မေး၏။ သေဋ္ဌေးက "ဤသို့ စိတ်ဝမ်းကွဲအောင် ပြုလုပ်သူမရှိပါ။"သေဋ္ဌေးကတော်က "ထိုသို့ဖြစ်လျှင် တစ်စုံတစ်ရာ ကျွန်တော်မ၏အပြစ်ပင် ရှိပါသလော။" သေဋ္ဌေးက "သင်၏အပြစ်မရှိပါ။" သေဋ္ဌေးကတော်က "ထိုသို့ဖြစ်လျှင် အဘယ်ကြောင့် အရှင့်သားသည် ကျွန်တော်မနှင့် ပင်ကိုပကတိ ဇနီးမောင်နှံသဘောဖြင့် နှုတ်ခွန်းဆက်စကား တုံ့ပြန်စကားမျှကိုပင် မပြောကြားပါသနည်း။"

ဝိသာခ သေဋ္ဌေးသည် ငါသိသော လောကုတ္တရာတရားမည်သည် လျှို့ဝှက်ထားသင့်သောတရားဖြစ်၏။ သို့သော် အကယ်၍ မဖြေလျှင် သေဋ္ဌေးကတော် သေဖွယ်ရှိသည်ကို ဆင်ခြင်စဉ်းစားမိ၍–

"ဓမ္မဒိန္နာ–ငါသည် မြတ်စွာဘုရား၏ တရားဒေသနာကို ကြားနာရသောကြောင့် လောကုတ္တရာတရားကို ရရှိသိမြင်ခဲ့လေပြီ။ ထို့ကြောင့် လောကီအပြုအမူများသည် လားလားမျှ မသင့်တော့ချေ။ အကယ်၍ သင်အလိုရှိပါမူ ကုဋေရှစ်ဆယ်သော ဥစ္စာများ ဤအိမ်မှာ ရှိပေသည်။ သင်သည် စိုးပိုင်သူ ဖြစ်ကာ ငါ၏ အမိအရာ၌ဖြစ်စေ၊ အဖအရာ၌ ဖြစ်စေ တည်နေပါလော့။ သင်ပေးအပ်သည့် ထမင်းအစာမျှဖြင့်ပင် ငါသည် မျှတ၍ နေပါမည်။ ဤသို့ မပြုလုပ်လိုလျှင်လည်း ဤစည်းစိမ်ဥစ္စာတို့ကို ယူဆောင်ကာ သင့်မိဘအိမ်သို့ ပြန်သွားပါလေ။ အကယ်၍ အပြင်အပ၌ တောင့်တမှု မရှိဘူးဆိုလျှင် ငါသည် သင့်ကို နှမငယ်အရာ၌သော်လည်းကောင်း၊ သမီးအရာ၌သော်လည်းကောင်း ထား၍ ကျွေးမွေး စောင့်ရှောက်ပါမည်"ဟု ပြောကြားလေ၏။

သေဋ္ဌေးကတော်သည် ထိုစကားကို ကြားသိရလျှင် ဝိသာခ သေဋ္ဌေးကို "အရှင့်သား အသို့နည်း ဤလောကုတ္တရာတရားကို ယောကျာ်းများသာ ရထိုက်ပါသလော၊ မာတုဂါမ မိန်းမများလည်း ရနိုင်ပါသလော"ဟု မေးမြန်းလေ၏။

ထိုအခါ ဝိသာခ သေဌေးက "ဘယ်နယ်ပြောပါလိမ့် ဓမ္မဒိန္နာ၊ ဓမ္မာနုဓမ္မ ပဋိပတ်ကို ကျင့်ကြံကြိုးကုတ်အားထုတ်ကြသောသူတိုင်းပင် ဤလောကုတ္တရာ တရားအမွေကို ရယူနိုင်ကြကုန်၏။ မဂ်ဖိုလ်၏ဥပနိဿရည်း ရှေးကုသိုလ် ပစ္စည်းရှိသူတိုင်းပင် ဤလောကုတ္တရာတရားကို ရယူနိုင်ကြ၏"ဟု ဖြေကြား ပြောဆိုလေလျှင် ဓမ္မဒိန္နာ သေဌေးကတော်သည် "အရှင့်သား ထိုသို့ဖြစ်လျှင် ကျွန်မအား ရှင်ရဟန်းမ ပြုလုပ်ရန် ခွင့်ပြုတော်မူကြကုန်လော့"ဟု ခွင့်ပန်စကား ပြောကြားလေ၏။ ထိုအခါ ဝိသာခသည် ဗိမ္ဗိသာရမင်းကြီးထံသို့ သွား၍ရှိခိုးကာ ရပ်တည်လေလျှင် မင်းကြီးက "သေဌေး အခါမဟုတ် ဘာကြောင့် လာရောက်သလဲ" ဟု မေးလျှင် "မြတ်သောမင်းကြီး၊ ဓမ္မဒိန္နာ သေဌေးကတော် ရှင်ရဟန်းမ ပြု တော့မည်"ဟု လျှောက်ထားလေ၏။ အဘယ်ဝတ္ထုကို အလိုရှိသနည်းဟု မင်းကြီးက မေးလျှင် သေဌေးကြီးက ရွှေထမ်းစင်ကို ရလိုပါ၏။ မြို့တော်ကိုလည်း သုတ်သင စေခြင်းငှာ အလိုရှိပါ၏ဟု လျှောက်လေ၏။ မင်းကြီးသည် သေဌေးအလိုအတိုင်း ပြုလုပ်ပေး၏။

ဝိသာခ သေဌေးသည် သေဌေးကတော်ကို နံ့သာရည်ဖြင့် ရေချိုးစေ၍ အဆင်တန်ဆာစုံဖြင့် တန်ဆာဆင်စေပြီးလျှင် ရွှေထမ်းစင်ထက်၌ ထိုင်နေစေ လျက် ဆွေမျိုးအပေါင်းကို ဝန်းရံစေပြီးနောက် မြို့တော်ကို များစွာသော နံ့သာ ပန်းမာလ်တို့ဖြင့် ပူဇော်မှုပြုလုပ်ကာ ဘိက္ခုနီမများနေထိုင်ရာ ကျောင်းတိုက်သို့ သွားရောက်၍ "အရှင်မကြီးတို့ဘုရား၊ အကျွန်ုပ်၏ ဓမ္မဒိန္နာ သေဌေးကတော်ကို ရှင်ရဟန်းမ ပြုပေးတော်မူကြပါ"ဟု လျှောက်ထားပြောဆိုလေ၏။

ဘိက္ခုနီမတို့က အပြစ်ရှိရင် သည်းခံဖို့ ပြောဆိုသောအခါ ဝိသာခါသေဌေး သည် "အရှင်မကြီးတို့ဘုရား–ဓမ္မဒိန္နာသေဌေးကတော်မှာ တစိုး တစိအပြစ်မရှိပါ။ ဓမ္မဒိန္နာသည် သဒ္ဓါကြည်ညိုသဖြင့် ရှင်ရဟန်းမ ပြုလိုသူဖြစ်ပါသည်"ဟု လျှောက် ထားလေ၏။ ထိုအခါ ဝိနည်းကျွမ်းကျင်သော ထေရီတစ်ပါးသည် တစပဥ္စက ကမ္မဋ္ဌာန်းကို ဟောကြားပြီးနောက် ဆံတို့ကို ပယ်ရိတ်၍ ရှင်ရဟန်းမ ပြုပေးလေ၏။ ဝိသာခသည် ဓမ္မဒိန္နာ ထေရီမကို "အရှင်မ၊ သာသနာတော်၌ မွေ့လျော်စွာ နေ တော်မူပါ။ မြတ်စွာဘုရားသည် တရားတော်ကို စ,လယ်,ဆုံး သုံးပါးအစုံ ကောင်း ခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ဟောကြားအပ်ပါပြီ"ဟု လျှောက်ထား၍ ရှိခိုးပြီးလျှင် အိမ်သို့ ပြန်လေ၏။

ဓမ္မဒိန္နာ ထေရီမ၏ အဖို့ရာ လာဘ်ပူဇာ သက္ကာရများလှသောကြောင့် ရဟန်းတရားကို အားထုတ်ခွင့်ကို မရနိုင်ဘဲ ရှိလေသည်။ "ဝိသာခ သေဌေးသည်

အိမ်အလယ်၌ တည်နေစဉ်ပင် သံသရာဝဋ်ဒုက္ခ ဆုံးအောင် ပြုသေး၏။ ငါကား ရဟန်းမ ဖြစ်ချေပြီ။ ထို့ကြောင့် သံသရာ ဝဋ်ဒုက္ခဆုံးအောင် ကျင့်ဆောင် ကြိုးစားအားထုတ်မှ သင့်တော်မည်ဟု"ဆင်ခြင်မိကာ ထေရီမကြီးတို့ထံ သွား၍ ရှာငယ်တောကျောင်းသို့ သွားလိုပါသည်ဟု လျှောက်ထားရာ ထေရီမကြီးတို့သည် ဓမ္မဒိန္နာထေရီမ၏ တောကျောင်းနေလိုသောစိတ်ကို မတားနိုင်ရကား ဓမ္မဒိန္နာကို တောကျောင်းတစ်ခုသို့ ခေါ်ဆောင်သွားကြလေကုန်၏။

ဓမ္မဒိန္နာထေရီသည် ဘဝများစွာက သင်္ခါရတရားတို့ကို ဉာဏ်ပညာဖြင့် ကြိုတ်ချေခဲ့ဖူးသူ ဖြစ်သောကြောင့် မကြာမြင့်မီပင်လျှင် ရဟန်းတရား ပွားများ ကြိုးကုတ်အားထုတ်သဖြင့်ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏။ ဓမ္မဒိန္နာသည် ရဟန္တာဖြစ်သောအခါ ဆွေမျိုးတို့ကို ချီးမြှောက် လို၍ ရာဇဂြိုဟ်ပြည်သို့ တစ်ဖန်ပြန်၍လာလေသည်။

ဝိသာခသေဌေးသည် "ထေရီမ ပြန်လာပြီ"ဟူသော သတင်းစကားကို ကြားသိရ၍ အခြေအနေကို သိရှိရန် ညနေချမ်းအခါ၌ ဓမ္မဒိန္နာ ထေရီမထံသို့ သွားရောက်ရှိခိုးကာ ဥပါဒါနက္ခန္ဓာငါးပါးတို့ကို ကပ်ကာ ဆောင်၍ ပြဿနာကို မေးလျှောက်ပေအံ့။ အမေးကို ဖြေဆိုခြင်းဖြင့် ထိုဓမ္မဒိန္နာ၏သာသနာ၌ မွေ့လျော် ခြင်း၊ မမွေ့လျော်ခြင်းကို ငါသိအောင် စုံစမ်းပေအံ့ ဟု ကြံစည်ဆင်ခြင်ပြီးလျှင် ခန္ဓာငါးပါး အစရှိသော အစွမ်းအားဖြင့် ပြဿနာတို့ကို မေးမြန်းလေသည်။

ဓမ္မဒိန္နာထေရီမသည် သန်လျက်ဖြင့် ကြာရိုးကို ဖြတ်သကဲ့သို့ မေးတိုင်း မေးတိုင်းသော ပြဿနာစုကို မဆုတ်မဆိုင်း မြင်းလျှင်စိုင်းကဲ့သို့ ဟုတ်တိုင်းမှန်ရာ ဖြေဆိုလေသည်။ ဝိသာခ သေဌေးသည် ဓမ္မဒိန္နာ ထေရီမ၏ ဉာဏ်ထက်မြက်ခြင်းကို သိရှိ၍ မိမိရအပ် သိအပ်ပြီးသော အရာဝယ် အစဉ်အတိုင်း အောက်မဂ်သုံးပါးတို့၌ မေးသင့်သမျှ ခြင်းရာ ဥသုံကုန်အောင် စုံအောင် မေးပြီးလျှင် နာယူသင်ကြား မှတ်သားသောအားဖြင့် အရဟတ္တမဂ်၌လည်း ပြဿနာကို မေးမြန်းပြန်လေသည်။ ဓမ္မဒိန္နာ ထေရီမသည်လည်း ဝိသာခ သေဌေး၏ အဖို့ရာ အနာဂါမ်တိုင်အောင်သာ မေးဖို့ရန် အရာ ဖြစ်သည်ကို သိ၍ ယခုအခါ ဝိသာခ သေဌေးသည် မိမိ၏ မေး သင့်သော အရာနယ်ပယ်ကို လွန်၍ ပြေးသွားလေပြီ ဟု သိရှိကာ ဝိသာခကို တန့်ရပ်စေ၏။

"ဒါယကာ ဝိသာခ၊ သင်သည် ပြဿနာကို လွန်၍ သွားပြီ။ သင်သည် ပြဿနာတို့၏ အဆုံးအပိုင်းအခြားကို ယူရန် မစွမ်းနိုင် မှန်ပါသည်။ ဒါယကာ

ဝိသာခ၊ သုံးပါး သိက္ခာ သာသနာတည်းဟူသော မြတ်သော အကျင့်သည် နိဗ္ဗာန်သို့ သက်ဝင်၏။ နိဗ္ဗာန်လျှင် လားရာ ရှိ၏။ နိဗ္ဗာန်လျှင် အဆုံးရှိ၏။ ဒါယကာ ဝိသာခ–အလိုရှိခဲ့မူ သင်သည် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ထိုအနက် အဓိပ္ပါယ် အကြောင်းအရာကို မေးလျှောက်လော့။ သင့်အား မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း ထိုအနက်အဓိပ္ပါယ် အကြောင်းအရာကို မှတ်လော့"ဟု ပြောဆိုလိုက်လေသည်။

ထိုအခါ ဝိသာခ သေဌ္ဌေးသည် မြတ်စွာဘုရားရှင်အထံသို့ သွားရောက်၍ မိမိကမေးပုံ ဓမ္မဒိန္နာ ထေရီမက ဖြေပုံ အလုံးစုံကို မြတ်စွာဘုရားအား လျှောက်ထားလေ၏။ မြတ်စွာဘုရားရှင်သည် ဝိသာခ သေဌ္ဌေး လျှောက်ထားသည့် စကားကို ကြားသိတော်မူရလေလျှင် "ငါ့သမီးတော် ဓမ္မဒိန္န ထေရီမ၏ သန္တာန်မှာ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ခန္ဓာတရားတို့၌ တပ်မက်မှု တဏှာလောဘ မရှိတော့ချေ"ဟု မိန့်တော်မူ၏။

ထို့နောက်မှ မြတ်စွာဘုရားရှင်သည် ဓမ္မဒိန္နာထေရီအား သာဓု ကောင်းချီးပေးတော်မူပြီးလျှင် ဝိသာခ သေဌ္ဌေးကို "ဒါယကာ ဝိသာခ ဓမ္မဒိန္နာ ရဟန်းမသည် ပညာရှိ၏။ ဒါယကာ ဝိသာခ ဓမ္မဒိန္နာ ရဟန်းမသည် များမြတ်သော ပညာရှိ၏။ ဒါယကာဝိသာခ၊ ငါဘုရားကို အကယ်၍ ထိုအနက် သဘောကို သင်မေးမြန်းလျှင် ငါ ဘုရားသည်လည်း ထိုအနက် သဘောကို ဓမ္မဒိန္နာ ရဟန်းမ ဖြေကြားသကဲ့သို့ ဖြေကြားရာ၏။ ထိုပြဿနာ၏ အနက်သည် ဤအနက်ပင်တည်း။ ဤသို့ ဓမ္မဒိန္နာ ရဟန်းမ ဖြေကြားသည့်အတိုင်း သင်မှတ်ယူလော့"ဟု မိန့်တော်မူ၏။

ဗုဒ္ဓမြတ်စွာသည် ဇေတဝန် ကျောင်းတော်၌ ဓမ္မဒိန္နာထေရီမအား "ရဟန်းတို့ တရားဟောကောင်းကြ၊ တရားဟောခြင်း၌ လိမ္မာကြသည့် ငါဘုရား၏ တပည့်မ သာဝိကာ ဘိက္ခုနီမတို့တွင် ဓမ္မဒိန္နာ ဘိက္ခုနီမသည် အသာဆုံး အမြတ်ဆုံး"ဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူလေ၏။

## ၆။ နန္ဒာထေရီ (ဇနပဒကလျာဏီ)

နန္ဒာထေရီသည် နန္ဒမင်းသား၏ ကြင်ရာလောင်း နန္ဒာမင်းသမီးဖြစ်၍ လာလေသည်။ အဘိရူပနန္ဒာမင်းသမီးဟုလည်း ခေါ်ဆိုကြ၏။ နောင်တွင် အလွန်တင့်တယ်သော ရုပ်အဆင်းရှိသူ ဖြစ်ခြင်းကြောင့် ဇနပဒကလျာဏီ အမည်တွင်လေသည်။ မိထွေးတော် ပဇာပတဲဂေါတမီ၏ သမီးအရင်း ဇနပဒကလျာဏီသည် ဗုဒ္ဓမြတ်စွာ ကပိလဝတ်သို့ကြွ၍ နန္ဒမင်းသား၊ ရာဟုလာ၊ မယ်တော် မိထွေးတော်

ဂေါတမီတို့ ရဟန်းပြု၊ ရဟန်းမ ပြုကြသောအချိန်မှစ၍ မယ်တော်ကြီးထံ သွား ရောက်၍ ရဟန်းမ ပြုလေ၏။

ဇနပဒကလျာဏီသည် ရဟန်းပြုပြီးသောနေ့မှစ၍ မြတ်ဗုဒ္ဓက ရုပ် အဆင်းကို ကဲ့ရဲ့တော်မူ၏ဟု အောက်မေ့ကာ ဗုဒ္ဓမြတ်စွာထံ မဆည်းကပ်ရဲချေ။ အဆုံးအမဩဝါဒခံယူရန် အလှည့်ရောက်သော်လည်း ကိုယ်တိုင်မသွားဘဲ အခြား ဘိက္ခုမကိုသာ ကိုယ်စားလွှတ်၍ အဆုံးအမ ဩဝါဒကို ယူဆောင်စေ၏။

ဗုဒ္ဓမြတ်စွာသည် နန္ဒာထေရီမ၏ရုပ်ရည်၌ မာန်ယစ်၍နေကြောင်း သိတော် မူ၍ "ဘိက္ခုနီမများသည် မိမိအတွက် ဩဝါဒကို မိမိကိုယ်တိုင်သာ လာရောက်၍ ခံယူကြရမည်။ ဘိက္ခုနီမများသည် အခြားဘိက္ခုနီမကို ကိုယ်စား မလွှတ်ရ"ဟု ထပ်ဆင့်၍ အမိန့်ထုတ်ပြန်တော်မူလေ၏။ ထိုအခါ ရူပနန္ဒာထေရီသည် ရှောင်တိမ်းဖို့ မဖြစ်နိုင်တော့ဘဲ အလိုမရှိဘဲ အဆုံးအမခံရန် ဗုဒ္ဓမြတ်စွာထံသို့ သွားရတော့မ၏။

ဗုဒ္ဓမြတ်စွာသည် ရူပနန္ဒာထေရီ၏ စရိုက်နှင့် လိုက်လျောညီညွတ်အောင် ကြိုတင်၍ တန်ခိုးတော်ဖြင့် မိန်းမလှနိမ္မိတရုပ်တစ်ခုကို ဖန်ဆင်းလျက် ကိုယ်တော် မြတ်ကို ယပ်ခတ်ပေးနေသည့်ဟန် ဖန်ဆင်း၍ ထားတော်မူလေသည်။ ရူပနန္ဒာ ထေရီသည် ထိုနိမ္မိတမိန်းမလှရုပ်ကို မြင်ရလေလျှင် "သြော် ငါသည် အကြောင်း မဟုတ်ဘဲလျက် မေ့လျော့ကာ မြတ်စွာဘုရားရှင်ထံတော်သို့ မလာမိချေတကား။ ဤသို့ တင့်တယ်လှသည့် မိန်းမများသည်လည်း မြတ်စွာဘုရားအနီး၌ အကျွမ်းတဝင် ဝတ်ပြုကာ လှည့်လည် နေထိုင်ကြကုန်၏။ ငါ၏ အဆင်းကား ဤမိန်းမလှတို့၏ အဆင်းနှင့် နှိုင်းဆလျှင် တစ်ဆယ်ခြောက်စိတ် ဆယ့်ခြောက်ပြန်စိတ် (၂၅၆ စိတ်) သော်လည်း တစ်စိတ်လောက်မျှ မမီပါတကား။ ငါသည် မသိဆိုးဝါးသည့် အတွက် ဤမျှလောက်ကြာအောင် ဗုဒ္ဓမြတ်စွာထံတော်သို့ မလာရောက်မိချေတကား" ဟု အောက်မေ့၍ ထိုနိမ္မိတ မိန်းမလှအာရုံ နိမိတ်ကို ယူကာ စူးစူးစိုက်စိုက်ကြည့်ရှုလျက် ရပ်တည်နေလေ၏။

ဗုဒ္ဓမြတ်စွာသည် ရူပနန္ဒာထေရီအား ရှေးကောင်းမှုကုသိုလ်နှင့် ပြည့်စုံသော ကြောင့် "အဋ္ဌီနံ နဂရံ ကတံ"အစရှိသော တရားကို ဟောတော်မူ၍ "စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊ နိသိန္နော ဥဒဝါ သယံ"အစရှိသော သုတ္တနိပါတ် ပါဠိတော်လာ ဝိဇယ သုတ္တန်ကို ဟောကြားတော်မူလေ၏။ ရူပနန္ဒာ ထေရီသည် ဝိဇယသုတ္တန် ဒေသနာကို အဖန်ဖန် နလုံးသွင်း၏။ သုညတ ကမ္မဋ္ဌာန်းကို စီးဖြန်းကြိုးကုတ် အားထုတ်လတ်ရကား ၂–ရက် ၃–ရက်အတွင်း၌ပင် အရဟတ္တဖိုလ်သို့ ဆိုက်လေ၏။

ဗုဒ္ဓမြတ်စွာသည် ဇေတဝန်ကျောင်းတော်၌ **နန္ဒာထေရီအား** "ရဟန်းတို့ ဈာန်ဝင်စားလေ့ရှိကြသော ငါဘုရား၏ **တပည့်မ သာဝိကာ** ဘိက္ခုနီမတို့တွင် နန္ဒာထေရီ ဘိက္ခုနီမသည် အသာဆုံးအမြတ်ဆုံး"ဟု **ဧတဒဂ်ဘွဲ့**ထူးဖြင့် ချီးမြှောက်တော်မူလေ၏။

## ၇။ ကုဏ္ဍလကေသာထေရီ

ကုဏ္ဍလကေသာသည် ရာဇဂြိုဟ်ပြည်၌ ဘဒ္ဒါသေဋ္ဌေးသမီးဖြစ်၏။ ရာဇဂြိုဟ်ပြည်၌ သတ္တုကလူဆိုး ထကြွသောင်းကျန်း၍ ဘုရင်က မြို့ဝန်ကို မင်းအာဏာထားပြီး ဖမ်းခိုင်းသောကြောင့် သတ္တုက လူဆိုးကို ခိုးထုပ်ခိုးထည်နှင့် မိလေ၏။ မင်းကြီးသည် သတ္တုကလူဆိုးကို ရွှေမြို့တော် တောင်တံခါးမှ ထုတ်၍ သတ်ကြကုန်ဟု အမိန့်ထုတ်တော်မူ၏။ မြို့ဝန်သည် သတ္တုကလူဆိုးကို လမ်းလေးခွဆုံတိုင်း ကြိမ်ဒဏ်အချက်တစ်ထောင် ရိုက်နှက်လျက် လက်ပြန် ကြိုးတုပ်ကာ တောင်တံခါးသို့ ခေါ်ဆောင်၍ သွားလေ၏။

ထိုအချိန်၌ ဘဒ္ဒါသေဋ္ဌေးသမီးသည် လူအများ၏ အုတ်အုတ်ကျက်ကျက် အသံကြောင့် လေသာပြူတင်းကို ဖွင့်၍ ကြည့်လေလျှင် ရိုက်နှက်ခေါ်ဆောင်အပ်သော သတ္တုကလူဆိုးကို မြင်သဖြင့် လက်နှစ်ဖက်ဖြင့် မိမိရင်ကိုမ၍ သွားရောက်ကာ ကျက်သရေရှိသော အိပ်ရာ၌ မျက်နှာအောက်ချ (မှောက်လျက်)လျောင်း၍ နေလေ၏။

ဘဒ္ဒါသေဋ္ဌေးသမီးကား ထိုသေဋ္ဌေးကြီး၊ သေဋ္ဌေးကတော်ကြီးတို့၏ ချစ်၍ မငြီး တစ်ဦးတည်းသော သမီး ဖြစ်လေသည်။ ထို့ကြောင့် ဘဒ္ဒါ သေဋ္ဌေးသမီး၏ ဆွေမျိုးများသည် သမီးကလေး အနည်းငယ်မျှ မျက်နှာပျက်သည်ကို သည်းမခံနိုင်အောင် ရှိကြလေသည်။

ထိုအခါ မိခင် သေဋ္ဌေးကတော်ကြီးသည် ဘဒ္ဒါသေဋ္ဌေးသမီး အိပ်ရာ၌ ဝမ်းအလျားမှောက်၍ နေသည်ကို မြင်ရ၍ "သမီး–ဘယ်အမှုကို ပြုလုပ်ပေးရမလဲ"ဟုမေးလေ၏။ ဘဒ္ဒါသေဋ္ဌေးသမီးက "သတ်ဖို့ ခေါ်ဆောင်သွားသောခိုးသားကို ရပါမှ သမီး အသက်ရှင်ရပါလိမ့်မည်။ မရပါမူ သမီးအဖို့ရာ သေရန်သာ ရှိပါတော့တယ်"ဟု တိုက်ရိုက်ပြောဆို၏။ မိဘများနှင့် ဆွေမျိုးများသည် နားချကြသော်လည်း မရသည့်အဆုံး၌ "သေခြင်းထက်တော့ အသက်ရှင်၍ မြင်နေရခြင်းက မြတ်ပါသေး၏"ဟု မှတ်ချက်ချကုန်၏။ ထို့နောက် ဖခင်ကြီးသည် မြို့ဝန်အား အသပြာတစ်ထောင် လာဘ်ထိုး၍ သတ္တုကကို ကယ်ယူကာ သမီး၏ စိတ်အလို

ပြည့်စေဖို့ မိဘတို့၏ ကြီးမားလှစွာသော အနန္တမေတ္တာဖြင့် သမီး၏ ပြာသာဒ်ထက်သို့ ပို့စေ၏။ ဘဒ္ဒါသေဌေးသမီးလည်း ပြုစုလုပ်ကျွေးလေ၏။ သတ္တုကလူဆိုးသည် သေဌေးသမီး၏ အဆင်တန်ဆာ ဘဏ္ဍာအားလုံးကို ရယူမည်ဟု ယုတ်မာစွာ ကြံစည်၍ ဘဒ္ဒါသေဌေးသမီးကို "ဘဒ္ဒါ၊ သင်ကတော့ ငါ့ကို အမှီပြု၍ သတ္တုက သည် အသက်ရအပ်လေပြီဟု အောက်မေ့ပေလိမ့်မည်။ စင်စစ်ကား ငါသည် အဖမ်းခံရလျှင် ခံရချင်းပင် စောရပပါတ တောင်စောင့်နတ်မင်းကြီးအား 'အကယ်၍ အကျွန်ုပ်သည် အသက်ရှင်မှုကို ရပါမူ အရှင်နတ်မင်းအား ဗလိပူဇော်ပွဲကို ပေး ဆက်ပါမည်'ဟု တောင်းပန်ခဲ့လေသည်။ ငါသည် စောရပပါတ တောင်စောင့်နတ်မင်း ကို အမှီပြု၍ အသက်ရှင်မှုကို ရအပ်ခဲ့ပါပြီ။ သင်ဘဒ္ဒါသည် လျင်မြန်စွာ ဗလိ ပူဇော်ပွဲကို စီရင်ပြင်ဆင်ပါလော့"ဟု ပြောလေ၏။

ဘဒ္ဒါသေဌေးသမီးသည် "သတ္တုက၏ အလိုဆန္ဒကို ဖြည့်မည်"ဟူသော ရည်ရွယ်ချက်ဖြင့် ဗလိပူဇော်ပွဲကို ပြင်ဆင်စေ၍ အဆင်တန်ဆာစုံ ဝတ်ဆင်ပြီး သတ္တုကနှင့်အတူ စောရပပါတ တောင်သို့ အရောက်သွားပြီးသော် ရိုးသားသော စိတ်ဖြင့်ပင် "တောင်စောင့်နတ်မင်းအား ဗလိပူဇော်မှု ပြုပေတော့အံ့"ဟု အဖော်များနှင့် တောင်ပေါ်တက်ရန် အားထုတ်လေ၏။ သတ္တုက လူဆိုးကား သေဌေးသမီး၏ အဆင်တန်ဆာတို့ကို လုယူရန် အကြံဖြင့် အတူပါလာသူတို့ကို တောင်ခြေ၌သာ နေရစ်စေပြီးလျှင် ဘဒ္ဒါသေဌေးသမီး တစ်ယောက်တည်းသာ ဗလိပူဇော်ပွဲကို ရွက်စေလျက် စောရပပါတတောင်သို့ တက်လေ၏။

သတ္တုကသည် တောင်ပေါ်သို့ တက်စဉ် သေဌေးသမီးအား ချစ်ဖွယ်သော စကား မပြောကြားဘဲ ရန့်ရင်း ကြမ်းတမ်းသော စကားကိုသာ ပြောဆိုလေ၏။ ဘဒ္ဒါသေဌေးသမီးသည် ပါးနပ်သူဖြစ်၍ သတ္တုက၏ ကောက်ကျစ်သော အကြံကို သိရှိလေသည်။ တောင်ပေါ်သို့ ရောက်သောအခါ သတ္တုက-က "ဘဒ္ဒါ၊ သင်၏ အပေါ်ရုံအဝတ်ကို ချွတ်၍ သင့်ကိုယ်မှာ ဆင်လာသည့် အဆင်တန်ဆာအားလုံးကို ဤတဘက်၌ ထုပ်လိုက်"ဟု မိုက်ရိုင်းစွာ ပြောဆို၏။ ဘဒ္ဒါသေဌေးသမီးက "အို အရှင် ဘာအပြစ်ရှိလို့လဲ"ဟု သာယာစွာမေးသော်လည်း သတ္တုကသည် "အမိုက်မ၊ ငါသည် ဗလိနတ်ပူဇော်ရန် ရောက်လာသည်ဟု မှတ်ထင်သလော။ ငါကား ဗလိ နတ်အား ပူဇော်ဖို့ မဆိုထားနဲ့ ဤတောင်စောင့်နတ်၏ အသည်းကိုပင် ထုတ်စားဝံ့သူ ဖြစ်တယ်။ စင်စစ် ငါကား သင်၏အဆင်တန်ဆာများကို လုယူလို၍ တောင်ထိပ်သို့ ခေါ်လာခြင်း ဖြစ်တယ်"ဟု ရိုင်းပျစွာ ပြောလေ၏။

အလွန်လိမ္မာပါးနပ်သော သေဋ္ဌေးသမီးသည် "အရှင် အဆင်တန်ဆာများသည် အရှင်၏ ဥစ္စာပင် ဖြစ်တယ်။ ကျွန်တော်မသည်လည်း အရှင်၏ ဥစ္စာပင် ဖြစ်တယ်"ဟု ပြောဆိုသောအခါ သတ္တုက လူဆိုးသည် "ဤစကားမျိုးကို ငါ နားမလည်။ သင့်ဥစ္စာကား တစ်ပါး၊ ငါ့ဥစ္စာကား တခြားသာလျှင် ဖြစ်၏"ဟု ပြတ်တောင်းစွာ ပြောလေ၏။ ထိုအခါ ဘဒ္ဒါသေဋ္ဌေးသမီးသည် "သူ၏ နှလုံးအလိုဆန္ဒကို ဖြည့်စေဖို့ တန်ဆာဆင်မြဲတိုင်းဖြင့် ကျွန်မအား အရှင့်ကို ရှေ့မှလည်းကောင်း, နောက်မှလည်းကောင်း လည်ဖက်၍ ယုယကြင်နာဖို့ အခွင့်ပေးရန်" အထူးတောင်းပန်လေ၏။

ဘဒ္ဒါသေဋ္ဌေးသမီးသည် သတ္တုက လက်ခံသည်ကို သိရလျှင် အချိန်မဆွဲဘဲ လူဆိုး၏ ရှေ့မှ လည်ဖက်၍ ယုယကြင်နာမှု ပြုပြီးလျှင် နောက်မှလည်းဖက်၍ ယုယကြင်နာဟန်ဖြင့် သတ္တုက လူဆိုးကို တောင်ကြား၌ တအားတွန်းချလိုက်လေ၏။

ဘဒ္ဒါသေဋ္ဌေးသမီး၏ ဥပါယကောသလ္လဉာဏ်ကို တောင်စောင့် နတ်မင်းက "အလုံးစုံသောအရာဌာနတို့၌ ယောကျ်ားသာလျှင် ပညာရှိသည် မဟုတ်။ မိန်းမသည်လည်း ထိုထိုကိစ္စ အဝဝတို့၌ မြော်မြင်ဆင်ခြင်နိုင်သူ၊ အကျိုးရကြောင်းနည်းလမ်းကောင်းကို ဆင်ခြင်နိုင်သူ ဖြစ်ဘိမူ ပညာရှိ ဖြစ်နိုင်တယ်"ဟု ချီးကျူးလေ၏။

ဘဒ္ဒါသေဋ္ဌေးသမီးသည် အိမ်သို့ပြန်၍ မဖြစ်တော့သဖြင့် ဦးတည့်ရာ သွားလေလျှင် တက္ကတွန်းအာရာမ်တစ်ခုသို့ ရောက်၍ တက္ကတွန်းဆရာတို့၏ သာသနာဝယ် အမြတ်စားနည်းဖြင့် ရဟန်းမ ပြုလေ၏။ ထန်းစေ့မှုတ်ဖြင့် ဆံပင်တို့ကို နာကျင်စွာ နုတ်၍ ဆံပင်များ နောက်တစ်ဖန် ပေါက်လာပြန်သောအခါ နားတောင်းပမာ ဝိုင်းလျက် ဝိုင်းလျက် အစုလိုက် ပေါက်လာကြ၏။ ထိုအချိန်မှစ၍ ကုဏ္ဍလကေသာ (နားတောင်းပမာ အစုလိုက်ဝိုင်းသော ဆံပင်ရှိသူ)ဟု အမည်တွင်လေ၏။

ကုဏ္ဍလကေသာ တက္ကတွန်းမသည် တက္ကတွန်းတို့ထံ၌ အလုံးစုံသော အတတ်ပညာကို သင်ယူပြီးနောက် ပါရမီရှိသူ ဖြစ်ရကား တက္ကတွန်းတို့အယူဝါဒသည် တရားထူး မဟုတ်ဟု ဆင်ခြင်သိမြင်ကာ ထိုထိုရွာနိဂုံး မင်းနေပြည်တော်တို့ကို လှည့်လည်လျက် ပညာရှိတို့ထံ ချဉ်းကပ်၍ တတ်သိသော အတတ်ပညာအားလုံးကို သင်ယူလေသည်။ ထိုအခါ ကုဏ္ဍလကေသာအား ဝါဒ အပြိုင်အဆိုင် ပေးစွမ်းနိုင်သူ မရှိသလောက် ဖြစ်နေလေ၏။

ကုဏ္ဍလကေသာသည် ဝါဒရှင်တစ်ယောက် ဖြစ်ကာ ရောက်လေရာ ရွာနိဂုံးတို့၏ တံခါးဝ၌ သဲပုံပြုကာ သပြေခက်ကို စိုက်ထူပြီး "ဝါဒယှဉ်ပြိုင် ဖြစ်တင်ပြောဆိုနိုင်သူသည် နင်းချေဖျက်စေသတည်း"ဟု အသိပေး၍ထားလေ၏။ ခုနစ်ရက်တိုင်တိုင် ယှဉ်ပြိုင်သူ မရှိသောအခါ သပြေခက်ကို ယူဆောင်ကာ ဖဲသွားလေ၏။

ကုဏ္ဍလကေသာသည် အစဉ်အတိုင်း ရွာနိဂုံး မင်းနေပြည်သို့ လှည့်လည်လေရာ သာဝတ္ထိပြည်သို့ ရောက်၍ မြို့သို့ ဝင်လတ်သော် သဲပုံ၌ သပြေခက်ကို စိုက်၍ အနီးရှိသူငယ်တို့အား အသိပေးကာ မြို့တွင်းသို့ ဝင်လေ၏။ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာသည် တစ်ပါးတည်း မြို့တွင်းသို့ ဆွမ်းခံဝင်လေသော် သဲပုံ၌ စိုက်ထားသည့်သပြေခက်ကို မြင်တော်မူ၍ အနီးရှိကလေးများကို မေးလေ၏။ ကလေးတို့သည် ကုဏ္ဍလကေသာ ပြောဆိုသမျှသော အကြောင်းအရာကို လျှောက်ထားကုန်၏။ ထိုအခါ အရှင်သာရိပုတ္တရာက ကလေးတို့ကို သပြေခက်ကို ဆွဲယူကာ နင်းချေ ဖျက်ဆီးခိုင်းလေ၏။

ကုဏ္ဍလကေသာသည် မြို့တွင်းမှ ပြန်ထွက်လာသောအခါ နင်းချေဖျက်ဆီးထားသော သပြေခက်ကို တွေ့မြင်ရ၍ အဘယ်သူ၏ အပြုအမူနည်းဟု အနီးရှိ ကလေးတို့ကို မေးလေ၏။ ကလေးတို့က တရားစစ်သူကြီး အရှင် သာရိပုတ္တရာ နင်းချေဖျက်ဆီးခိုင်း၍ နင်းချေကြောင်း ပြောလေ၏။ ထိုအခါ ကုဏ္ဍလကေသာသည် "မိမိ၏ စွမ်းအင်ကို မသိမြင်သော သူသည် ဤသပြေခက်ကို နင်းချေစေခြင်းငှာ စွမ်းနိုင်လိမ့်မည်မဟုတ်။ အမှန်ပင် ဤမထေရ်သည် ကြီးမြတ်သူ ဖြစ်လိမ့်မည်။ ငါသည် တစ်ယောက်တည်း အဖော်နည်းပါးသူ ဖြစ်လျှင် တင့်တယ်လိမ့်မည် မဟုတ်ချေ။ မြို့တွင်းသို့ဝင်ရောက်ကာ ပရိသတ်အား တရားစစ်သူကြီး အရှင်သာရိပုတ္တရာနှင့် ဝါဒပြိုင်ကြမည် ဖြစ်ကြောင်း အသိပေးမှ သင့်တော်တော့မည်"ဟု ကြံစည်ကာ နီးစပ်ရာ အချင်းချင်း ပြောကြားကြသဖြင့် သာဝတ္ထိပြည်သူပြည်သားအားလုံးတို့ပင် သိရှိလေကုန်၏။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ထံ ကုဏ္ဍလကေသာသည် လူအပေါင်းခြံရံလျက် သွားရောက်ပြီး–

ကုဏ္ဍလကေသာ – အရှင်ဘုရားတို့သည် တပည့်တော်မ၏ သပြေခက်ကို နင်းချေစေအပ်သလော။

အရှင်သာရိပုတ္တရာ – အိမ်း ငါ နင်းချေစေအပ်သည်။

ကုဏ္ဍလကေသာ – ထိုသို့ဖြစ်လျှင် အရှင်ဘုရားတို့နှင့် တပည့်တော်မတို့၏ ဝါဒ ပြိုင်ဆိုင်မှု ဖြစ်စေတော့မလား။

အရှင်သာရိပုတ္တရာ – ဖြစ်ပါစေ တက္ကတွန်းမလေး။

ကုဏ္ဍလကေသာသည် မထေရ်မြတ်၏ ခွင့်ပြုချက်အရ မိမိသိသမျှ ဝါဒအားလုံးကို မေးလေ၏။ မထေရ်မြတ်သည် အားလုံးကို ဖြေတော်မူလေ၏။

အရှင်သာရိပုတ္တရာ – တက္ကတွန်းမလေး သင်သည် ငါ့ကို များစွာသော ပုစ္ဆာကို မေးအပ်ပြီ။ (ငါလည်း ဖြေအပ်ပြီ) ငါတို့ကလည်း သင့်ကို ပြဿနာတစ်ခု မေးကြကုန်အံ့။

ဧကံ နာမ ကိံ၊ တက္ကတွန်းမလေး–ပရိညာသုံးပါးဖြင့် ပိုင်းခြား၍ သိရမည့် တရားတစ်မျိုးဟူသည် အဘယ် တရားနည်း။

ကုဏ္ဍလကေသာ – တပည့်တော်မ မသိပါ အရှင်ဘုရား။

အရှင်သာရိပုတ္တရာ – တက္ကတွန်းမလေး၊ သင်သည် ငါတို့ သာသနာဝယ် သာမဏေငယ်ကလေးများ လေ့လာရသည့် ဤမျှကို မသိလျှင် အခြား အဘယ်တရားကို သင်သိနိုင်လိမ့်မည်နည်း။

ဤသို့ မထေရ်မြတ်က မိန့်ဆိုလျှင် ပါရမီရှင် ကုဏ္ဍလကေသာသည် မထေရ်၏ ခြေရင်း၌ ဝပ်စင်း၍ တပည့်တော်မသည် အရှင်ဘုရားတို့ကို ကိုးကွယ်ရာ ဟူ၍ သိမှတ်ဆည်းကပ်ပါ၏ဟု လျှောက်လေ၏။ မထေရ်မြတ်က နတ်နှင့်တကွသော သတ္တလောကကြီးတစ်ခုလုံး၌ အမြတ်ဆုံး ပုဂ္ဂိုလ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း ဂန္ဓကုဋိတိုက်တော်၌ သီတင်းသုံးလျက်ရှိ၏။ သင်သည် ထိုမြတ်စွာဘုရားကို ကိုးကွယ်ရာဟု သိမှတ် ဆည်းကပ်လော့ဟု မိန့်တော်မူ၏။

ကုဏ္ဍလကေသာသည် ဗုဒ္ဓမြတ်စွာထံတော်သို့ သွားရောက် ဆည်းကပ်၍ တည်ခြင်း ငါးပါးဖြင့် ရှိခိုးပြီးနေလေ၏။ ဗုဒ္ဓမြတ်စွာသည် ကုဏ္ဍလကေသာ၏ ဉာဏ်ရင့်ကျက်ချိန်ကို သိမြင်တော်မူ၍–

ဂါထာတစ်ထောင် ဖြစ်လင့်ကစား အကျိုးမရှိသော မိုးဖွဲ့ တောင်ဖွဲ့ ဖြစ်ဘိမူ မချီးမွမ်းအပ် မမြတ်ချေ။ "အပ္ပမာဒေါ အမတံ ပဒံ"အစရှိသော

ကုဏ္ဍလကေသာ - ထိုသို့ဖြစ်လျှင် အရှင်ဘုရားတို့နှင့် တပည့်တော်မတို့၏ ဝါဒပြိုင်ဆိုင်မှု ဖြစ်စေတော့မလား။

အရှင်သာရိပုတ္တရာ - ဖြစ်ပါစေ တက္ကတွန်းမလေး။

ကုဏ္ဍလကေသာသည် မထေရ်မြတ်၏ခွင့်ပြုချက်အရ မိမိသိသမျှ ဝါဒ အားလုံးကို မေးလေ၏။ မထေရ်မြတ်သည် အားလုံးကို ဖြေတော်မူလေ၏။

အရှင်သာရိပုတ္တရာ - တက္ကတွန်းမလေး၊ သင်သည် ငါ့ကို များစွာသော ပုစ္ဆာကို မေးအပ်ပြီ။ (ငါလည်း ဖြေအပ်ပြီ။) ငါတို့ကလည်း သင့်ကို ပြဿနာတစ်ခု မေးကြကုန်အံ့။

ဧကံ နာမ ကိံ၊ တက္ကတွန်းမလေး–ပရိညာသုံးပါးဖြင့် ပိုင်းခြား၍ သိရမည့် တရားတစ်မျိုးဟူသည် အဘယ် တရားနည်း။

ကုဏ္ဍလကေသာ - တပည့်တော်မ မသိပါဘုရား။

အရှင်သာရိပုတ္တရာ - တက္ကတွန်းမလေး၊ သင်သည် ငါတို့ သာသနာဝယ် သာမဏေငယ်ကလေးများ လေ့လာရသည့် ဤမျှကို မသိလျှင် အခြားအဘယ်တရားကို သင်သိနိုင်လိမ့်မည် နည်း။

ဤသို့ မထေရ်မြတ်က မိန့်ဆိုလျှင် ပါရမီရှင် ကုဏ္ဍလကေသာသည် မထေရ်၏ခြေရင်း၌ ဝပ်စင်း၍ တပည့်တော်မသည် အရှင်ဘုရားတို့ကို ကိုးကွယ်ရာ ဟူ၍ သိမှတ်ဆည်းကပ်ပါ၏ဟု လျှောက်လေ၏။ မထေရ်မြတ်က နတ်နှင့်တကွသော သတ္တလောကကြီးတစ်ခုလုံး၌ အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၊ ဂန္ဓကုဋီတိုက်တော်၌ သီတင်းသုံးလျက် ရှိ၏။ သင်သည် ထိုမြတ်စွာဘုရားကို ကိုးကွယ်ရာဟု သိမှတ်ဆည်းကပ်လော့ဟု မိန့်တော်မူ၏။

ကုဏ္ဍလကေသာသည် ဗုဒ္ဓမြတ်စွာထံတော်သို့ သွားရောက် ဆည်းကပ်၍ တည်ခြင်းငါးပါးဖြင့် ရှိခိုးပြီး နေလေ၏။ ဗုဒ္ဓမြတ်စွာသည် ကုဏ္ဍလကေသာ၏ ဉာဏ်ရင့်ကျက်ချိန်ကို သိမြင်တော်မူ၍–

ဂါထာတစ်ထောင် ဖြစ်လင့်ကစား အကျိုးမရှိသော မိုးဖွဲ့ တောင်ဖွဲ့ ဖြစ်ဘိမူ မချီးမွမ်းအပ် မမြတ်ချေ။ "အပွမာဒေါ အမတံ ပဒံ" အစရှိသော

ဂါထာတစ်ပိုဒ်ကို ကြားနာရသည်ရှိသော် ကိလေသာအပူ ငြိမ်းလေ၏။
ထိုစာပိုဒ်တစ်ပိုဒ်ကသာလျှင် မြတ်၏–ဟု ချီးမွမ်းအပ်၏။

ကုဏ္ဍလကေသာသည် ဟောတော်မူအပ်သော တရားဂါထာဆုံးသောအခါ ရပ်တည်ရင်းပင် ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ရှိ၍ ဗုဒ္ဓမြတ်စွာအား ရဟန်းမပြုပေးပါရန် လျှောက်ထားတောင်းပန်လေ၏။ ဗုဒ္ဓမြတ်စွာ၏ ခွင့်ပြုချက်အရ ကုဏ္ဍလကေသာသည် ဘိက္ခုနီမကျောင်းတိုက်သို့ သွားရောက်၍ ရဟန်းမ ပြုလေ၏။

ဗုဒ္ဓမြတ်စွာသည် ဇေတဝန်ကျောင်းတော်၌ ရဟန်းတို့ လျင်မြန်စွာ ရအပ်သည့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရှိကြသည့် ငါဘုရား၏ တပည့်မ သာဝိကာ ဘိက္ခုနီမတို့တွင် ဘဒ္ဒါမည်သော ကုဏ္ဍလကေသာသည် အသာဆုံး အမြတ်ဆုံး'ဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှောက်တော်မူပါသည်။ ။

# ဗုဒ္ဓဘာသာ လူထက်လူ

## ဝေါဟာရ ရှင်းလင်းချက်

(အ)

အကုသိုလ်ကံ = မျက်မှောက်ဘဝ၌သာမက တမလွန်ဘဝ၌ပါ အပြစ်ဖြစ်စေသည့်အပြင် ဆင်းရဲခြင်း အကျိုးများကို ပေးစွမ်းနိုင်သော အကုသိုလ် စေတနာ။

အကျိုးဝိပါက် = ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးရင်း၊ အကျိုးဆက်ဖြစ်သော ဝိပါက်ဝိညာဉ်နှင့် ကမ္မဇရုပ်များ။

အတ္တဝါဒုပါဒါန် = အတ္တဝါဒ+ဥပါဒါန်၊ လူ့ကိုယ်၌ အတ္တရှိ၏ဟု ပြောဆို စွဲလမ်းခြင်း။

အနန္တ တန်ခိုး = အနန္တ+တန်ခိုး၊ အကန့်အသတ် အပိုင်းအခြားမရှိ များပြားကြီးကျယ်လှသည့် တန်ခိုးတော်။

အနမတဂ္ဂသံသရာ = အန+မတဂ္ဂ+သံသရာ၊ အစပိုင်းကို မသိနိုင်သော သံသရာ။ အစပိုင်း မထင်ရှားသော သံသရာ၊

အနာဂါမ် = အနာဂါမ်ပုဂ္ဂိုလ်၊ ဤလူ့ပြည်သို့ ပဋိသန္ဓေ နေရန် တစ်ဖန်မလာတော့သည့် အနာဂါမ်မိဖလဋ္ဌာန် အရိယာ ပုဂ္ဂိုလ်။

အနုပါဒိသေသနိဗ္ဗာန = အနုပါဒိသေသ+နိဗ္ဗာန၊ ကိလေသာတို့မှ ကြွင်းကျန်ရစ်သည့် ဝိပါက်ကမ္မဇရုပ်များပင် အကြွင်းအကျန် မရှိသော နိဗ္ဗာန်။

အနုလုံ = ရှေးရှေးဖြစ်သော ပရိကံနှင့်နောက်နောက်ဖြစ်သော အပ္ပနာတို့ အားလျော်စွာဖြစ်သောစိတ်။

အနုဿတိ = အနု+သတိ၊ အနုဿတိကမ္မဋ္ဌာန်း၊ အဖန်တလဲလဲ အောက်မေ့ဆင်ခြင်ခြင်း။

အပရာပရိယအကုသိုလ်ကံ = အပရာပရိယ+အကုသိုလ်ကံ၊ တတိယ ဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် ဘဝအဆက်ဆက်၌ အကျိုးပေးသော အကုသိုလ်ကံ။

| | | |
|---|---|---|
| အပုညာဘိသင်္ခါရ | = | အပုည+အဘိသင်္ခါရ၊ အကျိုးဝိပါက်ဖြစ်သော ရုပ် နာမ် သန္တတ တရားစုကို ပြုစီမံတတ်သော အကုသိုလ် စေတနာ။ |
| အပ္ပနာဈာန် | = | အပ္ပနာ+ဈာန၊ ရူပ အရူပဈာန်၊ လောကုတ္တရာ ဈာန်၊ အာရုံသို့ သမ္ပယုတ်တရားတို့ကို ရှေးရှုတင် ပေးတတ်သော ဈာန်တရား။ |
| အပ္ပမာဒတရား | = | အပ္ပမာဒ+တရား၊ ကုသိုလ်ကောင်းမှု ကိစ္စများ၌ မမေ့မလျော့ကြောင်းဖြစ်သော သတိတရား။ |
| အဘိဇ္ဈာ | = | သူတစ်ပါး၏ဥစ္စာကို မတရား ရယူလိုမှု။ |
| အရညကင်ဓုတင် | = | အရညကင်+ဓုတင်၊ လူသူ ဝေးရာအရပ်၌ တောရ ဆောက်တည်သော ဓုတင်အကျင့်။ |
| အရဟတ္တဖိုလ် | = | ရဟန္တာဖြစ်ကြောင်းဖြစ်သော ဖိုလ်။ |
| အရိယသစ္စာ | = | အရိယ+သစ္စာ၊ မချွတ်မယွင်း မှန်ကန်သောသစ္စာ တရား။ ဘုရား အစရှိသော အရိယာပုဂ္ဂိုလ်တို့၏ အမှန်တရား။ |
| အရူပဘုံ | = | အရူပ+ဘုံ၊ ရုပ်မရှိ၊ နာမ်ဝိညာဉ်တစ်မျိုးတည်းသာ ရှိသော အရူပဗြဟ္မာတို့၏ နေထိုင်ရာဖြစ်သော ဘုံ။ |
| အဝိဇ္ဇာ | = | အဝိဇ္ဇာတရား၊ အမှန်တရားသဘောကို ဖုံးလွှမ်း တတ်သော မောဟတရား။ |
| အဝိဇ္ဇာသဝ | = | အဝိဇ္ဇာ+အာသဝ၊ အဝိဇ္ဇာဟူသော အာသဝေါ တရား။ |
| အဝိဘိက္ကမတရား | = | အဝိတိက္ကမ+တရား၊ မလွန်ကျူးအပ်သော ဒုစရိုက် တရား။ |
| အာကာသာနဉ္စာယတနဈာန် | = | အဆုံး အပိုင်းအခြားမရှိသော ကောင်းကင်ပညတ် ဟူသော တည်ရာအာရုံရှိသောဈာန်။ |

| | | |
|---|---|---|
| အာကိဉ္စညာယတနဈာန် | = | အာကာသာနဉ္စာယတနဝိညာဉ်၏ ကင်းကွာ ချုပ်ပျောက်ခြင်းဟူသော နတ္ထိဘာဝပညတ်လျှင် တည်ရာ အာရုံရှိသောဈာန်။ |
| အာဂန္တုရဟန်း | = | အာဂန္တု+ရဟန်း၊ အရပ်တစ်ပါးမှ ကြွရောက်လာသော ဧည့်သည်ရဟန်း။ |
| အာဒိကလျာဏ | = | အာဒိ+ကလျာဏ၊ အစ၏ကောင်းခြင်း၊ |
| အာနေဉ္ဇာဘိသင်္ခါရ | = | အာနေဉ္ဇ+အဘိသင်္ခါရ၊ မတုန်မလှုပ် ငြိမ်သက်သော အရူပ ဝိပါက်ဝိညာဉ်ကို ပြုပြင်စီရင်တတ်သော အရူပ ကုသိုလ်စေတနာ။ |
| အာယုသင်္ခါရ | = | အာယု+သင်္ခါရ၊ အသက်(ဇီဝိတိန္ဒြေ)ကို ပြုပြင်စီရင်တတ်သော ဖလသမာပတ်။ |
| အာဝါသ | = | နေရာဌာနဖြစ်သော အိမ်၊ ကျောင်း၊ ပရိဝုဏ် စသည်။ |
| | | [ဣ၊ဥ၊ဧ၊ဩ] |
| ဣဒ္ဓိမယသပိတ်သင်္ကန်း | = | ဣဒ္ဓိမယ+သပိတ်သင်္ကန်း၊ တန်ခိုးတော်ကြောင့် ဖြစ်ပေါ်လာသော သပိတ်သင်္ကန်း။ |
| ဣဿရိယဘုန်းတော် | = | ဣဿရိယ+ဘုန်းတော်၊ မိမိ၏စိတ်တော်ကို အစိုးရ နိုင်နင်းခြင်းဟူသော ဘုန်းတော်။ |
| ဥစ္ဆေဒဒိဋ္ဌိ | = | ဥစ္ဆေဒ+ဒိဋ္ဌိ၊ ဥစ္ဆေဒအယူဝါဒ၊ အတ္တနှင့်လောကသည် သေပြီးနောက် ထပ်၍မဖြစ် အဆက်ပြတ်၏ဟူသော အယူမှား။ |
| ဥဒယဗ္ဗယဉာဏ် | = | ဥဒယ+ဗယ+ဉာဏ်၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အဖြစ်နှင့်အပျက်ကို ရှုမှတ်သော ဝိပဿနာဉာဏ်။ |
| ဥဒ္ဒိဿစေတီ | = | ဥဒ္ဒိဿ+စေတီ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို ရည်မှတ်၍ သွန်းထုပြုလုပ်ထားသည့် ရုပ်ပွား ဆင်းတုတော်စေတီ။ |
| ဥပစာ | = | အပ္ပနာ၏ အနီး၌ ဖြစ်သောစိတ်။ |

ဥပစာရရျာန်စိတ် = အပနာရျာန်၏ရှေ့အဖို့၌ဖြစ်သော ဉာဏသမ္ပယုတ် ကာမာဝစရ ဇောစိတ်။

ဥပဇ္ဈာယ်ဆရာ = ရဟန်းဘောင်သို့ ရောက်အောင် ပို့ဆောင်ပေးသော ဆရာ။

ဥပဋ္ဌာက = အလုပ်အကျွေးပြုသူ။ ပြုစုလုပ်ကျွေးသောသူ။

ဥပပါရမီ = မိမိ၏ကိုယ်အင်္ဂါ အစိတ်အပိုင်းကို မငဲ့ကွက်ဘဲ ဖြည့်ကျင့်ဆည်းပူးအပ်သော မွန်မြတ်သည့် ပါရမီ။

ဥပါဒ်၊ ဌီ၊ ဘင် = ရုပ်နာမ်တရားတို့၏ စတင်ဖြစ်ပေါ်ဆဲ ခဏသည် ဥပါဒ်၊ တည်ဆဲခဏသည် ဌီ၊ ချုပ်ပျက်သွားဆဲ ခဏသည် ဘင်မည်၏။

ဥပါယကောသလ္လဉာဏ် = အကြောင်းဥပါယ် နည်းပရိယာယ်၌ ထူးချွန် ကျွမ်းကျင်သောပညာ။

ဧတဒဂ် = ဧတဒဂ်ဘွဲ့ထူး၊ 'အမြတ်ဆုံး၊ အသာဆုံး၊ အကောင်းဆုံး 'ဟု ဘုရားရှင်ကိုယ်တော်တိုင် အသိအမှတ်ပြုအပ်သော ဘွဲ့ထူး။

ဩဃလေးပါး = ဩဃ+လေးပါး၊ မိမိကိန်းရာ သတ္တဝါကို ဝဋ်ဒုက္ခ၌ နစ်မြုပ်အောင် လွှမ်းဖိသတ်ဖြတ်တတ်သောတရား။ ယင်းတရားက ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ, အားဖြင့် လေးပါးတည်း။

[က]

ကမ္မဇရုပ်ကလာပ် = ကမ္မဇ+ရုပ်ကလာပ်၊ ကမ္မဇ=ကံကြောင့် ဖြစ်သော +ရုပ်ကလာပ်=ရုပ်အပေါင်း၊ ကံကြောင့် ဖြစ်ပေါ် လာသည့် ရုပ်အပေါင်း။

ကသိုဏ်း = ကသိဏ (ပါဠိ)၊ ယောဂီပုဂ္ဂိုလ်သည် "အလုံးစုံ အကုန်အစင် တပြိုင်နက် ထင်မြင်အောင် ရှုမှတ် ဆင်ခြင်အပ်သော မြေ စသည့်အာရုံ(၁၀)မျိုး။

ကာမစ္ဆန္ဒ = ကာမ+ဆန္ဒ၊ ဝတ္ထုအာရုံ ကာမဂုဏ်၌ အလိုရှိခြင်း၊ တပ်မက်ခြင်း။

ကာမဘုန်းတော် = မိမိ လိုလားတောင့်တအပ်သည့် အကျိုးစီးပွားများ မိမိအလိုဆန္ဒအတိုင်း ပြည့်စုံ ပြီးစီးစေနိုင်သော ဘုန်းတော်။

ကာမသုဂတိဘုံ = ကာမ+သု+ဂတိ(ဘုံ)၊ ကာမတဏှာနှင့်တကွ ဖြစ်သော ကောင်းသော လားရာ ရောက်ရာဘုံ၊ လူ့ပြည်နှင့် နတ်ပြည်ခြောက်ထပ်ကို "ကာမသုဂတိဘုံ" ဟု ခေါ်သည်။

ကာမာသဝ = ကာမ+အာသဝ၊ ဝတ္ထုအာရုံ ကာမဂုဏ်၌ တပ်မက်တတ်သောတဏှာတည်း ဟူသော အာသဝေါတရား။

ကာမုပါဒါန် = ကာမ+ဥပါဒါန်၊ ဝတ္ထုအာရုံ ကာမဂုဏ်၌ စွဲစွဲလမ်းလမ်း တပ်မက်တွယ်တာတတ်သော တဏှာတည်းဟူသော ဥပါဒါန်တရား။

ကာယဂတာသတိ = ကာယ+ဂတာ+သတိ၊ ဆံပင် အစရှိသော ၃၂-ကောဋ္ဌာသ ရူပကာယကို အာရုံပြု၍ ဖြစ်သော သတိ။

ကာယပသာဒ = ကာယ+ပသာဒ၊ ကာယဟု ဆိုအပ်သော ပသာဒ၊ ကိုယ် အကြည်ရုပ်ဓာတ်။

ကုသိုလ်ကံ = မျက်မှောက်ဘဝ၊ တမလွန်ဘဝ၌ လုံးဝ အပြစ်မရှိသည့်ပြင် ချမ်းသာသော အကျိုးကို ပေးစွမ်းနိုင်သော ကုသိုလ်စေတနာ။

[ဂ၊ ဃ]

ဂတိမန္တ = ဂတိ+မန္တ၊ ဂတိ=ဉာဏ်ပညာ+မန္တ=ရှိခြင်း၊ ဉာဏ်ပညာရှိသောသူ။

ဂန္ဓကုဋိ = ဂန္ဓ+ကုဋိ၊ နံ့သာဖြင့် ထုံမွှမ်းအပ်သော ကျောင်း၊ ဘုရားကျောင်းတော်။

| | | |
|---|---|---|
| ဂန္ထသေယျကသတ္တဝါ | = | ဂန္ထ+သေယျ+က+သတ္တဝါ၊ အမိဝမ်း၌ ကိန်းအောင်းသန္ဓေတည်ပြီး မွေးဖွားသော သတ္တဝါ။ |
| ဂရုခံ | = | ဂရု+ခံ(ဓမ္မ)၊ အလေးပြုအပ်သောတရား။ ရိုသေလေးစားစွာ ဝန်ခံအပ် လိုက်နာပြုကျင့်အပ်သောတရား။ ဂရုခံတရားကို မြတ်စွာဘုရားသည် ဘိက္ခုနီတို့အား ဟောကြားတော်မူသည်။ ယင်းဂရုဓမ်တရား (၈)ပါး ရှိသည်။ |
| ဂေါတြဘူ | = | ဂေါတြ+ဘူ၊ ကာမအနွယ်၊ ပုထုဇဉ်အနွယ်ကို ဖြတ်၍ မဟဂ္ဂုတ်အနွယ်၊ လောကုတ္တရာအနွယ်ကို ဖြစ်စေတတ်သောမဟာကုသိုလ်စိတ်။ |
| ဃာနပသာဒ | = | ဃာန+ပသာဒ၊ ဃာနဟု ဆိုအပ်သော ပသာဒ၊ နှာခေါင်း အကြည်ရုပ်ဓာတ်။ |
| | | (စ၊ ဇ) |
| စက္ခုငါးပါး | = | စက္ခု+ငါးပါး၊ စက္ခု=မျက်စိ+ငါးပါး၊ မျက်စိငါးပါး။ ယင်းတို့ကား မံသစက္ခု၊ ဒိဗ္ဗစက္ခု၊ ပညာစက္ခု၊ သမန္တစက္ခု၊ ဗုဒ္ဓစက္ခုတို့ဖြစ်သည်။ |
| စက္ခုပသာဒ | = | စက္ခု+ပသာဒ၊ စက္ခုဟုဆိုအပ်သော ပသာဒ၊ မျက်စိ အကြည်ရုပ်ဓာတ်။ |
| စက္ခုဝိညာဉ် | = | စက္ခု+ဝိညာဉ်(ဝိညာဏ)၊ မျက်စိအကြည် ရုပ်ကို မှီ၍ ဖြစ်သောတရား၊ မြင်သိစိတ်။ |
| စရဏတရား | = | စရဏ+တရား၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်တရား။<br><br>ယင်းစရဏတရားသည် သီလစောင့်ထိန်းခြင်း၊ ဣန္ဒြေကို စောင့်ရှောက်ခြင်း၊ အစာဟာရ၌ အတိုင်းအရှည်ကို သိခြင်း၊ နိုးကြားခြင်း၌ အဖန်ဖန်အားထုတ်ခြင်း၊ သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဗာဟုသစ္စ၊ ဝီရိယ၊ သတိ၊ ပညာနှင့် ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဟူသော ရူပါဝစရဈာန် ၄-ပါးအားဖြင့် (၁၅) ပါးရှိသည်။ |

စွန့်ခြင်းကြီးငါးပါး = စွန့်ခြင်းကြီး+ငါးပါး၊ လူသာမန်တို့ အလွန်ပြုနိုင်ခဲစွာ သောကြောင့် လွန်ကဲမြင့်မြတ်ကြီးကျယ်သော စွန့်လှူခြင်း၊ ယင်းစွန့်ခြင်းကြီးသည် (၁) မင်းစည်းစိမ်ကို စွန့်လှူခြင်း ဓနပရိစ္စာဂ။ (၂) သားသမီးကို စွန့်လှူခြင်း ပုတ္တပရိစ္စာဂ။ (၃) မယားကို စွန့်လှူခြင်း ဘရိယပရိစ္စာဂ၊ (၄) ကိုယ်အင်္ဂါ အစိတ်အပိုင်းကို ပေးလှူခြင်း အင်္ဂပရိစ္စာဂ။ (၅) ကိုယ်အသက်ကို ပေးလှူခြင်း ဇီဝိတပရိစ္စာဂ အားဖြင့် ငါးပါးရှိသည်။

ဇိဝှာပသာဒ = ဇိဝှာ+ပသာဒ၊ ဇိဝှာဟု ဆိုအပ်သော ပသာဒ၊ လျှာ အကြည်ရုပ်ဓာတ်။

(တ၊ ဒ၊ ဓ၊ န)

တက္ကတွန်းအာရာမ် = တက္ကတွန်း+အာရာမ်။ တိတ္ထိတို့ နေထိုင်သော ကျောင်း အာရာမ်။

တဏှာ = ဆာလောင် မွတ်သိပ်တတ်သော တရား။ မရောင့်ရဲ မတင်းတိမ်နိုင်သောတရား။ တရားကိုယ်မှာ လောဘ ဖြစ်သည်။

တေဘုမ္မကသင်္ခါရတရား = တေဘုမ္မ+က+သင်္ခါရတရား။ ကာမ၊ ရူပ၊ အရူပ ဟူသော ဘုံ(၃)ပါး၌ ဖြစ်သော ခန္ဓာငါးပါး သင်္ခါရ တရား။

ဒိဋ္ဌာသဝ = ဒိဋ္ဌိ+အာသဝ။ ဒိဋ္ဌိဟူသော အာသဝေါတရား။

ဒိဋ္ဌိ = ဖောက်ပြန် မှားယွင်းသောအယူ။ တရားကိုယ်မှာ ဒိဋ္ဌိ စေတသိက်ဖြစ်သည်။

ဒိဋ္ဌိဂတဝိပ္ပယုတ် = ဒိဋ္ဌိ+ဝိပ္ပယုတ်။ မိစ္ဆာဒိဋ္ဌိနှင့်မယှဉ်သည့်စိတ်။

ဒိဋ္ဌိဝိစိကိစ္ဆာ = ဒိဋ္ဌိ+ဝိစိကိစ္ဆာ။ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ။ အယူဖောက်ပြန် မှားယွင်းခြင်း ဒိဋ္ဌိနှင့် ဘုရား စသည်တို့၌ ယုံမှားသံသယဖြစ်ခြင်း ဝိစိကိစ္ဆာ။

ဒိဋ္ဌုပါဒါန် = ဒိဋ္ဌိ+ဥပါဒါန်။ မိစ္ဆာဒိဋ္ဌိဟူသော ဥပါဒါန်တရား။

ဒိဗ္ဗစက္ခုဉာဏ်တော် = ဒိဗ္ဗစက္ခု+ဉာဏ်တော်။ ဖုံးလွှမ်း ကွယ်ဝှက်နေသော အရာဝတ္ထု၊ ဝေးသောအရာ ဝတ္ထုများကို နတ်မျက်စိကဲ့သို့ မြင်နိုင်သောဉာဏ်တော်။

ဓမ္မစေတီ = မြတ်စွာဗုဒ္ဓ ဟောကြားထားခဲ့သည့် ပိဋက သုံးသွယ် နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် ဟူသော ဓမ္မစေတီတော်။

ဓမ္မဘုန်းတော် = ဓမ္မ+ဘုန်းတော်။ လောကုတ္တရာတရားနှင့် ပြည့်စုံတော်မူခြင်း ဟူသော ဘုန်းတော်။

ဓမ္မာနုဿတိ = ဓမ္မ+အနုဿတိ။ တရားဂုဏ်တော်ကို အဖန်ဖန် အထပ်ထပ် အောက်မေ့ခြင်း သတိ။

ဓာတုစေတီ = ဓာတု+စေတီ။ ဘုရား၏ဓာတ်တော် မွေတော်များကို ဌာပနာပြီး တည်ထားသောစေတီတော်။

ဓိတိမန္တ = ဓိတိ+မန္တ။ ဓိတိ=လုံ့လဝီရိယ+မန္တ=ရှိခြင်း၊ လုံ့လရှိသောသူ။

ဓုတင် = ကိလေသာတရားဆိုးများကို ခါထုတ်ပစ်တတ်သော အကျင့်။

နတ္ထိကဒိဋ္ဌိ = နတ္ထိက+ဒိဋ္ဌိ။ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုး အပြစ် မရှိဟု လက်ခံယုံကြည်သော မိစ္ဆာအယူ။

နိဝရဏတရား = နိဝရဏ+တရား။ ကုသိုလ်တရား ဈာန်မဂ်များကို တားဆီးပိတ်ပင်တတ်သော တရား။ ယင်းတရားသည် ကာမစ္ဆန္ဒ စသောအားဖြင့် ခြောက်ပါး ရှိသည်။

နေဝသညာနာသညာယတနဈာန် = နေဝ+သညာ+န+အသညာ+အာယတနဈာန်။ ရုန့်ရင်းကြမ်းတမ်းသော သညာကား မရှိ။ သိမ်မွေ့သော သညာရှိသော စတုတ္ထအရူပဈာန်။

နာမ်ခန္ဓာ = နာမ်+ခန္ဓာ။ ခန္ဓာငါးပါး ရှိရာတွင် နာမ်တရားဖြစ်သော ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့ကို နာမ်ခန္ဓာဟု ခေါ်သည်။

နာမ်ဓမ္မ = နာမ်+ဓမ္မ။ နာမ်တရား၊ စိတ်၈၉–ပါး၊ စေတသိက် ၅၂–ပါး၊ နိဗ္ဗာန် ဟူသော နာမ်တရား။

[ပ]

ပစ္စေကဗုဒ္ဓါ = ပစ္စေက+ဗုဒ္ဓ။ အသီးအခြား ကိုယ်တိုင်သာ သစ္စာ ၄–ပါးကို သိမြင်သောဘုရား၊ သီးခြားဘုရား၊ ဘုရားငယ်။

ပစ္စေကဗောဓိဉာဏ် = ပစ္စေကဗောဓိ+ဉာဏ်။ အသီးအခြား သိတတ်သော ဉာဏ်၊ ပစ္စေကဗုဒ္ဓါတို့ ရအပ်သောဉာဏ်။

ပစ္ဆိမအရွယ် = ပစ္ဆိမ+အရွယ်၊ လူ့ဘဝသက်တမ်းကို ၃–ပိုင်း ပိုင်းခြားရာ၌ နောက်ဆုံးပိုင်း ဖြစ်သော အရွယ်။

ပစ္ဆိမဘဝိက = ပစ္ဆိမ+ဘဝိက၊ နောက်ဆုံးဘဝ၌ ဖြစ်သောသူ၊ ယခုရရှိဆဲဘဝမှ စုတေလျှင် ဘဝအသစ်၌ ပဋိသန္ဓေ မနေတော့ဘဲ ပရိနိဗ္ဗာန် ဝင်စံမည့်သူ။

ပညတ် = အပြားအားဖြင့် သိမှတ်စေအပ်သော နွားဒြပ် အစရှိသည့် အတ္ထပညတ်၊ အပြားအားဖြင့် သိမှတ် စေတတ်သော နွား အစရှိသည့် နာမပညတ်။

ပညာအန္ဓ = ပညာ+အန္ဓ။ ပညာတည်းဟူသော မျက်စိကန်းသူ။ ပညာမျက်ကန်း။

ပညိန္ဒြေ = ပညာ+ဣန္ဒြေ။ ပညာတည်းဟူသော ဣန္ဒြေတရား။

ပဋိဃသမ္ပယုတ်စိတ် = ပဋိဃ+သမ္ပယုတ်စိတ်။ ဒေါသနှင့်ယှဥ်သောစိတ်။

ပဋိလောမ = ပဋိလုံ၊ နောက်စကားရပ်က ပြန်စသောအားဖြင့် ရှေ့စကားရပ်နှင့်ဆန့်ကျင်ဘက်အားဖြင့် ဟော ကြားအပ်သော ဒေသနာစကားစဉ်။

ပဋိသန္ဓေစိတ် = ပဋိသန္ဓေ+စိတ်၊ ရှေးဘဝ ဘဝဟောင်းနှင့် နောက် ဘဝ ဘဝသစ်ကို ပေါင်းကူးဆက်သွယ်ပေးသော စိတ်၊

| | | |
|---|---|---|
| ပဋိသန္ဓေဝိညာဉ် | = | ပဋိသန္ဓေ+ဝိညာဉ်။ ဘဝဟောင်းနှင့်ဘဝသစ်ကို ပေါင်းကူး ဆက်သွယ်ပေးသော ဝိပါက်ဝိညာဉ်။ |
| ပဋိသမ္ဘိဒါလေးပါး | = | ပဋိသမ္ဘိဒါ+လေးပါး။ ဉာဏ်တော်လေးပါး၊ အတ္ထ ပဋိ သမ္ဘိဒါဉာဏ်တော်၊ ဓမ္မပဋိသမ္ဘိဒါ ဉာဏ်တော်၊ နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်တော်၊ ပဋိဘာန ပဋိသမ္ဘိဒါ ဉာဏ်တော်။ |
| ပယတ္တဘုန်းတော် | = | လူ နတ် ဗြဟ္မာ သတ္တဝါအများ လေးစားလောက်သော လုံ့လဝီရိယနှင့် ပြည့်စုံတော်မူခြင်း ဟူသော ဘုန်းတော်။ |
| ပရမတ္ထပါရမီ | = | ပရမတ္ထ+ပါရမီ။ မိမိ၏ကိုယ့်အသက်ကို မငဲ့ကွက်ဘဲ ဖြည့်ကျင့်ဆည်းပူးအပ်သော အလွန်မွန်မြတ်လှသည့် ပါရမီ။ |
| ပရမတ္ထသံဃာတော် | = | ပရမတ္ထ+သံဃာတော်။ မြင့်မြတ်သော အရိယာသံဃာ။ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်လေးယောက်၊ ဖလဋ္ဌာန် ပုဂ္ဂိုလ်လေးယောက် ဟူသော မြင့်မြတ်သည့် အရိယာသံဃာ။ |
| ပရိကံ | = | အပ္ပနာ ဖြစ်ပေါ်လာအောင် ပြုစီမံတတ်သော စိတ်။ |
| ပရိဘောဂစေတီ | = | ပရိဘောဂ+စေတီ။ မြတ်စွာဘုရား၏ အသုံးအဆောင်ပစ္စည်းများကို ဌာပနာပြီး တည်ထားသော စေတီ၊ မြတ်စွာဘုရား၏အသုံးအဆောင်ပစ္စည်းဖြစ်သော မဟာဗောဓိပင် အစရှိသည့်စေတီ။ |
| ပရိယောသာနကလျာဏ | = | ပရိယောသာန+ကလျာဏ။ အဆုံးအပိုင်းအခန်း အဆုံးပိုင်း၏ ကောင်းခြင်း။ |
| ပဝတ္တိအခါ | = | ပဝတ္တိ+အခါ။ ဘဝသစ်သက်တာ၌ အစပိုင်း ပဋိသန္ဓေအခါ၊ အဆုံးပိုင်း စုတိအခါကို ချန်လှပ်၍ အစပိုင်း၊ အဆုံးပိုင်းတို့၏အလယ်ဖြစ်သောအခါ။ |
| ပဝါရဏာ | = | ပဝါရဏာပြုခြင်း။"မိမိအပေါ်မှာ မြင်အပ်၊ ကြားအပ်၊ ယုံမှားအပ်သော အပြစ် တစ်စုံတစ်ရာရှိပါက |

ပြောကြားကြပါ၊ ကုစားပါမည်”ဟု ဖိတ်ကြားခြင်း။

ပိဏ္ဍပါတ်ဓုတင် = ပိဏ္ဍပါတ်+ဓုတင်။ သလုံး မြင်းခေါင်း ခြေနှစ်ချောင်းဖြင့် လှည့်လည်ဆွမ်းခံ၍ ရသောဆွမ်းကိုသာ ဘုဉ်းပေးသုံးဆောင်ခြင်းဟူသော ဓုတင်အကျင့်။

ပုညာဘိသင်္ခါရ = ပုည+အဘိသင်္ခါရ။ အကျိုးဝိပါက်ဖြစ်သော ရုပ်နာမ် သင်္ခတတရားစုကို ပြုစီမံတတ်သော ကာမကုသိုလ်၊ ရူပကုသိုလ်စေတနာ။

ပုဏ္ဏကတိုက်ခြင်း = လောကီ အောက်လမ်း၊ အင်းအတတ်ဖြင့် ပုဏ္ဏကဘီလူးကို နှောင့်ယှက် နှိပ်စက်ဖျက်ဆီးစိုင်းခြင်း။

ပုဗ္ဗေကတဟေတုဒိဋ္ဌိ = ပုဗ္ဗေကတ+ဟေတု+ဒိဋ္ဌိ။ ပစ္စုပ္ပန်ဘဝ ဉာဏ်ဝီရိယမပါ။ ရှေးအကြောင်း ကံကြောင့်သာ ချမ်းသာခြင်း၊ ဆင်းရဲခြင်း ဖြစ်ရသည်ဟု ရှေးကံတစ်မျိုးတည်းကိုသာ စွဲယူထားသော အယူမှား။

ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော် = ပုဗ္ဗေနိဝါသ+အနုဿတိဉာဏ်တော်။ ရှေးဘဝပေါင်း များစွာ၌ နေအပ်ခဲ့ဖူးသည့် ဘဝဖြစ်စဉ်ကို ပြန်လည်အောက်မေ့ သိမြင်တော်မူသော ဉာဏ်တော်။

ပေါက္ခရဝဿ = ပေါက္ခရဝဿ = ပေါက္ခရ+ဝဿ၊ ပေါက္ခရ= ကြာ+ ဝဿ =မိုး။ ပေါက္ခရဝဿမိုး။ ကြာဖက်မိုး၊ မြတ်စွာဘုရား တန်ခိုးတော်အရ ကြာရွက်ခန့် ပမာဏရှိသော တိမ်တိုက်မှ အမွန်အစပြုပြီး ရွာသွန်းချလိုက်သောမိုးရေ။ စိုစွတ်လိုသူ အပေါ်သာ မိုးပေါက်ကျ၍ မစိုစွတ်လိုသူအပေါ် မိုးရေတစ်ပေါက်မျှ မကျရောက်သည့်မိုးကြီး။

[ဖ၊ ဗ၊ ဘ၊ မ]

ဖလသမာပတ် = ဖလ+သမာပတ်။ ဖလ=ဖိုလ်+သမာပတ်= ကောင်းစွာ ရောက်ခြင်း။ ဖိုလ်သို့ ကောင်းစွာ ရောက်နေခြင်း။ ဖိုလ်ဝင်စားခြင်း။

| | | |
|---|---|---|
| ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း | = | ဗုဒ္ဓ+အနုဿတိ+ကမ္မဋ္ဌာန်း။ ဘုရား ဂုဏ်တော်ကို အဖန်ဖန် အထပ်ထပ် ရှုမှတ်ပွားများနေသည့် ကမ္မဋ္ဌာန်း။ |
| ဗောဓိပက္ခိယတရား | = | ဗောဓိ+ပက္ခိယတရား။ ဗောဓိ=ဗောဓိဉာဏ် +ပက္ခိယတရား=အသင်းအပင်းဖြစ်သောတရား။ ဗောဓိဉာဏ်(မဂ်ဉာဏ်)၏ ဘက်တော်သား အသင်းဝင်တရား။ ဗောဓိဉာဏ်အား ကျေးဇူးပြုတတ် သောတရား။ |
| ဗျာပါဒ | = | စီးပွားချမ်းသာကို ဖျက်ဆီးတတ်သော ဒေါသတရား၊ သူတစ်ပါး အကျိုးမဲ့ကို တွေးတောကြံစည်နေခြင်းဟူသော ဒေါသတရား။ |
| ဗြဟ္မပုရောဟိတာ | = | ဗြဟ္မ+ပုရောဟိတာ။ ပုရောဟိတ်ဗြဟ္မာ၊ ဗြဟ္မာတို့၏ ပုရောဟိတ်အရာ၌ တည်သောဗြဟ္မာ။ |
| ဘဝါသဝ | = | ဘဝ+အာသဝ။ ဘဝ=ရူပဘဝ၊ အရူပဘဝ+ အာသဝ= အာသာဝေါတရား။ ရူပဗြဟ္မာ၊ အရူပ ဗြဟ္မာဟူသော ဥပပတ္တိဘဝ၊ ရူပရာဂ်အရူပရာဂ် ဟူသော ကမ္မဘဝ၌ တပ်မက်တွယ်တာသော တဏှာတည်း ဟူသော အာသဝေါတရား။ |
| မဇ္ဈိမအရွယ် | = | မဇ္ဈိမ+အရွယ်။ မဇ္ဈိမ=အလယ်ပိုင်းဖြစ်သော+ အရွယ် =လူ့ဘဝသက်တမ်းကို ၃-ပိုင်း ပိုင်းခြားရာ၌ အလယ်ပိုင်းဖြစ်သောအရွယ်။ |
| မဇ္ဈေကလျာဏ | = | မဇ္ဈေ+ကလျာဏ၊ အလယ်ပိုင်းအခန်း။ အလယ်ပိုင်း၏ ကောင်းခြင်း။ |
| မနောဒွါရ | = | မနော+ဒွါရ။ မနော=ဘဝင်စိတ်+ဒွါရ= ဝီထိစိတ်ဖြစ်ကြောင်း။ ဝီထိစိတ်တို့၏ ဖြစ်ပေါ်လာရခြင်း၏ အကြောင်းဖြစ်သော ဘဝင်စိတ် ၁၉-ပါးသည်"မနောဒွါရ"မည်၏။ |
| မာန | = | ငါတကားဟု ထောင်လွှား တက်ကြွတတ်သော သဘောတရား။ မာန၊ မာန်။ |

| | | |
|---|---|---|
| မာန်သုံးပါး | = | မာန်+သုံးပါး။ မာန်=ထောင်လွှားတက်ကြွ မောက်မာခြင်း+သုံးပါး၊ သေယျမာန်, သဒိသမာန်, ဟီနမာန်ဟူသော မာန်သုံးပါး။ |
| မာန်ငါးပါး | = | မာရ်+ငါးပါး၊ မာရ်(မာရ)=သတ်ဖြတ် တားဆီး ခြင်း+ငါးပါး =ကုသိုလ်တရား မဖြစ်ပွားအောင် သတ်ဖြတ်တားဆီးပိတ်ပင်တတ်သော မာရ်ငါးမျိုး၊ ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ အဘိသင်္ခါရမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ် ငါးပါး။ |
| မိစ္ဆာဇီဝ | = | မိစ္ဆာ+အာဇီဝ။ မိစ္ဆာ=မှားယွင်းယုတ်မာသော လုပ်ငန်းဖြင့်+ အာဇီဝ=အသက်မွေးဝမ်းကျောင်း ပြုခြင်း။ မှားယွင်းယုတ်မာသော ဒုစရိုက်မှု လုပ်ငန်း ဖြင့် အသက်မွေးမြူခြင်း။ |
| မိစ္ဆာဒိဋ္ဌိ | = | မိစ္ဆာ+ဒိဋ္ဌိ၊ မိစ္ဆာ=ချွတ်ယွင်းဖောက်ပြန် မမှန်မကန် သော+ဒိဋ္ဌိ= အယူဝါဒ၊ ချွတ်ယွင်းဖောက်ပြန် မမှန်ကန်သော အယူဝါဒ။ |

[ယ၊ ရ၊ လ၊ ဝ]

| | | |
|---|---|---|
| ယမိုက်ပြာဋိဟာ | | ယမိုက်+ပြာဋိဟာ။ ယမိုက်=အစုံအစုံ+ပြဋိဟာ= တန်ခိုး။ ရေအစုံ၊ မီးအစုံ ဟုဆိုအပ်သော အစုံလိုက် အစုံလိုက် ဖြစ်ပေါ်လာသည့် တန်ခိုးတော်။ |
| ယသဘုန်းတော် | = | ယသ+ဘုန်းတော်။အခြံအရံ အကျော်အစောနှင့် ပြည့်စုံတော်မူခြင်း ဟူသောဘုန်းတော်။ |
| ရာဂစိတ် | = | တပ်မက်တွယ်တာတတ်သော တဏှာရာဂနှင့် စပ်ယှဉ်သော စိတ်။ |
| ရူပဘုံ | = | ရူပဗြဟ္မာတို့ နေထိုင်ရာဖြစ်သောဘုံ။ |
| ရုပ်ဓမ္မ | = | ရုပ်+ဓမ္မ။ ရုပ်တရား၊ အချမ်းအပူ အစရှိသည့် ဆန့်ကျင်ဘက် အကြောင်းများကြောင့် ဖောက်ပြန် ပြောင်းလဲတတ်သော တရား။ |

ရုပ်နာမ်ဓမ္မသင်္ခါရလောက = ရုပ်နာမ် ဓမ္မ+သင်္ခါရလောက။ ရုပ်နာမ်တရားဟူသောသင်္ခါရလောက။

လက္ခဏာရေးသုံးပါး = အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော ရှုမှတ်ပုံလက္ခဏာသုံးပါး။

လောကီဝိပါက်စိတ် = လောကီ+ဝိပါက်စိတ်။ လောကီကုသိုလ်၊ အကုသိုလ်၏ အကျိုးဖြစ်သော ဝိပါက်စိတ် ၃၂-ပါး။

ဝိစာရ = ဝိစာရစေတသိက်။ အာရုံကို သုံးသပ်တတ်သော ဝိစာရ စေတသိက်။

ဝိစိကိစ္ဆာ = ဝိစိကိစ္ဆာစေတသိက်။ ဘုရား၊ တရား စသည်၌ ယုံမှား သံသယဖြစ်ခြင်း သဘောရှိသော ဝိစိကိစ္ဆာ အကုသိုလ်စေတသိက်။

ဝိဇ္ဇာ = ထူးကဲစွာသိတတ်သောဉာဏ်။ ယင်းဝိဇ္ဇာဉာဏ်သည် ၃-ပါး၊ ၈-ပါးရှိသည်။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ် ၃-မျိုးကို "ဝိဇ္ဇာ၃-ပါး"ဟုခေါ်သည်။ ဝိပဿနာဉာဏ်၊ မနောမယိဒ္ဓိဉာဏ်၊ ဣဒ္ဓိဝိဓဉာဏ်၊ ဒိဗ္ဗသောတဉာဏ်၊ စေတောပရိယဉာဏ်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ် ၈-မျိုးကို"ဝိဇ္ဇာ-၈-ပါး"ဟု ခေါ်သည်။

ဝိညာဏဥ္စာယတနဈာန် = "အနန္တံ ဝိညာဏံ"ဟု ကမ္မဋ္ဌာန်းစီးဖြန်း၍ ရလာသော ဒုတိယအာရုပ္ပဈာန်။

ဝိပဿနာ = ဝိ+ပဿနာ၊ ရုပ်နာမ်တရားတို့ကို အနိစ္စ၊ ဒုက္ခ အနတ္တအားဖြင့် အထူးရှုမှတ်ခြင်း။

ဝိပဿနာဘာဝနာကဲ = ရုပ်နာမ်တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ အားဖြင့် အဖန်ဖန် အထပ်ထပ် ရှုမှတ်ပွားများအားထုတ်အပ်သောအမှု။

ဝိပါက်ဝိညာဉ် = ဝိပါက်+ဝိညာဉ်။ လောကီကုသိုလ်၊ အကုသိုလ်စေတနာ သင်္ခါရကြောင့် ဖြစ်ပေါ်လာသော အကျိုး

တရားဖြစ်သည့် ပဋိသန္ဓေဝိညာဉ်၊ ပဝတ္တိ ဝိပါက် ဝိညာဉ်။

ဝိမောက္ခရှစ်ပါး = ဝိမောက္ခ+ရှစ်ပါး။ ဝိမောက္ခ=လွတ်မြောက်သော တရား+ရှစ်ပါး။ ဆန့်ကျင်ဘက် နီဝရဏတရား တို့မှ လွတ်မြောက်တတ်သော တရား။ ယင်းတရား ကား"ရူပီ ရူပါနိ ပဿတိ"အစရှိသောအားဖြင့် ရှစ်မျိုးရှိသည်(အံ၊ ၃။ ၁၂၆)။

ဝီတရာဂစိတ် = ဝီတရာဂ+စိတ်။ ရာဂကင်းသောစိတ်။ ရာဂ မရှိသောစိတ်။

[သ]

သကဒါဂါမ် = သကဒါဂါမိဖလဋ္ဌာန်အရိယာပုဂ္ဂိုလ်= ဤလူ့ပြည် သို့ တစ်ကြိမ်သာ လာရောက်ပြီး ပဋိသန္ဓေနေ၍ လူပြန်ဖြစ်ခြင်း သဘောရှိသော အရိယာပုဂ္ဂိုလ်။

သခ်တတရား = ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းအရာတို့က ပြုပြင်စီရင်အပ်သောတရား။

သတိန္ဒြေ = သတိ+ဣန္ဒြေ၊ သတိ = အောက်မေ့ အမှတ်ရ ကြောင်း သတိတရား။ ဣန္ဒြေ= အစိုးရခြင်း၊ သတိနှင့် ပြည့်စုံသူ။

[သ]

သတ္တဝါအနန္တ = သတ္တဝါ+အနန္တ=အဆုံးအပိုင်းအခြား အရေ အတွက် မရှိခြင်း။ အဆုံး အပိုင်းအခြားမရှိ မရေတွက်နိုင်အောင် များပြားလှသည့် သတ္တဝါ အပေါင်း။

သဗ္ဗညုတဉာဏ် = သဗ္ဗ+ညုတဉာဏ်။ သိစရာမှန်သမျှ မကျန်ရ အောင် ဥေယျဓံတရားငါးပါးကို ပိုင်းခြား သိမြင် သောဉာဏ်တော်။

သမထ = ဆန့်ကျင်ဘက် နီဝရဏတရားတို့ကို ငြိမ်းအေးစေတတ်သော သမာဓိတရား။

သမထဝိပဿနာ = သမထ+ဝိပဿနာ။ သမထဘာဝနာနှင့် ဝိပဿနာဘာဝနာ။

သမထဝိပဿနာယာနိကလမ်း = သမထယာဉ်၊ ဝိပဿနာယာဉ် နှစ်မျိုးလုံးနှင့် စပ်ယှဉ်သောလမ်း။

သမာဓိခြေ = သမာဓိ+ဣန္ဒြေ။ သမာဓိဟူသော ဣန္ဒြေတရား။

သမ္မာသမ္ဗောဓိဉာဏ် = သမ္မာ+သံ+ဗောဓိဉာဏ်။ မဖောက်မပြန် ကိ ကိုင် သိတတ်သော၊ ကောင်းမွန်စွာ ထိုးထွင်း သိတတ်သောဉာဏ်တော်။

သယမ္ဘူဉာဏ် = သူတစ်ပါးညွှန်ပြမှု မရှိဘဲ မိမိအလိုလိုဖြစ်သော ဉာဏ်တော်။

သရာဂစိတ် = သရာဂ+စိတ်၊ တဏှာရာဂနှင့်တကွဖြစ်သောစိတ်၊ တဏှာရာဂ မကင်းသေးသောစိတ်။

သဿတဒိဋ္ဌိ = သဿတ+ဒိဋ္ဌိ။ တိတ္ထိတို့ ကြံဆအပ်သော အတ္တသည် မြဲ၏ဟု အယူမှားသောဒိဋ္ဌိ။

သာဓုကိဠနသဘင် = သာဓု+ကိဠန+သဘင်၊ သံဝေဂကဗျာ လင်္ကာများ ရွတ်ဆိုသော ကောင်းစွာ မြူးထူးပျော်ပါးသော ပွဲသဘင်။

သာဝကပါရမီဉာဏ် = အဂ္ဂသာဝ, မဟာသာဝက, ပကတိသာဝက ဟူသော အရိယာသာဝကတို့ ဖြည့်ကျင့် ဆည်းပူးအပ်သောဉာဏ်။

သာဝကသန္နိပါတ = သာဝက+သန္နိပါတ၊ မြတ်စွာဘုရား တပည့်သားရဟန်းတို့၏အစည်းအဝေးပွဲ

သိရီဘုန်းတော် = သိရီ+ဘုန်းတော်။ လက္ခဏာတော် ကြီးငယ် အသွယ်သွယ်နှင့် ပြည့်စုံသဖြင့် လှပတင့်တယ်တော်မူခြင်းဟူသော ဘုန်းတော်။

သီလဗ္ဗတုပါဒါန် = သီလဗ္ဗတ+ဥပါဒါန်၊ နွား ခွေးစသည်တို့၏ အလေ့အကျင့်ကို ကျင့်ခြင်းဖြင့် ကိလေသာမှ စင်ကြယ်

ကာ သံသရာမှ လွတ်မြောက်၏ဟု စွဲစွဲလမ်းလမ်း ယူထားသော မိစ္ဆာဒိဋ္ဌိ။

သီလမဂ္ဂင် = သီလ, သမာဓိ, ပညာအားဖြင့် သုံးပါးရှိရာတွင် သီလ၌ ထည့်သွင်းအပ်သော မဂ္ဂင်၊ သမ္မာဝါစာ, သမ္မာကမ္မန္တော, သမ္မာအာဇီဝေါ ဟူသော သီလ မဂ္ဂင်သုံးပါး

သီလဝန္တ ပုဂ္ဂိုလ် = သီလ+ဝန္တ =ပုဂ္ဂိုလ်။ သီလ= သီလ+ဝန္တ =ရှိခြင်း။ သီလရှိသော၊ သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်။

သုခဧကဂ္ဂတာ = သုခ+ဧကဂ္ဂတာ။ သုခဝေဒနာနှင့် ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ။

သုဒ္ဓဝိပဿနာယာနိကလမ်း = သုဒ္ဓ+ဝိပဿနာယာနိကလမ်း၊ သမထနှင့် မရော မယှက်၊ သီးခြားသက်သက်ဖြစ်သော ဝိပဿနာ ယာဉ်နှင့်သာ စပ်ယှဉ်သောလမ်း။

သေက္ခအရိယာပုဂ္ဂိုလ် = သေက္ခ+အရိယာပုဂ္ဂိုလ်။ ကျင့်ဆဲဖြစ်သော အရိယာ ပုဂ္ဂိုလ်။

သောတပသာဒ = သောတ+ပသာဒ၊ သောတဟု ဆိုအပ်သော ပသာဒ၊ နားအကြည်ဓာတ်။

သောတဝိညာဉ် = နားအကြည်ဓာတ်ကို မှီ၍ သိတတ်သောတရား၊ ကြားသိစိတ်။

သောတာပတ္တိဖိုလ် = သောတာပတ္တိမဂ်၏အကျိုးဖြစ်သော ဖိုလ်စိတ်။

သောတာပန် = သောတာပန်ပုဂ္ဂိုလ်၊ သောတာပတ္တိမဂ်ဖိုလ်ကို ရသော ပုဂ္ဂိုလ်။

သံဃာ့အာရာမ် = သံဃာ့+အာရာမ်။ သံဃာတော်များ သီတင်းသုံး နေထိုင်ရာဖြစ်သော ကျောင်းအာရာမ်။

သံဝရငါးပါး = သံဝရ+ငါးပါး။ မိမိသန္တာန်မှာ ကာယဒုစရိုက် စသော အကုသိုလ် တရားဆိုးများ မဖြစ်ပွားရ အောင် ပိတ်ဆို့တားမြစ်တတ်သောတရား။ ယင်း တရားသည် ပါတိမောက္ခသံဝရ, သတိသံဝရ, ဉာဏသံဝရ, ခန္တီသံဝရ, ဝီရိယသံဝရအားဖြင့် ငါးပါးရှိသည်။

## နှစ်ဖက်လှ ဦးကျော်လွင် ရေးသားပြုစုထုတ်ဝေထားသော

## နှစ်ဖက်လှစာအုပ်များ

| | | |
|---|---|---|
| ၁။ | သ-စ-အ ခရီးစဉ်<br>(ငယ်သွေးထုပ္ပတ်) | ၁၉၅၈ |
| ၂။ | အောင်ဇေယျဘုရားကြီးသမိုင်း | ၁၉၅၉ |
| ၃။ | ပဌာန်းရွှေသော့<br>(စာချ-စာသင်လက်ကိုင်) | ၁၉၆၀ |
| ၄။ | ခေတ်သစ်သောနုတ္တိုရ် (ပ)(ဒု) | ၁၉၆၄/၆၅ |
| ၅။ | ကဗျာလင်္ကာနှင့် နည်းဥပစာ<br>အကျယ်ဖွင့်ကျမ်း | ၁၉၆၈ |
| ၆။ | ဗုဒ္ဓဝင်အမြုတေ (နှစ်ကြိမ်) | ၁၉၇၄/၇၉ |
| ၇။ | ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ<br>အမေးနှစ်ရာ အဖြေနှစ်ထောင်<br>(နှစ်ကြိမ်) | ၁၉၇၄/၇၈ |
| ၈။ | ကျန်းမာရေးအတွက် မြတ်ဗုဒ္ဓ၏<br>ဟောကြားချက်များ (နှစ်ကြိမ်) | ၁၉၇၅/၉၉ |
| ၉။ | သိပ္ပံခေတ်နှင့် ဗုဒ္ဓ၏<br>အစိန္တေယျတရား (နှစ်ကြိမ်) | ၁၉၇၅/၈၁ |
| ၁၀။ | ဗုဒ္ဓ နှင့် မာရ်နတ်<br>(အတွင်းရေးပဋိပက္ခများ)(နှစ်ကြိမ်) | ၁၉၇၆/၈၄ |
| ၁၁။ | အလင်းပြပရိတ်ကြီး (နှစ်ကြိမ်) | ၁၉၇၆/၈၃ |
| ၁၂။ | ငွေနှင့်မိန်းမ<br>(ဗုဒ္ဓဘယ်လိုဟောခဲ့သလဲ) | ၁၉၇၇ |
| ၁၃။ | နှစ်ဖက်လှ-မြန်မာစာပဒေသာ<br>(မဟာဝိဇ္ဇာမှတ်စုများ) | ၁၉၈၇ |

| | | |
|---|---|---|
| ၁၄။ | ပုတီးသမိုင်းနှင့် ပုတီးစွမ်းရည်အမျိုးမျိုး (၆-ကြိမ်) | ၁၉၇၉ (ပ) |
| ၁၅။ | ဇယမင်္ဂလာရန်ကင်းဂါထာများ (နှစ်ကြိမ်) | ၁၉၈၀/၉၉ |
| ၁၆။ | နှစ်ဖက်လှတက္ကသိုလ်တရားများ | ၁၉၈၂ |
| ၁၇။ | ကဝိလက္ခဏာ ဝိဘာဝိနီ (မဟာဝိဇ္ဇာဘွဲ့ယူစာတမ်း) | ၁၉၈၂ |
| ၁၈။ | ဂုဏ်ထူးပန်နည်းပြအဖြေ (အငယ်တန်း) | ၁၉၈၄ |
| ၁၉။ | ဂုဏ်ထူးပန်နည်းပြအဖြေ (အကြီးတန်း) | ၁၉၈၇ |
| ၂၀။ | နှစ်ဖက်လှ သဗ္ဗြိုဟ်မြန်မာပြန် | ၁၉၈၆ |
| ၂၁။ | သိပ္ပံအဘိဓမ္မာ (ပ) (ဒု) (တ) | ၁၉၈၇/၉၁/၉၃ |
| ၂၂။ | တေမိယဇာတ်တော် (ဆောင်းပါးပေါင်းချုပ်) | ၁၉၉၁ |
| ၂၃။ | ဗုဒ္ဓဘာသာကောင်းတစ်ယောက် (ညွှန်ချုပ်-ဦးကျော်လွင်) | ၁၉၉၁ |
| ၂၄။ | မြတ်သောဝန္ဒနာ | ၁၉၉၃ |
| ၂၅။ | အထူးသန့်စင်သောအကျင့်လမ်း (စူဠသောတာပန်အဆင့်) | ၁၉၉၆ |
| ၂၆။ | အထူးသန့်စင်သောအကျင့်လမ်း (မဟာသောတာပန်အဆင့်) | ၂၀၀၀ |
| ၂၇။ | ဗုဒ္ဓဘာသာလူထက်လူ (ဗုဒ္ဓဘာသာအနှစ်သာရပေါင်းချုပ်) | ၂၀၀၀ |

စုစုပေါင်း (၃၀) အုပ်

## သဒ္ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ နှစ်ဖက်လှ ဆရာကြီး ဦးကျော်လွင်

## ဟောကြားသောတရားတိတ်ခွေများ

၁။ ပဲနွယ်ကုန်းတရား (ကျား)

၂။ ပရိတ်ကြီး (၁၁) သုတ်
(အကြောင်းအရာ အတ္ထုပ္ပတ်)

၃။ မိဖနှင့် သံယောဇဉ်ပြဿနာ

၄။ ဗုဒ္ဓဘာသာနှင့် သက်သတ်လွတ်ပြဿနာ

၅။ ကာလာမသုတ်မှ မြတ်ဗုဒ္ဓ၏ဩဝါဒ

၆။ ဗုဒ္ဓဘာသာနှင့် ပုတီးပြဿနာ

၇။ စူဠသောတာပန်ကျင့်စဉ် (အနှစ်ချုပ်)

၈။ သုဒ္ဓိလေးအင် ဖွေးဖွေးစင်

၉။ မဟာသောတာပန်ကျင့်စဉ် (အနှစ်ချုပ်)

# ဗုဒ္ဓဘာသာ လူထက်လူ

## (ဗုဒ္ဓဘာသာ အနှစ်သာရ ပေါင်းချုပ်)

### "ဓမ္မစေတီတော်" ဘုရားတည်ခြင်းအကြောင်း

ဤစာမူသည် အကြီးအငယ် ပမာဏဘက်ကကြည့်လျှင် A.4 ခေါ် စာရွက်ချော ကွန်ပျူတာစာမျက်နှာ (၈၂၀) ကျော်ရှိ၍ ကြီးကျယ် ထူထဲသော စာမူကြီးဖြစ်၏၊ ၈- မျက်နှာစာဖေါင် (၁၀၃) ဖေါင်ခန့်ရှိ၏။

အနှစ်သာရဘက်ကကြည့်လျှင် ဗုဒ္ဓဘာသာတစ်ယောက် သို့မဟုတ် ဗုဒ္ဓဘာသာမိသားစု တစ်စုသည် ဤစာအုပ်ကို လက်စွဲပြုထားလိုက်လျှင် လူငယ်၊ လူလတ်၊ လူကြီး အရွယ်သုံးပါးအတွက် လုံလောက်နေ၏၊ စာတစ်အုပ် တည်းနှင့် ဗုဒ္ဓဘာသာ ဘဝပြည့်စုံသွားမည်ဖြစ်ပေသည်။

တရားဓမ္မဘက်ကကြည့်လျှင် ဤစာအုပ်၌ ပါရှိသော စာတို့သည် 'ဓမ္မစေတီ' ထိုက်သော တရားစာတို့သာ ဖြစ်နေ၏၊ ပိဋကတ်တော်လာ ဘုရားဟောအကြောင်းအရာ တရားဓမ္မတို့သာလျှင် ဖြစ်ပေ၏။

ဤစာမူကို (ရှေ့နိဒါန်းမှာပါသည့်အတိုင်း) ဒေါ်ရွှေဝါစိုးတိုက်တွန်း တောင်းပန်၍ ရေးသားပြုစုခြင်းဖြစ်၏၊ သို့သော် အခြေအနေအရ ဤစာမူကို မိမိကိုယ်တိုင်ငွေရင်းစိုက်၍ ရိုက်နှိပ်ထုတ်ဝေရန် ဖြစ်လာ၏။

ထိုအခါ စေတီလေးမျိုးတွင် သူတပါးတွေ ဥဒ္ဒိဿစေတီ၊ ဓါတုစေတီ၊ ပရိဘောဂစေတီတို့ကို သိန်းပေါင်းများစွာ အကုန်အကျခံပြီး တည်နေကြ သေးတာ၊ ဒို့က ငွေအရင်းစိုက်ပြီး၊ ဒီစာမူကြီးကို ဓမ္မစေတီအဖြစ် ပေါ်ထွက်လာအောင် စေတီတည်မပေးသင့်ဘူးလားဟု စဉ်းစား တိုင်ပင်ပြီး မိမိတို့ ငွေထဲက ဆယ့်တစ်သိန်းလောက် ထုတ်ပြီး ဤ ဗုဒ္ဓဘာသာ လူထက်လူ (ဗုဒ္ဓဘာသာ အနှစ်သာရပေါင်းချုပ်) ဓမ္မစေတီကြီးကို တည်ဆောက်ပေး လိုက်ခြင်း ဖြစ်ပါ၏။

ဥဒ္ဒိဿ, ဓါတု, ပရိဘောဂ စေတီများနည်းတူ ဤဓမ္မစေတီတော်ကြီးကို လည်း ဗုဒ္ဓဘာသာဝင်များ အမြတ်တနိုးရှိကြပါစေဟု မျှော်လင့်ပါ၏၊ ဤဓမ္မစေတီ နှင့် စပ်သမျှ အထက်တန်းကျသော ဗုဒ္ဓဘာသာများ ဖြစ်ကြပါစေသတည်း။

နှစ်ဖက်လှ ဦးကျော်လွင်

၁ - ၈ - ၂၀၀၀